ဦးကုလား၏ ဘဝမှာ အေးအေးလူလူ စည်းစိမ်ခံစံ၍ နေနိုင်သူ ဖြစ်သည်။ သို့သော် ဦးကုလားသည် မိမိနှင့် လူတန်းစားတူ အခြားသူဌေးသားများကဲ့သို့ စည်းစိမ်ခံခြင်းဖြင့်သာ ဘဝ အဆုံးမသတ်ပေ။ မိမိ ဝါသနာထုံသော သမိုင်းပညာရပ်ကို အပတ်တကုတ် လေ့လာ လိုက်စားသည်။ မိမိ တတ်သိနားလည်သည်များကို ပြည်သူတို့ မိမိကဲ့သို့ သိနားလည်စေရန် အပင်ပန်းခံ၍ ရေးသားတင်ပြလေသည်။ မြန်မာရာဇဝင် သမိုင်းကို အကျဉ်း၊ အကျယ်၊ အလတ် သုံးမျိုးခွဲ သောအားဖြင့် မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ် ဟူ၍ သမိုင်းကျမ်း သုံးစောင် ပြုစုခဲ့ပေသည်။

ယနေ့ခေတ် ပညာတတ်ပုဂ္ဂိုလ် အချို့သာမက ပညာတတ် စာရေးဆရာ အချို့ပင်လျှင် ရာထူးကောင်းကောင်း ရရှိသွားသောအခါ စာပေရေးသားမှု ရပ်စဲပစ်သည်ကို တွေ့နိုင်ပါသည်။ ဤသူများနှင့်စာလျှင် ဦးကုလားသည် အဘယ်မှာလျှင် စံပြပုဂ္ဂိုလ်ဟု မဆိုနိုင်ဘဲ ရှိအံ့နည်း။

ဆရာကြီး ဦးကုလား၏ မဟာရာဇဝင်ကြီးသည် ပထမဆုံး ပေါ်ပေါက်လာသော ပြည့်စုံသည့် မြန်မာသမိုင်းကျမ်းဟု ဆိုရပေလိမ့်မည်။ ဦးကုလား၏ မဟာရာဇဝင်ကြီး မပေါ်မီက ရှင်မဟာသီလဝံသသည် အေဒီ ၁၅၀၂ ခုနှစ်လောက်တွင် ရာဇဝင်ကျော်ဟု အမည်ပေးထားသော သမိုင်းကျမ်းတစ်စောင်ကို ပြုစုခဲ့ပြီး ဖြစ်သည်။ သို့သော် ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်မှာ မင်းဆက်များကိုသာ တစ်မင်းပြီး တစ်မင်း ဖော်ပြသည်။ သမိုင်းကြောင်း မပါသဖြင့် ရာဇဝင် မည်ကာမတ္တပင်တည်း။

ရာဇဝင်ကျော်အပြင် ပုဂံရာဇဝင်၊ တကောင်းရာဇဝင်၊ သရေခေတ္တရာ ရာဇဝင်၊ အင်းဝ ရာဇဝင်၊ တောင်ငူရာဇဝင်၊ မွန်ရာဇဝင်၊ ယိုးဒယားရာဇဝင်၊ ဇင်းမယ်ရာဇဝင်၊ သန်လျင်ရာဇဝင်၊ သထုံရာဇဝင် စသည့် ရာဇဝင်ကျမ်းများ ဦးကုလား မတိုင်မီကပင် ရှိပြီး ဖြစ်သည်။ သို့သော် ထိုရာဇဝင်ကျမ်းများမှာ

မြန်မာသမိုင်းကြောင်းကို အနည်းငယ်မျှပင် ငုံမိရသာ ရှိ၏။ အကြောင်းမူ ထိုကျမ်းတို့မှာ ဆိုင်ရာဒေသရှိ မြို့ရွာများ အကြောင်း၊ ထိုမြို့များမှ မင်းဆက်များ တည်ရာကာလ စသည်များသာလျှင် ဖော်ထားလေသည်။

ထို့အပြင် အထက်ဖော်ပြပါ ရာဇဝင်ကျမ်းများသည် ရေးသင့်သလို ရေးသည်ထက် မိမိ စိတ်ထင်သလို ရေးထားလေသည်။ ဥပမာအားဖြင့် ပုဂံရာဇဝင်တွင် ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှုးပျံကြီးတို့ အကြောင်းကို မတန်တဆ ချဲ့ထွင်ကာ ဖွဲ့နွဲ့ရေးသားမှုကြောင့် ယုတ္တိမရှိတော့ဘဲ ဖတ်ရသူ မျက်စိ နောက်ဖွယ် ဖြစ်လာသည်။

နောက်တစ်ချက်မှာ ရှေးခေတ် မြန်မာသမိုင်း ဆရာများသည် အိန္ဒိယပြည်၏ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ခြင်းကို ခံရသည်အတွက် အိန္ဒိယပြည်ကို များစွာ အထင်ကြီးကြလေသည်။ မြန်မာ ရာဇဝင် ဆိုသော်လည်း အနောက်မဇ္ဈိမဒေသ အကြောင်း၊ ထိုအရပ်မှ မင်းတို့အကြောင်းကို သာလျှင် တစမ်းတနား အထင်တကြီး ရေးသားဖော်ပြကြသည်။ မှန်နန်းမဟာရာဇဝင် ရေးသားသည့် ဘကြီးတော် ဘုရား လက်ထက်တိုင် ဤအထင်ကြီးမှုရောဂါ မစင်သေးသဖြင့် မဇ္ဈိမနိုင်ငံမှ မင်းဆက်အကြောင်းကို အခန်းပေါင်းများစွာ ထည့်သွင်း ရေးသားထားလေသည်။

အထက်ပါ အချက်များကို ဆရာကြီး ဦးကုလားသည် ကောင်းစွာ သိရှိ သဘောပေါက်ပေလိမ့်မည်။ အကွဲကွဲ အပြားပြား ကျဲပြန့်နေသော ရာဇဝင် အစောင်စောင်မှ လိုအပ်၊ လိုရာများကို ထုတ်နုတ်၍ တစုတစည်းတည်း ရှိသော မြန်မာရာဇဝင်ကျမ်းတစ်စောင် ရေးသားပြုစုသင့်သည်ဟု ဦးကုလားက ယူဆထားပေလိမ့်မည်။

ထို့ကြောင့်လည်း ဆရာကြီး ဦးကုလားသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ မဟာဝင်၊ ရာဇဝင်၊ မော်ကွန်း၊ ချေင်း၊ ကျောက်စာ စသည့် အစောင်စောင်သော ကျမ်းတို့ကို ရှာနောက်ကာ ဖတ်ရှုလေ့လာပြီး ဤမဟာရာဇဝင်ကျမ်းကြီးကို ညောင်ရမ်းဆက် တနင်္ဂနွေမင်းလက်ထက် ၁၀၇၆-၁၀၉၅ ခုနှစ် အတွင်း အပတ်တကုတ် ရေးသားပြုစုခဲ့လေသည်။

ဆရာကြီး ဦးကုလားသည် ရာဇဝင်ကျမ်း ရေးရာ၌ ရဲရင့်သည်။ ရာဇဝင် အချက်အလက်များကို ရွေးချယ်ထည့်သွင်းရာ၌ သတ္တိရှိစွာ ရွေးချယ်သလို၊ သတ္တိရှိစွာပင် ပယ်ခဲ့သည်။ အာဏာရှိသူများ ကြိုက်နှစ်သက်ခြင်း ရှိ မရှိကို ဦးစားပေး စဉ်းစားခြင်း မပြုဘဲ မှန်သည် ထင်သမျှကို ခွန့်စား၍ ရေးသားဖော်ပြသည်။ တစ်နည်းအားဖြင့် အမှန်နှင့် အနီးကပ်ဆုံးဖြစ်အောင် ဖော်ပြခြင်းပင်တည်း။

သို့ပါသော်လည်း အိန္ဒိယပြည်၏ ဩဇာရိုက်ခတ်မှုကိုကား အတော်အတန် ယုံကြည်စွာ လက်ခံထားသည်ကို တွေ့ရ၏။ ထို့ကြောင့်လည်း ဆရာကြီး၏ မဟာရာဇဝင်ကြီးတွင် ကြေငြာကြီး တည်ပုံမှ အစ မဟာသမ္မတမင်းဆက် အကြောင်းများကို ရေးသားဖော်ပြခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာ စာပေများတွင် ရှေ့တန်းတင်၍ ဖော်ပြလေ့ရှိသော အဇာတသတ်မင်း၊ သီရိဓမ္မာသောကမင်း အကြောင်း၊ တတိယသင်္ဂါယနာတင်ခြင်း အကြောင်းများကိုလည်း ဖော်ပြသည်။ ဤမင်းများ အကြောင်းမှာ မြန်မာ သမိုင်းတွင် ပါဝင်ဖွယ် မဟုတ်၊ အိန္ဒိယ သမိုင်းတွင်သာ ပါဝင်ဖွယ် ဖြစ်သည်။

ဤကဲ့သို့ ထည့်သွင်းဖော်ပြရုံမျှဖြင့် အပြစ်တင်ဖွယ် မဟုတ်ဟု ထင်ပါသည်။ ထိုခေတ် ထိုအခါက မြန်မာလူမျိုးတို့ လက်ခံ ယုံကြည်သည့်အတိုင်း ဆိုလျှင် မဇ္ဈိမဒေသအကြောင်း မပါလျှင် ရာဇဝင်ဟု ၍ပင် ထင်မှတ်ကြလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့်လည်း ဦးကုလားသည် မဇ္ဈိမဒေသနှင့် မင်းများ အကြောင်းကို နောက်ခံ သမိုင်းကြောင်း သဘောမျိုး အကျဉ်းချုံး၍ စာမျက်နှာ ၁၀၀ မျှသာ ထည့်သွင်း ဖော်ပြသည်။

ဦးကုလား၏ မဟာရာဇဝင်ကြီးနောက် နှစ်ပေါင်း ၁၀၀ ကျော် ကြာပြီးမှ ရေးသားပြုစုသော မှန်နန်း ရာဇဝင်တော်ကြီးတွင်ပင် မရှိသေးသည့် မင်းများ၊ အကြောင်းကို စာမျက်နှာ ၁၅၀ ကျော် ပြထားသည်ကို တွေ့နိုင်ပါသည်။ ဤနှိုင်းယှဉ်ချက်ကပင် ဦးကုလားသည် သမိုင်းကြောင်းအတွက် လိုအပ်သည်ထက် ဘာမျှ အပိုဖော်ပြခြင်း မရှိကြောင်း ဖော်ပြလေသည်။

ရာဇဝင်ဆရာကြီး ဦးကုလားသည် သူ၏ မဟာရာဇဝင်ကြီးတွင် တကောင်းမင်းဆက်အကြောင်း ဖော်ပြထားခြင်း မရှိပေ။ ဤအချက်မှာ တွေးစရာအချက် ဖြစ်သည်။

တကောင်း ရာဇဝင်ကျမ်းမှာ ဦးကုလား မတိုင်မီကပင် အထင်အရှားရှိပြီး ဖြစ်သည်။ သို့သော် ဦးကုလားသည် တကောင်းမင်းဆက် အကြောင်းကို သူ့ရာဇဝင်ကျမ်းတွင် တမင် မထည့်ဘဲ ထားသည်။ ယင်းကဲ့သို့ မထည့်ဘဲ ထားရှိမှုဖြင့် တကောင်းမင်းဆက် အကြောင်းကို ဦးကုလား အယုံအကြည် မရှိ၊ ထို့ကြောင့် မထည့်ဘဲ ထားသည် ဟူ၍ကား ဆိုနိုင်အံ့ မထင်။ အကြောင်းမှု သရေခေတ္တရာပြည် တည်ထောင်ခြင်းအကြောင်း ရေးသားဖော်ပြရာ၌ တကောင်းမင်း၊ မိဖုရားနှင့် ဝက်ကြီးရန်ကို လိုက်လံ နှိမ်နင်းသော ယောက်ဖတော် အိမ်ရှေ့မင်း အကြောင်းများကို ဦးကုလား ဖော်ပြထားလေသည်။ "မြန်မာတို့ တိုင်းဖြစ်သော တကောင်းပြည်ကြီးကို အစိုးရသော" စသည့် ရေးသားချက်များကို တွေ့ရခြင်းဖြင့် တကောင်းပြည်သည် မြန်မာလူမျိုးများ နေထိုင်သည့် မြန်မာတို့ တိုင်းနိုင်ငံအဖြစ် ဦးကုလား လက်ခံထားပေမည်။ တစ်နည်းအားဖြင့် "မြန်မာအစ၊ တကောင်းက" ဆိုသည့် ရှေးစဉ်လာ စကားကို ဦးကုလား မပယ်ကြောင်း ထင်ရှားသည်။

ဤသို့ဆိုလျှင် သူ့ရာဇဝင်ကျမ်းတွင် ဦးကုလားသည် အဘယ်ကြောင့် တကောင်းမင်းဆက် အကြောင်းကို ရေးသားဖော်ပြခြင်း မပြုသနည်း။ တကောင်းရာဇဝင်ပါ အကြောင်းအချက်များသည် လည်းကောင်း၊ ဦးကုလား ကြားသိထားသော တကောင်းမင်းဆက် အကြောင်းများသည် လည်းကောင်း သူ့အနေဖြင့် ယုတ္တိမတန်သည်က များသည်ဟု ထင်ပေလိမ့်မည်။ ထို့ကြောင့် ခြွင်းချန်ခဲ့ဟန် တူပေသည်။

တကောင်းနှင့် တကောင်းမင်းဆက် အကြောင်းမှာ နှစ်ဆယ်ရာစု တစ်ဝက်ကျော်လာသည့် ယနေ့ခေတ် တိုင်အောင်ပင် ရှင်းလင်းလှသည် မဟုတ်သေး။ အငြင်းပွားဆဲ ဖြစ်သည်။ ပါမောက္ခ လုစ်နှင့် သူ့တပည့်တပန်းများကမူ "မြန်မာအစ တကောင်းက" မဟုတ်ဟု အဆိုပြုချက်ပင် ရှိလေသည်။ ပုဂံရာဇဝင်ကို တုတ်ထမ်း ပြောရလျှင်၊ တကောင်းရာဇဝင်ကို သေနတ်ထမ်း ပြောရပေလိမ့်မည်။ ထို့ကြောင့်လည်း ဦးကုလားသည် တကောင်းမင်းဆက် အကြောင်းကို သတ္တိရှိစွာ ခြွင်းချန်ထားခြင်းမှာ အပြစ်ဆိုဖွယ် ရှိအံ့ မထင်ပါ။

ယနေ့ တကောင်းမြို့ နေရာကို ရှေးဟောင်းသုတေသနဌာနမှ တူးဖော်လေ့လာနေပြီဟု သိရှိရသဖြင့် မကြာမီ အဖြေမှန် ပေးနိုင်လိမ့်မည်ဟု မှန်းဆရပေသည်။

ဦးကုလား၏ မဟာရာဇဝင်ကြီးသည် အရေးအသား၊ တင်ပြပုံ တင်ပြနည်း၊ အဆစ်အပိုင်း ခွဲခြင်း၊ ရှေ့နောက် အစီအစဉ်တို့တွင် ခေတ်သစ်သို့ မျှော်ခေါ်သည့် အဆင့်သို့တိုင် ရောက်သည်ဟု ဆိုနိုင်၏။ အကြောင်းမူ ယနေ့ အချိန်တိုင်အောင်ပင် ဦးကုလား၏ မဟာရာဇဝင်ကြီးမှာ ခေတ်မီနေပါသေးသည်။

ဆရာကြီး ဦးကုလား၏ အရေးအသားသည် ဝါကျတိုသည်က များ၏။ သို့သော်လည်း သမိုင်းကျမ်း အင်္ဂါနှင့် ညီစွာပင် ဝါကျ တည်ဆောက်ပုံမှာ စုံညားထည်ဝါမှု ရှိပေသည်။ ထို့အပြင် ဖတ်ရှုရသူများ အဖို့ ရှင်းရှင်းလင်းလင်း ရှိပါဘိသည်။

အယူလွဲမှားသော အရည်းကြီးတို့ကို ဘုရင်အနော်ရထာ နှိပ်ကွပ်တော်မူခြင်းနှင့် ပတ်သက်၍ ဦးကုလားက ဤသို့ ရေးသားထား၏။

"ရှင်အရဟံလည်း သာသနာတော်၌ ကြည်ညိုသော သူတို့အားလည်း ရဟန်း ပဉ္စင်း အဖြစ်ကို ဖြစ်စေ၏။ မင်းကြီးလည်း အရည်းကြီး သုံးကျိပ်နှင့်တကွ တပည့် ခြောက်သောင်းတို့ကို အဝတ်ရည်း လဲစေ၍ အမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး ထည့်တော်မူလေ၏။ မင်းကြီးလည်း ဤသို့ မိန့်တော်မူ၏။ ဤပြည်ကို အစဉ် မင်းပြုတော်မူသော အဆက်ဆက်သော ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် အရည်း ရဟန်းတို့ အယူကို သာ ယူတော်မူကြလေသည်။ ယူ၍ ရကောင်းပြန်အံ့မူကား တစ်ဖန် ယူပြန်ချင်၏ ဟူ၍ တောင့်တတော်မူသော ဟူ၏။"

ဦးကုလား၏ အရေးအသားနှင့် တင်ပြပုံ မည်မျှ ကောင်းပါသနည်း ဆိုလျှင် ပညာရှိအများ ဝိုင်းဝန်းပြုစုသော မှန်နန်း ရာဇဝင်တော်ကြီး၌ အထက်ပါစာပိုဒ်ကို မူရင်းမပျက် ထပ်တူ ကူးထည့်ထားသည်ကို တွေ့နိုင်သည်။ မှန်နန်း မဟာရာဇဝင်တော်ကြီးပါ များစွာသော အကြောင်းအရာတို့ကို ရေးသားဖော်ပြရာတွင် ဦးကုလား ရာဇဝင်ပါ အတိုင်း တစ်လုံးမလွဲ ထပ်တူ ရေးကူးထားသည်များကို နေရာများစွာတွင် တွေ့နိုင်ပေသည်။

ဦးကုလား ရေးသားသည့် ဝါကျများမှာ တိုသော်လည်း ထိမိရှင်းလင်းလှပေသည်။ နောင်းလူတို့ ဝါကျတို ရေးရာတွင် ဆရာတင်ကာ နည်းယူကြရပေသည်။

ဟံသာဝတီ နန္ဒဘုရင်က သားတော် မင်းကြီးနောင်းသို့ ပြည်မြို့ကို ပေးတော်မူရာတွင် ပြည်မြို့၏ အရေးကြီးပုံကို မင်းကြီး ပြောဟန် ဦးကုလားက ဤသို့ ဝါကျတိုတိုဖြင့် ရေးသားဖော်ပြသည်။

" 'ပြည်မြို့သည် ဘုန်းကြီးသော မင်းတို့၏နေရာ နန်းတည်မြို့ ဖြစ်သည်။ ယင်းသို့သာ မဟုတ်။ ရခိုင် ဒေဝတီနှင့်လည်း အနီးအစပ် ဖြစ်သည်။ ဆွေတော်မျိုးတော် မည်မည်ဝါဝါကို ပေး၍ မသင့်လေ အယူ တော်ရှိ၍ အမောင်ကို ငါပေးတော်မူသည်။ ငါ့အကျိုးတော်ကို လိုလျှင် ပြည်သူ၊ လူ၊ ရဟန်း စီးပွားကို ဆောင်ပါ။ ငါ့ကို ချစ်လျှင် ပြည်သူ၊ လူ၊ ရဟန်းတို့ကို ဝမ်းထွက်သားကဲ့သို့ ချစ်ပါ' ဟူ၍ မှာတော်မူသည်။"

ထို့ကြောင့်လည်း ဆရာကြီး ဦးဖေမောင်တင်က သူ၏ မြန်မာစာပေသမိုင်းတွင် ဤသို့ ရေးသားထား၏။ "ဦးကုလား၏ ရာဇဝင်တွင် မှတ်တမ်းတင်လောက်သည့် အချက်ကား ပြေပြစ် ကောင်းမွန်လှသော ဝါကျ အသုံးအနှုန်း၊ စကားလုံး အထားအသိုများပင် ဖြစ်သည်။ စကားပြေ ဆရာကြီးများသည် ဦးကုလား၏ စကားပြေများကို စံတင်ထားကြရသည်။ ဦးကုလား၏ စကားပြေသည် ရိုးရိုးနှင့် ဏှခြေရှ၏" ဟု ထင်မြင်ချက် ပေးထားလေသည်။

ဆရာကြီး ဦးကုလား မဟာရာဇဝင်ကြီးကို ရေးသားပြုစုသည့် အချိန်ကား မြန်မာတို့ အင်အား တောင့်တင်းပြီး ထိပ်တန်းရောက်နေသော အချိန် မဟုတ်။ တနင်္ဂနွေမင်းလည်း ဘုန်းတန်ခိုး ကြီးမား၍ မြန်မာပြည် တစ်ဝန်းလုံးသို့ ဩဇာ လွှမ်းခြုံထားနိုင်သည် မဟုတ်။

ဤအချိန် ဤအခါသည် ညောင်ရမ်းမင်းဆက်၏ နေဝင်ချိန် ဖြစ်သည်။ နောင် အနှစ် နှစ်ဆယ် ကျော် ကြာလျှင် ညောင်ရမ်းဆက် ပြတ်တော့မည်။ မြန်မာပြည် တစ်ဝန်းလုံး သူတစ်လူ ငါတစ်မင်း ဖြစ်တော့မည်။ အင်းဝကို မွန်တို့ သိမ်းပိုက်နိုင်တော့မည်။

သို့သော် ညောင်ရမ်းမင်းဆက်၏ နေဝင်ချိန် ဆိုသော်လည်း အထုပ်ပိုက်ပြီး ပင်းတလဲမင်း လက်ထက်ကဲ့သို့ ပြေးလွှားနေသည့် အချိန်မတိုင်သေး။ ပြည်တွင်းဝယ် အတန်ငယ် တည်ငြိမ်မှု၊ အေးချမ်း

နှ ရှိလေသည်။ ညောင်ရမ်းမင်းဆက် နောက်ပိုင်း မြန်မာနိုင်ငံ၏အင်အား ချည့်နဲ့လာခြင်းမှာ ပြည်သူတို့ ကိုယ်တိုင်က ညံ့ဖျင်း၍ မဟုတ်ပေ။ တိုင်းပြည်ခေါင်းဆောင် လုပ်သူ ဘုရင်ကိုယ်တိုင်က အရည်အချင်း ချို့တဲ့ပြီး တိုင်းပြည်ကို စွမ်းစွမ်းတမံ ဦးဆောင်မှု မပေးနိုင်သောကြောင့် ဖြစ်သည်။


ညောင်ရမ်းဆက် ပင်းတလဲမင်း လက်ထက်မှစ၍ တိုင်းပြည်အခြေအနေ ဆိုးဝါးခဲ့သည်။ ပြည်မင်း လက်ထက် အခြေအနေကောင်းသို့ ရောက်ရှိအောင် ကြိုးစားသော်လည်း သူ့နန်းစံ ၁၁ နှစ်အတွင်း ထိန်းနိုင်ခဲ့သည်။ အင်အားတောင့်တင်းအောင် မလုပ်နိုင်ပေ။ ပြည်မင်းနောက် နန်းတက်သော မင်းရဲကျော်ထင်၊ စနေမင်း စသူတို့မှာ အခြေအနေ ရေစီးကြောင်း အတိုင်းသာလျှင် မျော၍ လိုက်နေသည်။ ကြိုးစား ရုန်းကန်သည်ကို မတွေ့ရ။

ဤအခြေအနေများကို သမိုင်းပညာရှင် ဦးကုလားသည် မသိဘဲ နေမည် မဟုတ်ပေ။ ထို့ကြောင့်လည်း ဦးကုလားသည် မြန်မာနိုင်ငံ သမိုင်းကြောင်း၊ မြန်မာရာဇဝင်ပါ မင်းများ၏ အရည်အသွေးနှင့် လုပ်ဆောင်ချက်များကို ရေးသားဖော်ပြရင်း တနင်္ဂနွေမင်းအား သတိပေး လှုံ့ဆော်သော အနေဖြင့် မဟာရာဇဝင်ကြီးကို ကြိုးပမ်းပြုစုသည်ဟု တွေးမည် ဆိုလျှင် မဖြစ်နိုင်စရာတော့ မရှိပေ။

မည်သို့ပင်ဆိုစေ ဦးကုလား၏ မဟာရာဇဝင် ကျမ်းကြီးကား မှတ်သား လေးစားလောက်သည့် မြန်မာသမိုင်းကျမ်းကြီး ဖြစ်လေသည်။ ဆရာကြီး ဦးကုလား ကြိုးပမ်း လုပ်ဆောင်ခဲ့ချက်များသည်လည်း ယနေ့ အချိန်အခါတွင်သာမက နောင် အနာဂတ် ကာလများတွင်လည်း ဆက်လက် ကျေးဇူးတင်နေရဦးမည် သာတည်း။

မောင်သော်

[ ၃မတ၊ ၈ လိုင် ၁၉၆၈ ]



လေပေါက်ပြတင်း။ နန်းဘုရား ( ပုဂံ ။

## ခရစ်နှစ်၊ မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်၊ ကောဇာသက္ကရာဇ်များနှင့် စပ်လျဉ်း၍ မှတ်သားရန်

| စဉ် | ခရစ်နှစ် | မဟာသက္ကရာဇ် | သာသနာ သက္ကရာဇ် | ကောဇာ သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | 693 BC | ၁ | - | - | - |
| ၂ | 5 July 625 BC | ၆၇ ဝါဆိုလပြည့် ကြာသပတေး | - | - | ဘုရားအလောင်း ပဋိသန္ဓေယူ |
| ၃ | 26 Apr 624 BC | ၆၈ ကဆုန်လပြည့် သောကြာ | - | - | သိဒ္ဓတ္ထ မွေးဖွား |
| ၄ | 27 Apr 608 BC | ၈၄ ကဆုန်လပြည့် | - | - | သိဒ္ဓတ္ထ မင်းဖြစ် |
| ၅ | 4 August 595 BC | ၉၇ ဝါဆိုလပြည့် တနင်္လာ | - | - | သိဒ္ဓတ္ထ တောထွက် |
| ၆ | 30 April 589 BC | ၁၀၃ ကဆုန်လပြည့် ဗုဒ္ဓဟူး | - | - | ဗုဒ္ဓအဖြစ် ရောက် |
| ၇ | 27 June 589 BC | ၁၀၃ ဝါဆိုလပြည့် စနေ | - | - | ဓမ္မစကြာ ဟော |
| ၈ | 13 May 544 BC | ၁၄၈ ကဆုန်လပြည့် အင်္ဂါ | - | - | ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင် |
| ၉ | 24 May 544 BC | ၁၄၈ ကဆုန်လပြည့် ကျော် ၁၂ တနင်္ဂနွေ | - | - | ထေရော လောင် |
| ၁၀ | 544 BC | - | ၁ | - | ပထမသင်္ဂါယနာတင် |
| ၁၁ | 524 BC | - | ၂၀ | - | ဘကောင်းမင်းကြီး အနိစ္စရောက် |
| ၁၂ | 444 BC | - | ၁၀၀ | - | ဒုတိယသင်္ဂါယနာတင် |
| ၁၃ | 443 BC | - | ၁၀၁ | - | သရေခေတ္တရာ တည် |
| ၁၄ | 326 BC | - | ၂၁၈ | - | ဓမ္မာသောကမင်း နန်းတက် |
| ၁၅ | 300 BC | - | ၂၃၅ | - | တတိယသင်္ဂါယနာတင် |
| ၁၆ | 94 BC | - | ၄၅၀ | - | စတုတ္ထသင်္ဂါယနာတင် |
| ၁၇ | 1 BC | - | ၅၄၃ | - | - |
| ၁၈ | AD 1 | - | ၅၄၄ | - | - |

| စဉ် | ခရစ်နှစ် | မဟာသက္ကရာဇ် | သာသနာ သက္ကရာဇ် | ကောဇာ သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၉ | AD 80 | – | ၆၂၄ | ၂ | ဒေါ်ဒေါ်ရသကိန်း အရ ၆၂၂ ဖြို |
| ၂၀ | AD 107 | – | ၆၅၁ | ၂၉ | သမုဒ္ဒရာဇ်မင်း ပုဂံရာဇ ပြည် တည်ထောင် |
| ၂၁ | AD 640 | – | ၁၁၈၄ | ၅၆၂/၂ | ဆေးပဉ္စကိန်းအရ ၅၆၀ ဖြို |
| ၂၂ | AD 849 | – | ၁၃၉၃ | ၂၁၁ | ပျဉ်ပြားမင်း ပုဂံတည် |
| ၂၃ | AD 1044 | – | ၁၅၈၈ | ၄၀၆ | အနော်ရထာ နန်းတက် |
| ၂၄ | AD 1084 | – | ၁၆၂၈ | ၄၄၆ | ကျန်စစ်သားမင်း နန်းတက် |
| ၂၅ | AD 1279 | – | ၁၈၂၃ | ၆၄၁ | တောင်ငူမြို့တည် |
| ၂၆ | AD 1313 | – | ၁၈၅၇ | ၆၇၄ | ပင်းယမြို့တည် |
| ၂၇ | AD 1322 | – | ၁၈၆၆ | ၆၈၄ | စစ်ကိုင်းမြို့တည် |
| ၂၈ | AD 1365 | – | ၁၉၀၈ | ၇၂၆ | အင်းဝမြို့တည် |
| ၂၉ | AD 1752 | – | ၂၂၉၆ | ၁၁၁၃ | အင်းဝကို မွန်တို့သိမ်း |
| ၃၀ | AD 1753 | – | ၂၂၉၇ | ၁၁၁၅ | ရတနာသိယံ ကုန်းဘောင်မြို့တည် |
| ၃၁ | AD 1783 | – | ၂၃၂၆ | ၁၁၄၄ | အမရပူရမြို့တည် |
| ၃၂ | AD 1824 | – | ၂၃၆၈ | ၁၁၈၆ | အင်္ဂလိပ် – မြန်မာ ပထမစစ် |
| ၃၃ | AD 1839 | – | ၂၃၈၂ | ၁၂၀၀ | အမရပူရ ဒုတိယအကြိမ် တည် |
| ၃၄ | AD 1852 | – | ၂၃၉၆ | ၁၂၁၄ | အင်္ဂလိပ်မြန်မာ ဒုတိယစစ် |
| ၃၅ | AD 1859 | – | ၂၄၀၃ | ၁၂၂၁ | မန္တလေးမြို့တည် |
| ၃၆ | AD 1871 | – | ၂၄၁၅ | ၁၂၃၃ | ပဉ္စမသင်္ဂါယနာတင် |
| ၃၇ | AD 1885 | – | ၂၄၂၉ | ၁၂၄၇ | အင်္ဂလိပ် – မြန်မာ တတိယစစ် |
| ၃၈ | AD 1948 | – | ၂၄၉၁ | ၁၃၀၉ | မြန်မာနိုင်ငံ လွတ်လပ်ရေး ရ |
| ၃၉ | AD 1956 | – | ၂၅၀၀ | ၁၃၁၈ | ဆဋ္ဌသင်္ဂါယနာတင် |

အမှတ်စဉ် ၁ မှ ၉ ရက်စွဲများကို ဒေါက်တာဗိုလ်လေး၊ အောင်သူ (ဆေး – ၁) **ဗုဒ္ဓစာတာတော်နှင့် ဖြစ်စဉ်** လက်တွေ့သုတေသနကျမ်း၊ ရန်ကုန်၊ မင်္ဂလာပုံနှိပ်တိုက်၊ ၁၉၈၉ မှ ရယူပါသည်။ အမှတ်စဉ် ၁၀ မှ ၃၉ ရက်စွဲများကို ဦးကျော်ငြိမ်း၊ ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ပြုစုပါသည်။



# မဟာရာဇဝင်ကြီး

## ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ

လောကာဓိပတိနံ သေဋ္ဌံ၊ တေန ဓမ္မံ နိသေဝိတံ။
ဂဏံ နတွာ တသောဘရည်၊ ကရိဿံ ရာဇဝံသကံ။ ။

အဟံ၊ ငါသည်။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော။ လောကာဓိပတိနံ၊ လောကသနင်း မင်းဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးဦး၍။ တေန၊ ထိုမြတ်စွာဘုရားသည်။ နိသေဝိတံ၊ ဂေါစရာသေဝန, ဘာဝနာသေဝနအားဖြင့် မှီဝဲတော်မူအပ်သော။ ဓမ္မဉ္စ၊ ဆယ်ပါးသော တရားတော်ကိုလည်း။ နမာမိ၊ ရှိခိုး၏။ နတွာ၊ ရှိခိုးဦး၍။ တဿ၊ ထိုမြတ်စွာဘုရား၏။ ဩရသံ၊ သားတော်ရင်နှစ် ဖြစ်တော်မူသော။ ဂဏဉ္စ၊ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ် အပေါင်းကိုလည်း။ နမာမိ၊ ရှိခိုး၏။ နတွာ၊ ရှိခိုးဦး၍။ ရာဇဝံသကံ၊ မဟာသမ္မတမင်းမှစ၍- အဆက်ဆက်သော မင်းတို့၏ အနွယ်ကိုပြကြောင်းဖြစ်သော ရာဇဝင်ကျမ်းကို။ ကရိဿံ-ကရိဿာမိ၊ ပြုပေလတ္တံ့။ [ ဤအနက်ကား- သာမည အနက်တည်း။ သကပက္ခ၌ ရူပက, သဒိသ, ဥပမာ, သမုပေက္ခာဟူ၍လေးနက်။ ပရပက္ခ၌လည်း လေးနက် စီရင်ကောင်း၏။ သင့်အောင် ယောဇနာ။]

"လောကာဓိပတိနံသေဋ္ဌံ" အစရှိသော ပါဌ်တို့ကို အဘယ်အကျိုးငှာ ဆိုသနည်းဟူမူကား- ကျမ်းပြုဆရာတို့သည် ကျမ်း၏အစ၌ ပဏာမပုဗ္ဗက, အာသီသပုဗ္ဗက, ဝတ္ထုနိဒ္ဒေသပုဗ္ဗက ဟူ၍ သုံးပါးသော ပုဗ္ဗကတို့တွင် တစ်ပါးပါးကို ထားမြဲဖြစ်၍ ကျမ်းပြုဆရာတို့၏ တွယ်ရာ အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးခြင်းအကျိုးငှာ ရတနာသုံးပါးတို့အား ရှိခိုးခြင်းဟု ဆိုအပ်သော ပဏာမ ပုဗ္ဗကကို ကျမ်း၏အစ၌ ထားသည်။ ထိုဂါထာ၌ ဘုရားကို ဟောတတ်သော သဒ္ဒါအများရှိလျက် အဘယ်ကြောင့် လောကာဓိပတိ ဟူသော သဒ္ဒါကို ဆိုသနည်းဟူမူကား လူတို့၏ အဓိပတိဖြစ်သော မင်းတို့၏ အစဉ်အဆက် ရာဇဝင်စကားကို ဆိုအံ့သည်၏အဖြစ် ကြောင့် လောကာဓိပတိဟူသော ကျေးဇူးဖြင့် မြတ်စွာဘုရားကို ထောမနာလို၍ ဆိုသတည်း။

၁။ ကာမဥ္စ ယာ တိရစ္ဆာန၊ ကထာ ရာဇကထာဒိကာ။
ပါဠိယံ အဝိသေသေန၊ ဝုတ္တာ လောကဟိတေသိနာ။ ။

ရာပြည့်စာအုပ်တိုက်

တစ္စရွာနာယံ ပန ယာ၊ သောပိနာမ ခယံ ဂစ္ဆေ။

၂။ တိဋ္ဌတော ကမ္မဋ္ဌာနဋ္ဌေ၊ ခဝံ ပဝတ္တကာ ကထာ။ ။

ယသ္မာ တသ္မာ အနိစ္စာဒိ၊ ကမ္မဋ္ဌာနယုတ် ဤမံ။

၃။ နိသာမေထ အဝိက္ခိတ္တာ၊ သဒ္ဓ စိတ္တာ မဟာရုဟ်။ ။(ပါဠိ)

အနက်ကား။ ။ရာဇကထာဒိကာ၊ မင်းစကားအစရှိသော၊ ယာကထာ၊ အကြင်စကား သည်၊ အတ္ထိ၊ ရှိ၏။ သာကထာ၊ ထိုစကားကို၊ ပါဠိယံ၊ ပါဠိတော်၌။ အဝိသေသေန၊ သာမညအားဖြင့်၊ လောကပဉ်တောသိနာ၊ မြတ်စွာဘုရားသည်၊ တိရစ္ဆာနကထာ–တိရစ္ဆာန ကထာဣတိ၊ နတ်ရွာ နိဗ္ဗာန်မှ ဖီလာဖြစ်သော စကားဟူ၍။ ကာမဥ္စ ဝုတ္တာ၊ အကယ်၍ကား ဟောတော်မူအပ်၏ ရှင့်။ ။ ပနတထာပိ၊ ထိုသို့ ဟောတော်မူသော်လည်း။ တစ္စရွာနာယံ၊ ထိုပါဠိအဖွင့်ဖြစ်သော အဋ္ဌကထာ၌။ ဝိသေသေန၊ အထူးအားဖြင့်။ သောပိနာမ၊ ထိုသို့မင်းသည် စင်လျက်လည်း။ ခယံ၊ ကုန်ခြင်း၊ ပျက်ခြင်းသို့။ ဂစ္ဆေ၊ ရောက်ခဲ့၏ ။ ခဝံ၊ ဤသို့။ ပဝတ္တကာ၊ ဖြစ်သော။ ယာကထာ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ သာကထာ၊ ထိုစကားသည်။ ကမ္မဋ္ဌာနဋ္ဌေ၊ ကမ္မဋ္ဌာန်း၏ အဖြစ်၌။ တိဋ္ဌတော၊ တည်၏။ ။ဣတိ၊ သို့။ ယသ္မာ၊ အကျင့် ကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စာဒိကမ္မဋ္ဌာနယုတံ၊ အနိစ္စ အစရှိသော ကမ္မဋ္ဌာန်းနှင့် ယှဉ်သော။ မဟာရုဟ်၊ မြတ်သော သူတို့နှင့်သာလျှင် ထိုက်သော။ ဤမံသတ္တ၊ ဤရာဇဝင်ကျမ်းကို။ အဝိက္ခိတ္တာ၊ မပျံ့လွင့်ကုန်သည်။ ဟုတ္တာ၊ ဖြစ်၍။ သဒ္ဓ စိတ္တာ၊ ကောင်းသော နှလုံးရှိကုန်သော ပညာရှိတို့သည်။ နိသာမေထ၊ နာလင့်ကုန်။

"ကာမဥ္စ ယာ တိရစ္ဆာနကထာ" အစရှိသော သုံးဂါထာကိုကား ရှေးစကား၌ သူ့အပြစ် တင်ဖွယ်ရှိ၍ ထိုအပြစ်ကို ချေအံ့သောငှာ ဆိုသတည်း။ ။အဘယ်သို့ သူ့အပြစ်တင်ဖွယ် ရှိသနည်း ဟူမူကား– ဆရာ... ဆရာကား ရာဇဝင်ကျမ်းကို ပြုအံ့ဟု ဝန်ခံ၏။ ဒီဃနိကာယ် အစရှိသော ကျမ်းတို့၌ ရာဇကထံ–မင်းစကား၊ စောရကထံ–ခိုးသူစကား၊ မဟာမတ္တကထံ– အမတ်ကြီးစကား၊ သေနာကထံ–စစ်သည်စကား၊ ဘယကထံ–ဘေးစကား၊ ယုဒ္ဓကထံ–ပစ်ခတ် သော စကား၊ အန္နကထံ–ထမင်းစကား၊ ပါနကထံ–အဖျော်စကား၊ ဝတ္ထကထံ–ပုဆိုးအဝတ် စကား၊ သယနကထံ–အိပ်ရာနေရာစကား၊ မာလာကထံ–ပန်းစကား၊ ဂန္ဓကထံ–နံ့သာစကား၊ ဉာတိကထံ–အမျိုးစကား၊ ယာနကထံ–ယာဉ်စကား၊ ဂါမကထံ–ရွာစကား၊ နိဂမကထံ– နိဂုံးစကား၊ နဂရကထံ–မြို့စကား၊ ဇနပဒကထံ–ဇနပုဒ်စကား၊ ဣတ္ထိကထံ–မိန်းမစကား၊ ပုရိသကထံ–ယောကျ်ားစကား၊ သူရကထံ–သူရဲစကား၊ ဝိသိခါယကထံ–ခရီးဆုံစကား၊ ကုမ္ဘဋ္ဌာန ကထံ–ရေရှိရာအရပ်စကား၊ ပုဗ္ဗပေတကထံ–လွန်လေပြီးသော ဆွေဟောင်းမျိုးဟောင်း စကား၊ နာနတ္တကထံ–အထူးထူးသော အကျိုးမရှိသောစကား၊ လောကက္ခာယိကံ–လောကကို ဤသူ ဖန်ဆင်း၏ အစရှိသောစကား၊ သမုဒ္ဒက္ခာယိကံ–သမုဒ္ဒရာကို သာဂရမင်း တူး၏ အစရှိသော စကား၊ ဣတိဘဝါဘဝကထံ–ပွားခြင်း ယုတ်ခြင်း အကျိုးမရှိသော စကားကို ဆိုသောစကား၊ ဝိဂ္ဂါဟိကကထံ–ချုပ်ချယ်သောစကား။ ဤစကားတို့ကို နတ်ရွာနိဗ္ဗာန်မှ ဖီလာဖြစ်သော စကား ဟူ၍ ဟောတော်မူသည်။ ထိုစကားတို့၌ အကျုံးဝင်သော မင်းစကား၊ ခိုးသူစကား၊ အမတ်ကြီး စကား၊ စစ်အင်္ဂါစကား အစရှိသည်နှင့် ယှဉ်သော ရာဇဝင်ကျမ်းကို ပြုပါသဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း။ မပြုအပ်ဟူ၍ သူ့အပြစ်တင်ဖွယ်ရှိ၍ ထိုအပြစ်ကို ချေအံ့သောငှာ ဆိုသတည်း။ အဘယ်သို့ ထိုအပြစ်ကို ချေအံ့နည်း ဟူမူကား–

တတ္ထ ရာဇာနံ အာရဗ္ဘ မဟာသမ္မတော မန္ဓာတာ ဓမ္မာသောကော ဧဝံ မဟာနုဘာ ဝေါတိအာဒိနာ နယေန ပဝတ္တာ ကထာ ရာဇကထာ။ ဧသ နယောစောရကထာ-ဒီသု။ တေသု အသုကောရာဇာ အဘိရူပေါ ဒဿနီယောတိ အာဒိနာ နယေန ဂေဟဿိတကထာဝ တိရစ္ဆာနကထာ ဟောတိ။ သောပိနာမ ဧဝံ မဟာနုဘာဝေါ ခယံ ဂတောတိ ဧဝံ ပဝတ္တာ ပန ကမ္မဋ္ဌာနဘာဝေ တိဋ္ဌတိ။( ဤသို့ သီလက္ခန္ဓ အဋ္ဌကထာ ကျမ်း၌ လာသည်။ ။ပါဠိ )

အနက်ကား။ ။ တတ္ထ၊ ထိုစကားတို့တွင်။ ရာဇာနံ၊ မင်းတို့ကို။ အာရဗ္ဘ၊အကြောင်းပြု၍။ မဟာသမ္မတော၊ **မဟာသမ္မတမင်းသည်** လည်းကောင်း။ မန္ဓာတာ၊ **မန္ဓာတ်မင်းသည်** လည်းကောင်း။ ဓမ္မာသောကော၊ ဓမ္မာသောကမင်းသည် လည်းကောင်း။ ဧဝံ၊ ဤသို့။ မဟာနုဘာဝေါ၊ ကြီးသောအာနုဘော် ရှိ၏။ ဣတိအာဒိနာနယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ကထာ၊ စကားသည်။ ရာဇကထာနာမ၊ မင်းစကား မည်၏။ ။ စောရကထာဒီသု၊ ခိုးသူစကား အစရှိသည်တို့၌လည်း။ ဧသနယော၊ ဤနည်းအတူတည်း။ တေသု၊ ထိုမင်းတို့တွင်။ အသုကောရာဇာ၊ ဤမည်သောမင်းသည်။ အဘိရူပေါ၊ အလွန်အဆင်းလှ၏။ ဒဿနီယော၊ ရှုချင်ဖွယ်ရှိ၏။ ဣတိအာဒိနာနယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ဂေဟဿိတကထာဝ၊ အိမ်၌ နေသော လူတို့၏ စကားသည်သာလျှင်။ တိရစ္ဆာနကထာ၊ နတ်ရွာနိဗ္ဗာန်မှ ဖီလာဖြစ်သော စကားမည်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ သောပိနာမ၊ ထိုမင်းစင်လျက်လည်း။ ခယံ၊ ပျက်ခြင်း ကုန်ခြင်းသို့။ ဂတော၊ ရောက်၏။ ဣတိဧဝံ၊ ဤသို့။ ပဝတ္တာပန၊ ဖြစ်သော စကားသည်ကား။ ကမ္မဋ္ဌာနဘာဝေ၊ ကမ္မဋ္ဌာန်း၏ အဖြစ်၌။ တိဋ္ဌတိ၊ တည်၏။

ဤသို့ ပါဠိ၌ မင်းစကား အစရှိကုန်သော စကားတို့ကို တိရစ္ဆာနကထာ ဟူသော သာမညဟောတော်မူသော်လည်း မြတ်စွာဘုရားအလိုတော်ကို သိကုန်သော အဋ္ဌကထာဆရာတို့သည် မဟာသမ္မတမင်း, မန္ဓာတ်မင်း, ဓမ္မာသောကမင်းတို့သည် ကြီးသောအာနုဘော် ရှိကုန်၏။ ဤသို့ အစရှိသည်ဖြင့် အိမ်၌နေသော လူတို့၏ စကားသည်သာလျှင် တိရစ္ဆာနကထာ မည်၏။ ထိုသို့သော မင်းစင်လျက်လည်း ပျက်ခြင်း၊ ကုန်ခြင်းသို့ ရောက်ခဲ့၏ ဟူ၍ ဆိုသော စကားသည် ကမ္မဋ္ဌာန်းအဖြစ်၌ တည်၏ဟူ၍ ဝိသေသအားဖြင့် ခွဲခြမ်း၍ ဖွင့်တော်မူသောကြောင့် ယခုပြုလတ္တံ့သော ရာဇဝင်ကျမ်းသည်လည်း ဂေဟဿိတကထာဖြင့် သာမညမဆိုမူ၍ အနိစ္စ အစရှိသော ကမ္မဋ္ဌာန်းနှင့် ယှဉ်၍ ဆိုလတ္တံ့သည်ဖြစ်၍ သူတော်ကောင်းတို့သည် များသော အစီးအပွား ဖြစ်လတ္တံ့၊ ကောင်းစွာ မှတ်ကုန် နာကုန်ရာ၏။ ဤသို့ အပြစ်ကို ချေပရာသတည်း။ ။

ပထမဂါထာ ပြီး၏။

ပထမဂါထာဖြင့် ရတနာသုံးပါးကို ရှိခိုးဦးခိုက်၍၊ ဒုတိယ, တတိယ, စတုတ္ထ ဂါထာတို့ဖြင့် သူ့အပြစ်တင်ဖွယ်ကိုချေ၍၊ ကျမ်း၏အကျိုးကိုလည်း ပြလျက် သူတော်ကောင်းတို့ မှတ်ကုန်၊ နာကုန်ဟု တိုက်တွန်းပြီး၍ မင်းတကာတို့၏အစ ဖြစ်သော မင်းဖြစ်တော်မူသော သဗ္ဗညုဘုရား အလောင်းတော် မဟာသမ္မတမင်း၏ အဖြစ် အကြောင်း အဌုပ္ပတ္တိကို သင်္ဂါယနာ သုံးတန် တင်သော ကျမ်းတို့မှ ထုတ်ဆောင်၍ လောကသဏ္ဌာန်ကို အစပြု၍ ဆိုပေလတ္တံ့။

## ၂။ စကြဝဠာ တည်ပုံ၊ ပျက်ပုံ အကြောင်း

"လောကသဏ္ဌာနဉ္စ လောကသဏ္ဌာဟနံ။ ပမာဏ ပရိစ္ဆိန္နာနံ စက္ကဝါဠာနံ အဂ္ဂါနီတိ ဝိနဿိတွာ ပုန သဏ္ဌဟနဉ္စ အဓိပ္ပါယော" ဟူသော ပါဠိတော်နှင့်အညီ သုံးပါးကုန်သော လောကတို့တွင် ဩကာသလောကဟု ဆိုအပ်သော ပမာဏ အပိုင်းအခြား ရှိကုန်သော စကြဝဠာတို့သည် မီး၊ ရေ၊ လေတို့ကြောင့် ပျက်ပြီး၍ တစ်ဖန် တည်ပြန်သည်ကို ဆိုသတည်း။

## ၃။ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်တို့တွင် အန္တရကပ်ကို ပြခြင်း အကြောင်း

အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်ဟူ၍ ဆိုကြသည်။ ထိုကာလ၌ လူတို့၏အသက်သည် ဆယ်နှစ်နေသော ကာလမှစ၍ အစဉ်အတိုင်းပွားး၍ အသက်ဆယ်နှစ် (အသင်္ချေ နေကုန်သည်။) အသင်္ချေယျတိုင်အောင် နေသည်မှသည် တစ်ဖန်ယုတ်ပြန်၍ ဆယ်နှစ်တိုင်အောင်သော ကာလသို့ရောက်ပြန်၍ သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ဟူသော ကပ်သုံးပါးတို့တွင် တစ်ပါးပါးသောကပ် ရောက်၍ သတ္တဝါတို့ ပျက်သည်ကို အန္တရကပ်ဟူ၍ သိအပ်၏။ ထိုအန္တရကပ်သည် သံဝဋ္ဋကပ်သို့ မရောက်မီ ပျက်သောကပ် ဖြစ်သောကြောင့် အန္တရကပ် မည်၏။ ။

## ၄။ အသင်္ချေယျကပ် အကြောင်း

ထိုအန္တရကပ် ခြောက်ဆယ့်လေးကပ်သည် တစ်ခုသော အသင်္ချေယျကပ် မည်၏။ အန္တရကပ်နှစ်ဆယ်သည် တစ်ခုသော အသင်္ချေယျကပ် ဟူ၍လည်း ဓိနာလင်္ကာရ အစရှိသော ကျမ်းတို့၌လည်း လာ၏။ ထိုအသင်္ချေယျကပ်ကို ဤမျှလောက်သောနှစ် အစရှိသည်ဖြင့် ရေတွက်ခြင်းငှာ မတတ်နိုင်သောကြောင့် ထိုကပ်သည် အသင်္ချေယျကပ် မည်၏။

## ၅။ မဟာကပ်၏ ကာလအပိုင်းအခြား အကြောင်း

အသင်္ချေယျကပ်တွင်လည်း သံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ၊ ဝိဝဋ္ဋဋ္ဌာယီ–ဟူ၍ ကာလအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ပျက်ဆဲဖြစ်သော ကာလသည် သံဝဋ္ဋကပ်မည်၏။ ပျက်သည်မှအထက်၌ ဖြစ်သောကာလသည် သံဝဋ္ဋဋ္ဌာယီကပ်မည်၏။ ပွားဆဲဖြစ်သော ကာလသည် ဝိဝဋ္ဋကပ်မည်၏။ ပွားသည်မှအထက်၌ တည်သောကာလသည် ဝိဝဋ္ဋဋ္ဌာယီကပ်မည်၏။ ။

## ၆။ ၎င်း၏ ပမာဏအကြောင်း

ထိုကာလလေးပါး အပိုင်းအခြားပမာဏသည်ကား အစဦးကမ္ဘာပျက်မိုးသည် စကြဝဠာကုဋေတစ်သိန်းကို နံ့စေလျက် ရွာ၏။ လူတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ စိုက်ပျိုးကြကုန်၏။ ကောက်ပင်တို့သည် နွားစားလောက်သည်ရှိသော် မိုးသည် မြည်း၏ အသံကဲ့သို့သော အသံကိုမြည်လျက် တစ်ပေါက်မျှမရွာဘဲ ရှိ၍ အစဉ်အတိုင်း နေခုနစ်ခုပေါ်၍ ပထမဈာန်သုံးဘုံတိုင်အောင် မီးလောင်၍မီးစဲလေ၏။ ဤမျှလောက်သော ကာလကို သံဝဋ္ဋကပ်ဟူ၍ ဆိုအပ်၏။ မီးငြိမ်းစဲပြီး၍ အောက်ကောင်းကင်နှင့် အထက်ကောင်းကင် တစ်စပ်တည်း ကြီးစွာသောအမိုက်တိုက် ဖြစ်၍ တစ်ခုသော အသင်္ချေယျကပ်ပတ်လုံး တစ်ပြင်တည်းဖြစ်၍ တည်သောကာလကို

သံဝဋ္ဋဋ္ဌာယီကပ် ဟူ၍ သိအပ်၏။ ထိုနောင်မှ ကမ္ဘာပြုမိုးသည် အစစွာ နှုံးနှုံးညှံ့ညှံ့ ရွာ၏။ အစဉ်အတိုင်းမိုးသည် ကြာရိုးရှိ၊ တောင်ဝှေးရှိ၊ ကျည်ပွေ့ရှိ၊ ထန်းပင်ရှိ ရွာ၏။ ကုဋေတစ်သိန်းကုန်သော စကြဝဠာတို့ကို ပြည့်စေ၍ မိုးစဲလေ၏။ ရှည်လျားသဖြင့် ရေသည် ရွှေ့လျော့လတ်၍ ဘုံဗိမာန်မြေတို့သည်ဖြစ်၍ နေ၊လပေါ်သည်တိုင်အောင်သောကာလကို ဝိဝဋ္ဋကပ်ဟူ၍ သိအပ်၏။ နေ၊လပေါ်သည်မှစ၍ လူတို့အသက်သည် ယုတ်တုံတက်တုံ အဿ ရောက်ခြောက်ဆယ့်လေးကပ် ပတ်လုံးတည်ပြီး၍ တစ်ဖန်ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင်သော ကာလကို ဝိဝဋ္ဋဋ္ဌာယီကပ်ဟူ၍ သိအပ်၏။ ဤအသင်္ချေယျကပ် လေးခုတို့သည် တစ်ခုသော မဟာကပ် ကမ္ဘာမည်၏။ ။

## ၇။ ကမ္ဘာပျက်ပုံ အကြောင်း

ဤအသင်္ချေယျကပ် လေးကပ်တို့တွင် သံဝဋ္ဋကပ်သည်ကား မီးပျက်သော တေဇောသံဝဋ္ဋ၊ ရေပျက်သော အာပေါသံဝဋ္ဋ၊ လေပျက်သော ဝါယောသံဝဋ္ဋ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် မီးပျက်သောကမ္ဘာ၌ နေခုနစ်ခုတို့၏ အာနုဘော်ကြောင့် အမိုးအလျှံထွက်၍ ဤမြေမှစ၍ ပထမဈာန်သုံးဘုံတိုင်အောင် မှုန်ညင်းလုံးမျှ အကြွင်းမရှိလောင်၍ မီးစဲလေ၏။

ရေပျက်သောကမ္ဘာ၌ ဒုတိယဈာန်သုံးဘုံတိုင်အောင် ဆားခဲကိုရေတွင်ချ၍ ကြေသကဲ့သို့ ကြေပျက်လေ၏။

လေပျက်သောကမ္ဘာ၌ တတိယဈာန်သုံးဘုံတိုင်အောင် စကြဝဠာ ကုဋေတစ်သိန်းလုံး မှုန့်မှုန့်ညက်ညက်ကြေ၍ ပျောက်လေ၏။

ဤစကားကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟ၊ သာရတ္ထဒီပနီ၊ ဋီကာကျော်၊ သံခေပဝဏ္ဏနာ၊ မဏိသာရမဉ္ဇူသာ အစရှိသော ကျမ်းတို့၌ အညီအညွတ် လာသည်။ တစ်ပါးသော ဆရာတို့မှုကား မီးပျက်၍ သုံးဘုံ၊ လေးဘုံ၊ ငါးဘုံ ပျက်ကြောင်း၊ ရေပျက်၍ ခြောက်ဘုံ၊ ခုနစ်ဘုံ၊ ရှစ်ဘုံ ပျက်ကြောင်းကို ပုံစံအများ ပျို့ကဗျာပွဲ့စီရင်၍ ဂါထာစဉ့်နှင့် ရေးသား၍ ထားကြကုန်သည်။ ဤစကားများကို ကျမ်းဂန်အသိပညာနှင့် ပြည့်စုံတော်မူသော ဆရာမြတ်တို့သည် ကျမ်းဂန်နှင့် ဆန့်ကျင်သည် ဟူ၍ မိန့်တော်မူကုန်သည်။ ။

## ၈။ ကမ္ဘာပျက်ရိုး အစီအစဉ် အကြောင်း

ကမ္ဘာကို သံဝဋ္ဋသုံးပါးဟုဆိုအပ်သော မီး၊ ရေ၊ လေတို့ ပျက်ရိုးကား မီးဖြင့် အစဉ်အတိုင်း ခုနစ်ကြိမ်ပျက်သည်။ ထိုနောင် ရေတစ်ကြိမ်ပျက်သည်။ ဤကဲ့သို့ မီးခုနစ်ကြိမ်ကို ရေတစ်ကြိမ် ပျက်၍ ခြောက်ဆယ့်လေးကြိမ်မြောက်၌ လေ တစ်ကြိမ် ပျက်သည်။ ဤကား ကမ္ဘာတို့ ပျက်ရိုးတည်း။ တစ်ခုတည်းသော ဘဒ္ဒကပ်ကမ္ဘာသည် ပထမမီးခုနစ်ကြိမ်၊ နောက် ရေပျက်၍ ဒုတိယမီးခုနစ်ကြိမ်တွင် ပထမမီးပျက်၍ တည်သောကမ္ဘာဟူ၍ မိလိန္ဒပဉှာတွင် ဆိုသည်။ ။

## ၉။ ကမ္ဘာပျက်ပြီးနောက် တည်ပုံအကြောင်း

ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ နေရာဌာနဖြစ်သော ဩကာသလောကသည် ဖြစ်လိုသည်ရှိသော် ရေဘောင်သည် ရွှေ့လျော့ခန်းလတ်သည်ဖြစ်၍ ပျက်လေပြီးသော ဗြဟ္မာဘုံတို့သည် အထက်မှစ၍ အစဉ်အတိုင်း နတ်ပြည်လေးဘုံတို့သည် ပေါ်ကုန်၏။ ထို့နောင် ပံသုပထဝီ တည်ရာအရပ်သို့ရောက်၍ ထိုရေကိုလေဖြင့်ချုပ်၍ ခရိုင်၏အဝကို ပိတ်သောကာလ

တည်သောရေကဲ့သို့၊ ကောင်းသောအနံ့အရသာနှင့် ပြည့်ရုံသော နတ်ပြဒါးကဲ့သို့၊ ရေမရောသော ယနာ၏ အပေါ် အပြင်ကဲ့သို့ ရေပေါ်၌ ကြာရွက်သဏ္ဌာန် တည်၏။ ။

## ၁၀။ မဟာဗောဓိပလ္လင် တည်ရာမြေ ပေါ်ခြင်း အကြောင်း

ထိုသို့ပေါ်သောအခါ ဘုရားသခင်တို့ မှင်တော်မူရာဖြစ်သော မဟာဗောဓိပလ္လင်တည်ရာ မြေအရပ်သည် ရှေးဦးစွာ ဖြစ်၏။ ကမ္ဘာပျက်သော အခါလည်း နောက်မှ ပျက်၏။ ထိုမြေ၌ ပွင့်ဖိတ်ဖြစ်သော ပဒုမ္မာပင်ငယ်သည် ပေါက်၏။ အကြင်ကမ္ဘာသည် ဘုရားမဖြစ်အံ့။ ထို ကြာပင်သည် အပွင့်မရှိသည်ဖြစ်၍၊ အကြင်ကမ္ဘာသည် ဘုရားဖြစ်အံ့။ ထိုကြာပင်သည် ဘုရား အရေအတွက်နှင့်အမျှ ပွင့်၏။ ထိုကြာပင်ကို အကြောင်းပြု၍ ဗြဟ္မာတို့သည် **သာရကပ်၊ မဏ္ဍကပ်၊ ဝရကပ်၊ သာရမဏ္ဍကပ်၊ ဘဒ္ဒကပ်**ဟူ၍ သိကုန်၏။ ဘုရားဖြစ်သော ကမ္ဘာ၌ ကြာပွင့်တွင် ပါသော ပရိက္ခရာ ရှစ်ပါးတို့ကို ဗြဟ္မာတို့ ဆွတ်ယူထားလေ၏။ ။

## ၁၁။ ဗြဟ္မာဘုံမှ စုတေ၍ အစဉ်အစွာ လူဥပပတ် ဖြစ်လာခြင်း အကြောင်း

ထိုအခါ ဗြဟ္မာပြည်မှ ဗြဟ္မာတို့သည် အသက်ကုန်သဖြင့် လည်းကောင်း၊ ကံကုန်သဖြင့် လည်းကောင်း စုတေ၍ လူ့ပြည်သို့ ဥပပတ်ကိုယ်ထင်ဖြစ်လာကုန်၏။ ထိုသူတို့သည် ကိုယ်ရောင် ဖြင့်သာ ထွန်းပ ကုန်လျက်၊ ဗြဟ္မာပြည်မှာကဲ့သို့ ပီတိသာလျှင် အာဟာရကိစ္စကိုပြီးစေကုန်လျက် ကောင်းကင်၌ ငှက်ကဲ့သို့(ပျံဝဲ၍) မွေ့လျော်ကုန်၏။ယောကျ်ား၊ မိန်းမ အသွင်သည် မရှိကုန်။ ထိုသတ္တဝါတို့သည် ရသပထဝီကို စားအံ့သောငှာ အားထုတ် သတ္တဝါဟူ၍သာ ခေါ်ဝေါ်ကုန်၏။ ထိုသတ္တဝါတို့သည် ရသပထဝီကို စားအံ့သောငှာ အားထုတ် ကုန်သည်ရှိသော် မိမိတို့ကိုယ်ရောင်သည် ကွယ်ခဲ့၍ အမိုက်အတိ ဖြစ်ရကား ကြောက်ခြင်းပြင်းစွာ ဖြစ်ကုန်၏။

## ၁၂။ ကမ္ဘာဦးသူတို့၏ ဘုန်းကံမွေတာ အကြောင်းများကြောင့် နေ့၊လ ပေါ်ခြင်း အကြောင်း

ထိုသူတို့၏ ဘုန်းကြောင့် လည်းကောင်း၊ ဖြစ်မြဲသော ဓမ္မတာအားဖြင့် လည်းကောင်း အတွင်းကား ရွှေ၊ အပကား ဖန်အတိပြီးသော အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀- ရှိသော ဘာနုရာဇာမည်သော ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် တပေါင်းလပြည့် တနင်္ဂနွေနေ့ ပြုဗ္ဗဝိဒေဟ ကျွန်း၏ အလယ်၌ ဥဒည်-တောင်ထိပ်မှ ထွက်လာ၍ အလင်းကို ဖြစ်စေ၏။ ကမ္ဘာဦးသူတို့သည် ကြောက်ခြင်းမှ ကင်းကုန်၍ ရဲရင့်ခြင်း ဖြစ်ကုန်သောကြောင့် "သူရိယ" ဟူသော အမည်ကို ခေါ်ဝေါ်ကုန်၏။ ထိုသို့ပေါ်လာသော နေမင်းသည် နာရီ ၃၀-လှည့်၍ ယုဂန္ဓိုရ်တောင် ကွယ်ခဲ့သည်ရှိသော် အမိုက်အတိသာ ဖြစ်၍ ကမ္ဘာဦးသူတို့သည် တစ်ခုသောအလင်းကို ရစေသတည်း ဟူ၍ တောင့်တကုန်သည်ရှိသော် အတွင်းကား ပတ္တမြား၊ အပကား ငွေအတိပြီးသော အချင်း ၄၉-ယူဇနာ၊ အဝန်းယူဇနာ ၁၄၇-ယူဇနာရှိသော ငြိမ်းသော အရောင်ကို ဆောင်သော လမင်းသည် ၂၇-လုံးသော နက္ခတ်မှစ၍ တာရာကြယ်အပေါင်း ခြံရံလျက် ကန်ရာသီ ၁၃-လုံးဖြစ်သော ဟဿတနက္ခတ်ကို စီးလျက် အရှေ့မျက်နှာမှ ထွက်လာ

သည် ရှိသော် ကမ္ဘာဦးသူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာ ဖြစ်ကုန်၏။ ငါတို့ အလိုအားလျော်စွာ အတိုင်း ရပေသည် ဟူ၍ "စန္ဒ" ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကုန်၏။

### ၁၃။ မြင်းမိုရ်၊ သတ္တရဘန်၊ သီတာ စသည်တို့ ဖြစ်ပေါ်ပုံ အကြောင်း

ဤသို့ နေ့၊လတို့သည် ထင်ရှားဖြစ်သောနေ့ပင်လျှင် မြင်းမိုရ်၊ သတ္တရဘန်၊ သီတာ၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီး လေးကျွန်း၊ ကျွန်းငယ် နှစ်ထောင်၊ ဟိမဝန္တာတော၊ မြစ်ကြီး၊ အိုင်ကြီး၊ စကြဝဠာတောင်တို့သည် ဓမ္မတာအားဖြင့် မရှေးမနှောင်း တပေါင်းလပြည့် တနင်္ဂနွေနေ့(က စ၍) တစ်ပြိုင်နက်ဖြစ်ကုန်၏။ ထိုနေ့မှစ၍ နေ့၊လ၊နှစ်၊ဥတုတို့သည် ထင်ရှားဖြစ်ကုန်၏။

### ၁၄။ ကမ္ဘာဦးသူတို့ ရသပထဝီ မြေဆီမြေလွှာ စသည်တို့ကို စား၍ လောဘရမ္မက် ထူပြောသဖြင့် အာဟာရ ဆုတ်ယုတ်ပုံ အကြောင်း

ထိုအခါ ကမ္ဘာဦးသူတို့သည် ရသ ပထဝီကို စားကုန်၏။ အချို့ အဆင်း လှကုန်၏။ အချို့ အဆင်းမလှကုန်။ ထိုသူတို့တွင် (အချို့) အဆင်းလှသော သူတို့သည် အဆင်းမလှသော သူတို့ကို မထီမဲ့မြင်ပြုကုန်၏။ ထိုသို့ ပြုကုန်သည်ရှိသော် ရသပထဝီ မြေအရသာတို့သည် ကွယ်ခဲ့ကုန်၏။ ထိုသို့ကွယ်ခဲ့သည်ရှိသော် မြေလွှာကို စားကုန်၏။ ရှည်လျားသဖြင့် လောဘရမ္မက် ပြော၍ မြေလွှာသည် ကွယ်ခဲ့၏။ မြေလွှာ ကွယ်ပြန်သည်ရှိသော် ပဒါလတာ အမည်ရှိသော အနံ့အရသာနှင့် ပြည့်စုံသော နွယ်သည် ထင်ရှားဖြစ်၏။ ထိုနွယ် ရှေးအတူ ကွယ်ပြန်ခဲ့သည် ရှိသော် အဆင်း၊ အနံ့၊ အရသာနှင့်ပြည့်စုံသော ဖွဲမကပ်သော သလေးဆန်ပင်သည် ထင်ရှားစွာ ဖြစ်၏။ ထိုအခါ ကမ္ဘာဦးသူတို့သည် သလေးပင်မှ ညစာစားအံ့သောငှာ ညအခါမှ ယူကုန်၏။ နံနက်စာ စားအံ့သောငှာ နံနက်အခါမှ ယူကုန်၏။ ထိုသို့ ယူငြားသော်လည်း ယူရာမထင် အတိုင်းပင် ရောက်ကုန်၏။ ထိုသလေးဆန်ကို ကျောက်ခွက်၌ ထားသည် ရှိသော် အလိုလို အလျှံထွက်၍ကျက်၏။ ထိုထမင်းသည် မုလေးပွင့်အဆင်းနှင့် တူ၏။ ခဲဖွယ်စားဖွယ်တို့သည်လည်း ထိုသူတို့၏ အလိုအတိုင်း ရှိကုန်၏။

ရှေးဖြစ်သောအစာတို့သည် နတ်သုဒ္ဓာကဲ့သို့ မွှတ်သိပ်ခြင်းကို ပျောက်၍ အာဟာရကို ဆောင်ကုန်၏။ ဝတ္ထုသိမ်မွေ့သဖြင့် ကျင်ကြီး၊ ကျင်ငယ်တို့သည် မဖြစ်ကုန်။ သလေးဆန်ကို စားကြုံးကုန်သည်ရှိသော် ဝတ္ထုရုန့်ရင်းသည်ဖြစ်၍ ကျင်ကြီး၊ ကျင်ငယ်တို့သည်ဖြစ်၍ ဝစ္စမဂ်၊ ပဿာဝမဂ်တို့သည် ဖြစ်ကုန်၏။

### ၁၅။ ရှေးဖြစ်သော အစာတို့ ကွယ်ခဲ့၍ သလေးထမင်းကို စားကြရာတွင် ယောကျာ်း၊ မိန်းမ ဖြစ်ကြ၍ မေထုနသံဝါသ ဖြစ်ခြင်း အကြောင်း

ယင်းသို့မှ ပုရိသဘော၊ ဣတ္ထိဘောတို့သည် ဖြစ်လာကုန်၏။ ယောကျာ်း၊ မိန်းမတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုအခါ မိန်းမသည်လည်း ယောကျာ်းကို ကြည့်၏။ ယောကျာ်းသည်လည်း မိန်းမကို ကြည့်၏။ ထိုသို့ ကြည့်ခြင်းကြောင့် ကာမဒ္ဒ ပူပန်ကုန်သည်ဖြစ်၍ မေထုန်မှီဝဲခြင်း တည်းဟူသော ကာယသံသဂ္ဂတို့သည် ဖြစ်ကုန်၏။

## ၁၆။ ကမ္ဘာဦးသူတို့ အိမ်ရာဆောက်၍ နေခြင်း အကြောင်း

ဤသို့ မသူတော်တရား တည်းဟူသော မကောင်းသော အကျင့်ကို မှီဝဲခြင်းကြောင့် ပညာအမြင်နှင့် ပြည့်စုံကုန်သော သူတို့သည် ကဲ့ရဲ့ညည်းဆဲကုန်၏။ ထိုသို့ ညည်းဆဲလေသည် ရှိသော် မကောင်းသော အကျင့်ကို ဖုံးလွှမ်းခြင်းငှာ အိမ်ရာဆောက်၍ အကာအရံနှင့် နေကုန်၏။ ။

## ၁၇။ ကမ္ဘာဦးသူတို့ အစာသိုမှီးခြင်းကြောင့် သလေးဆန်တို့ ဖွဲနှင့်ကြမ်း လွှမ်းခြင်း အကြောင်း

ထိုသို့ အစဉ်သဖြင့် နေကုန်သောသူတို့တွင် ပျင်းသောသူတို့၏ ဒိဋ္ဌာနုဂတိသို့ လိုက်၍ အစာသိုမှီးခြင်းကို ပြုကုန်၏။ ထိုသို့ အစာသိုမှီးကြသည်ရှိသော် သလေးဆန်သည် ဖွဲနှင့်ကြမ်း လွှမ်းကုန်၏။ ရိတ်ရာ ယူရာ အရပ်တို့သည်လည်း တစ်ဖန် မပေါက်မရောက်ကုန်ပြီ။ ။

## ၁၈။ ကမ္ဘာဦးသူတို့ အချင်းချင်း ဆိုမြည်တမ်းကြခြင်း အကြောင်း

ထိုနောင်မှ ကမ္ဘာဦးသူတို့သည် ဤသို့ဆိုကုန်၏။ "ရှေးအခါ၌ ငါတို့သည် ဈာန်စိတ်ဖြင့် ပြီးကုန်၏။ ပီတိသာလျှင် အစာရှိသည် ဖြစ်၍ ကိုယ်ရောင်ဖြင့်သာ ထွန်းပကုန်လျက် ကောင်းကင်၌ သွားနိုင်ကုန်၏။ အစဉ်သဖြင့် ရသပထဝီမြေလွှာ၊ ပဒါလတာနွယ်တို့ကို စားကုန်လျက် တည်ကုန်၏။ ထိုအစာတို့သည် အကုသိုလ်တရားကြောင့် ကွယ်ခဲ့ကုန်၏။ ထိုနောင်မှ အလိုလို ရောက်သော သလေးဆန်တို့သည် ထင်ရှားဖြစ်ကုန်၏။ ယခုအခါ ထိုသလေးဆန်တို့ကို ညစာ၊ နံနက်စာ သိမ်းသိုခြင်းကြောင့် ရိတ်ရာ၊ ယူရာ အရပ်တို့သည် အသစ်မရောက်ကုန်။ အစုအစု ရောက်ကုန်၏။ ထိုသလေးပေါ်ပင်တို့ကို အပိုင်းအခြားမှတ်သား၍ ဝေရသော် ကောင်း၏" ဟု တိုင်ပင်ကြပြီးလျှင် အပိုင်းအခြား ထား၍ ဝေငှကုန်၏။ ။

## ၁၉။ ကမ္ဘာဦးကာလ၌ ခိုးဝှက်မှု စသည် ပေါ်ပေါက်ပုံအကြောင်း

ထိုနောင် လျှပ်ပေါ်သော သူတစ်ယောက်သည် မိမိအဖို့ ကုန်မည်ကိုစိုး၍ တစ်ပါးသော သူတို့၏ အဖို့ကို ခိုး၍စားလေ၏။ တစ်ကြိမ် နှစ်ကြိမ်တိုင်အောင် ဆဲရေး၍ လွှတ်လိုက်၏။ သုံးကြိမ်မြောက်သော အခါ၌ ရိုက်ပုတ်ပစ်ခတ်ကုန်၏။ ထိုအခါမှစ၍ သူ့ဥစ္စာကို ခိုးခြင်း၊ ကဲ့ရဲ့ခြင်း၊ မုသာဝါဒဆိုခြင်း၊ ဒဏ်ပေးခြင်းတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်ရှိသော် ကမ္ဘာဦးသူ အပေါင်းတို့သည် စည်းဝေး၍ ဤသို့ တိုင်ပင်ကြကုန်၏။

## ၂၀။ ကမ္ဘာဦးသူတို့ အချင်းချင်း ညီညွတ်၍ ရှေးဦးစွာ မဟာသမ္မတမင်း တင်မြှောက်ခြင်း အကြောင်း

"ယခုသည် ယုတ်မာသော အမှုအရာတို့သည် ထင်ရှားဖြစ်ပြီ။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော သူတစ်ယောက်ကို အစိုးရခြင်း မင်း၏အဖြစ်ဖြင့် သမုတ်၍ ကဲ့ရဲ့ရှုတ်ချအပ်သော သူကို ကဲ့ရဲ့ရှုတ်ချစေ၊ နှင်ထုတ်အပ်သော သူကို နှင်ထုတ်စေ။ ငါတို့အဖို့ဖြစ်သော သလေးစပါးကို ဆယ်ဖို့ တစ်ဖို့ ပေးကုန်အံ့" ဟူ၍ တိုင်ပင်ကုန်သည်ရှိသော် ဤကမ္ဘာ၏ အစ၌- ဘုရားအလောင်းတော်ဖြစ်သော၊ အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော၊ ကြီးမြတ်သော

ဘုန်းတန်ခိုး အာဏာ, ပညာနှင့် ပြည့်စုံသော၊ နိမ့်ချခြင်း, ချီးမြှောက်ခြင်းငှာ တတ်နိုင်သော အားရှိသော တစ်ယောက်သော သူသည် ရှိ၏။ ထိုသူ့ အထံသို့ကပ်၍ တောင်းပန်ကုန်ပြီးလျှင် သုံးပါးသော ဘိသိက်သွန်းခြင်းဖြင့် သွန်းကုန်၏။ ဤသို့ ကျွန်ုပ်သူတို့ သမုတ်သောကြောင့် "မဟာဇနေန သမ္မတော မဟာသမ္မတော" ဟူသော ဝစနတ္ထနှင့်အညီ မဟာသမ္မတ ဟူသော အမည်ဖြင့် လည်းကောင်း၊ "ခေတ္တာနံ အဓိပတိ ခတ္တိယော" ဟူသော ဝစနတ္ထနှင့်အညီ ခတ္တိယ ဟူသော အမည်ဖြင့် လည်းကောင်း၊ "ဓမ္မေန သမေန သတ္တေ ရဉ္ဇေတီတိ ရာဇာ" ဟူသော ဝစနတ္ထနှင့်အညီ ရာဇာ ဟူသော အမည်ဖြင့် လည်းကောင်း သုံးပါးကုန်သော အမည်တို့ဖြင့် ထင်ရှားဖြစ်၏။ ဤအကြောင်းကို ရည်၍-

၁။ အာဒိစ္စကုလသမ္ဘူတော၊ သုဝိသုဒ္ဓဂုဏာကရော။
မဟာနုဘာဝေါ ရာဇာသိ၊ မဟာသမ္မတနာမကော။ ။

၂။ ယော စက္ခုဘူတော လောကဿ၊ ဂုဏရံသိသမုဇ္ဇလော။
တမောနုဒေါ ဝိရောစိတ္ထ၊ ဒုတိယော ဝိယ ဘာနုမာ။ ။

၃။ ဌပိတာ ယေန မရိယာဒါ၊ လောကေ လောကဟိတေသိနာ။
ဝဝတ္ထိတာ သဏ္ဍုဏန္တိ၊ န ဝိလင်္ဃယိတုံ ဇနာ။ ။

၄။ ယသဿီနံ သရာဇိနံ၊ လောကသမ္မာနုရက္ခိနံ။
အာဒိဘူတံ မဟာဝီရံ၊ ကထိယန္တိ မနုတီယံ။ ။

ဟူသော ဂါထာကို မိန့်အပ်ကုန်၏။ (ပါဠိ)

အနက်ကား။ ။ အာဒိစ္စကုလသမ္ဘူတော၊ နေမင်း၏အနွယ် ဖြစ်တော်မူထသော။ သုဝိသုဒ္ဓဂုဏာကရော၊ စင်ကြယ်သောဂုဏ်ကို ပြုတတ်ထသော။ မဟာသမ္မတနာမကော၊ မဟာသမ္မတ-ဟူသော အမည်ရှိထသော။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိထသော။ ရာဇာ၊ မင်းသည်။ အာသိ၊ ဖြစ်၏။ ။ လောကဿ၊ လူ၏။ စက္ခုဘူတော၊ မျက်စိသဖွယ် ဖြစ်ထသော။ ဂုဏရံသိ သမုဇ္ဇလော၊ ဂုဏ်တည်းဟူသော အရောင်ဖြင့် တောက်ပထသော။ ယောရာဇာ၊ အကြင်မဟာသမ္မတမင်းသည်။ ဒုတိယော၊ နှစ်ခုမြောက်သော။ ဘာနုမာဝ၊ နေမင်းကဲ့သို့။ တမောနုဒေါ၊ အမိုက်ကိုဖျောက်လျက်။ ဝိရောစိတ္ထ၊ ထွန်းပပြီ။ ။ လောကဟိတေသိနာ၊ လူတို့အစီးအပွားကို ရှာလေ့ရှိထသော။ ယေနရညာ၊ အကြင်မဟာသမ္မတမင်းသည်။ လောကေ၊ လူ၌။ ဝဝတ္ထိတာ၊ မှတ်အပ်ကုန်သော။ မရိယာဒါ၊ အပိုင်းအခြားတို့ကို။ ဌပိတာ၊ ထားအပ်ကုန်၏။ ဇနာ၊ လူတို့သည်။ ဝိလင်္ဃယိတုံ၊ လွန်ကျူးခြင်းငှာ။ နသဏ္ဍုဏန္တိ၊ မတတ်နိုင်ကုန်။ ။ ယသဿီနံ၊ အခြွေအရံ များကုန်ထသော။ သရာဇိနံ၊ မင်းနှင့်တကွကုန်သော။ လောကသမ္မာနုရက္ခိနံ၊ လူတို့ကို အစဉ် စောင့်ရှောက်ကုန်သော သူတို့တွင်။ အာဒိဘူတံ၊ အစစွာ ဖြစ်၍ဖြစ်သော။ မဟာဝီရံ၊ ကြီးသော လုံ့လရှိသော။ အံယံရာဇာ၊ ဤမဟာသမ္မတမင်းကို။ မနုတိ၊ မနုဟူ၍။ ကထိယန္တိ၊ ဆိုအပ်ကုန်၏။

အဓိပ္ပာယ်ကား- နေမင်း၏အနွယ်ဖြစ်တော်မူသော စင်ကြယ်သော ကျေးဇူး၊ မြတ်သော အာနုဘော်ရှိသော **မဟာသမ္မတမင်းသည်** လူတို့၏ မျက်စိသဖွယ်ဖြစ်၍ နှစ်ခုမြောက်သော နေမင်းသည် အမိုက်ကိုဖျောက်၍ ထွန်းပသကဲ့သို့ ဂုဏ်ဟူသော အရောင်ဖြင့် ထွန်းပ၏။ မဟာသမ္မတမင်းသည် လောက၌ အပိုင်းအခြားကို ထားသည် ရှိသော် လူတို့သည် မလွန်ကျူး

ရကုန်၏။ ခပ်သိမ်းသော မင်းတို့တွင် အစဦးဖြစ်သော မဟာသမ္မတမင်းကို မနုဟူ၍ ဆိုကုန်၏၊ ဤကား အဓိပ္ပာယ်တည်း။ ။

## ၂၁။ ကမ္ဘာဦးသူတို့မှ အမျိုးလေးပါး ပွားများခြင်း အကြောင်း

ဤသို့ ရှေးဦးစွာ မင်းဖြစ်တော်မူ၏။ ထိုအခါ၌ အချို့ကုန်သောသူတို့သည် သူ့ဥစ္စာကိုခိုးခြင်း၊ မုသာဝါဒဆိုခြင်း၊ ကဲ့ရဲ့ခြင်း၊ ဒဏ်ပေးခြင်း–ဟု ဆိုအပ်သော ယုတ်မာသော တရားတို့သည် ထင်ရှားစွာ ဖြစ်လတ်သည်ရှိသော် သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသောသူတို့သည် ထိုအကုသိုလ်တရားကို ဖျောက်ခြင်းငှာ တော၌ သစ်ခက် သစ်ရွက်တို့ကို ကုဋိပြု၍ နေကုန်၏။ ရွာ, နိဂုံး, မင်းနေပြည်တော်တို့၌ ဆွမ်းခံ၍ အသက်မွေးကုန်၏။ ဤသို့ အကုသိုလ်တရားကို ပယ်ကုန်သောသူတို့ကို “အကုသလေ မ္မေ ပဟီယန္တိ တာဟိရဲ ကရောန္တီတိ ဗြာဟ္မဏာ” ဟူသော ဝစနတ္ထနှင့်ညီစွာ ပုဏ္ဏားဟူ၍ ဆိုကုန်၏။ အကြင်သူတို့သည် အိမ်ရာထောင်ကုန်၍ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အမှုတို့ကို ပြုကုန်၏။ ထိုသူတို့ကို သူဌေး, သူကြွယ်ဟူ၍ ဆိုကုန်၏။ များစွာသော ပစ္စည်းပစ္စယတို့သည် ရှိကုန်၏။ အကြင် ဘုန်းနည်းသော သူတို့သည် သူတစ်ပါးတို့၏ ညည်းဆဲခြင်း အစရှိသည်ကို ခံ၍ ဆင်းရဲသော အခြင်းအရာ ရှိကုန်၏။ ထိုသူတို့ကို သူဆင်းရဲ ဟူ၍ ဆိုအပ်ကုန်၏၊ ဤသို့ မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေး သူကြွယ်မျိုး, သူဆင်းရဲမျိုး ဟူ၍ အမျိုးလေးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။

## ၂၂။ မဟာသမ္မတမင်း အစွန်ခံယူခြင်း၊ ဓမ္မသတ်ကျမ်းများ ပြုစုခြင်း အကြောင်း

ထိုကမ္ဘာဦး၌ဖြစ်သော မဟာသမ္မတမင်းသည် ရသေ့ မနု အစရှိသော သူတော်ကောင်းတို့နှင့် ပေါင်းဖက် တိုင်ပင်တော်မူ၍ စကြဝဠာနားဝ၌ရှိသော အထူးထူးသော ဓမ္မသတ်ကျမ်းဂန်တို့ကို ရေးကူးစေ၍ တရားနှင့်အညီ အဂတိလေးပါးသို့ မလိုက်သည်ဖြစ်၍ ဆုံးဖြတ် စီရင်တော်မူ၏။ ထိုအခါ ဇမ္ဗူဒိပါ ကျွန်းသူ အပေါင်းတို့သည် မဟာသမ္မတမင်းအား အမှီပြု၍ အသက်မွေးကုန်၏။ ထိုသူတို့ လုပ်ဆောင်၍ရသော ပစ္စည်းပစ္စယတို့ကို မဟာသမ္မတမင်းအား ဆယ်ဖို့ တစ်ဖို့, ဆယ်ခိုင် တစ်ခိုင်, ဆယ်လုံး တစ်လုံး, ဆယ်ပွင့် တစ်ပွင့် ဆက်ကုန်၏။ ထိုသို့ဆက်သော ပစ္စည်းပစ္စယတို့သည် အလွန်များသည်ဖြစ်၍ ထိုမင်း၌ ပြန့်ပြောစွာ ဖြစ်သောအားဖြင့် “ခတ္တိယမဟာသာလ” ဟူသောအမည် တွင်၏။ ထိုမင်းသည် မင်း၏တရားဆယ်ပါး၊ မင်းတို့၏ သင်္ဂြိုဟ်ခြင်းလေးပါး တရားနှင့်အညီ မင်းတို့၏ ချမ်းသာကို ခံစားတော်မူ၏။ ထို ပဌမ–မဟာသမ္မတမင်း၏ နောက်၌ ဇမ္ဗူဒိပါ မြေအပြင်ဝယ် တိုင်း, ခရိုင် ထီးဆောင်းမင်း အပေါင်း (၆၃၀၀၀) ခြောက်သောင်းသုံးထောင် ပြန့်ပွားကုန်၏။ ။

## ၂၃။ အန္တ ရကပ် တစ်ခု ပျက်၍ တစ်ခု တည်ပုံနှင့် ဒုတိယ မဟာသမ္မတမင်း ဖြောက်ပုံအကြောင်း

ထိုပဌမကပ်၌ အသက်အသချေ်ယျနေသည်မှစ၍ တရွေ့တရွေ့ အစဉ်အတိုင်း ဆုတ်ကုန်သည်ဖြစ်၍ ဆယ်နှစ်သာနေ၏။ ထိုသို့ ဆယ်နှစ်သာ နေသောအခါ လူတို့သည် လောဘစရိုက်

ပြောအံ့။ ဒုက္ခိက္ခ ရကပ်ဖြစ်၍ လူအပေါင်းတို့သည် ငတ်မွတ်၍ သေလေကုန်၏။ သေလေသော သူတို့၏အရိုးကို ပျောက်စိမ့်သောငှာ မိုးကြီးထန်စွာ ရွာလတ်၍ ရေတို့သည် အယဉ်တွေတွေ စီးသဖြင့် လူတို့အရိုးသည် မျောလေ၍ သန့်ရှင်းစင်ကြယ်စွာ မြေပြင်တို့သည် ဖြစ်ကုန်၏။ ထိုမှတစ်ပါးလည်း နံ့သာမိုး၊ ပန်းမိုးတို့သည် မြေပြင်အလုံးကို ဖုံးလွှမ်းသဖြင့် ရွာ၏။ ထို့နောင် မြေချင်း, လက်ကောက် အစရှိသော ယောက်ျားတို့၏ တန်ဆာ၊ ပုတီး, နားတောင်း အစရှိသော မိန်းမတို့၏ တန်ဆာ ရတနာမိုးတို့သည် ရွာလတ်၍ မြေအပြင်တို့သည် တင့်တယ်စွာ ဖြစ်ကုန်၏။ ထိုအခါ ပညာအမြင်နှင့် ပြည့်စုံသောသူတို့သည် ပုန်းရှောင်သော နေရာအရပ်မှ ထွက်လတ်၍ ထိုတန်ဆာတို့ကို ဆင်ယင်ဝတ်စားလျက် မွေ့လျော် ရောင့်ရဲခြင်းတို့သည် ဖြစ်ကုန်၏။ ထိုသို့ ကျန်ကြွင်းသော သူတို့သည် သဒ္ဓါ, သီလနှင့်ယှဉ်၍ ကောင်းစွာကျင့်သဖြင့် ထိုသူတို့၏ သား, မြေး, မြစ်တို့သည် ၁၀–၂၀–၄၀–၈၀–အရာ–အထောင်–အသောင်း–အသိန်း–အသန်း–အကုဋေ စသော အသက်ချဲ့ယျတိုင်အောင် အစဉ်အတိုင်း တက်၍ နေကုန်၏။ ရှည်လျားလတ်သော် အသေချဲ့ယျ နေသောသူတို့သည် သဒ္ဓါ, သီလမှ လျော့မေ့သည်ဖြစ်၍ တရားကို မစောင့်ကုန်သဖြင့် ရမ္မက်လောဘသို့လိုက်၍ အငြင်းအခုံ အလုအယက်တို့သည် ရှေးကဲ့သို့ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်သည်ရှိသော် ဇမ္ဗူဒီပါ ကျွန်းသူအပေါင်းတို့သည် တိုင်ပင်၍ သဒ္ဓါ, သီလနှင့် ပြည့်စုံသော သူတစ်ယောက်အား မင်းမြှောက်ကြကုန်၏။ ထို ဒုတိယ နှစ်ကြိမ်မြှောက်သော မဟာသမ္မတမင်း နောက် တိုင်း, ခရိုင် ထီးဆောင်း မင်းအပေါင်း (၆၃၀၀၀) ခြောက်သောင်း သုံးထောင် ဖြစ်ကုန်၏။ ။

## ၂၄။ အထက်နည်း ပျက်၍ တည်ပြန်ရာ တတိယ မဟာသမ္မတမင်း တင်မြှောက်ပုံအကြောင်း

ထိုမဟာသမ္မတမင်းမှစ၍ ရှည်လျားလတ်သော် ခပ်သိမ်းသော လူအပေါင်းတို့သည် သဒ္ဓါ, သီလ တရားမှ လျော့မေ့ကြသည်ဖြစ်၍ မတရားသောအားဖြင့် လူတို့၏ အသက်သည် အစဉ်အတိုင်း ယုတ်လေ၏။ ဆယ်နှစ်သာ နေရကုန်၏။ ထိုသို့ ဆယ်နှစ်နေသော သူတို့၏ကပ်၌ ဒေါသစရိုက် ပြောအံ့။ အမျက်ကြီးသောအားဖြင့် ဘောင်းရိုး, လှန်ကန်တို့ ကိုင်စွဲလတ်သော် အဆုံးအသွားရှိသော ဓား လှံ သန်လျက် ဖြစ်ကုန်၏။ အချင်းချင်း မြင်လျှင် သား, ငါး ကဲ့သို့ ထင်သည် ဖြစ်၍ ထိုးခုတ် ရှန့်သောအားဖြင့် သေလေကုန်၏။ ထိုသတ္တန္တရကပ်ဖြင့် သေလေသောသူတို့၏ အရိုးကို မျောစေခြင်းငှာ မိုးကြီးထန်စွာ ရွာပေ၏။ နံ့သာမိုး, ပန်းမိုး, တန်ဆာမိုးတို့သည်လည်း ရှေးကဲ့သို့လျှင် ရွာကုန်၏။ ပညာပဋိဘာန်နှင့် ပြည့်စုံသောသူတို့သည်လည်း ပုန်းလျှိုးရှောင်လွှဲ၍ နေရာအရပ်မှ ထွက်ကုန်၏။ ထိုတန်ဆာတို့ကို ဆင်ယင်ဝတ်စားကုန်လျက် ကောင်းစွာ ကျင့်သောအားဖြင့် သဒ္ဓါ, သီလနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ထိုသူတို့၏ သား, မြေး, မြစ်, တီ, ကျွတ်တို့သည် အစဉ်အတိုင်း အသက်ရှည်လတ်၍ အနှစ်အသင်္ချေတိုင် နေကုန်၏။ ထိုသို့ အနှစ်အသင်္ချေ နေသော သူတို့သည် ရှည်လျားလတ်သည် ရှိသော် သဒ္ဓါ, သီလမှ လျော့မေ့သည်ဖြစ်၍ ရမ္မက်လောဘ ပြောသဖြင့် အလုအယက် အငြင်းအခုံတို့သည် ရှေးကဲ့သို့လျှင် ဖြစ်ကုန်၏။ ထိုအခါ ဇမ္ဗူဒီပါ ကျွန်းသူအပေါင်းတို့သည် ရုံးစုတိုင်ပင်ကြ၍ သီလ, သမာဓိနှင့် ပြည့်စုံသော သူတစ်ယောက်အား (တတိယ) မင်းမြှောက်ကြကုန်၏။ ။

### ၂၅။ အထက်နည်း ပျက်၍ တည်ပြန်ရာ စတုတ္ထ မဟာသမ္မတမင်း တင်မြှောက်ပုံ အကြောင်း

ထို တတိယ သုံးကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၆၃၀၀၀) ခြောက်သောင်းသုံးထောင် ဖြစ်ကုန်၏။ ထိုမဟာသမ္မတမင်းမှစ၍ ခပ်သိမ်းသော လူအပေါင်းတို့သည် တရားမှ လျောမကုန်သည်ဖြစ်၍ အစဉ်အတိုင်း အသက်တို့သည် ဆုတ်ကုန်၍ ဆယ်နှစ်သာ နေကုန်၏။ ထိုသို့ ဆယ်နှစ်သာ နေသော သူတို့သည် မောဟစရိုက် ပြောဆို၊ ရောဂါ ရကာပ်ဖြင့် နာ၍ သေလေကုန်၏။

[ညွှန်ကဲ့သို့ လူတို့အသက် ယုတ်တဲ့၊ တက်တဲ့ ၆၄-ကြိမ်မှ ဝိဝဋ္ဋဋ္ဌာယီတစ်ကပ် ဖြစ်သတည်း။]

စတုတ္ထ လေးကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် ပြန့်ပွားကုန်၏။

### ၂၆။ ငါးကြိမ်မြှောက်ကပ်၌ ပဉ္စမ မဟာသမ္မတ မှသည် တစ်ဆယ့်တစ်ကြိမ်မြှောက်ကပ် ဧကာဒသမ မဟာသမ္မတမင်းသို့တိုင် ပြဆိုခြင်း အကြောင်း

ပဉ္စမ-ငါးကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် ဖြစ်ကုန်၏။

ဆဋ္ဌမ-ခြောက်ကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၄၀၀၀၀) လေးသောင်း ဖြစ်ကုန်၏။

သတ္တမ-ခုနစ်ကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၄၄၀၀၀) လေးသောင်းလေးထောင် ဖြစ်ကုန်၏။

အဋ္ဌမ-ရှစ်ကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၄၀၀၀၀) လေးသောင်း ဖြစ်ကုန်၏။

နဝမ-ကိုးကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၄၄၀၀၀) လေးသောင်းလေးထောင် ဖြစ်ကုန်၏။

ဒသမ-ဆယ်ကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်းအပေါင်း (၄၄၀၀၀) လေးသောင်းလေးထောင် ဖြစ်ကုန်၏။

ဧကာဒသမ-ဆယ့်တစ်ကြိမ်မြှောက်သော မဟာသမ္မတမင်းနောက် တိုင်း၊ ခရိုင် ထီးဆောင်းမင်း အပေါင်း (၁၈၉၀၀၀)တစ်သိန်းရှစ်သောင်းကိုးထောင်(သောဖြို့မှ)၊ (၉၉၀၀၀၀၀) ကိုးသန်းကိုးသိန်းသော ကျေးရွာလက်၊ (၉၀၆၀၀၀၀၀) ကုဋေကိုးသန်း ခြောက်သိန်းသော သင်္ဘောဆိပ်တို့သည် ဇမ္ဗူဒိပ်မြေအပြင်၌ ဖြစ်ကုန်၏။ လူတို့အသက် အသင်္ချေနေ၍ အဆုတ်တွင် မဟာသမ္မတမင်း တစ်ပါးပါး ဖြစ်သောကြောင့် မဟာသမ္မတ ၆၄-ပါး ဖြစ်သတည်း။ အာယုတက်ကပ်တွင် မင်း မရှိ။ ။

## ၂၇။ တစ်ဆယ့်တစ်ယောက်သော မဟာသမ္မတကို ပြရာ၌ ကျမ်းဂန်ကိုးကားချက် အကြောင်း

မဟာသမ္မတမင်း ၆၄-ပါးဖြစ်ရာတွင် တစ်ဆယ့်တစ်ယောက်သော မဟာသမ္မတမင်းတို့သည် ဖြစ်ခဲ့၍ ၅၃-ပါးသော မဟာသမ္မတတို့သည် နောက်၌ဖြစ်လတ္တံ့သည်ဟူ၍ ကျမ်းဂန်၌ လိမ္မာတော်မူကုန်သော ဆရာမြတ်တို့သည် ယူတ္တိအာဂုံနှစ်ပါးကို ထောက်ရှု၍ စီရင်တော်မူကုန်သော ကမ္ဘာလောင်ကျမ်းကိုမှီ၍ သိရသည်။ ဖြစ်လေပြီးသော မဟာသမ္မတတို့ နောက်၌ ဇမ္ဗူဒိပ် မြေပြင်ဝယ် တိုင်း, ခရိုင် ပွားကြောင်း၊ ယုတ်ကြောင်း အရေအတွက်ကို မဟာရာဇဝင်ကျမ်းကို မှီ၍ သိရသည်။ ။

## ၂၈။ ဤကမ္ဘာ၌ ဘုရားလေးဆူတို့ အစဉ်အတိုင်း ပွင့်တော်မူပုံ အကြောင်း

ဤကမ္ဘာ၌ ဘုရားငါးဆူ ပွင့်တော်မူရာတွင် ပွင့်တော်မူလေပြီးသော ဘုရားလေးဆူတို့သည် ကပ်အစဉ်အတိုင်း အခြားမရှိ ပွင့်တော်မူကုန်သည်ကို ထောက်သော်-

ရှစ်ကြိမ် မြောက်သော **မဟာသမ္မတမင်း**စဉ် အဆုတ် လူတို့အသက် (၄၀၀၀၀) လေးသောင်းတမ်းတွင် ကကုသန်ဘုရား ပွင့်တော်မူသည်။

ကိုးကြိမ် မြောက်သော မဟာသမ္မတမင်းစဉ် အဆုတ် လူတို့အသက် (၃၀၀၀၀) သုံးသောင်းတမ်းတွင် ကောဏာဂုံဘုရား ပွင့်တော်မူသည်။

ဆယ်ကြိမ် မြောက်သော မဟာသမ္မတမင်းစဉ် အဆုတ် လူတို့အသက် (၂၀၀၀၀) နှစ်သောင်းတမ်းတွင် ကဿပဘုရား ပွင့်တော်မူသည်။

ဆယ့်တစ်ကြိမ် မြောက်သော မဟာသမ္မတမင်းစဉ် အဆုတ် လူတို့အသက် (၁၀၀) တစ်ရာတမ်းတွင် ဂေါတမဘုရား ပွင့်တော်မူသည်။

ရှင်ဒေဝဒတ်သင်းခွဲ၍ အဝီစိငရဲ၌ ခံရလေသော အကြောင်းကို ဟောတော်မူရာတွင် "ဤကမ္ဘာကို ၆-စု စု၍ တစ်စုအလွန်၌ သင်းခွဲသည်။ ၅-စု အဝီစိ၌ခံရ၍ ၅-စုအလွန် အဝီစိမှ လွတ်၍ အဋ္ဌိဿရပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့သည်" ဟူ၍ ဟောတော်မူသော တရားတော်နှင့်လည်း အညီဖြစ်သည် ဟူ၍ ပညာရှိတို့လည်း ယူကုန်သည်။ ။

## ၂၉။ ကောဒသမမြောက် မဟာသမ္မတမင်း အုပ်စိုးပုံ အကြောင်း

တစ်ကျိပ်တစ်ပါး မြောက်သော မဟာသမ္မတမင်းသည် မင်းဖြစ်တော်မူလျှင် ရှာန်, အဘိညာဉ်နှင့် ပြည့်စုံသော ရသေ့မုနိ အစရှိသော ပညာရှိတို့နှင့် နိုင်းယှဉ်တိုင်ပင်တော်မူ၍ ခပ်သိမ်းသော ဇမ္ဗူဒီပါ ကျွန်းသူအပေါင်းတို့၏ စီးပွားအလို့ငှာ ဓမ္မသတ်ကျမ်းဂန်တို့ကို ပြုတော်မူသည်။ ထိုမှတစ်ပါးလည်း နောင်လာလတ္တံ့သောအခါ နိုးသေး, တားပြ အစရှိသော သူပုန်သူကန်တို့သည် မနှောင့်ယှက်နိုင်အောင်သော မြို့ပြ, ကျုံးမြောင်း, ပစွင်, ရင်လျှောက် အစရှိသော မြို့၏အင်္ဂါခုနစ်ပါး၊ မြို့၏အစာလေးပါးနှင့် ပြည့်စုံသော မလ္လတိုင်း ကုသဝတီပြည်, မာဂဓတိုင်း ရာဇဂြိုဟ်ပြည်, ဝိဒေဟတိုင်း မိမိလာပြည်တို့ကို တည်တော်မူ၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော စစ်သူကြီး, အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သံတမန်, အဂတိလေးပါးသို့ မလိုက်သော တရားသူကြီးတို့ကိုလည်း ခန့်ထားတော်မူ၍ စီရင်ဆုံးဖြတ်စေသည်။ ထိုမင်းကား မင်း၏တရား ဆယ်ပါး၊

ပြည်၌ သာယာစည်ပင်စေသော အပရိဟာနိယတရား ခုနစ်ပါး၊ မင်းတို့၏ သင်္ဂြိုဟ်ခြင်း တရားနှင့်အညီ သက်တော် အနှစ်အသင်္ချေပတ်လုံး ကိုယ်တော်မြတ်၏ စီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့၏ စီးပွား၊ ပြည်သူလူအပေါင်းတို့၏ စီးပွားကို ဆောင်တော်မူသည်။ ။

## ၃၀။ ထို မဟာသမ္မတမင်းမှ သား မြေး မြစ် နှစ်ကျိပ်ရှစ်ပါးတို့ အဆက်အကြောင်း

ထိုမဟာသမ္မတမင်းမှစ၍ သားတော်၊ မြေးတော်၊ မြစ်တော်အစဉ်ကား- မဟာသမ္မတမင်း သားတော် **ရောဇမင်း**၊ ရောဇမင်းသားတော် **ဝရရောဇမင်း**၊ ဝရရောဇမင်းသားတော် **ကလျာဏ မင်း**၊ ကလျာဏမင်းသားတော် **ဝရကလျာဏမင်း**၊ ဝရကလျာဏမင်းသားတော် **ဥပေါသထ မင်း**၊ ဥပေါသထမင်းသားတော် **မန္ဓာတ်မင်း**။

[ထိုမန္ဓာတ်မင်းသည် ဂေါတမဘုရားအလောင်းတော် ဖြစ်သည်။ ထိုမန္ဓာတ် ကြွယ်မင်းကား- ကျွန်းငယ် (၂၀၀၀) အရံရှိသော ကျွန်းကြီးလေးကျွန်း၊ နတ်ပြည်နှစ်ထပ်ကို အစိုးရ၍ သက်တော် ကုဋေ (၁၃၀) အနှစ် (၅၂၅၂၀၀၀) ငါးသန်း နှစ်သိန်း ငါးသောင်း နှစ်ထောင် နေတော်မူ၏။]

ထိုမန္ဓာတ်မင်း သားတော် **ဝရမင်းမန္ဓာတ်**၊ ထိုမင်းသားတော် **ဥပစရမင်း**၊ ထိုမင်း သားတော် **စေတီယမင်း**၊ ထိုမင်းသားတော် **မုစ္စလမင်း**၊ ထိုမင်းသားတော် **မဟာမုစ္စလမင်း**၊ ထိုမင်း သားတော် **မုစ္စလိန္ဒမင်း**၊ ထိုမင်းသားတော် **သာဂရမင်း**၊ ထိုမင်းသားတော် **သာဂရဒေဝမင်း**၊ ထိုမင်းသားတော် **ဘရတမင်း**၊ ထိုမင်းသားတော် **အင်္ဂီရသမင်း**၊ ထိုမင်းသားတော် **ရုစိမင်း**၊ (ထိုမင်းသားတော် **သုရုစိမင်း**)၊ ထိုမင်းသားတော် **ပတာပမင်း**၊ ထိုမင်းသားတော် **မဟာပတာပ မင်း**၊ ထိုမင်း သားတော် **ပနာဒမင်း**၊ ထိုမင်း သားတော် **မဟာပနာဒမင်း**၊ ထိုမင်းသားတော် **သုဒဿနမင်း**၊ ထိုမင်းသားတော် **မဟာသုဒဿနမင်း**၊ ထိုမင်းသားတော် (**နေရုမင်း**၊ ထိုမင်း သားတော် **မဟာနေရုမင်း**၊) ထိုမင်းသားတော် **အစ္စိမမင်း**။ **မဟာသမ္မတမင်းမှစ၍** ဤ နှစ်ဆယ့်ရှစ်ပါးသော မင်းတို့သည်ကား- မဟာသမ္မတမင်းသားတော်၊ မြေးတော်၊ မြစ်တော် အစဉ်ဖြစ်သည်ကို ဆိုသတည်း။ ထိုနှစ်ဆယ့်ရှစ်ပါးသော မင်းတို့သည်ကား **မလ္လတိုင်း ကုသာဝတီ** ပြည်၊ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၊ ဝိဒေဟတိုင်း မိထိလာပြည် ဤပြည်ကြီးသုံးပြည်၌ ဖြစ်တော် မူကုန်၏။ ။

## ၃၁။ မဟာသမ္မတမင်း၏ အဆက်အနွယ်တော် အစ္စိမ မင်းမှ စ၍ သား မြေး မြစ် အဆက်ဆက်အကြောင်း

ထိုအစ္စိမမင်း၏ သား၊ မြေး၊ မြစ်ဖြစ်သော တစ်ရာသော မင်းတို့သည်ကား ကုသာဝတီ ပြည်ကြီး၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ရာသော မင်းတို့တွင် အဆုံးစွန်ကား- **အရိန္ဒမမင်းတည်း**။ ထိုအရိန္ဒမမင်း၏ သား၊ မြေး၊ မြစ် ဖြစ်သော ငါးကျိပ်ခြောက်ပါးသော မင်းတို့သည်ကား- အယုဇ္ဈပြည်၌ ဖြစ်တော်မူကုန်၏။ ထိုငါးကျိပ်ခြောက်ပါးသော မင်းတို့တွင် အဆုံးစွန်ကား- ဒုပ္ပသဟမင်းတည်း။ ဒုပ္ပသဟမင်း၏ သား၊ မြေး၊ မြစ် ဖြစ်သော ခြောက်ကျိပ်သော မင်းတို့

သည်ကား **ဗာရာဏသီ**ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုခြောက်ကျိပ်သော မင်းတို့တွင် အဆုံးစွန်ကား- **အဇိတဇိနမင်း**တည်း။ ထိုအဇိတဇိနမင်း၏ သား, မြေး, မြစ် ဖြစ်သော ရှစ်သောင်းလေးထောင်သော မင်းတို့သည်ကား **ကပ္ပိလ**မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။

ထိုရှစ်သောင်းလေးထောင်သော မင်းတို့တွင် အဆုံးစွန်ကား- **ဗြဟ္မဒတ္တ**တည်း။ ထိုဗြဟ္မဒတ္တမင်း၏ သား, မြေး, မြစ် ဖြစ်သော သုံးကျိပ်ခြောက်ပါးသော မင်းတို့သည်ကား- **ဟတ္ထိပုရ**မည်သောပြည်၌ ဖြစ်တော်မူကုန်၏။ ထိုသုံးကျိပ်ခြောက်ပါးသော မင်းတို့တွင် အဆုံးစွန်ကား- **ကပ္ပိလဝံသမင်း**တည်း။ ထို ကပ္ပိလဝံသမင်း၏ သား, မြေး, မြစ် ဖြစ်သော သုံးကျိပ်နှစ်ပါးသော မင်းတို့သည်ကား- **ကောသမ္ဗီ**မည်သောပြည်၌ ဖြစ်တော်မူကုန်၏။ သုံးကျိပ်နှစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား- **ပုရိန္ဒ**မင်းတည်း။ ပုရိန္ဒမင်း၏ သား, မြေး, မြစ် ဖြစ်သော နှစ်ကျိပ်ရှစ်ပါးသော မင်းတို့သည်ကား- **ဝေဒိရ**မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုနှစ်ကျိပ်ရှစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား (**သာဓိန**တည်း။ ထိုသာဓိန၏ သား, မြေး, မြစ် ဖြစ်သော နှစ်ကျိပ်နှစ်ပါးသော မင်းတို့သည်ကား **မစ္ဆ**ရမည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုနှစ်ကျိပ်နှစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား) **ဓမ္မဂုတ္တမင်း**တည်း။ ထိုဓမ္မဂုတ္တမင်း၏ သား, မြေး, မြစ် ဖြစ်သော တစ်ကျိပ်ရှစ်ပါးသော မင်းတို့သည်ကား **အရိဋ္ဌပုရ**မည်သောပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်ရှစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား- **သိဂ္ဂိမင်း**တည်း။ ထိုသိဂ္ဂိမင်း၏ သား, မြေး, မြစ် ဖြစ်သော တစ်ကျိပ်ခုနစ်ပါးသော မင်းတို့သည်ကား- **ဣန္ဒပတ္ထ** မည်သောပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်ခုနစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား- **ဗြဟ္မဒေဝမင်း**တည်း။ ထိုဗြဟ္မဒေဝမင်း၏ သား, မြေး, မြစ်ဖြစ်သော တစ်ကျိပ်ငါးပါးသော မင်းတို့သည်ကား- **ကောသမ္ဗီ** မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်ငါးပါးသော မင်းတို့တွင် အဆုံးစွန်ကား- **ဗလဒတ္တမင်း**တည်း။ ထိုဗလဒတ္တမင်း၏ သား, မြေး, မြစ် ဖြစ်သော တစ်ကျိပ်လေးပါးသော မင်းတို့သည်ကား- **ဝံသတိုင်း ကောသမ္ဗီ** မည်သောပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်လေးပါးသော မင်းတို့တွင် အဆုံးစွန်ကား-**ဟတ္ထိဒေဝမင်း**တည်း။ ထိုဟတ္ထိဒေဝမင်း၏ သား, မြေး, မြစ်ဖြစ်သော ကိုးပါးသော မင်းတို့သည်ကား **ကဏ္ဏဂေါစ္ဆ** မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုကိုးပါးသော မင်းတို့တွင် အဆုံးစွန်ကား- **နရဒေဝ** မင်းတည်း။

ထိုနရဒေဝမင်း၏ သား, မြေး, မြစ် ဖြစ်သော ခုနစ်ပါးသော မင်းတို့သည်ကား **ရောဇန** မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုခုနစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား **မဟိန္ဒမင်း**တည်း။ ထိုမဟိန္ဒမင်း၏ သား, မြေး, မြစ် ဖြစ်သော (တစ်ကျိပ်နှစ်ပါးသော မင်းတို့သည်ကား **စမ္ပက**မည်သောပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်နှစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား **နာဂဒေဝမင်း**တည်း။ ထိုနာဂဒေဝမင်း၏ သား, မြေး, မြစ် ဖြစ်သော) နှစ်ကျိပ်ငါးပါးသော မင်းတို့သည်ကား **မိထိလာ**မည်သော ပြည်၌ဖြစ်တော်မူကုန်၏။ ထိုနှစ်ကျိပ်ငါးပါးသော မင်းတို့တွင် အဆုံးစွန်ကား- **သမုဒ္ဒဒေဝမင်း**တည်း။ ထိုသမုဒ္ဒဒေဝမင်း၏ သား, မြေး, မြစ် ဖြစ်သော နှစ်ကျိပ်ငါးပါးသော မင်းတို့သည်ကား **ရာဇဂြိုဟ်**ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုနှစ်ကျိပ်ငါးပါးသော မင်းတို့တွင် အဆုံးစွန်ကား- **တိမင်္ဂလ**မင်းတည်း။ ထိုတိမင်္ဂလမင်း၏ သား, မြေး, မြစ် ဖြစ်သော တစ်ကျိပ်နှစ်ပါးသော မင်းတို့သည်ကား **တက္ကသိုလ်**မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်နှစ်ပါးသော မင်းတို့တွင် အဆုံးစွန်ကား **တာလိဿရ**မင်းတည်း။ ထို

တစ်ကျိပ်နှစ်ပါးသော မင်းတို့သည်ကား
တောလီသရမင်း၏ သား၊ မြေး၊ မြစ် ဖြစ်သော တစ်ကျိပ်နှစ်ပါးသော မင်းတို့တွင် အဆုံး
ကုသိနာရုံမည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုတစ်ကျိပ်နှစ်ပါးသော မင်းတို့တွင် အဆုံး
နှစ်ကား **သုရိန္ဒမင်းတည်း**။ ထိုသုရိန္ဒမင်း၏ သား၊ မြေး၊ မြစ် ဖြစ်သော ကိုးပါးသော မင်းတို့
သည်ကား မလ်ိဳသွယ်မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုကိုးပါးသော မင်းတို့တွင် အဆုံးစွန်
ကား **သာဂရဒေဝမင်းတည်း**။ ထိုသာဂရဒေဝမင်း၏ သားတော်ကား **မဃဒေဝမင်းတည်း**။

မဃဒေဝမင်းကသည် ရှစ်သောင်းလေးထောင်သော မင်းဆက်တို့သည်ကား **မိဓိလာ**
မည်သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုရှစ်သောင်းလေးထောင်သော မင်းတို့တွင် အဆုံးစွန်
ကား- **နေမိမင်းတည်း**။ ထိုနေမိမင်းသားတော်ကား **ကဠာရဇနကမင်းတည်း**။ ထိုမင့်သားတော်
ကား **သမင်္ကရမင်းတည်း**။ ထိုမင့်သားတော်ကား **အယောဇန** မင်းတည်း။ ကဠာရဇနက
အစရှိသည် ရှစ်သောင်းလေးထောင်နှင့် သုံးပါးတည်း။ ထိုမင်းတို့သည်ကား **တရာဏသီ** မည်
သော ပြည်၌ ဖြစ်တော်မူကုန်၏။ ထိုရှစ်သောင်းလေးထောင်နှင့် သုံးပါးသော မင်းတို့တွင်
အဆုံးစွန်ကား- **သီဟပတိမင်းတည်း**။ ထိုသီဟပတိမင်း၏ သားတော်ကား- **ဝိဇိတသေနမင်း**
တည်း။ ထိုမင့်း သားတော်ကား-**ဓမ္မသေနမင်းတည်း**။ ထိုမင့်း သားတော်ကား-**နာဂသေန**
မင်းတည်း။ ထိုမင့်း သားတော်ကား-**သမ္မတမင်းတည်း**။ ထိုမင့်း သားတော်ကား-**ဒိမ္ဗတိမင်း**
တည်း။ ထိုမင့်း သားတော်ကား-**ရေဏုမင်းတည်း**။ ထိုမင့်းသားတော်ကား-**ကုသမင်းတည်း**။
ထိုမင့်းသားတော်ကား-**မဟာကုသမင်းတည်း**။ ထိုမင့်းသားတော်ကား-**ဝသိန္ဓိမင်းတည်း**။ ထိုမင့်
သားတော်ကား-**ဒသရထမင်းတည်း**။ ထိုမင့်းသားတော်ကား-**ရာမမင်းတည်း**။ ထိုမင့်း သားတော်
ကား-**ဝိဠာရထမင်းတည်း**။ ထိုမင့်းသားတော်ကား-**စိတ္တဒဿီမင်းတည်း**။ ထိုမင့်းသားတော်ကား-
**အမ္ဗရုံသီမင်းတည်း**။ ထိုမင့်းသားတော်ကား-**သုဇာတာမင်းတည်း**။ ထိုမင့်း သားတော်ကား-
ဥက္ကာကရာဇ်မင်းတည်း။ ။

## ၃၂။ ဥက္ကာကရာဇ် မင်းကြီး၏ အဏ္ဍုပ္ပတ္တိအကြောင်း

တရာဏသီပြည်၌ ဝိဇိတသေန အစရှိသော တစ်သောင်းခြောက်ပါးသော မင်းတို့တွင် အဆုံးစွန်ဖြစ်သော **ဥက္ကာကရာဇ်မင်းသည်** မိဖုရားငါးပါး ရှိသတည်း။ အမည်ကား- **ဟတ္ထာမိဖုရား**, **စိတ္တာမိဖုရား**, **ဇန္တုမိဖုရား**, **ဇာလိနီမိဖုရား**, **ဝိသာခါမိဖုရား**၊ ဤမိဖုရားငါးပါးတည်း။ ထိုမိဖုရား ငါးပါးတို့တွင် အကြီးဖြစ်သော ဟတ္ထာမိဖုရား၏ **သားတော်လေးပါး**, သမီးတော် ငါးပါးတည်း။ သားတော်လေးပါးတို့၏ အမည်ကား- **ဥက္ကာမုခမင်းလည်း တစ်ပါး**, **ကရကဏ္ဍမင်းလည်း တစ်ပါး**, **ဟတ္ထိနိကမင်းလည်း တစ်ပါး**, **နိပုဏမင်းလည်း တစ်ပါး**, ဤလေးပါးတည်း။ သမီးတော်ငါးပါး၏ အမည်ကား- **ပိယာလည်းတစ်ပါး**, **သုပိယာလည်း တစ်ပါး**, **အာနန္ဒာလည်းတစ်ပါး**, **ဝိဇိတာလည်းတစ်ပါး**, **ဝိဇိတသေနာလည်းတစ်ပါး**, ဤငါးပါးတည်း။

ဤသားတော်, သမီးတော် ကိုးပါးတို့ကို မြင်တော်မူပြီးလျှင် **ဟတ္ထာမိဖုရားကြီးသည်** အနိစ္စရောက်တော်မူ၏။ ဥက္ကာကရာဇ်မင်းကြီးလည်း တစ်ပါးသောမင်းသမီးကို မိဖုရားအရာ ထားတော်မူ၏။ များမကြာလျှင် ထိုမိဖုရားသည် သားတော် **ဇန္တုမင်းသားကို** ဖွားတော်မူ၏။ ထိုဇန္တုမင်းသား မယ်တော်မိဖုရားသည် မင်းကြီးဝယ် တစ်ခုသောဆုကို ရ၏။ တခြားသောဆုကို မယူ။ ဇန္တုသတို့သားကို မင်းဖြစ်ပါစေဟူသော ဆုကိုသာ တောင်း၏။ မင်းကြီးလည်း သားတော်

အကြီးတို့ ရှိပေသည်ဟု အကြိမ်ကြိမ် ပယ်တော်မူ၏။ လျှောက်ဖန် များလတ်သော် မိဖုရား တောင်းသောဆုကို ယူလေ ဟူ၍ ပေးတော်မူ၏။ ။

### ၃၃။ ဥက္ကာကရာဇ်မင်း သားတော်၊ သမီးတော်တို့ ရဲမက်ဗိုလ်ပါနှင့် ထွက်သွား၍ ကပိလဝတ်ပြည် တည်မြင်း အကြောင်း

မင်းကြီးလည်း သားတော်လေးပါးတို့ကို ခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။ "ငါ့သားတို့ ရှိလျက်ကို မိဖုရားသည် ဇန္တုညတို့သားကို မင်းပြုပါစေဟူသောဆုကို အကြိမ်ကြိမ် တောင်းသောကြောင့် ငါပေးသည်။ ငါ့သားတို့ ငါ့အပါးတွင်နေသော် အန္တရာယ်ဖြစ်အံ့သော အကြောင်းကို မြင်တော်မူသည်ဖြစ်သောကြောင့် မင်္ဂလာရှိသော ဆင်, မြင်း, ရထားကိုသာ ရှိရစ်စေ။ ငါ့သားတို့ အလိုရှိသော ဆင်, မြင်း, ရထားတို့ကို ယူ၍ အရပ်တစ်ပါးသို့ သွားကြလေ။ ငါမရှိမှ လာ၍ မင်းပြုရစ်ကုန်"ဟု မိန့်တော်မူလျှင် သားတော်လေးပါးတို့သည် ခယရှိသေစွာ ရှိခိုး၍ နှမတော် ငါးပါးတို့ အတူ လိုက်ရမည် အကြောင်းကို နားတော်လျှောက်ကုန်၏။ ခမည်းတော်လည်း အမတ်ကြီး ရှစ်ယောက်နှင့်တကွ ပေးဖွယ်၊ ကမ်းဖွယ်တို့ကို ပေးကမ်းတော်မူ၍ သားတော်, သမီးတော်တို့ကို လွှတ်တော်မူ၏။ ပြည်သူတို့ကလည်း အရှင့်သား, အရှင့်သမီးနှင့် အတူ လိုက်မည် ဟူ၍ သုံးရက်ပတ်လုံး အစဉ်မပြတ် လိုက်ကြကုန်၏။

ထိုသို့လိုက်သော ဗိုလ်ပါအထုသည်ကား သုံးယူဇနာမျှလောက် ရှိသတည်း။ မင်းသားတို့လည်း ထိုရဲမက်ဗိုလ်ပါတို့ကိုမြင်သော် ဤမျှလောက်စင်သော ရဲမက်ဗိုလ်ပါနှင့် ပြည်ထောင်ဘက်ချင်း မင်းတို့ကိုလည်း နိုင်လောက်၏။ သူ့ပြည်ကို ကိုယ့်ပြည်မူ၍ အဘယ်အကျိုးရှိအံ့နည်း။ ငါတို့ကြောင့် သူမကျဉ်းမြောင်းလေကောင်း။ ဇမ္ဗူဒီပါဝယ် မိုးမြေကျယ်သည် ဖြစ်သောကြောင့် မိုးမြေလပ်ရာကို ငါတို့ပြည် တည်ထောင်၍ နေအံ့သည်ဟု မိုးမြေရှာကြလေသော် ဂေါတမ ဘုရားအလောင်းတော် ကြွယ်ဝစွာသော ကပိလပုဏ္ဏားသည် ဃရာဝါသကိုစွန့်၍ ဟိမဝန္တာ အရပ် အင်ကြင်းတော ရေကန်နားဝယ် ရသေ့ရဟန်းပြု၍ သခ်မ်းတဲနှင့် နေတော်မူ၏။ ထိုကပိလ ရသေ့ကား ဘုမ္မိဇာလမည်သော မန္တ ရားကို အပြီးတိုင်အောင် တတ်တော်မူ၏။ ထိုမန္တ ရား၏ အာနုဘော်သည်ကား မြေထဲသို့၊ ကောင်းကင်သို့ အတောင်ရှစ်ဆယ်တိုင်အောင် ကျေးဇူးသတင်း အဖြစ်ကို သိမြင်နိုင်သတည်း။ ထိုကပိလရသေ့ နေသော သခ်မ်းအရပ်၌ ရောက်သော မြက်, နွယ်, ချုံတို့သည်ကား လက်ယာရစ်နှင်နှင် လည်လျက် အရှေ့မျက်နှာ အရပ်သို့သာ အဖျား ညွှန့်တက်ကုန်၏။ ခြသေ့, သစ်, ကျား အစရှိကုန်သော ကြမ်းကြုတ်စွာသော တောသားတို့သည် လည်း ထိုအရပ်သို့ရောက်လျှင် မကြမ်းကြုတ်နိုင်ကုန်ပြီ။ ထိုအရပ်တွင်နေသော သမင်, ဒရယ်, ယုန်ငယ် စသော ခွန်အားနည်းသော သတ္တဝါတို့သော်လည်း ခြသေ့, သစ်, ကျား အစရှိသော ခွန်အားကြီးသော သတ္တဝါတို့ကို ခြိမ်းခြောက်၍ အဝေးသို့ ပြေးစေနိုင်၏။ ကပိလရသေ့ကား ဤသို့သောမြေ၏ ကျေးဇူးကိုမြင်၍ ဤမြေအရပ်ကား အရပ်မြတ်တည်းဟု သခ်မ်းပြု၍ သီတင်း သုံး၏။

ထိုအခါ ဥက္ကာမုခမင်း ညီနောင်လေးပါးတို့သည် မြို့ရာရှာ၍ ထိုအရပ်သို့ ရောက်လေ သော် ကပိလမည်သော ရှင်ရသေ့ကို တွေ့လေ၏။ မင်းညီနောင်လေးပါးတို့သည်လည်း မြို့ရာ ရှာကြောင်းကို လျှောက်လေ၏။ ရှင်ရသေ့လည်း ဤသို့ မိန့်တော်မူ၏။ "ဤအရပ်သည် မြတ်သောအရပ်ဖြစ်သည်။ ဤအရပ်၌နေသောသူ တစ်ယောက်သာဖြစ်သော်လည်း အထောင်,

အရာသော ရန်သူတို့ကို အောင်နိုင်သည်ဖြစ်၏။ သည်အရပ်၌ နေသောသူတို့သည် ယုတ်မာရှာသော ဒွန်းဇွားအမျိုးဖြစ်သော်လည်း ကြောဝေးမစ္ဆာဝတ်မင်း အာဏာစက်ကဲ့သို့ (ကြီး)သော အာဏာနှင့် ပြည့်စုံလေရာ၏။ သည်အရပ်သည် ဇမ္ဗူဒီပါကျွန်းတွင် မြတ်သော ပြည်လျှင်ဖြစ်လတ္တံ့။ ငါနေသော သခ်မ်းရာတွင် မင်တို့ နေလေ။ ငါသခ်မ်းကိုမူကား တင့်အပ်ရာသော အရပ်သို့ ပြောင်း၍ ဆောက်ဘိကာမူ" ဟူ၍ မိန့်တော်မူ၏။ မင်းသားတို့လည်း ရှင်ရသေ့ မိန့်တော်မူတိုင်းကို မယုတ်မလွန် ပြုတော်မူကြ၏။ ပြည်တည်ပြီးလျှင် ကပိလရသေ့ကို အစွဲပြု၍ ကပိလဝတ္ထုပြည်ဟု တွင်၏။ ။

## ၃၄။ ဥက္ကာမုခမင်း ညီနောင်လေးပါးတို့သည် အမျိုးအနွယ်ကို စောင့်သောအားဖြင့် နှမတော်တို့နှင့် စုံဖက်၍ "သကျသာကီဝင်" မင်း တွင်ကြောင်း

ဥက္ကာမုခမင်း ညီနောင်လေးပါးနှင့် အတူ ခမည်းတော် ထည့်လိုက်သော အမတ်ကြီး ရှစ်ယောက်တို့သည် ဤသို့ အကြံပြုကြကုန်၏။ "မင်းသားတို့လည်း အရွယ်သို့ ရောက်တော်မူကြပြီ။ ခမည်းတော် အထံတော်မှာဖြစ်သော် အိမ်ထောင်ကျပြီ။ ယခုမူကား- ငါတို့ဝန် ဖြစ်ရေသည်" ဟူ၍ မင်းသားတို့အား ဤသို့လျှောက်၏။ "အရှင်သားတို့နှင့် ထိုက်တန်သော မင်းသမီး တစ်ပါးကို မရသာ။ အမျိုးကို စောင့်တော်မူသဖြင့် နှမတော်ငါးပါးတွင် အနုပိယာ မည်သော နှမတော်ကြီးကို မယ်တော်အရာထား၍ နှမတော်လေးပါးနှင့် သင့်နေတော်မူမှ အမျိုးအနွယ်တော် သန့်ရှင်းစင်ကြယ်နိုင်မည်"ဟူ၍ လျှောက်လျှင်၊ မောင်တော် လေးပါးနှင့် နှမတော်လေးပါး အိမ်ရာထောင်ကြလေ၏။ ထိုအကြောင်းကို ဥက္ကာကရာဇ်မင်းကြီး ကြားတော်မူလျှင် "သကျဝတ ဘော ရာဇကုမာရော" ဟူ၍ မိန့်တော်မူ၏။ ။ ဘော၊ အိုး-အချင်းတို့။ ရာဇကုမာရော၊ မင်းသားတို့သည်ကား။ သကျာဝတ၊ အမျိုးအနွယ် စောင့်ရှောက်အံ့သောငှာ တတ်နိုင်ကုန်စွတကား- ဟူ၍ မိန့်တော်မူသည့် စကားကို အစပြု၍ ကပိလဝတ်ပြည်၌ ဖြစ်သော မင်းတို့ကို သကျသာကီဝင်မင်း ဟူ၍ တွင်ကုန်၏။

[ကောလိယမြို့၊ ဒေဝဒဟမြို့တို့၏ အကြောင်း အကျဉ်းမျှတို့ကို စကားကျယ်အံ့သည်ကို စိုး၍ မဆိုသည်။]

ဥက္ကာမုခမင်းကား- စကားပြောတော်မူလျှင် ခံတွင်းမှ စက်ပြောင်ပြောင် ထွက်သောဟူ၏။ ဥက္ကာမုခမင်းမှစ၍ သားတော်၊ မြေးတော်၊ မြစ်တော် အစဉ်ကား ဥက္ကာမုခမင်းသားတော် နိပုရမင်း။ ထိုမင်းသားတော် စန္ဒိမင်း။ ထိုမင်းသားတော် စန္ဒမုခမင်း။ ထိုမင်းသားတော် သိဝိရာဇ်မင်း။ ထိုမင်းသားတော် သိဉ္စယမင်း။ ထိုမင်းသားတော် ဝေဿန္တရာမင်း။ ထိုမင်းသားတော် ဇာလိမင်း။ ထိုမင်းသားတော် သီဟဝဟမင်း။ ထိုမင်းသားတော် သီဟရာဇ်မင်း။ ဥက္ကာမုခမင်းမှစ၍ သီဟရာဇ်တိုင်အောင် မင်းဆက် တစ်ဆယ်တည်း။

(ထိုသီဟရာဇ်မင်းသားတော်၊ မြေးတော်အစဉ်ကား- ဇေယျသေနမင်းတိုင်အောင်သော် ရှစ်သောင်း နှစ်ထောင်တည်း။ ဇေယျသေနမင်းသားတော် သီဟဟနုမင်း။ ထိုမင်းသားတော် သုဒ္ဓေါဒနမင်းတည်း။ ကောဒသမ တစ်ကျိပ်တစ်ယောက်မြောက်သော မဟာသမ္မတမင်းမှစ၍ ဥက္ကာမုခတိုင်အောင် မင်းဆက်ကား "နှစ်သိန်း၊ ငါးသောင်း၊ နှစ်ထောင်၊ ငါးရာ၊ ငါးကျိပ်၊

ခြောက်ပါးတည်း"။ ဥက္ကာမုခမင်းမှစ၍ ဓေယျသေနမင်းတိုင်အောင် မင်းဆက်ကား ရှစ်သောင်း၊ နှစ်ထောင်၊ တစ်ကျိပ်တည်း။)

ဧကာဒသမ တစ်ကျိပ်တစ်ယောက်မြောက်သော မဟာသမ္မတမင်းမှစ၍ ဂေါတမဘုရား ရှင် ဘေးတော် ဓေယျသေနမင်းတိုင်အောင် မင်းဆက်နှစ်စုပေါင်း "သုံးသိန်း၊ သုံးသောင်း၊ လေးထောင်၊ ငါးရာ၊ ခြောက်ကျိပ်၊ ခြောက်ပါး တည်း။

## ၃၅။ ဘေးတော် ဓေယျသေနမင်းမှ စ၍ ဘုရားလောင်း သိဒ္ဓတ္ထမင်းတိုင် သာကီဝင်မင်းတို့ အကြောင်း

ကပိလဝတ်ပြည်ကို အစိုးရသော ဓေယျသေနမင်းသားတော် **သီဟဟနု**၊ နှမတော် **ယသော်ဓရာ**။ သာကီဝင်မင်းတို့ ရေဖျန်း ကစားရာ ရေအိုင်ကြီးအနီး၌ မင်းတဲဆောက်သော် ထိုမင်းတဲကို အစွဲပြု၍ ထိုပြည်ကို ဒေဝဒဟ ဟု တွင်၏။ ထို**ဒေဝဒဟပြည်**၌ နေကုန်သော မင်းတို့ကိုလည်း ဒေဝဒဟ သာကီဝင်ဟု တွင်၏။ ထိုဒေဝဒဟပြည်ကို အစိုးရသော ဒေဝဒဟ မင်းနှင့် **ဓေယျသေနမင်း**သည် သားတော်၊ သမီးတော်တို့ကို မောင်နှမ စုံဖက်တော်မူကြသတည်း။

ထို**ဒေဝဒဟမင်း**သားတော်ကား– **အဉ္ဇန**၊ နှမတော်ကား– **ကဉ္စနာ**တည်း။ **ဓေယျသေန** မင်း သားတော် **သီဟဟနု**မင်းနှင့် ဒေဝဒဟမင်း သမီးတော် **ကဉ္စနာ**နှင့် စုံဖက်ရာတွင် မြင်သည် ကား **သုဒ္ဓေါဒန**၊ **ဓောတောဒန**၊ **သုက္ကောဒန**၊ **သက္ကောဒန**၊ **အမိတောဒန**။ နှမတော် **အမိတာ** မင်းသမီး၊ **ပါလိတာ**မင်းသမီး။ သားတော်ငါးပါး၊ သမီးတော်နှစ်ပါး၊ ပေါင်း ခုနစ်ပါး။

**ဓေယျသေနမင်း** သမီးတော် ယသော်ဓရာနှင့် **ဒေဝဒဟ**မင်းသားတော် **အဉ္ဇနမင်းသား**နှင့် စုံဖက်ရာတွင် မြင်သည်ကား– **သီရိမဟာမာယာမင်းသမီး**၊ **ပဇာပတိဂေါတမီမင်းသမီး**။ မောင်တော် **ဒဏ္ဍပါဏီ**၊ ညီတော် **သုပ္ပဗုဒ္ဓ**။ သမီးတော်နှစ်ပါး၊ သားတော်နှစ်ပါး၊ ပေါင်း လေးပါး တည်း။

**သီဟဟနုမင်း**သားတော် **သုဒ္ဓေါဒနမင်း**နှင့် အဉ္ဇနမင်း သမီးတော် သီရိမဟာမာယာ တစ်ပါး၊ ညီမတော် ပဇာပတိဂေါတမီတစ်ပါး၊ သည်နှစ်ပါးနှင့် စုံဖက်ရာတွင် မြင်သည်ကား– ညီမတော်ဂေါတမီတွင် **ဇနပဒကလျာဏီနှင့် နန္ဒမင်းသား**ကို မြင်ပြီးမှ အစ်မတော် သီရိမဟာ မာယာတွင် ဘုရားလောင်း **သိဒ္ဓတ္ထကုမာရမင်းသား**ကို မြင်သည်။

သီဟဟနုမင်း သမီးတော်အမိတာနှင့် အဉ္ဇနမင်းသားတော် သုပ္ပဗုဒ္ဓတို့ စုံဖက်ရာတွင် မြင်သည်ကား သမီးတော် **ဘဒ္ဒကဉ္စနာ**နှင့် မောင်တော် **ဒေဝဒတ်**ကို မြင်သတည်း။

သုဒ္ဓေါဒနမင်းကြီး သားတော် ဘုရားလောင်း သိဒ္ဓတ္ထကုမာရနှင့် သုပ္ပဗုဒ္ဓမင်းသမီးတော် ဘဒ္ဒကဉ္စနာနှင့် စုံဖက်တော်မူရာတွင် သားတော် **ရာဟုလာ**ကို မြင်သည်။

[ ကပိလဝတ်ပြည်ကြီးကို အစိုးရသော သုဒ္ဓေါဒနမင်းကြီးနှင့် ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရသော ဘာကီနိယမင်းကြီးနှင့် မဟာမိတ် အဆွေခင်ပွန်း ဖြစ်ကြသတည်း။ သုဒ္ဓေါဒနမင်းကြီး သားတော် ဘုရားလောင်း သိဒ္ဓတ္ထကုမာရမင်းကြီးနှင့် ဘာကီနိယမင်းကြီး သားတော် ဗိမ္ဗိသာရမင်းကြီးနှင့်လည်း မဟာမိတ် အဆွေခင်ပွန်း ဖြစ်ကြသတည်း။ သိဒ္ဓတ္ထကုမာရအောက် ဗိမ္ဗိသာရမင်းကြီး နှစ်နှစ် ငယ်သတည်း။ ]

## ၃၆။ ဘုရားလောင်း ပဋိသန္ဓေ တည်နေ၊ ဖွားမြင်တော်မူသည်မှ ဘုရားဖြစ်သည်တိုင် ပြဆိုခြင်း အကြောင်း

ဘုရားရှင် ဘိုးတော် အဉ္စနမင်းကြီးသည် သက္ကရာဇ် ၈၆၄-ကို ဖြိုတော်မူ၍ နှစ်ခုတည်၍ ထားသော သက္ကရာဇ်မှစ၍ **သက္ကရာဇ် ၆၇-ခု**[1] ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်လျက် မယ်တော် သိရိမဟာမာယာဝမ်း၌ ဘုရားလောင်း ပဋိသန္ဓေ နေတော်မူသည်။ ဆယ်လရှ၍ **သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့**[2] ဖွားတော်မူသည်။ သက်တော် တစ်ဆယ့်ခြောက်နှစ်သို့ ရောက်တော်မူသောအခါ **ဘဒ္ဒကစ္စာနာမင်းသမီးကို ယသော်ဓရာ** ဟူသော အမည်ဖြင့် သမုတ်၍ ရာဇာဘိသေက ခံတော်မူသည်။ တစ်ဆယ့်သုံးနှစ်တိုင်တိုင် မင်းဆက်တကာတို့ မခံရသော စည်းစိမ်ကို ရမ္မ၊ သုဘ၊ သုရမ္မ-အမည်ရှိသော ပြာသာဒ်နန်းသုံးဆောင်၌ မင်းသမီးလေးသောင်း ခြံရံလျက် ကာမချမ်းသာကို ခံတော်မူ၍ သက်တော် နှစ်ဆယ့်ကိုးနှစ် ရောက်တော်မူသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ **သက္ကရာဇ် ၉၇-ခု**[3] ဝါဆိုလပြည့် တနင်္လာနေ့ မြင်းယာဉ်စီး၍ တောထွက်တော်မူသည်။ အာဠာရ ဥဒကတို့အထံ၌ ခုနစ်ရက်နေတော်မူ၍ ဈာန်စိတ်ကိုဖြစ်စေပြီးမှ "သည်အကျင့်သည် သဗ္ဗညုတဉာဏ်သို့ ရောက်မည့်အကြောင်း မဟုတ်" ဟူ၍ အဇပါလညောင်ပင်၏ အနီးသို့ ကပ်တော်မူ၍ ဒုက္ကရစရိယာ အကျင့်ခံကို ခြောက်နှစ်တိုင်တိုင် ဆင်းရဲခံတော်မူ၍ **သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့**[4] ဘုရားတကာတို့ လက်ဦးစွာ ခံမြဲဖြစ်သော သုဇာတာ လှူသော ယနာဆွမ်းမြိတ်ကို ရွှေခွက်နှင့်တကွ ခံတော်မူ၍ နေရဉ္ဇရာမြစ်နားသို့ ရောက်သွားတော်မူပြီး၍ ၄၉-လုတ် ဘုဉ်းပေးတော်မူပြီးမှ ဘုရားတကာတို့ အဓိဋ္ဌာန်သစ္စာပြုမြဲဖြစ်သော ရွှေခွက်တော်ကို မျှောတော်မူ၍ ညချမ်းအေးသောအခါ၌ နတ်တို့ စီရင်အပ်သော လမ်းဖြင့် နေရဉ္ဇရာ မြစ်ကသည် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူသောအခါ သုတ္ထိယပုဏ္ဏား လှူသော မြက်ရှစ်ဆုပ်ကို ခံတော်မူ၍ ဗောဓိမဏ္ဍိုင် အရှေ့သေန်အရပ်၌ ကြဲဖြန့်တော်မူပြီးလျှင် မြက်ခင်းနေရာ၌ နေတော်မူလျက် လေးပါးသော လုံ့လတို့ကို ဓိဋ္ဌာန်တော်မူ၍ နေမဝင်ခင် မာရ်နတ် စစ်သည်ကို အောင်တော်မူသည်။ ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူသည်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူသည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ ပဋိလောမ အားဖြင့် ဆင်ခြင်တော်မူ၍ အာသဝက္ခယဉာဏ်၊ အသာဓာရဏဉာဏ်ကို ရတော်မူ၍ အလုံးစုံသော ဘုရားကျေးဇူးနှင့် ပြည့်စုံတော်မူသည်။ ။

## ၃၇။ ဘုရားဖြစ်ပြီးနောက် ပဉ္စဝဂ္ဂီ ငါးဦးတို့ကို အမှူးပြု၍ ပထမဓါ ကပ်ဆိုတော်မူသည်တိုင် ပြဆိုခြင်း အကြောင်း

ဤသို့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် လေးဆယ့်ကိုးရက်ပတ်လုံး သတ္တဋ္ဌာန၌ နေတော်မူပြီးမှ ရာဇာယတနက ပြန်တော်မူ၍ အဇပါလညောင်ပင်အနီး၌ နေတော်မူသောအခါ တရားတော်၏ နက်နဲသိမ်မွေ့သော အဖြစ်ကိုဆင်ခြင်၍ တရားဟောတော်မမူလိုသော စိတ်တော် ရှိသည်ဖြစ်၍ စကြဝဠာတစ်သောင်းမှ လာကုန်သော နတ်ဗြဟ္မာအပေါင်းတို့နှင့်တကွ **သဟံပတိ** ဗြဟ္မာမင်းသည် မြင်းမိုရ်တောင်လုံး ရှိလောက်သော ရတနာပန်းကုံးဖြင့် ပူဇော်၍ တရားဟောခြင်းငှာ တောင်းပန်သည်ရှိသော် ကျွတ်ထိုက်သော သတ္တဝါတို့ ရှိသောအဖြစ်ကို မြင်တော်မူ၍

---
၁။ ၅ ဇူလိုင် ၆၂၅ ဘီစီ   ၂။ ၂၆ ဧပြီ ၆၂၄ ဘီစီ   ၃။ ၄ ဩဂုတ် ၅၉၅ ဘီစီ   ၄။ ၃၀ ဧပြီ ၅၈၉ ဘီစီ

ခွင့်ပြုတော်မူပြီးမှ ရှေးဦးစွာ တရားဟောထိုက်သောသူကို ကြည့်တော်မူလတ်သော် အာဠာရ၊ ဥဒကတို့၏ စုတေသောအဖြစ်ကို သိတော်မူ၍ ပဉ္စဝဂ္ဂီ ရဟန်းငါးယောက်တို့၏ ကျေးဇူးကို နှီးသော ရှာတို့၌ ဆွမ်းခံ၍နေတော်မူသည်။ ထိုသက္ကရာဇ် ဝါဆိုလပြည့် ဧနေ့နေ့[၁] ဓမ္မစကြာ တရားကို ဟောတော်မူလိုသောငှာ တစ်ဆယ့်ရှစ်ယူဇနာရှိသော ခရီးကို ခြေဖြင့်သွားတော်မူ၍ ခရီးအကြား၌ ဥပကမည်သော အာဇီဝကနှင့် တွေ့တော်မူ၍ ထိုသူသည် နောက်မှကျွတ်လတ္တံ့ သည်ကို မြင်တော်မူ၍ ဥပနိဿယ ပေးသဖြင့် ဘုရားအဖြစ်ကို ပြ၍ ညချမ်းသောအခါ ဗာရာဏသီပြည်၏ အနီးဖြစ်သော ဣသိပတန မိဂဒါယတောသို့ ကြွရောက်တော်မူ၏။ ထိုတော၌ နေဝင်သောအခါ စကြဝဠာတစ်သောင်းမှလာသော နတ်ဗြဟ္မာအပေါင်းတို့၏ အလယ်၌ ပဉ္စဝဂ္ဂီ ငါးယောက်တို့ကို တိုင်တည်၍ ဓမ္မစကြာတရားကို ဟောတော်မူသည်။ ထိုအခါ၌ ပဉ္စဝဂ္ဂီအကြီး အရှင်အညာတကောဏ္ဍည၊ ဗြဟ္မာတစ်ဆယ့်ရှစ်ကုဋေတို့သည် သောတာပန် ဖြစ်ကုန်၏။ ဘုရားဖြစ်တော်မူ၍ ရှေးဦးစွာသော ဝါသည် ဗာရာဏသီပြည်၌ ဣသိပတန မိဂဒါယတောတွင် ပဉ္စဝဂ္ဂီတို့ ကျောင်း၌ ဝါဆိုတော်မူသည်။

## ၃၈။ မြတ်စွာဘုရား ဒုတိယဝါက စ၍ အဝါ နှစ်ဆယ်တိုင် ဝါဆိုစဉ် အကြောင်း

ပထမဝါ၌ ပဉ္စဝဂ္ဂီငါးယောက်နှင့် သူဌေးသားငါးကျိပ်ငါးပါး ရဟန္တာအဖြစ်သို့ ရောက်တော်မူကုန်သည်။ နှစ်ကြိမ်မြောက် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူသည်။ သုံးကြိမ်မြောက်၊ လေးကြိမ်မြောက်လည်း ဝေဠုဝန်ကျောင်းတော်တွင် ဝါဆိုတော်မူသည်။ ငါးကြိမ်မြောက် ဝေသာလီပြည်ကို အမှီပြု၍ မဟာဝုန်ကျောင်းတော်၌ ဝါဆိုတော်မူသည်။ ခြောက်ကြိမ်မြောက်ကား မကုလတောင်၌ ဝါဆိုတော်မူသည်။ ခုနစ်ကြိမ် မြောက် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူသည်။ ရှစ်ကြိမ်မြောက် ဘဂ္ဂတိုင်း သံသုမာရပြည်၌ ဝါဆိုတော်မူသည်။ ကိုးကြိမ်မြောက် ကောသမ္ဗီပြည်၌ ဝါဆိုတော်မူသည်။ ဆယ်ကြိမ်မြောက် ကား ပလလေယကာ[၂] တော၌ ဝါဆိုတော်မူသည်။ ဆယ့်တစ်ကြိမ်မြောက် နာလ မည်သော ပုဏ္ဏားရွာ၌ ဝါဆိုတော်မူသည်။ တစ်ဆယ့်နှစ်ကြိမ်မြောက်ကား ဝေရဥ္စာပြည်၌ ဝါဆိုတော်မူ သည်။ တစ်ဆယ့်သုံးဆယ်ကြိမ်မြောက် စာလိယတောင်၌ ဝါဆိုတော်မူသည်။ တစ်ဆယ့် လေးကြိမ်မြောက် ဇေတဝန်ကျောင်းတော်၌ ဝါဆိုတော်မူသည်။ တစ်ဆယ့်ငါးကြိမ်မြောက် ကပိလဝတ်ပြည်၌ ဝါဆိုတော်မူသည်။ တစ်ဆယ့်ခြောက်ကြိမ်မြောက် အာဠဝီပြည်၌ ဝါဆိုတော် မူသည်။ တစ်ဆယ့်ခုနစ်ကြိမ်မြောက် ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူသည်။ တစ်ဆယ့်ရှစ်ကြိမ် မြောက် စာလိယတောင်၌ ဝါဆိုတော်မူသည်။ တစ်ဆယ့်ကိုးကြိမ်မြောက်လည်း စာလိယတောင်၌ ဝါဆိုတော်မူသည်။ နှစ်ဆယ်မြောက်ကား ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူသည်။ ။

## ၃၉။ အဝါ နှစ်ဆယ်မှ အထက်၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် အမြဲ ဝါဆိုတော်မူခြင်း အကြောင်း

ဤသို့ ဘုရားဖြစ်တော်မူသည်မှစ၍ အဝါနှစ်ဆယ်တိုင်အောင် မမြဲသော နေတော်မူခြင်း ဖြင့် ထိုထိုသို့သော အရပ်တို့၌ ဝါဆိုတော်မူ၏။ ထို့နောင်မှကား– နှစ်ဆယ့်ငါးဝါပတ်လုံး

---
၁။ ၂၇ ဇွန် ၅၈၉ ဘီစီ　　၂။ ပလလည်းတော ဟုလည်း ခေါ်ကြသည်။

သာဝတ္ထိပြည်ကို မှီ၍သာလျှင် ဇေတဝန်ကျောင်းတော်၊ ပုဗ္ဗာရုံကျောင်းတော်တို့ကို အမြဲသုံးဆောင်သော အားဖြင့် နေတော်မူ၏။ ။

## ၄၀။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပယ်တော်မူခြင်း အကြောင်း

ဤသို့ ဘုရားမဖြစ်မီ သုံးဆယ့်ငါးနှစ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှလည်း လေးဆယ့်ငါးဝါပတ်လုံး ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား တရား တည်းဟူသော မြိန်မြတ်သောအရသာကို သောက်စေပြီး၍ သက္ကရာဇ် **၁၄၈–ခု ကဆုန်လပြည့် အင်္ဂါနေ့**[1] မိုးသောက်ရောင်ဖြူလာတွင် အမြိုက်နိဗ္ဗာန်လွန်တော်မူသည်။ ခုနစ်ရက် အလောင်း တော်ကို ထားပြီးမှ သဂြိုဟ်တော်မူသည်။ တေဇောဓာတ်မလောင်ခင် တပည့်တော် **ရှင်မဟာ ကဿပ** ရောက်၍ ခြေစက်တော်စုံကို ဦးထိပ်ထက် တင်ရွက်ပြီးမှ **ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့**[2] တေဇောဓာတ် လောင်တော်မူသည်။ ထိုသို့သောအခါ သမ္ဗုဒ္ဓ၊ အသျှင့် ဖြစ်သော သရီရဓာတ်တော်တို့ကို တစ်ဆယ့်တစ်ပြည်ထောင်သော မင်းတို့အား ကြီးစွာသော ခိုက်ရန် ဖြစ်လတ္တံ့သည်ကို မြင်၍ **ဒေါဏပုဏ္ဏား** ဆုံးဖြတ်စီမံ၍ ဝေသည်။ ။

## ၄၁။ တစ်ဆယ့်တစ်ပြည်ထောင်သော မင်းတို့အား ဒေါဏပုဏ္ဏား ဓာတ်တော်ဝေပေးခြင်း အကြောင်း

တစ်ဆယ့်တစ်ပြည်ထောင်သော မင်းတို့ကို ဝေသော အကြောင်းကား– **ဝေသာလီမင်း**မှာ ဓာတ်တော်တစ်စရွတ်၊ **အဇာတသတ်မင်း**မှာ တစ်စရွတ်၊ ပါဝါမင်းမှာ တစ်စရွတ်၊ **မလ္လာမင်း**မှာ တစ်စရွတ်၊ **အလ္လကပ္ပမင်း**မှာ တစ်စရွတ်၊ **ရာမမင်း**မှာ တစ်စရွတ်၊ **ဝေဋ္ဌဒီပက** ပုဏ္ဏားမှာ တစ်စရွတ်၊ ကပိလဝတ်မင်းမှာ တစ်စရွတ်၊ လက်ယာအထက်စွယ်တော် သိကြားပြည်၊ လက်ယာ အောက်စွယ်တော် နဂါးပြည်၊ လက်ဝဲအထက်စွယ်တော် ကလိင်္ဂရာဇ်ပြည်၊ လက်ဝဲအောက် စွယ်တော် ဂန္ဓာလရာဇ် ပြည်၊ ၎င်းပြည်တို့ကို ဝေ၍ပြီးမှ ရောက်လာသော **ပိပ္ပလိမောရိယမင်း**ကို ဘုရားရှင် သဂြိုဟ်တော်မူသော စန္ဒကူးမီးသွေးကို ပေးဝေ၏။ ဆုံးဖြတ်စီမံသော **ဒေါဏပုဏ္ဏား**မှာ ရတနာသုံးအတိပြီးသော ချင့်တွက်ပေးဝေသော စရွတ်ခွက်ကို တောင်း၍ ကိုးကွယ်လေ၏။ ။

## ၄၂။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော ၁၄၈–ခုနှစ်[2]ကို ရှင်မဟာကဿပနှင့် အဇာတသတ်မင်း အကုန်ဖြိ၍ သာသနာနှင့် ကောဇာသက္ကရာဇ် တစ်ချက်တည်း ထားပြီးလျှင် ပထမ သင်္ဂါယနာတင်ခြင်း အကြောင်း

ဘုရားရှင်ကို သဂြိုဟ်တော်မူပြီး၍ ခုနစ်ရက်၊ သက္ကရာဇ် **၁၄၈–ခု နယုန်လဆန်း ၄– ရက် တနင်္ဂနွေနေ့**[4]တွင် **ရှင်မဟာကဿပ** အမှူးရှိသော ငါးရာသော ရဟန္တာမြတ်တို့ တိုင်ပင် တော်မူ၍ ပထမ သင်္ဂါယနာတင်မည့် အကြောင်းကို **အဇာတသတ်မင်းအား** ကြားပေ၏။ အဇာတသတ်မင်းလည်း စီရင်ခင်း၊ စီရင်ဖွယ်တို့ကို အပြီးသို့ ရောက်အောင် စီရင်တော်မူ၍ သက္ကရာဇ် **၁၄၈–ခု ဝါခေါင်လပြည့်ကျော်ငါးရက် သောကြာနေ့**[5] ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်းကို အမှူးပြု၍ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမြတ်ငါးရာတို့ **ပထမ**

၁။ ၁၃ မေ ၅၄၄ ဘီစီ ၂။ ၂၄ မေ ၅၄၄ ဘီစီ ၃။ ၅၄၃ ဘီစီ ၄။ ၁၀ မေ ၅၄၃ ဘီစီ ၅။ ၂၄ ဇူလိုင် ၅၄၃ ဘီစီ

သင်္ဂါယနာ တင်တော်မူသည်။ ထိုအခါ အရှင်မဟာကဿပအား အဇာတသတ်မင်း ဤသို့ နားတော်လျှောက်၏။ "ဘုရားရှင် သာသနာတော်သည် အနှစ်ငါးထောင် တည်ရစ်မည် ဟူ၍ ဗျာဒိတ်တော်ရှိသည်။ သာသနာတော်နှင့် သက္ကရာဇ်သည် မညီ။ သက္ကရာဇ် ၁၄၈-ခုကိုချေ၍ တစ်ခုတည်၍ ထားတော်မူမှ သာသနာတော်သက္ကရာဇ် ညီမည်" ဟု နားတော်လျှောက်လျှင် သက္ကရာဇ် ၁၄၈-ခုကို ရှင်မဟာကဿပ ချေတော်မူ၍ တစ်ခုတည်တော်မူသည်။ (ကောဇာသမ- တစ်ကျိပ်တစ်ယောက်မြောက်သော **မဟာသမ္မတမင်း**မှ စ၍ **ဥက္ကာကရာဇ်မင်း** တိုင်အောင် မင်းဆက်ပေါင်း "နှစ်သိန်း, ငါးသောင်း, နှစ်ထောင်, ငါးရာ, ငါးကျိပ်, မြောက်ပါး")။

**ဥက္ကာမုခမင်း**မှ စ၍ ဂေါတမဘုရားရှင် တိုင်အောင် မင်းဆက်ပေါင်း "ရှစ်သောင်း, နှစ်ထောင်, တစ်ကျိပ်, သုံးပါး"။ ဤသို့ ဆိုခဲ့ပြီးသော မင်းဆက်တို့သည်ကား မဇ္ဈိမဒေသဟု ဆိုအပ်သော တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း၊ ပြည်ကြီး တစ်ဆယ့်ကိုးပြည်၌ ဖြစ်တော်မူကုန်သည်ကို ဆိုသောစကား ပြီးပြီ။ ။

## ၄၃။ ဇမ္ဗူဒိပ်ကျွန်း တည်ပုံ အကြောင်း

ဇမ္ဗူဒီပါကျွန်း အကြောင်းကား- ယူဇနာတစ်သောင်းရှိသော ဇမ္ဗူဒိပ်ကျွန်းတွင် တောနေ သုံးထောင်၊ လူနေခုနစ်ထောင်ကို လူတို့သည် မတရားသည်ဖြစ်၍ ရေဖျက်လေသဖြင့် ရေနေ လေးထောင်ဖြစ်လေ၏။ လူနေကား- သုံးထောင်သာရှိသည်။ ထိုသို့ လူနေသုံးထောင်၊ တောနေ သုံးထောင်၊ ရေနေလေးထောင်သည် ယူဇနာတစ်သောင်း ဖြစ်၏။ ထိုသို့ ယူဇနာတစ်သောင်း ရှိသော ဇမ္ဗူဒီပါကျွန်း၏ သဏ္ဌာန်ကား-သုံးထောင့်ရှိ၏။ အနောက်တောင်ကျွန်းဦးကသည် မြောက်ကျွန်းဦးတိုင်အောင် ယူဇနာ တစ်သောင်း၊ မြောက်ကျွန်းဦးကသည် အရှေ့တောင် ကျွန်းဦးတိုင်အောင် ယူဇနာ တစ်သောင်း၊ အရှေ့တောင်ကျွန်းဦးကသည် အနောက်တောင် ကျွန်းဦးတိုင်အောင် ယူဇနာတစ်သောင်း။ ဤသို့ ယူဇနာအဝန်းသုံးသောင်း ရှိသော ဇမ္ဗူဒီပါ၏ မြောက်ကျွန်းဦး၌ ဇမ္ဗုသပြေပင်သည် ရောက်၏။ ထိုဇမ္ဗုသပြေပင်သည်ကား လုံးပတ်အားဖြင့် တစ်ဆယ့်ငါးယူဇနာရှိ၏။ မြစ်ဖျားကသည် ပင်ရင်းတိုင်အောင် ယူဇနာငါးဆယ်၊ ပင်ရင်းကသည် အခွတိုင်အောင် ယူဇနာငါးဆယ်၊ အခွကသည် ခက်ဖျားတိုင်အောင် ယူဇနာငါးဆယ် ရှိ၏။ အသီးကား- အိုးစရည်းခန့်ပမာဏ ရှိသည်ဖြစ်၍ အနံ့အရသာသည် နတ်သုဒ္ဓါကဲ့သို့ ဖြစ်၏။ ။

## ၄၄။ ဟိမဝန္တာ တောင်စဉ်နှင့် အိုင်ကြီး ခုနစ်အိုင် စသည် အကြောင်း

ထိုဇမ္ဗုသပြေပင် ရောက်ရာ ဇမ္ဗူဒီပါ မြောက်ကျွန်းဦး အရပ်မှသည် အချင်းအားဖြင့် ယူဇနာသုံးထောင်၊ အဝန်းအားဖြင့် ယူဇနာကိုးထောင်ရှိသော ဟိမဝန္တာတောင်မင်းသည် အမြင့်အားဖြင့် ယူဇနာငါးရာနှင့်နှင့်။ လူနေ သုံးထောင်ထက်လွန်၍ တည်လေ၏။ ထိုဟိမဝန္တာတောင်မင်း၏ အတွင်း၌ ရှစ်သောင်းလေးထောင်မျှလောက်သော တောင်ငယ်တို့သည် လည်းကောင်း၊ အချင်း ယူဇနာငါးဆယ်၊ အဝန်းယူဇနာ တစ်ရာငါးဆယ်ရှိသော အိုင်ကြီး ခုနစ်အိုင်တို့သည် တည်ကုန်၏။ ခုနစ်အိုင်တို့အမည်ကား- **အနောတတ်အိုင်, ဆဒ္ဒန်အိုင်, ကဏ္ဏမုဏ္ဍအိုင်, သီဟပပါတအိုင်, ရထကာရအိုင်, ကုဏ္ဍာလအိုင်, မန္ဒာကိနီအိုင်,** ထိုခုနစ်အိုင်တို့တွင် အနောတတ်အိုင်ကို ရံသော **သုဒဿနတောင်, စိတ္တကူဋတောင်, ကာလကူဋတောင်, ကေလာသတောင်, ဂန္ဓမာဒနတောင်,** ဤ တောင်ငါးလုံးတို့သည် အနံ့အားဖြင့် ယူဇနာ ငါးဆယ်၊ အလျားအားဖြင့်

ယူဇနာနှစ်ရာ၊ အဆောက်အအုံဖြင့် ယူဇနာနှစ်ရာနှင့်နှင့်။ တောင်ညွန့်တို့သည်ကား- ကျီးနှုတ်သီး သဏ္ဍာန် အနဝတတ်အိုင်ကို ယှက်၍ချည်း တည်ကုန်၏။

ထိုတောင်ငါးလုံးတို့တွင် **သုဒဿနတောင်**သည်ကား ရွှေဖြင့် ပြီး၏။ **စိတ္တကူဋတောင်**သည်ကား ရတနာ ခုနစ်ပါးတို့ဖြင့် ပြီး၏။ **ကာလာဂီရိတောင်**သည်ကား မျက်စဉ်းဖြင့် ပြီး၏၊ **ကေလာသတောင်**သည်ကား- ငွေဖြင့် ပြီး၏။ **ဂန္ဓမာဒနတောင်**သည်ကား- တောင်လည် တောင်ဝှမ်းဖြင့် ပြီး၏။ အတွင်းကား ပဲနောက်မြဲအဆင်းကဲ့သို့ ရှိ၏။ ကရမက် အစရှိသော နံ့သာမျိုးဆယ်ပါးနှင့် ပြည့်နှံ့သည်ဖြစ်၍ အထူးထူးသော ဆေးတို့ဖြင့်ဖုံးလွှမ်း၍ လပြည့် လကွယ် ဥပုသ်နေ့၌လည်း မီးတောက်ကဲ့သို့ ထွန်းပ၍ ထိုဂန္ဓမာဒနတောင်၌ ရွှေဂူရှိ၏။ ရွှေဂူအဝ၌ ပန္နမြားဂူရှိ၏။ ထိုပန္နမြားဂူသည်ကား အရှင်ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ ကိန်းဝပ်တော်မူရာ လိုဏ်တည်း။ ထိုလိုဏ်၏ အဝ၌ တစ်ယူဇနာ အတိုင်းအရှည်ရှိသော မဉ္ဇူသက သစ်ပင်သည် ပေါက်၏။ ထိုအနဝတတ်အိုင်သည်ကား ရတနာတို့ဖြင့် ပြီးသော နှစ်သက်ဖွယ်သော ဆင်းတန်းလှေကားတို့သည် လည်းကောင်း၊ ငါး လိပ် မရှိသော ဖန်အဆင်းနှင့် တူသော အညစ်အကြေး ကင်းသော ရေတို့သည် လည်းကောင်း တည်ကုန်၏။

## ၄၅။ အနဝတတ်အိုင်ကြီး၌ မြစ်လေးပါးတို့၏ အမည်သညာ နေရာဌာနများ အကြောင်း

ထိုအနဝတတ်အိုင်သည် လေးပါးသော မြစ်တို့သည် ရှိကုန်၏။ ထိုလေးပါးသော မြစ်တို့တွင် အနောက်မျက်နှာ ဆင်ခေါင်းမြစ်မှ ထွက်သောရေသည် အနဝတတ်အိုင်ကို လက်ယာရစ် သုံးပတ်လည်၍ အနောက်တစ်ရွှေ့သို့ ရှေးရှုသွားပြီးလျှင် မဟာသမုဒ္ဒရာသို့ ပေါင်းလေ၏။

မြောက်မျက်နှာ မြင်းခေါင်းမြစ်မှ ထွက်သော ရေသည်လည်း အနဝတတ်အိုင်ကို လက်ယာရစ်သုံးပတ်လည်၍ မြောက်သို့တစ်ရွှေ့ ရှေးရှုသွားပြီးလျှင် မဟာသမုဒ္ဒရာသို့ ပေါင်းလေ၏။

အရှေ့မျက်နှာ ခြင်္သေ့ခေါင်းမြစ်မှ ထွက်သော ရေသည်လည်း အနဝတတ်အိုင်ကို လက်ယာရစ်သုံးပတ်လည်၍ အရှေ့တစ်ရွှေ့သို့ ရှေးရှုသွားပြီးလျှင် မဟာသမုဒ္ဒရာသို့ ပေါင်းလေ၏။

တောင်မျက်နှာ နွားခေါင်းမြစ်မှ ထွက်သော ရေသည်ကား အနဝတတ်အိုင်ကို လက်ယာရစ် သုံးပတ်လည်၍ ပြီးလျှင် တောင်သို့ရှေးရှု ကျောက်ဖျာအပြင်ဖြင့် ယူဇနာ ၆၀-တိုင်တိုင် စီးလာ၏။

အနဝတတ်အိုင် တောင်မျက်နှာမှ ထွက်သောမြစ်ကို ဆင်ခေါင်းမြစ်ဟူ၍ ပျို့၊ လင်္ကာ၊ ရတု၊ ရကန်တို့၌ ဆိုလေသည်။ ကျမ်းဂန်တို့၌ တောင်မျက်နှာ နွားခေါင်းမြစ်ဖြစ်ကြောင်းကို လာသည်။ အနဝတတ်အိုင် နွားခေါင်းမြစ်မှထွက်၍ တစ်ဆယ့်နှစ်ခွေ ရစ်ပတ်လည်၍နေသော မြစ်ကို အာဝဋ္ဋဂင်္ဂါဟူ၍ ဆိုသည်။ အနဝတတ်အိုင် တောင်မျက်နှာ နွားခေါင်းမြစ်မှ ထွက်သော ရေသည် အနဝတတ်အိုင်ကို လက်ယာရစ်သုံးပတ်လည်ပြီးလျှင် ကျောက်ဖျာအပြင်ဖြင့် ယူဇနာ ခြောက်ဆယ်တိုင်တိုင် စီးလာ၏။ ထိုသို့ ကျောက်ဖျာအပြင်ဖြင့် စီးသောမြစ်ကို ကဏှဂင်္ဂါ ဟူ၍ ဆိုသည်။

ထိုမြစ်သည် တိရစ္ဆ မည်သော တောင်ဘီလာကို ခတ်လေ၏။ ထိုသို့ ခတ်လေသော ရေအဟုန်သည် သုံးဂါဝုတ် အတိုင်းအရှည်ဖြင့် ကောင်းကင်သို့ ယူဇနာခြောက်ဆယ် တက်ပြီး

လျှင် ထိုတောင်ကိုကျော်၍ မြေသို့ကျလေ၏။ တောင်းကင်ဖြင့် ယုဇနာမြောက်ဆယ် သွားသော မြစ်ကို အာကာသဂင်္ဂါ ဟူ၍ ဆိုသည်။

တောင်ကိုကျော်၍ ကျသော အာကာသဂင်္ဂါမြစ်သည် မြေကို ယုဇနာငါးဆယ်တိုင်တိုင် ထွင်း၍ တိယဂ်လ ကျောက်မျာသို့ ထိလေ၏။ ထိုကန်ကို တိယဂ်လ ပေါက္ခရဏီကန် ဟူ၍ ဆိုသည်။

ထိုအိုင်မှ ရေသည် ကျောက်ကို ထွင်းဖောက်၍ ယုဇနာမြောက်ဆယ် စီးလေ၏။ ထိုကျောက်ကို ထွင်းဖောက်၍ စီးသောမြစ်ကို ဗဟာလဂင်္ဂါ ဟူ၍ ဆိုသည်။

ထိုသို့ ကျောက်ကို ထွင်း၍စီးသော ဗဟာလဂင်္ဂါ မြစ်မှသည် မြေကိုထွင်း၍ ယုဇနာ မြောက်ဆယ် စီးပြန်လာ၏။ မြေကိုထွင်း၍ စီးသောမြစ်ကို ဥမင်္ဂဂင်္ဂါ ဟူ၍ ဆိုသည်။

ထိုဥမင်္ဂဂင်္ဂါမြစ်မှ ထွက်လေသည်ရှိသော် ဝိဇ္ဈမည်သော တောင်ဘီလာတစ်ခုကို ခေါ်လေ၍ လက်ငါးချောင်းကဲ့သို့ ငါးဖြာထွင်း၍ ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ ဟူသော မြစ်ကြီးငါးစင်းတို့သည် လှပြည်သို့ စီးလာကုန်၏။ ထိုမြစ်ကြီးငါးစင်းတွင် တစ်စင်းတစ်စင်းကို မြစ်ငယ်တစ်ရာစီ ဖြာသောကြောင့် မြစ်ငယ်ငါးရာ ဖြစ်သတည်း။ ထိုမြစ်ကြီး မြစ်ငယ်တို့သည် လူတို့နေရာ တောင်မျက်နှာ အရပ်သို့ စီးဝင်လာ၍ ဇမ္ဗူဒီပါ ကျွန်းအဆုံးသို့ ရောက်လျှင် မဟာသမုဒ္ဒရာသို့ ပေါင်းလေ၏။

## ၄၆။ အဝန်းယုဇနာ ကိုးရာရှိသော မဇ္ဈိမဒေသ အပိုင်းအခြား အကြောင်း

ဤသို့ ဇမ္ဗူဒီပါကျွန်း၌ လူနေသုံးထောင်, ရေနေလေးထောင်တွင် လူနေသုံးထောင် အလယ်၌ အလျားအားဖြင့် တောင်မြောက်ယုဇနာသုံးရာ၊ အနံအားဖြင့် အရှေ့ အနောက် ယုဇနာနှစ်ရာငါးဆယ်၊ အယွန်းကား-ယုဇနာငါးဆယ်။ အဝန်းကား- ယုဇနာကိုးရာ ရှိသော မဇ္ဈိမဒေသတိုက်သည် ကျွန်း၏အလိုက် သဏ္ဌာန်ရှိ၏။ မဇ္ဈိမဒေသ အပိုင်းအခြားကား အရှေ့သို့ လားသော်ကား ဂဇင်္ဂလနိဂုမ်ရွာ၊ အရှေ့တောင်သို့ လားသော်ကား သလ္လာဝတီမြစ်။ တောင်သို့ လားသော်ကား သေတကန္နိကနိဂုမ်ရွာ၊ အနောက်သို့ လားသော်ကား ခုနမည်သော ပုဏ္ဏားရွာ၊ မြောက်သို့ လားသော်ကား ဥသိရဒ္ဓဇ စရည်းပင် ရောက်သောတောင်။ ဤနိမိတ်နယ်ငါးရပ် အတွင်းသည်ကား မဇ္ဈိမဒေသ မည်၏။ ထိုမဇ္ဈိမဒေသ အလယ်ချက်၌ကား ဘုရားရှင်တို့ ပွင့်တော်မူရာ ဖြစ်သော ဗောဓိမဏ္ဍိုင်ရောက်ရာ မြေအရပ်တည်း။ ထိုဗောဓိမဏ္ဍိုင် ရောက်ရာ အရပ်ကို ပတ်လည်ဝန်းရံလျက် တိုင်းကြီး ပြည်ကြီးတို့သည် ဖြစ်ကုန်၏။ ။

## ၄၇။ တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း အကြောင်း

ထိုသို့ ပတ်လည်ဝန်းရံ၍တည်သော တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်းတို့၏ အမည်ကား **အင်္ဂတိုင်း, မဂဓတိုင်း, ကာသိကတိုင်း, ကောသလတိုင်း, ဝဇ္ဇီတိုင်း, စေတီယတိုင်း, ဝံသတိုင်း, ဂုရုတိုင်း, ပဥ္စာလရာဇ်တိုင်း, မဇ္ဈိမတိုင်း, သူရသေနတိုင်း, အဿကတိုင်း, အဝန္တီတိုင်း, ဂန္ဓာလရာဇ်တိုင်း, မလ္လတိုင်း, ကမ္ဘောဇတိုင်း**။ ဤကား တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်းတို့၏ အမည်တည်း။ [ သုဝဏ္ဏ ]

## ၄၈။ ပြည်ကြီး တစ်ဆယ့်ကိုးပြည် အကြောင်း

ပြည်ကြီး တစ်ဆယ့်ကိုးပြည် အမည်ကား ဗာရာဏသီပြည်ကြီး, သာဝတ္ထိပြည်ကြီး, ဝေသာလီပြည်ကြီး, မိထိလာပြည်ကြီး, အာဠဝီပြည်ကြီး, ကောသမ္ဗီပြည်ကြီး, ဥဇ္ဇေနီပြည်ကြီး, တက္ကသီလပြည်ကြီး, သာဂလပြည်ကြီး, သံသုမာရဂိရိပြည်ကြီး, ရာဇဂြိုဟ်ပြည်ကြီး, ကပိလဝတ္ထုပြည်ကြီး,သာကေတပြည်ကြီး, ဣန္ဒပတ္ထနဂိုရ်ပြည်ကြီး, ဥက္ကဋ္ဌပြည်ကြီး, ပါတလိပုတ်ပြည်ကြီး, ဇေတုတ္တရာပြည်ကြီး, သင်္ကဿနဂိုရ်ပြည်ကြီး, ကုသိနာရုံပြည်ကြီး။ ဤသည်ကား ပြည်ကြီး တစ်ဆယ့်ကိုးပြည် အမည်တည်း။ ။[သုဝဏ္ဏ]

## ၄၉။ ဇမ္ဗူဒိပ်ကျွန်း၏ အခြေအနေ အကြောင်း

ထိုမဇ္ဈိမတိုက် အတွင်းအပ၌ရှိသော တစ်သိန်း, ရှစ်သောင်း, ကိုးထောင်သော ခရိုင်တို့သည် လည်းကောင်း၊ (ကိုးသန်း)ကိုးသိန်းသော ကျေးရွာလက်တို့သည် လည်းကောင်း၊ ကုဋေကိုးသန်း ခြောက်သိန်းသော သင်္ဘောဆိပ်တို့သည် လည်းကောင်း လူနေသုံးထောင်၌ ဖြစ်ကုန်၏။ ။

## ၅၀။ နာဂရ၊ ဂါမ၊ နိဂမ၊ ဇနပဒ၊ ရဋ္ဌတို့ အကြောင်း

တိုင်းကား ပြည်ရွာ အပြားကား- ငါးပါးရှိ၏။ ငါးပါးဟူသည်ကား- နာဂရ, ဂါမ, နိဂမ, ဇနပဒ, ရဋ္ဌ ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့တွင် မြို့နှင့်ဈေးရှိသော အရပ်သည်ကား နဂရမည်၏။ မြို့သာရှိ၍ ဈေးမရှိ၊ ဈေးသာရှိ၍ မြို့မရှိသော အရပ်သည်ကား ဂါမ မည်၏။ မြို့လည်းမရှိ၊ ဈေးလည်းမရှိ၊ အိမ်သာရှိသော အရပ်သည်ကား နိဂမ မည်၏။ ထီးတစ်စင်းဆောင်းသောမင်း၏ နိုင်ငံအတွင်းတွင်ဖြစ်သော ခရိုင်သည်ကား ဇနပဒ မည်၏။ ထီးတစ်စင်းဆောင်းသော မင်း၏ အာဏာစက် နှံ့လေသော နိုင်ငံ အပိုင်းအခြားသည်ကား ရဋ္ဌ မည်၏။ ။ [မဟာဝင်]


## ၅၁။ မြို့၏အင်္ဂါ ခုနစ်ပါးအကြောင်း

နာဂရဟု ဆိုအပ်သော မြို့တို့တွင် မြို့၏အင်္ဂါခုနစ်ပါး အပြားရှိ၏။ ခုနစ်ပါး ဟူသည်ကား ပြည်ထဲရေး ရှင်မင်းလည်းတစ်ပါး၊ ပြည်ထောင်ချင်းမင်း အဆွေခင်ပွန်းလည်း တစ်ပါး၊ ပြည်ရေးရွာမှု ရှိသောအခါ ဆုံးဖြတ်စီရင်နိုင်သော အမတ်လည်း တစ်ပါး၊ ရတနာဆယ်ပါး အစရှိသော စပါးမျိုး ခုနစ်ပါးတို့ဖြင့် ပြည့်စုံသော စုံကျီတိုက်ကျ ဘဏ္ဍာလည်း တစ်ပါး၊ ခဲယဉ်းသော မြို့ပြ ကျုံး မြောင်း ပစ္စင် ရင်တျှောက်နှင့် ပြည့်စုံသည်လည်း တစ်ပါး၊ တိုင်းကား နိုင်ငံလည်း တစ်ပါး၊ ဆင် မြင်း ရထား ခြေသည်လည်း တစ်ပါး၊ ဤခုနစ်ပါးတည်း။ ။ [အဘိဓာန်]

## ၅၂။ တစ်နည်း မြို့၏အင်္ဂါ ခုနစ်ပါးအကြောင်း

၎င်းမြို့၏အင်္ဂါခုနစ်ပါးကိုလည်း ဤသို့ လာပြန်၏။ ခိုင်ခံ့သောမြို့လည်း တစ်ပါး၊ ကျယ်သော သွားရဲခြေပြေးလည်းတစ်ပါး၊ အထူးထူးသော လက်နက်ကိရိယာလည်းတစ်ပါး၊ ရဲမက်ဗိုလ်ပါလည်းတစ်ပါး၊ လုံမြဲသော တံခါးစောင့်လည်းတစ်ပါး၊ တံခါးတွင်း၌ ခိုင်ခံ့သောတုရိုက်တိုင်လည်း တစ်ပါး၊ တံခါးပြင်၌ ခိုင်ခံ့သော တုရိုက်တိုင်လည်းတစ်ပါး၊ ဤခုနစ်ပါးတည်း။ [ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ဋီကာ]

## မြန်မာတို့၏ စကြဝဠာ၊ ကမ္ဘာဦးအစ အယူအဆ ဇယားနှင့် ရုပ်ပုံများ။




မြန်မာတို့၏ ၃၁ ဘုံ အယူအဆ ဇယား။
| ၁၈၈၃ ခုနှစ်ထုတ် စာအုပ်မှ၊ ဗြိတိသျှ စာကြည့်တိုက် |
( မူရင်းစာလုံးပေါင်း သတ်ပုံအတိုင်း )



ဇမ္ဗူဒိပ်ကျွန်း တည်နေဟန်
မြင်းမိုရ်တောင်
အထောင့်အစောက်များနှင့်
ငါးကြီးအာနန္ဒာ
| ၁၉ ရာစုနှောင်း မြန်မာနန်းတွင်း
ပုရပိုက်တစ်ခု မှ
ဗြိတိသျှ စာကြည့်တိုက် |



တာဝတိံသာနတ်ပြည်တည်ဟန်
| ၁၉ ရာစု မြန်မာပုရပိုက်
ဗြိတိသျှ စာကြည့်တိုက် |




တာဝတိံ နတ်ပြည်။
| ၁၈ ရာစုအစောပိုင်း မြန်မာပြည် မှ ဗြိတိသျှ စာကြည့်တိုက် |



သမုဒ္ဒရာကြီးလေးစင်း၏ မူလအစ။
| ၁၈ ရာစုနှောင်းပိုင်း မြန်မာပြည် မှ ဗြိတိသျှ စာကြည့်တိုက် |



မြင်းမိုရ်တောင် ( အထက်ဝင်ရိုးစွန်းနှင့် နက္ခတ်တာရာ အသေးစိတ်ပုံ )။
| ၁၉ ရာစုနှောင်း မြန်မာပေမှု မှ ဗြိတိသျှ စာကြည့်တိုက် |



| ၁၇ ရာစုနှောင်း၊ ၁၈ ရာစုအစောပိုင်း မြန်မာပေမှု မှ |

## ၅၃။ မင်းတို့ ပြကတေ့ ခုနစ်ပါးအကြောင်း

မင်းတို့ ပြကတေ့ခုနစ်ပါး ဟူသည်ကား ပြည့်ရှင်မင်းလည်း တစ်ပါး၊ အရှင့်အလိုသို့ လိုက်၍ အမှုကိုထမ်းဆောင်သော အမတ်လည်း တစ်ပါး၊ သူတော်ကောင်းရှိသော စနပုဒ်လည်း တစ်ပါး၊ ကျုံးသုံးတန် ခိုင်ခံ့သောမြို့လည်း တစ်ပါး၊ အပြစ်နှင့်လျော်စွာ ဒဏ်ပေးခြင်းလည်း တစ်ပါး၊ ပြည့်စုံသော စုံ ကျီ ရေကန်ကျလည်း တစ်ပါး၊ ပြည်ထောင်ချင်းမင်း အဆွေခင်ပွန်းလည်း တစ်ပါး၊ ဤခုနစ်ပါးတည်း။ ။ [ရာဇနီတိ]

## ၅၄။ မြို့၏အစာ လေးပါးအကြောင်း

မြို့၏အစာလေးပါး ဟူသည်ကား–စပါးမျိုးခုနစ်ပါး ရှိသည်လည်း တစ်ပါး၊ ပြည့်စုံသော စကျီပြက်လည်း တစ်ပါး၊ ပြည့်စုံသော စကျီရေတံကျလည်း တစ်ပါး၊ ရေ ထင်း ပြည့်စုံသည်လည်း တစ်ပါး၊ ဤလေးပါးတည်း။ ။ [ပဥ္စကနိပါတ် အဂ္ဂုတ္တိုရ်ဋီကာ]

## ၅၅။ စစ်အင်္ဂါ လေးပါးအကြောင်း

စစ်အင်္ဂါလေးပါး ဟူသည်ကား– ဆင်လည်းတစ်ပါး၊ မြင်းလည်းတစ်ပါး၊ ရထားလည်း တစ်ပါး၊ ခြေသည် သူရဲကောင်းလည်း တစ်ပါး၊ ဤလေးပါးတည်း။ ။ [ရာဇနီတိ]

## ၅၆။ မင်းမြောက်တန်ဆာ ငါးပါးအကြောင်း

မင်းမြောက်တန်ဆာငါးပါး ဟူသည်ကား– ထီးဖြူလည်းတစ်ပါး၊ သားမြီးယပ်လည်း တစ်ပါး၊ သင်းကျစ်လည်း တစ်ပါး၊ သန်လျက်လည်း တစ်ပါး၊ ခြေနင်းလည်း တစ်ပါး၊ ဤငါးပါးတည်း။ ။ [မုဂပက္ခဇာတ်]

## ၅၇။ ထီးဖြူ ငါးပါးအကြောင်း

ထီးဖြူငါးပါး ဟူသည်ကား– ကြင်နှန်းထီးလည်း တစ်ပါး၊ ဥစ္စာထီးလည်း တစ်ပါး၊ တမွတ်ထီးလည်း တစ်ပါး၊ ကနက္ကဒဏ်ထီးလည်း တစ်ပါး၊ သမုတိထီးလည်း တစ်ပါး၊ ဤငါးပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၅၈။ တုရိယာ ငါးပါးအကြောင်း

တုရိယာငါးပါး ဟူသည်ကား–တစ်ဖက်ပိတ်သော တုရိယာ၊ နှစ်ဖက်ပိတ်သော တုရိယာ၊ အခေါင်းရှိသော တုရိယာ၊ အခင်ရှိသော တုရိယာ၊ ကြေးနှင့်စပ်သော တုရိယာ၊ ဤငါးပါးတည်း။ [မိလိန္ဒပဥှာ]

## ၅၉။ စည် သုံးပါးအကြောင်း

စည်သုံးပါး ဟူသည်ကား– ကျည်းပြည်ကဖြစ်သော ဝင်စည်လည်း တစ်ပါး၊ စိန့်ပြည်က ဖြစ်သော စည်ဝန်းလည်း တစ်ပါး၊ မြန်မာပြည်တွင်ဖြစ်သော စည်ဖြောလည်း တစ်ပါး၊ ဤသုံးပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၆၀။ စည်မျိုး တစ်ဆယ့်နှစ်ပါး အကြောင်း

စည်မျိုးတစ်ဆယ့်နှစ်ပါး ဟူသည်ကား– မြောက်စည်တစ်ပါး၊ သံလွင်လည်းတစ်ပါး၊ စည်ကြော်လည်းတစ်ပါး၊ စည်ကြီးလည်းတစ်ပါး၊ ဒုံမင်းတံပိုးလည်းတစ်ပါး၊ စည်ဝန်းလည်းတစ်ပါး၊ စည်သေးလည်းတစ်ပါး၊ စည်ပုတ်လည်းတစ်ပါး၊ စည်ပန်းတောင်းလည်းတစ်ပါး၊ ပတ်သာလည်းတစ်ပါး၊ တစ်ဖက်စည်လည်းတစ်ပါး၊ စည်အိုင်းလည်းတစ်ပါး၊ ဤတစ်ဆယ့်နှစ်ပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၆၁။ ကြေးသံ ဆယ်ပါးအကြောင်း

ကြေးသံဆယ်ပါး ဟူသည်ကား– စည်းစုပ်လည်းတစ်ပါး၊ ခွက်ခွင်းလည်းတစ်ပါး၊ ကြေးနင်းလည်းတစ်ပါး၊ မောင်းလည်းတစ်ပါး၊ ခေါင်းလောင်းလည်းတစ်ပါး၊ ကြေးစည်လည်းတစ်ပါး၊ နံရည်း ခရာလည်းတစ်ပါး၊ ဆည်းလည်းတစ်ပါး၊ ကြေးပတ်လည်းတစ်ပါး၊ အိုးစည်လည်း တစ်ပါး၊ ဤဆယ်ပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၆၂။ တံပိုးမျိုး ရှစ်ပါးအကြောင်း

တံပိုးမျိုးရှစ်ပါး ဟူသည်ကား– ခုလောင်းလည်းတစ်ပါး၊ ခရာကောက်လည်းတစ်ပါး၊ ခရာမြွာလည်းတစ်ပါး၊ လက်တံရှည်လည်းတစ်ပါး၊ နှဲလည်းတစ်ပါး၊ ပလွေလည်းတစ်ပါး၊ တုလန်လည်းတစ်ပါး၊ ဖက်လိပ်လည်းတစ်ပါး၊ ဤရှစ်ပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၆၃။ အငြိမ့်တီးမျိုး ခြောက်ပါးအကြောင်း

အငြိမ့်တီးမျိုးခြောက်ပါး ဟူသည်ကား– စောင်းလည်းတစ်ပါး၊ ငြင်းလည်းတစ်ပါး၊ မိကျောင်းလည်းတစ်ပါး၊ အောင်ကလေးလည်းတစ်ပါး၊ **စန္ဒရား*** လည်းတစ်ပါး၊ တယောလည်း တစ်ပါး၊ ဤခြောက်ပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၆၄။ မင်းတို့ အား ငါးပါးအကြောင်း

ပြည်ထဲရှင်မင်းတို့၏ အားတော်ငါးပါး ဟူသည်ကား– အမျိုးတော်အားလည်းတစ်ပါး၊ လက်ရုံးတော် အားလည်း တစ်ပါး၊ ပညာတော် အားလည်း တစ်ပါး၊ မှူးတော်မတ်တော် အားလည်း တစ်ပါး၊ ဥစ္စာစည်းစိမ်ဟူသော စီးပွားလည်း တစ်ပါး၊ ဤငါးပါးတည်း။ ။ [မိလိန္ဒပဥှာ]

## ၆၅။ မင်းတို့ ကျင့်ရာသောတရား တစ်ဆယ့်နှစ်ပါး အကြောင်း

မင်းတို့ ကျင့်တော်မူရာသောတရား တစ်ဆယ့်နှစ်ပါး ဟူသည်ကား– ရတနာသုံးပါးကို ပြစ်မှားတော်မမူသည်လည်းတစ်ပါး၊ အဝိဇ္ဇာကို ရှောင်တော်မူသည်လည်းတစ်ပါး၊ အလှူပေးသသူတို့အား နှစ်လိုတော်မူသည်လည်း တစ်ပါး၊ ပညာရှိကို မြတ်နိုးစွာ ပေါင်းယှဉ်တော်မူသည်လည်း တစ်ပါး၊ လျှင်စွာအလှူပေးတော်မူသည်လည်း တစ်ပါး၊ မမွေသတ် စသော အရိုးကို ထုတော်မူသည်လည်း တစ်ပါး၊ ပုံစံနည်းနာကို ယူတော်မူသည်လည်းတစ်ပါး၊ ပုံပြင်ကို ပြုတော်မူသည်လည်း တစ်ပါး၊ ပဥ္စသီငါးပါးကို ဆောက်တည်တော်မူသည်လည်းတစ်ပါး၊ အမျက်ကို

* ပဗ္ဗဂတ (မြန်မာနိုင်ငံသားစဝင်တော်ကြီး၊ (ပ)၊ ၂၀၀၃။ စာ ၇၄)

ချုပ်တော်မူသည်လည်း တစ်ပါး၊ အကုသိုလ် ဒုစရိုက်ကို ပြုတော်မူသည်လည်း တစ်ပါး၊ ပြည်သူလူ ရဟန်းတို့အား ကောင်းစွာ အုပ်ချုပ်တော်မူသည်လည်း တစ်ပါး၊ ဤတစ်ဆယ့်နှစ်ပါးတည်း။ [မိလိန္ဒပဥှာ]

## ၆၆။ ရာဇဓမ္မတရား ဆယ်ပါးအကြောင်း

မင်းတို့ ကျင့်ရာသော တရားဆယ်ပါး ဟူသည်ကား– အလှူပေးတော်မူသည်လည်း တစ်ပါး၊ သီလဆောက်တည်တော်မူသည်လည်း တစ်ပါး၊ ဝေဖန် စွန့်ကြဲတော်မူသည်လည်း တစ်ပါး၊ ဖြောင့်မတ်သော နှလုံးတော်ရှိသည်လည်း တစ်ပါး၊ နူးညံ့သိမ်မွေ့သော နှလုံးတော်ရှိသည်လည်း တစ်ပါး၊ ငြိုးခြံသောအကျင့် ရှိတော်မူသည်လည်း တစ်ပါး၊ အမျက်တော် မရှိသည်လည်း တစ်ပါး၊ ပြည်သူတို့အား ညှဉ်းဆဲနှိပ်စက်တော်မမူသည်လည်း တစ်ပါး၊ သည်းခံတော်မူသည်လည်း တစ်ပါး၊ ချွတ်ချယ်ခြင်း ကင်းတော်မူသည်လည်း တစ်ပါး၊ ဤဆယ်ပါးတည်း။ ။ [ပဥ္စကနိပါတ် အဂုံတ္တိုရ်ဋီကာ]

## ၆၇။ ရာဇဂုဏ် ရှစ်ပါးအကြောင်း

ပြည်ကြီးအရှင် ဖြစ်တော်မူသော မင်းတို့၏ ကျင့်တော်မူရာသော တရားရှစ်ပါး ဟူသည်ကား– နိုင်နင်းချိုးမြှောက်ခြင်း၌ သိကြားကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ အခွန်အတုတ်ကို ဖြည်းဖြည်းဆောင်ယူခြင်း၌ နေကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ သူလျှိုဖြင့် အမှုမျိုးကို သိအောင်ပြုခြင်း၌ လေကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ ချစ်သည် မုန်းသည် မရှိ၊ ထုံးစံနှင့်အညီ ဒဏ်ပေးခြင်း၌ ယမမင်းကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ ဥစ္စာစည်းစိမ်ကို မတောင့်တခြင်း၌ မဟာသမုဒ္ဒရာကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ ကိုယ်တော်ကို လူတကာတို့မြင်လျှင် ရွှင်စေခြင်း၌ လပြည့်ဝန်းကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ ပြည်တိုင်းကားအမှုကို ကောင်းစွာဆောင်တော်မူခြင်း၌ မြေကြီးကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ သူရဲ သူခက်တို့အား မျိုးရိက္ခာ ဝေဖန်တော်မူခြင်း၌ ပဇ္ဇုန်နတ်ကဲ့သို့ ကျင့်တော်မူရာသည်လည်း တစ်ပါး၊ ဤရှစ်ပါးတည်း။ ။ [ရာဇနီတိ]

## ၆၈။ အပရိဟာနိယတရား ခုနစ်ပါးအကြောင်း

တိုင်းကားနိုင်ငံ စည်ပင်စေအပ်သော အပရိဟာနိယတရား ခုနစ်ပါး ဟူသည်ကား– မှူးတော်မတ်တော်တို့နှင့် တစ်နေ့သုံးကြိမ် စည်းဝေး၍ တိုင်ပင်တော်မူရာသည်လည်း တစ်ပါး၊ အမှုမျိုးကို ညီညွတ်စွာပြုတော်မူသည်လည်း တစ်ပါး၊ အခွန်ခံခြင်း၊ ဒဏ်ပေးခြင်း၌ အစိုးကို တည်တော်မူသည်လည်း တစ်ပါး၊ သက်ကြီး ရွယ်လွန်တို့အား မြတ်နိုးရိုသေ ပြုတော်မူသည်လည်း တစ်ပါး၊ ပြည်သူသားသမီးကို နိုင်ထက်စီးနင်း ယူတော်မမူသည်လည်း တစ်ပါး၊ ပြည်တွင်းပြည်ပ၌ စောင့်နေကုန်သော နတ်တို့အား ပေးမြဲသောဝတ်ကို ပေးတော်မူသည်လည်း တစ်ပါး၊ ရဟန်း သံဃာတို့၌ ကောင်းစွာ စောင့်ရှောက်တော်မူသည်လည်း တစ်ပါး၊ ဤခုနစ်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

### ၆၉။ မင်းတို့ ကျင့်ရာသော သင်္ဂဟတရား လေးပါးအကြောင်း

မင်းတို့ သင်္ဂြိုဟ်ခြင်းလေးပါး ဟူသည်ကား– အခွန်အတုတ်ကို ဆယ်ခု တစ်ခုသာ ယူတော်မူသည်လည်း တစ်ပါး၊ သူရဲသူကောင်းတို့အား ခြောက်လတစ်ကြိမ် မျိုးစေ့ရိက္ခာ ပေးသည်လည်း တစ်ပါး၊ ပြည်သူတို့အား အရင်းပေး၍ သုံးနှစ်လည့်မှ တံပိုးခံတော်မူသည်လည်း တစ်ပါး၊ ချစ်ဖွယ်စကားကို မိန့်တော်မူသည်လည်း တစ်ပါး၊ ဤလေးပါးတည်း။ ။ [ပဉ္စကနိပါတ် တစသောက စာတ်]

### ၇၀။ တင့်တယ်ခြင်း ရှစ်ပါးအကြောင်း

တင့်တယ်ခြင်းရှစ်ပါး ဟူသည်ကား– အရှင်မင်းဧကရာဇ်တို့၏ တင့်တယ်ခြင်းကား– အမြဲးဆဲ ပေးကမ်းစွန့်ကြဲတော်မူခြင်း၊ တမရှိမည်သော သားတို့၏ တင့်တယ်ခြင်းကား– ရဲရင့်ခြင်း၊ ဂဠုန်မင်းတို့၏ တင့်တယ် ကေသရာဇာ ခြင်္သေ့မင်းတို့၏ တင့်တယ်ခြင်းကား– ပွဲအလယ်၌ အမေးပုစ္ဆာကို ဖြေခြင်း၊ ခြင်းကား– စွမ်းပကား၊ ပညာရှိတို့၏ တင့်တယ်ခြင်းကား– စစ်မြေပြင်အရပ်၌ တည်တံ့ရပ်နေခြင်း၊ ရသေ့ရဟန်း သူရဲကောင်းတို့၏ တင့်တယ်ခြင်းကား– မှန်ကန်သော စကားကို ဆိုခြင်း၊ ဤရှစ်ပါးတည်း။ ။ [ပဉ္စ တို့၏ တင့်တယ်ခြင်းကား– မှန်ကန်သော စကားကို ဆိုခြင်း၊ နိပါတ် မဟာသာရစာတ်]

### ၇၁။ စစ်သူကြီးအင်္ဂါ ရှစ်ပါးအကြောင်း

စစ်သူကြီးတို့ အင်္ဂါရှစ်ပါး ဟူသည်ကား– အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်လည်း တစ်ပါး၊ ဗဟုသုတ အကြားအမြင်နှင့် ပြည့်စုံသည်လည်း တစ်ပါး၊ သီတင်းသီလနှင့် ပြည့်စုံ သည်လည်း တစ်ပါး၊ ရဲရင့်တည်ကြည်သည်လည်း တစ်ပါး၊ လုံ့လဝီရိယ ရှိသည်လည်း တစ်ပါး၊ စွမ်းပကား ခွန်အားနှင့် ပြည့်စုံသည်လည်း တစ်ပါး၊ အမှုမျိုးကို ပြီးအောင် ပြုလေ့ရှိသည် လည်း တစ်ပါး၊ သူ့ဥစ္စာကို လိုချင်ခြင်း ကင်းသည်လည်း တစ်ပါး၊ ဤရှစ်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

### ၇၂။ တမန်အင်္ဂါ ရှစ်ပါးအကြောင်း

တမန်တို့ အင်္ဂါရှစ်ပါးဟူသည်ကား– ကြားလွယ်သည်လည်း တစ်ပါး၊ ကြားလွယ်အောင် ဆိုတတ်သည်လည်း တစ်ပါး၊ အားထုတ်၍ မှတ်သည်လည်း တစ်ပါး၊ ကြားသည်ကို အလေး၍ တတ်သည်လည်း တစ်ပါး၊ သူ၏ရိပ်ခြည်ကို ကြည့်ရှုသိမြင်သည်လည်း တစ်ပါး၊ မိမိရိပ်ခြည်ကို သူ့အား သိစေသည်လည်း တစ်ပါး၊ စီးပွားရှိ–မဲ့ကို လိမ္မာသည်လည်း တစ်ပါး၊ ငြင်းခုံခြင်း ကင်းသည်လည်း တစ်ပါး၊ ဤရှစ်ပါးတည်း။ ။ [ရာဇနီတိ]

### ၇၃။ တစ်နည်း တမန်အင်္ဂါ ရှစ်ပါးအကြောင်း

တမန်တို့ အင်္ဂါရှစ်ပါးကို လောကီကျမ်း၌ ဤသို့ လာပြန်၏။ အမျိုးအမည် ထင်ရှား သည်လည်း တစ်ပါး၊ အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသည်လည်း တစ်ပါး၊ ဗဟုသုတ အကြားအမြင်များသည်လည်း တစ်ပါး၊ ပညာအမြင်နှင့် ပြည့်စုံသည်လည်း တစ်ပါး၊ ရဲရင့်တည် ကြည်သည်လည်း တစ်ပါး၊ ဇွဲဩဇာလနှင့် ပြည့်စုံသည်လည်း တစ်ပါး၊ ခဲယဉ်းသော အမေးပုစ္ဆာကို

မေးနိုင်သည်လည်း တစ်ပါး၊ သူ မေးသော ပြဿနာကို ဖြေနိုင်သည်လည်း တစ်ပါး၊ ဤ ရှစ်ပါး တည်း။ ။ [လောကီကျမ်း]

## ၇၄။ သံတော်ခံအင်္ဂါ ခြောက်ပါးအကြောင်း

သံတော်ခံ အင်္ဂါခြောက်ပါး ဟူသည်ကား– မှာတိုင်း ပြန်တတ်သည်လည်း တစ်ပါး၊ ထက်သော ပညာရှိသည်လည်း တစ်ပါး၊ စကားတတ်သည်လည်း တစ်ပါး၊ တည်ကြည်သည်လည်း တစ်ပါး၊ စရိုက်ကို သိတတ်သည်လည်း တစ်ပါး၊ ပွဲအလယ်၌ ရဲရင့် နှလုံးရှိသည်လည်း တစ်ပါး၊ ယဉ်ကျေးသော ဤခြောက်ပါးတည်း။ ။ [ရာဇနီတိ, သာရတ္ထဒီပနီ]

## ၇၅။ ကျွန်ကောင်းလက္ခဏာ ခြောက်ပါးအကြောင်း

အရှင် မင်းကေရာဇ်တို့ဝယ် စေစားတော်မူရာသော ကျွန်ကောင်းတို့၏ လက္ခဏာ ခြောက်ပါး ဟူသော်ကား– အရှင်ကို မကောင်းမှုမှ မြစ်သည်လည်း တစ်ပါး၊ အရှင်ကို ကောင်းမှု ပွားစေသည်လည်း တစ်ပါး၊ အရှင်၌ လျှို့ဝှက်အပ်သောအမှုကို ထင်ရှားမပြုသည်လည်း တစ်ပါး၊ သူလျှိုထား၍ အရှင်အား သိစေသည်လည်း တစ်ပါး၊ ဘေးဒုက္ခအမှု ရှိသောအခါ အရှင့်ကို မပစ် မပယ်စွန့်တော်ရာသည်လည်း တစ်ပါး၊ အရှင့်ဂုဏ်ကျေးဇူးကို ချီးမြှောက်လေ့ ပြုသည် လည်း တစ်ပါး၊ ဤခြောက်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

## ၇၆။ မင်းကေရာဇ်တို့ သိအပ်သသူ လေးယောက်အကြောင်း

အရှင်မင်းကေရာဇ်တို့ အလိုရှိအပ်သသူ လေးယောက် ဟူသည်ကား– စစ်မြေပြင်၌ သူရဲကောင်းဖြစ်သသူ၊ ချီးပင့်တော်မူရာ၌ နှလုံးအနေကျသသူ၊ အရှင်ကို ချစ်သသူ၊ အရှင့် စီးပွားတော်ကို လိုသသူ၊ ဤလေးယောက်တည်း။ ။ [သာရတ္ထဒီပနီ]

## ၇၇။ မင်းတို့ ပြုစုအပ်သသူ တစ်ကျိပ်လေးယောက် အကြောင်း

အရှင်မင်းကေရာဇ်တို့ ပြုစုတော်မူရာသသူ တစ်ကျိပ်လေးယောက်ဟူသည်ကား– အရှင် မင်းကို စောင့်ရှောက်ပေးသသူ၊ အရှင်မင်းကို ချစ်ကြင်နာသသူ၊ စီးပွားမဲ့ကို မြင်သသူ၊ အရှင်တွင် အမှုရှိသောအခါ စွန့်စားဖော်ရသသူ၊ အရှင်မင်းက စွန့်ဆိုလျှင် စွန့်သသူ၊ ရန်ကို အောင်ဖန်များ သသူ၊ အမျိုးရှိသသူ၊ မြို့ပြကို စည်ပင်အောင် ပြုပေးသသူ၊ အရှင်မင်းကေရာဇ် မေ့တော်မူသော အခါ လှုံ့ဆော်ပေးသသူ၊ အရှင်မင်းတွင် အမှုတော်ရှိသောအခါ တည်ကြည်ခိုင်ခံ့သသူ၊ သူ မစီရင် နိုင်သည်ကို ဟုတ်မှန်အောင် စီရင်ပေးသသူ၊ သူ မရောက်နိုင်သောခရီးကို ရောက်နိုင်ပေးသသူ၊ အမှုတော်ကို မယိုးမမယ် အားထုတ်ပေးသသူ၊ သားတော်အစဉ် မြေးတော်အဆက် မဖောက် မပြန် အရှင်မှတ်သသူ၊ ဤ တစ်ဆယ့်လေးယောက်တည်း။ ။ [သာရတ္ထဒီပနီ]

## ၇၈။ မင်းကေရာဇ်တို့ မပစ်ပယ်အပ်သူ သုံးယောက်အကြောင်း

အရှင်မင်းကေရာဇ်တို့ ပစ်ပယ်တော် မမူအပ်သောသူ သုံးယောက်ဟူသည်ကား–အရှင် မင်း၏ အသက်တော်ကို ကယ်ပေးဖူးသသူ၊ ဆင်းရဲတော်မူသောအခါ မ စ ပေးဖူးသသူ၊ မင်းအဖြစ်ကို ပေးသသူ၊ ဤသုံးယောက်တည်း။ ။ [သာရတ္ထဒီပနီ]

### ၇၉။ ရန်ကို အောင်အပ်သော အကြောင်းငါးပါးကို ပြဆိုခြင်း

ရန်သူကို အောင်အပ်သည့် အကြောင်းငါးပါး ဟူသည်ကား- မန္တ ရား အင်းအိုင်တို့ဖြင့်လည်း အောင်ရာသည်၊ ပညာရှိတို့ကို တိုင်ပင်သဖြင့်လည်း အောင်ရာသည်၊ ကောင်းယဉ်ချိုသာစွာသော စကားဖြင့်လည်း အောင်ရာသည်၊ တံစိုးဥစ္စာ ပေးသဖြင့်လည်း အောင်ရာသည်၊ အမျိုးအနွယ် ဆက်သဖြင့်လည်း အောင်ရာသည်၊ ဤငါးပါးတည်း။ ။ [ပဥ္စကနိပါတ် တစေသာရစာတ်]

### ၈၀။ ပြည်ရွာ စည်ပင်ရာသော အကြောင်းလေးပါးကို ပြဆိုခြင်း

ပြည်ရွာစည်ပင်ရာသည့် အကြောင်းလေးပါး ဟူသည်ကား- ချမ်းသာစွာ လယ်လုပ်ရသည်၊ ချမ်းသာစွာ ကုန်ပြုရသည်၊ အမတ်သူရဲကောင်း များသည်၊ သီလ, သမာဓိနှင့် ပြည့်စုံသောသူ များသည်၊ ဤလေးပါးတည်း။ ။ [ရာဇနီတိ]

### ၈၁။ တိုင်းပြည် စည်ပင်ရာသော အကြောင်းဆယ်ပါးကို ပြဆိုခြင်း

တိုင်းကားပြည်ရွာ စည်ပင်ရာသော အကြောင်းဆယ်ပါး ဟူသည်ကား-နေ, လ ဖြိုးပြက်သွားမှန်သည်၊ မိုးမှန်စွာ ရွာသည်၊ မြေဩဇာရှိ၍ အသီးကောင်းသည်၊ သစ်, ကျား စသော အန္တရာယ်မရှိ၊ မှုဒိမ်းတန္တ ငြိမ်းသည်၊ စစ်မက် မရှိသည်၊ အချင်းချင်း မညှဉ်းဆဲသည်၊ တရား ဖြောင့်မတ်သည်၊ ရတနာသုံးပါးကို ရိုသေသည်၊ ရဟန်းတို့ သာသနာတော်ကို စောင့်သည်၊ ဤဆယ်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

### ၈၂။ တိုင်းပြည် ကျယ်ဝန်းအံ့သော အကြောင်းရှစ်ပါးကို ပြဆိုခြင်း

တိုင်းကားနိုင်ငံ ကျယ်အံ့သော အကြောင်းရှစ်ပါး ဟူသည်ကား-စစ်၏ ဦးကင်းမည်သော စစ်သူကြီးရှိသည်လည်း တစ်ပါး၊ စစ်၏ မျက်စိမည်သော ဟူးရာတတ် ရှိသည်လည်း တစ်ပါး၊ စစ်၏ နားမည်သော လိမ္မာသော သူလျှို ရှိသည်လည်း တစ်ပါး၊ စစ်၏ အား မည်သော ဗိုလ်ပါ များသည်လည်း တစ်ပါး၊ စစ်၏ ခံတွင်း မည်သော လိမ္မာသောတမန်လည်း တစ်ပါး၊ စစ်၏ အစွယ် မည်သော အမတ်သူရဲကောင်းလည်း တစ်ပါး၊ စစ်၏ အခြေမည်သော ခြေသည်သူရဲကောင်းလည်း တစ်ပါး၊ စစ်၏ လက်မည်သော လက်နက်ကိရိယာလည်း တစ်ပါး၊ ဤရှစ်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

### ၈၃။ စစ်ဖြစ်ရာသည့် အကြောင်း တစ်ဆယ့်သုံးပါးကို ပြခြင်း

စစ်ဖြစ်ရာသည့် အကြောင်းတစ်ဆယ့်သုံးပါး ဟူသော်ကား- နိုင်ငံအပိုင်းအခြားကြောင့် ဖြစ်သည်လည်း တစ်ပါး၊ ဥစ္စာကို လိုသောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ ဆင်ကောင်း, မြင်းကောင်းကို လိုသောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ သမီးကညာကို လိုသောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ ကုန်းတိုက်ဥပါယ်ကြောင့် ဖြစ်သည်လည်း တစ်ပါး၊ သစ္စာဖောက်ပြန်သောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ ပေပါးသော ရာဇသံစကားကို အနိမ့်အကျ မသိသောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ အဆွေအမျိုးကို ဖျက်သောကြောင့် ဖြစ်သည်လည်း တစ်ပါး၊

အကြောင်မင်းသည် ဖြို့ကို မစောင့်ရှောက်သောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ သူရဲသူခက် စစ်သည် မရှိသောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ ရန်ညှိုးဖွဲ့သောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ အမျက်ကြီးသောကြောင့် ဖြစ်သည်လည်း တစ်ပါး၊ ဤ တစ်ဆယ့်သုံးပါးတည်း။ [သာရတ္ထဒီပနီ]

## ၈၄။ စူးစမ်း၍ သိရာသည့် ခုနစ်ပါးအကြောင်း

သူ့ဖြို့မှာ စူးစမ်း၍ သိရာသည့် ခုနစ်ပါး ဟူသော်ကား-တို့က သူလျှိုလွှတ်သဖြင့် သိရာသည်၊ သူက လွှတ်သည်ကို တို့က ကင်းစောင့်ထားသဖြင့်လည်း သိရာသည်၊ တို့က ကုန်ပြသွားသဖြင့်လည်း သိရာသည်၊ သူက ကုန်ပြလာသော ကုန်သည်တို့ကို မေးကမ်း မြားယောင်း၍လည်း သိရာသည်၊ တို့က တမန်စေသဖြင့်လည်း သိရာသည်၊ သူ့အရပ်မှ လာသော သူတို့အား ဥပါယ်တံမျဉ်ဖြင့် စုံစမ်း၍လည်း သိရာသည်၊ သူ တမန်ကို မေးကမ်းစုံစမ်းသဖြင့် လည်း သိရာသည်၊ ဤခုနစ်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

## ၈၅။ စစ်အောင်ရာသည့်အကြောင်း တစ်ဆယ့်နှစ်ပါးကို ပြခြင်း

စစ်အောင်ရာသည့်အကြောင်း တစ်ဆယ့်နှစ်ပါး ဟူသော်ကား- စစ်ဆင်စီရင်ရာ၌ လိမ္မာ သောကြောင့် အောင်ရာသည်၊ မင်းနှင့်အမတ် ညီညွတ်သောကြောင့်လည်း အောင်ရာသည်၊ မေးကမ်းခြင်း၌ အမျက်မရှိသောကြောင့်လည်း အောင်ရာသည်၊ စစ်သူကြီးခန့်ထားစီရင်တိုင်း သူရဲသူခက်တို့၌ တည်သောကြောင့်လည်း အောင်ရာသည်၊ သူရဲကောင်း များသဖြင့်လည်း အောင်ရာသည်၊ ယတြာမန္တန်ပြုသဖြင့်လည်း အောင်ရာသည်၊ ဓာတာစန်းလဂ် ကောင်းသဖြင့် လည်း အောင်ရာသည်၊ မျိုးစေ့ရိက္ခာ ရေ ဆန် ထင်း မြက် များသဖြင့်လည်း အောင်ရာသည်၊ မင်း စသော ပြည်သူတို့ အနာကင်းသဖြင့်လည်း အောင်ရာသည်၊ သူလျှိုတို့ကို စေ၍ အေး အန္တရာယ်ကင်းသဖြင့်လည်း အောင်ရာသည်၊ ပြည်စောင့်နတ်တို့ကို မပြတ်ပူဇော်သဖြင့်လည်း အောင်ရာသည်၊ ဆင်ကောင်းမြင်းကောင်း များသဖြင့်လည်း အောင်ရာသည်၊ ဤတစ်ဆယ့်နှစ်ပါး တည်း။ ။ [သာရတ္ထဒီပနီ]

## ၈၆။ စစ်ရှုံးရာသည့်အကြောင်း ဆယ်ပါးကို ပြခြင်း

စစ်ရှုံးရာသည့် အကြောင်းဆယ်ပါးဟူသော်ကား- မင်း၊ အမတ် စသော သူတို့ ယစ်ဝခြင်း ကြောင့်လည်း ရှုံးရာသည်၊ မင်းနှင့် အမတ်ဗိုလ်ပါ မညီညွတ်သောကြောင့်လည်း ရှုံးရာသည်၊ စစ်သည်သူရဲ အမှုကို မကျင်မကျွမ်းသောကြောင့်လည်း ရှုံးရာသည်၊ ပြည်သူတို့ ဝတ်မွတ် သောကြောင့်လည်း ရှုံးရာသည်၊ ပြည်သူ အနာအဖျား များသောကြောင့်လည်း ရှုံးရာသည်၊ စစ်သည်သူရဲ နှလုံးပျော့ညံ့သောကြောင့်လည်း ရှုံးရာသည်၊ မင်း မရဲသောကြောင့်လည်း ရှုံးရာသည်၊ အခါနက္ခတ် မကောင်းသည်ကို ယုဉ်မိသောကြောင့်လည်း ရှုံးရာသည်၊ သူက ယတြာ မန္တန် အင်းအိုင် စီရင်လေသောကြောင့်လည်း ရှုံးရာသည်၊ ဆင်မြင်း မကောင်းသော ကြောင့်လည်း ရှုံးရာသည်၊ ဤဆယ်ပါးတည်း။ ။ [သာရတ္ထဒီပနီ]

**၈၇။ မှန်ကင်းကဲ့သို့ ကျင့်ရာသည့်သူ သုံးယောက်ကို ပြဆိုခြင်း**

မှန်ကင်းကဲ့သို့ ကျင့်ရာသော သူသုံးယောက် ဟူသည်ကား- အမျိုးမြတ်သော သူလည်း တစ်ပါး၊ ဂုဏ်ပညာရှိသောသူလည်း တစ်ပါး၊ အရွယ်ကြီးသော သူလည်း တစ်ပါး၊ ဤသုံးပါးတည်း။ မှန်ကင်းသည် ရှိသေထင်ရှားစွာ ဖြစ်သကဲ့သို့ ဤသုံးယောက်သော သူတို့သည် ရှိသေကောင်းမွန်စွာ ကျင့်ရာသည်။ ။[သာရတ္ထဒီပနီ]

**၈၈။ ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ ကျင့်ရာသည့်သူ ခြောက်ယောက်အကြောင်း**

ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ ကျင့်ရာသော သူခြောက်ယောက် ဟူသည်ကား- အမျိုးမြတ်သော သူ တစ်ပါး၊ သီလစောင့်သော ယောကျ်ားလည်း တစ်ပါး၊ သီလစောင့်သော မိန်းမလည်းတစ်ပါး၊ ရဟန်းလည်း တစ်ပါး၊ ရသေ့လည်း တစ်ပါး၊ ပုဏ္ဏားလည်း တစ်ပါး၊ ဤခြောက်ယောက်တည်း။ ဇမ္ဗူရစ်ရွှေစင်သည် မစင်၌ ဖြစ်လေသော်လည်း မြူမတင်သကဲ့သို့ ဤခြောက်ယောက်သော သူတို့သည် ဆင်းရဲသော်လည်း အမျိုးအမည်ကို မစွန့်ရာ။ ။[သာရတ္ထဒီပနီ]


**၈၉။ ခြသေ့ကဲ့သို့ ကျင့်ရာသည့်သူ နှစ်ယောက်အကြောင်း**

ခြသေ့ကဲ့သို့ ကျင့်ရာသောသူ နှစ်ယောက် ဟူသည်ကား- ပြည်ကြီးအရှင် မင်းလည်း တစ်ပါး၊ တရားသူကြီးလည်း တစ်ပါး၊ ဤနှစ်ပါးတည်း။ ခြသေ့မင်းသည် မကြောက်မရွံ့ သတ္တဝါ ကြီး-ငယ်ကို ဖမ်းယူသကဲ့သို့ ဤသူနှစ်ပါးတို့ ကျင့်ရာသည်။ ။[သာရတ္ထဒီပနီ]

**၉၀။ အာသာဝတီပန်းကဲ့သို့ ကျင့်ရာသည့်သူ တစ်ယောက်အကြောင်း**

အာသာဝတီပန်းကဲ့သို့ ကျင့်ရာသည် တစ်ယောက်ဟူသော်ကား- အရှင်မင်းရောဇ်တို့၏ မိဖုရားသည် အနှစ်တစ်ရာမှပွင့်သော အာသာဝတီပန်းကို အနှစ်တစ်ရာက စောင့်တ၍ နတ်တို့ စောင့်သကဲ့သို့ အကျင့်သီလတို့ဖြင့် ကောင်းစွာ ကျင့်ရာသည်။ ။[သာရတ္ထဒီပနီ] (၂)။

မဟာရာဇဝင်ကြီး ပထမတွဲ ပြီး၏။ ။



၁၂၄၄ ခု ပထမ ဝါဆိုလပြည့်ကျော် ၁၂ ရက် အင်္ဂါနေ့ (၁၁ ဇူလိုင် ၁၈၈၂) ၃ ချက်တီးကျော် အချိန်တွင် ရေးကူးပါသည်။ (ခ)

# မဟာရာဇဝင်ကြီး

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ဣတော ပရံ ပဝက္ခာမိ၊ နတွာ အဒုတိယံ ဇိနံ။**
**ဒုတိယံ-ဇာတသတ္တုာဒိ၊ ဇေဋ္ဌနတိ သဝံသကံ။ ။**

အဟံ၊ ငါသည်။ အဒုတိယံ၊ ပြိုင်ဘက်ယှဉ်တု နှစ်ယောက်မြောက်သောသူ ရှိတော်မမူသော။ ဇိနံ၊ ငါးမာရ်အောင်မြင် သုံးလူ့ရှင်ကို။ နတွာ၊ သုံးမည်ဒွါရ ထိပ်စလက်တင် ရှိပန်ဆင်၍။ ဣတော၊ ဤပဌမပရိစ္ဆေဒမှ။ ပရံ၊ နောက်၌။ အဇာတသတ္တုာဒိ၊ အဇာတသတ်မင်းအစ ဓမ္မာသောကမင်း အဆုံးရှိသော။ ဇေဋ္ဌနတိ သဝံသကံ၊ နှစ်ကျိပ်ကိုးယောက်သော မင်းတို့၏ ရာဇဝင်ကို ပြရာဖြစ်သော။ ဒုတိယံ၊ ဒုတိယပရိစ္ဆေဒကို။ ပဝက္ခာမိ၊ ဆိုပေအံ့။

အဓိပ္ပာယ်ကား- သုံးခွင်ဘုံသူ နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့တွင် ပြိုင်ထောက်နိုင်းရာ ပမာရည်တု ဘက်သူမရ လောကအထွတ် ဖြစ်တော်မူသော ဒေဝပုတ္တ-စသည်ငါးပါးမာရ်အပြားကို ထွားထွားကြေပျက် ဖျက်တော်မူ၍ အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရားကို ကာယ, ဝစီ အညီတကွ မနဟူသော ဒွါရသုံးပါး ခံရှုဦးထား၍ တစ်ကျိပ်ကုန်သော မဟာသမ္မတမင်းတို့အနွယ်ကိုလည်းကောင်း။ ဧကာဒသမ မဟာသမ္မတမင်းမှ စ၍ သကျထွတ်တင် တို့ချစ်ရှင်တိုင်အောင် သုံးသိန်း, သုံးသောင်း, လေးထောင်, ငါးရာ, ခြောက်ကျိပ်, ကိုးပါးတို့ကို ဆိုရာဆိုကြောင်းဖြစ်သော ပဌမပိုင်းကိုပြပြီး၍ ထိုပဌမပိုင်းနောက်၌ အဇာတသတ် မင်းမှစ၍ ဓမ္မာသောကမင်းတိုင်အောင် နှစ်ကျိပ်ကိုးပါးသော မင်းမြတ်တို့၏ အနွယ်ရာဇဝင်ကို ပြရာဖြစ်သော ဒုတိယပိုင်းကို ဆိုပေလတ္တံ့ ဟူလိုသော်။

**အဇာတသတ်မင်း** ရာဇဘိသေကခံ၍ ရှစ်နှစ်ရှိသောအခါ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ ပရိနိဗ္ဗာန်ပြုတော်မူသည့်နောက်လည်း မင်းစည်းစိမ် နှစ်ဆယ့်လေးနှစ်။ နှစ်စုပေါင်း မင်းစည်းစိမ် သုံးဆယ့်နှစ်နှစ် ရှိသောအခါ သားတော်ဥဒယဘဒ္ဒ လုပ်ကြံ၍ သာသနာတော် **သက္ကရာဇ် နှစ်ဆယ့်လေးခု**[၁]တွင် မင်းပြုသည်။

### ၉၁။ အဇာတသတ်မင်းမှ စ၍ အဘာသတ်မင်း ငါးဆက်တို့အကြောင်း

အဇာတသတ်မင်း အကြောင်းကို ဆိုပေအံ့။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်လျက် အဆွေခင်ပွန်းယုတ် ဖြစ်သော ဒေဝဒတ်အား ပေါင်းဖော်မိသောကြောင့် မပြစ်မှားအပ်သော ခမည်းတော်ကို ပြစ်မှားဘိ၍ တစ်ကမ္ဘာပတ်လုံး အဝီစိငရဲ၌ ခံရကောင်းလျက် ဘုရားရှင်ကို သဒ္ဓါသော ဥပါသကာ အပေါင်းတို့ထက် လွန်စွာသဒ္ဓါသော ကုသိုလ်အကျိုးကြောင့် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းခံ၍ လွတ်ပြီးလျှင် **"ဝိဇိတာဝီ" ပစ္စေကဗုဒ္ဓါ** ဖြစ်လတ္တံ့ သတည်း။

[၁] ၁။ ၅၂၀ ဘီစီ

ဥဒယဘဒ္ဒ ရေည်းစိမ်တစ်ဆယ့်ခြောက်နှစ် သက္ကရာဇ်လေးဆယ့်[၁]တွင် သားတော် အနုရုဒ္ဓ သည် ခမည်းတော် ဥဒယဘဒ္ဒကို လုပ်ကြံ၍ မင်းပြုသည်။ အနုရုဒ္ဓါကို သားတော်မုဏ္ဍ လုပ်ကြံ၍ မင်းနှစ်ပါး စည်းစိမ်ရှစ်နှစ်၊ သက္ကရာဇ် ၄၈-၉[၂] ရှိသောအခါ သားတော်နာဂဒါသသည် ခမည်းတော် မုဏ္ဍကို လုပ်ကြံ၍ မင်းပြုသည်။ နာဂဒါသ စည်းစိမ် ၂၄-နှစ်၊ သက္ကရာဇ် ၇၂-မှု ရှိသောအခါ အဘပြစ် မင်းငါးဆက်ကိုဖြတ်၍ သုသုနာဂ အမတ်ကြီးကို ပြည်သူအပေါင်း ညီ၍ မင်းမြှောက်သတည်း။

၉၂။ သုသုနာဂမင်း အကြောင်း

သုသုနာဂ အကြောင်းကား ဤသို့တည်း။ ဝေသာလီပြည်၌ ဖြစ်ကုန်သော လိစ္ဆဝီ မင်းတို့သည် စည်းဝေး၍ တိုင်ပင်ကြကုန်၏။ "ငါတို့ပြည်သည် မြို့၏အဂ်ါ ရှစ်ပါး, မြို့၏ အစာလေးပါး အစရှိသော ပြည့်ကြီး၏ လက္ခဏာနှင့် ပြည့်စုံလျက် ပြည်ရွာတိတ်ဆိတ်၍ ရှိသည်။ အဘယ်အကြောင်းဖြင့် ပြည်ရွာ အုတ်အုတ်ကျက်ကျက် သောင်းသဲစွာ ရှိရအံ့နည်း ဟု တိုင်ပင်ကြသော် ပြည်တန်ဆာ မရှိသောအားဖြင့် တိတ်ဆိတ်သည်ဟူ၍ ပညာအမြင် ပြည့်စုံသော သူတို့သည် ဆိုကြကုန်၏။ လိစ္ဆဝီမင်းတို့လည်း မိမိတို့ အမျိုးတွင် သတို့သမီး တစ်ယောက်ကိုယူ၍ ပြည်တန်ဆာအရာ ထားပေး၏။ ပြည်သူအပေါင်းတို့လည်း ထိုမင်းသမီး နှင့် အတူလိုက်၍ ပျော်ရွှင်နီးနေကြလေ၏။ ထိုသို့ အများ နီးနေကြသောအခါ မင်းသမီး သိမ်းယူထားလေ၏။ ထို့ကြောင့် ပြည်ကိုချစ်သော မင်းတို့သည် ဆွေတော်မျိုးတော်ကို မွှယ်မရာသော အကြောင်းဖြင့် ပြုတော်မူဖူးလေ၏။ ထိုမင်းသမီးလည်း လိစ္ဆဝီမင်းမျိုး သံဝါသဖြစ်ရာတွင် ပဋိသန္ဓေနေ၍ ပါလာ၏။ အခါစေ့၍ ဖွားလတ်သော် သားတစ်ဖွား ထိုသားတစ်ကို အိုးတွင်ထည့်ပြီးမှ ကောင်းစွာ ပိတ်ဆို့၍ မြို့၏အပြင် တံမြက်ချေးသွန်ရာ အရပ်၌ ပစ်လေသတည်း။

ထိုအခါ နဂါးကြီးတစ်ခုသည် အိုးကိုခွေပတ်၍ ပါးပျဉ်းမိုးလျက် စောင့်၏။ သားတစ်သည် ရင့်၍ သတို့သား ဖြစ်လေသောအခါ ပြည်သူတို့ အုတ်အုတ်ကျက်ကျက် ကြည့်ကြကုန်၏။ ထို အကြောင်းကို ဝေသာလီ အမတ်ကြီး ကြားလေသော် သွား၍ ထိုအိုးကို ယူလေ၏။ ကြည့်လတ်သော် ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံစွာသော သတို့သားကိုမြင်၍ သားပြုလေ၏။ နဂါးကြီးသည် လူတို့ကိုမြင်လျှင် "သုသု" ဟူသော အသံကိုပြု၍ ပြေးလေသည်ကို အကြောင်းပြု၍ "သုသုနာဂ" လုလင်ဟူ၍ တွင်၏။ သုသုနာဂလုလင် ငယ်သောအခါ အဇာတသတ်မင်းသည် ဝေသာလီပြည်ကို စစ်ပြုမည်ဟူ၍ ဘုရားရှင်အား နားတော်လျှောက်သော် လိစ္ဆဝီမင်းမျိုးတို့သည် ညီညွတ်လှသည်ဟူ၍ မိန့်တော်မူ၏။ နှစ်ကြိမ်၊ သုံးကြိမ် လျှောက်သော်လည်း သည်ကဲ့သို့သာ အမိန့်တော်ရှိ၍ စစ်မပြုဘဲ နေလေ၏။

ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသည့်နောက်၌ ဝဿကာရ ပုဏ္ဏားကို ဝေသာလီသို့ သွားစေ၍ လိစ္ဆဝီမင်းတို့ အညီအညွတ်ကို ဖျက်စေပြီးမှ အဇာတသတ်မင်း ချီလေ၍ လုပ်ကြံသော် ဝေသာလီပြည်လုံးကို ရ၍ ရာဇဂြိုဟ်ပြည်သို့ ဆောင်လေ၏။ ။

[၁] ၅၀၄ ဘီစီ [၂] ၄၉၆ ဘီစီ [၃] ၄၇၂ ဘီစီ

### ၉၃။ သုသုနာဂ၊ ကာလာသောက၊ ဘဒ္ဒသေန စသော တစ်ကျိပ်နှစ်ယောက်သော မင်းတို့အကြောင်း

ထိုအခါ သုသုနာဂ လုလင်သည် သူငယ်အဖြစ်ဖြင့် အမတ်ကြီးနှင့်အတူ ပါလေ၏။ အရွယ်သို့ရောက်လေသော် သူရသတ္တိ၊ ဗျတ္တိဗလနှင့် ပြည့်စုံသော အမူအရာ အကျင့်ကို ရာဇပြိဟ် စစ်သူကြီး မြင်လျှင် ထိုအမတ်ကြီးတွင် သားမရှိသည် ဖြစ်၍ သားပြုလေ၏။ အဘစစ်သူကြီး အနိစ္စရောက်လျှင် အဘအရာ စစ်သူကြီးဖြစ်လေ၏။ ထိုသုသုနာဂစစ်သူကြီးသည် ဘုန်း လက်ရုံး ပညာ သဒ္ဓါ သီလနှင့် ပြည့်စုံသည်ဖြစ်၍ နာဂဒါသကို ပယ်ချောက်၍ သုသုနာဂ အမတ်ကြီးကို မင်းမြှောက်ကြလေ၏။ သုသုနာဂအမတ်ကြီး စည်းစိမ်တစ်ဆယ့်ရှစ်၊ သာသနာတော်သက္ကရာဇ် ၉၀–[1]ရောက်သောအခါ သုသုနာဂမင်း အနိစ္စရောက်၍ သားတော်ကာလာသောကမင်း မင်းဖြစ်တော်မူ၏။ ကာလာသောကမင်း နန်းတက်၍ ဆယ်နှစ်ရှိသောအခါ သာသနာတော် သက္ကရာဇ် ၁၀၀–[2]ပြည့်၍ ဝေသာလီပြည်တွင် ကာလာသောကမင်းကို အမှီပြု၍ ရှင်မဟာယသ အမှူးရှိသော ရဟန္တာခြောက်သိန်းတို့သည် ဒုတိယသင်္ဂါယနာ တင်တော်မူ၏။ သင်္ဂါယနာတင်သည့် နောက်၌လည်း ကာလာသောကမင်း နန်းသက် တစ်ဆယ့်ရှစ်နှစ် နေတော်မူ၏။ နှစ်ရပေါင်း မင်းစည်းစိမ် နှစ်ဆယ့်ရှစ်နှစ်။ သာသနာတော်သက္ကရာဇ် ၁၁၈–၉[3] ရှိသောအခါ ကာလာသောကမင်း အနိစ္စရောက်၍ သားတော်ဘဒ္ဒသေနမင်း အစရှိသော ညီတော်နောင်တော် တစ်ကျိပ်တို့သည် နှစ်ဆယ့်နှစ်နှစ်ပတ်လုံး မင်းပြုတော်မူကုန်၏။

သားတော်တစ်ကျိပ်တို့ အမည်ကား–ဘဒ္ဒသေနမင်း၊ ကောရဏ္ဍဝဏ္ဏမင်း၊ ပင်္ဂုရမင်း၊ သဗ္ဗဉ္စမင်း၊ ဇာလိကမင်း၊ ဥဘကမင်း၊ ကုဉ္စသမင်း၊ ကောရဗျယမင်း၊ နန္ဒိဝဍ္ဍနမင်း၊ ပဉ္စမကမင်းတို့တည်း။ ထိုတစ်ကျိပ်သော မင်းတို့တွင် အဆုံးစွန်ဖြစ်သော ပဉ္စမကမင်း–မင်းပြု၍ သာသနာတော် သက္ကရာဇ် ၁၄၀–[4] ရောက်သောအခါ ခိုးသူကြီး နေမှာသည် ပဉ္စမကမင်းကို သတ်၍ ဥဂ္ဂသေန ဟူသော အမည်ဖြင့် မင်းပြုလေ၏။

### ၉၄။ ဥဂ္ဂသေနမင်းမှ စ၍ မင်းကိုးယောက်တို့ အကြောင်း

ခိုးမှူးဥဂ္ဂသေန အကြောင်းကား ဤသို့တည်း။ ဝေသာလီပြည်စွန်၌ ခိုးသူကြီးတစ်ယောက်သည် အပေါင်းအဖော်တို့ကို များစွာညီညွတ်၍ ပြည်ရွာများကို လုယက်ဖျက်ဆီးကြသတည်း။ ဖျက်ဆီး၍ရသော ဥစ္စာတို့ကို ဥစ္စာရှင်ကိုပင် အထမ်းအပိုးထည့်၍ ပို့စေပြီးမှ လွှတ်လိုက်သတည်း။ တစ်ရံရောအခါ ခွန်အားနှင့်ပြည့်စုံသော သူတစ်ယောက်ကို ဖမ်း၍မိလေသော် ဥစ္စာထမ်း ထည့်လေ၏။ ထိုဥစ္စာကို ထမ်းရသောသူသည် ခိုးသူတို့ကို မေးလေ၏။ "ဟယ် အချင်းတို့– သင်တို့ လုပ်ဆောင်သောအမှုသည် အဘယ်အလုပ်အဆောင်ကို ပြုကုန်သနည်း၊ ငါ့ကို ဆိုပါလော"ဟု မေး၏။ ခိုးသူတို့လည်း "ဟယ် အချင်း– ငါတို့ကား လယ်ထွန်ခြင်း၊ နွားမွေးခြင်း အမှုကိုပယ်၍ ကျေးစွန် ရွာနားတို့ကို ဖျက်ဆီးခြင်း အစရှိသော အနိုင်အထက် လုယက်သော အမှုကိုပြု၍ ဥစ္စာရှာသတည်း။ ရသောဥစ္စာဖြင့် သောက်စားသုံးစွဲ၍ ရွှင်လန်းစွာလျက် အသက်မွေးသတည်း" ဟု ဆိုကုန်၏။ ထိုယောကျ်ားလည်း ခိုးသူတို့ စကားကို ကြားလျှင် ကြိုက်နှစ်သက်၍ ခိုးသူ ပြုလေ၏။ အခါတစ်ပါး ရွာတစ်ရွာသို့ဝင်၍ လုယက်ကြလေသော် ရွာသားတို့က ဟန့်နိုင်လေသဖြင့် ခိုးသူတို့ကို ဖျက်ဆီးလေ၍ ခိုးမှူးကိုလည်း သတ်ရလေ၏။ ခိုးသူငယ်တို့လည်း ပရမ်းပတာ

---

၁။ ၄၅၄ ဘီစီ ၂။ ၄၄၄ ဘီစီ ၃။ ၄၂၆ ဘီစီ ၄။ ၄၀၄ ဘီစီ

ပြီးလျှင် နိုးသူကြီးကို ရှုတလျှက် ငိုမြည်တမ်းကြကုန်၏။ နိုးသူ ဖြစ်လေသော သုံ့ရှေ ယောကျ်ားလည်း "ဟယ် အချင်းတို့- နင်တို့ နိုးမှုးသာလျှင် ကြီးကြီးငယ်ငယ်သော အမှု စီရင်နိုင်လတ္တံ့" ဟု ဆိုလျှင် နိုးသူငယ်တို့လည်း စီရင်နိုင်သည်လော၊ ငါလည်း နင်တို့နိုးမှုးကဲ့သို့ စီရင်နိုင်လတ္တံ့" ဟု ဆိုလျှင် နိုးသူငယ်တို့လည်း ယောကျ်ားလည်း အားပါးရှ၍ နိုးမှုးအရာ ထားကြလေ၏။ ဤသို့ နိုးမှုးအရာ တည်သော ယောကျ်ားလည်း လုပ်ရည် ကြံရည် လက်ရုံး ပြင်းခေါင်းနှင့် ပြည့်စုံသူဖြစ်၍ နိုးမှုးငနွှာ ဟု ထင်ရှားစွာဖြစ်၏၊ အ ထိုသူ့ လက်အောက်လည်း ညီရှစ်ယောက်တို့ကို အမှုထမ်းစေ၍ တစ်ရံရောအခါ အညွှတ် ရည်းဝေး၍ တိုင်ပင်ကြကုန်၏။ "ရပ်ရွာနှင့်ပြည်နှား၌ နေကုန်သောသူတို့ကို လုယ ဖျက်ဆီး၍ပြုသော အမှုကား ရှဲ့စွမ်းသော သူရဲကောင်းတို့၏ အမှုမဟုတ်။ ပြည်ကြီးမြို့ကြီး လုပ်ကြံနိုင်အောင် ကြိုးကုတ်၍ တိုက်လံသော အမှုသာလျှင် သူရဲကောင်းတို့၏ လက္ခ ဖြစ်သည်" ဟူ၍ တိုင်ပင်ကြပြီးသော် "သည်အရေးသည် အရေးသင့်လှ၏။ သည်အတိုင်း ညီညွတ်ကြစေ" ဟူ၍ ဆိုပြီးလျှင် အလုံးအရင်းများအောင် ဆည်းပူး၍ ရုံးစည်းမိလျှင် ပဌမ မင်းကို စစ်ပြုလေ၏။ မင်းလည်း ဝိနိယလုံ့လ အလုပ်အကြံ လျှော့မေ့ချေ၍ မင်းအဖြစ် နိုးမှုးငနွှာ လုယ၍ မင်းပြုလေ၏။ မင်းဖြစ်ပြီးလျှင် ဥဂ္ဂသေနဟု တွင်၏။

ထိုမင်းတို့၏ အကြောင်းကိုထောက်၍ ပြည်ကြီး၏အရှင် ဖြစ်တော်မူသော မင်းတို့သည် ဝိရိယလုံ့လကို မလျှော့စေအပ်။ ပြည်ရွာတိုင်းကားတွင် အမှုအခင်း ရှိရှိသမျှကို သိရ၊ ကြား အောင် သူလျှိုလွှတ်၍ မပြတ် နားခံစေသင့်သည်။ ဥမဂ်ဇာတ်၌လည်း ဝိဒေဟတိုင်းကို စမ္မူဒီပ ကျွန်း အပြင်၌ နေကုန်သော တစ်ရာတစ်ပါးသော မင်းတို့နှင့်တကွ စူဠနီဗြဟ္မဒတ်မင်း အကြိမ်ကြိမ် လုပ်ကြံသော်လည်း လုံ့လဝိရိယ ပရိယာယ်ဝေဝုစ်တို့ဖြင့် **မဟောသဓာ** စီရင်လေ သောကြောင့် အောင်ခြင်းကို မရချေ။ နိုးမှုး **ဥဂ္ဂသေနမင်း**လည်း မင်းဖြစ်၍ များမကြာ အနိ ရောက်လေ၏။ ညီရှစ်ယောက်တို့သည် ဥဂ္ဂသေနမင်း မရှိလျှင် အစဉ်အတိုင်း မင်းပြုကြကုန်၏၊ ဥဂ္ဂသေန အစရှိသော ကိုးယောက်သော မင်းတို့သည် နှစ်ဆယ့်နှစ်နှစ်တိုင်အောင် မင်းပြု ကုန်၏။ ကိုးယောက်သော မင်းတို့၏ အမည်ကား-ဥဂ္ဂသေန **နန္ဒမင်း၊ ပဏ္ဍုကာ နန္ဒမင်း၊ ပဏ္ဍုကတိသ နန္ဒမင်း၊ ဘူတပါလနန္ဒမင်း၊ ရောဌသာပါလနန္ဒမင်း၊ ဂေါဝိသာဏနန္ဒမင်း၊ ဒသသိဒ္ဓကနန္ဒမင်း၊ ကေဝဋ္ဋနန္ဒမင်း၊ ဓနနန္ဒမင်း**တည်း။ ထိုကိုးယောက်သော မင်းတို့တွင် အဆုံး ဖြစ်သော ဓနနန္ဒမင်းကို စာဏက္ကပုဏ္ဏား လုပ်ကြံ၍ သာသနာတော်**သက္ကရာဇ် ၁၆၂-ခု**[၁] တွင် **စန္ဒဂုတ္တ** မင်းဖြစ်တော်မူ၏။ စန္ဒဂုတ္တမင်းကို **စာဏက္ကပုဏ္ဏား** မင်းမြှောက်လေ၏။

## ၉၅။ စာဏက္ကပုဏ္ဏား အကြောင်း

စာဏက္ကပုဏ္ဏား အကြောင်းကား ဤသို့တည်း။ တက္ကသိုလ်ပြည်၌ စာဏက္ကပုဏ္ဏားသည် ကား ဗေဒင်သုံးပုံကိုလည်း အပြီးတိုင်အောင် တတ်မြောက်စွာ၏။ မန္တ ရား ဆေးဝါးကိုလည်း တတ်မြောက်စွာ၏။ ဥပါယ်တံမျဉ် ပရိယာယ် ဝေဝုစ်၌လည်း လိမ္မာစွာ၏။ အလှည့်အပတ် ပဋိဘာန်ပညာလည်း လျင်၏။ အထူးထူးသော နိဒါန်း ကျမ်းဂန်တို့ကိုလည်း ဆောင်နိုင်၏၊ ထိုးဖြုဆောင်းထိုက်သော ဘုန်းပညာနှင့်လည်း ပြည့်စုံသည်ဟူ၍ ကျော်စောထင်ရှား၏။ အ မရှိ၍ အမိဖြစ်သော ပုဏ္ဏေးမကို လုပ်ကျွေးမွေးပေးသသူဟူ၍ အများကြည်ညိုကုန်၏။ အ တစ်ပါးသော ကာလ၌ အမိပုဏ္ဏေးမသည် မိမိသား မင်းဖြစ်လတ္တံ့သော ကျော်စောခြင်း

[၁] ၃၈၂ ဘီစီ

ကြားလတ်သော် "ငါ့သားတည်း မင်းဖြစ်လတ်မူကား မင်းတို့မည်သည် မင်း၏ အဖြစ်ကို ရသည်ရှိသော် မွေးသည့် မိခင်ကိုသော်လည်း ချစ်ခြင်း ကင်းသည်ဖြစ်၍ မေ့လျော့တတ်သော သဘောရှိ၏။ ငါ့သား မင်းဖြစ်သော် ငါ၌ ချစ်ခြင်း ကင်းသည်ဖြစ်၍ မွေးကျွေးမည်သူ မရှိ၊ ကိုးကွယ်ရာ မရှိလတ္တံ့သတည်း"ဟု ငိုမြည်တမ်းလေ၏။ ဓာနုက္ကပုဏ္ဏားလည်း "ငါမင်းဖြစ်အံ့ သည်၏ ဘုန်းအသရေသည်ကား အဘယ်မျှ တည်သနည်း"ဟု မယ်တော်အား မေးပြန်လေ၏။ မယ်တော်လည်း "ငါ့သား အစွယ်လေးချောင်း၌ တည်သည်" ဟူ၍ ဆိုပေ၏။ ဓာနုက္ကပုဏ္ဏား လည်း မင်းဖြစ်ရသောထက် အမိကို လုပ်ကျွေးရသော် ကောင်းမြတ်၏ဟု မိမိအစွယ်ကို ရိုး၍ အမိကို လုပ်ကျွေးမွေးလေ၏။

ဤသို့ဖြစ်သောကြောင့် မိဘကျေးဇူးကို သိသောသူသည် မင်းအဖြစ်ကို စွန့်၍ မယ်တော် ကို လုပ်ကျွေးမွေးသောသူ ဟူ၍ လူတကာအပေါင်းတို့ ချီးမွမ်းချီးမြှောက်ရာ၏။ ဓာနုက္ကပုဏ္ဏား ကား အဆင်းလည်းမလှ၊ ခြေလက်ခွင်ခြင်း အစရှိသော အဖြစ်အားဖြင့် ကိုယ်၏ သဏ္ဌာန်လည်း မကောင်း။ ဤသို့ ဖြစ်တုံလျက် မင်းဖြစ်အံ့သည် ကျော်စောပြီးမှ မိမိသွားကိုချိုး၍ ကိုယ်၏ အင်္ဂါ လက္ခဏာကို ရွတ်သတည်း။ ထိုပုဏ္ဏား၏ အကျင့်ကို ထောက်သဖြင့် မိခင်၊ ဖခင်တို့ ကျေးဇူးကိုသိသော သား၊ သမီးသည် အလွန်လျှင် ဖြစ်ခဲလှ၏ ဟူ၍ အစဉ်ဆိုစရာ ဖြစ်သတည်း။

အခါတစ်ပါး ဓာနုက္ကပုဏ္ဏားကား အမေးပုစ္ဆာပြဿနာ အထွေအပြားကိုရှာမှီး၍ အစဉ် သွားသဖြင့် ပုဗ္ဗပုရ မည်သော ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။ ပါဋလိပုတ်ပြည်၌ ဓနနန္ဒ မင်းကား– ကုဋေရှစ်ဆယ်မကသော ဥစ္စာလည်း ကြွယ်ဝ၏။ ဝန်လည်း တိုစွာ၏။ ရှိသောဥစ္စာ တို့ကိုလည်း သူတစ်ပါး မရသာအောင် မြေရေအထဲ၌ မြှုပ်၍ထား၏။ ဂင်္ဂါမြစ်ကို ဆည်ပြီးလျှင် အလယ်၌ ကျောက်ဆောင်ကမ်းပါးကို တူးထွင်းစေ၍ ဥစ္စာရွှေငွေတို့ကို သိုထားပြီးမှ ကြီးစွာသော ကျောက်ဖျာတို့ဖြင့် အပေါ်က ဖုံးပိတ်ပြီးလျှင် ရေမဝင်သာအောင် ကြေးရည်၊ သလွဲရည်တို့ဖြင့် ပိတ်ဆို့စေ၍ ခံယဉ်းစွာပြုပြီးမှ ဂင်္ဂါမြစ်ရေကို စီးမြဲစီးပြန်စေ၏။ မင်း၏နိုင်ငံတွင် ဖြစ်သရွေ့ သော မြက်, ထင်းမျှ မလွတ်၊ အဖိုးအခွန်ရအောင်ပြု၍ ရွှေငွေဖြစ်ကြောင်း ဆည်းပူး၏။ နောက် ပြီးသောအခါ ဓနနန္ဒမင်းသည် ဥစ္စာတို့ကို မြှုပ်ထားအပ်၏ ဟူသော အယူကိုဖျောက်၍ စွန့်ကြဲ လိုသော သဘောဖြင့် ဝန်တိုခြင်းဟူသော အညစ်အကြေး ကင်း၏။ မင်းရင်ပြင်၌ မဏ္ဍပ်ကနား ဆောက်စေ၍ ပုဏ္ဏားကြီးအား တစ်သိန်းတန်၊ ပုဏ္ဏားငယ်တို့အား တစ်သောင်းတန်သော ဝတ္ထုတို့ကို စီရင်၍လှူ၏။ ဓာနုက္ကပုဏ္ဏားလည်း ပုဏ္ဏားကြီးများ အညာက နေလေ၏။ ထိုအခါ ဓနနန္ဒမင်းသည် များစွာသော မင်းစည်းစိမ် အခြံအရံဖြင့် တောက်ပစွာလျက် အလှူမဏ္ဍပ်သို့ ဝင်လေ၏။ ပုဏ္ဏားကြီးများ အညာနေရာက နေသော ဓာနုက္ကပုဏ္ဏားကိုမြင်လျှင် မကြိုက်စွာသဖြင့် ဤပုဏ္ဏားကို နှင်ထုတ်လေဟု ဆို၏။ အလှူစီရင်သော သူတို့သည်လည်း မနှင်အပ်သော အကြောင်းကို အဖန်ဖန်တလဲလဲ လျှောက်ပေ၏။ မင်းကြီးလည်း မကြိုက်စွာသောအားဖြင့် နှင်ထုတ်လေ ဟု စေ၏။ မင်းကြီး စေသသူတို့လည်း မင်း၏ အာဏာစက်ဖြင့် ငါတို့လာရသည် မဏ္ဍပ်ကနား၌ မနေနှင့် ဟူ၍မျှ မဆိုဝံ့သောကြောင့် အလှူဝတ္ထုကို တပ်ခြင်း တဏှာသည်ကား– စက်ဆုပ်ဖွယ်လျှင် ဖြစ်စွတကားဟူ၍ ဓာနုက္ကပုဏ္ဏားကို အပြစ်မတင်ဝံ့သောအားဖြင့် ပေးမည့်သူ မနှစ်သက် မသဒ္ဓါလျက် တပ်၍ နေခြင်းသည်ကား– စက်ဆုပ်ဖွယ်ရှိစွ တကားဟု တဏှာကိုသာ အပြစ်တင်ကုန်၏။ ဓာနုက္ကပုဏ္ဏားလည်း မင်းချင်းတို့စကားကို ကြားလတ်သော် မင်းတို့မည်သည် ကို ဆန့်ကျင်ဘက်မမှုအပ်ဟူ၍ ရှက်ကြောက်အားကျ ထ၍သွားခဲ့၏။ လည်၌ဝတ်သော ချည်မျှင်

ကြိုးကို အထုံးအထုံးဖြတ်၍ ရောကရားကို တံခါးတိုင်၌ ပုတ်ခွဲပြီးသော မြေပြင်အလုံး၌ ခနန္ဒ မင်းအား အကျိုးမဲ့သာ ဖြစ်စေသောဟု ကျိန်ဆဲ၍ ထွက်ခဲ့၏။ ထိုသို့ ကျိန်ဆဲကြောင်းကို မင်းကြီး ကြားလေသော် မီးအောင် ဖမ်း၍ သတ်လေဟု စေတော်မူ၏။ ပုဏ္ဏားလည်း ပုဆိုး မဝတ်ဘဲ အချည်းနှီး ကျင်သော ဗိန္ဓာဒိ၌ အသွင်ဖြင့် လွတ်အောင် ပုန်းအောင်းလေ၏။ ထိုသတို့သားနှင့် ပဗ္ဗတမည်သော သတို့သားသည် ရှိ၏။ မင်းသားတော် ပဗ္ဗတမည်သော သတို့သားသည် ရှိ၏။ ထိုသတို့သားနှင့်

ထိုအခါ ခနန္ဒမင်းသားတော် ပဗ္ဗတမည်သော သတို့သားသည် မြားယောင်းလေ၏။ မင်းသား ထိုအခါ ခနန္ဒမင်းသားကို မိမိလက်သို့ဝင်အောင် မြားယောင်းလေ၏။ မင်းသား အကျွမ်းဝင်စွာ ပေါင်းယှဉ်၍ မင်းသားကို မိမိလက်သို့ဝင်အောင် ခြင်းအိမ်ကသည် ပြင်သို့ ကို သွေးကြည်း ရအောင်သော အကြောင်း ခဲယဉ်းစွာသောကြောင့် မင်းအိမ်ကသည် ပြင်သို့ ထွက်ရောသားသော မြေထဲဥမင်က ထွက်အံ့သောအခါ မင်းသားမယ်တော်ဝယ် တံခါးဖွင့် အံ့သော သံကောက်ကို ရအောင်ပြု၍ မင်းသားနှင့်တကွ ပြေးထွက်ကြလေပြီးသော ဝိန္ဓာတဝီ မည်သော တော၌ နေလေ၏။

စာနက္ကပုဏ္ဏားကား- တတ်လိမ္မာစွာသော မိမိ အစွမ်းဖြင့် တစ်ကျပ်တန်သော မိမိဥစ္စာ တို့ကို တစ်ထောင်တန်အောင်ပြု၍ ဖြည့်တင်းစေရ ဥစ္စာကံကျွေးတို့ကို ဆည်းပူးလေ၏။ အကုဋေ ရှစ်ဆယ်မျှလောက် ဥစ္စာအစုံအပုံ ဖြစ်လျှင်းဘိသတည်း။ ထိုမျှလောက်ဥစ္စာကို မြှုပ်ထား သိုမှီး၍ ပဗ္ဗတ သတို့သားမှ တစ်ပါးသော မင်းဖြစ်ထိုက်သော ဘုန်းနှင့် ပြည့်စုံသော သူကိုလည်း ရှာသတည်း။ စာနက္ကပုဏ္ဏား ဤသို့ ကြံခြင်းသည်ကား-ခနန္ဒမင်း၌ ပြင်းစွာသော အာဃာတ ရှိသောကြောင့် မင်းအား အန္တရာယ်ပြုသောအခါ မချွတ်မလွဲ အပြီးအစီးသို့ ရောက်စေလို၍ ဥစ္စာဝန်းတို့ကို များစွာ ဆည်းပူးသတည်း။ မင်းလျာကိုလည်း အလှည့်အလည် ရှာမှီးသတည်း။

ဤသို့ဖြစ်သောကြောင့် ပြည်ကြီးအရှင် ဖြစ်တော်မူသော မင်းတို့မည်သည်ကား- အမျက် ထွက်စေ ထွက်ဖွယ် ရှိပြီးသော်လည်း ပယ်သိမ်းသော သူတို့ထက် အလွန်လျှင် ငုံဆည် တွယ်တာ ထောက်ထား တော် မူရာသတည်း။

ထို့ကြောင့် ဘုရားရှင် ဟောတော်မူသော တရားတော်၌လည်း မင်းတို့ကို အသယှသာယီ- ဟူ၍ ဟောတော်မူသတည်း။ အသယှသာယီ ဟူသော ပါဠိတော်သည်ကား- သူခပ်သိမ်းတို့ သည်းမခံနိုင်သော အရာကို သည်းခံရာသည် ဟူသတည်း။ ဘုရားရှင် လက်ထက်တော်၌ ပသေနဒီ ကောသလမင်းကြီးသည် ဘုရားရှင်ရှေ့တော်တွင် ခစားနေခိုက် တိတ္ထိတက္ကတွန်းတို့ မင်း၏အနီး၌ သွားသည်ကိုမြင်သော် ထ၍ ရှိခိုးလိုက်သတည်း။ ထိုသို့ ရှိခိုးခြင်းသည်ကား ကိုးကွယ်ရာ ဖြစ်သည်ဟူ၍ ရှိမခိုး။ တိတ္ထိတို့၏ အယူသည် မင်း၏နိုင်ငံ၌နေ၍ ရှိခိုးခြင်းကိုမျှ မရပါဟု ရန်ညှိုးထားလတ္တံ့သည်ကို ရည်၍ ရှိခိုးလိုက်သတည်း။

ဤသို့ဖြစ်သောကြောင့် အကြင်မင်းတို့မည်သည်ကား- နိုင်ငံတွင်းတွင် ရှိနေကုန်သော သူတို့အား ရင်တော်၌ဖြစ်သော သားကဲ့သို့ ပြုကျင့်ရာသတည်း။ ထိုသို့ ပြုကျင့်တော်မူသည်ဖြစ်မှ ပြည်သူအပေါင်း တို့ စကရာဇ်မင်းမြတ်၏ အကျိုးစီးပွားတော်ကို လိုသဖြင့် ချမ်းသာစွာ မင်း၏စည်းစိမ်ကို ခံစားရ ရာသည်။ ။

## ၉၆။ စန္ဒဂုတ္တ သတို့သား အကြောင်း

စာနက္ကပုဏ္ဏား ကံကျေးဥစ္စာ များစွာ သိုထား၍ ပဗ္ဗတ သတို့သားနှင့်တကွ မင်းလျာ ဖြစ်ထိုက်သောသူ တစ်ယောက်ကို ရှာလတ်သော် စန္ဒဂုတ္တသတို့သားကို တွေ့လေ၏။ စန္ဒဂုတ္တ

အကြောင်းကား- ဤသို့တည်း။ ဘုရားမြတ်စွာ ထင်ရှားရှိတော်မူသောအခါ ဝိဋူဍဘ အမည်ရှိသော မင်းသည် **သာကီဝင်မင်း**တို့ကို စစ်ပြုလေ၍ သာကီဝင်မင်းတို့ ပျက်လေ၏။ ထိုသို့ ပျက်စီးရာတွင် အချို့သော သာကီဝင်မင်းတို့သည် အသက်လွတ်ကြောင်း တောတောင်အရပ်ကို မှီ၍ နေလေကုန်၏။ ထိုအခါ ဥဒေါင်း၊ ကြိုးကြာသံတို့ဖြင့် မွေ့လျော်ဖွယ်ရှိသော အရပ်ကို မြို့တည်၍ **မောရိယ**ဟု တွင်၏။ အခါတစ်ပါး မောရိယပြည်ကို ရန်သူတစ်ပါး နှိပ်စက်လေ၍ ပျက်ခဲ့လျှင် မောရိယမင်း၏ မိဖုရားကား ဝမ်းတွင် ပဋိသန္ဓေနှင့် အသက်လွတ်မည့် အကြောင်းကို မောင်တော်တို့နှင့် ရှောင်ရှား၍နေရာတွင် ပါဋလိပုတ်ပြည်သို့ ရောက်လာ၍ ပဋိသန္ဓေသည် ရင့်၍ဖွား၏။ နတ်တို့ မ သောအားဖြင့် သတို့သားကို အိုးသစ်တွင်ထည့်၍ နွားခြံတံခါး၌ ထားလေသတည်း။ နတ်တို့ အာနုဘော်အားဖြင့် မယားသက သတို့သားကဲ့သို့ စန္ဒမည်သော နွားလားဥသဘသည် အထိအပါး မရှိရလေအောင် စောင့်ရှောက်ပေ၏။ နွားထိန်းယောကျာ်းသည် သတို့သားကို မြင်သော် ချစ်သနားခြင်း ပြင်းစွာဖြစ်၍ မိမိသားနှင့်အတူ မွေးမြူလေ၏။ စန္ဒမည်သော နွားလား ဥသဘ စောင့်သည်ကို အကြောင်းပြု၍ စန္ဒဂုတ္တဟု မှည့်လေ၏။

စန္ဒဂုတ္တသတို့သားသည် နွားကျောင်းသားအရွယ်သို့ ရောက်လတ်သော် မုဆိုးတစ်ယောက် မြင်လေ၍ ချစ်စုံမက်သောအားဖြင့် နွားထိန်းကိုတောင်း၍ မွေးပြန်လေ၏။ ထိုအခါ စန္ဒဂုတ္တ သတို့သားကား နွားကျောင်းသားတို့နှင့် ကစားသော် မင်း၏အဟန်ဆောင်၍ သူငယ်ဖော်တို့ကို အိမ်ရှေ့မင်း အဟန်၊ စစ်သူကြီး အဟန်၊ အပါးတော်စေ သူငယ်တော်အဟန် ပြုစေ၍ နိုးသူ တစ်ယောက် မိ၍ ဆက်လာဟန် ပြုစေပြီးသော် အပြစ်ရှိ-မဲ့ကို မေးမြန်းစိစစ်ပြီး လက်ခြေ ဖြတ်ကောင်းသောအပြစ်ကို ခံတန်၏ဟု တရားသူကြီး ဆုံးဖြတ်သည့်အတိုင်း မင်းမှာ လျှောက်လေသော် မင်းလည်း လက်ခြေဖြတ်လေဟု စေ၏။ စေသူတို့လည်း ဖြတ်စရာပုဆိန် မရှိဟူသော် လှန်ကန် အရိုးတပ်သော ဆိတ်ရိုးပုဆိန်ဖြင့် စန္ဒဂုတ္တမင်း၏ အာဏာတော်ဟူ၍ ဖြတ်လေ၏။ လက်ခြေပြတ်သော အဟန်ကိုလည်း ဆောင်ပေ၏။ စန္ဒဂုတ္တမင်း ဘုန်းအာဏာဖြင့် လက်ခြေ အတိုင်း ရှိပြန်စေသည် ဟူ၍လည်း အတိုင်းဖြစ်ပြန်စေ၏။ ထိုသို့သော အကြောင်းကို စာနက္က ပုဏ္ဏား ကြားမြင်လေသော် အံ့ဖွယ်သရဲ ဖြစ်ဘိ၏တကားဟု ဥစ္စာတစ်ထောင် မုဆိုးကိုပေး၍ မေဒင်အတတ်သင်အံ့ဟု စန္ဒဂုတ္တကို ယူလေ၏။ လက်သို့ ရောက်ပြီးလျှင် တစ်ထောင်တန်သော ရွှေနပေတန်ဆာကိုလုပ်၍ တမှတ်ကြိုးသိုပြီးလျှင် လည်၌ဆင်စေပေ၏။ ပဗ္ဗတ သတို့သားကိုလည်း ထို့အတူ ၎င်းဆင်စေပေ၏။ မင်းသားနှစ်ပါးတို့သည် အခါလေးမြင့် ပုဏ္ဏားလက်၌ ကြီးပြင်း လတ်သော် အသီးအသီး မင်းသားတို့မက်သော အိပ်မက်ကိုလည်း ဆရာပုဏ္ဏားအား ပြန်ကြား လေ၏။ ပုဏ္ဏားလည်း ပြန်သောအိပ်မက်ကို ကြားလေသော် ပဗ္ဗတ သတို့သားကား မင်းမဖြစ်၊ စန္ဒဂုတ္တ သတို့သားကား ဇမ္ဗူဒီပါကျွန်းအပြင်၌ မင်းဆုံး ဖြစ်လတ္တံ့သည်ဟု သိ၏။ ထိုသို့ သိငြားသော်လည်း မင်းသားတို့ကို မကြားသိစေဘဲ ခပ်မဆိတ် နေလေ၏။ ။

## ၉၇။ စန္ဒဂုတ္တမင်းသား မနန္ဒမင်းကို လုပ်ကြံခြင်း အကြောင်း

တစ်ရံရောအခါ တောအရပ်၌ ချုံပုတ်ပေါင်းတွင် အိပ်ကြလေ၏။ ဆရာပုဏ္ဏား ရှေးဦးစွာ နိုး၍ ပဗ္ဗတ သတို့သားကို နှိုးပြီးလျှင် ပဗ္ဗတသတို့သားလက်တွင် သန်လျက်ကိုထည့်၍ စန္ဒဂုတ္တ လည်တွင်ဆင်သော တန်ဆာကြိုးကို မဖြေ၊ မဖြတ်၊ မချွတ်ဘဲ ရအောင် ယူချေဟု စေ၏။ ပဗ္ဗတသတို့သားလည်း ယူအံ့ဟု သွားလေသော် မဖြေ၊ မဖြတ်၊ မချွတ်ဘဲ မရသာ ဟူ၍

ပြန်ခဲ့၏။ အခါတစ်ပါး ထိုသို့လည်းကောင်း ကြိုက်လတ်တဲ့သော် စန္ဒဂုတ္တကို ရှေးကဲ့သို့ စေပြ ၏။ စန္ဒဂုတ္တ သတို့သားလည်း ပဗ္ဗတသတို့သား အိပ်ရာသို့ သွားလေ၍ စုံစမ်းလတ်သော မခြေ၊ မဖြတ်၊ မချွတ်ဘဲ မရသာ ဟူ၍ ပဗ္ဗတလုလင် ဦးခေါင်းကို ခုတ်ဖြတ်၍ လည်တွင် ဝတ်သော တန်ဆာကို ယူခဲ့၏။ ဆရာပုဏ္ဏားလည်း ထိုကိုမြင်သော် ခပ်မဆိုတ်နေ၍ စန္ဒဂုတ္တ သတို့သား အစွယ်သို့ ရောက်လေသော် ဆောင်အတတ်ပညာ သင်၍ အတတ်အလိမ္မာ အကြား အမြင်နှင့် ပြည့်စုံ၏။ လုပ်ရည်ကြံရည် ရှိလတ်သော် ကံကျွေးအလို့ငှာ မြှုပ်၍ထားသော ဥစ္စာ ရွှေငွေတို့ကို ဆောက်နှင်း၍ ပြည်ထဲအရေးကို လုပ်ကြံရာ၌ အဖော်သဟဲ ပြုခြင်းသည်ကား အရာမသင့်သည်ရှိသော် ခဲယဉ်းစွာ၏ဟု ဆောက်မေ့၍ စာနက္ကပုဏ္ဏား ရှောင်ရှား၍နေလေ၏၊ စန္ဒဂုတ္တမင်းသားလည်း တံခိုးရတနာ ဥစ္စာအားဖြင့် ရဲမက်ဗိုလ်ပါများစွာ အပေါင်းအစည်းဖြစ်၍ စနန္ဒမင်းအား စစ်ပြုလေ၏။ အလယ်အရွှန်နေသော ပြည်သူရွာသားတို့သည် အဆင့်အဆင့် ဆီးကြို၍ တိုက်နှင်လေသောကြောင့် စန္ဒဂုတ္တမင်းသား ရဲမက်တို့ ပျက်ချေ၏။ ။

## ၉၈။ စနည်းနာ၍ လုပ်ကြံမှ မင်းဖြစ်ခြင်း အကြောင်း

ထိုသို့ ပျက်ချေသောကြောင့် စနည်းတဘောင် နာရလေ၏။ နာသူတို့လည်း ရွာငယ် တစ်ခုသို့ဝင်၍ နားခိုကြလေသော် ရွာနေမုန့်သည်မိန်းမတစ်ယောက်သည် သားကိုမုန့်စားစေ၏၊ သူငယ်လည်း အမိပေးသောမုန့်ကို အနားဝန်းကျင်ကစ၍ မစားဘဲ အလယ်သား ညှံ့ရာကိုသာ စား၍ မစားနိုင်၊ ပူသောကြောင့် တောင်းပြန်တဲ့တဲ့ပြု၏။ သူငယ်အမိလည်း သားမုန့်စားသည်ကို မြင်လျှင် "နင်မုန့်စားသည်ကား စန္ဒဂုတ္တမင်းသား ပြည်ထဲရေးကို လုပ်ကြံသည်နှင့် တူ၏တကား" ဟုဆို၏။ သားသူငယ်လည်း "အမိ– ငါကား အဘယ်သို့ မုန့်စားသနည်း၊ စန္ဒဂုတ္တမင်းသားကား အဘယ်သို့ ပြုသနည်း"ဟု မေး၏။ အမိလည်း "ချစ်သား– နင် မုန့်ကို အစွန်အနားက စ၍ မစားဦးဘဲ အလယ်ကို ထွင်း၍ စားသောကြောင့် ပူ၍ မစားနိုင်ဖြစ်၏။ စန္ဒဂုတ္တမင်းလည်း မင်းဖြစ်လိုသည်ဟူ၍ ပြည်ထဲရေးကို လုပ်ကြံသည်။ ပြည်စွန်ရွာနားက စ၍ မသိမ်းမယူ၊ မင်းနေပြည် အလယ်သို့ ဝင်၍ လုပ်ကြံချေသောကြောင့် မင်းအဖြစ်ကို မရဘဲ ပျက်ချေ၏။ ဤသို့ ဖြစ်သောကြောင့် နင်အမူနှင့် စန္ဒဂုတ္တမင်းသား အမူသည် တူကြသည်"ဟုဆိုပေ၏။ ဤသို့ ဆိုသောစကားကို နာခံသောသူလျှိုတို့ ကြားလေသော် ကြားတိုင်းသောစကားကို စာနက္ကပုဏ္ဏားနှင့် စန္ဒဂုတ္တမင်းသားအား ကြားပေ၏။ စန္ဒဂုတ္တမင်းသားလည်း ကြားခဲ့သောစကားကို နည်းယူ၍ ရဲမက်ဗိုလ်ပါ ရုံးစုပြီးသော် အစွန်အနား ရွာကြီးရွာငယ်တို့ကို လက်နက်နိုင်ငံဖြစ်အောင် သိမ်းယူပြီးမှ ပဋ္ဌပုရပြည်သို့ဝင်၍ စနန္ဒမင်းကို လုပ်ကြံလတ်၍ မင်းအဖြစ်ကို ယူလေ၏၊ စာနက္ကပုဏ္ဏားသည် ရှေးဦးစွာက လည်တွင်ဝတ်သောကြိုးကို အပိုင်းအပိုင်းဖြတ်၍ မိမိ သောက်သော ကရားကို ပုတ်ခွဲပြီးသော် မြေပြင်အလုံး စနန္ဒမင်း၏ စီးပွားမဲ့သာ ဖြစ်စေသော ဟူ၍ ကျိန်ခေါက်ရက် ကြံသောအကြံသည် အပြီးသို့ရောက်လေ၏။ စာနက္ကပုဏ္ဏားလည်း စန္ဒဂုတ္တကို ဘိသိက်မသွန်းဦးဘဲ စနန္ဒမင်းသည် ခဲယဉ်းစွာမြှုပ်ထားသော အရပ်တို့ကိုသိသော တံငါကြီး တစ်ယောက်အား ညွှန်စေလို၍ မင်းမြှောက်လေ၏။ တံငါကြီးလည်း အကြွင်းအကျန် မရှိအောင် ညွှန်၍ ဥစ္စာအပေါင်းတို့ကို ရပြီးမှ တံငါကြီးကို သတ်၍ စန္ဒဂုတ္တအား မင်းမြှောက်၍ ရာဇာဘိသေက ခံစေ၏။

ဤသို့ စနန္ဒမင်း အကြောင်းကိုထောက်၍ ရှေးမြေ အရှင်ဖြစ်သော မင်းတို့သည် မင်းတို့၏

သကြိုဟ်ခြင်း လေးပါးနှင့်အညီ ကျင့်ရသည်ဟူ၍ ဘုရားရှင် ဟောတော်မူ သည်။ ထိုသို့ သင်္ဂြိုဟ်ခြင်း လေးပါးတွင် ပါစာဓေယျ ဟူသော ချစ်ဖွယ်သော စကားကို ဆိုခြင်းသည်ကား ခပ်သိမ်းသောသူ အပေါင်းတို့သည် နှလုံးချမ်းမြေ့သည် ဖြစ်၍ ကောင်းသော ဆုကိုသာ ယူကုန်၏။

ထိုမှတစ်ပါးလည်း ပြည်ထဲရေးကို လုပ်ကြသော မင်းတို့သည် မှန်သည်မှ သားငယ် မြည်တမ်း ရေရွတ်သော စကားကိုယူ၍ လုပ်ကြဖူးသောကြောင့် အောင်ခြင်းသို့ ရောက်လေ၏။

ထိုမှတစ်ပါးလည်း ခံမက်စိုလ်ပါတို့ကို ပြည်တင်းသိမ်းမွေ့စေရာ ဥဏ္ဏာကို အလိုရှိ၍ အရှည်နီး မြေခွံမြွပ်၍ မြေခွဲ ရှိလေပြီးသော ဥဏ္ဏာတို့ကို ညွှန်ပြစေခြင်းငှာ တံငါကို မင်းမြောက်တန်ဆာ ငါးပါးနှင့် တကွ မင်း၏စည်းစိမ်ကို ပေးဖူးလေ၏။

ဇာနက္ကပုဏ္ဏားလည်း စန္ဒဂုတ္တမင်းကြီးအား ဆေးထည့်သော အန္တရာယ် မဖြစ်နိုင်အောင် စားသောက်သော အစာဟူသမျှကို အဆိပ်နှင့်ရော၍ စားစေ၏။ မင်းကြီး စားသမျှကိုလည်း မိဖုရားတို့နှင့် မစပ်စေဘဲ အသီးအခြားသာ စားစေ၏။ **စန္ဒဂုတ္တမင်းကြီး** မိဖုရားကား- **မောရိယပြည်**က မယ်တော်နှင့်အတူ ပုဗ္ဗပုရပြည်သို့ ရောက်လာသော မယ်တော့် မောင်တော် သမီးတော် အရင်းတည်း။

တစ်ရံရောအခါ ထိုမိဖုရားသည် ရင့်ပြီးသော ကိုယ်ဝန်နှင့် ဇာနက္ကပုဏ္ဏားစီရင်၍ အဆိပ်နှင့် ရောသောအစာကို မင်းကြီးစားရာဝယ် တစ်လုတ်မျှ ခံတွင်းတွင် ထည့်မိလေ၏။ မင်းကြီးလည်း ထွေးဘိ-ထွေးဘိ ဟူ၍ မိန့်တော်မူသည်။ မိဖုရားလည်း မထွေးခင် လည်ချောင်းသို့ ရောက်လေ၏။ ထိုသို့ရောက်ကြောင်းကို သိတော်မူလျှင် မိဖုရားလည်ကို သန်လျက်ဖြင့် ခုတ်ဖြတ်၍ ဝမ်းတွင်သားကို အလျင်ထုတ်ပြီးသော် ဆိတ်မကြီးဝမ်းကို ဖောက်၍ အလှည့်လှည့် ထည့်ဖန်များသောကြောင့် လေးဆယ့်ကိုးရက်ပတ်လုံး ဆိတ်မကြီးဝမ်းတွင် ထည့်တုံတုံထည့်၍ နေ့ရက်စေ့ပြီးသော် ယူ၍ လုပ်ကျွေးမွေးစေ၏။ အမိဝမ်း၌ မနေရ၊ ဆိတ်ဝမ်းတွင်သာ ရှိ၍ သွေးဖြင့် လိမ်းကျံသောကြောင့် အသားအရေတို့သည် အပေါက်ပေါက်ရှိသည်ကို အကြောင်းပြု၍ **ဗိန္ဒုသာရ** ဟူသော အမည်တွင်၏။ ဗိန္ဒုသာရ မည်သော မင်းသားသည် အရွယ်သို့ ရောက်သော အခါ ခမည်းတော် စန္ဒဂုတ္တမင်းကြီးလည်း နှစ်ဆယ့်လေးနှစ် မင်းမူ၍ အနိစ္စရောက်တော်မူ၏။

## ၉၉။ စန္ဒဂုတ္တမင်း အနိစ္စရောက်ပုံ အကြောင်း

အနိစ္စရောက်ကြောင်းကား- **စန္ဒဂုတ္တမင်းကြီး**ကိုယ်၌ ဒေဝကမ္မဘီလူး ဝင်၍အောင်းသော အားဖြင့် အရှင်ကဲ့သို့ ဖြစ်စေ၏။ ထို့ကြောင့် တစ်ယောက်ချင်း နေသောအခါ၌ ဖောက်ပြန်ခြင်း ဖြစ်၍ ပညာရှိ အစရှိသော ပုဏ္ဏားပုရောဟိတ်တို့ကို စုံစမ်းစေသည်ရှိသော် ဘီလူးဝင်၍ နေလေ သောအားဖြင့် အရှင်ကဲ့သို့ဖြစ်သော အကြောင်းကို သိလေ၍ ခမည်းတော် မရှိပြီ၊ ဘီလူးသာ ခမည်းတော်အယောင်ဆောင်၍ မင်းမူသည်ဟု ဗိန္ဒုသာရမင်းကြီးအား ကြားပေ၏။ မင်းသားလည်း အဟုတ်အဟတ်စူးစမ်း၍ သိရပြီးလျှင် ဘီလူးကိုသတ်ရအံ့သောငှာ ဥပါယ်တံမျဉ်ဖြင့်ကြံ၍ မင်းချင်းနှစ်ယောက်တို့ကို နှုတ်ထည့်၍ ဓားလက်နက်ကို လုကြစေ၏။ သူခပ်သိမ်းတို့ ဖိတားမြစ် ထားသော်လည်း မနိုင်သည်အဟန်ပြု၍ မင်းရှေ့သို့ ရောက်လေကုန်၏။ သားတော်ဗိန္ဒုသာရ မင်းသားလည်း အကျွမ်းဝင်ယောင် မူ၍ ဘီလူးအနီး၌ ခစား၏။ ဘီလူးလည်း ယင်းတို့ နှစ်ယောက်ကို ငြိမ်အောင်ပြုဘိဟူ၍ ဗိန္ဒုသာရမင်းသားကို စေ၏။ ဗိန္ဒုသာရလည်း အကြိမ်ကြိမ်

သွား၍ မဆီးတားနိုင်ကြောင်းကို ဘီလူးအား ကြားပေ၏။ ဘီလူးလည်း မနိုင်သော် ငါ့ထံသို့ ခေါ်ခဲ့၊ ချင်းတို့ကို ငြိမ်းအောင်ဆိုခဲ့ ဟူ၏။ ဗိန္ဒုသာရလည်း ချင်းတို့လက်တွင် လက်နက်နှင့်တကွ ဖြစ်သည်။ သို့သောကြောင့် အထံတော်သို့ မချဉ်းလာစေသည် ဟူ၍ ဆိုပေ၏။ ဘီလူးလည်း ချဉ်းလာစေတော့၊ ငြိမ်းအောင်ဆိုခဲ့ဟု ခွင့်ပေး၏။ ခိုးသူနှစ်ယောက်တို့လည်း လက်နက်နှင့် တကွ ချဉ်းလေလျှင် လက်နက်ကို ဆက်ဟန်ပြု၍ အပါးသို့ချဉ်းရပြီးလျှင် ဓားနှင့်ခုတ်၍ ဘီလူး သေလေ၏။ ဘီလူး သေပြီးမှ ခမည်းတော် အလောင်းတော်ကို သဂြိုဟ်လေ၏။ စန္ဒဂုတ္တမင်း နန်းတက်စည်းစိမ် နှစ်ဆယ့်လေးနှစ်၊ သာသနာတော်သက္ကရာဇ် ၁၈၆-ခု[၁]တွင် အနိစ္စရောက်တော် မူ၍ သားတော် ဗိန္ဒုသာရ ရာဇာဘိသေက ခံတော်မူသည်။ ။

### ၁၀၀။ သားတော်ဗိန္ဒုသာရ မင်းဖြစ်၍ မွေ့မိဖုရားတွင် ချင်ခြင်းငါးပါး အကြောင်း

ပဋိသန္ဓေ ရှိသောအခါ ချင်ခြင်းငါးပါး အကြောင်း

ဗိန္ဒုသာရမင်းကြီး မိဖုရားကား မောရိယမင်း အမျိုးလည်းကောင်းဖြစ်၍ မွေ့မှာဟုသော မွေ့သောကာမင်းကြီး ပဋိသန္ဓေ မှ အမည်နှင့် မိဖုရားမြှောက်တော်မူ၏။ မွေ့မိဖုရားကား မွေ့သောကာမင်းကြီး ပဋိသန္ဓေ ရှိသောအခါ၌ ချင်ခြင်းငါးပါးဖြစ်၏။ ချင်ခြင်းငါးပါး ဟူသည်ကား– ခြေတော်တစ်ဖက်ကား လဝန်းကိုနင်း၍ ကောင်းကင်၌ရှိသော ကြယ်တို့ကို စားချင်၏။ နေဝန်းကို၊ ခြေတော်တစ်ဖက်ကား လဝန်းကိုနင်း၍ ကောင်းကင်၌ရှိသော ကြယ်တို့ကို စားချင်၏။ ကောင်းကင်၌ မြူးသောတိမ်တို့ကို စားချင်၏။ မြေထက် ရောက်သော သစ်ပင်အညွန့် တို့ကိုလည်း စားချင်၏။ မြေထဲ၌ကျစ်သော တီကိုလည်း စားချင်၏။ မွေ့မိဖုရား ဤသို့ ချင်ခြင်းငါးပါး ဖြစ်သော အကြောင်းကို ဗိန္ဒုသာရမင်းကြီး ကြားတော်မူလျှင် ငြိမ်းအံ့သော အကြောင်းတို့ကို ငြိမ်းအောင်ပြု၍ မိဖုရားဆရာ ဖြစ်သော၊ ပညာအလိမ္မာနှင့် ပြည့်စုံသော မိစ္ဆာဒိဋ္ဌိဖြစ်သော ဇရဏာဇီဝကအား မေးတော်မူ၏။ ။

### ၁၀၁။ ဇရဏာဇီဝက ဟောဆိုပုံ အကြောင်း

ထိုဆရာလည်း ဤသို့ဟောပေ၏။ "မိဖုရားဝမ်းတွင်ရှိသော ပဋိသန္ဓေကား ယောက်ျား ဖွားလတ္တံ့။ မင်းလည်း ဖြစ်လတ္တံ့။ မင်းဖြစ်သော်လည်း မင်းမည်ကာမဟုတ်၊ ဇမ္ဗူဒီပါကျွန်း အပြင်ဝယ် ထွန်းတောက်ပသော၊ နေလသဖွယ်ဖြစ်သော မင်းတို့ကို နှိမ်နင်းနိုင်သောမင်း ဖြစ်လေရာသောကြောင့် နေလတို့ကို နင်းချင်သောနိမိတ် ဖြစ်သတည်း။ ကြယ်တို့ကို စားချင် သော နိမိတ်သည်ကား– ညီအစ်ကိုတစ်ဖသားချင်း မင်းသားဟူသမျှကို သတ်ညှစ်လတ္တံ့သော အကြောင်းတည်း။ တိမ်အများကို စားချင်သော နိမိတ်သည်ကား– ဘုရားရှင့်သာသနာတော်၏ အညစ်အကြေး ဖြစ်သော အယူမှားခြင်း တည်းဟူသော မိစ္ဆာဒိဋ္ဌိတို့ကို ဖျောက်လတ္တံ့သော အကြောင်းတည်း။ မြေ၌ကျစ်သော တီကို စားချင်သော နိမိတ်သည်ကား– မြေကြီးအထဲသို့ တစ်ယူဇနာတိုင်အောင် အာဏာစက် နှံ့လတ္တံ့သော အကြောင်းတည်း။ သစ်ပင်၌ သစ်ညွန့်တို့ကို စားချင်သော နိမိတ်သည်ကား– အထက်ကောင်းကင်သို့ တစ်ယူဇနာတိုင်အောင် အာဏာစက် နှံ့ရာသော အကြောင်းတည်း"ဟု ဇရဏာဇီဝက ပညာရှိသည် ဤသို့ ဟောပေသောအခါ မိဖုရားလည်း ထိုသို့သောစကားကို ရွှေပေပြားတွင် ရေး၍ထားပေ၏။ ဤသို့ ဆရာ ဟောသော အတိုင်း မှန်သောအခါ ရတနာအတိပြီးသော ရွှေထမ်းစင်ဖြင့် တင်၍ ကြီးစွာသော ပူဇော်သက္ကာရ ကို ပြုပါမည် ဟူ၍ ဆို၏။ ။

၁။ ၃၅၈ ဘီစီ

### ၁၀၂။ ဓမ္မာသောက မင်းသားကို ဖွားမြင်ခြင်း အကြောင်း

မိဖုရားလည်း နေ့လစေ့သော် **ဓမ္မာသောက** သတို့သားကို ဖွားတော်မူ၏။ သတို့သား ထိုင်တတ်သောအရွယ်သို့ ရောက်သောအခါ မင်းကြီး တင်ထက်၌ နေစေ၏။ ထိုအခါ မင်းကြီး လက်တွင် ခရုသင်း လက်ယာရစ်ကို ကိုင်၍နေစဉ် သတို့သားလည်း ခရုသင်းဝယ် ကျင်ငယ် သွားထည့်၏။ မင်းကြီးလည်း ခရုသင်းနှင့် ကျင်ငယ်ရေကို သတို့သား ဦးထိပ်၌ သွန်းမိလေ၏။ မိဖုရားလည်း ဆရာပညာရှိကိုခေါ်၍ သွန်းမိသောအကြောင်းကို မေး၏။ ဆရာပညာရှိလည်း ယခု သားတော်ကို အဘိသိက်သွန်းသည် မည်၏။ မချွတ်လျှင် ဇမ္ဗူဒီပါကျွန်းအလုံးကို အစိုးရသော မင်းအဖြစ်ဖြင့် အဘိသိက်ခံရလတ္တံ့. အတည်းဟူ၍ ဆိုပြီးမှ ငါဟောသည့်အတိုင်း မှန်လျှင် ငါ့ကိုရှာ လာ၍ပင့်စေဟု အမှတ်ပေးခဲ့၍၊ ယူဇနာတစ်ရာမျှလောက် ဝေးသော အရပ်သို့သွား၍ နေလေ၏။ ဓမ္မာသောကမင်းသား အရွယ်သို့ ရောက်လတ်သော် ခမည်းတော် အိမ်ရှေ့အရာ ပေးတော်မူ၍ အဝန္တီတိုင်း ဥဇ္ဇေနီပြည်ကြီးကို စားစေ၏။ အခါတစ်ပါး အမောင် စားသော ကျေးရွာမှာ နေလေဟု လွှတ်တော်မူ၏။

ဓမ္မာသောကမင်းလည်း ယူဇနာတစ်ရာဝေးသော ဥဇ္ဇေနီပြည်သို့သွားသော် ခရီးအလတ် ယူဇနာငါးဆယ်ရှိသောအရပ်၌ ဝိဋူဒုပ ဘေးကိုကြောက်၍ သာကီဝင်တို့နေသော ဝေဒိသက ပြည်သို့ ရောက်လေသော် ဝေဒိသကပြည်တွင် မှီ၍နေသော သာကီဝင် သူဌေးသမီးဖြစ်သော **ဝေဒိသကဒေဝီ**ကို ယူခဲ့၍ ဥဇ္ဇေနီပြည်ကြီး၌ မင်း၏ စည်းစိမ်ချမ်းသာကို ခံစားတော်မူလေ၏။ ဝေဒိသကဒေဝီကို ယူသည့်နေ့ပင်လျှင် ရှင်မဟိန္ဒမင်းသား ပဋိသန္ဓေ နေတော်မူလေ၏။ **ရှင်မဟိန္ဒ မင်းသား**ကိုဖွား၍ ဖဝါးခြေသင် သွားတတ်ပြီးသော် နှမတော် **သင်္ဃမိတ္တာမင်းသမီး**ကို ဖွားပြန်၏။ မဟိန္ဒမင်းသားနှင့် သင်္ဃမိတ္တာမင်းသမီးကား ဝေဒိသကမိဖုရား၏ သားတော်၊ သမီးတော်တည်း။ အချို့သော သူတို့သည် **အသန္ဓိမိတ္တာမိဖုရား** သားတော်၊ သမီးတော် ဟူ၍ မှတ်မှားကြကုန်သည်။ ။

### ၁၀၃။ ဗိန္ဒုသာရမင်း နတ်ရွာစံကြောင်း

အခါတစ်ပါး ခမည်းတော် **ဗိန္ဒုသာရမင်းကြီး** နာတော်မူသောအဖြစ်ကို ကြား၍ ဥဇ္ဇေနီ ပြည်မှ အလျင်ချီခဲ့သော် ဝေဒိသကမိဖုရားနှင့်တကွ သားတော်၊ သမီးတော်တို့ကို ဝေဒိသက မြို့တွင် ထားခဲ့၍ ပါဋလိပုတ်ပြည်သို့ အလျင်ရောက်လေ၏။ ထိုသို့ ရောက်လေသော် ခမည်းတော်အား လုပ်ကျွေးမွေးမြူခြင်းကိုပြု၍ ခမည်းတော် ဗိန္ဒုသာရမင်းကြီး နန်းတက်စည်းစိမ် နှစ်ဆယ့်ရှစ်နှစ် ရှိသောအခါ သာသနာတော်**သက္ကရာဇ် ၂၁၄–ခု**[1]ရောက်လတ်သော် အနိစ္စရောက်တော်မူ၏။ ။

### ၁၀၄။ ဓမ္မာသောကမင်း နောင်တော် ကိုးကျိပ်ကိုးယောက်ကို လုပ်ကြံခြင်း အကြောင်း

ခမည်းတော် ဗိန္ဒုသာရမင်းကြီး စိုးစံပိုင်းခဲ့သော် ပြည်အလုံးကို လက်နက်မှု၍ မင်းပြုတော်မူလေ၏။ ထိုအကြောင်းကို နောင်တော် သုမနမင်းသား ကြားလတ်သော် ကိုးကျိပ် ကိုးယောက်သော ညီတော်တို့နှင့်တကွ မဟာသမုဒ္ဒရာ လှိုင်းတံပိုးထသော အသံကဲ့သို့ စစ်ကြီး

---

[1] ၃၃၀ ဘီစီ

စီရင်၍ ပါဋလိပုတ်ပြည်သို့ ကပ်လေ၏။ သီရိဓမ္မာသောကမင်းလည်း စစ်မြေအရပ်သို့ ထွက်၍ နှိမ်နင်းတော်မူလတ်သော် နောင်တော် သုမနမင်းနှင့်တကွ ကိုးကျိပ်ကိုးယောက်သော နောင်တော် ညီတော်တို့ကို ဖမ်း၍ သတ်လေ၏။

## ၁၀၅။ နိဂြောဓ သာမဏေ အကြောင်း

နောင်တော်သုမနမင်း၏မိဖုရား သုမနဒေဝီလည်း သုမနမင်းကို သတ်ပြီဟူ၍ကြားလျှင် ရင့်သောကိုယ်ဝန်နှင့်တကွ မထင်ရှားသော ကိုယ်အဖြစ်ဖြင့် ပဋိသန္ဓေကိုဆောင်အံ့သောဝှာ မိ မပေး အမှတ်မရှိသော ဒွန်းစဏ္ဍားရွာကို သွားလေ၏။ ထိုရွာ၌ အကြီးဖြစ်သော ဒွန်းစဏ္ဍား၏ အိမ်မှအနီး ညောင်ပင်ကို စောင့်သောနတ်သည် သုမနဒေဝီကို သည်သို့ လာလော့ဟု ခေါ်၍ လေ၏။ ထိုစကားကို သုမနဒေဝီ ကြားသော် ချဉ်းလေ၏။ ညောင်စောင့်နတ်လည်း တစ်ခုသော အရပ်ကို ဖန်ဆင်း၍နေစေ၏။ သုမနဒေဝီလည်း ထိုသို့ရောက်သောနေ့ပင်လျှင် သတို့သားကို ဖွားလေ၏။ ညောင်စောင့်သောနတ် စောင်မသည်ကို အကြောင်းပြု၍ နိဂြောဓလုလင် ဟု သမုတ်လေ၏။ ဒွန်းစဏ္ဍားအကြီးလည်း နိဂြောဓသတို့သားကို ဖွားသည့်နေ့မှစ၍ မိမိ၏အရှင် သခင်ကဲ့သို့မှတ်လျက် လုပ်ကျွေးလေ၏။ နိဂြောဓသတို့သား ခုနစ်နှစ်အရွယ်သို့ ရောက်လတ်သော် မဟာဝရုဏမည်သော ရဟန္တာသည် သူငယ်အား ရဟန္တာဖြစ်အံ့သော အကြောင်းကို မြင်တော်မူ၍ သူငယ်သည် ခုနစ်နှစ်မြောက်ပြီ၊ ရဟန်းပြုအံ့သော အခါတန်ပြီဟု ကြံလျက် သုမနဒေ မိဖုရားအား ကြား၍ သတို့သားကို ရဟန်းပြုစေ၏။ နိဂြောဓလုလင်သည် တစကမ္မဋ္ဌာန်းကို စီးဖြန်း၍ သင်တုန်းရိတ်သော အဆုံး၌လျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

## ၁၀၆။ သီရိဓမ္မာသောကမင်း အဘိသိက်ခံ၍ မင်းပြုကြောင်း

သီရိဓမ္မာသောကမင်းကြီးအား မိမိနှင့် တစ်မိ တစ်ဖတည်းဖြစ်သော တိဿကုမာရကိုသ ထား၍ တစ်ဖသားချင်းဖြစ်သော ကိုးကျိပ်ကိုးယောက်သော မင်းတို့ကို ဖျောက်၍ လေးနှ တိုင်တိုင် အဘိသိက်မခံဦးဘဲ ပြည်ထဲအရေးကို စီရင်၍ သာသနာတော်သက္ကရာဇ် ၂၁၈-ခု ရောက်သောအခါမှ ရာဇာဘိသေက ခံတော်မူ၏။ ညီတော် တိဿကုမာရကို အိမ်ရှေ့အရာ တော်မူ၏။ ဝေဒိသကဒေဝီလည်း မဟိန္ဒမင်းသားနှင့် သင်္ဃမိတ္တာမင်းသမီးကို ပါဋလိပုတ် ပြည်သို့ပို့စေ၏။ မယ်တော် ဝေဒိသကမိဖုရားကား- ဝေဒိသကပြည်တွင်ပင် နေတော် လေ၏။ သီရိဓမ္မာသောကမင်းသည် ဇမ္ဗူဒီပါကျွန်းအလုံး၌ တစ်ယောက်တည်းသော မင်းအဖြစ် သို့ ရောက်တော်မူ၏။ တန်ခိုးအာနုဘော်အားဖြင့် အောက်မြေအထဲသို့လည်း တစ်ယူဇနာ အထက်ကောင်းကင်သို့လည်း တစ်ယူဇနာ၊ ဘုန်းအာဏာစက်တော် နှံ့၏။ အနဝတတ်အိုင်၏ ရှစ်ထမ်းသောရေတို့ကို နတ်တို့သည် နေ့တိုင်း ပို့လာရကုန်၏။ ထိုတစ်ဆယ့်ခြောက်လုံးသော ရေအိုးတို့တွင် ရှစ်လုံးသောရေအိုးတို့ကို သံဃာမြတ်တို့အား လှူတော်မူ၏။ နှစ်လုံးသော ရေအိုးတို့ကို ပိဋကတ်သုံးပုံကို ဆောင်ကုန်သော ရဟန်းတို့အား လှူတော်မူ၏။ နှစ်လုံးသော ရေအိုးတို့ကို အသန္ဓိမိတ္တာ အမည်ရှိသော ဘုန်း၊ ပညာ၊ လက္ခဏာနှင့်ပြည့်စုံသော မိဖုရားအား ပေးတော်မူ၏။ နှစ်လုံးသော ရေအိုးတို့ကို တစ်သောင်းခြောက်ထောင်သော မောင်းမတို့အား ပေးတော်မူ၏။ နှစ်လုံးသော ရေအိုးတို့ကိုကား မင်းကြီး သုံးဆောင်တော်မူ၏။

---
၁။ ၃၂၆ ဘီစီ

ထိုမှတစ်ပါး ဟိမဝန္တာတောသို့ နူးညံ့သိမ်မွေ့စွာသော အရသာနှင့်ပြည့်စုံသော မှာလတာ အမည်ရှိသော တံပူကို လည်းကောင်း၊ ဆေးဖြင့်ဖြစ်သော သျှိသျှားသီးတို့ကို လည်းကောင်း၊ ဆေးဖြင့်ဖြစ်သော သဖန်းခါးသီးတို့ကို လည်းကောင်း၊ ထိုသျှိသျှား, သဖန်းခါးတို့သည်ကား အတန်ငယ်မျှ စားသော်လည်း ခပ်သိမ်းသော အနာတို့သည် ပျောက်သောဟူ၏။ ထိုမှတစ်ပါး လည်း ရွှေအဆင်းနှင့်တူသော အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်တို့ကို လည်းကောင်း၊ ဆဒ္ဒန်အိုင်၏ အနီး၌ရောက်သော ပဒေသာပင်မှ (ဋီကာကျမ်းတို့၌ ဝိမာန်မှ ဆို၏) အဆင်းငါးပါး ရှိသော ဝတ်စရာ, ရုံစရာတို့ကို လည်းကောင်း၊ အထူးထူးသော အနံ့ရှိသော လိမ်းစရာ နံ့သာ ပျောင်းတို့ကို လည်းကောင်း, ချည်ဖြင့်ရက်သော မုလေးပွင့်ကဲ့သို့ နူးညံ့စွာ အပြောက်ရှိသော အပေါ်တင် ပုဆိုးတို့ကို လည်းကောင်း နတ်တို့သည် ပို့ဆက်လာကုန်၏။ ထိုမှတစ်ပါး မြတ်သော သူတို့အား ထိုက်သော မျက်စဉ်းတို့ကို လည်းကောင်း နဂါးမင်းတို့သည် ဆက်လာရကုန်၏။ ထိုမှတစ်ပါးလည်း ဆဒ္ဒန်အိုင်၏ အနီး၌ ရောက်သော သလေးစပါးတို့ကိုလည်း ကျေးသား တို့က နှင်နှင် ဆက်လာကုန်၏။ အလှည်းကိုးထောင် ဟူသော စကား၌ အလှည်းကိုးထောင် ဟူသော်ကား–

လေးဆုပ်ကို တစ်ကင်း၊ လေးကင်းကို တစ်ကွမ်းစား၊ လေးကွမ်းစားကို တစ်ပြည်၊ လေးပြည်ကို တစ်စရွတ်၊ လေးစရွတ်ကို တစ်စိတ်၊ လေးစိတ်ကို တစ်တင်း၊ အတင်း နှစ်ဆယ်ကား– တစ်ဝါဟ၊ တစ်ဝါဟကို တစ်လှည်းတည်း။ သုတ္တနိပါတ် အဋ္ဌကထာ စသော ကျမ်းတို့၌ မိန့်ကုန်၏။ ယခု သုံးဆောင်သော တင်းဖြင့်ကား– အတင်းလေးဆယ် ရှိ၏။ ယခု သုံးဆောင်သော တင်းနှင့် တွက်သော် အလှည်းကိုးထောင်ကို အတင်း သုံးသောင်းခြောက်ထောင် ရှိ၏။

ထိုစပါးကို ဆွေ့,ရှဉ့်,ပွေး, ကြွက် အစရှိသော သတ္တဝါတို့သည် ညဥ့်အဖို့၌ ဖွဲကြမ်း, ဖွဲနု, ဆန်ရိုး မပျက်ရအောင် သီးစားရကုန်၏။ ထိုဆန်ဖြင့် နေ့တိုင်း အရိယာသံဃာတော်မြတ် တို့အား ဆွမ်းလုပ်ကျွေးတော်မူ၏။ ထိုမှတစ်ပါး မင်းကြီးကိုယ်တော်မှစ၍ ရှင်မိဖုရား မောင်းမ မိဿံ အမှုးအမတ်တို့လည်း ထိုသလေးဆန်ကို သုံးဆောင်ကုန်၏။ ထိုမှတစ်ပါး ပျားကြီး ပျားငယ်တို့သည်လည်း နီးရာအရပ်၌ အသလက်မရှိစေဘဲ လပို့ဖြင့်သာလျှင် ခွဲလာရကုန်၏။ ထိုမှတစ်ပါး တော၌နေသော ဝံ,မျောက်တို့သည်လည်း ပန်းပဲဖိုသို့ဝင်၍ နေ့ညဥ့်မပြတ် တူ, ပေ ကိုင်၍ ခတ်ပုတ်ရကုန်၏။ ထိုမှတစ်ပါးလည်း ကရဝိက်ငှက်တို့သည် နန်းတော်ဝန်းကျင် သာယာလှစွာသော အသံတို့ကို ကျူးမည်လာရကုန်၏။ ဤသို့ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသော တက်သစ်သော နေမင်းသဖွယ် ဖြစ်တော်မူထသော သီရိဓမ္မာသောကမင်းကြီး သည် အနှောင်အဖွဲ့ အလို့ငှာ ရွှေခြေချင်းကို မဟာသမုဒ္ဒရာသို့ ချတော်မူလိုက်သော် အသက် တစ်ကမ္ဘာပတ်လုံးနေ၍ ဘုရားလေးဆူကို ကိုယ်ထင်ဖူးတွေ့လိုက်ရသော ကာလအမည်ရှိသော နဂါးမင်းနေရာသို့ ထိုချလိုက်သော ရွှေခြေချင်း ရောက်လေသော် ကာလနဂါးမင်းလည်း မြေအောက် တစ်ယူဇနာ အတွင်းဖြစ်၍ သီရိဓမ္မာသောကမင်းကြီး၏ နိုင်ငံတော်ဖြစ်သောကြောင့် မနေဝံ့ချေသောအားဖြင့် လာရ၏။ သီရိဓမ္မာသောကမင်းမြတ်လည်း ကာလနဂါးမင်း ရောက် လတ်သောအခါ ထီးဖြူအောက်၌ မြတ်သော သူတို့အား ထိုက်သော ပလ္လင်ဝယ် နေစေ၍ များသော အဆင်းအနံ့နှင့် ပြည့်စုံသော တစ်သောင်းခြောက်ထောင် အရေအတွက် ရှိသော

ရေပန်း၊ ကြည်းပန်း၊ ရွှေပန်း၊ ငွေပန်းတို့ဖြင့် ပူဇော်၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် ဆင်ကျံသော ကချေသည် တစ်သောင်းခြောက်ထောင်တို့ကို ခြံရံစေ၍ မင်းကြီးသည် နဂါးမင်းအား ဤသို့ မိန့်တော်မူ၏။ "အဆုံးမရှိသော ပညာတော်အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော စကြာဝတေးမင်း၏ ရတနာခုနစ်ပါးနှင့်တူသော ဗောဇ္ဈင်ခုနစ်ပါးနှင့်လည်း ပြည့်စုံတော်မူသော မြတ်လှစွာသော ဘုရားရှင်၏ အဆင်းသဏ္ဌာန်တော်ကို ပြဘိလော" ဟု မိန့်တော်မူ၏။ နဂါးမင်းလည်း "အစ်ရွှေ ယပ်လေးပါးနှင့် ပြည့်စုံတော်မူသော ကင်းစင်သော ကိလေသာရှိသော ဘုရားရှင်၏ အဆင်းသဏ္ဌာန်တော်ကို တူအောင် ပြခြင်းငှာ မစွမ်းနိုင်" ဟု ဆို၏။ မင်းကြီးလည်း "ဘုရားရှင် သဏ္ဌာန်တော်ကို ဒိုပြင်စွာ မပြနိုင်သော်လည်း တစ်စိတ်တစ်ဒေသမျှ ပြပါလော" ဟု မိန့်တော်မူလျှင် လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တန်းဆာဆင်အပ်သော လူ၊ နတ်၊ နဂါး၊ သိကြား၊ ဗြဟ္မာ၊ အသူရာတို့၏ မျက်စိအသရေ၏ တည်ရာဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ဘုရားလေးဆူတို့၏ အသွင်တော်ကို ပြလေ၏။ မင်းကြီးလည်း ထိုသို့သော အဆင်းတော်ကို ရှုစားလျက် ခုနစ်ရက်ပတ်လုံး မျက်စိ၏ ပူဇော်ခြင်းကို ပြုတော်မူ၏။

## ၁၀၇။ သီရိဓမ္မာသောကမင်းကြီး မိမိ သမ္ဘတ္တိကို စွဲ၍ အကြံတော်ရှိပုံ အကြောင်း

သီရိဓမ္မာသောကမင်းကြီးကား ဘိသိက်ခံ၍ လေးနှစ်တိုင်တိုင်လျှင် သာသနာတော်မှ အပဖြစ်သော ဘုန်း၊ လက်ရုံး၊ အာဏာဖြင့် လောကီစည်းစိမ်ကိုသာ ဆည်းပူးတော်မူ၏၊ ထိုသို့ ဘုန်း၊ လက်ရုံးအား များစွာသော ကေရာဇ်မင်းတို့၏ အစိုးရခြင်းတည်းဟူသော စည်းစိမ်ကိုသာ ငါရတော်မူသည်။ ဤသို့ သမ္ဘတ္တိနှင့် ပြည့်စုံအံ့သည်၏ အကြောင်းကို တစ်စုံတစ်ခုသော နိမိတ်ဖြင့် ငါပဋိသန္ဓေ နေသောကာလ ထင်ဖူးလေသလောဟု မယ်တော်ဖြစ်သော ဓမ္မာမိဖုရားအား မေးတော်မူ၏။ မယ်တော်လည်း ရွှေပေနှင့် ရေး၍ထားသော အက္ခရာကို ပြပေ၏၊ မင်းကြီးလည်း ရေးနိမိတ်ဖတ်ဖူးသော မယ်တော့်ဆရာ ဇရဏာဇီဝကကို ပူဇော်သက္ကာရပြုလိုသော ငှာ ရတနာအတိပြီးသော ရွှေထမ်းစင်ဖြင့် တင်ရလေ၏။ ဆရာလည်း ပူဇော်ခံရလိုသောငှာ လိုက်လာ၏။ ခရီးအကြား၌ အဿဂုတ္တ အမည်ရှိသော မဟာထေရ်၏ အဆုံးအမကို ကြား၍ ရဟန္တာဖြစ်လေ၏။ ဆရာလည်း ရဟန္တာဖြစ်ပြီးလျှင် ပူဇော်သက္ကာရ လာဘ်ကို မငဲ့ဘဲ အရှင်မဟာအဿဂုတ္တ အထံတော်၌ နေလေ၏။

သီရိဓမ္မာသောကမင်းသည် အဘိသိက်ခံ၍ လေးနှစ်မြောက်သောအခါ သာသနာတော်၌ အလွန် ကြည်ညိုတော်မူ၏။ ထိုမင်း ခမည်းတော် ဗိန္ဒုသာရ မင်းကြီးသည် ပုဏ္ဏားတို့အား လည်းကောင်း၊ ပုဏ္ဏားတို့ အမျိုးဖြစ်သော ပါသဏ္ဍ အယူရှိကုန်သော ပုဆိုးဖြူ သင်္ကန်းရောင် ဝတ်သော ပဏ္ဍရင်္ဂဒိဋ္ဌိ၊ ဦးခေါင်း ဗျည်းစည်းလျက် ရဟန်းယောင်ဝတ်သော ပရိဗ္ဗာဇနဒိဋ္ဌိ၊ ကိုယ်၌ အဝတ်မကပ်ဘဲ အချည်းစည်းနေသော အစေလကဒိဋ္ဌိ၊ ငါတို့ကား- ကိလေသာ နှောင်ဖွဲ့ခြင်း မရှိပြီ။ သံသရာ၌ ကြောင့်ကြခြင်း တည်းဟူသော ဒုက္ခ မရှိပြီ။ ငါတို့ကား- ရဟန္တာတည်းဟု ဝန်ခံလျက် တစ်ပါးသော သူတို့၏ ပရိက္ခရာကို ဆောင်ယူတတ်သော နိဂဏ္ဍကဒိဋ္ဌိ၊ ဤသို့ အပြားအားဖြင့် ခြောက်သောင်း အတိုင်းအရှည်ရှိသော တက္ကတွန်းတို့အား မပြတ်သော ကျွေးမြဲဝတ်ကို ကျွေးတော်မူ၏။ သီရိဓမ္မာသောကမင်းကြီးလည်း ခမည်းတော် ကျွေးသောဝတ်ကို မပျက်စေခြင်းငှာ အိမ်တော်၌ အမြဲလျှင် လုပ်ကျွေးတော်မူ၏။

## ၁၀၈။ သီရိဓမ္မာသောကမင်းကြီး မြတ်သောအလှူခံ ရှာပုံ အကြောင်း

တစ်နေ့သ၌ ခြင်္သေ့ခံသော လေသာနန်းတံခါး၌ ရပ်တော်မူလျက် ငြိမ်သက်ခြင်း ကင်းသော အကျင့်ဖြင့် စားသောက်သော၊ မတည်မရပ်သော ဣန္ဒြေရှိကုန်သော၊ မဆုံးမသော ဣရိယာပုထ် ရှိသော ပရိဗိုဇ်ရဟန်းတို့ကို မြင်တော်မူ၍ ဤသို့ကြံတော်မူ၏။ "ဤသို့သော အလှူခံတို့သည်ကား မြတ်သောအလှူခံ မဖြစ်ရာ၊ စူးစမ်းဆင်ခြင်၍ ရွေးချယ်သောအားဖြင့် သင့်သောအလှူခံကို လှူရခြင်းသည်သာလျှင် မြတ်၏"ဟူ၍ ကြံတော်မူမိလေ၏။ ဤသို့ ကြံတော်မူပြီးသော် အမတ်တို့ကိုခေါ်၍ "သူတော်ကောင်းဟု သမုတ်အပ်သော မြတ်သော ဒက္ခိဏေယျ ဖြစ်သော ရဟန်းတို့ကို ရှာ၍ပင့်ခဲ့ကုန်။ ငါ အလှူပေးအံ့သည်"ဟု မိန့်တော်မူ၏။ အမတ်တို့လည်း ကောင်းပြီဟု ဝန်ခံ၍ ဆိုခဲ့ပြီးသော အယူများသော ဒိဋ္ဌိတို့ကို ဆောင်ခဲ့၍ မင်းကြီးအား ပြပေ၏။ "အရှင်မင်းကြီး၊ ဤသူတို့သည် ငါတို့၏ ရဟန္တာတည်း"ဟု နားတော် လျှောက်ကုန်၏။ မင်းကြီးလည်း ထိုသူတို့နေစရာ ကြီးကြီးငယ်ငယ်သော နေရာတို့ကို ခင်းစေ၍ လာစေကုန်ဟု မိန့်တော်မူ၏။ လာသော တက္ကတွန်းတို့ကိုလည်း မိမိတို့အား လျောက်ပတ်သော နေရာ၌ နေကုန်လောဟု မိန့်တော်မူ၏။ ထိုဒိဋ္ဌိတို့လည်း အချို့ကား ကြိမ်ဖြင့်ပြီးသော အင်းပျဉ်၌ နေကုန်၏။ အချို့ကား ပျဉ်ဖြင့်ပြီးသော အင်းပျဉ်၌ နေကုန်၏။ ထိုသို့ နေသော အခြင်းအရာ တို့ကို မင်းကြီး မြင်တော်မူသော် ထိုသူတို့၏ ကိုယ်တွင်း၌ သီလ စသော မြတ်သောကျေးဇူး မရှိဟု သိတော်မူ၍ ဒိဋ္ဌိတို့အား လျောက်ပတ်ရုံမျှသော ခဲဖွယ်စားဖွယ်တို့ကို ပေး၍ သွားလေ စေ၏။ ဤသို့သောနည်းဖြင့် အခါ လွန်လေ၏။ ။

## ၁၀၉။ မြတ်သော အလှူခံကို တွေ့ခြင်း အကြောင်း

တစ်နေ့သ၌ နိဂြောဓ အမည်ရှိသော သာမဏေသည် မိုးသောက်လတ်သော် ကိုယ်တော် ကို သုတ်သင်၍ ဆရာတို့အား ပြုမြဲသော ဝတ်တို့ကိုပြုခဲ့၍ သပိတ်၊သင်္ကန်းကိုယူပြီးသော် မယ်တော့်အိမ်သို့သွားအံ့ဟု လာတော်မူ၏။ မယ်တော် နေသောအရပ်ကား– ပါဋလိပုတ်ပြည်ကို တောင်တံခါးမှဝင်၍ ပြည်လယ်ဖြင့်လာလျှင် အရှေ့တံခါးကိုထွက်၍ သွားမှ မယ်တော့်အိမ်သို့ ရောက်လေ၏။ ထိုသို့ နိဂြောဓသာမဏေ ကြွလာခိုက် သီရိဓမ္မာသောက မင်းကြီးသည် အရှေ့သို့ မျက်နှာပြုတော်မူ၍ ခြင်္သေ့ခံသော လေသာနန်းတံခါး၌ ရပ်၍နေတော်မူစဉ် ငြိမ်သက်သော ဣန္ဒြေရှိသော နူးညံ့သိမ်မွေ့သော နှလုံးရှိသော ရထား ထမ်းပိုးတစ်ပြန် အတိုင်းအရှည် အရပ်ကို ကြည့်လျက် ကြွတော်မူသော အရှင်နိဂြောဓသာမဏေကို မြင်တော်မူလေ၏။ ထိုသို့ မြင်သည် ရှိသော် မင်းကြီး ဤသို့ ကြံတော်မူ၏။ "ခပ်သိမ်းသော လူအပေါင်းတို့သည်ကား ပျံ့လွင့်သော စိတ်ဖြင့် မတည်မကြည်သောနှလုံး ရှိကုန်၏။ တုန်လှုပ်သောသဘော ရှိသည်ဖြစ်၍ သမင်၊ သား၊ ငါးနှင့် တူကုန်၏။ ဤယခု နန်းရင်ပြင်ကိုသွားသော သူငယ်သည်ကား တည်ကြည်သော စိတ်လည်း ရှိ၏။ တုရူကြည့်ခြင်း၊ စောင်းငဲ့၍ ကြည့်ခြင်းတို့သည်လည်း မရှိ။ လက်ဆစ်၊ ခြေဆစ်တို့ကို ခွေခြင်း၊ ဆန့်ခြင်းမှလည်းကောင်း အလွန်လျှင် တင့်တယ်ကျစ်လျစ်စွ တကား။ ဤသူ၏ ကိုယ်တွင်း၌ မချွတ်လျှင် လောကုတ္တရာဟူသော တရားသည် ရှိသည် ဖြစ်ရာ၏"ဟု နှလုံးထားတော်မူ၍ ထိုသာမဏေအား မြတ်သော ခဏာ၌ ကြည်ညိုခြင်း၊ မြတ်နိုးခြင်းသည် ဖြစ်၏။ ။

## ၁၁၀။ သိရိဓမ္မာသောကမင်းနှင့် နိဂြောဓ သာမဏေတို့ ရှေးကောင်းမှုအကြောင်း

အဘယ်ကြောင့် ဖြစ်လေသနည်းဟူမူကား– ရှေး၌ ကောင်းမှုပြုသောအခါ အရှင်နိဂြောဓ သာမဏေသည် အစ်ကိုကြီး၊ ဓေဝါနံပိယတိဿမင်းသည် ညီအလတ်၊ သိရိဓမ္မာသောကမင်းသည် ညီအထွေး ဖြစ်တော်မူဖူးကြသောကြောင့် မြင်တော်မူလျှင် လွန်စွာ သနားကြင်နာခြင်း တို့သည် ဖြစ်တော်မူ၏။ ထိုသို့ ရှေးဘဝ၌ အတူတကွ အလှူပေးဖူးသောကြောင့် လည်းကောင်း၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ကောင်းစွာ အစီးအပွားကို ကျင့်သောအားဖြင့် လည်းကောင်း၊ မင်းကြီးသည် ကောင်းစွာ မြတ်နိုးခြင်းရှိသည်ဖြစ်၍ ထိုသာမဏေအား ပင့်ချေကုန်ဟု အမတ်တို့ကို စေတော်မူ၏။ အမတ်တို့လည်း ပင့်လေ၏။ မင်းကြီးလည်း ကြာသည်ဟူ၍ တစ်ဖန်လျှင် အမတ်နှစ်ယောက်၊ သုံးယောက်ကို ထပ်၍ အကြိမ်ကြိမ် ပင့်စေ၏။ နိဂြောဓသာမဏေလည်း ထိုသို့ အကြိမ်အဖန်များစွာ အထပ်ထပ် ပင့်ငြားသော်လည်း မင်း၏အလိုသို့ လိုက်၍ အလျင် မကြွလာဘဲ ပကတိသော လာမြဲဖြင့်သာ လာတော်မူ၏။ မင်းကြီးလည်း နိဂြောဓသာမဏေ ရောက်သော်မူလတ်သော် လျောက်ပတ်သောနေရာ၌ နေလော့ဟု မိန့်တော်မူ၏။ သာမဏေ လည်း ထိုမှဤမှ ကြည့်ရှုသော် ယခုအခါ တစ်ပါးသော သီတင်းကြီးရဟန်း မရှိဟု သိတော်မူ၏။ ထီးဖြူဆောက်သော ရာဇပလ္လင်သို့ ကပ်လေပြီးသော် သပိတ်ကို လှမ်းစိမ့်သောငှာ အခြင်းအရာ ဖြင့် မင်းကြီးအား ပြလေ၏။ မင်းကြီးလည်း ပလ္လင်သို့ ကပ်သည်ကိုမြင်၍ ဤသို့ ကြံတော်မူ၏။ "ယနေ့လျှင် ဤသာမဏေသည် ငါ့အိမ်တော်အလုံး၌ အရှင်ဖြစ်လတ္တံ့သတည်း" ဟု ကြံတော် မူ၏။ သာမဏေလည်း သပိတ်ကို မင်း၏လက်၌ ထားပြီးမှ ပလ္လင်ထက်သို့ တက်၍ နေတော် မူလေ၏။ မင်းကြီးလည်း မိမိအလိုနှင့် လျောက်ပတ်စွာ အထူးထူးသော ခဲဖွယ်စားဖွယ်၊ အထူးထူး သော အချော်ယာဂုတို့ကို ကပ်စေ၏။ သာမဏေလည်း ကပ်သော စားဖွယ် သောက်ဖွယ် အစရှိသော ဘောဇဉ်တို့ကို မှုလောက်ရုံ ခံ၍ ဘုဉ်းပေးတော်မူ၏။ ။

## ၁၁၁။ သိရိဓမ္မာသောကမင်းကြီး မေးမြန်း လျှောက်ထား၍ နိဂြောဓသာမဏေ တရားဟောခြင်း အကြောင်း

ထိုသို့ ဘုဉ်းပေးတော်မူဆုံးလျှင် မင်းကြီး ဤသို့ မိန့်တော်မူ၏။ "သာမဏေ– သင်၏ အမျိုးအနွယ်ကား (အဘယ်သူ အမျိုးအနွယ်ဖြစ်သနည်း၊ အဘယ်သူ၏ အဆုံးအမကို ခံသနည်း၊ သင်၏အယူကား အဘယ်အယူကို ယူသနည်း"ဟု မေးတော်မူသော် သာမဏေသည် "ငါတို့၏ အမျိုးအနွယ် ဆရာသည်ကား) သဗ္ဗညုဘုရားလျှင်တည်း။ ငါ၏ အယူသည်ကား နိဗ္ဗာန်ကို အာရုံပြုသတည်း"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "သင်တို့၏ ဆရာဖြစ်သော ဘုရား မြတ်စွာ သည် ပေးအပ်သော အဆုံးအမကို သိတော်မူကုန်၏လော"ဟု လျှောက်၏။ သာမဏေလည်း "မင်းကြီး– တစ်စိတ် တစ်ဒေသမျှကို သိ၏"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "ချစ်သား– သိသော တရားကို ငါ့အား ဟောဘိလော" ဟု လျှောက်၏။ သာမဏေလည်း "ကောင်းပြီ" ဟူ၍ လျောက်ပတ်သော ဓမ္မပဒ၌ အပ္ပမာဒဝဂ်ကို ဟောတော်မူ၏။

ထိုအပ္ပမာဒဝဂ်၌ "အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ"ဟူ၍ ဤမျှဟောသည်ကို ကြားလတ်သော် ငါသိပြီ–ပြီးစေတော့ဟု ဆိုသည်ဟူ၍ အချို့သော

ဆရာတို့ ယူကုန်၏။ အရိုးသော ဆရာကား ငါသိပြီ– ဗြဲအောင် ဟောတော်မူပါ တောင်းပန်သည်ဟု ယူကုန်၏။ ဤအယူနှစ်ပါးတွင် နောက်အယူကို သင့်သည် ဟူ၍ ဆရာတို့ ဆိုကုန်၏။ နိဂြောဓ သာမဏေသည်လည်း အပ္ပမာဒဝဂ်ကို ကုန်အောင် ဟောတော်မူပေ၏။ ထို့ကြောင့် နောက်စကားကို ကြိုက်သင့်သည်ဟု ပညာရှိတို့ ဆိုကြသည်။

ထိုသို့ ဟောသောတရား အဆုံး၌ မင်းကြီးလည်း "ချစ်သားအား ရှစ်ဝတ်သောဆွမ်းကို နေ့တိုင်း လှူ၏"ဟု မိန့်တော်မူ၏။ သာမဏေလည်း "မင်းကြီး၊ ဤရှစ်ဝတ်သော ဆွမ်းတို့ကို ငါ၏ ဥပဇ္ဈာယ်အား လှူ၏"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "ချစ်သား– ဥပဇ္ဈာယ်ဟူသည်ကား အသို့သောသူနည်း"ဟု မေးတော်မူ၏။ သာမဏေလည်း "မင်းကြီး– အပြစ်ကြီး, အပြစ်ငယ်တို့ကို ဤသို့ကျင့်ခြင်း၊ ဤသို့ မိန့်ဆိုခြင်းသည်ကား မသင့်ဟူ၍ ဆုံးမသောသူတည်း"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "ချစ်သား– ဥပဇ္ဈာယ်အားလည်း ဆွမ်းရှစ်ဝတ်, ချစ်သားအားလည်း ဆွမ်းရှစ်ဝတ် လှူ၏"ဟု မိန့်တော်မူပြန်၏။ သာမဏေလည်း "မင်းကြီး– ငါ့အဖို့ကို ငါ့ဆရာ အရှင်အား လှူ၏"ဟု မိန့်တော်မူပြန်၏။ မင်းကြီးလည်း "ချစ်သား– ဆရာဟူသည်ကား အသို့သော သူနည်း" ဟု မိန့်တော်မူပြန်၏။ သာမဏေလည်း "မင်းကြီး– ဆရာဟူသည်ကား ပိဋကတ်သုံးပုံတို့ကို သင်ပေးသော သူတည်း"ဟု မိန့်တော်မူပေ၏။ "ချစ်သား– ဆရာအားလည်းကောင်း ရှစ်ဝတ်သောဆွမ်းကို လှူ၏"ဟု မိန့်တော်မူပြန်၏။ သာမဏေလည်း "မင်းကြီး– ငါ့အဖို့ကို ရဟန်းသံဃာတို့အား လှူ၏"ဟု မိန့်တော်မူပြန်၏။ "ချစ်သား– ရဟန်းသံဃာဟူသည်ကား အသို့သော သူနည်း" ဟု မိန့်တော်မူပြန်၏။ သာမဏေလည်း "မင်းကြီး– ရဟန်းသံဃာ ဟူသည်ကား ငါ့အား ရဟန်းပြုပေသော သူတည်း"ဟု မိန့်တော်မူပြန်၏။ "ချစ်သား– ရဟန်းသံဃာအား လည်းကောင်း, ချစ်သားအား လည်းကောင်း ရှစ်ဝတ်သော ဆွမ်းဝတ်တို့ကို အမြဲ ငါလှူ၏" ဟု အတိုင်းထက် အလွန်လျှင် နှစ်သက်သောစိတ်တော်ရှိသည် ဖြစ်၍ လှူတော်မူပြန်၏။ နိဂြောဓသာမဏေသည် "ကောင်းပြီ"ဟု ဝန်ခံ၍ ကြွတော်မူလေ၏။

မိုးသောက်သောနေ့၌ ရှစ်ဝတ်လေးလီ, သုံးဆယ့်နှစ်ဝတ်သော ဆွမ်းကို သုံးကျိပ်နှစ်ပါးသော ရဟန္တာအရှင်မြတ်တို့အားပင့်၍ နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူကြလေ၏။ ဆွမ်းဘုဉ်းပေးပြီးသော် "ချစ်သား– ယနေ့ ဘုဉ်းပေးတော်မူသော ရဟန္တာသုံးကျိပ်နှစ်ပါးကို သော်လည်းကောင်း, နက်ဖြန် သုံးကျိပ်နှစ်ပါးကို သော်လည်းကောင်း ငါလှူအံ့သည်"ဟု မိန့်တော်မူပြန်၏။ ဤကဲ့သို့သော နည်းဖြင့်လျှင် နေ့တိုင်းနေ့တိုင်း ပွားစေ၍ ခြောက်သောင်းသော ဒိဋ္ဌိတို့အား လှူသောဝတ်ကိုဖြတ်၍ ခြောက်သောင်းသော ရဟန်းသံဃာမြတ်တို့အား နန်းတော်တွင်း၌ အမြဲ ဆွမ်းလုပ်ကျွေးတော်မူ၏။ သိရိဓမ္မာသောကမင်းကြီးသည် နိဂြောဓ သာမဏေအား ပုထုဇဉ်ဖြစ်သော သူတို့၏ ကြည်ညိုခြင်းထက် လွန်စွာ သဒ္ဓါကြည်ညိုတော်မူ၏။ နိဂြောဓ သာမဏေလည်း ပရိသတ်နှင့်တကွသော မင်းကြီးကို သုံးပါးသော သရဏဂုံ၊ ငါးပါးသော ပဉ္စသီတို့၌ တည်စေ၏။ မင်းကြီးလည်း အသောကာရာမ ကျောင်းကြီးကို ဆောက်စေ၍ ခြောက်သောင်းသော ရဟန္တာမြတ်တို့အား ခြောက်သောင်းသော ဆွမ်းဝတ်နှင့်တကွ လှူတော်မူ၏။ ။

## ၁၁၂။ ညီတော် တိဿအိမ်ရှေ့မင်း၏ အယူကို ပယ်ဖျောက်ခြင်း အကြောင်း

သီရိဓမ္မာသောကမင်းကြီး အဘိသိက်ခံတော်မူ၍ လေးနှစ်မြောက်သောအခါ ညီတော်ဖြစ်သော တိဿအိမ်ရှေ့မင်းသည် တောကစားအံ့သောငှာ တောသို့ သွားလေ၏။ တောအုပ်တစ်ခု၌ မြူးထူးကုန်သော သမင်အပေါင်းတို့ကိုမြင်၍ ဤသို့ကြံ၏။ "မြက်သစ်ရွက်ဖြစ်သော အစာကို စားကုန်သော သမင်တို့လျက် ဤသို့ မြူးထူးခြင်းကို ပြုကုန်၏။ ရဟန်း သံဃာတို့သော်ကား မင်းကြီးအိမ်တော်၌ ကောင်းမြတ်ကုန်သော နူးညံ့သိမ်မွေ့သော ဘောဇဉ်အရသာတို့ကို ဘုဉ်းပေးကုန်လျက် သိမ်မွေ့ကောင်းမွန်စွာသော အခင်းအိပ်ရာ၌ အိပ်ကုန်လျက် မြူးထူးခြင်းကို မပြုဘဲ ရှိရာသည်လော" ဟု ကြံ၏။ ထိုသို့ ကြံပြီး၍ တောကစားရာမှ ပြန်လတ်သော် မိမိအကြံ ရှိသည်အတိုင်း နောင်တော်မင်းကြီးအား ကြားပေ၏။ မင်းကြီးလည်း အိမ်ရှေ့မင်းသည် အရာ မဟုတ်သည်ကို ကြံဘိ၏ တကားဟု မသက်မသာ ရှိတော်မူ၏။ မင်းကြီးလည်း ထိုသို့သော အကြံကို ဥပါယ်တံမျဉ်ဖြင့် သိစေအံ့သတည်းဟု တစ်နေ့သ၌ တစ်စုံတစ်ခုသော အကြောင်းဖြင့် အမျက်ကို လိုသကဲ့သို့ပြု၍ ခုနစ်ရက်ဖြင့် မင်းပြုဘိ၊ ခုနစ်ရက်မှ လွန်သော် သင့်ကို ငါသတ်အံ့ဟု သဘောဖြင့်ငြိမ်း၍ အကြောင်းကို သိစေ၏။ အိမ်ရှေ့မင်းလည်း ခုနစ်ရက်လွန်သောနေ့၌ ငါ့ကို နောင်တော် သတ်လတ္တံ့ဟု မစားမသောက်ဘဲ တုန်လှုပ်စွာနေသောကြောင့် ခေါင်းပါးညစ်ညှိုးသောကိုယ် ရှိသည်ဖြစ်၍၊ ထိုအခါ၌ အိမ်ရှေ့မင်းအား မင်းကြီး မေးတော်မူ၏။ "သင်ကား အဘယ့်ကြောင့် ခေါင်းပါးညစ်ညှိုးသောကိုယ် ရှိသနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး- သေဘေးကို ကြောက်သဖြင့်လျှင် ဖြစ်ဘိ၏" ဟု လျှောက်သော် "ဟယ် အိမ်ရှေ့မင်း- သေအံ့သော နေ့ရက်ကို မြင်ခါမျှဖြင့် သင်သည် မမြူးထူးသေးတုံ၏ ရှင့်၊ ငါ့အရှင် ရဟန္တာတို့ကား ထွက်သက်ဝင်သက်နှင့်စပ်သော သေခြင်းတရားကို နေ့ညဉ့် ရှုကုန်လျက်လျှင် အဘယ်မှာ မြူးထူးကုန်အံ့နည်း" ဟု မိန့်တော်မူ၏။ ထိုနေ့မှစ၍ အိမ်ရှေ့မင်းသည် သာသနာတော်၌ ကြည်ညိုလေ၏။ ။

## ၁၁၃။ ညီတော် တိဿအိမ်ရှေ့မင်း ရဟန်းပြုခြင်း အကြောင်း

အိမ်ရှေ့မင်းသားကလည်း တစ်နေ့သ၌ တောကစားအံ့ဟု သမင်တောသို့ သွားလေသော် ဆင်ပြောင်တစ်စီးသည် အင်ကြင်းခက်ကိုယူ၍ အရှင်ယောနကမဟာရက္ခိတထေရ်ကို ယပ်ခတ်၍ နေသောအဖြစ်ကို မြင်လေသော် ဝမ်းမြောက်ဝမ်းသာရှိ၍ ငါသည်လည်း ဤမဟာထေရ်ကဲ့သို့ ရဟန်းပြုအံ့၊ အဘယ်နေ့သည် ရဟန်းပြုအံ့သောနေ့ ဖြစ်ပါမည်နည်းဟု တောင့်တ၏။ မဟာထေရ်သည်လည်း အိမ်ရှေ့မင်း မြတ်သောအကြံ ရှိသည်ကိုသိ၍ ထိုမင်း မြင်စဉ်လျှင် ကောင်းကင်သို့ ပျံတက်လေ၍ အသောကာရာမကျောင်း၏ အနီး၌ လေးထောင့်အပြင်ရှိသော ရေကန်၏ အနားဝယ်ရပ်လျက် သင်္ကန်းကို ကောင်းကင်၌ဆွဲ၍ ရေချိုးအံ့ငှာ သက်၏။ ထိုမဟာထေရ်၏ တန်ခိုးအာနုဘော်ကို မြင်၍ အတိုင်းထက်အလွန်လျှင် ကြည်ညိုခြင်းသည် ဖြစ်၏။ ယနေ့ပင်လျှင် ရဟန်းဖြစ်အံ့သည်ဟု ပြည်သို့ပြန်၍ မင်းကြီးအား ခွင့်တောင်းလေ၏။ မင်းကြီးလည်း မြတ်နိုးတော်မူသော နှလုံးတော်ရှိသည်ဖြစ်၍ အထူးထူးသော တောင်းပန်ခြင်းဖြင့် တောင်းပန်တော်မူ၏။ ထိုသို့ တောင်းပန်တော်မူငြားသော်လည်း မတတ်နိုင်သည် ဖြစ်မှ အသောကာရာမကျောင်းသို့ သွားသော ခရီးကို အထူးထူးသော တန်ဆာတို့ဖြင့် ဆင်စေ၍ အထူးထူးသော မောက်လု၊

ကောက်တို့၊ မိန့်ညှိသံချပ်ဖြင့် တန်ဆာဆင်သော စစ်သည်အပေါင်း ခြံရံစေ၍ ကျောင်းသို့ ဆောင်လေ၏။ အိမ်ရှေ့မင်းလည်း အခြွေအရံ တစ်သိန်းနှင့်တကွ **အရှင်မဟာဓမ္မရက္ခိတ**ထေရ်မြတ် အထံ၌ ရဟန်းပြုလေ၏။ အိမ်ရှေ့မင်းသည် အခြံအရံ တစ်သိန်းနှင့်တကွ ရဟန်းပြုလေသည် ဟူ၍ ပြည်သူတို့ ကြားလေလျှင် လိုက်၍ ရဟန်းပြုသော သူတို့ကား အရေအတွက် အတိုင်း ရှိသနည်း ဟူ၍ မသိနိုင်ကုန်။

## ၁၁၄။ အဂ္ဂိဗြဟ္မာမင်းသား ရဟန်းပြုခြင်း အကြောင်း

သိရိဓမ္မာသောကမင်းကြီး၏ တူတော်ဖြစ်သော သမီးတော် သံဃမိတ္တာ၏ ခင်ပွန်း အဂ္ဂိဗြဟ္မာ အမည်ရှိသော မင်းသားသည်လည်း မြောက်သားတော် သံဃမိတ္တာ၌ သုမန သတို့သားကို မျက်နှာမြင်ပြီးသော် အိမ်ရှေ့မင်း ရဟန်းပြုသည်ဟု ကြားလျှင် မင်းကြီးသို့ သွား၍ အကျွန်ုပ်လည်း ရဟန်းပြုပါအံ့ဟု တောင်းပန်လေ၏။ မင်းကြီးလည်း ချစ်သား အလိုရှိပါသော်ကား ရဟန်းပြုလေလော့ဟု ခွင့်ပေးတော်မူ၏။ **အဂ္ဂိဗြဟ္မာမင်းသား**လည်း အိမ်ရှေ့မင်းနှင့် တစ်နေ့တည်း ရဟန်းပြုလေ၏။

တစ်နေ့သ၌ မင်းကြီးသည် အသောကာရာမကျောင်းတော်၌ ကြီးစွာသော အလှူကို ပေး၏။ ခြောက်သောင်းသော ရဟန်းတို့၏ အလယ်၌ နေတော်မူပြီးမှ လေးပါးသော ပစ္စည်းဖြင့် ဖိတ်၍ ဤအမေးကို မေးတော်မူ၏။ "အရှင်ဘုရားတို့- ဘုရားမြတ်စွာ ဟောတော်မူသော တရားတော်ကား အဘယ်မျှလောက် အတိုင်းအရှည် ရှိသနည်း"ဟု လျှောက်၏။ ရဟန္တာမြတ်တို့လည်း "ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့်သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိ၏"ဟု မိန့်တော်မူကုန်၏။ သိရိဓမ္မာသောကမင်းကြီးလည်း တရားတော်၌ အလွန်ကြည်ညိုစွာဖြစ်၍ တစ်ပါးတစ်ပါးသော ဓမ္မက္ခန္ဓာကိုရည်၍ စေတီ တစ်ဆူ တစ်ဆူ တည်တော်မူလိုသော အကြံတော် ရှိသည်ဖြစ်၍ ဘုရားသခင် သရီရ ဓာတ်တော်ကို တောင့်တ၏။ သံဃာထေရ်တို့လည်း ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း ခဲယဉ်းစွာ မြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓာတ်တော် ခုနစ်စုတို့ကို မင်းကြီး ရ၍ စေတီတည်လတ္တံ့ဟု မိန့်တော်မူကုန်၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ရှိသည်ဖြစ်၍ စေတီရာကို သိသောသူအား အသပြာတစ်သောင်းကို ယူလေဟူ၍ ဆင်တွင်တင်၍ မြို့ထက်ဝန်းကျင်ကို လှည့်ရလေ၏။ မည်သည့်သူမျှ သိသည်ဟူ၍ ဝန်မခံကုန်။ ရက်လည်သော နေ့၌ ရဟန်းမိန်းမတစ်ယောက်သည် သိကြောင်းကို ဆိုလေ၏။ မင်းကြီးလည်း ထိုရဟန်းမိန်းမကို ပင့်၍ မေးလေ၏။ ရဟန်းမိန်းမလည်း "ငါ-ခုနစ်နှစ်အရွယ် သာမဏေဖြစ်သောအခါ ငါ့ဆရာနှင့် ဆီမီး၊ ပန်း၊ နံ့သာကိုင်၍ လိုက်ရဖူးသည်။ ငါ့ဆရာ ရဟန်းမိန်းမလည်း သည်နိမ့်သော မြေအဖို့တွင် နံ့သာ၊ ပန်း ပူဇော်၍ ရှိခိုးရဖူးသည်" ဟူ၍ ပြလေ၏။

## ၁၁၅။ အဇာတသတ်မင်း ဘုတ္တဝါဟန ယန္တရားဆရာနှင့် စီမံ၍ ဓာတ်တော်စေတီကို ခဲယဉ်းစွာ ထားရှိပုံအကြောင်း

သိရိဓမ္မာသောကမင်းကြီးလည်း အကြောင်းကိုစုံစမ်းသော် အဇာတသတ်မင်းလက်ထက် ရှင်မဟာကဿပ စီရင်တော်မူ၍ ဓာတ်တော်ကို ထားလေသော အကြောင်းကား- ရောမတိုင်း၌ ဘုတ္တဝါဟန ယန္တရားအတတ်ကို တတ်ကုန်သော သူတို့သည် ထိုသူတို့၏အမည်ကို ပေါင်း၍

စာရင်းထိုး၍ အမှတ်အသား ပြကုန်၏။ တစ်ပါးသော တိုင်းနိုင်ငံသို့ မသွားမလာရ။ သွားလာချေသော် ယန္တရားအတတ်ဖြင့် လိုက်လံ၍ သတ်လေကုန်၏။ ထိုအခါ ပါဋလိပုတ်ပြည်သားတစ်ယောက်သည် ရောမတိုင်း၌ အစိုးအတိုင်းမသိသော ဘူတဝါဟန ယန္တရားအတတ် ရှိသည်၏ အဖြစ်ကို ကြားလေ၍ တစ်နံ့တစ်နသော ဥပါယ်တံမျဉ်ဖြင့် အသက်ကိုစွန့်၍ ပါဋလိပုတ်ပြည်သို့ ထိုအတတ်ကို ဆောင်အံ့ဟု၍ ကြံပြီးလျှင် ရောမတိုင်းသို့ သွားလေ၍ ထိုအတတ်ကိုတတ်သောသူ၏ သမီးကို ဥစ္စာ၊ ရွှေ၊ ငွေ စုနင်း၍ မယားပြုလေ၏။ ဆရာလည်း သမက်အား ဥပစာရနှင့်တကွသော ဘူတဝါဟနယန္တရား အတတ်ကို ပေး၍ ပေါင်၌ စာရင်းထိုးလေ၏။ အခါတစ်ပါး-သားယောကျ်ား မြင်၍ အရွယ်သို့ ရောက်လျှင် ငါသည် ပါဋလိပုတ်ပြည်သို့ သွားအံ့။ ဤတိုင်းသားတို့ သွားကြောင်းကို သိလျှင် ကောင်းကင်ဖြင့်လိုက်၍ ငါ့ကို သတ်ကုန်လတ္တံ့။ သင်ကား- ငါ၏အလောင်းဝယ် ပေါင်တွင်းသား၏အလယ်၌ အတတ်ကိုရေးသောစာကို ထုတ်ယူ၍ ပါဋလိပုတ်မြို့၌ ငါ၏ အဆွေအမျိုးတို့ထံ၌ ဤအတတ်ဖြင့် အသက်မွေးလေဟူ၍ သားကိုမှာပြီးလျှင် ထိုအခါ ပြေးလေ၏။ ပြေးကြောင်းကို ထိုတိုင်းသားတို့ သိလေလျှင် လိုက်လံ ဝန်းလျှာ၍ သတ်လေကုန်၏။ သားလည်း အဖ မှာခဲ့သည့်အတိုင်း အတတ်ကိုယူ၍ အဖ အကြောင်းကို သညှိုဟ်ပြီးလျှင် ပါဋလိပုတ်ပြည်သို့ သွားလေ၏။

ထိုအခါ အဇာတသတ်မင်းသည် သရီရဓာတ်တော်ကို ရပြီးလျှင် အရှင်မဟာကဿပအား အဘယ်သို့ ပြုရအံ့နည်းဟု လျှောက်သော် လာလတ္တံ့သောအခါ မင်းကြီးမြေးတော် အသောကဓမ္မရာဇာ မည်သော **စလေကြာ** မင်းဖြစ်လတ္တံ့၊ ထိုမင်းလက်ထက် ဤဓာတ်တော်ကို ယူ၍ စေတီတည်လတ္တံ့ဟူ၍ မိန့်တော်မူပြီးလျှင် ဓာတ်တော်ကို ပတ္တမြားကြုတ်၌ထည့်၍ ရွှေကြုတ်၊ ငွေကြုတ်ဖုံးအုပ်၍ ထိုကြုတ်ထားအံ့သော ကဏ္ဍကမြင်းရုပ်၊ ထိုမြင်းရုပ်အမျှ ရွှေကိုသွန်းလုပ်၍ မြင်း၏ဝမ်း၌ ဓာတ်တော်ကြုတ်ထားပြီးလျှင် မြေကိုနက်စွာတူး၍ တံတိုင်းခုနစ်ထပ် ရံ၏၊ ပြင်စွန်းကို အုတ်တံတိုင်း၊ ထိုကသည် အင်္ဂတေတံတိုင်း၊ ထိုကသည် သာရကလျှာဏီတံတိုင်း၊ ထိုကသည် စန္ဒကူးဖြူတံတိုင်း၊ ထိုကသည် ခပ်သိမ်းသော ရတနာတို့ဖြင့် ပြီးသောတံတိုင်း၊ အတွင်းကား သံတံတိုင်းခြံရံ၏။ အလယ်၌ ဘုံတစ်ဆယ့်တစ်ဆင့်ရှိသော ပြာသာဒ်ကို ဆောက်၍ ကိုးကွယ်တော်မူ၏။ ရတနာတို့ဖြင့် ထုတ်အပ်သော မြေအပြင်ကိုပြု၍ ထိုမြေအပြင်၌ ရွှေမြင်းရုပ် ဓာတ်တော်ကြုတ်ကို ပြာသာဒ်တွင်း၌ ထားတော်မူပေ၏။ အရှင်မဟာကဿပ မထေရ်လည်း တန်ခိုးဖြင့် မီးလွန်တော်မူ၍ ဆီမီးလေးတိုင်တို့ကို အရှည်အမြင့်တည်အောင် ပူဇော်တော်မူ၏။ အဇာတသတ်မင်းလည်း များစွာသော ပူဇော်သက္ကာရကို ပြုတော်မူ၍ တံတိုင်းခုနစ်ထပ်တို့၏ အကြား၌ ရောမတိုင်းသားတို့ စီရင်စေသော ယန္တရား လူရုပ်တို့သည် သန်လျက်စွဲ၍ ဝန်းဝန်းလည်လျက် အစောင့်အရှောက် ဖြစ်စိမ့်သောငှာ ထားပေ၏။ ထိုအရုပ်သည် တစ်ပါးသောသူတို့ လာသည်ရှိသော် သံလျက်ဖြင့် ခုတ်သတ်ကုန်ရာ၏။ ဓာတ်တော်ပြာသာဒ်၌ ခုနစ်ထပ်သော အဖုံးအလွှမ်းတို့ဖြင့် မိုးအုပ်၍၊ ထိုနောင်မှ မြေဖို့ပြီးလျှင် တံတိုင်းရံ၍ ထိုတံတိုင်း၌ အခြားလူ မသိရအောင် ဥယျာဉ်စေပျိုး၍ အမှတ်မဲ့ ထားလေ၏။ ။

## ၁၁၆။ အဇာတသတ်မင်း ခဲယဉ်းစွာ ထားခဲ့သော ဓာတ်တော်စေတီကို သီရိဓမ္မာသောကမင်း တူးဖော်ခြင်း အကြောင်း

သီရိဓမ္မာသောကမင်းကြီးလည်း ရဟန်းမိန်းမ ပြ၍ စေတီရာကို သိပြီးလျှင် တံတိုင်း သုံးထပ် ရံစေ၍ များစွာသော မင်း၏ အာနုဘော်ဖြင့် စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်း၊ တံပိုး

တီးမှုတ်စေ၍ အထူးထူးသော ပူဇော်သက္ကာရကို ပြုတော်မူ၍ ထိုစေတီရာကို တူးရလေသည်ရှိသော် အင်္ဂတေအမိုးကို မြင်၍ ထုတ်ယူရလေ၏။ ထိုနောင် အုတ်အမိုးကို၊ ထိုနောင် သံအမိုးကို၊ ထိုနောင် ကြေးဖြူအမိုး၊ ထိုနောင် ကြေးနီအမိုး၊ ထိုနောင် သလွဲဖြူအမိုး၊ ထိုနောင် သလွဲမည်းအမိုးတို့ကို အစဉ်အတိုင်း ထုတ်ယူ၍ အလုံးစုံသော ရတနာဖြင့်ပြီးသော ပြာသာဒ်၊ တံတိုင်းခုနစ်ထပ်အတွင်း သန်လျက်စွဲလျက် ပြေးသွားကုန်သော ယန္တရားရုပ်တို့ကို မင်းကြီးနှင့်တကွ လူအပေါင်းတို့ မြင်လေသော် အံ့သြကြကုန်၏။ ထိုယန္တရားရုပ်တို့သည် တံတိုင်းခုနစ်ထပ်အကြား၌ သန်လျက်ကို ကိုင်လျက် အသက်ရှိသော သတ္တဝါကဲ့သို့ ပြေးသွားကုန်သည်ကို မြင်လျှင် တံတိုင်းအတွင်းသို့ ဝင်ခြင်းငှာ လည်းကောင်း၊ ဓာတ်တော်ကို ယူခြင်းငှာ လည်းကောင်း စွမ်းနိုင်ကုန်သည်ဖြစ်၍ သရီရဓာတ်တော်ကိုရှုလျက် တစ်ရံတစ်ခါ အမှုကို မပြတ် ပူဇော်၍ နေရကုန်၏။ ။

## ၁၁၇။ ယန္တရားစက်ကို ဖျက်နိုင်သူ တွေ့ရှိ၍ ဓာတ်တော် ထုတ်ယူပုံ အကြောင်း

ထိုနောင်မှ မင်းကြီးသည် ဆင်ကျောက်ကုန်း၌ သပြာတစ်ထောင်ထုပ်ကို တင်၍ အကြင်သူသည် သည်ယန္တရားကို ဖျက်ခြင်းငှာ ဥပါယ်တံမျဉ်၌ လိမ္မာ၏၊ ထိုသူသည် ဤအသပြာကို ယူစေဟု မြို့ကိုလည်၍ ကြွေးကြော်ရ၏။ ရေမတိုင်းမှ အထက်ကလာ၍ ဤအသပြာစီရင်သောသူ၏ သား၊ မြေး၊ မြစ် ကြားလတ်သော် ငါတတ်နိုင်၏ဟု ထိုအသပြာကို မင်းကြီးအထံသို့ သွားလေ၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ အသပြာတစ်ထောင်ပေး၍ ယန္တရားကို ဖျက်ရလေ၏။ ထိုနောင်မှ မြေကိုတူး၍ တံတိုင်းခုနစ်ထပ်တို့ကို အစဉ်အတိုင်း ဝင်၍ ရဟန်း၊ သံဃာ၊ အမှူး၊ အမတ်၊ ပရိသတ်နှင့်တကွ သုံးကြိမ် လက်ယာရစ် ပြာသာဒ်ကိုလည်၍ ရှင်မဟာကဿပမထေရ် အဓိဋ္ဌာန်၍ထွန်းသော ဆီမီးလေးတိုင်၌ မီးမသေသည်ကို မြင်လျှင် အံ့သြကုန်လျက် ပြာသာဒ်တွင်းသို့ဝင်၍ ရွှေမြင်းရုပ်ကို သုံးပတ်လည်၍ ပူဇော်ပြီးလျှင် အကျင့်ဖြင့် တံခါးကိုဖွင့်၍ မြင်းရုပ်ဝမ်း၌ ဓာတ်တော်ကြုတ်ကို ဝဇီရစိန်ကဲ့သို့ ထွန်းတောက်ပလျက် တည်သောဓာတ်တော်ကို မင်းကြီးမြင်လေသော် ကြည်လင်စွာသော စိတ်တော်ရှိသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ရှိသေလေးမြတ် နှုတ်စွာပူဇော်၍ ပြာသာဒ်၊ မြင်းရုပ်တို့ကို ထုတ်၍ ကောင်းစွာ သုတ်သင်ဆင်ယင်ပြီးသော တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ဖြင့် စီရင်လျက် သုံးပတ်လည်၍ မြို့တွင်းသို့ ဝင်၍ ပြာသာဒ်မှ၌ ထားတော်မူ၏။

## ၁၁၈။ စေတီ၊ ကျောင်း ရှစ်သောင်းလေးထောင်ကို တစ်ပြိုင်နက် တည်သည့် အကြောင်း

ယင်းသို့မှ သရီရဓာတ်တော် တစ်ဖို့ကို ဇမ္ဗူဒီပါကျွန်း အလုံး၌ ရှစ်သောင်းလေးထောင်သော တိုင်းခရိုင်တို့၌ တစ်တိုင်းလျှင် စေတီတစ်ဆူတစ်ဆူ တည်စေလောဟူ၍ ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာတို့ကို အမတ်တို့အား အပ်၍ စေတော်မူ၏။ သီရိဓမ္မာသောက မင်းကြီး ရှစ်သောင်းလေးထောင်သော စေတီ၊ ကျောင်းတို့ကို တည်လုပ်မည် ကြံသောအခါ ကြီးသော တန်ခိုးအာနုဘော်ရှိသော ဣန္ဒဂုတ္တအမည်ရှိသော မဟာထေရ်ကို တောင်းပန်တော်မူ၏။ ထိုအရှင် မဟာထေရ်လည်း မိမိတန်ခိုးအာနုဘော်ဖြင့် ဆောင်မ၍ ခြောက်လလျှင် အလုံးစုံသော

ကျောင်း၊ စေတီတို့သည် ပြီးကုန်၏။ ထိုစေတီ၊ ကျောင်းတို့ကို တည်လုပ်သောအခါကား လကို ရာဟု ဖမ်းသနေ့ တစ်ပြိုင်နက် တည်ကုန်၏။ လကို ရာဟု ဖမ်းသနေ့ တစ်ပြိုင်နက် ပြီးကုန်၏။ ပြီးကြောင်းကို ရှစ်သောင်းလေးထောင်သော မင်းတို့က ကမ္ပည်းဆက်စာတို့သည် တစ်နေ့တည်းလျှင် ရောက်လာကုန်၏။

### ပါဋလိပုတ် မဟာစေတီကို တည်ခြင်း အကြောင်း

၁၁၉။ ပါဋလိပုတ် မဟာစေတီကို တည်ခြင်း အကြောင်း ပါဋလိပုတ်ပြည်၌ မြစ်မ နားဝယ် ကောသချွဲအရပ်ကို တစ်ဖိုးသော သဒ္ဓိရုခတ်တော်ကို ပါဋလိပုတ်ပြည်၌ မြစ်မ နားဝယ် ကောသချွဲအရပ်ကို လက်ဝါးဖြင့်ကဲ့သို့ ပြတော်မူ၍ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်လျက် မဟာစေတီ ကို တည်တော်မူ၏။ ပြီးသောအခါ မဟာစေတီ စသော ရှစ်သောင်းလေးထောင်သော စေတီ တို့ကို ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး စေတီ၊ ကျောင်း ပူဇော်ခြင်းကို ပြုအံ့။ တစ်စုံတစ်ခုသော အန္တရာယ် မရှိမည်အကြောင်း အရှိယာ သံဃာတို့ကိုရှိခိုး၍ အန္တရာယ်ကို ပျောက်အံ့ဟု ကြံပြီးလျှင် အမတ်အပေါင်းခြံရံလျက် ကျောင်းသို့ ထွက်တော်မူ၍ သံဃာအပေါင်းတို့အား ရှိသေစွာရှိခိုး၍ လျှောက်ပတ်ရာ၌ နေပြီးလျှင် သံဃာ့ထေရ်ကို မင်းကြီး ဤသို့ လျှောက်၏။

### ၁၂၀။ သီရိဓမ္မာသောကမင်းကြီး ကောင်းမှု၏ အန္တရာယ်ကို တားမြစ်ရန် လျှောက်ထားခြင်း အကြောင်း

"အရှင်ဘုရား- အကျွန်ုပ်အား သနားသည်ကို အကြောင်း ပြုတော်မူ၍ ကောင်းမှု၏ အန္တရာယ်ကို တားမြစ်ခြင်းငှာ တန်ခိုးဖြင့် စွမ်းနိုင်သော ရဟန်းကို စေတော်မူပါ"ဟု လျှောက်၏။ သံဃာ့ထေရ်လည်း "မင်းကြီး- တန်းခိုးရှိသော ရဟန်းကို ရှာဦးအံ့"ဟု မိန့်တော်မူ၏။ မင်းကြီး လည်း နန်းတော်သို့ ပြန်တော်မူ၏။ ရဟန်း သံဃာတို့လည်း စည်းဝေး၍ တိုင်ပင်ကြသည် ရှိသော် မာရ်နတ်သားသည် ကောင်းမှု၏ အန္တရာယ်ကို ပြုအံ့သည် မချွတ်ဟု သံဃာ့ထေရ်ကို တောင်းပန်၏။ သံဃာ့ထေရ်လည်း "အရှင်တို့- ငါသည် အမှုများ၏။ စွမ်းအား နည်းပြီ၊ မတတ်နိုင်"ဟု ဆို၏။ ထိုနောင် အစဉ်အတိုင်း သံဃနော[၁]တိုင်အောင် တောင်းပန်သည်ရှိသော် လည်း မာရ်နတ်သားကို ဆုံးမအံ့သောငှာ တစ်စုံတစ်ယောက်မျှ ဝန်မခံကုန်။ သုံးရက်မြောက် သော နေ့၌ သံဃာစည်းဝေးသောအခါ နဂါးပြည်မှ နဂါးမင်းတစ်ယောက်သည် သံဃာကို ရှိခိုးဦးအံ့ဟု လာ၏။ သံဃာအစည်းအဝေးကို ရှိခိုး၍ နဂါးမင်းနေစဉ် တောင်စကြဝဠာတံတိုင်းမှ ရဟန်း သံဃာတို့ကို ရှိခိုးအံ့သောငှာ ကောင်းကင်ဖြင့် ဂဠုန်မင်း လာလတ်သော် နဂါးကိုမြင်၍ ဖမ်းအံ့သောငှာ ကောင်းကင်မှ သက်လတ်သော လေ၏အဟုန်အသံဖြင့် သိ၍ နဂါးမင်းသည် ကြောက်လန့်တကြား ကိုးကွယ်ရာမရှိသည် ဖြစ်၍ သံဃာ့ထေရ်၏ ခြေတော်ကြားသို့ ဝင်၍ "ကျွန်ုပ်အသက်ကို ပေးတော်မူပါ"ဟု သံဃာ့ထေရ်ကို တောင်းပန်၏။ သံဃာ့ထေရ်လည်း ဒုတိယထေရ်ကို ဤသို့ ဆို၏။ "ငါသည် ရှာန်ဝင်ခြင်းငှာ မတတ်နိုင်။ အရှင်သည် နဂါးမင်းကို ဂဠုန်ဘေးမှ ကယ်ပါလော"ဟု ဆို၏။ ဒုတိယထေရ်လည်း တတိယထေရ်ကို ထိုအတူ ဆို၏။ ဤနည်းဖြင့် အဆင့်ဆင့် တိုက်တွန်းသည်ရှိသော် ခုနစ်နှစ်အရွယ်ရှိသော သာမဏေငယ်ကို သံဃာ့ထေရ်တို့ တိုက်တွန်း၏။ သာမဏေလည်း "အရှင်တို့လျက် မစွမ်းနိုင်ကုန်။ တပည့်တော် ကား- စွမ်းနိုင်ရာမည်လော"ဟု လျှောက်၏။ ရဟန်းတို့သည်လည်း အဖန်တလဲလဲ တောင်းပန်

[၁] ထေရ်ပယ်

သည် ရှိသော် သာမဏေလည်း စဉ်းငယ်ပြုံး၍ "နဂါးမင်း၏ အရပ်မှသော အရိပ်သို့ မရောက်စေဘဲ လဲဝါဂွမ်းကဲ့သို့ ဂဠုန်မင်းကို လွှင့်စေသို့" ဟု လျှောက်၏။ ထိုအခါ နဂါးမင်း၏ကိုယ်ကို တချို့မျှလောက် မထိမိ ဂဠုန်မင်း ရောက်သည်ရှိသော် မထေရ်ကြီးတို့သည် အဖန်တလဲလဲ မိန့်ကုန်၏။ သာမဏေလည်း အလျှင်တသော စတုတ္ထဈာန်ကို ဝင်တော်မူ၍ မိန့်တော်မူလျှင် ဂဠုန်မင်း၏ လျင်မြန်ခြင်းသည် ကုန်၍ ထုလုရှာသော ကျောက်ကျကြီးကဲ့သို့ဖြစ်၍ ရှောင်ရှားသွားရ လေ၏။ နဂါးမင်းသည် သံဃာတို့ကိုလည်းကောင်း၊ သာမဏေကိုလည်းကောင်း ကြည်ညိုခြင်း ကို ဖြစ်စေ၍ နဂါးပြည်သို့ သွားလေ၏။ ရဟန်း အပေါင်းတို့လည်း သာမဏေကို ဤသို့ မိန့်ကုန်၏။ "သာမဏေ- သင်သည် စကားတုံ့ကို မပြု။ တစ်ကြိမ်တည်းကို ဝန်မခံခြင်း ဖြစ်သောကြောင့် ဒဏ်အမှုကို သင်သည် ပြုအပ်၏" ဟု မိန့်တော်မူကုန်၏။ သာမဏေလည်း "အဘယ်ဒဏ် အမှုကို ပြုရအံ့နည်း" ဟု လျှောက်လျှင် အသောကမဟာရာဇာသည် "ခုနစ်နှစ် ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး စေတီပူဇော်ခြင်းကို ပြုသောအခါ ကောင်းမှုအဖို့ ရယ်ကို မာရ်နတ်သားသည် ပြုလတ္တံ့။ သာမဏေသည် မာရ်နတ်သားကို နိုင်အောင်ဖြစ်စေ" ဟု မိန့်ကုန်၏။ သာမဏေလည်း "ကျွန်ုပ် မတတ်နိုင်။ ကျွန်ုပ်ထက် တန်ခိုးကြီးသော ရဟန်းကို ညွှန်ပါအံ့။ ထိုအရှင်သည် မာရ်နတ်သားကို တားလတ္တံ့" ဟု လျှောက်၏။ "အဘယ်သူနည်း" ဟု မေးသော် မဟာသမုဒ္ဒရာ၏ အတွင်း၌ ရေအစုကို လှစ်၍ ရတနာဖြင့်ပြီးသော ပြာသာဒ်ကိုဖန်ဆင်း၍ ထိုပြာသာဒ်၏အလယ် ရတနာမဏ္ဍပ်ပလ္လင်၌ များစွာသော ရေပြည့်အိုး၊ အထူးထူးသော ပန်းတို့ဖြင့် ခြံရံသော အသရေရှိသော အိပ်ရာ၌ နေတော်မူသော တိဿနာဂ အမည်ရှိသော ရှင်ဥပဂုတ်ထေရ်သည် ဈာန်သမာပတ်တို့ဖြင့် များစွာသော နေ့ရက်တို့ကို လွန်စေ၍ အစာမစားဘဲ နေတော်မူသည်။ ထိုအရှင်နှင့် တူသော မာရ်နတ်သားကို ဆုံးမခြင်းငှာ တတ်နိုင်သောသူ မည်သည် မရှိ။ ထိုသို့ ဆုံးမတော်မူမည့် အကြောင်းကိုလည်း ဘုရားသခင် ဤသို့ ဗျာဒိတ် ထားတော်မူသည်။

## ၁၂၁။ မာရ်နတ် အန္တရာယ်ကို တားမြစ်နိုင်သော ရှင်ဥပဂုတ်မထေရ်ကို ညွှန်ကြားခြင်း အကြောင်း

လူ့ဘုံအထွတ် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသောအခါ သူငယ်တို့သည် မြေမှုန့်ကစား၍ နေကုန်၏။ ထိုသူငယ်တို့တွင် ခုနစ်နှစ်အရွယ်ရှိသော ပီယဒဿီ အမည်ရှိသော သူဌေးသားသည် မြတ်စွာဘုရား၌ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ လက်၌ ရှိသော မြေမှုန့်ကို လှူအံ့ဟု ကြံ၍ အခြွေအရံဖြစ်သော သူငယ်တို့ကို မြတ်စွာဘုရားအား ဆွမ်းလှူကုန်အံ့ဟုဆို၍ လက်နှစ်ဖက်တို့ဖြင့် မြေမှုန့်ကိုယူ၍ ဆွမ်းဟူသော အမှတ်ဖြင့် လှူလေ၏။ မြတ်စွာဘုရားလည်း ထိုသူငယ်ကို မြင်တော်မူလျှင် မဟာကရုဏာတော်ဖြင့် ပြီးသော ဖြူစင်သော နှလုံးတော် ပြဋ္ဌာန်းသည်ဖြစ်၍ အရှင်အာနန္ဒာကို ကြည့်တော်မူ၏။ အရှင်အာနန္ဒာလည်း သပိတ်တော်ကို ကပ်လေ၏။ ထိုသပိတ်ဖြင့် မြေမှုန့်ကို ခံတော်မူ၍ အရှင်အာနန္ဒာအား ပေးပြီးလျှင် ပြုံးတော်မူ၏။ ထိုသို့ ပြုံးတော်မူသောအခါ ခံတွင်းတော်မှ ရောင်ခြည်တော်တို့သည် ထွက်လေ၍ မျက်နှာတော်ကို လက်ယာရစ်သုံးပတ် လည်ပြီးမှ ခံတွင်းတော်သို့ ဝင်ပြန်လတ်သော် အံ့ဖွယ်သရဲကို အရှင်အာနန္ဒာ မြင်တော်မူ၍ အကြောင်းကိုလျှောက်သော် "ချစ်သားအာနန္ဒာ-

၁။ တစ်လ (သို့မဟုတ်) လေးတောင်

ဤပီယဒဿီ သတို့သားငယ်သည် မြေမှုန့်လှူရသော အကျိုးကြောင့် နတ်ပြည်၌ စံစားပြီး၍ **သာသနာတော် နှစ်ရာတစ်ဆယ့်ရှစ်နှစ်**[၁] ရောက်သောအခါ **ပါဋလိပုတ်ပြည်**၌ ဗိန္ဒုသာရမင်း၏ တစ်ရာတစ်ယောက်သော သတို့သားတို့တွင် **အသောကဓမ္မရာဇာ** အမည်ရှိသော ဗလစကြဝတေး မင်း ဖြစ်လတ္တံ့။ များစွာသော ကောင်းမှုတို့ကိုပြု၍ **ဥပဂုတ္တတိဿနာဂထေရ်**၏ အာနုဘော် အားဖြင့် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး ပူဇော်၍ မိမိကိုယ်ကို ငါးပါးသော အနံ့ရှိသော ဆီဖြင့် သိမ်မွေ့သော ဝါဂွမ်းတို့ဖြင့် ရစ်၍ မြတ်စွာဘုရားဓာတ်တော်ကို ဆီမီးပူဇော်လတ္တံ့။ ထိုသို့ အထူးထူးသော ကောင်းမှုအကျိုးဖြင့် သောတာပန်ဖြစ်၍ နတ်ပြည်သို့ ဖြစ်လတ္တံ့သည် ဟူ၍ ဗျာဒိတ်ထားတော်မူသည်။ ထိုစကားကို ကြားတော်မူလျှင် ရဟန်းသံဃာ အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ခေါ်ကုန်၏။ ။

## ရှင်ဥပဂုတ်မထေရ်ကို ပင့်ဆောင်သည့် အကြောင်း

၁၂။ ရှင်ဥပဂုတ်မထေရ်ကို ပင့်ဆောင်သည့် အကြောင်း ... ရှင်ဥပဂုတ်ကို ပင့်ချေဟု စေတော်မူကုန်၏။ ထိုနောင်မှ နှစ်ယောက်သော ရဟန်းတို့အား ရှင်ဥပဂုတ်ကို ပင့်ချေဟု စေတော်မူကုန်၏။ ရောက်လျှင် အသံပြုကြ၏။ ရှင်ဥပဂုတ်လည်း ရဟန်းနှစ်ပါးလည်း မြေကိုငုပ်လျှိုး၍ သွားလေ၏။ ရောက်လျှင် အသံပြုကြ၏။ ရှင်ဥပဂုတ်လည်း ရဟန်းတို့လည်း သံဃာအစည်းအဝေးသို့ သမာပတ်မှ ထတော်မူ၍ အသို့နည်းဟု မေးတော်မူ၏။ ရဟန်းတို့လည်း သံဃာအစည်းအဝေးသို့ ပင့်သည်ဟူ၍ လျှောက်ကုန်၏။ သံဃာတို့ကို ရိုသေသဖြင့် ငါလာအံ့၊ အရှင်တို့ သွားလင့်ကုန် တော့ဟု ရှေးဦးစွာ လွှတ်လိုက်၍ လျင်စွာသော တန်ခိုးအဟုန်ဖြင့် သံဃာအစည်းအဝေးသို့ သွားလေ၍ သိတင်းကြီးတို့ကို ရှိခိုး၍ တစ်ခုသောနေရာ၌ နေ၏။ ရှေးဦးစွာသွားသော ရဟန်း နှစ်ဦးတို့သည်လည်း နောက်မှရောက်၍ ရှင်ဥပဂုတ်ကို မြင်လျှင် ငါတို့နောက်မှ လာသသူ ဖြစ်လျက် အလျင် ရောက်ပေသည်။ အလွန်တန်ခိုးကြီးစွဟု အံ့ဩကုန်၏။ ရဟန်းအပေါင်း တို့လည်း ရှင်ဥပဂုတ်အား ဒဏ်ပေးလိုသည်ဖြစ်၍ ဤသို့မိန့်ကုန်၏။ "ရှင်ဥပဂုတ်– သင်သည် ပက္ကတို့၌ ဥပုသ်ပြုခြင်းကို လည်းကောင်း၊ သံဃာ၏ အစည်းအဝေးကို လည်းကောင်း မရောက် မလာ။ မိမိ ချမ်းသာကြောင်းကို အလေးအမြတ် ပြုဘိ၏။ သံဃာအမှုကို အလေးအမြတ်မပြု။ မြတ်စွာဘုရားလည်း မဟာကဿပထေရ်ကို ကဲ့ရဲ့တော်မူဖူး၏။ သင်သည် သံဃာကို မရိုသေ သဖြင့် ဒဏ်အမှုကို ပြုခြင်းငှာ ထိုက်၏"ဟု မိန့်ကုန်၏။ ရှင်ဥပဂုတ်လည်း ဦးခေါင်းနှင့်တကွ ရေချိုးပြီး၍ ကြာသန်းကို တန်ဆာဆင်ဘိသကဲ့သို့ ဒဏ်အမှုကို ဦးဖြင့် ခံပါအံ့။ အဘယ်ဒဏ် အမှုကို ပြုရအံ့နည်းဟု မိန့်၏။ သံဃာ့ထေရ်လည်း "ရှင်ဥပဂုတ်–အသောကဓမ္မရာဇာမည်သော မင်းသည် ရဟန်းသံဃာကို အလုပ်အကျွေးဖြစ်သည်။ ယခုအခါ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် ပတ်လုံး စေတီတော်တို့ကို ပူဇော်လိုသည်။ ထိုအခါ မာရ်နတ်သားသည် ကောင်းမှု၏ အန္တရာယ် ကို ပြုလတ္တံ့။ မာရ်နတ်သားကို ဆုံးမတော်မူပါလော"ဟု မိန့်၏။ ရှင်ဥပဂုတ်လည်း ကောင်းပြီ ဟု ဝန်ခံတော်မူ၏။ ဆွမ်းဘုဉ်းပေးရကြောင်းကို မိန့်လျှင် ရဟန်းတစ်ဦးသည် ကျွန်ုပ် ကောင်းမှု ကြောင့် ခပ်သိမ်းသော ခဲဖွယ်စားဖွယ်နှင့်တကွ ပြည့်စုံသော ဆွမ်းလေးသပိတ်သည် နေ့တိုင်း မပြတ်ရသည်။ ထိုလေးသပိတ်တွင် တစ်သပိတ်ကို ကျွန်ုပ်ဖို့ချန်၍ အလိုရှိတိုင်း ယူပါလောဟု လျှောက်၏။ ရှင်ဥပဂုတ်လည်း အဘယ်ကောင်းမှုကြောင့် ရသနည်းဟု မေးတော်မူလျှင်–

"ကျွန်ုပ်သည် ရှေးအခါ ဤပါဋလိပုတ်ပြည်၌ သူဌေးသားဖြစ်၍ မိဘချစ်မြတ်နိုးသော တစ်ယောက်တည်းသော သားဖြစ်လျက် အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖော်မိသည်ဖြစ်၍

[၁] ၃၂၆ ဘီစီ

ရဟန်းဖြစ်၍ သီလအာစာရနှင့် ပြည့်စုံသည်ဖြစ်၍ အမိအဖတို့သည်လည်း သား၏ ချစ်ခြင်းဖြင့် နေတိုင်းမပြတ် ဆွမ်းစားဖိတ်ပင့်လျှင် အဆွေခင်ပွန်း ရဟန်းလေးယောက်တို့ကို ခေါ်၍ ဆွမ်း လုပ်ကျွေးသည်။ ဤကောင်းမှုကြောင့် ဆွမ်းလေးသပိတ်ရသည်" ဟူ၍ မိန့်၏။ ရှင်ဥပဂုတ် လည်း "သင်၏ဆွမ်းသည် မစင်ကြယ်၊ သူ့ခါ၍ လှူသောဆွမ်း မဟုတ်။ သား၏ ချစ်ခြင်းဖြင့် လှူသော ကောင်းမှု၏ အကျိုးဆက်သာ ဖြစ်သည်၊ ငါ အလိုမရှိ" ဟု မိန့်၏။

ရဟန်းတစ်ယောက်က ဤသို့ လျှောက်ပြန်၏။ "အရှင်ဥပဂုတ်- အကျွန်ုပ် ကောင်းမှု ကြောင့် ရသော ဆွမ်းသည်ရှိ၏။ ထိုဆွမ်းကို ကပ်အံ့" ဟုလျှောက်၏။ အဘယ်ကောင်းမှုကြောင့် ရသနည်းဟု မေးတော်မူပြန်လျှင် "ရှေးအခါ ပါဠလိပုတ်ပြည်၌ အောင်တတ် ပုဏ္ဏားဖြစ်၍ လူများသည် များဂဏာ စတုမဓု လေးပါးနှင့်ယှဉ်သော ဘောဇဉ်ကို လုပ်ကျွေး၍ စားပြီးလျှင် မြို့ပြင်သို့ထွက်၍ ကန်ရိုးကိုသွားသောအခါ တောအုပ်တစ်ခု၌ သားများသော ရွေးမတော်ရသည် သားငယ်တို့ငတ်၍ အစာမစားရလျှင် ကျွန်ုပ်ရှေ့မှာ လက်နစ်ဖက်ကို ချီ၍ အသံပြုလျက် ရပ်သည်ကိုမြင်လျှင် ကရုဏာရှိသောအားဖြင့် ကျွန်ုပ်သည် အစာကို အော့၍ ကျွေးမွေးသော ကောင်းမှုကြောင့် ဤဘဝ၌ အထူးထူးသော ရေမရေသော ဂဏာစတုမဓု လေးပါးနှင့် ယှဉ်သော ဆွမ်းနှစ်သပိတ်ကို ရသည်။ တစ်သပိတ်ကို ယူတော်မူလော" ဟု လျှောက်၏။ အရှင် ဥပဂုတ်လည်း ပြုံးတော်မူ၍ ဤသို့မိန့်၏။ "အော့၍လုပ်ကျွေးသော အကျိုးဆက်ဖြင့် ရသော ဆွမ်းကို အလို မရှိ။ ငါ့အလို လိုအပ်သော ဆွမ်းကိုခံ၍ ဘုဉ်းပေးအံ့" ဟု မိန့်တော်မူသည်။

## ၁၂၃။ ရှင်ဥပဂုတ်ကို မင်းကြီး စုံစမ်းခြင်း အကြောင်း

တစ်နေ့သ၌ **အသောကဓမ္မာရာဇာမင်းသည်** သံဃာတို့ နေတော်မူရာကျောင်းသို့ ကပ်၍ သံဃာထေရ်အား "အကျွန်ုပ်ကောင်းမှုကို အနှောင့်အယှက်ပြုအံ့သော မာရ်နတ်သားကို တားခြင်းငှာ တတ်နိုင်သော တန်ခိုးကြီးသော ရဟန်းကို ရပါ၏လော" ဟု လျှောက်သော် "မင်းကြီး- ရဲ တစ်ထောင်သော မာရ်ကိုသော်လည်း တားခြင်းငှာ တတ်နိုင်သော တန်ခိုးကြီးသော ရဟန်းကို ရလေပြီ" ဟု မိန့်တော်မူ၏။ မင်းကြီးလည်း အဘယ်သူနည်းဟု လျှောက်သော် တိဿနာဂ ဥပဂုတ် အမည်ရှိသော သူတည်းဟု မိန့်တော်မူလျှင်၊ မင်းကြီးလည်း ထ၍ အရှင်ဥပဂုတ် အထံသို့ သွားလေ၍ ရှိခိုးလျက်ကြည့်လတ်သော် အလွန်ကြမ်းသော အဆင်းတော်၊ မလှသော အဖြစ်ကို မြင်၍ ဤအရှင်သည် တတ်နိုင်ပါအံ့လောဟု ကြံလျက် နန်းတော်သို့ ပြန်လေ၏။ မိုးသောက်သောအခါ စုံစမ်းအံ့ဟုကြံလျက် နေလင့်၏။ ရှင်ဥပဂုတ်လည်း မင်းကြီး နန်းတော်သို့ ဆွမ်းခံဝင်လေ၏။ မင်းကြီးလည်း ဆွမ်းလှူပြီး ကြွစေပြီးလျှင် အမုန်ယစ်သော ဆင်တစ်စီးကို လွှတ်လေ၏။ ထိုဆင် လိုက်၍ အနီးသို့ ရောက်သောအခါ ဆင်၏အရိပ်ကိုမြင်၍ မင်းကြီးက လွှတ်သော အဖြစ်ကို သိ၍ ကြွစဉ် မိဋ္ဌာန်တော်မူလျှင် ထိုဆင်သည် ကျောက်ခဲဖြစ်၍ နာမောင်း ချီလျက် ရပ်လေ၏။ **ရှင်ဥပဂုတ်လည်း** မကြည့်ဘဲ ကြွတော်မူလေ၏။ မင်းကြီးလည်း အမှုး အမတ်နှင့်တကွ ဆင်၏ အနီးသို့ သွားလေ၏။ မြင်တော်မူလျှင် တန်ခိုးအာနုဘော်ကို အံ့ဩ ကြကုန်လျက် အလုံးစုံသော လက္ခဏာနှင့်ပြည့်စုံသော ဆင်သည်လျက် ကျောက်ဖြစ်ချေ၏။ မာရ်နတ်သားကို ဆုံးမနိုင်အံ့ဟု ဝမ်းမြောက်ဝမ်းသာခြင်းရှိလျက် ရှင်ဥပဂုတ်သို့လိုက်၍ "အရှင် ဘုရားကို ညှဉ်းဆဲလို၍ မပြုပါ။ စုံစမ်းလို၍သာ ပြုပါသည်၊ သည်းခံတော်မူပါ" ဟု ကန်တော့လျှင် ရှင်ဥပဂုတ်လည်း မင်းကြီး ချမ်းသာကို ဖြစ်စေ၍ ဆင်လည်း မိမိအသွင်ဖြင့် နေရာသို့ သွားစေ

သတည်းဟု မိန့်တော်မူကာမျှလျှင် ဆင်သည် မိမိ နေရာသို့ သွားလေ၏။ ထိုအခါ ပြည်သူ လူအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ ။

## ၁၂၄။ သီရိမှာသောကမင်းကြီး ရှစ်သောင်းလေးထောင်သော စေတီ၊ ကျောင်းတို့ကို ပူဇော်ပုံ အကြောင်း

သီရိမှာသောကမင်းကြီးလည်း မဟာစေတီ အစရှိသော ရှစ်သောင်းလေးထောင်သော စေတီတို့ကို ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် ပူဇော်လိုသောငှာ ပြည်အလုံးကို စည်လည်စေ၏။ "ဤနေ့မှ ခုနစ်ရက်လွန်သဖြင့် စေတီပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ပြည်တွင်းပြည်ပ၌ နေကုန်သော လူအပေါင်းတို့သည် သုံးပါးသော သရဏဂုံ၊ ရှစ်ပါးသော သီလတို့ကို ဆောက်တည်၍ စေတီပူဇော်သော အမှုကို ပြုကြကုန်"ဟု မိန့်တော်မူ၏။ ခုနစ်ရက်လွန်သောနေ့၌ ခပ်သိမ်းသော စစ်တတ်တန်ဆာတို့ဖြင့် ဆင်အပ်သော အင်္ဂါဘိတ်ဣ အရေအတွက်ရှိသော စစ်အင်္ဂါလေးပါး ခြံရံလျက် သိကြားမင်း၏နေရာဖြစ်သော တာဝတိံသာနတ်ပြည်၌ အသရေကဲ့သို့သော မြတ်သော အသရေဖြစ်စေအံ့ဟု အားထုတ်တော်မူသည်ဖြစ်၍ ခပ်သိမ်းသော ရတနာတို့ဖြင့် တန်ဆာဆင်သော နေပြည်တော်ကို လက်ယာရစ် လှည့်တော်မူပြီးမှ **အသောကာရာမကျောင်းသို့** သွားတော်မူ၍ ရဟန်းတို့၏ အလယ်၌ နေတော်မူပြီးလျှင် မဟာစေတီ ထက်ဝန်းကျင် ယူဇနာရှိ အရပ်ကို ဆီမီးတို့ကိုညှိစေ၍ စေတီတော်ကို ရှိခိုးပူဇော်အံ့သောငှာ လာကုန်သော ရဟန်းသံဃာ လူတကာ အပေါင်းတို့သည်လည်း စည်းဝေးကုန်၏။

## ၁၂၅။ အင်္ဂါဘိတ်ဣဖွဲ့ပုံ အကြောင်း

[ အင်္ဂါဘိတ်ဣဆိုရာ၌ အင်္ဂါဘိတ်ဣ အရေအတွက်၏ အချင်ကား–ဆင်တစ်စီးတွင် ဆင်စီးသူရဲ(၁)၊ ကုန်းလယ်စီး(၁)၊ နောက်ပုံစီး(၁)၊ လုံကမ်းလက်ယာ(၂)၊ လက်ဝဲ(၂)၊ ဆင်ခြေဖုံး(၄)၊ ဆင်မြီးစောင့်(၁)၊ ဆင်ကကျွေး(၁)။ ပေါင်းသော် ဆင်တစ်စီးတွင် လူတစ်ကျိပ်သုံးယောက်တည်း။

ရထားတစ်စီးတွင် ရထားစီးသူရဲ(၁)၊ ရထားနားပန်းစောင့် လက်ယာ(၁)၊ လက်ဝဲ(၁)၊ လုံကမ်း လက်ယာ(၁)၊ လက်ဝဲ(၁)။ ပေါင်းသော် ရထားတစ်စီးတွင် လူငါးယောက်တည်း။

မြင်းတစ်စီးတွင် မြင်းစီးသူရဲ(၁)၊ လုံကမ်း လက်ယာ(၁)၊ လက်ဝဲ(၁)၊ မြင်းကံကျွေး(၁)၊ ပေါင်းသော် မြင်းတစ်စီးတွင် လူလေးယောက်တည်း။

ဆင်တစ်စီးကို ရထားတစ်ရာ ရုံသည်။ ရထားတစ်စီးကို မြင်းတစ်ရာ ရုံသည်။ မြင်းတစ်စီးကို သူရဲကောင်းတစ်ရာ ရုံသည်။ သူရဲကောင်းတစ်ယောက်ကို သမီးကညာတစ်ရာ ရုံသည်။ သမီးကညာ တစ်ယောက်ကို အလုပ်အကျွေး မိန်းမကြမ်းတစ်ရာ ရုံသည်။ ဆင်ကိုးထောင်၊ ရထားကိုးသိန်း၊ မြင်းကိုးကုဋေ၊ သူရဲကောင်းကုဋေကိုးရာ၊ သမီးကညာ ကုဋေကိုးသောင်း၊ အလုပ်အကျွေး မိန်းမကြမ်း ကုဋေကိုးသန်း။ သည်ကိုပေါင်းသော် အင်္ဂါဘိတ်ဣ ဖြစ်သတည်း။]

## ၁၂၆။ မာဝရ်နတ်ကို ရှင်ဥပဂုတ် ဆုံးမခြင်း အကြောင်း

ထိုအခါ၌ ရဟန်းသံဃာ အပေါင်းတို့သည်ကား ကုဋေရှစ်ဆယ်လျှင် ဖြစ်သတည်း။ ရဟန်းမိန်းမတို့သည်ကား– ကိုးသန်း၊ ကိုးသိန်းလျှင် ဖြစ်သတည်း။ ထိုရဟန်းသံဃာအပေါင်း

တို့တွင် ရဟန္တာကို ခွေးကောက်သော် တစ်သိန်းအရေအတွက် ရှိ၏။ ထိုသို့ ဆီမီးညှိသောအခါ
ဆီမီးကိုသေစိမ့်သောငှာ မာရ်နတ်သားလည်း ပြင်းစွာသောလေကို လာစေ၏။ ရှင်ဥပဂုတ်လည်း
တန်ခိုးတော်ဖြင့် ယူ၍ အဝေး၌ စွန့်လေ၏။ တစ်ဖန် မာရ်နတ်သားလည်း သဲမိုး၊ ကျောက်စရစ်
မိုး၊ ကျောက်မျက်မိုး၊ မီးကျီးမိုးတို့ကို အစဉ်အတိုင်း ရွာစေ၏။ ရှင်ဥပဂုတ်လည်း အဓိဋ္ဌာန်တန်ခိုး
နှင့် အစဉ်အတိုင်းခံ၍ စကြဝဠာပြင် အရပ်၌ စွန့်လေ၏။ မာရ်နတ်သားလည်း မိမိ လွှတ်သော
လက်နက် မရောက်သည်ကို မြင်လျှင် အမျက်ထွက်၍ ကြီးစွာသော နွားလားဥသဘအဟန်
ဖန်ဆင်း၍ ဆီမီးအစဉ်ကို ပျက်စိမ့်သောငှာ ပြေးပြန်လာ၏။ ရှင်ဥပဂုတ်လည်း ကျားရုပ်ဟန်
ဖန်ဆင်းတော်မူ၍ လိုက်လေ၍ ကြောက်မက်ဖွယ်သော အသံကို မြည်၏။ ပေါ်သိမ်းသော
လူအပေါင်းတို့သည်လည်း ကြည့်ကြကုန်၏။ မာရ်နတ်သားလည်း နွားလားဥသဘ အဖြစ်ကို
စွန့်၍ ဦးခေါင်းခုနစ်လုံးရှိသော နဂါးအဟန်ဖန်ဆင်း၍ ကျားကို ကိုက်အံ့သောငှာ လိုက်လေ၏။
ရှင်ဥပဂုတ်လည်း ကျားအသွင်ကို စွန့်၍ ဂဠုန်အဟန် ဖန်ဆင်း၍ နဂါးကို ဖမ်းလေ၏။
မာရ်နတ်သားလည်း နဂါးအသွင်ကို စွန့်၍ ဘီလူးကြီးအဟန် ဖန်ဆင်း၍ ထန်းပင်ရှိလောက်
ပြောင်ပြောင်တောက်သော သံလှင်ကန်ကို ကိုင်လျက် ဦးခေါင်းကို ရိုက်အံ့သောငှာ လာ၏။
ရှင်ဥပဂုတ်လည်း ဂဠုန်အသွင်ကိုစွန့်၍ မာရ်နတ်သားထက် နှစ်ဆထက်ကြီးသော ဘီလူးအဟန်
ဖန်ဆင်း၍ ရဲရဲပြောင်ပြောင်တောက်သော သံလှင်ကန်နှစ်ချောင်းကို ကိုင်လျက် မာရ်နတ်သား
ဦးခေါင်းကို ရိုက်အံ့သောငှာ လာလတ်၏။ မာရ်နတ်သားလည်း အလွန်ကြောက်လန့်သည်
ဖြစ်၍ အရောင်အဆင်းနှင့် ပြည့်စုံသော လူ၏အသွင်ကို ဖန်ဆင်း၍ ရှင်ဥပဂုတ်ရှေ့မှာ လာရပ်
လေ၏။ ရှင်ဥပဂုတ်လည်း ပိုးလောက်အတီပြည့်သော စက်ဆုပ်ရွံရှာဖွယ်သော ခွေးကောင်
ပုပ်ကို လည်၌ဆွဲ၍ တစ်စုံတစ်ယောက်သော နတ်၊ သိကြား၊ ဗြဟ္မာတို့သည် မချွတ်နိုင်အောင်
အဓိဋ္ဌာန်တော်မူ၍ မာရ်နတ်သားကို သွားလေတော့ဟု လွှတ်လိုက်၏။ မာရ်နတ်သားလည်း
စတုလောကပါလ နတ်သားတို့ကို ချွတ်ပါကုန်ဟု ဆို၏။ စတုလောကပါလ နတ်သားတို့လည်း
အဘယ်သူ ဆွဲသနည်းဟု မေးလျှင် ရှင်ဥပဂုတ် ဆွဲသည်ဟု ဆိုသော် ထိုအရှင်သည် တန်ခိုး
အာနုဘော်ကြီး၏။ ငါတို့ မချွတ်နိုင်ကုန်ဟုဆိုလျှင် မာရ်နတ်သားလည်း သိကြား အစရှိသော
သုယာမ၊ သန္တုဿိတ၊ သုနိမ္မိတ၊ ဝသဝတ္တီ နတ်မင်းကြီးတို့အထံသို့သွား၍ ရှေးနည်း ဆိုပြန်၏။
ထိုနတ်သားတို့လည်း မတတ်နိုင်ဟု ဆိုကြပြန်၏။ မာရ်နတ်သားလည်း နတ်တို့ မတတ်နိုင်။
ဗြဟ္မာပြည်သို့ ကပ်လေ၏။ "အရှင်ဗြဟ္မာမင်းကြီး- အကျွန်ုပ်အား သနားသည်ကိုပြု၍ စက်ဆုပ်
ရွံရှာဖွယ်သော ခွေးကောင်ပုပ်ကို ချွတ်ပါ"ဟုဆို၏။ မဟာဗြဟ္မာလည်း "အချင်းနတ်သား-
ရှင်ဥပဂုတ်သည် တန်ခိုးကြီး၏။ မြတ်စွာဘုရားတပည့်တော် ရဟန္တာ အဘိညာဉ်ခြောက်ပါး
နှင့် ပြည့်စုံ၏။ ထိုအရှင်အာဏာကို လွန်ကြူးခြင်းငှာ မတတ်နိုင်။ အချင်းနတ်သား- သင်
သွားလေ၊ ထိုရဟန်းကို အရိုအသေပြု၍ သာယာစွာသော စကားဖြင့် တောင်းပန်လေ။ ထိုအရှင်
သည်လျှင် ဤခွေးကောင်ပုပ်ကို ချွတ်လတ္တံ့"ဟူ၍ ဆိုမှ မာရ်နတ်သားလည်း သွားလေ၍
ရှင်ဥပဂုတ်ကို သာယာချောင်စွာသော စကားဖြင့် ဖြားယောင်း၍ "အရှင်ဘုရား- အကျွန်ုပ်
ရှုံးပါ၏။ ဤအကောင်ပုပ်ကို ချွတ်တော်မူပါ"ဟု ဆို၏။ ရှင်ဥပဂုတ်လည်း မာရ်နတ်သားကို
ခေါ်တော်မူ၍ တောင်ကြီးတစ်လုံးသို့ ကြွတော်မူလေ၏။ ရောက်လျှင် မာရ်နတ်သားလည်၌
ခွေးကောင်ပုပ်ကို ချွတ်ပြီးလျှင် ခါးပန်းတော်ကို ရှည်အောင် ဖန်ဆင်းတော်မူ၍ မာရ်နတ်သား
ခါးကို ချည်ပြီးမှ တောင်တစ်လုံးမှာ ခါးပန်းတော်ကို မြဲစွာချည်၍ "မာရ်နတ်သား တစ်ပါးသို့

မသွားလင့်။ မျှော်သောကာမင်း ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး စောင့်ပူဇော်၍ မပြီးမချင်း ဤအရပ်၌ နေရစ်"ဟု မိန့်တော်မူလျှင် မာရ်နတ်သားသည် အလိုမရှိဘဲလျက် ဆိတ်ဆိတ်နေ၏။ ရှင်ဥပဂုတ်လည်း အလိုရှိတော်မူရာ သွား၍ နေတော်မူလေ၏။

## မာရ်နတ်သား ဘုရားဆုကို တောင်းခြင်း အကြောင်း

၁၂၇။ မာရ်နတ်သား ဘုရားဆုကို တောင်းခြင်း အကြောင်း ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်လွန်၍ စောင့်ပူဇော်သောပွဲ ပြီးသည်ဖြစ်မှ ထိုအရပ်သို့ သွားတော်မူ၍ မာရ်နတ်သားအသံကို နားထောင်လျက် ပုန်း၍နေတော်မူ၏။ မာရ်နတ်သား လည်း ပြီးဆုံးသည်ဖြစ်၍ မြတ်စွာဘုရား ကျေးဇူးတော်ကို အစဉ် အောက်မေ့သဖြင့် ဤသို့ ဆို၏။ "ရှေးအခါ၌ ငါသည် မြတ်စွာဘုရား အထံတော်ဝယ် များစွာသော ဖောက်ပြန်သော အမှုကို ပြုသည်။ မြတ်စွာဘုရားသည် ငါ့အား တစ်စုံတစ်ခုသော အပြစ်ကို မပြု။ ယခုအခါ သာဝကသည် သနားခြင်း မရှိသည်ဖြစ်၍ ငါ့အား ဆင်းရဲခြင်းကို ပြုဘိ၏"ဟု မြည်တမ်းလျက် တောင်ကို ခြေနင်း၍ အစဉ်လည်လျက် သွား၏။ တစ်ဖန် ငြိမ်သက်သောနှလုံး ရှိသည်ဖြစ်၍ မြတ်စွာဘုရား ကျေးဇူးတော်ကို အောက်မေ့လျက် ဤသို့ဆို၏။ "ငါတည်း ကောင်းမှုကုသိုလ်ရှိပါမူကား- နောင်အခါ၌ ဘုရားဖြစ်ချင်ပါ၏။ မြတ်စွာဘုရားသည်သာလျှင် သတ္တဝါတို့အား သနားခြင်း များ၏"။ ထိုသို့ မြည်တမ်းစဉ်လျှင် ရှင်ဥပဂုတ်လည်း အလျင်တဆော လာ၍ အရှည်အနှောင် ခြေပြီးမှ မာရ်နတ်သားကို ကန်တော့၏။ မာရ်နတ်သားသည် သင်၏အကျိုးကို လည်း ပြီးစေပြီ။ မင်းကြီး၏ ကောင်းမှုအဓွန့်ရှည်ကိုလည်း လွတ်စေပြီ။ "မာရ်နတ်သား- သင်သည် ဘုရားဆုကို ယူ၏။ ထိုသို့ ယူသောကြောင့် သင့်ကို ပူဇော်ထိုက်၏" မိန့်တော်မူပြီးလျှင် မာရ်နတ်သားလည်း ဤသို့ ဆို၏။ "သင်တို့ သာဝကသည် သနားခြင်း မရှိသောကြောင့် ငါလည်း သာဝက အဖြစ်ကို မဖြစ်လို။ သာဝကဟူက သင်ကဲ့သို့ သနားခြင်း မရှိတတ်သည် သာလျှင်တည်း"ဟု ဆို၏။ ရှင်ဥပဂုတ်လည်း "မာရ်နတ်သား- သင်သည် နှလုံးမသာ မရှိလင့်။ ငါ၏ အာနုဘော်ကြောင့် ဘုရားဆုကို တောင်း၏။ တောင်းသည်အတိုင်း မချွတ် ဖြစ်လတ္တံ့။ မြတ်စွာဘုရားလည်း ဗျာဒိတ်စကား ထားတော်မူ၏။

## ၁၂၈။ ရှင်ဥပဂုတ်အား မာရ်နတ်သား ဘုရားအသွင်ကို ဖန်ဆင်း၍ ပြခြင်း အကြောင်း

"မာရ်နတ်သား- သင်သည် ဘုရား ထင်ရှားဖြစ်တော်မူသော အခါ၌ မြင်ဖူးသည်၊ ငါ မမြင်ဖူးပါ။ မြတ်စွာဘုရား မျက်မှောက်ကိုယ်တော် အဟန် သာဝက အခြွေအရံနှင့်တကွ ခပ်သိမ်းသော အခြံအရံနှင့် ပြည့်စုံစွာ တန်ခိုးဖန်ဆင်း၍ ပြပါ။ မြတ်စွာဘုရားကို ဖူးမြင်ပါမည်" ဟု ဆို၏။ မာရ်နတ်သားလည်း ရှင်ဥပဂုတ်သည် ငါ့ကို ရှိမခိုးမူကား ပြပေအံ့ဟု ဆို၏၊ ရှင်ဥပဂုတ်လည်း ဝန်ခံတော်မူ၏။ မာရ်နတ်သားလည်း တစ်ခုသောတောအုပ်သို့ ဝင်လေ၏၊ ရှင်ဥပဂုတ်လည်း တန်ခိုးတော်ဖြင့် ရဟန်းတို့ကို လျှင်စွာ စည်းဝေးစေ၍ ခပ်သိမ်းသော သူတို့ သည် မြတ်စွာဘုရားကို ဖူးမြင်လိုကုန်၏။ ထိုသူတို့သည် ပန်းနံ့သာ လက်စွဲကုန်လျက် ရှင်ဥပဂုတ် ကို ခြံရံ၍ လိုက်ကုန်၏။ ထိုအခါ မာရ်နတ်သားသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော် ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်သော တစ်လံမျှလောက်သော

ရောင်ခြည်တော်တို့ဖြင့် တင့်တယ်သော မြတ်စွာဘုရား အသွင်တော်ကို ဖန်ဆင်း၍ လက်ဝဲရံ အဂ္ဂသာဝကအနုံ၊ ရှစ်ကျိပ်သော မဟာသာဝက အခြွေအရံ၊ အလုံးစုံသော ဘုရားရှင် အသရေတော်ဖြင့် ထွန်းတောက်ပသော ပြာဋိဟာနှင့် တကွသော အဆင်းတော်ကို ဖန်ဆင်း၍ ပြပေ၏။ ရှင်ဥပဂုတ်လည်း များစွာသော လူအပေါင်းနှင့်တကွ ရွှင်လန်းသော လက်ယာရံ အမတ် အပေါင်းနှင့် မြင်လေသော် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြစ်လေ၏။ ရှင်ဥပဂုတ်ထေရ်ကို လည်း မတုန်မလှုပ်သော ကြည်ညိုခြင်းသည် ဖြစ်၏။ မာရ်နတ်သားသည် မေးအပ်သော ပဋိညာဉ် ကို မအောက်မေ့နိုင်။ မြတ်စွာဘုရား အဆင်းတော်ကို ငါးပါးသော ရှိသေခြင်းဖြင့် ရှိခိုး၍ မာရ်နတ်သားသည်လည်း ဘုရားအသွင်ကို ကွယ်စေ၍ "ရှင်ဥပဂုတ်–အဘယ်ကြောင့် ရှိခိုး၍ သနည်း" ဟုမေး၏။ ရှင်ဥပဂုတ်လည်း "သင့်ကို ငါ ရှိမခိုး၊ မျက်မှောက်ဖြစ်သော သာဝက ရှစ်ဆယ်နှင့် တကွသော ဘုရားရှင်ကို ရှိခိုး၏" ဟု ဆို၏။

## ၁၂၉။ ရဟန္တာမြတ်တို့ လောကဝိဝရဏ တန်ခိုးဖြင့် ပြတော်မူ၍ ရှစ်သောင်းလေးထောင်သော စေတီတို့ကို သီရိဓမ္မာသောကမင်းကြီး ပူဇော်တော်မူရကြောင်း

ထိုအခါမှစ၍ မာရ်နတ်သားလည်း သာသနာတော်၌ နူးညံ့သောစိတ် ရှိသည်ဖြစ်၍ ရှင်ဥပဂုတ် အစရှိသော ရဟန္တာ အပေါင်းတို့သည်လည်း ဤသို့ ကြံကုန်၏။ "မင်းကြီးသည် ပြီးပြီသော ရှစ်သောင်းလေးထောင်သော ကောင်းမှုအလုံးစုံတို့ကို မြင်ရသည်ရှိသော် ဘုရားသခင် သာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုရာ၏" ဟု ကြံပြီးမှ လောကဝိဝရဏ အမည်တော် ရှိသော အံ့ဖွယ်သရဲသော ပြာဋိဟာတို့ကို ပြတော်မူကုန်၏။ မင်းကြီးလည်း အသောကာရာမ ကျောင်း၌ ရပ်လျက် အရပ်လေးမျက်နှာကို ကြည့်လတ်သော် မဟာသမုဒ္ဒရာ အိုင်းအခြားရှိသော ဇမ္ဗူဒိပ် ကျွန်းအလုံးကို မြင်တော်မူလေ၏။ များမြတ်လှစွာသော ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော စေတီ၊ ကျောင်းတော်တို့ကိုလည်း လက်ဝါးပြင်တွင် တင်၍ ကြည့်သကဲ့သို့ မြင်တော်မူလေ၏။ ထိုသို့ အလုံးစုံသော ကောင်းမှုတို့ကို မြင်တော်မူသည်ရှိသော် အတိုင်းထက် အလွန် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးဖြင့် ပူဇော်တော်မူ၏။ သီရိဓမ္မာသောကမင်းကြီးလည်း စေတီမြတ်ကို ခုနစ်ရက်ပတ်လုံး ပူဇော်အံ့ သောငှာ မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့် ရစ်၍ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်း၍ ရစ်ထသော ဆီအိုးတို့၌ ဆီနံ့သာတို့ဖြင့် ဆွတ်စေ၍ ရပ်လျက် စေတီတော်ကို ရှိခိုး၍ မီးပူဇော်လေ၏။ ထိုသို့ ဆီမီးလျှံသည် **ခုနစ်သူ**[၁] မြှုလောက်သော ကောင်းကင်သို့ တက်လေ၏။ မင်းကြီးလည်း မြတ်စွာဘုရားကို ချီးမွမ်း၍ ရတနာသုံးပါးဂုဏ်ကို အောက်မေ့လျက် နေတော်မူ၏။ မီးလျှံသည် တစ်စုံတစ်ခုသော ကိုယ်တော်မြတ်၏ ဖောက်ပြန်ခြင်းကို မဖြစ်စေမူ၍ နှင်းကြားဖြင့် လိမ်းကျံ ဘိသကဲ့သို့ ချမ်းမြေ့သည်သာ ဖြစ်၏။ ဤကဲ့သို့ ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီး၍ ရေချိုးတော် မူပြီးလျှင် တန်ဆာ ဆင်ယင်၍ လူနတ်အပေါင်း ခြံရံလျက် စေတီတော်ကို ရှိခိုးပြီးမှ သုံးကြိမ် လက်ယာရစ် လှည့်၍ ခုနစ်ညပတ်လုံး တရားနာ၍ သံဃာတို့အား ဆွမ်းလုပ်ကျွေး၍ ရှိခိုးပူဇော် ပြီးမှ အမှုးအမတ် အစရှိသော အကျော်ဘိဏ်သော စစ်သည်ဝန်းရံလျက် နန်းတော်သို့ ပြန်တော် မူ၏။ ။

---

[၁] ခုနစ်လံ

## ၁၃၀။ ဘူတာဝါဟန ယန္တ ရားဆရာကို ရောမတိုင်းက ဥပါယ်တံမျဉ်ဖြင့် သတ်ရန် သံတံတင်း ဆက်လာခြင်း အကြောင်း

တစ်ရံရောအခါ သီရိမ္ဗောသောကမင်းကြီးသည် အဇာတသတ်မင်း ယန္တ ရားစက်ဖြင့် ခံယဉ်းစွာထားသော ဓာတ်တော်တို့ကိုယူ၍ ရှစ်သောင်းလေးထောင်သော စေတီတို့ကို တည်ကြောင်းကို ရောမတိုင်းကို အစိုးရသောမင်း ကြားလေသော် "အသူသည် အဇာတသတ်မင်း တည်သော စေတီတော်၌ ယန္တ ရားရုပ်ကို ဖျက်လေသနည်း"ဟု မေးသော် ပါဋလိပုတ်ပြည်၌ ယန္တ ရားအတတ်ကို တတ်သောသူရှိကြောင်းကို လျှောက်ကြားလေလျှင် ထိုသူကို သတ်အံ့ဟူ၍ ယန္တ ရားတံတင်း[1]ကို လုပ်စေပြီးလျှင် ဖုတ်သွင်းသော ယန္တ ရားယောကျ်ားရုပ်ကို သွင်းပြီးသော ယန္တ ရားတံတင်းထဲ၌ထည့်၍ အပေါက်က လျှို့ဝှက်သော ယန္တ ရားကိုပြု၍ သီရိမ္ဗော သန်လျက်နှင့်လျက် တံတင်းထဲ၌ထည့်၍ အပေါက်က လျှို့ဝှက်သော ယန္တ ရားကိုပြု၍ သီရိမ္ဗောသောက မင်းကြီးလည်း သောကမင်းကြီးအား ရတနာတံတင်း ဟူ၍ ဆက်လေ၏။ သီရိမ္ဗောသောက မင်းကြီးလည်း လက်ဆောင်ပဏ္ဏာတုံ၍ ထိုတံတင်းကို ယန္တ ရားတတ်သော ဆရာကိုပြလေ၏။ ဆရာလည်း ယန္တ ရားစက်၏ ဖောက်ပြန်ခြင်းကို မာယာဖြင့် စူးစမ်းသော် ရတနာတံတင်း မဟုတ်ကြောင်း၊ မိမိရန်သူ ပါကြောင်းကို အဟုတ်အဟုတ်သိ၍ "အရှင်မင်းကြီး- ဤတံတင်းသည် ကျွန်ုပ်ကို သတ်စိမ့်သောငှာ ဆက်လာသော တံတင်းဖြစ်သည်။ အရှင်မင်းကြီးပြည်၌ အကျွန်ုပ်နှင့်တူသော ဘူတာဝါဟန ယန္တ ရားတတ်သော သူကို အလွန် ရခဲသည်။ ကျွန်ုပ် ဘလည်း ရောမတိုင်း၌ ဤအတတ်ကြောင့် အသက်ကို စွန့်၍ ဤအတတ်ကို အကျွန်ုပ် ရသည်။ ယခု အကျွန်ုပ်ကို သတ်အံ့သောငှာ ရောက်လာသည်။ အသက်ပေးတော်မူပါ"ဟု လျှောက်လျှင်၊ အကြောင်းကို မေးသော် "ဤတံတင်းကို ဖွင့်လျှင် အကျွန်ုပ်ကို ခုတ်သတ်၍ ရောမတိုင်းသို့ သွားလတ္တံ့"ဟု လျှောက်၏။ မင်းကြီးလည်း ကြောက်လန့်တကြား "အဘယ်အကြောင်းကြောင့် သန်လျက် ခွဲသော ယောကျ်ားသည် တံတင်းထဲမှထွက်၍ သင်၏ဦးခေါင်းကို ဖြတ်လတ္တံ့ဟူ၍ သိရသနည်း"ဟု မေးတော်မူပြန်လျှင်၊ ဥပါယ်တံမျဉ်ဖြင့် သိကြောင်းကို လျှောက်ဆိုသော် မင်းကြီးလည်း အမတ်တို့ကို ဘယ်သို့ပြုအံ့နည်းဟု မေးတော်မူ၏။ အမတ်တို့ကလည်း ဤစကားကို မယုံအပ်၊ ရတနာတံတင်းပင် ဟူ၍ လျှောက်လျှင် ရတနာတံတင်း မဟုတ်ကြောင်း၊ မိမိကို သတ်အံ့သောငှာ လာကြောင်းကို လျှောက်ပြန်သော် အမတ်တို့လည်း အဘယ်သို့ ပြုရအံ့နည်းဟု ထိုဆရာကို မေးလျှင် မီးပုံကြီး၌ ပစ်ချသင့်ကြောင်းကို ဆိုသော် အမတ်တို့သည် မင်းကြီးကို ဤသို့ လျှောက်ကုန်၏။ "ရှင်မင်းကြီး- ဤသူသည် မဟုတ်မတရား ကြံ၍သာ ဆိုသည်" ဟု လျှောက်ပြန်လျှင်၊ မင်းကြီးလည်း အမတ်တို့စကားကို ယုံကြည်တော်မူ၍ ထိုသူအား "တံတင်းကို ဖွင့်လော"ဟု မိန့်တော်မူ၏။ ထိုသူလည်း အိမ်သို့သွား၍ သားမယားတို့ကို ဥစ္စာပစ္စည်းပေး၍ မှာထားပြီးလျှင် မင်းအိမ်သို့ ပြန်ခဲ့၍ မင်းကြီးကို ရှိခိုးလျက် မိမိ အရာအထူးကို မင်းကြီးအား ဆောင်နှင်း၍ တံတင်းသို့ ရှေးရှု ရတနာသုံးပါးကို အောက်မေ့လျက် တံတင်းကို ဖွင့်လေ၏။ ထိုသို့ ဖွင့်သောခဏ၌ တံတင်းထဲမှ လူသည် ထွက်လေ၍ ထိုသူ့ဦးခေါင်းကို ဝါးညွန့်ကဲ့သို့ဖြတ်၍ ရောမတိုင်းသို့ ပြန်လေ၏။ သီရိမ္ဗောသောကမင်းကြီးလည်း ကြောက်လန့်တကြားဖြစ်၍ အမတ်တို့ကို အပြစ်တင်တော်မူ၏။ ။

---

[1]။ သေဋ္ဌာ

## ၁၃၁။ သီရိဓမ္မာသောကမင်း သာသနာ့အမွေ ခံလို၍ မေးလျှောက်ခြင်း အကြောင်း

တစ်ရံရောအခါ သီရိဓမ္မာသောကမင်းကြီးလည်း စစ်အင်္ဂါလေးပါးခြံရံလျက် အသောကာ
ရာမ ကျောင်းတော်သို့ ထွက်တော်မူ၍ သံဃာအလယ်၌ နေပြီးလျှင် ရဟန်းသံဃာတို့အား
ဤသို့ မေးတော်မူ၏။ (ထိုသို့ မင်းကြီးသည် ရဟန္တာမြတ်တို့အား မေး၏။) "အရှင်ဘုရားတို့-
လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူထသော၊ ဉာဏ်တော်
အား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူထသော အစိန္တေယျဘုရားရှင် သာသနာတော်၌ အဘယ်သူ
သည် ငါကဲ့သို့ ကြီးစွာသော စွန့်ကြဲခြင်းကို စွန့်ဖူးလေသနည်း။ အဘယ်သူ၏ စွန့်ကြဲခြင်း
သည် ကြီးမြတ်၏ဟု ဆိုကုန်သနည်း"ဟူ၍ လျှောက်၏။ သံဃာတော် အပေါင်းတို့လည်း
အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အား ဖြေအံ့သော အခိုက်ကို မြှာကုန်၏။ အရှင်မဟာမောဂ္ဂလိ
ပုတ္တတိဿထေရ်လည်း "မင်းကြီး- မြတ်စွာဘုရား ထင်ရှားရှိတော်မူသောအခါ၌ လည်းကောင်း၊
မြတ်စွာဘုရား သာသနာတော်၌ လည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာသည်ကား ရှင်မင်းကြီး
ကို တုသောသူ မည်သည် မရှိ။ မင်းကြီး၏ စွန့်ကြဲခြင်းသာလျှင် ကြီးမြတ်သော စွန့်ကြဲခြင်း
မည်၏"ဟု မိန့်တော်မူပေ၏။ ထိုအရှင်စကားကို ကြားတော်မူသော် ပီတိသောမနဿ တွေ့၍
ဤသို့ မေးတော်မူပြန်၏။ "ဤသို့သောအလှူကို လှူသည်ကား ဘုရားရှင် သာသနာတော်၏
အမွေကို ခံပါရတော့မည်လော"ဟု လျှောက်၏။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်လည်း
ဤသို့ မိန့်တော်မူ၏။ "မင်းကြီး- ဤသို့မျှ စွန့်ကြဲသဖြင့် သာသနာတော်၏ အမွေခံ မဖြစ်ချေ
သေး။ မြေမှသည် ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးတို့ကို စုပုံ၍ လှူကြားသော်လည်း
သာသနာတော်၏ အမွေခံ မဖြစ်ချေသေး"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "အရှင်ဘုရား-
အဘယ်ကဲ့သို့သော ကောင်းမှုကိုပြု၍ သာသနာတော်၏ အမွေခံ ဖြစ်ပါအံ့နည်း" ဟု လျှောက်
ပြန်၏။ **အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်**လည်း "မင်းကြီး- ရင်၌ဖြစ်သော သားသမီးတို့ကို
လည်းကောင်း၊ မွေးစားသော သားသမီးတို့ကို လည်းကောင်း၊ ကျွန်သား၊ ကျွန်သမီးတို့ကို
လည်းကောင်း ရဟန်းပြုစေခြင်းသည်သာလျှင် သာသနာတော်၏ အမွေခံ ဖြစ်သည်"ဟူ၍
မိန့်တော်မူ၏။ ။

## ၁၃၂။ သားတော်မဟိန္ဒ ရဟန်းပြုတော်မူခြင်း အကြောင်း

မင်းကြီးလည်း ဤသို့သောအလှူကို စွန့်ကြဲလျက် သာသနာတော်အမွေခံ မဖြစ်ချေ။
သာသနာတော်၏ အမွေခံဖြစ်ရာသည့်၏ အကြောင်းကို တောင်းတလျက် ထိုမှ ဤမှ ကြည့်တော်
မူလတ်သော် မင်းကြီးအပါး၌နေသော မဟိန္ဒမင်းသားကို မြင်တော်မူလေ၏။ မင်းကြီးသည်
ဤသို့ ကြံတော်မူ၏။ "ညီတော်တိဿ အိမ်ရှေ့မင်း ရဟန်းပြုလျှင် သားတော်**မဟိန္ဒမင်းသား**ကို
အိမ်ရှေ့အရာ ပေးမည်ဟု အကြံတော်ရှိ၏။ ထိုသို့ပင် ရှိသော်လည်း အိမ်ရှေ့မင်း အဖြစ်ထက်
ရဟန်းအဖြစ်သာလျှင် မြတ်၏"ဟု အကြံတော်ရှိပြန်၍ မဟိန္ဒမင်းသားအား ဤသို့မိန့်တော်မူ၏။
"ချစ်သား- သင်သည် ရဟန်းပြုအံ့သောငှာ တတ်နိုင်အံ့လော"ဟု မေးတော်မူ၏။ မဟိန္ဒ
မင်းသားလည်း အိမ်ရှေ့မင်း ရဟန်းပြုသည်မှစ၍ ရဟန်းအဖြစ်ကို တောင်းတလျက်နေသည်
ဖြစ်သောကြောင့် ခမည်းတော်စကားကို ကြားလျှင် အလွန်နှစ်သက်သည်ဖြစ်၍ ကျွန်ုပ်အား
ရဟန်းပြုတော်မူ၍ သာသနာတော်၏ အမွေခံလော့ဟု လျှောက်ပေ၏။ သမီးတော် သင်္ဃမိတ္တာ

မင်းသမီးလည်း အပါးတော်၌ လည်းကောင်း ရှိ၏။ "သင်သည် ရဟန်းပြုနိုင်အံ့လော" ဟု မေးတော်မူ၏။ သင်္ဃမိတ္တာမင်းသမီးလည်း "အကျွန်ုပ်လင် အဂ္ဂိဗြဟ္မာမည်သော မင်းသား ရဟန်းပြုသည့်နေ့မှစ၍ ရဟန်းအဖြစ်ကို တောင့်တလျက်ပင် နေသည်" ဟု နားတော်လျှောက်လေ၏။ မင်းကြီးလည်း သားတော်၊ သမီးတော်တို့ လျှောက်သောစကားကို ကြားတော်မူလျှင် နှစ်သက်သောနှလုံးတော် ရှိသည်ဖြစ်၍ ရဟန်းသံဃာတို့အား ဤသို့မိန့်တော်မူ၏။ "အရှင်ဘုရားတို့- ဤသတို့သား သတို့သမီးကို ရဟန်းပြု၍ အကျွန်ုပ်အား သာသနာတော်အမွေကို ခံပါစေလော" ဟု လျှောက်၏။ ရဟန်းသံဃာတို့လည်း မင်းကြီးစကားကို ကြားလျှင် မဟိန္ဒမင်းသားအား အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဥပဇ္ဈာယ်ပြု၍၊ **မဟာဒေဝထေရ်**ကား သရဏဂုံ-ဒသသီလကို ပေး၏။ **မဇ္ဈန္တိကထေရ်**ကား- အနုသာသနဆရာပြု၍ အသက်နှစ်ဆယ်ပြည့်ပြီး ဖြစ်သောကြောင့် ပဉ္စင်းခံ၏။ ထိုမဟိန္ဒမင်းသားသည် ကမ္မဝါစာ အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ သင်္ဃမိတ္တာမင်းသမီးသည်လည်း အသက်တစ်ဆယ့်ရှစ်နှစ်သာ ဖြစ်၍ ပဉ္စင်းမခံဘဲ သာမဏေပြု၏။ သာမဏေပြုသောအခါ ဥပဇ္ဈာယ်ဆရာကား- **ဓမ္မပါလိတထေရီ**တည်း။ သရဏဂုံ- ဒသသီ ပေးသော ဆရာကား- **အာယုပါလထေရီ**တည်း။ မဟိန္ဒမင်းသားနှင့် နှမတော် သင်္ဃမိတ္တာမင်းသမီး ရဟန်းပြုသောအခါလျှင် မင်းကြီး ဘိသိက်ခံ၍ ခြောက်နှစ်ပြည့်သတည်း။ သာသနာတော် သက္ကရာဇ်ကား ၂၂၄-ခု[၁]တည်း။

**သီရိဓမ္မာသောကမင်းကြီး** ဘိသိက်ခံ၍ ရှစ်နှစ်ရှိသောအခါ၌ **ကုန္တပုတ္တတိဿထေရ်** လေအနာရှိ၍ ဆေးကုအံ့သောငှာ တလက်ဆွန်းမျှသော ထောပတ်ကို ထိုအရှင်ညီတော် **သုမိတ္တထေရ်** ဆွမ်းခံဝတ်ဖြင့် ရပ်ခံသော်လည်း မရ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့၍ တေဇောဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

ထိုကုန္တပုတ္တတိဿထေရ် ညီတော်နောင်တော် အကြောင်းကား- ဤသို့တည်း။ ကိန္နရီ ငှက်မသည် ပါဋလိပုတ်ပြည်၌ မုဆိုးတစ်ယောက်နှင့် သံဝါသဖြစ်၍ ကုန္တပုတ္တတိဿထေရ်နှင့် သုမိတ္တထေရ်ကို မြင်သတည်း။ အရွယ်သို့ရောက်လျှင် သီရိဓမ္မာသောကမင်းကြီး ယူ၍ မွေးတော်မူ၏။ အရွယ်သို့ရောက်လတ်သော် **မဟာဝရုဏ** အမည်ရှိသော ရဟန္တာမြတ်အထံ၌ ရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူကုန်၏။ အချို့သော ဆရာတို့ကား ဤသို့ ဆိုတော်မူကုန်၏။ ကဋ္ဌဝါဟန မင်းမျိုးဖြစ်သော ကောဏ္ဍာ အမည်ရှိသော မင်းသမီးတစ်ပါးသည် ကျွန်ငှက်ရုပ် ယန္တရားဆင်၍ ကောင်းကင်ဖြင့် တော၌ ကစားလေသော် မုဆိုးတစ်ယောက်နှင့် သံဝါသဖြစ်ကြ၍ ကုန္တပုတ္တတိဿထေရ်နှင့် သုမိတ္တာကို မြင်သည်ဟု ဆိုတော်မူကုန်၏။ ဒီပဝင်ကျမ်း၌လည်း- ကုန္တပုတ္တတိဿထေရ် အနာကို ကင်းမြီးကောက် ကိုက်၍ ပရိနိဗ္ဗာန် ပြုသည်ဟု ဆိုတော်မူကုန်၏။

## ၁၃၃။ ကုန္တပုတ္တတိဿထေရ်ကို အကြောင်းပြု၍ ဆေးအလှူ စသည်တို့ကို ကြီးစွာ ပြုစုခြင်း အကြောင်း

သီရိဓမ္မာသောကမင်းကြီးလည်း ကုန္တပုတ္တတိဿထေရ် အကြောင်းကို ကြားတော်မူလတ်သော် ငါသို့သော မင်းစကြာဓိရှိလျက် တလက်ဆွန်းမျှသော ထောပတ်ကို မရ၍ ကုန္တပုတ္တတိဿထေရ် ပရိနိဗ္ဗာန် ပြုသည်ဟု မြို့လေးမျက်နှာ၌ တစ်မျက်နှာလျှင် လေးကန် လေးကန်

၁။ ၃၂၀ ဘီစီ

ထုံးစေ၍ တစ်ကန်ကို ထောပတ်၊ တစ်ကန်ကိုပျား၊ တစ်ကန်ကို တင်လဲ၊ တစ်ကန်ကို သကာ ပြည့်စေလျက် ဆေးအလို့ငှာ လှူတော်မူ၏။ အချို့သော ဆရာတို့ကား ပြို့လေးမျက်နှာ၌ရှိသော တံခါးတို့တွင် တစ်တံခါး တစ်တံခါးလျှင် လေးကန်လေးကန် ထုံးစေ၍ ထောပတ်၊ ပျား၊သကာ၊ တင်လဲတို့ကို ပြည့်စေလျက် လှူတော်မူသည်ဟူ၍ ဆိုတော်မူကုန်၏။ ထိုအခါ ပါဋလိပုတ်ပြည် လေးမျက်နှာ တံခါးတို့၌ ပြို့တစ်မျက်နှာ တစ်သိန်း၊ လေးမျက်နှာသော် လေးသိန်း အခွန်တို့ကို နေ့တိုင်းလျှင် ရ၏။ တရားဆုံးဖြတ်ရာ၌ ကွမ်းဖိုး တစ်နေ့တစ်သိန်းရ၏။ ဤသို့ တစ်နေ့ငါးသိန်း၊ ငါးသိန်း ရသော အခွန်တို့ကို ရှစ်သောင်းလေးထောင်သော စေတီတော်၌ ပန်းနံ့သာတို့ဖြင့် ပူဇော်အံ့သောငှာ တစ်သိန်း၊ ရဟန္တာအပေါင်းတို့အား တစ်သိန်း၊ တရားတော်ကို ဆောင်ကုန်သော ဗဟုသုတ ရဟန်းတို့အား တစ်သိန်း၊ တံခါးလေးမျက်နှာတို့၌ ထောပတ်၊ ပျား၊ သကာ၊ တင်လဲအလို့ငှာ တစ်သိန်း၊ နိဂြောဓသာမဏေအား တစ်သိန်း၊ ဤသို့ တစ်နေ့ငါးသိန်း၊ ငါးသိန်းသော ဥစ္စာတို့ကို ဘုရားရှင် သာသနာတော်၌ များစွာသော ပူဇော်သက္ကာရကို ဖြစ်စေ၏။ သီရိဓမ္မာသောကမင်းကြီးကား ဘုရားရှင်သာသနာတော်၌ အလွန်လျှင် ကြည်ညိုသည်ဖြစ်၍ နတ်တို့က ဆက်သော ပုဆိုးတို့ကို သင်္ကန်းပြု၍ တစ်နေ့သုံးကြိမ်လျှင် ဆင်နှင့်တင်၍ အရှင် နိဂြောဓသာမဏေအား လှူတော်မူ၏။ နတ်တို့က ဖြစ်သော နံ့သာပျောင်း၊ နံ့သာမှုန့်၊ ပန်းတို့ ကိုလည်း တစ်နေ့သုံးကြိမ် ဆင်ပြောင်ငါးရာတွင် တင်၍ လှူတော်မူ၏။ မင်းလည်း တစ်နေ့ သုံးကြိမ် အဝတ်လဲတော်မူ၏။ ထိုအခါ ဇမ္ဗူဒီပါကျွန်း အလုံး၌ ရဟန်းသံဃာ အပေါင်းတို့ ဝတ်တော်မူသော သင်္ကန်းသည် အရှင်နိဂြောဓသာမဏေ သင်္ကန်းများသော များကုန်၏။

### ၁၃၄။ သံဃာတို့ အဓိကရုဏ်း ကြီးစွာ ဖြစ်ခြင်း အကြောင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း အဓိကရုဏ်းကြီးစွာ ဖြစ်လတ္တံ့သည်ကို မြင်၍ အဟောဂင်္ဂါမည်သော အရပ်သို့ကြွ၍ နေတော်မူလေ၏။ အသောကာရာမကျောင်း၌ နေကုန်သော ရဟန်းတို့သည်လည်း ဒိဋ္ဌိတို့နှင့် ရောယှက်၍ ဥပုသ်မပြုဘဲ ခြောက်နှစ်တိုင်တိုင် နေတော်မူကြလေ၏။ ထိုအကြောင်းကို သီရိဓမ္မာသောကမင်းကြီး ကြားတော်မူလေသော် အမတ် တစ်ယောက်ကို ခေါ်တော်မူ၍ "ဟယ် အမတ်– ကျောင်းတော်သို့ သွား၍ အဓိကရုဏ်းကို ငြိမ်းအောင်စီရင်၍ ရဟန်းသံဃာတို့အား ဥပုသ်ပြုစေလော့"ဟု စေတော်မူ၏။ ထိုအမတ်လည်း အကြောင်းကို မင်းကြီးအား ပြန်၍ မလျှောက်ဝံ့သောကြောင့် တစ်ပါးသော အမတ်ကြီး တစ်ယောက်အား မေးလေ၏။ "အရှင်မင်းကြီးသည် ငါ့ကို ရဟန်းတို့အား အဓိကရုဏ်းကို ငြိမ်းစေ၍ ဥပုသ်ပြုစေလောဟု မိန့်တော်မူ၏။ အသို့လျှင် အဓိကရုဏ်းကို ငြိမ်းအောင် ပြုရအံ့ နည်း"ဟု မေးလေ၏။ ထိုအမတ်လည်း ဤသို့ ဆိုဘိ၏။ "ဥပမာသည် ပစ္စန္တရစ်ရွာကို ငြိမ်းစေလိုသော် ခိုးသူကို သတ်ရကုန်၏။ ထိုကဲ့သို့လည်းကောင်း အကြင်ရဟန်းတို့သည် ဥပုသ်မပြုကုန်အံ့။ ထိုသို့ မပြုသော ရဟန်းတို့ကို သတ်စေလိုသတည်း"ဟု ဆိုဘိ၏။ စေသော အမတ်လည်း ထိုဆိုသောစကားကို ဟုတ်သည်ဟု နှလုံးသွင်း၍ ကျောင်းသို့ သွားလေပြီးသော် ရဟန်းသံဃာတို့ကို "ဥပုသ်ပြုကုန်လော" ဟု ဆို၏။ ရဟန်းသံဃာတို့လည်း "ငါတို့ကား ဒိဋ္ဌိတို့နှင့် အတူတကွ ဥပုသ်ကို မပြုကုန်"ဟု မိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် သီတင်းကြီးမှ စ၍ အစဉ်အတိုင်း ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်လျှင်းဘိ၏။ အစဉ်အတိုင်း သတ်လေသည်ကို အိမ်ရှေ့မင်းဖြစ်ဖူးသော တိဿထေရ် မြင်လျှင် အမှုမဟုတ်၊ မင်းကြီးလည်း သည်အမတ်ကို

ရဟန်းတို့အား သတ်စိမ့်သောငှာ မစေရာဟု နှလုံးတော်ရှိ၍ မိမိတန်ခိုးဖြင့် အစဉ်မှတက်၍ အမတ်နှင့်နီးသော နေရာ၌ နေတော်မူလေ၏။ အမတ်လည်း တိဿထေရ်သည် မင်းကြီးညီတော် ဖြစ်သည်ဟု သတ်အံ့သောငှာ မဝံ့သည်ဖြစ်၍ ပြည်သို့ပြန်၍ မင်းကြီးအား နားတော်လျှောက်လေ၏။ "အရှင်မင်းကြီး– ဥပုသ်ပြုအံ့သောငှာ အလိုမရှိကုန်သော ရဟန်းတို့ကို သတ်လေပြီ၊ အရှင်ညီတော် တိဿထေရ်သို့ ရောက်ပြီ။ အဘယ်သို့လျှင် ပြုရအံ့နည်း"ဟု လျှောက်လေ၏။ မင်းကြီးလည်း ထိုစကားကို ကြားလျှင် တုန်လှုပ်သော နှလုံးရှိသည်ဖြစ်၍ "ဟယ်– အမတ်၊ သင့်အား ရဟန်းသံဃာတို့ကို သတ်ချေဟု မစေဘဲလျက် အဘယ်သို့သော အကြောင်းကြောင့် သတ်ဘိသနည်း"ဟု မှုပန်သောစိတ် ရှိသည်ဖြစ်၍ စစ်အင်္ဂါလေးပါး ခြံရံလျက် ကျောင်းသို့ ကြွတော်မူ၍ သံဃာထေရ်ဖြစ်ကုန်သော ရဟန္တာမြတ်တို့အား လျှောက်တော်မူလေ၏။ "အရှင်ဘုရားတို့... အမတ်သည် ကျွန်ုပ်က သတ်ချေ မစေဘဲလျက် ဤသို့သော အမှုကို ပြုဘိ၏။ ထိုသို့ပြုသော အမှုသည် အသူအား အကုသိုလ်ဖြစ်ရာသနည်း"ဟု လျှောက်သော် အချို့သော ထေရ်တို့သည်လည်း အမတ်သည် မင်းကြီးက စေ၍ သတ်ရသည်၊ ထိုမကောင်းမှုကို အရှင်မင်းကြီးအားသာလျှင် ဖြစ်ကောင်းသည်ဟု မိန့်တော်မူ၏။ အချို့သော ထေရ်တို့လည်း မင်းကြီးသည် အမတ်အား ရဟန်းတို့ကို သတ်ချေ မစေဖြစ်သောကြောင့် မကောင်းမှု မရှိရာဟု မိန့်တော်မူကုန်၏။ မင်းကြီးလည်း အထူးထူးသော ထေရ်တို့စကားကို ကြားတော်မူသော် နှစ်ခွသော ယုံမှားသင်္ကာ ရှိသည် ဖြစ်၍ မကောင်းမှုမှ ထိတ်လန့်ခြင်းသည် ဖြစ်၏။ ။

## ၁၃၅။ မင်းကြီး၏ သံသယကို မေးလျှောက်၍ သာသနာပြုရန် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်ခြင်း အကြောင်း

ထိုအခါ မင်းကြီးလည်း မထေရ်တို့အား ဤသို့ လျှောက်၏။ "အရှင်တို့– ယုံမှားသင်္ကာ ရှိသောစိတ်ကို အသူအားလျှင် ဖျောက်နိုင်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်မည်နည်း"ဟု လျှောက်၏။ မဟာထေရ်ကိုလည်း မင်းကြီး၏ ယုံမှားသင်္ကာစိတ်ကို ဖျောက်နိုင်အံ့သော သူကား အဟောဂင်္ဂါ မည်သော မြစ်ညာ၌ နေတော်မူသော အရှင် မဟာမောဂ္ဂလိပုတ္တတိဿထေရ်သာလျှင် ယုံမှားခြင်းကိုဖျောက်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်လတ္တံ့ဟူ၍ မိန့်တော်မူကုန်၏။ မင်းကြီးလည်း ဓမ္မကထိက ပုဂ္ဂိုလ်တို့နှင့်တကွ အမတ်သူရဲပေါင်း ရှစ်ထောင်ကျော် ပင့်ရလေ၏။ ပင့်သူတို့လည်း မင်းကြီးက ပင့်လာရကြောင်းကို လျှောက်လေ၏။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်လည်း မကြွဘဲ နေတော်မူလေ၏၊ ပင့်သူတို့လည်း မကြွလာကြောင်းကို မင်းကြီးအား လျှောက်လာ၏။ မင်းကြီးလည်း တစ်ခေါက် နှစ်ခေါက်ပင့်၍ မကြွလာသော အကြောင်းကို မဟာထေရ်တို့အား ကြားပေ၏။ မဟာထေရ်တို့လည်း မင်းကြီးက ပင့်လာသည် လျှောက်သောကြောင့် မကြွလာသည်။ ဘုရားရှင်သာသနာတော် နှစ်မွန်းသောအခွင့် ရာယ်ဖြစ်သည်၊ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ ကြွတော်မူပါဟု လျှောက်သည်ရှိသော် ကြွလတ္တံ့ သတည်းဟု မိန့်တော်မူကုန်၏။

ထိုသို့မှ တစ်ကျိပ်ခြောက်ပါးသော ဓမ္မကထိက ပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ တစ်ကျိပ်ခြောက်ယောက်သော အမတ်တို့ကို လည်းကောင်း အမတ်တစ်ယောက်လျှင် တစ်ထောင်သော အမတ်နှင့်တကွ ပေါင်းသော် သုံးသောင်း, သုံးကျိပ်, နှစ်ယောက်သော သူတို့ကို ပင့်ပြန်စေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်– သက်တော် ခုနစ်ဆယ့်နှစ်နှစ်တည်း။

ပင့်သူတို့လည်း လျှောက်လိုက်သည့်အတိုင်း ပင့်လေ၍ အထူးထူးသော တန်ဆာတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်သော လှေဖောင်၌ စီးတော်မူစေ၍ ဆောင်တော်မူမှ၏။ မင်းကြီးလည်း မရောက်ခင် ညဉ့်ကို အိပ်မက်မြင်တော်မူလေ၏။ ကိုယ်လုံးဖြူသော ဆဒ္ဒန်ဆင်ပြောင်ကြီးသည် လာလတ်၍ မင်းကြီးဦးခေါင်းမှစ၍ လက်ယာလက်တိုင်အောင် နာမောင်းနှင့်သုံးသပ် မက်၏။ နိုးသောက်သောအခါ အိပ်မက်ကျမ်းတတ်သောသူတို့အား ပြန်တော်မူလေသော် ပညာရှိတို့လည်း "အရှင်မင်းကြီး– ရတနာဆင်ဖြူနှင့်တူသော ရဟန္တာမြတ် ရောက်၍ လက်ယာလက်ဆုံတော်ကို ကိုင်လတ္တံ့"ဟု လျှောက်လေ၏။ ထိုခဏ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ရောက်တော်မူလေပြီဟု ကြားတော်မူလျှင် မြစ်နားဆိပ်သို့ ကြွတော်မူ၍ လည်၍တိုင်အောင် ရေသို့ ဆင်းတော်မူပြီးမှ မဟာထေရ်အား လက်တော်ကို လှမ်းတော်မူလင့်၏။ မဟာထေရ်လည်း မင်းကြီးလက်ကို ကိုင်တော်မူလေ၏။ ထိုသို့ ကိုင်သည်ကို သန်လျက်စွဲသော သက်တော်စောင့်တို့ မြင်လေသော် မဟာထေရ်၏ ဦးခေါင်းကို ဖြတ်အံ့ဟု သန်လျက်အိမ်မှ ထုတ်၍ ခုတ်မည် ပြုသည်ကို ရေအရိပ်တွင် မင်းကြီး မြင်တော်မူလေသော် "ဟယ် အချင်းတို့– ရှေး၌လည်း ရဟန်းသံဃာတို့အား ဖြစ်များခြင်းကြောင့် နှလုံးမသာ ရှိပြီ။ ယခုလည်း အရှင်ဘုရားကို ဖြစ်များခြင်းကို မပြုကျန်လင့်"ဟု မိန့်တော်မူပြီးမှ မဟာထေရ်အား ဥယျာဉ်သို့ ဆောင်တော်မူလေ၏။ မင်းကြီးလည်း အထူးထူးသော မေးခွန်း မေးဖွယ်တို့ကို မေးတော်မူလေ၏။ မဟာထေရ်လည်း ခါ, တိန်ညင် အစရှိသော ဥပမာ, ဥပမေယျတို့ဖြင့် ဖြေတော်မူ၏။ အထူးထူးသော ပြာဋိဟာတို့ကိုလည်း ပြတော်မူ၏။ ဘုရားရှင် သာသနာတော်၌ အယူမှားခြင်း တည်းဟူသော အမြွေးကို ဖျောက်လိုသောငှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိသော စတုပဋိသမ္ဘိဒါပတ္တ ရဟန္တာတစ်ထောင်တို့ သာသနာတော်သက္ကရာဇ် ၂၃၆–ခု[၁]တွင် တတိယသင်္ဂါယနာ တင်တော်မူ၍ သာသနာတော်၏ အညစ်အကြေးကို ဆေးကျော်တော်မူကုန်၏။ ထိုသို့ သင်္ဂါယနာတင်သော အခါ၌ တစ်ပါးမက များစွာသော မြေလှုပ်ခြင်းတို့သည် ဖြစ်ကုန်၏။

ဤဆိုခဲ့ပြီးသော စကားကိုထောက်၍ အကြင် လူ, ရဟန်းတို့သည် အရှင်မင်းစကြာရာဇ်တို့ကို အကျွမ်းဝင်သည် ဟူ၍လည်းကောင်း၊ အခွင့်သာသည် ဟူ၍လည်းကောင်း မကိုင်မထိအပ်ချေ။ ထိပါး ကိုင်မိချေသော် ကြီးစွာသော အပြစ်တို့သည် ရောက်ရာ၏ ဟူ၍ ဆရာတို့ မိန့်ဆိုကုန်၏။

## ၁၃၆။ တတိယသင်္ဂါယနာ တင်ပြီးသောအခါ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း အကြောင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်လည်း သင်္ဂါယနာ တင်ပြီးသောအခါ၌ ဤသို့ ကြံတော်မူ၏။ "နောင်လာလတ္တံ့သောအခါ သာသနာတော်သည် အဘယ်အရပ်၌ ကောင်းစွာ တည်လေအံ့နည်း"ဟူ၍ ဉာဏ်တော်ဖြင့် ဆင်ခြင်လတ်သော် ပစ္စန္တရစ်ဖြစ်သော ဇနပုဒ်တို့၌ ဘုရားရှင် ဗျာဒိတ်ထားတော်မူသည်နှင့်အညီ ကောင်းစွာ တည်လတ္တံ့သည်ကို မြင်တော်မူလေသော် ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွားအလို့ငှာ သာသနာတည်စေလောဟူ၍ **မဇ္ဈန္တိက** ထေရ်ကို ကသ္မီရဂန္ဓာရသို့ စေတော်မူ၏။ **မဟာရေဝတထေရ်ကို** မဟိံသကတိုင်းသို့ စေတော်မူ၏။ မဟိံသက ဟူသည်ကား– အန္ဓကတိုင်းဟူ၍ ဆိုကုန်၏။ **ရက္ခိတထေရ်ကိုကား**– ဝနဝါသီ

၁။ ၃၀၀ ဘီစီ

တိုင်းသို့ စေတော်မူ၏။ **ယောနကဓမ္မရက္ခိတထေရ်**ကိုကား– အပရန္တ တိုင်းသို့ စေတော်မူ၏။ **မဟာဓမ္မရက္ခိတထေရ်**ကိုကား–မဟာရဋ္ဌတိုင်းသို့ စေတော်မူ၏။ **မဟာရက္ခိတထေရ်**ကို ယောနက တိုင်းသို့ စေတော်မူ၏။ ယောနကတိုင်း ဟူသည်ကား– ပန်းသေးပြည်ဟူ၍ ဆိုကုန်၏။ **မဇ္ဈိမ ထေရ်**ကိုကား– ဟိမဝန္တာအရပ်သို့ စေတော်မူ၏။ **သောဏထေရ်၊ ဥတ္တရထေရ်**တို့ကိုကား– သုဝဏ္ဏဘုမ္မိသို့ စေတော်မူ၏။ သုဝဏ္ဏဘုမ္မိ ဟူသည်ကား– သထုံပြည်ဟု ဆိုကုန်၏။ အချို့သော ဆရာကား– ဖိုးဝယားပြည်ဟု ဆိုကုန်၏။ အချို့သော ဆရာကား– ဇင်းမယ်ပြည် ဟူ၍ ဆိုကုန်၏။ ရှင်မဟိန္ဒထေရ်၊ ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ် ဤထေရ်တို့ကိုကား **သိန်းဟိုဠ်ကျွန်း**[1]သို့ စေတော်မူ၏။ ထိုသို့ စေသော မဟာထေရ်တို့သည် မိမိတို့အား စေသောအရပ်သို့ ဥပသမ္ပဒကံလောက်အောင်လျှင် တစ်တိုင်းတစ်တိုင်းသော် သံဃာ ငါးပါး၊ ငါးပါးခေါ်၍ ကြွတော်မူကြလေ၏။ မဇ္ဈိမဒေသ အပဖြစ်သော ပစ္စန္တ ရစ်တို့၌ ငါးပါး သော သံဃာသည်လျှင် ဥပသမ္ပဒကံ လျောက်ပတ်၏ ဟူသတည်း။ ။

## ၁၃၇။ သီရိဓမ္မာသောကမင်းကြီး နတ်ရွာစံခါနီး ကာလတွင် နှလုံးမသာမယာ ဖြစ်ရခြင်း အကြောင်း

သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အား တောင်းပန်တော်မူ၍ သင်္ဂါယနာတင်ပြီးသော် အဆွေတော်ဖြစ်သော သိန်းဟိုဠ်ကျွန်းကို အစိုးရသော ဒေဝါနံပီယတိဿမင်းသို့ သာသနာတော်ကို သားတော်ရှင်မဟိန္ဒ အစပြု၍ ပို့ဆောင်တော်မူပြီးလျှင် ဘုရားရှင်ပွင့်တော်မူသော မဟာဗောဓိ ဒက္ခိဏသာခါ အစရှိသော များစွာသော သာသနာတော်၏ အစီးအပွားကိုဖြစ်စေ၍ အတိုင်းမသိအောင်သော ဆိုခဲ့ပြီးသော ကောင်းမှုတို့ကို ဆည်းပူးတော်မူ၍ နန်းတက်မင်းပြုသည်းစိမ် သုံးဆယ့်ခုနစ်နှစ်, **သာသနာတော်သက္ကရာဇ် ၂၅၅–ခု**[2] ရောက်သောအခါ မြင့်မြတ်စွာ ဆည်းပူးတော်မူသော ကုသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်၍ သေခြင်းသို့ ရှေးရှုလတ်သော် ဆေးအလို့ငှာ မိမိလက်၌ထားသော သျှိသျှားသီးကိုသာလျှင် အစိုးရသည်ဖြစ်၍ ပြင်းစွာသော စိုးရိမ်ခြင်းသို့ ရောက်တော်မူ၏။ အဘယ်ကြောင့် စိုးရိမ်ခြင်းသို့ ရောက်သနည်း ဟူမူကား မင်းကြီးသည် သေအံ့သော အကြောင်းကို မြင်၍ ဪ–ဘုံသုံးပါး၌ ကျင်လည်သော ဒုက္ခိတသတ္တဝါအပေါင်းသည်ကား ဇာတိ, ဇရာ, ဗျာဓိ, မရဏ– တရားလေးပါးတို့၏ တည်ရာမျှသာ ဖြစ်ဘိ၏တကား၊ ထိုတရားလေးပါးမှ ကင်းလွတ်မည်အကြောင်း နိဗ္ဗာန်ကို တောင့်တသောအားဖြင့် အဆုံးစွန်သော အလှူကို ပေးလိုသောငှာ ဘဏ္ဍာစိုးကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။ "အချင်း ဘဏ္ဍာစိုး– ငါ၏ စုံကိုးတိုက်ကြတို့မှ ရွှေ ငွေ စသော များစွာသော ဥစ္စာတို့ကို လည်းကောင်း၊ ခေါမတိုင်း, ကာသိကတိုင်းတို့မှ ဖြစ်သော ပိုးချည်ပုဆိုးတို့ကို လည်းကောင်း၊ ထိုမှတစ်ပါး သိမ်မွေ့စွာသော ဝါချည်ပုဆိုးတို့ကို လည်းကောင်း၊ ထိုမှတစ်ပါး များစွာသော အသုံးအဆောင် အဆောက်အဦတို့ကို လည်းကောင်း ဆောင်ချေ၍ ငါ၏ရှေ့၌ ပုံစုထားဘိလော့။ ယခုနေ့လျှင် အဆုံးစွန်သော အလှူကြီးပေး၍ ငါသေအံ့သည်"ဟု မိန့်တော်မူ၏။ မင်းကြီး မိန့်တော်မူသည်ကို ဘဏ္ဍာစိုးကြီး ကြားလေသော် ကြေကွဲသော နှလုံးဖြင့် ငို၍ ဤသို့ နားတော်လျှောက်၏။

---

၁။ သိဟိုဠ်ကျွန်း။ ယခု သီရိလင်္ကာနိုင်ငံ (Sri Lanka)

၂။ ၂၀၉ ဘီစီ

၁၃၈။ မင်းကြီး၏ ဘဏ္ဍာ ကို ကြတို့ကို ပိတ်ထားကြောင်းနှင့်
ဘဏ္ဍာစိုး လျှောက်ထားခြင်း အကြောင်း၊

ကောဋ္ဌာဂါရဋ္ဌ ကောသဥ္စ၊ ယဥ္စည် အတ္ထိ တေ ဓနံ။
သဗ္ဗံ သုလဒ္ဓိတံ ဒေဝ။ ခဝံ ဓာနာဟိ ခတ္တိယ။ ။

ခတ္တိယ၊ မြေကြီးကို အစိုးရသော။ ဒေဝ၊ မင်းကြီး။ တေ၊ အရှင်မင်းကြီး၏။ ကောဋ္ဌာဂါရဋ္ဌ၊ ကျီကိုလည်းကောင်း။ ကောသဥ္စ၊ ကြကိုလည်းကောင်း။ အညံ၊ တစ်ပါးသော။ ယံဓနံ၊ အကြင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တေ၊ သင်မင်းကြီး၏။ တံဓနံ၊ ထိုဥစ္စာကို။ သုလဒ္ဓိတံ၊ ကောင်းစွာ တံဆိပ်ခတ်လေပြီ။ ခဝံ၊ ဤသို့။ ဓာနာဟိ၊ သိတော်မူလော။

ယခု အစိုးရတော်မမူပြီ ဟူ၍ ဘဏ္ဍာစိုး လျှောက်သော စကားကို မင်းကြီး ကြားတော်မူလျှင် ဘဏ္ဍာစိုးကို ဤသို့ မိန့်တော်မူပြန်၏။

ကောဋ္ဌာဂါရဋ္ဌ ကောသဥ္စ၊ ယဥ္စည် အတ္ထိ မေ ဓနံ။
ကေန သုလဒ္ဓိတံ သဗ္ဗံ၊ တွံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

သမ္မ၊ အချင်း ဘဏ္ဍာစိုး။ မေ၊ ငါ၏။ ကောဋ္ဌာ ဂါရဋ္ဌ၊ ကျီကိုလည်းကောင်း။ ကောသဥ္စ၊ ကြကိုလည်းကောင်း။ အညံ၊ တစ်ပါးသော။ ယံဓနံ၊ အကြင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ ခပ်သိမ်းသော။ တံဓနံ၊ ထိုဥစ္စာကို။ ကေန၊ အဘယ်သူသည်လျှင်။ သုလဒ္ဓိတံ၊ တံဆိပ်ခတ်လေသနည်း။ တံ၊ ထိုခတ်လေသော သူကို။ ပုစ္ဆိတော၊ မေးအပ်သော။ တွံ၊ သင်သည်။ မေ၊ ငါအား။ အက္ခာဟိ၊ ကြားဘိလော။

ဤသို့ မင်းကြီး မေးတော်မူသော စကားကို ဘဏ္ဍာစိုး ဤသို့ နားတော်လျှောက်ပြန်၏။

ကောဋ္ဌာဂါရဋ္ဌ ကောသဥ္စ၊ ယဥ္စည် အတ္ထိ တေ ဓနံ။
ဒေဝဒဿ ဒုဗ္ဗလံ ဒိသွာ၊ အမစ္စေဟိ သုလဒ္ဓိတံ။ ။

သူရန္နရပတိ၊ နတ်လူတို့သခင် ဖြစ်တော်မူသော။ သာမိ၊ အရှင်မင်းကြီး။ ကောဋ္ဌာဂါရဋ္ဌ၊ ကျီကိုလည်းကောင်း။ ကောသဥ္စ၊ ကြကိုလည်းကောင်း။ အညံ၊ တစ်ပါးသော။ ယံဓနံ၊ အကြင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံဓနံ၊ ထိုဥစ္စာကို။ ဒေဝဿ၊ သင်မင်းကြီး၏။ ဒုဗ္ဗလံ၊ အားနည်းသော အဖြစ်ကို။ ဒိသွာ၊ မြင်၍။ အမစ္စေဟိ၊ အမတ်တို့သည်။ သုလဒ္ဓိတံ၊ ကောင်းစွာ တံဆိပ်ခတ်လေသတည်း။

ဤဇမ္ဗူဒီပါကျွန်းအပြင်၌ တည်ကုန်သော ဤပြည်တိုင်းကားတို့ကိုကား– အသူသည်လျှင် အစိုးရလေသနည်းဟု မေးတော်မူပြန်၏။ ဤဇမ္ဗူဒီပါကျွန်း၏ အပြင်၌ တည်ကုန်သော ပြည်တိုင်းကားတို့ကိုကား အရှင်မင်းကြီးလျှင် အစိုးရတော်မူ၏။ အရှင်မင်းကြီးမှ တစ်ပါး ဤပြည်တိုင်းကားကို အစိုးရသောသူ မရှိဟု အမတ်တို့ နားတော်လျှောက်ကုန်၏။ ထိုသို့ အမတ်အပေါင်းတို့ နားတော်လျှောက်သော စကားကို မင်းကြီး ကြားတော်မူသော် ဇမ္ဗူဒီပါကျွန်းအပြင်၌ တည်ကုန်သော အလုံးစုံသော ဤပြည်တိုင်းကားတို့ကို ငါသာ အစိုးရတုံလျက် ယခု အဆုံးစွန်သောအလှူကို ပေးလို၍မျှ မပေးပါရ။ ငါ၏ ကျီ ကြ ဘဏ္ဍာတို့ကို အဘယ်သူသည်လျှင် တံဆိပ်ခတ်လေသနည်းဟု နှလုံးမသာဖြစ်၍ ပြင်းပြစွာသော ပဋိဃာတစိတ်ဖြင့် ငြိမ်း၏။ အမတ်အပေါင်းတို့လည်း စကားတုံ့မဆိုဘဲ ဆိတ်ဆိတ်လျှင် နေဘိ၏။ ထိုသို့ စကားတုံ့မရသော် မင်းကြီး၏ ကိုယ်တော်အလုံး တုန်လှုပ်လျက် ချော်– ငါသို့သောမင်းသည်မျှ

သေခါနီး ကာလသို့ ရောက်လတ်သော် ငါ၏လက်တွင်ကိုင်သော သျှိသျှားသီးထက်ဝက်ကိုသာ အစိုးရသိ၏ တကား-ဟူ၍ ကြေကွဲဖွယ်ကောင်းသော စကားဖြင့် မိန့်တော်မူ၏။

ဥဇ္ဇလာဝတ သမ္ပတ္တိ၊ ဝိဇ္ဇုမာလိဝ သဗ္ဗသော။

မဟာဓနမှိ သမ္ပတ္တော၊ ဒုက္ခိတံ ပုန မာဂတော။ ။

သမ္ပတ္တိ၊ စည်းစိမ်ချမ်းသာ ဟူသည်ကား။ ဥဇ္ဇလာဝတ၊ အလွန်ယုတ်စွတကား။ သဗ္ဗသော၊ အလုံးစုံသော စည်းစိမ်ချမ်းသာသည်။ ဝိဇ္ဇုမာလိဝ၊ လျှပ်စစ်နွယ်ကဲ့သို့။ အမှိဝတ၊ ဖြစ်၏ တကား။ မဟာဓနံ၊ များမြတ်သော ဥစ္စာရှိသည်၏ အဖြစ်သို့။ သမ္ပတ္တောပိ၊ ရောက်ပါလျက်လည်း။ ပုန၊ တစ်ဖန်။ ဒုက္ခိတံ၊ ဆင်းရဲစွာသော အဖြစ်သို့။ အာဂတောဝတ၊ ရောက်ရချေသည် တကား။

ထို့ကြောင့် ခပ်သိမ်းသော လူ့နတ်တို့၏ စည်းစိမ် ဟူသည်ကား တစ်ခဏမျှသာဖြစ်၍ ပျောက်ပြန့်၏ တကား။ သာယာစွာသော ကာလသည်လည်း အဟုတ်လျှင်နည်းစွ တကား။ ငါကဲ့သို့ ဇမ္ဗူဒီပါ ကျွန်းအလုံးကို အစိုးရသော၊ သူခပ်သိမ်းတို့အား ပေးကမ်းထောက်မ မှုတခြင်းငှာ ရွှေငွေ အထွေထွေသောဘဏ္ဍာ ရတနာရှင်ဖြစ်ပါလျက် ရှမ်းနိုင်သော၊ အတိုင်းမသိသော ဥစ္စာ ရွှေ့ငွေ အလွန်လျှင် ဆင်းရဲခြင်းသို့ ရောက်ရချေသည်တကား၊ တစ်ချင်ရွေးသော ဥစ္စာကိုမျှ အစိုးမရ၍ အလွန်လျှင် ဆင်းရဲခြင်းသို့ ရောက်ရချေသည်တကား။

ယာဒါစ ဒါတုကာမောသ္မိ၊ ဒါတဗ္ဗံ နတ္ထိ မေ ဓနံ။

ယာဒါစ ဒါတုကာမောသ္မိ၊ ဒါတဗ္ဗံ နတ္ထိ မေ ဓနံ။

ဒိတံ ပုညမသ္မိ ပတ္တော၊ သမ္ပတ္တော မစ္စုနော မုခံ။ ။

ယဒါစ၊ အကြင်အခါ၌လည်း။ အဟံ၊ ငါသည်။ ဒါနံ၊ အလှူကို။ ဒါတု ကာမော၊ ပေးလိုသည်။ အသ္မိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ မေ၊ ငါအား။ ဒါတဗ္ဗံ၊ ပေးအပ်သောဥစ္စာ သည်။ နတ္ထိ၊ မရှိ။ ဒိတံ၊ ကုန်သော။ ပုညံ၊ ကုသိုလ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ မစ္စုနော၊ သေမင်း၏။ မုခံ၊ ခံတွင်းသို့။ ပတ္တော၊ ရောက်သည်။ အသ္မိဝတ၊ ဖြစ်ပြီ တကား။

ယခုအခါ၌ ပြင်းသောအနာသည်ဖြစ်၍ အလှူတို့ကို ပေးလို၍မျှ မပေးပါရ တကား။ ငါ၏ ဘဏ္ဍာ၊ ကျီ၊ ကြ၊ တိုက် စသည်တို့ကို အမတ်အပေါင်းတို့သည် တံဆိပ်ခတ်၍ ထား ကုန်ပြီ။ ယခု တစ်ချင်ရွေးသောဥစ္စာကိုမျှ ငါ အစိုးမရချေပြီတကား။ သံသရာက မြင့်မြဲရှည်ကြာ ကာလပတ်လုံး ဆည်းပူးခဲ့သော ငါ၏ကုသိုလ်ကံသည် ယခုနေ့လျှင် ကုန်ခဲ့ပြီတကား၊ ယခုနေ့ လျှင် သေမင်း၏ ခံတွင်းသို့ ဆင်းရလတ္တံ့သည် တကားဟု မင်းကြီး မိန့်တော်မူ၏။ ။

## ၁၃၉။ အပါးတော်တွင် ရှိသော ဆေးဆရာသည် သံဝေဂနှင့် ယှဉ်သော စကားကို ဆိုခြင်း အကြောင်း

ထိုသို့ မင်းကြီး အမိန့်တော်ရှိသော စကားတော်ကို အပါးတွင်နေသော ဆေးသမားတော် သည် ကြား၍၊ ထိတ်လန့်ခြင်းသို့ ရောက်သည် ဖြစ်၍ ဤသို့ ဆို၏။

ဓီရတ္ထု ဝတ ယံရဇ္ဇံ၊ မနိစ္စရူပံ ဘုဇင်္ဂ။

ဓိဂုါ စနာ သသန္တ ကာ၊ ဓီရတ္ထု ဝတ ဓီဝိတ။

မာယ ဥဿာဝ ဗိန္ဒူဝ၊ တိဏဂ္ဂလဂ္ဂ မပွက်။ ။

ယံရဇ္ဇံ၊ အကြင်မင်းအဖြစ်သည်ကား။ ဘုဇင်္ဂဓိဂုါ၊ မြွေ၏လျှာကဲ့သို့။ အနိစ္စရူပံ၊ မမြဲ သော သဘောရှိ၏။ တံရဇ္ဇံ၊ ထိုမင်းအဖြစ်သည်ကား။ ဓီရတ္ထုဝတ၊ စက်ဆုပ်ဖွယ်ရှိစွတကား။

နေရာ၊ လူသာမန်တို့သော်မူ။ သ-သဒ္ဒါကား၊ ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သေး၏။ အာယု၊ အသက်ဟု ဆိုအပ်သော။ ယံဒီဃိတံ၊ အကြင်ဒီဃိတ်ခြေသည်။ တိဏဂ္ဂလဂ္ဂံ၊ မြက်ဖျားခဲ့ ကပ်ငြိသော ဥဿာဝဗိန္ဒုဝ၊ ဆီးနှင်းပေါက်ကဲ့သို့။ အပ္ပကံ၊ နည်းစွာ၏။ အာယု၊ အသက်ဟု ဆိုအပ်သော။ တံဒီဃိတံ၊ ထိုဒီဃိတ်ခြေသည်။ စိရဝတ္ထုဝ၊ စက်ဆုပ်ဖွယ်ရှိ၍ တကား။

မဟာဒ္ဓနော နရိန္ဒော၊ အသောကော ရာဇကုဉ္စရော။
ဇမ္ဗုဒီပိဿရော ဟုတွာ၊ အမှာမလက ဣဿရော။

မဟဒ္ဓနော၊ များစွာသောဥစ္စာလည်း ရှိထသော။ နရိန္ဒော၊ သူတကာတို့ကို အစိုးရသော။ အသောကော၊ အသောက အမည်ရှိသော။ ရာဇကုဉ္စရော၊ မြတ်သော မင်းကြီးသည်။ ဇမ္ဗုဒီပိဿရော၊ ဇမ္ဗုဒီပါသောင်းခွင် မြေအပြင်ကို အစိုးရသည်။ ဟုတွာပိ၊ ဖြစ်ပါလျက်လည်း။ အန္တေ၊ အဆုံး၌။ အမှာမလက ဣဿရော၊ ထက်ဝက်သော သျှိသျှားသီးကိုသာ အစိုးရတော်မူသည်။ ဓာတောဝတာ၊ ဖြစ်ခဲ့၏ တကား။

ဇမ္ဗုဒီပါသောင်းခွင် မြေအပြင်၌ တစ်ယောက်တည်းသောမင်း (အဖြစ်ကိုရ၍ အံ့ဖွယ်) သရဲသော မင်းစည်းစိမ်နှင့် ပြည့်စုံပါလျက် ဤသို့သော ပျက်စီး ဆင်းရဲ ကြေကွဲခြင်းသို့ ရောက်ဘိ၏ တကား။ မြွေ၏ လျှာကဲ့သို့ အမြဲမရှိသော မင်း၏အဖြစ် ဟူသည်ကား အမှန်လျှင် စက်ဆုပ်ဖွယ်ရှိစွတကား။ အကုဋေသုံးဆောင်၍ မကုန်နိုင်အောင်သော များသောဥစ္စာရှိသော လူနှင့်တကွ နတ်တို့ကိုအစိုးရသော သီရိဓမ္မာသောက အမည်တော်ရှိသော ဇမ္ဗူဒီပမဟာသာလ မင်းဖြစ်လျက် အဆုံးစွန် စုတေခါနီး၌ ထက်ဝက်သော သျှိသျှားသီးကိုသာ အစိုးရဘိ၏ တကား။ အနည်းငယ်မျှသော စည်းစိမ်နှင့်ယှဉ်သော သူတို့သည်ကား- အဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်းဟု မင်းကြီးအပါးတွင် နေသော ဆေးသမားသည် ထိတ်လန့်သော နှလုံးသို့ ရောက်သည် ဖြစ်၍ ဆို၏။ ။

## ၁၄၀။ သီရိဓမ္မာသောကမင်းကြီး အနိစ္စရောက်ခြင်း အကြောင်း

မင်းကြီးလည်း ဆေးသမား ဆိုသော စကားကို ကြားတော်မူသော် ပြင်းစွာသောအနာ နှိပ်စက်သည်ဖြစ်၍ ထွက်သက်ဝင်သက် ချုပ်ခဲ့ရကား ထိုကိုယ်၏ အဖြစ်မှ စုတေခဲ့သော် ပဋိဃာတ စိတ်နှင့် ယှဉ်သောအားဖြင့် အစီရဝတီ အမည်ရှိသော မြစ်နားခွဲ လှေလုံးထွင်းခန့် အတိုင်းအရှည် ရှိသော ဥပပတ်ကိုယ်ထင် စပါးကြီးဖြစ်၍ ရေနေသတ္တဝါ၊ ကျေးနေသတ္တဝါတို့ကို စားလျက် နေ၏။ ဤသို့ ယုတ်မာစွာသော ကိုယ်၏အဖြစ်သို့ မနိုင်းရှည်အပ်သော ဘုန်းလက်ရုံးအာဏာ နှင့် ပြည့်စုံတော်မူသော၊ အတိုင်းမသိသော ဒါနပါရမီတို့ကို ဖြည့်တော်မူသော၊ ဘုရားရှင် သာသနာတော်ကို ချီးမြှောက်တော်မူသော မင်းစင်လျက် စုတိစိတ်ကျမည် ဖြစ်သောအခါ ပဋိဃာတစိတ်နှင့် ယှဉ်ချေသောကြောင့် စပါးကြီးပြိတ္တာ ဖြစ်တော်မူချေသတည်း။

ထိုအခါ မဟိန္ဒအမည်တော်ရှိသော မင်းကြီးသားတော်သည် ရာနီ၏ချမ်းသာကို ခံစား၍ ထိုရာနီမှ ထတော်မူပြီးသော် ငါသည် ဤသို့သောချမ်းသာကို ရသည်ကား အဘယ်မည်သော သူကိုမှီ၍ ရသနည်းဟု ဉာဏ်ဖြင့် ဆင်ခြင်တော်မူလတ်သော် ခမည်းတော်, မယ်တော်တို့ကို မှီ၍ရသည်ဟု နှလုံးတော်သွင်းပြီးမှ ခမည်းတော်သည် အဘယ်ဘုံ၌ ဖြစ်လေသနည်းဟု၍ ဒိဗ္ဗစက္ခု ဉာဏ်တော်ဖြင့် ကြည့်တော်မူပြန်သော် ယုတ်မာစွာသော စပါးကြီးဖြစ်သည်ကို မြင် တော်မူလေ၏။ ထိုသို့ ခမည်းတော် ပြိတ္တာဖြစ်ရာ အရပ်သို့ ကပ်ဆ. ်မူပြီးသော် ခမည်းတော်အား

မြတ်သောတရားကို ဟောတော်မူ၍ သရဏဂုံနှင့် တကွသော ပဥ္စသီလ၌ ကောင်းစွာ တည်စေ၏။ ထိုစပါးကြီးပြီးသွားလည်း သားတော်ရှင်မဟိန္ဒ ဟောတော်မူသော တရားတော်ကို ကြားသည် နေ့မှစ၍ အလွန်စင်ကြယ်စွာသော သီတင်းကိုသုံးလျက် အသက်ရှိသော သတ္တဝါဟူသမျှကို မစားလျှင်းဘဲ ခုနစ်ရက်တိုင်တိုင် စောင့်စည်းလျက် တရားကို အာရုံပြု၍ အာဟာရပြတ်စေ၏။ ထိုသို့ သရဏဂုံ၊ ပဥ္စသီ ကုသိုလ်စေတနာ အကျိုးအားဖြင့် စပါးကြီးအဖြစ်မှ စုတေခဲ့သော် တာဝတိံသာ နတ်ပြည်၌ တန်ခိုးကြီးသောနတ်သား ဖြစ်လေ၏။

ထိုမှတစ်ပါး ပြည်ကြီး သီရိမ္ပာသောကမင်းကြီး၏ အဆွေတော်ဖြစ်သော လင်္ကာဒီပသိန်းယိုကျွန်း[၁]ကို အစိုးရ သော ဒေဝါနံပိယတိဿ[၂] မင်းကြီးလည်း တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသောနတ်သား ဖြစ်လေ၏။ ထို နတ်နှစ်ပါးတို့သည် နတ်တို့၏ အသက်အတိုင်း နတ်ပြည်၌ မနေ။ သီကြား တောင်းပန်အပ်သည် ဖြစ်၍ သိန်းယိုကျွန်း၌ သဒ္ဓါတိဿမင်း[၃]လက်ထက် သီရိမ္ပာသောက မင်းကြီး အလောင်းတော်ကား- ကမ္ဗုလသုရွှေကြီးသား ဖြစ်လာ၏။ ဒေဝါနံပိယတိဿ မင်းကြီး အလောင်းတော်ကား- ဗျက္ခသာလ သူဌေးမဝမ်း၌ ဖြစ်လာ၏။ ခုနစ်နှစ်အရွယ်သို့ အလောင်းတော် နတ်သားကား- ဗျက္ခသာလ သူဌေးမဝမ်း၌ ဖြစ်လာ၏။ ခုနစ်နှစ်အရွယ်သို့ ရောက်ကြလျှင် ရဟန်းပြု၍ ပဥ္စသိက္ခါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူကုန်၏။ သီရိမ္ပာသောကမင်းကြီး အလောင်းတော်ကို ကုဋ္ဌာလတိဿထေရ်ဟူ၍ တွင်၏။ ဒေဝါနံပိယ တိဿမင်းကြီး အလောင်းတော်ကို ဗျက္ခထေရ်ဟူ၍ တွင်၏။ ထိုမထေရ် နှစ်ပါးကား ဖွားသော အခါလည်း အတူဖွားတော်မူကြသည်။ ရဟန်းပြုသောအခါလည်း အတူရဟန်းပြုကြ၍ ကျမ်းဂန် အတူ သင်တော်မူကြသည်။ ပရိနိဗ္ဗာန် ပြုတော်မူသော အခါလည်း သိန်းယိုကျွန်း အလုံးတွင် ကြီးစွာသော ပြာဋိဟာကို ပြုတော်မူကြ၍ အတူပင် ပရိနိဗ္ဗာန်ပြုတော်မူကြသည်။ ။ ထိုစကားကို စကားလျဉ်းသင့်၍ ဆိုလိုက်သည်။ ။

မဟာရာဇဝင်ကြီး ဒုတိယတွဲကား ဤတွင်ရွေ့ ပြီး၏။




---

သက္ကရာဇ် ၁၂၄၄ ခု၊ ဝါခေါင်လဆန်း ၃ ရက် (၁၇ ဇူလိုင် ၁၈၈၂)တနင်္လာနေ့ ထွမ်းခံဝင်အချိန်တွင် ပြီးအောင်မြင်သည်။ (၈)

၁။ ယခု သီရိလင်္ကာနိုင်ငံ (Sri Lanka) ၂။ **DEVANAMPIYATISSA (247-207 BC)**
၃။ **SADDHATISSA (77-59 BC)**

# တကောင်း မြေပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ။



တကောင်းနှင့် အညာပုဂံမြို့ဟောင်းမြေပုံ

| မူရာကို တက္ကသိုလ် ပညာပဒေသာစာစောင် အတွဲ ၆၊ အပိုင်း ၃၊ ၁၉၇၁ မှ ကူးယူဖော်ပြသည်။ |



အန္တကျောက်ချပ်ရုပ်ကြွ တစ်ပိုင်းကျိုး။



အန္တကျောက်ချပ်ရုပ်ကြွ အစိတ်အပိုင်းများ။



အုတ်ခွက် ဘုရား။



အုတ်ခွက် ဘုရား။



အုတ်ခွက် ဘုရား။



အုတ်ခွက် ဘုရား။



ကြာစမွှဲပါ ဆင်းတုအောက်ပိုင်းနှင့် ဦးခေါင်းပိုင်းကျိုး။





ကြေးဆင်းတု ( မဆေးကြောရသေးမီ )။



ကြေးဆင်းတု ( ဆေးကြောသန့်စင်ပြီး )။



စာပါ အုတ်ကြွပ်ပြားများ။



ငွေချပ်ရုပ်ကြွ။




တာပါ အုတ်ခဲ။




ကြေးတံဆိပ်ဝိုင်း။



အင်္ဂတေပန်းများ။




အမှတ် ၂ ကုန်း တံခါးဝမှ ကျောက်ဆစ်လည်ပွက်။



အခြယ်အလှပါ အိုးခြမ်းကွဲ။




အခြယ်အလှပါ အိုးခြမ်းကွဲ။



တူးဖော်ရရှိသည့် မြေထည် ပစ္စည်းများ။



တူးဖော်ရရှိသည့် အိုးမှာကောင်း။



မြေပုတီးစေ့များ။




မြေဆေးတံအိုးများ။



အပင်းပါ ကျောက်မိုနကြီးသွား။




ဆောက်သွားသဏ္ဍာန် ကျောက်မိုနကြီးသွား။




သံ မြားသွားများ။




သံ မြားသွားများ။




သံ မြားသွားများ။



သံထည်ပစ္စည်းများ။




မြေပုတီးစေ့များ။



မြေမှုပ်ပါးတောင်းများ။





တူးဖော်ရရှိသော အိုးပုံစံများ။




တူးဖော်ရရှိသော အိုးပုံစံများ။




တူးဖော်ရရှိသော အိုးပုံစံများ။




ရှပ်ဒိုး ပုံစံများ။




Group - 1
Group - 2





တကောင်းဒေသတွင် တူးဖော်ရရှိသော အိုးများ၏ အမှတ်တံဆိပ်များ။



အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ။



အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ။



အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ။

အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ။



# မဟာရာဇဝင်ကြီး

## တတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ဣတော ပရံ ပဝက္ခာမိ၊ နတွာ တိဘဝသာမိနံ။**
**တတိယံ ပစ္စန္တ ဒေသံ၊ ဝါဏိဇ္ဇာဒိ ရာဇဝံသံ။** ။

အဟံ၊ ငါသည်။ တိဘဝသာမိနံ၊ ကာမ, ရူပ, အရူပဟု ဘဝသုံးပွင် သုံးပြည်ရှင်ကို။ နတွာ၊ ဦးရသုံးမည် စိတ်ကြည်ပျံ့ရွှင် လက်အုပ်ဆင်၍။ ဣတော၊ ဤဒုတိယပရိစ္ဆေဒမှ။ ပရံ၊ နောက်၌။ ပစ္စန္တဒေသံ၊ မဇ္ဈိမဒေသ ဌာနတည်ထွန်း ရှေ့တောင်ယွန်းသယ် အစွန်းမှန်လှ ပစ္စန္တဟု မည်ထပညတ် ဤအရပ်၌။ ဝါဏိဇ္ဇာဒိရာဇဝံသံ၊ ပုဏ္ဏ, သစ္စဗန္ဓ သူတို့က အစိုးရ၍ ရာဇဝင်ဆက် နွယ်မပျက်သား မင်းဆက်တကာကို ပြရာဖြစ်သော။ တတိယံ၊ တတိယပရိစ္ဆေဒ ကို။ ပဝက္ခာမိ၊ ဆိုပေအံ့။

အဓိပ္ပာယ်ကား– သုံးသွယ်ဘုံရှင် ထိပ်လုံးတင်ကို သုံးအင်ဒွါရ ကြည်ရွှင်ပျံ့ရွှင် လက်အုပ်တင်၍ အဓာတသတ်အစ, ဓမ္မာသောကက အဆုံးရှိသော မဇ္ဈိမဒေသ၌ ဖြစ်ကုန်သော နှစ်ကျိပ်ကိုးယောက်သော မင်းတို့၏ အနွယ်အဆက် မပျက်စည်ပင် ရာဇဝင်ကို စီရင်ပြီး၍ ပစ္စန္တရစ်၌ ဖြစ်ကုန်သော ပုဏ္ဏဝါဏိဇ္ဇ, သစ္စဗန္ဓ အစရှိသော တကောင်းပြည်, သရေခေတ္တရာပြည်မှသည် ပေါက္ကံပြည်တိုင်အောင်သော မင်းတို့၏ ရာဇဝင်ကို ပြရာဖြစ်သော တတိယပိုင်းကို ဆိုပေလတ္တံ့ ဟုလိုသော်။ ။

### ၁၄၁။ သရေခေတ္တရာပြည် ဖြစ်လတ္တံ့ဟု မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူခြင်း အကြောင်း

ဂုဏ်တော် ၉–ပါး, ဘုန်းတော် ၆–ပါး, အစိန္တေယျ ၄– ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်ဘုရား ထင်ရှားရှိတော်မူသောကာလ ၅–ဝါရ၌ မဇ္ဈိမဒေသတိုက်၏ အရှေ့တောင်ယွန်းဖြစ်သော ဤသုနာပရန္တ အမည်ရှိသောတိုင်း၌ စူဠပုဏ်, မဟာပုဏ် အမည်ရှိသော ညီနောင်နှစ်ပါးတို့သည် ဘုရားသခင်အား နားတော်လျှောက်၍ စန္ဒကူး နံ့သာကျောင်းကို တည်၏။ ဘုရားသခင်သည်လည်း နောင်လာလတ္တံ့သောအခါ သာသနာတော်၏ တည်ရာ ဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍ ပြာသာဒ်ယာဥ်ရှင် (၅၀၀) ငါးရာစီးတော်မူလျက် ထိုကျောင်းကို လုပ်သည်မှစ၍ မပြီးမချင်း အကြိမ်ကြိမ် ကောင်းကင်ဖြင့် ကြွတော်မူ၏။ ကျောင်းကို လုပ်၍ ပြီးသောအခါ ခံတော်မူ၍ ၇–ရက်ပတ်လုံး ဈာန်၏ ချမ်းသာဖြင့် မွေ့လျော်တော်မူ၍ ထိုတိုင်းသားတို့အား တရားဟောတော်မူလျှင် ရှစ်သောင်းလေးထောင်သော သူတို့သည်လည်း အမြိုက်တည်းဟူသော အရသာကို သောက်ရကုန်၏။ သစ္စဗန္ဓရသေ့အားလည်း ဆုံးမတော်မူ၍ မြတ်သော အရဟတ္တ

ရာပြည့်စာအုပ်တိုက်

ဖြိုး၍ တည်စေ၏။ သစ္စာနှစ်ထောင့် တောင်းပန်သဖြင့်လည်း ထိုတောင်ထိပ်၌ ရွှေစက်တော်ဟု၍ တစ်ဆူ၊ နမ္မဒါနဂါး တောင်းပန်သဖြင့်လည်း မန်းချောင်းနား၌ ရွှေစက်တော်ရာတစ်ဆူ၊ ဤနှစ်ဆူသော ရွှေစက်တော်ရာတို့ကို ပေါ်သိမ်းသော သစ္စာဝါအပေါင်းတို့အား ကိုးကွယ်ရာဖြစ်စေခြင်းငှာ ရတနာမျက်မြတ်တံဆိပ်ဖြင့် ခတ်ဘိသကဲ့သို့ ထားတော်မူ၏။ နောင် လာလတ္တံ့သော အခါ ငါ၏သာသနာတော်သည် သုနာပရန္တ တိုင်း၊ တမ္ပဒီပတိုင်း ဤတိုင်းကြီးနှစ်တိုင်းတို့၌ တောင်းနှာ တည်လတ္တံ့ဟု၍ ဗျာဒိတ်ထားတော်မူခဲ့ပြီးသော် ဒေသစာရီ ကြွတော်မူလေ၏။ ထိုအခါ ဖိုးဦး အမည်ရှိသော တောင်ဖျားသို့ ရောက်တော်မူ၍ အရှေ့တောင်ယွန်းသို့ ကြည့်တော်မူသော် သမုဒ္ဒရာ ရေမျက်နှာထက် နွားချေးခြောက် ပေါလောပေါ်သည်ကို မြင်တော်မူ၏။ ထိုအခါ မျှားငယ် တစ်ခုလည်း ဘုရားသခင်အား မြေကို ကော်၍ ပူဇော်နှင့်၏။ ထိုအကြောင်း ၂-ပါးကို မြင်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော် ရှင်အာနန္ဒာ လျှောက်သော် အာနန္ဒာ- ငါ ပရိနိဗ္ဗာန်ပြုတော်မူ၍ သာသနာတော် (၁၀၁)[3]တစ်ရာတစ်နှစ် ရောက်သောအခါ ဤအရပ်၌ နိမိတ်ကြီး ၅-ပါး ဖြစ်လတ္တံ့။ နိမိတ်ကြီး ၅-ပါး ဟူသည်ကား-

နိမိတ်ကြီးငါးပါး ဖြစ်လတ္တံ့။

(၁) ကြီးစွာသော မြေလှုပ်ခြင်းလည်း တစ်ပါး။

(၂) ဖိုးဦးတော် အရပ်၌ အင်းကြီးပေါက်သည်လည်း တစ်ပါး။

(၃) စမုန်ဆံမြိတ်မြစ် ဖြစ်သည်လည်း တစ်ပါး။

(၄) မှုံးတောင် မြေမှ စုန့်စုန့်တက်သည်လည်း တစ်ပါး။

(၅) သရေခေတ္တရာပြည် တည်ရာမှ ပင်လယ် ခန်းခြောက်သည်လည်း တစ်ပါး။ ထိုသို့ နိမိတ်ကြီး ၅-ပါး ရောက်လတ်သောအခါ ဤအရပ်၌ ပြည်ကြီးဖြစ်၍ ဤ မျှားငယ် သည် "မျက်စိသုံးခု၊ အတုမဲ့ခေါင်၊ ဒွတ္တဘောင်" ဟူသော အမည်ကို ခံ၍ မင်းပြုလတ္တံ့။ ထိုမင်းလက်ထက် ငါ၏ သာသနာတော် ထင်ရှားစွာ ဖြစ်လတ္တံ့ဟု၍ ဗျာဒိတ်ထားတော်မူခဲ့၏။ ။

## ၁၄၂။ သရေခေတ္တရာပြည် တည်ခြင်း အကြောင်း

ထိုသို့ ဗျာဒိတ်ထားတော်မူခဲ့သည်အတိုင်း သရေခေတ္တရာပြည် ဖြစ်သော အကြောင်းကို ဆိုပေအံ့။ ။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသောနှစ်၌ အဇာတသတ်မင်းသည် အရှင်မဟာကဿပအား တောင်းပန်၍ သက္ကရာဇ် (၁၄၈) တစ်ရာလေးဆယ့်ရှစ်ခုကို ဖြိုတော်မူ၍ တစ်ခုတည်းသော သက္ကရာဇ်မှရေ၍ သာသနာတော်သက္ကရာဇ် (၂၀)[1] နှစ်ဆယ်ရောက်သောအခါ မြန်မာတို့ တိုင်းဖြစ်သော **တကောင်းပြည်ကြီး**ကို အစိုးရသော ဆင်ဖြူ, ဆင်နီ, ဆင်နက်တို့၏ အရှင်ဖြစ်တော်မူသော တကောင်းမင်းကြီးသည် အနိစ္စရောက်တော်မူ၍ သားတော်အိမ်ရှေ့ **သတိုးမဟာရာဇာ** (သတိုး ၁၇-ဆက်မြောက်) **သတိုးမင်းကြီး** နန်းတက်တော်မူ၏။ သတိုးမင်းကြီး နန်းတက် (၁၂)တစ်ဆယ့်နှစ်နှစ်၊ သာသနာတော် သက္ကရာဇ် (၃၂)[2] သုံးဆယ့်နှစ်ခု ရောက်သောအခါ တကောင်းမင်း မိဖုရားတွင် သားတော်မရှိ၍ မိဖုရားမောင်တော်ဖြစ်သော **တကောင်းမင်း** ပေါက်ဖတော်ကို အိမ်ရှေ့အရာ ပေးတော်မူ၏။ အိမ်ရှေ့အရာ ပေး၍ ရှစ်နှစ်ရှိသောအခါ သာသနာတော် သက္ကရာဇ် (၄၀)[4] လေးဆယ်တွင် တကောင်းပြည်သို့ ဝက်ကြီးတစ်ခု ရောက်

* ခေတ္တတိုင်း မင်းဘွဲ့စဉ်အရွှင်း တည်ရှိသည်။ ၁။ ၄၄၃ ဘီစီ ၂။ ၁၂၄ ဘီစီ ၃။ ၅၁၂ ဘီစီ ၄။ ၅၀၄ ဘီစီ

လာ၍ ကျေးစွန်ရွာနား၌ နေသော လူတို့ကို မသွားသာအောင် ဖျက်ဆီးလေ၏။ ထိုသို့ ဖျက်ဆီးကြောင်းကို တကောင်းမင်းကြီး ကြားတော်မူသော် အိမ်ရှေ့မင်းကိုခေါ်၍ ဤသို့ မိန့်တော်မူ၏။ "ဝက်ကြီးတစ်ခုသည် ငါတို့ တိုင်းနိုင်ငံ ကျေးစွန်ရွာနား၌ နေသော လူသူတို့ကို မလုပ်ကိုင်သာအောင် ဖျက်ဆီးသည် ဟူ၍ ငါကြားတော်မူသည်။ မောင်အိမ်ရှေ့မင်း... နိုင်အောင် ခွင်းလေ" ဟု မိန့်တော်မူ၏။ အိမ်ရှေ့မင်းလည်း ဤသို့ နားတော်လျှောက်လေ၏။ "အရှင်ပါ မြွေအဆိပ်ဝယ် ရန်သူရှိက ကျွန်ုပ်လက်တွင် မခံနိုင်ရာ။ သည်ဝက် မသေသက်ကို နေပြည်တော်သို့ မပြန်ပြီ" ဟု နားတော်လျှောက်ပြီးလျှင် လက်နက် ၅-ပါးကိုယူ၍ ဝက်ကြီးရှိရာသို့ သွားလေ၏။ အချို့ရာဇဝင်မှာ တောကစားရာတွင် ဝက်ကို တွေ့သည်အဟန် ဆိုလေသည်။

ဝက်ကြီးလည်း ဘုန်းကြီးသောသူဖြစ်၍ ရန်တုံ့မပြုဝံ့ဘဲ တောအရပ်ဖြစ်သော ရမ်းပြည်ဆီသို့ ပြေးလေ၏။ အိမ်ရှေ့မင်းလည်း ခြေရာအစဉ်ကိုထပ်၍ လိုက်လေသော် ဝက်ကြီးလည်း သသုံးသော ဘားကိုကြောက်၍ တောင်ကြားသို့ ဝင်၍ပြေးလေ၏။ ထိုဝက် ဝင်၍ပြေးလေသော အရပ်ကို **"ဝက်ဝင်"** ဟူ၍ ယခုတိုင်အောင် တွင်၏။

ထိုအရပ်မှသည် အစဉ်အတိုင်း အနောက်အရပ်သို့ ပြေးလေ၍ ရေဝတီမြစ်ကို ကူးလေ၏။ ဝက်သည် ကြီးမားလှသည်ဖြစ်၍ မြစ်ကိုဆင်းသောအခါ ဝမ်းလျှော၍ ရေမစွတ်ဟူ၍ ထိုအရပ်ကို ယခုတိုင်အောင် **"ဝက်မစွတ်"** ဟူ၍ တွင်၏။ အချို့သော ရာဇဝင်မှာ ပုဂံဝယ် ပြုမင်းထီး လုပ်ကြလေသော် ဝက်ကူးလေသည်အဟန် ဆိုလေသည်။

ထိုအရပ်မှသည် အစဉ်အတိုင်း ပြေးလေ၍ သရေခေတ္တရာပြည် တည်ရာအနီး ကျွန်းတစ်ခုသို့ ရောက်လေ၏။ အိမ်ရှေ့မင်းလည်း ဝက်ကြီးကို ထိုကျွန်း၌ ခွင်းလေ၏။ ထိုကျွန်းကို ယခုတိုင်အောင် **"ဝက်ထိုးကျွန်း"** ဟူ၍ တွင်၏။

အိမ်ရှေ့မင်းလည်း ဝက်ကို အောင်မြင်ပြီးလျှင် ဤသို့ ကြံ၏။ "ငါသည် ဤဝက်ကို သတ်မည်ဟူ၍ လိုက်သည်။ ယခု ငါလာခဲ့သောခရီးကို ထောက်သော်လည်း အလွန်ဝေးလှသည်။ တကောင်းပြည်သို့ ပြန်၍ ဝက်သေလေသော အကြောင်းကို မင်းကြီးအား နားတော်လျှောက်သော်လည်း မယုံကြည်ရာ။ ယုံကြည်စိမ့်သောငှာ ဤဝက်ကို ဆောင်၍ မင်းကြီးအား ပြ၍ ယုံကြည်လှသော်လည်း ပစ္စုပ္ပန်စီးပွားမျှသာ ဖြစ်သည်။ ငါလည်း အသက်အရွယ် တန်ပြီ။ တကောင်းပြည်သို့ပြန်၍ အိမ်ရှေ့မင်းတို့၏ စည်းစိမ်ကို ခံစားသောထက် ရသေ့ရဟန်းပြု၍ သံသရာစီးပွားကို ရှာရသော် မြတ်၏" ဟူ၍ ကြံပြီးမှ ရသေ့ရဟန်းပြု၍ ထိုအရပ်တွင် နေလေ၏။ များမကြာ ရာန်အဘိညာဉ်ကို ရတော်မူ၏။ ထိုသို့နေသောအခါ ရှင်ရသေ့သည် ကျောက်ခွက်၌ ရေပဟောင်းမပြတ် သန့်စင်တော်မူ၏။ သမင်မငယ်တစ်ခုသည်လည်း ထိုရှင်ရသေ့ စွန့်သော ရေပဟောင်းကို မပြတ် လျက်စမုတ်ပြု၍ ရည်လျှားလတ်သော် ထိုသမင်မဝမ်း၌ ပဋိသန္ဓေတည်လေ၏။ နေ့လစေ့သော် လူမိန်းမငယ် ဖွား၏။ အမိဖြစ်သော သမင်မငယ်လည်း တိရစ္ဆာန်ဖြစ်၍ သူငယ်ငိုသံ ကြားလတ်သော် လန့်၍ပြေးခဲ့၏။ ရှင်ရသေ့လည်း ဤလူမနီးသော တောအရပ်တွင် သူငယ်ငိုသံ ကြားသည်၊ အကြောင်းရှိမည် ဟူ၍ ကြည့်လေသော် အဆင်းအင်္ဂါ လက္ခဏာကြီး-ငယ်နှင့် ပြည့်စုံသော သတို့သမီးကို မြင်လေ၍ ဤသို့ကြံ၏။ "ငါ သွားသော ရေပဟောင်းကို လျက်စမုတ်ပြုသော သမင်မငယ်သည် ငါ၏သုက်နှင့် တကွသော ရေပဟောင်းကို လျက်မိလေသဖြင့် သူငယ်မကို ပဋိသန္ဓေနေ၍ ဖွားသည်ဖြစ်ရာသည်။ ဤငါကြံသည်အတိုင်း ပဋိသန္ဓေမှန်လျှင် ငါ၏လက်ညှိုး, လက်လယ်တို့သည် နို့ရည်ထွက်၍ ဤသူငယ်မ သောက်ရ

သည် ဖြစ်စေသော”ဟူ၍ နို့ခုန်လျှင် လက် ၂-ချောင်းမှ နို့ရည်တို့သည် ယိုထွက်၍ သူငယ်မ သောက်ရလေ၏။ ရှင်ရသေ့လည်း ယူ၍ သမီးအဖြစ် မွေးလေ၏။ အရွယ်သို့ ရောက်လျှင် “ဘေဒါရီ”ဟူသော အမည်ကို သမုတ်တော်မူ၏။ ထိုရှင်ရသေ့၌ မပြတ်စေစားသော နတ်တို့သည်လည်း သတို့သမီးနှင့် ထိုက်တန်သော တန်ဆာတို့ကို ပေး၍ မပြတ်ဆင်ရ၏။ “ဘေဒါရီ” (၁၇) တစ်ဆယ့်ခုနစ်နှစ်အရွယ်သို့ ရောက်လတ်သော် ဤသို့ ကြံတော်မူ၏။ “ငါတို့ ရသေ့ရဟန်း မည်သည်ကား မိန်းမနှင့် အတူနေခြင်းသည် မအပ်။ သူ မြင်လေသော်လည်း မသင့်”ဟူ၍ ကြံပြီးမှ တစ်နေ့လုံး ရှာမှီကြ၍ ညအချိန်တန်မှ ရောက်လာအောင် မထွင်းသေးသော ဘူးကို ဖောက်ပြီးဖြင့် ရေကိုနှစ်စေပြီးလျှင် ထိုဘူးခေါက်ဖြင့် ကျည်တောက်တွင်ခံ၍ ပြည့်စေ၏။ ထိုသို့ ပြုသဖြင့် တစ်နေ့လုံးနှင့်နှင့် ကြာ၏။ ထိုနေ့မှ စ၍ ဤကဲ့သို့လျှင် သမီးတော် “ဘေဒါရီ” အား နေ့တိုင်း နေ့တိုင်း အမြဲ ရေခပ်စေတော်မူ၏။

ဤတွင်ရွှေ့ကား တကောင်းမင်း ယောက်ဖတော် ရှင်ရသေ့ တကောင်းပြည်မှ သရေခေတ္တရာပြည် တည်ရာသို့ ရောက်သော အကြောင်းကား ပြီး၏။

**တကောင်းပြည်ကြီးအကြောင်းကား**- ကကုသန်ဘုရားရှင် လက်ထက်တော်၌ “ရဋ္ဌ”ဟု တွင်၏။ ကောဏာဂုံဘုရားရှင် လက်ထက်တော်၌ “သံသယ”ဟု တွင်၏။ ကဿပဘုရားရှင် လက်ထက်တော်၌ “သင်းတွဲ”ဟု တွင်၏။ ဂေါတမဘုရားရှင် လက်ထက်တော်တွင်မှ “**တကောင်း**”ဟု တွင်၏။ ထိုပြည်တွင် **သတိုးတိုင်းရှင်** လက်ထက် ရတနာမိုး ၄-ကြိမ် ရွာ၏။ **သတိုးရွှေနန်းရှင်လက်ထက်** ရတနာမိုး ၂-ကြိမ် ရွာ၏။ သည်စကားကို စကားလျှဉ်းသင့်၍ ဆိုသည်။

ထိုတကောင်းပြည်ကြီးကို အစိုးရတော်မူသော သတိုးမင်းကြီးယောက်ဖတော် အိမ်ရှေ့မင်း ဝက်ကြီးကို ခွင်းမည်ဟူ၍ လိုက်လေသောနှစ် **သာသနာသက္ကရာဇ် (၄၀)**[၁]လေးဆယ်တွင် တကောင်းမင်း၏ မိဖုရားသည် သားတော် “မဟာသမ္ဘဝ, စူဠသမ္ဘဝ” မျက်မမြင်ညီနောင်ကို အမြွာဖွားတော်မူ၏။ **တကောင်းမင်းကြီး**လည်း ရှက်စနိုး၍ မိဖုရားကို ဤသို့ မိန့်တော်မူ၏။ “ယခု ဖွားသော သူငယ် ၂-ယောက်ကို သူမသိအောင် ဖျောက်လေ”ဟု မိန့်တော်မူ၏။ ရှင်မိဖုရားလည်း ရင်တော်၌ဖြစ်သော အသွေးအသည်းဖြစ်၍ ဝှက်ထားလေ၏။ သာသနာတော် **သက္ကရာဇ် (၅၉)**[၂]ငါးဆယ့်ကိုး ရှိသောအခါ ခမည်းတော် တကောင်းမင်းကြီး မိဖုရား ဝှက်ထားကြောင်းကို သိလေ၍ “ဟယ် မိဖုရား- ငါ၏ အသရေကို ယုတ်အောင်ပြုသည် မဟုတ်လော။ ယခုပင် သည်ညီအစ်ကို ၂-ယောက်အား သတ်ဘိမှ”ဟူ၍ မိန့်တော်မူ၏။ မိဖုရားလည်း မင်း၏အာဏာကို ကြောက်သောအားဖြင့် မထားဝံ့၍ ယခု လတ်တလော သေသည်ထက် မျက်ကွယ်ရာ အဝေးရောက် ရှည်ကြာမှ မိမိတို့ ကံနှင့်လျော်စွာ ဖြစ်ပစေတော့ဟူ၍ ကောင်းမွန်ခိုင်ခံ့လှစွာသော လှေဖောင်ကို လုပ်စေပြီးသော် နေ့ရက် ရှည်လျားစွာ စားသောက်ရအောင် အထူးထူးသော စားမြိန်စာမုန့်တို့ကို လုပ်၍ လုံခြုံသေချာအောင် သိုထားပြီးမှ မင်းသားတို့ကို ဖောင်တွင်စီးစေ၍ မျှောလိုက်လေ၏။ မင်းသားညီနောင်တို့လည်း မယ်တော်က ထည့်လိုက်သော စားမြိန်စာမုန့်တို့ကို စားသောက်လျက် အစဉ်အတိုင်း မျောလေ၏။ စစ်ကိုင်းအရပ်သို့ ရောက်လေသော် စစ်ပင်ကြီး ကိုင်းလိုင်းကို ဖောင်တိုက်မိလေ၍ ထိုအရပ်၌ “**စန္ဒမုခီ**” အမည်ရှိသော ဘီလူးမသည် ဖောင်သို့

၁။ ၅၀၄ ဘီစီ   ၂။ ၄၈၅ ဘီစီ

တောင်၍ မင်းသားညီနောင်တို့စားသော စားကြွင်းစားကျန်ကို မပြတ် ဝင်၍စားလေ၏။ ထိုစမ်းပင်ကြီး ကိုင်းလိုင်းရှိသောအရပ်ကို ယခုတိုင် "စမ်းကိုင်း" ဟု တွင်၏။ အချို့သောရာဇဝင်မှာ ရှောင်ဦး ကမ်းပါးသို့ ဖောင်ချဉ်းရာတွင် "စနှမုန်" ဘီလူးမ တက်၍ စားကြွင်းစားကျန်ကို စားလေသည် အမှန် ဆိုသည်။

မင်းသားညီနောင်တို့လည်း ဤသို့ ဆိုကြကုန်၏။ ငါတို့စားသော စားကြွင်းစားကျန်သည် အခါတစ်ပါးကား စားလောက်သည်။ ယခုမူကား မစားလောက်။ အကြောင်းတစ်ပါးရှိမည်။ စားကြွင်းစား စားသောအခါ ညီတော်လက်၊ ငါလက်ဟူ၍ အမှတ်ရှိကြလေဟူ၍ ဆိုတော်မူကြ၏။ မင်းသားတို့လည်း နှလုံးပြု၍ စမ်းကြလေသော် "စနှမုန်" အမည်ရှိသော ဘီလူးမလက်ကို ဆွဲကိုင်မိလေ၏။ မင်းသားညီနောင်လည်း အဘိမ်မှ သန်လျက်ကိုနုတ်၍ ခုတ်မည်ပြု၏။ ဘီလူးမလည်း ဘုန်းကြီးသော မင်းသားချည်းဖြစ်၍ မရုန်းထွက်နိုင်သောအားဖြင့် အသက်သေမည်ကို ကြောက်၍ ဤသို့ ဆို၏။ "အရှင်သားတို့– ကျွန်ုပ် အသက်ကို မသေပါစေနှင့်၊ အရှင်သားတို့ အလိုရှိသော အမှုကို ထမ်းပါမည်" ဟု ဆို၏။ မင်းသားညီနောင်လည်း "ဟယ် ဘီလူးမ– ငါတို့ညီနောင် မျက်လုံးကိုမြင်အောင် နင် ပြုနိုင်အံ့လော" ဟု မေး၏။ ဘီလူးမလည်း မြင်အောင်ပြုနိုင်သော အကြောင်းကို လျှောက်လေ၏။ မင်းသားတို့လည်း အမှန်အကန် ဘီလူးမကို ဆိုစေပြီးမှ လွှတ်လေ၏။ ဘီလူးမလည်း တန်ခိုးကြီးသော နတ်ဘီလူးတို့အား ထိုအကြောင်းကို ကြားလေ၏။ တန်ခိုးကြီးသော နတ်တို့လည်း ထိုမင်းသားညီနောင်တို့သည် ဘုရားရှင် သာသနာတော်ကို အစဉ်ရှက်ဆောင်လတ္တံ့သော အကြောင်းကိုမြင်၍ အထူးထူးသော မျက်ဆေးတို့ကို ပေးလိုက်လေ၏။ ဘီလူးမလည်း မင်းသားညီနောင်တို့ ဖောင်နှင့် မျောသည်ကို လိုက်၍ ကုစားလေ၏။ (ထိုသို့ စ၍ကုသောအရပ်ကို "စကု" ဟူ၍ ယခုတိုင်အောင် တွင်၏။ မင်းသားတို့ မျက်စိ စ၍ လင်းသည်ကို အကြောင်းပြု၍ ယခုထက်တိုင်အောင် "စလင်း" ဟု တွင်၏။)[1] မျက်စိမြင်၍ မိုးကားအဖုံး, မြေကားအထဲဟု မင်းသားတို့ ဆိုသောအရပ်ကို "မိုးဖုံး မြေထဲ" ဟူ၍ ယခုတိုင်အောင် တွင်၏။ မင်းသားတို့လည်း မျက်စိမြင်ပြီးသော် ဖောင်နှင့် အစဉ်အတိုင်းသွား၍ ကြီးကြာငှက်တို့ ပျံကျရာဖြစ်သော "ကုဋ္ဌပြင်" အရပ်သို့ ရောက်လေသော် ဖောင်ကို ဆိုက်ထားခဲ့ပြီးလျှင် လက်နက်ငါးပါးကိုယူ၍ သွားကြလေသဖြင့် ဦးရီးတော် ရှင်ရသေ့ သီတင်းသုံးသော တောအရပ်သို့ ရောက်ကြလေရာ ဦးရီးတော်ရှင်ရသေ့သမီး ဘေဒါရီ ရေခပ်သွားသော မြေရာကို အစဉ်လိုက်လေ၍ တွေ့လေသော် ဘေဒါရီ ရေခပ်သော အခြင်းအရာကို မြင်လေ၍ မင်းသားတို့ ဤသို့ ဆိုကုန်၏။ "အဘယ်သတို့သမီး– သင့်ရေခပ်သော ဘူးသည်ကား နားမထွင်းတကား၊ သင်သည် မိုက်လှ၏" ဟု ဆိုပြီးမှ ဘူးကိုယူ၍ သန်လျက်ဖြင့် မျက်နှာကိုလှီး၍ အနေကိုသွန်ပြီး

---

၁။ မဟာသမ္မတနှင့် စူဠသမ္မတတို့အား တကောင်းမှ ဖောင်ပေါ်တင်၍ မျှောလိုက်ရာ စမ်းကိုင်းအရပ်တွင် စမ်းပင်ကြီး ကိုင်းပိုင်းကို ဖောင်နှင့်ဝင်တိုက်မိပြီး စနှမုန်ဘီလူးမ ဖောင်ပေါ်တက်သည်။ စနှမုန်ဘီလူးမ မင်းသားညီနောင်အား မျက်စိ ကုသည့်နေရာကို စကု၊ မင်းသားညီနောင် မျက်စိ လင်းသည်ကို အကြောင်းပြု၍ စလင်းဟု တွင်သည် ဆိုရာတွင် ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းပါက စလင်းပြီးမှ စကုသို့ ရောက်ရှိမည် ဖြစ်သည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို ပြုစုသည့် တွင်းသင်းမြန်မာရာဇဝင်သစ်တွင် စမ်းကိုင်း ကျေးဆော်အရပ်တွင် မျက်စိ ကုသည် ဟု ဆိုသည်။ မင်းသားညီနောင် မျက်စိ လင်းသည်ကို အကြောင်းပြု၍ စလင်းဟု တွင်သည်။ (တွင်းသင်းမဟာရာဇဝင်သစ်၊ ပထမတွဲ၊ စာ ၂၀)။ မှန်နန်းရာဇဝင်တွင် မင်းသားညီနောင်တို့ စကုသို့ရောက်လျှင် မျက်စိ ကုသည်။ ရှုလင်းသို့ ရောက်လျှင် အလင်းကို ရသောကြောင့် ရှုလင်းဟု တွင်သည်။ [ မှန်နန်း(၂၀၀၃)၊ ၁၊ စာ ၁၆၆ ]

လျှင် ရေမှာပေါ်စေ၍ ကျည်တောက်ကို ပြည့်စေ၏။ ထိုကြောင့် "ဘူးလုံး နှား မထွင်း" ဆိုသော စကားသည် အစဉ်ဆိုရာ ဖြစ်၏။

ဘောဒါရီ သတို့သမီးသည် ခပ်သောကျည်တောက် ပြည့်လျှင် ခမည်းတော် ရှင်ရသေ့ နေသော ကျောင်းသို့သွား၍ ရေလောင်းလေ၏။ ရှင်ရသေ့လည်း သင် ယနေ့ ရေခပ်သည် ပြည့်လွယ်တကားဟု မိန့်တော်မူ၏။ ဘောဒါရီလည်း အကြောင်းမျိုးကို ခမည်းတော် ရှင်ရသေ့အား လျှောက်လေ၏။ ရှင်ရသေ့လည်း ထိုလုလင် ၂-ယောက်တို့ကိုခေါ်၍ မေးစုံစွာ မေးတော်မူ၏။ မင်းသားညီနောင်တို့လည်း တကောင်းပြည်ကြီးကို အစိုးရသော မင်း၏ မိဖုရားကြီးတွင် မြင်သော သားတော်ဖြစ်ကြောင်း၊ မွေးရင်းက မျက်စိမမြင်ရှိကြောင်း၊ "စန္ဒမုခီ" ဘီလူးမ ကုစား၍ မျက်စိမြင်ကြောင်း စသည်များကို စေ့စုံစွာ လျှောက်လေ၏။ ရှင်ရသေ့လည်း မင်းသားတို့ စကားကို ကြားတော်မူသော် မောင်တို့ ၂-ယောက်ကား ငါ၏ နှမတော်သား၊ ငါ၏ တူရင်းတည်းဟူ၍ မိန့်တော်မူပြီးမှ "မဟာသမ္ဘဝ" နှင့် သမီးတော် ဘောဒါရီကို သာသနာတော်သက္ကရာဇ် (၆၀)[၁] ခြောက်ဆယ်ပြည့်တွင် စုံဖက်တော်မူလေ၏။

### ၁၄၃။ မဟာသမ္ဘဝမင်း ရသေ့ပြည်တွင် အစ မင်းပြုတော်မူကြောင်း (၁)

ထိုအခါ ဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ ထိုအရပ်၌ နိမိတ်ကြီး ၅-ပါးတို့သည် ညီညွတ်စွာ ဖြစ်လေ၏။ ပျူနှင့်ကမ်းယံ ပါးတို့သည် ညဉ့်ချင်းဖြစ်လေ၍ မြေအပြင်သည် သာယာညီညွတ်စွာ ဖြစ်လေ၏။ ပျူနှင့်ကမ်းယံ လည်း ထိုအရပ်ကို နေလိုသည်ဖြစ်၍ စစ်ကြီးဖြစ်ကြလေသော် ပျူနိုင်၍ ကမ်းယံ ပြေးလေ၏။ "ကမ်းယံဟူသည်ကား သံတွဲ မှစ၍ တောင်စဉ်ခုနစ်ခရိုင်၌ နေသော သူတို့ကို ဆိုသတည်း"၊ ပျူတို့တွင်လည်း မောင်နှမ နှန်းလုပြန်ကြ၍ နှမ နိုင်လေ၏။ နှမလည်း သိကြားအင်း အရပ်တွင် ရွာပြုပြည်ထောင် အလုံးအရင်း အများနှင့် နေလေ၏။ မောင်လည်း ခလုံးအရင်းနှင့်တကွ ဖိုဦးအရပ်သို့ ရှောင်လွှဲ၍ နေလေ၏။ ထိုအခါ ပျူမိဖုရားမှစ၍ သိကြားအင်းအရပ်၌ နေကုန်သော သူအပေါင်းတို့သည် တကောင်းမင်း ယောက်ဖတော်ဖြစ်သော ရှင်ရသေ့အား ဘုရားကဲ့သို့ ကိုးကွယ်မှီခိုရာ ပြုကုန်၏။ ရှင်ရသေ့လည်း ဈာန်အဘိညာဉ်နှင့် တကွဖြစ်၍ ဘုန်းတန်ခိုး အာနုဘော် အလွန် ကြီးတော်မူ၏။ အဋ္ဌာရသဥ္စလည်း အပြီးတိုင်အောင် တတ်တော်မူ၏။ ရာဇမဟာဥ္စလည်း အလွန်လိမ္မာတော်မူသည်ဖြစ်၍ တစ်ရံရောအခါ ပျူမိဖုရားအား ဤသို့ မိန့်တော်မူ၏။ "ငါ၏ တူတော်ဖြစ်သော မဟာသမ္ဘဝမင်းသားသည် မင်းတို့၏ ကျင့်ရာဝတ် နှင့်လည်း ပြည့်စုံ၏။ တရားအရာ၌လည်း အလွန်လိမ္မာစွာ၏။ ရန်သူ ရှိသောအခါ စစ်ထိုးခြင်း၌လည်း သူရသတ္တိနှင့် ပြည့်စုံ၏။ သင်တို့ နေသော အရပ်ကို မင်းပြုစေ၍ သင်တို့အား စိုးအုပ် စီမံကွပ်ကဲစေလော" ဟူ၍ မိန့်တော်မူလျှင်၊ ပျူမိဖုရားလည်း ငါသည် မိန်းမသားသာ ဖြစ်သည်၊ တစ်ဖက်သား ရန်သူတို့ ရောက်လတ်သည်ရှိသော် ဘုန်း၊ လက်ရုံး၊ အာဏာနှင့် လုပ်ကြံသည် ဖြစ်မှ ရန်သူကို အောင်မြင်၍ ပြည်ထဲ သာယာဝပြောလတ္တံ့ ဟူ၍ ကြံပြီးမှ မဟာသမ္ဘဝအား မင်းမြှောက်လေ၏။

မဟာသမ္ဘဝမင်း မင်းပြုတော်မူသော သက္ကရာဇ်ကား သာသနာတော် သက္ကရာဇ် (၆၀)[၁] ခြောက်ဆယ်တွင် မင်းဖြစ်တော်မူ၏။ မိဖုရားကား ဘောဒါရီတစ်ပါး၊ ပျူမိဖုရားတစ်ပါး၊ သည်

[၁] ၄၈၄ ဘီစီ

၂-ပါးတွင် ပုဏ္ဏမိဖုရား၌ သမီးတော်တစ်ပါး မြင်သည်။ များမကြာ ပုဏ္ဏမိဖုရား အနိစ္စရောက် တော်မူလေသည်။ ဘေဒါရီမိဖုရားတွင် ဒွတ္တဘောင် ပဋိသန္ဓေ ၃-လရှိသောအခါ ခမည်းတော် မဟာသမ္ဘဝမင်းကြီး အနိစ္စရောက်တော်မူ၏။ ထိုမင်းကား အိမ်နိမ့် (၂၀)နှစ်ဆယ်၊ မင်းစည်းစိမ် (၆)ခြောက်နှစ်၊ သက်တော် (၂၆)နှစ်ဆယ့်ခြောက်နှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက် လိုသော် တော် ၇-ရက် လည်း၏။ နံ-တော် တနင်္လာသားတည်း။

## ၁၄၄။ စူဠသမ္ဘဝမင်း အကြောင်း (၂)

သာသနာတော် **သက္ကရာဇ်** (၆၆)[1] ခြောက်ဆယ့်ခြောက်ခုတွင် ထိုမင်းညီတော် စူဠ သမ္ဘဝ မင်းဖြစ်တော်မူ၏။ မိဖုရားကား မရိုးတော် ဘေဒါရီတည်း။ **ဘေဒါရီ**ကို မိဖုရား ခြောက်လျှင် အိမ်ရှေ့မင်းအဖြစ်က လုပ်ကျွေးသော **စန္ဒမုခီ**ဘီလူးမသည် ဝမ်းနည်းသောအားဖြင့် ထိုမင်းတွင်မြင်သော ဗိသနိုးသားကိုယူ၍ ခြောက်ပုပ္ပားအရပ်မှာ ရှုပ်ပြည်တောင် နေလေ၏။ ထိုမင်းကား တရားသဖြင့် မင်းပြု၍ အိမ်နိမ့် (၂၆)နှစ်ဆယ့်ခြောက်၊ စည်းစိမ် (၃၅)သုံးဆယ့် ငါး၊ သက်တော် (၆၁)ခြောက်ဆယ့်တစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ၇-ရက်တိုင်တိုင် ညဉ့်ကဲ့သို့ မိုက်၏။ နံတော် ၂-လာသားတည်း။

## ၁၄၅။ ဒွတ္တဘောင်မင်း သရေခေတ္တရာပြည်ကို တည်၍ မင်းပြုသည့် အကြောင်း

သာသနာတော် **သက္ကရာဇ် ၁၀၁**-ခု[2]ရောက်သောအခါ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီ၊ ပရမေသွရာ၊ ဤသူမြတ် (၇)ခုနစ်ယောက်တို့သည် ဘုရားသခင် ဗျာဒိတ်တော် ရှိသည်နှင့်အညီ မြို့တည်အံ့သောအကြောင်းကို ရုံးစုတိုင်ပင် ညှိနှိုင်းကြ၍ သာယာညီညွတ် လှစွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ရပ်နေပြီးလျှင် နဂါးကို စက်ကြိုးဖြင့် လှည့်တော်မူ၏။ ထိုသို့ နဂါးကြီးဖြင့် ရစ်ခွေလှည့်သောအရာ၌ အချင်းအားဖြင့် တစ်ယူဇနာ၊ အဝန်းအားဖြင့် ၃-ယူဇနာရှိသော တံခါးကြီး (၃၂)သုံးဆယ့်နှစ်တံခါး၊ တံခါးငယ် (၃၂)နှစ်ဆယ့် သုံး တံခါး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုး စသော မြို့၏အင်္ဂါခုနစ်ပါး နှင့် ပြည့်စုံသော ထူးဆန်းတင့်တယ်လှစွာသော သိကြားနေရာ သုဒဿနမြို့ကဲ့သို့ မြတ်သော အသရေကို ဆောင်သော **သရေခေတ္တရာ ရွှေမြို့**တော်ကို တည်၏။ မြို့တည်သော သက္ကရာဇ်ကား ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ **သာသနာတော်သက္ကရာဇ် (၁၀၁) တစ်ရာတစ်ခု တန်ခူးလဆန်း ၁-ရက် တနင်္ဂနွေနေ့-နက္ခတ် ၂၆-လုံး-နေထွက်တစ်ပြုတွင် ရွှေနန်းတော်၊ မြို့၊ ကျုံး ဤ ၃-ဌာနကို တည်တော်မူ၏။ မင်းကြီးအား ထိုက်သော ဂိမှန္တဥတု၊ ဝဿန္တဥတု၊ ဟေမန္တဥတု၊ ဥတု ၃-သုံးပါး၌ မွေ့လျော်ပျော်ပါးစေခြင်းငှာ ဘုံ(၇) ခုနစ်ဆင့်ရှိသော် ပြာသာဒ်၊ ဘုံ(၉) ကိုးဆင့် ရှိသော ပြာသာဒ်၊ ဘုံ(၁၁) တစ်ဆယ့်တစ်ဆင့်ရှိသော ပြာသာဒ်၊ ဤသို့သော ပြာသာဒ် နန်း (၃) သုံးဆောင်တို့ကိုလည်း နတ်တို့ လုပ်၍ မြို့နှင့်တကွ ခုနစ်ရက်တွင်းတွင် ပြီး၏။ ထိုသို့ မြို့၏ကိရိယာ၊ နန်း၏ကိရိယာ အပြည့်အစုံ ပြီးပြီးလျှင် **ဒွတ္တဘောင်မင်းကြီး**အား သိကြား မင်းသည် လက်တော် မ လျက် နန်းတင်၍ ရာဇဘိသေက ခံတော်မူ၏။ ထိုမင်းမိဖုရားကား ပုဏ္ဏမိဖုရားကို ခမည်းတော် **မဟာသမ္ဘဝမင်းကြီး** မိဖုရားခြောက်၍ မြင်သော နှမတော် **စန္ဒာဒေဝီ**


၁။ ၅၇၈ ဘီစီ ၂။ ၅၄၃ ဘီစီ

ပါ။ နဂါးမင်းသမီး ဘောစနီလည်း တစ်ပါး၊ ဤ ၂-ပါးတည်း။ သိကြားမင်း မိဖုရားလည်း တစ်ပါး၊ နဂါးမင်းသမီး ဘောစနီလည်း တစ်ပါး၊ ဤ ၂-ပါးတည်း။ သိကြားမင်း မင်းမြောက်တန်ဆာ ၅-ပါးတို့ကိုလည်းကောင်း၊ စကားရပ်လည်း သီလဝံသတား အစရှိသော မင်းဆောင်, မင်းယောင်, မင်းခမ်း, မင်းနားတို့ကိုလည်းကောင်း၊ မင်းနှင့် ထိုက်တန်သော မင်းဆောင်, မင်းယောင်, မင်းခမ်း, မင်းနားတို့ကိုလည်းကောင်း၊ မင်းနှင့် ထိုက်တန်သော နိမ်နင်းစေခြင်းငှာ အရှိန့်မာလုံ အစရှိသော ခေါင်းလောင်းကြီး, စည်ကြီးရန်သူအပေါင်းတို့ကို နှိမ်နင်းစေခြင်းငှာ အရှိန့်မာလုံ အစရှိသော ခေါင်းလောင်းကြီး, စည်ကြီးတို့ကို လည်းကောင်း မင်းကြီးကို ရွက်ဆောင်နိုင်သော အရပ်အားဖြင့် (၁၅) တစ်ဆယ့်ငါးတောင်အလျားအားဖြင့် အတောင်နှစ်ဆယ်ရှိသော နာဠာဂီရိဆင်, သိန္ဓဝအမျိုးဖြစ်သော ဝေလာဟကမြင်းတို့ကို လည်းကောင်း၊ မင်းကြီး၌ မပြတ် စောင့်ရှောက်စေခြင်းငှာ နတ်သူရဲ တစ်ကျိပ်နှစ်ယောက်တို့ကို လည်းကောင်း၊ သံတမန်စေခြင်း၌ လိမ္မာသော ဘုန်းပညာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ငန်းပါး, ငရဲကျား, ပဋင်းဖြူ, ပဋင်းညိုတို့ကို လည်းကောင်း၊ အတွင်းပင်လယ်, ပြင်ပင်လယ်တို့ကို လည်းကောင်း ဒွတ္တဘောင်မင်းကြီးအား သိကြားမင်း ဆောင်နှင်းပေး၏။ ။

## ၁၄၆။ ဒွတ္တဘောင်မင်းကြီး၏ ဘုန်းတန်ခိုးတော်နှင့် အုပ်စိုးပုံ၊ အခွန်ခံယူပုံ အကြောင်း

ဒွတ္တဘောင်မင်းကြီးသည် ဘုန်းကြီးမားသောမင်းဖြစ်၍ နိုင်ငံတိုင်း နိုင်ငံတိုင်း မြေကြီးတို့သည် ကျွန်ုန်ကုန်၏။ သိကြားမင်းလည်း မိမိ တန်ခိုး အာနုဘော်အားဖြင့် လှမ်းတိုင်း လှမ်းတိုင်းသောအခါ သံမှိုခံပေ၏။ ဇမ္ဗူဒီပါကျွန်းမှစ၍ အသူရာပြည်၊ နဂါးပြည်တိုင်အောင် လက်နက်နိုင်ငံဖြစ်၍ အခွန်ခံတော်မူ၏။ အခွန်ခံသော အကြောင်းကား အထူးထူးသော မှာစာတို့ကို စီလျှဉ် ရေးစေပြီးသော် လုံပုံတွင်ဆွဲပြီးမှ လုံထိုးတောင်သို့ တက်တော်မူ၍ မင်းကြီးလက်တော်ဖြင့် ထိုးသည်ရှိသော် ဆိုခဲ့ပြီးသော မင်းတို့၏ ဦးခေါင်း၌ ကျအုံသကဲ့သို့ တည်လေ၏။ ထိုအခါ ထိုသို့သော မင်းတို့သည် သာယာချောင်သော စကားဖြင့် ခယရိုသေစွာ တောင်းပန်၍ အထူးထူးသော ပဏ္ဏာသက္ကာရတို့ကိုပို့ပြီးမှ လုံပုံသွားသော ဟူ၏။ ခေါင်းလောင်းကြီး, စည်ကြီးတို့ဖြင့် အခွန်ခံသောအခါလည်း ဤကဲ့သို့ တစ်ချက်ခတ်တီးသည်ရှိသော် ထိုထိုသို့သော လူမင်း၊ နတ်မင်း၊ နဂါးမင်းတို့၏ နားရင်း၌ တီးဘိသကဲ့သို့ ထိုအသံတို့သည် တည်လေ၏။ ထိုအခါ ထိုထိုသို့သော မင်းတို့သည် ရိုသေခယမ်းသော စကားဖြင့် တောင်းပန်သည်ဖြစ်မှ အသံစဲသော ဟူ၏။ ထိုသို့ အခွန်တော် ခံသောအခါ ဇမ္ဗူဒီပါ မြေအပြင်ဝယ် ရှိသော တစ်ရာတစ်ပါးသော မင်းတို့သည် သမီးကညာ ရတနာ အစရှိသော ဆင်ရတနာ, မြင်းရတနာတို့ကို လည်းကောင်း၊ ပတ္တမြား, ရွှေ, ငွေ အစရှိသော ရတနာတို့ကို လည်းကောင်း၊ သားမွေးဖြင့် ပြီးသော ပုဆိုး, ပိုးချည်ဖြင့်ပြီးသော ပုဆိုး, ကြာချည်ဖြင့်ပြီးသော ပုဆိုး, ဝါချည်ဖြင့် ပြီးသော ပုဆိုးတို့ကို လည်းကောင်း နှစ်တိုင်း နှစ်တိုင်းလျှင် ဆက်လာရကုန်၏။ ထိုသို့ ဆက်လာသော ရွှေ, ငွေ အစရှိသော ပစ္စည်းပယ်တို့ကို ပုံစု၍ထားသည် ရှိသော် အစောက်အရပ်အားဖြင့် အတောင်(၄၀) လေးဆယ် ရှိသော ဟူ၏။ တစ်ရံရောအခါ နတ်ဘီလူးတစ်ယောက်သည် အချိန်မဲ့ကို မင်းကြီးနန်းတော် အနီးသို့ သွားမိလေသည်။ သိကြားမင်း သိတော်မူလျှင် သာသနာတော်ကို ချီးမြှောက်သော ဘုန်းကြီးသောမင်း၏ နန်းရင်ပြင်ကို နင်သွားသည်၊ သွားရာသည်လောဟူ၍ ထိုဘီလူးကို နှောင်ချိုင်ဖြင့် လှောင်၍ ထားလေ၏။ ထိုသို့ ဘီလူးကို သိကြား ထားသည်နှင့်အတူ နှောင်

# ဗိဿနိုး မြေပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ။



ဗိဿနိုးမြို့ဟောင်းမြေပုံ။
| တောင်တွင်းလုပဖေ၏ ဗိဿနိုး၊ ရန်ကုန် ရွှေမြို့တော်ပုံနှိပ်တိုက်၊ ၁၉၆၂
စာမျက်နှာ ၄၁ - ၂ မှ ကူးယူဖော်ပြသည်။ |
( မူရင်းစာလုံးပေါင်း သတ်ပုံအတိုင်း )



အမှတ် ၁၊ သချိုင်းကုန်း တူးဖော်ပြီး တွေ့ရပုံ။




အမှတ် ၂ အုတ်ကုန်း တူးဖော်ဆဲ တွေ့ရပုံ။




အမှတ် ၃၊ ကုန်းမှ အုတ် အဆောက်အဦ ပေါ်ပေါက်လာပုံ။

| ပုံများကို တက္ကသိုလ် ပညာရေးဆောင်ဆောင် အဖွဲ့ ၁၊ ဆိုင်း၊ ၂ ဘုံ၆၆ မှ ကူးယူဖော်ပြသည်။ |



အမှတ် (၂)ကုန်း အုတ်တိုက် အဆောက်အအုံ ဓာတ်ပုံ ( ပေါ် )နှင့် ပုံ ( အောက် )။
THE ANCIENT PYU OF BURMA(Myanmar) ,Volume One :
Early Pyu Cities in A Man-made Landscape by Janice Stargardt
မှ ကူးယူဖော်ပြသည်။











[illegible]

[illegible]





အမှတ် ၂ ကုန်းမှ ရွှေတောင်ဝှက် ကြေးဝံပါသော ကျောက်ပြားပေါ်။



အမှတ် ၂ ကုန်းမှ တံဆိပ်ထိုးထားသော ရွှေတုံး။



အမှတ် ၁ သင်္ချိုင်းကုန်းမှ အရိုးအိုး။



အမှတ် ၅ ကုန်းမှ ကေန္ဒရီရုပ်




အမှတ် ၅ ကုန်းမှ ကေန္ဒရီရုပ် ဆွဲပုံ





အမှတ်သင်္ကေတများ ပါသော အိုးခြမ်းပဲ့များ





တူးကွင်း ၂ မှ ရသော အိုးခြမ်းများတွင် တွေ့ရသည့် အရုပ်များ
( က နှင့် ခ မှာ တူးကွင်း ၁၇ မှ ဖြစ်သည်။ )


2 1 0 2 INCHES


[illegible]




ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော အရိုးအိုး ပုံများ။





ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော အိုးခွက် ပုံများ




ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော ဒင်္ဂါး ကြေးထောက်ကောက်ကြိုး ကြေးချူ စသည့် ပုံများ





ဗေဿနိုး မြို့ဟောင်းတွင် တွေ့ရှိသော အခြမ်းအလှဆင်ပါ အိုးခွက် ပုံများ





ဗိဿနိုး မြို့ဟောင်းများနှင့် အုတ်အဆောက်အအုံ ပုံများ



တူးကွက် ၁၇ မှ မြေဖုတ်စေတီများ

တူးကွက် ၂၀ မှ ရရှိသော အစိုးတော်ရုပ်များ



…လှုလတ္တံ့သော မင်းတို့ သိရစ်စေ ဟူ၍ ကျောက်ကို အီလူးရုပ် လုပ်၍ နောင်မျိုးသွင်း၍ …သာတော်မူ၏။ ။

## ၁၄၇။ ဒွတ္တဘောင်မင်းကြီး မြတ်စွာဘုရား သာသနာတော်ကို ပြုပုံ အကြောင်း

သက္ကရာဇ် (၁၆၇)[၁] တစ်ရာခြောက်ဆယ့်ခုနစ်ခု တပို့တွဲလဆန်း ဆယ်ရက် တနင်္လာနေ့ ပြီးလက် ပြီသစန်း၊ တူတွင် ၃၊ မကာရတွင် ၁-၄-၆-မှုးလျက် ကုံတွင် ၀-၈၊ မိန်တွင် …ထိုအခါတွင် နောက်နှင်းကြံ၍ ပြင်နန်းတော်ဆောက်၍ ယကြာပြုတော်မူသည်။ ရသေ့ …ပ္ပဒေ အခါ (၁၆၈)[၂] တစ်ရာခြောက်ဆယ့်ရှစ်ခု ဝါဆိုလဆန်း ၁-ရက်*၊ ကြာသပတေးနေ့ ပြီးလက်တွင် နောက်နှင်းဆက်၍ နန်းတက်တော်မူသည်။ ထိုမင်းလက်ထက် ဆင်ဖြူ (၁၆၀) …သုံးရာခြောက်ဆယ်၊ ဆင်မည်း (၃၆၀၀၀၀၀၀) သုံးကုဋေခြောက်သန်း၊ စစ်သည်သူရဲအပေါင်း …တန်ခေါင်ဘိတ် ရှိသောဟူ၏။ ထိုမင်းလက်ထက် ရတနာ့မိုး ၅-ကြိမ်ရွာ၏။ ဘုရားရှင်တပည့် …သာတော်ရဟန္တာမြတ် (၃၀၀၀) သုံးထောင်အားလည်း နေ့တိုင်းမပြတ်လျှင် ပစ္စည်း ၄-ပါး …တောက်ပုံ၍ ဆရာပြုတော်မူ၏။ ခပ်သိမ်းသော ပြည်သူလူတကာ အပေါင်းတို့ကို ကိုးကွယ်စိမ့် …သော ဘုရားရှင် သရီရဓာတ်တော် ၆-ဆူကို စေတီ(၆)ခြောက်လုံး တည်တော်မူ၏။ ထိုစေတီ …တို့၏ အမည်ကား- "သောကြမ္ဗာ"ဟူသော ကောင်းမှုတော်တစ်ဆူ၊ "ညည်းညည်း"ဟူသော …ကောင်းမှုတော်တစ်ဆူ၊ "စည်းစည်း"ဟူသော ကောင်းမှုတော်တစ်ဆူ၊ "ပေါပေါ" ဟူသော …ကောင်းမှုတော်တစ်ဆူ၊ "လျောလျော" ဟူသော ကောင်းမှုတော်တစ်ဆူ၊ "မြသိတင်" ဟူသော …ကောင်းမှုတော်တစ်ဆူ၊ ထိုမှတစ်ပါးလည်း ဘုရားရှင် လက်ရုံးတော်ဓာတ်ကို ဌာပနာပြု၍ …"ရှင်တဟု"ဟု သမုတ်တော်မူသော ကောင်းမှုတော်တစ်ဆူ၊ ဘုရားရှင် နှုးသင်းကျစ်တော် …ဓာတ်ကို ကမ်းယံပြည်မှာယူ၍ တည်တော်မူသည်ကား မပြီးခင်ချေ။ ထိုမင်းလက်ထက်တော်၌ …ဘုရားရှင်သာသနာတော်ကား ထင်ရှားစွာ ဖြစ်၏။ ထိုမင်းကား နောင်လာလတ္တံ့သော မင်းတို့ …အား မှတ်သားစိမ့်သောငှာ ရဟန္တာ(၃၀၀၀) သုံးထောင်တို့နှင့် တိုင်ပင်တော်မူ၍ ခပ်သိမ်းသော …သတ္တဝါ အပေါင်းတို့၏ စီးပွားအလို့ငှာ "အပါယဂတိမုပါယ်" ဂါထာဦးတပ်သော ဓမ္မသတ် …ကျမ်းကိုလည်း ပြုတော်မူ၏။ ။

## ၁၄၈။ ဒွတ္တဘောင်မင်း ဘုန်းတန်ခိုး ဆုတ်ယုတ်ခြင်း အကြောင်း

ထိုသို့ ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူသော ဒွတ္တဘောင်မင်းကြီးသည် …တစ်ရံရောအခါ မုန့်သည်မတစ်ယောက်သည် ဆရာရဟန်းအား လှူသော ကျောင်းဝတ်မြေလယ် …ဒါ:ပယ်မျှကို သိမ်းယူတော်မူမိချေသော အားဖြင့် သိကြားပေးသော လုံပုံ့သည်လည်း စေ၍ …သွားဘဲ ရှိဘိ၏။ ခေါင်းလောင်းကြီး၊ စည်ကြီးတို့သည်လည်း တီး၍မမြည် ရှိ၏။ ထိုသို့ …ရှိသောအခါ မင်းကြီးသည် ရဟန္တာမြတ်တို့အား ထိုအကြောင်းကို နားတော်လျှောက်လေ၏။ …ရဟန္တာ အရှင်မြတ်တို့လည်း ဉာဏ်ဖြင့် ဆင်ခြင်တော်မူသည်ရှိသော် မုန့်သည်မငယ် ဆရာရဟန်း …အား လှူသော ကျောင်းဝတ်မြေ လယ်ငါးပယ်ကို သိမ်းယူမိသောကြောင့် ဖြစ်သောအကြောင်းကို …ပြင်တော်မူလေ၏။ ရဟန္တာမြတ်တို့လည်း မင်းကြီးအား ဤသို့ မိန့်တော်မူကုန်၏။ "မင်းကြီး၊

[၁] ၇၇၇ ဘီစီ [၂] ၇၇၆ ဘီစီ • ၁၁ ရက် [ မှန်နန်း(၂၀၀၃)၊ ပ၊ စာ ၁၇၃ ]

ပယ်သိမ်းသောလောက၌ ရတနာသုံးပါးနှင့် စပ်သော ပစ္စည်းပယ်တို့ကား အဆိပ်ထန်သော မြွေဆိုး၊ မြွေပေါက်နှင့် တူ၏။ ထိုမြွေတို့၏ သဘောသည်ကား ထိနိုက်မိချေသည် ရှိသော် ပြန်၍ပွင့်ပြီတည်း။ ထိုသို့ပွင့်သည်ရှိသော် ပယ်သိမ်းသောသတ္တဝါတို့သည် ကြီးစွာသော ဘေးဘယသို့ ရောက်ကြလေသကဲ့သို့ ရတနာသုံးပါးနှင့်စပ်သော ပစ္စည်းပယ်တို့ကို မအပ်သော သိမ်းဆည်းယူငင်ခြင်းဖြင့် သိမ်းယူမိချေသော် မြတ်သော စည်းစိမ်မှုသော်လည်း ရွေ့လျောလေရာ၏၊ ဘေးအန္တရာယ်တို့သည် ရောက်သည်ဖြစ်၍ အသက်သော်လည်း ယုတ်လေရာ၏။ မင်းကြီးသည် မအပ်သော ဝတ္ထုပစ္စည်းတို့ကို သိမ်းယူတော်မူမိချေသောကြောင့် ဤအကြောင်းတို့သည် ဖြစ်ချေသည်"ဟု မိန့်တော်မူကုန်၏။ မင်းကြီးလည်း ထိုလယ်ငါးပယ်ကို မှန်သည်မ ဆရော၊ မသင့်မအပ်၊ မသန့်မရှင်းသော ဝတ္ထုကို လှူတော်မူလေ၏။ ထိုသို့ လှူတော်မူသော်လည်း ခေါင်းလောင်းကြီး၊ စည်ကြီးတို့သည် သိမ်းယူတော်မူမိချေသောကြောင့် လုံးပုံအစရှိသော ထိုသို့သော မင်းတို့က ဆက်ပြီးသော မသွားဘဲ ရှိပြီ၏။ ထိုသို့ စေ၍ မသွားသည်ရှိသော် အစွန်တို့သည် မရောက်သည်ဖြစ်၍ ကြီးစွာသော အမျက်တော်သည် ဖြစ်၏။

## ဗုဒ္ဓဘောင်မင်း နတ်ရွာစံခြင်း အကြောင်း

တစ်ရံရောအခါ ပခွင်းဖြူ၊ ပခွင်းညိုတို့ကို ခေါ်တော်မူ၍ "ဟယ် အမတ်တို့- ငါ၏ တိုင်းနိုင်ငံတော်ဖြစ်သော ဇမ္ဗူဒီပါကျွန်း၌ ရှိကုန်သော မင်းတို့သည် ဆက်ပြီသော အခွန်ကို မဆက်။ အမတ်တို့ သွား၍ အခွန်ကို တောင်းခံချေ"ဟု စေတော်မူ၏။ ပခွင်းဖြူ၊ ပခွင်းညိုလည်း အလုံးအရင်း အများနှင့် ခုနစ်နှစ်တိုင်တိုင် အခွန်ခံ၍ ဆက်၏။ မင်းကြီးလည်း ပခွင်းဖြူ၊ ပခွင်းညိုတို့ကို ရည်လက်သော် ယုံကြည်တော်မမူ၍ ဥပါယ်တံမျဉ်ဖြင့် ကွပ်မျက်တော်မူ၏။ ထိုသို့ ပခွင်းဖြူ ပခွင်းညိုတို့ကို ကွပ်မျက်တော်မူလျှင် ဘုန်းလက်ရုံးအာဏာနှင့် အခွန်တော် မည်သူ မရှိသည်ဖြစ်၍ မင်းကြီးကိုယ်တိုင်တော် နဂါးမှဆက်သော နဂါးကြေးလှေကို စီးတော်မူ၍ ဇမ္ဗူဒီပါကျွန်းအလုံးကို အခွန်ခံတော်မူ၏။ တစ်ရံရောအခါ ပန်ထွာပြည်သို့ ရောက်တော်မူလေ၏။ ပန်ထွာမိဖုရားလည်း မကောင်းသော နှလုံးဖြင့် မသန့်သော ပုဆိုးတို့ကို ယူစေ၍ အထူးထူးသော စီရင်ခြင်းဖြင့် နူးညံ့သိမ်မွေ့စွာသော လက်သုတ်ပဝါ စီရင်ပြီးသော် မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း မစူးစမ်း မဆင်ခြင် ယုံကြည်တော်မူ၍ ထိုလက်သုတ်ပဝါဖြင့် မျက်နှာတော်ကို သုံးသပ်တော်မူမိချေ၏။ ထိုအခါ မင်းကြီး နဖူးတော်၌ရှိသော မှည့်ရှင်သည် ကွယ်ခဲ့၏။ ထိုသို့ မှည့်ရှင်ကွယ်ခဲ့သည်ရှိသော် နဂါးမင်း သမီးတော် ဘောစန္ဒီလည်း သွားခဲ့၏၊ မင်းကြီးလည်း နှလုံးမသာ ရှိတော်မူလျက် နေပြည်တော်သို့ ပြန်တော်မူခဲ့၏။ ထိုအခါ မင်းကြီးသည် တွေးခဲ့၍တွေးပြီးသော တံတွေးကို တွေးတော်မမူ။ မဟာသမုဒ္ဒရာရေ၌ တွေးတော်မူမိလေ၏၊ ထိုသို့ မင်းကြီး ပြုတော်မူအပ်သော ကသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်သည်ဖြစ်၍ နဂါးတို့လည်း အမျက်ချောင်းချောင်း ထွက်လတ်ကုန်သည်ဖြစ်၍ နဂါးကြေးလှေနှင့်တကွ မင်းကြီးကိုယ်တော်ကို နဂါးပြည်သို့ ဆောင်ယူလေ၏။

မင်းကြီး မိဖုရားနှစ်ပါးတွင် နဂါးမင်းသမီး ဘောစန္ဒီတွင် သားမရှိ။ ပျူမိဖုရား သမီးတော် စန္ဒာဒေဝီတွင် ဒွတ္တရုန်ကို မြင်သည်။ မင်းကြီးကား အင်္ဂါသားတည်။ အိမ်နိမ့် (၃၅) သုံးဆယ့်ငါး၊ စည်းစိမ် (၇၀) ခုနစ်ဆယ်၊ သက်တော် (၁၀၅)တစ်ရာငါးနှစ်၊ သာသနာတော် သက္ကရာဇ် (၁၇၁)[၁] တစ်ရာခုနစ်ဆယ့်တစ်ခု ရောက်သောအခါ နဂါးတို့ ဆောင်ယူလေ၏။

၁။ ၃၇၃ ဘီစီ

ထိုဗုဒ္ဓဘောင်မင်းကြီး အကြောင်းကိုဆောက်၍ ပြည်ကြီး၏ အရှင် ဖြစ်တော်မူသော မင်းတို့သည် ရတနာသုံးပါးနှင့်စပ်၍ ပစ္စည်းပယ်ကိုကို မသင့်သောအကြောင်းဖြင့် သင်းသီးတစ်ပိုင်း တစ်မှုကိုမျှ မသိမ်းမယူသင့်။ ရွှေရုပ်စိစစ်၍သာ သုံးဆောင်ရာသည်။ ထိုမှတစ်ပါးသည်း ဖြစ်တော်မူသော မင်းတို့သည် ကိုယ်တော်နှင့် စပ်သော အသုံးအဆောင်ကိုကို မဖြစ်စိစစ်၍ သုံးရှင် ငင်ကြယ်သော အဖြစ်ကို အထပ်အကြပ် သိတော်မူသည်ဖြစ်မှ သုံးဆောင်တော်မူရာသည်။

## ၁၅၀။ သရေခေတ္တရာပြည်၏ ရှေးအမည်များ

ထိုသရေခေတ္တရာပြည်သည်ကား ကကုသန်ဘုရားရှင် လက်ထက်တော်၌ "ပဋ္ဌနပတိ" ဟု တွင်၏။ ကောဏာဂုံ ဘုရားရှင် လက်ထက်တော်၌ "**ပုဏ္ဍဝတီ**" ဟု တွင်၏။ ကဿပ ဘုရားရှင် လက်ထက်တော်၌ "**ပုဏ္ဍ**"ဟု တွင်၏။ ဂေါတမဘုရားရှင် လက်ထက်တော်၌ "သရေခေတ္တရာ"ဟု တွင်၏။ တကောင်းမင်း ယောက်ဖတော် ရှင်ရသေ့ သီတင်းသုံးသည်ကို အကြောင်းပြု၍ "ရသေ့ပြည်"ဟု နောက်မှ တွင်၏။

## ၁၅၁။ မင်းပြိုင်ကို မော်ပြခြင်း

မဇ္ဈိမဒေသ၌ ဝေသာလီပြည်တွင် ကာလာသောကမင်းကို အမှီပြု၍ ရှင်မဟာယသ အမှူးရှိသော ရဟန္တာမြတ် (၇၀၀)ခုနစ်ရာတို့ ဒုတိယသင်္ဂါယနာ တင်သောနှစ်သည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ်တစ်ရာပြည့်တွင်တည်း။ သရေခေတ္တရာပြည်တွင် ဗုဒ္ဓဘောင်မင်းကြီး ရာဇာဘိသေက ခံသော နှစ်သည်ကား ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ (၁၀၁) တစ်ရာတစ်နှစ်တွင် တည်း။ ဗုဒ္ဓဘောင်မင်းကြီး၏ အကြောင်းတို့ကိုကား ကျယ်မည်ကို ထောက်၍ မဆိုသည်။

## ၁၅၂။ သားတော် ဗုဒ္ဓရန်မင်း အကြောင်း

သာသနာတော်**သက္ကရာဇ် (၁၇၁)**[၁] တစ်ရာခုနစ်ဆယ့်တစ်ခု ရောက်သောအခါ ထိုမင်း သားတော် ဗုဒ္ဓရန် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၅) သုံးဆယ့်ငါး၊ စည်းစိမ် (၂၂) နှစ်ဆယ့်နှစ်၊ သက်တော် (၅၇)ငါးဆယ့်ခုနစ်သော် အနိစ္စရောက်တော်မူ၏။ ထိုမင်းကား ဗုဒ္ဓဟူးသားတည်း။ အနိစ္စရောက်တော်မူလိုသော် တစ်နေ့တည်းတွင် မိုးကြိုး ၇-ချက် ကျ၏။ ။

## ၁၅၃။ သားတော် ရန်ဘောင်မင်း အကြောင်း

သာသနာတော်**သက္ကရာဇ် (၁၉၃)**[၂] တစ်ရာကိုးဆယ့်သုံးခုသော် ထိုမင်း သားတော် ရန်ဘောင် မင်းဖြစ်တော်မူ၏။ အလျှကောင်းမှု၌ မွေ့လျော်တော်မူ၏။ ရသေ့၊ ပုဏ္ဏား၊ ရဟန်း ပညာရှိတို့နှင့် ပေါင်းဖက်၍ ဉာဏ်ပညာကြီး၏။ ပြည်သူလူတကာတို့ကို ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူ၏။ မင်း၏တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ အိမ်နိမ့် (၄၀) လေးဆယ်၊ စည်းစိမ် (၅၀)ငါးဆယ်၊ သက်တော် (၉၀)ကိုးဆယ်သော် အနိစ္စရောက်တော် မူ၏။ နံတော် စနေသားတည်း။ အနိစ္စ ရောက်လိုသော် နေနှစ်ခုထွက်၍ မှုန်းမတည့်မချင်း ခွပ်ကြ၏။

---

[၁] ၃၇၃ ဘီစီ [၂] ၃၅၁ ဘီစီ

## ၁၅၄။ မင်းပြိုင်ကို ဖော်ပြချက် (၅)

ထိုမင်း နန်းတက်၍ နန်းတက် (၁၂)တစ်ဆယ့်နှစ်နှစ် ရှိသောအခါ မဇ္ဈိမဒေသသို့ ပါဋလိပုတ်ပြည်တွင် သီရိဓမ္မာသောကမင်းကြီး မင်းပြုတော်မူ၍ တတိယသင်္ဂါယနာ တင်တော်မူသော နှစ်တည်း။ ရန်အောင်မင်းနှင့် သီရိဓမ္မာသောကမင်းကား မင်းပြိုင်တည်း။ ။

## ၁၅၅။ သားတော် ရန်မန်မင်း အကြောင်း (၆)

သာသနာတော်သက္ကရာဇ် (၂၄၃)[1] နှစ်ရာလေးဆယ့်သုံးခု ရောက်သောအခါ ထိုမင်း သားတော် **ရန်မန်** မင်းဖြစ်တော်မူ၏။ ထိုမင်းကား အကျင့်သဘော လျစ်လျူရှိ၏။ အိမ်နိမ့် (၃၀) သုံးဆယ်၊ စည်းစိမ် (၅၀)ငါးဆယ်၊ သက်တော် (၈၀)ရှစ်ဆယ်သော အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် ကြာသပတေးကြယ် လတွင်း ချင်း၏။ နံတော် အင်္ဂါသားတည်း။

## ၁၅၆။ ရကွန်မင်း အကြောင်း (၇)

သာသနာတော်သက္ကရာဇ် (၂၉၃)[2] နှစ်ရာကိုးဆယ့်သုံးခု ရောက်သောအခါ ထိုမင်း သားတော် **ရကွန်** မင်းဖြစ်တော်မူ၏။ အရောင်အဆင်းလည်း လှ၏။ မိဖုရားလည်း များ၏။ ဆေးသရာလည်း တတ်လှစွာ၏။ အိမ်နိမ့်(၄၀)လေးဆယ်၊ စည်းစိမ် (၃၁)သုံးဆယ့်တစ်၊ သက်တော် (၇၁)ခုနစ်ဆယ့်တစ်သော အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် ကြယ် နေ့ကို ထွက်၏။ အရိပ် ပြန်၏။ နံတော် တနင်္လာသားတည်း။ ။

## ၁၅၇။ ခန်းလောင်းမင်း အကြောင်း (၈)

သာသနာတော်သက္ကရာဇ် (၃၂၄)[3] သုံးရာနှစ်ဆယ့်လေးခု ရောက်သောအခါ ထိုမင်း သားတော် **ခန်းလောင်း** မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၇)သုံးဆယ့်ခုနစ်၊ စည်းစိမ် (၃၈) သုံးဆယ့်ရှစ်၊ သက်တော် (၇၅)ခုနစ်ဆယ့်ငါးသော အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ယောက်သွား ကြီးစွာ တစ်လုံးတည်း ကောင်းကင်မှ ကျလှာ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

## ၁၅၈။ လက်ခိုင်မင်း အကြောင်း (၉)

သာသနာတော်သက္ကရာဇ် (၃၆၂)[4] သုံးရာခြောက်ဆယ့်နှစ်ခု ရောက်သောအခါ ထိုမင်း သားတော် လက်ခိုင်မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၉) သုံးဆယ့်ကိုး၊ စည်းစိမ် (၃၄) သုံးဆယ့်လေး၊ သက်တော် (၇၃) ခုနစ်ဆယ့်သုံးသော အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် နေ ၂-ခု ထွက်၏။ နံတော် တနင်္လာသားတည်း။ ။

## ၁၅၉။ သီရိခန်မင်း အကြောင်း (၁၀)

သာသနာတော်သက္ကရာဇ် (၃၉၆)[5] သုံးရာကိုးဆယ့်ခြောက်ခုရောက်သောအခါ ထိုမင်း သားတော် **သီရိခန်** မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၄၀)လေးဆယ်၊ စည်းစိမ် (၂၈)နှစ်ဆယ့်ရှစ်၊ သက်တော် (၆၈)ခြောက်ဆယ့်ရှစ်သော အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် သောကြာကြယ် လတွင် ချင်း၏။ နံတော် ကြာသပတေးသားတည်း။ ။

---

၁။ ၃၀၁ ဘီစီ ၂။ ၂၅၁ ဘီစီ ၃။ ၂၂၀ ဘီစီ ၄။ ၁၈၂ ဘီစီ ၅။ ၁၄၈ ဘီစီ

## ၁၆၀။ သီရိရာဇ်မင်း အကြောင်း (၁၁)

သာသနာတော် သက္ကရာဇ် (၄၂၄)[1] လေးရာနှစ်ဆယ့်လေးခု ရောက်သောအခါ ထိုမင်း
သားတော် သီရိရာဇ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၁၁)တစ်ဆယ့်တစ်၊ စည်းစိမ် (၉)ကိုးနှစ်၊
သက်တော် (၂၀)နှစ်ဆယ်သော် အနိစ္စရောက်တော်မူ၏။ ထိုမင်းကား ငြိမ်သက်တည်ကြည်၏။
သဒ္ဓါတရား ခေါင်၏။ အလှူကောင်းမှု၌ မွေ့လျော်၏။ ဆရာ ၆-ပါးတို့နှင့် ပေါင်းဖော်၍
သက္ကရာဇ် (၄၃၃) လေးရာသုံးဆယ့်သုံးခုကို ပြုသည်ဖြစ်၏။ ကိန်းလက်မပြောက်၍ မပြီလေ။
ဆရာ ၆-ပါး အမည်ကား- ပုပ္ပါမဏိ၊ ဉာဏ်ဗြိုယ၊ ကိတ္တိရီယျ၊ စန္ဒရိယ၊ သဏ္ဍ၊ မသာ ဤဆရာ
၆-ပါး တည်း။ ထိုဆရာတို့နှင့် တိုင်ပင်၍ ရာဇဝင်၊ ဓေဒင်လည်း ပြု၏။ ဘုရားရှင် သာသနာ
တော်ကိုလည်း သုတ်သင်စီရင်၍ ဝ, ကျောင်း, ဇရပ် ဆောက်သည်လည်း များ၏။ စေတီ
နိုးမြှော့တို့ကိုလည်း အစဉ် မပျက်စေရအောင် စောင့်မတော်မူ၏။ မင်း၏တရား ဆယ်ပါးနှင့်
ပြည့်စုံသည်ဖြစ်၍ ပြည်သူ လူရဟန်း အမတ်ဗိုလ်ပါတို့သည်လည်း နှစ်လိုကုန်၏။ ထိုမင်းတွင်
ရှေးဦးဆွေ့ဘောင် မင်း အနွယ်အဆက် ကိုးဆက် ရှေ၍ တကောင်းမင်းဆိုး ပြတ်၏။ နံတော်
တနင်္လာသား တည်း။ ။

## ၁၆၁။ တေပါးမင်း အကြောင်း (၁၂)

သာသနာတော် သက္ကရာဇ် (၄၃၃)[2] လေးရာသုံးဆယ့်သုံးခု ရောက်သောအခါ တေပါး
မင်းဖြစ်တော်မူ၏။ တေပါးအကြောင်းကား ဤသို့တည်း။ ထိုပြည်တွင်နေသော သူတစ်ယောက်
သည် မိမိသားကို ဆရာရဟန်းအားအပ်၍ ငယ်က ရှင်ရဟန်းပြုစေ၏။ ဆရာလည်း သနားတော်မူ
သည်ဖြစ်၍ ပိဋကတ်ဗေဒင်တို့ကိုလည်း တတ်အောင်သင်ပေး၏။ ထိုသားငယ်လည်း ဆရာအား
သိမ်မွေ့စွာ လုပ်ကျွေးမွေးမြူ၏။ တစ်ရံရောအခါ ဆရာ မွေးသော ကြက်ဖသည် အခါခပ်သိမ်း
တွန်တွန်သမျှ "ငါ့ဦးခေါင်းကိုစား တေပါး မင်းဖြစ်လတ္တံ့"ဟူ၍သာ တွန်စမှတ် ပြု၏။
ဆရာလည်း သင်း တိရစ္ဆာန်ဖြစ်လျက် ဤသို့သော အခြင်းအရာကို တွန်သည်ဟူ၍ နှလုံးထားပြီး
သော် ရှင်သူငယ်ကိုခေါ်၍ ဤသို့ဆို၏။ "မောင်ရှင်ငယ်- ဤကြက်ဖသည် အထူးထူး အပြားပြား
သော အခြင်းအရာတို့ကို တွန်သည်ဖြစ်သောကြောင့် ဤကြက်ဖကို ချက်ပြုတ်၍ ငါ့ကိုကပ်ဘိ
လော"ဟု မိန့်တော်မူ၏။ မောင်ရှင်ငယ်လည်း ဆရာ ဆိုတိုင်း ချက်ပြုတ်လေ၏။ ထိုသို့
ချက်ပြုတ်ပြီးသောအခါ ကြက်ကို အိုးကဆယ်ရာတွင် ကြက်ဦးခေါင်းပြုတ်၍ စားဖို၌ ကျလေ၏။
ရှင်သူငယ်လည်း မသန့်ပြီဟူ၍ ကြက်ခေါင်းကို ဆေးကြော၍ စားလေ၏။ ဆရာလည်း
ကြက်ခေါင်း မပါ၍ မေးလေသော် ဆယ်ရာတွင် ကျလေ၍ မသန့်သောကြောင့် မထည့်ဘဲ
ကျွန်ုပ် စားပေသည်ဟု ဆိုလျှင် ဆရာလည်း ချင်းတိရစ္ဆာန် တွန်သည် မှန်, မမှန်ကို သည်တွင်
သိရစေတော့မည်ဟူ၍ မောင်ရှင်ငယ်ကို အထူးထူးသော ဓမ္မဝတ်၊ လောကဝတ်၊ ရာဇဝတ်တို့ကို
တတ်အောင် သွန်သင်ပြီးမှ လူ ပြုစေ၍ အမတ်စစ်သူကြီး၌ အပ်လေ၏။

စစ်သူကြီးလည်း ထိုသူငယ်ကို သားပြုလေ၏။ ထိုသူငယ်လည်း အရောင်အဆင်း၊
ဘုန်းပညာ၊ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသောသူဖြစ်၍ ထိုသူငယ်နှင့် ထိုက်တန်သော တန်ဆာ
တို့ကို ဆင်ပေ၏။ သွားလေရာရာခေါ်၍ မပြတ်သွား၏။ တစ်ရံရောအခါ မင်း၏ နန်းတော်သို့
ခေါ်၍ သွားလေ၏။ မင်းကြီးလည်း ထိုသူ၏အမူအကျင့် ကျစ်လျစ်၍ မင်းခွင့်နိုးရာနှင့် ပြည့်စုံ

---

၁။ ၁၂၀ ဘီစီ ၂။ ၁၁၁ ဘီစီ

သည်ကို မြင်တော်မူလေသော် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ သားတော်မရှိသည်နှင့် အမတ်ကို တောင်း၍ သားပြုတော်မူလေ၏။ ထိုအမတ်ကြီးကိုလည်း အထိန်းအရှိအဖြစ် မ စ စေရ၏။ ထိုသူငယ်လည်း မင်းတကာတို့၏ ကျင့်စရာသော တရားမှ လည်းကောင်း၊ ပြည်ထဲအရေး၌ ကျွပ်ညှပ်စီရင်သော အမှုမှ လည်းကောင်း အလွန်လျှင် တတ်လိမ္မာစွာ၏။ ခမည်းတော်မင်းကြီးကိုလည်း အလွန် ခယ ရိုသေစွာ လုပ်ကျွေးမွေးမြူ၏။ တရားအရာ၌လည်း စိစစ်မေးမြန်း ဆင်ခြင်မြင်းနှင့် ပြည့်စုံ၏။ မင်း စသော အမတ်ဗိုလ်ပါ ပြည်သူ ရဟန်းတို့သည်လည်း လွန်စွာ ချစ်နှစ်လိုကုန်၏။ မင်းကြီးလည်း ထိုသူအား နန်းလျှာထား၏။ အိမ်ရှေ့ပေး၍ အသက်(၁၅) တစ်ဆယ့်ငါးနှစ်ရှိသောအခါ ခမည်းတော် လွန်၍ ခမည်းတော်အရာ မင်းဖြစ်လေ၏။ ထိုမင်းကား ရတနာသုံးပါး၌လည်း ရိုသေ၏။ ပညာရှိရဟန်း ပုဏ္ဏားတို့နှင့် ပေါင်းဖက်၍ ပဋ္ဌသိ, အဋ္ဌသိ, ဥဿသိ သီတင်းတို့ကိုလည်း မပြတ် ဆောက်တည်တော်မူ၏။ မင်း၏တရား ဆယ်ပါး၊ မင်း၏ သင်္ဂြိုဟ်ခြင်း ၄-ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ပြည်သူလူ ရဟန်းတို့ကို ဝမ်းထွက်သားကဲ့သို့ သနားကြင်နာ လေးမြတ်တော်မူ၏။ ရဟန္တာမြတ် (၅၀၀)ငါးရာတို့ကိုလည်း ဆရာပြု၍ ပစ္စည်း ၄-ပါး မပြတ် ထောက်ပံ့တော်မူ၏။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတို့၏ တရား ၇-ပါးနှင့်လည်း ပြည့်စုံတော်မူ၏။

ထိုမင်းလက်ထက် ရတနာမိုး ၂-ကြိမ်ရွာ၏။ ရတနာပုထိုးကြီးဘုရားကိုလည်း သိကြားကြပ်မတ်၍ တည်တော်မူ၏။ ထိုဘုရားကြီးပြီး၍ သာခုခေါ်သောအခါ မြေကြီးလှုပ်၏။ ထိုမင်းကား ဝဋ္ဋဂါမဏိမင်းမိုးမဟုတ်။ တစ်ပါးက မင်းဖြစ်သောကြောင့် တေပါးဟူ၍ နောင်မှတွင်၏။ အိမ်နိမ့် (၁၅) တစ်ဆယ့်ငါး၊ စည်းစိမ် (၅၁) ငါးဆယ့်တစ်၊ သက်တော် (၆၆) ခြောက်ဆယ့်ခြောက်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် နေ ၂-ခု ထွက်၏။ နံ့တော် အင်္ဂါသားတည်း။ ။

## ၁၆၂။ မင်းပြိုင်ကို ဖော်ပြချက်

တေပါးမင်း နန်းတက်၍ (၁၇)တစ်ဆယ့်ခုနစ်နှစ် ရှိသောအခါ သိန်းဃိုကျွန်းကို မင်းပြုသော ဝဋ္ဋဂါမဏိမင်း[1]လက်ထက် သာသနာတော် (၄၅၀)[2]လေးရာငါးဆယ်တွင် ရဟန္တာမြတ်တို့သည် ဘုရားရှင် မှာပါ၌တော် ပိဋကတ်သုံးပုံကို အရှည်နှုတ်ကျက် မဆောင်နိုင်မည်ကို ရည်၍ ပေသို့ တင်ပြီးမှ အထပ်တစ်ရာတည်း၍ ထားသတည်း။

## ၁၆၃။ ပါဝိရန်မင်း အကြောင်း (၁၃)

သာသနာတော်သက္ကရာဇ် (၄၈၄)[3] လေးရာရှစ်ဆယ့်လေးခုသော် တေပါး သားတော် ပါဝိရန် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၇)သုံးဆယ်ခုနစ်၊ စည်းစိမ် (၆၆) ခြောက်ဆယ့်ခြောက်၊ သက်တော်(၁၀၃) တစ်ရာသုံးနှစ်သော် အနိစ္စ ရောက်တော်မူ၏။ အနိစ္စရောက်လိုသော် ကြာသပတေးကြယ် လတွင် ချင်း၏။ နံ့တော် အင်္ဂါသားတည်း။

## ၁၆၄။ မင်းပြိုင်ကို ဖော်ပြချက်

ထိုမင်း တက်၍ နန်းတက် ၆-နှစ်[4] ရှိသောအခါ မဇ္ဈိမဒေသတိုက်၌ သာဂလပြည်တွင် မိလိန္ဒမင်းနှင့် ရှင်နာဂသိန် ကြီးစွာသော အမေးပုစ္ဆာတို့ကို မေး၍ ဖြေတင်တော်မူသော နှစ်

၁။ VATTAGAMANI ၂။ ၉၄ ဘီစီ ၃။ ၆၀ ဘီစီ ၄။ ၅၄ ဘီစီ

တည်း။ ထိုအခါ ဘုရားရှင် တပည့်သားတော်ဖြစ်သော ရဟန္တာမြတ် ကုဋေတစ်သောင်း ရှိသော မှုၾ။

### ၁၆၅။ ရန်မုက္ခမင်း အကြောင်း (၁၄)

သာသနာတော်သက္ကရာဇ် (၅၅၀)[၁] ငါးရာငါးဆယ်သော် ထိုမင်းသားတော် ရန်မုက္ခ မင်းဖြစ်တော်မူ၏။ စေတီ ၄-ဆူကိုလည်း အပြီးတိုင်အောင် တတ်တော်မူ၏။ ဘုန်းတန်ခိုး အာနုဘော် ကြီး၏။ ငြိမ်သက်အေးချမ်း တည်ကြည်တော်မူ၏။ မင်းကျင့်တရား ဆယ်ပါးနှင့် လည်း ပြည့်စုံတော်မူ၏။ ပြည်သူ, လူ, ရဟန်းတို့အားလည်း ဝမ်းထွက်သားကဲ့သို့ သနားကြင်နာ တော်မူ၏။ အိမ်နန်း (၃၅)သုံးဆယ့်ငါး၊ စည်းစိမ် (၁၅) တစ်ဆယ့်ငါး၊ သက်တော် (၅၀)ငါးဆယ် သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ဗုဒ္ဓဟူးပြီးဟ် ၇-လတိုင်အောင် နိယတ်ပြု၏။ နံတော် စနေ သားတည်း။

### ၁၆၆။ ရန်သိဃမင်း အကြောင်း (၁၅)

သာသနာတော်သက္ကရာဇ် (၅၆၅)[၂] ငါးရာခြောက်ဆယ့်ငါးခုသော် ရန်သိဃ မင်းဖြစ်တော် မူ၏။ ထိုမင်းကား အသားမည်း၏။ မျက်လုံးလည်း နီ၏။ မျက်တောင်လည်း နီ၏။ သူ့မယားကို လည်း မျက်မှန်းကျိုးတတ်၏။ ရက်ရော ကြမ်းကြုတ်၏။ သူ့အသက်ကိုလည်း မနှမြော။ အမှူး, အမတ်, ပြည်သူ လူတကာ အပေါင်းတို့လည်း ကြောက်ရွံ့ခြင်း ပြင်းကုန်သည်ဖြစ်၍ ကောင်းသောဆုကို ယူကုန်၏။ ထိုမင်းလက်ထက် မိုးခေါင်၍ ပြည်သူတို့ ဝော်ရှုတ်ကုန်၏။ ဘုရားရှင် သာသနာတော်ကိုလည်း မချီးမြှောက်။ ထိုမင်းကား အိမ်နန်း (၃၀)သုံးဆယ်၊ စည်းစိမ် (၃)သုံးနှစ်၊ သက်တော် (၃၃)သုံးဆယ့်သုံးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် အရိပ်လေးမျက်နှာ ထွက်၏။ နံတော် တနင်္ဂနွေသားတည်း။ ။

### ၁၆၇။ ရန်မုဋ္ဌလိန္ဓမင်း အကြောင်း (၁၆)

သာသနာတော်သက္ကရာဇ် (၅၆၈)[၃] ငါးရာခြောက်ဆယ့်ရှစ်ခုသော် ထိုမင်း သားတော် ရန်မုဋ္ဌလိန္ဓ မင်းဖြစ်တော်မူ၏။ ထိုမင်းကား သီလ, သမာဓိ, ပညာနှင့် ပြည့်စုံတော်မူ၏။ ရတနာသုံးပါးသို့ မပြတ်ဆည်းကပ်၍ သာသနာတော်ကိုလည်း ကောင်းစွာ ချီးမြှောက်ပေး၏။ ပြည်သူ, လူ, ရဟန်း အပေါင်းတို့အား ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူ၏။ သစ္စာ စကား စောင့်တော်မူ၏။ အိမ်နိမ့် (၁၅)တစ်ဆယ့်ငါး၊ စည်းစိမ် (၁၅)တစ်ဆယ့်ငါး၊ သက်တော် (၃၀)သုံးဆယ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် လ တံခွန်ပြ၏။ နံတော် ကြာသပတေးသားတည်း။ ။

### ၁၆၈။ ညီတော် ဘောရိန္ဓမင်း အကြောင်း (၁၇)

သာသနာတော်သက္ကရာဇ် (၅၈၃)[၄] ငါးရာရှစ်ဆယ့်သုံးခုသော် ထိုမင်း ညီတော် ဘောရိန္ဓ မင်းဖြစ်တော်မူ၏။ ထိုမင်းကား တက္ကသိုလ်ပြည်သို့ သွား၍ အတတ်ပညာ သင်လေသောကြောင့် ဆေးဝါး မန္တ ရား ဗေဒင် တတ်လှစွာ၏။ အိမ်နိမ့် (၂၄)နှစ်ဆယ့်လေးနှစ်၊ စည်းစိမ် (၁၅)တစ်ဆယ့်

၁။ ဆေဒီ ၄ ၂။ ဆေဒီ ၁၁ ၃။ ဆေဒီ ၁၄ ၄။ ဆေဒီ ၃၉

ငါး၊ သက်တော် (၃၉) သုံးဆယ့်ကိုးနှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် နေထွက်လျှင် မှုန်းတည့်၏။ မှုန်းတည့်လျှင် နေဝင်၏။ နံတော် စနေသားတည်း။ ။

### ၁၆၉။ မုဋ္ဌလမင်း အကြောင်း (၁၈)

သာသနာတော် သက္ကရာဇ် (၅၉၅)[1] ငါးရာကိုးဆယ့်ငါးခုသော် ထိုမင်း သားတော် မုဋ္ဌလ မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၀)နှစ်ဆယ့်ရှစ်၊ စည်းစိမ် (၅) ငါးနှစ်၊ သက်တော် (၃၃) သုံးဆယ့်သုံးနှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နေထွက်လျှင် မှုန်းတည့်ဘိ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

### ၁၇၀။ ဗုဒ္ဓမင်း အကြောင်း (၁၉)

သာသနာတော် သက္ကရာဇ် (၆၀၀)[2] ခြောက်ရာပြည့်တွင် ထိုမင်း သားတော် ဗုဒ္ဓ မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၁၉)တစ်ဆယ့်ကိုး၊ စည်းစိမ် (၃) သုံးနှစ်၊ သက်တော် (၂၂) နှစ်ဆယ့်နှစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် တော် ခုနစ်ရက် လည်း၏။ နံတော် သောကြာသားတည်း။ ။

### ၁၇၁။ သာဓမင်းအကြောင်း (၂၀)

သာသနာတော် သက္ကရာဇ် (၆၀၃)[3] ခြောက်ရာသုံးခုသော် ထိုမင်း ညီတော် သာဓ မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၁၇)တစ်ဆယ့်ခုနစ်နှစ်၊ စည်းစိမ် (၃) သုံးနှစ်၊ သက်တော် (၂၀) နှစ်ဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နန်းထက် လင်းတ တစ်ဆယ် နား၏။ နံတော် တနင်္လာသားတည်း။ ။

### ၁၇၂။ သာသီမင်း အကြောင်း (၂၁)

သာသနာတော် သက္ကရာဇ် (၆၀၆)[4] ခြောက်ရာခြောက်ခုသော် ထိုမင်း သားတော် သာသီ မင်းဖြစ်တော်မူ၏။ အသားလည်း နီ၏။ အမှုအကျင့်လည်း မကောင်း။ ပြည်သူတို့ ချမ်းသာကိုလည်း မရှာ။ ရတနာသုံးပါးကိုလည်း မရိုသေ။ အိမ်နိမ့် (၁၇)တစ်ဆယ့်ခုနစ်၊ စည်းစိမ် (၃) သုံးနှစ်၊ သက်တော် (၂၀) နှစ်ဆယ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် မြို့ဝန်းကျင် လျှော်လျှပ်၍ မြေကြီးအစိတ်စိတ် ကွဲ၏။ ရေလည်း ထွက်၏။ နေနှင့်လ လည်း တစ်လတည်းတွင် သရဇ္ဇကြတ် ကြတ်သွား၏။ နံတော် စနေသားတည်း။ ။


### ၁၇၃။ ကံနမင်း အကြောင်း (၂၂)

သာသနာတော် သက္ကရာဇ် (၆၀၉)[5] ခြောက်ရာကိုးခုသော် ထိုမင်း သားတော် ကံန မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၁၀)တစ်ဆယ်၊ စည်းစိမ် (၁) တစ်နှစ်၊ သက်တော် (၁၁) တစ်ဆယ့်တစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ပုထိုးဘုရား ပြာဋိဟာ ပြ၏။ နံတော် တနင်္ဂနွေသားတည်း။ ။

---


၁။ အေဒီ ၅၁ ၂။ အေဒီ ၅၆ ၃။ အေဒီ ၅၉ ၄။ အေဒီ ၆၂ ၅။ အေဒီ ၆၅

# သရေခေတ္တရာ မြို့ပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ




သရေခေတ္တရာ မြို့ဟောင်းပုံ။











ဘိဘိရှဘုရားပုံ။



ဘိဘိရှဘုရား ဆွဲပုံ။








မှော်ဇာ ခင်ဘကုန်းမှ ရသော ငွေဓာတ်တော်ကြုတ်အဖုံး၏ နှုတ်ခမ်းပတ်လည်ရှိ ကမ္ပည်းစာ



ဘောဘောကြီးစေတီ အောက်ခြေမှ ရသော ကမ္ပည်းကျောက်စာ



ဘုရားကြီးစေတီ အနီးမှ ရသော ပျူကျောက်အရိုးအိုး ပတ်လည်ရှိ ကမ္ပည်းစာ



အမှတ်အသားပါသော အုတ်ပြား ( သရေခေတ္တရာ )



ဘောဘောကြီးစေတီ အနီးမှ ရသော ဗုဒ္ဓဆင်းတုတော်ပါ ကျောက်ချပ်။

ဘုရားကြီးစေတီ အနီးမှ ရသော ပျူကျောက်အရိုးအိုးကြီး။



ဘောဘောကြီးစေတီ
အနီးမှ ရသော
ဘုရားလောင်း
ဗောဓိသတ္တကြေးရုပ်။





ပေါ်တော အမှတ် (၃) ကုန်းမှ ရသော
ပန္နမိန္ဒိုတာ ပါသည့် ကျောက်ချပ်ဆင်းတု။



အရှေ့ဈေးဂူ အတွင်းမှ ရသော
ဗုဒ္ဓဆင်းတုပါ
ကျောက်ချပ်။




ကုလားကန်ကုန်းရွာ အနီးမှ ရသော
ဗိဿနိုးနတ်ရုပ်ပါ ကျောက်ချပ်။



ဗိဿနိုး ဗိဟာရ၊ သင်္ချိုင်းရှိ ကျောက်အိုး။



ဆင်မကျိုး ဝန်တင်ကုန်းမှ ရသော ကျောက်ပလ္လင် အစိတ်အပိုင်း။





ပျူခေတ် ဘယုတ် (၈) ကုန်းမှ ရသော မြူးပန်းပေါ်လွင် ကခုန်သူရုပ်များ



ပျူခေတ် ခင်ဘကုန်းမှ ရသော ငွေကြုတ်ပန်း



ကခုန်နေဟန် လှုပ်ရှားပါသော အုတ်ကြွ ( ဆုဇာ )




အစောင့်ရုပ်တု ( သရေခေတ္တရာ )။




အစောင့်ရုပ်တု၏ ကျောက်ခြေထောက်စိုင်ခြင်း ( ဗိဿနိုး )။
THE ANCIENT PYU OF BURMA(Myanmar) ,Volume One :
Early Pyu Cities in A Man-made Landscape by Janice Stargardt
မှ ကူးယူဖော်ပြသည်။



သရေခေတ္တရာ၌ တွေ့ရသော ပျူဒင်္ဂါးများ



ဗိဿနိုးမြို့တွင် တွေ့ရသော အရိုးအိုးများ နှင့် သရေခေတ္တရာမြို့တွင် တွေ့ရသော အရိုးအိုးများကို နှိုင်းယှဉ်ပြခြင်း။



ပျူလက်ရာ မြေအုတ်ကြီးတို့တွင် တွေ့ရသော ရုပ်ကြွ အရုပ်နှင့် ပန်းပွင့်များ

[ သန်းထွန်း M.A.,B.L.,Ph.D.(London)၏ ခေတ်ဟောင်းမြန်မာရာဇဝင် ( ၁၉၆၄ စာမျက်နှာ ၁၄၇ ) မှ ကူးယူဖော်ပြသည်။ ]



မှော်ဇာ ခင်ဘကုန်းမှ တူးဖော်ရရှိသော ငွေစေတီနှစ်ဆူ။



မှော်ဇာ ခင်ဘကုန်းမှ တူးဖော်ရရှိသော ဗောဓိပင်သဏ္ဍာန် ငွေခေါင်းပွကြုတ်။

## ၁၇၄။ ကံတက်မင်း အကြောင်း (၂၃)



သာသနာတော် သက္ကရာဇ် (၆၁၀)[၁] ခြောက်ရာတစ်ဆယ်သော် ထိုမင်း အစ်ကို ကံတက်မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၁၈)တစ်ဆယ့်ရှစ်နှစ်၊ စည်းစိမ် (၃) သုံးနှစ်၊ သက်တော် (၂၁) နှစ်ဆယ့်တစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်တော်မူလိုသော် ကောင်းကင်အလုံး ညည်ကဲ့သို့ မိုက်၏။ နံတော် တနင်္လာသားတည်း။ ။

## ၁၇၅။ ဘီစွမင်း အကြောင်း (၂၄)

သာသနာတော် သက္ကရာဇ် (၆၁၃)[၂] ခြောက်ရာတစ်ဆယ့်သုံးခုသော် "ရှောင်တော်" ဘီစွ မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၁)နှစ်ဆယ့်တစ်နှစ်၊ စည်းစိမ် (၄) လေးနှစ်၊ သက်တော် (၂၅) နှစ်ဆယ့်ငါးနှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် သောကြာကြယ် လတွင် ချင်း၏။ နံတော် တနင်္လာသားတည်း။ ။

## ၁၇၆။ သုမုန္တရီမင်း အကြောင်း (၂၅)

သာသနာတော် သက္ကရာဇ် (၆၁၇)[၃] ခြောက်ရာတစ်ဆယ့်ခုနစ်ခုသော် ထိုမင်း သားတော် သုမုန္တရီ မင်းဖြစ်တော်မူ၏။ အမူအကျင့် လျစ်လျူရှိ၏။ အိမ်နိမ့် (၁၇) တစ်ဆယ့်ခုနစ်နှစ်၊ စည်းစိမ် (၇) ခုနစ်နှစ်၊ သက်တော် (၂၄) နှစ်ဆယ့်လေးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ကြာသပတေးကြယ် တံခွန်ပြ၏။ နံတော် စနေသားတည်း။ ။

## ၁၇၇။ သာသနာသက္ကရာဇ်၊ ကောဇာသက္ကရာဇ် ကွဲပြားပုံနှင့်တကွ သက္ကရာဇ်ဖြိုကိန်းများ အကြောင်း

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသောနှစ်တွင် ရှင်မဟာကဿပ အမှူးရှိသော ၅၀၀ သော ရဟန္တာမြတ်တို့သည် အဇာတသတ်မင်းနှင့် တိုင်ပင်တော်မူ၍ (၁၄၈) တစ်ရာလေးဆယ့်ရှစ်ခု သက္ကရာဇ်ကို ဖြိုသည်။ သာသနာတော်နှင့်အမျှ ရှိစေဟု တစ်ခုတည်၍ ထားသတည်း။ ထိုထားသော သက္ကရာဇ်မှသည် သုမုန္တရီမင်းကြီး လွန်တော်မူသောနှစ် သက္ကရာဇ် (၆၂၄)[၄] ခြောက်ရာနှစ်ဆယ့်လေးခုဖြစ်၏။ ထိုကို ဖြိုကိန်း ရောက်လတ်သော် ပုဂံလောကနန္ဒာ အရပ်ကား ကျောက်စကား ဟုတွင်၏။ ထိုအရပ်၌ သိကြားမင်းသည် မဟာလ္လကပုဏ္ဏား အယောင်ဆောင်၍ (၆၂၂) ခြောက်ရာနှစ်ဆယ့်နှစ်ခုကိုဖြို၍ "သက္ကရာဇ်တို ချေး ၂ ခု" ဟူ၍ ကျောက်ဖျာထက် သိကြားမင်း ရေးခဲ့၏။ သိရိရာဇ်မင်း* ဖြိုလေသည်ကား ကိန်းလက်လည်း မခြောက်။ ဖြိုကိန်းလည်း မသင့်သောကြောင့် သာသနာတော် အရေအတွက်သို့ မသွင်းသတည်း။

---

၁။ ဆေဒီ ၆၆ ၂။ ဆေဒီ ၆၉ ၃။ ဆေဒီ ၇၃ ၄။ ဆေဒီ ၈၀

* သိရိရာဇ်မင်း(၁၂၀–၁၁၁ ဘီစီ)

ဒေါ်ဒေါ်ရုပ်ကိန်း[၁]ကား- အရှည်ဒေသပွကိန်း[၂]ကား အတိုဖြစ်လေသတည်း။ ဒေသပွကိန်း မှုသည်ကား ၅၆၀ တွင် ပြီးလေသတည်း။ ဒေါ်ဒေါ်ရုပ်ကိန်း မှုသည်ကား (၆၂၂) ခြောက်ရာနှစ်ဆယ့်နှစ်ကိုလွှင့် ပြီးလေသတည်း။ သာသနာတော်သက္ကရာဇ် ဟူ၍ ရေးသည်ကား ယခင် ဆိုခဲ့ပြီးသည့် အတိုင်း သာသနာတော်နှင့်သက္ကရာဇ် အညီ ဆင်းသက်သောကြောင့် သာသနာတော်သက္ကရာဇ်ဟု ရေးသတည်း။

## အဝိတ္တမင်း အကြောင်း

၁၃၇။ အဝိတ္တ မင်းဖြစ်တော်မူ၏။ ထိုမင်း
သက္ကရာဇ်တို့နှစ်ခု[၃]တွင် သုမှုနိုင်း သားတော် အဝိတ္တ မင်းဖြစ်တော်မူ၏။ ထိုမင်းသည် မယ်တော်အိမ်ကို သွားလေသော်
ကား အမှုအကျင့် မကောင်း။ မိခင်ကိုပင် ဖြစ်မှားမည်ဟု မယ်တော်အိမ်ကို သွားလေသော် သစ္စာခံဌာနလည်း ပြု၏။
မယ်တော်လည်း သရက်နှင့်တကွ ပန္နသီကို ဆောက်တည်လင့်၏။ ငါ့ကြက်သရေတိုက်သည့် ဝါ့ကြက်သရေတိုက်သည်
"ငါ၏ သိလိုသည် မပွင့်သည်ဖြစ်မူကား ငါ့သား လာသောအခါ ငါ၏ကြက်သရေတိုက်သည် ပေါင်းချုပ်၏သို့
ပေါင်းချုပ်၏သို့ ဖြစ်စေသော" ဟူ၍ မိဌာန်လျှင် ထိုကြက်သရေတိုက်သည် ပေါင်းချုပ်၏သို့ ကိုယ်လုံး
ရှိလေ၏။ သားတော်မင်းကြီးလည်း ရှက်၍ သက်ပြန်ခဲ့၏။ ထိုသို့ သက်ခဲ့လျှင်ပင် ကိုယ်လုံး
ယားယံ၍ နန်းတော်တွင်းဝယ် လေးဆောင့်ကာနံ့၍ ရေချိုးမည်ဟူ၍သက်စဉ် ရောက်ချေးကိုယ်လုံး
ရောက်၍ ပျော့ပုံရောက်ရောက်ထင်ထင် ရောက်ဖြစ်ဘိ၏။ ပြည်သူတို့သည် အုတ်ခဲ လုံကန်တို့ဖြင့်
ပစ်၍ သေလေ၏။ မယ်တော်လည်း သားတော် ရောက်ဖြစ်၍ ပြေးခဲ့လျှင် နန်းတော်မှ ဆင်း၍
လိုက်လေ၏။ သားတော်ကို မြင်တော်မူသော် အလောင်း ချစ်သား လာလေဟု မိန့်တော်မူ၏။
ထိုအရပ်ကို "လောင်းသားချောင်း" ဟူ၍ ယခုတိုင်အောင် တွင်၏။ ထိုမင်းကား အိမ်နိမ့် (၁၃)
တစ်ဆယ့်လုံး ညောင်းစိမ် (၃) သုံးနှစ်၊ သက်တော် (၂၂) နှစ်ဆယ့်နှစ်သော အနိစ္စရောက်တော်မူ၏။
အနိစ္စရောက်တော်မူလိုသော် သောကြာကြယ် တံခွန်ပြ၏။ နံတော် စနေသားတည်း။

## သုပညာနဂရဆိန္နမင်း အကြောင်း (၂၇)

၁၃၈။ "ရသေ့ကြီး က မင်း ၂-ဆက်နှင့် ရော၍ သိရိခေတ္တရာပြည်တွင် ၂၇-ဆက်ဟု ဂဏန်းရသည်"၊
ထိုမင်း မရှိလျှင် ထိုမင်း ညီတော်နှင့် ထိုမင်း သားတော် နန်းလုကြ၏။ ထိုမင်း ညီတော်

---

၁။ ဒေါ်ဒေါ်ရုပ်ကိန်း- (၆၂၂)။ ။ သုမှုနိုင်း(ဒေသီ ၇၃-၈၀) အနိစ္စရောက်သည့်နှစ် (ဒေသီ ၈၀) တွင် သာသနာသက္ကရာဇ် ၆၂၄ မှ ၆၂၂ ကို ပြီး၍ သက္ကရာဇ်တို့နှစ်ခု ဖြစ်လာခြင်းဖြစ်သည်။ ဒေါ်ဟူသော ဓေါ်ဟာရသည် နှီးမှုလာသော စကားလုံး ဖြစ်သည်။ နှီးရှည်/ ရှေ့မှ ဒေါ်ဖြစ်လာသည်။ ဒေါ်ဒေါ် ဟူသည် ဂဏန်းသင်္ချာအရ ၂၂ ဖြစ်သည်။ ရုပ ဟူသည် ဂဏန်းသင်္ချာအရ ၆ ဖြစ်သည်။ ဒေါ်ဒေါ်ရုပ ဟူသည် ၂၂၆ ဖြစ်ပြီး ထိုဂဏန်းအား နောက်မှ စတင်ကောက်ယူသည့် ကိန်းဂဏန်းဖြစ်သည်။

၂။ ဒေသပွကိန်း- (၅၆၀)။ ။ သမံရာစ်မင်း(ပုပ္ပားစောရဟန်းမင်း)(ဒေသီ ၆၁၃-၆၄၀) အနိစ္စရောက်သည့်နှစ် (ဒေသီ ၆၄၀)တွင် သက္ကရာဇ် ၅၆၂ မှ ၅၆၀ ကို ပြီး၍ သက္ကရာဇ် ၂ ခု ဖြစ်လာခြင်းဖြစ်သည်။ ဒေသပွကိန်း၏ အရှည်မှာ [illegible] ဂဏန်းသင်္ချာအရ '၀' ဖြစ်သည်။ ဆသည် [illegible] ဂဏန်းသင်္ချာအရ '၆' ဖြစ်သည်။ ပွဟူသည် ပွမဖြစ်ပြီး ဂဏန်းသင်္ချာအရ '၅' ဖြစ်သည်။ ဒေသပွဟူသည် ၀၆၅ ဖြစ်ပြီး ထိုဂဏန်းအား နောက်မှ စတင်ကောက်ယူသည့် ကိန်းဂဏန်းဖြစ်သည်။ သုမှုနိုင်း ပြီးနောက် တိုပွားလာသည့် သက္ကရာဇ်များကို ဒေသပွကိန်းဝင်ဟုခေါ်သည်။(ဥပမာ) ဒေသပွကိန်းဝင် ၂ နှစ် (ဒေသီ ၈၁)တွင် အဝိတ္တ မင်းဖြစ်သည်/ ဒေသပွကိန်းဝင် ၅ နှစ်(ဒေသီ ၈၄)တွင် သုပညာနဂရဆိန္န မင်းဖြစ်သည်/ ဒေသပွကိန်းဝင် ၂၉ နှစ်(ဒေသီ ၁၀၇)တွင် သမုဒ္ဒရာစ်မင်း ပုဂံပြည် တည်ထောင်သည်။ ထိုဒေသပွကိန်းဝင် နှစ်များသည် ယနေ့ အသုံးပြုနေသည့် ကောဇာသက္ကရာဇ်များ ဖြစ်သည်။

၃။ သက္ကရာဇ် ၆၂၄= ဒေသီ ၈၀= သက္ကရာဇ်ကို ၂

ဂရုသိန္နမင်း နိုင်လေ၏။ သက္ကရာဇ်တို့ (၅)* ငါးနှစ်တွင် မင်းဖြစ်တော်မူ၏။ အဆင်း၊ လက္ခဏာကြီးငယ်နှင့် ပြည့်စုံတော်မူ၏။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ပြဿဒ၊ တို့နှင့် ပြည့်စုံတော်မူ၏။ ပြည်သူ လူရဟန်းတို့အားလည်း ရင်တော်မှဖြစ်သော သားကဲ့သို့ ကြင်နာတော်မူ၏။ သာသနာတော်၌လည်း ကောင်းစွာ ချီးမြှောက်တော်မူ၏။ တစ်နေ့ ကမ်းယံပြည် ဘောင်းကျွန်းလေသည်ကို စစ်အင်္ဂါ ၄-ပါးနှင့်တကွ လိုက်ကြတော်မူသည်ဟု တော်မူလေ၏။ ကမ်းယံပြည်ကို အောင်မြင်တော်မူလျှင် ထိုပြည်တွင် မျိုးမတိုက်သော အဆောင် ရှစ်ဆယ့်ရှစ်တောင်ရှိသော ရွှေဆင်းတုဘုရားကို မြင်တော်မူလေသော် ဘုရားရှင်ကိုယ်တော်ကို ဖူးတွေ့ရသကဲ့သို့ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ည နံနက် မပြတ် ပေါ်ပြတော်မူ၏။ ရွှေပိသသကာ ငွေဆယ်ရာမကသော အရိုမဲ့ဘုရားရှင်နှင့် သက္ကာန်တော်တူသော ရုပ်တုတော်၌ ၃ နှစ်တိုင်တိုင် ခွာ၍ မသွားရက်သောအားဖြင့် နေတော်မူ၏။ မှူးတော်၊ မတ်တော်တို့လည်း "ဘုန်းကြီးသောအရှင် — ဆင်၊ မြင်း၊ ဗိုလ်ပါ ညောင်းညာကြပြီ၊ နေပြည်တော်သို့ အလျှင် ပြန်တော်မူလော" ဟု နားတော်လျှောက်ကြ၏။ မင်းကြီးလည်း ဤသို့ မိန့်တော်မူ၏။ "ငါသည် ဤဘုရားရှင်ရုပ်တုတော်ကို ခွာ၍သွားအံ့သောငှာ မတတ်နိုင်။ ဤဘုရားရှင်ရုပ်တုတော်ကို ရတနာဖောင် ကြီးစွာ စီရင်၍ ဖောင်ထက်တင်ပြီးသော် နဂါးရစ်တောင်ကိုလှည့်၍ ဘဏ္ဍာဖြင့် သရေခေတ္တရာ နေပြည်တော်သို့ ဆောင်ယူမည်" ဟု၍ မိန့်တော်မူ၏။

အမတ်ဗိုလ်ပါတို့လည်း မင်းကြီးသည် မဖြစ်နိုင်ရာသော အကြံတော်ကို ကြံသည်။ ဤသို့ ကြံတော်မူသည်ရှိသော် ငါတို့သားမယားတို့ကို မတွေ့မမြင်ရပြီဟု၍ နှလုံးမကြည်ကြ၏။ အမတ် ဗိုလ်ပါတို့လည်း တိုင်ပင်ကြ၍ ဘုရားရှင် ရုပ်တုတော်အောက်၌ ဥမင်တူးလေ၏။ ဘုရားရှင် ရုပ်တုတော်သည်လည်း ရွှေအတိ သွန်းသည်ဖြစ်၍ လေးသောကြောင့် လဲတော်မူလေ၏။ မင်းကြီးလည်း ဘုရားရှင်ရုပ်တုတော် လဲသည်ကို မြင်တော်မူလျှင် "အမတ်တို့... အဘယ့်ကြောင့် ဘုရားရှင် ရုပ်တုတော် လဲတော်မူဘိသနည်း" ဟု မေးတော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း "**ဆရာတော်*** ... ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည်" ဟု နားတော်လျှောက်သ၏။ မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော် နှလုံးမသာရှိ၍ ခပ်မဆိတ် နေတော်မူလေ၏။

မှူးမတ်ဗိုလ်ပါတို့လည်း ထင်းတစ်ယောက်တစ်ချောင်း၊ မီးသွေးတစ်ယောက်တစ်ဆုပ် ဆည်ကြ၍ မီးတိုက်လေ၏။ ထိုသို့ တိုက်လေသောအဖြစ်ကို မင်းကြီးမြင်တော်မူလျှင် ဤသို့ မေးတော်မူပြန်၏။ "အမတ်တို့ အဘယ့်ကြောင့် ဘုရားရှင်ရုပ်တုတော်ကို မီးတိုက်ဘိသနည်း" ဟု မိန့်တော်မူ၏။ အမတ်တို့လည်း "ဘုရားရှင် ပရိနိဗ္ဗာန်ဝင်တော်မူ၍ နတ်တို့ မီးသင်္ဂြိုဟ်လေသည်" ဟု နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း မဟုတ်သောစကားကို လျှောက်သည်ဟု နှလုံးမသာဖြစ်၍ ဆိတ်ဆိတ်နေတော်မူ၏။ အမတ် ဗိုလ်ပါတို့လည်း မင်းကြီး အမျက်တော် ထွက်လတ္တံ့သည်ကို ကြောက်သဖြင့် ထက်ဝယ်တော် တစ်တောင်ပြည့်ရှိသော အရွှေဘိသ နှစ်ကိုယ်ရှိသော ဘုရားရှင်ရုပ်တုတော်ကို ရွှေစင်အတိသွန်း၍ မင်းကြီးအား ဆက်လေ၏။ **ရွှေလျှက်**** လည်း သွန်းလုပ်၍ ဆက်ကြလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း များစွာ ယူလေကုန်၏။ မင်းကြီးလည်း သရေခေတ္တရာ နေပြည်တော်သို့ ပြန်တော်မူ၏။ ။

---

အ သက္ကရာဇ်တို့ ၅= ဘေဒီ ၈၃

* အုပ်မင်းကြီး [ မှန်နန်း(၂၀၀၃)၊ ပ၊ စာ ၁၈၅ ] ** ရွှေခဲ၊ ရွှေတောင်း၊ အတုံးအခဲ

## သီရိခေတ္တရာပြည်ကြီး ပျက်ပုံအကြောင်း

၁၀၀။ သီရိခေတ္တရာပြည်ကြီး သူမြတ် ၇ ယောက်တည်သော ပြည်မြတ်သည် ထိုဥစ္စာတို့ကို ပြည်သူတို့ သုံးခွဲသောအခါ လူစား၊ ယက်စား၊ နှီးသား၊ ဓားပြ ထူထပ်သောအားဖြင့် ကွပ်ညှပ်၍ စနောင့်စနင်းရှိသည်ဖြစ်၍ ဆန်ကောလွင့်လေသည်ကို ဆန်ကောရှင်မိန်းမသည် မနိုင် ရှိခဲ့၏။ ထိုအခါ လေပွေကြီးလာ၍ ဆန်ကောလွင့်လေသည်ကို အစပြု၍ ဧကော စစ်သည် လာသည်ဟူ၍ ငါ့ဆန်ကော၊ ငါ့ဆန်ကောဟူ၍ လိုက်လေသည်ကို အစပြု၍ ထိုပြည်၌ နေကုန်သော သူတို့သည် ၃-စုကွဲကုန်၏။ တစ်ပြည်လုံး ထိတ်လန့်သောအားဖြင့် ထိုပြည်၌ နေကုန်သော အိမ်နိမ့် (၂၉) နှစ်ဆယ့်ကိုး၊ ဧည်းစိမ် (၁၁) တစ်ဆယ့်တစ်၊ မင်းကြီးလည်း ထိုအခါ နတ်ရွာစံတော်မူ၍ အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် လေပွေ သက်တော် (၄၀) လေးဆယ်သော် အနိစ္စရောက်တော်မူ၏။ နံတော် တနင်္လာသားတည်း။ ။ လာရာတွင် ဆန်ကောလွင့်၍ ပြည်သူတို့ ၃ စုကွဲခဲ့၏။

## သီရိခေတ္တရာပြည် ပျက်၍ လူသုံးစု ကွဲပုံ

၁၀၁။ သီရိခေတ္တရာပြည် ပျက်သောအခါ ၃ စုကွဲလေ၏။ ပျူတစ်စု၊ သက္ကရာဇ်တို့ (၁၆)[၁] တစ်ဆယ့်ခြောက်နှ ရောက်သောအခါ ၃ စုကွဲရာတွင် ပျူနှင့်ကမ်းယံ စစ်ပြုကြ၍ ကမ်းယံတစ်စု၊ မြန်မာတစ်စု ဖြစ်သတည်း။ ထိုသို့ ၃ စုကွဲရာတွင် ပျူနှင့်ကမ်းယံ စစ်ပြုကြ၍ နိုင်ပါများရာ နိုင်ကြစေဟူ၍ စကားအမြဲဆိုကြပြီးမှ ဘုရားတဖက်တစ်ဆူစီ တည်ကြလေ၏။ ပျူတို့သည် သရေခေတ္တရာပြည် အနောက်ပုထိုးကို တည်ကြကုန်၏။ ကမ်းယံကား သရေခေတ္တ ရာပြည် မြောက်ပုထိုးကိုတည်၏။ ပုထိုးပြီးခင်သသူ နိုင်ရမည် စကားရှိသောကြောင့် ကမ်းယံတို့ အငြင်းလုပ်ကြ၍ ပထိုးပြီးလုလေသော် ပျူတို့ ပညာဖြင့်ကြ၍ ဝါးကို ပုထိုးအယောင် လုပ်၍ ပြီးလျှင် ပုဆိုးများကို မံ၍ ထီးတင်လေ၏။ ကမ်းယံတို့က မြင်သော် ငါတို့ ရှုံးချေပြီ ဟူ၍ ပြေးလေ၏။

ကမ်းယံ ပြေးပြီးသော် ပျူတို့အချင်းချင်း စစ်ဖြစ်ပြန်ကြ၍ ၃ စုကွဲပြန်၏။ တစ်စုကို ကြပင်သူတို့ ယူလေ၏။ တစ်စုကို သက်တို့ ယူလေ၏။ တစ်စုကား တောင်ညိုဟူသော အရပ်ကို တည်ထောင်၍ နေလေ၏။ (၃) သုံးနှစ် ရှိသောအခါ မွန်တို့က တိုက်ပြန်လေသောကြောင့် ပျက်ချေ၏။ ထိုကသည် ပန်းတောင်းသက်သာ အရပ်ကို တည်ထောင်၍ နေပြန်လေ၏။ (၆) ခြောက်နှစ်ရှိလျှင် ကမ်းယံတို့က တိုက်ပြန်လေ၍ ပျက်ပြန်ချေ၏။ ထိုကမှ မင်းတုန်းမြို့ကို နေပြန်လေ၏။ မင်းတုန်းတွင် ရခိုင်တို့က တိုက်ပြန်၍ ပျက်ပြန်ချေ၏။ (၃) သုံးနှစ်နေမှ သက္ကရာဇ် ဆေယ္ယာကိန်းဝင် (၂၉) နှစ်ဆယ့်ကိုးခုတွင် အရိမဒ္ဒနာ မည်သော ပြည်ကို သမုဒ္ဒရာဇ်မင်း တည်ထောင်စ ပြု၏။

## ၁၀၂။ ပုဂံရာမပြည်ကြီးကို သမုဒ္ဒရာဇ်မင်း တည်ထောင်စ ပြုခြင်း အကြောင်း (၁)

မဟာလူကပ္ပညား ဖြစ်သောနောက် သက္ကရာဇ် (၁၆)[၂] တစ်ဆယ့်ခြောက်ခုတွင် သရေခေတ္တရာပြည် ပျက်၏။ ထိုသို့ ပြည်ပျက်၍ ပျူ၊ ကမ်းယံတို့ စစ်ဖြစ်၍ တောင်ညိုအရပ်၊ ပန်းတောင်းအရပ်၊ မင်းတုန်းအရပ်တွင် နေလေသော အခါလည်း (၁၃) တစ်ဆယ့်သုံးနှစ် ၂-ရပေါင်း သက္ကရာဇ် ဆေယ္ယာကိန်းဝင် (၂၉) နှစ်ဆယ့်ကိုးခုရောက်သောအခါ ယုန်လွတ်ကျွန်း၌ သမုဒ္ဒရာဇ်မင်းသည် ၁၉ ရွာသားတို့နှင့် တည်ထောင်စ ပြု၏။

[၁] ဆော် ၅၄ [၂] ဆော် ၁၀၇

ထို တစ်ဆယ့်ကိုးရွာတို့၏ အမည်ကား–
ညောင်ဦး ၁,နဂါးနိုး ၁,နဂါးကျစ် ၁,မကျည်းကို ၁,ထူတည် ၁,ကျောက်စကား ၁,ရွက်ဆဲ သိမ် ၁,ညောင်ဝန်း ၁,အနုရာမ ၁,တဆောင်ကွန်း ၁,ရွာခံ ၁,ကြင်လို ၁,ကျောင်းပ ၁,ချမြခဲတွင်း ၁,သရက်ရ ၁,စဉ်းကူး ၁,ယုန်လွတ် ၁,ရွာနီက ၁,ဤ ၁၉ ရွာတည်း။ တစ်ရွာတစ်ရွာတွင် ရွာသူကြီးတစ်ယောက် တစ်ယောက်စီ ဖြစ်သောကြောင့် ရွာသူကြီး ၁၉ ယောက် ဖြစ်သတည်း။ ထိုရွာသူကြီး ၁၉ ယောက်တို့ကိုချုပ်က သမုဒ္ဒရာဇ်မင်းကြီး မင်းပြုတော်မူသတည်း။

## ၁၀၃။ အရိမဒ္ဒနာပြည်ကို မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူကြောင်း

ထိုအရိမဒ္ဒနာ မည်သော ရွှေပြည်တော်အကြောင်းကို ဆိုဦးအံ့။ ဘုရားသခင် ထင်ရှား ရှိတော်မူသောအခါ မဇ္ဈိမဒေသအရပ်မှ ဒေသစာရီကြွတော်မူသော် ထိုပြည်တည်ရာအရပ်သို့ ရောက်တော်မူလေ၏။ တန်ကြည့်တောင်ဖျားထက်ရပ်၍ ကြည့်တော်မူလေသော် ကမ်းပါးမြင့် ထက် ပေါက်ပင်ဖျား၌ ဥဈိုင်းဖြူနှင့် ကျီးမည်းတစ်စုံ နား၏။ ပေါက်ပင်လယ်၌ ဖွတ်ပြဲ လျှာနှစ်ခွလည်း နေ၏။ ပေါက်ပင်ရင်း၌ ဖားသငယ်လည်း ဝပ်လျက်ရှိ၏။ ထိုကို မြင်တော်မူသော် ပြုံးတော်မူ၏။ ညီတော် အာနန္ဒာလည်း ပြုံးတော်မူသော အကြောင်းကို လျှောက်သော်၊ ဘုရား သခင်လည်း "ချစ်သားအာနန္ဒာ–ငါပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ် ၆၅၁* ရောက်သောအခါ၌ ဤအရပ်သည် ပြည်ကြီးဖြစ်လတ္တံ့။ ပေါက်ပင်ဖျား၌ ဥဈိုင်းဖြူနှင့်ကျီးမည်း နားသည် အလိုသော် ကား–ထိုပြည်၌ အလှူသီတင်းသုံးသူ များလတ္တံ့။ ပေါက်ပင်ခွ၌ ဖွတ်ပြဲ လျှာနှစ်ခွနေသည် အလိုသော်ကား ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ် ကုန်စည်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သော စကားကို သုံးသည်ဖြစ်၍ သစ္စာမှားယွင်းနိုင်လတ္တံ့။ ပေါက်ပင်ရင်း၌ ဖားသငယ်ဝပ်သည် အလိုသော်ကား–ထိုပြည်သူတို့သည် ဖားနယ် ဝမ်းချမ်း၍ အသားစွာ မွေ့လျော်လတ္တံ့။ ထိုပြည်ကို တည်ထောင်စ ပြုသော သမုဒ္ဒရာဇ်မင်းလက်ထက် ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှူးပျံတို့သည်လည်း မင်းမူလတ္တံ့။ ထိုငှက်ကြီး, ဝက်ကြီး တို့ကို အဘကား နေနတ်သား၊ အမိကား နဂါးမင်းသမီး၊ ထိုသူ ၂-ပါး သံဝါသဖြစ်ရာတွင် ဖြစ်သော ဘုန်းလက်ရုံးအာဏာနှင့်ပြည့်သောမင်းသည် ခွင်းလတ္တံ့ဟူ၍ ဗျာဒိတ်ထားတော်မူခဲ့၏။

ထိုသို့ ဗျာဒိတ်ထားတော်မူသည်နှင့်အညီ ထိုပြည်ကို သမုဒ္ဒရာဇ် မင်းပြုတော်မူသောအခါ ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှူးပျံ မင်းပြုလေ၏။ အချို့သော ရာဇဝင်မှာ ဘူးပင်များလည်း မင်းပြုသည် ဟူ၏။ ။

## ၁၀၄။ ပျူမင်းထီး အကြောင်း

ပျူမင်းထီး အကြောင်းသော်ကား ကာလနဂါးမင်း၏သား နဂါးကြောင်သမီး စံသီး အမည်ရှိသော နဂါးမသည် သီလသီတင်းဆောက်တည်လိုသောငှာ လူပြည်သို့လာ၍ စလည် တောင်ယံ၌ နေလေ၏။ ထိုသို့ နေသောအခါ နေမင်းသားနှင့် သံဝါသဖြစ်၍ ပဋိသန္ဓေတည်

* ဤ ၆၅၁ ဆိုသည်ကား သာသနာသက္ကရာဇ် ၆၂၂ နှင့် ဆေးပုဂံကိန်းဝင် ၂၉ နှစ်ကို ပေါင်းထားခြင်းဖြစ်ပြီး ခေါ်နှစ် ဒေါ် ၁၀၇ နှင့် ညီသည်။

လေ၏။ နေမင်းသားလည်း သွားခဲ့၏။ နဂါးမလည်း ပဋိသန္ဓေ မှာအံ့သောငှာ နေမင်းသားသို့ စေလိုက်၏။ နေမင်းသားလည်း နဂါးမက စေလာသော ကျီးဖြူကို ပတ္တမြားတစ်လုံး ထုပ်၍ လွှတ်လိုက်၏။ ကျီးဖြူလည်း ကုန်သည်တို့ ထမင်းစားကြရာဝယ် ကျီးတို့ဘာသာ **စားနပ်စားပေါက်*** ကောက်အံ့ယူ၍ ပတ္တမြားထုပ်ကို သစ်ပင်အစွန့် ထား၍ စားနပ်စားပေါက် ကောက်စားလေ၏။ ကုန်သည် သဘောသူကြီးလည်း ကျီးဖြူ ချီခဲ့သော ပတ္တမြားထုပ်ကို မြင်လေ၍ ပတ္တမြားကို ဖြေ၍ယူပြီးသော် **ဝစ္စခြောက်**** ကိုထုပ်၍ ထားလေ၏။ ကျီးဖြူလည်း စားနပ်စားပေါက် ကောက်ဆိတ်ပြီးသော် ထိုအထုပ်ကို ယူ၍ ပျံလေ၏။ ရောက်လေသော် ထိုအထုပ်ကို နဂါးမအား ပေးလေ၏။ နဂါးမလည်း ဖြေ၍ကြည့်သော် ဝစ္စခြောက်ကို မြင်လေ၍ ဝမ်းနည်းသောအားဖြင့် မိမိပဋိသန္ဓေကို တောင်၌ ဥချ၍ သွားလေ၏။ ထိုအခါ မုဆိုးတစ်ယောက်ကို နတ်တို့ ဆောင်ယူ၍ နဂါးမ ဥရာအရပ်သို့ ရောက်လေ၏။ မုဆိုးလည်း ထိုအဥကို တွေ့မြင်လေသည်ရှိသော် မုဆိုးတို့၏ မှယ်ရာ အားရဝမ်းသာ ဆောင်ယူခဲ့၏။

ထိုသို့ ဆောင်ယူခဲ့သောအခါ မိုးကြီး ထန်စွာရွာ၏။ ချောင်း, မြောင်းတို့သည် ပြည့်လျှမ်းစွာ စီးကုန်၏။ မုဆိုးလည်း ချောင်းကို ကူးရာတွင် လက်မှလွတ်၍ ကြပ်ပြင်မိုးကုပ် အရပ်သို့ ရောက်လျှင် ကွဲလေ၏။ တစ်လုံး အညိုသည်ကား မုဆိုးလက်မှလွတ်၍ ချောင်းတွင်ပါလေသော် တကောင်းပြည်ကြီးသို့ ရောက်လေ၍ မိန်းမရတနာ ဖြစ်လေ၏။ တကောင်းမင်းကြီးလည်း ထိုသတို့သမီးအား မိဖုရားမြှောက်တော်မူ၏။ တစ်လုံး အဖြူသည်ကား မုဆိုးလက်မှလွတ်၍ ဧရာဝတီမြစ်ကြီးကို မျောလေသောကြောင့် ညောင်ဦးအရပ်သို့ ရောက်လေလျှင် "မြေမဲတွင်းရွာသူ" ပျူအိုလင်မယားသည် ညောင်ဦးဆိပ်သို့ ဆင်းရာတွင် တွေ့မြင်လေ၍ ဆယ်ယူလေ၏၊ ထိုအဥကို ရပြီးသော် "ဤအဥသည် မြတ်သောအဥ ဖြစ်သည်၊ တစ်စုံတစ်ခုသောအကြောင်း ဖြစ်ရာသည်"ဟူ၍ တရွင်းတောင်ခြေရင်း၌ သီတင်းသုံးသော ရှင်ရသေ့အား ပြလေ၏။ ရှင်ရသေ့လည်း ဂုဏ်ပညာနှင့် ပြည့်စုံသောသူဖြစ်၍ ဤသို့ ဟောကြားလေ၏။ "ဤအဥသည်ကား အဥစည်ကာ မဟုတ်၊ မြတ်သောအဥတည်း။ ဤဥမှ ပေါက်သောသူသည်ကား ဘုန်း၊ ပညာ၊ လက္ခဏာကြီးငယ်နှင့် ပြည့်စုံလတ္တံ့။ ခပ်သိမ်းသော မြေအပြင်ဝယ်ရှိသော ရန်သူတို့ကိုလည်း နှိပ်နင်းနိုင်လတ္တံ့။ ဘုရားသခင် သာသနာတော်ကိုလည်း ရွက်ဆောင်လတ္တံ့"ဟူ၍ ဟောဆိုပြီးသော် ပျူအိုလင်မယားလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထိုအဥကို ကောင်းမွန်စွာ သိုထားလေ၏။

အခါစေ့၍ ဖွားလတ်သော် ဘုန်း၊ ပညာ၊ လက္ခဏာ ကြီးငယ်နှင့် ပြည့်စုံသည်ဖြစ်၍ ပျူအိုလင်မယားလည်း မိမိတို့ရင်၌ဖြစ်သော သားကဲ့သို့ မွေးလေ၏။ သတို့သားလည်း ခုနစ်နှစ်အရွယ်သို့ရောက်လေသော် ရှင်ရသေ့ကို အပ်လေ၏။ ရှင်ရသေ့လည်း အဋ္ဌာရသ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို လည်းကောင်း၊ ခပ်သိမ်းသော မင်းတို့၏ ကျင့်စရာသော အတတ်တို့ကိုလည်းကောင်း သင်ပေး၏။ သတို့သားလည်း (၁၆) တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လေသော် ခမည်းတော်ဖြစ်သော နေမင်းသားသည် လာလတ်၍ ရန်သူအပေါင်းတို့ကို အောင်မြင်နိုင်သော ရတနာအတိပြီးသော လေးမြားတို့ကိုလည်း အပ်လာပေ၏။ ။

## ၁၈၅။ ပုဂါရာမပြည်၌ ရန်သူကြီးလေးမျိုး ပေါ်လာပုံ

ထိုနေမင်းမြေးလည်း လေးမြားတို့ကိုရပြီးသော် ထိုလေးမြားကိုစမ်းလိုသောငှာ တောသို့ သွားလေ၏။ ပျူအိုလင်မယားလည်း မင်းသားအား ဤသို့ မှာလိုက်ပေ၏။ "ဤပြည်တွင်

* စားကြွင်း စားကျန်  ** ချေးခြောက်

...လေးပါးရှိ၏။ ရန်သူလေးပါးဟူသည်ကား- အရှေ့မျက်နှာအရပ်၌ကား...
...ရှိ၏။ တောင်မျက်နှာအရပ်၌ကား ကျားကြီး အရံငါးရာနှင့်ရှိ၏။ အနောက်မျက်နှာအရပ်၌ကား ဝက်ကြီး အရံ
...ကား ငှက်ကြီး အရံငါးရာနှင့် ရှိ၏။ မြောက်မျက်နှာအရပ်၌ကား ရှူးပျံ အရံငါးရာနှင့်
ရှိ၏။ ဤပြည်ကို အစိုးရသော သမုဒ္ဒရာဇ်မင်းကြီးသည် ဝက်ကြီးအားလည်း ထမင်းအလုံး
...ဆယ်၊ ဖရုံကိုးလုံး၊ မွဲကိုးလုံး နေ့တိုင်းလျှင် အမြဲ ပေးရ၏။ ငှက်ကြီးအားလည်း
...ကာလျှာ တစ်နေ့ တစ်ယောက်ကိုတွက်၍ ၇ ရက်တစ်ကြိမ် ၇ ယောက်လျှင် အမြဲပေးရ၏။
ကျားနှင့် ရှူးပျံအားလည်း မိမိတို့အစာဖြစ်သော ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ကို အမြဲလျှင်
ပေးရ၏။ ထိုသို့ မပြတ်ပေးရသည်ကား (၁၂) တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ရှိပြီ" ဟူ၍ ဆိုလေ၏။
ပျူမင်းထီးလည်း ကိုယ်တော်၏ အစွမ်းကို ယုံကြည်တော်မူ၍ ရန်သူတို့ ရှိရာ သွားတော်မူလေ
၏။ ။

## ၁၈၆။ ရန်သူကြီး လေးမျိုးတို့ကို ပျူမင်းထီး လေးတော်နှင့် ခွင်းသတ်ပုံ

ကျားကြီး၊ ဝက်ကြီး၊ ရှူးပျံ ရန်သူသုံးပါးတို့လည်း မင်းသားကိုမြင်လျှင် ရန်တောင်မည်
ဆုံးခြင်းအရာကို ပြုနှင့်၏။ မင်းသားလည်း ထိုရန်သူသုံးပါးတို့ကို ခမည်းတော်က ပေးသော
လေးဖြင့်ခွင်း၍ ငှက်ကြီးရှိရာ သွားတော်မူပြန်လေ၏။ ထိုအခါ ငှက်စာဆော်သော သူသည်
ငှက်စာပေးအံ့ဟု မိန်းမ (၇) ခုနစ်ယောက်ကို ယူ၍လာ၏။ ပျူမင်းထီးလည်း ထိုသူတို့ကို
တွေ့လေသော် အကြောင်းကို မေးတော်မူလေ၏။ ငှက်စာဆော်သော ယောကျ်ားလည်း
အကြောင်းမျိုးကို စေ့စုံစွာ လျှောက်လေ၏။ ပျူမင်းထီးလည်း "ငါသို့သောမင်း ရှိလျက် ဤမိန်းမ
(၇)ခုနစ်ယောက်တို့ကို ငှက်စာပေးမည် ဆိုသောစကားသည် မအပ်"ဟု မိန်းမ (၇) ခုနစ်ယောက်
တို့ကို ယူလိုက်၍ ထားတော်မူလေ၏။ မိန်းမ (၇) ခုနစ်ယောက်တို့လည်း သေဘေးမှ လွတ်မည်
ကိုမြင်သောကြောင့် ပျူမင်းထီးအား ကြီးစွာသော ဆုတောင်းပတ္ထနာကို ပြုကြကုန်၏။ ထိုအခါ
ငှက်ကြီးလည်း မိမိကျက်စားရာ အရပ်မှ လာလတ်၍ မင်းသားကို တွေ့လေ၏။ မင်းသားလည်း
အထူးထူးသော စကားနှင့် ခြိမ်းခြောက်တော်မူ၏။ ငှက်ကြီးလည်း အစွမ်းရှိသည်အတိုင်း
အားကို ပြလေ၏။ ပျူမင်းထီးလည်း ခမည်းတော်က ပေးသော ရတနာအတိပြီးသော ဝရမ်း
လေးမြားဖြင့်ခွင်း၍ ငှက်ကြီး သေလေ၏။ ငှက်ကြီး သေပြီးလျှင် ငှက်တောင်တစ်ချောင်းကိုနုတ်၍
မိန်းမ (၇) ခုနစ်ယောက်အား ရွက်စေ၏။ "ညည်းတို့သခင် သမုဒ္ဒရာဇ်မင်းကြီးအား ဆက်ပါ
လေ" ဟု လွှတ်တော်မူလိုက်၏။ ငှက်ကြီး၊ ဝက်ကြီးတို့ကို ပျူမင်းထီး ခွင်းတော်မူသော
အကြောင်းကား-စကားကျယ်အံ့သည်ကို စိုးသောကြောင့် မဆိုသည်။ ။

## ၁၈၇။ ပျူမင်းထီးကို အိမ်ရှေ့အရာ ထားတော်မူခြင်း

မိန်းမရတနာ (၇) ခုနစ်ယောက်တို့လည်း ငှက်တောင်ကိုရွက်၍ မင်းကြီးအား ဆက်အံ့ဟု
သွားလေ၏။ ခရီးအကြားတွင် ငှက်တောင် လေးသောအားဖြင့် မရွက်နိုင်သည်ဖြစ်၍ ပစ်ခဲ့လေ
၏။ ထိုအရပ်ကို "ငှက်တောင်ပစ်"ဟု ယခုတိုင်အောင် တွင်၏။ ငှက်ကြီးကို ပစ်သတ်သော
အရပ်ကိုကား "ငှက်ပစ်တောင်"ဟု ယခုတိုင်အောင် တွင်သည်။ မိန်းမ (၇) ခုနစ်ယောက်တို့
လည်း ငှက်ကြီးအစရှိသော ရန်သူလေးပါးတို့ကို လုလင်တစ်ယောက်ခွင်း၍ သေလေကြောင်းကို

သမုဒ္ဒရာဇ်မင်းကြီးအား နားတော်လျှောက်လေ၏။ မင်းကြီးလည်း တစ်ဆယ့်နှစ်နှစ်တိုင်တိုင် အစာပေးရသော ရန်သူကို နှိပ်နင်း၍ သေလေပြီဟု ကြားတော်မူသော် အလွန်အားရတော်မူ၍ ရောက်လေသော် သည်ဖြစ်၍ စစ်အင်္ဂါလေးပါးနှင့်တကွ မင်းသားရှိရာသို့ သွားတော်မူလေ၏။ ရောက်လေသော် တောင်ငယ်နှင့် အတိုင်းအရှည် ရှိသော ငှက်တောင်ကို မြင်တော်မူလေ၍ မင်းသားအား ဤသို့ မိန့်တော်မူ၏။ "အမောင်သည် ဤသို့သော ရန်သူတို့ကို ခွင်းပေးသည်ကား အဘယ်သူ၏ အမျိုးအနွယ် ဖြစ်သနည်း။ အဘယ် လက်နက်ဖြင့် ခွင်းပေးသနည်း" ဟု မေးတော်မူ၏။ မင်းသားလည်း "ကျွန်ုပ် အမျိုးအနွယ်သည်ကား အဘကား နေနတ်သား၊ အမိကား ကာလ နဂါးမင်း၏သား နဂါးကြောင် သမီးတည်း။ ထိုသူနှစ်ပါး သံဝါသဖြစ်၍ ကျွန်ုပ်ကို မွေးမြင် သတည်း။ ထိုရန်သူတို့ကို ခွင်းသော လက်နက်ကား ခမည်းတော်က ဆောက်နှင်းသော ရတနာ အတိပြီးသော ဝရိန် လေးလက်နက်တည်း" ဟု နားတော်လျှောက်လေ၏။ သမုဒ္ဒရာဇ်မင်းကြီး လည်း ဤသို့ အမျိုးအရိုး ဘုန်းလက်ရုံးပညာနှင့် ပြည့်စုံပေသသူ ဖြစ်သည်ဟု သမီးတော် ရွှေဒေဝီနှင့် ဆောက်နှင်း၍ အိမ်ရှေ့အရာကို ပေးတော်မူလေ၏။ သမုဒ္ဒရာဇ်မင်းကြီးလက်ထက် ငှက်ကြီးအား တစ်ဆယ့်နှစ်နှစ်တိုင်တိုင် အစာပေးရသော လူအပေါင်းကား (၄၃၂၀) လေးထောင် သုံးရာနှစ်ဆယ် ရှိသောဟူ၏။ ပျူမင်းထီး အိမ်ရှေ့ဖြစ်သောအခါ သက်တော် တစ်ဆယ့်ခြောက် နှစ်တည်း။ အိမ်ရှေ့ဖြစ်၍ ၃ နှစ် ရှိသောအခါ သမုဒ္ဒရာမင်းကြီး အနိစ္စရောက်တော်မူ၏။ သမုဒ္ဒရာဇ်မင်းကြီးကား အိမ်နိမ့် (၃၂)သုံးဆယ့်နှစ်၊ မင်းစည်းစိမ် (၄၅) လေးဆယ့်ငါး၊ သက်တော် (၇၇) ခုနစ်ဆယ့်ခုနစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စ ရောက်လိုသော် ဥပါ လှည်းဘီးရုံ ရှေ့တော်ဝယ် ကျ၏။ နံတော် တနင်္ဂနွေသားတည်း။ ။

## ၁၈၈။ ရသေ့ကြောင်မင်း အကြောင်း (၂)

သမုဒ္ဒရာဇ်မင်းကြီး အနိစ္စရောက်တော်မူလျှင် ပျူမင်းထီး မင်းမပြုဦးဘဲ ကျေးဇူးတင်သ ဖူးသော ဥပဇ္ဈာယ်ရသေ့အား လူပြုစေ၍ မင်းမြှောက်လေ၏။ ထိုသို့ လူပြုသည်ကို အကြောင်း ပြု၍ ရသေ့ကြောင်ဟု ခေါ်ဝေါ်ကြကုန်၏။ သက္ကရာဇ် (၇၄)[1] ခုနစ်ဆယ့်လေးခုသော် ရသေ့ ကြောင် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၉၁) ကိုးဆယ့်တစ်၊ စည်းစိမ် (၁၅) တစ်ဆယ့်ငါး၊ သက်တော် (၁၀၆) တစ်ရာခြောက်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ဒိန်နက်သည်း သကြိန် တစ်ပြိုင်နက် သင့်၏။ နံတော် တနင်္လာသားတည်း။ ။

## ၁၈၉။ ပျူမင်းထီး မင်းပြုတော်မူခြင်း အကြောင်း (၃)


သက္ကရာဇ် (၈၉)[2] ရှစ်ဆယ့်ကိုးခုသော် ပျူမင်းထီး မင်းဖြစ်တော်မူ၏။ ထိုမင်းကား ပျူတို့ မွေး၍ ကြီးသောကြောင့် ပျူမင်းထီးဟု တွင်၏။ ထိုပြည်ကား ကကုသန်ဘုရားရှင် လက်ထက်တော်၌ "ပဏ္ဍုပလာသ" ဟု တွင်၏။ ကောဏာဂုံဘုရားရှင် လက်ထက်တော်၌ "တမ္ပကုဋ္ဋိ" ဟု တွင်၏။ ကဿပဘုရားရှင် လက်ထက်တော်၌ "တမ္ပဒေသ" ဟု တွင်၏။ ဂေါတမဘုရားရှင် လက်ထက်တော်၌ "တမ္ပဒီပ" ဟု တွင်၏။ ပျူမင်းထီး လက်ထက်တွင်မူ "အရိမဒ္ဒနာ" ဟု တွင်၏။

ပျူမင်းထီး နန်းတက်တော်မူသောအခါ ဗြဟ္မာကား လက်ယာ၊ သိကြားကား လက်ဝဲ

---

၁။ ဆေဒီ ၁၅၂ ၂။ ဆေဒီ ၁၆၇

## ဟန်လင်းမြို့ဟောင်း မြေပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ




ဟန်လင်းမြို့ဟောင်း မြေပုံ။











ရေမြှုပ်တုံး



ကျောက်လက်ကောက်နှင့် ပုတီး အမျိုးမျိုး




"ဒုသာဝတိ" ဟု ကမ္ပည်းထိုးထားသော ကျောက်တံဆိပ်ခုံ ။



သံလက်နက် အမျိုးမျိုး



ဟန်လင်း ပျူသင်္ချိုင်းကျောက်စာ



ဟန်လင်းကြီး ဒင်္ဂါးများ (မျက်နှာဘက်)



ဟန်လင်းကြီး ဒင်္ဂါးများ (ကျောဘက်)



ဟန်လင်းမှ
ဘုရားပေါင်းရှစ်ဆူပါ ကြွေပြားရုပ်ကြွ

မင်းကြီးလက်တော်ကို မလျက် နန်းတင်၍ နတ်စည်, နတ်ခေါင်း, နတ်ပြင်း တီးမှုတ်စေလျက် နန်းတက်ရာစေသီသော ခံတော်မူ၏။ မိဖုရားကား သမုဒ္ဒရာစ်မင်းကြီးသမီးတော် ရွှေနားဒေဝီလည်း တစ်ပါး၊ နဂါးမင်း သမီးတော် ကုရုန္နဒေဝီလည်းတစ်ပါး၊ ဤနှစ်ပါးတည်း။ သိကြားမင်းလည်း မင်းခြောက်တန်ဆာ ငါးပါးနှင့်တကွ မင်းဆောင်, မင်းယောင်, မင်းခမ်း, မင်းနားတို့ကို ဆက်နှင်းပေ၏။ သဒ္ဓါထီးရိုးရှစ်စင်းကား အလျားအားဖြင့် ကိုးတောင်တစ်မိုက်, လုံးပတ်အားဖြင့် သုံးထွာ, အထပ်တစ်ရာရှိသော နှုးညံ့သိမ်မွေ့လှစွာသော ကုမုဒ္ဒရာကြာချည်ဖြင့် ပြီးသော ထီးရွက်, အဖိုးအတိုင်းမသိသော နဝရတ်ကိုးပါးအားဖြင့် ခြယ်လှယ်စီမံအပ်သော ညောင်ရွက်, ထီးခံတိုင်အရောင်ဖြင့် ဖုံးလွှမ်းအပ်သော ထီးချက်ရှိ၍စီတပ်သော ရတနာမျက်မြတ်, ဆဒ္ဒန်အိုင်မှ ဖြစ်သော ဂီရိမေခလာ အမည်ရှိသော ဆဒ္ဒန်ဆင်ပျံ, သိန္ဓုမြစ်နား၌ ဖြစ်သော အသာနှညိမြင်း, ဤသို့သော မင်းဆောင်, မင်းယောင်တို့ကို ဆက်နှင်းပေ၏။ ဓမ္မည်းတော် မြမင်းသားကလည်း ဆဒ္ဒန်ပျံတို့၏ အမျိုးဖြစ်သော မဟာသုဘဒ္ဒ အမည်ရှိသော ဆဒ္ဒန်ဆင်မနှင့်တကွ အတွင်းဆင်ဖြူ သုံးဆယ်တို့ကိုလည်းကောင်း၊ အပြစ်မှလွတ်သော အတွင်းဆင်မည်းလေးထောင်, ကသာဆင်မ ခုနစ်ရာတို့ကိုလည်းကောင်း၊ အပြစ်မှလွတ်သော အတွင်းမြင်းတော်ခြောက်ထောင်, ပြင်မြင်းတော် ခြောက်ထောင်တို့ကိုလည်းကောင်း, မကောင်းသော ရန်သူတို့ကို နှိပ်နင်းစေခြင်းငှာ **တင်ကျည်းလုလင်*** တစ်ရာနှစ်ဆယ်တို့ကို လည်းကောင်း ဆက်နှင်းပေ၏။ မယ်တော်ဖြစ်သော နဂါးမင်းသမီးကလည်း မင်းတို့၏ အဆောင်အယောင် မင်းခမ်းမင်းနားနှင့်တကွ တူမတော် ဖြစ်သော ကုရုန္နဒေဝီမိဖုရားကိုလည်းကောင်း၊ မင်းကြီးအား လုပ်ကျွေးစေလိုသောငှာ စားတော်ကဲ နဂါးမတစ်ယောက်, ဝတ်လဲတော်ကဲ နဂါးမတစ်ယောက်, ဆံတော်သပ် နဂါးမတစ်ယောက်နှင့်တကွ ရန်သူတို့ကို နှိပ်နင်းနိုင်သော နဂါးလုလင် တစ်ရာရှစ်ဆယ်တို့ကို လည်းကောင်း မယ်တော်က ဆက်နှင်းပေ၏။ နဂါးလုလင် တစ်ရာရှစ်ဆယ်တို့ကိုကား-မင်းကြီး ထွက်တော်မူသောအခါ တံခါး လှေကားတို့၌ အမြဲစောင့်ရောက်ရ၏။ ထိုနဂါးလုလင်တို့သည် ဂဠုန်ကို ကြောက်သောအားဖြင့် ကျောက်ကွင်းသတ္တာန် ချောင်းကွင်း ထုံးစေ၍ ကြိမ်လုံးစွဲလျက် စောင့်နေရ၏။ မင်းကြီး ထွက်တော်မူသောအခါလည်း နဂါးလုလင်, တင်ကျည်းလုလင်တို့ကို ကြိမ်လုံး, တင်ကျည်းစွဲလျက် မင်းကြီး ရှေ့တော် နောက်တော် လက်ဝဲ လက်ယာ လိုက်ရ၏။

ထိုမင်းကြီးတွင် သေနာပတိစစ်သူကြီးအား-လေးပါးတည်း။ ရာဇဝဍ္ဍနာလည်း တစ်ပါး၊ ဒေဝဝဍ္ဍနာလည်း တစ်ပါး၊ ဓမ္မဝဍ္ဍနာလည်း တစ်ပါး၊ နာဂဝဍ္ဍနာလည်းတစ်ပါး။ ဤလေးပါးတည်း။ အမတ်ငယ်ကား ရှစ်ထောင်, အမှူးကား တစ်သောင်းခြောက်ထောင်၊ ခြေသည်သူရဲ ပေါင်းကား ကုဋေတစ်ရာ၊ မြင်းသည်ပေါင်းကား သုံးကုဋေခြောက်သန်း၊ တိုက်ဆင်ပေါင်းကား ခြောက်သန်း ရှိသော ဟူ၏။ ။

## ၁၉၀။ ပျူမင်းထီးလက်ထက် ပွဲကြီး ၁၂-ပွဲ အကြောင်း

ထိုမင်းလက်ထက် ပွဲကြီး ၁၂ ပွဲ ဟူသည်ကား-

(၁) ငှက်ကြီးကို ခွင်းသော ပွဲလည်း တစ်ကြိမ်၊

(၂) ဝက်ကြီးကို ခွင်းသော ပွဲလည်း တစ်ကြိမ်၊

* လက်ရိုက်ကဲ့သို့သော တုတ်ရှည်ကိုင်စွဲ ထမ်းရွက်သူ။

(၃) ကျွားကြီးကို နှင်းသော ပွဲလည်း တစ်ကြိမ်၊
(၄) ရှူးပျံကို နှင်းသော ပွဲလည်း တစ်ကြိမ်၊
(၅) နန်းတက်တော်မူသောအခါ လူ့,နတ်,နဂါး,သိကြား,ဗြဟ္မာ,နတ်စသည် ကောင်း-
ငြင်းတို့ဖြင့် တီးမှုတ်လျက် နန်းတက်သောပွဲလည်း တစ်ကြိမ်၊
(၆) ခမည်းတော် နေမင်းသားနှင့် ဖူးတွေ့တော်မူကြသော ပွဲလည်း တစ်ကြိမ်၊
(၇) မယ်တော် နဂါးမင်းသမီးနှင့် ရွှေစည်းခုံတည်ရာ အရပ်တွင် ဖူးတွေ့တော်မူကြ
သော ပွဲလည်း တစ်ကြိမ်၊
(၈) အား ပြုတော်မူလိုသောငှာ မရေတွက်နိုင်သော စစ်အင်္ဂါ ၄-ပါးနှင့်တကွ ပုပ္ပား
တောင်သို့ တက်တော်မူသော ပွဲလည်း တစ်ကြိမ်၊
(၉) နိုင်ငံတော်ကျေး ဖြစ်သော ကောသမ္ဗီပြည်သို့ ကုဋေအရာမကသော တရုတ်
စစ်သည်တို့ ရောက်သောအခါ မင်းကြီး ကိုယ်တော်တိုင် ဆင်လုံးမြင်းရုံး
အများနှင့် ချီတော်မူ၍ နှိပ်နင်းလုပ်ကြံတော်မူသော ပွဲလည်း တစ်ကြိမ်၊
(၁၀၊ ၁၁၊ ၁၂) မင်းကြီးလက်ထက်တော်တွင် ရတနာခိုး သုံးကြိမ်ရှာ၍ ပြည်သူတို့ ကောက်ယူ
သော ပွဲလည်း သုံးကြိမ်၊ ပေါင်း ၁၂ ကြိမ်တည်း။ ။

## ပျူမင်းထီး၌ မိဖုရား အခြွေအရံ အကြောင်း

၁၉၁။ ပျူမင်းထီး၌ အခြွေအရံဖြစ်သော ကိုယ်လုပ်တော်ကား-ပတ္တမြားနှင့်ပြည့် ထိုမင်း မိဖုရားနှစ်ပါးတွင် အခြွေအရံဖြစ်သော ကိုယ်လုပ်တော်နှစ်ထောင်၊ ပတ္တမြားညိုဖြင့်ပြီးသော တန်ဆာကို ဆင်သော ကိုယ်လုပ်တော်နှစ်ထောင်၊ ပတ္တမြားပြောက်ဖြင့် ပြီးသော တန်ဆာကို ဆင်သော ကိုယ်လုပ်တော် နှစ်ထောင်၊ မြဖြင့်ပြီးသော တန်ဆာကိုဆင်သော ကိုယ်လုပ်တော်နှစ်ထောင်၊ စိန်ဖြင့်ပြီးသော တန်ဆာကိုဆင်သော ကိုယ်လုပ်တော်နှစ်ထောင်၊ ပုလဲဖြင့်ပြီးသော တန်ဆာကိုဆင်သော ကိုယ်လုပ်တော် နှစ်ထောင်၊ ကြောင်မျက်ရွဲဖြင့်ပြီးသော တန်ဆာကိုဆင်သော ကိုယ်လုပ်တော်နှစ်ထောင်၊ သန္တာဖြင့်ပြီးသော တန်ဆာကိုဆင်သော ကိုယ်လုပ်တော် နှစ်ထောင်၊ ဤကိုယ်လုပ်တော် တစ်သောင်းခြောက်ထောင်တို့ကို မိဖုရားနှစ်ပါးတွင် တစ်ပါး တစ်ပါး၌ ရှစ်ထောင်စီ ရံ၏။

ဣရွှေဒေဝီတွင် သားတော်, သမီးတော်မရှိ။ စန္ဒာဒေဝီမိဖုရားတွင် ထီးမင်းယဉ် မင်းသားကို မြင်တော်မူ၍ အရွယ်သို့ရောက်လျှင် အိမ်ရှေ့အရာကို ပေးတော်မူ၏။ ပျူမင်းထီးကား ဘုန်း လက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော မင်းဖြစ်၍ ဇမ္ဗူဒီပါကျွန်းအလုံး၌ နေကုန်သော မင်းအပေါင်းတို့သည် ဆက်စာသဝဏ်နှင့် လက်ဆောင် လက်နက် သမီးကညာ ရတနာ ဆင်မြင်းတို့ကို ဆက်လှာရကုန်၏။ ထိုမင်းကား သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ အစရှိသော သူတော်တရား ခုနစ်ပါး, မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ဘုရားရှင် သာသနာတော်၌ ကောင်းစွာ ခိုင်မြဲကြည်ညိုတော်မူ၏။ နောင် လာလတ္တံ့သော မင်းတို့စီးပွားအလို့ငှာ ဂဝံပတေ့ရသေ့၊ သိကြားတို့နှင့် တိုင်ပင်တော်မူ၍ "အတ္တေသု ဓမ္မသတ္တေသု" ဂါထာအဦးတပ်သော ဓမ္မသတ်ကျမ်း*ကိုလည်း ပြုတော်မူ၏။ ဥခွံမှ ပေါက်တော်မူရာ အရပ်ကိုလည်း ဥမင်နှင့် ဘုရားတည်တော်မူ၏။ ငှက်ကြီးကို ခွင်းတော်မူသော အရပ်ကိုလည်း ဥမင်နှင့်ဘုရား တည်တော်မူ၏။ ထိုမှတစ်ပါးလည်း ဘုရား ဝှကျောင်း လိုဏ်ခေါင်းဥမင် ပြုစုတော်မူသည်ကား များ၏၊

* ပျူမင်းထီး ဓမ္မသတ်

အမျိုးအမတ် ကလန်သံပျင် အစရှိသော ပြည်သူ လူရဟန်းတို့အားလည်း သားကဲ့သို့ သနားကြင်နာတော်မူ၏။ ဤသို့ ဆိုခဲ့ပြီးသော ကုသိုလ်ကောင်းမှုတို့ကို ပြုတော်မူ၍ အိမ်နိမ့် (၃၅) သုံးဆယ့်ငါး၊ စည်းစိမ် (၇၅) ခုနစ်ဆယ့်ငါး၊ သက်တော် (၁၁၀) တစ်ရာတစ်ဆယ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ကြာသပတေးကြယ် လတွင်း ချင်း၏။ တစ်နေ့လုံး ညဥ့်ကဲ့သို့ မိုက်၏။

ထိုမင်း ကိုယ်တော် အရပ်ကား ၅ တောင်၊ ကိုယ်တော် လုံးပတ်ကား ၃ တောင် ရှိသော ဟူ၏။ နံတော် အင်္ဂါသားတည်း။ ။

## ၁၉၂။ ထီးမင်းယဉ့် အကြောင်း (၄)

သက္ကရာဇ် (၁၆၄)[၁] တစ်ရာခြောက်ဆယ့်လေးခုသော် ထိုမင်း သားတော် ထီးမင်းယဉ့် မင်းဖြစ်တော်မူ၏။ ထိုမင်း ရာဇဘိသေကခံ၍ နန်းတက် (၄၄) လေးဆယ့်လေးနှစ် ရှိသောအခါ ဇမ္ဗူဒီပါကျွန်း၌ ကလိင်္ဂရာဇ်ပြည်မှသည် သီဟိုဠ်ကျွန်းသို့ စွယ်တော်မြတ် ရောက်လေသတည်း။ ထိုမင်းကား အိမ်နိမ့် (၅၀) ငါးဆယ်၊ စည်းစိမ် (၅၇) ငါးဆယ့်ခုနစ်၊ သက်တော် (၁၀၇) တစ်ရာခုနစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ဒိန်နက်သည်းသကြိန် တစ်မြိုင်နက် သင့်၏။ ကြာသပတေးကြယ် လတွင်း ချင်း၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၁၉၃။ ယဉ့်မင်းပိုက်မင်း အကြောင်း (၅)

သက္ကရာဇ် (၂၂၁)[၂] နှစ်ရာနှစ်ဆယ့်တစ်ခုသော် ထိုမင်း သားတော် ယဉ့်မင်းပိုက် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၅၀) ငါးဆယ်၊ စည်းစိမ် (၂၅) နှစ်ဆယ့်ငါး၊ သက်တော် (၇၅) ခုနစ်ဆယ့်ငါးသော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ကြာသပတေးကြယ် လထက်နား၏။ ငလျင် ခုနစ်ရက်တိုင်အောင် လှုပ်၏။ နံတော် ကြာသပတေးသားတည်း။ ။

## ၁၉၄။ ပိုက်သဉ့်လည်မင်း အကြောင်း (၆)

သက္ကရာဇ် (၂၄၆)[၃] နှစ်ရာလေးဆယ့်ခြောက်ခုသော် ထိုမင်း သားတော် ပိုက်သဉ့်လည် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၄၀)လေးဆယ်၊ စည်းစိမ် (၂၀) နှစ်ဆယ်၊ သက်တော် (၆၀) ခြောက်ဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နေတံခွန် ထန်း ခုနစ်ဆင့်လောက် ပြ၏။ ကောင်းကင်၌ ကြယ်တစ်ဝက်မမြင် ပျောက်၏။ နံတော် ကြာသပတေး သားတည်း။ ။

## ၁၉၅။ သဉ့်လည်ကြောင်မင်း အကြောင်း (၇)

သက္ကရာဇ် (၂၆၆)[၄] နှစ်ရာခြောက်ဆယ့်ခြောက်ခုသော် ထိုမင်း သားတော် သဉ့်လည် ကြောင် မင်းဖြစ်တော်မူ၏။ ထိုမင်းလက်ထက်တွင်မှ ရွာစု ၁၉ ရွာကိုဖျက်၍ မြို့တည်ပြီးလျှင် လောကနန္ဒာ အရပ်၌ "သီရိပစ္စယာ" ဟူသော မြို့ကိုတည်၍ နေတော်မူ၏။ "သီရိပစ္စယာ" ဟူ၍လည်း သမုတ်တော်မူ၏။ မင်း၏တရား ဆယ်ပါးနှင့် ပြည့်စုံတော်မူ၏။ ပြည်သူ၊ လူ၊ ရဟန်းတို့အားလည်း သားကဲ့သို့ သနားကြင်နာတော်မူ၏။ အမျိုး၊အမတ်၊ ကလန်၊ သံပျင် အရှိ သော ပြည်သူ လူအပေါင်းတို့သည်လည်း နှစ်လိုကုန်သည်ဖြစ်၍ မြတ်သောဆုကို ယူကုန်၏။

၁။ ဒေဝီ ၂၄၂ ၂။ ဒေဝီ ၂၉၉ ၃။ ဒေဝီ ၃၂၄ ၄။ ဒေဝီ ၃၄၄

ထိုမင်းလက်ထက် ရတနာမိုး ၃ ကြိမ်ရွာ၏။ မဟာဂီရိမောင်နှမ ရောက်၍ ပုပ္ပားတောင်မှာ ထားလေ၏။ အိမ်နိမ့် (၅၃) ငါးဆယ့်သုံးနှစ်၊ စည်းစိမ် (၄၃) လေးဆယ့်သုံး၊ သက်တော် (၉၆) ကိုးဆယ့်ခြောက်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ၇ ရက်တိုင်တိုင် မုန်တိုင်းလာ၍ သစ်ပင်များ ကျိုးပဲ့ကုန်၏။ နံတော် တနင်္ဂနွေသားတည်း။

**၁၄၆။ မဟာဂီရိ နတ်မောင်နှမ အကြောင်း**

မဟာဂီရိမောင်နှမ အကြောင်းကား ဤသို့တည်း။ တကောင်းပြည်၌ ပန်းပဲတော်တော် သား တင့်တယ်သည် စွမ်းပကား ခွန်အားကြီးသည်ဖြစ်၍ အလွန်ကျော်စော ထင်ရှားသည် ဖြစ်၍ ဆင်ပြောင်စွယ်ကိုသော်လည်း ချိုး၍ပစ်သော ဟူ၏။ ထိုအကြောင်းကို တကောင်းမင်းကြီး ကြားတော်မူလေသော် “ချင်းလျှင် ငါ၏စည်းစိမ်ကို လုလတ္တံ့။ ချင်းကိုဖမ်း၍ ဖျောက်လေ” ဟု အမတ်တို့ကို မိန့်တော်မူ၏။ တင့်တယ်လည်း အသက်သေအံ့သည်ကိုကြောက်၍ ဝေးစွာသော ခရီးသို့ ပြေးလေ၍ တောကြီးတစ်ခု၌ နေလေ၏။ မင်းကြီးလည်း ရှုရှာတော်မူသောအားဖြင့် တင့်တယ်၏နှမကိုယူ၍ မိဖုရားမြှောက်တော်မူလေ၏။ ရှည်လျားလတ်သော် မိဖုရားကို ဤသို့ မင်းကြီး မိန့်တော်မူ၏။ “သင့်မောင်သည် အားခွန်ဗလနှင့်လည်း ပြည့်စုံသည်။ ငါ-မြို့ကျွ ခန့်တော်မူမည် ဖြစ်သောကြောင့် အလျှင် ခေါ်လေစေ” ဟူ၍ မိန့်တော်မူ၏။ မိဖုရားလည်း မင်းကြီးအမိန့်ကို ယုံကြည်တော်မူသည်ဖြစ်၍ ခေါ်လေ၏။ တင့်တယ်လည်း “ငါ့နှမကို မိဖုရား မြှောက်လေပြီးသည် ဖြစ်သောကြောင့် ငါ့ကို အမှုထမ်းစေလို၍ ခေါ်သည်” ဟု အမှတ်ဖြင့် လိုက်လာ၏။ မင်းကြီးလည်း ဥပါယ်တံမျဉ်ဖြင့် ဖမ်းစေ၍ စကားပင်တွင် ချည်ပြီးသော် ထင်း မီးသွေး အများထည့်၍ မီးရှို့ထိုးလေ၏။ မိဖုရားလည်း “ငါ့မောင်သည် ငါ့ကြောင့်သာ သေရပလေသည်” ဟူ၍ မီးတွင် ဆင်းလေ၏။ မင်းကြီးလည်း မိဖုရားဆံထုံးကို ဆွဲလိုက်၍ ကိုယ်ကား ကျွမ်းလေသည်။ ခေါင်း, မျက်နှာကို ရလိုက်သောဟူ၏။ ထိုသူ မောင်နှမ သေပြီးသော် နတ် မောင်နှမဖြစ်၍ ထိုစကားပင်တွင် နေလေ၏။ ထိုစကားပင်ကို လူသူ အစရှိသော ဆင်, မြင်း, ကျွဲ, နွား ချဉ်းဝင်မိချေသည်ရှိသော် သေလေကုန်၏။ ဤသို့နှင့်နှင့် ဖြစ်ရကား စကားပင်ကို အမြစ်က တူး၍ ဧရာဝတီမြစ်တွင် မျှောလိုက်လေ၏။

ထိုအခါ ပုဂံသို့ ရောက်လေ၏။ နတ်မောင်နှမ အရုပ်ထုပြီးသော် ပုပ္ပားတောင်မှာ ထားလေ၏။ မင်းမှူး, မင်းမတ် စသော ပြည်သူ လူတကာတို့သည်လည်း တစ်နှစ်တစ်ကြိမ် ဖူးမြင်ကြကုန်၏။ ထိုအခါ ဘုရားရှင် သာသနာတော်သည် ထင်ရှားစွာ မဖြစ်ချေသေး။ သော်လည်ကြောင်းမင်း နန်းတက်၍ နန်းတက် (၄၂) လေးဆယ့်နှစ်နှစ်ရှိသောအခါ သထုံပြည်က အရှင်ဗုဒ္ဓဃောသ မဟာထေရ်မြတ်သည် သိန်းယိုကျွန်းသို့ ကူးတော်မူ၍ ဆင်ဖြူလက်ဆောင်ကို သိန်းယို မဟာနာမမင်းအား ပေး၍ ဓမ္မပဒကျမ်း အစရှိသော အဋ္ဌကထာ (၅၆) ငါးဆယ့်ခြောက်ကျမ်းတို့ကို ရေးကူး ပြုစုတော်မူ၍ ဇမ္ဗူဒီပါကျွန်း သထုံပြည်သို့ ဆောင်ယူတော်မူခဲ့သည်။ [ထိုမင်းလက်ထက် ရတနာမိုး သုံးကြိမ်ရွာ၏။ အိမ်နိမ့် (၃၃) သုံးဆယ့်သုံး၊ မင်းစည်းစိမ် (၄၃) လေးဆယ့်သုံး၊ သက်တော် (၆၆) ခြောက်ဆယ့်ခြောက်နှစ်သော် အနိစ္စရောက်တော်မူ၏၊ နံတော် တနင်္လာသား တည်း။]*

* သော်လည်ကြောင်းမင်း၏ အိမ်နိမ့်/စည်းစိမ်/ သက်တော်များသည် စာပိုဒ် ၁၄၅ တွင် ပါရှိပြီး ဖြစ်သည်။ စာပိုဒ် ၁၄၆ တွင် ထပ်မံပါရှိသည့် [ထိုမင်းလက်ထက် ....နံတော် တနင်္လာသားတည်း] စာပိုဒ်ကို ဦးကုလား ရာဇဝင်လတ် ပေမူမှ ကူးယူဖြည့်စွက်ထားခြင်းသာ ဖြစ်သည်။ မဟာရာဇဝင်ကြီး မူရင်းပေမူ၌ မပါရှိပါ။

## ၁၉၇။ ကြောင်တွေ့ရှစ်မင်း အကြောင်း (၈)

သက္ကရာဇ် (၃၀၉)[1] သုံးရာကိုးခုသော် ထိုမင်း သားတော် ကြောင်တွေ့ရှစ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၅) နှစ်ဆယ့်ငါး။ စည်းစိမ် (၂၅) နှစ်ဆယ့်ငါး။ သက်တော် (၅၀) ငါးဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် လ တစ်စွန်းပြ၏။ ရောက်ဆိုင်ရာ လတွင် ချင်း၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၁၉၈။ သည်းထန်မင်း အကြောင်း (၉)

သက္ကရာဇ် (၃၃၄)[2] သုံးရာသုံးဆယ့်လေးခုသော် ထိုမင်း သားတော် သည်းထန် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၅) သုံးဆယ့်ငါး။ စည်းစိမ် (၂၇) နှစ်ဆယ့်ခုနစ်၊ သက်တော် (၆၂) ခြောက်ဆယ့်နှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် လောင်းမီး ၇-ရက် တိုင်အောင် ပစ်၏။ အရိပ် ပြန့်၏။ နံတော် စနေသားတည်း။ ။

## ၁၉၉။ မင်းရိုး မဟုတ်သော သူရဲမင်း အကြောင်း (၁၀)

သက္ကရာဇ် (၃၆၁)[3] သုံးရာခြောက်ဆယ့်တစ်ခုသော် မင်းရိုး မဟုတ်သော အမတ် သုံးယောက် လုကြ၏။ ထိုသုံးယောက်တွင် မုကွမ်ဆိုသောသူ နိုင်၍ သုံးလ မင်းပြု၏။ မုကွမ်ကို သူရဲ လုပြန်၍ မင်းပြုလေ၏။ မုကွမ် အနိစ္စရောက်လိုသော် ကျောက်စရစ်မိုး ရွာ၏။ သူရဲမင်းကား အိမ်နိမ့် (၃၃) သုံးဆယ့်သုံး၊ စည်းစိမ် (၅၅) ငါးဆယ့်ငါး၊ သက်တော် (၈၈) ရှစ်ဆယ့်ရှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ညောင်ဦးကမ်းပါး အစဉ်အတိုင်း ပြို၏။ နံတော် ကြာသပတေးသားတည်း။ (အမတ်သုံးယောက်ကား - ရကွမ်၊ မုကွမ်၊ သူရဲ)

## ၂၀၀။ မင်းရိုး သာရမွန်များ အကြောင်း (၁၁)

သက္ကရာဇ် ခဆပဉ္စကိန်းဝင် (၄၁၆)[4] လေးရာတစ်ဆယ့်ခြောက်ခုသော် သည်းထန် မင်းသား ပြေးရှောင်ပုန်းကွယ်၍နေလေရာ မှူးမတ်တို့ရှာ၍ နန်းတင်ကြသော **သာရမွန်များ** ဟူသော အမည်ကိုခံ၍ မင်းပြုတော်မူ၏။ အိမ်နိမ့် (၅၅) ငါးဆယ့်ငါး၊ စည်းစိမ် (၂၂) နှစ်ဆယ့်နှစ်၊ သက်တော် (၇၇) ခုနစ်ဆယ့်ခုနစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် လတွင် ကြယ် ချင်း၏။ ကြယ်ချင်း ခွပ်ကြ၏။ နံတော် **သောကြာ*** သားတည်း။ ။

## ၂၀၁။ သိုက်တိုင်မင်း အကြောင်း (၁၂)

သက္ကရာဇ် (၄၃၈)[5] လေးရာသုံးဆယ့်ရှစ်ခုသော် ထိုမင်း သားတော် သိုက်တိုင် မင်းဖြစ်တော်မူ၏။ အလုံးအရပ်လည်း ကြီး၏။ ထိုမင်းကား သီရိပစ္စယာမြို့ကိုပစ်၍ ရွာစိုက်၌ မြို့တည် ပြီးလျှင် "တမ္ပဝတီ"ဟု သမုတ်၍ သမထီးအရပ်၌ နေလေ၏။ အိမ်နိမ့် (၃၃) သုံးဆယ့်သုံး၊ စည်းစိမ် (၇) ခုနစ်နှစ်၊ သက်တော် (၄၀) လေးဆယ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် လတွင် တာရာ ချင်း၏။ လောင်းမီး ၇ ရက်တိုင်အောင် နေ့တိုင်း ပစ်၏။ နံတော် စနေသားတည်း။

---

၁။ သေဒီ ၃၈၇ ၂။ သေဒီ ၄၁၂ ၃။ သေဒီ ၄၃၉ ၄။ သေဒီ ၄၉၄ ၅။ သေဒီ ၅၁၆

* ကြာသပတေး [မှန်နန်း(၂၀၀၃)၊ ပ-စာ ၂၁၄]

## ၂၀၂။ သော်လည်ကြောင်ငယ်မင်း အကြောင်း (၁၃)

သက္ကရာဇ် (၄၄၅)[1] လေးရာလေးဆယ့်ငါးခုတွင် သားတော် သော်လည်ကြောင်ငယ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၀) နှစ်ဆယ်၊ စည်းစိမ် (၉) ကိုးနှစ်၊ သက်တော် (၂၉) နှစ်ဆယ့် ကိုးနှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ဖြစ်ရေ အညာသို့ ဆန်၏။ မိုးကြိုး သည်းစွာ ရွာ၏။ နံတော် တနင်္လာသားတည်း။ ။

## ၂၀၃။ သော်လည်ပိုက်မင်း အကြောင်း (၁၄)

သက္ကရာဇ် (၄၅၄)[2] လေးရာငါးဆယ်လေးခုသော် ထိုမင်း ညီတော် သော်လည်ပိုက် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၀) နှစ်ဆယ်၊ စည်းစိမ် (၁၅) တစ်ဆယ့်ငါး၊ သက်တော် (၃၅) သုံးဆယ့်ငါးသော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် အိမ်တော်အလုံး အမိုးလွင့်၏။ နံတော် စနေသားတည်း။ ။

## ၂၀၄။ ခန်းလောင်းမင်း အကြောင်း (၁၅)

သက္ကရာဇ် (၄၆၉)[3] လေးရာခြောက်ဆယ့်ကိုးခုသော် ထိုမင်း ညီတော် ခန်းလောင်း မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၁၉) တစ်ဆယ့်ကိုး၊ စည်းစိမ် (၁၀) တစ်ဆယ်၊ သက်တော် (၂၉) နှစ်ဆယ့်ကိုးနှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် လေမလာဘဲ မြစ်မှာ တံပိုးကြလှဲ ပျက်၏။ နံတော် သောကြာသားတည်း။ ။

## ၂၀၅။ ခန်းလတ်မင်း အကြောင်း (၁၆)

သက္ကရာဇ် (၄၇၉)[4] လေးရာခုနစ်ဆယ့်ကိုးခုသော် ထိုမင်း ညီတော် ခန်းလတ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၁) နှစ်ဆယ့်တစ်၊ စည်းစိမ် (၁၂) တစ်ဆယ့်နှစ်၊ သက်တော် (၃၃) သုံးဆယ့်သုံးသော် အနိစ္စရောက်တော်မူ၏။ ရောက်တော်မူလိုသော် ၇–ရက်တိုင်တိုင် ဘီလူးသည် ပြည်အလုံးကို ရယ်ဘိ၏။ လူတို့သည် ဘီလူးရယ်သံကို ကြား၍ မအိပ်ဝံ့ ရှိကြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၂၀၆။ ထွန်တိုက်မင်း အကြောင်း (၁၇)

သက္ကရာဇ် (၄၉၁)[5] လေးရာကိုးဆယ့်တစ်ခုသော် ထိုမင်း သားတော် ထွန်တိုက် မင်းဖြစ်တော်မူ၏။ ထိုမင်းကား မင်းတို့၏အစဉ် လယ်ထွန်မင်္ဂလာပွဲမြဲ ရွှေကျွဲ၊ ရွှေနွား၊ ရွှေထွန်တို့ဖြင့် ထွက်တော်မူ၍ လယ်ထွန်တော်မူသောအခါ မင်းကြီး ဝတ်တော်မူသော ရွှေဝတ်လုံ လက်ကို လေခတ်၍ လွင့်သည်ကို နွားလန့်၍ပြေးလျှင် ထွန်ခွင်ထဲဝယ် ကျ၍ အိမ်နိမ့် (၂၀) နှစ်ဆယ်၊ စည်းစိမ် (၁၃) တစ်ဆယ့်သုံး၊ သက်တော် (၃၃) သုံးဆယ့်သုံးသော် အနိစ္စရောက် တော်မူ၏။ ရောက်လိုသော် လတွင် ကြယ် ချင်း၏။ နေ့ကို ကြယ်အများ ထွက်၏။ နံတော် တနင်္လာသားတည်း။ ။

---

၁။ ဆေဒီ ၅၃၉ ၂။ ဆေဒီ ၅၄၂ ၃။ ဆေဒီ ၅၅၇ ၄။ ဆေဒီ ၅၅၇ ၅။ ဆေဒီ ၅၆၉

## ၂၀၇။ ထွန့်ပစ်မင်း အကြောင်း (၁၈)

သက္ကရာဇ် (၅၀၄)[၁] ငါးရာနှင့်လေးခုသော် ထိုမင်းသားတော် ထွန့်ပစ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၀) နှစ်ဆယ်၊ စည်းစိမ် (၁၆) တစ်ဆယ့်ခြောက်ကြာ၊ သက်တော် (၃၆) သုံးဆယ့်ခြောက်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နေ ၂-ခု ထွက်၏။ အရိပ်လည်း ပျောက်။ ကြာသပတေးကြယ်နှင့် သောကြာကြယ် ချွပ်ကြ၏။ နံတော် ကြာသပတေးသားတည်း။

## ၂၀၈။ ထွန့်ချစ်မင်း အကြောင်း (၁၉)

သက္ကရာဇ် (၅၂၀)[၂] ငါးရာနှစ်ဆယ်သော် ထိုမင်းသားတော် ထွန့်ချစ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၂) နှစ်ဆယ့်နှစ်၊ စည်းစိမ် (၁၅) တစ်ဆယ့်ငါး၊ သက်တော် (၃၇) သုံးဆယ့် ခုနစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ရောက်ဆိပ်တွင် ကြာသပတေးကြယ် ဝင်၍ သွား၏။ လလည်း တံခွန်ပြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၂၀၉။ မိဖုရားဆရာ သဃံရာဇ်မင်း အကြောင်း (၂၀)

သက္ကရာဇ် (၅၃၅)[၃] ငါးရာသုံးဆယ့်ငါးခုသော် မိဖုရား ဆရာ သဃံရာဇ် မင်းဖြစ်တော်မူ၏။ ထိုမင်းကား - ပါပစုတ်သား မင်းတရားလည်း ဟူ၏။ ပုပ္ပားစောရဟန်းလည်း ဟူ၏။ အင်္ဂါသားတည်း။ ထိုမင်းကား-ပိဋကတ်စောင်ကိုလည်း အလွန်တတ်လှစွာ၏။ အဆင်းလည်း အလွန်လှ၏။ သဒ္ဓါ၊ သီလနှင့်လည်း ပြည့်စုံတော်မူ၏။ ထွန့်ချစ်မင်း မရှိလျှင် မိဖုရားတို့နှင့် ညှိ၍ မင်းမြှောက်သတည်း။ ထွန့်ချစ်မင်းသား ရွှေအုန်းသီး ကြောက်၍ ပြေးလေ၏။ ဝင်လယ် အရပ်၌ ရှူးကျွန်ပြု၍ ဖုန်းတောင်းစား ပြု၍နေလေ၏။ ပုပ္ပားစောရဟန်းကား မင်း၏တရား ဆယ်ပါးကိုလည်း စောင့်တော်မူ၏။ ပြည်သူ လူ့ရဟန်းတို့အားလည်း ဝမ်းထွက်သားကဲ့သို့ ချစ်မြတ်နိုးတော်မူ၏။ ဥမျိုးမင်းရိုး မဟုတ်၍ မဟာဂီရိနတ်လည်း ထွက်၍ စကားမဆို နေလေ၏။ ထိုအကြောင်းကို ပညာရှိတို့အား မင်းကြီး မေးတော်မူသော် ဥမျိုးမင်းရိုး မဟုတ်သော ကြောင့် ထွက်၍ စကားမဆိုသည်ဟု နားတော်လျှောက်လေ၏။ မင်းကြီးလည်း ဥမျိုး အစဉ်မပြတ် ကောင်းပလေ ဟူ၍ မင်းသားရွှေအုန်းသီး ရှောင်ရှား၍ နေလေရာ၌ ခေါ်၍ သမီးနှင့် ဆောက်နှင်း လေ၏။ အိမ်ရှေ့အရာကို ပေးတော်မူ၏။ ။

## ၂၁၀။ သက္ကရာဇ်ဖြိုခြင်း အကြောင်း

(၁) ထိုမင်း နန်းတက်၍ (၂၇) နှစ်ဆယ့်ခုနစ်နှစ် ရှိသောအခါ ဆေးပဉ္စကိန်းသည် ကြိုက်လတ်၍ ၅၆၀ ကိန်းကို အရှည်ထား၍ ဧသျှဆိုပြမှုနှိ ၇၉၈ ကိန်းဝင်ဟု အတို ၂ ခု ထား၏။ သက္ကရာဇ်ကား ၂ နှစ်ခု တည်ရှိတည်း။

(၂) သုဓိမာတ်ကျမ်းပြု, မာတ်လုပ်, အဓိပတိလုပ်, ပြည်စန်း နက်သတ်အတွက် ဤ ၄-ပါးကား သက္ကရာဇ် အသစ်တည်က ကွယ်ရှိတည်း။ တုသည်ကား- သမသော, တန်ဆာစု, အဓိမာသ်ပြိုခြင်း, အတာသုဉ်း၊ ဤလေးပါးကား သက္ကရာဇ်တုက တူရှိတည်း။

(၃) ပုပ္ပားစောရဟန်း ဖြိုသည်ကား (၅၆၂)[၄] ငါးရာခြောက်ဆယ့်နှစ်ခုသော သက္ကရာဇ်

---

၁။ အေဒီ ၁၁၄၂ ၂။ အေဒီ ၁၁၅၈ ၃။ အေဒီ ၁၁၇၃ ၄။ သက္ကရာဇ် ၅၆၂= သက္ကရာဇ်တို့ ၂= အေဒီ ၁၂၀၀

ကို (၅၆၀) ပြီး၍ အနွန်း ၂–ခုကို သက္ကရာဇ်တို့ (၂) နှစ်ဟုခေါ်၍ တည်သတည်း။ ထိုမင်းကား–ဖြို့သောသက္ကရာဇ်တွင် အိမ်နိမ့် (၃၂) သုံးဆယ့်နှစ်၊ စည်းစိမ် (၂၇) နှစ်ဆယ့်ခုနစ်နှစ်၊ သက်တော် (၅၉) ငါးဆယ့်ကိုးနှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် နန်းတော်ထက် လင်းတ (၇) ခု နား၏။ ကိုတ်ထွက်၏။ နံတော် တနင်္ဂနွေသားတည်း။ ။

## ၂၁၁။ မင်းရိုး ရွှေအုန်းသီးမင်း အကြောင်း (၂၁)

သက္ကရာဇ်တို့ (၂) နှစ်ခု[၁]သော် ထိုမင်း သမက်တော် ရွှေအုန်းသီး မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၅) သုံးဆယ့်ငါး၊ စည်းစိမ် (၁၂) တစ်ဆယ့်နှစ်၊ သက်တော် (၄၇) လေးဆယ့်ခုနစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စ ရောက်တော်မူလိုသော နန်းတွင်းသို့ ကျားဝင်လေ၏။ နံတော် သောကြာသားတည်း။ ။

## ၂၁၂။ ဗိတ်သုံမင်း အကြောင်း (၂၂)

သက္ကရာဇ် (၁၄)[၂] တစ်ဆယ်လေးခုသော် ထိုမင်းညီတော် ဗိတ်သုံ မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၄၀) လေးဆယ်၊ စည်းစိမ် (၈) ရှစ်နှစ်၊ သက်တော် (၄၈) လေးဆယ့်ရှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ဖျောက်ဆိပ် လတွင် ချင်း၏။ လင်းတအများ နန်းတော်ဝယ် ပျံဝဲ၍ ကျအုံသို့ ရှိ၏။ နံတော် သောကြာသားတည်း။ ။

## ၂၁၃။ ဗိတ်တောင်းမင်း အကြောင်း (၂၃)

သက္ကရာဇ် (၂၂)[၃] နှစ်ဆယ့်နှစ်ခုသော် ထိုမင်းသားတော်ဗိတ်တောင်း မင်းဖြစ်တော်မူ၏။ ဗိတ်တောင်းနှင့် ငခွေးကား ညီအစ်ကိုတည်း။ အိမ်နိမ့် (၂၂) နှစ်ဆယ့်နှစ်၊ စည်းစိမ် (၅၀) ငါးဆယ်၊ သက်တော် (၇၂) ခုနစ်ဆယ့်နှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ဒိန်နက်သည်းသကြိန့် တစ်ပြိုင်နက် သင့်၏။ နံတော် စနေသားတည်း။ ။

## ၂၁၄။ ညီတော်မင်းခွေး အကြောင်း (၂၄)

သက္ကရာဇ် (၇၂)[၄] ခုနစ်ဆယ့်နှစ်ခုသော် ထိုမင်းညီတော် ငခွေး မင်းဖြစ်တော်မူ၏၊ အိမ်နိမ့် (၅၂) ငါးဆယ့်နှစ်၊ စည်းစိမ် (၆) ခြောက်နှစ်၊ သက်တော် (၅၈) ငါးဆယ့်ရှစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ကြာသပတေးကြယ် ၁၅–ရက်တိုင်အောင် တံခွန် ပြ၏။ အရိပ် ပြန်၏။ နံတော် တနင်္လာသားတည်း။ ။

## ၂၁၅။ မျိုးခြား မြင်းကျွေးမင်း အကြောင်း (၂၅)

သက္ကရာဇ် (၇၈)[၅] ခုနစ်ဆယ့်ရှစ်ခုသော် မြင်းကျွေး မင်းဖြစ်တော်မူ၏။ မင်းရိုးမဟုတ်၊ "ကုက္ကိုတောင်ပုံ" ရွာသား သူကြွယ်ကျွန်တည်း။ ထိုမင်းကို အမိ–ယာစောင့်ထည့်ရာမှာ ဘီလူးနှင့် သံဝါသဖြစ်၍ မြင်သတည်း။ တစ်ရံရောအခါ သခင်သူကြွယ်သည် မြင်းကျောင်းစေ၏။ မြင်းပျောက်ခဲ့၍ အရှင်ကို ကြောက်၍ သောအားဖြင့် မင်းတွင် ဝင်၍ ခစားလေ၏။ မင်းကြီးလည်း

၁။ သေဒီ ၆၄၀ ၂။ သေဒီ ၆၅၂ ၃။ သေဒီ ၆၆၀ ၄။ သေဒီ ၇၁၀ ၅။ သေဒီ ၇၁၆

...ရှာ ဆောင်တော်မူ၏။ ထိုသူလည်း စွမ်းပကား ခွန်အားကြီးသည်ဖြစ်၍ မြင်းခြေကြီး ပြုစေ၏။ မင်းကြီးလည်း မြင်းကိုချစ်လှစွာ၍ နေ့အခါကား လူဆိတ်ညံပြီးသော် မြင်းတင်းကုပ်သို့ လာ၍ ထိုမြင်းသယ်တစ်ယောက်နှင့် နေ့စမှတ်ပြုတော်မူ၏။ လာမများသော် မြင်းခံအကြီးနှင့် မိဖုရား စားသောင်၍ အခါတစ်ပါး မင်းကြီး တောကစားတော်မူလေ၏။ တောအုပ်သို့ ရောက်လျှင် ဖူးသော် ဗိုလ်ပါတို့နှင့် ကွဲ၍ မင်းကြီးကို မြင်းခံ လုပ်ကြံလေ၏။ မင်းကြီး ဝတ်တော်မူသော တန်ဆာတို့ကို ဆင်ယင်၍ မြင်းကိုစီးပြီးမှ မြို့သို့ ပြန်လေ၏။ နန်းသို့ရောက်လျှင် အလိုသို့ ပါသော မိဖုရား တစ်ယောက်ကို လုပ်ကြံ၍ အလိုသို့ရှည်း ပါကြလေ၏။ အမှုအမတ်တို့လည်း ပြည်၌ရှာ စနောင့်စနင်း ရှိလတ္တံ့ကို စိုး၍ အလိုသို့ ပါရလေ၏။ ထိုမင်းကား အိမ်နိမ့် (၂၁) နှစ်ဆယ်တစ်၊ စည်းစိမ် (၁၀) တစ်ဆယ်၊ သက်တော် (၃၁) သုံးဆယ့်တစ်သော် အနိစ္စ ရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ကြာသပတေးကြယ် လတွင် ချင်း၏။ နံတော် ဝှေနေသွားတည်း။ ။

## ၂၁၆။ မင်းရိုး သိဃံမင်း အကြောင်း (၂၆)

သက္ကရာဇ် (၈၈)[1] ရှစ်ဆယ့်ရှစ်ခုသော် သိဃံ မင်းဖြစ်တော်မူ၏။ ထိုမင်းကား မင်းရိုး တည်း။ မြင်းကျွေးတွင် သားမရှိ၍ အမတ်တို့သည် ဥမျိုးကိုရှာ၍ မင်းပြုစေသတည်း။ အိမ်နိမ့် (၃၃) ငါးဆယ့်သုံး၊ စည်းစိမ် (၈) ရှစ်နှစ်၊ သက်တော် (၆၁) ခြောက်ဆယ့်တစ်သော် အနိစ္စရောက် တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် (၇) ရက်ပတ်လုံး ကောင်းကင်ဝယ် သွေးကဲ့သို့ ထင်ကုန်၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၂၁၇။ သိန်းခွန်မင်း အကြောင်း (၂၇)

သက္ကရာဇ် (၉၆)[2] ကိုးဆယ့်ခြောက်ခုသော် ထိုမင်းသားတော် ညီနှင့်အစ်ကို နန်းလုကြ၏။ သုံးလတိုင်မှ အစ်ကိုသိန်းခွန် နိုင်၍ နန်းတက်လေ၏။ ညီကား ပြေးလေ၏။ စလေအရပ်မှာ ပုန်းကွယ်၍ နေလေ၏။ အိမ်နိမ့် (၄၀) လေးဆယ်၊ စည်းစိမ် (၁၀)တစ်ဆယ်၊ သက်တော် (၅၀) ငါးဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နန်းတော်တွင်းသို့ ကျားသုံးခု ဝင်၍ တစ်ခုကား နန်းတော်ထက်သို့ တက်၏။ နံတော် အင်္ဂါသားတည်း။ ။

## ၂၁၈။ ရွှေလောင်းမင်း အကြောင်း (၂၈)

သက္ကရာဇ် (၁၀၆)[3] တစ်ရာခြောက်ခုသော် ထိုမင်း သားတော်ရွှေလောင်း မင်းဖြစ်တော်မူ၏၊ အိမ်နိမ့် (၂၀) နှစ်ဆယ်၊ စည်းစိမ် (၉) ကိုးနှစ်၊ သက်တော် (၂၉) နှစ်ဆယ့်ကိုးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နန်းတော်ဝယ် ပျားစွဲ၏။ ခွေးလည်း နန်းတော်ထက်တွင် သားမွေး၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

## ၂၁၉။ ထွန့်ထွင်းမင်း အကြောင်း (၂၉)

သက္ကရာဇ် (၁၁၅)[4] တစ်ရာ့တစ်ဆယ့်ငါးခုတွင် ထိုမင်း သားတော် ထွန့်ထွင်း မင်း ဖြစ်တော်မူ၏။ တောကစားရာဝယ် မြင်းထက်က ကျ၍ ရှားခြောင့်စူး၍ အနိစ္စရောက်တော်မူ၏။

---

[1]။ အေဒီ ၇၂၆ [2]။ အေဒီ ၇၃၄ [3]။ အေဒီ ၇၄၄ [4]။ အေဒီ ၇၅၃

အိမ်နိမ့် (၂၀) နှစ်ဆယ်၊ စည်းစိမ် (၉) ကိုးနှစ်၊ သက်တော် (၂၉) နှစ်ဆယ့်ကိုးသော် အနိစ္စ ရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ဒိန်နက်သည်း* သကြန် တစ်ပြိုင်နက် သင့်၏။ နံတော် စနေသားတည်း။

## ၂၂၀။ ရွှေမျောက်မင်း အကြောင်း (၃၀)

သက္ကရာဇ်(၁၂၄)[1] တစ်ရာနှစ်ဆယ့်လေးခုသော် ထိုမင်းသားတော်ရွှေမျောက် မင်းဖြစ်တော်မူ၏။ လုံလဝီရိယ လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံတော်မူ၏။ အိမ်နိမ့် (၁၉) တစ်ဆယ့်ကိုး၊ စည်းစိမ် (၂၃) နှစ်ဆယ့်သုံး၊ သက်တော် (၄၂) လေးဆယ့်နှစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် လဂ္ဂင် ကြာသပတေးကြယ် ချင်း၏။ သောကြာကြယ် တံခွန်ပြ၏။ နံတော် ကြာသပတေးသားတည်း။ ။

## ၂၂၁။ ထွန်လွတ်မင်း အကြောင်း (၃၁)

သက္ကရာဇ်(၁၄၇)[2] တစ်ရာလေးဆယ့်ခုနစ်ခုသော် ထိုမင်းညီထွန်လွတ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၀) သုံးဆယ်၊ စည်းစိမ် (၁၇) တစ်ဆယ့်ခုနစ်နှစ်၊ သက်တော် (၄၇) လေးဆယ့်ခုနစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် တစ်ရာသီတွင် ဂြိုဟ်ရှစ်လုံး စု၏။ စနေကြယ် တံခွန်ပြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၂၂၂။ စောခင်နှစ်မင်း အကြောင်း (၃၂)

သက္ကရာဇ် (၁၆၄)[3] တစ်ရာခြောက်ဆယ့်လေးခုသော် သားတော်စောခင်နှစ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၀) သုံးဆယ်၊ စည်းစိမ် (၂၇) နှစ်ဆယ့်ခုနစ်နှစ်၊ သက်တော် (၅၇) ငါးဆယ့်ခုနစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် စနေကြယ်၊ သောကြာကြယ် လဂ္ဂင် ဝင်၏။ နံတော် ကြာသပတေးသားတည်း။ ။

## ၂၂၃။ ခဲလူးမင်း အကြောင်း (၃၃)

သက္ကရာဇ် (၁၉၁)[4] တစ်ရာကိုးဆယ့်တစ်ခုသော် ထိုမင်းသားတော်ခဲလူး မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၂၃) နှစ်ဆယ့်သုံး၊ စည်းစိမ် (၁၇) တစ်ဆယ့်ခုနစ်နှစ်၊ သက်တော် (၄၀) လေးဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ကြာသပတေးကြယ် လဂ္ဂင် ချင်း၏။ သောကြာကြယ် တံခွန်ပြ၏။ ဒိန်နက်သည်းသကြန် တစ်ပြိုင်နက် သင့်၏။ နံတော် တနင်္ဂနွေသားတည်း။ ။

---

* ဒိန်နက်သည်းဟူသည် အလွန်မြဲ ထိထိတစ်လုံးပိုသောရက်တည်း။ မည်သည့်နှစ်မဆို တစ်နှစ်လျှင်ငါးကြိမ် တစ်ခါတစ်ရံ၌ ၆ ကြိမ်သော်လည်းကောင်း အလှည့်ကျ ကြုံတည်း။ တစ်ကြိမ်နှင့်တစ်ကြိမ်ကြား ခြောက်ဆယ့်နှစ်ရက်ကျော် ကွာသည်။ ယင်းသို့ ရောက်ရှိလာလျှင် သကြန်နှင့် တစ်ပြိုင်နက်ဆိုင်မိလျှင် မင်းတို့ နတ်ရွာစံတတ်သည်ဟု အယူရှိသည်။ ယင်းကိန်းကို မဟာဝဂ္ဂ ကျမ်းအရ ဒိန်နက်သည်း/ သဒ္ဒါကျမ်းအရ ဒိနဝယ(ရက်ကုန်သည်)ဟု ခေါ်သည်။

၁။ ဝေဒ ၇၆၂ ၂။ ဝေဒ ၇၈၅ ၃။ ဝေဒ ၈၀၂ ၄။ ဝေဒ ၈၂၉

## ၂၂၄။ ပျဉ်ပြားမင်း အကြောင်း (၃၄)

သက္ကရာဇ် (၂၀၈)[1] နှစ်ရာရှစ်ခုသော် ထိုမင်း ညီတော် ပျဉ်ပြား မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၀) သုံးဆယ်၊ စည်းစိမ် (၁၂) တစ်ဆယ့်နှစ်*၊ သက်တော် (၄၂) လေးဆယ့်နှစ်သော် နန်းရောက်တော်မူ၏။ ပျဉ်ပြားမင်း နန်းတက်၍ ၃-နှစ်တွင် ပုဂံပြို့ကို တည်တော်မူ၏။ တည်သည့် သက္ကရာဇ် (၂၁၁)[2] နှစ်ရာတစ်ဆယ့်တစ်ခုတည်း။ အနိစ္စရောက်တော်မူလိုသော် သောကြာကြယ် တံခွန်ပြ၏။ ဒိန်နက်သည်းသကြန် တစ်ပြိုင်နက် သင့်၏။ နံတော် တနင်္လာသားတည်း။ ။

## ၂၂၅။ တန်နက်မင်း အကြောင်း (၃၅)

သက္ကရာဇ် (၂၂၀)[3] နှစ်ရာနှစ်ဆယ်တွင် ထိုမင်းသားတော် တန်နက် မင်းဖြစ်တော်မူ၏။ ထိုမင်းကား မြင်းကို ချစ်လှစွာ၏။ မြင်းကိုလည်း တတ်လှစွာ၏။ ညဉ့်အခါ မြင်းတင်းကုပ်သို့ သက်၍ ကြည့်စမြဲတည်း။ ကြည့်ရာတွင် စလေငခွေး လုပ်ကြံလေသတည်း။ အိမ်နိမ့် (၁၈) တစ်ဆယ့်ရှစ်နှစ်၊ စည်းစိမ် (၁၈) တစ်ဆယ့်ရှစ်နှစ်၊ သက်တော် (၃၆) သုံးဆယ့်ခြောက်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စ ရောက်တော်မူလိုသော် သောကြာကြယ် တံခွန်ပြ၏။ ဒိန်နက်သည်းသကြန် တစ်ပြိုင်နက် သင့်၏။ နံတော် သောကြာသားတည်း။ ။

## ၂၂၆။ စလေငခွေးမင်း အကြောင်း (၃၆)

သက္ကရာဇ် (၂၃၈)[4] နှစ်ရာသုံးဆယ့်ရှစ်ခုသော် စလေငခွေး မင်းဖြစ်တော်မူ၏။ ငခွေး အကြောင်းကား အထက်က သိန်းခွန်ညီအစ်ကို တိုက်ကြ၍ အစ်ကို နိုင်လျှင် ညီ ပြေးလေ၏။ စလေအရပ်မှာ ပုန်းကွယ်၍ နေလေ၏။ ထိုသူ၏ မြေးဖြစ်သော ငခွေးကို ငခွေးမိဘတို့သည် မကျွေးနိုင်၍ သူကြွယ်တစ်ယောက်မှာ ရောင်းလေ၏။ ထိုငခွေးကား-ကွမ်းပန်း ဖယောင်း လိမ်းရေ နံ့သာကို ချစ်၏။ ဝတ်ကောင်းစားကောင်းကို ချစ်၏။ တစ်နေ့ ၃-ခါ ဆံကို အနံ့ပြီးသောဟူ၏။ တစ်ရံရောအခါ အရှင်သူကြွယ်သည် လှေထိုးထည့်လေ၏။ ပုဂံသို့ရောက်ခင် ညဉ့်တွင် အိပ်မက် မက်လေ၏။ မိုးသောက်လျှင် လှေကို ထိုး၍ ဆန်ခဲ့၏။ လှေထိုးရာဝယ် မုနောလင်ပန်းကို ထိုးမိ၍ ထိုးဝါးတွင် ငြိ၍ပါလာ၏။ ငခွေးလည်း မုနောလင်ပန်း ပါလာကြောင်းကို သိလျှင် ငါ့အိပ်မက် ဖြစ်ခဲလှသည်။ သည်မုနောလင်ပန်းနှင့် ကျေလေတော့မည်ဟူ၍ မုနောလင်ပန်းကို ထိုးချခဲ့၏။ ပုဂံသို့ ရောက်လေသော် မင်း၏ဆရာဖြစ်သော ပုရောဟိတ်အိမ်သို့ သွားလေ၏။ ပုဏ္ဏားလည်း မရှိနိုက်ဖြစ်၍ ပုဏ္ဏေးမကို အကြောင်းပြန်လေ၏။ ပုဏ္ဏေးမလည်း ဘုန်းကြီးမည်၊ သက်ရှည်မည် ဟူ၍ ဆိုလိုက်၏။

ငခွေးလည်း မှတ်မှတ်ရရ မဖတ်ပါသောကြောင့် ဆင်း၍ သွားလေ၏။ ထိုခဏ္ဍ ပုဏ္ဏား ရောက်လေ၍ ငါမရှိနေခက် အဘယ်သူ လာသနည်းဟု မယားကိုမေး၏။ မိန်းမလည်း လုလင် တစ်ယောက် အိပ်မက်ကို ပြန်လာသောကြောင့် ငါသည်ကဲ့သို့ ဖတ်ပေးသည်ဟူ၍ ပြော၏။

---

၁။ အေဒီ ၈၄၆ ၂။ အေဒီ ၈၄၉ ၃။ အေဒီ ၈၅၈ ၄။ အေဒီ ၈၇၆ * ပျဉ်ပြားမင်း၏ စည်းစိမ်ကို ဦးကုလားမဟာရာဇဝင်ကြီးတွင် ၁၂ နှစ်၊ မှန်နန်း(ပ)၊ ၂၀၀၃၊ စာ ၂၁၉ တွင် ၃၂ နှစ်ဟု ပြဆိုထားသည်။ ပျဉ်ပြားမင်းမှ စတင်၍ ပုဂံမင်းများ၏ နန်းစံ သက္ကရာဇ်များ ကွဲလွဲသည်ကို တွေ့ရသည်။ နောက်ဆက်တွဲ(ပ) မြန်မာမင်းဆက်များ ဇယားကို ကြည့်ပါ။ ထိုဇယားပါ နန်းစံနှစ် သက္ကရာဇ်များသည် ရှေ့သည့် အထောက်အထားများ အရ မှန်ကန် နိုင်လှသည်ဟု မှတ်နိုင်သည်။

လင်ပုဏ္ဏားလည်း အိပ်မက်ကိုကြားသော် မယားဆံထုံးကိုလှိုး၍ အောက်သို့ ပစ်လိုက်လေ၏။ ပစ်သောကြောင့် ဆံထုံးကို နိုးကြီးပစ်လေ၏။ ပုဏ္ဏားလည်း အိပ်မက်ပြန်လာသော သူ့ကို အလျင်လိုက်၍ ခေါ်ရလေ၏။ ရောက်လာလျှင် "အမောင်ကား–အဘယ်အရပ်၌ နေသနည်း၊ အမောင်ကား–အဘယ်သူ၏ အမျိုးအနွယ်နည်း၊ အမောင်မက်သော အိပ်မက်သည်ကား အလွန် ဖြစ်ခဲလှသည်၊ သီတင်းသီလကိုလည်း ဆောက်တည်ပါလေ။ မကြာမတင် ပုဂံပြည်ကြီးကို အစိုးရသော မင်းဖြစ်လတ္တံ့။ အမောင် မင်းဖြစ်သောအခါ ငါ့ကို မမေ့ပါစေနှင့်" ဟူ၍ ဆိုလိုက်၏။ အရှင် ခွေးလည်း ကုန်စည်အရောင်းအဝယ် ပြီးလျှင် မိမိအရပ် စလေသို့ ရုန်လေ၏။ ခွေးလည်း သည်းမခံနိုင်၍

ခွေးလည်း ခွေးကို ညှဉ်းပန်း၍ ပုပြင်းစွာ ခေါ်ပါးလေ၏။ အသွင်အပြင်ကိုမြင်သော် သနားတော် ချုပ်ကြွယ်လည်း ခွေးကို တန်နက်မင်းမှာ ဝင်၍စားလေ၏။ မင်းလည်း ၎င်းလည်း မြင်းကိုချစ်တတ်စွာသည်ဖြစ်၍ မောင်းမ ရှည် ဖြစ်၍ မြင်းခံထည့်လေ၏။ ထိုမင်းကြီးလည်း မြင်းကိုချစ်တတ်သည် လာတော်မူ၏။ မင်းကြီးလည်း မြင်းခံကို ခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။ "အချင်းမြင်းခံတို့– မြင်းချေးကို ဝေးစွာသွား၍ သွန်သော ထက် မြင်းတင်းကုပ်အနီး၌ တွင်းနက်နက်တူးပြီးလျှင် မြင်းချေးတို့ကို တွင်း၍ထည့်ပြီးမှ ဆွေ့ ရာ က ချ၍ မီးထည့်။ နောက်ထည့်သော မြင်းချေးလည်း မီး၏အရှိန်ဖြင့် သွေ့နှင့် လောင်နှင့်စေ" ဟူ၍ မိန့်တော်မူ၏။ မြင်းခံလည်း မင်းကြီး ဆိုတိုင်း ပြုလေ၏။

အခါတစ်ပါးသောနေ့၌ မောင်းမငယ်နှင့်မြင်းခံ စကားဝင်၍ မင်းကြီးကို မြင်းချေးတွင်း ဝယ် တွန်းဘိ၏။ မြင်းခံလည်း မိဖုရားမောင်းမတို့ကို အလိုသို့ပါအောင် ခြိမ်းခြောက်၍ အလိုသို့ ပါလျှင် မင်းပြုလေ၏။ ခွေးကား–ဘုရားရှင် တန့်ကြည်တောင်၌ ဗျာဒိတ်ထားတော်မူသောအခါ ဘုရားရှင်ကို နေမပူစေရအောင် အင်ဖက် ၃ ချပ် ကာပေးသော တောင်စောင့်ဘီလူးကို "ချင်းသည် ဤပြည်တွင် မင်း ၃–ဖန် ဖြစ်လတ္တံ့။*" ဟု ဗျာဒိတ်ရသောသူဖြစ်၍ ဘုန်းတန်ခိုးအာနုဘော် ကြီး၏။ ဘီလူးအဖြစ်မှ စုတေလာသောသူဖြစ်၍ အမျက်စောင်းမာန် ကြီး၏။ အစားကြူး၏၊ မှူးမတ် ဗိုလ်ပါတို့လည်း ကြောက်ရွံ့ခြင်း ပြင်းသည်ဖြစ်၍ စားလေကုန်၏။

ထိုမင်းကား စလေအရပ်၌ သခင်ဖြစ်သောသူ ညှဉ်းပန်းဖူးလေသည်ကို အငြိုးထား၍ သခင်ကိုလည်း မင်းဖြစ်လျှင် သတ်လေသည်။ သခင်နှင့်တူသော သူတို့ကိုလည်း ဖမ်းဆီး၍ရလျှင် ရေကန်ဝယ် ချစေပြီးသော် ဝက်ဟူ၍ ဆင်ထက်က လှံနှင့်ထိုးသောဟူ၏။ ထိုသို့ ပြုဖန်များလတ် သော် အမတ်ဗိုလ်ပါတို့လည်း ဆင်ကဲကို တံစိုးများစွာပေး၍ ရေကန်ဝယ် ရေကစားစဉ် ဆင်ကဲ လည်း အောက်–ကကြိုးကိုဖြတ်၍ ကလည်လေလျှင် ကနှင့်တကွ ရေတွင် ကျလေ၏။ မှူးမတ် ဗိုလ်ပါတို့လည်း ရွံ့ညွန် တစ်ယောက်တစ်လက်ဖက်စီနှင့်ပစ်၍ အနိစ္စရောက်လေ၏။ ယခုတိုင် အောင် ထိုကန်ကို "ညွန်တစ်လက်ဖက်ကန်" ဟူ၍တွင်၏။ ထိုမင်းကား–အိမ်နိမ့် (၃၀) သုံးဆယ် စည်းစိမ် (၂၅) နှစ်ဆယ့်ငါး၊ သက်တော် (၅၅) ငါးဆယ့်ငါးသော် အနိစ္စရောက်တော်မူ၏၊ အနိစ္စရောက်တော်မူလိုသော် ဘီးလူး ထန်းပင်ရှိလောက် ကိုယ်ထင် ပြ၍ မင်းရင်ပြင်တွင် ရပ်လာ၏။ နံတော် စနေသားတည်း။ ။

## ၂၂၇။ သိန်းခိုမင်း အကြောင်း (၃၇)

သက္ကရာဇ် (၂၆၃)[၁] နှစ်ရာခြောက်ဆယ်သုံးခုသော် ထိုမင်းသားတော် **သိန်းခို** မင်းဖြစ်တော်

* ပထမအကြိမ် စလေငချွေမင်း၊ ဒုတိယအကြိမ် နရသူမင်း၊ တတိယအကြိမ် နရသီဟပတေ့မင်း(စာမျက်နှာ ၃၀၈နှင့် ၃၄၈ တွင် ကြည့်ပါ)။ ၁။ အေဒီ ၉၀၁

မှတ်၏။ သိမ်နှိပ် (၂၂) နှစ်ဆယ့်နှစ်၊ စည်းစိမ် (၁၆) တစ်ဆယ့်ခြောက်၊ သက်တော် (၃၈) သုံးဆယ့်ရှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်ဟန်ကား-မြင်းစီး၍ တောကစားသွားရာတွင် ထမင်းဆာမှတ်တော်မူ၍ တောင်သူကြီး သခွားယာတွင် ရွတ်၍ စားရေသော် မတိုင်မကြား ရွတ်သည်ဟူ၍ တောင်သူကြီး တူးရွင်းရိုးနှင့်ပုတ်ခတ်၍ အနိစ္စရောက်တော်မူ၏။ ရောက်လိုသော သောကြာကြယ် တံခွန်ပြ၏။ ကြာသပတေးကြယ်နှင့် သောကြာကြယ် ရှုပ်ကြ၏။ နေတော် စေ့သားတည်း။ ။

၂၅။ တောင်သူကြီးခေါ် ညောင်ဦးစောရဟန်းမင်း အကြောင်း (၃၈)

သက္ကရာဇ် (၂၇၉)[၁] နှစ်ရာခုနစ်ဆယ့်ကိုးခုသော် ညောင်ဦးစောရဟန်း မင်းဖြစ်တော်မူ၏။ မင်းဖြစ်ဟန်ကား-သိန်းခိုမင်း မြင်းခံသည် နောက်မှမီလာ၍ "ဟယ် တောင်သူကြီး၊ ငါတို့ခရှင် ကို အဘယ်ကြောင့် ပုတ်ခတ်ဘိသနည်း"ဟု ဆို၏။ နှင့်မင်းသည် ငါ့သခွားသီးကို ရွတ်၍ စားသည်ကို မပုတ်ဘဲတုံ တကား ဟူ၍ဆို၏။ မြင်းခံလည်း "ဟယ် တောင်သူကြီး-မင်းကို သတ်သောသူသည် မင်းဖြစ်မြဲ ဖြစ်သည်"ဟူ၍ လှည့်ပတ်သော စကားဖြင့် ဆိုလေ၏။ တောင်သူကြီးလည်း ငါ မင်း မပြုဘူး၊ သည်နှစ်သည် ငါ့သခွားသီးသည် ဈေးပေါ်နိုင်သကဲ့သို့ သီးသည်တမုံ ဟူ၍ဆို၏။ "ဟယ်-တောင်သူကြီး... နင့်သခွားသီးကိုလည်း နင်ပိုင်ရမည်။ မင်းစည်းစိမ်ကိုလည်း နင် ခံစားရမည်။ မင်း၏ စည်းစိမ်ချမ်းသာ ဟူသည်ကား အလွန်လျှင် ကြီးမြတ်လှ၏။ အဝတ်ကောင်း၊ အစားကောင်း၊ ရွှေ၊ ငွေ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ စပါး၊ ဆန် များလှစွာ၏"ဟု လှည့်ပတ်၍ ဆိုမှ လိုက်၏။

မြင်းခံလည်း သူမသိရအောင် တောင်သူကြီးကို နန်းတွင်းသို့ဆောင်ယူ၍ အကြောင်းမျိုး ကို စေ့စုံစွာ မိဖုရားအား လျှောက်လေ၏။ မိဖုရားလည်း ပညာရှိလှပေသည်ဟူ၍ ချီးမွမ်းတော် မူ၏။ မိဖုရားလည်း ပြည်ရွာ အနှောင့်အယှက် များလတ္တံ့သည်ကိုစိုး၍ အတွင်းသူကြီးလည်း ပြင်သို့မထွက်ရ။ ပြင်ကသူကြီးလည်း အတွင်းသို့ မဝင်ရ။ မင်းကြီးကိုယ်တော်မလုံဟူ၍ ဆီးတား ရ၏။ တောင်သူကြီးအားလည်း သွန်သင်ပဲ့ပြင်၍ ရေမွှေးချမ်းချိုးစေပြီးသော် ကြေညာင်ကသယ် နယ်စေ၍ မိဖုရားငယ်တစ်ယောက်လည်း တောင်သူကြီးကို မရိုမသေပြုရေသော် ညှိုကျွန်ယုတ် ကို အဘယ်သူ ထောင်းပါအံ့နည်းဟု ဆိုလျှင် တံခါးဝယ်ထားသော ကျောက်သူရုပ် ပြေးဝင်၍ သေအောင် ထောင်းဘိ၏။ ထိုကို မြင်ကြသော နန်းတော်အလုံးသည် အသားကို စားလတ္တံ့သို့ ကြောက်ရွံ့ကုန်၏။

မိဖုရားလည်း ၇-ရက်မစေ့ခင်တစ်နေ့ မင်းကြီး နက်ဖြန်ထွက်တော်မူအံ့သည်။ အမှုး အမတ်၊ ကလန်၊ သံပျင် တစ်ယောက်မျှမကြွင်း ဝင်လှည့်ကုန်ဟူ၍ ပြည်အလုံးကို မောင်းကြေး နှင်း လည်စေ၏။ မိုးသောက်ပြီးသော် မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် မင်းကြီးနန်းတော်သို့ တက်ကြလေ၏။ ရုံးမိလျှင် ဥကင်သတံခါးကို ရတ်ခြည်းဖွင့်လေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း လက်အုပ်ချီ၍ ဦးတိုက်ကြကုန်၏။ အမတ်ကြီးတစ်ယောက်သည် "ငါတို့သခင် မဟုတ်တကား၊ ရှင်မိဖုရားလည်း ငါတို့ကို မတိုင်ပင်"ဟူ၍ မရိုမသေသော စကားကို ဆိုပရေလျှင် တံခါးတွင် ထားသော ကျောက်သူရုပ် ပြေးထ၍ ထောင်းပြန်လေ၍ အမတ်ကြီးလည်း သေရေ၏။ ထိုအကြောင်းကို မြင်ကြသော အမှုးအမတ်၊ ကလန်၊ သံပျင် အစရှိသော တစ်ပြည်လုံးတို့သည် အသားစားလတ္တံ့သကဲ့သို့ ကြောက်ကြကုန်၏။

[၁] အေဒီ ၉၁၇

မြင်းခံလည်း မင်းဖွင့်နိုးရှဉ် လိမ္မာသောသူဖြစ်၍ မင်းကြီးကို တုတ်ဖြင့်ရိုက်၍ သေ သော် မင်းကြီးတန်ဆာ အဝတ်အစားနှင့်တကွ မြင်းကိုယူ၍ ရိုက်သသူမပါဘဲ ပြန်ပရချေသော် မိဖုရားစသော အမတ်ပြည်သူအပေါင်းတို့သည် မင်းကြီးကို မြင်းခံသတ်၍ သေရသည်ဟူ၍ ဆိုလတ္တံ့။ ရိုက်သော တောင်သူကြီးသည် သက်သေဖြစ်တော့သည် ဟူ၍ တောင်သူကြီးကို လှည့်ပတ်ဖြားယောင်း၍ မပါ-ပါအောင် ခေါ်လေ၏။ နန်းသို့ ရောက်လျှင်လည်း တစ်စုံ တစ်ယောက်သော သူကိုမျှ မသိစေရ။ မင်းကိုရိုက်၍ သေစေသောသူ ဟူ၍ ရှင်မိဖုရားအား ပြပြင်းသည်ကား ဉာဏ်ပဋိဘာန်နှင့် ပြည့်စုံသောသူဖြစ်၍ ကြံမိလေသည်ဟု ပညာရှိတို့ ဆိုကုန် ၏။

တောင်သူကြီးလည်း မင်းဖြစ်လျှင် ဘုန်းတန်ခိုးအာနုဘော်ကြီး၏။ မိမိသစွားယာအရပ်၌ ဥယျာဉ်ကြီး သာယာစွာပြီးသော် နဂါးရုပ်ကြီးစွာ လုပ်၍ထား၏။ ထိုသို့ နဂါးရုပ်လုပ်၍ ကိုးကွယ်ခြင်းသည်ကား-နဂါးသည် လှတို့ထက် မြတ်လေသည်။ တန်ခိုးလည်း ကြီးလေသည်။ ကိုးကွယ်ရသော် အကျိုးရှိမည်ဟူ၍ မှတ်မှား၍ပြုလေသတည်း။ ထိုမှတစ်ပါးလည်း ရသေ့ပြည် တွင်း အစရှိသော သထုံပြည်တို့မှာ စည်းခံ့ပုထိုးရှိသည်ကို အကြောင်းပြု၍ အယူမှားသော ရှင်အရည်းတို့နှင့် တိုင်ပင်၍ ပုထိုးကြီးတစ်လုံး၊ ပုထိုးငယ်တစ်လုံး၊ ပုထိုးသားများတစ်လုံး၊ သင်လယ်ပုထိုး တစ်လုံး၊ စိတ်တည်ပုထိုးတစ်လုံး၊ ဤပုထိုး ၅လုံးကိုတည်၏။ ထိုပုထိုးတို့တွင် နတ်ရုပ်လည်း မမည်၊ ဘုရားရုပ်လည်း မမည် လုပ်၍ ညနံနက် ထမင်း ဟင်း သေစာ တင်၍ ကိုးကွယ်သည် ဖြစ်၏။ "နတ်တော်ကျောင်းဒကာ မင်းချမ်းသာ"ဟူ၍လည်း တွင်၏။ ဘုရားရှင် ပရိယတ္တိသာသနာတော် မရောက် မတည်ချေသောကြောင့် မင်းအဆက်ဆက်တို့ လက်ထက် လည်း ပဋိပတ္တိ သာသနာတော် မဖြစ်နိုင် ရှိချေသည်။ သမထီး အရည်းတို့ အယူကိုသာ တစ်ပြည်လုံး ယူကြကုန်၏။ ထိုစောရဟန်းမင်းသည် တောင်သူဖြစ်၍ ယာလုပ်၍ နေရာအခိုက် တွင် မင်းကိုလုပ်ကြ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်မည်သူ ဖြစ်လျက် မိမိပြုဖူးသော ကုသိုလ်ကံ အကျိုးကြောင့် မင်းအဖြစ်ကို စင်ရလေသည်။

ဘုရားရှင် တရားတော်မှာလည်း "အစိန္တိ တမ္ပိ ဘဝတိ၊ စိန္တိ တမ္ပိ ဝိနဿတိ"ဟူ၍ တရားတော် ရှိသည်။ ပြုဖူးသော ကုသိုလ်ကံ ကြီးသောသူသည်။ ။ အစိန္တိ တမ္ပိ၊ မကြံဘြားသော်လည်း။ ဘဝတိ၊ ဖြစ်တတ်၏။ ပြုဖူးသော ကုသိုလ်ကံ မရှိသောသူသည် ။ ။ စိန္တိ တမ္ပိ၊ ကြိုးစားအားထုတ်၍ ကြံပါ ဘြားသော်လည်း။ ဝိနဿတိ၊ ပျက်တတ်၏ ။ ။ဟူ၍ တရားတော် လာသည်။ ထို့ကြောင့် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ကြီးမြင့် ကြွယ်ဝပါစေ ဟူ၍ လွန်စွာ အားထုတ်ဘြားသော်လည်း ပြုဖူးသော ကုသိုလ်ကံ မရှိချက မဖြစ်ရာချေ။ ပြုဖူးသော ကုသိုလ်ကံ ကြီးသောသူတို့သည် များစွာ မကြံဘဲ ကြီးမြင့် ကြွယ်ဝသော ထုံးစံသက်သေကား များ၏။

ထိုညောင်ဦးစောရဟန်းကား ကြောင်းဖြူမင်းအား သိကြား ချီးပင့်၍လာသည်ကို ငါ ရှိလျက်ကို အဘယ်သူ မင်းပြုအံ့ဟု နန်းဦးက ရပ်၍ဆိုချေလျှင် မိမိပြုဖူးသော ကုသိုလ်ကံသည် အပြီးသို့ ရောက်ပြီဖြစ်၍ တံခါးဝယ်ထားသော ကျောက်သူရုပ် တွန်း၍ နန်းဦးက ဦးခေါက် ကျလျှင် အနိစ္စရောက်လေ၏။ အိမ်နိမ့် (၄၅) လေးဆယ့်ငါး၊ မင်းစည်းစိမ် (၃၃) သုံးဆယ့်သုံး၊ သက်တော် (၇၈) ခုနစ်ဆယ့်ရှစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် တစ်ရာသီတည်းတွင် ပြိုဟ်ရှစ်လုံး စု၏။ နန်းတော်ထက်တွင် ဘီလူး ကိုယ်ထင်ပြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ။

## ၂၂၉။ ကြောင်းဖြူမင်း အကြောင်း

သက္ကရာဇ် (၃၁၂)[1] သုံးရာတစ်ဆယ့်နှစ်ခုသော် ကွမ်းဆော်ကြောင်းဖြူ မင်းဖြစ်တော်မူ၏။ ကြောင်းဖြူမင်း အကြောင်းကား–တန်နက်မင်း မိဖုရားတစ်ယောက်သည် တန်နက်မင်းကို လေလေချေ လုပ်ကြံလေ၍ မင်းပြုသောအခါ ငရွှေးမိဖုရား မခံလို၍ ဝမ်းတွင်းပဋိသန္ဓေနှင့်တကွ နန်းက ဆင်း၍ပြေး၏။ ကြောင်းဖြူအရပ်မှာ နေလေသတည်း။ ထိုအရပ်ကား သုဝဏ္ဏသောတ နဂါးပြည်သို့ သွားသော နဂါးလမ်းကြောင်းဟူသတည်း။ ရွှေကြောင်းလည်း ဟူ၏။ ထိုအရပ်၌ ကြောင်းဖြူမင်းကို ဖွား၏။ ကြောင်းဖြူမင်း ငယ်သောအခါ သူငယ်ချင်းများနှင့်တကွ ကစားလေသော် အဖမဲ့သားဟူ၍ ဆဲရေးလေ၏။ ကြောင်းဖြူမင်းလည်း မယ်တော်ကို ရွာသူသားတို့ အဖမဲ့သား ဆဲရေးသည်ဟု ပြော၏။ မယ်တော်လည်း "သားမွန်... သင်၏အဖကား လူမည်ကာ မဟုတ်၊ ဤပြည်ကို အစိုးရသောမင်းတည်း။ သင့်အဖကို သူလုပ်ကြံ၍ စည်းစိမ်ကိုလုလေသည်။ သူ မယားပြုလတ္တံ့သည်ကို စိုးရိမ်သဖြင့် အမောင့်ကို ဝမ်းတွင် ပဋိသန္ဓေနှင့်တကွ ရှောင်ရှား ပုန်းကွယ်၍ ငါနေရာတွင် အမောင့်ကို မွေးမြင်သည်" ဟု ဆိုလေ၏။

ကြောင်းဖြူမင်းလည်း မယ်တော်စကားကိုကြားလေသော် ခမည်းတော်အရာကို ငါရသည် ဖြစ်စေသော်ဟူ၍ သစ္စာဓိဋ္ဌာန်ပြုလျက် မင်းကြီးဝယ် စားလေ၏။ မင်းကြီးလည်း လက်ထုပ်ကို ကွမ်းဆော် ထည့်တော်မူလေ၏။ အချို့သော ရာဇဝင်မှာ တောင်ဘက် မြောင်လုကွမ်းကို ဆော်သည်ဟူ၍ ဆိုလေသည်။ ကြောင်းဖြူမင်းသည် မယ်တော်ကို သိမ်မွေ့စွာ လုပ်ကျွေး မွေးမြူ၏။ မယ်တော်လည်း သားတော် ကွမ်းဆော်သွားရာ စားတော် ကောင်းမွန်စွာစီရင်၍ နေ့တိုင်းမပြတ် ထုပ်၏။ သားတော်လည်း မယ်တော်ထုပ်လိုက်သော စားမြိန်စာကို စောင်ချမ်းပင်ကြီး အောက်၌ဖြေ၍ နေ့တိုင်းမပြတ် စားစမြဲပြု၏။ စားဦးကိုလည်း စောင်ချမ်းပင်တွင် တင်စမြဲပြု၏။ အချို့သော ရာဇဝင်မှာ ကြံပင် ဟူ၍ဆို၏။ စောင်ချမ်းပင်စောင့်နတ်လည်း သည်သူသည် စားမြိန်စာ စားတိုင်း ငါ့ကို စားဦးပေးပေ၏။ ဤလုလင်သည် အဘယ်ကဲ့သို့ ဖြစ်လတ္တံ့ဟူ၍ ဉာဏ်ဖြင့် ဆင်ခြင်လေသော် မကြာမတင် မင်းဖြစ်လတ္တံ့သည်ကို မြင်၍ ဤသို့ ဆို၏။ "သင်သည် ငါ့အား စားဦးကို နေ့တိုင်းပေးသည်။ သင် ဘုန်းကြီးလိုသော် သရဏဂုံ ပဉ္စသီကို နေ့တိုင်း မြဲစွာ ဆောက်တည်လေ။ သစ္စာစကားကိုလည်း မှန်အောင် သုံးလေ။ အနုဿတိ ဆယ်ပါးကိုလည်း တစ်နေ့ နှစ်ထောင် ရအောင် စီးဖြန်းလေ" ဟူ၍ စောင်ချမ်းပင်စောင့်နတ် ကိုယ်ထင်ပြ၍ ဆိုလေ၏။ မင်းသားလည်း ထိုနတ် ဆိုသည့် နေ့မှစ၍ အမြဲ ဆောက်တည်လေ၏။ ။

## ၂၃၀။ ကြောင်းဖြူမင်းအား မြင်းပျံ၊ လှံ၊ ဓား၊ ပတ္တမြားဦးသျှောင်ကျင်၊ လက်စွပ်တို့ကို သိကြား ဆောက်နှင်းခြင်း အကြောင်း

ထိုအခါ ပုဂံပြည်တွင် မင်းလောင်းပေါ်မည် ဟူ၍ ကျော်စော၏။ မည်သည့်နေ့ရက်ကို မင်းလောင်း လာရောက်လမည်၊ မင်းလောင်းကို ပူဇော်အံ့၊ ကြည့်ကြအံ့ဟူ၍ အုတ်အုတ်ကျက်ကျက် တူးရွင်းတောင်သို့ ပြေးကြလေကုန်၏။ ထိုအခါ ကွမ်းဆော်မင်းလည်း "ငါသည် ကွမ်းကို ဆောဆောဆော်၍ မင်းလောင်းကြည့်ပါအံ့" ဟူ၍ မယ်တော်အား "စားမြိန်စာကို စောစောထုပ်ပါ" ဟု ဆို၏။ မယ်တော်လည်း သားတော် ဆိုတိုင်း ထုပ်၏။ သားတော်လည်း စားမြိန်စာထုပ်ကိုယူ၍

---

[1] အေဒီ ၉၅၀

ညှိက သွားလေ၏။ လက်ထုပ်သို့ရောက်လျှင် ကွမ်းကိုအပြင်းဆော်၍ မင်းလောင်းကို ကြည့်၍ ဟု အလျင်လာခဲ့၏။ သိကြားမင်းလည်း သူအိုယောင်ဆောင်၍ မြင်းစီးလျက် မြင်းထက်က ကွမ်းဆော်ကို ဤသို့ဆို၏။ "လုလင်– သည် ငါစီးသောမြင်းကို ဗုဂံသို့ ယူနိုင်ပါလေ။ ငါမူကား သည်တွင် အနေးရှိပါသေးသည်"ဟူ၍ဆို၏။ ကွမ်းဆော်လည်း "မင်းလောင်းကို ငါကြည့်၍ ဆောင် သွားပါမည်။ အဘိုး မြင်းကို ငါမဆောင်နိုင်"ဟုဆို၏။ သူအို မြင်းရှင်လည်း "လုလင်– ရေချည်း သွားသောထက် မြင်းနှင်သွားသော် ခရီးမလျင်လော၊ သည်မြင်းကိုလည်း စီးလေ၊ သည်လို့ သည်ပဏ္ဏမြား လက်စွပ်တို့ကိုလည်း ဆင်ဝတ်လေ၊ သည်လို့ သည်ပဏ္ဏမြားဦးသျှောင်ကျင်၊ သည်ပဏ္ဏမြား သည်မြင်းကိုစီး၍ မင်းရင်ပြင်သို့ အရောက် သည်တို့ကိုလည်း နှံကိုင်လေ။ ငါ ကြာလျှင် သည်မြင်းကိုစီး၍ မင်းရင်ပြင်သို့ အရောက် သွားလေတော့"ဟူ၍ ဆို၏။

ကွမ်းဆော်လည်း သိကြားပေးသော လက်စွပ်ကို ဝတ်ပြီးသော် ဦးသျှောင်ကျင်ကိုတပ်၍ သီလဝံသတား အရိန္ဒမာလှံတို့ကို ကိုင်စွဲလျက် မင်းလောင်း လာသည်ကို ကြည့်မိအောင်ဟု မြင်းကို အပြင်းနှင်လေ၏။ အမှူးအမတ်၊ ကာလန်၊ သံပျင် အစရှိသော ပြည်သူ လူတကာ အပေါင်းတို့သည် ကွမ်းဆော် မြင်းစီး၍ လာသည်ကိုမြင်လျှင် သိကြားပေးသော တန်ဆာနှင့် တကွဖြစ်၍ အရောင်အဝါသည် တက်သစ်သော နေကဲ့သို့ ထင်၍ ဦးတိုက်ကြကုန်၏။ ကွမ်းဆော် လည်း ငါ့ကိုပင် ဖြစ်ချေသည်။ အထက်ကလည်း စောင်ချမ်းပင်စောင့်နတ် ဆိုဖူးလေသည်ဟု နှလုံးက ထားပြီးမှ နန်းတွင်းတိုင်အောင် မြင်းနှင့်ဝင်လေ၏။ စောရဟန်းမင်းလည်း ငါရှိလျက်ကို အဘယ်သူ ဝင်အံ့နည်းဟု နန်းဦးက ရပ်၍ဆို၏။ ထိုအခါ တံခါးဝယ် ထားသော ကျောက်သူရဲ တွန်းချ၍ နန်းတော်က ဦးစောက်ကျလျှင် အနိစ္စရောက်တော်မူလေ၏။ ညောင်ဦးစောရဟန်းမင်း သည် မင်းသမီး ညီအစ်မတော် သုံးပါးကို မိဖုရားမြှောက်၍ အကြီးကို တောင်ပြင်သည်ဟု တွင်၏။ အငယ်ကို မြောက်ပြင်သည်ဟု တွင်၏။ အလတ်ကို အလယ်ပြင်သည်ဟု တွင်၏။ အလယ်ပြင် ထိုသုံးပါးတွင် အကြီး တောင်ပြင်သည်တွင် ကျည်းဆို*ကို ပဋိသန္ဓေ ၉ လ၊ အလယ်ပြင် သည်တွင် စုက္ကတေးကို ပဋိသန္ဓေ ၆ လ ရှိသောအခါ ညောင်ဦးစောရဟန်း အနိစ္စရောက် တော်မူ၏။

ကွမ်းဆော် မင်းဖြစ်တော်မူလျှင် ထိုမိဖုရား ၃–ပါးတို့ကို မိဖုရားမြှောက်တော်မူ၏။ များမကြာလျှင် မိဖုရား မြှောက်ပြင်သည်တွင် အနော်ရထာမင်းစောကို ဖွား၍ ကျည်းဆိုနှင့် စုက္ကတေး အရွယ်သို့ရောက်လျှင် ကျောင်းသာယာစွာပြု၍ ကွမ်းဆော်မင်းကို သာစုခေါ်တော်မူပါ ဟု လျှောက်လေ၏။ ကွမ်းဆော်မင်းလည်း မစူးမစမ်း မဆင်မခြင် ယုံကြည်တော်မူ၍ လိုက်တော် မူလေ၏။ ကျည်းဆိုနှင့် စုက္ကတေးလည်း မင်းကြီးကို ဖမ်းပြီးသော် ခြိမ်းခြောက်၍ ရဟန်းပြုစေ၏။ မင်းကြီးကား သံသရာကို ချစ်မြတ်နိုးတော်မူ၍ ရဟန်းပြုတော်မူလေသည်ဟု ကောလာဟလ ဖြစ်စေ၏။ ကွမ်းဆော်ကြောင်းဖြူမင်းကား အိမ်နိမ့် (၇၄) ခုနှစ်ဆယ့်လေး၊ စည်းစိမ် (၂၁) နှစ်ဆယ့်တစ်၊ သက်တော် (၉၅) ကိုးဆယ့်ငါး ရောက်သောအခါ နန်းကျတော်မူ၏။ နံတော် တနင်္ဂနွေသားတည်း။ နန်းကျလိုသော် ဘုရားပုထိုး ပြာဋိဟာ ပြု၏။ သောကြာကြယ် လထက် နင်း၏။ လဆန်း ၂ ရက်ကို လဝန်း ညီ၏။ ၇–ရက်တိုင်အောင် လေျင်လှုပ်၏။ မြစ်ရေ တန့်၏။ (မှန်နန်း မဟာရာဇဝင်၌ ၎င်းမင်း အိမ်နိမ့် ၄၈ နှစ်ဟု ဆို၏။)

---

* ကျည်နီ [မှန်နန်း(ပ)၊ ၂၀၀၃၊ စာ ၂၂၇ ]

## ၂၃၁။ ကျည်းဆိုမင်း အကြောင်း (၄၀)

သက္ကရာဇ် (၃၃၃)[၁] သုံးရာသုံးဆယ့်သုံးခုသော် ကျည်းဆို မင်းဖြစ်တော်မူ၏။ ထိုမင်း ... ချင်းတွင်းညွန်တန်အရပ်မှာ မင်းတဲဆောက်၍ ဇနက်ကို့ဆယ်ရွာတိုက်သို့သွား၍ မပြတ် သမင် ကစားတော်မူ၏။ အခါတစ်ပါးသော် မုဆိုးတစ်ယောက်သည် သမင် ရသောက်ကို ဆောင်လေသတည်း။ မင်းကြီးလည်း သမင်စောင့်ရာသို့ ရောက်လေ၍ မင်းကြီးကို သမင်ဖြင့်လွှင် လန့်၍ ချိုးလေ၏။ မုဆိုးလည်း မင်းမှန်း မသိသောကြောင့် လေးနှင့်ပစ်၍ အနိစ္စရောက်တော် မူလေ၏။ အိမ်နိမ့် (၂၁) နှစ်ဆယ်တစ်၊ စည်းစိမ် (၆) ခြောက်နှစ်၊ သက်တော် (၂၇) နှစ်ဆယ့်ခုနစ် သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နန်းတော်ကို ဘီလူး ရယ်၍ သစ္စာတိုင်အောင် အုတ်ခဲနှင့် ပစ်၏။ နံတော် အင်္ဂါသားတည်း။ ။

## ၂၃၂။ စုက္ကတေးမင်း အကြောင်း (၄၁)

သက္ကရာဇ် (၃၃၉)[၂] သုံးရာသုံးဆယ့်ကိုးခုသော် ထိုမင်း ညီတော် စုက္ကတေး မင်းဖြစ်တော် မူ၏။ ထိုမင်း၀ယ် အနော်ရထာစော ခစားပါလေသတည်း။ အနော်ရထာစော မယ်တော်ကား ကြောင်းဖြူမင်းကို လုပ်ကျွေး၍ အတူနေ၏။ အနော်ရထာစောလည်း ခမည်းတော်၊ မယ်တော်နှင့် အတူနေတော်မူ၏။ အခါတစ်ပါးသော် နောင်တော်စုက္ကတေးသည် အနော်ရထာစော စားရာ ၀ယ် "ညီသား နောင်မယ်" ဟုခေါ်၏။ ထိုသို့ ခေါ်လေသော အကြောင်းကား မိထွေးတော် ဖြစ်သော အနော်ရထာစော မယ်တော်ကို စိတ်တပ်၍ ခေါ်သတည်း။ ထိုသို့ ခေါ်လေသော အကြောင်းကို ခမည်းတော် ကြောင်းဖြူမင်းအား လျှောက်လေ၏။ ခမည်းတော်လည်း အမင်္ဂ ကို ယူလို၍ ဆိုသတည်းဟု မိန့်တော်မူ၏။ အနော်ရထာစောလည်း ကြီးစွာသော အမျက်သည် ဖြစ်၍ ခမည်းတော်၀ယ် သိကြားဆောက်နှင်းသော မြင်းအစရှိသော လက်နက်တိရိယာတို့ကို တောင်းလေ၏။ ခမည်းတော်လည်း အရိန္ဒမာလှံ၊ သီလ၀ံသဓား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြား ဦးသျှောင်ကျင်တို့ကို သားတော်အား ဆောက်နှင်းလေ၏။ "ငါ့မြင်းမှုကား–ငါ နန်းကျ ကတည်းကပင် လွှတ်၍ရှိလေသည်။ ငါ ၀တ်တော်မူသော လက်စွပ်ကိုပြလျှင် အဖမ်းခံလိမ့်မည်။ ရလျှင် သည်မြင်းကိုယူ၍ ပုပ္ပားအရပ်၌ အလုံးအရင်း များအောင် ဆည်းပူးလေ။ အင်အားနှင့် ပြည့်စုံမှ အမောင် နောင်တော်ကို လုပ်ကြလေ" ဟူ၍ မိန့်တော်မူ၏။

အချို့သော ရာဇ၀င်မှာ ကြောင်းဖြူမင်းမြင်းသည် စုက္ကတေးလက်တွင် ရှိလေသည်ကို အနော်ရထာစော ဖမ်း၍ယူသည်ဟု ဆိုသည်။ အနော်ရထာစောလည်း ခမည်းတော်မြင်းကို လက်စွပ်ပြ၍ ရပြီးလျှင် ပုပ္ပားအရပ်သို့သွား၍ အလုံးအရင်း ဆည်းပူးလေ၏။ မယ်တော်ကိုလည်း စုက္ကတေးယူ၍ မိဖုရားမြှောက်တော်မူ၏။ အချို့သောရာဇ၀င်မှာ အနော်ရထာစော မယ်တော်ကို အနော်ရထာစော ယူ၍ သွားလေသည် အဟန် ဆိုသည်။ ။

## ၂၃၃။ နောင်တော် စုက္ကတေးနှင့် အနော်ရထာစောတို့ မြင်းစီးချင်းတိုက်ပုံ အကြောင်း

အနော်ရထာစောလည်း အလုံးအရင်းနှင့် ပြည့်စုံပြီးသော် ပုဂံသို့ချီလာ၍ နောင်တော်ကို နန်းကိုတည်း ပေးမည်လော၊ စစ်တည်း ပြုမည်လော ဟူ၍ စေတော်မူလိုက်၏။ နောင်တော်

[၁] အေဒီ ၉၇၁ [၂] အေဒီ ၉၇၇

စုက္ကတေးလည်း ညီတော်က ဆိုသော စကားကို ကြားတော်မူလျှင် ဖြင်းစွာသော အမျက်ထွက်သည် ဖြစ်၍ "ချင်းမှုတည်းသည် ခံတွင်းတွင်မျှ နို့ဖတ်မစင်သေးသူဖြစ်လျက် ငါ့ကို တိုက်မည်" ဟု၍ ဆိုသော် အမတ် ဗိုလ်ပါတို့ ကြည့်ရှုသော နေ့စေ။ ငါနှင့် မြင်းတစ်စီးချင်း တိုက်မည်" ဟု မှာတော်မူလိုက်၏။ အနော်ရထာစောလည်း နောင်တော်က မှာလိုက်သော စကားကို ကြားတော်မူသော် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ချိန်းချက်သောနေ့သို့ ရောက်လျှင် နတ်မြင်းကိုစီး၍ ဓမည်းတော် ပေးသော လှံ၊ ဓားကို ယူပြီးသော် သမထီးချောင်းသို့ သွားတော်မူလေ၏။ နောင်တော် စုက္ကတေးလည်း ညီ အနော်ရထာစော မြင်းနှင့်လာသည်ကို မြင်တော်မူလျှင် ဆီး၍ကြိုနှင့်၏။ အနော်ရထာစောလည်း "နောင်တော် ငါထက် ကြီးသသူဖြစ်သည်၊ အလျှင်ထိုးလေ" ဟု မိန့်တော်မူ၏။ နောင်တော် စုက္ကတေးလည်း ညီတော်ကို လှံဖြင့်ထိုးလေ၏။ ညီတော် အနော်ရထာစော လည်း သိကြားလက်နက်ဖြစ်သော အရှိန်မာလှံဖြင့် ဆီးကာ၍ ကိုယ်တော်သို့မရောက်ဘဲ မြင်းကဦးကို ထိုးမိလေ၏။ စုက္ကတေးလည်း မိမိ ထိုးသော လှံချက်သည် ညီတော်သို့ မရောက်ဘဲ မြင်းကဦးသို့ ထိုးမိလေသည်ကို မြင်တော်မူသော် အလွန် ကြောက်ရွံ့ခြင်း ဖြင်းသည်ဖြစ်၍ မြင်းကဦးသို့ ထိုးမိလေသည်ကို မြင်တော်မူသော် အလွန် ကြောက်ရွံ့ခြင်း ဖြင်းသည်ဖြစ်၍ တန်တနိုက် ရှိတော်မူလေ၏။ ထိုသို့ ရှိသောအခါဝယ် ညီတော် အနော်ရထာစော အရှိန်မာလှံဖြင့် ထိုး၍ ရေ့မှသည် နောက်သို့ထွက်၍ သွားလေ၏။ စုက္ကတေးလည်း မြင်းနှင့်တကွ မြစ်နားသို့ ပါ၍ အနိစ္စရောက်တော်မူလေ၏။ ထိုအရပ်ကို "မြင်းကပါ" ဟု ယခုတိုင်အောင် တွင်၏။

အနော်ရထာစော မယ်တော်လည်း ငါ့သားတော် လှံဖြင့်ထိုး၍ စုက္ကတေး အနိစ္စရောက်ပြီ ကြားတော်မူသော် ရင်ဝတ်မှုမကပ်၊ ပုတ္တလုလင် ပုတ္တလုလင်ဟု ခေါ်ဆော်မြည်တမ်း၏။ ထိုအရပ်ကို "ပုတ္တလုလင်" ဟု နောက်မှ တွင်၏။ မယ်တော်တွင် ဘုရားတည်တော်မူ၏။ ထိုဘုရားကို "ရင်ဝတ်ကျွတ်" ဟု ရင်ဝတ် ကျွတ်ရာ အရပ်တွင်လည်း ဘုရားတည်တော်မူ၏။ ထိုဘုရားကို "ရင်ဝတ်ကျွတ်" ဟု နောက်မှတွင်၏။ စုက္ကတေးကား အိမ်နိမ့် (၂၇) နှစ်ဆယ့်ခုနစ်၊ စည်းစိမ် (၂၅) နှစ်ဆယ့်ငါးနှစ် နောက်မှတွင်၏။ စုက္ကတေးကား အိမ်နိမ့် (၂၇) နှစ်ဆယ့်ခုနစ်၊ စည်းစိမ် (၂၅) နှစ်ဆယ့်ငါး သက်တော် (၅၂) ငါးဆယ့်နှစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နန်းတော်ဝယ် ဥက္ကာတင်ချင်းလုံးရှိရှိ အစိုင်အခဲ ကျ၏။ နံတော် စနေသားတည်း။ ။

## ၂၃၄။ အနော်ရထာစော* မင်းပြုတော်မူကြောင်း (၄၂)

အနော်ရထာစောလည်း နောင်တော်ကိုလုပ်ကြံပြီးသော် ခမည်းတော်ကျောင်းသို့ သွား၍ မင်းပြုတော်မူပါဟု တောင်းပန်တော်မူ၏။ ခမည်းတော်လည်း ငါအသက်အရွယ်ကြီးပြီ၊ အမောင်သာ မင်းပြုတော့ဟု မိန့်တော်မူ၏။ သက္ကရာဇ် (၃၆၄)° သုံးရာခြောက်ဆယ့်လေးခုသော် နော်ရထာစော နန်းတက်၍ ရာဇာဘိသေက ခံတော်မူ၏။ ခမည်းတော်ကိုလည်း မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ မင်းဆောင်၊ မင်းယောင်၊ မင်းခမ်း၊ မင်းနား အကုန် ကျင်းပစေ၍ ရဟန်းမင်းပြုရလေ၏။ ထိုမင်းကား-မိဖုရား မောင်းမမိသံတို့နှင့် ထိုကျောင်းတွင် ရဟန်းမင်းအဖြစ် စံတော်မူ၏။

**အနော်ရထာမင်းစော**လည်း နောင်တော်ကို လုပ်ကြံမိသည်ဟူ၍ ခြောက်လတိုင်တိုင် စက်တော်မခေါ်တတ် ရှိ၏။ ထိုအခါ သိကြားမင်း လာ၍ ဤသို့ အိပ်မက်ပေးလေ၏။ မင်းကြီးသည် နောင်တော်အကြီးအား ဖြစ်မှားမိသော မကောင်းမှုမှ ခေါင်းပါးစေလိုသော် ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကို များစွာပြု၍ နောင်တော်အား အမျှဝေပေ။ ထိုမှတစ်ပါး

* အနော်ရထာမင်း၏ ဘွဲ့မည်ကို "မဟာရာဇာသိရိ အနိရုဒ္ဓဒေဝ" ဟု တွေ့ရှိရ၏။ ၁။ အေဒီ ၁၀၀၂

လည်း ရေတွင်း, ရေကန်, ဆည်မြောင်း, လယ်ချောင်းတို့ကို များစွာစီရင်၍ ဆောင်တော်အား
ပေးသနားသည် ဟူ၍ အိပ်မက်ပေးလာ၏။ ။

## ၂၃၅။ ဇမ္ဗူဒီပါကျွန်းသို့ သမီးကညာ ရှာရန် စေခိုင်းကြောင်း

မင်းကြီးလည်း နန်းတက်တော်မူပြီးလျှင် စောလူးမယ်တော် မိဖုရားမှတစ်ပါး ငါနှင့် ထိုက်တန်သော မင်းသမီးကို ဇမ္ဗူဒီပါ မြေအပြင်ဝယ် ရှာလေ ဟူ၍ အမတ်ရာဇတမန်ကို လက်ဆောင်ပဏ္ဏာ အများနှင့် လွှတ်တော်မူ၏။ အမတ်ရာဇတမန်လည်း မင်းနှင့် ထိုက်တန်သော သူကို မေးမြန်းစုံစမ်းသည် ရှိသော် မဇ္ဈိမတိုက်၌ ဝေသာလီပြည်တွင် မင်းပြုသော မင်း၏ သမီးတော် ၇-ပါးတွင် အကြီးဆုံးဖြစ်သော သယ်မိတ္တာမင်းသမီးသည် ရဟန်းမိန်းမအပေါင်းနှင့် တစ်ခုသော ဥယျာဉ်ဝယ် သီတင်းသုံးလေ၏။

ထိုအခါ သယ်မိတ္တာ ရဟန်းမိန်းမ စိုက်သော ဥသျှစ်ပင်တွင် ဥသျှစ်သီးတစ်လုံးသည် မှည့်ရည်ရှိ သီး၏။ ရင့်မှ၍ ကြွေကျလေသော် အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သတို့သမီးကို ရလေ၏။ ရဟန်းမိန်းမတို့လည်း ဝေသာလီမင်းကြီးကို ဆက်လေ၏။ မင်းကြီး လည်း ရစ်ရပဘာဝတီဟု မှည့်တော်မူ၏။ သားတော်အိမ်ရှေ့မင်း ဆင်ဖြူရှင်နှင့် စုံဖက်တော်မူ၏။ များကြာ ရစ်ရပဘာဝတီတွင် ပဉ္စကလျာဏီ အမည်ရှိသော သတို့သမီးကို မျက်နှာမြင်၍ မည်တော်လည်း အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသည်ဖြစ်၍ တစ်ပင်တိုင်ပြာသာဒ် နှင့် ထား၏။ ။

## ၂၃၆။ ဝေသာလီမင်းက သမီးတော် ပဉ္စကလျာဏီကို ဆက်သကြောင်း

ထိုအကြောင်းကို ရာဇတမန် အမတ် ကြားလေသော် ဝေသာလီပြည်*သို့ သွား၍ လက်ဆောင်ပဏ္ဏာအများ ဆက်ပြီးသော် ပေါက္ကာရာမ ပြည်ကြီးကို အစိုးရသော အနော်ရထာ မင်းစောတွင် မိဖုရား မရှိ၍ ပဉ္စကလျာဏီမင်းသမီးကို တောင်းပန်လာရသည်ဟု လျှောက်လေ၏။ ဝေသာလီမင်းလည်း အနော်ရထာမင်းက ပန်လာသည်၊ မပေး မနေသာ ဟူ၍ အခြွေအရံ ကိုယ်လုပ်တော် ရှစ်ကျိပ်နှင့်တကွ ပဉ္စကလျာဏီ မင်းသမီးကို ဝေါတွင် တင်၍ ပေးလိုက်၏။ အမတ်ရာဇတမန်လည်း ထိုမင်းသမီးကို ယူ၍ လာခဲ့၏။

ထိုမင်းသမီး၏ အဆင်းတော်သည်ကား အပြစ် ၆-ပါးမှလွတ်၍ ကောင်းခြင်းငါးပါးနှင့် လည်း ပြည့်စုံတော်မူ၏။ ဦးသစ်သော ရွှေအဆင်းနှင့် တူသည်ဖြစ်၍ နူးညံ့သိမ်မွေ့တော်မူ၏။ အမတ်ရာဇတမန်လည်း ထိုမင်းသမီး အဆင်းတော်ကိုမြင်လျှင် မရပ်မတည်နိုင်သောစိတ် ရှိသည် ဖြစ်၍ တစ်နေ့သ၌ သံဝါသဖြစ်ကြလေ၏။ အမတ်ရာဇတမန်ကား-ဤသို့ကြံ၏။ "အခြွေအရံ အပေါင်းနှင့်တကွ ပေါက္ကာရာမသို့ ရောက်သည်ရှိသော် မင်းကြီးအား အကြောင်းကိုလျှောက်၍ ကြားတော်မူလတ်သော် ကြီးစွာသော ပျက်စီးခြင်းသို့ ငါ ရောက်လတ္တံ့သည်" ဟု အကြံဖြစ်၍ မင်းသမီးနှင့် အတူပါသော အခြွေအရံ ကိုယ်လုပ်တို့ကို တစ်မြို့တစ်ယောက်၊ တစ်ရွာတစ်ယောက် အစုံအတိုင်းထားခဲ့၍ ဥညဝတီသို့ ရောက်လာ၏။ ရောက်ကြောင်းကို အနော်ရထာမင်းစောအား လျှောက်စေသော် အနော်ရထာမင်းစောလည်း စစ်အင်္ဂါ ၄-ပါးနှင့်တကွ ကြိုတော်မူ၏။ ရာဇ

* အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှ ရှေးအခါက ထင်ရှားသော မြို့တစ်မြို့။

တမန်လည်း မင်းသမီးကို ထားခဲ့၍ အနော်ရထာမင်းစောရှိရာ လာ၍ ဝေသာလီမင်း၏ သမီးရင်း မဟုတ်ဟု နားတော်လျှောက်သိ၏။ ဤသို့ လက္ခဏာမစုံသော မိန်းမကို အဘယ်ပြုရအံ့နည်းဟု စစ်အင်္ဂါ ၄-ဝါးနှင့်တကွ ပြန်တော်မူခဲ့၏။ ထိုအရပ်ကို "မင်းပြန်တောင်" ဟူ၍ ယခုတိုင်အောင် တွင်၏။

## ထိုဝဠုကလျာဒေဝီကို ယုံတော်မမူ၍ နှင်လိုက်ကြောင်း

၂၃၇။ ထိုဝဠုကလျာဒေဝီကို ယုံတော်မမူ၍ မေးမြန်းစိစစ်တော်မမူ၊ ရာဇတမန် လျှောက်သော စကားကို အနော်ရထာမင်းစောလည်း "ငါသို့သောမင်းကို မိမိသမီးကို မဆက်၊ ကျွန်သမီးကို ဆက်သည်" ဟု ယုံကြည်တော်မူ၍ ဆက်လိုက်သော မင်းသမီးကို ပရိမ္မအရပ်မှာ ထားလေဟု ရာဇတမန်ကို အမျက်တော်ထွက်၍ မင်းကြီး အာဏာတော်ကို ကြောက်၍ ပရိမ္မ* အရပ်၌ အမိန့်တော် ရှိလျှင် ရာဇတမန်လည်း တောင်သူကြီးလည်း သမီးရင်းကဲ့သို့ ချစ်မြတ်နိုး၍ တောင်သူကြီးကို အပ်၍ထားလေ၏။ အခါတစ်ပါး တောင်သူကြီး လုပ်သော ယာသို့ မင်းသမီးကို ခေါ်၍ လုပ်ကျွေးမွေးလေ၏။ ထိုအခါ နဂါးလုလင် သွားလေ၏။ မင်းသမီးလည်း တံတင်းကုပ်နှင့် ယာစောင့်လေ၏။ တစ်ယောက် လူယောင်ဆောင်၍ ထိုမင်းသမီးနှင့် သံဝါသ ဖြစ်ကြလေ၏။ ရည်လတ်သော ထိုမင်းသမီး၌ ပဋိသန္ဓေ တည်လေ၏။ ပဋိသန္ဓေ နေသောအခါ မြေကြီးလျှောင် ဖြင်းစွာ လွှင်၏။

## ၂၃၈။ ကျွန်စစ်သားကို ပဋိသန္ဓေ တည်နေရာ၌ ဖြစ်ပျက်ပုံများ

အနော်ရထာမင်းစောလည်း ထိုမြေလှုပ်သော အကြောင်းကို ဟူးရားဖြူ၊ ဟူးရာညိုတို့အား မေးတော်မူ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း အရှင်မင်းကြီးနောက်၌ မင်းပြုမည့်သူ မြောက်အရပ်မှာ ပဋိသန္ဓေ နေသည်ဟု နားတော်လျှောက်၏။ အနော်ရထာမင်းစောလည်း မြောက်အရပ်၌ သန္ဓေရှိသော မိန်းမတို့ကို စစ်ကြော၍ သတ်လေသည်။ ခုနစ်ထောင်ကျော် သေသောဟူ၏။ သေပြီလောဟူ၍ ဟူးရားဖြူ၊ ဟူးရားညိုတို့ကို မေးတော်မူပြန်၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း မသေချေသေး၊ အမိဝမ်း၌ ဖွားပြီးဟု နားတော်လျှောက်လေ၏။ သူငယ်နို့စို့ ပုခက်တွင်းကို စစ်၍သတ်ပြန်သည်။ ခြောက်ထောင်ကျော် သေသောဟူ၏။ မင်းကြီးလည်း သေပြီလောဟု မေးပြန်၏။ မသေချေသေး၊ စွာကျောင်းသားအရွယ် ရှိပြီဟု လျှောက်ပြန်၏။ စွာကျောင်းသားအရွယ်ကို စစ်၍သတ်ပြန်သည်။ ငါးထောင်ကျော် သေသောဟူ၏။ ထိုအခါတို့၌ မည်းတော် နဂါးလုလင် စောင့်၍ထားသောကြောင့် သတ်ရာသို့ မပါ ကျွန်ရစ်လေ၏။

## ၂၃၉။ ကျွန်စစ်သား၏ အမည်များကို စုပေါင်း၍ ပြခြင်း အကြောင်း

(၁) ထိုသို့ သတ်ရာသို့မပါ၊ ကျွန်ရစ်သည်ကို အကြောင်းပြု၍ ကျွန်ရစ်သားဟု အချို့ ရာဇဝင်မှာ ရေးကြသည်။

(၂) ကြန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသည်ကို အကြောင်းပြု၍လည်း အချို့ ရာဇဝင်မှာ ကြန်စစ်သား ဟူ၍ ရေးကြသည်။

---

* ပရိမ္မအရပ်မှာ စစ်ကိုင်းတိုင်း မြောင်မြို့နယ် အတွင်း၌ တည်ရှိသည်။

(၃) ပရိမ္မအရပ်မှာ ဖွားတော်မူသောကြောင့်လည်း ပရိမ်စစ်သား ဟူ၍လည်း ရေးကြသည်။

(၄) ရေတိုက်ရာတွင် စက်ထွက်၍ ကရား လန်သည်ကို အကြောင်းပြု၍ ကရားလန်စစ်သား ဟူ၍လည်း ရေးကြသည်။

(၅) ထေီးလှိုင်ရွာသူကြီး အရှင်* ဖြစ်သည်ကို အကြောင်းပြု၍လည်း ထီးလှိုင်ရှင် ဟူ၍လည်း ရေးကြသည်။ စကား လျှော့သင့်၍ ဆိုသည်။

ကျန်စစ်သား မယ်တော်လည်း သားတော်ကို မင်းကြီးဆရာတော် အထံဝယ် အပ်၍ ရဟန်းပြုလေ၏။ ဟူးရားဖြူ ဟူးရားညိုတို့လည်း ရဟန်းပြုပြီဟူ၍ လျှောက်ပြန်၏။ မင်းကြီးလည်း အဘယ်သို့သော အကြောင်းဖြင့် သိရအံ့နည်းဟု မေးတော်မူ၏။ ဆွမ်းပင့်၍ ကျွေးတော်မူ၍ ကရားနှင့် ရေတိုက်တော်မူလျှင် မင်းဖြစ်မည်သူ ခံတွင်းမှ စက်ပြောင်ပြောင် ထွက်လတ္တံ့သည်ဟု နားတော်လျှောက်၏။ မင်းကြီးလည်း ရဟန်းအပေါင်းတို့ကို အစဉ်အတိုင်း ပင့်၍ ရေတိုင်းလျှင် ဆွမ်းလုပ်ကျွေးတော်မူ၏။ တစ်နေ့သ၌ ကျန်စစ်သားကိုပင့်၍ ဆွမ်းလုပ်ကျွေးတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ကရားနှင့် အစဉ်အတိုင်း ရေတိုက်တော်မူ၏။ ထိုအခါ ကျန်စစ်သား ခံတွင်းမှ စက်ပြောင်ပြောင် ထွက်သည်ကို မင်းကြီး မြင်လေသော် လန့်တော်မူ၍ ကရားလန်လေ၏။ မင်းကြီးလည်း "ငါ့စည်းစိမ်ကို လုမည်လော" ဟု မေးတော်မူ၏။ ဟူးရားဖြူ ဟူးရားညိုတို့လည်း "အရှင်မင်းကြီး– နောက်တစ်ဆက်လွန်မှ မင်းဖြစ်လတ္တံ့" ဟု လျှောက်သည်။ မင်းကြီးလည်း "သင်တို့ ယခုမှ သည်စကားကို ငါ့အား လျှောက်သည်။ ငါ့နောက် တစ်ဆက်လွန်မှကို ခွေးပင် ပြုလိုပြု ဝက်ပင် ပြုလိုပြု ငါ့စည်းစိမ်ကို လုလတ္တံ့သည်ဟု များစွာသော သတ္တဝါတို့ကို ငါသတ်မိသည်" ဟူ၍ ကြီးစွာသော ထိတ်လန့်ခြင်းသို့ ရောက်တော်မူ၏။

## ၂၄၀။ သူရဲကြီးလေးယောက် ပေါ်ပေါက်ကြောင်း

(၁) ကျန်စစ်သားကို လူပြုစေ၍ အပါးတော်ဝယ် ခစားရ၏။ သားတော်ရင်းကဲ့သို့ သနားတော်မူ၏။**

(၂) ထိုမှတစ်ပါးလည်း မြင်းမူအရပ်၌ ငထွေးရူး ဆိုသောသူသည် ထန်းတစ်တောင်ကို တက်တုံ့,သက်တုံ့ လိုးသည်။ အချိန်တန်က ပြီးသည်ဟူ၍ ထိုစကားကို အနော်ရထာ မင်းစော ကြားတော်မူသော် ခေါ်စေ၍ ရောက်လျှင် ကျန်စစ်သားနှင့် အတူ မြဲရ၏။

(၃) ပုပ္ပားအရပ်၌လည်း လုံးလက်ဖယ် ဆိုသောသူသည် နွားအရှည်း ၃၀–ကို ထွန်၍ ကပြီးသော် ထွန်ရေးထွန်က မှန်အောင် တက်တုံ့, သက်တုံ့ အနှံ့ထွန်နိုင်သောသူ၏။

---

* ထီးလှိုင်ရွာအမည်ကို ဝမ်းတွင်းမြို့ အနောက်တောင်ဘက် နှံ့မိုင်ခွဲအကွာ၌လည်းကောင်း၊ ရမည်းသင်းမြို့ အရှေ့တောင်ဘက် ခြောက်မိုင်ကွာ၌ လည်းကောင်း၊ တောင်ငူမြို့ မြောက်ဘက်၌လည်းကောင်း၊ ရွှေဘိုမြို့နယ် မြို့ဝထဲ၌လည်းကောင်း တစ်ရွာစီ တွေ့ရှိရ၏။ ယခု ထီးလှိုင်ရွာမှာ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အတွင်းမှ ထီးလှိုင်ရွာဟု ယူဆရသည်။

** ကျန်စစ်သား အမည်သည် ကလန်စစ်သားမှ ဆင်းသက်လာခြင်း ဖြစ်မည်ဟု ယူဆရသည်။ မွန်ဘာသာ ကလန် သုံ့မ်စင်(ကလန် သံပျင်) ဟူသည် မြို့ရွာအုပ်ချုပ်သူ အရာရှိများ ဖြစ်သည်။

ထိုအကြောင်းကို မင်းကြီး ကြားတော်မူသော် ခေါ်စေ၍ရောက်လျှင် ကျွန်စစ်သား၊ ငထွေးရှုးတို့နှင့် မြီရ၏။

(၄) ညောင်ဦးအရပ်၌ ညောင်ဦးဘီး ဆိုသော သူသည် ညောင်ဦးကမ်းမြင့်ထက်က ပြေးဆင်းသော် မြစ်ကို ကူး၍ အောင်သာတစ်ဖက်သို့ ရောက်လျှင် ကမ်းကို ပြေးမထောက်ခဲ့ဘဲ ပြန်၍ ကူးပြန်ခဲ့သည်။ ညောင်ဦးကမ်းသို့ ရောက်လျှင် ကမ်းကို ပြေးတက်နိုင်သော ဟူ၏။ ထိုအကြောင်းကို မင်းကြီး ကြားတော်မူသော် ခေါ်စေ၍ ရောက်လျှင် ကျွန်စစ်သားတို့နှင့်အတူ မြီရ၏။ ။

## နတ်မြင်းလေးစီးကို ရခြင်း အကြောင်း

၂၄၁။ နတ်မြင်းလေးစီးကို ရခြင်း အကြောင်း တစ်ရံရောအခါ လက်ထုပ်အရပ်၌ ကြိုးကနင့်တကွ မြင်းလေးစီးသည် လူတို့ဖမ်း၍လည်း မရနိုင်၊ အရှင်လည်း မရှိဟု၍ မင်းကြီးအား နားတော်လျှောက်လာ၏။ မင်းကြီးလည်း ကျွန်စစ်သား၊ ငထွေးရှုး၊ လုံးလက်ဖယ်၊ ညောင်ဦးဘီး၊ ဤသူရဲကြီး (၄)လေးယောက်တို့ကို ရအောင် ဖမ်းချေဟု စေတော်မူ၏။ သူရဲကြီး (၄)လေးယောက်တို့လည်း ခြရဲလောင်းလုပ်၍ ရေသို့ ချပြီးလျှင် မြင်းလေးစီးလည်း ရေသို့ကူလေ၍ ကူးရာတွင်မှ တက်၍စီးကြ၏။ မြင်းကို ရပြီးသော် ဆောင်၍ မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း ထိုမြင်းလေးစီးကို သင်တို့လေးယောက် ချွေး၍ ငါ့အမှုတော်ကိုထမ်းဟု အပ်တော်မူလေ၏။ ထိုမြင်း (၄)လေးစီးတို့ကား နတ်မြင်းချည်း ဖြစ်၍ အဖိုး အတိုင်းမသိ ဟူ၏။ ။

## နော်ရထာမင်းစော မြင်းပါ နတ်မြင်းငါးစီး အမည်များ

၂၄၂။ နော်ရထာမင်းစော မြင်းပါ နတ်မြင်းငါးစီး အမည်များ

(၁) အနော်ရထာမင်းစော စီးတော်မူသော မြင်းကား ဓန္တီကလက်လှဟု တွင်၏။

(၂) ကျွန်စစ်သား စီးတော်မူသော မြင်းကား နလုံးကွန့်ခေါင်ဟု တွင်၏။

(၃) လုံးလက်ဖယ် စီးသော မြင်းကား လေမိုးယဉ်ခေါင်ဟု တွင်၏။

(၄) ငထွေးရှုး စီးသော မြင်းကား နလုံးလျှင်တိုင်းဟု တွင်၏။

(၅) ညောင်ဦးဘီး စီးသော မြင်းကား နလုံးအတုမရှိဟု တွင်၏။

ဤကား နတ်မြင်းငါးစီး အမည်တည်း။

အနော်ရထာစော မင်းဖြစ်၍ (၄)လေးနှစ် ရှိသောအခါ ခမည်းတော် ကြောင်းဖြူမင်း အနိစ္စရောက်တော်မူ၏။ ကြောင်းဖြူမင်းကား အိမ်နိမ့် (၇၄) ခုနစ်ဆယ့်လေး၊ မင်းစည်းစိမ် (၂၂) နှစ်ဆယ့်နှစ်၊ ရဟန်းဘဲ့ (၃၀) သုံးဆယ်၊ ၃-စုပေါင်း သက်တော် (၁၂၆) တစ်ရာ့နှစ်ဆယ့် ခြောက်နှစ်သော် အနိစ္စ ရောက်တော်မူ၏။

မဟာရာဇဝင်ကြီး တတိယတွဲ ပြီး၏။

---

သက္ကရာဇ် ၁၂၄၄ ခု ဝါခေါင်လဆန်း ၉ ရက် နေ့(၂၃ ဇူလိုင် ၁၈၈၂)တနင်္ဂနွေနေ့
၂ ချက်တီးကျော် အချိန်တွင် ရေးကူးပြီးသည်။

# မဟာရာဇဝင်ကြီး

## စတုတ္ထတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနပူရ နယ် နာမာမဟ်။

### ၂၄၃။ အယုမှားသော အရည်းကြီးတို့ အကြောင်း

အနော်ရထာမင်းစော လက်ထက်တော်၌ ပေါက္ကာရာမ ဟု တွင်၏။ ထိုပြည်တွင် မင်းဆက်ဆက်တို့သည် သမထီးအရပ်၌ သီတင်းသုံးသော အရည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့ အဆုံးအမကိုခံ၍ မှားသောအယူ၌ တည်ကြကုန်၏။ ထိုအရည်းရဟန်းတို့ အယူဖြင့်အသီးသီးယူကြကုန်၏။ မိမိတို့ ဆန္ဒနှင့်လျော်စွာ ကျမ်းပြု၍ လူတို့အား လှည့်ပတ်ဖြားယောင်း၏။ ထိုသူတို့ ဟောသောတရားကား သူ့အသက်ကို သတ်မိသောသူတို့သည် ဤပရိတ်ကိုရွတ်သော် ကမ္မပထမှ လွတ်၏။ မိဘကို သတ်မိသောသူတို့သည် ဤပရိတ်ကိုရွတ်သော် ပဉ္စာနန္တရိယကံမှ လွတ်၏။ ဤသို့ အစရှိသော မဟုတ် မတရားသော အဓမ္မတို့ကို ဓမ္မဟူ၍ ဟောကြား၏။

ထိုမှတစ်ပါးလည်း မင်းအစရှိသော အမှူး၊အမတ်၊ကလန်၊သံပျင်၊သူဌေး၊သူကြွယ်၊ပြည်သူတို့ သား၊သမီးကို ထိမ်းမြားမင်္ဂလာ ပြုအံ့သောအခါ ဆရာတို့အား ပန်းဦးပေးသည်ဟူ၍ ညဦးက ထိုသူတို့ အထံသို့ ပို့ရလေ၏။ မိုးသောက်၍ လွတ်လိုက်မှ ထိမ်းမြားရသော ဟူ၏။ ဆရာက ပန်းဦးမဆွတ်ဘဲကို ထိမ်းမြားပချေသော် အစဉ်ကိုဖျက်သည်ဟု ကြီးစွာသောမင်းပြစ်ကို ခံရသောဟူ၏။ ဤသို့ မဟုတ်မတရားသော အကြောင်းတို့ကို မင်းကြီး ကြားမြင်တော်မူသည် နှိုသော် ရင့်ပြီးသော ပါရမီတော် ရှိသည်ဖြစ်၍ နှစ်သိမ့်တော်မမူ၊ မှားသောအယူ ရှိသည်ဟူ၍ လည်းကောင်း၊ နောင်တော်စုက္ကတေးကို လုပ်ကြံမိသောအားဖြင့်လည်းကောင်း၊ ကိုယ်ဝန်ဆောင် အရှိသော နို့စို့၊ဖွားကျောင်းသားအရွယ်တို့ကို သတ်မိသောအားဖြင့်လည်းကောင်း ကြီးစွာသော ထိတ်လန့်ခြင်းသို့ ရောက်တော်မူ၏။

### ၂၄၄။ ရှင်အရဟံ ပုဂံပြည်သို့ ကြွရောက်တော်မူခြင်း အကြောင်း[၁]

ထိုအခါ ဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ သုနာပရန္တ တိုင်း၊ တမ္ပဒီပတိုင်းတို့၌ သာသနာတော် မရောက်ချေသေးဟူ၍ ရဟန္တာမြတ်တို့ကြပြီးလျှင် သိကြားထံသို့သွား၍ သာသနာတော်ပြုနိုင်မည်သူအား ညီ၍တောင်းပန်ပါဆိုလျှင် သိကြားမင်းလည်း တာဝတိံသာ နတ်ပြည်၌ရှိသော နတ်တစ်ယောက်အား တောင်းပန်၍ ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေ နေလာ၏။

[၁] ရှင်အရဟံသည် သထုံမြို့နေ ပုဏ္ဏားတစ်ဦး၏ သားဖြစ်ပြီး ရှင်သီလဗုဒ္ဓိ၏တပည့်ရင်းလည်း ဖြစ်၏။ သက်တော်(၈၁)နှစ်အရွယ် အလောင်းစည်သူမင်း နန်းတက်စ၌ ပျံလွန်တော်မူခဲ့သည်။

နေ့လာခဲ့၍ အရွယ်သို့ ရောက်လတ်သော် ရဟန်းပြု၍ ပိဋကတ်ကျမ်းဂန် တတ်မြောက်၍ ရဟန္တာအဖြစ်သို့ရောက်လျှင် အရဟံဟူသော အမည်ဖြင့် ဇမ္ဗူဒိပ်မြေပြင်အလုံး ကျော်စော၏။ ထိုအရဟံသည် သုနာပရန္တ တိုင်း၊ တမ္ပဒိပတိုင်းတို့၌ သာသနာတော် မတည်သေးသော ပေါ်လာရာသို့ ကြွတော်မူ၏။ ရောက်တော်မူလျှင် ပြည်နှင့် မနီးမဝေးသော တောအုပ်တစ်ခု၌ နေတော်မူ၏။ သို့ကြောင်းမင်းလည်း မုဆိုးတစ်ယောက်အား လှည့်ပတ်၍ ရှင်အရဟံကို မြင်စေ၏။ မုဆိုးလည်း ရှင်အရဟံကို မြင်လေသော် "ဤသူကား လူမဟုတ်၊ ဘီလူးဖြစ်ရာသည်၊ ဤသူကဲ့သို့ မမြင်စဖူး၊ လူဖြစ်လျှင် လူရိုင်းဖြစ်လတ္တံ့သည်၊ ဤသူကို ပြည်သို့ ဆောင်၍ မင်းကြီးအား ဆက်မည်" ဟု ဆောင်လေ၏။ ရှင်အရဟံလည်း ပရိက္ခရာရှစ်ပါးကိုယူ၍ လိုက်တော်မူလေ၏။ မုဆိုးလည်း "တောအုပ်တစ်ခုတွင် ဤသူရိုင်းကို တွေ့၍ ဆောင်ခဲ့သည်" ဟု လျှောက်၏။ မင်းကြီးလည်း မြတ်သောလက္ခဏာနှင့် ပြည့်စုံတော်မူသော ရှင်အရဟံကို မြင်တော်မူသော် "ဤသူကား သူရိုင်း မဟုတ်၊ မြတ်သောသူတည်း၊ ဤသူ၏ကိုယ်တွင်း၌ မြတ်သောတရား ရှိရာသည်" ဟူ၍ နေရောင်ခြည်တွေ့သော ကြာပန်းကဲ့သို့ ရွှင်သောစိတ်တော် ရှိသည်ဖြစ်၍ ဤသို့ ကြံတော်မူ၏။ "ဤသူသည် မြတ်သောသူ ဖြစ်အံ့၊ မြတ်သောနေရာ၌ နေလတ္တံ့၊ ယုတ်သောသူ ဖြစ်အံ့၊ ယုတ်သောနေရာ၌ နေလတ္တံ့" ဟူ၍ ကြံပြီးသော် "လျှောက်ပတ်သော နေရာ၌ နေတော်မူ" ဟု ဆို၏။ ရှင်အရဟံလည်း ကြီးမြတ်သော အဖြစ်ကို သိစေလို၍ မြတ်သော ရာဇပလ္လင်သို့ တက်၍ နေတော်မူ၏။

## ၂၄၅။ ရှင်အရဟံကို အနော်ရထာမင်းစော မေးလျှောက်ရာတွင် ဟောပြောတော်မူချက်များ အကြောင်း

မင်းကြီးလည်း ထိုသို့ နေတော်မူသောအကြောင်းကို မြင်တော်မူသော် ဤသူကား နေရာ ကြီးကျယ်လှသည်။ ဤသူ၏ အမျိုးအနွယ်ကို မေးရစေဟု ကြံတော်မူပြီးသော် "ငါ့ရှင်ကား အဘယ်အရပ်မှ ကြွလာတော်မူသနည်း၊ အဘယ်သူ၏ အမျိုးအနွယ် ဖြစ်တော်မူသနည်း၊ အဘယ်သူ၏ အဆုံးအမကို ခံတော်မူသနည်း" ဟု မေးတော်မူ၏။ ရှင်အရဟံလည်း "ငါ၏အမျိုးအနွယ်သည်ကား ဣတိပိသော အစရှိသော ဂုဏ်တော် ၉-ပါး၊ ဣဿရိယ အစရှိသော ဘုန်းတော် ၆-ပါး၊ ဉာဏ အစရှိသော အစိန္တေယျ ၄-ပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ အမည်တော် အမျိုးအနွယ်တည်း။ အဘယ်သူ၏ အဆုံးအမကို ခံသနည်းဆိုရာ၌ သမ္မာသမ္ဗုဒ္ဓ အမည်တော်ရှိသော ဘုရားသခင်သည် ဟောတော်မူအပ်သော နူးညံ့သိမ်မွေ့ ခဲခက်နက်နဲလှသော အာဏာ သာသနာတော်မှ လာသော အဆုံးအမတော်ကို ခံသည်" ဟူ၍ မိန့်တော်မူ၏။ မင်းကြီးလည်း ပီတိသောမနဿ လွန်စွာရှိသည်ဖြစ်၍ ဤသို့လျှောက်ပြန်၏။ "ငါ့ရှင်… ဆရာဘုရားသခင် ဟောတော်မူအပ်သော တရားတော်ကို တစ်စိတ်တစ်ဒေသမျှ ငါ့အား ဟောတော်မူပါလော" ဟူ၍ တောင်းပန်၏။ ရှင်အရဟံလည်း သိရိဓမ္မာသောကမင်းကြီးအား နိဂြောဓသာမဏေ ဟောတော်မူအပ်သော အပ္ပမာဒ အစရှိသော တရားတော်တို့ကို ဟောတော်မူပေ၏။ ထိုအခါ မင်းကြီးနှလုံးတော်သည် အကြိမ်တစ်ရာစစ်သော ဆီတွင် အဖန်တစ်ရာဖတ်သော ဝါဂွမ်းကို ချသကဲ့သို့ ဩက္ကမ သဒ္ဓါဖြင့် မတုန်မလှုပ် သဒ္ဓါတော်မူ၏။

တရားဟောတော်မူသော အဆုံး၌ ဤသို့လျှောက်ပြန်၏။ "ငါ့ရှင်… သမ္မာသမ္ဗုဒ္ဓ အမည်တော်ရှိသော ဘုရားသခင်သည်ကား အဘယ်အရပ်မှာ ရှိတော်မူသနည်း၊ ဘုရားသခင်

ဟောတော်မူအပ်သော တရားတော်သည်ကား အရေအတွက် အတိုင်း ရှိပေနည်း၊ ဘုရားသခင် သားတော်သည်ကား ငါ့ရှင်မှတစ်ပါး အခြားရှိသည်လော" ဟု မေးတော်လျှောက်၏။ တပည့်သားတော်လည်း ဤသို့ မိန့်တော်မူ၏။ "လက္ခဏာတော်ကြီး ၃၂-ပါး၊ လက္ခဏာတော်ငယ် ရှင်အရဟံလည်း ဤသို့ မိန့်တော်မူ၏။ ဆောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်တော်မူလျက် အလွန်တင့်တယ်တော် ကား ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်တော်မူလျက် အလွန်တင့်တယ်တော် မူသော မနှိုင်းယှဉ်အပ်သော အသရေတော်ကို ဆောင်တော်မူသော ဥက္ကံတော် အားလေးပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်ဘုရားသည် မဟာဗောဓိပင် အနီး၌ ဘုရားအဖြစ်သို့ ရောက် တော်မူပြီးသော် ၄၅-ဝါပတ်လုံး ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မဟာကရုဏာတည်းဟူသော သနားခြင်းဖြင့် တိုက်တွန်းတော်မူအပ်သည်ဖြစ်၍ အမြိုက်တည်း ဟူသော မြိန်မြတ်သော အရသာကို သောက်စေပြီး၍ ကုသိနာရုံပြည်တွင် မလ္လာမင်းတို့၏ မင်္ဂလာပြုရာ အင်ကြင်းဥယျာဉ်၌ ခပ်သိမ်းသော လောကဓာတ်ကို တုန်လှုပ်စေလျက် ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ မြတ်သော သရီရဓာတ်တော်တို့ကို **တစ်ဆယ့်ခြောက်ပြည်တောင်သော** မင်းတို့ သည် ဆောင်ယူ၍ အသီးသီး ကိုးကွယ်ကြလေ၏။ ထိုမင်းတို့ ကိုးကွယ်ကြလေသော ဓာတ်တော် ၈-စရွတ်တွင် ၇-စရွတ်သော ဓာတ်တော်တို့ကို တတိယသင်္ဂါယနာ ဆရာမြတ်တို့သည် ဆောင် တော်မူကုန်၍ သီရိဓမ္မာသောကမင်းကြီးအား အပ်ပြီးသော် စေတီရှစ်သောင်းလေးထောင် တည် ၏၊ တစ်စရွတ်သော ဓာတ်တော်တို့ကို နဂါးယူ၍ ဝမ်းတွင်ထားလေသည်ကို သုမနသာမဏေ ဆောင်တော်မူ၍ သိန်းနိုက္ခန်း[1]ကို အစိုးရသော **အဘယဒုဋ္ဌဂါမဏိ**[3]အား အပ်၍ စေတီကြီးစွာ တည်တော်မူလေ၏။ လက်ယာ အထက်စွယ်တော်ကိုကား သိကြားမင်း ယူ၍ တာဝတိံသာဝယ် ကိုးကွယ်လေ၏။ လက်ယာ အောက်စွယ်တော်ကိုကား နဂါးတို့ ယူ၍ နဂါးပြည်ဝယ် ကိုးကွယ် လေ၏။ လက်ဝဲအထက် စွယ်တော်ကိုကား ကလိင်္ကရာဇ်ပြည်မှသည် သိန်းနိုက္ခန်းသို့ ဆောင်ယူ ၍ မင်းတို့ အစဉ်ကိုးကွယ်လေ၏။ လက်ဝဲအောက် စွယ်တော်ကိုကား ဂန္ဓာလရာဇ်မည်သော တရုတ်ပြည်၌ မင်းတို့ အစဉ် ကိုးကွယ်လေ၏။

"ဘုရားရှင် ဟောတော်မူအပ်သော တရားတော် အရေအတွက်သည်ကား ဓမ္မဝိနယ အားဖြင့် ၂-ပါး၊ ပိဋကတ်အားဖြင့် ၃-ပါး၊ နိကာယ်အားဖြင့် ၅-ပါး၊ အင်္ဂါအားဖြင့် ၉-ပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိ၏။ ထိုသို့ အရေအတွက်ရှိသော ဓမ္မဒေသနာ တို့ကို မဈ္ဈိမဒေသ အရပ်၌ သင်္ဂါယနာ ၃-ကြိမ် တင်ပြီးသည်နောက် ဘုရားသခင် တပည့် သားတော် ဖြစ်သော ပရမတ္ထသံဃာ၊ သမ္မုတိသံဃာတို့သည် ရေးကူးဆောင်ယူတော်မူခဲ့၍ သထုံမင်းအား အပ်သည်။ သထုံပြည်ဝယ် ပိဋကတ်အစုံ ၃၀-ရှိ၏။ ဘုရားသခင် တပည့်သား သံဃာတော်သည် ငါမှ တစ်ပါး အခြား ရှိသည်လော မေးရာ၌ ငါမှတစ်ပါး ပရမတ္ထသံဃာ၊ သမ္မုတိသံဃာတို့သည် အများ ရှိကြကုန်၏" ဟူ၍ မိန့်တော်မူ၏။

## ၂၄၆။ နော်ရထာမင်းစော မိမိကိုယ်ကို အပ်၍ ရှင်အရဟံကို ကိုးကွယ်တော်မူကြောင်း

ဤသို့ ရှင်အရဟံ မိန့်တော်မူသော စကားကို အနော်ရထာမင်းစော ကြားတော်မူသော် အတိုင်းထက်အလွန် သဒ္ဓါခြင်းပြင်းစွာဖြစ်၍ ဤသို့လျှောက်၏။ "ငါ့ရှင်... ငါကား ငါ့ရှင်မှ တစ်ပါး အခြားကိုးကွယ်ရာ မရှိပြီ၊ ဤနေ့မှစ၍ ငါ၏ကိုယ် အသက် ၂-ပါးကို ငါ့ရှင်အား

---

[1] ဘ်ပြည်တောင်    [2] ယခင် သီဟိုဠ်၊ ယခု သီရိလင်္ကာ(Sri Lanka)    [3] A Baya Dutthagamani

ဆောက်နှင်းတော့သည်။ ငါ့ရှင် အဆုံးအမ၌လည်း ငါခံတော့မည်" ဟူ၍ မိန့်တော်မူပြီးလျှင် အရည်ကောင်ရသောအရပ်၌ သာယာလှစွာသော ရတနာ့အဝတိဖြင့် တန်ဆာဆင်သော ကျောင်းကို ဆောက်၍ လှူတော်မူ၏။ တိဋ္ဌိဖြစ်သော အရည်းတို့ အယူကိုလည်း ပယ်တော်မူ၏။ ထိုသို့ မင်းအစရှိသော ပြည်သူအပေါင်းတို့သည် မိမိတို့အယူကိုစွန့်၍ ကောင်းသောတရား၌ တည်ကြလေသော် အရည်းတို့သည် လာဘ်သပ်ပကာမှ လျော့ကုန်သည်ဖြစ်၍ ရှင်အရဟံအား ကြီးစွာသော ရန်ငြိုးသည် ဖြစ်၏။ မင်းကြီးလည်း အရည်းတို့သည် မကောင်းသော အကြံအစည်တို့ကို ကြံလတ္တံ့သည်ကို နိုးရိမ်တော်မူ၍ အရည်းကြီး ၃-ကျိပ်နှင့် တပည့်ခြောက်သောင်းတို့ကို နိုင်လောက်အောင်သော အစောင့်အနေတို့ကို ခန့်ထား၍ စောင့်ရ၏။

**၂၆၇။ အယူမှားသော အရည်းကြီးတို့ကို နှိပ်ကွပ်တော်မူခြင်း**

ရှင်အရဟံလည်း သာသနာတော်၌ ကြည်ညိုသော သူတို့အားလည်း ရဟန်းပဉ္စင်းအဖြစ်ကို ဖြစ်စေ၏။ မင်းကြီးလည်း အရည်းကြီး ၃-ကျိပ်နှင့်တကွ တပည့်ခြောက်သောင်းတို့ကို အဝတ်ချည်း လဲစေ၍ အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး ထည့်တော်မူလေ၏။ မင်းကြီးလည်း ဤသို့ မိန့်တော်မူ၏။ "ဤပြည်ကို အစဉ်မင်းပြုတော်မူသော အဆက်ဆက်သော ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် အရည်းရဟန်းတို့ အယူကိုသာ ယူတော်မူကြလေသည်။ ယူ၍ ရကောင်းပြန်ဘိမူကား တစ်ဖန် ယူပြန်ချင်၏" ဟူ၍ တောင့်တတော်မူသော ဟူ၏။

**၂၆၈။ သူရဲကောင်း ကုလားညီနောင်တို့ အကြောင်း**

ယင်းသောအခါ သထုံပြည်ဝယ် သင်္ဘောပျက်လေသော ကုလားညီနောင် ၂-ယောက်တို့သည် ပျဉ်တစ်ချပ်ကို စီး၍ သထုံပြည်သို့ ရောက်လာ၏။ ထိုကုလားညီနောင် သထုံပြည်သို့ ရောက်လျှင် သထုံမင်းဆရာတော်တွင်ဝင်၍ မှီခိုကြလေ၏။ ထိုဘုန်းတော်ကြီးလည်း ကုလားငယ် ညီနောင်တို့ကို ချစ်ကြည်လေးမြတ်တော်မူ၍ အပါးတွင်မပြတ် စေပါးတော်မူ၏။ တစ်ရံရောအခါ ကုလားငယ်ညီနောင်ကိုခေါ်၍ တောသို့ ဆေးမြစ်တူးလိုသောငှာ သွားလေ၏။ တောသို့ ရောက်လျှင် ပိန္နဲမှိုရုံ ဇော်ဂျီကောင်တစ်ခုသည် အချက်အရာနှင့် သေသည်ကို တွေ့လေ၏။ သထုံမင်းဆရာတော်ဘုန်းကြီးလည်း ပိဋကတ်၊ ဗေဒင်၊ ဆေးဝါး မန္တရားတို့ကို အပြီးတိုင်အောင် တတ်တော်မူသည်နှင့် ဇော်ဂျီကောင်ကိုမြင်လျှင် ဤသို့ မိန့်တော်မူ၏။ "ဤဇော်ဂျီကောင်ကို ဖုတ်ကင်ချက်ပြုတ်၍ စားရသည်ရှိသော် အနာမျိုးပျောက်၍ အသက်ခန္ဓာ မြင့်မြဲစွာ ရှည်၏။ ဆယ်ရက်သွားရသော ခရီးကို နေ့ချင်းရောက်နိုင်သော အစွမ်းရှိ၏။ အချိန်တစ်ထောင်ရှိသော ဝန်ကို ရွက်ဆောင်နိုင်သောအစွမ်းနှင့် ပြည့်စုံ၏။ ယင်းသို့ မပြုမူ၍ ဤဇော်ဂျီကောင်ကို ဆေးဖြင့် **စမ်း*** ရသည်ရှိသော် အသက်ရှင်၍ ထိုဇော်ဂျီ၏ ကျေးဇူးကို နင်တို့၊ ငါတို့မှီ၍ အကျိုးများစွာ ခံရလတ္တံ့။ ယင်းသို့ဖြစ်သောကြောင့် ဇော်ဂျီကောင်ကို နင်တို့ ၂-ယောက် ထမ်းဆောင်ခဲ့၊ ကျောင်းသို့ရောက်မှ ဆေးဝါးရုံးစု၍ ငါ စီရင်မည်" သထုံမင်းဆရာတော်ဘုန်းကြီး ဆိုလျှင် ကုလားညီနောင်တို့လည်း ထိုဇော်ဂျီကောင်ကို ထမ်းဆောင်ခဲ့၏။ ဇော်ဂျီကောင်တို့၏ သဘောသည်ကား အသက်မရှိလျှင် ပကတိ လူ ၇-လသားခန့် ပမာဏရှိသော ဟူ၏။ **အစ္စန္တ** ရသရက်

* **စီမံ** (မှန်နန်း-၁၊ ၂၀၀၃၊ စာ ၂၄၄)

သီး၊ စမှုသဖြေသီးတို့ကိုသာ စားသောကြောင့် ဓော်ဂိုကောင်တို့၏ အနံ့သည်ကား ငှက်ပျော နံ့ကဲ့သို့ အလွန်မွှေးကြိုင်၏။ ကျောင်းသို့ ရောက်လျှင် ကောင်းမွန်စွာ သိုထားလေ၏။

တစ်ရံရောအခါ သထုံမင်းဆရာ မင်းကြီးနန်းတော်သို့ သွားလေသည် နောက်ကို ကုလား ငယ် ညီနောင်တို့သည် ထိုဓော်ဂိုကောင်ကို ဖုတ်ကင်၍ စားကြလေ၏။ ယင်းသို့ စားရလျှင် ကုလားငယ်ညီနောင်တို့လည်း ငါတို့ဆရာ ဆိုတိုင်း မှန်၊ မမှန်ကို စမ်းရစေ ဟူ၍ အလျား ဆယ်တောင်၊ အနံရှစ်တောင်ရှိသော ကျောက်ဖျာကို ညီနောင် ၂-ယောက် ချီကြသော် ရှိန်ငံ၍ ကျောင်းလှေကားရင်းတွင် ထားလေ၏။ သထုံမင်းဆရာတော် နန်းကပြန်လာ၍ ကျောက်ဖျာကို မြင်လျှင် ကုလားငယ်ညီနောင်တို့သည် ဓော်ဂိုကောင်ကို ဖုတ်ကင်စား၍ ထိုကျောက်ဖျာကို ချီ၍ ထားသည်ဖြစ်မည် အမှတ်ရှိ၍ မေးလေ၏။ ကုလားငယ်ညီနောင်တို့လည်း ကျွန်ုပ်တို့ စားပေသည်ဟူ၍ လျှောက်၏။ သထုံမင်းဆရာတော်လည်း ခပ်မဆိတ်[၁] နေလေ၏။ ထိုနေ့မှ ၍ ကုလားငယ်ညီနောင်တို့လည်း ဆင်ပြောင်ကြီး အားနှင့်တူသော အားကို ဆောင်ကုန်၏။ ညလတ်သော် သထုံမင်းလည်း ခန်းညားရွှေရာတော်မှု၍ ကုလားငယ်ညီနောင်ကို ဖမ်းရ၏။ အစ်ကိုမှကား မယားအိမ်တွင် အိပ်ပျော်နိုက်ဖြစ်၍ ဖမ်းမိလျှင် သတ်ရလေ၏။ ညီမှကား သထုံပြည်က ပြေးထွက်၍ ပေါက္ကာရာမသို့ ရောက်လာ၍ အနော်ရထာမင်းစောဝယ် ဝင်၍ ခစားလေ၏။ အနော်ရထာမင်းစောလည်း ထိုကုလား၏ အရည်အသွေးကို မြင်တော်မူလျှင် သနားတော်မူ၍ အပါးတော်တွင် မပြတ် စေပါတော်မူ၏။

သထုံမင်းလည်း ထိုကုလားကို သတ်ရလျှင် ဆရာတော်အား "အဘယ်သို့ စီရင်ရသော် သင့်မည်နည်း" ဟူ၍ မေးတော်မူ၏။ ဆရာတော်လည်း "ထိုကုလားငယ်အကောင်ကို ဖျက်ပြီးလျှင် လက်ယာလက်ကို မည်သည့်အရပ်တွင် မြှုပ်၊ လက်ဝဲလက်ကို မည်သည့်အရပ်တွင်၊ လက်ယာပေါင်ကို မည်သည့်အရပ်တွင်၊ လက်ဝဲပေါင်ကို မည်သည့်အရပ်တွင်၊ ဦးခေါင်းနှင့် အရှု၊ အသည်းကို မည်သည့်အရပ်တွင် မည်သို့စီရင်၍ မြှုပ်လေ။ ဤသို့ အထူးထူးသော ပယောဂတို့ဖြင့် စီရင်ရသည်ရှိသော် ခပ်သိမ်းသော ရန်သူအပေါင်းတို့ လုပ်ကြံကြသော်လည်း ဤသထုံမြို့ကို မအောင်နိုင်ရာ" ဟူ၍ သထုံမင်းဆရာ ဆိုလျှင်၊ သထုံမင်းလည်း အထူးထူး အပြားပြားသော စီရင်ခင်း စီရင်ဖွယ်တို့ဖြင့် စီရင်၍ မြှုပ်ထားလေ၏။ ထိုနေ့မှစ၍ သထုံပြည်ကို ရန်သူအပေါင်းတို့သည် မလှုပ်ခြောက်နိုင်။

အနော်ရထာမင်းစောလည်း ရောက်လာသော ကုလားငယ်ကို ပုပ္ပားသို့ စကားပန်းယူ တစ်နေ့ ဆယ်ခေါက် စေတော်မူသည်။ ရောက်နိုင်သော ဟူ၏။ တစ်ရံရောအခါ ပုပ္ပားအရပ်မှ ဘီလူးမ တစ်ယောက်သည် ထိုကုလားငယ်ကိုမြင်လျှင် ရှေးပြုဖူးသောကံသည် စေစပ်သည်ဖြစ်၍ တပ်လေ၏။ လူယောင်ဆောင်၍ ထိုကုလားငယ်နှင့် သံဝါသဖြစ်ကြလျှင် သား ၂-ယောက် မြင်လေ၏။ အရွယ်သို့ရောက်လျှင် ထိုသား ၂-ယောက်ကို အနော်ရထာမင်းစောအား ဆက်လေ၏၊ အနော်ရထာမင်းစောလည်း အပါးတော်တွင် စေပါ၍ အရည်အသွေးကို မြင်တော်မူလျှင် ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ် ဟူ၍ သမုတ်တော်မူသည်။

---

[၁] မည်သို့မှ မဆို

## ၂၄၉။ အနော်ရထာမင်းစော သထုံပြည်သို့ ပိဋကတ်တောင်း စေလွှတ်ခြင်း အကြောင်း

ရှင်အရဟံလည်း အနော်ရထာမင်းစောအား ဤသို့ မိန့်တော်မူ၏။ "ဘုရားရှင် သာသနာတော် ၃-ပါးတွင် ပရိယတ္တိ သာသနာတော်ရှိမှ ပဋိပတ္တိ သာသနာတော် ဖြစ်နိုင်သည်။ ပဋိပတ္တိ သာသနာတော် ဖြစ်မှ ပဋိဝေဓ သာသနာဖြစ်သည်။ ပရိယတ္တိဟူသော ပိဋကတ် ၃-ပုံလည်း မရှိချေသေး၊ ဘုရားရှင် သရီရဓာတ်တော်၊ ဓမ္မတော်လည်း မရှိချေသေးဖြစ်သည်။ ဓမ္မတော်၊ ဓာတ်တော်၊ ပိဋကတ်ကျမ်းဂန်ရှိသော ပြည်ရွာတိုင်းကားသို့ လက်ဆောင်ပဏ္ဏာနှင့် တောင်းစေ၍ ရသည်ဖြစ်မှ သာသနာတော် အစဉ်ရှည်စွာ တည်ရာသည်" ဟူ၍ မိန့်တော်မူပေ၏၊ အနော်ရထာမင်းစောလည်း "အဘယ်တိုင်းကားနိုင်ငံ၌ တောင်းသော် ရလတ္တံ့နည်း" ဟူ၍ ရှင်အရဟံအား နားတော်လျှောက်၏။ ရှင်အရဟံလည်း သထုံပြည်၌ ပိဋကတ် ၃-ပုံကို တစ်စုံ ဓမ္မတော်၊ ဓာတ်တော်လည်း များစွာ ရှိ၏" ဟူ၍ မိန့်တော်မူလျှင် ခေါ်၍ အစုံ ၃၀-ရှိ၏။ ဓမ္မတော်၊ ဓာတ်တော်လည်း လိမ္မာသော အမတ်တစ်ယောက် မင်းကြီးလည်း လက်ဆောင်ပဏ္ဏာကာရ အများ စီရင်တော်မူ၍ လိမ္မာသော အမတ်တစ်ယောက်ကို သာယာချော့မွေ့စွာသော စကားဖြင့် သထုံပြည်သို့ စေ၍ တောင်းရလေ၏။ သထုံမင်းလည်း မကောင်းသော နှလုံးဖြင့် ကြီးစွာသော ပဋိဃာတ်စိတ် ရှိသည်ဖြစ်၍ မချေမင်သော စကားဖြင့် ဆိုလိုက်ဘိ၏။

## ၂၅၀။ အနော်ရထာမင်းစော သထုံပြည်သို့ စစ်ချီတက် တိုက်ခိုက် သိမ်းယူပုံ အကြောင်း

အနော်ရထာမင်းစောလည်း ထိုစကားကိုကြားတော်မူသည် ပြင်းစွာသောအမျက်တော် ရှိသည်ဖြစ်၍ နိုင်ငံတော်၌ ရှိသော သူရဲသူခက် အပေါင်းတို့ကို ရုံးစုတော်မူ၍ ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူ၏။ ရေကြောင်းမှာလည်း လေ့ရှစ်သိန်း၊ သူရဲရှစ်ကုဋေ၊ ကြည်းကြောင်းမှာလည်း ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီး စစ်သူကြီး ၄-ယောက်တို့ကို ရှေ့ရှားချီစေ၍၊ အနော်ရထာမင်းစောကား နောက်တပ်မပြု၍ ချီတော်မူ၏။ ထိုကြည်းတပ်တွင် ပါသော ဆင်၊မြင်း၊ဗိုလ်ပါကား ဆင်ရှစ်သိန်း၊ မြင်းရှစ်သန်း၊ သူရဲကုဋေရှစ်ဆယ် ပါသောဟူ၏၊ ရေကြောင်းချီတက်သော စစ်များ ပဲကူးသို့ရောက်၍ ပေါက္ကာရာမက လှေတပ်မကုန်သေး ဟူ၏၊ ကြည်းကြောင်းမှာလည်း စစ်များ သထုံကျေးစပ်သို့ ရောက်၍ ပေါက္ကာရာမက နောက်တပ်မကုန်သေး ဟူ၏။

သထုံမင်း မနူဟာလည်း အနော်ရထာမင်းစောသည် နတ်မြင်းသည် စစ်သူကြီး ၄-ပါးနှင့် တကွ မရေမတွက်နိုင်သော စစ်သည်တို့ချီလာပြီဟူ၍ ကြားလတ်သော် အလွန်ကြောက်လန့်ခြင်း ပြင်းသည်ဖြစ်၍ မြို့တံခါးကိုပိတ်ပြီးသော် မြို့ကို ခိုင်လုံအောင်လုပ်၍ ခံနင့်၏။ စစ်သည်တော်တို့ ရေကြောင်း၊ ကြည်းကြောင်း ရောက်ကြလျှင် စစ်သူကြီး ၄-ပါး ခေါင်းတည်၍ မြို့ကို တက်သည်။ မတက်နိုင်ချေ။ ပယောဂစီရင်၍ ထားလေသောကြောင့် အကြိမ်အဖန်များစွာ လုပ်ကြသော်လည်း အောင်ခြင်းကို မရနိုင်ချေ။ အနော်ရထာမင်းစောလည်း ဟူးရားဖြူ၊ ဟူးရားညိုတို့အား အကြောင်းအဘယ်သို့နည်း ဟူ၍ မေးတော်မူ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း ဤသထုံပြည်ဝယ် အထူးထူးသော ပယောဂ စီရင်လေသောကြောင့် အောင်မြင်ခြင်းသို့ ရောက်ခဲ ချေသည် ဟူ၍ နားတော်လျှောက်၏။ ယင်းသို့ လျှောက်သည်ကို ကြားတော်မူလျှင် ကုလား

ခြေလျှင်ကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။ "သထုံပြည်ဝယ် အကြောင်း အဘယ်သို့ ရှိသနည်း" ဟူ၍
မိန့်တော်မူ၏။ ကုလားခြေလျှင်လည်း ဤသို့ နားတော်လျှောက်၏။

## ၂၅၁။ သထုံပြည်ကို တိုက်ခိုက်သိမ်းယူခြင်း အကြောင်းများ

"သထုံပြည်ကို အလျှင် အလိုတော်ပြည့်မည့် အကြောင်းကား အထက်က ကျွန်တော်
အစ်ကိုကို ကွပ်၍ ဦးခေါင်း, အပေါင်, အလက်တို့ကို အထူးထူးသော ပယောဂတို့ဖြင့် စီရင်၍
မြုပ်ထားလေသည်ကို ယူငင်၍ ဖျက်ဆီးရသည်ဖြစ်မှ အောင်မြင်းသို့ ရောက်တော်မူလိမ့်မည်"
ဟူ၍ နားတော်လျှောက်၏။ အနော်ရထာမင်းစောလည်း "မြုပ်ထားရာကို နင် ယူဆောင်ချေ" ဟု
ဆိုတော်မူ၏။ ကုလားခြေလျှင်လည်း ညဉ့်အခါမှ ထိုပြည်တွင်းသို့ဝင်၍ အစ်ကို အပေါင်, အလက်
မြုပ်ထားရာကို အတပ် သိအောင် မရှီးကို မေး၍ သိပြီးလျှင် မြုပ်ထားရာမှ ယူဆောင်၍
အနော်ရထာမင်းကြီးအား ဆက်လေ၏။ အနော်ရထာမင်းစောလည်း ဟူးရားဖြူ ဟူးရားညို
တို့အား အဘယ်သို့ စီရင်ရသော် သင့်မည်နည်းဟူ၍ မေးတော်မူပြန်၏။ ဟူးရားဖြူ ဟူးရားညို
တို့လည်း ကုလားငယ် ဦးခေါင်း အစရှိသော အပေါင်, အလက်ကို မဟာသမုဒ္ဒရာမှာ ချမှ
သင့်မည် ဟူ၍ နားတော်လျှောက်၏။ ဟူးရားဖြူ ဟူးရားညိုတို့က လျှောက်သည်အတိုင်း
လှော်ကားတွင်တင်၍ မဟာသမုဒ္ဒရာမှာ ချလေ၏။ ယင်းသို့ချသောအခါ ထန်းလုလင်တစ်များ
ခန့် ရေလုံး တက်သောဟူ၏။ ဤသို့သော အစီအရင်တို့ကို စီရင်တော်မူရာတွင်မှ သထုံပြည်ကို
ရဲမက်တော်အပေါင်း ဝင်နိုင်၍ မနုဟာမင်းနှင့်တကွ သား,မယား, အမှုအမတ်တို့ကို ဖမ်း၍
အနော်ရထာမင်းစောအား ဆက်လေ၏။

အနော်ရထာမင်းစောလည်း သထုံပြည်တွင် မင်းအဆက်ဆက်တို့ကိုးကွယ်သော ရတနာ
ပန်းတောင်းဖြင့်ထားသော မွေတော်မြတ်တို့ကို လည်းကောင်း၊ အစု ၃၀–သော ပိဋကတ်တို့ကို
လည်းကောင်း၊ ၃၂–စီးသော ထိုမင်း ဆင်ဖြူတွင်တင်၍ ဆောင်ယူတော်မူ၏။ ထိုမှတစ်ပါးလည်း
သုံ့ချိသုံ့ခက်နှင့်တကွ ဆင်မြင်းအလုံးအရင်းကိုလည်း အသီးအသီး ဆောင်ယူတော်မူသည်။
ယင်းကမှ ပန်းပု, ပန်းပွတ်, ပန်းချီ, ပန်းရန်, ပန်းယွန်း, ပန်းထိမ်, ပန်းပဲ, ပန်းတဉ်း, ပန်းတယော,
ပန်းသေး, ပန်းတမော့, ဆင်ဆေးသမား, ဆင်တတ်သောသူ၊ မြင်းဆေးသမား, မြင်းတတ်သော
သူ၊ နှိုင်း လွှား ကာ လုပ်တတ်သောသူ၊ အမြောက်, သေနတ်, လေး လုပ်တတ်သောသူ၊
အကြော် အလှော် အပေါင်းအကျစ် တတ်သသူ၊ ဆံထုံး, ယကင် တတ်သသူ၊ အထုံ, အမွှေး,
ပန်းစစ်, ပန်းလျှက် တတ်သသူ၊ ဤသူတို့ကိုလည်း အခြားအခြား မရောနှော ဆောင်ယူတော်
မူခဲ့၏။ ပိဋကတ် ကျမ်းဂန်တတ်သော အရိယာ သံဃာတို့ကိုလည်း လျှောက်ပတ်စွာ တောင်းပန်
၍ ပင့်ဆောင်တော်မူခဲ့၏။ မနုဟာမင်းနှင့် သား, မယားတို့ကိုလည်း ယူတော်မူခဲ့၍ နေပြည်တော်
ပေါက္ကာရာမသို့ ပြန်တော်မူခဲ့၏။

## ၂၅၂။ သထုံပြည် အကြောင်း

ထိုသထုံပြည်ကား ဘုရားသခင် ထင်ရှားရှိတော်မူစဉ် အာသောက ဓမ္မ
ရာဇာ မည်သောမင်းသည် မင်းပြုတော်မူသည်။ ထို**အာသောကဓမ္မရာဇာမင်း*** မှ

* အနော်ရထာမင်း သထုံကို တိုက်ခိုက်ချိန်မှာ ခရစ်နှစ် ၁၀၅၇–၅၈ ခုနှစ်တွင် ဖြစ်ကြောင်း ကလျာဏီကျောက်စာတွင် လာရှိသည်။
* သီဟရာဇာ (မှန်နန်း–ပ၊ ၂၀၀၃၊ စာ ၂၄၀)

စ၍ မနုဟာမင်းတိုင်အောင် လေးကျိပ်ရှစ်ဆက်သော မင်းတို့သည် ဘုန်းတန်ခိုး၊ အာဏာနှင့် ပြည့်စုံတော်မူ၍ ဘုရားရှင်သာသနာတော်ကို အစဉ် ရွက်ဆောင်တော်မူကြသည်။ ပြည်သူအပေါင်းတို့သည်လည်း ဒါန၊ သီလ အစရှိသော ကောင်းမှုနှင့် ပြည့်စုံကြသည်ဖြစ်၍ နတ်ပြည်ကဲ့သို့ အလွန်သာယာဝပြောစွာ ဖြစ်သည်။ ထိုသို့ စည်ပင်ပြန့်ပြောစွာ တည်သော သထုံပြည်ကြီးကို အစိုးရသော ဆင်ဖြူ ၃၂-စီးရှင် မနုဟာမင်းသည်လည်း အနော်ရထာမင်းကြီးက စေသော သံတို့ကို အနိမ့်အမြင့် မသိ၊ မချေမင်သော စကားဖြင့် ဆိုမိချေသောကြောင့် မိမိကိုယ်မှစ၍ တစ်ပြည်လုံး ပျက်စီးခြင်းသို့ ရောက်ရှာလေသည်။

အနော်ရထာမင်းစောလည်း ပေါက္ကာရာမသို့ ရောက်လျှင် ဆောင်ယူတော်မူခဲ့သော သုရဲ၊ သုခေတ် အစရှိသော ပညာသည် အပေါင်းတို့ကို အသီးအသီး အစုအကွက်ချ၍ နေရစေ၏။ သရီရဓာတ်တော် အပေါင်းတို့ကိုလည်း ရတနာအတိပြီးသော ပတ္တမြားကြုတ်တွင် ဌာပနာ၍ ခေါင်းရင်းတော်၌ အမြဲထား၍ ကိုးကွယ်တော်မူ၏။ ပိဋကတ်အစုံ ၃၀-ကိုလည်း ရတနာအတိပြီးသော ပြာသာဒ်၌ထား၍ အရိယာသံဃာတို့အား သင်ကြားပို့သစေ၏။

## ၂၅၃။ မနုဟာမင်း အကြောင်း[1]

မနုဟာမင်းကိုလည်း မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့်တကွ နေရ၏။ ထိုမနုဟာမင်း အာနုဘော်သည်ကား စကားပြောသော် ခံတွင်းမှ စက်ပြောင်ပြောင် ထွက်သောဟူ၏။ အနော်ရထာမင်းစောလည်း မနုဟာမင်း အဖူးအမြင်လာ၍ ဦးချသောအခါ ကြက်သီးမွေးညင်းထ၍ ထိတ်ထိတ်လန့်လန့် ရှိတော်မူချေ၏။ ရှည်လတ်သော် မနုဟာမင်း ဘုန်းတန်ခိုးအာနုဘော်ကို ညှိုးစေခြင်းငှာ မနောလင်ပန်းနှင့် စားတော်ပြင်ပြီးသော် ဘုရားမှာတင်စေ၍ ထိုစားတော်ဖြင့် မပြတ် မနုဟာမင်းကို ကျွေးတော်မူ၏။ မနုဟာမင်းလည်း မစူးစမ်း၊ မဆင်ခြင် စားတော်မူလေ၏။ ရှည်လတ်သော် မိမိခံတွင်းမှ ထွက်သောစက်ရောင်သည် ကွယ်ခဲ့၏။ ထိုသို့ စက်ရောင်ကွယ်ရာတွင်မှ ငါကြံဖြားသော်လည်း မဖြစ်နိုင်ရာဟူ၍ နှလုံးချသော ဟူ၏။ ယင်းသို့မှ သံဝေဂရသည်ဖြစ်၍ သံသရာဝယ် ကျင်လည်သရွေ့ သူ့နိုင်သသည်ကို မဖြစ်လို ဟူ၍ ကြီးစွာသော ဘုရား ထက်ဝယ်တော်တစ်ဆူ၊ ပရိနိဗ္ဗာန်ပြုတော်မူဟန် ပေါင်းလဲတစ်ဆူ တည်တော်မူ၏။ ထိုဘုရားကို ယနေ့တိုင်အောင် "မနုဟာ" ဟူ၍ တွင်၏။

## ၂၅၄။ အနော်ရထာမင်းစောသည် ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်ကြီးသို့ စွယ်တော်တောင်း ချီတက်တော်မူခြင်း အကြောင်း

အနော်ရထာမင်းစောလည်း သာသနာတော်၌ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ဤသို့ ကြံတော်မူ၏။ "ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်၌ စွယ်တော်မြတ်တစ်ဆူ ရှိသည်။ ထိုစွယ်တော်[2] မြတ်ကို တရုတ်ဦးတည်ဘွားအား တောင်း၍ ခပ်သိမ်းသော သတ္တဝါအပေါင်း

---

၁။ မနုဟာ၏ အမည်ရင်းမှာ မနောဟရီ ဖြစ်ပြီး သထုံဘုရင် ဥဒိန္နရာဇာ၏ သားတော် ဖြစ်သည်။ သုဝဏ္ဏဘူမိ၏ ၅၇ ဆက်မြောက် ဘုရင်ဖြစ်ပြီး ပအောဒနမင်း၏ သမီးတော်နှင့် စုံဖက်ခဲ့သည်။

၂။ ညောင်ရမ်းခေတ် တောင်ဖီလာဆရာတော်က ပင်းတလဲမင်း၏ မေးလျှောက်ချက်ကို ဖြေကြားရာတွင် ၁၆ ဒီဇင်ဘာ ၁၀၅၇ ခုနှစ်၌ အနော်ရထာမင်းစော၏ တပ်များ တရုတ်ပြည်သို့ ချီတက်သွားကြောင်း မိန့်ကြားခဲ့၏။

ကိုးကွယ်ရာ ဖြစ်စေရသော် သာသနာတော်လည်း အတိုင်းထက်အလွန် ထွန်းပလတ္တိ၊
သူ့ခါ အပေါင်းတို့သည်လည်း သာသနာတော် ၅၀၀၀– တိုင်အောင် များစွာသော အကျိုးကို
ရာ" ဟူ၍ ကြံတော်မူပြီးလျှင် နိုင်ငံတော်အလုံးရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို
တော်မူ၍ ရေကြောင်း သုံးကုဋေခြောက်သန်း၊ ကြည်းကြောင်း သုံးကုဋေခြောက်သန်းနှင့်
နတ်မြင်း ၄–စီး၊ ရွှေဗျိုင်းညီနောင်တို့ကို ခေါ်တော်မူ၍ တရုတ်ပြည်သို့ ချီတော်မူ၏။
ရောက်တော်မူလျှင် တရုတ် ဦးတည်ဘွားလည်း မြို့တံခါးကိုပိတ်၍ အတွင်းအကျုံးခံ၍ နေလေ
၏။ အနော်ရထာမင်းစောလည်း အတွင်းအကျုံးခံ၍ နေကြောင်းကို သိတော်မူလျှင် အကြောင်း
ကို ဖမ်းလိုသောငှာ **ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး**၊ ရွှေဗျိုင်းညီနောင်
တို့ကို ခေါ်တော်မူ၍ နတ်မြင်းစီး၍ ဦးတည်ဘွား ဆရာရသေ့ကျောင်းသို့ သွားတော်မူ၏။
ဦးတည်ဘွား ဆရာရသေ့လည်း အရံတစ်သိန်းနှင့် တကွ ကျောင်းတွင် နေနှင့်သည်ကို တွေ့တော်
မူ၏။ ထိုရသေ့လည်း **အနော်ရထာမင်းကြီး**မှ စ၍ နတ်မြင်းသည် ၄–စီး၊ သားရွှေဗျိုင်းညီနောင်တို့
သည် အဖိုးအတိုင်းမသိသော တန်ဆာတို့ကို ဝတ်စားဆင်ယင်ကုန်သည်ဖြစ်၍ ဤသူသည်ကား
မင်းစကောရာ ဖြစ်သည်၊ ဤသူသည်ကား အမတ်ဖြစ်သည်ဟူ၍ အတပ်မသိလျှင် စုံစမ်းအံ့ငှာ
တောင်းမှန် သိမ်မွေ့စွာသော နေရာခုနစ်ခုတို့ကို ခင်းလေ၏။ အနော်ရထာမင်းစောလည်း
ထိုနေရာခုနစ်ခုတို့ကို အရိဒ္ဓမာကြိမ်လုံးဖြင့် ခတ်စေသော် တစ်ခုတည်းသောနေရာဖြစ်၍ ထိုနေရာ
ထက် နေတော်မူ၏။ ကျန်စစ်သား အစရှိသော စစ်သူကြီးလေးယောက်၊ ရွှေဗျိုင်းညီနောင်တို့
သည်း မင်းကြီးကို ရိုသေစွာ ခယမ်း၍ နေကုန်၏။

ထိုအကြောင်းကို ဦးတည်ဘွား ဆရာရသေ့ မြင်လေသော် ဘုန်းကြီးသောမင်းဖြစ်သည်
ဟူ၍ သိလေ၏။ ယင်းသို့မှ ရသေ့လည်း "အဘယ်အရပ်မှ အဘယ်အကြောင်းကြောင့် ငါတို့
တိုင်းနိုင်ငံသို့ လာရောက်တော်မူသနည်း" ဟု မေးလေ၏။ ထိုသို့ ရသေ့ မေးသောစကားကို
ကြားတော်မူလျှင် "ငါကား အရိမဒ္ဒနာ တွင်သော ပေါက္ကာရာမ ပြည်ကြီးကို အစိုးရသော
အနော်ရထာမင်းလျှင်တည်း။ ငါလာတော်မူသော အကြောင်းကား သဗ္ဗညုဘုရားသခင်
စွယ်တော်မြတ်ကို ကိုးကွယ်ချင်သောကြောင့် တောင်းမည် လာသည်" ဟူ၍ မိန့်၏။ ရသေ့လည်း
အနော်ရထာမင်းစော စကားကိုကြားသော် ဦးတည်ဘွားသို့ အကြောင်းကို ကြားလေစေ၏။
ဦးတည်ဘွားလည်း အယုတ်၊ အမြတ်ကို မသိ၊ မလေးမစား နေလေ၏။ အနော်ရထာမင်းစော
လည်း ရသေ့အား ဤသို့ မေးတော်မူ၏။

## ၂၅၅။ ဦးတည်ဘွားဆရာ ရသေ့နှင့် အနော်ရထာမင်းစော စကားပြောဆိုပုံ အကြောင်း

"ဤပြည်ကြီးကို အစိုးရသော ဦးတည်ဘွားသည် သံသရာ၊ ပစ္စုပ္ပန်အလို့ငှာ အဘယ်ကို
ကိုးကွယ်သနည်း" ဟု မေးတော်မူ၏။ ရသေ့လည်း "တရားမင်းကြီး… ဦးတည်ဘွားသည်
သံသရာ အလို့ငှာကား ဘုရားရှင်စွယ်တော်မြတ်ကို ကိုးကွယ်သတည်း၊ ပစ္စုပ္ပန်အလို့ငှာကား
ဂြိုဟ်နတ်ကို ဦးတည်ဘွား ရွှေနန်းရှေ့၌ တန်ဆောင်းပြာသာဒ်နှင့် ထား၍ ကိုးကွယ်သတည်း"
ဟု ဆို၏။ ဦးတည်ဘွားကလည်း အနော်ရထာမင်းစော ချီလာသည်၊ စစ်သည်သူရဲ ခုနစ်ကုဋေ
နှစ်သန်းမျှသာ ဖြစ်သည်၊ ဗိုလ်ပါ နည်းလှသည် ဟူ၍ မလေးမစား ပြုလေ၏။ တစ်နေ့သ၌
မြင်းစာရိတ်တို့သည် ထမ်းပိုးထမ်းကာ မေးကိုထောက်၍ ကြည့်လာသည်၊ စစ်သည်တော်

ဓနုစ်ကုလား နှစ်သန်းကို ၃-ထပ် ဝန်းရံသော ဟူ၏။ အနော်ရထာမင်းစောလည်း ငါသို့သောမင်း လာရောက်သည်ကို ဦးတည်ဘွားသည် မဖူးမမြင်၊ မထွက်မနုပ်" နေသည်။ နေရာသည်လောဟု ရွှေဖျင်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် "ညဉ့်အခါ ဦးတည်ဘွားနန်းသို့ဝင်၍ ရောက်ကိုက်ကုန်အောင် ပန်းတွဲ[၁]ဖြင့် နှပ်ပြီးသော ဦးတည်ဘွားကိုယ်ကို ထုံးဖြင့် ၃-တန် သားချေ၊ အိပ်သည်ကို ရောက်တော်မူသည်ကို မဖူးမမြင်၊ မထွက်မနုပ် နေသည်၊ ငါသို့သောမင်း လာရောက်တော်မူသည်ကို ဖြတ်ပိုင်း၍ပစ်မည်ဟု နံရံတွင် စာရေး၍ နေရာသလော။ ယင်းကဲ့သို့ နေလျှင် ဤထုံးသားရာကို အမိန့်တော်အတိုင်း ညဉ့်အခါကို ဝင်၍ ထားခဲ့" မှာတော်မူ၏။ ရွှေဖျင်းညီနောင်တို့လည်း ဦးတည်ဘွားကို ထုံး ၃-တန် သားလေ၏။ နံရံတွင်လည်း စာရေး၍ထားခဲ့၏။ ရောက် နှပ်ပြီးသော ဦးတည်ဘွားကို ထုံး ၃-တန် သားလေ၏။ နံနက်တွင် ခေါ်တော်မူ၍ "ငါသို့သောမင်း နှိုးသောက်လျှင် အနော်ရထာမင်းစောလည်း ကျွန်စစ်သားကို ခေါ်တော်မူ၍ "ငါသို့သောမင်း လာရောက်သည်ကို ဦးတည်ဘွားသည် မလေးမစား နေသည်၊ ကြေးစန္ဒီနတ်ကို ကြိုးဖြင့်ချည်၍ လျှင် အရိုးမကြေ မကြိမ်လုံးဖြင့် ရိုက်ချေ" ဟူ၍ စေတော်မူပြန်၏။ ကျွန်စစ်သားလည်း အမိန့်တော် အတိုင်း မကြောက်မရွံ့ ဦးတည်ဘွားမှ စ၍ တစ်ပြည်လုံး ကိုးကွယ်သော လူလေးယောက်ဖက် အတိုင်းအရှည်ရှိသော ကြေးဖြင့်သွန်းလုပ်သော စန္ဒီနတ်ရုပ်ကို ကြိုးဖြင့်ချည်၍ အရိုးမကြေ ကြိမ်လုံး ဖြင့် ဝတ်လေ၏။ ထိုနတ်လည်း အရှိမဒ္ဒနာမည်သော ပေါက္ကာရာမပြည်ကြီးကို အစိုးရသော အလောင်းမင်းကြီးသည် စွယ်တော်မြတ်အား ဖူးမြင်လိုသောငှာ လာရောက်တော်မူသည်ကို ဦးတည်ဘွား အစရှိသော အမှူး အမတ် ပြည်သူ လူအပေါင်းတို့သည် မဖူးမမြင် မထွက်မနုပ် နေသည် ဟူ၍ ငါ့ကို အပြစ်ပေးတော်မူ၍ အနာအကျင် ရှိရသည် ဟူ၍ ဟစ်လေ၏။

## ၂၅၆။ တရုတ် ဦးတည်ဘွားနှင့် အနော်ရထာမင်းစောတို့ ညီညွတ်သင့်တင့်စွာ စကားပြောဟောခြင်း အကြောင်း

ထိုနတ် ဟစ်သော အသံသည်ကား ဦးတည်ဘွားမှ စ၍ ဂန္ဓာလရာဇ်တိုင်းသား အားလုံး တို့၏ နားရင်းတွင် ဟစ်သကဲ့သို့ ထင်ကြလေ၏။ ဦးတည်ဘွား အစရှိသော ပြည်သူအလုံးတို့ သည် အသားစားလဏ္ဍသို့ ကြောက်ရွံ့ခန့်ညားကုန်သည်ဖြစ်၍ များစွာသော လက်ဆောင် လက်နက်နှင့်တကွ အမှူးအမတ်အပေါင်း ခြံရံလျက် ဦးတည်ဘွား ဖူးတွေ့တော်မူလာ၏။ "ငါ့အဆွေတော် ဖြစ်သော အနော်ရထာမင်းစော ငါတို့ တိုင်းနိုင်ငံသို့ လာရောက်ကြောင်းကို ငါမသိပါ၊ ယခု ကြေးစန္ဒီနတ်ကို စေသောကြောင့် သိရသည်"ဟု ဆို၏။ အနော်ရထာမင်းစော လည်း "အဆွေတော် တိုင်းနိုင်ငံသို့ လာရောက်ကြောင်းကား လောက၏စည်းစိမ်ကို အလိုရှိ၍ ငါ လာရောက်တော်မူသည်မဟုတ်၊ လောကုတ္တရာချမ်းသာသို့ ရောက်မည်အကြောင်း စွယ်တော် မြတ်ကို ကိုးကွယ်ချင်သောကြောင့် တောင်းမည် လာသည်"ဟု မိန့်တော်မူ၏။ ဦးတည်ဘွား လည်း စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော် ပင့်တော်မူတော့ ဟု ဆို၏။

ယင်းသို့မှ ပြည်ထောင်မင်း ၂-ပါးလည်း တစ်နေရာတည်းတွင် နေတော်မူကြ၏၊ ခင်ခင်မင်မင် ဖြေဖြေလက်လက်[၃] ပြောဟောတော်မူကြ၏။ ထိုနေ့မှစ၍ ဦးတည်ဘွားလည်း ၃-လတိုင်တိုင် ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေထမင်းအိုး၊ ငွေထမင်းအိုး၊ ရွှေဟင်းအိုး၊ ငွေဟင်းအိုး၊ ရွှေဟင်းချို၊ ငွေဟင်းချိုတို့ဖြင့် ချက်ပြုတ်၍ နေ့တိုင်း ထွက်နပ်ပေး၏။ အနော် ရထာမင်းစောလည်း များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ စွယ်တော်မြတ် ထားရာ၌

၁။ ကျွားချေး၍ဖြူခြင်း/ထောက်ပံ့ခြင်း မပြုလုပ်ဘဲ နေသည်။ ၂။ ရေနုပ်ကိစ္စရိယာ ၃။ ကျော့ကျော့လည်လည်

တောင်းပန်တော်မူ၏။ နွယ်တော်လည်း ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ်ရှစ်ဆယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် အလှနိုင်တယ်ရှိသော တန်ဆာဆင်တော်မူလျက် ကောင်းကင်သို့ တက်တော်မူ၍ ဂါရဝကြွတော်မူ၍ မလေ၏။ အနော်ရထာမင်းစောလည်း အဖန်တလဲလဲ ဖယ်ရှိသော ရတနာသန်းတောင်းကို ဦးခေါင်းပေါ်မှာ ရွက်လျက် တောင်းပန်တော်မူ၏။ နွယ်တော်မြတ်လည်း ကောင်းကင်မှ ဆင်းသက်တော် မမူဘဲ နေတော်မူလေ၏။

## ၂၅၇။ အနော်ရထာမင်းစော နွယ်တော်မြတ်ကို မွေတော် လျှော့ခါနီးခဲ့သော အကြောင်း

ထိုအကြောင်းကို မြင်တော်မူလျှင် မချမ်းမသာ နှလုံးတော် ကြေကွဲဘိ၏။ သိကြားမင်းလည်း ထိုမင်း ကြေကွဲတော်မူသည်ကို သိလျှင် သည်မင်းသည် သာသနာတော်ကို ချီးမြှောက်လျှင် သည်ဟူ၍ မြဖြင့်ပြီးသော ရုပ်တုတော်တစ်ဆူကို ယူတော်မူခဲ့၍ နွယ်တော်မြတ်နှင့် အတူ ဂါရဝပြုပြီးသော် ကောင်းကင်မှ ဆင်း၍ မင်းကြီးဦးခေါင်းတော် ရတနာသန်းတောင်းတော်၌ တည်စေ၏။ သိကြားမင်းလည်း ကိုယ်ထင်ပြ၍ ဤသို့ဆို၏။ "ဤနွယ်တော်မြတ်ကို မင်းကြီးအား ကိုးကွယ်စေဟူ၍ ဘုရားရှင် ဗျာဒိတ်တော် မရှိချေ၊ ဂန္ဓလရာဇ်တိုင်းတွင် သာသနာတော် ငါးထောင် တည်ရစ်စေဟူ၍ ဗျာဒိတ်တော် ရှိချေသည်။ မင်းကြီးကိုမူကား နဖူးသင်းကျစ်တော်ဓာတ်ကို ကိုးကွယ်ရလတ္တံ့ဟု ဗျာဒိတ်တော်ရှိသည်။ ထိုနဖူးသင်းကျစ်တော်ဓာတ်မူကား သရေခေတ္တရာ ပြည်ကြီးကို အစိုးရသော ဒွတ္တဘောင်မင်းကြီးသည် ကမ်းယံပြည်မှ ပင့်ဆောင်၍ သရေခေတ္တရာပြည်မှာ စေတီကြီးဖွာတည်၍ ကိုးကွယ်လေသည်။ ထိုနဖူးသင်းကျစ်တော်ဓာတ်ကို ဆောင်ယူ၍ ကိုးကွယ်လေ" ဟုဆို၏။ **အနော်ရထာမင်းစော**လည်း ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၍ ဦးတည်ဘွားက ထွက်နပ်သော ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေထမင်းအိုး၊ ငွေထမင်းအိုး၊ ရွှေဟင်းအိုး၊ ငွေဟင်းအိုး၊ ရွှေဟင်းချို့၊ ငွေဟင်းချို့တို့ကို သည်နှင့်ဆွမ်းချက်၍ နေ့တိုင်း မြတ် နွယ်တော်မြတ်ကို တင်ပါ ဟူ၍ ရသေ့အား အပ်တော်မူ၏။

မင်း ၂၀ ပါးလည်း ကြည်ကြည်သာသာ ပြောဟောတော်မူကြပြီးသော် သိကြားအပ်သော မြရုပ်တုတော်ကို ပင့်ဆောင်တော်မူခဲ့၍ ရေအား၊ ကြည်းအား ပြန်တော်မူ၏။ ကျော့စည်အရပ်သို့ ရောက်တော်မူလျှင် ရွှေဖျင်းညီနောင်ကို ယုံကြည်တော်မမူ၍ ဝါးရင်းတုတ်အရပ်၌ ကွပ်မျက်တော်မူလေ၏။ ထိုသို့ ကွပ်မျက်တော်မူသော အရပ်ကို "ကွပ်ရာညောင်ပင်" ဟူ၍ ယနေ့ထက်တိုင် ဆောင် တွင်၏။

## ၂၅၈။ အနော်ရထာမင်းစောသည် ဓပ်သိမ်းသော သူတို့၏ အကျိုးငှာ ဘုရား၊ ဂူ၊ ကျောင်း တည်တော်မူခြင်း အကြောင်း

အနော်ရထာမင်းစောလည်း ဓပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏ စီးပွားအလို့ငှာ သာသနာတော် ငါးထောင်တည်ရစ်စေဟူ၍ တောင်ပြန်းအရပ်၌ ဂူတစ်လုံး တည်တော်မူ၏။ ထိုဂူကို ဆုတောင်းပြည့်ဟူ၍ သမုတ်တော်မူ၏။ ထိုကသည် ရတနာရွှေဖောင်တော်စီး၍ ပြန်တော်မူ၏။ ယင်းသောအခါ ရွှေဖျင်းညီနောင် နတ်မိစ္ဆာဖြစ်၍ ဖောင်တော်စုန်သောအခါ တက်မကို ကိုင်၍ ထားလေ၏။ ဖောင်တော်လည်း မသွားနိုင် ရှိချေ၏။ ထိုအကြောင်းကို ဟူးရားပြု

ဖူးရာညီတို့အား မေးတော်မူသော် "ကျွန်တော်မျိုး ရွှေဖျင်းညီနောင်တို့သည် အမှုတော်ကို ထမ်း၍ ကျေးဇူးတော် မခံစားရပါသောကြောင့် ဖောင်တော်တက်မကို ကိုင်၍လိုက်သည်" ဟု နားတော်လျှောက်လေ၏။ အနော်ရထာမင်းစောလည်း "ပေါင်မြန်း[၁]ရွာတွင် ကောင်းမှုတော် ဆုတောင်းပြည့်ဘုရား၌ ကွန်းဆောက်၍[၂] ထားပေ၊ ကျော်စည်တစ်တန်း၌ နေသောသူတို့၏ ပူဇော်ရာ ဖြစ်စေ" ဟု မိန့်တော်မူ၏။ အမတ်တို့လည်း အမိန့်တော်အတိုင်း ထားလေ၏။ အနော်ရထာမင်းကြီးလည်း စုန်တော်မူ၍ နေပြည်တော်သို့ ရောက်တော်မူလျှင် မြရှင်ဆင်းတုတော်ကို ရွှေနန်းတော်၌ ထားတော်မူခဲ့၍ ဆင်လုံး၊ မြင်းရင်း အများနှင့် ရေအား၊ ကြည်းအား ချီတော်မူ၍ သရေခေတ္တရာသို့ ရောက်တော်မူလျှင် ဒွတ္တဘောင်မင်းကြီး တည်တော်မူသော စေတီတော်ကို ဖျက်၍ နဖူးသင်းကျစ်တော်ဓာတ်ကို ယူပြီးသော် ရတနာအတိပြီးသော ပြာသာဒ်နှင့် ဆင်ဖြူ၌ တင်၍ ပင့်ဆောင်တော်မူခဲ့၏။ သရေခေတ္တရာမြို့ကိုလည်း နောက်နောင် သူပုန်၊ သူကန်တို့ နေလတ္တံ့သည်ကို စိုးရိမ်တော်မူ၍ ဖျက်ဆီးရ၏။ ဒွတ္တဘောင်မင်းကြီး စီးတော်မူသော နဂါးရုပ် လှေကို သားတော် ဒွတ္တရန် မြှုပ်ထားခဲ့လေသည်ကိုလည်း တူးဖော်၍ ကြည့်တော်မူပြီးလျှင် မြှုပ်ထားမြဲ မြှုပ်၍ ထားတော်မူခဲ့၏။

### ၂၅၉။ ရွှေစည်းခုံဘုရားကို ဌာပနာသွင်းနှံ ပူဇော်ခြင်း အကြောင်း

ယင်းကပြန်တော်မူ၍ နေပြည်တော် ပေါက္ကာရာမသို့ ရောက်တော်မူလျှင် ရဟန္တာမြတ် ရှင်အရဟံနှင့် တိုင်ပင်တော်မူ၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားအလို့ငှာ သာသနာတော် ငါးထောင်ပတ်လုံး တည်စေလို၍ နဖူးသင်းကျစ်တော်ဓာတ်ကို ရတနာဆင်ဖြူထက် တင်ပြီးသော် မွေတော်မြတ် ကျိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူတော် ဝပ်စေသော်ဟု မိဋ္ဌာန်တော်မူပြီးမှ ဆင်ဖြူကို လွှတ်တော်မူ၏။ ဆင်ဖြူလည်း ရွှေစည်းခုံဘုရားတည်ရာ သဲစည်းခုံ၌ ဝပ်လေ၏။ မင်းကြီးလည်း သဲစည်းခုံ၌ ဝပ်သည်ကို မြင်တော်မူလျှင် မသက်မသာ ရှိတော်မူ၍ သာသနာတော်ငါးထောင် တည်ရစ်စေဟူ၍ ငါအကြံတော်ရှိသည်၊ ယခု သယံဇာတ မြေတွင်ကား ဆင်ဖြူ မဝပ်ပါ၊ ညှို့မြေဖြစ်သော သဲစည်းခုံ၌ ဝပ်ဘိသည်ဟူ၍ နှလုံးမသာ ရှိတော်မူ၏။ သိကြားမင်းလည်း ထိုညဉ့်တွင် လာ၍ "မင်းကြီး... ဤဆင်ဖြူ ဝပ်သော အရပ် သည်ကား သာသနာတော် ငါးထောင်ပတ်လုံး တည်လတ္တံ့သည်၊ မင်းကြီး မစိုးရိမ်လင့်" ဟူ၍ အိပ်မက်ပေးလာ၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ရှိသည်ဖြစ်၍ ဘုရားတည်မည့် အကြောင်းကို စီရင်တော်မူ၏။ သိကြားမင်းလည်း နှစ်သိန်းလေးသောင်း အထုရှိသောမြေကို ကျောက်အတိ ပြည့်စေ၍ သံပြားအတိ ကွပ်ပေး၏။ အနော်ရထာမင်းစောလည်း သာသနာတော် ငါးထောင်တိုင်အောင် ထာဝရ ဖြစ်လတ္တံ့သည်ကို မြင်တော်မူ၏။ ရွှေစည်းခုံ တောင်အရပ်တွင် ပြာသာဒ်ငါးဆောင်နှင့် နေတော်မူ၍ ရွှေစည်းခုံဘုရားကို တည်တော်မူ၏။

ဌာပနာတိုက်သွင်းတော်မူသောအခါ ဘုရားရှင် နဖူးသင်းကျစ်တော်ဓာတ်သည် လကျာ တော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်တော်မူလျက် မနှိုင်းယှဉ်အပ်သော အသရေအပေါင်းကို ဆောင် တော်မူ၍ ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့ တက်တော်မူပြီးသော် ဤမင်းကြီးသည် ရှေး၌လည်း ပုလလဲဆင်ဖြစ်၍ ဝါတွင်းသုံးလပတ်လုံး ငါ့ကို လုပ်ကျွေးဖူးလေပြီ၊ ယခုလည်း

၁။ ယခု တောင်ပြုံးရွာ ၂။ နတ်ကွန်းနတ်နန်း ဆောက်

ငါ၏ သာသနာတော်ကို ချီးမြှောက်ပေသည်၊ နောင် လာလတ္တံ့သော အခါ၌လည်း ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့သည် ဟူ၍ ဗျာဒိတ်ကြားတော်မူပေ၏။ မင်းကြီးလည်း အပနိတစ်ရာဖက်သော ပါဠိမ်းကို အကြိမ်တစ်ရာ စစ်သော ဆီဝယ် ချဘိသကဲ့သို့ ပီတိသောမနဿ တွေ့သည်ဖြစ်၍ မိန်းမောလျက် သရီရဓာတ်တော် ထားသော ရတနာပန်းတောင်းကိုဖက်၍ တရှိုက်မက်မက် နေတော်မူ၏။ ရှင်အရဟံလည်း မင်းကြီးအား ဤသို့ မိန့်တော်မူ၏။ "ဘုရားရှင် သာသနာတော်ကို ချီးမြှောက်ဆောင်ရမည်လည်း များသေးသည်၊ ရတနာပန်းတောင်းကို မင်းကြီး ဖက်၍နေမှန် လျှောက်ပြ၍ ဌာပနာလေ"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း ရှင်အရဟံ မိန့်တော်မူသည့်အတိုင်း လျှောက်သွန်း၍ ဌာပနာလေ၏။ ရွှေစည်းခုံတည်သော အစီအရင်ကား– ရွှေစည်းခုံကျောက်စာ ရှိလေပြီ။

## ၂၆၀။ အနော်ရထာမင်းစော သိန်းခိုကျွန်းသို့ စွယ်တော်တောင်း သွားရန် ကြံစည်တော်မူခြင်း အကြောင်း

ရွှေစည်းခုံဘုရားကို တည်တော်မူ၍ ပဉ္စယာသုံးဆင့် ပြီးလျှင် ဤသို့ ကြံတော်မူ၏။ "ငါသည်ကား ဘုရားရှင် ဗျာဒိတ်တော်ရပြီးသောသူ ဖြစ်သည်၊ တရုတ်ပြည်မှာ စွယ်တော်မြတ်ကို တောင်းသော်လည်း မရချေ၊ မြရှင်ဆင်းတုနှင့် နဖူးသင်းကျစ်တော်ဓာတ်ကို ဗျာဒိတ်တော်ရှိသည် ဟူ၍ သိကြား အပ်၍ ကိုးကွယ်ရသည်၊ သိန်းခိုကျွန်း၌ရှိသော စွယ်တော်မြတ်ကို ရ၍ ဤစေတီ တွင် ဌာပနာရသည်ရှိသော် သာသနာတော် ငါးထောင်တိုင်တိုင် ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့ အကျိုးများစွာ ဖြစ်လတ္တံ့သည်"ဟူ၍ တောင့်တတော်မူ၏။ ထိုညဉ့်၌ သိကြားမင်းလည်း ဘုရားရှင်သာသနာတော် ထင်ရှားစွာ ဖြစ်လတ္တံ့သည်ကိုမြင်၍ မင်းကြီးသည် သိန်းခိုကျွန်း၌ စွယ်တော်မြတ်ကို ရလတ္တံ့ဟူ၍ အိပ်မက်ပေးလာ၏။ မင်းကြီးလည်း နိုးတော်မူလျှင် ပီတိသော မနဿ လွှမ်းစွာရှိသည်ဖြစ်၍ စစ်သူကြီးလေးယောက် အစရှိသော မှူးတော်၊ မတ်တော် အပေါင်း တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ "ငါသည် သိန်းခိုကျွန်းသို့ကူး၍ သိန်းခိုမင်းတို့ အစဉ်ကိုးကွယ် ၍ ရှိသော စွယ်တော်မြတ်ကို ဆောင်ယူမည် အကြံတော်ရှိသည်၊ အမတ်တို့စိတ်တွင် အဘယ်သို့ ထင်ကြသနည်း" ဟု မေးတော်မူ၏။ ယင်းသောအခါ ကျန်စစ်သား လျှောက်သည်ကား "ဘုန်းကြီးသောအရှင်၊ ကိုယ်တော်နှင့်တကွ ကျွန်တော်တို့ မြင်းလေးစီးသား ချီ၍ လုပ်ကြရသည် ရှိသော် သိန်းခိုကျွန်းကို ထားဘိ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ရှိသော ထီးဆောင်းမင်း အပေါင်းတို့ သည် တစ်ချက်တည်း ရုံးစု၍ ခံငြားသော်လည်း ကျွန်တော်တို့လက်တွင် လွတ်နိုင်မည် မဟုတ်" ဟူ၍ နားတော်လျှောက်၏။ အနော်ရထာမင်းစောလည်း သူရဲကြီးလေးယောက် လျှောက်သော စကားကို ကြားတော်မူလျှင် ဝမ်းမြောက်ဝမ်းသာ ရှိတော်မူသည် ဖြစ်၍ နတ်မြင်းလေးစီးနှင့် တကွ အလုပ်အကျွေး ကုလားခြေလျင်တို့ကို ခေါ်၍ သိန်းခိုကျွန်းသို့ ကူးအံ့သောငှာ ပါဝါ[1] မည်သော သင်္ဘောဆိပ်သို့ သွားတော်မူကြလေ၏။

သင်္ဘောဆိပ်သို့ ရောက်တော်မူလျှင် သိကြားနေရာ ပဏ္ဍုကမ္ဗလာ ခက်တရော်ရှိလေ၏။ သိကြားမင်းလည်း လူ့ပြည်၌ အကြောင်းရှိမည်ဟူ၍ ကြည့်လတ်သော် အနော်ရထာမင်းစော သိန်းခိုကျွန်း၌ စွယ်တော်ကို ဆောင်အံ့သောငှာ သွားသည်ကိုမြင်လေ၏။ သိန်းခိုကျွန်းသို့ ရောက်သည်ရှိသော် ပြည်ထောင်ရှင်း မင်း ၂–ပါး ကြီးစွာ ရန်စစ်ဖြစ်၍ သိန်းခိုတစ်ကျွန်းလုံး

၁။ ယခု ပုသိမ်သင်္ဘောဆိပ်ကမ်း

ရောက်စီးမြင်းသို့ ရောက်လတ္တံ့သည်ကိုမြင်၍ သင်္ဘောသူကြီး အယောင်ဆောင်ပြီးသော အနော်ရထာ မင်းကြီးအား ဤသို့ ဆိုလေ၏။ "သိန်းနိုကျွန်းသို့ ယနေ့ပင် ငါကူးမည်၊ ငါ့သင်္ဘောလိုက်တော့" ဟူ၍ ဆိုလေ၏။ အနော်ရထာမင်းစောလည်း သင့်လျော်ပြီ အကြံတော်ရှိ၍ နတ်မြင်းသည် လေးစီးနှင့်တကွ လိုက်တော်မူလေ၏။ သိကြားမင်းလည်း နတ်တို့၏ ဘောဂဥစ္စာတို့ စားစေပြီးသော် နတ်တို့၏ အခင်းနေရာ၌ အိပ်စေ၏။ အနော်ရထာမင်းစော အစရှိသော အခြွေအရံအပေါင်းတို့လည်း နတ်တို့၏ အတွေ့ကိုရလျှင် မနိုးသော အိပ်ခြင်းဖြင့် အိပ်တော်မူလေ၏။ သိကြားမင်းလည်း ထိုညဉ့်တွင်ပင် "လောကနန္ဒာ" ဆိပ်သို့ ပို့လာ၏။

## ၂၆၁။ သိကြားမင်း ပြသော အိပ်မက်တော်အရ သိန်းနိုကျွန်းသို့ စွယ်တော်တောင်း စေလွှတ်ခြင်း အကြောင်း

အနော်ရထာမင်းကြီး နိုး၍ လောကနန္ဒာအရပ်ကိုမြင်လျှင် သိကြားမင်းသည် ငါ့ သိန်းနိုကျွန်းသို့ မသွားစေလိုသည် တစ်မှုံ့ဟု နှလုံးတော် မသက်မသာ ရှိတော်မူ၏။ နန်းသို့ ရောက်တော်မူလျှင် ထိုညဉ့်၌ "မင်းကြီးက တမန်စေ၍ တောင်းစေသော် စွယ်တော်မြတ်ကို ရလတ္တံ့" ဟု သိကြားမင်း အိပ်မက်ပေးလာ၏။ မင်းကြီးလည်း ရှင်အရဟံနှင့် တိုင်ပင်ပြီးသော် ဆင်ဖြူတစ်စီးကို လက်ဆောင်ပြု၍ လိမ္မာသော အမတ်တစ်ယောက်နှင့် ချောင်သာယာသော စကားဖြင့် မှာတော်မူ၍ စွယ်တော်မြတ်ကို တောင်းရလေ၏။ ယင်းသောအခါ သိန်းနိုမင်း သဃတော်[?] အား သိကြားမင်း ဤသို့ အိပ်မက်ပေးနှင့်လေ၏။ "အရိမဒ္ဒနာ မည်သော ပေါက္ကာရာမပြည်ကြီးကို အစိုးရတော်မူသော ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူသော အနော်ရထာမင်းစောသည် နတ်မြင်းသည် လေးစီးနှင့်တကွ လာ၍ သိန်းနိုတစ်ကျွန်းလုံး ပစ္စုပ္ပန်အလို့ငှာ ရှိသေစွာ ကိုးကွယ်သော လူလေးယောက်ဖက် ရှိသော ကျောက်ဂဝံ နတ်ရုပ်ကို ကြိုးနှင့်ချည်၍ ယူလေသည်၊ စွယ်တော်မြတ်ကိုလည်း ပင့်လေသည်" ကို မြင်မက်လေ၏။

## ၂၆၂။ သိန်းနိုမင်း သီရိသဃဗောဓိက စွယ်တော်စေတ်မြတ်ကို ပေးအပ်လိုက်ကြောင်း

သိန်းနိုမင်း သဃဗောဓိလည်း နိုးတော်မူလျှင် ကြီးစွာသော ထိတ်လန့်ကြောက်ရွံ့ခြင်းစွာ ဖြစ်လေ၏။ အနော်ရထာမင်းစောက စေတော်မူသော သင်္ဘောလည်း သိကြားမင်း စောင်မသည်ဖြစ်၍ ၇-ရက်နှင့် သိန်းနိုကျွန်းသို့ ရောက်လေ၏။ တမန်တို့လည်း အနော်ရထာမင်းစောက ပါးလိုက်သော ဆင်ဖြူနှင့်တကွ လက်ဆောင်ပဏ္ဏာတို့ကို သိန်းနိုမင်းအား ဆက်၍ အကြောင်းကို လျှောက်လေ၏။ သိန်းနိုမင်း သဃဗောဓိလည်း အနော်ရထာမင်းစောက မှာတော်မူသမျှကို ကြားတော်မူသော် ခင်ခင်မင်မင် ရွှင်သောနှလုံးတော် ရှိသည်ဖြစ်၍ "ငါ့အဆွေတော်က မှာသည်ကို ကိုးကွယ်ရအောင် ငါတောင်းပန်မည်" ဟူ၍ စွယ်တော်မြတ်ထားရာ ပြာသာဒ်သို့ သွားပြီးသော် ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ တောင်းပန်လေ၏။ စွယ်တော်မြတ်လည်း ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့သည် နှန့်ငြိုင်ဖြစ်၏။

၁။ အနော်ရထာမင်း(အေဒီ ၁၀၄၄-၁၀၇၇) နှင့် သီဟိုဠ် ဝိဇယဗာဟုမင်း [ Vijayabahu (အေဒီ ၁၀၅၉-၁၁၁၄)]

ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်လျက် မနိုင်းယှဉ်အပ်သော အသရေတော် အပေါင်းနှင့် ပြည့်စုံစွာ ပရိက္ခရာရှစ်ပါးလွယ်၍ ကောင်းကင်၌ စင်္ကြံကြွ၍နေတော်မူလေ၏။ သိန်းနိုမင်းလည်း နဝရတ်ဖြင့်ပြီးသော ရတနာပန်းတောင်းကို ခေါင်းမှာရွက်လျက် မြေယံ၌ရှိသေ့စွာ တောင်းပန်တော်မူ၏။ စွယ်တော်မြတ်လည်း တစ်ဆူပွား၍ ဘုရား၂၈ ဆူ ထင်ရှားရှိတော်မူသကဲ့သို့ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။ ထိုအကြောင်းကို သိန်းနိုမင်း သယ်တော်မြင်လျှင် "ပွားသော စွယ်တော်မြတ်တစ်ဆူသည် ငါ၏ဦးခေါင်း၌ တည်တော်မူစေသော" ဟူ၍ အဖန်တလဲလဲ တောင်းပန်တော်မူသော် ကောင်းကင်မှ ဆင်းသက်တော်မူ၍ သိန်းနိုမင်း ဦးခေါင်း၌ ရတနာပန်းတောင်းထက် တည်လေ၏။ သိန်းနိုမင်းလည်း ဦးခေါင်းဖြင့် ရွက်၍ သင်္ဘောဆိပ်တိုင်အောင် ဆင်းဆောင်ပြီးသော် လည်စေ့ အတိုင်းအရှည်ရှိသော ရေသို့ ဆင်းသက်၍ (သင်္ဘောသို့ တင်လေ၏။ ဤသို့လည်း မှာတော်မူ၏။ "ငါ့အဆွေတော်ဖြစ်သော အနော်ရထာမင်းစောကို ငါကဲ့သို့ လည်၍ တိုင်အောင် ရေသို့ ဆင်းသက်ပြီးသော်) ဦးခေါင်းဖြင့် ရွက်၍ ဆောင်ယူတော်မူပါ"ဟု မှာတော်မူ၏။ တမန်တို့လည်း စွယ်တော်မြတ်ကို ရတနာအတိပြီးသော ပြာသာဒ်တွင် တင်၍ ရိုသေကောင်းမွန်စွာ ဆောင်ယူကြ၏။ သိန်းနိုကျွန်းမှ လွှင့်ခဲ့သော် သင်္ဘော မ သည်ဖြစ်၍ ၇-ရက်နှင့် လောကနန္ဒာဆိပ်သို့ ရောက်လာ၏။ အနော်ရထာမင်းစောလည်း "သိန်းနိုကျွန်းသို့ စေလိုက်သော သင်္ဘောနှင့် စွယ်တော်မြတ်ကို ဆောင်ယူ၍ ရောက်လာပြီ" ဟု ကြားတော်မူလျှင် ဝမ်းမြောက်ဝမ်းသာ ရှိတော်မူသည်ဖြစ်၍ မုလ်ပြီး ဟူသော ဆင်ဖြူကို စီးတော်မူ၍ စွယ်ကြိုဆိပ်တိုင်အောင် ကြိုတော်မူ၏။ စွယ်တော်မြတ်လည်း အနော်ရထာမင်းကြီးသည် သိန်းနိုကျွန်းက မှာလိုက်သောအတိုင်း ခြေဖြင့်လာတော်မူ၍ ရေသို့ ဆင်းသက်၍ မဆီးမကြိုချေ။ ဆင်စီးတော်မူ၍ ကြိုချေသောကြောင့် စွယ်တော်မြတ်တင်သော သင်္ဘောသည် ပြန်၍ သမုဒ္ဒရာ၌ တည်လေ၏။ အချို့သော စာမှာ စွယ်တော်မြတ် တင်သော သင်္ဘောသည် သိန်းနိုကျွန်းတိုင်အောင် ပြန်လေသည် ဟူ၍လည်း ဆို၏။

သင်္ဘောပြန်ခဲ့လျှင် အနော်ရထာမင်းစောလည်း ကြီးစွာသော နိုးရိမ်ခြင်းသို့ ရောက်သည်ဖြစ်၍ များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ တောင်းပန်တော်မူ၏။ ထင်းသို့မှ စွယ်တော်တင်သောသင်္ဘော ချဉ်းရောက်လာ၍ မင်းကြီးလည်း လည်၍တိုင်အောင် ရေသို့ ဆင်းသက်တော်မူပြီးလျှင် ရတနာပန်းတောင်းကို ဦးခေါင်းမှာရွက်လျက် မရေတွက်နိုင်သော မှူးတော်၊ မတ်တော်၊ ရဲမက်၊ ဗိုလ်ပါအပေါင်း ခြံရံစေ၍ ရွှေနန်းတော်သို့ ဆောင်တော်မူ၏။ ရွှေနန်းတော်သို့ ရောက်လျှင် နန်းတော်ရှေ့၌ ရတနာအတိ မွမ်းမံသော ပြာသာဒ်ထက် ကိန်းဝပ်တော်မူစေ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုတော်မူ၏။ ရှင်အရဟံလည်း မင်းကြီးအား ဤသို့ မိန့်တော်မူ၏။ "စွယ်တော်မြတ်ကို နန်းတော်တွင်ထား၍ ကိုးကွယ်သည်ထက် သာသနာတော် ငါးထောင်တိုင်တိုင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ကိုးကွယ်စေခြင်းငှာ စေတီတည်တော်မူသော် အကျိုးများစွာ ခပ်သိမ်းသော သတ္တဝါအပေါင်း ဖြစ်လတ္တံ့."ဟူ၍ မိန့်တော်မူ၏။ အနော်ရထာမင်းစောလည်း စွယ်တော်မြတ်ကို ရတနာဆင်ဖြူထက် ရတနာပြာသာဒ်နှင့်တကွ တို့၏ အစီးအပွားအလို့ငှာ စွယ်တော်မြတ်ကို ရတနာဆင်ဖြူထက် ရတနာပြာသာဒ်နှင့်တကွ တင်ပြီးသော် "ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူ ဝပ်စေသော"ဟူ၍ မိဋ္ဌာန်တော်မူလျက် ဆင်ဖြူကို လွှတ်တော်မူ၏။

## ၂၆၃။ စွယ်တော်ပွား ငါးဆူကို ဌာပနာ၍ စေတီတော်များ တည်ခြင်း အကြောင်း

ဆင်ဖြူလည်း နဖူးသင်းကျစ်တော်မာတဲ့ ဌာပနာတော်မူရာ ရွှေစည်းခုံသို့ တင်၍ ဝပ်လေ၏။ နော်ရထာမင်းစောလည်း ထိုစွယ်တော်မြတ်ကို ရွှေစည်းခုံ၌ ဌာပနာတော်မူ၏။

မင်းကြီးလည်း "ငါတည်း ဘုရားအဖြစ်သို့ ရောက်မည်မှန်လျှင် စွယ်တော်မြတ်သည် ပွားစေသော" ဟူ၍ မိန့်တော်မူ၏။ စွယ်တော်လည်း တစ်ဆူပွား၍ ဆင်ဖြူတွင် တင်ပြီးသော "ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူ ဝပ်စေသော" ဟု မိန့်တော်မူ၍ ဆင်ဖြူကို လွှတ်၏။ ဆင်ဖြူလည်း တန့်ကြည်တောင်ဖျားထက် တက်၍ ဝပ်လေ၏။ ထိုအရပ်တွင် စေတီတစ်ဆူ တည်၍ ဌာပနာတော်မူ၏။

မင်းကြီးလည်း တစ်ဖန် မိန့်တော်မူ၍ စွယ်တော်တစ်ဆူ ပွားပြန်၏။ ထိုစွယ်တော်ကို ဆင်ဖြူထက် တင်ပြီးသော် "စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော အရပ်တွင် ဆင်ဖြူ ဝပ်စေသော" ဟူ၍ ဆင်ဖြူကို လွှတ်တော်မူပြန်၏။ ဆင်ဖြူလည်း သိန်းနိကျွန်းမှ သစ်တော ဆိုက်လာသော လောကနန္ဒာ အရပ်တွင် ဝပ်လေ၏။ ထိုအရပ်၌ စေတီတစ်လုံး တည်၍ ဌာပနာတော်မူ၏။

ယင်းသို့တစ်ဖန် မိန့်တော်မူပြန်၍ စွယ်တော်တစ်ဆူ ပွားပြန်သည်ကို ဆင်ဖြူတွင်တင်၍ လွှတ်တော်မူပြန်၏။ ဆင်ဖြူလည်း တရွှင်းတောင်ဖျားတွင် ဝပ်လေ၏။ ထိုတောင်ဖျားထက်၌ စေတီတစ်လုံးတည်၍ ဌာပနာတော်မူပြန်၏။

ယင်းကမှ တစ်ဖန် မိန့်တော်မူ၍ စွယ်တော်တစ်ဆူပွားသည်ကို ဆင်ဖြူထက်တင်၍ လွှတ်တော်မူပြန်၏။ ဆင်ဖြူလည်း အရှေ့မျက်နှာအရပ်သို့ သွား၍ **သာလျောင်းတောင်**[1] ထက် တစ်ခေတ္တ လျောင်းပြီးလျှင်၊ ထိုက သွား၍ ရွှေတောင်[2] ထက် တက်လေ၏။ ထိုက မြက်တောင်[3] ထက် ဝပ်လေ၏။ အနော်ရထာမင်းစောလည်း ထိုအရပ်တွင် စေတီတစ်လုံး တည်၍ ဌာပနာတော်မူပြန်၏။

ဤသာလျောင်းတောင်၊ ရွှေတောင်တို့တွင်လည်း ငါ့ကို စေတီတည်စေလိုသည်ဟု အမှတ်တော်ရှိ၍ စေတီတစ်ဆူစီ တည်တော်မူ၍ များစွာသော သရီရဓာတ်တော်တို့ကို ဌာပနာတော် မူ၏။

> ဤသို့ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားအလို့ငှာ သာသနာတော် ငါးထောင်တိုင်တိုင် တည်ရစ်စေဟူ၍ ၅-ဆူသော စွယ်တော်မြတ်တို့ကို စေတီ တည်ပြီးလျှင် များမြတ်သော ပုညက်သတ္တာရကို ပြုတော်မူ၍ သာဓုခေါ်တော်မူ၏။

## ၂၆၄။ ကျွန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီး ဟူသော သူရဲကောင်း လေးယောက်ကို ဥဿာပဲခူးသို့ စစ်ကူစေလွှတ်ခြင်း အကြောင်း

တစ်နံ့သောအခါ "ဥဿာပဲခူးသို့ ရွမ်းစစ်သည်[4]အများ ချီလာသည်၊ စစ်ကူတော်မူပါ" ဟု လျှောက်လာ၏။ အနော်ရထာမင်းစောလည်း "မြင်းသည်ကောင်း ၄-သိန်း စစ်ကူ ချီလာ

---

၁/၂/၃။ သာလျောင်းတောင် / ရွှေတောင် / မြက်တောင် တို့သည် ကျောက်ဆည်မြို့နယ် အတွင်းတွင် ရှိသည်။
၄။ ကမ္ဘောဇ်သားစစ်သည်

နိုင်မည်" ဟူ၍ မိန့်တော်မူလိုက်၏။ လျှောက်လာသောသူတို့ ပြန်လေသော် ကျွန်စစ်သား၊ ရေမွှား၊ လေးလက်ဖယ်၊ ညောင်ဦးဘီး၊ ဤသူရဲကြီး ၄-ယောက်တို့ကို နတ်၏တန်ဆာ ကဲ့သို့သော တန်ဆာဆင် ဝတ်စေ၍ အလုပ်အကျွေး ကုလားခေါင်းကျွဲ ရှိန်ကျိုက်နှင့် စစ်ကူ သွားရလေ၏။ ရောက်လျှင် ဥဿာပဲကူးမင်းလည်း မြင်းသည် ၄-သိန်း လာစိမ့်မည် ဟူ၍ မှာတော်မူလိုက်သည်ကို မြင်း ၄ စီးသာ လာသည်ဟူ၍ မသက်မသာသော စကားကို ဆိုဘိ၏။ နတ်မြင်းသည် လေးစီးသားတို့လည်း "ငါတို့အား ဤသို့သော စကားကို ဆိုရလေသည်" ဟူ၍ အရှားရှားသော လုပ်ရည်ကြံရည်ကို သစ္စာယား အစရှိသည်တို့၌ ပြကြလေကုန်၏။ ဥဿာမင်းမှူး ကျုံ ပြည်သူအပေါင်းတို့သည်လည်း "ဤသူတို့သည် လူမဟုတ်၊ နတ်ဖြစ်ရာသည်၊ ဤသူတို့ ကဲ့သို့ မြင်ဖူးသည်ကိုထား၍ ကြားမှု မကြားစဖူးပါ" ဟု အံ့ဩချီးမွမ်းကြကုန်၏။ ဥဿာမင်းလည်း ဝမ်းမြောက်ဝမ်းသာ ရှိသည်ဖြစ်၍ များစွာသော ပဏ္ဏာကာရတို့ဖြင့် ထွက်နှုတ်လေကုန်၏။ ဂျွမ်းစစ်သည်တို့လည်း များစွာသော ဆင်လုံး၊ မြင်းရင်းနှင့်တကွ ရောက်လာ၏။ နတ်မြင်းသည် ၄-ယောက်တို့လည်း ဂျွမ်းစစ်သည်တို့ကို လေးနက်ခွဲအောင် အလယ်ကိုထွင်း၍ တိုက်လေ၏။ လေးနက်ခွဲပြီးသော် ဂျွမ်းတို့၏ စစ်သူကြီးဖြစ်သော အောက်ပြန်၊ အောက်ပြန်၊ အောက်ပြဘဲ၊ အောက်ပြပိုက်၊ ဤစစ်သူကြီးလေးယောက်တို့ကို အရှင်ဖမ်း၍ ယူလေ၏။ ဤဂျွမ်းစစ်သည်တို့ လည်း မိမိတို့စွဲသော လက်နက်ကိရိယာတို့ကို ပစ်၍ ခါးတွင် အဝတ်နှင့်သာ ပြေးလေကုန်၏။ နတ်မြင်းသည် လေးယောက်တို့လည်း မိမိတို့ ရအပ်သော စစ်သူကြီးလေးယောက်တို့ကို ဥဿာ မင်းအား ဆက်လေ၏။ **ဥဿာမင်းလည်း** လွန်စွာ အားရတော်မူသည် ဖြစ်၍ ကြီးစွာသော ဆုလာဘ်သပ်ပကာ ပေး၍ အနော်ရထာမင်းစောအားလည်း ဥဿာမင်း အဆက်ဆက်တို့သည် ရှုကြတ်တွင်ထည့်၍ ကိုးကွယ်သော ဆံတော်ဓာတ်နှင့်တကွ ချစ်လှစွာသော မွေးအဆင်းကဲ့သို့ အဆင်းရှိသော ခြသေ့ရုပ် အလေးမှုသာရှိသော "**မဏိစန္ဒာ**" အမည်ရှိသော သမီးတော်ကိုလည်း ဆက်၏။

## ၂၆၅။ ဥဿာပဲကူးက အပြန်တွင် ကျွန်စစ်သားကို အမျက်တော်ရှိခြင်း အကြောင်း

နတ်မြင်းသည် ၄-ယောက်တို့လည်း **မဏိစန္ဒာမင်းသမီး**ကို အလှည့်လှည့် အလဲလဲ ဆောင်ယူခဲ့ကုန်၏။ တစ်နေ့သ၌ ကျွန်စစ်သား စောင့်လှည့်တွင် မင်းသမီးနှင့် သံဝါသဖြစ်ဘိ၏။ ထိုသို့ သံဝါသဖြစ်လေသော် မင်းသမီးကို ရှိန်သော ခြသေ့ရုပ်အလေးသည် လေး၍ မင်းသမီး ကိုယ်တော် လေးဘိ၏။ ထိုအကြောင်းကို စစ်သူကြီး ၃-ယောက်တို့ သိမြင်လေသော် ကျွန်စစ်သား စောင့်လှည့်တွင် ရှိသောအကြောင်းကို အနော်ရထာမင်းစောအား နားတော်လျှောက်လေ၏။ အနော်ရထာမင်းစောလည်း "ငါ့သို့သော မင်းကို မစုံမရှည်းကျင့်သည် မဟုတ်လော" ဟူ၍ ကြီးစွာသော အမျက်တော်ရှိသောအားဖြင့် **မှော်ရောင်ကြိုး**[၁၈]ဖြင့် ထည့်၍ **အရိန္ဒမာလှံ**ဖြင့် ထိုးတော်မူ၏။ ကျွန်စစ်သားသည် မိမိတံသည် အပြီးသို့ မရောက်သေးသည်ဖြစ်၍ နောင်သောကြိုးကို ထိုးမိ၏။ ကြိုးပြတ်လျှင် လွတ်လေ၏။

**ကျွန်စစ်သားလည်း** လွတ်ပြီးသော် အရိန္ဒမာလှံကို ကောက်၍ပြေးလေ၏။ မင်းကြီးလည်း ကုလားခေါင်းလျှင် နှစ်ယောက်တို့ကို "လိုက်၍ သတ်ချေ" ဟု စေတော်မူ၏။ ကုလားခေါင်းလျှင် နှစ်ယောက်တို့လည်း "ကျွန်စစ်သားသည် ဘုန်းကြီးသောသူ ဖြစ်သည်၊ အချည်းအတင်း ဖမ်းချေ

[၁၈] လက်ဖြန့်ကြီး ရာမိုင်

သည် ရှိသော် မဖမ်းနိုင်ရာ၊ အိပ်သောအခါမှ ဖမ်း၍သတ်မည်"ဟု လိုက်ကြလေ၏။ ကျွန်စေ်သား လည်း စားတော်မခေါ်ရသည်နှင့် ဝင်ပန်းညှိုးနွမ်းသောကိုယ် ရှိသည်ဖြစ်၍ တောအုပ်တစ်ခုသို့ ရောက်လေသော် "အိပ်မည်"ဟူ၍ အရိုးမာလှံကိုစိုက်၏။ လှံလည်း စိုက်တုံ့ လဲတုံ့ဖြစ်၏၊ ကျွန်စေ်သားလည်း အမျက်ထွက်သောအားဖြင့် တောအုပ်သို့ ထိုးလိုက်၏။ ကုလားခြေလျှင် ခုနစ်ယောက်တို့လည်း ဖမ်းမည်ဟူ၍ ချုံက ချောင်း၍နေသည်အခိုက် သီသကဲ့သို့ ထိုးမိလေ၏၊ ကျွန်စေ်သား အိပ်ပျော်၍နိုးသော် "လှံကို ကောက်မည်"ဟူ၍ တောအုပ်သို့ ဝင်လေ၏။ ထိုကု သည် ကုလားခြေလျှင် ခုနစ်ယောက်တို့ကို သီ၍ထားသကဲ့သို့ ရှိနှင့်၏။ ထိုအကြောင်းကို မြင် လေသော် "ငါ၏ ထမင်းသခင်ဖြစ်သော အရှင်မင်းသည် ငါ့ကို သေစေလိုသော နှလုံးတော် ရှိသည်ဖြစ်၍ ကြံတော်မူသည် မှန်၏" ဟု ကြံပြီးသော် လှံကို ကောက်ယူ၍ မြောက်သို့ ကျောင်းဖြူအရပ်သို့ သွားလေ၏။

## ၂၆၆။ ကျွန်စေ်သားသည် ကျောင်းဖြူအရပ်သို့ ရောက်၍ မထီးတူမ သမ္ဘူလနှင့် သင့်နေကြောင်း

ထိုကျောင်းဖြူအရပ်တွင် ရဟန်းမထီး တူမ တစ်ယောက်သည် အဆင်းအင်္ဂါ လက္ခဏာ ကြီးငယ်နှင့် ပြည့်စုံ၏။ ဦးရီးဘုန်းကြီးလည်း ဗေဒင်တတ်တော်မူသည်ဖြစ်၍ တူမစာတာကို ယူ၍ ကြည့်လေသော် "နင်သည် ရှေ့သို့ သူ၏ ရှိခိုးကို ခံရမည်၊ နင်၏ လင်လျာသည် မည်သည့် နေ့ရက် ရောက်သောအခါ အနောက်တောင်ထောင့်မှလာ၍ ရေတောင်းလမည်၊ ထိုရေတောင်း သော သူသည် နင့်လင်လျာတည်း၊ ထိုနေ့ရက်သို့ ရောက်သောအခါ စားကောင်းသောက်ဖွယ်ရာ ထား၍ ရှိနှင့်စေ"ဟူ၍ ဟောဆိုလေ၏။ မထီး ဟောသော နေ့ရက်သို့ရောက်လျှင် ကျွန်စေ်သား လည်း လှံကစား၍ ထိုအရပ်သို့ ရောက်လေ၏။ အပြင်အလျာနှင့် ပြည့်စုံသော မထီးတူမကို မြင်လေသော် "ရေပေးပါ"ဟူ၍ တောင်းလေ၏။ ထိုမထီးကျောင်းတွင် သံပရာချဉ်ပင်၌ သံပရာ သီးကို ဆွတ်၍ အရိုးမာလှံဖြင့်ခွေး၍ စားတော်ခေါ်၏။ သံပရာသီးလည်း ချိုမြက်စွာ ဖြစ်လေ၏၊ ထိုသို့ မြိန်ရှက်စွာ စားတော်ခေါ်သည်ကို မထီး မြင်လေသော် တောင်း၍စားပြန်၏။ မထီး စားသောအခါ ချိုမြက်စွာ နတ်သုဓာကဲ့သို့ ရှိလေ၏။ မထီးလည်း "သံပရာချဉ်သည် ဤသူ ဆွတ်၍ ပေးလျှင် သုဓာဘုတ်ကဲ့သို့ မြိန်မြက်သော အရသာနှင့် ပြည့်စုံသည်၊ သည်သူကား လူမည်ကာ မဟုတ်၊ ဘုန်းကြီးသောသူ ဖြစ်သည်"ဟူ၍ အကြံရှိပြီးလျှင် တူမကို တိုက်တွန်း၍ ရေကမ်းရ၏။ မထီးတူမ သမ္ဘူလလည်း ရိုသေစွာ ရေကမ်းပေ၏။ ကောင်းမွန်စွာ ပြင်၍ထား သော ဘောဇဉ်တို့ကိုလည်း ဆက်လေ၏။ ကျွန်စေ်သားလည်း ထိုဆက်သော စားဖွယ်သောက်ဖွယ်ရာ တို့ကို စားတော်ခေါ်ဆုံးပြီးလျှင် "သင်သည် ငါ့ကို လုပ်ကျွေးဘိ၊ သင့်အား ငါ့အသက် နှံ၏"ဟု ဆိုတော်မူ၏။ မထီးတူမ သမ္ဘူလလည်း ဝန်ခံ၍ ကောင်းမွန်စွာ လုပ်ကျွေးမွေးမြူ၏။

## ၂၆၇။ ဥဿာပဲကူးမင်းက ဆက်လိုက်သော ဆံတော်ဓာတ် အကြောင်း

**အနော်ရထာမင်းစောလည်း** ဥဿာမင်းက ဆက်လိုက်သော ဆံတော်ဓာတ်ကို သည်းခံတည်၍ ကိုးကွယ်တော်မူ၏။ ထိုဘုရားကို **"မဟာစိန္တဲ"**ဟူ၍ သမုတ်တော်မူ၏။ ဥဿာ မင်းက ဆက်လိုက်သော ဆံတော်အကြောင်းကား တဖုဿ, ဘလ္လိက ညီနောင် ၂-ပါး

သော စေတီ ၂-လုံးတွင် ဘလ္လိက တည်သောစေတီကို ဥက္ကလာပမင်းကြီး ဖျက်၍ တည်သော ဆံတော်လေးချောင်းကို ယူပြီးသော် သရေခေတ္တရာပြည်၌ စေတီတည်၍ ကိုးကွယ်တော်မူ၏။ သရေခေတ္တရာ ဖျက်လျှင် မွန်မင်းတို့ ထိုစေတီကိုဖျက်၍ ဆံတော်လေးချောင်းကို ပင့်ပြန်လေ၍ ရွှေမော်ဓောဘုရားမှာ ဆံတော် ၂-ဆူ၊ ကျိုက်ကိုးဘုရားမှာတစ်ဆူ ဌာပနာလေသတည်း။ ဆံတော် တစ်ဆူကိုမူကား ရတနာပန်းတောင်းနှင့် ထား၍ မွန်မင်း အဆက်ဆက်တို့ နန်းတော်တွင်ထား၍ ကိုးကွယ်သော ဆံတော်တည်း။ သထုံမင်း မနုဟာမင်းကိုလည်း သား, မယား, အခြွေအရံနှင့် တကွ ဆောင်းမူတော် ရွှေစည်းခုံဘုရားမှာ လှူတော်မူ၍ အကြီးပြုရ၏။

## ၂၆၈။ အနော်ရထာမင်း မိဖုရားများ အကြောင်း

အနော်ရထာမင်းကြီး မိဖုရားကြီး အဂ္ဂမဟေသီတွင် မြင်သည်သားကား- စောလူးတစ်ပါး သာတည်း။ အဂ္ဂမဟေသီ မိဖုရားကြီးကိုရံသော အခြွေအရံကား ပတ္တမြားဖြင့်ပြီးသော တန်ဆာ ဆင်သော အမတ်သမီး စုလည်းထုံးငါးရာ၊ မြဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီး ယကင်ဦးရစ်ထုံးငါးရာ၊ ဝရဇိန်ဖြင့်ပြီးသော တန်ဆာကိုဆင်သော အမတ်သမီး ယကင်ဦးချာထုံး ငါးရာ၊ မင်းကြီးကို မ-စရသော ပုလဲဖြင့်ပြီးသော တန်ဆာဆင်သော သူဌေးသမီး တကျိပ်ကြီး လေးယောက်၊ မိန်းမကုန်း ငါးကျိပ်၊ မိန်းမကွ ငါးကျိပ်၊ ထိုမှတစ်ပါးလည်း ရွှေဖြင့်ပြီးသော အယက်တန်ဆာ ဆင်ကုန်သည်ချည်းတည်း။ ထိုမှတစ်ပါး မိန်းမစောင်း, မိန်းမငြင်း, ပတ်စည်, သံလွင်တို့ကိုလည်း မိန်းမတို့သာ တီးမှုတ်ရသည်။

ဥဿာမင်းသမီး မဏိစန္ဒာကိုလည်း သီရိစန္ဒာဒေဝီ ဟူသော အမည်ကို သမုတ်တော်မူ၍ ရတနာပြာသာဒ်နှင့် ထားတော်မူသည်။ သီရိစန္ဒာဒေဝီမိဖုရားကို ရံသော ကိုယ်လုပ်တော်ကား ပတ္တမြားဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီး စုလည်းထုံး သုံးရာ၊ မြဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီး ယကင်(ဦးရစ်)ထုံးသုံးရာ၊ ဝရဇိန်ဖြင့်ပြီးသော တန်ဆာဆင်သော အမတ်သမီး ယကင်ဦးချာထုံးသုံးရာ၊ ရွှေဖြင့်ပြီးသော တန်ဆာဆင်သော မိန်းမကုန်းသုံးကျိပ်၊ ထိုမှတစ်ပါး မိန်းမစည်, မိန်းမစောင်း, မိန်းမငြင်းလည်း နေ့တိုင်းမပြတ် တီးမှုတ်ရသတည်း။

## ၂၆၉။ ဗိုလ်ပါ အလုံးအရင်းနှင့် ကုလားပြည်သို့ နိုင်ငံလှည့်လည်တော်မူခြင်း အကြောင်း

အနော်ရထာမင်းစောတွင်ရှိသော အလုံးအရင်းကား ဆင်ဖြူ သုံးဆယ့်ခုနစ်စီး၊ ဆင်မည်း ရှစ်သိန်း၊ မြင်းရှစ်သန်း၊ စစ်သည်သူရဲ တစ်ဆယ့်ရှစ်ကုဋေ၊ ကြေးလှေ, လှော်ကား, သားလှေ ရှစ်သိန်း ရှိသောဟူ၏။ ထိုသို့သော အလုံးအရင်းနှင့် တိုင်းခွင်လှည့်တော်မူ၍ ကုလားပြည် ပင်းကား[၁] သို့ ရောက်တော်မူသောအခါ "နောင်လာလတ္တံ့သော ငါ၏ သားတော်, မြေးတော်, မြစ်တော်, တီတော်တို့သည် ဘုန်းတန်ခိုးကြီး၍ ဤအရပ်သို့ ရောက်လာလျှင် တီးမှုတ်စေကုန်" ဟူ၍ ကျောက်ကို လှုရုပ်လုပ်၍ စည်, စောင်း, ငြင်း, လင်းကွင်း, စည်နတ်, စည်ပုတ်, မှရီး, တံပိုး, ခရာ များနှင့်, ပလွေ, ကချေအရုပ်တို့ကို ထားတော်မူခဲ့၏။ ။

၁။ အိန္ဒိယနိုင်ငံ ဘင်္ဂလားနယ်

## ၂၇၀။ နိုင်ငံတော်၌ ဘုရား၊ ဥ၊ ကျောင်း၊၊ ဆည်မြောင်း အများ ပြုစုတော်မူခြင်း အကြောင်း

ဤလသည် မြန်မာပြည်၌ ရောက်တော်မူလျှင် မြန်မာပြည်အလုံး၌ ဘုရား၊ ဥ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကို အနှံ့အစပ် တည်ထားတော်မူ၍ နေပြည်တော် ပေါ်ထွန်းရာ မြို့ တော်မူ၏။ ရောက်တော်မူလျှင် ဘုရားသာသနာတော်၌ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ သံဃာ ပြည့် ဆောင်ရွက်တော်မူခဲ့သော ဝိဟာရတော် အစုံလုံးဆယ်ကိုလည်း အသစ်ရေကူးမြို့ ရ၍ ဘုန်းတို့အား တောင်းပန်၍ အကြိမ်ကြိမ် တည်း မ စေပြီးသော် ရတနာအတိုင်း ပြုသော်တွင် တာ၍ အရိယာ သံဃာတို့အား ပို့သ သင်ကြားရ၏။

## ၂၇၁။ ဆည်၊ မြောင်း၊၊ ကန်၊ ချောင်း၊၊ လယ်ယာ ပြုစုတော်မူခြင်း အကြောင်း

ထိုမှတစ်ပါးလည်း မြန်မာပြည်အလုံး၌ ဆည်၊ မြောင်း၊ ကန်၊ ချောင်း ဖြစ်စေတော်မူသည် အရာတို့ကိုလည်း ဆည်၊ မြောင်း၊ ကန်၊ ချောင်း ဖြစ်စေ၏။ တောင်ဘက် လယ်တွင်းအရပ်သို့ ရောက်တော်မူသောအခါ သာလျှင်းတောင်ထက်သို့ တက်၍ ကြည့်တော်မူသော် ကျွန်း တောင်ထက်က ကျွေးသာရာကို အတန်တန်ဆည်၍ လယ်သောက်လုပ်ရသည်ရှိသော် သာသနာ တော် ငါးထောင်ပတ်လုံး စပ်သိမ်းသော သဗ္ဗဝါအပေါင်းတို့၏ စီးပွား များလတ္တံ့သည်ကို မြင်တော်မူ၍ ပန်းရောင်မြစ်မှာ (၁)ကင်းထားတစ်ဆည်၊ (၂)ငနိုင်းသင်တစ်ဆည်၊ (၃) မြောင်း တစ်ဆည်၊ (၄)ကူမည်းတစ်ဆည်၊ သည်လေးဆည်ကို စစ်(သည်)သူရဲ ခုနစ်ကျပ်ရှင် နှစ်သိန်း နှင့်တကွ ဆည်တော်မူ၏။ ကြည်းဆည်ကား နောက်မှ အဝတွင် **နိုင်ငြိနရပတိ**[1] မင်းပြုသောအခါ ဆည်တော်မူသတည်း။

မကွေးမြစ်မှာ (၁)မွှားတက်တစ်ဆည်၊ (၂)ကွမ်းဆေးတစ်ဆည်၊ (၃)ကူတော်တစ်ဆည်၊ သည် ခုနစ်ဆည်နှင့် **မင်းပယ်*** ရှစ်သိန်းကို အနော်ရထာမင်းစော ပြုတော်မူ၏။

ကျောက်ဆည်ကား ပုဂံနရပတိစည်သူ[2] ဆည်သတည်း။ ။ သင်းတွဲဆည်ကား မြင်နိုင်းရွှေနန်းရှင်[3]လက်ထက် မြင်နိုင်းသို့ တရုတ် ရောက်ရာတွင် ဆည်စေသော ဆည်တည်း။ ။ ဆီးတောဆည်ကား အဝဘုရင် မင်းကြီးစွာစော်ကဲ[4] ဆည်တည်း။

အနော်ရထာမင်းစော ပြုတော်မူသော လယ်တွင်းတစ်ဆယ့်တစ်ရွာ**ကား (၁) ပင်လယ် (၂) မြစ်မနား၊ (၃) မြစ်သား၊ (၄) မြင်းခုံတိုင်၊ (၅) ယမုံး၊ (၆) ပန်း၊ (၇) မကွေးရာ၊ (၈) တပြက် သား၊ (၉) သင်တောင်း၊ (၁၀) တမုတ်ချိုး၊ (၁၁) ခံလှူး၊ ဤ တစ်ဆယ့်တစ်ရွာတည်း။

## ၂၇၂။ အနော်ရထာမင်းစော နတ်ရွာစံမည့် နိမိတ်အကြောင်း

ဤသို့သော ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့ကို ပြုစုတော်မူပြီးမှ "ငါသည် ပေါက္ကာမ ပြည်ကြီး၌ မင်းတစ်ကြိမ်ဖြစ်သောအခါ ဤလေနှ ပေါက်စေသော်" ဟူ၍ ရကွန်း၊ ဘုန်းမိုးတို့ကို

---

* ပယ်– မြန်မာမင်းများ လက်ထက်က နိုက်ချိုးလယ်ယာ အကျယ်အဝန်းကို ဖော်ပြသော(ယနေ့ခေတ် ၁၇ ဧက)အတိုင်းအတာ ** လယ်တွင်း ၁၁ ရွာရှိသည်။ (၁)ပင်လယ် (၂)မြစ်မနား (၃) မြစ်သား (၄) မြင်းခုံတိုင် (၅) ရုံ(ရွာမုံကြီး) (၆) ပန်း (၇) မကွေးရာ (၈) တပြက်သား (၉) သင်တောင် (၁၀) တမုတ် (၁၁) ခေလှူ (ခံလှူ) ၁။ နိုင်ငြိနရပတိ (ခေတ် ၁၅၄၅–၁၅၅၁) ၂။ နရပတိစည်သူ (ခေတ် ၁၁၇၄–၁၂၁၁) ၃။ ရာဇသင်္ကြံ ၄။ မင်းကြီးစွာစော်ကဲ(ခေတ် ၁၃၆၇–၁၄၀၀)

ပြင်ကတော့ပြောင်တောင်ခြေတွင် ပေနိုက်တော်မူ၏။ တစ်ရံရောအခါ မင်းကြီး နေတော်မူသော ပြာသာဒ်၏ ပြက်တောင်ခြေတွင် ဖားငယ်တစ်ခုသည် မြည်၏။ အနော်ရထာမင်းကြီးလည်း ဖားငယ် မြည် သောအကြောင်းကို ဟူးရားဖြူ ဟူးရားညိုတို့အား မေးတော်မူ၏။ ဟူးရားဖြူ ဟူးရားညိုတို့ သော "ဖားငယ်သည် ဖားမငယ်သည် လင်ကောင်ကို ပိုး၍ငိုသည်" ဟု နားတော်လျှောက်၏။ လည်း "ဤအကြောင်းကား အဘယ်သို့နည်း" ဟု မေးတော်မူပြန်၏။ "ဘုန်းတော်ကြီး မင်းကြီးလည်း ဤအရပ်မှာ ပေါက္ကာရာမ နေပြည်တော်သို့ မရောက်မဝင်မီ ရန်သူလက်တွင် သော အရှင်သည် အရိမဒ္ဒနာ ပေါက္ကာရာမ နေပြည်တော်သို့ မရောက်မဝင်မီ ရန်သူလက်တွင် နတ်ပြည်စံတော်မူလတ္တံ့" ဟူ၍ နားတော်လျှောက်လေ၏။ အနော်ရထာမင်းစော မြင်၍ ဤသို့သော မင်းအား ဤသို့သော စကားကို လျှောက်ဝံ့သည်၊ ဖားမငယ် လင်ကောင် လည်း "ငါသို့သောမင်းအား ဤသို့" ဟူ၍ မိန့်တော်မူလျှင် အပါးတော်စေတို့ မြေကြီးတူး၍ကြည့်သော် ၍ ပိုးမရှိကို စူးစမ်းဘိ၏ ဖားမငယ် လင်ကောင်ပိုးလျက်ရ၍ မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း မင်းတို့မာန်ဖြင့် ပြင်းစွာရှိသည်ဖြစ်၍ ဟူးရားဖြူ ဟူးရားညိုတို့ကို သံခြေချင်း ခတ်ပြီးလျှင် လျှောက်တော် အချုပ်ထိန်း၍ ထားလေ၏။

ထိုမှ စစ်အင်္ဂါလေးပါးနှင့်တကွ ဆင်ဖြူသန်မြင်စွာကို စီးတော်မူ၍ အမတ် ခုနစ် ယောက် ဝန်းရံလျက် နေပြည်တော် ပေါက္ကာရာမသို့ ပြန်တော်မူ၏။ ပေါက္ကာရာမသို့ ရောက်တော် မူ၍ သရပကာ* တံခါးအဝတွင် မုဆိုးတစ်ယောက် ဤသို့ နားတော်လျှောက်လာ၏။ "ဆောင်သာမြစ်ခြေပဟူသော အရပ်ဝယ် စက္ကပါလ အမည်ရှိသော ကျွဲရိုင်းသည် လူသူမသွားသာ အောင် ရန်ပြုသည်" ဟု နားတော်လျှောက်လျှင် မင်းကြီးလည်း ပြုတော်မူသော ကုသိုလ်ကံသည် ကုန်ပြီ၊ ရောက်ပြီဖြစ်၍ သရပကာတံခါးသို့ ဆင်တော် လက်ယာလက်တစ်ဖက် ဝင်ပြီးမှ "ထိုကျွဲကို ငါ ဆင်နှင့် တိုက်တော်မူမည်" ဟူ၍ အလုံးအရင်းနှင့်တကွ နန်းတော်သို့ မဝင်ဘဲ ပြန်တော်မူ၍ မြစ်ခြေ ဆောင်သာသို့ ချီတော်မူ၏။ ရောက်တော်မူ၍ ကျွဲရိုင်းကို မြင်တော်မူလျှင် စီးတော်မူသော သန်မြင်စွာကို ချွန်းဖွင့်၍ လွှတ်တော်မူ၏။ ကျွဲရိုင်းလည်း ပကတိကျွဲ မဟုတ်၊ ရှေးက ပြုမူသော အကုသိုလ်ကံကြောင့်ဖြစ်သော ကျွဲဖြစ်၍ ဆင်တော်ထက်မှာကို လှမ်း၍ ခတ်လျှင် ခတ်မိ၍ အနိစ္စရောက်တော်မူချေ၏။ နောက်တော်တွင်ပါသော အမတ်ခုနစ်ယောက် သော ရဲမက်၊ ဗိုလ်ပါတို့သည်လည်း ပရမ်းပတာ ပြိုကွဲ၍ ရှိချေ၏။

## ၂၇၃။ အနော်ရထာမင်းစောကို ကျွဲရိုင်း ခတ်၍ အနိစ္စရောက်သော အကြောင်း

ထိုကျွဲရိုင်းအကြောင်းကား ရှေးဘဝ၌ ရန်သူဖြစ်ဖူးသော သူတစ်ယောက်သည် လိမ်ပင် ဆောင့်နတ်ဖြစ်၍ လိမ်ပင်တွင် နေနှင့်သည်ကို အနော်ရထာမင်းစော တရုတ်ပြည်သို့ ချီတော်မူသော အခါ ထိုလိမ်ပင်သို့ ရောက်တော်မူလျှင် "ငါသို့သောမင်း လာသည်ကို လိမ်ပင်စောင့်နတ်သည် လိမ်ပင်ကမဆင်း၊ ကိုယ်ထင်ပြ၍နေသည် နေရာသည်လော" ဟူ၍ ကျွန်စစ်သားကို အရှိမာ ကြိမ်လုံးဖြင့် ခေါ်စေ၏။ ထိုနတ်လည်း သိကြားပေးသောကြိမ်လုံးဖြစ်၍ မိမိတန်ခိုးဖြင့် မကွယ် မတော်နိုင်၊ တုန်တနိုက် ဆင်း၍ ချီးလေ၏၊ ထိုနေ့မှစ၍ အနော်ရထာမင်း စီးပွားမှုကိုသာ ကြံ၏။ ကုသိုလ်ကံ အားကြီးသောအခါ မကြံနိုင်၊ အကုသိုလ်ကံ အခွင့်ရသောအခါ ကြံနိုင်လေ၍ အနိစ္စရောက်တော်မူချေ၏။ မင်းကြီး အလောင်းတော်ကိုလည်း ထိုလိမ်ပင်စောင့်နတ်နှင့် နဂါး အနိစ္စရောက်တော်မူချေ၏။

* သရပါ (မှန်နန်း-ပ၊ ၂၈၁)

လှကြ၍ ရန်စစ်ဖြစ်ကြ၏။ ထိုအခါ သိကြားမင်း ယူ၍ ဂန္ဓမာဒနတောင်၌ သင်္ဂြိုဟ်လေ၏၊ အရှိုးသော စာမှာ ဝေပုလ္လတောင်၌ သင်္ဂြိုဟ်သည် ဟူ၍လည်း ဆိုသည်။ အလောင်းတော်ကို တန့်ကြည်တောင်အရှေ့ တောင်ငယ်များတွင် နဂါးနှင့်နတ် လှသော အရုပ်ကိုလည်း "လှသောတောင်" ဟူ၍ ယခုတိုင်အောင် တွင်၏။

## ၂၇၄။ နိုင်ငံတော် အပိုင်းအခြား အကြောင်း

ဤသို့ ဘုန်း လက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော အနော်ရထာမင်းစော နိုင်ငံတော် အပိုင်းအခြားကား–

*(၁) အနောက်သို့ လားကား ပဋိက္ကရား[၁]–လမည် ကုလားပြည်လျှင် အခြားတည်း။

*(၂) အနောက်မြောက်ထောင့်သို့ လားကား ကတူးနဂါးကြီး[၂] ရေတွင်းစီးလျှင် အခြားတည်း။

*(၃) မြောက်သို့ လားကား ဂန္ဓာလရာဇ်–လမည် တရုတ်ပြည်လျှင် အခြားတည်း။

*(၄) အရှေ့မြောက်ထောင့်သို့ လားကား ကမ္ဗောဇ–လမည် ပန်းသေးပြည်[၃]လျှင် အခြားတည်း။

*(၅) အရှေ့သို့ လားကား ဧတီသ[၄]–လမည် ပက်ပြည်လျှင် အခြားတည်း။

*(၆) အရှေ့တောင်ထောင့်သို့ လားကား ယောဇ–လမည် ဂျွမ်းတို့ပြည်လျှင် အခြားတည်း။[၅]

အနော်ရထာမင်းစောလယ် ရှိသော ကသ္တူ့ လွန်းကြင် လေးသိန်း၊ လော့ကား၊ ကြေကြ လေးသိန်း၊ ထိုလေ့တို့ကို တစ်တိုင်းတစ်နိုင်ငံသို့ ချီတော်မူလို၍ စီစဉ်သောအခါ လော့ကား၊ ကြေကြလေ လေးသိန်းကို မြစ်အရှေ့ဘက်၊ အနောက်ဘက် စီစဉ်၍ထားသည်။ မြစ်အရှေ့ဘက်က စီစဉ်သည်၊ ပေါက္ကာရာမကသည် အဝ တည်ရာ အရပ်သို့ ရောက်သောဟူ၏။ မြစ်အနောက်ဘက် မှလည်း တောင်ပုံညောင်လှက စီသည်၊ ပြည် ဘိုးဦးမော်သို့ ရောက်သော ဟူ၏။

တိုက်လေ့ ကသ္တူ့ လွန်းကြင်လေးသိန်းကို မြစ်အရှေ့ဘက်၊ အနောက်ဘက်က စီ၍ ထားသည်။ အရှေ့ဘက်ကြောင်းမှာ ပေါက္ကာရာမက စီသည်၊ သရေခေတ္တရာသို့ရောက်သော ဟူ၏။ မြစ်အနောက်ဘက်မှာလည်း တောင်ပုံညောင်လှက စီသည်၊ ပြည်ဘိုးဦးမော်သို့ ရောက် သော ဟူ၏။ ဤသို့ ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူသော မင်းမြတ်သည် မင်းစည်းစိမ် (၃၃)သုံးဆယ့်သုံးနှစ်ပတ်လုံး သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော် အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့၏ စီးပွား၊ ပြည်သူ လူတကာတို့ စီးပွားကို ဆောင်တော်မူ၍ အိမ်နိမ့် (၃၃)သုံးဆယ့်သုံး၊ စည်းစိမ် (၃၃)သုံးဆယ့်သုံး၊ သက်တော် (၆၆) တံခါးဝယ် ပျားစွဲ၏။ ဒိန်နက်သည်းသကြိန် တစ်ပြိုင်နက် သင့်၏*။ နံတော် အင်္ဂါသားတည်း။

---

၁။ စစ်တကောင်းမြို့ မြောက်ဘက်၊ မဏိပူရ၏ အနောက်တောင်ဘက်(ယခုမူကား Comilla မြို့ အရှေ့ဘက်)မှ ရှေးခေတ် Tipperah ဒေသ။

၂။ ကတူးလူမျိုးများ နေထိုင်ရာ တကောင်း၊ ဟုကွမ်း၊ မင်လယ်ဘူး၊ ခန်းမောက်ဒေသ။

၃။ အနွယ်ပလ်ဘာသာဝင် ပါရှန်(Parsi)လူမျိုးများ နေထိုင်ရာ ဒေသ။

၄။ မောလူမျိုးများ နေထိုင်ရာဒေသ။

၅။ တရုတ်နိုင်ငံ ယူနန်နယ်အတွင်း။

* ဒိန်နက်သည်းသင့်ခြင်း– ပြက္ခဒိန်တွင် တစ်နှစ်လျှင် ငါးကြိမ်၊ တစ်ခါတစ်ရံ မြောက်ကြိမ် ဒိန်နက်သည်းဖြစ်ရာ ထိုသို့ ဒိန်နက်သည်း ဖြစ်သောရက်နှင့် သကြိန် အကျရက်တို့ တိုက်ဆိုင်ခြင်း။

## ၂၇၅။ စောလူးမင်း အကြောင်း (၄၃)

သက္ကရာဇ် (၄၉၇)[၁] သုံးရာကိုးဆယ့်ခုနစ်ခုသော်ကား သားတော်စောလူး* မင်းဖြစ်တော်မူ၏။ မင်းစောလူးကို ငယ်က စားတော်ခွံ့ မင်္ဂလာ ပြုသောအခါ ပြင်၍ထားသော စားတော်ဦးတွင် ကြက်ဥကိုကား မစားမိ၊ အောက်တစ်ဆင့်တွင်သာ ထားသော ကြက်ဥကိုယူ၍ စားတော်ခေါ်လေ၏။ ထိုအကြောင်းကို ပညာရှိတို့ မြင်သော် "သည်မင်းသားတွင် ရွှေလျှင် မင်းစဉ် ပြတ်လတ္တံ့" ဟူ၍ ဆိုလေသတည်း။ မင်းစောလူး နန်းတက်၍ များမကြာမီ မိဖုရားဦးဆောက်ပန်း ကွယ်လွန်၍ ဥသာမင်း--သမီးတော် သိရိစန္ဒာဒေဝီကို ခင်ဦးဟူသော အမည်နှင့် ဦးဆောက်ပန်းရာကို ပေးတော်မူ၏။ ထိုအခါ ရှင်အရဟံ အစရှိသော မှူးတော်၊ မတ်တော်၊ ကလန်၊ သံပွဲ အပေါင်းတို့သည် ဤသို့ မင်းကြီးကို နားတော်လျှောက်ကုန်၏။ "ကျန်စစ်သားသည် ကိုယ်တော်နှင့်မကွာ ကောင်းသောသူ ဖြစ်သည်၊ ပုန်းရှောင်၍ နေသည်ကို ခေါ်တော်မူပါ" ဟု နားတော်လျှောက်ကြ၏။ မင်းစောလူးလည်း ခေါ်ရလေ၏။ ကျန်စစ်သားလည်း မထီးတုမ သမ္ဗုလ ဝမ်းတွင်း ပဋိသန္ဓေ ရှိသည်ကို ဤသို့ မှာခဲ့၏။ "သင့်တွင်ရှိသော ပဋိသန္ဓေ ဖွားမြင်သောအခါ မိန်းမဖွားလျှင် သည်လက်စွပ်ကို ရောင်းဝယ်၍ သုံးဆောင် မွေးကျွေးလေ၊ ယောက်ျားဖွားလျှင် သည်လက်စွပ်နှင့် သားကိုယူ၍ လာခဲ့" ဟု မှာပြီးမှ ပေါက္ကာရာမသို့ လာ၍ မင်းစောလူးတွင် မြဲလေ၏။

## ၂၇၆။ ကျန်စစ်သားကို တလသို့ ပို့တော်မူပြီးမှ ခေါ်တော်မူခြင်း အကြောင်း

တစ်ရံရောအခါ "မိဖုရားခင်ဦးနှင့် အပြောအဟော ရှိပြန်သည်" ဟူ၍ မောင်းမတို့ လျှောက်သောကြောင့် ကျေးစည်းစိမ်ကိုရုပ်၍ အောက်တလ-သို့ ပို့ပြန်လေ၏။ အမှုးအမတ်တို့လည်း "ဘုန်းကြီးသည်အရှင် ခမည်းတော် မျက်တော်မူ၍ ပုန်းရှောင်နေလေသည်ကိုမျှ ယူချင်မတတ် ရှိရသေး၏။ ယခု ဘုန်းကြီးသည်အရှင် မျက်တော်မူ၍ တလဝယ် ထားတော်မူရာမှာ ကိုယ်တော်နှင့် ကွာကောင်း ကွာသင့်သူ မဟုတ်၊ အလျှင်ခေါ်တော်မူပါ" ဟူ၍ နားတော်လျှောက်ကြ၏။ မင်းစောလူးလည်း ပြည်ရေး၊ ရွာမှုကို ထောက်၍ ခေါ်တော်မူ၏။ ရောက်လျှင် စားမြဲသော ကျေးစည်းစိမ်တို့ကို ပေးတော်မူပြန်၏။ အထိန်းသား ငရမန်ကိုလည်း ဥသာ ပဲကူးမြို့ကို ပေးတော်မူ၏။

တစ်ရံရောအခါ မင်းကြီးနှင့်ငရမန် အန်ကစားကြရာတွင် ငရမန်နိုင်လေ၍ လန်းပေါက်ထ၍ ခတ်လေ၏။ မင်းစောလူးလည်း "နင် ငါ့ကို အန်တစ်ပွဲမျှ နိုင်သည်ကို မလန်းပေါက်ထ၍ ခတ်သည်ကား နင်ယောက်ျား ဟုတ်နိုးသော် နင်စားသော ပဲကူးနှင့် ပုန်စားလေ" ဟူ၍ မိန့်တော်မူ၏။ ငရမန်လည်း "အကယ်လော" ဟု မေး၏။ မင်းကြီးလည်း "ငါတို့မင်း မည်သည်ကား မဟုတ်သော စကားကို ဆိုရသည်လော" ဟူ၍ မိန့်တော်မူ၏။ ငရမန်လည်း ကြံ၍နေသောသူ ဖြစ်သည်နှင့် မိမိ စားသော ပဲကူးသို့ သွားလေပြီးသော် ရဲမက်ဗိုလ်ပါ ဆင်လုံးမြင်းရင်း ရုံးစု၍ ရေအား၊ ကြည်းအား ပေါက္ကာရာမသို့ ချီလာ၏။ မရောက်ခင် ပြည်တော်သာကျွန်းတွင် တပ်မ ချ၍ နေလေ၏။

---

* စောလူးမင်း၏ ဘွဲ့မည်ကို ကျောက်စာတွင် ဗြိဝကြာဘရာဇာဓိရာဇာ (ကျောက်သကေတ်ရှိသော နိုးကြီးအရှင် သုံးလူ့သခင်) ဟူ၍ တွေ့ရှိရသည်။ မင်းလုလင် ဟူ၍လည်း တွေ့ရှိရ၏။

၁။ ခေဒီ ၁၀၃၅ ၁လမ္ဘီ

၂။ ရန်ကုန် တစ်ကော်တမ်း

၃။ လက်စောင်းတော်

မှူးသော် ရုံမက်, ခိုင်ပါ, ဆင်လုံး, မြင်းရုံး သမျှ ... ဆလျှင် ... ချီတော်မူ၏။ ငရမန်လည်း ဤသို့ကြံ၏။ "ကျွန်စစ်သားသည်
ဆင်ကြီးက နောက်တပ်မှကြွ၍ ချီတော်မူ၏။ ငရမန်လည်း ဤသို့ကြံ၏။ "ကျွန်စစ်သားသည်
စစ်ရေး၌ ကျွမ်းကျင်သည်၊ တစ်ခုတည်းသော ဂဏ်ရှိသဖြင့် စီးရင်မှသာ အောင်မြင်လွယ်မည်" ဟု
နှလုံးသွင်း၍ ဆင်စီး, မြင်းစီး ယောဓာ၊ ရွှေညိုမြုံ များသော အရပ်တွင် နီး၍ ဆင်ရုပ်လုပ်ပြီးသော်
ခေါင်းဝန်းတင်၍၊ လူရုပ်ကိုလည်း နိုင်း, လွှား, ဓား ကိုင်စေ၍ ဦးရန်းတပ်[၁] လျက် ထား၏။
မင်းစောလူးနှင့် ကျွန်စစ်သားလည်း ပြည်တော်သာကျွန်းသို့ ရောက်လျှင် ယနေ့ နိုးချုပ်၍
ဖြစ်သည်၊ နံနက်မှ တိုက်မည်ဟု တပ်ချ၍ နေ၏။ ထိုအခါ ငရမန်က ညဉ့်လရောင်ဖိုးဝင်းကို
စစ်ရေး ငင်လာသည်ကို မှားမယ်း မဆင်မခြင် လိုက်၍တိုက်လေချေ၏။ မင်းကြီးလည်း ရှိတွင်
လုပ်၍ထားသော ဆင်ရုပ်ကို အကယ်ဆင် ထင်၍ တိုက်လေသော် စီးတော်မူသော သန်လျင်ဆွာ
နှင့်သို့ကျ၍ ကွဲချေ၏။ မင်းစောလူးလည်း ဆင်ထက်က ဆင်းသက်၍ ပြေးပြီးသော် တောသို့
တစ်နည်း ညောင်ခေါင်းတွင် ဝင်၍ နေလေ၏။ ဆင်တော် သန်လျင်ဆွာကိုလည်း သူ ရလေ၏၊
စစ်သည်ခိုင်ပါ အပေါင်းတို့လည်း အဆီးအတားမရှိ ပျက်၍ ပြေးရချေ၏။

ကျွန်စစ်သားလည်း တောင်ရွှင် ဟူသော အရပ်က မြင်းနှင့် တစ်ညဉ့်လုံး လာခဲ့သည်၊
ပေါက္ကာရာမတွင် ရှိနှင့်သော မှူးကြီး, မတ်ရာတို့
ပေါက္ကာရာမသို့ နံနက်လျှင် ရောက်လေ၏။ ပေါက္ကာရာမတွင် ရှိနှင့်သော မှူးကြီး, မတ်ရာတို့
သည်လည်း ကျွန်စစ်သားကို ဆိုနှင့်၏။ "ငါတို့အရှင် စောလူးမရှိပြီးသော် အရှင်မင်းကြီးမှတစ်ပါး
ဤပြည်ကို နိုးအုပ်ထိုက်သသူ မရှိပြီ" ဟူ၍ တံခါးလည်း ဖွင့်နှင့်၏။ မင်းမြောက်တန်ဆာ ၅-
ပါး တို့ကိုလည်း ဆက်နှင့်၏။ ကျွန်စစ်သားလည်း "ငါ့အရှင် ရှိ, မရှိကို စုးစမ်းဦးမည်၊
ငါ့အရှင် ရှိသော် အရှင်ကိုယူ၍ နန်းတင်မည်" ဟု ဆို၏။ အမှူး, အမတ်တို့က ဆက်နှင့်သော
မင်းမြောက်တန်ဆာတို့ကိုလည်း ရွှေစည်းခုံဘုရား ရှေ့တော်ဝယ် ထားလေ၏။ ငရမန်လည်း
"စောလူးနှင့် ကျွန်စစ်သားကို မရလျှင် အမှုအလျော့ မနေကောင်းချေ" ဟူ၍ စစ်သည်
ခိုင်ပါတို့ကို ရုံးစု၍ အလုံအခြုံ တပ်ကြီးတည်၍ နေလေ၏။

မင်းစောလူးလည်း စားတော် ၃- နပ်တိုင်အောင် မစားရသည်နှင့် ငတ်မွတ်တော်မူလှ
သောကြောင့် ညောင်ခေါင်းမှထွက်၍ ငရမန်တပ်သား ယောကျ်ားတစ်ယောက် ထင်းခွေသွားရာ
ထမင်းစားသည်ကို တွေ့လေ၏။ "အနိုးအတိုင်းမသိသော သည်လက်စွပ်ကို သင်ယူ၊ သည်
ထမင်းထုပ်ကို ငါ့အား ပေးပါ၊ ငါ့ကို တွေ့သည် ဟူ၍လည်း မပြောပါနှင့်" ဟု နှုတ်ပိတ်တော်မူ
လိုက်၏။ ထင်းခွေသော ယောကျ်ားလည်း "စားတော်ခေါ်တော်မူ" ဟူ၍ ထမင်းထုပ်ကို ဆက်
လေ၏။ မင်းစောလူးလည်း စားတော်ခေါ်ပြီးလျှင် ညောင်ခေါင်းသို့ ဝင်၍ နေလေ၏။

ထင်းခွေယောကျ်ားလည်း လက်စွပ်ကို ခါးတွင်ပိုက်၍ သွားလေ၏။ တပ်သို့ရောက်သော်
မနေနိုင်၍ "လက်စွပ် အတီမျှ တန်မည်နည်း" ဟု အဖော်အပေါင်းတို့အား ပြ၍ မေးလေ၏၊
လက်စွပ်လည်း အနိုးအတိုင်းမသိ ဖြစ်၍ အဆင့်ဆင့်သော စကားဖြင့် ငရမန် ကြားလေ၍
လက်စွပ်ကိုယူ၍ ကြည့်သော် စောလူးလက်စွပ် မှန်သည်ကိုသိ၍ ထင်းခွေယောကျ်ားကို ကွပ်ညှပ်၍
စစ်လေ၏။ ထင်းခွေယောကျ်ားလည်း နာကျင်လှလတ်သော် ဟုတ်မှန်သည်အတိုင်း ပြန်လေ၏၊
စောလူးကို ဖမ်း၍ရလျှင် အမြဲထားလေ၏။ ယင်းသို့မှ စောလူးကိုယူ၍ ရေအား၊ ကြည်းအား
ဆန်၍ မြင်းကပါ အရပ်တွင် တပ်ကြီးတည်၍ နေလေ၏။

၁။ ဆင်ရုပ်ရှေ့က နိုင်းကိုင် လူရုပ်များ စီစဉ်ထားခြင်း။

## ကျွန်စစ်သား ဝင်၍ နိုးယူရာ မလိုက်ခြင်း အကြောင်း

ကျွန်စစ်သားလည်း "ငါ့အရှင်သားကို နိုး၍ နန်းတင်မည်" ဟူ၍ စောလူး ထားရာမှာ ရှိလေ၏။ စောလူးလည်း ကျွန်စစ်သား ပခုံးထက်တွင် ဤသို့ကြံ၏။ "ကျွန်စစ်သားသည် ငါ့ အညွှန်တော်လည်း မျက်မှုးသသူ, ငါလည်း မျက်မှုးသသူ ဖြစ်သည်၊ ငါ့ကိုသတ်လို၍ နိုးသည်ဟု ထင်သည်၊ ရေမန်မှုကား ငါ့အထိန်းသားဖြစ်၍ ငါနှင့် နို့တစ်ယောက်တစ်ဖက်စို့သသူဖြစ်သည်၊ ငါ့ကို မသတ်တန်ရာ" ဟူ၍ ကြံပြီးလျှင် "ကျွန်စစ်သား ငါ့ကို နိုးသည်" ဟူ၍ ဟစ်လေ၏။ "မင်းရှိမင်းညစ်... မှန်တို့လက်တွင် မွေးသေ, ဝက်သေ, သေရစ်လေတော့" ဆို၍ ပစ်ခဲ့လေ၏။ ကျွန်စစ်သည်တို့လည်း ဖြဖြလိုက်လံ၍ ဝန်းရံလေသောကြောင့် ရေသို့ဆင်း၍ အနောက်ဘက်သို့ ကူးလေ၏။ ယင်းသောအခါ ပင်ပန်းစွာ ရှိသည်ကို သိလျှင် မဟာဂီရိနတ်လည်း ကျွန်းငယ် ဖန်ဆင်း၍ ဖြစ်စေ၍ ငုက်သံ မြည်နှင့်၏။ ကျွန်စစ်သားလည်း ကျွန်းငယ်သို့တက်၍ အပန်း ဖြေပြီးသော် မဟာဂီရိနတ်လည်း တံငါသားအဖ အယောင်ဆောင်၍ တန်ရွက်လှေငယ်နှင့် ဆောင်သာ တစ်ဖက်သို့ ပို့လေ၏။

## ၂၇၈။ ကျွန်စစ်သား မြောက်ဘက်သို့ ကူး၍ မုဆိုးစည့်ကို ရှာဖွေပုံ အကြောင်း

ဆောင်သာ တစ်ဖက်သို့ရောက်လျှင် မုဆိုးစည့်ကို ရှာဖုံသောငှာ ကြခတ်ဝရာသို့ကူး၍ မြောက်ဘက်သို့ သွားလေ၏။ ထေးလိုင်အရပ်သို့ရောက်လျှင် ထေးလိုင်သူကြီး လုပ်သောယာတွင် သစ္စားတောင်း၏။ ထေးလိုင်သူကြီးလည်း အားအန်ကြီးလှသသူဖြစ်၍ ဆူးစည်းကို ဆင်တစ်ရပ် ခန့် တံခါး၀ မထားဘဲ ရံပြီးလျှင် ခုန်၍သာ ထွက်,ဝင်သည်။ "ငါကဲ့သို့ ခုန်၍ ဝင်နိုင်သော် ငါ့သစ္စားကို စားလေတော့" ဟူ၍ ဆို၏။ ကျွန်စစ်သားလည်း လုံထောက်ကာ ဝင်ပြီးလျှင် သစ္စားကို ဆွတ်၍ တချို့ကိုလည်း စားတော်ခေါ်၍၊ တချို့ကိုလည်း နှယ်ဖြင့်သီပြီးလျှင် ယူ၍ ဆင်တစ်ရပ်ခန့်ရှိသော ဆူးစည်းကို ခုန်၍ထွက်လာ၏။ ထိုအကြောင်းကို ထေးလိုင်ရွာသူကြီး မြင်လျှင် "ဤလူကား လူမည်ကာ မဟုတ်၊ ဘုန်းကြီးသောသူဖြစ်သည်။ ဤသူအား အသက်နှံ ရသော် အကျိုးများစွာ ရှိလတ္တံ့" ဟူ၍ ကြံပြီးမှ အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံ သော သမီးကို ဆက်၍ မိမိ ကျွန်ခံလေ၏။ ယင်းတွင်မှ ကျွန်စစ်သားကို "ထေးလိုင်ရှင်" ဟု တွင်၏။ မုဆိုးစည့်လည်း "ကျွန်စစ်သား ရှာသည်" ဟူ၍ ကြားလျှင် ကြောက်သည်ဖြစ်၍ စည့်ကူသို့ ကူး၍ ပြေးလေ၏။ ထိုအရပ်ကို "စည့်ကူ" ဟူ၍ ယနေ့တိုင်အောင် တွင်၏။ သွားခွဲ၍ လေးလုပ်လေသော အရပ်ကိုလည်း "သွားခွဲ" ဟူ၍ ယနေ့တိုင်အောင် တွင်၏။ "ရှိလိုမှုကား" ဟူ၍ ရှာသော အရပ်ကိုလည်း "မှိမ်းပကား" ဟူ၍ ယနေ့တိုင်အောင် တွင်၏။ မုဆိုးစည့်အား ဖမ်းမိသော အရပ်ကိုလည်း "စည့်ကိုင်" ဟူ၍ ယနေ့တိုင်အောင် တွင်၏။

ထေးလိုင်ရှင် ကျွန်စစ်သားလည်း ထေးလိုင်၊ မုဆိုးစည့်တို့ကို ရလျှင် ရဲမက်, ဗိုလ်ပါ ရုံးစု၍ တောင်ဘက်တစ်ဆယ့်တစ်ရွာတွင် ဗိုလ်ဝင်ခံ၍ နေတော်မူ၏။ ထေးလိုင်ကို ထေးလိုင် အရပ်တွင် တပ်နှင့် ဗိုလ်ဝင်ခံရ၏။ ထိုအရပ်ကို "ထေးလိုင်" ဟူ၍ ယနေ့တိုင်အောင် တွင်၏။ မုဆိုးစည့်ကို တပ်နှင့် ဗိုလ်ဝင်ခံရသော အရပ်ကိုလည်း "တောင်ဘက် စည့်ကိုင်" ဟူ၍ ယနေ့တိုင်အောင် တွင်၏။ နိုင်ငံအလုံးတွင်ရှိသော ဆင်သည်, မြင်းသည်, ခြေသည် အပေါင်းတို့

လည်း "အသင်တို့သည် ကျွန်စစ်သား မင်းဖြစ်မည်" ဟူ၍ ပညာရှိတို့ ဟောဆိုသော စကား နှင့်အညီ ကျွန်စစ်သား ရှိရာသို့ ချည်း ဝင်လာကုန်၏။ ထေီးလိုင်ဆရာ ရှင်ဂုရုကြီး သည် ကြီးစွာသော ယကြားကို စီရင်လေ၏။ ယကြားစီရင်သော အကြောင်းကား ဆုန်း ဟသံပေါ်တို့ ၌ နံ့သာပြီးသော ဆီဦးတည်း၊ မြင်းကား၊ နို့၊ ထွား၊ ကာ၊ ထုံလုံတို့၌ နေရုပ်၊ လရုပ် ရေးပြီးသည် သင်းဖျူ နံ့ ထုံ၏။ ဤသို့ စီရင်၍ လယ်တွင်းဝယ် အတပ်တပ် တည်၍ နေတော်မူ၏။

## ၂၇၉။ ငရမန်ကားနှင့် ကျွန်စစ်သား စစ်တိုက်ခြင်း အကြောင်း[၁]

ငရမန်လည်း တောလှုကို ကျွန်စစ်သား ပစ်ခဲ့၍ရလျှင် ပျှမ်းထီး ငုက်ကြီးပေါင်ဖြစ်ရာ အနုဇာ ပုရသောအရပ်၌ ကွယ်လေ၏။ ယင်းသို့မှ "သေကြဿာရာမကို မင်းပြုမည်" ဟူ၍ ရေအား ကြည်းအား ပြိုသို့ ချည်လာ၏။ အဓူး အမတ်၊ ကာလန်၊ သံပျှင်တို့လည်း ဤသို့ ဆိုနှင့်၏၊ "ကျွန်စစ်သားသည် လယ်တွင်း တစ်ဆယ်တစ်ရွာကို ချုပ်၍ မင်းပြုလေသည်။ အိုင်တစ်ရာ ၌ ၂-၃ ရှသကဲ့သို့ ဖြစ်ချေသည်။ ငါတို့ တဲခါး မရှင်းသာသေး။ ကျွန်စစ်သားကို ထိုး၍ ဆေးပြစ်မှ မင်းပြုတော့မှ" ဆို၍ ပြိုတဲခါးကို မရှင်းဘဲ အနိုင်အလုံ နေကြလေ၏။ ငရမန်လည်း "ကျွန်စစ်သားကို လုပ်ကြံမည်" ဟူ၍ ရေအား ကြည်းအား ဆန်လေ၍ ၁၈၀ တည်ရာအရပ်၌ တပ်ကြီးတည်၍ ကြည်းအား ရေအား နေလေ၏။ ကျွန်စစ်သားလည်း အထူးထူးသော ယကြား တို့ကို စီရင်၍ များစွာသော စစ်(သည်)ရိုလ်ပါအပေါင်းနှင့် တိုက်လေ၏။ ငရမန်စစ်သည်တို့ လည်း အသောတလွှဲ့သို့ ထင်၍ စစ်ကြီးပျက်လေ၏။ ငရမန်လည်း နဝရတ်ရွှေဖောင်ကိုစီး၍ ပြေးလေ၏။ ကျွန်စစ်သား ခဲ့ကက်အပေါင်းတို့လည်း ထပ်၍လိုက်လေ၏။ သေကြဿာရာမတောင် မြင်းကာပါအရပ်သို့ ရောက်လျှင် ငရမန်လည်း တပ်ချ၍ ခံပြန်လေ၏။ ထိုးလိုင်ရှင် ကျွန်စစ်သား လည်း ရွှေညောင်ပင် တောင်တွင် တပ်ကြီးတပ်နိုင် တည်၍ နေတော်မူ၏။

ငရမန်မှာကား နောက် မြင်းကာပါအရပ်တွင် ခံရဲ၍ နဝရတ်ရွှေဖောင်နှင့် စုန်ပြန်လေ၏၊ စုန်ပြေးကြောင်းကို ကျွန်စစ်သား သိတော်မူလျှင် မုဆိုးငရည့် လိုက်၍ လုပ်ကြံရလေ၏၊ မုဆိုးငရည့်လည်း မြသားတောက်တွင်ဖိ၍ ရေသဖန်းပင်ထက်သို့ တက်ပြီးသော် သာသာလုရှ သော ငုက်၏ အသံကဲ့သို့ မြည်လေ၏။ ထိုအသံကို ငရမန်ကြားလျှင် "အထူးထူး၊ အသည်းလည်း သာယာသော အသံဖြင့် မြည်သည်ကား အဘယ်ငှက်နည်း" ဟူ၍ ရေဖောင်ပြတင်းကို လှစ်၍ကြည့်သော် မုဆိုးငရည့်လည်း အသင့်ချောင်း၍နေရာက လေးဖြင့်ပစ်၍ ပစ်လေသည်။ မျက်စိအကောင်းကိုမှန်၍ အနိစ္စရောက်လေ၏။ ထိုအရပ်ကိုလည်း "ငရည့်ကု" ဟူ၍ ယနေ့တိုင် ခေါ်တွင်၏။ မင်းတောလှုကို ငရမန် လုပ်ကြံသည့်နောက် ပုဂံ နန်းစံလေ၏။

မင်းတောလှုကား လုပ်ရည် ကြံရည်လည်း မရှိ၊ ရှုကြီး၊ မတ်ရာတို့ ကိုလည်း နှုတ်ကြည့်အောင် မြွာတတ်သော အလေ့ရှိ၏။ စည်းစောတ် တည်သော ရွှေစည်းခုံ မဖြီးသည်ကို လည်း မလုပ်၊ ပညာရှိ ဆွေးချက်သော စကားကိုလည်း မယူ၊ အပျော်အပါးနှင့်သာ နေ၏။ အိမ်နိမ့်-၃၀၊ စည်းစိမ် ၂၆၊ သက်တော် ၅၆-သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်သော မှလိုသော် ပုဂံကြီး အနိစ္စရောက်၏။ ကြားသမော့ကြသ်၊ စနေကြသ် နှင့်ကြ၏။ နံ့သော ရှုမှုသာသတည်း။

---

၁။ ငရမန်ကားကို အိန္ဒိယတိုင်းသားသော်ရိုးပြွန်တို့ အရည်းရုံ့ ရာဇဝင်ဖြစ်ကြောင်း သမိုင်းပညာရှင် အချို့ ကြံကြ၏။ မှန်ကိုင်ရန်သော အကြီးအကဲ အထိုးရာသည်း အချို့ရှိသည်။

### ၂၀၀။ ကျွန်စစ်သား မင်းဖြစ်သည့် အကြောင်း (၄၄)

ဒသကျာတ် (၄၂၅)၁ "သေးရုံကျွန်စစ်ဆယ်ငါးမူသော ထိုဗိုလ်ရှင်ကျွန်စစ်သား မင်းဖြစ်တော်မူလတ်သော် အရှေ့ကား အနော်ရထာမင်းစော နန်းတော်ရာ မြောက်ကား ပုဂ္ဂံမြို့ပြင်ရာ၊ အနောက်ကား မုရွှေ၊ ဤအရပ် မြတ်သောအရပ်ဟု ကြံတော်မူပြီးသော် ... နန်းတည်၍ နေတော်မူ၏။ နန်းတက်တော်မူသောအခါ နတ်တို့ ပူဇော်ကုန်၏။ ... အဘယ်ရတနာလည်းတစ်ပါး၊ ဥသာမင်းသမီး ခင်ဦးလည်းတစ်ပါး၊ ထိုဗိုလ်... ခင်တန်လည်း တစ်ပါး၊ မထီးတုမ သမ္ဘူလကိုမူကား နောက်မှ ဆောက်လာ၍ ... ဟူသော အမည်နှင့် မိဖုရားမြောက်သတည်း။ ဤမိဖုရား ၄-ပါးတွင် မိဖုရားကြီး ... အဘယ်ရတနာတွင် သမီးတော် ရွှေအိမ်သည်ကို မြင်သည်။ မိဖုရား ဦးဆောက်ပန်း ... သားတော်တစ်ပါး မြင်သည်။ မင်းကြီးကား သမီးတော် ရွှေအိမ်သည်ကို ချစ်မြတ်နိုး ... ဖြစ်၍ တစ်ပင်တိုင်နန်းနှင့် ထားတော်မူ၏။

ထိုအကြောင်းကို ပဋိဗ္ဗရားမင်း၏ သား ကြားလေသော် မြွှင်**ပုံ၍ ကောင်းကင်ဖြင့် ... ရောက်လျှင် ရွှေအိမ်သည် အထိန်းဖြစ်သော အမတ်ကြီးသိုင်းတို့အား ငွေဆယ်တင်း ... ရွှေအိမ်သည်နှင့် အရည်အခင်း ရှိလေ၏။ ထိုအကြောင်းကို မည်းတော် ထီးလိုင်ရှင် ... အမတ်တို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူ၏။ "ငါ့သမီးတော်ကို ပဋိဗ္ဗရားမင်း၏ သားနှင့် စုံဖက်ရသော်လည်း သင့်မည်လော၊ ငါ့အရှင် မြေးတော်ဖြစ်သော စောယွန်းနှင့် စုံဖက်ရသော်လည်း သင့်မည်လော" ဟူ၍ နှိုင်းချည့်တော်မူ၏။ အမှူးအမတ်တို့လည်း ... အရှင်သမီးတော်ကို ပဋိဗ္ဗရားမင်း၏ သားနှင့် စုံဖက်တော်မူသော် ... ဖြစ်လေလတ္တံ့မည်" ဟူ၍ နားတော်လျှောက်ကုန်၏။ စောလူးသားတော် စောယွန်းလည်း ... နိုင်ရှိ၏။ ထိုသူနှင့် စုံဖက်တော်မူ၍ အိမ်ရှေ့ပေးတော်မူ၏။ ထိုအခါ ... "ပေါတော့မီသို့ ဝတ်ပြုမည်" ဟူ၍ ကြွတော်မူလေသော ပဋိဗ္ဗရားမင်း၏ သားသည် မြွှင်ပုံ၍ ကောင်းကင်ဖြင့် လာလတ်သည်ကို တွေ့တော်မူလေသော် "မင်းသား... မည်" ... ရွှေအိမ်သည်ကို စောလူးသား စောယွန်းနှင့် စုံဖက်လေပြီ" ဟူ၍ ပြောတော်မူသော် "ဟာ" ဟူ၍ ... မြွှင်သည် ခံတွင်းမှထွက်၍ မင်းသား ကောင်းကင်မှကျ၍ အနိစ္စရောက်လေ၏။ ... ရှင်အရဟံကို အချို့သော ရာဇဝင်မှာ ပဋ္ဌမြားလက်နှင့်မြင့် ကောင်းကင်သို့လာ၍ ရှင်အရဟံကို တွေ့ လေသော် ရွှေအိမ်သည်ကို စောယွန်းနှင့် စုံဖက်ကြောင်းကို ကြား၍ ငါ့ကြိုက်သောသူကို ... ရသော် သေပလေစေတော့ ဟူ၍ ကိုယ်ကို အစာသတ်ပြီး၍ သေသည်ဟူ၍လည်း ဆိုသည်။

### ၂၀၁။ အလောင်းစည်သူကို ဖွားတော်မူခြင်း အကြောင်း

ရှင်အရဟံလည်း ရွှေဘဝ၌ ... ပဋိဗ္ဗရားမင်းသားအနိစ္စရောက်၍ သောကဖြင့် ရွှေအိမ် ... ဟူသောအရပ်တွင် ရှိ၍ ... သင်္ကြန် ... "ငါ" ...

---

၁။ ... [illegible]

** ... [illegible]

နေ့စဉ်မှာ မင်းသားကို မျက်မှောက်မြင်သောအခါ ဦးကင်းသည် ဝမ်း၌ ပဋိသန္ဓေနေသောအခါ၌ သည် ဝမ်း၌ ပဋိသန္ဓေနေသတည်း။ ဦးနိုင်ရှင်စည်ကြီးလည်း လူမတော်ဘဲ အလိုလိုမြည်၏။ မင်းသားလည်း ပွင့်လာ လည်း မွေး၏။ အိမ်ရှင်စည်ကြီးလည်း လူမတီးဘဲ အလိုလိုမြည်၏။ မင်းသားလည်း နေ့မှ ရှေ့ ပြင်ပြွန်း မသိတ်မည်ပုံ၏။ ထီးလိုင်ရှင်မင်းကြီးလည်း မြေးတော် ဦးသော မင်းကို ဖွား ဟူးရားဖြူ ဟူးရားညိုတို့အား မေးတော်မူ၏။ ဟူးရားဖြူ ဟူးရားညိုတို့လည်း "မြေးတော် သည် တိုင်းကားနိုင်ငံ အပိုင်းအခြားကို သိလိုရှိသည်" ဟု နားတော်လျှောက်၏။ ထီးလိုင်ရှင် ကျန်စစ်မင်းလည်း ထိုသူတို့ လျှောက်သော စကားကို ကြားတော်မူသော် ဤသို့ ရေးသား ရေးရ၏။

(၁) အရှေ့သို့ အလားကား–ဗန်းသော–လမည် ပန်းဆေးပြည်လျှင် အခြားတည်း။

(၂) အရှေ့တောင်သို့ အလားကား–အဓမ္မ–လမည် ရွှမ်းတို့ပြည်လျှင် အခြားတည်း။

(၃) တောင်သို့ အလားကား–သမုဒ္ဒရာအလယ် နဂါးပတ်ကျွန်းလျှင် အခြားတည်း။

(၄) အနောက်သို့ အလားကား–ပဋိဣရား–လမည် ကုလားပြည်လျှင် အခြားတည်း။

(၅) အနောက်မြောက်ထောင့်သို့ အလားကား–ကတူးနဂါးကြီး ရေပေါ်မီးလျှင် အခြားတည်း။

(၆) မြောက်သို့ အလားကား–ဂန္ဓလရာဇ်–လမည် တရုတ်ပြည်လျှင် အခြားတည်း။

ဤသို့ ရွှေပေတွင် ရေးသောစာကို မင်းသားရှေ့တွင် ဖတ်၍လျှောက်မှ ငိုသံစဲတော်မူ ဟူ၏။

ထိုသို့ အံ့ဘွယ်သရဲကို ဘိုးတော်မြင်လျှင် ဤသို့ မိန့်တော်မူ၏။ "ငါ့မြေးတော်နှင့်ကို ငါစောင့်ပါသည်သာ" ဟူ၍ မိန့်တော်မူပြီးသော် မြေးတော်ကို ရင်ခွင်၌ပိုက်လျက် ရာဇပလ္လင် ထက် တင်၍ "သိရိဓမ္မသုရ" ဟူသော အမည်နှင့် ရာဇဘိသေက ခံရ၏။ ထိုရာဇဘိသေက ခံသော သသင်းအခါ၌ ကုလားပြည် သံတောင်နှင့် သေ့ပင်လယ်ကို နိုင်သည်ဟူ၍ စစ်သူကြီးတို့က လက်ရ ကျည်းကုလားတို့ကို ဆက်လာ၏။ ထိုကုလားတို့ကို စည်ကူးအရပ်၌ အစုအကျက် ချ၍ နေရ၏။

ရှေးဘဝ၌ ထီးလိုင်ရှင် အလောင်းကား မင်းဖြစ်သတည်း။ မြေးတော် သိရိဓမ္မသုရ အလောင်းကား မင်းသား ဖြစ်သတည်း။ ရှင်အရဟံ အလောင်းကား ပုဏ္ဏား ဖြစ်သတည်း။ မဟာဂီရိနတ် အလောင်းကား သူဌေးသား ဖြစ်သတည်း။ သာက်မင်းကတုံ အလောင်းကား စစ်သူကြီး ဖြစ်သတည်း။ ထီးလိုင်ရှင်မင်းကြီး အလောင်းတော် မင်းဖြစ်တော်မူသောအခါ ဤသူငါးယောက်သည် ဘုရားသို့သွား၍ ဝတ်ပြုကြသတည်း။ ထိုအခါ မင်းသားသည် ဤသို့ ဆုတောင်း၏။ "လောကတွင် ထသော ဘဝ၌ ဘုန်းကြီးသောမင်း ဖြစ်စေသော" ဟု ဆုတောင်း၏။ ပုဏ္ဏားသားလည်း "မင်းတို့ ကိုးကွယ်သော ရဟန်းမြတ် ဖြစ်စေသော" ဟု ဆုတောင်း၏။ သူဌေးသားလည်း "မင်းတို့ ပူဇော်ရာနတ် ဖြစ်စေသော" ဟူ၍ ဆုတောင်း၏။ "ပြည်တောင်အက်ချင်း မင်းဖြစ်စေသော" ဟု ဆုတောင်း၏။ စစ်သူကြီးလည်း သည် "ဤသူ ၄–ယောက်တို့ဖြစ်ရာ အကြီးအမှူးဖြစ်၍ အုပ်ချုပ်ရစေသော" ဟု ဆုတောင်း၏။ ထီးလိုင်ရှင် မင်းကြီးအလောင်း ထိုသူ ၅–ယောက်တို့ ဆုတောင်းသောအတိုင်း မင်းလည်း ထီးလိုင်ရှင်မင်း ဖြစ်လာ၏။ မင်းသား လည်း သိရိဓမ္မသုရ ဖြစ်လာ၏။ ပုဏ္ဏားလည်း ရှင်အရဟံ ဖြစ်လာ၏။ မင်းသား မဟာဂီရိနတ် ဖြစ်လာ၏။ စစ်သူကြီးလည်း သာက်မင်းကတုံ ဖြစ်လာ၏။ သူဌေးသားလည်း

---

၁၈ စာပုဒ် ၂၇၅ လျှင် အရှေ့မြောက်ထောင့်ဟု ပါရှိသည်။

## ၂၀၂။ ကျန်စစ်သားမင်းကြီးနှင့် မဟာဂီရိနတ်၏ စကားပြောခြင်း အကြောင်း

တစ်နေ့သောအခါ "သက်မင်းကတုံသည် ကျေးရွာနယ်ရှာများတို့ကို ထိပါးလာသည်"ဟူ၍ ထိုလိုင်ရှင်မင်းကြီးအား နားတော်လျှောက်လာ၏။ မင်းကြီးလည်း "သက်မင်းကတုံကို ရအောင် ဖမ်းမည်လော"ဟူ၍ ရဲမက်၊ ဗိုလ်ပါ၊ ဆင်လုံး၊ မြင်းရင်း အများ ခန့်တော်မူ၏။ ရှင်အရဟံလည်း "မင်းကြီး... ရှေးဘဝ၌ ဆွေတော်ဘက်ဖြစ်သည့် ခင်ပွန်းကို မဖြစ်ရာလော"ဟူ၍ ရှေးအကြောင်းကို ဆက်၍ဟောတော်မူပေ၏။ မဟာဂီရိနတ်လည်း ကိုယ်ထင်ပြ၍ မင်းကြီးအား မြင်စေ၏။ ထိုလိုင်ရှင် မင်းကြီးလည်း "မဟာဂီရိနတ်သည် ငါနှင့် ဆွေတော်ဘက်ဖြစ်လျက် ငါ ဆင်းရဲသောအခါ အဘယ့်ကြောင့် မ မစ ပါသနည်း"ဟု မိန့်တော်မူ၏။ မဟာဂီရိနတ်လည်း ဤသို့ ဆို၏။ "မင်းကြီးအား အနော်ရထာမင်းစော ကြိုးဖြင့် နှောင်၍ အရိုးမကျိုးနှင့် ထိုးစေသောအခါ ငါ ဆောင်မ၍ ကြိုးကို ထိုးမိလျှင် နှောင်သောကြိုး ပြတ်၍ မင်းကြီး လွတ်သည်ကား ငါ မ သည် မဟုတ်တုံလော"ဟူ၍ ဆို၏။ ထိုလိုင်ရှင် ကျန်စစ်သားလည်း "ဟုတ်ပေ၏၊ ငါ နတ် ၏ ကြောင်းကို မသိ"ဟူ၍ မိန့်တော်မူ၏။ မဟာဂီရိနတ်လည်း "မင်းကြီး တောင်ရှင်တွင် စစ်မျက်၍ ညည့်မှောင်မိုက်ကို ပြေးသောအခါ ဖွတ်ရေတတ်လုံကို ဝတ်၍ မြင်းကျုးစီးလျက် မင်းကြီး ရှေ့ခရီး ညွှန်သည်ကား ငါ မဟုတ်တုံလော"ဟု ဆို၏။ မင်းကြီးလည်း "ဟုတ်ပေ၏၊ ငါ နတ်မှန်း မသိချေ"ဟု မိန့်တော်မူ၏။ မဟာဂီရိနတ်လည်း "တေလှေကို စီးသောအခါ ဒူ့ဂူ လိုက်လာ၍ ရေတွင်ဆင်း၍ ပင်ပန်းစွာ မကူးနိုင်သည် ရှိသည်ကိုမြင်၍ ကျွန်းငယ် ခန်ဆင်း၍ မြစ်တွေးအဆောင် မြည်နှင့်သည်ကား ငါ မဟုတ်တုံလော"ဟု ဆို၏။ မင်းကြီးလည်း "ဟုတ်ပေ၏၊ ငါ နတ်မှန်း မသိချေ"ဟု မိန့်တော်မူ၏။ နတ်လည်း "ငါသည် တံငါသားအဆောင် ဆောင်၍ တံစွက်လှေငယ်နှင့် အောင်သာတစ်ကော်သို့ ပို့သည်၊ ငါ မဟုတ်တုံလော"ဟု ဆို၏။ "မင်းကြီးလည်း ဟုတ်ပေ၏၊ ငါ နတ်မှန်း မသိချေ"ဟု မိန့်တော်မူ၏။ ရှင်အရဟံလည်း သက်မင်းကတုံကို ဆုံးမ၍ ရန်စစ်ငြိမ်းစေ၏။

မထီးတုမ သမ္ဗုလလည်း "မောက်ကျားမွှားလျှင် သားနှင့် လက်စွပ်ကို ယူ၍ လာလှည့် မင်းကြီး မှာတော်မူရင်းရှိသောကြောင့် မင်းကြီး မင်းဖြစ်တော်မူ၍ ၅-နှစ်ရှိသောအခါ ခုနစ်နှစ် အရွယ်ရှိသောသားကို လက်ကိုင်၍လာ၏။ ပေါက္ကာရာမသို့ရောက်လျှင် ထိုလိုင်ရှင်မင်းကြီး ဗိုလ်ရှုသဘင်ခံ၍ နေတော်မူစဉ် နန်းတော်သို့ မတက်ဝံ့သောကြောင့် နန်းရင်ပြင်က သားကို လက်ကိုင်၍ တောင်သွားချေ၊ မြောက်သွားချေ နေ၏။ မင်းချင်းတို့လည်း "ဟယ်မိန်းမ... ငါတို့သခင် မင်းကြီး ထွက်တော်မူသည်၊ သည်တွင် မနေနှင့်၊ ထွက်လော"ဟူ၍ နှင်ကုန်၏။ သမ္ဗုလလည်း "မင်းကြီးကို လျှောက်စရာရှိပါသည်၊ လျှောက်ပါရစေဦး"ဟူ၍ မထွက်ဘဲ နေလေ၏။ မင်းချင်းတို့လည်း ထိုအကြောင်းကို မင်းကြီးအား လျှောက်လေ၏။ ထိုလိုင်ရှင်မင်းကြီး လည်း ခေါ်တော်မူ၍ သမ္ဗုလနှင့် သားတော်ကိုမြင်လျှင် "ဤမိန်းမကျေးဇူးကား ငါ၌ ကြီးစွ" ဟူ၍ မှူးတော်၊ မတ်တော် အလယ်တွင် မိန့်တော်မူပြီးလျှင် သားတော်ကို ခေါ်၍ ရင်ခွင်၌ ထားလျက် ဤသို့ မိန့်တော်မူ၏။ "သားကား အရင်း၊ မြေးကား အများ"ဟူ၍ လူတို့ဝယ် ဆိုစကားရှိသည်။ "ယခု ငါ၏မြေးတော်ကို ဘိသိက်သွန်း၍ မင်းမြောက်စေပြီးဖြစ်၍ မြေးကားအရင်း၊ သားကား အများ ဖြစ်ပြီ"ဟူ၍ မိန့်တော်မူ၏။ ယင်းသို့မှ မထီးတုမ သမ္ဗုလကိုလည်း ဦးဆောက်ပန်း ဟူသော အမည်နှင့် မိဖုရားမြှောက်တော်မူသည်။ သားတော်ကိုလည်း "ရာဇ

တွေ့ရာ "ငှသော အမည်နှင့် ရှေးဟောင်းနှင့်တကွ တောင်စဉ်စုနစ်မရှိင်ကို ပေးတော်မူ၍ မင်းပြု ရ၏။

ထီးလှိုင်ရှင်မင်းကြီးကား စောလူး မှုက်တော်မူ၍ စည်းစိမ်အမွေအခွဲတို့ကို သိမ်း... အခါ ကိုယ်တော်တစ်ယောက်တည်း မြင်းကျောင်းရာ အိပ်ပျော်သည်ကို မြည်းတော်... ပါ၍ပူ၍ စောင့်လေ၏။ ထိုအရပ်ကိုလည်း မင်းဖြစ်တော်မူလျှင် "နဂါးနုံဘုရား" တည်... တော်မူ၏။ "အယပ်ရတနာ"ဟု ခေါ်သော အရပ်ကိုလည်း ဂူတစ်လုံး တည်တော်မူ၏။ "အယပ် ရတနာ"ဟု တွင်စေ၏။

ရှေးကလှ ရှင်အရဟံကား သီတင်းသုံးဖြစ်သတည်း။[၁] ထီးလှိုင်ရှင်မင်းကြီးကား ဖျား... ဖြစ်၍ သီတင်းသုံး သွားရာ အစဉ်လိုက်လေ၏။ တစ်ရံရောအခါ ထိုဆွေးငယ်သော၍ ထိုဆွေး... အရိုးကို သီတင်းသုံး သနားသဖြင့် ရှု၍ ထားလေ၏။ ထိုအရိုးကို ဖရှာ၍ သစ်ပင်ရောက်... လေလာလျှင် သစ်ပင်လှုပ်ရှားတိုင်း မင်းကြီးဦးခေါင်းတော် နာ၏။ ဝေဒသိမ်းသော ဟူးရာ... သမားတို့ ကုသကြသော်လည်း မလွတ်နိုင် ရှိဘိ၏။ ထိုအကြောင်းကို ရှင်အရဟံအား လျှောက်... သော် ရှင်အရဟံလည်း ရှေးအကြောင်းကိုဖော်၍ ဟောပြီးလျှင် အရိုးကိုယူ၍ မင်းကြီးအား ပေးလေ၏။ မင်းကြီးလည်း ထိုအရိုးကို ကောင်းစွာ မြှုပ်ထားလေ၏။

## ၂၈၃။ ရဟန္တာ ရှင်အရဟံ ဟောပြောချက်အရ စည်းခုံဘုရားကို ဆက်လက် တည်လုပ်တော်မူခြင်း အကြောင်း

ရှင်အရဟံလည်း ဤသို့ မိန့်တော်မူ၏။ "ဘုရားသခင် နဖူးသင်းကျစ်တော်မတ်... ရွယ်တော်မာတ်တို့ကို အနော်ရထာမင်းစော စည်းခုံတည်သည်၊ ပန္စယာသုံးဆင့်သာ ပြီးခဲ့သည်... အပြည့်အစုံ မပြီးခင်လေ။ သားတော်စောလူးလည်း (၂၆)နှစ်ဆယ့်ခြောက်နှစ်တိုင် မင်းပြု၍ လောကီစည်းစိမ်ကိုသာ ခံစား၍နေသည်၊ ခမည်းတော်ကောင်းမှုကို ဆက်၍ မလုပ်လေ။ မင်းကြီး လည်း အနော်ရထာမင်းစော အမွေကိုခံ၍ မင်းဖြစ်၏။ စည်းစိမ်ကိုသာ မွေ့လျော်သည်၊ အနော် ရထာမင်းစော ကောင်းမှုကို ပြီးအောင် မလုပ်"ဟူ၍ အသွမ်းသွေးတော်မူ၏။ ထီးလှိုင်ရှင်မင်းကြီး လည်း "အရှင် မင်းကြီး ကောင်းမှုတော်ကို ပြီးအောင် လုပ်ပါမည်"ဟူ၍ ဝန်ခံတော်မူ၏။ ရွှေစည်းခုံဘုရားကို ထီးလှိုင်ရှင်မင်းကြီး ထပ်၍လုပ်သော အစီအရင်ကား (တူးရွှင်းတော်၌ ရှိသော ကျောက်တို့ကို အလျား ၃-ထွာ၊ အနံ ၁-ထွာ ရွှေခြမ်းစေပြီးလျှင် နိုင်ငံတော်အလုံး၌ ရှိသော ရုံမက်၊ ဇိုလ်ပါ အပေါင်းတို့ကို ရုံးစုတော်မူပြီးသော် ရွှေစည်းခုံဘုရားမှသည် တူးရွှင်း တောင် တိုင်အောင် လူတို့ကို တစ်ဖက် နှစ်မြောင်း နေစေ၏။) ထိုရွှေခြမ်းသော ကျောက်တို့ကို လက်ဆက်ကမ်းရ၏။ ထိုသို့ကမ်းရသော သူတို့အား နေ့ရှိန်ဖြင့် ပူပြင်းစွာ ရှိသည်ကို မြင်တော်မူ သော် "ငါသည် အရှင်အမွေတော်ကို ခံထိုက်သောမင်းဖြစ်လျှင် ဤမန်ကျည်းစေ့သည် ညှို့ရှိုင်း တောင် တိုင်အောင် တစ်ဖက်တစ်မြောင်း မကျည်းစေ့ စိုက်တော်မူ၏။ ရွှေစည်းခုံမှသည် တူးရွှင်း လည်း ညှို့ရှိုင်း ကြီးလာတ်၍ အရိပ်နိုင်ရလေ၏။ သိကြားမင်းလည်း ပန်းရန်ကြီး အယောင်ဆောင် စီမံ၍ ကျောက်ထုံးနှင့် ဖွားနို့သစ်ကို သရွှတ်ပြ၍ မရေမစပ်သည်ကိုလည်း သိကြားမင်း... ၍ ထိုကျောက်တို့ကို ရွှေခြမ်းလေ၏။ မြေကို သရွှတ်ပြ၍ ရေစပ်လေ၏။

၁။ ရှင်အရဟံ ဦးဆောင်သော ရဟန်းတော်များသည် ကျွန်စစ်သားမင်း၊ ရှင်မောဂ်သစ် တည်မျိုးနှင့် နန်းတော် တည်ဆောက်မည့် နေရာတွင် ပရိတ်ရွတ်ခဲ့ကြ၏။

မင်းကြီးလည်း နိုင်ငံတော်အလုံးဝယ်ရှိသော သူဇွေး၊ သူကြွယ်တို့ကို အစိုးရ ပေးတော်မူ၍ ဝယ်ရသည်။ တစ်နေ့သော် **ဈေးနို့တင်အိုးတစ်တောင်*** ရသော ဟူ၏။ နေ့ကိုကား လူတို့ လုပ်သည်၊ ဖောင်းရစ်တစ်ဆင့်သာ ပြီး၏။ ညဉ့်ကိုကား နတ်တို့လုပ်သည်၊ ဖောင်းရစ် ၂-ဆင့် ပြီးသော ဟူ၏။ သီကြားမင်းလည်း အရှေ့တောင်ထောင့်က မြသော်ရုပ်ကို လက်တော်နှင့် ၍ လုပ်ပြီးသော် လက်တော်နှင့် အင်္ဂတောကို မံ၍ ထိုမံသော အင်္ဂတော အထုကား ရှစ်သစ်ရှိ၏။ ရွှေစည်းခုံဘုရားကို ထီးလိုင်ရှင် ကျန်စစ်သား ထပ်၍ လုပ်တော်မူသည်။ ၇-လနှင့် ၇-ရက်တွင် ပြီးသော ဟူ၏။ ဘုရား ပြီးလျှင် "ငါကား သခင်အမွေတော်ကို မံရပြီ" ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖိတ်၊ သောမနဿ ရှိသည်ဖြစ်၍ "ငါတောင်းသောဆုသည် မချွတ်မလွဲ ပြည့်စုံလတ္တံ့" ဟူ၍ ကြွေးကြော်တော်မူ၏။ ရွှေစည်းခုံဘုရားကား လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် ကျော်စော ထင်ရှားစွာ ဖြစ်လေ၏။

ဘုရား ပြီးသည်မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁-ရက် ပဝါရဏာနေ့သည် သီကြား မင်း ဆင်း၍ အမှန် ဖူးမြင်မြဲ ဟူ၏။

## ၂၈၄။ နန္ဒာဘုရားကို တည်တော်မူခြင်း အကြောင်း

တစ်ရံရောအခါ ရဟန္တာရှစ်ပါးတို့သည် မင်းကြီးနန်းတော်၌ ဆွမ်းရပ်လာ၏။ မင်းကြီး လည်း သပိတ်ကိုယူတော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူပြီးသော် "အဘယ်အရပ်က ကြွတော်မူ လာသနည်း" ဟူ၍ မေးတော်မူ၏။ ရဟန္တာမြတ်တို့လည်း "ဂန္ဓမာဒနတောင်မှ ကြွလာကြောင်း" ကို ပြန်တော်မူ၏။ ထီးလိုင်ရှင်မင်းကြီးလည်း အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ရဟန္တာတို့အား ဝါဆိုကျောင်းဆောက်၍ လှူတော်မူ၏။ နန်းတော်သို့ပင့်၍လည်း ဝါတွင်း ၃-လတိုင်တိုင် ဆွမ်း မပြတ် လုပ်ကျွေးတော်မူ၏။ တစ်ရံရောအခါ ရဟန္တာမြတ်တို့အား "ဂန္ဓမာဒနတောင်၌ နန္ဒမူလိုဏ်ဂူကဲ့သို့ သရုပ်ခန်တူစွာ တန်ခိုးဖြင့် ပြတော်မူပါ" ဟူ၍ တောင်းပန်တော်မူ၏။ ရဟန္တာမြတ် တို့လည်း ထိုနှင့်အတူ တန်ခိုးဖြင့်ပြစေ၏။ ထီးလိုင်ရှင်မင်းကြီးလည်း ထိုနန္ဒမူလလိုဏ်သရုပ်ခန် ဂူကြီးစွာ တည်တော်မူ၍ 'နန္ဒာ' ဟူသောအမည်ကို သမုတ်တော်မူ၏။ နန္ဒာဘုရားကို တည်တော်မူ သော အစီအရင်ကား နန္ဒာမော်ကွန်း ရှိလေပြီ။[1]

## ၂၈၅။ ပုထိုးစည်းခုံ အများ ပြုရပြီးမှ နတ်ရွာစံခြင်း အကြောင်း

ဤသို့ ဆိုခဲ့ပြီးသော ကောင်းမှုတော်တို့ကို တည်ပြီးမှ သိန်းခိုမင်းက ဘုရားရှင် သရီရ ဓာတ်တော် ၉-ဆူရောက်လာ၍ ပုထိုးတစ်လုံး တည်တော်မူ၏။ ထိုပုထိုးကို "မင်းအိုချမ်းသာ" ဟူ၍ သမုတ်တော်မူ၏။ ထိုမှတစ်ပါးလည်း မြောက်ဘက်အရပ်၌ ရှောင်ရှား၍ နေတော်မူသော အခါ လုံကွန့်စားတော်မူ၍ လုံချက်ကျရာ အရပ်ကိုလည်း ဝှတစ်လုံးစီ တည်တော်မူ၏။ စေတီကိုင် အရပ်၌လည်း တောင်ထက်တစ်ဆူ၊ တောင်အောက်တစ်ဆူ တည်တော်မူ၏။ တောင်အောက် ဘုရားကို လုံချက်ဆိပ်သို့ ပေါက်လေသည်ကို အစွဲပြု၍ "ဆိပ်ပေါက်" ဟု တွင်၏။ တောင်ထက် ဘုရားကိုလည်း "မင်းကျောင်း" ဟူ၍တွင်၏။ အဝ တည်ရာ အရပ်၌လည်း စည်းခုံတစ်ဆူ တည်တော်မူ၏။ ထိုဘုရားကို "ထီးလိုင်ရှင်" ဟု တွင်၏။ ပရိမ္မအရပ်၌ ဖွားတော်မူရာတွင်လည်း စည်းခုံတစ်ဆူ တည်တော်မူ၏။ မဟာဂီရိနတ်နှင့် စကားပြောကြသော အရပ်ကိုလည်း စည်းခုံ တစ်ဆူ တည်တော်မူ၏။ တောင်ဘက်၊ အနောက်ဘက် အရပ်၌လည်း လုံကစားတော်မူ၍ တစ်ဆူ တည်တော်မူ၏။

* ဈေးနို့ တစ်အိုးတစ်တောင် (မှန်နန်း-ပ၊ ၂၀၀၃၊ စာ၂၈၄)

[1] အဘနန္ဒာဘုရားကို [illegible] တည်ခဲ့၏။

လုံးချက်ကျရာ ငုတ်လုံးစီ တည်တော်မူ၏။ ထိုမှတစ်ပါးလည်း နိုင်ငံတော်ဖြစ်သော ပြည်အလုံးရှိ ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ သိမ်၊ ဇရပ် လုပ်သည်ကား များစွာ၏။ ကြေးစင်တစ်ထောင် သွန်းသော ခေါင်းလောင်း ၅–လုံးတို့ကိုလည်း ရွှေစည်းခုံဘုရားမှာ ၃–လုံး၊ နန္ဒာဘုရားမှာ တစ်လုံး၊ မင်းဆိုချမ်းသာဘုရားမှာ တစ်လုံး လှူတော်မူ၏။ ဤသို့ ဆိုခဲ့ပြီးသော ကောင်းမှုတို့ကို ဆည်းပူးတော်မူ၍ အိမ်နိမ့် ၆၀၊ စည်းစိမ် ၂၅၊ သက်တော် ၈၅–သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလှသော် ပြာသာဒ်များထက် ဘီလူး ၃–ယောက် ကိုယ်ထင်ပြ၏။ အင်္ဂါကြယ် နေကြယ် စုပ်ကြ၏။ နံတော် အင်္ဂါသားတည်း။

## ၂၈၆။ အလောင်းစည်သူမင်းကြီး အကြောင်း (၄၅)

သက္ကရာဇ် (၄၇၀)[၁] လေးရာငါးဆယ်သော် မြေးတော်အလောင်းစည်သူ မင်းဖြစ်တော်မူ၏။[၂] ထိုမင်းကား ကြံ့သပဓားသားတည်း။ ဖွားတော်မူလျှင် အိမ်ရှင်စည်ကြီးလည်း သူမတီးဘဲ အလိုလိုမြည်၏။ ဦးကင်းသတဲ့ခါးလည်း သူမဖွင့်ဘဲ အလိုလိုပွင့်၏။ ဘိုးတော်ထီးလှိုင်ရှင် မင်းကြီးလည်း မြေးတော်ကို ရင်ခွင်၌ပိုက်၍ "ငါကား ငါ့မြေးနန်းကို စောင့်ရှောက်နှင့်ပါသည်သာ အလောင်းဖြိုသာ"ဟူ၍ မိန့်တော်မူပြီးလျှင် "သီရိဇေယျသူရ"ဟူသော အမည်နှင့် ဘိသိက်သွန်း၍ မင်းမြှောက်တော်မူ၏။

## ၂၈၇။ အလောင်းစည်သူမင်း၏ အမည်များ

(၁) ထိုသို့ အိမ်ရှင်စည်ကြီး မြည်သည်ကို အကြောင်းပြု၍ အချို့သော ရာဇဝင်မှာ "လောင်းစည်သူ"ဟူ၍ ရေးမှတ်ကြသည်။

(၂) မင်းဖြစ်တော်မူ၍ ရေးဦးစွာ ရွှေဂူဘုရား တည်တော်မူသည်ကို အကြောင်းပြု၍ "ရွှေဂူဒါယကာ" ဟူ၍လည်း ရေးမှတ်ကြသည်။

(၃) ဘိုးတော် ပေးသော "သီရိဇေယျသူရ" ဟူသော အမည်ဖြင့်လည်း ရေးမှတ်ကြသည်။

(၄) ငယ်က ဝိုတော်မူရာတွင် ချက်တော် တစ်မိုက်ခန့် ထွက်သည်ကို အကြောင်းပြု၍ "ချက်တော်ရှည်"ဟူ၍လည်း ရေးမှတ်ကြသည်။

(၅) "သီရိတြိဘဝနာဒိတျာ ပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိစည်သူ" ဟူသော ဇမ္ဗူဒီပပြေပင်ရင်း၌ သိကြား ပေးသော အမည်ဖြင့်လည်း ရေးမှတ်ကြကုန်သည်။

(၆) သိကြား ပေးသော အမည်ရင်းတွင် အဖျားကို ယူ၍ "နရပတိစည်သူ" ဟူ၍လည်း ကလျာဏီကျောက်စာ စသော သမိုင်းမော်ကွန်း၌ ရေးမှတ်ကြကုန်သည်။

(၇) ရှင်ဖြူဘုရား ဗလဝါမုကွန်၌ စုံကျလေသောအခါ "အလောင်းစည်သူ ငါ့ကို ယူလော" မိန့်တော်မူသော စကားကို အကြောင်းပြု၍လည်း အချို့သောစာမှာ "အလောင်းစည်သူ" ဟူ၍ ရေးမှတ်ကြသည်။

---

၁။ ဇာတာတော်ပုံရာဇဝင်တွင် ကျန်စစ်သားကို ၁၀၃၀ ခုနှစ်၌ ဖွားမြင်ပြီး ရာဇဝင်ကျောက်စာအရ ၁၁၁၃ ခုနှစ်တွင် နတ်ရွာစံလွန်သဖြင့် သက်တော် ၈၃ နှစ်၌ နတ်ရွာစံခဲ့ခြင်း ဖြစ်၏။ ၂။ ဒေဝီ ၁၁၈၈ ၃။ အလောင်းစည်သူ၏ သွဲ့မည်ကို ကျောက်စာ၌ ဗြိတြိဘဝနာဒိတျပဝရဓမ္မရာဇာ(ဘုန်းကျော်သရေကြီးသော လူသုံးပါး၏ နေဖြစ်သော တရားမင်း) ဟု တွေ့ရှိရသည်။

## ၂၈၈။ အလောင်းစည်သူမင်း မိဖုရားများ

ထိုမင်း မိဖုရားကား ၄-ပါးတည်း။ ရတနာပုံလည်း တစ်ပါး၊[၁] တိလောကစန္ဒာဒေဝီလည်း တစ်ပါး၊ ရာဇကုမ္ဘာရီလည်း တစ်ပါး၊ တောင်ပြင်သည်လည်း တစ်ပါး၊ ဤလေးပါးသော မိဖုရားတို့သည် ရာဇာဒိသေက ခံသည်ချည်းတည်း။ မိဖုရား "ရတနာပုံ"တွင် မင်းရှင်စောကို မြင်သည်။ မိဖုရား "တိလောကစန္ဒာဒေဝီ"ကို နောက် "ဦးဆောက်ပန်း"ဟူသော အမည်ကို သမုတ်တော်မူသည်။ ထိုမိဖုရားတွင် "ထောက်လေှကား"ကိုမြင်သည်။ "ရာဇကုမ္ဘာရီ" မိဖုရားတွင် သားတော်, သမီးတော် မရှိ။ မိဖုရား "တောင်ပြင်သည်"တွင် သမီးတော် ၂-ပါး မြင်သည်။ အကြီးကို "တောင်ဖျား"ဟူ၍ မှည့်တော်မူ၏။ အငယ်ကို "ရွှေရှု"ဟူ၍ မှည့်တော်မူ၏။ မိဖုရား တောင်ပြင်သည်-ညီမတော်ကား လင်လေးယောက် နေသည်။ လင် သေဖန်များ၍ "ခင်ဦး"အမည်နှင့် မင်းကြီးယူ၍ မိဖုရားမြှောက်တော်မူသည်။ ထိုမိဖုရားတွင် လင်သေသော သူ၏ သမီးလေးယောက်တည်း။ လင်ကြီးသမီး "စောနန်း"ကား ရာဇသူ-မယားတည်း။ လင်လတ်သမီး "အိမ်တော်သည်"ကား အင်္ဂသူ-မယားတည်း။ လင်ငယ်သမီးတော် "စည်းခံသည်" ကား နရသူ-မယားတည်း။ သည့်နောက် လင်ငယ်သမီးတော် အငယ်ကား အိမ်ထောင်မကျခင် ကြမ္မာကုန်လေသည်။ အလောင်းစည်သူ မိဖုရား မြှောက်ရာတွင် "ချစ်ဦး"နှင့် "ကျောင်းတော်သည်"ကို မြင်ပြန်သည်။ မင်းကြီးလည်း သမီးတော် ၄-ပါးတို့ကို တစ်နေ့သော် ရွှေနို့ တစ်ယောက်သွားစီ ပေးတော်မူ၍ လိမ်းစရာ နံ့သာအမွှေးအထုံနှင့် ဖျော်၍ လိမ်းရ၏။

မင်းကြီးယောက်ဖတော် မဟာသမန်းသည် အခါတစ်ပါး၌ မင်းကြီးနန်းတော်တိုင်ဆောင် ဆင်စီး၍ လှေကား၌ ဆင်ယှဉ်၍တက်သည်ကို မဟာကီရိနတ် မြင်လေသော် "ငါရှိလျက် ငါ့ ခင်ပွန်းကို မရိုမသေ မကျိုးမနွံ ပြုသည်၊ ပြုရာသည်လော"ဟု ခြိမ်း၏။ မဟာသမန်းလည်း နတ်ခြိမ်းလျှင် တုန်လှုပ်လျက် ဆင်နှင့်တကွ အဝေးသို့ စဉ်လွင့်လေ၏။ ထိုအကြောင်းကို ပညာရှိတို့ မြင်လေသော် "သည်မင်းလက်ထက် သူပုန်,သူကန် များ၍ ပြည်, ရွာ ရိုင်းပျသည် များလတ္တံ့."ဟူ၍ ဆိုလေ၏။ ထိုမင်းကို ဆုံးမသွန်သင်သော ဆရာကား ၄-ပါးတည်း။ ၄-ပါး ဟူသော်ကား **ရှင်အရဟံ**လည်းတစ်ပါး၊ **စိန့်ညက်မင်းသားတော် မဟာထေရ်**လည်းတစ်ပါး၊ **ရှင်အာနန္ဒာ**လည်း တစ်ပါး၊ **မဟာကီရိနတ်**လည်း တစ်ပါး၊ ဤ ၄-ပါးတည်း။ အလောင်းစည်သူ မိဖုရား ၄-ပါးတွင် ရှိသော ကိုယ်လုပ်တော်ကား-မြဖြင့်ပြီးသော တန်ဆာဆင်သော နလည်း ထုံး အမတ်သမီး တစ်ပါး (၃၀၀)သုံးရာစီ၊ ဝရဇိန်ဖြင့်ပြီးသော တန်ဆာဆင်သော ဦးရစ်ထုံး အမတ်သမီး တစ်ပါး (၃၀၀)သုံးရာစီ၊ ပတ္တမြားဖြင့်ပြီးသော တန်ဆာဆင်သော ဦးချာထုံး အမတ်သမီး တစ်ပါး (၃၀၀)သုံးရာစီ၊ ပုလဲဖြင့်ပြီးသော တန်ဆာဆင်သော ယကင်ထုံးအမတ် သမီး တစ်ပါး (၃၀၀)သုံးရာစီ၊ မိန်းမကုန်း သုံးကျိပ်၊ မိန်းမကွ တစ်ပါး သုံးကျိပ်စီ၊ သူကြွယ် သမီး တက္ကကြီး ၄-ယောက်၊ မိန်းမစည်, မိန်းမပတ်, မိန်းမစောင်း, မိန်းမငြင်းတို့ကိုလည်း မိဖုရား ၄-ပါးတွင် မပြတ် တီးမှုတ်ရသည်။

ပုဂံနန်းတွင်၌ ထင်ရှားသူဖြစ်၏။ တိုင်းမှူးတ်ဘုရားကျောက်စာအရ မိဖုရားရတနာပုံသည်

---

၁။ မိဖုရားရတနာပုံသည် ပုဂံနန်းတွင်၌ ...
၂၂ ခေါ်ြ ၁၁၄၀ တွင် ... ရှုဒါန်းခဲ့သည်။

## ၂၈၃။ အနောက်တောင်ရှည်သွယ်ကျွန်းကြီး အလုံးအရင်းနှင့် ထွက်၍ နိုင်ငံတော် တစ်ဝန်းလုံး၌ ရှိန်း၊ ကျွပ်၊ တင်း၊ ခွဲ မှ ချ၍ တစ်ချက်တည်း ညီညွတ်အောင် စီမံပုံ အကြောင်း

အနောက်တောင်ရှည်သွယ်ကျွန်းကြီးတွင် ရှိသော အလုံးအရင်းကား အမတ် (၆၀၀၀) မြောက် ဆောင်၊ ဆင်ဖြူ (၃၂)သုံးဆယ့်နှစ်စီး၊ ဆင်မည်း ရှစ်သိန်း၊ မြင်းရှစ်သန်း၊ လေ့ရှစ်သန်း [illegible] ရှိသော ဟူ၏။ ထိုသို့သော အလုံးအရင်းနှင့် တိုင်းကား [illegible] နိုင်ငံ ရှည်သွယ်တော်မူသော လေ့ယာဉ်တော် ၁၂-ခင်း အမည်ကား-

(၁) သုံးဂူပုဇော်
(၂) သုံးဂူကြီးနှိုး
(၃) ပြည်ကြီးနှောင်
(၄) ဝစီရသမီ
(၅) အောင်သာကာနိုး
(၆) နိုးသောက်ကြည်
(၇) ဇွယ်လက်ယဟာသစ်
(၈) နဝရတ်
(၉) ပြည်ကြီးဝန်
(၁၀) တင်ရာပြည်ပုံ
(၁၁) လင်းစင်း
(၁၂) နဂါးကြေး

ဤ ၁၂-ခင်းတည်း၊ အနောက်တောင်ရှည်သွယ်ကျွန်းကြီးကား မိဖုရား၊ မောင်းမမိဿံနှင့်တကွ အမှူး၊ အမတ် အလုံးအရင်းခြံရံလျက် မြန်မာပြည် တောင်ဘက်၊ မြောက်ဘက်သို့ ကြွတော်မူ၍ ကန်၊ မြောင်း၊ ဆည်၊ မြောင်း ပြီးသော တောင်တာဝေး၍ လယ်ယာလုပ်၍ ပြီးမှ သူရဲ၊ သူခက်၊ ဆင်တုံး၊ မြင်းရုံတို့ အစဉ်ဖြစ်ကောင်းသော အရာကို အစဉ်ဖြစ်စေ၍ ထိုသို့ အရာရာသော မြို့တို့ကို ဆောင်၍ ခရိုင်၊ မြို့ရွာ ဖြစ်ကောင်းသော အရာတို့ကိုလည်း ခရိုင်၊ မြို့ရွာ ဖြစ်စေ၏၊ နိုင်ငံတော် အလုံး၌ ခရိုင်၊ မြို့ရွာတို့ကိုလည်း အသုံးအဆောင် တစ်ချက်တည်း ဖြစ်စေ၍ ရှိန်း၊ ကျွပ်၊ ခွဲ၊ မတ်၊ ရွေး ပဲ စသည်တို့ကို လည်းကောင်း၊ တင်း၊ ခွဲ၊ စိတ်၊ ရွှတ်၊ ပြည်၊ မှုတ်၊ လမယ်တို့ကို လည်းကောင်း စီရင်တော်မူ၍ တစ်ချက်တည်း ဖြစ်စေ၏။ ထိုသို့ ခရိုင်၊ မြို့ရွာ ဖြစ်စေပြီးမှ သိမ်နှင့် ဘုရား၊ ကျောင်းနှင့် ဇရပ်၊ ပုထိုးနှင့် ဂူ စသည်တို့ကို "ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ စီးပွားအကျိုးငှာ သာသနာတော်ပါအောင် တည်ရစ်စေ" ဟူ၍ များစွာ တည်ထားတော်မူ၏။ ဤသို့ စီရင်တော်မူပြီးမှ နိုင်ငံတော်အစပ်နှင့် သူ့နိုင်ငံအစပ်ကို ကင်းတိုင် ကင်းရှည် ထားတော်မူ၏။

## ၂၈၄။ တိုင်းခန်းလှည့်လည်၍ သမုဒ္ဒရာ၏ ထူးဆန်းအံ့ဖွယ်များ ကြည့်ရှုတော်မူခြင်း အကြောင်း

နေပြည်တော် ပေါ်ကူလာရာ၌ အဆောင်းအနေနှင့်တော်မူ၍ မဟာသမုဒ္ဒရာအရပ်၌ အထူး အထွေထွေသော ရှုဖွယ်ကြည့်ဖွယ်တို့ကို ကြည့်တော်မူလို၍ ကိုယ်အလေးတော် ရွေ့ရှုန်းသော ဘုရားရှင် ရုပ်ပွားတော်ကို ဆောင်တော်မူ၍ မိဖုရားသော မောင်းမမိဿံနှင့်တကွ မှူးမတ်၊ ကြည်းသား ရံတော်မူသော်၊ မှန်ပြည်သို့ ရောက်တော်မူလျှင် မကြေးတောင်းမြောင်းကို ဝင်တော်မူ၍ ပုသိမ်တွင် ကွန်းတော်ဆောက်ပြီးသော် မိဖုရား၊ မောင်းမမိဿံတို့ကို ထိုအရပ်တွင် ထားတော်မူပြီးမှ သင်္ဘောကြီးတော်မူ၍ လေ့ရှစ်သိန်းနှင့်တကွ သွားတော်မူ၏။ တနင်္သာရီ တောင် အဆုံးသို့ ရောက်တော်မူလျှင် လယ်တစ်ပယ်မျှလောက်သော ကျောက်ပြာထက် လူတို့ မျက်စိတွင် ခရမ်းကဲ့သို့ထင်သော ဖန်ဖြင့်ပြီးသော အရောင်ရှိသော နဂါးမင်းအရုပ်သည်

...ထင်သောအခါ ဖန်ခေျာင်၏ အလျှံဖြင့် ပေတန်ရှိသကဲ့သို့ ဖြစ်ကြရကား ထိုသို့
...ဝင်သော ပွားများဖျင်ဖျင်ထင်သော အခေျာင်ကို လက်ညှိုးတော်ညွှန်သော သိကြား
...ဖြင့် သင်တော်မူပြီးဖြင့် ကာသော ဖန်ခေျာင်ကို မြေဆော်လွှမ်း၍ တည်စေမှ နက်ဖြင့်
...ဖြင့် ဆောက်တော်မယ်ပါသော မှူးမတ်ရှိလပါ အပေါင်းတို့ မြင်ကေျာက်နှင့် ၊ ထိုအခါ၌
...တော် ဝေပြီးမှ ဇမ္ဗူသခေျြပင်သို့ သွားတော်မူ၏ ။ ခရီး၌ လွှန်လေပြီးသော ထားတော်
...မင်းတော်တို့သည် တိုင်းနိုင်ငံ လှည့်လည်တော်မူသောအခါ ထားတော်မူခဲ့သော
...ဤ၌ လွယ်လျှက် ကျောက်သွေးပ်ကို မြင်တော်မူလေသော် "ဤအရပ်ကား အဘယ်
...နည်း" ဟု၍ မေးတော်မူ၏ ။ ဟူးရာလျှ ဟူးရာညီတို့လည်း "ဘုရားသောင်းတော်
...မင်းတော်သည် ငါသားတော်၊ မြေးတော်တို့ တိုင်းကာနိုင်ငံ လှည့်လည်၍ ဤအရပ်သို့
...သောအခါ သင်တို့ ပတ်၊ စည်၊ စောင်းမြင်း တီးမှုတ်ကုန် ဟု၍ ထားတော်မူခဲ့သော
...ကျောက်သွေးပ်" ဟု၍ နားတော်လျှောက်၏ ။ "ယင်းသို့ ဖြစ်တုံလျှက် ငါ ထားတော်မူသည်ကို
...သောကြောင့် မတီးမမှုတ်ကုန်သနည်း" ဟု၍ မိန့်တော်မူလျှင် ထိုကျောက်သွေးပ်တို့သည်
...ရှိသော သဏ္ဌာန်တို့ကဲ့သို့ တီးမှုတ်ကုန်၏ ။

## ၂၄၁ ။ သိန်းခိုမင်းက သင်္ကန်းကံလေးနှင့် သမီးကညာ ဆက်သခြင်း အကြောင်း[၁]

ထိုကာသည် သိန်းခိုကျွန်းသို့ ရောက်တော်မူလေ၏ ။ သိန်းခိုမင်းလည်း လှရှစ်သိန်း နီရသော သင်္ကန်းကံ လေကြီးနှင့်တကွ သမီးတော်အောင်းလေးကို ဆက်နှင့်၏ ။ သိန်းခိုမင်းတို့ အစဉ်ကိုးကွယ်သော ရှင်မဟာကဿပ ရုတင်ကျင့်တော်မူရာန် ရုပ်တုတော်ကိုလည်း ကိုးကွယ်စေ မြင်းရာ ဆက်နှင့်၏ ။ ထိုသို့ ဆက်နှင့်သော ရုပ်တုတော်ကို သင်္ကန်းလေးထက် တင်ပြီးလျှင် နီးတော်မူ၍ ဇမ္ဗူသခေျြပင်သို့ သွားတော်မူ၏ ။ ရောက်တော်မူလျှင် သချြပင်ရင်း၌ ဘုရားရှင်တို့ နေတော်မူရာဖြစ်သော ရေသင်းပွတ်သစ်နှင့် တူသော ကျောက်ဖျာကို မြင်တော်မူလေသော် နေတော်မူလိုသော စိတ်တော်ရှိသည်ဖြစ်၍ ဟူးရာလျှ ဟူးရာညီတို့အား မေးတော်မူ၏ ။ ဟူးရာလျှ ဟူးရာညီတို့လည်း "နေတော်မမူသင့်သေး၊ ဘုရားသခင်တို့ နေတော်မူရာ ဖြစ်တန် သည်၊ ဦးခေါင်းတော်ကို ဘုရားသခင်တို့ နေရာဖြစ်သော 'ဤတင်သော ဦးခေါင်းတော်သည် ကြက်တောင်ကို မီးဝယ် ပစ်သကဲ့သို့ ကျွမ်းသည် ဖြစ်စေသော'-ဟု မိဋ္ဌာန်တော်မူပြီးမှ တင်တော် မူ" ဟု နားတော်လျှောက်၏ ။ မင်းကြီးလည်း ဟူးရာလျှ ဟူးရာညီတို့ လျှောက်သည်အတိုင်း ဦးခေါင်းတော်ကို တင်တော်မူသော် ဦးခေါင်းတော်သည် တစ်ခေတ္တရှင်း ဝါဂွမ်းကို မီးမှာ ပစ်သကဲ့သို့ ဖြစ်လေ၏ ။ ထိုအကြောင်းကို မင်းကြီး မြင်တော်မူသော် ကြည်လင်သောစိတ် ရှိသည် ဖြစ်၍ ၇-လတိုင်တိုင် သာသနာကြီးရှာခံလျှက် နေတော်မူ၏ ။

## ၂၄၂ ။ အလောင်းစည်သူမင်းကို ဇမ္ဗူသခေျြပင်ရင်း၌ သိကြားမင်း ဘွဲ့ရည်ပေးတော်မူခြင်း အကြောင်း

ထိုအခါ သိကြားမင်းသည် "သည်မင်းကား ဘုရားရှင်သာသနာတော်ကို ရှက်ဆောင် သောမင်း ဖြစ်သည်" ဟု၍ အောင်သိက် သွန်း၏ ။ အမည်တော်ကိုလည်း ခံရ၏ ။ ခံရသော

---

[၁] သိန်းခိုမိုဋ်ကျွန်း ဟူ၍လည်း ... ဖြစ်သော ... မင်းက ... လက်ထွေ့မှ သိမ်းယူနိုင်ခဲ့သော ကျွန်းဟု [illegible] ... ယခု Sri Lanka နိုင်ငံ ဖြစ်သည်။

အမည်ကား "သီရိပြဲဘဝနသိတ္ထာ ပဝရပုဏ္ဏိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ" ဟူသော အမည်ကို ခံရ၏။ မင်းတို့၏ သုံးဆောင်ရာဖြစ်သော မြောက်စည်, သံလွင်, မင်းမင်းနာတို့ကိုလည်း ဆောက်နှင်းလေ၏။ ဘုရားရှင်တို့ နေတော်မူရာဖြစ်သော ကျောက်ဂူ သဏ္ဌာန်ဦးကိုလည်း ဘုရားရုပ်ပွားတော် လုပ်၍ အပ်လေ၏။ ထိုဘုရားကို "ရှင်ဖြူ" ဟူ၍ ရှင်၏။ စေတီမြင်မြင် ဒက္ခိဏာသာ ခေါက်ကိုလည်း အပ်လေ၏။ ထိုလက်ယာဘက် အရပ်ကိုလည်း ဘုရားရုပ် ထု၍ အပ်လေ၏။ ထိုဘုရားကို "ရှင်လု" ဟူ၍ သမုတ်တော်မူသည်။ ယင်းကား သည် မြင်းမိုရ်တောင်သို့ သွားတော်မူလိုသော စိတ်တော်ရှိသည် ဖြစ်၍ သွားအံ့သော အစီအရင်တို့ကို စီရင်တော်မူ၏။

## ၂၉၃။ အလောင်းစည်သူ တွင်ကြောင်း

သိကြားမင်းလည်း ထိုအကြောင်းကို မြင်လေသော် "သွား၍ မရောက်နိုင်သော အခြင်းကို မင်းကြီး ကြံဘိ၏တကား" ဟူ၍ အထူးထူးသော ပရိယာယ်ဒေဝစ်တို့ဖြင့် လှည့်ပတ်၍ ဘုရားရှင် သရီရဓာတ်တော် ၆-ဆူတို့ကိုလည်း အပ်လေ၏။ ဤသို့လည်း ကိုယ်ထင်ပြ၍ ဆို၏။ "မင်းကြီး သည် ဘုရားရှင် သာသနာတော်မြတ်ကို ရွက်ဆောင်ရမည် များသေးသည်၊ မြင်းမိုရ်တောင်သို့ သွားခြင်းငှာ မသင့်" ဟူ၍ ဖြစ်လေ၏။ အလောင်းစည်သူမင်းကြီးလည်း နေပြည်တော်သို့ ပြန်လိုသောငှာ လာတော်မူ၏။ ထိုသို့ လာတော်မူသောအခါ စီးတော်မူသော သင်္ဘောကတော် သည် ဗလာဝါမှုကျွန်းသို့ ရောက်လေ၏။ တုန်တခိုက် ကျိုးအံ့သကဲ့သို့ ဖြစ်လေ၏။ သိကြားမင်း အပ်သော ရှင်ဖြူရုပ်ပွားတော်လည်း စဉ်၍ ရေတွင်ကျခဲ့၏။ ယင်းသို့မှ အလောင်းစည်သူမင်းကြီး လည်း "ငါ့တောင်းတော်မူသော ဆုမြတ်ကို ရမည်မှန်လျှင် မဏိမေခလာ စသော နတ်တို့သည် ငါ့လှေတော်ကို ဘေးမဲ့ရာ အရပ်သို့ ဆောင်ယူပို့သည် ဖြစ်စေသော" ဟူ၍ မိန့်ဍာန်တော်မူလျှင် နတ်ဘီလူးအပေါင်းတို့သည် လှေတော်ကို ဆောင်ယူ၍ ဗလာဝါမှုကျွန်းမှတစ်ပါး ဘေးမဲ့ရာ အရပ်သို့ ပို့ဆောင်လေ၏။ ထိုအခါ ရှင်ဖြူဘုရားရုပ်ပွားတော် စဉ်ကျလေ၍ မင်းကြီးလည်း မသက်မသာ ရှိတော်မူ၏။ ယင်းသောအခါ ဟသ်ာ ၂-ခု တောင်ချင်းယှက်လျက် ခံပြီးသော် ထိုအပေါ်၌ သီတင်းသုံးတော်မူ၍ "အလောင်းစည်သူ ငါ့ကို ယူလော့" ဟူ၍ မိန့်တော်မူ၏။ မင်းကြီးလည်း ထိုရှင်ဖြူရုပ်ပွားတော်ကို ပင့်၍ ကိုးကွယ်တော်မူ၏။ ထိုတွင်မှ "အလောင်းစည်သူ" ဟူ၍ တွင်သတည်း။

ယင်းကမှ မလွှာယကျွန်း[၁]သို့ ရောက်တော်မူ၏။ ထိုအခါ နတ်ဘီလူးအပေါင်းတို့သည် ကမ်းနားသွတ်မှ ကြည့်ကြကုန်၏။ ယင်းသောအခါ ဘီလူးမတစ်ယောက်သည် သားပျိုကိုချီ၍ ကြည့်လင့်၏။ မင်းကြီးကို အကြည့်လွန်သောကြောင့် သား လက်ကလွတ်၍ ရေသို့ကျလေ၏၊ ဘီလူးမလည်း "မင်းကြီးကိုကြည့်ရာတွင် ငါ့သား လက်ကလွတ်၍ ကျရသည်၊ ငါ့သားကို ယူ၍ ပေး" ဟု တောင်းလေ၏။ မင်းကြီးလည်း "ငါသို့သောမင်း လာရောက်သည်ကို ရှုကြည့်ရာ တွင် ဘီလူးမသား ကျလေသည်ကို မဏိမေခလာနတ်တို့သည် ဆယ်ယူ၍ မပေးနေသည် နေရာသလော" ဟူ၍ ရောက် ကြိမ်ဖြင့် ခတ်ရ၏။ မဏိမေခလာနတ်လည်း ဆယ်ယူ၍ မင်းကြီး အား ဆက်လေ၏။ သိကြားမင်းလည်း မဟာဗောဓိ ဒက္ခိဏာသာခါနှင့် တကွ သရကွန် နံ့သာ တို့ကို အပ်လေ၏။

---

[၁] ယခုခေတ် မလေးရှားကျွန်းဆွယ်

## ၂၅၄။ မာရ်အောင်ကျွန်းကို အစိုးရသော မင်းအကြောင်း

ယင်းကမှ ၁၇၆မင်းကြီး စီးတော်မူသော ဆင်ဖြူကန္ဓရုန်* သည် ကောင်းကင်ဝယ် သော၍ ရှာရှာလျှင် ကျလေသောအခါ ကျောက်ဖြစ်လေ၏။ ထိုကျောက်ဆင်ရုပ် ကျွန်းဖြစ်သောအရပ်၌ ရှိမူလေသော ကာမင်းကြီး သားတော် ရှင်မဟိန္ဒ အမည်ရှိသော ရဟန္တာမြတ်သည် ကြွကြွသွား စံမူတော်မူ၏။ ထိုအရပ်သို့ ရောက်တော်မူလျှင် ကြီးစွာသော ပူဇော်သက္ကာရကို ပြုတော်မူ၍ မာရ်အောင်ကျွန်းသို့ ရောက်တော်မူ၏။ မာရ်အောင်ကျွန်းကို အစိုးရသောမင်း၏ အမတ်တို့ သည် မာရ်အောင်မင်းအား ဤသို့ လျှောက်ကုန်၏။ "နက်ဖြန်သည် အရိမဒ္ဒနာ ပေါက္ခရာမ ပြည်ကြီးကို အစိုးရတော်မူသော သိရီတြိဘဝနာ ဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ အမည်တော်ရှိသော မင်းကြီးသည် ရောက်တော်မူလတ္တံ့၊ ထိုမင်းနှင့် ထိုက်သော ဆောင်ကပ်စရာ ပဏ္ဏာကာရတို့ကို စီမံတော်မူမှ သင့်မည် ထင်သည်" ဟူ၍ လျှောက်ကြကုန်၏။ မာရ်အောင်မင်းလည်း အမတ်တို့ကို ဤသို့မေး၏။ "ယခု ကြွရောက်တော်မူလာသော မင်းကြီး အား ငါရှိခိုးရမည်လော" ဟု မေး၏။ အမတ်တို့လည်း "ဘုန်းကြီးသောမင်း ဖြစ်သည်၊ ရှိမခိုးရ မနေသင့်ကား" ဟူ၍ လျှောက်ကုန်၏။ မာရ်အောင်မင်းလည်း "သူ့ကို ရှိခိုးသည်ထက် သေသော် မြတ်၏" ဟူ၍ အိုးစရည်းကို လည်ဝယ် ဆွဲပြီးသော် ရေတွင်ဆင်း၍ သေလေ၏။ အလောင်း စည်သူ မင်းကြီးလည်း မာရ်အောင်မင်း ဆင်း၍ သေရာအရပ်တွင် လှေတော်ဆိုက်မိလေ၏။ မာရ်အောင်မင်း၏ အမျိုးအမတ်တို့သည်လည်း ကြီးစွာသော လက်ဆောင်ပဏ္ဏာကာရတို့ကို ဆောင်၍ ဆက်ကုန်၏။ အလောင်းစည်သူမင်းကြီးလည်း ဤသို့ မေးတော်မူ၏။ "ငါ့အဆွေတော် ဖြစ်သော မာရ်အောင်မင်းသည် အဘယ်ကြောင့် ငါရောက်တော်မူသည်ကို အဖူးအမြင် မလာ ရောက်သနည်း" ဟူ၍ မေးတော်မူ၏။ အမတ်တို့လည်း "ဘုန်းကြီးသည်အရှင် ရောက်တော် မူလျှင် ရှိခိုးရမည်ကို ကြောက်၍ ရေဝယ်ဆင်း၍ သေလေသည်" ဟု နားတော်လျှောက်၏။ အလောင်းစည်သူမင်းကြီးလည်း "ငါသို့သော မင်းကို ရှိခိုးရမည်ကို ကြောက်၍ သေသည်၊ သေရာသည် လော" ဟူ၍ လှေတော်ဦး၌ ရပ်တော်မူပြီးလျှင် လက်ညှိုးတော်ကိုညွှန်၍ "ငါ့အဆွေ မာရ်အောင်မင်း၊ ငါလာတော်မူသည်ကို အဘယ်ကြောင့် မဖူးမမြင် နေဘိသနည်း" ဟု မိန့်တော် မူလျှင် အိုးစရည်းကို လည်ဝယ်ဆွဲလျက် ရှိခိုး၍ အသက်ရှိသော သူကဲ့သို့ ပေါ်လာ၏။ ထိုသို့သော အခြင်းအရာကို မာရ်အောင်ပြည်သူတို့ မြင်လေသော် ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်လေကုန်၏။

ထိုအရပ်မှသည် ဇမ္ဗူဒိပ်သို့ရောက်တော်မူလျှင် တောအုပ်တစ်ခု၌ ကင်းကြီးတစ်ခုသည် ဆင်ကိုသတ်၍ စားပြီးသော် ဆင်စွယ်ကို အသိုက်ပြုနေ၏။ ထိုဆင်စွယ်ကို မြင်တော်မူသော် "အဘယ်အကြောင်းနည်း" ဟူ၍ မေးတော်မူ၏။ ဟူးရားဖြူ ဟူးရားညိုတို့လည်း "ကင်းကြီး နေသော အသိုက်" ဟူ၍ လျှောက်လေ၏။ မင်းကြီးလည်း ထိုဆင်အစွယ်တို့ကို ကင်းကြီး အစာ ရှာလေသည့်နောက် လှေတွင်တင်၍ ယူတော်မူခဲ့၏။ ကင်းကြီးလည်း မိမိကျက်စားရာ အရပ်မှ ရောက်လေသော် မိမိအသိုက်ကို မမြင်၍ အလောင်းစည်သူမင်းကြီး လှေတော်ကို ရေဝယ်ကူး၍ လိုက်လေ၏။ အလောင်းစည်သူမင်းကြီးကား ဘုန်းကြီးတော်မူသောမင်းဖြစ်၍ မီအောင် မလိုက် နိုင် ရှိလျှင် "ငါ့အသိုက်ကို ယူသောသူသည် လူမည်ကာ မဟုတ်၊ ဘုန်းကြီးသောသူဖြစ်သည်၊ ငါကဲ့သို့ လှေလုပ်၍ စီးစေသတည်း" ဟု အမှတ်ရှိ၍ မိမိခေါင်း၊ အမြီးကို ထောင်၍ပြလိုက်၏။ မင်းကြီးလည်း နေပြည်တော် ပေါက္ခရာမသို့ရောက်လျှင် ထိုကင်းသဏ္ဌာန်လှေ လုပ်တော်မူ၏။

* ဂန္ဓာလရာဇ်(မှန်နန်း-ပ၊ ၂၀၀၃၊ စာ ၂၆၂)။

သည်ကို တောသူမ်းနှင့်နေပါပြီ-ဟူ၍ ကြားလတ်သော် ဝါ-ဟု ဆိုသောအရပ်၌ စောင့်... ကျွန်သောအခါ၊ အရပ်ကို ရှင်လုပ် ရှင်းသောသည်ကိုလည်း စစ်အခါ ၄-ပါးနှင့် ... ပြုလုပ် ပြောပြီးကာမတ်၍ "ငါ၏ အရှိုမှန်သော် ရောက်လျှင် ပေါ်စေသော" ဟူ၍ မိန့်တော်မူ... ရောက်ရှိသောအခါ၊ ထိုအရပ်သည်လည်း သန်သန့်ကျ၍ သွားလေရာအား ပေါ်၍ ... ဆောက် ပြုပြီ ကောင်းမှု ထားလေ၏။

## ၂၉၉။ ရှင်ဖြူ ရှင်လှ ရုပ်တုတော် ၂ ဆူကို ဘုရားတည်ခြင်း အကြောင်း

ယင်းကာလသည် "ရှင်ဖြူ ရှင်လှ ဘုရားရှင်ရုပ်တုတော်ကို နန်းတော်တွင် ထား၍ ကိုးကွယ်သည်ထက် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ စီးပွားအလို့ငှာ ဘုရားသခင် ကိန်းဝပ်တော်မူလိုသည့်အရာရသော် အကျိုးများစွာ ရှိလတ္တံ့" ဟူ၍ ကြံတော်မူပြီးလျှင် ဘုရားရှင် ရုပ်တုတော် ၂-ဆူကို ဆောင်တော်ဆက်တင်၍ ရေသုံးကုဋေ ခြောက်သန်း၊ ကြည်း သုံးကုဋေ ခြောက်သန်းသော စုံကြာပိုင်ပါအပေါင်း ဝန်းရံလျက် ဆန်တော်မူ၏။ ဤသို့လည်း မိန့်တော်မူ၏၊ "ဘုရားသခင် ရုပ်တုတော် ကိန်းဝပ်တော်မူလိုသော အရပ်၌ နွားတော်ပွက်သည် ဖြစ်စေသော" ဟူ၍ မိန့်တော်မူ၏။ စစ်ကိုင်းအရပ် ပြဿဒ်မ အနောက်သို့ ရောက်လျှင် ဘီလူးဝတ်တောင်ခြေရင်း ကျောက်၍ ဆောင်တော်ပြဿဒ် ထုပိကာ ကျဆေး၏။ ထိုအရပ်ကို "ပြဿဒ်ကျ" ဟူ၍ ခေါ်တော်၏။ ရှည်လှာသည့်ပြင် "ပြဿဒ်လှ" ဟူ၍ တွင်၏။ ယင်းကာလသည် ဆန်တော်မူ၍ စစ်ကိုင်းအဆက် မြောက်ဘေ့ ရောက်တော်မူလျှင် ရှင်ဖြူရုပ်တုတော်လည်း "အမြဲနေမည် ဤမြောက်တွင်" ဟူ၍ စကားဆိုတော်မူ၏။ အလောင်းစည်သူမင်းကြီးလည်း ထိုအရပ်၌ ဆင်ဖြူထက် ဘုရားရှင်ရုပ်တုတော်ကို တင်ပြီးသော် "ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူ ဝပ်စေသော" ဟူ၍ မိန့်တော်မူပြီးမှ ဆင်ဖြူကို လွှတ်တော်မူ၏။ ဆင်ဖြူလည်း မြောင်းမသို့ဝင်၍ ကမ်းယံတွင် ဝပ်လေ၏။ မင်းကြီးလည်း "ကမ်းယံတွင် စေတီတည်၍ မကိုးကွယ်သာ၊ အထက်သို့ တက်၍ ဝပ်စေသော" ဟု မိန့်တော်မူပြန်၏။ ဆင်ဖြူလည်း ကမ်းထိပ်သို့တက်၍ ဝပ်လေ၏။ ထိုအရပ်တွင် ရှင်ဖြူ ရှင်လှ ရုပ်တုတော် ၂-ဆူကို ဌာပနာ၍ သိတင်းသုံးတော်မူရ၏။

## ၃၀၀။ တရုတ်ပြည်သို့ စွယ်တော်တောင်း ချီတက်တော်မူခြင်း အကြောင်း

ယင်းကာလသည် တရုတ်ပြည်သို့ စွယ်တော်တောင်းအံ့သောငှာ ရေအား၊ ကြည်းအား ချီတော်မူ၏။ ရောက်တော်မူလျှင် ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်ကြီးကို အစိုးရသော ဦးတည်ဘွားလည်း များစွာသော လက်ဆောင်ပဏ္ဏာနှင့် ဖူးတွေ့လာ၏။ မင်း ၂-ပါးလည်း ကြည်ကြည်သာသာ ပြောဟောတော်မူကြ၏။ ဦးတည်ဘွားလည်း ဤသို့ မေးတော်မူ၏။ "အဆွေတော်... အဘယ်အလို့ငှာ ငါတို့တိုင်းနိုင်ငံသို့ ရောက်လာတော်မူသနည်း" ဟု မေး၏။ အလောင်းစည်သူမင်းကြီးလည်း "လောကီ၏ စည်းစိမ်ကို အလိုရှိ၍ လာရောက်သည် မဟုတ်၊ လောကုတ္တရာချမ်းသာသို့ ရောက်မည် အကြောင်းဖြစ်သော စွယ်တော်မြတ်ကို တောင်းမည် လာသည်" ဟူ၍ အကြောင်းကို ပြန်တော်မူ၏။ ဦးတည်ဘွားလည်း "စွယ်တော်မြတ် သိတင်းသုံးတော်မူလိုသော် ပင့်တော်မူတော့" ဟူ၍ မိန့်၏။ အလောင်းစည်သူမင်းကြီးလည်း အထူးထူးသော ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်၍

…တော်မူ၍ လာရာ ပြည်သော်မှာ တောင်းပန်လေ၏။ ဆွယ်တော်မြတ်လည်း လက္ခဏာတော် ကြီး (၃၂)ပါး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် (၈၀)ရှစ်ဆယ်၊ ရောင်ခြည်တော် ခြောက်သွယ် တို့နှင့် တင့်တယ်လျက် ဘုရားရှင်ပါ၊ လွယ်လျှက် ကောင်းကင်သို့ တက်တော်မူ၍ တန်ခိုး ပြာဋိဟာ ပြတော်မူလေ၏။ မင်း ၂-ပါးလည်း များစွာသော မှော်သတ္တဝါတို့ကြောင့် ပူဇော်၍ တောင်းပန်တော်မူလေ၏။ ထိုသို့ တောင်းပန်တော်မူသော်လည်း ဆွယ်တော်မြတ်သည် ကောင်းကင်မှ ဆင်းတော်မူလေ၏။ ယင်းသို့မှ ဦးတည်သွားလည်း ဤသို့ မိန့်၏။ "အလောင်း ငါအလွှာတော် အလောင်းတော် အနော်ရထာမင်းစော ပင့်တော်မူသောအခါလည်း ဆွယ်တော်မြတ်သည် သီတင်းသုံးတော် မမူလေ။ ယခုလည်း သောအလောင်းတော် လက်ထက်ကဲ့သို့ ဖြစ်သည်" ဟူ၍ မိန့်တော်မူ၏။

အလောင်းစည်သူမင်းကြီးလည်း မရွှင်မလန်းသော နှလုံးတော် ရှိသည်ဖြစ်၍ အဖန် ဖန်ပါ တောင်းပန်တော်မူ၏။ ထိုသို့ တောင်းပန်၍ သီတင်းသုံးတော် မမူလှို့မှ ဦးတည်သွား ဤသို့ မိန့်၏။ "ဘုရားရှင်ဆွယ်တော်မြတ်သည် သာသနာတော် ၅၀၀၀-တိုင်တိုင် ဂန္ဓာလရာဇ် ဂူ၌သာ တည်ရစ်စေလတ္တံ့ ဟူ၍ ဘုရားရှင် ဗျာဒိတ်တော်ရှိသည်ကို အလွှာတော် ပင့်သော်လည်း သီတင်းသုံးတော် မမူချေ" ဟု မိန့်တော်မူပြီးမှ များစွာသော လက်ဆောင်၊ လက်နက်တို့ကို သပေါ်တော်မူ၏။ အလောင်းစည်သူမင်းကြီးလည်း ဘုရားရှင် ဗျာဒိတ်တော်မရှိ၍ ကိုးကွယ် ရချေ အကြံတော်ရှိ၍ ရေအား၊ ကြည်းအား ပြန်တော်မူ၏။

### ၃၀၁။ ငင်းတရုတ်ပြည်က အပြန်တွင် စကားကိုးပိုင်း ကုသိုလ်တော် ကိုးဆူတို့ကို တည်လုပ်တော်မူခြင်း အကြောင်း

နေပြည်တော် ပေါက္ကာရာမသို့ ရောက်တော်မူလျှင် လှေတော်သက်နက်ဦး စကားရွက်ကို ဘုရားကိုးဆူ လုပ်တော်မူ၍ "ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားအလို့ငှာ သာသနာ တော် ၅၀၀၀-တည်ရစ်စေ" ဟူ၍ ကလေးမြို့တစ်ဆူ၊ မင်းကင်းမြို့တစ်ဆူ၊ မြေထူမြို့တစ်ဆူ၊ ညောင်ပုဏ္ဏရာမြို့တစ်ဆူ၊ ကြည့ပ်မြို့တစ်ဆူ၊ စေတ်ကူးမြို့တစ်ဆူ၊ မှူးဘိုမြို့တစ်ဆူ၊ စမွန်း တစ်ဆူ၊ စစ်ကိုင်းမြို့တစ်ဆူ၊ ဤ ၉-ဆူကို ၉-ဌာန၌ သီတင်းသုံးတော်မူရ၏။ ဤဘုရား ၉-ဆူကို ထုလုပ်၍ စဉ်လွှင့်သော သစ်စတို့ကို စုံ၍ လုပ်သော မံဘုရားတစ်ဆူကိုလည်း အမြင့်မြို့၌ သီတင်းသုံးတော်မူရ၏။

မြောက်အရပ်၌လည်း မှုရှာ ၉-ဆူတို့ကို တည်တော်မူ၏။ ကျော်စည်အရပ်၌လည်း မြွေအံတော်တစ်ဆူ၊ ရွှေပေါက္ကန်းတစ်ဆူ၊ ဤသို့ အင်းခရုတစ်ဆူ၊ လှည်သောက်တစ်ဆူ၊ ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးတော်မူ၏။ နေပြည် မြန်မာပြည်အလုံး၌ များမြတ်လှစွာသော သဗ္ဗညုဘုရားတို့ကို တည်တော်မူ၍ ဘိုးတော်ထီးလှိုင်ရှင်မင်းကြီး တော် ပေါက္ကာရာမ၌လည်း ခေါင်းလောင်းကြီး ၅-လုံးထက် ကြီးမြတ်လှစွာသော ခြေစင် အတုလာ လှူတော်မူသော ခေါင်းလောင်းကြီး ၂-လုံးတို့က သဗ္ဗညုဘုရားမှာ တစ်လုံး၊ ရွှေဂူ တစ်သောင်းကို သွန်းသော ခေါင်းလောင်းကြီး ဘုရားမှာ တစ်လုံး လှူတော်မူ၏။[၁]

---

၁။ သဗ္ဗညုဘုရားကို အေဒီ ၁၁၄၄ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း အဆိုရှိသည်။ ပေ ၂၁၀ ကျော်မြင့်ပြီး ပုဂံဒေသရှိ သာသနိက အဆောက်အအုံများအနက် အမြင့်ဆုံးဖြစ်သည်။ ရွှေဂူကြီးဘုရားကိုမူ ၁၇ ပေ ၁၁၃၁ ခုနှစ်တွင် စောင်တည်ဆောက်ခဲ့ပြီး ၁၇ မိနစ်အတွင်း ၁၁၃၁ ခုနှစ်၌ ပြီးစီးခဲ့ကြောင်း ကျောက်စာ မှတ်တမ်းအရ သိရှိရ၏။

## ၃၀၂။ အလောင်းစည်သူမင်းကြီးသည် မိမိ၏ ပကတိသော အားအန် အစွမ်းသတ္တိကို ပြခြင်း အကြောင်း

တစ်ရံရောအခါ ဦးပိန်သော်ဘင်စံတော်မှနန်းတွင် လက်ရုံးတော်ကို ဆန့်၍ ကြိုးတပ်တော် မူ၏။ သက်တော်ကြီးပြီဖြစ်၍ လက်ရွှင်တော်ကျသည်ကို အမှုးအမတ်တို့မြင်လေသော် ရယ်နီး ကြ၏။ မင်းကြီးလည်း "အမတ်တို့သည် ငါ့ကို မစွမ်းနိုင်ပြီ"ဟု ရယ်နီးကြလေသည် အမှတ် ထားတော်မူ၍ တစ်နေ့သ၌ အမတ်တို့ကို ခေါ်ပြီးသော် "ဟယ် လက်ဝဲလက်ယာ အမတ်တို့... သောကျွဲတစ်ယောက်သည် ဦးစောင်းကျားထုပ်နှင့် မြင်းကျားစီး၍ တူးရွှင်းတော်ခြေ၌ ရပ်၍ အနိုင်အထက် လုစားသည် ဆိုသည်ကို နင်တို့ မကြားကုန်လော၊ နင်တို့ ၄-ယောက် ရအောင် ဖမ်းချေ၊ မရသော် နင်တို့ကို မျက်ဆုံ"ဟု မိန့်တော်မူ၏။ စစ်သူကြီး ၄-ပါးတို့လည်း မြင်းတင်းကုပ်တွင် မြင်းကောင်း ၄-စီးကို ယူပြီးသော် "ရအောင် ဖမ်းမည်"ဟူ၍ အားသန်လျက် သွားလေ၏။ မင်းကြီးလည်း မြင်းရွေ့ပန်းတာမှင့်ကို ဖမ်းတွင် ဝတ်လဲ၍ ရစ်ပြီးသော် မြို့ရွှာကျ ညရိုတရောကို "ငါ မလာမချင်း တံခါးမပိတ်နှင့်"ဟူ၍ ယုံကြည်သောသူကို တံခါးတွင် စေနှင့် စေပြီးသော် အိမ်တားလွယ်လျက် ဦးစောင်းကျားထုပ်နှင့် တူးရွှင်းတော်ယံသို့ မြင်းကို အပြင်း နင်တော်မူလေ၏။ စစ်သူကြီး ၄-ယောက်တို့လည်း "သည်သူသည် နိုးသူ"ဟု အမှတ်ရှိ၍ ရအောင် ဖမ်းမည်ဟု လိုက်ကြလေ၏။ မင်းကြီးလည်း တဖျင်းသုံး ရွာတုံ့၊ ချဉ်းတုံ့ပြုပြီးသော် ညောင်ဦးကမ်းပါး ချောင်းမတွင် ဆင်းလေ၍ မြင်းတော် ပန်းသည်ကို ရေချတော်မူ၏။

စစ်သူကြီး ၄-ယောက်တို့လည်း "နိုးသူသည် ငါတို့ကိုကြောက်၍ ချောက်တွင်ဆင်း၍ သေလေသည်"ဟု တွေးတောကုန်၏။ မင်းကြီးလည်း မြင်းတော်ပန်းသည်ကို ရေချတော်မူ၍ အပန်းဖြေစေပြီးသော် ချောက်က တက်၍ မြင်း ၄-စီး ဖြံရုံနှင့်သည်ကို လွှတ်နိုင်အောင် တိုက်ဖောက်၍ ချဉ်းချေ ရွာချေ ပြုပြီးသော် ဘိုးဦးကွင်းပြင်၌ ကစားတော်မူပြန်၏။ စစ်သူကြီး တို့လည်း "သည်သူသည် လူမဟုတ်၊ နတ်ဘီလူး ဖြစ်ရာသည်"ဟူ၍ ကြောက်ရွံ့ခြင်းပြင်းကုန်၏။ မင်းကြီးလည်း မြင်း ၄-စီးသားတို့ကို ရှေ့က ပေါက်တုံ့၊ နောက်ကပေါက်တုံ့၊ လက်ဝဲပေါက်တုံ့၊ လက်ယာပေါက်တုံ့ ၃-ကြိမ်နှင့်နှင်စီးပြီးမှ မြို့တော်သို့ ပြန်တော်မူလေ၏။ မိုးသောက်၍ ထွက် တော်မူပြီးသော် ညီလာခံ၍ ရှေ့တော်၌ စစ်သူကြီး ၄-ယောက်တို့ကို ခေါ်တော်မူ၍ "ဟယ် အမတ်တို့၊ မြင်းကျားစီးသော နိုးသူကို နင်တို့ တွေ့၏လော"ဟု မေးတော်မူ၏။ "ရွှေဖဝါးတော် အောက် ရှိနိုးနားတော်လျှောက်ပုံသောဘုရား၊ မြင်းကျား စီးသောသူကား လူဖြစ်ဆန်း မဟုတ်၊ နတ်ဘီလူး ဖြစ်ရာသည်၊ လူဖြစ်သော်လည်း လူမည်ကာ မဟုတ်၊ ရင့်ပြီးသော ကြီးမြတ်သော ဘုန်းတန်ခိုးရှင် ဖြစ်ရာသည်၊ ကျွန်တော်တို့ မြင်း ၄-စီးကို ထားဘိ၍ နိုင်ငံတော်ဝယ် ရှိသော မြင်းသည် အပေါင်းတို့ ဝန်းရံဆီးဆို၍ ဖမ်းဖြားသော်လည်း မရနိုင်ရာ"ဟူ၍ နားတော်လျှောက် ကြကုန်၏။ မင်းကြီးလည်း "ဟယ် အမတ်တို့၊ နင်တို့ ငါ့ကို အိုပြီဟူ၍ မှတ်ကြသည်၊ ငါ မအိုသေး"ဟု မိန့်တော်မူ၏။ ထိုအကြောင်းကို ကြားသော် မှူးမတ်၊ ဗိုလ်ပါ အပေါင်းတို့သည် အလွန်ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်ကုန်၏။

## ၃၀၃။ အလောင်းစည်သူမင်းကြီး ဆင်ဖမ်းတော်မူခြင်း အကြောင်း

အလောင်းစည်သူမင်းကြီးကား ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူ၏။ ဆင် အတတ်၊ မြင်းအတတ်၊ လေးအတတ်တို့ကိုလည်း အပြီးတိုင်အောင် တတ်တော်မူ၏။ တစ်ရံရော

၁။ ပြက်ရယ်ပြုသည်။

ဆင်အမင်္ဂလာတို့နှင့် မထုံတော်၍ ဆင်ကစားတော်မူသည်။ အပြစ်မှလွတ်သော တည့်တန့်ဆင်ပေါက်မ တစ်ထောင်ကျော် ရတော်မူ၏။ ထိုမှတစ်ပါး ပန်းတောင်းတော်၌ ဆင်ဖမ်းသော အခါလည်း အပြစ်မှလွတ်သော ဆင်ပေါက်မ ခုနစ်ရာကျော် ရတော်မူ၏။ တော်မူသော ဆင်တော်အဖွဲ့ကို ခွဲတက်စီးတော်မူ၍ အင်တော်လွန်နှင့် ကျော်တော်မူသည်။ လယ်တော်၌ ဆင်ပေါက်မ ခုနစ်ရာကျော် ရတော်မူ၏။ ငစောင်ရှမ်းတော၌ ဆင်ကစားတော်မူသော အခါလည်း ဆင်ပေါက်မ တစ်ရာကျော် ရတော်မူ၏။ သည်ကား အလုံးအရင်း အများနှင့် ကစားတော်မူသည်ကို ဆိုသည်။ ထိုမှတစ်ပါး နေပြည်တော်ဝန်းကျင် ကစားတော်မူသည်ကား များစွာ၏။

တစ်ရံရောအခါ "မလည်တောင်ခြေ အဥမြှာရာချောင်း အရပ်တွင် ရတနာအတိ ပေါ်သည်"ဟူ၍ လျှောက်လာသောကြောင့် ရေအား၊ ကြည်းအား ဆန်တော်မူ၍ ထိုပတ္တမြားကို ကောက်ယူတော်မူသည်။ လေ့အဝခြောက်တောင် တစ်စင်းပြည့် ရတော်မူ၏။ ရသော ပတ္တမြားတို့ကို ရွှေဥဘုရားမှာ ဌာပနာတော်မူသောအခါ ပေါက်ပေါက်ပြု၍ ပူဇော်တော်မူ၏။

## ၃၀၄။ အလောင်းစည်သူမင်းကြီး ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ကို ပြစ်မှား၍ မျက်စိကွယ်တော်မူခြင်း အကြောင်း

တစ်ရံရောအခါ အလောင်းစည်သူမင်းကြီး ဤသို့ ကြံတော်မူ၏။ "ငါကား ဘုန်းကြီးသောမင်း ဖြစ်၍ ဇမ္ဗူသပြေပင်ရင်းသို့ရောက်၍ သိကြားပေးသော အမည်ကိုရသည်၊ သရက္ခန် ၁၅-ပိုင်း၊ ဒက္ခိဏာသာခါ တောမိခက်တို့ကိုလည်း ဘုရားရုပ်တုတော်ထု၍ ကိုးကွယ်ရသည်၊ သိန်းနိုက်ကျွန်း၊ မလ္လာယုကျွန်း၊ မာရ်အောင်ကျွန်းသို့ ရောက်တော်မူ၍ အထူးထူးသော ရှုဖွယ်ကြည့်ဖွယ်တို့ကို မြင်တော်မူရသည်၊ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် ငါကဲ့သို့ ဘုန်းတော်ကြီးမည် မထင်"ဟူ၍ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားတော်မူ၏။ ထိုအခါ၌ မျက်လုံးတော် ၂-ဖက် ကွယ်တော်မူချေ၏။ ထိုသို့ မျက်လုံးတော်မမြင်ရှိခဲ့လျှင် ပညာရှိတို့အား မေးတော်မူ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း "ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကို ပြစ်မှားတော်မူသောကြောင့် မျက်လုံးတော်ကွယ်သည်၊ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကို ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ရွှေတန်ဆောင်*၊ ငွေတန်ဆောင်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူလျှင် မျက်လုံးတော် မြင်လတ္တံ့"ဟူ၍ နားတော်လျှောက်၏။ အလောင်းစည်သူမင်းကြီးလည်း ပေါက္ကာရာမပြည် တည်ထောင်စ သမုဒ္ဒရာဇ်မင်းမှစ၍ ခမည်းတော် စောလူးမင်းတိုင်အောင် မင်း ၄၄-ဆက်တို့အရုပ်ကို ရွှေကိုသွန်း၍ အင်းမျဉ်ထက် ထားပြီးလျှင် ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်းနိုင်၊ ငွေပန်းနိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူ၏။ ထိုသို့ ပူဇော်သောအခါ (၁) မျှမင်းထီးအရပ်၊ (၂) ဘေးတော်အနော်ရထာစော အရပ်၊ (၃)ဘိုးတော်ကျွန်စစ်သားအရပ်၊ သည်အရပ် ၃-ခုသော ငတ်လုပ် ထားမြဲအတိုင်းရှိသည်။ ထိုမှတစ်ပါး မင်းဆက်တကာတို့ အရုပ်သည် တုံးရုံး လဲလေ၏။ ထိုသို့ ပူဇော်သောကာ၌ မင်းကြီး မျက်လုံးတော် မြင်လေ၏။ မင်းကြီးကား အဆင်းလည်း အလွန်လှတော်မူ၏။ အသံလည်း သာယာစွာ၏။ သီချင်း၊ စောင်းငြင်းကို အလိုရှိတော်မူ၏။ ဆင်ကောင်း၊ မြင်းကောင်း၊

* ရွှေမျှပဆောင်းတိုင်

သိတ်ကောင်း၊ ကြက်ကောင်း များ၏။ ကျိုကြာဘဏ္ဍာ၊ ဥစ္စာ၊ ရွှေ၊ ငွေ များ၏။ ထိုသို့သော နိုင်ငံကို တိုက်ကြတို့၌ စရိုက် စစ်မှန်ရာတို့ကို နေ့၊ ညဉ့် ရေးမှတ်စေရသော ဟူ၏။

သားတော်အရေးပါသောအရုပ်၊ ဘိုးတော်စောလူးအရုပ်၊ ဘိုးတော် ထီးလှိုင်ရှင် ကျစ်သား အရုပ်၊ မယ်တော်စောယွမ်း အရုပ်၊ သားတော်တွင် သူရဲကြီး ညောင်ဦးဘီး အရုပ်၊ ငထွေးရူးအရုပ်၊ လုံးလက်ဖယ်အရုပ်၊ သံပျင်ကြီးအရုပ်၊ သံပျင်ငယ်အရုပ်၊ တန်းဆောင်ကြီး အရုပ်၊ တန်းဆောင်ငယ်အရုပ်၊ သည်မျှသောကိုလည်း ကြေးစင်ကို အရုပ်သဏ္ဌာန်တူစွာ ပုံသွန်းစေ၍ ရွှေရွှတွင်းငယ် ကမ္မည်းနှင့် ထားတော်မူ၏။ ထိုမှတစ်ပါးလည်း ဆင်ဖြူပေါက်မည်မျှ၊ ဆင်မည်ပေါက်မ-မည်မျှ၊ မြင်းမည်မျှ၊ လှော်ကားကြော့လှေမည်မျှ၊ ကဗ္ဗာ လွန်းကြီး မည်မျှ၊ သူရဲသူခက်မည်မျှ၊ အမတ် မည်မျှ၊ အမှူးမည်မျှ၊ စချီမည်မှ ဟူ၍လည်း ရွှေရွှတွင်းငယ် ကမ္မည်းနှင့် ထားတော်မူ၏။

၃၀၅။ သားတော်ကြီး မင်းရှင်စောကို မြို့မှ နှင်ထုတ်ခြင်း အကြောင်း[၁]

တစ်ရံရောအခါ ပဋိက္ခရာမင်း သမီးတော်ကို ဆက်လာ၏။ အလောင်းစည်သူမင်းကြီးလည်း အလွန်သနားတော်မူသည်ဖြစ်၍ "ပဘာဝတီ"ဟူသောအမည်နှင့် အခြွေအရံ ကိုယ်လုပ်မောင်းမ အများ ပေးတော်မူ၏။ မင်းကြီးကိုလည်း မပြတ် လုပ်ကျွေးရ၏။ တစ်နေ့သ၌ သားတော် ၃-ပါးတို့သည် ခမည်းတော်ကို ခစားမည်-ဟူ၍ တက်လာ၏။ ထိုအချိန်တွင် ကုလားမင်းသမီး ပဘာဝတီလည်း မင်းကြီးနှင့်အတူ သလွန်ထက်တွင် နေနှင့်သည်။ သားတော်တို့ ရောက်လျှင် သလွန်ထက်က မဆင်းဘဲ နေလေ၏။ ထိုသို့ မဆင်းဘဲနေသည်ကို သားတော် "မင်းရှင်စော"မြင်လေသော် "မှူးတော်၊ မတ်တော် အလယ်တွင် ငါ သားအကြီး ရှိလျက် ကုလားမငယ်ကို သလွန်ထက် နေရသည်၊ နေရသည်လော"ဟူ၍ ခမည်းတော်ကို မခစားဘဲ မျက်နှာလွှဲ၍ နေလေ၏။ အတန်ငယ်နေပြီးသော် ကိုယ်မကျန်းမအီရှိသည်-ဟု ထ၍သွားလေ၏၊ ထိုအခါ အလောင်းစည်သူမင်းကြီး အထိန်းတော်သား "အနန္တသူရိယ"ကို မင်းကြီး သနားတော်မူ၍ မင်းသားတို့သာ ဝတ်ထိုက်သော "ဒုယင်အခြေတပ်သော ဝတ်လုံ"ကို ပေးတော်မူ၏၊ ထိုဝတ်လုံကို သဘင်ရှိသောအခါ အနန္တသူရိယ ဝတ်၍ သဘင်တက်သည်ကို သားတော် မင်းရှင်စော မြင်လေသော် "ဤဖျင်ကား မင်းထိန်းမင်းယတို့ ဝတ်ထိုက်သောအဝတ် မဟုတ်၊ မင်းညီ၊ မင်းသားတို့သာ ဝတ်ထိုက်သော အဝတ်ဖြစ်သည်၊ ဤကဲ့သို့ အရောရော မဝတ်စေနှင့်"ဟူ၍ အနန္တသူရိယနှင့် ထိုက်သော အဝတ်ကို ပေး၍ ဒုယင်တပ်သော ဝတ်လုံကို ချွတ်၍ လဲစေ၏။

ထိုအကြောင်းကို မင်းကြီး ကြားတော်မူသော် "ငါပေးတော်မူ၍ ဝတ်သည်ကို ငါ မသေခင်ကပင် ဤကဲ့သို့ ကျင့်သည်၊ ငါမရှိ၍ မင်းဖြစ်တပြီးကား ငါ့သားတော်၊ ငါ့သမီးတော်၊ မှူးတော်၊ မတ်တော်တို့ကို ညှဉ်းပန်းနှိပ်စက်လတ္တံ့သည်"ဟု "ကြောင်တစ်ကောင်နှင့် ကြက်တစ်မြို့" ထိုပုံပမာ ပြု၍ စားကျေးစားလက်နှင့် တကွ အခြွေအရံ ဥစ္စာ၊ ရွှေ၊ ငွေတို့ကို ရုပ်သိမ်းတော်မူ၍ နောင်အိမ် သွင်းလေ၏။ မယ်တော်ဖြစ်သော ရတနာပုံ မိဖုရားကြီးလည်း မိဖုရားအစရှိသော မှူးကြီး၊ မတ်ကြီးတို့ကို ပန်၍ မင်းကြီးအား သနားတော်မူမည် အကြောင်းကို လျှောက်စေ၏။ လျှောက်ဖန်များလတ်သော် သနားတော်မူပြန်၍ အလုံးအရင်း၊ ဆင်၊ မြင်း

၁။ မင်းရှင်စောမှာ အလောင်းစည်သူနှင့် မိဖုရားရတနာပုံတို့မှ ဖွားမြင်သူဖြစ်သည်။

ဥစ္စာတို့ကို ပေးတော်မူပြီးသော် "ငါ့မျက်မှာ သုန်၍ သွားဖူးလေပြီ ဖြစ်သောကြောင့် ငါမြို့တွင်
မနေနိုင်"ဟူ၍ နှင်ထုတ်လေ၏။ သားတော် မင်းရှင်စောလည်း အလုံးအရင်း၊ ဆင်၊ မြင်း၊
ရှိသမျှနှင့်တကွ အရှေ့ဘက် တွန်တုံး မှုတက်" မှာ ရွာပြုပြည်ထောင် နေလေ၏။ ထိုအရပ်၌
အလျား၊ အနံ၊ အတာ သုံးထောင်ရှိသော "အောင်ပင်လယ်ကန်"ကိုလည်း ဆည်၏။ တမုတ်ဆိုး
အရပ်၌ ကန်ကိုလည်း ဆည်၏။ မြောင်းသုံးသွယ်၊ လယ်ပယ်သုံးသောင်း ဖြစ်စေ၏။ တစ်နှစ်
သုံးသီး စားရ၏။ အလွန် ဝပြော စည်ပင်စွာ ဖြစ်လေ၏။ ထိုသို့ စီရင်သောကြောင့် ကျိုကြ
ဘဏ္ဍာ ရွှေ၊ ငွေ၊ ဥစ္စာ၊ စပါး များ၏။ ဆင်လုံး၊ မြင်းရင်း အခြွေအရံလည်း မွားများ၏။
ထို့ အတွက်ထော ကျနော်မူသော အရိယာတို့ကို ပင့်၍ ကျမ်းကန်ပြီးလျှင် ပို့သသင်ကြားရ၏။
ဗုဒ္ဓည်း ၄-ပါးကို ထောက်ပံ့တော်မူ၍ သာသနာတော် ထွန်းပစေ၏။

### ၃၀၆။ သားတော်အလတ် နရသူကို စီရင် ကွပ်ညှပ်ရန် လွှဲထားတော်မူပြီးနောက် နတ်ရွာစံခြင်း အကြောင်း

အလောင်းစည်သူမင်းကြီးလည်း သားတော်မင်းရှင်စောကို မြို့က နှင်ထုတ်တော်မူပြီးလျှင်
သားတော်အလတ် နရသူကို "လုပ်ရည်ကိုင်ရည်ရှိသည်"ဟူ၍ ပြည်ထဲအမှုကို စီရင်ကွပ်ညှပ်စေ
၏။ နရသူမယ်တော်ကား ထီးလိုင်ရှင်ကျန်စစ်သားအမတ် မွေကျင်သမီးတည်း။ ထိုအမတ်သမီး
ကို မင်းကြီး နန်းတင်တော်မူ၍ မိဖုရားသို့လည်း မရောက်၊ မောင်းမငယ်လည်း မက လုပ်
ကျွေးစေသော "ကိုယ်လုပ်တော်"တည်း။ ထိုသို့ ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူသော
"သိရိ တြိဘဝနာဒိတျာ ပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ" အမည်တော်
ရှိသော မင်းကြီးသည် မင်းစည်းစိမ် အနှစ် (၇၀)ခုနှစ်ဆယ်တိုင်တိုင် သာသနာတော်မြတ်
ဒီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့၏
စီးပွားကို ဆောင်တော်မူ၍ သက်တော် ၈၅-ရောက်သောအခါ သည်းသန်စွာ နာတော်မူသည်ကို
သားတော် နရသူ နန်းတော်က ချ၍ ရွှေဂူဘုရားတွင်းမှာ ထားလေ၏။
မင်းကြီးလည်း သတိရတော်မူသောအခိုက်တွင် "ငါ့နန်း မဟုတ်တကား"ဟူ၍ မိန့်တော်
မူ၏။ ကိုယ်လုပ်တော်တို့လည်း "နန်းတော်မဟုတ်၊ ကောင်းမှုတော်"ဟူ၍ နားတော်လျှောက်၏။
"အသူ့ အတတ်နည်း" ဟု မေးတော်မူ၏။ "သားတော်နရသူ အစီအရင်တည်း"ဟု နားတော်
လျှောက်သော် ကြီးစွာသော အမျက်တော်ရှိသည်ဖြစ်၍ ကိုယ်တော်အလုံး မီးကဲ့သို့ ဖြစ်ဘိ၏။
ထိုအခါ သားတော်နရသူလည်း "မင်းကြီးသည် အနာမှ ထမြောက်တော်မူချေသော် ငါ ပျက်စီး
ခြင်းသို့ ရောက်ချိမ့်မည်" အကြံတော် ရှိဘိ၍ မင်းကြီးကို အဝတ်၊ ပုဆိုးတို့ဖြင့် ဖိ၍ အနိစ္စ
ရောက်တော်မူ၏။ အချို့သော ရာဇဝင်မှာ ဘုရားစင်အောက်မှာ ထား၍ ဘုရားစင်နှင့် ဖိမိ၍ အနိစ္စ
ရောက်တော်မူသည် ဟူ၍လည်း ဆိုသည်။ ။ အိမ်နိမ့် (၁၅)၊ စည်းစိမ် (၇၀)၊ သက်တော်
(၈၅) သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် စနေကြယ်၊ ကြာသပတေးကြယ် ခွပ်ကြ
၏။ ဒိန်နက်သည်းသကြန် တစ်ပြိုင်နက် သင့်၏။ ကျိုက်ထွက်၏။ နံတော် ကြာသပတေးသား
တည်း။

---

၁။ ယခု မန္တလေးမြို့ အရှေ့ တောင်ဘက်အရပ် ဖြစ်သည်။

စကား ၉–ဦး၊ မူရှာ ၉–ဆူ၊ သရုပ်ခွဲ ၅–ပိုင်းတို့ကို ပြဆိုတော် နေရာတိုင်း တည်တော်မူသည် ဟူ၍ အရှိသော ရာဇဝင်မှာ ဆိုလေသတည်း။ ။ ထိုမှတစ်ပါး ... သိကြောင်း သေသော အမည်ကို နေရာတိုင်းစည်းသည် ဟူ၍လည်း အရှိသော ... ရေးမှတ်ကြသည်။ နေရာတိုင်းစည်း မင်းရှ ဘိုးတော် ရွှေစွာပါသကာ အလောင်း... သိကြ သေသော အမည်ကို ခံတော်မူ၍ ရှင်ကြ၊ ရှင်လှ အရှိသော စကား ၉–ဦး၊ မူရှာ ၉–ဆူ၊ သရုပ်ခွဲ ၅–ပိုင်းတို့ကို ရေးပ်တော်မူသည်။ ။

မဟာရာဇဝင်ကြီး တတိယတွဲ ဤတွင် ပြီး၏။



သက္ကရာဇ် ၁၂၅၅–ခု တန်ဆောင်မုန်းလဆန်း ... (၉ ... ၁၈၈၃) ... [illegible] မွန်းတည့် အချိန်တွင် မဟာရာဇဝင်ကို ... ပြီးဆောင်ခဲ့ပြီးသည်။

# မဟာရာဇဝင်ကြီး

## ပဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁၀၇၈ ကုလားကျမင်းလည်းသေ၊ နရသူက မောင်တော် မင်းရှင်စောကို သတ်၍ မင်းပြုသည့်အကြောင်း (၄၆-၄၇)

သက္ကရာဇ် (၅၃၀)[1] သော် ထိုမင်းသားတော် ကုလားကျ မင်းဖြစ်တော်မူ၍ ၆ မင်းဖြစ်သော အကြောင်းကား "မေည်းတော် မင်္ဂြိ" ဟူ၍ သားတော်မင်းရှင်စော ကြားသော်ကြည်အား ရှိမည်ဟူ၍ ရုံးနှစ်ခဲ့ရာတွင် ကုလားကျ ဤသို့ လျှောက်တော်၏။ လျှောက်ထားသော အကြောင်းကား ပုဂံတစ်ပြည်လုံး ဘုရားကဲ့သို့ ကိုးကွယ်သော သမီးတော်ညီအား ပုံသကူမဟာ အကြောင်းကား ဤသို့ နားတော်လျှောက်၏။ "မောင်တော်မင်းရှင်စောသည် မေည်းတော်ကို ကုလားကျ ဤသို့ နားတော်လျှောက်၏။ "မောင်တော်မင်းရှင်စောသည် မေည်းတော် ရှိသောအကြောင်းကို ကြားတော်မူလျှင် ရေအား၊ ကြည်းအား ရှိတော်မူ၍ မေည်းတော်အရာ ရှေ့ထီး၊ ရှေ့နန်းကို သိမ်းမည် ဟူ၍ ကြားသည်။ ဤကဲ့သို့ အလုံးအရင်းနှင့် ရှိတော်မူသော် ကြေချေတော့မည် ဖြစ်သည်။ ကြေ၍လည်း ပြည်ထဲအရေးသည် မသင့်ရေး၊ ကျွန်တော် ရှိစေ၍ သည်ကို တာတစ်စင်း၊ မြင်းတစ်စီးနှင့်သာ အလျှင်ကြွတော်မူ၍ နန်းတက်တော်မူမည့် အကြောင်း ကို မောင်တော်အား ခေါ်တော်မူပါ" ဟု လျှောက်၏။ ပုံသကူမဟာထေရ်လည်း "ငါ ခေါ်၍ ရောက်သောအခါ မင်းမဖြစ်ကတဲ့ ရေဘိမှုကား ငါ ရဟန်းတရားနှင့် မလျော်လေ့ သည်" ဟူ၍ မိန့်တော်မူ၏။ ကုလားကျလည်း "မောင်တော် ရောက်လျှင် မောင်တော်အားကိုသာ၍ နန်းတင် ပါမည်" ဟု သစ္စာကြီးစွာ ပြု၏။ ပုံသကူမဟာထေရ်လည်း ကုလားကျ သစ္စာပြုသည်ကို ယုံကြည် တော်မူ၍ မင်းရှင်စော ရှိရာ ကြွတော်မူလေပြီးသော် အကြောင်းမျိုးကို ပြန်တော်မူလေ၏။ မင်းရှင်စောသည်း မဟာထေရ်စကားကို ကြားတော်မူသော် ယုံတော်မူ၍ ရွှေလှေတစ်စင်း နှင့် သာ မဟာထေရ်ကိုတင်၍ စုန်လာတော်မူ၏။ လက်ပံဆိပ်သို့ရောက်လျှင် ကုလားကျလည်း သစ္စာပြုသည်အတိုင်း ဝေလုသိမ်းဆင်း၍ မောင်တော်သနပ်လျက်ကို ထမ်းပြီးသော် မောင်တော်ကိုမူ၍ နန်းတင်လေ၏။ ဘိသိက်သွန်းပြီး၍ ထိုညဉ့်တွင် စားတော်ဝယ် ဆေးခတ်ပြီး၍ အနိစ္စရောက် တော်မူလေ၏။

မင်းရှင်စော အနိစ္စ ရောက်တော်မူလျှင် ကုလားကျ ထိုနှစ်တွင် မင်းဖြစ်တော်မူ၏။ ပုံသကူမဟာထေရ် ကြားတော်မူသော် နန်းတော်သို့ ကြွ၍ "ဟယ် မင်းဆိုး၊ မင်းညစ်၊ နင်ကား သံသရာဝယ် မိမြဲရာ ဘေးကိုမရှုကိုမကြောက် ဤ"သည်းမိမ်ကိုရလျှင် နင်၏ အကြောင်းနှင့် ပျက်သည်သော လောကတွင် ဤသည်းမိမ်ကို ရလျှင် နင်၏ မျှော်ကိုးဆိုသည် မဆို၊ မသေပြီ ဟူ၍ မုတ်သည်လော၊ လောကတွင်

၁။ ခေမာ် ၁၁၅၈ ပုဂံ့ကို ရာဇ၀ ကျော်ထင်မှာ သမီးတော်မှုရောက်ရောမြင်

[2] နရသူသည် အဖေကတည်းက နိုင်ငံရေးနှင့် ထိုင်ခုံကို ... ဖြစ်၏။

နင့်ထက်မျက်သော မင်းမည်သည်ကား မရှိ"ဟူ၍ မိန့်တော်မူ၏။ ကုလားကျလည်း "အရှင်မင်းတို့ သစ္စာခံသည်အတိုင်း နောင်တော်သန်လျက်ကိုထမ်း၍ နန်းတင်ပါ၏ တကား"ဟူ၍ဆို၏၊ သခင်မြတ်လည်း "လူ့ပြည်တွင် နင့်ထက် ဆိုးရွား ညစ်ညမ်းသောသူ မရှိ"ဟု မိန့်တော်မူ၍ သိန်းခိုကျွန်းသို့ ကြွတော်မူလေ၏။

## ၃၀၈။ ငှင်းမင်း ရက်စက်ကြမ်းကြုတ်ခြင်း အကြောင်း

ကုလားကျမင်းကား ဘုရားရှင် တန့်ကြည့်တောင်ဖျား၌ ဗျာဒိတ်ထားတော်မူသောအခါ အင်ဖက် ၃-မျှပ် ကားမှုးသော တောင်ဆောင့် ဥပါဖြစ်လာသောကြောင့် ဘုန်း၊ တန်ခိုး၊ အာဏာကြီး၏။ မျိုး၊ မတ်၊ ဗိုလ်ပါ အစရှိသော ပြည်သူအပေါင်းတို့ ကြောက်ရွံ့ ခန့်ညားကုန်၏၊ အမျက်တောင်မာန် ပြင်း၏။ မင်းဖြစ်လျှင် ခမည်းတော် အလောင်းစည်သူ ပေးသော ကြာဖို့ အမည်ရှိသော သတို့သမီးကိုလည်း ကွပ်လေ၏။ ကြာဘန်သား ဥဇ္ဇရသူနှင့် ဘကျွေးစစ်မှို မဟာဗိုလ်ကိုလည်း ကွပ်လေ၏။ စွမ်းသန်သော ရဟန်းတို့ကိုလည်း လူချည်း ထွက်ရကုန်၏၊ အချို့သော ရဟန်းမြတ်တို့သည် လူပြုရမည်ကိုကြောက်၍ သိန်းခိုကျွန်းသို့ချည်း ကြွလေကုန်၏၊ မင်းကြီးကား ရက်ရောကြမ်းကြုတ်၏။ မိဖုရား စသော ကိုယ်လုပ် မောင်းမတို့သည်လည်း ကြောက်ရွံ့ ခန့်ညားကုန်သည်ဖြစ်၍ မချစ်မကြည်ကြကုန်။ မကောင်းသောဆုကို ယူကုန်၏၊ တိုင်းကားနိုင်ငံ၌ နေသောသူ အပေါင်းတို့သည် ပူဆာကုန်သည် ဖြစ်၍ ရွာ၊ ပြည်၊ မြို့၊ ပြ ပျက်စီးကုန်သည်ကား များ၏။ ကောင်းမှုတော် ဓမ္မရုံကို လုပ်သည်လည်း ကြောက်ရွံ့ခြင်း ပြင်းသောကြောင့် စေ့စပ်သေချာလွန်း၍ မပြီးလေ။ ခမည်းတော်လက်ထက် ဆက်လာသော ကုလားမင်းကြီးသမီးကို ထိုမင်း မင်းဖြစ်တော်မူလျှင် မပြတ် လုပ်ကျွေးရ၏။[၁] တစ်ရံရောအခါ မင်းကြီး ရေအိမ်ဝင်ရာတွင် သန့်သက်ရေ မယူသည်ကို ကုလားမင်းသမီး မြင်လေသော် "ကျွင်ကြီး၊ ကျွင်ငယ် သွားသည်၊ သံဝါသဖြစ်သည် အခါများကို သန့်သက်ရေ ဆောင်ကောင်းလျက် မဆောင် နေသည်"ဟူ၍ ရှုံ့ရှာသောအားဖြင့် မရှုံးမကပ် နေသည်ကိုလည်း မင်းကြီး စွဲတော်မူသော သန်လျက်ဖြင့် ခုတ်ဘိ၍ အနိစ္စရောက်လေ၏။

## ၃၀၉။ ငှင်းမင်းကို ကုလား လုပ်ကြံ၍ နတ်ရွာစံခြင်း အကြောင်း

ခမည်းတော် ကုလားမင်းကြီး ကြားလေသော် ကုလားသူရဲကောင်း ရှစ်ရာတွင် ရွေး၍ သူရဲကောင်းရှစ်ယောက် ရသည်ကို ကုလားမင်းကြီး ဤသို့ဆို၏။ "ဟယ်အချင်းတို့၊ ငါ့သမီးတော်ကို သတ်သောမင်း ရှိရာ ပုဏ္ဏားအယောင်ဆောင်၍ နင်တို့ သတ်ချေ။ ထိုမင်း သေလျှင် နင်တို့ ကိုယ်ကို သန်လျက်နှင့်ထိုး၍ သေကြလေ။ နင်တို့ သား၊မယားတို့ကို သုံးစွဲစားသောက် လောက်အောင် ငါ ပေးတော်မူမည်"ဟူ၍ ဆို၏။ သူရဲကောင်းရှစ်ယောက်တို့လည်း "သား၊ မယားတို့ကို တသက်ခန့်ပတ်လုံး သုံးစွဲစားသောက်လောက်အောင် ပေးတော်မူပါ၊ ထိုမင်းကို သေအောင် သတ်မည်"ဟု လျှောက်၏။ ပဋိက္ကရားမင်းလည်း ကြီးစွာသောဆုလာဘ် ပေးပြီးသော် ထိုသူရဲ ရှစ်ယောက်တို့ကို ပုဏ္ဏားအယောင်ဆောင်စေ၍ ခရသင်းကို ခါးဝယ်ပိုက်လျက် သန်လျက် ကိုယ်စီနှင့် လွှတ်လိုက်၍ ပေါက္ကာရာမသို့ လာရ၏။ ရောက်လျှင် နန်းတော်သို့တက်၍ မင်းကြီး

[၁]။ ကုလားမင်းသမီးဟူသည် သီဟိုဠ်မင်းသမီးတစ်ပါး ဖြစ်ဟန်တူ၏။ သီဟိုဠ်ရာဇဝင်တွင် ကာမျှောစသို့ ပေးပို့သည့် သီဟိုဠ်မင်းသမီး တစ်ပါးကို ပုဂံဘုရင်က လမ်းခရီးမှ ဖြတ်တောက်လုယူခဲ့ကြောင်း ပါရှိ၏။

အား ခုရသင်းနှင့် နေစာမြက် ကမ်းဟာန်ပြု၍ ပတ်ပတ်ရုံပြီးသော် အမတ် "သိဒ္ဓိကာကြီး" ကို လက်ညှိုးတန်းတန်းညွှန်၍ "ဟယ် အမတ်၊ အထက်ကလည်း နှင့် တံခိုးများစွာ စား၍ ငါတို့ အရှင်သခင် ဆုံးပြီ၊ ယခုလည်း နှင့် မဆီးမတားသောကြောင့် ငါတို့အရှင်သခင် ဆုံးပြန်ရသည်" ဟူ၍ ဆိုပြီးမှ မင်းကြီးကို သန်လျက်နှင့် ထိုး၍ အနိစ္စရောက်တော်မူချေ၏။ ယင်းသို့မှ အမတ် "သိဒ္ဓိကာကြီး" ကို ထိုးမည် လိုက်သည်။ မမိ၍ ချင်းတို့ကိုယ်ကို သန်လျက်ဖြင့် ထိုးသည်၊ ရှစ်ယောက်လုံး သေလေ၏။ ယင်းသို့မှ ကုလား ထိုး၍ သေသည်ကို အကြောင်းပြု၍ နောင်မှ "ကုလားကျ" ဟု တွင်၏။[3]

ကုလားကျမင်းကား ဟီရိုဩတ္တပ္ပလည်း မစောင့်။ စကားလည်း မမှန်၊ မှူးကြီးမတ်ကြီး၊ အတွင်းသူ၊ အပြင်သူတို့ကိုလည်း မျက်နှာမကြည့်။ ရက်ရောကြမ်းကြုတ်စွာ ပြုလေ့ရှိ၏။ ပြည်သူ ရွာသားတို့ကိုလည်း နှိပ်နင်းညှဉ်းပန်း၏။ ထိုသို့ ပြုလေ့ရှိသောကြောင့် အမှူး၊ အမတ်၊ ပြည်သူ၊ လူ၊ ရဟန်း အပေါင်းတို့သည် မကောင်းသော ဆုကို ယုကုန်၏။ အိမ်နိမ့် (၄၅)၊ စည်းစိမ် (၃)၊ သက်တော် (၄၈) သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် လနှင့် ကြာသပတေးကြယ် ခွပ်ကြ၏။ ဒိန်နက်သည်း သကြန် တစ်ပြိုင်နက် သင့်၏။ ရွှေစည်းခုံဘုရားများ သစ္စာသီး၏။ နံတော် စနေသားတည်း။

## ၃၁၀။ မင်းယဉ်နရသိင်္ခ မင်းပြုခြင်း အကြောင်း[1] (၄၈)

သက္ကရာဇ် (၅၂၃)[2] ခုသော် ထိုမင်း သားတော် မင်းယဉ်နရသိင်္ခ မင်းဖြစ်တော်မူ၏။ နန်းတက်တော်မူလျှင် ညီတော်ကို နရပတိစည်သူ ဟူသော အမည်နှင့် အိမ်ရှေ့ပေးတော်မူ၏။ ထိုမင်း လက်ထက် မိုးရေကောင်း၏။ ပြည်ထဲ ဝပြောသာယာ၏။ ပြည်သူ လူတကာ အပေါင်းတို့သည်လည်း ချမ်းသာစွာ အသက်မွေးရကုန်သည်ဖြစ်၍ မြတ်သောဆုကို ယုကုန်၏။ ထိုမင်း မိဖုရားကား အလောင်းစည်သူသမီးတော် ကျောင်းတော်သည်တွင် မြင်သော သမီးတော် ၃-ပါးတွင် မင်းအောင်မြတ် ဟူသော သမီးတော်လည်း တစ်ပါး၊ မင်းလတ်လည်း တစ်ပါး၊ မင်းစောထွေးလည်း တစ်ပါး၊ သည်သမီးတော် ၃-ပါးတွင် အကြီး မင်းအောင်မြတ်သည် မင်းယဉ်နရသိင်္ခ မိဖုရားတည်း။ ဘိုးတော်အလောင်းစည်သူ ရှိသည်ကပင် မြေးတော် ၂-ပါးကို စုံဖက်တော်မူခဲ့သတည်း။ အလောင်းစည်သူမိဖုရား ခင်အုံတွင်သမက် ရာဇသူမယား အိမ်တော်သည် သမီး ၂-ပါးကိုလည်း ယူ၍ မိဖုရားမြှောက်တော်မူ၏။ ခယ်မတော် အလတ်ကိုလည်း မိဖုရားမြှောက်တော်မူ၏။ မိဖုရားကြီးကို တောင်ပြင်သည်ဟု မှည့်တော်မူ၏။ ရာဇသူသမီး အကြီးကို အလယ်ပြင်သည်ဟု မှည့်တော်မူလေ၏။ ခယ်မတော်အလတ်ကို မြောက်ပြင်သည်ဟု မှည့်တော်မူ၏။ ထိုမိဖုရား ၃-ပါးကို မင်းကြီး ကြွတော်မူလေရာရာ၊ မင်းကြီး ဆင်စီးတော်မူလျှင် မင်းကြီးနောက်တော်က ဆင် ၃-စီးနှင့် အပြိုင်လိုက်ရ၏။ ဓေါ်ပေါင်း၊ ထမ်းစင်၊ သန်လျင်းစီး၍ ကြွတော်မူသော်လည်း မင်းကြီးနောက်တော်က တစ်ဦး မလွန်၊ မယုတ်စေရ၊ အပြိုင်အညီ လိုက်ရ၏။ ကွမ်းခွက်၊ ကွမ်းအုပ်၊ ဖလား၊ ထွေးခံ၊ ကရား၊ အိုးပုစ်-တူကြလျက် ကိုယ်လုပ်

၁။ သီဟိုဠ်ရာဇဝင်အရ ရာဇည[illegible] ... ၅ နှစ် ၁၁၆၅ တွင် ထိုက်စိုး[illegible] အမိန့်ထုတ်ပြန်ကြောင်း ... မင်းယဉ်နရသိင်္ခ အမည်ကို ကျောက်စာများ၌ မတွေ့ရပေ။ မင်းယဉ်နှင့် နရသိင်္ခဥဇနာ ဟူသော [illegible] ဆို၏။ ၂။ မြန်မာ[illegible] တွေ့ရှိရ၏။ ၃။ ဆောင် ၁၁၆၀

သုံးရွတ်ကိုလည်း လက်ကောက်၊ ပုတီး၊ လက်စွပ်၊ ပန်း၊ နားတောင်း၊ အဝတ်တန်ဆာ ဖူးကြလျှက် လိုက်ကြ၏။ ထိုသို့ မယုတ်၊ မလွန် ချစ်တော်မူသောကြောင့် တစ်ပါးကို တစ်ပါး ဆောင်ရွက်ခြင်း ပြုမှုခြင်း မရှိ ကြည်ကြကုန်၏။

## ၃၁၁။ ဝေဠုဝတီကို အဆောက်အဦ စံ၍ ညီတော် နရပတိနှင့် ဆောက်နှင်းခြင်း အကြောင်း

အခါတစ်ပါး မြင်နိုင်း တက်ဝင်အရပ်၌ ရပ်ရှာတို့ တောဝင်လေသော် ကြီးစွာသော ပါး၏ အထဲ၌ အဆင်းအဂ္ဂါ လက္ခဏာကြီး ငယ်နှင့် ပြည့်စုံသော သံသေ၏ဖြစ်သော သတို့သမီးငယ်ကို ရ၍ အရွယ်သို့ ရောက်လေသော် ဦးသစ်သော ရွှေအဆင်းကဲ့သို့ ရှိသည်ဖြစ်၍ မင်းယဉ်နရသိခ် အား ဆက်လေ၏။ မင်းကြီးလည်း ထိုသတို့သမီးကို မြင်တော်မူသော် ဘုန်းမဆုံသည်ဖြစ်၍ "နှသကွယ်နှင့် ဝမ်းပျက်လိလိ" ဟု မိန့်တော်မူ၏။ ညီတော် နရပတိစည်သူကို ပေးတော်မူလေ၏။ မင်းကြီးမယ်တော် မိဖုရားလည်း သားတော်အငယ် နရပတိစည်သူနှင့် နေတော်မူသည်ဖြစ်၍ သံသေ၏ မိန်းမကို မြင်တော်မူသော် ပညာဖြင့် ထောက်ရှုတော်မူ၍ နားကို တန်ရုံဖြတ်ပြီးလျှင် ဆက်လေ၏။ နားတန်လေသော် အလွန်သောအဆင်းကို ဆောင်သည်ဖြစ်၍ ယောက်ျားတကာ တို့ မြင်လျှင် တိမ်ညွတ်ကုန်၏။ အိမ်ရှေ့မင်း မယ်တော်မိဖုရားကြီးလည်း မင်းသမီးတကာတို့၏ တတ်ရောသော အတတ်တို့ကို ပုံပြင်သွန်သင်တော်မူ၍ ခပ်သိမ်းသော မိန်းမတို့ဂုဏ်နှင့် ပြည့်စုံ တော်မူ၏။ သံသေ၏ ပဋိသန္ဓေနေသောသူ ဖြစ်သောကြောင့် အရောင်အဆင်းကား မိန်းမဟူသမျှ မတူသည်သာ ဖြစ်၏။

ထိုသို့ ခယ်မတော် အဆင်းကို သီတင်းနေ မယ်တော်နန်းသို့ မင်းယဉ်နရသိခ် လာတော်မူခိုက် မြင်တော်မူလေသော် တိမ်းမပ်သောစိတ်ဖြင့် မရပ်မတည်နိုင် ရှိတော်မူ၍ ကြံသို့ ကြံတော်မူ၏။ "ခေါင်ချမ်း စစ်ထွက်သည်ဟူ၍ အိမ်ရှေ့မင်းကို ချီလေစိမ့်မည်၊ ထိုသို့ ချီသော နောက်မှ ခယ်မတော်ကို နန်းတင်မည်" ဟူ၍ကြံ၏။ အမတ်တစ်ယောက်ကို နှုတ်ထည့်ပြီးသော် "ခေါင်ချမ်း စစ်ထွက်မည်" ဟု လျှောက်လာရ၏။ မင်းကြီးလည်း ညီတော်အိမ်ရှေ့ နရပတိ စည်သူကို ခေါ်တော်မူ၍ "ခေါင်ချမ်းသို့ ချီလေ" ဟု မိန့်တော်မူ၏။ ညီတော်နရပတိလည်း ဉာဏ်ပဋိဘာန်နှင့် ပြည့်စုံသောမင်းဖြစ်၍ မြင်းခံပြည့်ကို မြင်းသုတော်စင်နှင့် တကွ "ငါ့ အိမ်တော်တွင် အခင်းထွက်လျှင် လျှင်လုစေ" ဟု မှာတော်မူပြီးမှ အမှူး၊ အမတ်၊ ကလန်၊ သံပျင်၊ စစ်သည်၊ ဗိုလ်ပါအပေါင်းနှင့် ရေအား၊ ကြည်းအား ကြပ်မတ်၍ ဆန်တော်မူလေ၏။ သစ်ဆိမ့်အရပ်သို့ ရောက်တော်မူလေသော် ခေါင်ချမ်းမှာ အကြောင်းကို မည်သို့မျှ မထင်သော ကြောင့် "ငါ့နောင်တော် ငါ့ကို ယိုးမယ်၍ ပြုရှေသည်" ဟု အမှတ်ထား၍ အမှူး၊ အမတ်၊ ကလန်၊ သံပျင် အပေါင်းနှင့် ရုံးစု တိုင်ပင်တော်မူပြီးသော် သစ္စာရည်း ပေးလေ၏။ အမှူးအမတ်တို့ အယူလည်း "မင်းယဉ်နရသိခ်သည် သားတော် ယောက်ျား မရှိသောကြောင့် ညီတော် နရပတိ စည်သူကို နန်းလျှာထားတော်မူသည်" ဟု နရပတိစည်သူကိုချည်း နှလုံးတစ်ချောင်းတည်း ညီကြကုန်၏။ မင်းယဉ်နရသိခ်လည်း "ညီတော် သစ်ဆိမ့်အရပ်သို့ ရောက်လေပြီ" ဟူ၍ ကြားတော်မူလျှင် ခယ်မတော်ကို ယူ၍ နန်းတင်တော်မူလေ၏။

## ၃၁၂။ ညီတော် နရပတိ ငဆောင်ချမ်းသို့ စစ်ထွက်ပြီးနောက် ယေမတော် စေတ္တုတ်ကို သိမ်းတော်မူရာတွင် မြင်းခံငပြည့် လျှောက်ထားခြင်း အကြောင်း

မြင်းခံငပြည့်လည်း နံနက်ခေါင်းလောင်းထိုးက အောင်သာကို ကူး၍ မြင်းကိုစီးလျက် သက်သက်ညင်းညင်း နှင်လေသည်။ ချောင်းတွင်း ပရိမ္မသို့ ရောက်လေသော် "မှန်းမတည့်သေး" ဟူ၍ ပရိမ္မကိုကူး၍ ဟင်းလင်းကို အဖြောင့်သန်းပြီးသော် ပေတ်ချောင်းသို့ ရောက်လျှင် နေဝင်လေ ၏။ မိုးချုပ်ပြီဖြစ်သောကြောင့် မြင်းတော် ပန်းသည်ကို ရေချိုးပြီးသော် မြင်းကို မြက်စားစေ၍ မြင်းလှည့်တောင်တွင် အိပ်လေ၏။ မြင်းသူတော်စင်လည်း အပန်းပြေပြီးသော် မြင်းတို့အနံ့ကိုရ၍ မြင်းစွာ ဟီလေ၏။ မင်းကြီးလည်း မြင်းတော်အသံကို သိတော်မူသည်ဖြစ်၍ "ငါ့မြင်း ဟီသ လော"ဟု စကားတော်မခေါ်ဘဲ ရှိလေ၏။ ထိုအခါ "ငါ့မြင်းဟီသံ မှန်သော် ဤအုံးသည် မလွဲ ပေါက်စေသော"ဟု ဓိဋ္ဌာန်တော်မူ၍ အုံးတော်ကို လက်ဖြင့်ခတ်သော် အုံးတော်ပေါက် လေ၏။ ထိုအရပ်ကို ယခုတိုင်အောင် "မလွဲအုံးပေါက်"ဟု တွင်၏။ ငပြည့် အိပ်သောတောင်ကို လည်း "မြင်းလှည့်တောင်"ဟု ယခုတိုင်အောင် တွင်၏။

မြင်းခံငပြည့်လည်း အိပ်၍ မိုးသောက်ပြီးသော် နံနက်ခေါင်းလောင်းထိုးက ရောက်လေ၍ အကြောင်းမျိုးကို လျှောက်လေသော် နရပတိစည်သူ မင်းကြီးလည်း အကြောင်းကို ရေ့စွာ သိတော်မူလေ၏။ "ချစ်မြတ်နိုးတော်မူလှသော စေတ္တုတ်ရှင်မိမှုရားကို နောင်တော် နှန်းတင်လေ သည်"ဟု ကြားတော်မူသော် ကြီးစွာသော အာဃာတစိတ်သို့ ရောက်သည်ဖြစ်၍ မြင်းခံငပြည့် အား "နင် ယမန်နေ့ည အဘယ်အရပ်တွင် အိပ်သနည်း"ဟု မေးတော်မူ၏။ ငပြည့်လည်း "ပေတ်ချောင်းတွင် မြင်းပန်းလှသောကြောင့် ပြည့်တင်း၍ ကျွန်ုပ် အိပ်လေသည်"ဟူ၍ နားတော် လျှောက်လေ၏။ နရပတိစည်သူမင်းလည်း "နင်သည် ငါနေတော်မူသော အရပ်နှင့် မဝေး၊ နီးတွင်ပင် အိပ်သည်၊ အိပ်ရာသည်လော။ ငါတို့မင်း မည်သည်ကား တစ်နာရီတွင် ကြံသော် များသော အကြံတို့သည် ဖြစ်ရာသည်"ဟူ၍ မင်းတို့၏မာန်ဖြင့် ကွပ်မျက်တော်မူလေ၏။ ထိုအရပ်ကို ယခုတိုင်အောင် "ကွပ်တော်မူရာ"ဟု တွင်၏။

## ၃၁၃။ မြင်းခံငပြည့်ကို ကွပ်မျက်ပြီးနောက် နောင်တော်ကို လုပ်ကြံရန် အောင်စွာငယ်ကို စေလွှတ်ခြင်း အကြောင်း

မင်းကြီးလည်း "ငါတို့ရန်သူသည် နောက်မှာ ရှိလေပြီ"ဟူ၍ အောင်စွာငယ် ဟူသော အမတ်ကို ခေါ်တော်မူ၍ "နင် ငါ့အမှုတော်ကို အသက်စွန့်၍ ထမ်း၊ ငါ့နောင်တော် မေလျော သည်ကို ကြည့်ရှု၍ လုပ်ကြံလေ၊ အပြီးသို့ရောက်လျှင် ငါ့မင်းတော် ၃–ပါးတွင် နင် စိတ်ရှိသသူနှင့် ငါ သူကောင်းပြုတော်မူမည်"ဟူ၍ မိန့်တော်မူ၏။ အောင်စွာငယ်လည်း သူရဲရှစ်ကျိပ်ရွေး၍ ယူပြီးသော် လော်ကားလှေလျှင်နှင့် နေ့၊ ညဉ့်မသိ အပြင်းသွားလေ၏။ နရပတိစည်သူမင်းကြီး လည်း ရေအား၊ ကြည်းအား ကြပ်မတ်လျက် စန့်တော်မူလေ၍ ကြက်ယက်သို့ ရောက်တော်မူလျှင် တောင်က ဘုရားရှင်၌ "နောင်တော်ကို လုပ်ကြံသည်၊ အပြီးသို့ ရောက်မည်မှန်သော် ဖူးတော် လွှမ်းသောအခါ၌ ဘုရားရှင်ကိုယ်တော် လျှံ၍ ခံသည်ဖြစ်စေသော"ဟု ဓိဋ္ဌာန်သစ္စာ ပြုတော်မူ၍ လွှမ်းတော်မူသော် ဘုရားရှင်ကိုယ်တော်လည်း လျှံ၍ ခံတော်မူ၏။ ထိုအကြောင်းကို မြင်တော်

မူလျှင် ရေအား၊ ကြည်းအား ကြပ်မတ်လျက် စန့်တော်မူ၏။

မှုတ်တော်မူသော ပြေည့်အကောင်လည်း မောင်တော်နှင့် မနီးမဝေးသော နေရာ၌
နေ၏။ မင်းကြီး မြင်လေသော် "အဘယ် အကောင်နည်း" ဟု မေးတော်မူ၏။ အမတ်တို့လည်း
"မှုတ်တော်မူလေသော ကျွန်တော် ပြေည့်အကောင်" ဟု နားတော်လျှောက်ကြ၏။ နရပတိ
စည်သူမင်းကြီးလည်း "ဈင်အကောင်ကို ဤကျွန်းဦးတွင် သကြိုပ်၍ သည်အတိုင်း မ
သိမ်းသောသူကို မှုတ်ရာဖြစ်စေ၊ နတ်အိမ် ကောင်းစွာဆောက်၍ ထားစေ" ဟု မိန့်တော်မူ၏။
အမတ်တို့လည်း မင်းကြီး မိန့်တော်မူတိုင်း နတ်အိမ်ဆောက်၍ ထားစေ၏။ ပြေည့် သကြိုပ်သော
ကျွန်းကို "ရွှေပြည့်ရှင်ကျွန်း" ဟု ယနေ့တိုင်အောင် တွင်၏။ ထိုအရုပ်၌လည်း မှုတ်ရာဖြစ်လေ
၏။

## ၁၁၄။ မင်းယဉ်နရသိင်္ခကို အောင်ဇွာငယ် လုပ်ကြံသည့် အကြောင်း

နရပတိစည်သူမင်းကြီး စေတော်မူသော ကျွန်တော် အောင်ဇွာငယ် ရောက်လေသော်
အိမ်တော်ဦးကကား သူရဲကြီး ရှစ်ကျိပ်နှင့်တကွ နန်းတော်သို့ ဝင်လေ၏။ မင်းယဉ်နရသိင်္ခလည်း
ရေအိမ်တော် ဝင်ကြိုက်ဖြစ်၍ ရေအိမ်တော်တိုင်အောင် လိုက်လေ၏။ မင်းကြီးလည်း "အဘယ်
သူနည်း" ဟု မေးတော်မူလင့်၏။ "ကျွန်တော် အောင်ဇွာငယ်၊ အရှင့်ညီတော်က စေတော်မူ၍
လာသည်" ဟု နားတော်လျှောက်၏။ ဓားသွားမျှးမျှး ဝန်းရံသည်ကို မြင်လျှင် "ငါညီတော်ပယ်
ကိုးဆောင့် ကြက်နှင့်မျှ ဖြစ်ပါစေ၊ ငါ့ကို မသတ်ပါနှင့်" ဟု မိန့်တော်မူ၏။ အောင်ဇွာငယ်လည်း
"အရှင့်ညီတော်ဘုရားက သို့ မှာတော်မမူ" ဟူ၍ လျှောက်ပြီးလျှင် ရေအိမ်တော်တွင်ပင် လုပ်
ကြံ၍ အနိစ္စရောက်တော်မူလေ၏။ ဝတ်တော်မူသော ပတ္တမြားနားတောင်း တစ်ဖက်လည်း
ရေအိမ်တော်က မြေသို့ကျလေ၏။ အိမ်နိမ့် (၁၂)သုံးဆယ့်နှစ်၊ စည်းစိမ် (၃)သုံးနှစ်၊ သက်တော်
(၃၅)သုံးဆယ့်ငါးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် နန်းတံခါးဝယ်
လင်းတ နား၏။ မေနကြယ် လတွင် ချင်း၏။ နန်းတော်ပေါင်းကွပ်ဝယ် ပျား စွဲ၏။ ရွှေဘုရား
အမိုးကျွက်၏။ နံတော် တနလ်ာသားတည်း။

## ၁၁၅။ ညီတော်နရပတိ မင်းဖြစ်တော်မူပြီးနောက် အောင်ဇွာငယ်ကို ကွပ်မျက်ခြင်း အကြောင်း

သက္ကရာဇ် (၅၃၆)[၁] ငါးရာနှစ်ဆယ့်ခြောက်ခုသော် ထိုမင်းညီတော် နရပတိစည်သူ
မင်းဖြစ်တော်မူ၍ မလှူဘဲမိဖုရားနှင့် အိမ်ဦးစံတော်မူ၏။ မင်းတော်တို့လည်း "အောင်ဇွာငယ်
ကို ပေးတော်မူမည်" ဟူ၍ ကြားလေသော် မင်းကြီး ခြေတော်ကိုဖက်၍ "အရှင်မင်းကြီး၊ ငါတို့
မိန်းမဟူသည်ကား လင်များသည်ကို အလိုရှိသည်လော၊ ငါတို့မှာ အပြစ်မရှိ၊ ငါတို့လည်း
မင်းတော်ကသော မဟုတ်ပါ၊ အမိုးတော်ချစ်သုံးနှင့် အိမ်တော်သည် သမီးချစ်ဖြစ်၍ မြောက်
မှု ဖြစ်ပါစေလော" ဟူ၍ ကြည်ကြည်သာသာ မေးပမ်းပမ်း လျှောက်လေ၏။ မင်းကြီးလည်း
မှန်၏၊ ငါ့မင်းတော် တစ်ပါးပါးကို ပေးပရမည်သော် ငါတော်ကော်၊ ဘိုးတော်တို့ကို ပြစ်မှားသကဲ့သို့
ရှိလှသည်။ နင့်ကို အမျိုးမြတ်သော သူကောင်းသမီး တစ်ပါးပါးနှင့် ငါ သူကောင်းပြုမည်" ဟူ၍

၁။ အေဒီ ၁၁၇၄

...ကြီး၊ ဘောင်မှာငယ်လည်း "ထို ဟူ၍ မင်းကြီးကို ဆိုပချေ၏။ နရပတိစည်သူ
မိန့်တော်မူ၏။ ဘောင်မှာငယ်လည်း "ငါသို့သော မင်းကို ဝံ့သည်" ဟူ၍ ဘောင်မှာငယ်ကို ကွပ်လေ၏။
မင်းကြီးလည်း

## ၃၁၆။ မင်းယဉ်နရသိင်္ခ အထိန်းတော်သား အနန္တသူရိယကို ကွပ်မျက်မည် ပြုရာတွင် သေအံ့မှုးမူး၍ စာ ၄-ပိုဒ် ရေးသားထားခဲ့ခြင်း အကြောင်း

"နောင်တော် မင်းယဉ်နရသိင်္ခ အထိန်းတော်သား 'အနန္တသူရိယ' ကိုလည်း ဖမ်း၍ သတ်လေ" ဟု သူသတ်တို့အား အပ်လေ၏။ အနန္တသူရိယလည်း ရဲရင့်တည်ကြည်သော နှလုံးရှိသည်ဖြစ်၍ သတ်အံ့မှူးမူးတွင် စာလင်္ကာ ၄-ပိုဒ်ဆို၍ "မင်းကြီးအား ဆက်ပါ" ဟု အပ်ခဲ့၏။ သူသတ်တို့လည်း သတ်ပြီးမှ မင်းကြီးအား စာကို ဆက်လေ၏။ ထိုစာလင်္ကာ ၄-ပိုဒ်ကား ဤသို့တည်း။

### အမျက်ပြေစာ ၄-ပိုဒ် [၁]

(၁) သူတစ်ယောက်သည်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်ကား၊ ပျောက်လင့်ကာသာ၊ ဓမ္မတာတည်း။

(၂) ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်, ဗိုလ်ရံ၍၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တစ်သက်လျှာတည်း။

(၃) ကြင်နာသနား၊ ငါ့အား မသတ်၊ ယခု လွှတ်လည်း၊ ဝိပါက်ကြွေးမှာ၊ လူတကာတို့၊ ရှောင်နိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

(၄) ရှိုးကော်ရော၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ နိဗ္ဗာန်ကြွဝိပါက်၊ သံသရာကို၍၊ ကြွက်သေတ် တွန်မူ၊ တုံ့မယူလို၊ စိတ်မြဲသို့၍၊ ကြည်ညိုလွှတ်ပြန်၊ သခင်မှန်ကို၊ ချွန်ဘိစိစစ်၊ အပြစ်ဖယ်ရှေး၊ ခွင့်လျှင်ပေး၏၊ သွေးသည် အနိစ္စာ၊ ငါ့ဓမ္မာတည်း။

## ၃၁၇။ ဤစာ ၄-ပိုဒ်ကို ကြည့်ရှု၍ ကြမ်းတမ်းသောစိတ် ရှိသော နရပတိမင်း စိတ်နူးညံ့ခြင်း အကြောင်း

ဤစာလေးပိုဒ်ကို ဖတ်စေ၍ ကြားတော်မူလျှင် "လွှတ်လေ" ဟု မိန့်တော်မူ၏။ သူသတ်တို့လည်း "လွန်ခဲ့ပြီ" ဟု နားတော်လျှောက်၏။ မင်းကြီးလည်း "နင်တို့ မသတ်ခင်က ဤစာကို ဆက်ကောင်းလျက် သတ်ပြီးမှ ဆက်သည်" ဟူ၍ သူသတ်တို့ကို မျက်ပြန်လေ၏။ မင်းကြီးလည်း စာကို ကြားတော်မူသည်ကပင် တသောက်မေ့မေ့ တရှိုက်မက်မက် နောင်တကြီးစွာ ဖြစ်တော်မူ၏။ ထိုမှစ၍ အမျက်တော်ကို ချုပ်ရုပ် ဆီးတားတော်မူ၏။ "နောက်နောင် ငါ အမျက်တော် ရှိ၍ သတ်လေဟု အမိန့်တော် ရှိသော်လည်း တစ်လ, ငါးသီတင်း ထား၍ စစ်ကြောဘိ။ သေတန်မှ သေစေ၊ မသေတန်သသူကို လွှတ်စေ" ဟူ၍ မင်းဆွေမင်းမျိုးဖြစ်သော "မဟာသမာန်း" ကို အမိန့်တော်ရှိ၏။

ငါးတွင်ရသော မိဖုရားကြီးကိုလည်း "စေဠုဝတီ" ဟူ၍ သမုတ်တော်မူ၏။ နောင်တော် မိဖုရား ၃-ပါးကိုလည်း သိမ်းဆည်းတော်မူ၏။ နောင်တော်မိဖုရား တောင်ပြင်သည်တွင် သမီးတော် စောပြည့်ချမ်းသာကို မြင်သည်။ အလယ်ပြင်သည်တွင် မြင်သော မင်းသမီးတစ်ပါး၊

---

၁။ ဤမျက်ပြေစာလင်္ကာကို မှတ်ပေးသော ... မင်းဝဓောတ်တွင် ရေးမခဲ့ကြောင်း ပညာရှင်အချို့က မှတ်ယူကြ၏။

ရာဇဝင်တော်ကြီး

ရှမ်းလိုပြင်သည်တွင် မြင်သော မင်းသမီးတစ်ပါး၊ သည် ၂-ပါးကား မေညိုတော် မင်း
နေမိ လက်ထက်တော်ကပင် ကြွမှာကုန်ကြလေသည်။

နရပတိစည်သူ သားတော်၊ သမီးတော်ကား စေဠုဝတီမိဖုရားတွင် ... မြင်သည်။ မိဖုရား အဖြစ်ရာနှင့်ကား လင်သော၍ မိဖုရားမြှောက်သတည်း၊ သမီးတော် ... မြင်သည်။ မိဖုရား တောင်ပြင်သည်တွင်ကား မင်းကြီးသားတော် ထီးလှိုင်ရှင် ကျွန် ... သုံးပါး ညောင်ဦးဘီး(သား)၊ ဗိုလ်ချုကြီးသား စိစွေးတည်း။ စိစွေးသမီး ၅-ယောက် ... သမီးအကြီးကား ဘဏ္ဍာ မယားတည်း။ သမီးအလတ်ကား မှင်လုဦး မယားတည်း။ ... တစ်ယောက်ကား စစ်တုရင်ခိုင် မယားတည်း။ တစ်ယောက်ကား မင်းထီးလှိုင် မယား ... သမီးအငယ်ကား မိဖုရား တောင်ပြင်သည်တည်း။ တောင်ပြင်သည်ကား သား ၃-ယောက် မြင်၍ ထင်ရှားစွာ ဖြစ်သတည်း။

မိဖုရားပန်းရှင်ကား အမျိုးမြတ်စွာ၏။ ထီးလှိုင်ရှင် မင်းကြီးယောက်ဖတော် ... စည်သတင် ဖြစ်တည်း။ မယ်တော်ကား အလောင်းစည်သူ သမီးတော် ရွှေအုန်းစံ ... သည်တည်း။ မိဖုရား ပန်းရှင်တွင် မြတ်စွာရှင် ဟူသော မင်းသားတစ်ပါးကို မြင်သည်။ မိဖုရားငယ်ကား သုဘဒ္ဒရစ်နှမတည်း။ သုဘဒ္ဒရစ်ကား ကုလားကျမင်းကြီးမယ်တော် ... ဖြစ်တော်ရင်းတည်း။ သုဘဒ္ဒရစ်နှမကို ဦးဆောက်ပန်း ဟု သမုတ်တော်မူ၏။ မိဖုရား ဦးဆောက် ပန်းတွင် သားတော် ရာဇသူ၊ ပုံရှို၊ ဂဲသူကို မြင်လျှင် မယ်တော် ကြွမှာကုန်၏။[၁] ... ဆောစနေကို ဟူ၍ မိဖုရားမြှောက်ရာတွင် သမီးတော် ၄-ပါးမြင်သည်။ အကြီးကို ရွှေစိမ် ... အလတ်ကို စည်ပုံသည် တစ်ပါးကို ကျောင်းတော်သည်၊ အငယ်ကို ရွှေစ ဟု သမုတ်တော်မူ၏။

ဥယျာဉ်သည် သမီးတစ်ယောက် အဆင်းအင်္ဂါ လက္ခဏာကြီး၊ ငယ်နှင့် ပြည့်စုံသော ... မင်းကြီး ယူတော်မူ၍ လုပ်ကျွေးရ၏။ ထိုသူငယ်မတွင် သားတော် စောယွန်းသိခ်ကို မြင် ... ထိုမင်းသားကား လူတကာတို့ နှစ်လိုဖွယ် စကားကို ဆိုတတ်၏။ အမှုအကျင့်လည်း ... သိမ်မွေ့စွာ၏။ မင်းသားတကာတို့ တတ်ရာသော အတတ်နှင့်လည်း ပြည့်စုံ၏။ အခါတစ်ပါး မင်းကြီးလက်တော်ငယ် မှအနာရှိ၍ ဆေးဝါးဆည့်သော်လည်း အနာမညှိုး၊ ပြင်းပြစွာ ကိုက် ... ရှိတော်မူ၏။ ထိုအခါ စောယွန်းသိခ် မယ်တော် ခံတွင်းဖြင့် ငုံ၍နေမှ အနာအကျင် ညှိုးသည်။ ငုံခံနေရာလတ်သော် ခံတွင်းတွင် ပြည့်ပေါက်လေ၏။ စောယွန်းသိခ်မယ်တော်လည်း "ထိုပြည်ကို ထွေးသော် မင်းကြီး စက်တော်ခေါ် ရာမှ နိုးလတ္တံ့သည်" ဟူ၍ ပြည်ကို မျိုလေ၏။ ထိုအကြောင်းကို မင်းကြီး သိတော်မူလျှင် "ငါ့နှင့်တူ၍ ချစ်ကြည်သနားသူ မရှိ" ဟု အမှတ်ထားတော်မူ၍ "နင့်ကို ငါ ဆုပေးတော်မူ၏။ ကြိုက်သောဆုကို ယူလော" ဟူ၍ မိန့်တော်မူ၏။ စောယွန်း မယ်တော်လည်း "အရှင်မင်းကြီး၊ ရွှေ၊ ငွေ၊ ဆင်၊ မြင်း၊ ကျေးသင်း ကျွန်ရွာကား အရှင် သနားတော်မူသော ကျွန်ဖြစ်သောကြောင့် သုံးနှုန်းအတူ လူနှင့် အမျှ ရှိလေပြီ။ ကျွန်တော်အဖြစ် သနားတော်မူပါသော်ကား အမြတ်အမွန်တော်ဖြစ်သော ကျွန်တော်စောယွန်းသိခ်ကို အိမ်ရှေ့ စောင့်ပါစေ" ဟု နားတော်လျှောက်လေ၏။ မင်းကြီးလည်း "ကောင်း၏၊ စောင့်စေသော နှင်တော်သော ဆုကို မဆောက်မဖြ ငါ ပေးတော်မူ၏" ဟူ၍ မိန့်တော်မူ၏။ နရပတိစည်သူ မင်းကြီးကား သခွာလည်း စောင့်၏။ မင်း၏တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။

---

၁။ ဦးဆောက်ပန်း၏ သားတော် (၃)ပါးအနက် ပုံရှိုမှာ မောင် နားတော်ပဲနှင့်လက်ထက် တော်ကျွန်ပုံကုန်ခံရ ဖြစ်သည်။ ၂။ မိဖုရားငယ်/ ကိုယ်လုပ်တော်တို့မှ မွေးဖွားသောသူ

...တော်ကို သတ်မိ၍ တားတော် အနော်ရထာစောကဲ့သို့ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် နိုင်ငံတော် မြန်မာပြည်အနှံ့အစပ် မိဖုရား၊ မောင်းမ၊ မိဿံ ...တော်မှုလျက် စစ်အင်္ဂါ ၄-ပါးနှင့် တကွ တင့်တယ်စံပယ်စွာ ကြွတော်မူ၍ ကန်၊ ချောင်း၊ ...ည်၊ မြောင်း ပြုစုတော်မူသည်ကား များ၏။

## ၃၁၈။ နန်းတော်၌ အတွင်းကိုယ်ရံ၊ အပြင်ကိုယ်ရံများ ထားခြင်း အကြောင်း

နေခင်တော်ကို လုပ်ကြံတော်မူသောအခါ အလွယ်တကူ လုပ်ကြံတော်မူနိုင်သည်ကို အကြောင်းပြု၍ အစောင့် ကိုယ်ရံတော်ကား များစွာ ထားတော်မူ၏။ အတွင်းကိုယ်ရံတော်၊ အပြင်ကိုယ်ရံတော် ဟူ၍ အသီးအသီး သင်းဖွဲ့တော်မူပြီးသော် နန်းတော်ပတ်လည် အထပ်ထပ် စောင့်နေရသည်။ နန်းတော်တွင်းသို့ ကြက်မျှ မဝင်သော ဟူ၏။ ထိုမှတစ်ပါး ရထားမှ ရွှေ၊ ငွေ၊ ဆန်ရေ၊ စပါး ထားသော စဲကျီ တိုက်ကြတို့ကိုလည်း နန်းတော်တစ်ပတ်လည် ထားတော်မူ၏။ ထိုသို့ ထားတော်မူသော ပစ္စည်းပစ္စယ်တို့ကို စချီစဖော အပေါင်းတို့ စစ်ကြောရေးမှတ်သည်ကား တစ်နှစ်ပတ်လုံး တစ်နေ့မျှမလပ် ဟူ၏။ နိုင်ငံတော်အလုံးက ဆက်သော ရွှေခွန်၊ ငွေခွန်၊ ပတ္တမြားခွန်၊ ပယင်းခွန်၊ ကြေးဖြူခွန်၊ ကြေးနီခွန်၊ သလွဲခွန်၊ သံခွန်၊ ဖဲခွန်၊ မှိုင်းလုံးခွန်၊ ဆင်ခယ်ခွန်၊ သိုးခွန်၊ ကတိုးခွန်၊ ဆင်ခွန်၊ မြင်းခွန်တို့ကိုလည်း စချီစဖော ရေတွက်ရေးမှတ်စစ်ကြော၍ သွင်းရသည်။ နှစ်ပတ်လုံး စပ်သော ဟူ၏။ ကိုယ်ရံတော် သင်းသည်၊ ...ငင်းသည်တို့ကို ရိက္ခာပေးတော်မူသည်ကား တစ်ယောက်ကို တစ်လသော် စပါး ၅-တင်း၊ နှစ်လည်လျှင် လင်ဝတ်၊ မယားဝတ် အစုံပေးတော်မူ၏။ အကြီး၊ အငုန်း ခေါင်းတို့မှာလည်း တစ်လသော် စပါးတစ်ဆယ်၊ ဝတ်စုံစားစုံ ပေးတော်မူ၏။ သည်ကား အမြဲ ပေးတော်မူသည်ကို ဆိုသည်။ ထိုမှတစ်ပါး ဆုလာဘ်ပေးတော်မူသည်ကား များ၏။

## ၃၁၉။ ကုသိုလ်တော်များ ပြုစုတော်မူခြင်း အကြောင်း

ဤသို့ ဆိုခဲ့ပြီးသော ကိုယ်တော်မြတ်စီးပွား၊ ပြည်သူလူတကာတို့၏ စီးပွားကို ဆောင်တော်မူ၍ စိဋ္ဌာန်၊ မဂ်၊ ဖိုလ် အလို့ငှာ လိုက် ၂-ဆင့်ရှိသော ကြီးစွာသော စောင်းမူတော်ကို တော်မူ၍ နိဗ္ဗာန်၊ မဂ်၊ ဖိုလ် အလို့ငှာ လိုက် ၂-ဆင့်ရှိသော ကြီးစွာသော ကောင်းမှုတော်ကို တည်တော်မူ၍ **ရှင်ဥာမထေ** ဟူသော အမည်ကို သမုတ်တော်မူ၏။ ထိုမှတစ်ပါး လိုက် ၂-ဆင့် ရှိသော အထက်ကြောင်လည်နှင့်တကွ ကောင်းမှုတော်တစ်ဆူ တည်တော်မူ၍ **ဓာါဓဂ္ဂုဝ်**[၁] ဟူသော အမည်ကို သမုတ်တော်မူ၏။ ထိုမှတစ်ပါးလည်း သမထီးအရပ်၌ ဘုရား ၅-ဆူကို ဟူသော အမည်ကို သမုတ်တော်မူ၏။ ထိုဘုရားတွင် တစ်ဆူ တည်တော်မူ၍ မေ့ဂုဏ်က ဟူသော အမည်ကို သမုတ်တော်မူ၏။ နေပြည်တော်ဝန်းကျင်၌ သိတင်းကြီးစင်ဖြင့် သွန်းသောဘုရား ၅-ဆူကို တည်ထားတော်မူ၏။ နေပြည်တော်ဝန်းကျင်၌ သိတင်း ကြီးစင်ဖြင့် သွန်းသောဘုရား ၅-ဆူကို တည်ထားတော်မူ၏။ ... အရိယာ သံဃာတို့အားလည်း ပစ္စည်း သုံးသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်ကျွမ်းသော ... ပြီးသမူ၏။ ထိုနှစ်တွင် သိန်းနိက္ခန်ကို အစိုးရသော ၄-ပါး ထောက်ပံ့တော်မူ၍ ကျမ်းဂန်သင်ကြား ပြီးသမူ၏။ လက်ထက်တော်တွင် သိန်းနိက္ခန်၌ သာသနာတော် သိဒ္ဓိသသပရက္ကမဘာဟု* အမည်ရှိသောမင်း လက်ထက်တော်တွင် တောင် တည်တော်မူသော်လည်း

---

၁။ [illegible] ခေါ်သည်။ နန်းတော်ရှေ့ ... လက်ထက်တွင် တောင် တည်ထောက်ခဲ့သော်လည်း [illegible] ၂၆ မတ် ၁၂၅၇ ခုနှစ်တွင်မှ တည်ဆောက်ပြီးစီးခဲ့သည်။ ... သိဒ္ဓိမသင်ပိုင်နိုင်ခဲ့ [illegible] (ခရစ် ၁၁၅၃-၁၁၈၆)

* Parakkamabahu (ခရစ် ၁၁၅၃-၁၁၈၆)

ညစ်နွမ်းလေသည်ကို သုတ်သင်တော်မူသည်။ ထို့နောက် ခြောက်နှစ်၊ သက္ကရာဇ် (၁၁၂)[1] ငါးရာ သုံးဆယ့်နှစ်ခုတွင် နရပတိစည်သူမင်းကြီး ဆရာတော် ဖြစ်သော ဥတ္တရာဇီ မဟာထေရ်သည် သိန်းခိုကျွန်း၌ မဟာစေတီဘုရားရှင်ကို ရှိခိုးအံ့သောငှာ တပည့်သံဃာအများနှင့် သွားတော် မူသည်။ ထိုတပည့်တို့တွင် ပုသိမ်မြို့ကျေးလက် ဆပဒ*ရွာသား အသက် ၂၀ ရှယ်ရှိသော သာမဏေတစ်ပါးလည်း ပါလေသည်။

### ၃၂၀။ ဥတ္တရာဇီဝမထေရ် ပရိနိဗ္ဗာန်ပြုတော်မူခြင်း အကြောင်း

ဥတ္တရာဇီဝမဟာထေရ် အကြောင်းကား ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူ၍ (၂၈၆)[2] နှစ် ရောက်သောအခါ ရာမညတိုင်းဖြစ်သော တိုက်ကုလားမြို့ သုဝဏ္ဏဘူမိအရပ်၌ ရှင်သောဏ ထေရ်၊ ဥတ္တရထေရ်တို့ သာသနာတော်ကို တည်ထောင်စ ပြုသည်။ ထိုထေရ်တို့အစဉ် ပဆက် ဖြစ်သော သထုံမြို့နေ ပြာနဒဿီမဟာထေရ်ကား လောကီချာန် အဘိညာဉ်ကို ရသည်ဖြစ်၍ နံနက်စောစောက မဟာဗောဓိကို တံမြက် သုတ်သင်ပြီးလျှင် သထုံမြို့မှာပြန်၍ ဆွမ်းခံတော် မူ၏။ ထိုပြာနဒဿီမဟာထေရ် တပည့်ကား ဒဂုံမြို့နေ ရှင်မဟာကာလထေရ်တည်း။ ထိုရှင်မဟာကာလထေရ် တပည့်တော်ကား ရှင်အရိယဝံသ မဟာထေရ်တည်း။ ရှင်အရိယဝံသ မဟာထေရ် တပည့်တော်ကား နရပတိစည်သူမင်းကြီးဆရာတော် ဥတ္တရာဇီဝမဟာထေရ်တည်း။ ထိုဥတ္တရာဇီဝမဟာထေရ်သည် ဆပဒ သာမဏေနှင့်တကွ တပည့်သံဃာ အများနှင့် သိန်းခို ကျွန်းသို့ ရောက်လေသော် သိန်းခိုကျွန်း၌ ရှိသော မဟာထေရ်တို့နှင့် တရားစကား နီးနှော အနွယ်ကို စစ်မေးကြသော် "သိန်းခိုကျွန်း၌ ရှိသော မဟာထေရ်တို့ကား ရှင်မဟိန္ဒ ရဟန္တာမြတ်တို့ ပဆက် အစဉ်အနွယ်ဖြစ်သည်။ ဥတ္တရာဇီဝမဟာထေရ်တို့ကား ရှင်သောဏထေရ်၊ ဥတ္တရထေရ် တို့ ပဆက် အစဉ်အနွယ် ဖြစ်သည်" ဟူ၍ တစ်ချက်တည်း ကံဆောင်အံ့သောငှာ ဆပဒသာမဏေ ကို ပဉ္စင်းခံတော်မူကြသည်။ ရှင်ဆပဒ ပဉ္စင်းဖြစ်ပြီးလျှင် ဆရာဖြစ်သော ဥတ္တရာဇီဝနှင့် ဇမ္ဗူဒိပ် ကျွန်းသို့ မလိုက်မူ၍ သိန်းခိုကျွန်း၌ စာသင်၍ နေရစ်လေ၏။ ရှင်ဥတ္တရာဇီဝမဟာထေရ်လည်း တပည့်သံဃာ အပေါင်းနှင့် ဇမ္ဗူဒိပ်သို့ ကူးလာ၍ ရောက်လျှင် သိန်းခိုရောက်ဦး–ဟူ၍ တွင်၏။ ထိုရှင်ဆပဒလည်း အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆယ်ဝါတိုင်တိုင် သင်၍ တတ်မြောက် ပြီးမှ ပုဂံပြည်သို့ ပြန်အံ့သောငှာ အားထုတ်၏။ ယင်းသောအခါ ဆပဒ သာမဏေ ဤသို့ကြံ၏၊ "ငါတစ်ဦးတည်းသာ ပြန်ချေ၍ ပုဂံပြည်ဝယ် ငါ့ဆရာ ဥတ္တရာဇီဝမဟာထေရ် မရှိခဲ့သော် ပုဂံ၌ရှိသော မြန်မာရဟန်းများနှင့်တကွ သံဃာ့ကံကို ပြုရလတ္တံ့သည်၊ ဤသိန်းခိုကျွန်းမှ ဥပသမ္ပ ကံ ပြည့်စုံအောင် သံဃာ ၅–ပါး သွားရသည်ဖြစ်မှ လျောက်ပတ်မည်" အကြံရှိသည် ဖြစ်၍ ပါဠိ့အဋ္ဌကထာ၊ ဋီကာ ကျွမ်းသော တာမလိတ္တရွာနေ ရှင်သီဝလိ တစ်ပါး၊ ကမ္ဘောဇမင်းသား ရှင်တာမလိန္ဒတစ်ပါး၊ ကိဉ္စိပုရမြို့နေ ရှင်အာနန္ဒာတစ်ပါး၊ သိန်းခိုကျွန်းသား ရှင်ရာဟုလာ တစ်ပါး၊ သည် ၄–ပါးနှင့်တကွ ပေါင်း ၅–ပါး သင်္ဘောစီး၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကူးလာ၏။

သက္ကရာဇ် (၅၃၈)[3] ငါးရာသုံးဆယ့်ရှစ်ခု ပြည့်စန်းနက္ခတ် သတ္တာဗိသ မပြည့်ခင် ၂– မဒေါ ရှိချေ၏။ ဝေဠုဝတီမိဖုရားလည်း အနိစ္စရောက်တော်မူ၏။ ပါဒ် ကြွင်း၌ နရပတိစည်သူမင်းကြီး လက်ညှိုးတော်တွင် နှုံးကိုကိုင်၍ ၃–လတိုင်တိုင် စက်တော် ဘုရား၊ ဂူ၊ ကျောင်း ပြိုပျက်သည် များ၏။ မင်းကြီး တိုင်ပင်တော်မူဘက်ဖြစ်သော ဝဇိရပည့် ငလျင်ကြီး လှုပ်၍လည်း မည်သော ပညာရှိလည်း ကံကုန်၏။

---

[1] သေဒီ ၁၁၇၀   [2] ၃၀၀ ဘီစီ   [3] သေဒီ ၁၁၇၆   * ယခု ငပုတော်ကျွန်း

### ၃၂၁။ ဆပဒမထေရ်[၁] သိန်းနိုမှ ပြန်ရောက်ခြင်း အကြောင်း

သက္ကရာဇ် (၅၄၃)[၂] ငါးရာလေးဆယ့်သုံးခုတွင် သိန်းနိုကျွန်းက ဆပဒမထေရ်တို့ သင်္ဘော စီး၍ ပုသိမ်မြို့သို့ ရောက်လာသည်။ ဝါလနီးသောကြောင့် ပုသိမ်မြို့တောင်အရပ်၌ တံတိုင်းမီးတား နှင့်တကွ သုဓြွယ်တို့ ကျောင်းဆောက်၍ ဝါဆိုတော်မူ၏။ ထိုအရပ်ကို သိန်းနိုရောက်ကျောင်း ဟူ၍ ယခုတိုင်အောင် တွင်၏။ ဝါကျွတ်ပြီးလျှင် ပဝါရဏာပြု၍ ပုဂံမြို့သို့ လာတော်မူကြ၏။ ထိုသံဃာ ၅-ပါးတို့ကို ဒုတိယသိန်းနိုရောက်-ဟူ၍ ခေါ်ဝေါ်ကုန်၏။ ဆပဒထေရ်တို့ ပုဂံ သို့ မရောက်ခင် ဆရာတော်ဖြစ်သော ဥတ္တရာဇီဝထေရ် အနိစ္စရောက်တော်မူ၍ သဂြိုဟ်နှင့်၏။ ဆပဒထေရ်တို့ ပုဂံသို့ရောက်လျှင် ဆရာတော်သချိုင်းသို့ သွား၍ ပူဇော်၏။ ယင်းသို့မှ ဆပဒ ထေရ်လည်း လာဖော်ဖြစ်သော ထေရ်တို့ကို ဤသို့ မိန့်၏။ "သခင်တို့၊ ငါတို့ဆရာ ဖြစ်သော ဥတ္တရာဇီဝထေရ်သည် သိန်းနိုကျွန်းသို့ရောက်၍ သိန်းနိုတွင် သံဃာတော်တို့နှင့် တစ်ချက်တည်း အတူ သံဃာကံကို ဆောင်ကုန်သည်။ ယခု ငါတို့လည်း အရှင် **သောဏုတ္တရထေရ်** အစဉ်အနွယ် ဖြစ်ကုန်သော ပုဂံမြို့နေ သံဃာတို့နှင့် အတူတကွ သံဃာကံကို ဆောင်ကုန်ရာတော့သည်။ ယင်းသို့ကိုမူကား ရှေးသောအခါ ငါတို့ဆရာ **ဥတ္တရာဇီဝ**မဟာထေရ်ကို ပဓာနပြု၍ သံဃာကံကို အစိုးရသည်။ ယခုမူကား မြန်မာပုဂ္ဂိုလ်တို့သည် သံဃာကံကို အစိုးရလေကုန်သည်။ ထိုမြန်မာ ရဟန်းတို့နှင့် တကွ သံဃာကံကို မဆောင်ပြီ" ဟူ၍ သိန်းနိုက ရောက်လာသော သံဃာ ၅-ပါးတို့သည် တသီးတခြား ကံဆောင်လေ၏။

နရပတိစည်သူမင်းကြီးလည်း ထိုထေရ်မြတ် ၅-ပါးတို့အား အတိုင်းထက် အလွန် ကြည်ညိုတော်မူ၍ ဧရာဝတီမြစ်၌ လှေဖောင်ဖွဲ့စေပြီးလျှင် များစွာသော သာမဏေတို့ကို ပွင်းခံရ၏။ ထိုသို့ အစဉ်သဖြင့် ပြန့်ပွား၍ ဂိုဏ်းသံဃာများစွာ ဖြစ်ကုန်၏။ နရပတိစည်သူ မင်းကြီးလည်း တစ်နေ့သ၌ ငါးပါးသောထေရ်တို့ကို တပည့်သံဃာနှင့် တကွ ပင့်တော်မူ၍ အလှူကြီး ပေးတော်မူ၏။ ထိုအခါ သဘင်ခံရာတွင် အပြင်အလှာနှင့်ပြည့်စုံသော ကမ်းဖြသည်မ တစ်ယောက်ကို ရှင်ရာဟုလာထေရ် မြင်လေသော် တပ်သောစိတ်ရှိသည်ဖြစ်၍ ရဟန်းတရား၌ မမွေ့လျော်၊ ပရိသုဒ္ဓ ပြုအံ့သော အကြောင်းကို အားထုတ်၍ မဟာထေရ် ၄-ပါးတို့လည်း တရားစကားဖြင့် ဆုံးမကုန်၏။ ထိုသို့ ဆုံးမသော်လည်း စိတ်ကိုချုပ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်မှ "သင်တစ်ဦးကြောင့် ငါတို့လေးဦးသည် မရှက်လေကောင်း၊ ပရိသုဒ္ဓပြုလိုသော်လည်း ဤပုဂံ ပြည်၌ မပြုပါနှင့်၊ ပုသိမ် သင်္ဘောဆိပ်က မလ္လာယုကျွန်းသို့သွား၍ လူပြုပါ" ဟု နှင်လိုက်လေ၏။ ရာဟုလာထေရ်လည်း ပုဂံကသည် ပုသိမ်သို့ရောက်လျှင် သင်္ဘောစီး၍ မလ္လာယုကျွန်းသို့ ကူးလေ ၏။ "ရာဟုလာထေရ် ရောက်လာသည်" ဟူ၍ကြားလျှင် မလ္လာယုကျွန်းကို အစိုးရသော မင်းလည်း ဝိနည်းတော် အဆုံးအဖြတ်ကို သိလို၍ တောင်းပန်လေ၏။ ရှင်ရာဟုလာထေရ်လည်း ခုဒ္ဒသိက္ခာကျမ်းနှင့်တကွ ခုဒ္ဒသိက္ခာကျမ်းကိုသင်၍ အလုံးစုံသော ဝိနည်းအဆုံးအဖြတ်ကို သိစေ၏။ ထိုသို့ ဝိနည်းအဆုံးအဖြတ်ကိုကြားလျှင် မလ္လာယုမင်းလည်း သဒ္ဓါကြည်ညိုခြင်းဖြစ်၍ ပတ္တမြား တစ်သပိတ် လှူတော်မူ၏။ ရာဟုလာထေရ်လည်း ပတ္တမြားတစ်သပိတ် ရလျှင် ပရိသုဒ္ဓပြု၍ မလ္လာယုကျွန်း၌ အိမ်ရာထောင်၍ နေလေ၏။

ပုဂံပြည်၌လည်း သိန်းနိုရောက် ထေရ် ၄-ပါးတို့တွင် ဆပဒထေရ် အနိစ္စရောက်တော်မူ

---

၁။ ဆပဒမထေရ်ကို ပုသိမ်နယ် ဆပဒရွာဇာတိဟု ဆိုသည်။ သူသည် ဥတ္တရာဇီဝမထေရ်နှင့် သီဟိုဠ်သို့လိုက်သွားပြီး ထို၌ သာမဏေဘဝမှ ရဟန်းခံခဲ့၏။ သီဟိုဠ်တွင် အချိန်ကြာမြင့်စွာ စာပေပရိယတ္တိများ လေ့လာသင်ယူခဲ့သည်။

၏။ သီဝလိထေရ်၊ တာမလိန္ဒထေရ်၊ အာနန္ဒာထေရ်၊ ဤထေရ် ၃–ပါးတို့သည်လည်း ဦးကား အရှား ပိဋကတ်ကျွမ်းဂန် ပိုင်သတော်မူ၍ သာသနာတော်ကို ထွန်းပစေ၏။ တစ်နေ့သော် ပုဂံပြည်ကို အစိုးရတော်မူသော နရပတိစည်သူမင်းကြီးသည် ထိုမဟာထေရ် ၃–ပါးတို့၌ သဒ္ဓါတော်မူသည်ဖြစ်၍ ဆင်ပေါက် တစ်စီးစီ လှူတော်မူ၏။ ထိုသို့ လှူတော်မူသော ဆင်ကို ရှင်သီဝလိမဟာထေရ်နှင့် ရှင်တာမလိန္ဒမဟာထေရ် ၂–ပါးတို့သည် တောမှာ လွှတ်လေကုန်၏၊ အာနန္ဒာထေရ်မူကား "ကိဋ္ဌိပုရမြို့သို့ ဆွေမျိုးတို့အား ပေးလိုက်အံ့" ဟူ၍ ပုသိမ်သို့ သွား၍ သင်္ဘောလှေ၌ တင်လိုက်ဘိ၏။ ထိုအကြောင်းကို အရှင်သီဝလိနှင့် ရှင်တာမလိန္ဒထေရ်တို့ သိလျှင် ဤသို့ မိန့်တော်မူ၏။ "ငါတို့မူကား တရားမင်းကြီးက လှူသော ဆင်ကို ချမ်းသာစေခြင်းငှာ တောမှာ လွှတ်သည်၊ သခင်မူကား ထိုဆင်ကို ဆင်းရဲစေခြင်းငှာ ဆွေမျိုးတို့အား ပေးလိုက်သည်၊ သင်၏အမူအကျင့်သည်ကား တရားတော်နှင့် မလျော်ကပ်" ဟူ၍ မိန့်ကုန်၏။ ရှင်အာနန္ဒာထေရ်လည်း ဤသို့ မိန့်ပြန်၏။ "သဗ္ဗညုဘုရားသခင် ဟောတော်မူသော တရားတော်၌လည်း 'ဉာတကာနဉ္စ သင်္ဂဟော' ဟူသော ပါဠိတော် ရှိတော့သည်" ဟူ၍ မိန့်၏။ မဟာထေရ် ၂–ပါးတို့လည်း "ငါတို့အကြီး ဆိုပါသည် စကားကို မယူပါ ဖြစ်ရကား ယနေ့ကစ၍ သင် အခြား သံဃာကံကို ပြုလေ၊ ငါတို့နှင့် မပေါင်းမဖက်နှင့်တော့" ဟူ၍ ခွဲလေ၏။[၁] ထိုနေ့ကစ၍ ရှင်သီဝလိနှင့် ရှင်တာမလိန္ဒထေရ်တို့မှာလည်း သံဃာကံကို အခြား ပြုကုန်၏။ အာနန္ဒာထေရ်လည်း အသီးအခြား သံဃာကံပြု၏။

## ၃၂၂။ ပုဂံပြည်၌ သံဃာတို့ ဂိုဏ်းကွဲခြင်း အကြောင်း

ထိုနောင် ကာလရှည်ကြာလတ်သော် တာမလိန္ဒထေရ်လည်း ဗဟုသုတ၊ ဗျတ္တိဗလရှိသော တပည့်တို့အား ချီးမြှောက်လိုသောငှာ အမြဲဆည်းကပ်လာကုန်သော အမှုး၊ အမတ်၊ သူဌေး၊ သူကြွယ်တို့အား "ဒါယကာ၊ ဤသူသည် အကြားအမြင် များ၏၊ ဗျတ္တိဗလနှင့် ပြည့်စုံ၏၊ ပစ္စည်း ၄–ပါး ပြည့်စုံမှသာလျှင် ပရိယတ္တိ၊ ပဋိပတ္တိကို ဖြည့်ဆောင်ခြင်းငှာ တတ်နိုင်ကုန်ရာသည်၊ ပစ္စည်း ၄–ပါး မပြည့်စုံက ပရိယတ္တိ၊ ပဋိပတ္တိကို မဖြည့်နိုင်ရာ" ဟူ၍ ဝစီဝိညတ်တို့ဖြင့် ပစ္စည်း ၄–ပါးကို ဖြစ်စေသတည်း။ ထိုအကြောင်းကို **သီဝလိမဟာထေရ်** ကြားလေသော် တာမလိန္ဒထေရ်အား ဤသို့ ဆိုလေ၏။ "မြတ်စွာဘုရားသည် ဝစီဝိညတ်ကြောင့် ဖြစ်သော ပစ္စည်းကို စက်ဆုပ်ရွံရှာတော်မူသည်။ ထိုသို့လျက် သခင်သည် ဝစီဝိညတ်ဖြင့် ပစ္စည်း ၄ ပါးတို့ကို အဘယ့်ကြောင့် ဖြစ်စေဘိသနည်း။ သခင်၏ အမူအကျင့်သည် မလျော်ကပ်" ဟူ၍ မိန့်၏။ တာမလိန္ဒထေရ်လည်း ဤသို့ တုံ့ပြန်၏။ "မြတ်စွာဘုရားသည် မိမိကိုယ်ဖို့ကိုသာ ရည်၍ ဝစီဝိညတ်ဖြင့် ပြု၍ရသော ပစ္စည်းတို့ကို စက်ဆုပ်ရွံရှာတော်မူသည်။ ငါမူကား ကိုယ်ဖို့ကို မခံပါ၊ စင်စစ်သော်ကား ဗဟုသုတ၊ ဗျတ္တိဗလ ရှိကုန်သောတပည့်တို့အား ပစ္စည်း ၄–ပါး ပြည့်စုံပါမှ ပရိယတ္တိ၊ ပဋိပတ္တိကို ဖြည့်စွမ်းနိုင်၍ သာသနာတော် ပြန့်ပွားစည်ပင်လတ္တံ့ဟု နှလုံးသွင်း၍ တိုက်တွန်းသည်။ အပ်ပါ၏" ဟု မိန့်၏။ ရှင်သီဝလိထေရ်လည်း ဤသို့ မိန့်၏၊ "သခင်သည် အကယ်၍ ဆိုသောစကားကို မယူ၊ အလိုအတိုင်းသာ ကျင့်ဘိလျှင် အသီးအခြား သံဃာကံကို ပြုအံ့" ဟူ၍ ခွဲလေ၏။

ထိုနေ့မှစ၍ ပုဂံပြည်ဝယ် သုဓမ္မပူရမြို့၊ သုဝဏ္ဏဘုမ္မိအရပ်မှ လာ၍ သာသနာတော်ကို

၁။ ပုဂံခေတ် နရပတိစည်သူမင်း လက်ထက်မှစ၍ မြန်မာနိုင်ငံတွင် သံဃာတို့ ဂိုဏ်းကွဲမှု စတင်သည်။

ရာပြည့်စာအုပ်တိုက်

...ကုန်သော ရှင်အရဟံအနွယ် သံဃာလည်း တစ်စု၊ သီဝလိမဟာထေရ် အနွယ်
...သံဃာလည်း တစ်စု၊ တာမလိန္ဒအနွယ် သံဃာလည်း တစ်စု၊ အာနန္ဒာအနွယ် သံဃာလည်း
...ဤသို့လျှင် ၄-စုသော သံဃာတို့သည် အသီးသီး ကွဲကုန်သည် ဖြစ်၍ ထင်ရှားစွာ
...ကုန်၏။ ထို ၄-စုသော သံဃာတို့တွင် သုဓမ္မပုရမြို့မှ ရှေးဦးစွာလာသော ရှင်အရဟံအနွယ်
...တို့ကို "ပုရိမ" သံဃာဟူ၍ ခေါ်ဆိုကြကုန်၏။ သုံးစု သံဃာသည် နောက် သိန်းခိုကျွန်းမှ
...ကြောင့် "ပစ္ဆိမ" သံဃာဟူ၍ ခေါ်ဆိုကြသတည်း။

ထိုသိန်းခိုရောက် မဟာထေရ် သုံးပါးတို့တွင် ရှင်သီဝလိထေရ်၊ ရှင်တာမလိန္ဒထေရ်၊ ဤ ၂-ပါးတို့သည် သက်တော်ရှည်သမျှ သာသနာတော်ကို ထွန်းတောက်ပစေ၍ ကံအလျောက် ...ကုန်၏။ ရှင်အာနန္ဒာထေရ်သည်ကား (၅၄)နှစ်ပတ်လုံး ပုဂံပြည်၌ သာသနာတော်ကို ...ဆောင်၍ သက္ကရာဇ် (၅၉၆)[1]ငါးရာကိုးဆယ့်ခြောက်ခုတွင် ကံအလျောက် နတ်ရွာစံတော်မူ၏။

## ၂၂၃။ စူဠာမဏိဘုရားကို တည်တော်မူခြင်း အကြောင်း

စူဠာမဏိဘုရားရှင်ကို တည်တော်မူသော အကြောင်းကား ဤသို့တည်း။ နရပတိစည်သူ မင်းကြီး တူးရွှင်းတောင်သို့တက်၍ ပြန်တော်မူသောအခါ စူဠာမဏိ တည်သောအရပ် ချောက်တွင် ပတ္တမြား အရောင်တောက်သည်ကို မြင်တော်မူ၍ ဤအရပ်၌ "ငါ့ကို ကောင်းမှုဖြစ်စေလိုသည်" ဟု ထိုချောက်ကို ပြည့်သူအပေါင်းတို့ ဖို့ရ၏။[2]

## ၂၂၄။ ပုံသကူမထေရ်နှင့် မင်းစကားရာစ် စကားများရာ ပုံသကူမထေရ် သိန်းခိုသို့ ကြွတော်မူခြင်း အကြောင်း

ထိုအခါ စာရိတ္တသီလနှင့် ပြည့်စုံတော်မူသော "ပုံသကူငွေယိုရှင်" မဟာထေရ်သည် ဤသို့ မိန့်တော်မူ၏။ "မင်းကြီး၊ ကောင်းမှုဖြစ်စိမ့်မည်ဟူ၍ ယခုပြုသော အမှုသည် ကောင်းမှု မဖြစ်၊ မကောင်းမှုသာ ဖြစ်သည်" ဟူ၍ မိန့်တော်မူ၏။ မင်းကြီး လှူတော်မူသော ဆွမ်းကိုလည်း မခံ နေတော်မူလေ၏။ နရပတိစည်သူမင်းကြီးလည်း "ဘုန်းတော်ကြီး၊ ငါ့ဆွမ်းကို ဘုဉ်းပေးတော်မမူသော် ငါ့ပြည်တွင် နေတော်မမူသည်ဖြစ်မှ လွတ်တော်မူမည်။ ပြည်သူတို့ လှူသောဆွမ်းသည်လည်း ငါ့ဆွမ်း မဟုတ်တုံလော" ဟု မိန့်တော်မူ၏။ သခင်မြတ် ပုံသကူထေရ်လည်း "မင်းကြီး၊ ဤသို့ ဆိုတပြီးကား" ဟူ၍ သိန်းခိုကျွန်းသို့ ကူးတော်မူမည် အကြံတော်ရှိ၍ ရွယ်ကြံ သတင်းသုံးတော်မူလေ၏။ သခင်မြတ်ပုံသကူထေရ် သွားခဲ့လျှင် သရပါ အရပ် တောကြီး၀ယ် သီတင်းသုံးတော်မူလေ၏။ သခင်မြတ်ပုံသကူထေရ် သွားခဲ့လျှင် သရပါ တံခါး၀ယ် စောင့်သော ဘီးလူးတစ်ယောက်သည် မင်းကြီး ထွက်တော်မူသောအခါ မလွှဲဘဲ တံခါးထက်၀ယ် ကားရားရပ်လျက် နေဘိ၏။ မင်းကြီးလည်း သမား ပုဏ္ဏားတို့ကို ခေါ်တော်မူ၍ ဆေး၀ါးမန္တရားတို့ဖြင့် အထွေထွေပြုစေ၏။ ဘီလူးလည်း မလွှဲဘဲနေဘိ၏။ ထိုအကြောင်းကို မြင်တော်မူလျှင် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့ကို ခေါ်တော်မူ၍ ဘီလူးမလွှဲဘဲ နေကြောင်းကို မေးတော်မူ၏။ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့လည်း "သခင်မြတ် ပုံသကူမဟာထေရ်ကို မသင့်မတင့် သော စကားဖြင့် မိန့်တော်မူ၍ ပုံသကူမဟာထေရ် ကြွလေသောကြောင့် ဘီလူး မလွှဲဘဲ နေသည်" ဟု နားတော်လျှောက်၏။ မင်းကြီးလည်း အမတ်တို့ကို ခေါ်တော်မူ၍ အကြိမ်ကြိမ်

---

၁။ အေဒီ ၁၂၃၄

၂။ စူဠာမဏိဘုရားကျောက်စာအရ နရပတိစည်သူမင်းသည် ၂၀ ဆောက်တိုင်အား ၁၁၈၃ ခုနှစ်တွင် တူးရွှင်းတောင်သို့ ထွက်ရှုစဉ် တောင်ထက်မှ တောက်ပနေသော အရောင်ကိုမြင်၍ မြတ်သောအရပ် ဟု ဆိုကာ ထိုနေရာ၌ ဘုရားတည်ခဲ့ကြောင်း ဆိုပါသည်။

သခင်မြတ်လည်း လာတော်မမူဘဲ "သိန်းနိုကျွန်းသို့ ကူးတော်မူမည်" ဟု၍ ပင့်ရလေ၏။ ကြွတော်မူလေ၏။

မင်းကြီးလည်း "သခင်မြတ် ကြွတော်မူလေပြီ" ဟူ၍ ကြားတော်မူလျှင် အမတ် "တုရဲပစ္စည်း" ကို ခေါ်တော်မူ၍ "သခင်မြတ်ကို ပါအောင် ပင့်ချေ" ဟု စေတော်မူ၏။ တုရဲပစ္စည်းလည်း အကြား၊ အမြင်နှင့် ပြည့်စုံသသူဖြစ်၍ ရွှေဖြင့်ပြီးသော ဘုရားရှင်ရုပ်တုတော် တစ်ဆူကို ရွှေလှေတော် ဦးရကျွင်တင်၍ ဆင်းလေ၏။ သခင်မြတ်လည်း သဘော်သဆိပ်သို့ သွားတော်မူသောအခါ ခရီးဝယ် တွေ့လေ၏။ တုရဲပစ္စည်းလည်း "သဗ္ဗညုဘုရားရှင် ဤဆိပ်သို့ ရောက်တော်မူသည်၊ သခင်မြတ်အားလည်း လာတော်မူစေသတည်း" ဟု လျှောက်၏။ သခင်မြတ်လည်း "ဘုရားရှင် အမိန့်တော်" ဟူသော အာဏာတော်ကို မဆန်အပ်သည်ဖြစ်၍ လိုက်တော်မူလေ၏၊ လှေတော်ဦးရထက်သို့ တက်တော်မူပြီးသော် ဘုရားရှင်ကို ဝတ်ဖြည့်လေ၏။ ထိုသို့ ဝတ်ဖြည့်ရာတွင် သခင်မြတ်နှင့်တကွ လှေတော်ဦးရကို အပြင်းလှော်၍ ဆန်လေ၏။ ထိုအခါ အမတ်တုရဲပစ္စည်းလည်း အထူးထူးသော တောင်းပန်ခြင်းတို့ဖြင့် "သာသနာတော်ကို ချီးမြှောက်ပါ" ဟု တောင်းပန်၏။ သခင်မြတ်လည်း သာသနာတော်ကိုစွဖြစ်၍ လိုက်တော်မူလေ၏။

မင်းကြီးလည်း အမတ်အပေါင်း ခြံရံလျက် ခရီးဦး ကြိုဆိုနှင့်၏။ လှေတော်ဦးရထက်မှ သခင်မြတ် လက်တော်ကိုမ၍ နန်းတော်သို့ ဆောင်လေ၏။ တံခါးသို့ ရောက်တော်မူလေသောအခါ ဘီလူးလည်း တံခါးမှ ဆင်း၍ သခင်မြတ်ကို ဦးချနှင့်၏။ နန်းတော်သို့ ရောက်လျှင် မင်းကြီး လက်တော်နှင့် ခွမ်းကိုပြင်၍ လုပ်ကျွေးတော်မူ၏။ "ယနေ့မှစ၍ သခင်မြတ် အဆုံးအမတော်ကို ခံပါတော့မည်" ဟူ၍ လျှောက်ဆုံး၌ **စေယျသူရ၊ စေယျသိင်္ခ၊ ရာဇသူ၊ ဂင်္ဂသူ၊** မှမို ဟူသော သားတော် ၅-ပါးတို့ကို လှူတော်မူလေ၏။ မင်းသား ၅-ယောက်တို့လည်း သခင်မြတ်နှင့် အတူလိုက်ကြလေ၏။ သခင်မြတ်လည်း ခရီးလတ်သို့ ရောက်တော်မူလျှင် မြေတွင်ခန်းဝန်း ၅-ကွက်သား၍ မင်းသားတို့ကို ပြုပြီးသော် ပြန်စေ၏။ မင်းကြီးလည်း သားတော်တို့ ပြန်၍ ထိုအကြောင်းကို လျှောက်ကြသော် "ငါ့သားတို့ကို ကောင်းမှုပြုစေလိုသည်" ဟု သားတော်တို့ ကိုယ်လေး ရွှေကို ချိန်ပြီးသော် ထိုရွှေကို ကံကျွေးပြု၍ ဘုရားသခင် လက်ထက်တော်၌ ပသေနဒီ ကောသလမင်း ပြုသော စန္ဒကူးသရက္ခန် ကောင်းမှုနှင့်အမျှ စကြိုဘုရားလှ၊ မြေဘုံသာဘုရားလှ၊ ကန်စွန်းအိုဘုရားလှ၊ သိကြားတောင် ဘုရားလှ၊ ချောက်ဘုရားလှ၊ ဤဘုရား ၅-ဆူကို သိကြားမင်း ကြပ်မတ်၍ တည်တော်မူ၏။ ဤဘုရား ၅-ဆူကို **နရပတေ့*** လုပ်သောအခါ သိကြားမင်းလက်တော်နှင့် ကိုင်၍ မံသည်ချည်းတည်း။

### ၃၂၅။ ပုံသကူမထေရ်ကို ငွေယ်ရှင် တွင်သည့်အကြောင်း

သခင်မြတ် ပုံသကူထေရ်ကို "ငွေယ်ရှင်" တွင်သော အကြောင်းကား-သခင်မြတ်သည် ကထိန်သင်္ကန်းကို မခံ၊ တစပြင်၌ သူကောင်လွှမ်းသော ပုဆိုးကိုသာ ယူတော်မူ၍ ပုံသကူ သုံးဆောင်မြဲတည်း။ ထိုအခါ "ငွေယ်ငယ်" ဆိုသောသူသည် သူငယ်ဖော်များနှင့် နွားကျောင်းကြလေ၏။ ငွေယ်ငယ်လည်း သူငယ်ဖော်များကို ဤသို့ဆို၏။ "အချင်းတို့၊ နင်တို့လည်း ကုသိုလ်ဖြစ်စေ၊ ငါလည်း ကုသိုလ်ဖြစ်စေ၊ ငါသေကျွန် ပြုမည်၊ ငါ့ကိုယ်ပေါ်တွင် နင်တို့ အဝတ်ပုဆိုးကို လွှမ်း၍ သခင်မြတ်အား ပုံသကူကောက်တော်မူပါ ဟူ၍ လျှောက်ကြကုန်" ဟု ဆို၏။ သူငယ်ဖော်များလည်း ငွေယ်ငယ် ဆိုတိုင်းပြု၍ လျှောက်ကြလေ၏။ သခင်မြတ်လည်း တစပြင်သို့

* နရပတေ

ကြည့် ပုံသက္က ကောက်တော်မူလေ၏။ သခင်မြတ် ကြွတော်မူလေသော် ငွေယ်ငယ်လည်း ဂူဝေးစေ၍ဖြစ်၍ အသက်မရှူ ဖြစ်ဘိ၏။ သူငယ်ဖော်များလည်း ထိုအကြောင်းကိုမြင်သော် ငွေယ်ငယ် မိဘအိမ်သို့သွား၍ အကြောင်းမျိုးကို ပြန်လေ၏။ (ငွေယ်ငယ်မိဘ အစရှိသော ဆွေမျိုးဖော်တို့လည်း သခင်မြတ်အား ထိုအကြောင်းကို လျှောက်ကြလေ၏။ သခင်မြတ် လည်း ပရိတ်တော်ရေဖြင့် ငွေယ်ငယ်ကို ဖျန်းပက်တော်မူ၏။ ထိုသို့ ဖျန်းပက်သော ကြောင့် ငွေယ်ငယ်လည်း သခင်မြတ်အား ထ၍ ရှိခိုး၏။ ငွေယ်ငယ် မိဘတို့လည်း ငွေယ်ငယ်ကို သခင်မြတ်အား လှူလေ၏။ ထိုတွင်မှ သခင်မြတ်ကို "ငွေယ်ရှင်" ဟု တွင်၏။)

နရပတိစည်သူမင်းကြီးလည်း မိဖုရား စေပ္ပဝတီနှင့် သားတော်စေယျသူရ စားသော တလုပ်မြို့၊ အမြင့်မြို့၊ အနိမ့်မြို့၊ သည် ၃-မြို့တွင် အနိမ့်မြို့၌ ပုထိုးကြီးစွာ တည်တော်မူပြီးသော် "သုံးလူ့ဆရာ ဘုရားလှ" သမုတ်တော်မူ၏။ တလုပ်မြို့၌လည်း ညဉ့်အခါ မီးကဲ့သို့ ထင်တော် မူ၍ ကြည်စေသော **သီရိစမ္မာသောကမင်း** တည်တော်မူသော မုဋ္ဌောရကို တွေ့တော်မူ၍ ထိုတွင် ပုထိုးကြီးစွာ ထပ်၍ လုပ်တော်မူ၏။ "သမ္မုလ" အမည်ကို သမုတ်တော်၏။ တလုပ်မြို့ မြေပေါ် ပုဂံမြေစပ်၌လည်း တောင်ကမ်းပါးတွင် ဥမင်သာယာစွာပြု၍ ဘုရားရှင်ရုပ်ပွားတော် ကြီးသွန်းလုပ် ထားတော်မူ၏။ ထိုကမ်း(ပါး)အတွင်း၌လည်း သင်္ချိုင်းဝတ်တော် ဌာပနာတော်မူ၍ "စေပ္ပဝတီမိဖုရား ဥမင်" ဟု တွင်စေ၏။ ဘုရားကိုလည်း "ရွှေသပိတ်" ဟု တွင်စေ၏။ မင်းကြီး မိဖုရားတို့ကိုလည်း ထင်ရှားစွာသော ကောင်းမှုအသီးသီး ပြုစေတော်မူ၏။

## ၃၂၆။ နရပတိစည်သူမင်း သူ့မယားတစ်ယောက်ကို ယူမိ၍ မယားနှစ်ထပ် ပေးရကြောင်း

နရပတိစည်သူမင်းကြီးကား ယောက်ဖတော် "သုဘရစ်"မယားကို မြင်တော်မူလျှင် တပ်မက်တော်မူသောစိတ် ရှိသည်ဖြစ်၍ နန်းတင်၍ အပါးတော်တွင် ထားတော်မူ၏။ လင်သုဘရစ် လည်း လခွဲတိုင်တိုင် အရှုးအမူး ဖြစ်ဘိ၏။ ထိုအကြောင်းကို မင်းကြီး ကြားတော်မူသော် "ဤအရေးကို အဘယ်သို့ ပြုအံ့နည်း" ဟု မိဖုရားတို့ကို တိုင်ပင်တော်မူ၏။ မိဖုရားတို့လည်း "အလောင်းမင်းကြီး... သူ့မယားကို ယူတော်မူသည်ကို သူ ချမ်းသာနိုင်မည်လော။ သူ့မယား ကိုယ်စား အလောင်းမင်းကြီး ကိုယ်လုပ်တော် တစ်ယောက်ယောက်တွင် သုဘရစ် ကြိုက်သော သူကို ပေးတော်မူပါတော့လော" ဟူ၍ လျှောက်ကုန်၏။ မင်းကြီးလည်း မောင်းမငယ်တစ်ယောက် ကို ပေးတော်မူ၏။ သုဘရစ်လည်း "တစ်ယောက် ပေးတော်မူပါဦး" ဟု နားတော်လျှောက်ပြန် ၏။ မင်းကြီးလည်း မောင်းမငယ် တစ်ယောက်ကို ပေးတော်မူပြန်၏။ ထိုသူ ၂-ယောက် ရသည် ဖြစ်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

## ၃၂၇။ ရန်မန်ငွေသွေးကို သမီးတော်နှင့် လက်ထပ်ကြောင်း[၁]

တစ်ရံရောအခါ "ကြက်ယက်ဘုရား ၂-ဆူကို ထီးတင်တော်မူမည်" ဟူ၍ ရွှေဖောင် တော်နှင့် ဆန်၏။ ထိုအခါ မိကျောင်းကြီးတစ်ခုသည် မင်းကြီးရွှေဖောင်တော်ကို ကျောက်ကုန်း ထက် ရှက်၍ ချုပ်ကိုင်လေ၏။ ရန်မန်ငွေသွေး ဟူသော သူ့ရဲကောင်းတစ်ယောက်သည် ရေဝယ်

၁။ ရန်မန်ငွေသွေးခေါ် အနန္တ သူရိယနှင့် ထိမ်းမြားလက်ထပ်ခဲ့သူမှာ မိဖုရားစောနေနေ ဖွားမြင်သည့် တတိယသမီး ကျောင်းတော်သည်ပြခဲ့ကြောင်း ရွှေတော်ချင်မှတ်တမ်းက ဆိုပါသည်။

ဆင်၍ ငုပ်ပြီးသော် သန်လျက်နှင့် ထိုးကျပ်၍ မိကျောင်း သေလေ၏။ ယင်းကဲ့သို့ တစ်ယောက်ချင်း သတ်စေ၏။ ဆင်ကို တစ်ယောက်ချင်း သတ်စေ၏။ မင်းကြီးလည်း ဇန် များသသူ ဖြစ်၍ "အနန္တ သူရိယ" ဟူသော အမည်ကို ပေးတော်မူ၏။ ထိုနေ့မှစ၍ ပြည်မှာ နီးသောအခါ သူပုန်သူကန် ရှိသောအခါ အနန္တသူရိယကို စေတော်မူ၏။ သွား၍ လုပ်ကြံရသည့်ရှိသော် ရန်သူတို့ကို အရှင်ရအောင် ဖမ်း၍ ယူခဲ့သည်ကား ထိုအနန္တ သူရိယအမတ်သည် ဟောကာသဿပ အမည်တွင်သော ပေါင်းလောင်းရှင်မဟာ ဆရာပြု၍ ဘုရား, သိမ်, ကျောင်း ကြီးကျယ်စွာလုပ်ပြီးသော် သဘင်ကြီးစွာခံ၍ သာ ဖိုးနှိုင် လှူသော ဝတ္ထုကံတော်တို့ကို ကမ္ပည်းစာရင်းရေး၍ မင်းကြီးရှေ့တော်၌ ဆက် သာဓုခေါ်တော်မူ၏။ မင်းကြီးလည်း "အနန္တ သူရိယသည် ပစ္စုပ္ပန် မျက်မှောက်၌လည်း ငါ၏ အမှုတော်ကို ကြီးစွာအားထုတ်၍ ထမ်းပေသည်။ သံသရာ အဆက်ဆက်၌ အကျိုးများ အကြောင်းကိုလည်း ပြုပေသည်။ သည်သူကဲ့သို့ အကျိုးလိုလားသော သူကား မရှိ" ဟု မိန့်တော်မူပြီးလျှင် မိဖုရားငယ်တွင်မြင်သော ဓေယျသိမ်နှမတော် မင်းသမီးနှင့် စုံဖက်တော်မူ၍ ကြီးစွာသော အဆောင်အယောင်တို့ကိုလည်း ပေးတော်မူ၏။ သားတော် ထီးလှိုင်ရှင်ကျော်စွာ သူ့ရဲဘက် ဖြစ်သော ညောင်ဦးဘီးမြစ်- ညောင်ရမ်းစား နန်းတောင်းများကိုလည်း တရားနှင့် အရာ ထားတော်မူ၍ စီရင်ရ၏။

### ၃၂၈။ သားတော် ၅-ပါးတွင် မည်သူ မင်းဖြစ်မည်ဟု စုံစမ်းခြင်း အကြောင်း

နရပတိစည်သူမင်းကြီးကား မင်း၏တရား ဆယ်ပါးကိုလည်း မပြတ် ဆောက်တည်တော်မူ၏။ ပြည်ရေးရွာမှု ရှိသောအခါ ပညာရှိတို့ လျှောက်သော စကားကို ယူတော်မူ၏။ ရာဇမာယာ၌ လိမ္မာကျွမ်းကျင်သည်ဖြစ်၍ ပြည်သူလူအပေါင်းတို့သည် နှစ်လိုကုန်၏။ မြို့ပြည် အနှံ့အစပ် ဘုရား, ဂူ, ကျောင်း, တန်ဆောင်း, ဇရပ် ပြုတော်မူပြီးသော ဝတ္ထုကံ မိုး လယ်ယာ, ဥယျာဉ် လှူတော်မူ၏။ "သားတော် ဓေယျသိမ်" ကိုလည်း နန်းတော်ကို ဆောက်စေ၏။ သားတော်အကြီး ဓေယျသူရ၊ ရာဇသူ၊ ဂင်္ဂါသူ၊ ပွဲရှီ ဤသူတို့ကိုလည်း အဆောင်အယောင် ကြီးစွာနှင့် တိုင်းကြီး ခရိုင်ကြီး ပေးတော်မူ၏။ ဓေယျသိမ် နန်းတောင်းများလည်း နောင်တော် ၄-ပါးတို့ကို ရှိသေလေးမြတ်စွာ သိတင်းတိုင်း နောင်တော်အိမ်သို့ သွား၍ဝတ်ပြုလေ၏။ နောင်တော် ၄-ပါးတို့လည်း မပြတ်လာ၍ ဝတ်ပြုသည်ကို အားနာစနိုး၍ ဤသို့မိန့်တော်မူကြ၏။ "နန်းတော် ရင်ပြင်တွင် ရုံးဆောက်စေ၍ ထိုရုံးသို့ ငါတို့ ညီနောင် ၄-ပါး တက်ပြီးမှ ညီတော် လာ၍ ဝတ်ပြုစေ" ဟု မိန့်တော်မူပြီးသော် နောင်တော်တို့ အမိန့်တော်အတိုင်း စီရင်၍ မပြတ် ဝတ်ပြုတော်မူ၏။ ဤသို့ နောင်တော် ၄-ပါးကို ရှိသေလေးမြတ်စွာ ပြုတော်မူသောကြောင့် နောင်တော်တို့လည်း အလွန်နှစ်သက်တော်မူ၏။ ခမည်းတော် နရပတိစည်သူမင်းကြီးလည်း သားတော် ၅-ပါး အလယ်တွင် ထီးဖြူကို စိုက်ပြီးသော် "မင်းဖြစ်ထိုက်သောသူကို ထီးဖြူညွှတ်စေသော" ဟု၍ ဓိဋ္ဌာန်တော်မူ၏။ ထီးဖြူလည်း သားတော်အငယ် ဓေယျသိမ်ထံသို့ ညွတ်လေ၏။ ထိုသို့ ညွတ်သောကြောင့် ဓေယျသိမ်ကို "ထီးလှိုင်မင်းလို" ဟူ၍ တွင်၏။

### ၃၂၉။ နရပတိစည်သူမင်း နတ်ရွာစံလုနီးတွင် သားတော် ၅-ပါးကို ဆုံးမ မှာထားတော်မူခြင်း အကြောင်း

ဤသို့ဆိုခဲ့ပြီးသော သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့၏ စီးပွားကို သက်တော် ၆၆-နှစ်တိုင်တိုင် ဆောင်တော်မူသောအခါ သားတော် ၅-ပါးတို့၏ လက်ကို အလှည့်လှည့် အလှယ်လှယ် ယူတော်မူ၍ ရင်တော်ထက် ထား၍ ဤသို့ မိန့်တော်မူ၏။ "အိုမောင်း ၅-ပါးတို့... မောင်တို့သည် ငါ့စကားကို ရှိရင်သော်မူသည်အတိုင်း မပျက်စေနှင့်။ ညီတော်၊ နောင်တော် ၅-ပါးတို့သည် အမွေမျိုးကို ညီညွတ်စွာ ချစ်ကြည်လျက် ဆောင်ရစ်ကြ။ ဤသို့ အတူအညီ ကောင်းစားခြင်းသာလျှင် အလှန် တင့်တယ်သည်။ ကျွန်များစွာ ရှိငြားသော်လည်း ဆွေရင်းမျိုးချာ မရှိသောသူသည် ကောင်းစားသည် မမည်။ ပြည်ရေး ရွာမှု၌လည်း ပြည်ရွာငြိမ်းချမ်းစေလိုသော ညီနောင် ၅-ပါးတို့သည် ဤသို့ ကျင့်ရစ်။ 'နှုတ်သီးရှည်၍ ရှုအုံသို့ထင်သော နှုတ်သီးကို ဖြတ်၊ အတက်ရှည်၍ ရှုအုံသို့ ထင်သော အတက်ကို ဖြတ်၊ အတောင်ရှည်၍ ပုံ့အုံသို့ ထင်သော အတောင်ကိုဖြတ်'။ ငါတို့မင်း မည်သည်ကား ချစ်သည်၊ မုန်းသည် မရှိ၊ ထုံးစံနှင့် အညီ ဒဏ်ကို ပေးရသည်။ ထိုသို့ကျင့်မှ သူ ကြောက်ရွံ့ ခန့်ညားလေရာသည်။ ထိုသို့ ကြောက်ရွံ့ ခန့်ညားလေသည်ဖြစ်မှ ငြိမ်သိမ်းသော အမွေမျိုးတို့သည် အပြီးသို့ ရောက်လေရာသည်။ တစ်ကြောင်းလည်း အမှုထမ်းတို့ကို မြဲဆယ်ပွဲမှ° မြင်းတင်ရာသည်၊ မြင်းဆယ်ပွဲမှ ဆင်တင်၍ ရွာပေးရာသည်၊ ဆင်ဆယ်ပွဲမှ ဆုတင်ရာသည်၊ လှေဆယ်ပွဲမှ ပေးရာပြမြို့ကို ပေးရာသည်။ ထိုမှတစ်ပါးလည်း ငြိမ်သိမ်းသော ပြည်သူ လူတကာ အပေါင်းတို့၏ နှလုံးကို ယွက်ချူးဘိသကဲ့သို့ တည့်မတ်ကောင်းမွန်စွာ ကျင့်သည် ဖြစ်မှ အခြွေအရံ များလေရာသည်။ ထိုသို့ အခြွေအရံ များသည် ဖြစ်မှ သူ ကြောက်၊ ရှက်သရာသည်။ စကားကို ဤသို့ မပစ်မပယ်မှတ်၍ ကောင်းစွာကျင့်ကြရစ်" ဟူ၍ သားတော်ငါးပါး ဆိုရာသည်။ စကားကို ဤသို့ မပစ်မပယ်မှတ်၍ ကောင်းစွာကျင့်ကြရစ်" ဟူ၍ သားတော်ငါးပါးတို့ကို သစ္စာတော်ပေးပြီးသော် သစ္စာခံမှ မိဖုရား ၄-ပါးတို့နှင့် မင်းဆွေမင်းမျိုး၊ မှူးကြီး မတ်ရာတို့ကို ဤသို့ မှာတော်မူပြန်၏။ "ပြည်ရွာ မငြိမ်မသက် သောင်းကျန်းပုန်ကန်သော် လည်းကောင်း၊ သားတော် ၅-ပါးတို့သည် ငါစီရင်သည်ကို ဖျက်သော် ငါ့အမိန့်တော်ကို မပစ်မပယ်သော သူက အုံညီ၍ ဆုံးမရစ်" ဟု သစ္စာပေးတော်မူ၏။ မိဖုရား ၄-ပါး၊ သားတော် ၅-ပါး၊[၂]တို့ကိုလည်း တိုင်း၊ ခရိုင်၊ ကျေးမကီ၊ ရွာ၊ ပြည် ပေးတော်မူ၏။

နရပတိစည်သူ အမည်တော်ရှိသော အလောင်းမင်းမြတ်သည် သံသရာ၊ ပစ္စုပ္ပန် ၂-ပါး စီးပွားကို ဆောင်တော်မူ၍ အိမ်နိမ့် (၃၃) သုံးဆယ့်သုံး၊ စည်းစိမ် (၃၃) သုံးဆယ့်သုံး၊ သက်တော် (၆၆) ခြောက်ဆယ့်ခြောက်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလို သော် မော်ကွန်းတံခါးဦးဝယ် ဘီလူး ကိုယ်ထင်ပြ၏။ အနောက်က ကြယ်တံခွန် ထွက်၏။ ဒိန်နက်သည်းသကြိန် တစ်ပြိုင်နက် သင့်၏။ နံတော် အင်္ဂါသားတည်း။

---

၁။ မြဲသည်သူ့ရဲ... ဆယ်ပွဲဆောင်မှ မြင်းတင်တွင် အမှုထမ်းရသည်။ ... ရွာမြင်သည့် ရာစသူ ... ရွာမြင်သူ ... ဖြစ်သည်။

၂။ သားတော်ငါးပါးဟူသည် ... ကိုယ်လုပ်တော်မှ ...

ရှင်ပြည်ကြားသုံးတိုက်

| နံပါတ် | တိုင်းပြည်အမည် | | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူအပေါင်း |
|---|---|---|---|---|---|
| | (၁) ရာစရွာနီကား | | | | |
| ၁ | ပုဂံ | ...၃-သိန်းမြို့ | ... | ... | ၃၀၀၀၀၀ |
| ၂ | မွန်ပြည် | ...၃-သိန်းမြို့ | ... | ... | ၃၀၀၀၀၀ |
| ၃ | ယွန်းပြည် | ...၂-သိန်းမြို့ | ... | ... | ၂၀၀၀၀၀ |
| ၄ | ဒါးဝယ်ပြည် | ...၂-သိန်းမြို့ | ... | ... | ၂၀၀၀၀၀ |
| ၅ | မာန်အောင်ပြည် | ...၂-သိန်းမြို့ | ... | ... | ၂၀၀၀၀၀ |
| ၆ | မောပြည် | ...၃-သိန်းမြို့ | ... | ... | ၃၀၀၀၀၀ |
| ၇ | တရုတ်ပြည် | ...၅-သိန်းမြို့ | ... | ... | ၅၀၀၀၀၀ |
| ၈ | သာဝတ္ထိပြည် | ...၃-သိန်းမြို့ | ... | ... | ၃၀၀၀၀၀ |
| ၉ | ဓမ္မာနဒီပြည် | ...၃-သိန်းမြို့ | ... | ... | ၃၀၀၀၀၀ |
| ၁၀ | ယိုးဒယားပြည် | ...၂-သိန်းမြို့ | ... | ... | ၂၀၀၀၀၀ |
| ၁၁ | တနင်္သာရီပြည် | ...၄-သိန်းမြို့ | ... | ... | ၄၀၀၀၀၀ |
| ၁၂ | ပက်ကပြည် | ...၆-သိန်းမြို့ | ... | ... | ၆၀၀၀၀၀ |
| ၁၃ | သရနခါနိပြည် | ...၆-သိန်းမြို့ | ... | ... | ၆၀၀၀၀၀ |
| ၁၄ | သရနဒေါပြည် | ...၆-သိန်းမြို့ | ... | ... | ၆၀၀၀၀၀ |
| ၁၅ | ပန်ထွာပြည် | ...၆-သိန်းမြို့ | ... | ... | ၆၀၀၀၀၀ |
| ၁၆ | ကျည်းပြည် | ...၆-သိန်းမြို့ | ... | ... | ၆၀၀၀၀၀ |
| ၁၇ | ကျည်းပုန္နမပြည် | ...၆-သိန်းမြို့ | ... | ... | ၆၀၀၀၀၀ |
| ၁၈ | သိန်းနီပြည် | ...၄-သိန်းမြို့ | ... | ... | ၄၀၀၀၀၀ |
| ၁၉ | ခန်ပြည် | ...၂-သိန်းမြို့ | ... | ... | ၂၀၀၀၀၀ |
| ၂၀ | ကယင်ပြည် | ...၂-သိန်းမြို့ | ... | ... | ၂၀၀၀၀၀ |
| | | | စုစုပေါင်း | ... | ၇၆၀၀၀၀၀ |

ရတနာပူရ-အဝရွှေနန်း၌ သိုင်းမော်ကွန်း အစဉ်ထားသော ကမ္ဘည်းစာရင်းကား။

၁ - အဝမြို့ အဝန်းကား ... ၁၃၆၆-တာ။
ရွှေနန်းတော် အဝန်းကား ... ၃၀၀-တာ။
၂ - ပုဂံမြို့တစ်ထောင် ၆-တာချွဲ ... ၁၀၀၆-တာချွဲ။
၃ - မြင်စိုင်းမြို့ ... ၇၉၃-တာ။

၄- ပင်းယမြို့ ... ၈၄၀-တာ။
၅- စကိုင်းမြို့ ... ၆၅၃-တာ။
၆- တကောင်းမြို့ ... ၅၈၅-တာ။

(၂) တစ်တောင် ၃-မြို့ကား။

| နံပါတ် | မြို့မည် | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူအပေါင်း |
|---|---|---|---|---|
| ၁ | တောင်ငူ ... | တစ်တောင်ပြု | ၎င်း | ၁၀၀၀ |
| ၂ | တောင်တွင်းကြီး ... | ၎င်း | ၎င်း | ၁၀၀၀ |
| ၃ | လိုင်းတက် ... | ၎င်း | ၎င်း | ၁၀၀၀ |
| | တစ်တောင်ပြု ၃-မြို့။ စုစုပေါင်း ... | | | ၃၀၀၀ |

| နံပါတ် | မြို့မည် | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူအပေါင်း |
|---|---|---|---|---|
| (၃) | ပြည်မြို့ ... | ရှစ်ရာပြု | ၎င်း | ၈၀၀ |
| (၄) | ရမည်းသင်း ... | ၇၀၀-ပြု | ခုနစ်ရာပြု | ၇၀၀ |
| (၅) | စလင်း ... | ၆၀၀-ပြု | ခြောက်ရာပြု | ၆၀၀ |

တောင်ပြု ၃-မြို့။ ၈၀၀-ပြုကား ပြည်တစ်မြို့သာ ပါသည်။ ပြည်မြို့အတွင်းသို့ ကဘွပ်လွယ်၊ ညောင်ပင်ဆိပ်၊ စစ်တရဲ၊ တလည်းဆီး၊ ရွှေတောင်၊ ၅-မြို့ ပါလေ၏။

၇-ရာပြု မြို့ကား ရမည်းသင်း တစ်မြို့သာ ပါလေသည်။ ထိုမြို့အတွင်းသို့ ပက်ပိုင်၊ ပြကောင်၊ တောင်ညို၊ တမြင်ဆန့်၊ ဉာဏ်ရေလွဲ ၅-ခရိုင် ပါလေ၏။

၆-ရာပြု မြို့ကား စလင်းတစ်မြို့သာ။ ထိုမြို့အတွင်းသို့ ယော၊ လောင်းရှည် ပါလေ၏။

| နံပါတ် | မြို့မည် | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူပေါင်း |
|---|---|---|---|---|
| | (၆) လေးရာပြု မြို့အဝန်း ဟူသမျှကား ၂၂-မြို့။ | | | |
| ၁ | မြင်စိုင်းမြို့ ... ၇၉၃-တာ | ဖြာပြု | လေးရာပြု | ၄၀၀ |
| ၂ | ပင်လယ်မြို့ ... ၆၅၄-တာ | ၎င်း | ၎င်း | ၄၀၀ |

| | | | | | |
|---|---|---|---|---|---|
| ၃ | မြင်စည်မြို့ | ... ၃၇၀-တာ | ... | ... | ၄၀၀ |
| ၄ | ပင်းတလဲမြို့ | ... ၃၀၀-တာ | ... | ... | ၄၀၀ |
| ၅ | ယင်းတော်မြို့ | ... ၄၄၆-တာ | ... | ... | ၄၀၀ |
| ၆ | ဝတီမြို့ | ... ၄၅၀-တာ | ... | ... | ၄၀၀ |
| ၇ | ရန်အောင်မြို့ | ... ၄၀၀-တာ | ... | ... | ၄၀၀ |
| ၈ | ကြက်သားမြို့ | ... ၃၈၀-တာ | ... | ... | ၄၀၀ |
| ၉ | မြေထဲမြို့ | ... ၄၂၃-တာ | ... | ... | ၄၀၀ |
| ၁၀ | ကျွန်းဆုံမြို့ | ... ၇၂၀-တာ | ... | ... | ၄၀၀ |
| ၁၁ | ပန်းတောမြို့ | ... ၃၀၀-တာ | ... | ... | ၄၀၀ |
| ၁၂ | စကုမြို့ | ... ၇၁၀-တာ | ... | ... | ၄၀၀ |
| ၁၃ | လယ်ကိုင်းမြို့ | ... ၃၄၀-တာ | ... | ... | ၄၀၀ |
| ၁၄ | ကုက္ကန်းကြီးမြို့ | ... ၅၀၀-တာ | ... | ... | ၄၀၀ |
| ၁၅ | တလုပ်မြို့ | ... ၅၀၀-တာ | ... | ... | ၄၀၀ |
| ၁၆ | ကံနီမြို့ | ... ၅၃၄-တာ | ... | ... | ၄၀၀ |
| ၁၇ | တပယင်းမြို့ | ... ၄၃၇-တာ | ... | ... | ၄၀၀ |
| ၁၈ | စေတုတ္တရာမြို့ | ... ၈၀၀-တာ | ... | ... | ၄၀၀ |
| ၁၉ | မြေတူးပေါင်း | ... ၄၀၀-တာ | ... | ...... | ၄၀၀ |
| | အနော်ရထာမင်းစော | | ... | ... | |
| | ရဲ့ပြန်သည်နှင့် | ... ၆၇၇-တာ | ... | ... | |
| ၂၀ | ငစဉ်ကူးမြို့ | ... ၆၉၅-တာ | ... | ... | ၄၀၀ |
| ၂၁ | အမြင့် | ... (တာ မပါ) | ... | ... | ၄၀၀ |
| ၂၂ | ဗတုံ | ... (တာ မပါ) | ... | ... | ၄၀၀ |
| | လေးရာ မြို့ ၂၂-မြို့။ စုစုပေါင်း | | | ... | ၈၈၀၀ |

(၇) သုံးရာမြို့မြို့ ၃-မြို့ကား။

| နံပါတ် | မြို့မည် | | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူပေါင်း |
|---|---|---|---|---|---|
| ၁ | ငွေယ်ကုန်းမြို့ | ... ၄၂၂-တာ | မြို့မြို့ | ၃-ရာမြို့ | ၃၀၀ |
| ၂ | ပြင်တမြို့ | ... ၄၈၀-တာ | ၎င်း | ၎င်း | ၃၀၀ |
| ၃ | မြစ်တွင်းမြို့ | ... (တာ မပါ) | ၎င်း | ၎င်း | ၃၀၀ |
| | | သုံးရာမြို့မြို့ ၃-မြို့ | | | |
| | သုံးရာမြို့ ၃-မြို့။စုစုပေါင်း | | | ... | ၉၀၀ |

## (၈) နှစ်ရာပြု မြို့ကား။

| နံပါတ် | မြို့မည် | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူပေါင်း |
|---|---|---|---|---|
| ၁ | မြစ်သာမြို့ ... ၃၄၀-တာ | ပြာပြု ငင်း | ၂-ရာပြု ငင်း | ၂၀၀ |
| ၂ | ဝဏ္ဏစမှုမြို့ ... ၃၀၅-တာ | ... | ... | ၂၀၀ |
| ၃ | သရက်မြို့ ... ၂၀၀-တာ | ... | ... | ၂၀၀ |
| ၄ | မင်းတုန်းမြို့ ... ၄၈၃-တာ | ... | ... | ၂၀၀ |
| ၅ | မကွေးမြို့ ... ၂၅၄-တာ | ... | ... | ၂၀၀ |
| ၆ | စုန်းမြို့ ... ၃၈၀-တာ | ... | ... | ၂၀၀ |
| ၇ | ရွှေတောင်ကျွန်းသီး (တာ မပါ) | ... | ... | ၂၀၀ |
| ၈ | စကိုင်းတောင်သင်း (တာ မပါ) | ... | ... | ၂၀၀ |
| ၉ | မုဆိုးဘို ... (တာ မပါ) | ... | ... | ၂၀၀ |
| ၁၀ | ပုတက် ... (တာ မပါ) | ... | ... | ၂၀၀ |
| ၁၁ | မြို့သစ် ... (တာ မပါ) | ... | ... | ၂၀၀ |
| ၁၂ | အင်းမဝမြို့ ... (တာ မပါ) | ... | ... | ၂၀၀ |
| ၁၃ | ပေါင်းတည် ... (တာ မပါ) | ... | ... | ၂၀၀ |
| | ၂-ရာပြုမြို့ ၁၃ မြို့။ စုစုပေါင်း | | ... | ၂၆၀၀ |

## (၉) တစ်ရာပြု မြို့ ၈-မြို့ကား။

| နံပါတ် | မြို့မည် | ရှေး ရေးပုံ | ယခု ရေးပုံ | စစ်သည် လူပေါင်း |
|---|---|---|---|---|
| ၁ | မကွေ့ရာမြို့ ... ၄၇၀ တာ | ပြာပြု | တစ်ရာပြု | ၁၀၀ |
| ၂ | တပြက်သာမြို့ ... ၃၄၀ တာ | ... | ... | ၁၀၀ |
| ၃ | ပျဉ်းမနားမြို့ ... ၃၈၈ တာ | ... | ... | ၁၀၀ |
| ၄ | မြို့တောင်မြို့ ... ၃၇၀ တာ | ... | ... | ၁၀၀ |
| ၅ | ရွှေနံ့သာမြို့ ... ၅၇၁ တာ | ... | ... | ၁၀၀ |
| ၆ | တည်တော် ... (တာ မပါ) | ... | ... | ၁၀၀ |
| ၇ | စဥ့်ကိုင် ... (တာ မပါ) | ... | ... | ၁၀၀ |
| ၈ | ရန်မိန်မြို့ ... ၃၃၀ တာ | ... | ... | ၁၀၀ |
| | တစ်ရာပြု ၈-မြို့။ စုစုပေါင်း | | ... | ၈၀၀ |

(၁၀) ၈-ကျိပ်မြို့ မြို့တား ၇-မြို့။

| နံပါတ် | မြို့နယ် | ရှေး ရေးပုံ | ယခု ရေးပုံ | ခေါ်သည့် လူမျိုး |
|---|---|---|---|---|
| ၁ | သင်းမ ... (ထားမပါ) | ၈-ကျိပ်မြို့ | ရှင်း | |
| ၂ | ထားမကျွန် ... (ထားမပါ) | --- | --- | ၈၀ |
| ၃ | သောင်ဘက်ထားအုံ ... (ထားမပါ) | --- | --- | ၈၀ |
| ၄ | ပခန်း ... (ထားမပါ) | --- | --- | ၈၀ |
| ၅ | မြို့သစ်နှင့်ကနီ ... (ထားမပါ) | --- | --- | ၈၀ |
| ၆ | မြဲသင် ... (ထားမပါ) | --- | --- | ၈၀ |
| ၇ | မဲထား ... (ထားမပါ) | --- | --- | ၈၀ |
| | ၈-ကျိပ်မြို့ ၇-မြို့ ။ စုစုပေါင်း | | --- | ၈၀ |

(၁၁) ၇-ကျိပ်မြို့ ၂၀-မြို့တား။

| နံပါတ် | မြို့နယ် | ရှေး ရေးပုံ | ယခု ရေးပုံ | ခေါ်သည့် လူမျိုး |
|---|---|---|---|---|
| ၁ | ဆောင်ဘက်ထားအုံမြို့တား ၂၈ | ၇-ကျိပ်မြို့ | ရှင်း | |
| ၂ | ဆောက်ပြန်မြို့ --- ၃၅၀-ထာ | ရှင်း | --- | ၇၀ |
| ၃ | မြင်းခုံတိုင်မြို့ --- ၇၈၀-ထာ | --- | --- | ၇၀ |
| ၄ | ထိုင်းထားမြို့ --- ၃၆၀-ထာ | --- | --- | ၇၀ |
| ၅ | လေးခွန်မြို့ --- ၃၅၇-ထာ | --- | --- | ၇၀ |
| ၆ | ငါးရှိမြို့ --- ၃၃၀-ထာ | --- | --- | ၇၀ |
| ၇ | မိကျည်မြို့ --- ၃၄၀-ထာ | --- | --- | ၇၀ |
| ၈ | ရွာသာမြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၉ | တင်းသာမြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၀ | အင်းမမြို့ --- ၂(ထားမပါ) | --- | --- | ၇၀ |
| ၁၁ | တော့ရက်မြဲပြင်းမြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၂ | ဝါးခုင်းတုတ်မြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၃ | မြောက်ဘက်ထားအုံ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၄ | ထင်းထားမြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၅ | ဆောက်ရှုမြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၆ | ပြည်ကျမြို့ သစ် --- (ထားမပါ) | --- | --- | ၇၀ |
| ၁၇ | ဆပါက်မြို့ပြီးမြို့ --- (ထားမပါ) | --- | --- | ၇၀ |
| ၁၈ | သမည်မြို့ --- (ထားမပါ) | --- | --- | ၇၀ |
| | | --- | --- | ၇၀ |

| | | | | | |
|---|---|---|---|---|---|
| | ...မြို့ (ဆက်လက်) | | | | |
| | ကောင်းလယ်မြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၁၄ | ဆန်ကော်မြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၁၅ | ဆန်ခုံမြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၁၆ | ကျော်ကြီးမြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၁၇ | ဆန်ရွာမြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၁၈ | သင်ရာမြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၁၉ | ဝဲမြို့ | ... (တာမပါ) | --- | --- | ၇၀ |
| ၂၀ | | ၇–ကျိုက်မြို့ ၂၀–မြို့၊ စုစုပေါင်း | | --- | ၁၄၀၀ |

(၁၂) ၄–ကျိုက်မြို့ ၇–မြို့ တာ။

| | | | | | |
|---|---|---|---|---|---|
| ၁ | ကန်ရွာကံမြို့ | ... ၃၀၀–တာ | ၄–ကျိုက်မြို့ | ရုံး | ၄၀ |
| ၂ | ရေကြည်ရွာမြို့ | ... ၂၆၅–တာ | --- | --- | ၄၀ |
| ၃ | ညောင်ရင်းမြို့ | ... (တာမပါ) | --- | --- | ၄၀ |
| ၄ | ကျွဲသာရာမြို့ | ... (တာမပါ) | --- | --- | ၄၀ |
| ၅ | ချင်းသာမြို့ | ... (တာမပါ) | --- | --- | ၄၀ |
| ၆ | ထက်ရွှေဘက်မြို့ | ... (တာမပါ) | --- | --- | ၄၀ |
| ၇ | ပေါင်းတည်မြို့ | ... (တာမပါ) | --- | --- | ၄၀ |
| | | ၄–ကျိုက်မြို့ ၇–မြို့၊ စုစုပေါင်း | | --- | ၂၈၀ |

(၁၃) ၃–ကျိုက်မြို့ ၁၀–မြို့ တာ။

| | | | | | |
|---|---|---|---|---|---|
| ၁ | စစ်မြို့ | ... ၂၀၀–တာ | ၃–ကျိုက်မြို့ ရုံး | ရုံး | ၃၀ |
| ၂ | ကင်းတုံးယဲမြို့ | ... ၁၅၀–တာ | | --- | ၃၀ |
| ၃ | ရှမ်းရဲမြို့ | ... ၂၀၀–တာ | --- | --- | ၃၀ |
| ၄ | တောင်ရှင်မြို့ | ... ၂၂၀–တာ | --- | --- | ၃၀ |
| ၅ | မကြာရာမြို့ | ... ၃၃၃–တာ | --- | --- | ၃၀ |
| ၆ | မြင်းခုံမြို့ | ... (တာမပါ) | --- | --- | ၃၀ |
| ၇ | ဝင်းတောင်နှင့်တောင် | ... (တာမပါ) | --- | --- | ၃၀ |
| ၈ | မလည်မြို့ | ... (တာမပါ) | --- | --- | ၃၀ |
| ၉ | ကြည်ညပ်မြို့ | ... (တာမပါ) | --- | --- | ၃၀ |
| ၁၀ | ခင်သည်မြို့ | ... (တာမပါ) | --- | --- | |
| ၁၁ | ရွှေပါယ်နှင့် | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ကျောင်းမြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၂ | မြောင်ခေါင်မြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၃ | သက်ငယ်ကျွင်းမြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၄ | မန်ကျည်းမြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၅ | ညောင်အုပ်မြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၆ | တောင်ပလုမြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၇ | ပဋ္ဌာနိမြို့ | ... (တာမပါ) | ... | ... | [illegible] |
| ၁၈ | အင်းရှည်မြို့ | ... (တာမပါ) | ... | ... | [illegible] |
| | | ၃-ကျိုပ်ပြမြို့ ၁၉-မြို့။ စုစုပေါင်း | | ... | [illegible] |

## (၁၄) ၂-ကျိုပ်ပြမြို့ ၂-မြို့ကား။

| | | | | | |
|---|---|---|---|---|---|
| ၁ | မြောင်လှမြို့ | ... ၄၅၀-တာ | ၂-ကျိုပ်ပြ | ၄င်း | [illegible] |
| ၂ | မြင်ကွန်းမြို့ | ... ၃၃၀-တာ | ၄င်း | ၄င်း | [illegible] |
| | | ၂-ကျိုပ်ပြ ၂ မြို့။ စုစုပေါင်း | | ... | [illegible] |

အထက်ပါ စာရင်းများတွင် ပုဂံ ခေတ်ကောင်းစားစဉ်က ပြဋ္ဌာန်းခဲ့သော သိမ်းပြမြို့ ရာဇဌာနီ အဖွဲ့များတွင် သောင်းပြမြို့များကို အပါအဝင်ပြု၍ ထားသည်ဟု ယူရန် ရှိ၏။ ထို့ကြောင့် သောင်းပြမြို့ စာရင်းကို သီး မတွေ့ရ ဖြစ်သည်။

မြန်မာရာဇဝင်မင်းဆက်တို့ တုံးစုံမှာလည်း လက်အောက်ခံနိုင်ငံ ထီးဆောင်းမင်းတို့ကိုသာ အဖွဲ့ကြီး၍ မိမိနိုင်ငံတော်ရင်း၌ကား တောင်ပြမြို့ကို အကြီးဆုံးထား၍ ပေးမြဲ ဖြစ်သည်။ မြို့လွတ် စာရင်းမှာလည်း အောက်ပါအတိုင်းသာ တွေ့ရပေ၏။

## (၁၅) မြို့လွတ် ၁၅-မြို့ကား။

| | | | | | |
|---|---|---|---|---|---|
| ၁ | ဥမင်ကိုမြို့ | ... ၂၀၆-တာ | ... | ... | ... |
| ၂ | ညောင်ရမ်းမြို့ | ... ၆၅၄-တာ | ... | ... | ... |
| ၃ | မြို့လှမြို့ | ... ၃၅၀-တာ | ... | ... | ... |
| ၄ | ပြကောင်မြို့ | ... ၃၀၀-တာ | ... | ... | ... |
| ၅ | သလွန်မြို့ | ... ၃၀၀-တာ | ... | ... | ... |
| ၆ | ပက်ပိုင်မြို့ | ... ၂၈၀-တာ | ... | ... | ... |
| ၇ | ရေညီမြို့ | ... ၂၀၀-တာ | ... | ... | ... |
| ၈ | စစ်သာမြို့ | ... ၃၆၆-တာ | ... | ... | ... |
| ၉ | သာယာဝတီမြို့ | ... ၈၈၀-တာ | ... | ... | ... |
| ၁၀ | တလည်းစီးမြို့ | ... ၇၈၀-တာ | ... | ... | ... |

| | | | | | |
|---|---|---|---|---|---|
| | မကွေးခရိုင်ကြီး (ပထမအုပ်) | ... ၅၀၀-တာ | ... | ... | ... |
| ၁၁ | ငှက်ရွတ်မြို့. | ... ၂၆၄-တာ | ... | ... | ... |
| ၁၂ | ကန်ညင်ပြောင်မြို့. | ... ၄၀၇-တာ | ... | ... | ... |
| ၁၃ | ပဒိုင်းမြို့. | ... ၅၃၀-တာ | ... | ... | ... |
| ၁၄ | သာဝတ္ထိမြို့. | ... ၄၄၀-တာ | ... | ... | ... |
| ၁၅ | မလှမြို့. | | ... | ... | ... |
| | | မြို့လွတ် ၁၅- မြို့။ စုစုပေါင်း | | ... | ၀ |

## စာရင်းချုပ်

| နံပါတ် | အဘွဲ့၏ မျိုးမည် | မြို့ပေါင်း | စစ်သည်တော် လူပေါင်း |
|---|---|---|---|
| | ပုဂံ-ရာဇဌာနီ နိုင်ငံပေါင်း ၂၀ | | |
| ၁ | ရာဇဌာနီများ ... ... | ၂၀ | ၇၆၀၀၀၀၀ |
| | အဝနိုင်ငံမြို့ကား ၁၂၇-မြို့။ | | |
| ၂ | ထောင်ပြမြို့. ... ... | ၃ | ၃၀၀၀ |
| ၃ | ရှစ်ရာပြမြို့. ... ... | ၁ | ၈၀၀ |
| ၄ | ခုနစ်ရာပြမြို့. ... ... | ၁ | ၇၀၀ |
| ၅ | ခြောက်ရာပြမြို့. ... ... | ၁ | ၆၀၀ |
| ၆ | လေးရာပြမြို့. ... ... | ၂၂ | ၈၈၀၀ |
| ၇ | သုံးရာပြမြို့. ... ... | ၃ | ၉၀၀ |
| ၈ | နှစ်ရာပြမြို့. ... ... | ၁၃ | ၂၆၀၀ |
| ၉ | တစ်ရာပြမြို့. ... ... | ၈ | ၈၀၀ |
| ၁၀ | ရှစ်ကျိပ်ပြမြို့. ... ... | ၇ | ၅၆၀ |
| ၁၁ | ခုနစ်ကျိပ်ပြမြို့. ... ... | ၂၅ | ၁၇၅၀ |
| ၁၂ | လေးကျိပ်ပြမြို့. ... ... | ၇ | ၂၈၀ |
| ၁၃ | သုံးကျိပ်ပြမြို့. ... ... | ၁၉ | ၅၇၀ |
| ၁၄ | နှစ်ကျိပ်ပြမြို့. ... ... | ၂ | ၄၀ |
| ၁၅ | မြို့လွတ် ... ... | ၁၅ | ၀ |
| စစ်သည်တော်လူဦးရေ-ခုနစ်သန်း ခြောက်သိန်း နှစ်သောင်းတစ်ထောင့်လေးရာ ရသည်။ | | အစုစုပေါင်း | ၇၆၂၁၄၀၀ |

မှတ်ချက်။ ။ အထက်တွင် ဖော်ပြပါရှိသော စာရင်းများမှာ သိန်းမြို့ကို ၂-ကျိပ်မြို့တိုင် သတ်မှတ်ထားရှိသော မြို့များမှာ စာရင်းချုပ်မှာဖြစ်သည်။ သိန်းမြို့ဟု သတ်မှတ်ထားရှိသော မြို့များမှာ စစ်ရေး ကြီး, ငယ် အလျောက် ရှိလိမ့်မည် သတ်မှတ်ထားရှိသော စာရင်းများ ဖြစ်သည်။ စစ်ရေးစစ်ရာ၌က လူတစ်သိန်းနှင့် ထမ်းရွက်ရလေသည်။

ရာဇဝင်စာဆိုက်

ခန့်မှန်း၍ ဆင်ခြင်ရုံ မည်မျှ ဖြစ်လေ၏။ ဤရာဇဝင်ကြီးတွင် (လေ့လာဆယ်ပွဲမှ လေးရာမြို့ကို လေးရာပြည်ပိုင်...) လေ့တင်က ထမ်းရွက်၍ ဆယ်ပွဲ ဆောင်မှသာ လေးရာမြို့ကို ပေးရမည် မှာတော်မူသည်။ လေးရာမြို့ ၂၂-မြို့ ရှိသည့်အနက် ထိုစစ်ပွဲလိပ်နှင့် နေ့နံသင့်ရာမြို့ကို ရွေးချယ်၍ ပေးရန် ဖြစ်သည်။

ပုဂံကောင်းစားစဉ်က ရာစုသွန် စာရင်းနှင့် အဝမင်းတို့လက်ထက် မြို့စာရင်းများကိုသာ တွေ့ရှိရသည်။ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း မင်းတို့လက်ထက် စာရင်းများကို ဤသို့ မတွေ့ရချေ။ အကြောင်းကား ထိုမင်းတို့ လက်ထက်မှာ နိုင်ငံ ကျဉ်းသည်။ ပုဂံ၊ ပြည်၊ တောင်ငူ၊ တောင်တွင်း၊ ရာမည၊ တကောင်း၊ ရှမ်းပြည်များ တစ်ရံတစ်ခါ၌ကား လွတ်၍ တစ်ရံတစ်ခါမှသာလျှင် လက်အောက်ခံ ဖြစ်သည်။ ထို့ကြောင့် ဤစာရင်းတို့ စာရင်း မထား မရှိဟု ယူဆပ်၏။

အထူးမှာ မြန်မာဘုရင်တို့၌ နိုင်ငံတော်-အကျယ်ဆုံးကာလတွင် ထားသော အထက်ပါ စာရင်းအ စစ်သည်တော်လူပေါင်း ခုနစ်သန်း ခြောက်သိန်း နှစ်သောင်းတစ်ထောင့်လေးရာကိုသာ နန်းစဉ် ကျမ်းစာ ထား၍သည်။ ထိုကျမ်းစာရင်းထက် မိုးမာသောအရာကို မတွေ့ရသေးရှိသည်။ နိုင်ငံကျယ်သော အနော်ရထာ မင်းစောလက်ထက် ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်သို့ ချီတော်မူသောအခါ ရေကြောင်း သုံးကုဋေခြောက်သန်း ကြည်းကြောင်း သုံးကုဋေခြောက်သန်း၊ ၂-စုပေါင်း ခုနစ်ကုဋေနှစ်သန်းနှင့် ချီသည်ဟု ပါရှိ၏။ ယခုစာတိုင်းရ တိုက်ဆိုင်၍ကြည့်မူ ဆယ်ဆနီး ပိုမို၍ များနေသည်။ ဤသို့ ရေးခြင်းများကို ကြွားဝါသည်ဟု ဆိုရမည်လည်း တရုတ်ပြည်သို့ ရောက်သောအခါ တရုတ်စစ်သည်ကို ထားဘိဦး၊ တပ်က မြင်းစာရိတ်သောသူတို့ ရှက်၍ ကြည့်သည်။ စစ်သည်တော် ခုနစ်ကုဋေနှစ်သန်းကို သုံးထပ် ပတ်မိသည်ဟူ၍ တရုတ်ပြည်၏ အင်အားကိုလည်း ဆိုပြန်သောကြောင့် ကြွားဝါလို၍ ရေးသည် မဟုတ်၊ ချီးမွမ်း အံ့ဩသောအားဖြင့် ရေးသည် ဟူ၍သာ ယူရန် ရှိချေ၏။

## ၃၃၀။ ဓမ္မရာဇ် နန်းတောင်းများမင်း အကြောင်း (၅၀)

**သက္ကရာဇ် (၅၅၉)**[1] ငါးရာငါးဆယ့်ကိုးခုသော် သားတော်**ဓမ္မရာဇ် နန်းတောင်းများမင်း**[2] ဖြစ်တော်မူ၏။ **"ထီးလိုမင်းလို"**ဟူ၍လည်း အချို့သောရာဇဝင်မှာ ရေးမှတ်ကြသည်။ ထိုမင်း မိဖုရားကား ၄-ပါးတည်း။ ရွှေဂူဒါယကာသမက်တော် **ဂဂ်သူမြေး ဘွားကြီး** အမည်ခံသော **တောင်ပြင်သည်**လည်း တစ်ပါး၊ သရေဝေဠုနာသမီး ခြောက်ပြင်သည်လည်း တစ်ပါး၊ မြစ်သာ သူကြီးသမီး **အလယ်ပြင်သည်**လည်း တစ်ပါး၊ မြစ်သာသူကြီးဟု တွင်သည်ကား ရွှေဂူဒါယကာ သားတော် ဈေးသဘင်တွင်မြင်သော သမီးတော်သည် "မြစ်သောအရပ်၌ ဖွားသောကြောင့်" မြစ်သာသူကြီးဟု မှည့်သတည်း။ ရွှေဂူဒါယကာသမက်တော် ရာဇသူကား ဂဂ်သူတွင်မြင်သော အိမ်တော်သည်လည်း တစ်ပါး။ ဤသို့ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင် မိဖုရား တောင်ပြင်သည် သားတော်ကား **သိန်းပတေ့နှင့် တရားမွန်**တည်း။ မိဖုရား အလယ်ပြင်သည်တွင် သားမရှိ၊ မိဖုရား မြောက်ပြင်သည်တွင်လည်း သားမရှိ။ ဓမ္မရာဇ်မင်းကြီး မင်းဖြစ်တော်မူလျှင် ခမည်းတော် ခန့်ထားစီရင်တော်မူသမျှကို တစ်စမလစ်မလပ်ရအောင် တရားစွာ ကျင့်တော်မူ၏။ နောင်တော် ၄-ပါးတို့ကိုလည်း ခယမ်းရှိသေစွာ သီတင်းနေ့တိုင်း သွား၍ မပြတ် ဖူးမြင်၏၊ လက်ဆောင် လက်နက်တို့ကို လည်းကောင်း၊ ပြည်ရွာတိုင်းကား၌ ဖြစ်သော အခွန်အတုတ် တို့ကို လည်းကောင်း ငါးဖို့ အမျှ စု၍ အစုအတိုင်း မယုတ်မလွန်ရအောင် ဆက်၏။

---

၁။ အေဒီ ၁၁၉၇

၂။ ကျောက်စာများ၌ နားတောင်းများမင်းဟူ၍သာ တွေ့ရှိရသည်။ မင်းသားဘဝက နားတောင်း အဆင်တန်ဆာ အမျိုးမျိုးကို လှပဆန်းကြယ်စွာ ဝတ်ဆင်ခဲ့သူဟု မှတ်ယူရ၏။ နားတောင်းများမင်း၏ ကောင်းမှုတော် ဘုရားကို "တိလောကမဟ်လာ"ဟု မွန်ဘာသာဖြင့် ရေးထိုးထားရာမှ "ထီးလိုမင်းလို" ဟူ၍ အသတ်များ မှားကြခြင်းဖြစ်သည်။

ဤသို့ တရား(နှင့် ညီ)စွာ ကျင့်တော်မူသောကြောင့် အမှူးအမတ် ပြည်သူ လူရဟန်း အပေါင်းတို့သည်လည်း အလွန်ချစ်နှစ်လိုကုန်၏။ ကောင်းသော မေတ္တာစိတ်ဖြင့် ကောင်းသော ဆုကို ပေးကုန်၏။ ထိုမင်းကား အဆင်းလည်း လှ၏။ သီလ, သမာဓိ, ပညာနှင့်လည်း ပြည့်စုံတော်မူ၏။ ကျစ်လျစ်ချောင်တော်မူ၏။ ပြည်သူလူအပေါင်းတို့အားလည်း ဆင်းရဲချမ်းသာကို သိတတ်သောကြောင့် ပြည်ရွာ သောင်းကျန်းပုန်ကန်သည်ဟူ၍ မရှိ။ မိုးရေ ကောင်း၏။ ပြည်ထဲ ရှိုး ရည်ပင်၏။

မင်းကြီးကား တန့်ကြည့်တောင်သို့ တက်တော်မူသည်။ တူးရွှင်းတောင်သို့ တက်တော်မူသည်။ မှူးတောင်သို့ တက်တော်မူသည်။ ဥရုံမြို့သို့ စုန်တော်မူ၍ မြစ်နားဝယ်ရှိသော ပုထိုးဘုရားများကို ဖူးမြင်တော်မူသည်။ သည်မှတစ်ပါး တောကြောင်း လည်းကောင်း၊ ရေကြောင်း လည်းကောင်း ထိုမှ ဤမှ တစ်ပါးသို့ ကြွတော်မမူစဖူးလေ။ တစ်ရံရောအခါ ဥရုံမြို့သို့ ရတနာ ရွှေဖောင်နှင့် စုန်တော်မူရာတွင် မိဖုရားအိမ်တော်သည် သားတော်မွေးရာဓာကို ဖောင်တော်တွင် ဖွားတော်မူ၏။ ပြန်တော်မူ၍ နေပြည်တော်သို့ရောက်လျှင် များမကြာ မိဖုရားကြီး တောင်ပြင်သည် သားတော် တရားမွှန်လည်း ကြမ္မာကုန်ခဲ့၏။ မယ်တော်မိဖုရားနှင့် မင်းကြီးကား ကြေကွဲတော်မူ၍ ရေစာ မယူ ရှိဘိ၏။

## ၃၃၁။ အမတ်ကြီးနှစ်ပါး မင်းကို တရားဟောပုံ အကြောင်း

အလယ်ပြင်သည်၊ မြောက်ပြင်သည် ရှင်မိဖုရား ၂-ပါးလည်း အမတ်သိဒ္ဓိကာနှင့် အမတ်ကြီးသိုင်းကို ခေါ်တော်မူ၍ "မင်းကြီးနှင့် မိဖုရားကို နှလုံးတော်ပြေအောင် ပြောဘိလော" ဟူ၍ မိန့်တော်မူ၏။ အမတ်ကြီး ၂-ပါးလည်း မင်းကြီးသို့ ကပ်လေ၍ "အရှင်မင်းကြီး၊ ဘုံသုံးပါး၌ ကျင်လည်သော သတ္တဝါအပေါင်းတို့သည် အနိစ္စတရားမှ မကင်း၊ နိဗ္ဗာန်သာ အမြဲရှိသည် ဟူ၍ ဟောတော်မူသော တရားတော်ရှိသည်။ သင်္ခါရာ၊ သင်္ခါရ တရားသဘောတို့သည်ကား အနိစ္စာဝတ၊ အမြဲမရှိခဲ့တကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်၍ပျက်တတ်သော သဘောလည်း ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်သောသဘော ရှိကုန်၏။ တေသံ၊ ထိုသို့ ဖြစ်တတ်, ချုပ်ပျက်တတ်သော သဘောတရား ၂-ပါးတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သာလျှင်။ ဝတ၊ စင်စစ်အားဖြင့်။ သုခေါ၊ ချမ်းသာစွတကား။ ။ ဤသို့ ဟောတော်မူသော တရားတော်ကို အသင့်အားဖြင့် ရွှေနှလုံးတော်က ထားတော်မူသင့်သည်" ဟူ၍ နားတော်လျှောက်၏။ မင်းကြီးလည်း "အမတ်တို့ ... ဖြစ်တတ်, ပျက်တတ်သော တရားကို ငါသိတော်မူ၏။ ယခုကား ငါ မသိနိုင်" ဟူ၍ အမတ်ကြီး ၂-ယောက်နှင့် ပြောဟောကြစဉ် သက်ကြီး ရှိက်တငင် ရှိတော်မူဘိ၏။

## ၃၃၂။ စေယျာသိမ်မင်း ပစ္စေကဗုဒ္ဓါဆုကို ယူ၍ စေတနာစေတီကို တည်ပြီးနောက် နတ်ရွာစံခြင်း အကြောင်း

"အမတ်တို့၊ ဤသို့ ဆင်းရဲခြင်းသည်ကား ချစ်တတ်သော သဘောကြောင့်ဖြစ်သည်။ ထို့ကြောင့် ချစ်ခြင်းကင်းသော နိဗ္ဗာန်ကို သဗ္ဗညုဘုရားဆုဖြင့်တောင်းသော် အလွန်ကြာလှသည်။ ပစ္စေကဗုဒ္ဓါ အဖြစ်ဖြင့် နိဗ္ဗာန်သို့ ရောက်စေသော" ဟူ၍ ဆုတော်, မျိုးတော် အစရှိသော မှူးကြီး, မတ်နိုင်တို့နှင့် တိုင်ပင်တော်မူ၍ "စေတနာ" ဟူသော ကောင်းမှုတော်ကို တည်တော်

မှု၏။ ထေရအာဝင်တော် ထိုလိုပ်ရှင် ကျွန်စစ်သား ကနားတော်ရောက်ရှိလည်း မွတ်တော်[illegible]
တည်တော်မူ၏။ စေတီတော် နရပတိစည်သူ တည်တော်မူသော ဓာတ်တော်ကို[illegible]
ငြိမ်တော် ထားပြီး လှပ်တော်မူ၏။ ထိုမင်းကား ငြိမ်ဆိမ်အေးချမ်းစွာ တော်မူ၏။ မင်း[illegible]
ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ အိမ်နိမ့် (၂၀)နှစ်ဆယ်၊ စည်းစိမ် (၂)နှစ်[illegible]
သက်တော် (၄၂)လေးဆယ့်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူ[illegible]
စေရကြောင်း ကဲ့နှင့်ပြ၏။ အမှိလည်း ပြန်၏။ နံတော် အဂ်ါသားတည်း။

၃၃၃။ ကျစွာမင်း အကြောင်း (၅၁)

သက္ကရာဇ် (၅၈၀)[24] ငါးရာရှစ်ဆယ်တစ်ခုသော် သားတော်ကျစွာ မင်းဖြစ်တော်မူ၏။
မွေရာဇာပုသော အစည်ကို ခံတော်မူ၏။ ထိုမင်းကား ပြည်သူလူအပေါင်းတို့အား ရင်[illegible]
ဖြစ်သော သားကဲ့သို့ သနားတော်မူ၏။ ပိဋကတ်သုံးပုံကိုလည်း ၉-ခေါက်ပြန်၍ သင်တော်မူ၏။
ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့မှ အထူးထူးသော အဓိပ္ပာယ်တို့ကို ကျနတော်မူသည်။
နေ့ဆဲ၊ ကြံစည်သော အရာ၌ ထိုမင်းကို တုသောသူ မရှိ။ အရိယာသံဃာတို့အားလည်း တစ်[illegible]
၇-ပါး တသင်တော်မူ၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဘုံ၊ ပုဂ္ဂိုလ်တို့ကို သိစေ[illegible]
မောင်းမတို့အား ပြသနိုင်ရာ "ပရမတ္ထဗိန္ဒု"လည်း စီရင်တော်မူ၏။ ပြည်ရေးရွာမှု၌ နားလည်[illegible]
များ စစ်ကြောကွပ်ညှပ်ခြင်း၊ တရားစီရင်ခြင်း ရှိသမျှကို သားတော် အိမ်ရှေ့ဥစ္စနာ[illegible]
စီရင်၍ ဆုံးဖြတ်စီရင်ရသတည်း။ အနော်ရထာမင်းစောသည် ပြက်ကရေတော်ချိန်[illegible]
ညီပြည်၌ မင်းတစ်ကြိမ်ဖြစ်မှ ပေပင်ပေါက်စေသော"ဟု ဝိဋ္ဋာန်တော်မူ၍ စိုက်တော်မူသော
ပေပင်သည် ထိုမင်းလက်ထက်၌ ပေါက်သော ဟူ၏။ ထိုပေပင် ပေါက်ကြောင်းကို ကြား[illegible]
ရ၍ ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၏။ ထိုမင်းကား တူးရွှင်းတောင်ခြေက ကျသော ဆေ[illegible]
ကန်ကြီးဆည်၍ ကြာချိုး ၅-ပါးနှင့် ပြည့်စုံစွာ စိုက်ပြီးသော် ဝမ်းဘဲ၊ ဟင်္သာ၊ ကြိုးကြာ၊
ဗျိုင်းကြက်၊ ငှက်ပေါက်စသော ငှက်အပေါင်းတို့နှင့် ပြည့်စုံ၏။ ထိုကန်၌လည်း လယ်တာ[illegible]
စီရင်တော်မူ၍ တစ်နှစ် ၃-သီး စားရ၏။ ထိုကန်နားသို့ မင်းတဲ သာယာစွာ ပြုပြီးသော် တစ်[illegible]
၇-ပါးတသင်၍ ပျော်ပါးတော်မူ၏။ ထိုသို့ ပရိယတ္တိ သာသနာတော်ကို အားထုတ်တော်မူသော
ကြောင့် ကောင်းမှုတော်ပြုသမျှကို တည်တော်မူသည်လည်း အဆောင်အလျော် ကဲ့ရှားသည်
မပြီးသေး ။ "သီလဝါ သီလဝသူမွေးစွား နတ္တိ န ဓမ ဝိနွတိ"။ ။ ဤသို့သော စကား
ဖြင့် ရာစဝင်၌ ထင်စွာ ထားတော်မူခဲ့၏။ ထိုမင်းကား သန်လျက်ကစားတော်မူရာတွင် သန်လျက်
နာ၍ အိမ်နိမ့် (၂၀)နှစ်ဆယ်၊ စည်းစိမ် (၁၅) တစ်ဆယ့် ငါး၊ သက်တော် (၃၅)သုံးဆယ့်ငါးသော်
အနိစ္စရောက်တော်မူ၏။ ရောက်တော်မူလိုသော် ဖြိုးတင်းကုပ်တွင် လင်းတများစွာ နား၏။
နံတော် တနင်္လာသားတည်း။

[24] ခေတ် ၁၂၁၉  ၂၅ ကျစွာမင်းကို နားတော်များစွာ[illegible] သိမ်းမှုထံသိမ်း အိမ်တော်သည်တို့မှ ဖွားမြင်[illegible]
နန်းတက်စဉ် မှုပ်ပြီ၊ [illegible] မှာရောက်ဖဝင်ရာ [illegible]
ပြုစောင့်ရှောက်ခဲ့ရကြောင်း မော်ကြွယ်၏။ ပေါက်[illegible] ၁၃ ၁၁။ အား ပိုင်[illegible]
၁၁၉၀ ၄ နှစ် ၄ နာရီ [illegible] ကျစွာမင်း၏ [illegible]
အထောက်အကူ အမှတ် ၈၀၁/၃၈။

## ၃၃၄။ ဥစနာမင်း အကြောင်း

[illegible] သက္ကရာဇ် (၇၉၆)[၁] ငါးရာကိုးဆယ့်ခြောက်ခုနှစ် သားတော်ဥစနာ မင်းဖြစ်တော်မူ၏။ [illegible] ရွှေဥဒေါင်းသားတော် မင်းရှင်စောမြေးတည်း။[၂] ထိုမိဖုရားကြီးတွင် သားတော် [illegible] ဖြစ်သတည်း။ တစ်ခုသောအခါ မင်းကြီး ထွက်တော်မူရာတွင် မြစ်သာရွာသူ ပန်းမှုတ် [illegible] သူ့သမီးတစ်ယောက်သည် အပြင်အလျှာ အလွန်ကောင်း၏။ ထိုသူငယ်မကို မြင်တော် [illegible] အပေါ်ဆောက်တွင် "စုလည်းထုံး" ဟု၍ မပြတ်စေစားတော်မူ၏။ အခါတစ်ပါး [illegible] နေသောအနိုက် ဆပ်ခြည်း" လဲဘိ၏။ မင်းကြီးလည်း "ဝက်ရူး လုပ်သည် [illegible] မိဖုရားလည်း "ဝက်ရူးလုပ်သောအနာ မဟုတ်၊ အကြောင်းရှိသည်" [illegible] သိမ်းမြှောက်တော်မူ၏။ သူငယ်မလည်း ပဋိသန္ဓေ နေ့လနေပြီးသော် ယောက်ျား [illegible] မင်းကြီးလည်း သူငယ်အရွယ်သို့ ရောက်သော် ဦးရိုးပဉ္စင်းကို အပ်၍ ဆရာတော် [illegible] စာသင်ရလေ၏။

## ၃၃၅။ ဆိတ်တိန်းကမ်းမြို့ရွာ သူကြွယ်သမီးကို သိမ်းယူခြင်း အကြောင်း

တစ်ခုသောအခါ ပုပ္ပားအရပ်၌ ဆိတ်တိန်းကမ်းမြို့ရွာဝယ် တောင်သူကြီး သမီးငယ် [illegible] သည် ဖဝါးခြေသင် သွားတတ်သောအခါ အဖ ယာထွန်ရာသို့ ယူလာ၍ အိပ်ပျော်စေ [illegible] တွင် သိပ်၏။ မြွေဟောက်ကြီး တစ်ကောင်လည်း သူငယ်မကို ဖေါ်၍ ပါးပျဉ်းမိုးလျက် နေ၏။ အဖ တောင်သူကြီးလည်း မြွေဟောက်ကြီးကိုမြင်၍ ဦးခေါင်းကို ပါးပျဉ်းမိုးလျက် နေ၏။ အဖ တောင်သူကြီးလည်း မြွေကြီးကိုမြင်၍ [illegible] ထွန်ရာက နုတမင် သွားလေသော် မြွေကြီးလည်း ဖွာ၍ ပြေးလေ၏။ ထိုအကြောင်းကို [illegible] ညာရှိတို့အား ပြန်သော် "ဤသူငယ်မသည် အထင်အရှား ကောင်းစားလတ္တံ့" ဟူ၍ ဆိုလေ၏။ သူငယ်မလည်း ကောင်းကြွယ်သသူဖြစ်၍ အဝတ်တန်ဆာ ကောင်းစွာဆင်လျက် သူငယ်တော် [illegible] များနှင့် ယာစောင့်စေ၏။

သူငယ်မ ၁၂-နှစ် အရွယ်သို့ ရောက်သောအခါ ထိုရွာတွင် မြတ်လေးပင် နိုက်၏။ ထိုသို့ နိုက်သော မြတ်လေးတစ်ရုံတွင် ဝုန်းညှက်၊ ရှုးရား၊ ဖကား ပွင့်၏။ ထိုအကြောင်းကို ညာရှိတို့အား ပြန်လေသော် "ဤမိန်းမငယ်ကား အမြတ်အထွတ်ဖြစ်လတ္တံ့" ဟူ၍ ဆောလေ၏။ ဥစနာ မင်းကြီးလည်း နတ်တော်လ ရောက်လေသော် မင်းတကာတို့သည် ပုပ္ပားတောင်သို့ တက်မြဲ ဖြစ်သောကြောင့် အစဉ်အတိုင်း ပုပ္ပားသို့ တက်တော်မူလေ၏။ ထိုအခါ ဆိတ်တိန်း ကမ်းမြို့ အရပ်၌ သူငယ်မအကြောင်းကို ကြားတော်မူသော် ထိုအရပ်သို့ ကြွတော်မူ၍ သူငယ်မကို ကြည့်တော်မူ၏။ သူငယ်မလည်း မြတ်သောအဆင်းနှင့် ပြည့်စုံသောသူဖြစ်၍ ယူတော်မူလေ၏။ မင်းကြီးလည်း ထိုသူငယ်မကို သနားတော်မူသည်ဖြစ်၍ အပါးတော်ဝယ် ဝတ်ထိုးပါး စေတော်

---

၁။ ကောဇာ ၁၂၃၄ [illegible]

၂။ ဥစနာမင်းသည် ရွှေဥဒေါင်းသားတော် မင်းရှင်စောမြေး [illegible] ဖြစ်သည်။ ဥစနာမင်း၏ [illegible] နောင်ဆိုသော [illegible]

[illegible] * ရတ်ခြည်

[illegible]

[illegible]

မှုန်း၍ တစ်ရံရောအခါ မင်းကြီးနောက်တော်ဝယ် ယားသည်ကို မည်သည်တွင်ပါ [illegible]
လျောက်ဘိ ဟူ၍သာ မိန့်တော်မူ၏။ သူငယ်မလည်း မင်းကြီး ယားသည်ကို ဖိုက်၍ [illegible]
လေ၏။ ဤသို့နှင့် လျောက်ဖန်များလတ်သော် "ဟယ် မောင်းမငယ်... ငါ မည်သည်[illegible]
မိန့်တော်မူဘဲ လျောက်ဘိ ဆိုကာမျှကို ဖိုက်ရုံး လျောက်သည်ကား ငါ ယားရာကို [illegible]
ကြောင့် သိလေသနည်း" ဟု မိန့်တော်မူ၏။ မောင်းမငယ်လည်း "အရှင်မင်း... [illegible]
သူတို့၏ ကိုယ်တော်သည်ကား နူးညံ့စွာသော ကိုယ်တော်ဖြစ်သည်၊ ယားရာကို [illegible]
ထင်၍ လျောက်သည်" ဟု နားတော်လျှောက်လေ၏။ မောင်းမငယ် လျှောက်သော [illegible]
မင်းကြီးကြားတော်မူ သော် "ဤမိန့်မငယ်ကား ဥာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သည်" [illegible]
မိဖုရားသို့လည်း မရောက်၊ မောင်းမလည်း မက သူကောင်းပြုတော်မူ၍ မင်းကြီး [illegible]
ကြောက် သွားတော်မူလေရာ အမြဲလုပ်ကျွေးရ၏။ မင်းကြီးကား ခမည်းတော်လက်ထက် [illegible]
စံတော်မူစဉ်ကပင် ရောဂါပါးတော်မူမြဲ ဖြစ်သောကြောင့် တလင်္ကာသို့ သွားတော်မူ၍ မင်း[illegible]
ဆောက်ပြီးသော် ထိုမင်းတဲတွင် နေတော်မူ၍ ဆင် မပြတ် ကစားတော်မူ၏။

၃၃၆။ သားတော် မင်းခွေးချေးကို ဦးရိုးရဟန်းက မင်းကြီးသို့ အပ်လာခြင်း အကြောင်း

မင်းကြီးဆရာတော် သင်္ချိုင်းသည် သားတော် မင်းခွေးချေးစာတော်ကို ယူ[illegible]
ဦးရိုးဘုန်းကြီးခေါ်၍ "ပုဏ္ဏားဘုစာတာသည် စုတ်၊ ယုက်သန့်သည်၊ ကောင်းမည်အမှန်[illegible]
ဖြစ်သောကြောင့် တံခွက်လေးငယ်နှင့် အရက်ကိုတင်၍ ခမည်းတော်မင်းကြီး ရှိရာ [illegible]
မင်းသားကို ဆက်လေ။ ပုဏ္ဏားတူ မင်းသားကိုလည်း မင်းကြီးအား အပ်လေ" ဟု မိန့်တော်မူ၏။
ဦးရိုးဘုန်းကြီးလည်း မင်းသားကို တလင်္ကာသို့ကူး၍ တံခွက်နှင့် တင်သော အရက်ကို ဆက်လေ၏၊
တူကိုလည်း မင်းကြီးအား အပ်လေ၏။ မင်းကြီးလည်း အားရတော်မူ၍ ဆုလာဘ်သ[illegible]
များစွာပေးပြီးသော် "ဝန်းပွတ်သည်မြေ ခွေးချေး" ဟူ၍လည်း သားတော်ကို ပြက်ရယ်တော်မူ၏။

၃၃၇။ မင်းခွေးချေး မင်းဖြစ်အံ့သော နိမိတ်အကြောင်း

မင်းခွေးချေး မင်းဖြစ်တော်မူလိုသော် သူငယ်များနှင့် ခုန်က ကစားရာ တလင်္ကာ[illegible]
ခွေးချေးစေ့ ထည့်လေသည်ကို မြင်လေသော် သစ်ခက်ဖုံးထည့်၍ ဗိုလ်ပါအခြွေအရံအား[illegible]
သင်ခက်၊ ခမြဲဆုပ် အစရှိသော ကျောက်လုံးအုတ်ခဲတို့ဖြင့် ပုဆစ်တုပ်၍ ပူဇော်ကုန်၏။ ထို[illegible]
ပူဇော်သော အပုံကြီးစွာကိုမြင်သော် "ဤမင်းသားသည် မကြာမတင် မင်းဖြစ်လတ္တံ့" ဟူ၍
ပညာရှိတို့ ဆိုကုန်၏။

---

၁။ [illegible] မိဖုရားများအား [illegible] ရှိသည်။ (၁) [illegible]
(မင်းဝိုင်းဘုရားအော)မှာ [illegible] (သေဒီ ၁၂၃၀–၁၂၃၇) ၏ မိဖုရား [illegible]
[illegible] (၂) [illegible] (သေဒီ ၁၂၄၉–၁၂၅၆)၏ [illegible]
[illegible] (သေဒီ ၁၂၄၉–၁၂၅၆)နှင့် [illegible] (သေဒီ ၁၂၅၆–၁၂၈၇) [illegible]
[illegible] (၃) [illegible] ၂ ပါး၏ မိဖုရား [illegible]
[illegible] (သေဒီ ၁၂၈၀–၁၃၂၅) [illegible] (သေဒီ ၁၂၈၉–၁၂၉၇)၏ မိဖုရား[illegible]
ဆိုလိုသည်။ ၃။ [illegible] ၂။ [illegible]
[illegible]
ပေါ်ကြောင်း ဆိုသည်။

[illegible] သည့် ဆင်အောက်တို့တွင် မင်းနှင့် တန်သော ဆင်ကောင်း ပါသည်ကို ကသာ [illegible] ဆင်ရှိုင်းလည်း မှန်ရှိသည်ဖြစ်၍ စီးတော်မူသောဆင် မရနိုင်၊ [illegible] တော်မူလေသော် ဆင်ရှိုင်းလည်း [illegible] ပွေ့ရာနှင့်ပင် အတွေးတွေးကျတော်မူ၍ ပုဂိုလ်ကိုသော ဆင်ထိမ်းရှေ့၏။ [illegible] ရွာလည်း၍ နေရာနှင့်ပင် အတွေးတွေးကျတော်မူ၍ ပုရိသတောကို ဆင်ထိမ်းရှေ့၏။ [illegible] (၃၃) သုံးဆယ်သုံးနှစ်၊ စည်းစိမ် (၆)ခြောက်နှစ်၊ သက်တော် (၃၉)သုံးဆယ့်ကိုးနှစ်သော် [illegible] ရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် သဗ္ဗညုဘုရား အနိုးထွက်၏။ ကြာသ [illegible] လတွင် ချင်း၏။ ဒိန်နက်သည်း သကြိန် တစ်ပြိုင်နက် သင့်၏။ မိကျောင်း [illegible] ခဲကြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

[illegible] ပြီးတွင်ပေါ်၍ ခံကြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။ ထိုမင်း သားတော်ကား သီဟသူနှင့် မင်းခွေးချေးသာတည်း။ ထို ၂-ပါးတွင် မင်းခွေးချေး [illegible] ဖြစ်သော အကြောင်းကား-

### ၃၃၈။ သီဟသူနှင့် အမတ်ကြီး ရာဇသင်္ကြံ အကြောင်း

သဗ္ဗရာဇ် (၆၀၂)ခြောက်ရာနှစ်ခုသော် ဥဇနာမင်းကြီးသားတော် သီဟသူကို ခမည်းတော် ရှိစဉ်ကပင် နန်းလျာထားသည်ဖြစ်သောကြောင့် မင်းပြုမည်ဟူ၍ နန်းသို့တက်သည်ကို အမတ်ကြီး ရာဇသင်္ကြံ ဤသို့ နားတော်လျှောက်၏။ "အရှင်သား... ခမည်းတော်သည် ကျော့စွာ [illegible] ဖြစ်သော တလဖြို့မှာ အနိစ္စရောက်တော်မူ၍ သဂြိုဟ်တော်မူသော သချိုင်းတော်ကို [illegible] အမှုးအမတ်တို့လည်း ဦးတိုက်ရပြီ။ ဦးမတိုက်ရသော အမှုးအမတ်တို့လည်း ဦးတိုက်ရသော အမှုးအမတ်တို့လည်း ဦးတိုက်ရပြီ။ ဦးမတိုက်ရသော အမှုးအမတ်တို့လည်း ဦးမတိုက်ရသေး ဖြစ်သည်။ ကျွန်တော်တို့ အမှုးအမတ် ကလန် သံပျင်တို့သည် ခမည်းတော် သချိုင်းတော်ကို ဦးတိုက်၍ ပြန်မှ ဘိသိက်ခံတော်မူပါ"ဟူ၍ လျှောက်၏။ သီဟသူလည်း မကြည်တော်မူရှေ့သောကြောင့် "ခမည်းတော်သချိုင်းကို ဦးတိုက်၍ အလျှင်ပြန်ခဲ့"ဟု မိန့်တော် မူ၏။ အမတ်ကြီး ရာဇသင်္ကြံမှ စသော အမှုးအမတ် ကလန် သံပျင် အပေါင်းတို့လည်း သွား၍ ရောက်လေသော် သချိုင်းတော်တွင် ရုံးစု၍ ရာဇသင်္ကြံ ဤသို့ ဆို၏။

"အမတ်တို့... သီဟသူကို မင်းမြှောက်သည်ရှိသော် ပြည်ရွာအလုံး ခက်လေတော့မည်။ သီဟသူဆိုသော မင်းသားသည် အမျက်ဒေါသမာန် ကြီး၏။ အပြုအနုလည်း မြင်း၏။ သူ၏ သား မယားကိုလည်း မျက်မုန်းကျိုးတတ်၏။ လောဘသဏ္ဌာယလည်း ကြီး၏။ သစ္စာစကား ကိုလည်း မစောင့်။ အမတ်တို့ကို ထားဘိ၍ ငါအမတ်ကြီးဖြစ်သော သူကိုမျှ မထောက်မထား မခန့်မရည်း ကျင့်ဖူးလေ၏။ တစ်ရံရောအခါ သီဟသူ နောက်က လာသည်ကို မမြင်မိ၍ ဖျင်လက်မသိမ်းခင် ရှိလေသည်ကို ဖျင်လက်ဝယ် ကွမ်းသွေးထွေးဘိ၏။ ငါလည်း အရှင်သား လာသည်ကို မမြင်မိပလေ ဟူ၍ ဆိုသော်လည်း နလုံးမပြေ ရှိရှားလေ၏"။ ကွမ်းသွေး ထွေးသော ဖျင်ကိုလည်း ထားရာ တံတင်းမှ ယူ၍ အမတ်တို့ကို ပြလေ၏။

### ၃၃၉။ နရသီဟပတေ့ တရုတ်ပြေးမင်း အကြောင်း (၅၃)

အမတ်တို့လည်း ထိုဖျင်ကိုမြင်သော် "မင်းမဖြစ်ခင်ကမှ အမတ်ကြီးကို ဤသို့ စော်ကားရှင့်၊ မျက်နှာမျက်တိုး၏ ရှင့်။ မင်းဖြစ်တော်ကြီးကား အဘယ်မှာ ငါတို့ နေရအံ့နည်း"ဟူ၍ အမှုး၊ အမတ်၊ ကလန်၊ သံပျင်အပေါင်းတို့ တစ်စိတ်တစ်ဝမ်းတည်းဖြစ်၍ တလကို ရောက်လေသော် သီဟသူကိုဖမ်း၍ ညီတော်မင်းခွေးချေးကို နန်းတင်ကြ၏။ နန်းတက်တော်မူလျှင် "နရသီဟ

တော့" ဟူသော အမည်ကို ခံတော်မူ၏။ မိဖုရားကား ဆိတ်တိန်းကမ်းပြို ...
အမည်တော် မှည့်၍ နန်းတင်သောသူကို "ဘွားစော" ဟူသော အမည်နှင့် မိဖုရားခေါင်အရာ
မူ၏။[1]

### ၃၄၁။ ပုဂံ၌ ၃-ကြိမ် မင်းပြုသော မင်းတို့အမည်များ အကြောင်း

ဘုရားရှင် တန့်ကြည့်တောင်ဖျားထက် ဗျာဒိတ်ထားတော်မူသောအခါ အင်းဝ ... နွားကို ထိန်း၍ ဘုရားရှင်အား နေကာဖူးသော တောင်စောင့်ဘီလူးကို "ဤပြည်၌ မင်း ၃-ဆက် ဖြစ်လတ္တံ့သည်" ဟူ၍ ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ စလေသေရွှေ တစ်ကြိမ်၊ ကုလားကျ တစ်ကြိမ်၊ နရသီဟပတေ့ တစ်ကြိမ်၊ ၃-ကြိမ် ဖြစ်လာသော ဟူ၏။

သမုဒ္ဒရာဇ်မင်း၊ အနော်ရထာမင်း၊ ကျော်စွာမင်း၊ ဤမင်း ၃-ဆက်တို့သည်လည်း ဘုရားအလောင်း အရှင်တစ်ကျိပ်ဝင် ပုလဲဆင်မင်း ဖြစ်လာသော ဟူ၏။

ပြူမင်းထီး၊ သော်လှည်ကြောင်း၊ ကျန်စစ်သား၊ ဤမင်း ၃-ပါးတို့သည်လည်း တန့် ဆောက်တည်း ၃-ကြိမ် ဖြစ်လာသော ဟူ၏။

### ၃၄၂။ မင်းအဖြစ်ကို ပေးသော အမတ်ကြီး ရာဇသင်္ကြံကို အမျက်တော်ရှိခြင်း အကြောင်း

နရသီဟပတေ့မင်း လက်ထက်တော်တွင်မှ "ပုဂံ" ဟု တွင်၏။ ထိုမင်းကား ဘုရားသခင် ဗျာဒိတ်ရသသူဖြစ်၍ ဘုန်းတန်ခိုးကြီး၏။ အပြုအစု အမျက်ဆောင်မာန် ပြင်း၏။ အစားအသောက် ကြူး၏။ ထိုနရသီဟပတေ့မင်းကြီးကို မင်း၏အဖြစ်ကို ပေးပေသော အမတ်ကြီး ရာဇသင်္ကြံကို မင်းသားလက်ထက် နောင်တော်သီဟသူ ဖျင်လက်ကို ကွမ်းဖတ်နှင့် ထွေးသောအခါ "နရသီဟပတေ့" မင်းသားသည် အမတ်ကြီးရာဇသင်္ကြံအိမ်သို့ လာ၍ "အဘိုး... ကျွန်ုပ်ကို မ စပါ" ဟူ၍ ဆိုလေ၏။ အမတ်ကြီးရာဇသင်္ကြံလည်း ငိုလိုရာတွင် လက်တို့၏သို့ "အရှင့်သားဖိုးသာ" ဟူ၍ ဆိုလေ၏။ ထိုသို့ ဆိုသည်နှင့်အညီ မင်းအဖြစ်ကို ပေးလေ၏၊ နရသီဟပတေ့မင်းလည်း မင်းအဖြစ်ကို ရတော်မူလျှင် မေ့လျော့တော်မူ၍ အမတ်ကြီးရာဇသင်္ကြံကို မပြုမစု နေဘိ၏။

ရာဇသင်္ကြံလည်း နလုံးမကြည်ရှိ၍ ကွမ်းကလပ်ပဲ့ကို ဆောင်၍ နန်းတော်သို့ တက်လေ၏။ မင်းကြီးလည်း "အဘိုးရာဇသင်္ကြံ အဘယ်ကြောင့်ကွမ်းကလပ်ပဲ့ကို စားသနည်း" ဟု မေးတော်မူ၏။ "အရှင့်သား... ပန်းပွတ်သည်တို့ ပွတ်ပါမည်သူ မရှိ၍ ကလပ်ပဲ့ကို စားရသည်" ဟု အထိအရောက် လျှောက်လေ၏။ မင်းကြီးလည်း ရာဇသင်္ကြံ လျှောက်သော စကားကို ကြားတော်မူသော် နလုံးတော်နာသည်ဖြစ်၍ "အဘိုးရာဇသင်္ကြံ... ဝှတ္ထုတ်ကို တင်သောအခါ အဘယ်နှင့် တင်သနည်း" ဟု မေးတော်မူ၏။ "အရှင် အရှင့်သား... ဝှတ္ထုတ်ကို တင်သည်" ဟု လျှောက်၏။ "ဝှတ္ထုတ် အထက်သို့ရောက်သော် ပြမ်းကို ပသို့ပြုလေသနည်း" ဟု မေးတော်မူ၏။ "အရှင့်သား... ဝှတ္ထုတ် အထက်သို့ ရောက်ပြီးသော် ပြမ်းကိုဖျက်မှ ဝှတ္ထုတ် တင့်တယ်သည်" ဟု လျှောက်၏။ မင်းကြီးလည်း "ငါကား ဝှတ္ထုတ်နှင့်တူ၏၊ ရာဇသင်္ကြံကား

---

[1] မိဖုရားကြီးဘွားစောကို မောကျွန်းကျောက်စာ ရေးထိုးသူမကြီး သိမ့်ကြ၏။ ပုဂံတော်နောင်း ထင်ရှားခဲ့သည့် ဘွားစော သုံးဦးအနက် ဒုတိယဘွားစော ဖြစ်သည်။

ဖြစ်နှင့်လှ၏၊ ဂူရွတ် အထောက်ကို ရောက်သကဲ့သို့ ငါ မင်းအဖြစ်သို့ ရောက်ပြီ၊ မြမ်းနှင့်တူသော ရာဇသင်္ကြီကို ဖျက်မှ ဂူရွတ်နှင့်တူသော ငါ တင့်တယ်သည်ဖြစ်မည်၊ ရေးစီမံ, ဆင်, မြင်း, သင်းပင်းစစ်ချီရာတို့ကို သိမ်း၍ တလသို့ ပို့လော" ဟု မိန့်တော်မူ၏။ အမတ်တို့လည်း အမိန့်တော်နှင့် အညီ ပို့လေ၏။

## ၃၄၂။ အမတ်ကြီး ရာဇသင်္ကြီကို တလသို့ ပို့ခြင်း အကြောင်း

ရာဇသင်္ကြီလည်း ခရီးသို့ ရောက်သောအခါ လေပြင်းလာ၍ သစ်ပင်ကြီးများစွာ ကျိုးပဲ့သည်ကို မြင်သော် "ကျွန်သားကိုယ် ရေပန်းပြားပင်ခန့်မျှ မလိမ္မာချေ၊ သစ်ပင်ကြီးကဲ့သို့ကျင့်၍ ကျိုးသို့ ဖြစ်ရချေသည်" ဟု သံဝေဂယူ၍ ဆို၏။ ပို့သောသူတို့ ပြန်၍ရောက်သော် "ရာဇသင်္ကြီ အဘယ်သို့ ဆိုသနည်း" ဟု မေးတော်မူ၏။ ပို့သူတို့လည်း "ဘုန်းကြီးသော အရှင်ဘုရား၊ ရာဇသင်္ကြီသည် လေပြင်းလာ၍ သစ်ပင်ကြီးများ ကျိုးပဲ့သည်ကိုမြင်သော် ငါသည် ရေပန်းပြားပင် ခန့်မျှ မလိမ္မာချေ" ဟူ၍ ဆိုသော အကြောင်းကို လျှောက်၏။ မင်းကြီးလည်း ခပ်မဆိတ် နေတော်မူ၏။

## ၃၄၃။ ရာဇသင်္ကြီကို တလသို့ ပို့လျှင် လက်အောက်ခံ မြို့နယ်များ ဖြားနားပုန်ကန်ခြင်း အကြောင်း

ထိုအခါ "ရာဇသင်္ကြီကို တလသို့ ပို့ပြီ" ဟု ကြားလေသော် မန္တရီစီးလည်း ပုန်ကန် သောင်းကျန်းလေ၏။ မုတ္တမစား ငရွေလည်း ဖြားနားရိုင်းပြန်လေ၏။ ထိုအကြောင်းကို မင်းကြီး အား လျှောက်လာ၍ ကြားတော်မူသော် တိုင်ပင်ဘက်ဖြစ်သော အမတ်ပညာရှိ မရှိသည်ဖြစ်၍ ငိုင်၍ နေတော်မူ၏။ **မိဖုရားဘွားစောလည်း** မင်းကြီး နလုံးမသာကြောင်းကို သိလေသော် "အရှင်မင်းကြီး၊ တိုင်ပင်တော်မူဘက်ဖြစ်သော ရာဇသင်္ကြီကို ဖျက်တော်မူ၍ အဝေးသို့ ရောက် လေသောကြောင့် မန္တရီစီ, မုတ္တမစားတို့သည် သောင်းကျန်းရိုင်းပြန်ရလေသည်။ အမတ် ရာဇသင်္ကြီကို ခေါ်တော်မူ၍ ပြည်ရေးရွာမှုကို တိုင်ပင်တော်မူမှ အရေးတော် ပြီးလွယ်မည်" ဟု နားတော်လျှောက်ပေ၏။ မင်းကြီးလည်း သူပုန်သူကန်တို့ အလုံးအရင်း အနိုင်အပြီး မရှိခင် "ရာဇသင်္ကြီကို ခေါ်ချေ" ဟူ၍ အမတ်တစ်ယောက်ကို လေလျှင်နှင့် စေတော်မူ၏။

## ၃၄၄။ ရာဇသင်္ကြီကို ပြန်ခေါ်၍ ရှေးနည်းအတိုင်း ခန့်အပ်တော်မူခြင်း အကြောင်း

အမတ် ရောက်လေသော် "မြေးတော် ဘဝရင်က ခေါ်တော်မူသည်၊ အလျင် ကြွတော်မူ ရမည်" ဟူ၍ လျှောက်ပြီးသော် လေလျှင်တွင် တင်၍ အလျင်ဆန်ခဲ့၏။ ခရီး၌ တံငါတို့သည် ငါး ဆက်နှင့်၏။ ထိုတံငါတို့လှေတွင် အမှတ်မဲ့ ငါးစွန့်ရာတွင်ပါ၍ ရသောမြကျောက်[၁]ကို မြင်လေ၏။ ရာဇသင်္ကြီလည်း "သင်တို့ သည်ကျောက်ကို ဘယ်မှာ ရသနည်း" ဟု မေး၏။ တံငါတို့လည်း "ကွန်ချွန်ရာတွင် ရ၍ သူငယ်တို့ကို ကစားစိမ့်မည် ယူခဲ့သည်" ဟု လျှောက်၏။ ရာဇသင်္ကြီလည်း "ငါ့ကို ရောင်းတော့" ဟု ဆို၏။ တံငါတို့လည်း အမှတ်မဲ့ မသိသည်ဖြစ်၍ ရာဇသင်္ကြီလည်း ဆောင်းမှန်စွာ ပွတ်သပ်၍ ပြုပြီးသော် အဖိုးအတိုင်းမသိဖြစ်၍ ဆက်လေ၏။ ရာဇသင်္ကြီလည်း ...

အလှနှင့်ပင် အရောင်အဝါ ထွန်းပ၏။ ထိုကိုမြင်လျှင် တံငါတို့ကို ဆုလာဘ်သစ်ပေးကာ ပေး၍ အပြင်းဆန့်ခဲ၏။ ပုဂံသို့ရောက်လေသော် မင်းကြီးက ဆင်နှင့်တင်လာ၏။ နန်းတော်သို့ရောက်၍ မြကျောက်ကို ဆက်လေသော် အလွန်အားရတော်မူ၍ "ဤမြကျောက်ကို အဘိုး အဘယ်မျှ ရချေသနည်း" ဟု မေးတော်မူလေ၏။ "ဘုန်းတော်ကြောင့် ကျွန်တော် ရပါသည်" ဟူ၍ လျှောက်၏။ မင်းကြီးလည်း "အဘိုးကို ငါ မျက်တော်မူမိသည်၊ နှလုံးမသာ မရှိနှင့်" ဟု မိန့်တော်မူပြီးသော် သိမ်းယူတော်မူသဖြင့် ဥစ္စာ၊ ဆင်၊ မြင်း၊ သင်းပင်းကျေးကျွန်တို့ကို ပေးတော်မူပြန်၏။ အသသ်လည်း တိုင်း၊ ခရိုင်နှင့်တကွ ထီး၊ စလွယ်၊ ကွမ်းခွက်၊ အဆောင်အယောင် ထပ်၍ ပေးတော်မူပြန်၏။

## ၃၅၅။ ပုန်ကန်ခြားနားရာသို့ စစ်သူကြီးများကို ချီစေကြောင်း

မန္တကိရိ[၁]၊ မုတ္တမစား သောင်းကျန်းပုန်ကန်လေရာသို့လည်း စစ်သူကြီး ၂-ယောက်ကို ချီစိမ့်မည်ဟူ၍ စီရင်တော်မူ၏။ အတွင်းသင်းမှူး သရေပစ္စပတေ့ကိုလည်း အညာတစ်လျှောက် တိုင်း ခရိုင် စားသော တောင်ဘက်၊ မြောက်ဘက် အလုံးတွင်ရှိသော တိုက်ဆင် ၂၀၀၀၊ မြင်း ၄၀၀၀၊ စစ်သည်သူရဲရှစ်သိန်းနှင့် သက္ကရာဇ် (၆၀၄) မြောက်ရာလေးခု ပြာသိုလဆန်း ၆-ရက်၊ ကြာသပတေးနေ့ [၁]ကန်လက်တွင် မန္တကိရိသို့ ချီလေစေ၏။

## ၃၅၆။ မုတ္တမသို့ ရာဇသင်္ကြံ ချီတက်ခြင်း၊ အောင်မြင်ခြင်းများ အကြောင်း

ထိုနေ့ ၎င်းအမတ်ရာဇသင်္ကြံနှင့် အောက်အကြေတစ်လျှောက် ခရိုင်စားသော အနေ့ဘက်၊ အနောက်ဘက် အလုံးတွင်ရှိသော တိုက်ဆင် ၂၀၀၀၊ မြင်း ၄၀၀၀၊ စစ်သည်သူရဲရှစ်သိန်းနှင့် ရေကြောင်း၊ ကြည်းကြောင်း မုတ္တမသို့ ချီလေစေ၏။ ရာဇသင်္ကြံ ဒဂုန်သို့ ရောက်လေသော် တိုက်လှေပါသမျှကို ဒဂုန်တွင်ထားခဲ့၍ ကြည်းကြောင်းအလုံးအရင်း ဆင်၊ မြင်း အများနှင့် မုတ္တမသို့ချီ၍ ရောက်လျှင် မုတ္တမစား "ငရွှေ" လည်း အမတ်ကြီးရာဇသင်္ကြံ ချီလာပြီ ဟူ၍ ကြားသော် ကျေးစွန်ရွာလက်တွင် နေသောသူတို့ကို တောင်ထိပ်မြို့သို့ချည်း သွင်း၍ခံလေ၏။ ရာဇသင်္ကြံလည်း နွားကို ခြလောင်သကဲ့သို့ ပတ်ပတ်ဝန်းရံ၍ တပ်နိုင်တပ်လုံ တည်ပြီးသော် နေ့ညဥ့်မပြတ် လုပ်ကြ၍ မြို့တွင်းသားတို့လည်း ဗိုလ်ပါထုထပ်များလှသောကြောင့် အချင်းချင်း ထိပါး၍ ရှုန်ကြ၏။ တောင်ကထွက်သော ရေလည်း မသောက်လောက်၊ မြို့ပြင်သို့ ထွက်၍ ရေမယူရသည် ရှိသော် မြို့တွင်းသားတို့ အလွန် ကျဉ်းမြောင်းလေ၏။ ၇-ရက်၊ ၈-ရက်ခန့် ဝန်းရံလျှင် မြို့တွင်းသားတို့လည်း ငတ်မွတ်ရှားပါးသောကြောင့် ပြင်တပ်သို့ချည်း ဝင်လာ၍ မုတ္တမမြို့လုံးကို ရ၏။ အမတ်ကြီးရာဇသင်္ကြံလည်း မြို့ကို ရပြီးသော် မုတ္တမ၌ အနေအထိုင် သင့်အောင် စီရင်၍ "အလိမ္မာ" ဟူသော အမတ်ကို ကျေးစားထား၏။ မုတ္တမစား ငရွှေကိုလည်း သားမယား၊ ကျေးကျွန်၊ ဆင်၊ မြင်းနှင့်တကွ ဆောင်၍ ပြန်လာ၏။

## ၃၅၇။ သရေပစ္စပတေ့ မန္တကိရိသို့ ချီရာ လမ်းတွင် စစ်ပျက်၍ ပြန်လာခြင်း အကြောင်း

သရေပစ္စပတေ့ ချီရာမှာလည်း မန္တကိရိ[၂]သို့ မရောက်ခင်တွင် အကွပ်အညှပ် အစီအမံ

၁။ ၁၇ ဒီဇင်ဘာ ၁၂၄၃ ၂။ မန္တကိရိ- ယခု သရက်မြို့ ဝန်းကျင်ဒေသဖြစ်သည်။

ပေါ်လျှာချ၍ ညည်းညူလန့်ရာတွင် မဆည်းမတားနိုင်၊ ထောင်းထောင်းမျက်၍ မြေပြင်လာသည်ကို ရောက်ရှိသင့်တွင် ရာဇသင်္ကြံ တွေ့လေ၍ အကြောင်းကိုပြန်သော် "အရှေ့ပစ္စုပတော့၊ စစ်မျက်သော မင်းသည် အကြောင်းကို မင်းကြီးအား အလျင် မကြားလေစေနှင့်ဦး၊ ငါစစ်နိုင်သည် အဖြစ်ကို ကျေးသည် လက်ဆောင်လက်နက် ဆက်ပြီးမှ နလုံးတော် ဝမ်းမြောက်ဝမ်းသာ ရွှင်တော်မူသည့် အခါ်တွင် အမျက်တော်ပြေမည့် အကြောင်းကို နားတော်လျှောက်မည်" ဆို၍ ရာဇသင်္ကြံ အလျင် ဆန်လေ၏။ သရေပစ္စုပတော့လည်း သူ့ကို မတွေ့ခင်က လန့်ရာတွင် စစ်မျက်သည်ဟု မင်းကြီး ကြားတော်မူနှင့်လေသော် "ရန်သူနှင့် တစ်ဖက်တစ်ချက် မထိုးမပစ် မတိုက်မလံဘဲ စစ်မျက်သော စစ်သူကြီး မည်သည်ကား လူ့ပြည်တွင် ရှိရာသလော" ဟု ကြီးစွာသော အမျက်တော် ရှိသည်ဖြစ်၍ ရာဇသင်္ကြံသား ညောင်ဦးအုတ်လှကို သတ်စေဟု စေတော်မူ၏။ ရာဇသင်္ကြံလည်း ကူးခန်းငယ်[၁] မြို့တွင် သားကို တွေ့လေ၍ မေးသော် "သရေပစ္စုပတော့ကို အမျက်တော်ကြီးစွာရှိ၍ သတ်မည် လာရသည်" ဟု ခမည်းတော်ကို လျှောက်လေ၏။ ရာဇသင်္ကြံ လည်း "ငါ့သားမှန်… ငါက စေသသူ မရောက်ဘဲကို လက်ခြေ မလွန်စေနှင့်" ဟု ဆိုလိုက်၏။

## ၃၄၈။ သရေပစ္စုပတော့ကို မျက်တော်မူရာ ရာဇသင်္ကြံ လျှောက်၍ ချမ်းသာရခြင်း အကြောင်း

ရာဇသင်္ကြံလည်း အပြင်း ဆန်လေ၏။ မုတ္တမစား ငရှေနှင့် တကွ သားမယား သုံ့ပန်း ဆင်မြင်းအများ ရသမျှကို ဆက်လေ၏။ မင်းကြီးလည်း အားရတော်မူသည်ဖြစ်၍ ဆုလာဘ်သပ် ပကာ များစွာပေးတော်မူ၏။ ပွဲလမ်းရသသူတို့ကိုလည်း အသီးအသီး ဆုလာဘ်ပေး၍ သူကောင်း ပြုတော်မူ၏။ ထိုသို့ နလုံးတော် ရွှင်လန်းသာယာခိုက်တွင် ရာဇသင်္ကြံ ဤသို့ နားတော်လျှောက် ၏။ "ဘုန်းတော်ကြီးလှသော အရှင်… ကျွန်တော်မျိုးအပေါင်းတို့သည် စစ္စုဒိပ်မြေအပြင်ဝယ် ရှိလေသော တိုင်း၊ ခရိုင် အပေါင်းတို့ကို လက်ယပ်ကာနိုင်၍ ဘုန်းတော်ကြီးလှသော အရှင် နိုင်ငံတော်ကြီးနှင်နှင် ဖြစ်စေချင်၏။ တရားတော်၌လည်း ဖြစ်တတ်သော သဘောတရားလည်း ပျက်တတ်၏။ ပျက်တတ်သော သဘောတရားလည်း ဖြစ်တတ်၏။ ထိုသို့ ဖြစ်တတ်ပျက်တတ် သော သဘောတရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သာလျှင် အမြဲရှိသည်။ စစ်ထိုးခြင်းတို့၏ သဘောသည်လည်း နိုင်အံ့သို့ထင်သော စစ်လည်း ရှုံးတတ်၏၊ ရှုံးအံ့သို့ ထင်သော စစ်လည်း နိုင်တတ်၏။ 'ကာလ, ဒေသ, ပယောဂ' တည်းဟူသော နေ့, ရက်, အချိန်, အရပ်အနေ, အစီအမံ, လုံ့လ ဝီရိယသော အရင်းဖြစ်သည်။ ကျွန်တော် ပစ္စုပတော့ကို မြေတော်ရင်းသို့ ခေါ်တော် မူ၍ ခန့်ထားတော် မူမြဲအတိုင်း ခန့်ထားတော်မူသည်ဖြစ်မှ အမှုတော်ကုန်မည် ထင်ပါသည်" ဟု နားတော်လျှောက်ပေ၏။ မင်းကြီးလည်း "ပစ္စုပတော့ငယ်ကို သတ်စေ ဟူ၍ ညောင်ဦးအုတ်လှကို ငါ စေတော်မူပြီ၊ မသတ်ခင်သော် အသက် လွှတ်စေ" ဟူ၍ မိန့်တော်မူ၏။ ရာဇသင်္ကြံလည်း သရေပစ္စုပတော့ကို အပြင်း ခေါ်ရလေ၏။ သရေပစ္စုပတော့ ရောက်လျှင် "အတွင်းသင်းကို အဘယ်သူအား မှူးစေရသော် သင့်မည်နည်း" ဟု မိဖုရားဘွားစောကို တိုင်ပင်တော်မူ၏။ မိဖုရားလည်း "သရေပစ္စုပတော့သည် ကျွန်တော်ရင်းဖြစ်၍ အရှင် ယုံကြည်တော်မူရမည့်သူ ဖြစ်သည်။ သေကောင်းလေပြီးမှ အသက်ကို လွှတ်တော်မူသော ကျေးဇူးတော်လည်း ကြီးလှ သည်။ သရေပစ္စုပတော့ကိုပင် မှူးပြီ မှူးစေသော် မသင့်လော" ဟု လျှောက်ပေ၏။ မင်းကြီးလည်း သရေပစ္စုပတော့ကို မှူးပြီ မှူးစေ၏။

သရေပစ္စုပတော့ကို မှူးပြီ

[၁] ကူးခန်းငယ်မြို့

### ၃၅၉။ ရာဇသင်္ကြံနှင့် ဗိုလ်မှူးလေးယောက်တို့ မန္တလေးရိုသို့ ချီတက်သိမ်းယူကြောင်း

မင်းကြီးကား နတ်တော်လဆုတ်ရောက်၍ ပုပ္ပားသို့ တက်တော်မူ၍ အပြန်တွင် စစ်သူကြီး ရာဇသင်္ကြံ၊ သရေဝဇနာ၊ စစ်တုရင်္ဂဗိုလ်၊ စစ်တုရင်္ဂသူ ဟူသော စစ်သူကြီး ၄-ယောက်တို့ကို ခေါ်တော်မူ၍ "မန္တလေးရိုကို ရအောင် ထိုးလေ" ဟူ၍ တိုက်ဆင် ၄၀၀၀၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သန်းခြောက်သိန်း ခန့်တော်မူ၍ စစ်သူကြီး ၄-ယောက်တို့ကို သက္ကရာဇ် (၆၀၅)ခုနှစ်ကျော်ငါးခု နတ်တော်လဆန်း ၁၀-ရက် ကြာသပတေးနေ့[၁] ချီလေစေ၏။ မန္တလေးရိုသို့ ရောက်လေသော် ကျေးရွာနှံ့ဝှာလက်တို့ကို ထောင်းထောင်းဖျက်၍ သက်တောင်ထက် မန္တလေးရိုမင်း နေသည်ကို ပတ်ပတ်ဝန်းရံ၍ တပ်နိုင်တပ်လုံ့တည်၍ မထွက်သာအောင် ရံနေလေ၏။ ထိုအခါ ပါသော စစ်သည်ဗိုလ်ပါ များလှသောကြောင့် ရဲမက်တော်တို့ ဝော်မွတ်ချေ၍ သစ်သီး၊ သစ်ရွက်သာ စားရချေ၏။ မြို့တွင်းသားလည်း ပွဲသင်းမှု မစားရသောကြောင့် ဝော်မွတ်စွာ ဖြစ်လေ၏။ မန္တလေးရိုမင်းလည်း အလွန်ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်၍ "နောက်နှောင် မပေါက်မပြန်ပြီ၊ အသက်ကို ခွင့်ပြုတော်မူပါ"ဟူ၍ သိမ်းခိုရောက် မဟာထေရ်နှင့် တကွ သားနှင့် ညီအစ်ကို ထွက်၍ ခွင့်တောင်းလာရ၏။

### ၃၆၀။ မန္တလေးရိုကို အောင်ကြောင်းနှင့် အုတ်လှကို သံတော်ဦးတင် စေလွှတ်ခြင်း အကြောင်း

ထိုအကြောင်းကို ရာဇသင်္ကြံသား ညောင်ဦးအုတ်လှကို သံတော်ဦးတင် လာစေရ၏။ အုတ်လှလည်း လေင်းသို့ရောက်လျှင် လှေလျှင်စီး၍ နေ့ညဥ့်မသိ ဆန်လေ၏။ မင်းကြီးလည်း "စစ်က ဆက်စာတမန် မရောက်၊ မြင့်မြီစွာ ကြာလေသည်" ဟူ၍ နံနက် ထွက်တော်မူခင်တွင် နန်းတော်လေသာကိုဖွင့်၍ မျှော်တော်မူသော် လောကနန္ဒာအမော်က လင်းယဥ်မြွေးမြွေးလှ၍ ဆန်လာသည်ကို မြင်တော်မူလေ၏။ "ယခု ဆန်လာသည်လှေကား စစ်ကလာသော ဆန်လှေ ဖြစ်ရာသည်"ဟူ၍ အလျင် မေးစေသည်ကို စစ်မှာ အချင်းခပ်သိမ်းကိုကား မလျှောက်လိုက်၊ "ကျွန်တော်အုပ်လှ လာသည်"ဟူ၍သာ လျှောက်လိုက်၏။ မင်းကြီးက စေတော်မူသော သူတို့ လည်း အုတ်လှ လျှောက်လိုက်သည်အတိုင်း နားတော်လျှောက်၏။

### ၃၆၁။ သူရဲကောင်း အုတ်လှကို သတ်ရန် စေကြောင်း

မင်းကြီးလည်း "ငါကြောင့်ကြတော်မူ၍ အလျင်မေးစေသည်ကို စစ်မှာ အချင်းခပ်သိမ်းကိုကား မလျှောက်၊ ကျွန်တော်လာသည် ဟူ၍ လျှောက်သည်၊ လျှောက်ရာသည်လော၊ ငအုတ်လှယ်ကို သတ်လေ"ဟူ၍ သူသတ်တို့ကို စေတော်မူ၏။ သူသတ်တို့လည်း အိမ်စားမြွေးမြွေး ပြေး၍ လှေသို့တက်သည်ကို အုတ်လှ မြင်လေသော် မေးနှင့်၏။ အာဏာတော်သားတို့လည်း သတ်မည် လာရသော အကြောင်းကို ပြောလေ၏။ အုတ်လှလည်း "အရှင့်အမှုတော် စစ်မှာ လှကြောင်းကို လျှောက်ပါရစေဦး"ဟူ၍ ဆို၏။ သူသတ်တို့လည်း အုတ်လှ ဆိုကြောင်းကို လျှောက်သည်တွင် မင်းကြီးလည်း "အုတ်လှငယ်ကို လာစေဦး"ဟု မိန့်တော်မူ၏။

---
[၁] ၂၂ နိုဝင်ဘာ ၁၂၄၃

## ၃၅၂။ ရှေ့တော်သို့ ရောက်က အုတ်လှ လျှောက်ပုံအကြောင်း

အုတ်လှလည်း မင်းကြီးရှေ့တော်သို့ရောက်လျှင် မိမိဦးခေါင်းကိုထုပ်သော မျက်သုတ်ကို ဖြည်လေ၏။ မိမိဆံလည်း ဆွေးမြည့်လှသည်ဖြစ်၍ ဦးသျှောင်နှင့်တကွ အဆွေးဆွေး ကျလေ၏။ ဦးသို့ကျသောဆံတွင် သန်းနှင့်ကျိုက်ျို ရှိသည်ကို မင်းကြီး မြင်စေပြီးမှ "အရှင့်အမှုတော်ကို ဆွေးဆံမြည့် ထမ်းပါသည်ကို အရှင်မြင်တော်မမူ၊ လွယ်လင့်တကူ မလျှောက်သာသောကြောင့် ရှေ့တော် မလျှောက်လိုက်ပေသည်" ဟူ၍ နားတော်လျှောက်၏။ မင်းကြီးလည်း ဟုတ်လှပေ သည် ဟူ၍ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းတော်မူ၏။ မောင်းမတို့ကို သန်းရှာစေ၍ ဆီနံ့သာ အုပ်ပြီးသော် ဆံကိုသင်စေ၏။ ဆံသင်ပြီးမှ ဦးသျှောင်ထုံးစေ၍ မုတ်ဆိတ်ဆံတို့ကို ဆတ္တာသည် ကို ပြင်စေ၏။ ကိုယ်လက်ကိုလည်း လိမ်းစရာနံ့သာ လိမ်းကျံစေပြီးမှ ပုဆိုးကောင်း လဲစေပြီးသော် ရှေ့တော်တွင် ကောင်းမြိန်စွာသော အရသာတို့ကို ပြင်၍ ထမင်းစားစေ၏။ ဆုလာဘ်လည်း များစွာ ပေးတော်မူ၏။

ယင်းသို့မှ ဤသို့ မိန့်တော်မူ၏။ "မန္တဂီရိစား ကိုယ်မှစ၍ တစ်မြို့လုံးကို သစ္စာတော် ပေးလေ၊ သားနှင့်ညီကို ယူခဲ့" ဟူ၍ မှာတော်မူပြီးမှ အုတ်လှကို လွှတ်တော်မူ၏။ အုတ်လှလည်း နေ့ညဉ့်မသိ သွားလေ၍ ရောက်လေသော် စစ်သူကြီး ၄-ယောက်တို့လည်း အမိန့်တော်နှင့်အညီ မန္တဂီရိစား ကိုယ်မှ စ၍ တစ်မြို့လုံးကို သစ္စာတော်ပေးပြီးသော် ဆင်ကောင်း၊ မြင်းကောင်း ရွှေငွေနှင့် သားနှင့် ညီကို ယူ၍ ပြန်လာ၏။

## ၃၅၃။ အမတ်ကြီး ရာဇသင်္ကြံ ကွယ်လွန်ခြင်း အကြောင်း

အမတ်ကြီးရာဇသင်္ကြံကား "သက်ကျွန်း မန္တဂီရိကို မရဘဲကို ပုဂံပြည်သို့ မပြန်ပြီ" ဟူ၍ နရသီဟပတေ့မင်းအား လျှောက်ခဲ့သောကြောင့် အပြီးအစီးသို့ ရောက်စေလို၍ အမှုတော်ကို နေ့ညဉ့်ထမ်းသည်။ ဝိရိယလွန်သောအားဖြင့် အသက် ၆၂-နှစ် ရှိပြီဖြစ်သောကြောင့် ဌာနိယာပုတ် ဖျက်၍ ဝမ်းသွေးကျလျှင် သမားတို့ကို ကုသစေသော်လည်း မလွတ်၊ တလမြို့သို့ ရောက်လျှင် ကွယ်လွန်၏။ အမတ်ကြီးရာဇသင်္ကြံ မရှိပြီ ဟူ၍ ဘဝရှင်ဘုရား ကြားတော်မူသော် ရှေးဖြစ် နောက်ဖြစ်ကို အောက်မေ့တော်မူ၍ အလွန် ကြေကွဲတော်မူ၏။

## ၃၅၄။ ရာဇသင်္ကြံသား အုတ်လှညီအစ်ကိုတို့ အဖအမည်ကို လုကြခြင်း အကြောင်း

အဖ ရာဇသင်္ကြံ မရှိလျှင် သားအုတ်လှနှစ်ယောက် အဖအရာကို လုကြ၏။ မင်းကြီး လည်း အုတ်လှနှစ်ယောက်ကို ခေါ်တော်မူ၍ "အမတ်ကြီးတို့ မည်သည်ကား ဘုန်းလက်ရုံးပညာ သာလျှင် အရင်းဖြစ်သည်၊ ရာဇသင်္ကြံဟု ခံကာဖြင့် ကျော်စောထင်ရှားသည် မဟုတ်။ ငါ ဘေးတော်၊ ဘိုးတော်လက်ထက်လည်း ကျော်စောထင်ရှားသော စစ်သူကြီးတို့သည် အမည် အခြားခြား ဖြစ်သည်၊ အမတ်စစ်သူကြီးတို့၏ အမည်ထင်ရှားခြင်းသည်ကား ဂုဏ်ကျေးဇူးသာ အရင်းတည်း၊ ယခု အမတ်တို့ အအမည်ကို ယူကြရာမှာ အဖအမည်ကို မပေးသာ" ရာဇသင်္ကြံ နတ်တော်သဘင် ရောက်လေသော် သားအကြီး "အနန္တပစ္စည်း" ကို မိဖုရားဘွားစော ချီးပင့်၍ သားအကြီးကို အနန္တပစ္စည်း၊ သားအငယ်ကို ရန္တပစ္စည်းဟူ၍ ဘွဲ့တပ်တော်မူ၏။ နောက်တစ်နှစ် "ရာဇသင်္ကြံ" ဟူသောအမည်ကို ပေးတော်မူ၏။ အတွင်းသင်းကိုလည်း ကွပ်ညှပ်ရ၏။ မင်းကြီး

ယခုပြင် ဘီလူး အမြစ်ကာသည် ထုတ်ပြစ်လာသောကြောင့် အရှုတ်အထွေးကျ ဆီသို့ လာသောသူ၌ ကြားရ၏။ ထိုသိုလ်ရောက်လေ သုံးလေသာနိုင်၏။ မင်းကြီး ... ရောဝန်ကြီးတို ထားဉ်း လျှည်း စီးစီးဖုတ်။ အိမ်တိမ်တော်သား အလွှတ်သဘင်သော ... ရေရာကို ညွှန်ပေးကိုပြု ပြီးသိမ်းသည်၏။ ထိုသို့သော ရောင်းမကိုတွင် မင်းကြီး ... ဆယောက်ကြင့် တစ်ယောက်သော စကားကို လေလံမလယ်ကြ၏ မိဖုရားကြီး ... တစ်ပါးသောသည်၊ မိဖုရားလည်းသား ၅–ပါးတည်း၊ ပုဂ္ဂိုလ်ကြီးသစ်၊ ... မိဖုရားသူသားတစ်ပါး သမီး တော့နံသည်း တစ်ပါး၊ ရှင်ပါသည်း တစ်ပါး၊ ... တစ်ပါး ရှင်ရှုသည်း တစ်ပါး၊ ကြမိဖုရားသော် ၅–ပါးတို့သည် မင်းကြီးကို ...
စာသော်တော်မူ၏။

## ၃၃၉။ နေရာကြီးဆောင်မင်း၏ အရေးအကျွမ် ထုတ်ဖြတ်ပုံ အကြောင်း

မင်းကြီးကား– ဘုရားသခင် ရှုပ်တော်ဆက် ရသည်ဖြစ်၍ ဆနုတ် ...
တည်း ရေသည် သမ်းသည်မှ မျိုးဖြစ်၏။ မင်းကြီး ရှေ့တော်တွင် ...
ရေ့သမ်းရေသော် ရှုတ်တော်မူသည်။ အခါတစ်ပါး ရောင်းမယ် တစ်ယောက် ...
မင်းကြီး ရှေ့တော်တွင် ရေရှုပ်သောကြောင့် ဆိုကာမနိုင်ဖြစ်လိုရ၍ အိုကြီးအတွင်းကို ...
ပြီးသော် မင်းကြီး မကြားတော်မူသော ရေမိသော်။ ပြင်တွင် ရေသောတော် အခါ ...
မင်းကြီးသည် "အဘယ်အသံနည်း" ဟူ၍ မေးတော်မူ၏။ "ရောင်းမယ်တစ်ယောက် ...
ရေရှုပ်သောကြောင့် အိုကြီးတွင် ရှုတ်နသမ်၍ ရေသည်" ဟု နာသတော်လျှောက် ...
"အဘယ်မှု ရေသနည်း" ဟု မေးတော်မူပြန်၏။ မိဖုရားသွားတော်သည်း "အရှင်မင်းကြီး ...
ရေသည် သမ်းသည်ကား ဆနုတ် အနာမျိုးအင် ဖြစ်သည်း ရေကို သမ်းသိုက ...
ရသည်ကား မနိုင်" ဟု လျှောက်၏။ "ယင်းသို့ဖြစ်ကြကား ငါမသိ၍ အသက်က ...
ပေးသည်" ဟု ရောင်းကြီးရှာ ရှိတော်မူ၏။ မင်းကြီးကား တက်တော်မော်၍ နိဂုံး ...
အမှုနှင် ရောင်းမယ်ကို ပမ်းသိမ် ဖြစ်၍ မိဖုရားသွားတော်သည် မင်းကြီး တက်တော် ...
ရေပြီးသော် အပါးတော်သည်ရှိသော အသောက်မျက်တိုကိုယ်မှု၍ လုံမနီးသိ "ဆေးသည်ကို သားသော် ...
တက်တော်မော်၍ ရှိသော် အပါးတော်တွင် ရှိသမှုနှင့် ပမ်းတော်ရမှု စိတ်တော်ဖြစ်သောကြောင့် ...
လုံမနီးသိ ဆေးသည်ကို အားသာသည်း တစ်ရုံရောအခါ အပါးတော်တွင်ရှိသော လုံမနီးသိ ...
ရောင်းမယ်တစ်ယောက်ကို ပမ်းတော်မူသည်။ ဖါတွင် ရောင်ရှမ်းသော်။ ယင်းတွင်မှု ...
လုံမနီးသိကို ဆီးလုံမသိ ဟူ၍ ခေါ်ကြသည်။

## ၃၄၀။ မိဖုရားတော်ပုံကို ထုပ်မျှောက်ခြင်း အကြောင်း

မင်းကြီးကား ရေသနာအခါသော် ရေရှုပ်ကာဖြစ်ပြီ၍ နန်းတော်ကားသည် မြစ်ထဲ ...
ရောင် တစ်ယောက်တိုသည်း တံမောက်ပြီးသော် လှမ်းပြီးသော်ရောင် ကဘိမှိုးအရ၍ မြစ် ...
မင်းတော်မှုသည် လှလှမျိုးပြီးသော်ရောင် ကာမိုးပြီးသော် နန်းတော်က မိဖုရား ရောင်းမတော့နိုင် ...
တံတော် ဥမင်းထဲကို ကြတော်မူ၍ ရေမြိမ်မှာ ရောရာလောတော်မူ၏။ တစ်ရုံရောအခါ ရောင်းမယ် ...
တစ်ယောက်ကို နှုတ်အသည်တော်မှု၍ မိဖုရားတော်ပုံ၏ မျက်စိ၊ မျက်နှာ၊ ဦးခေါင်းကို ထွမ်းထွမ်းနှုတ် ...

၁။ ရောက်တွင် ရေမြိမ်ဟု ခေါ်သည်။

၏၊ ဓောလုံလည်း မင်းကြီးကို နှလုံးတော်ရာ၍ မင်းကြီးစားတော်ခေါ် ဆေးသည့်
ကို "ငါ့ကိုယ် တော်နန်း၊ ငါ့ကိုယ်စား မင်းကြီးကို စားတော်ကျွေးပါရေ့"
လည်း အမကြွင်းမှတ်၍ စားတော်ကျွေးလေ၏၊ စားတော်ခေါ်က
'ငရုတ်' ထိုစားတော်ကို ရှောက် သေ၍ စားစေ၏၊ ရှာလည်း
သေလေ၏၊ မင်းကြီးလည်း ရှင်မောက်ကို မေးစစ်တော်မူသော်
ဖြစ်သည်၊ ကျွန်ုပ်ကို စားတော်ကျွေးပါရေ့ ဆို၍ ကျွေးရသည်" ဟု နားတော်
၏၊ မင်းကြီးလည်း ဓောလုံကို ခေါ်တော်မူ၍ စစ်မေးတော်မူသော် မြွက်ကျွေပ်သော
ဆို၏၊ "ဟယ် ပန်းဖွတ်သည်မြေ... နင်ကို ငါလုပ်ကျွေးရမည်ဖြစ်၍ နင် ငါ့ကို
ကိုယ် ဖြစ်၍ အထင်အရှားဖြစ်ပြီ မောင်းမငယ်ကို နှုတ်သည်၍
အသတ်အစား ဦးဆံဖွတ်ဆောင် ရေနွေး ပက်သောကြောင့် နင်ကို နှလုံး
ကြီးသည်" ဟုဆို၏၊ မင်းကြီးလည်း ပန်းပဲတစ်ထောင်ခေါ်၍ သံကျုပ်တုပ်စေပြီးသော်
ဟု၍ မိန့်တော်မူ၏၊

ဓောလုံလည်း သူသတ်တို့ကို ရွှေ ငွေ များစွာပေး၍ သံကျုပ်ပြီးမှ နန်းရင်တိုင်
ဆောက်တည်၍ အသိမှောင်တရားတော်ကို နာ၏၊ နန်းရင် ရေညှိပတ်လုံး
" "သွာက္ခာတော" "သုပ္ပဋိပန္နော" အစရှိသော ရတနာသုံးပါး ကျေးဇူးတော်ကို
ပီတိစိမ့်သတည်း"၊ နန်းရင်ရောက်စေပြီးသော် လျှောက်ပတ်ရောင်ရှူသော စကားဖြင့်
မြွက်သော သော အရှက်ကြီးလှသည် လာတော်မူသော" ဟု ခေါ်လေ၏၊ ဓောလုံလည်း
သံကျုပ်ချိုက်သတ် တတ်သည်။ စီးသုံးကြိမ် ပေးသောဟု၏၊ သုံးကြိမ်မြောက်
"ငါသည် တောချင်း ကျွမ်း၍ မျောက်စေသော ငါဒေါင်းသော ဆုအဆိုက်သည်
ဖြစ်စေသော" ဟု ပဋ္ဌာန်ရွတ်၍ သေလေ၏၊ မင်းကြီးလည်း ဓောလုံ အနိစ္စရောက်၍
ခေါ်တော်ခေါ်က ရောက်သော် "ဓောလုံ ဆောင်ပါလေသည်" ဟု
၏၊ မိဖုရား ဘွားဓောလည်း "အရှင်... ကျွန်တော်မ ဓောလုံကို မှာတော်မူသည်
" ဟု နားတော်လျှောက်၏၊ မင်းကြီးလည်း
ကြေကွဲရှာ ဖြစ်တော်မူဘိ၏၊

## ၃၅၇။ မင်းကြီးကို ဆရာတော်ကြီး တရားဟောသောအကြောင်း

ထိုအကြောင်းကို မင်းကြီးဆရာတော် မဟာထေရ် ကြားတော်မူလေသော် လာတော်မူ၍
"မင်းကြီး မှတ်တော်မူတုံလျက် တစ်ခန်းကြွေကွဲသော အရာသည် ဆော့ ပြည်ထောင်
ချင်း မင်းတို့ ကြားလေသော်လည်း ...၊ နောင်လာလတ္တံ့သော သူတို့သည် မင်းကြီး
အား မကျိုးချေ ရှိလေရာ၏၊ မင်းကြီး နှလုံးတော်က နောင်ကာနုံသည်ကို သုမင်ထိမ်းအား
သိလေလင့်၊ သမ္မုခာစ် တရားတော်၌ကား ဖြစ်လေပြီးသော ကောင်းမှုကို ...
လုံလ၊ ဖြစ်လေပြီးသော ကောင်းမှုကို ပွားစေခြင်းငှာ လုံလ၊ မဖြစ်သေးသော ကောင်းမှုကို
ဖြစ်စေခြင်းငှာ လုံလ၊ မဖြစ်သေးသော ကောင်းမှုကို မဖြစ်စေခြင်းငှာ လုံလ ဤသို့ သမ္မာ
သမ္မပ္ပဓာန် တရားတော်ကို သတိပြုတော်မူရသည်" ဟု၍ ဆုံးတော်
မူလည်း ဟောတော်မူသော သမ္မပ္ပဓာန်တရားတော်ကို သတိပြုတော်မူ၏၊ ထိုနေ့မှစ၍ ဦးရှိသော "သိမ္မသည်" ကို
မူ ကိုယ်တော်ကို ဖြည့်ကျင့်တော်မူ၏၊

* ...

"ငါ ရှင်တော်မူသော်လည်း အရှင်ဝင်သိမ်းကို မမြင်နိုင်စေရ၍ လျှင် ... ဘေးကောင်းသော သူကို သာဘေး မကောင်းသော သူကို လွှတ်စေ" ဟု၍ မိန့်တော်မူ... သို့ရည် ရွှေရည်ကား မင်းကြီးမယ်တော် မောင်ရင်းတည်း၊ မင်းကြီး မင်းဖြစ်တော်မူ... ရောက်သော်ညီ ကျွန်ုပ် သို့ရည် ရွှေသော အစည်ကို ခံသည်။

## ၃၇။ မိဖုရား သားတော် သမီးတော်များ အကြောင်း

မိဖုရားလွှာမှာ သမီးတော်သခင် မိဖုရားငယ် စောနန်းတွင် သားတော် ဥက္ကာ... ပြင်သည်။ အရွယ်သို့ရောက်သော် ပုသိမ်ကို ပေးတော်မူ၏။ မိဖုရားငယ် ရှင်ပါတွင် သားတော် ကျော်စွာကို မြင်သည်။ အရွယ်သို့ရောက်သော် တလင်္ဂကို ပေးတော်မူ၏။ မိဖုရား... တွင် သားတော်သီဟသူကို မြင်သည်။ အရွယ်သို့ ရောက်သော် ပြည်မြို့ကို ပေးတော်မူ၏။ မိဖုရားငယ် ရှင်မွေးတွင် သမီးတော် မိစောဦးကိုမြင်သည်။ မင်းကြီး ... မင်းကြီးကား သားတော်တို့ကို သူ့ရှုက်ဆီးလေသော စကားကိုနာ၍ ပုန်ကန်... သည်ကို စိုးတော်မူ၍ မိမိတို့ စားသော ကျေးရည်းစိမ်မှာ မနေရ၊ အပါးတော်... အလှည့်လှည့် မြို့သောတည်း။ မင်းကြီးကား စားတော်ခေါ်ကြွ၍၏ ... မင်းကြီး၏၊ အမဲလင်းလျှ တက်မောင်း ဝက်လက်တို့ကို ရှုတော်မူ၍ ပြေပြီးသော် သား... ဥက္ကာကို အလက် ပေးတော်မူမြဲတည်း။ သားတော် ကျော်စွာကိုလည်း အလက် ပေးတော်မူ... တည်း။ သားတော် သီဟသူကိုကား အပေါင် ပေးတော်မူမြဲတည်း။

## ၃၈။ မင်းကြီးကို ပြည်စား သီဟသူ နှလုံးတောင့်ခြင်း အကြောင်း

တစ်နေ့သောအခါ သီဟသူမယ်တော် ရှင်မောက်သည် "သူ့များ သားကိုကား အလက် ပေးတော်မူသည်၊ ငါ့သားကိုကား အပေါင်သာ ပေးတော်မူသည်" ဟု၍ သားကင်သည် ... ရှု ၁၀-ပေ၍ ရှိပါသော ကျော်စွာကို အလက်ပေးမြဲကို အပေါင်ပေးစေ၏။ ရှင်မောက်... သီဟသူကို အလက်ပေးစေ၏။ ထိုအကြောင်းကို ရှင်ပါး သိလေသော် စကားအလျှင်... ဖြင့် မင်းကြီးအား လျှောက်လေ၏။ မင်းကြီးလည်း သားကင်သည်ကိုခေါ်တော်မူ၍ စစ်မေး... မှုသော် လျှောက်လျှောက်ရုံ မှန်သည့်အတိုင်း လျှောက်လေ၏။ မင်းကြီးလည်း သားကင်သည်ကို သတ်လေလေ၏။ ရှင်မောက်ကိုလည်း "တက်လက်နိုစ" ဟု၍ ဆဲဓမှတ် ပြုတော်မူ၏။ သီဟ... ကိုလည်း နှလုံးတော် မသိုက "တက်လက်နိုစ သား" ဟု၍ ဆဲဓမှတ် ပြု၏။ ဆဲခန် များ... သော် ပြည်စား သီဟသူ နှလုံးတောင့်၍ လျှပ်ရှာ မကောင်းသော စကားကို ဆို၏။ ထိုသို့သော စကားကို ပုသိမ်စား ဥက္ကာ ကြားလေသော် "မြေးကြီး... ချင်းတို့ မိသား ၂-ယောက်သည် အရှင်သခင် အရှင်မင်းကြီးကို လုပ်ကြံမည် မျှော်" ဟု နှလုံးပြု၏။

မင်းကြီးကား စားတော်ခေါ်တွင် ဆဲ, ဆော, အချို့, အချဉ်, အခါး, အစပ်, အငန်, အခွက် ၃၀၀-ပြည့်မှ စားတော်ခေါ်သော ဟူ၏၊ ထိုသို့သော ခွက်တို့တွင် တစ်ကြိမ် ၂-ကြိမ် စားတော်ခေါ်ပြီးလျှင် မင်းညီ မင်းသား, မင်းပေါင် မင်းလက် အမတ်စစ်သူကြီးတို့ကို ပေးတော်မူမြဲတည်း။ မိဖုရား ဆောင်း၊ မိသမီးတို့ကိုလည်း အရှေ့အနန့် ပေးတော်မူမြဲတည်း။ မိဖုရားလွှာမောကား မင်းကြီး စားတော်ခေါ်တွင် စာရိုးကျနည်းနှင့် နို့ရှုမပြတ် စစ်ကြော... သတည်း။

## ၃၆၀။ မင်္ဂလာစေတီကို တည်ခြင်း အကြောင်း



ဆောက်ဦးရာ နေ့ညတွင် ရောက်သောအခါ၌ မိဖုရား မောင်းမမိသံတို့နှင့်တကွ ဥပုသ်ကို ဆောက်တည်ကာ ထွက်တော်မူ၏။ မိုးညတွင်ရောက်သောအခါ၌လည်း တုံးဆေါင်းအရပ်၌ ထောကား တော်မူ၏။ ကောင်းမှုတော် မင်္ဂလာစေတီ ဌာပနာသွင်းသော နှစ်သောက္ခင် တုံးဆေါင်းသို့ သွား တော်မူသည်။ မင်္ဂလာစေတီ ကောင်းမှုတော်ကို တည်တော်မူလျှင် ဘုရားတော် ပြောဆိုကို ကြားတော်မူသည်ကား ဤစေတီပြီးလျှင် ပုဂံပြည် ထောင်းထောင်းမှုက်လတ္တံ့ဟူ၍ ဆိုကြကုန်၏။ ထိုစကားကို မင်းကြီး ကြားတော်မူသော် ဆယ်နှစ်တိုင်တိုင် မလုပ်ဘဲ နေတော်မူ၏။ ပြသကျ ကသောဆရာလည်း မင်းကြီးကို ဤသို့ မိန့်တော်မူ၏။ "ဟယ်မင်းမိုက်... ဘုရားသခင် ဗျာဒိတ် တော် ရသော ပုဂ္ဂိုလ်လျှက် လေသာနိုင်ငံသို့လိုက်၍ အနိစ္စတရားကို မျှ ကာမရတ် ရှုံးသော ဘုရား မဲတောသည်။ အလျှုကောင်းမှုပြီးမှ ပြည်ပျက်ခဲ့သည်ကို စိုးရိမ်၍ နေသည်ကား နှင့်အတင် နိုင်သော မရှိ နှင့်ပြည်နှင့်နှင့် မသေသော် နေရတုံးခဲ့သော" ဟူ၍ မိန့်တော်မူ၏။ မင်းကြီးလည်း "သည့်သခင်မြတ်သည် ငါ့ကို သံသရာ၌ ရှည်လျားစွာ နစ်မွန်းမည့် အကြောင်းကို မြင်တော်မူ၍ မိန့်တော်မူသည်။ သည့်သခင်မြတ်သော အဝါယ် ၄-ပါး ငါ့ကို ကယ်တင်သည်။ ဆရာ့ဆရာ ဆောင်း တောတော်သည် သားမယား အစရှိသော ပြည်သူပြည်သားတို့ကိုမှန်၍ ဘုရားဆုကို တောင်း ကြသည်။ ငါသို့ဖြင့် မင်းဖြစ်လျှက် ပြည်ပျက်ခဲ့သည်ကိုစိုး၍ ဘုရားရှင် စေတီတော်ကို လုပ် နေခြင်းသည်ကား မလျောက်ပတ်။ နောင်လာလတ္တံ့သော မင်းတို့သည်လည်း ထုံးပုံလာ ရာသည်" ဟူ၍ ဘုရားရှင် စေတီတော်ကို လုပ်တော်မူ၏။

## ၃၆၁။ မင်္ဂလာစေတီကို ဌာပနာခြင်း အကြောင်း

ဘုရား၌ ဌာပနာတော်မူသည်ကား ရတနာအတိပြီးသော အစွယ်သ၊ ရတနာအတိ ပြီးသော သဗ္ဗညုဌာန၊ ရတနာအတိ ပြီးသော အဂ္ဂသာဝက၊ မဟာသာဝက အရုပ်တို့ကိုလည်း ရွှေငွေအတိ သွန်းပြီးသော နဝရတ် ၉-ပါး ခြယ်လှယ်စီခြယ်၍ ဌာပနာတော်မူ၏။ ထိုမှတစ်ပါး သည်း ပုဂံပြည်၌ လွှန်လေပြီးသော ငါ့ကိုင်နှစ်ပါးသော မင်းတို့၏အရုပ်၊ မင်းကြီးအရုပ်၊ ရှင်မိဖုရား အစရှိသော မောင်းမမိသံတို့၏ အရုပ်၊ သားတော် သမီးတော်တို့၏ အရုပ်၊ အမှုးအမတ်၊ ကလန်သံပျှင်တို့၏ အရုပ်၊ ဤအရုပ်တို့ကို ထက်ဝယ် တစ်ထောင်နှင့်နှင့် ရွှေကို သွင်း၍ ဌာပနာတိုက်ဝန်းကျင် မှီကာ ဌာပနာတော်မူ၏။ ဘုရားရှင် သရီရဓာတ်တော်တို့ကိုလည်း သွင်း၍ ဌာပနာတိုက်ဝန်းကျင် နှီကာ ဌာပနာတော်မူ၏။ ရတနာဝန်းထောင်းတွင်ထား၍ ယကြာရသော ဆင်မြူတွင် တင်ပြီး နဝရတ် ၉-ပါးခြင့်ပြီးသော ရတနာဝန်းထောင်းတွင်ထား၍ ယကြာရသော ဆင်မြူတွင် တင်ပြီး သော် အိမ်တော်ကသည် ကောင်းမှုတော် မင်္ဂလာစေတီသို့ ကြီးစွာသော သဘင်ခံ၍ သရီရ ဓာတ်တော်ကို ဆောင်တော်မူ၏။

ဆောင်တော်မူသော အကြောင်းကား ဆင်မြူကို ရတနာအတိပြီးသော တန်ဆာဆင်ပြီး သော် ပြာသာဒ်တင်၍ ထိုပြာသာဒ်၏ အတွင်း၌ ရတနာအတိပြီးသော စေတီကို ထားပြီးသော် ထိုစေတီ၏ အတွင်း၌ ... ပန်းမြားရွက်မြတ်တို့ဖြင့် ခြယ်လှယ်စီမံအပ်သော ... သရီရဓာတ်တော်ကိုတင်၍ ဆင်မြူကို ဖြည်းညင်းစွာ သွားစေ၏။ ရတနာပန်းထောင်းနှင့်တကွ ...

၁။ မင်္ဂလာစေတီကို ... ၇ ဆောက်သဝါရီ ၁၂၆၉ ထွင် တည်ပြီး ၁၂၈၃ နှစ်တွင် ပြီးစီး၏။ ပုဂံ မြို့ ... ရာသည်း အပြည့်တွင်သည်။ စေတီ၏ ... ဝတ်သည်နှင့် ... ၅၅၀ စာတ်ဆိုင်ရာ ရှုံ့ ... တန်ဆာဆင်ထားသည်။

စေတီတော်ဆောက်၍ ...

မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ အမှူးအမတ်တို့လည်း ပတ္တမြားနားတောင်းဝတ်လျက် သရဖူ ဆောင်း၍ ဝှလဲ့နှစ်ဝတ်ချည်း ရှစ်ရာလိုက်ရ၏။ မင်းသမီး၊ အမတ်သမီးတို့ကိုလည်း ရွှေလည် နှင့်ချည်း ပတ္တမြား အစရှိသော မြပုလဲတန်ဆာတို့ဖြင့် ဆင်ယင်ဝတ်စားစေ၍ ရှစ်ရာလိုက်ရ၏။ သိမ်တော်ကသည် ကောင်းမှုတော်တိုင်အောင် ခရီးလမ်း ၂-ဖက်တို့ကို တန်ဆာဆင်သည်။ လမ်းကို ဝါဂွမ်းခင်းစေ၏။ ဝါဂွမ်းထက် နီးထရံ ခင်းစေ၏။ နီးထရံထက် သင်ဖြူးခင်းစေ၏။ သင်ဖြူးထက် ဖဲ၊ ပေါ်ယော်၊ သက္ကလတ်တို့ကို ခင်းစေ၏။ ထိုသို့ ခင်းပြီးမှ သွားသောအခါ မိုးတို့သည် မွှေတ် မွှေသဲ ရှေ့က ရွာလင့်လေ၏။ မြေမှုန့်တို့သည် သိပ်၏သို့ ရှိလေ၏။ လမ်း ၂-ဖက်ကိုလည်း ကြာသွတ်အိုး တည်စေပြီးသော ငှက်ပျောပင်၊ ကြံပင် စိုက်စေ၏။ "ရမြား*" ဆွဲစေလျက် ဖြစ်သောကြောင့် သုဒဿန နတ်လမ်းမကဲ့သို့ အလှတင့်တယ်လှ၏။ သရီရဓာတ်တော် ရောက်၍ ဌာပနာပြီးလျှင် မင်းညီမင်းသား၊ အမှူးအမတ်တို့ ဆင်ယင် ဝတ်စားသောတန်ဆာ၊ မင်းသမီး အစရှိသော အမျိုးသမီး၊ အမတ်သမီးတို့ ဆင်ယင်ဝတ်စားသော တန်ဆာတို့ကိုလည်း ကြိုးကိုဖြတ်၍ ဌာပနာတိုက်သို့ချည်း ပူဇော်ကုန်၏။ ဘုရားစေတီတော်ကို လုပ်၍ပြီးလျှင် သိန်းနို့ကျွန်းမှ သရီရဓာတ်တော်ရောက်၍ မင်္ဂလာစေတီ အနောက်မြောက်ထောင့် ပုထိုးသာတွင် ဌာပနာတော်မူ၏။ ကောင်းမှုတော် ပြီး၍ သာဓုခေါ်တော်မူသောအခါ ကြီးစွာသော သဘင်ခံတော်မူ၏။

## ၃၆၂။ တရုတ်နှင့် စစ်ဖြစ်ခြင်း အကြောင်း

သက္ကရာဇ် (၆၄၃)² ခြောက်ရာလေးဆယ့်သုံးခုတွင် နိုင်ငံတော်ဖြစ်သော မုတ္တမမြို့ကို စားသော အလိမ္မာမင်းကို လုပ်ကြံ၍ မွန်မင်း ဝါရီရူ မင်းပြုလေ၏။ ထိုသက္ကရာဇ်တွင် တရုတ် ဦးတည်ဘွားက ရွှေထမင်းအိုး၊ ငွေထမင်းအိုး၊ ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေယောက်မ၊ ငွေယောက်မ၊ ရွှေဟင်းချို၊ ငွေဟင်းချို အနော်ရထာမင်းစော ဆက်ဖူးသည်ဟူ၍ အမတ်တစ်ကျိပ် နှင့် မြင်းသည်တစ်ထောင်တို့ကိုစေ၍ တောင်းလာရ၏။ အချို့သော ရာဇဝင်မှာ ဆင်ဖြူတောင်း လာသည် ဟူ၍လည်း ဆိုသည်။ တောင်းလာသော တရုတ်သံတို့သည် မင်းကြီးရှေ့တော်တွင် မကော်မရော် မကျစ်မလျစ် ပြုချေ၍ "အမတ်တစ်ကျိပ်နှင့် မြင်းသည်တစ်ထောင်ကို တစ်ယောက် မလွတ် သတ်လေ"ဟူ၍ အမိန့်တော်ရှိ၏။ ထိုအခါ ရာဇသင်္ကြံ ခံသောအမတ် ဤသို့ နားတော် လျှောက်၏။ "ဘုန်းတော်ကြီးသောဘုရား… တရုတ် ဦးတည်ဘွားသံတို့သည် ရာဇဝတ်၌ မလိမ္မာ၍ မချေမင် ကျင့်မိလေသော်လည်း မှတ်သား၍ ဦးတည်ဘွားသို့ စေတော်မူသင့်လည်း စေတော်မူရသည်။ သည်းခံတော်မူ၍ ပြည်ရေးရွာမှုကို ပြေလည်အောင် မိန့်တော်မူသင့်လည်း မိန့်တော်မူရမည်။ မင်းအဆက်ဆက်တို့သည် သံတမန်ကို သတ်သောထုံးစံ မရှိ။ သည်းခံတော်မူ သင့်မည်" ဟူ၍ နားတော်လျှောက်၏။ မင်းကြီးလည်း "ငါသို့သော မင်းကို မခန့်မရည်း ကျင့်သည်၊ သတ်လေ"ဟူ၍ မိန့်တော်မူ၏။ အမတ်တို့လည်း မင်းကြီး အာဏာတော်ကို ကြောက်၍ တစ်ယောက်မလွတ် သတ်လေ၏။

## ၃၆၃။ ဝှနှင့် စေတီများကို ဖျက်၍ မြို့တည်ခြင်း၊ သံတို့အား သတ်လေသော အကြောင်းကို တရုတ်ဦးတည်ဘွား ကြားလေသော အကြောင်း

မြင်းစွာထွက်၍ မြင်းသည် ခြောက်သန်း၊ ခြေသည် နှစ်ကုဋေမျှလောက်သော စစ်အင်္ဂါတို့ကို

* ရမြား= ယမြား= ပတ်ရစ် ကာသန်းရန် ရှည်၍ ဆွဲထားရသော ပိတ်ဖြူရှည်။

ရာပြည့်စာအုပ်တိုက်

ဖိုလွှင့်၍ ချီလာ၏။[၁၉] "တရုတ်ဦးတည်ဘွားက စစ်သည် ချီလာပြီ" ဟူ၍ နရသီဟပတေ့မင်းကြီး ကြားတော်မူသော် မှူးတော်မတ်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ "ယခု ပုဂံမြို့သည် မြို့လည်း ကျဉ်းလှသည်၊ မြို့စောက်လည်း နိမ့်သည်၊ သူရဲဗိုလ်ပါ ဆင်လုံးမြင်းရင်းနေ၍ မခံသာ ဖြစ်သည်။ အရှေ့ဖြစ်ညာ ပင်လယ်ရွာကသည် တောင်ကို အခြေပြုသွား၍ ရွာသာမြို့ကို အတွင်း သွင်းပြီးသော် နိုင်လုံအောင် မြို့တည်မည် ငါအကြံတော်ရှိသည်။ ယခု အုတ်ကျောက် အလျင် မရသာ ဖြစ်သောကြောင့် ဘုရား၊ ဂူ၊ ကျောင်းတို့ကို ဖျက်၍ အုတ်ကိုယူမှ အလျင်ပြီးလွယ် မည်" ဟူ၍ အမိန့်တော်ရှိ၏။ ဖျက်လေသည်ကား ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်ထောင်၊ ကုလား ကျောင်းသုံးထောင် ဖျက်သော ဟူ၏။ ထိုသို့ ဖျက်ရာတွင် ဂူကြီးတစ်လုံး၌ ကြေးနီပုရပိုက်နှင့် အနာဂတ်ဗျာဒိတ် ရ၍ ဖတ်စေသော် "ပုဂံပြည်တွင် သားမြွှာဘလက်ထက် တရုတ်ဖျက်၍ ပျက်လတ္တံ့" ဟု စာတွင်ပါ၏။ မင်းကြီးလည်း ကိုယ်လုပ်တော်တို့ကို မေးစစ်တော်မူသော် ကိုယ်လုပ်တော်ငယ်တွင် သားမြွှာမွေးဖွားကြောင်းကို နားတော်လျှောက်၏။ မင်းကြီးလည်း "မြို့လုပ်၍ မခံနိုင်ရာချေ" ဟု စစ်သူကြီး **အနန္တပစ္စည်း၊ ရန္တပစ္စည်း**တို့ကို ကြည်း၊ ရေ၊ ရှစ်သိန်း သော ဆင်လုံး၊ မြင်းရင်း (အ)များနှင့် ချီရလေ၏။

## ၃၆၄။ တရုတ်တို့က အင်အားကြီး၍ ရှုံးရခြင်း အကြောင်း

အနန္တပစ္စည်း၊ ရန္တပစ္စည်းတို့လည်း ချီလေ၍ ငခေါင်ချမ်းသို့ ရောက်လေသော်[၂၀] မြို့၊ ပြ၊ ကျုံးမြောင်းလုပ်၍ ဇန်းမော်မြစ်အငူတွင် ခံသည်။ တရုတ်တို့လည်း ချီလာ၍ တိုက်လေ၏။ အနန္တပစ္စည်း၊ ရန္တပစ္စည်းတို့ကလည်း ဆီး၍ တရုတ်တို့ကို သတ်သည်။ သုံးလတိုင်တိုင် ရှိသောဟူ၏။ ဦးတည်ဘွားလည်း သေလေသောစစ်သည်တို့ အစားကို လောင်းလေလေ ထပ်၍ ရှိလာ၏။ အနန္တပစ္စည်း၊ ရန္တပစ္စည်းတို့ကလည်း စစ်သည်သူရဲမှ စ၍ ဆင်ထိန်း၊ မြင်းထိန်းမှ မလွတ်၊ သုံးလတိုင်တိုင် သတ်သည်။ မသတ်နိုင်၊ လက်ခြေပန်း၍ တရုတ်တို့ မြစ်ကို ကူးနိုင်လေ သောကြောင့် ငခေါင်ချမ်း ပျက်လေ၏။ ငခေါင်ချမ်း ပျက်သနေ့ သရုပါတ်ခါး စောင့်သော တေပါးသင်နတ်သည် နတ်ချင်း တိုက်ကြရာတွင် လက်ကို မြားသင့်၍ ပုဂံမြို့သို့ အလျင် ရောက်လာ၏။ တေပါးသင်နတ်သည် မင်းကြီး ဆရာတော်ငယ် မပြတ် စောမြဲ ဖြစ်၍ ရောက်လာ၏။ "ယနေ့သည် ငခေါင် ဆရာတော် နေ့ကို ကျိန်းတော်မူရာတွင် ခြေတော်ကိုလှုပ်၍ လျှောက်၏။ "ယနေ့သည် ငခေါင် ချမ်း ပျက်ခဲ့ပြီ၊ ကျွန်ုပ်လက်ကို မြားသင့်ချေသည်" ဟူ၍ လျှောက်၏။ ဆရာတော်ဘုန်းကြီးလည်း တပည့်မောင်ရှင်ငယ်ကို ခေါ်၍ ငခေါင်ချမ်း ပျက်ကြောင်းကို ပြန်လေစေ၏။ မင်းကြီးလည်း "အဘယ်အကြောင်းဖြင့် ငခေါင်ချမ်း ပျက်ကြောင်းကို သိတော်မူသနည်း" ဟု မောင်ရှင်ငယ်ကို မေးတော်မူ၏။ မောင်ရှင်ငယ်လည်း "သရုပါတ်ခါး စောင့်သော တေပါးသင်နတ် ငခေါင်ချမ်းက ရောက်လာ၍ ဆရာတော်ကို လျှောက်သောကြောင့် ယနေ့ ငခေါင်ချမ်း ပျက်ကြောင်းကို သိတော်မူသည်" ဟု ဆို၏။

---

၁၉။ မှန်ကိုမှတ်တမ်းအရ မွန်ဂိုလ်များ ယူနန်ပြည်နယ်ရှိ တော်မှ ၂၂ အောက်တိုဘာ ၁၂၈၃ ခုနှစ်တွင် တောင်ဆို့တက်ခဲ့ကြ၏။ ဦးစီးသူများမှာ မင်းသား Sangqudar၊ ယူနန်ပြည်နယ် ဒုတိယဘုရင်ခံ Taipu၊ ယူနန်ပြည်နယ် အစိုးရ အကြီးအကဲ Yagan Tegin တို့ ဖြစ်ကြသည်။

၂၀။ မှန်ကိုမှတ်တမ်းတွင် အနန္တပစ္စည်းမှာ ဆားတွင်းများကို ထွက်တဲ့ရသည့် အမတ်ဟု ဆော်ပြထားပြီး သူနှင့် အတူ လိုက်ပါလာသူမှာ ... ဖြစ်သည်ဟု တွေ့ရ၏။

### ၃၆၇။ မင်းကြီး ပုသိမ်သို့ စုန်ချီတော်မူခြင်း အကြောင်း

မင်းကြီးလည်း ထိုအကြောင်းကို ကြားတော်မူလျှင် ရဲရော့ သမ္ဗန် အစရှိသော လှေကြီး လှေငယ်တို့ကို ပြင်ဆင်စေ၍ လှေ လှေ အစရှိသော ဘဏ္ဍာအဆောင်အယောင်တို့ကို တင်စေတော်မူသော အခါ၊ ဆန် တင်စေ၏။ လှေဝါကား ကြောရေတစ်ဆောင်ကို၊ ရွှေတော်၊ ငွေတော် အဆောင်အယောင်တို့ကို စီစေ၏။ ရွှေလှေဝါကား တစ်ဆောင်နှင့် မင်း၊ မင်းသမီး၊ မင်းသားတို့ကို စီစေ၏။ ထိုအခါ အတွင်းဝန ကိုယ်လုပ်တော်တို့ များလှသော ကြောင့် မဆံ့သော ရှိလေ၏။ မင်းကြီးလည်း လှမ်းရွှင်၍ မေးသော်ရှိသော် "အတွင်းဝန မိန်းမတို့ ကိုမူ သက်ကို ဖုတ်၍ သုတ်ပယ် ပစ်လေတော့၊ တရုတ်တို့ ရလျှင် မသော်ဖြစ်လေတော့မည်" ဟူ၍ မိန့်တော်မူ၏။

ဆရာတော်ဘုရားသော်လည်း "မင်းကြီး... သံသရာဝယ် ကျင်လည်သမျှသော သတ္တဝါတို့သည် လူ၏အဖြစ်ကို ရခဲ အလွန်ခဲလှသည်၊ လူ၏အဖြစ်ကိုပင် ရသည် ရှိသော်လည်း ဘုရား ဖြစ်တော်မူသောကာလကို ရခဲလှသည်၊ ထိုလူတို့ကို ရေယ်ပစ်သော မကောင်းမှုကိုလည်း မင်းကြီး မတော်မူလျှင် မျိုး ရေယ် ပစ်ချသော် နောင်လာလတ္တံ့သော မင်းတို့သော်လည်း အစဉ် ဆိုရှင်းစရာ ဥဒါန်းဆော်ကွန်း ဖြစ်ရစ်လေသော့မည် ဖြစ်သောကြောင့် လှေတွင် ပါရှိသော အတွင်းဝန မိန်းမတို့ကို ကြိုက်သော လှေ ရပ်ကွက်တို့ ဆောင်ယူလေစေ ဟူ၍ အမိန့်ရှိလျှင် အသက်အလှူကို ပေးသည်လည်း မည်တော်မူတော့သည်၊ ပြုတော်မူသည်လည်း မည်တော့သည်" ဟူ၍ ဆရာတော် မိန့်သော်၏။ မင်းကြီးလည်း "ဟုတ်လှပေ၏" ဟူ၍ ပါရှိသော အတွင်းဝန မိန်းမတို့ကို လွှတ်တော်မူ၍ လှေ ရပ်ကွက်တို့ အသီးသီး ဆောင်ယူ သွားလေကုန်၏။ မင်းကြီးလည်း ရထားနာရွှေတောင် စီး၍ မှန်ပြည် ပုသိမ်သို့ စုန်တော်မူလေ၏။

### ၃၆၈။ မန်လည်ပြို့ ခံတပ်တွင် စစ်သူကြီး အနန္တ ပဇ္ဈည်း ကျဆုံးကြောင်း

စစ်သူကြီး အနန္တ ပဇ္ဈည်း၊ ရန္တ ပဇ္ဈည်းတို့လည်း ငစောင်းချမ်း ပျက်ခဲ့လျှင် ဆုတ်ခဲ့၍ မန်လည်တောင်ရဲ အရှေ့ ခြံ ၂-ခြံ တည်၍ ခံပြန်လေ၏။ စစ်သူကြီး ၂-ယောက်တို့သည် ပြောဆိုသော ဂျိုးသော် ကောင်းကင်သို့ ၁၅-တောင်၊ တစ်ဆယ့်ခြောက်တောင် တိုင်ဆောင်၍ တရုတ်တို့ကို လှမ်းကြ၏။ ထိုသို့လုပ်ကြရာတွင် အနန္တ ပဇ္ဈည်းကို နတ်ရှင်းပစ်ကြသော မြားသင့်၍ ကောင်းကင်က ကျ၍ ဆုံးရှုံး၏။ ယင်းသို့လျှင် တရုတ်တို့ကလည်း ဗိုလ်ပါများလှသည်ဖြစ်၍ ဆောင်မြင်းသို့ မရောက်နိုင်ရှာ ပျက်ပြန်ရှာ၏။ တရုတ်တို့လည်း အမိုင် ထပ်၍ လိုက်လာ၏။ စစ်သူကြီးတို့လည်း ဗိုလ်ပါအရုံအရ ရောက်သောင် အုပ်ချုပ်၍ ပြန်ခဲ့၏။ ပုဂံသို့ ရောက်သော် မင်းအစရှိသော တစ်ပြည်လုံး မှန်ပြည်သို့ အလွတ်ရှာ၍ ပြေးလေပြီ ဖြစ်သောကြောင့် ပုသိမ်သို့ လိုက်လေ၏။ တရုတ်တို့လည်း ထပ်၍ လိုက်ပြန်လေ၏။ တရုတ်မော်သို့ရောက်လျှင် စခန်းချ၍ လေသည်နှင့် စစ်သည်ဗိုလ်ပါ များလှသောကြောင့် အစာအသောက် ဆုံ့ ပါး၍ ပြန်ကြလေ၏။

သတ္တရာ (၆၄၆)-ခုနှစ် ဗိုလ်တို့ ပြန်ရောက်သောအခါ ပြည်နှင့်ကျ သတ္တာဝိသ မပြည့်မင်း ၂-ပါဒ်ကြွင်း၌ နရသီဟပတေ့မင်းကြီး တရုတ်ကို ကြောက်၍

၁၈ ဆရာတော် ရှင်ဒီသာပါမောက္ခ ရေးကိုသည့် စာများကိုတော်တွင် နရသီဟပတေ့မင်းကြီး ပြည်သို့ ကျွှည်ကျေးရေသို့ ရှောင်ပြေးတိမ်းရှောင်ခဲ့ကြောင်း ဆိုရ၏။ ထို့ ပုသိမ်သို့ ဆက်လက် စုန်ဆင်းခဲ့ရသည် ဟု ဆိုနိုင်သည်။
၂၈ ဒေဝီ ၁၂၈၄

ရှိလေတော့သည်။ ထို့ကြောင့် နရသီဟပတေ့မင်းကြီးကို "တရုတ်ပြေး" ဟူ၍ ခေါ်ကြသတည်း။

### ၃၆၇။ နရသီဟပတေ့မင်း ပုသိမ်မှ ဆန်တက်လာခြင်း အကြောင်း

နရသီဟပတေ့မင်းကြီးလည်း တရုတ်တို့ ပြန်လေပြီဟူ၍ ကြားတော်မူလျှင်* မှန်ပြည်မှ ၅-လ နေတော်မူ၍ နေပြည်တော်သို့ ပြန်တော်မူမည် အကြောင်းကို စီရင်တော်မူ၏။ ထိုအခါ ပုသိမ်စား ဥစ္စနာလည်း ခမည်းတော်ကို ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင် ဆန်တော်မူလျှင် ပြည်စား သီဟသူသည် မကောင်းသော အကြံအစည်ဖြင့် အရှင့်ကို ကြံစည်လေရာသော ရှိသည်ဟူ၍ အများဆိုကြသည်။ ပြည်စားသီဟသူကို ယခု နောက်တော်ပါသည်အနိုက် ဖမ်း၍ ထားတော်မူမှ သင့်မည် ထင်သည်"ဟု နားတော်လျှောက်၏။ မင်းကြီးလည်း မည်သို့မျှ မိန့်တော်မမူ၊ တိတ်တိတ်သာ နေတော်မူ၏။ အကြီး ပုသိမ်စား ဥစ္စနာလည်း "ငါ့အရှင်ကို သင်းသည် ပြည်မြို့သို့ ရောက်တော်မူက မကောင်းသောအကြံကို ကြံမည် မှချ"ဟု ဖမ်းပြီးသော် သံခြေချင်းခတ်၍ ပုသိမ်သို့ ဆောင်လေ၏။ ထိုအခါ ပြည်စား သီဟသူသည် ငါ့တွင် အပြစ်မရှိဟု ဟစ်ကြော်၍ ငိုကြွေး၏။ ထိုသို့ ငိုကြွေးသောအသံကို ခမည်းတော် နရသီဟပတေ့မင်းကြီး ကြားတော်မူသော် ဥစ္စနာလက်တွင် သံခြေချင်းခတ်၍ ထားသော သီဟသူကို ယူတော်မူလိုက်၍ သံခြေချင်းနှင့် တကွ ရွှေဖောင်တော်အနီး လှေတစ်စင်းတွင် ထားတော်မူ၏။

### ၃၆၈။ ပြည်မြို့ဆိပ်သို့ ရောက်လျှင် သားတော် ပြည်စား သီဟသူ လုပ်ကြံသည့် အကြောင်း

ထိုအခါ ပြည်စား သီဟသူကျွန် သေနင်ငယ်နှင့် သေထင်းငယ် ဆိုသော သူ ၂-ယောက်တို့သည် တံငါအယောင် ဆောင်ပြီးသော် လှေငယ်နှင့် ကွန်ခွန့်ဟန်ပြု၍ သီဟသူကို နီးလေ၏။ သီဟသူလည်း လွတ်၍ ပြည်သို့ အလျင်ဆန်လာသော် ခုံဖက်ရိုလ်ပါ ရုံးရပြီးမှ မြို့ပြနိုင်လုံအောင် စီရင်၍ အသင့်နေနှင့်၏။ မင်းကြီးလည်း ခုံဖက်ရိုလ်ပါတို့ အကွဲကွဲ ရှိလေသောကြောင့် ပြည်က ခုံဖက်တို့ကို ရုံးရ၍ တပြည်ပြည်း ဆန်တော်မူ၏။ ထိုအခါ စားတော်သည်တို့သည် ခမဲ့ ဆော အခွက်သုံးရာ မရနိုင်၍ အခွက် တစ်ရာငါးဆယ်သာ ရ၍ စားတော်ပြင်၍ ဆက်သည်ကို ငိုတော်မူ၏။ မိဖုရားသွားစေလည်း "ငါ ဆင်းရဲလှ၏" ဟု မျက်နှာတော်ကို ဖွင့်လက်ပုံ၍ ငိုတော်မူ၏။ မိဖုရားသွားစေလည်း "ငါ ဆင်းရဲလှ၏" ဟု မျက်နှာတော်ကို ဖွင့်လက်ပုံ၍ ငိုတော်မူ၏။ ထိုအခါ ပဉ္စင်းကြီးသည်လည်း "အလောင်းမင်းကြီး... ဘုံသုံးပါး၌ ကျင်လည်သော ဘဝ၌ အပေါင်းတို့သည်ကား လောကဓံတရား ရှစ်ပါးမှ မလွတ်၊ ကျွန်းငယ်နှစ်ထောင် အရံရှိသော ကျွန်းကြီး ၄-ကျွန်းနှင့် ကြွဝသော မန္တာတ်မင်း စင်ကြွက်လည်း နာနာဘာဝ နတ်ပြည် ၂-ထပ်ကို အစိုးရသော တရားတော်ကို ပညာတော်ဖြင့် ဆင်ခြင် ဝိနာဘာဝ တရားတော်မှ မလွတ်၊ သေတော်မူသော တရားတော်ကို ပညာတော်ဖြင့် ဆင်ခြင်တော်မူသည်ဖြစ်မှ နာလိုသော ဓာတ်ကျက်ခြင်း ကင်းတော်မူမည်" ဟူ၍ နားတော်လျှောက်လေ၏။

---

* [illegible]

မင်းကြီးလည်း နှလုံးတော်ချမ်း၍ မိဖုရားဘွားစောကို တိုင်ပင်တော်မူ၏။ "ငါတို့သည် ... နေပြည်တော်သို့ အရောက် ဆန်ရသော်လည်း သင့်မည်လော၊ သည်တွင် ရှိလေ၍ ... သော်လည်း သင့်မည်လော" ဟူ၍ မိန့်တော်မူ၏။

မိဖုရားဘွားစောလည်း "ဆန်တော်မူမည် မိန့်တော်မူသော စကားသည် ... ပြည်ထဲရောက် ဆောက်ရှလိုက်သော် ခက်ခဲ၏။ အဘယ်သို့ ခက်သနည်း ဟူမူကား ... ပြည်သူရှာသား အလုံးအရင်း မရှိဘဲ နေပြည်တော်သို့ဝင်၍ နေရသော် ရန်သူတို့ ... အကင်းပင် ဖြစ်နေရသည်။ ပြည်သူရှာသားတို့လည်း အလောင်းမင်းကြီးသည် ... ပြင်းတော်မူလှ၍ အာဏာတော်ကို ကြောက်သောအားဖြင့် ပြည်တော်သို့ မချဉ်းမကပ်ရဲ ... ဖြစ်သည်။ ထို့ကြောင့် အလျင်အထက်က ကျွန်တော်မ လျှောက်ပါသည်၊ ယူတော်မူ ... 'ပြည်ဝမ်းကို မဖောက်ရာ၊ ပြည်ဦးကင်းကို မနှိမ့်ရာ၊ ပြည်တံခွန်ကိုလည်း မလှဲရာ၊ ပြည်မျက်စိ ကိုလည်း မဖောက်ရာ၊ ပြည်နွယ်ကိုလည်း မချိုးရာ၊ ပြည်မျက်နှာကိုလည်း မဖျက်ရာ၊ ပြည်... ပြည်လက်ကိုလည်း မဖြတ်ရာ' ဟူ၍ အထက်က လျှောက်ပါသည်ကို ယူတော်မမူ၊ ... ပြည်ရှာစည်ပင်မည့် အရေးသည် အလွန် ခဲယဉ်းလှသည်" ဟု နားတော်လျှောက်၏။ မင်းကြီး လည်း ထိုအကြောင်းကို မေးတော်မူပြန်၏။ မိဖုရားဘွားစောလည်း ဤသို့ နားတော်လျှောက်၏၊

## ၃၆၉။ မိဖုရားဘွားစော လျှောက်ချက်အကြောင်း

(၁) "ပြည်ဝမ်းကို မဖောက်ရာ" လျှောက်ရာမှာ ပြည်ကြီး၏ ဝမ်းနှင့်တူသော သူဌေး သူကြွယ်တို့ကို အပြစ်မရှိဘဲလျက် အပြစ်ရှာတော်မူ၍ ဥစ္စာရွှေငွေတို့ကို မျက်၍ သိမ်းယူခြင်း၊ သူဌေး သူကြွယ်တို့ သေသောအခါ အမွေခံသော သားသမီးရှိလျက် အမွေမခံရ၊ ပြစ်ပြစ်ကုန်အောင် သိမ်းယူတော်မူခြင်းသည်လည်း ပြည်ဝမ်းကို ဖောက်သည် မည်၏။

(၂) "ပြည်ဦးကင်းကို မနှိမ့်ရာ" လျှောက်ရာမှာ ပြည်ဦးကင်းနှင့် တူသော မှူးကြီး မတ်ရှိုင်တို့ကို အမျက်တော်ရှိလျှင် မထောက်မချင့် မဆင်မခြင် ကွပ်ညှပ်မျက်ပြီး တော်မူခြင်းသည်ကား ပြည်ဦးကင်းကို နှိမ့်သည် မည်၏။

(၃) "ပြည်တံခွန်ကို မလှဲရာ" လျှောက်ရာမှာ ပြည်၏ တံခွန်နှင့်တူသော ရသေ့ ရဟန်း ပညာရှိတို့ကို အမျက်တော်ရှိလျှင် မစုံမစမ်း မထောက်မရှု မျက်တော်မူခြင်း သည်ကား ပြည်တံခွန်ကို လှဲသည် မည်၏။

(၄) "ပြည်မျက်စိကို မဖောက်ရာ" လျှောက်ရာမှာ ပြည်၏ မျက်စိနှင့်တူသော ပိဋကတ် ဆောင်တတ်သော ပညာရှိ ပုရောဟိတ်တို့ကို အမျက်တော်ရှိလျှင် ဆီးတားပိတ်ပင် တော် မမူ၊ ရှုပ်ရှုပ်ချွံချွံ မျက်တော်မူခြင်းသည်ကား ပြည်မျက်စိကို ဖောက်သည် မည်၏။

(၅) "ပြည်နွယ်ကို မချိုးရာ" လျှောက်ရာမှာ ပြည်ကြီး၏ အနွယ်နှင့် တူသော မင်းညီ မင်းသားတို့ကို အမျက်တော်ရှိလျှင် ရှေ့ကို ထောက်ရှုတော်မမူ၊ မျက်တော်မူခြင်း သည်ကား ပြည်နွယ်ကို ချိုးသည် မည်၏။

(၆) "ပြည်မျက်နှာကို မဖျက်ရာ" လျှောက်ရာမှာ ပြည်၏ မျက်နှာနှင့်တူသော မိဘ လင်သားတို့၏ ကြေးမုံသဖွယ်ဖြစ်သော သူ၏ သားသမီးတို့ကို အနိုင်ထက် ယူတော် မူခြင်းသည်ကား ပြည်၏ မျက်နှာကို ဖျက်သည် မည်၏။

(၇) "ပြည်မြေပြည်လက်တို့ကို မဖြတ်ရာ" လျှောက်ရာမှာ ပြည်၏မြေလက်ဖြစ်သော သူရဲသူခက်တို့ကို အမျက်တော်ရှိလျှင် သံသရာ, ပန္နရန် ၂-ပါးကို ထောက်ရှုတော်မမူခြင်းသည်ကား ပြည်မြေ, ပြည်လက်ကို ဖြတ်သည် မည်၏။

ဟူ၍ နားတော်လျှောက်ပေသော် မင်းကြီးလည်း "ရှင်မိဖုရားသည် ရှေးက ဤကဲ့သို့ ငါ့ကို မလျှောက်ပါ"ဟု မိန့်တော်မူ၏။ မိဖုရားလည်း "အရှင်မင်းကြီးသည်သာ ယခု ပြည်စားသီဟသူလည်း ပြည်သို့ရောက်လေပြီ ဖြစ်သည်။ သီဟသူပင် အမှုပြုလတ္တံ့သည် မမျှော်"ဟူ၍ နားတော်လျှောက်၏။ မင်းကြီးလည်း "ချင်းအစ်ကို သံခြေချင်းနှင့် သတ်မည်မှုလေသည်ကို ငါယူ၍ ထားသောကြောင့်သာ အသက်လွတ်သည် မဟုတ်တုံလော၊ အတိမှာ ငါ့ကို ပုံဖွဲ့နည်း"ဟူ၍ မိန့်တော်မူ၏။ "ငါသည် ပြည်ကိုအရောက် ဆန်တော်မူ၍ ရဲမက်,ဗိုလ်ပါတို့ကို စုံစုံ ပေါင်းစည်းပြီးမှ ပုဂံနေပြည်တော်သို့ ဆန်တော်မူမည်" ဟု မိန့်တော်မူ၍ ကဇွဲ ကလျား ကရဲကသီ မရုံး မစုဘဲ ဆန်တော်မူလေ၏။

## ၃၇၀။ ပြည်စား သီဟသူက ပွဲတော်တွင် အဆိပ်ခတ်၍ ကျွေးရာ စမည်းတော် နတ်ရွာစံသော အကြောင်း

မင်းကြီးကား ပြည်စား သီဟသူကို ယုံတော်မူ၍ ဆန်တော်မူချေသည်။ ပြည်သို့ ရောက်တော်မူလေသော် သားတော် ပြည်စားသီဟသူ[1]သည် ဖောင်တော်ကို မဆန့်ရ၊ တားလေ၏။ သီဟသူလည်း စားတော်ဝယ် ဆေးထည့်ပြီးသော် မင်းကြီးကို "စားတော်ခေါ်ပါ"ဟု ဆက်လေ၏။ မင်းကြီးလည်း စားတော်ဝယ် ဆေးထည့်ကြောင်းကို သိတော်မူ၍ မစားဘဲ နေတော်မူလေ၏။ စားတော်မခေါ်သော အကြောင်းကို သီဟသူ ကြားတော်မူလေသော် သူ့ရဲ (၃၀၀)သုံးရာတို့ကို အိမ်ဓားဖွေးဖွေး ကိုင်စေ၍ ဖောင်တော်ကို ဝန်းရံ၏။

မိဖုရားဘွားစောလည်း ဤသို့ နားတော်လျှောက်၏။ "အလောင်းမင်းကြီးသည် အကျွန်ုပ် အထက်က လျှောက်သောစကားကို ယူတော်မမူပါသောကြောင့် ဤကဲ့သို့ဖြစ်တော်မူရသည်။ စား, လုံ, လက်နက်ဘေးနှင့် သွေးသံတခြင်းခြင်း သေတော်မူရသည်ထက် ဆေးထည့်သော စားတော်ကို စား၍ ကြမ္မာကုန်ခြင်းသည် မြတ်၏"ဟူ၍ နားတော်လျှောက်လျှင် "ငါသည် နိဗ္ဗာန်ကို မရောက်သေးသရွေ့ သံသရာဝယ် ကျင်လည်လေသမျှသော ဘဝ၌ သားယောက်ျား ဟူသော အဖြစ်ကို မရလိုပြီ"ဟု ဆုတောင်း သစ္စာပြုတော်မူ၍ ဝတ်တော်မူသော လက်စွပ်တော်ကို အပ်တော်မူ၍ စားတော်ခေါ်သော ကောဇ် အနိစ္စ ရောက်ချပြီးသော် မိဖုရား ဘွားစောကို အပ်တော်မူ၍ စားတော်ခေါ်သော ညောင်းစိမ် (၄၄)လေးဆယ့်လေး၊ သက်တော် ရောက်တော်မူ၏။ အိမ်နိမ့် (၁၆)တစ်ဆယ့်ခြောက်၊ ညောင်းစိမ် (၄၄)လေးဆယ့်လေး၊ သက်တော်

(၆၀)ခြောက်ဆယ်သော် အနိစ္စရောက်တော်မူ၏။

အနိစ္စရောက်တော်မူလိုသော် ပုထိုးဘုရား ပြာဋ္ဌိဟာ ပြ၏။ ဒေါင်ပို့ကန်သင်း အနိုး ရောက်ဘိ၏။ ကြာသပတေးကြယ် လထက် လွှက်၏။ ပြာသိုလဆွင်ကာ တန်ခူးရာသီသို့ လွှပ်၏။ နံတော် တနင်္လာသားတည်း။ နား၏။ မြေကြီး လျှင် ပုံတင်ထပ်မှု လှုပ်၏။ နံတော် တနင်္လာသားတည်း။

နရသီဟပတေ့ တရုတ်ပြေးမင်းကြီးသည် သက္ကရာဇ် (၆၄၆)[၂] ခြောက်ရာ

---

၁။ နရသီဟပတေ့ကောင်းနှင့် မိဖုရားရှင်စောက်တို့၏ သားဖြစ်ကြောင်း ပြည်မင်းဆက်နယ်တော်စဉ် မှရှိုက်မှတ်တမ်း၌ တွေ့ရှိရ၏။ သီဟသူသည် နှမ်းညီနောင်သုံးဦးတို့၏ နမယ် အတုလဆောင်သွဲ့စံ မင်းလုလှခြင်းနှင့် နှစ်ဖက်ကား သမီး များမယ်ရှင်ကို ဖွားမြင်သည်။ ၂။ ခေါ် ၁၂၈၄

လေးဆယ့်ခြောက်ခု ပြည့်နှစ်တွင် သဏ္ဍာဝီသ မပြည့်ခင် ၂–ပါဒ်ကြွင်း၌ ပုဂံက ကွယ်လွန်တော်မူ၍ နေ့ခ ပြောင်းတော်မူ၏။

## ၃၇၁။ ပြည်စားသီဟသူ နောင်တော်ဥစနာကို လုပ်ကြံပြီးနောက် ပဲကူးစား ငပမွန်နှင့် တိုက်ရာ မိမိမြားပင် မိမိကို မှန်၍ အနိစ္စရောက်ကြောင်း

နရသီဟပတေ့မင်းကြီး အနိစ္စရောက်တော်မူလျှင် ပြည်စားသီဟသူသည် မှူးတော်၊ မတ်တော်၊ ရဲမက်၊ ဗိုလ်ပါ အပေါင်းတို့ကို သစ္စာရည်းတိုက်၍ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ပြီးသော် အလုံး၊ အရင်း အများနှင့် နောင်တော်ဥစနာ ရှိရာ ပုသိမ်သို့ ရေအား၊ ကြည်းအားဖြင့် ချီလေ၏။ နောင်တော်ဥစနာလည်း ကိုယ်တော်မကျန်း၍ ခမည်းတော်နှင့် အတူ မပါရှိသည်။ "ခမည်းတော်ကို ပြည်စားသီဟသူ လုပ်ကြံလေသည်" ဟု ကြားလျှင် ကြေကွဲတော်မူသည်ဖြစ်၍ ရေစာမယူ၊ သည်းလှသည် အနိုက်တွင် သီဟသူ ရောက်၍ မစီရင် မခန့်ထားနိုင်ရှေသောကြောင့် ပုသိမ်သို့ ဝင်ရလေ၏။ ပြည်စားသီဟသူလည်း နောင်တော်ဥစနာအိမ်သို့ တက်၍ အသက် လှုပ်လှုပ်သာ ရှိသည်ကို နပ်နပ်စဉ်း၍ သလွန်ပေါ်တွင် အနိစ္စရောက်လေ၏။ ဥစနာ ကျေးကျွန်များတို့ကိုလည်း ဖမ်း၍ သတ်လေ၏။

ထိုအကြောင်းကို ငပမွန် ကြားလေလျှင် ပဲကူးမြို့ကို ကျုံး၊ မြောင်း ပြင်ဆင်၍ မြားနားကြကြံ ခံ၍နေ၏။ တလစား ကျော်စွာလည်း မြို့၊ ပြ၊ ကျုံး၊ မြောင်း ပြင်၍ မျိုးရိက္ခာ သွင်းပြီးသော် ကြိုကြို ခံ၍နေ၏။ ပြည်စားသီဟသူလည်း တလမြို့သို့ချီ၍ ကျော်စွာ ခံနှင့်သည်ကို တိုက်လေ၏၊ အကြိမ်ကြိမ်တိုက်သော်လည်း တလမြို့ကို မနိုင်ချေ။ ထိုသို့ မရနိုင်သည်ရှိသော် အမှူးအမတ်တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ "ငါတို့သည် တလမြို့ကို အကြိမ်အဖန်များစွာ လုပ်ကြံသော်လည်း မရနိုင်ချေ၊ တလမြို့ကို ရှိနှင့်စေဦး၊ ပဲကူးစား ငပမွန်ငယ်ကို လုပ်ကြံဦးမည်။ ပဲကူးကို ရလျှင် တလမြို့ ခံနိုင်မည်လော" ဟူ၍ ပဲကူးမြို့သို့ ချီလေ၏။ ပဲကူးစား ငပမွန်လည်း သား၊ မယားနှင့် တကွ မြို့ထိပ်ပြကြီးတွင် ကျင်းပ၍ နေ၏။ မချေမငံသော စကားကိုလည်း ဟစ်၍ ဆိုနှင့်ရာ၏၊ ပြည်စား သီဟသူလည်း ငပမွန်ငယ်က ဆဲရေး၍ မှကျစ်မလျစ် ဆိုသော စကားကိုကြားလျှင် အမျက်ပြင်းစွာ ထွက်၍ မိမိစွဲသောလေးနှင့် ငပမွန်ငယ်ကို ပစ်မည်ဟူ၍ လေးကို ငင်ရာတွင် အငင်လွန်၍ မိမိ မြားပင် မိမိကို သင့်၍ အနိစ္စရောက်လေ၏။ အမှူးအမတ်တို့လည်း သီဟသူကို သင်္ဂြိုဟ်၍ သချိုင်းရာတွင် စေတီတည်၏။ ထိုစေတီကို ပူဇော်ကြပြီးသော် "မင်းကြီး နေရစ်တော့" ဟူ၍ ဆိုကြသည်ကို အကြောင်းပြု၍ နေရစ်ဘုရားဟု ယခုတိုင်အောင် တွင်၏။

မိဖုရားဘွားစောလည်း မှူးမတ်တို့နှင့် ရုံးစု တိုင်ပင်တော်မူ၍ တလစား ကျော်စွာကို မင်းမြှောက်လေ၏။ နရသီဟပတေ့မင်း ပုဂံက ကွာတော်မူသည်နောက် ပုဂံ နှစ်နှစ် လပ်၏။

## ၃၇၂။ ကျော်စွာမင်း အကြောင်း (၅၄)

သက္ကရာဇ် (၆၄၈)[၁]ခြောက်ရာလေးဆယ့်ရှစ်ခုတွင် တရုတ်ပြေး နရသီဟပတေ့မင်းကြီး သားတော်ကျော်စွာ မင်းဖြစ်တော်မူ၏။[၂] ပုဂံမြို့ နှစ်နှစ်လပ်၍ မြို့၊ ပြ ပြိုပျက်၍ တောသာ

၁။ ခေတ် ၁၂၈၆ ၂။ ကျော်စွာမင်း၏ ဘွဲ့မည်မှာ သီရိတြိဘဝနာဒိတျပဝရပဏ္ဍိတဓမ္မရာဇာဖြစ်ပြီး ဘုရင်မဖြစ်မီက တလမြို့စားအရာဖြင့် အမှုထမ်းရသဖြင့် တလသူကြီးဟု ကျောက်စာ၌ တွေ့ရှိရ၏။

ရာဇဝင်ကျမ်းတိုက်

နှိပ်စက်သည်ကိုလည်း သုတ်သင်ပြင်ဆင်၍ နေတော်မူ၏။ မင်းဖြစ်တော်မူလျှင် အနော်ရထာမင်းစောမှ စ၍ နရသီဟပတေ့ တရုတ်ပြေးမင်းတိုင်အောင် တစ်ဆယ့်တစ်ဆက်သော မင်းတို့၏ နိုင်ငံတော် ဖြစ်သော တိုင်း, ခရိုင်, မြို့, ပြ အပေါင်းတို့သည် အသီးသီး ခြားနားလေ၏။

## ၃၇၃။ ခြားနား ရိုင်းပျလေသော နိုင်ငံများ အကြောင်း

ခြားနားသော မြို့များကား ရခိုင်ဓညဝတီ အစရှိသော အနောက်တစ်လွှားခွဲ နေကုန်သော ရွာကိုရှိ သက်မြို့ ဘာလူ ဝါတို့လည်း ဆက်မြ ကပ်မြကို မဆက်၊ ခြားနား ရိုင်းပျလေကုန်၏၊ မွန်သုံးရပ်တွင် ပဲကူးကိုစားသော ပေမွန်လည်း တရုပ်များ အမည်ကိုခံ၍ မြို့ရှိ ၃၂-မြို့နှင့်တကွ ပုန်ကန်ခြားနားလေ၏။ မုတ္တမ ၃၂-သုံးဆယ့်နှစ်မြို့[၁]ကို စားသော ဝါရီရူလည်း ဆက်မြ ကပ်မြကို မဆက်၊ ခြားနားရိုင်းပျလေ၏။ ယိုးဒယား, တနင်္သာရီ, သောက်ကတဲ့[၂], ဗိဿလောက်[၃], လကွန်းသီဟ, အကျော်မိုင်းစံ, လင်းစင်း[၄], လဝိုက်, မျက်နှာမည်း[၅]-ဤပြည်များလည်း ဆက်မြ ကို မဆက်၊ အသီးအသီး ခြားနားပုန်ကန်လေ၏။ ယွန်းပြည်[၆]ဖြစ်သော ဇင်းမယ်[၇]စားလည်း မြို့ရှိ ၅၇-ငါးဆယ့်ခုနစ်မြို့နှင့် တကွ ခြားနားလေ၏။ ဂုံပြည်[၈]ဖြစ်သော ကျိုင်းတုံစားလည်း မြို့ရှိ ၁၂- တစ်ဆယ့်နှစ်မြို့နှင့် တကွ ခြားနားလေ၏။ လူးပြည်[၉]ဖြစ်သော ကျိုင်းရုံးစားလည်း မြို့ရှိ ၂၀-နှစ်ဆယ်နှင့်တကွ ခြားနားလေ၏။ သံလွင်မြစ် အရှေ့ဘက်၌ ရှိကုန်သော မိုင်းမော, စံခွင်, ဟိုသာ, လာသာ, မိုးနာ, စန္ဒာ, မိုးဝန်း, ကိုင်းမား, ကိုင်းလျှဉ်-ဤပြည်များလည်း အသီးအသီး ခြားနား ရိုင်းပျလေ၏။

သံလွင်မြစ် အနောက်ဘက်၌ ရှိသော စောလုံရှမ်း ၉-ပြည်ထောင်နှင့် မွန် ၃-ရပ်တွင် ပုသိမ် (၃၂)သုံးဆယ့်နှစ်မြို့*, ရှမ်း, မြန်မာပြည်သာ-ကျော်စွာမင်းနိုင်ငံ ဖြစ်တော်မူသည်။

---

၁။ မုတ္တမ ၃၂ မြို့- (၁) မုတ္တမ (၂) ဧရား (၃) ဘင်လိုင် (၄) ဝါခရု (၅) မော်လမြိုင် (၆) ဝင်မော် (၇) လကွန်းချည်း (၈) ကျိုင် (၉)ကော့ (၁၀)ဘီလူးကျွန်း (၁၁)ရေး (၁၂)အထရံ (၁၃)မြိုင် (၁၄)တုံဝန်း (၁၅)ကျိုက် (၁၆)တုံတာမီ (၁၇)အိပြစ် (၁၈)ဇမိ (၁၉)ထောင်ဝို့ (၂၀)တိုက်ကုလား (၂၁)ရဲ (၂၂)သနိုင် (၂၃)နွယ်သ (၂၄)ထားကျိုင်း (၂၅)ယင်ပြိမ် (၂၆) အိဓဲ (၂၇)လှိုင်ဘွဲ့ (၂၈)ယင်းအုံ (၂၉)ကော့ဒိန် (၃၀)သမိုင်း (၃၁)မြဝတီ (၃၂)ကလိန်အောင် (၃၃)ဂွန်ကြီး။

၂။ သောက်ကတဲ့(ထိုင်းနိုင်ငံ Sukho Thai) ၃။ ဗိဿလောက် (ထိုင်းနိုင်ငံ Phitsanulok) ၄။ လင်းစင်း (လာအိုနိုင်ငံ Lan Sang/ ယခု ဗီယင်ချမ်း Vienchang) ၅။ မျက်နှာမည်း (ကျော့ကသည်း/ ဗီယက်နမ်လူမျိုး) ၇။ ဇင်းမယ် (ထိုင်းနိုင်ငံ Chiangmai)။ ဇင်းမယ် ၅၇

၆။ ယွန်းပြည် (ဇင်းမယ်အနီး ရှမ်းတို့ နေထိုင်ရာဒေသ) မြို့/ခရိုင်- (၁)ဇင်းမယ် (၂)လဂွမ်း (၃)လသုံ (၄)မိုင်းပယ် (၅)မိုင်းနံ (၆)မိုင်းလပေါင် (၇)ကာနီဗိ (၈)မိုင်းပူတော (၉)မိုင်းလဝိ (၁၀)ကျိုင်းခေါင် (၁၁)စရုတ် (၁၂)ကော (၁၃)ကျိုင်းသေည် (၁၄)ကျိုင်းရဲ (၁၅)မိုင်းကုတ် (၁၆)မိုင်းသတ် (၁၇)ဘယက် (၁၈)ဆထုံ (၁၉)မိုင်းကျွမ်း (၂၀)မိုင်းပယ် (၂၁)မိုင်းဟဲ (၂၂)မိုင်းဆောင်း (၂၃)မိုင်းဆေည် (၂၄)မိုင်းကယ် (၂၅)မိုင်းခေါင်း (၂၆)မိုင်းလုံ (၂၇)ဘူးခါး (၂၈)မိုင်းနင်း (၂၉)မိုင်းကြက် (၃၀)မိုင်းကိုး (၃၁)မိုင်းတင် (၃၂)မိုင်းလင် (၃၃)မိုင်းပု (၃၄)မိုင်းတွန် (၃၅)မိုင်းဘန် (၃၆)မိုင်းဘန် (၃၇)ကျိုင်းလော (၃၈)မိုင်းဟိုင် (၃၉)မိုင်းပြ (၄၀)သမတ် (၄၁)ဘားအောင် (၄၂)မိုင်းလုံ (၄၃)တလိုင် (၄၄)တရော (၄၅)ကျိုင်းလတ် (၄၆)ကျိုင်းလား (၄၇)မိုင်းရွင်း (၄၈)မိုင်းဆိန် (၄၉)မိုင်းနွန် (၅၀)မိုင်းခါး (၅၁)ဝင်ပေါ် (၅၂)မိုင်းသင် (၅၃)မိုင်းစိပ် (၅၄)မိုင်းရုံး (၅၅)မိုင်းဟင်း (၅၆)ပြ (၅၇)အနန်း။

၉။ လူးပြည်- လူးရှမ်းတို့ နေထိုင်ရာဒေသ

၈။ ဂုံပြည်- ကျိုင်းတုံအနီး ရှမ်းတို့ နေထိုင်ရာဒေသ

* ပုသိမ် ၃၂ မြို့- (၁)သမိ (၂)မြစ်အောင် (၃)သာပေါင်း (၄)ကျောက်ချောင်းကြီး (၅)ကျောက်ချောင်းငယ် (၆)ကနောင် (၇)ကျွင်း[illegible] (၈)လေမျက်နှာ (၉)ဆုတ်ဝိ (၁၀)မြောင်းမြ (၁၁)ဒူးယား (၁၂)သမြင်းကုန်း (၁၃)ဒီးပြကွင်း (၁၄)မဲလောင် (၁၅)[illegible] (၁၆)ဆိတ်ကြီး (၁၇)ခဲပေါင် (၁၈)ဆောင်လုံ (၁၉)ကျုံမှော် (၂၀)တကောင်းဘုရား (၂၁)ကျုံတုံ (၂၂)[illegible] (၂၃)အသုတ် (၂၄)ခနဲပြ (၂၅)ဇလွန် (၂၆)ဟသာတ (၂၇)မဲခရဲ (၂၈)ဘုရားလှ (၂၉)ပန်းတော (၃၀)ချောင်းရှာ[illegible] (၃၁)ကျောက်သဘော (၃၂)ကျုံတုံးကန်း။

ကျော်စွာ မင်းဖြစ်တော်မူ၍ ၃-နှစ်ရှိသောအခါ ခမည်းတော် မိဖုရားငယ် တောင်နန်းတွင် မြင်သော ပုသိမ်စားနှမ ဘွားစောရှင်ကို မိဖုရားမြှောက်တော်မူ၏။ ခမည်းတော် မိဖုရားငယ် ရှင်စွေတွင် မြင်သော မိစောဦးကိုလည်း နန်းတင်တော်မူ၍ မိဖုရားသို့လည်း မြှောက်၏။ မင်းလည်း လည်း မကာ လုပ်ကျွေးရ၏။ ကျော်စွာမင်းကား အရောင်အဆင်းလှ၏။ နှလုံးတော် နူးညံ့သိမ်မွေ့တော်မူ၏။ သီလ, သမာဓိ, ပညာနှင့်လည်း ပြည့်စုံတော်မူ၏။ ပြည်သူ, လူ, ရဟန်းတို့အားလည်း ဝမ်းထွက်သားကဲ့သို့ သနားချစ်ကြည်တော်မူ၏။ ခမည်းတော် နိုင်ငံတော်တို့ အသီးအသီး ခြားနားလေသည်ကို ဆင်, မြင်း, အလုံးအရင်း ခန့်၍ အကြိမ်ကြိမ် ချီ၍ လုပ်ကြံသော်လည်း မရချေ။

## ၃၇၄။ သိင်္ဂဗိုလ်သား အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူ ညီနောင်သုံးယောက်တို့ အကြောင်း

အခါတစ်ပါး ဘိန္နကမြို့ကို အစိုးရသော စော်ဘွားကြီးတွင် သားတော် ၂-ပါး ရှိသတည်း။ စော်ဘွားကြီးမရှိ၍ သားတော်ကြီး ဘိန္နကမြို့ကို မင်းပြုတော်မူလျှင် ညီတော်အငယ် သိင်္ဂဗိုလ်နှင့် မကြည်ရှိ၍ ညီတော်ကိုဖမ်း၍ သတ်မည်ပြုရာတွင် ညီတော်သိင်္ဂဗိုလ်သည် အလုပ်အကျွေးတို့နှင့် ဘိန္နကမြို့ကထွက်၍ အစဉ်အတိုင်း ပြေးခဲ့လျှင် မြန်မာနိုင်ငံဖြစ်သော ပြောတို့နေရာ မြင်စိုင်းသို့ ရောက်လာ၍ မြင်စိုင်းအရပ်တွင် အသည်သူကြွယ်သမီးနှင့် အိမ်ထောင်ဖြစ်လေ၏။ ထိုသူကြွယ်သမီးနှင့် သင့်ရာတွင် ရာဇသင်္ကြံ၊ အသင်္ခယာ၊ သီဟသူ ဟူသော သား ၃-ပါး[၁]တို့ကို မြင်၏။

အခါတစ်ပါး သိင်္ဂဗိုလ်သည် တူးရွင်းထမ်း၍ တောသို့သွားရာဝယ် နောက်က တူးရွင်းသွားကို မိုးကြိုးပစ်လေ၏။ သိင်္ဂဗိုလ်လည်း "ငါကား အိုမင်းပြီ၊ ငါ၏ သား,မြေးတို့သည် ရှေ့သို့ အထင်အရှား ကောင်းစားရစ်လိမ့်မည်" ဟူ၍ ထိုနိမိတ်ကို ဖတ်ပြီးလျှင် သား ၃-ယောက်ကို နရသီဟပတေ့ မင်းကြီးအား ဆက်လေ၏။

နရသီဟပတေ့မင်းကြီးလည်း ထိုသူတို့၏ အသွင်အပြင်ကို မြင်တော်မူသည် ဖြစ်၍ အပါးတော်တွင် ခစားရ၏။ ထိုသူ ၃-ယောက်တို့သည် အရှင်မင်းက ခန့်ထားတော်မူသမျှကို ကုန်တွင်အောင် ထမ်းဖန်များလှသော် အားရတော်မူ၍ ကြီးစွာသော ဆုလာဘ်သပ်ပကာ ကျေးစွာပေးတော်မူ၏။ နရသီဟပတေ့မင်းကြီး မရှိ၍ သားတော်ကျော်စွာ လက်ထက်တွင်လည်း အမှုတော်ကို ထမ်းသည်။ အောင်ဖန်များ၍ အားရတော်မူသောကြောင့် အစ်ကို အကြီးကို ရာဇသင်္ကြံဟူသော အမည်နှင့် မြင်စိုင်းမြို့ကို ပေးတော်မူ၏။ ညီတော်အလတ်ကိုလည်း အသင်္ခယာ ဟူသော အမည်နှင့် မက္ခရာမြို့ကို ပေးတော်မူ၏။ ညီတော်အငယ်ကိုလည်း သီဟသူဟူသော အမည်နှင့် ပင်လယ်မြို့ကို ပေးတော်မူ၏။ ရှည်လတ်သော် ထိုသူတို့ ပြုဖူးသော ကုသိုလ်ကံသို့ ရောက်ပြီ ဖြစ်၍ အလုံးအရင်း ဆင်, မြင်း, ဗိုလ်ပါ နိုင်ပြီးကြလေ၏။

---

၁။ ကျောက်စာ ပုံ ၄၁၂/က အရ ရှမ်းညီနောင်သုံးဦးအနက် အကြီးဆုံးဖြစ်သူ အသင်္ခယာသည် ၁၃ ဧပြီ ၁၃၁၀ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

## ၃၇၅။ မိဖုရားဘွားစောသည် ညီနောင်သုံးပါးတို့နှင့် စကားဝင်၍ မင်းကြီးကို အကောက်ကြံခြင်း အကြောင်း

ကျော်စွာမင်းကြီးလည်း မင်းဖြစ်တော်မူ၍ ရှည်လသော် မိဖုရားဘွားစောကို အတိုင်အပင် မရှိ၊ မေ့ကျန်တော်မူချေ၏။ မိဖုရား ဘွားစောလည်း နှလုံးတော်နာ၍ သိင်္ခဗိုလ်သား ရာဇသင်္ကြံ၊ အသင်္ခယာ၊ သီဟသူတို့ကိုခေါ်၍ ဤသို့ ဆို၏။ "သင်တို့ညီအစ်ကို ၃-ယောက်ကို သူကောင်းဖြစ်အောင် ငါကြံမည်၊ သူကောင်းဖြစ်လျှင် ငါ၏ စည်းစိမ်ချမ်းသာကို မဖျက်ပါနှင့်။ သင်တို့ ၃-ယောက် ငါ့သစ္စာကို ခံကြကုန်" ဟူ၍ သစ္စာတောင်းလေ၏။ မင်းညီနောင် ၃-ဦး တို့လည်း သစ္စာခံ၍ မိဖုရားဘွားစောနှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ကြလေ၏။ အချက်အလက် ပြီးပြီးလျှင် မိဖုရားဘွားစော ဤသို့ ဆို၏။ "သင်တို့ညီနောင် ၃-ဦး မြင်စိုင်းအရပ်၌ ဘုရား၊ ဥ၊ ကျောင်း ကြီးကျယ်စွာ စီရင်ကြလေ၊ ပြီးလျှင် ငါ့ကို လျှောက်လာစေ" ဟူ၍ဆို၏။ မင်းညီနောင် ၃-ဦးတို့လည်း မြင်စိုင်းအရပ်၌ ဘုရား၊ ဥ၊ ကျောင်း စီရင်ပြီးလျှင် မိဖုရားဘွားစောသို့ ပြီးကြောင်းကို လျှောက်လေ၏။ မိဖုရားဘွားစောလည်း မင်းကြီးကို ဤသို့ နားတော်လျှောက်၏။ "အရှင်ဘေးလောင်းတော် အနော်ရထာမင်းစော တည်တော်မူသောလယ်တွင်း ၁၁-ခရိုင် သည်ကား ပဲကူးမြေနှင့် အတူ ပျော်မွေ့ဖွယ်ရှိလှ၏။ ကြွတော်မူ၍ ရှုတော်မူပါလော၊ ပျက်စေ့သောလျောင်း ဘုရားရှင်တို့ကိုလည်း ဖူးမြင်တော်မူပါလော" ဟူ၍ နားတော်လျှောက်၏။

## ၃၇၆။ ကျော်စွာမင်းကြီး မြင်စိုင်းသို့ ရောက်က ညီနောင်သုံးပါးတို့က ဖမ်း၍ နန်းချသည့် အကြောင်း

မင်းကြီးလည်း ယုံကြည်တော်မူ၍ စစ်အင်္ဂါ ၄-ပါးနှင့် တကွ ကြွတော်မူလေ၏။ လယ်တွင်းအရပ်သို့ ရောက်တော်မူလျှင် သာလျောင်းဘုရားသို့ တက်တော်မူ၍ ထိုတောင်ထိပ်မှကြည့်တော်မူလတ်သော် မြင်စိုင်းအရပ်၌ သိင်္ခဗိုလ်သား ညီနောင် ၃-ဦးတို့ ဆောက်သည့် ကျောင်းကို မြင်တော်မူလေ၏။ "ဤအရပ်၌ ဖွေးဖွေးဖွင့်ဖျင် မြင်သည်ကား အဘယ်နည်း" ဟူ၍ မေးတော်မူ၏။ မိဖုရားဘွားစောလည်း မှူးမတ်ဗိုလ်ပါတို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိသည်ဖြစ်၍ "အရှင်မင်းကြီး၊ သိင်္ခဗိုလ်သား ကျွန်တော် ၃-ယောက်တို့ ဘုန်းတော်ကိုကိုလှုံ၍ ကိုယ်စားတော် အလှူကြီးကို စီရင်ကြသည်။ အရှင်မင်းကြီး ကြွတော်မူ၍ သာဓုခေါ်တော်မူပါ" ဟု နားလျှောက်လေ၏။ မင်းကြီးလည်း စုံစမ်း ဆင်ခြင်တော်မမူ၊ ယုံကြည်တော်မူ၍ သာဓုခေါ်အံ့ ဟု ကြွတော်မူ၏။

မြင်စိုင်းသို့ ရောက်တော်မူလျှင် မင်းညီနောင် ၃-ဦးတို့လည်း မင်းကြီးကိုဖမ်း၍ သက်နှင်းလဲ ခေပြီးသော် ခေါင်းကိုရိတ်၍ ထိုကျောင်းဝယ် အစောင့်အရှောက်နှင့် ထားလေ၏။ မင်းညီနောင် ၃-ပါးတို့လည်း အလုံးအရင်း ဆင်မြင်းအများနှင့် မိမိတို့ စားသော မြို့ကို မင်းပြုကြလေ၏။ ကျော်စွာမင်းကား သိမ်နှိမ့် (၃၃)သုံးဆယ့်သုံး၊ စည်းစိမ် (၁၄)တစ်ဆယ့်လေး၊ သက်တော် (၄၇) လေးဆယ့်ခုနစ်သော် နန်းကျတော်မူ၏။ ထို့ကြောင့် နန်းကျကျော်စွာ ဟူ၍ နောက်မှ ဆိုစကုန်၏။ နန်းကျလုပ်သော် လျှင် ပြင်းစွာလှုပ်၍ မြေကြီး ကွဲ၏။ ပုထိုးဘုရား ပြာဋိဟာပြ၏။ နံ့သော် တာနုလ်ဘသား ကြာသပတေးကြယ် လျှော့ ချုပ်၏။ တောင်ပို့ ကန်သင်း အနိုးထွက်၏။

တည်း။ ကျော်စွာကို မင်းညီနောင် ၃-ဦးတို့ ဖမ်းလေသော သက္ကရာဇ်ကား (၆၆၂)[1] ဖြစ်လေ၏။ ရှေး ဖြောက်ဆယ်နှစ်ရှိတည်း။

## ဤတွင် မဟာရာဇဝင်ကြီး ပဉ္စမတွဲ ပြီး၏။

### ပုဂံမင်းများ အကြောင်း

မှတ်သားချက်။ ။ပုဂံမင်းဆက်မှာ မင်း ၅၅-ဆက်ဟု ပြောစဉ်ဆိုစဉ် ရှိ၏။ သို့ရာတွင် ပုဂံရာဇဝင်၌ ဖွဲ့ဆိုထားသော နောက် ၁၀-ဆက်မြောက်တွင် အမတ်ရကွမန်း၊ မှကွမန်း၊ သူရိ ဟူသော ညီအစ်ကို ၃-ယောက်တို့ နန်းလုကြရာ ညီလတ် မှကွမန်းက နန်းရ၍ ၃-လ နန်းစံကြောင်း၊ ထိုမင်း နတ်ရွာစံပြီးသော် ကျောက်စရစ်မိုး ရွာကြောင်းများကိုဆို၍ မင်းတစ်ပါးအဖြစ် ထည့်ပြီးလျှင် ၎င်းညီငယ် သူရိမင်းကို ဆက်၍ ဆိုသည်။ အလောင်းစည်သူ သားတော် မင်းရှင်စောကိုကား မထည့်ချေ။ နန်းကျ ကျော်စွာ သားတော် စောနစ်မြေးတော် စောမွန်နှစ် နှစ်ပါးကို ထည့်၍ ပုဂံမင်း (၅၆)ပါးကိုပ်မြောက်ပါး ဟူ၍ ဆိုသည်။

ပုဂံရာဇဝင်သစ်၌လည်း အထက်နည်းအတိုင်း ဆိုပေသည်။ ဤမဟာရာဇဝင်ကြီး၌ကား အထက်ပါ မှကွမန်းကို မထည့်ဘဲ ပုဂံနန်းကျ ကျော်စွာမင်းတိုင် (၅၃)ပါးကိုပ်သုံးပါးသာ ဆိုသည်။

ကျွန်ုပ်တို့ကမူ-အဆိုပါ မှကွမန်မင်းကိုမူ ဤရာဇဝင်ကြီးဆရာ သဘောအတိုင်း မထည့်ဘဲ ထား၏။ ဤအတွင်၌ ရာဇဝင်များတွင် အလွန်ထင်ရှားသော အလောင်းစည်သူမင်း၏ သားတော်ကြီး မင်းရှင်စော ကို အဘိသိက်သွန်း၍ မင်းမြောက်ကြောင်းများ ပါရှိကြပါလျက် မင်းမည်စာရင်းတွင် မထည့်ခြင်းမှာ မသင့် ထင်ပေသည်။ ဤကား၌ အဘိသိက်သွန်း၍ မင်းမြောက်လျှင် မင်းစစ် မည်ချေသည်။ မှကွမန်မင်းမှာ ၃-လ မင်းပြုကြောင်းကိုသာ ဆိုသည်။ အဘိသိက်ခံကြောင်းများကို မဆိုချေ။ ထိုအကြောင်းများကြောင့် မင်းရှင်စော ကို မင်းအဖြစ် သွင်းခဲ့ပေသည်။ ဤသို့ မင်းမည် စာရင်းသွင်းကြောင်းကို ထင်ရှားစေခြင်းငှာ လည်းကောင်း၊ တစ်ရက်တည်းသာ နန်းစံရသောကြောင့် လည်းကောင်း ဤရာဇဝင်ကြီး စာပိုဒ် ၃၀၇- ကုလားကျမင်းအကြောင်း တွင် မင်းဆက်ဂဏန်းကို ပြရာ၌ (၄၆-၄၇)ဟု ပူးတွဲ၍ ပြထားပါသည်။

ပုဂံရာဇဝင်ဟောင်းအတိုင်း မှကွမန်မင်းကို ထည့်၍ယူလျှင် (၅၅)မင်းငါးကိုပ်ငါးယောက်မင် ဖြစ်၏၊ နောက်ဆက် စောနစ်နှင့် စောမွန်နှစ် ၂-ပါးကို ထည့်သော်ကား (၅၇)ပါးကိုပ်ခုနစ်ပါး ဖြစ်သည်။ ဤအရပ်၌ တရုတ်ပြေးမင်း သားတော် သီဟသူကိုမူကား အဘိသိက် မခံရသေးကြောင်းကို ရာဇဝင်တွင် အထင်အရှား မိန့်ဆိုလျက်ရှိ၍ မင်းမည်စာရင်းတွင် မသွင်းသာချေ။ ။


---

ဤမှန်နန်းတော် သက္ကရာဇ်ကား ၁၂၅၅-ခု တန်ဆောင်မုန်းလပြည့်ကျော် (၄) ရက်၊ ၁-နေ့ (၂၉ အောက်တိုဘာ ၁၈၈၂) ထွမ်းမြန်မာနိုင်ငံတွင် မဟာရာဇဝင် ပဉ္စမတွဲကို ရေးကူး၍ ပြီးသည်။

---

[1] ၁၈ ဧပြီ ၁၃၀၀ ၂။ တရုတ်မကော်ပိုင်မှတ်တမ်းများက ၁၂၉၈ ခု နှင့်ကြောင်းကြောင်း ကျော်စွာမင်းကို နန်းမှ မြင်စိုင်းသို့ ခေါ်သွားကြောင်း ဆိုပါသည်။ မကြာမီ ကျော်စွာမင်း၏သားတော် သိဟသူမင်း သီဟသူကိုလည်း ဖမ်းဆီးခဲ့သည်။ ၁၀ မေ ၁၂၉၉ ခုနှစ်တွင် ရှမ်းညီနောင်သုံးဦးက ကျော်စွာမင်းကို ဖိနှိပ်သုတ်သင်လိုက်၏။

# ပုဂံ မြေပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ




ပုဂံမြို့နှင့် ပတ်ဝန်းကျင်ဒေသမြေပုံ

ဓာတ်ပုံ (၈၂)



ရွှေစည်းခုံ



အာနန္ဒာ




ဓမ္မရံကြီး



သဗ္ဗညု



ဂေါ်ဒေါပလ္လင်



[illegible]



မနုဟာ



ဝေသာလီမှူ



အရှေ့ကျောက်ထိပ်



အနောက်ဘက်ထိပ်



ကော်ထိပ်တွင်ရှိသော ရုပ်ထု တဟောကသာရှင်ပေါ် ဖြောင်းထိုင်ထက် ထောင်ကြ ထုတ်ချွန်များ













ကြေးကြာဖူး။



တာဝတိံသာမှ မြတ်စွာဘုရား ဆင်းသက်ပုံ
သစ်သားပန်းပု။

ဘုရားပရိနိဗ္ဗာန်စံခန်း ကြေးရုပ်ကြွ။





တာဝတိံသာမှ မြတ်စွာဘုရား ဆင်းသက်တော်မူပုံ နံရံဆေးရေးပန်းချီ ( ဂူပြောက်ကြီး မြင်းကပါ )



နာဠာဂီရိဆင်ကို အောင်တော်မူပုံ နံရံဆေးရေးပန်းချီ
( ဂူပြောက်ကြီး မြင်းကပါ )



ဘုရားအမှတ် ၁၅၁၅ မှ ရရှိသော ပုဂံခေတ်
ရွှေဆင်းတုတော်။



ဘုရားအမှတ် ၁၅၁၅ မှ ရရှိသော ပုဂံခေတ်
ငွေဆင်းတုတော်။



ဘုရားလောင်း ဖွားတော်မူခန်း နံရံဆေးရေးပန်းချီ
( နန္ဒပညာ မင်းနန်းသူ )



| သန်းထွန်း M.A.,B.L.,Ph.D.,D.Lit.(London)၏ ... ( ... ၂၀၀၅ ... (၃၁) ... |

# မဟာရာဇဝင်ကြီး

## ဆဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၃၇၇။ မြင်စိုင်းသို့ တရုတ် ဝန်းရံလာကြောင်း

မင်းညီနောင်သုံးပါး မင်းဖြစ်တော်မူလျှင် ကျော်စွာမိဖုရား မိစောဦးကို ဝမ်းတွင် ပဋိသန္ဓေ သုံးလနှင့်ကို ညီတော်သီဟသူ ယူ၍ ဘွားစောအမည်နှင့် မိဖုရားမြှောက်လေ၏။ မြင်စိုင်းပြည် ဖြစ်လိုသော် တဘောင်ပေါ်သည်ကား "အရိုင်းအမျိုး တောင်ကိုကို" ဟူ၍ ပြည်သူတို့ တနှံ့ပြကြ ကုန်၏။ ကျော်စွာကို နန်းချလျှင် ကျော်စွာသားတော်စောနစ်က တရုတ်ဦးတည်ဘွားသို့စေ၍[၁] ချီပင့်ရလေ၏။ တရုတ်ဦးတည်ဘွားကလည်း "မင်းရိုးကို နန်းတင်ချေ" ဟူ၍ သံစိမ်တိမ်စင်၊ ယော်တာတိမ်စင်၊ မော်တာတိမ်စင်၊ မောရမိတ်တိမ်စင် ဟူသော စစ်သူကြီးလေးယောက်တို့ကို မြင်းသည်ခြောက်သိန်း၊ ခြေသည်နှစ်သန်း ခန့်၍ ချီလာရ၏။ တရုတ်တို့က ချီလာရသော စစ်သည် ဗိုလ်ပါ များလှသည်၊ မြင်းချေး တစ်ယောက်တစ်လုံး၊ မြေတစ်ယောက်တစ်ဆုပ်နှင့် ပစ်သော်လည်း မြင်စိုင်းမြို့သည် ပျက်ဖွယ် ရှိရာသည် ဟူ၍ ဆိုစကုန်၏။ ထိုစကားကို မင်း ညီနောင်သုံးပါး ကြားတော်မူလေသော် ပိဋကတ်၊ ဗေဒင် တတ်သော မဟာထေရ်ကို ပင့်၍ တိုင်ပင်တော်မူကြ၏။ ဆရာတော်လည်း "ငါရဟန်းသားဖြစ်သည်၊ ပြည်ရေး၊ ရွာမှုမှာကို မအပ်၊ ကျွမ်းတို့နှင့် တိုင်ပင်ပါလေ"ဟူ၍ မိန့်တော်မူ၏။ မင်းညီနောင်သုံးပါးတို့လည်း ကျွမ်း တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ကျွမ်းတို့လည်း "ဝရရော တိတ်တွေးစာနာ အမူသည် မရှိသော် စကား မဆိုမှာ"ဟူသော ကာရျင်းနှင့် ကာရေး ကစားလျက် သီကုန်၏။

မင်းညီနောင်တို့လည်း ထို ကာ ကသော အခြင်းအရာကို ကြားပြီးသော် ကျော်စွာကို သတ်၍ "မင်းရိုး မရှိပြီ" ဟူ၍ ခေါင်းကို ပြလေ၏။ တရုတ်စစ်သူကြီးတို့လည်း "မင်းရိုး မရှိပြီးသော် ငါတို့ ပြန်တော့မည်၊ ပဏ္ဏာကာရသာ ပေးတော့"ဟူ၍ စေလာ၏။ မင်းညီနောင် သုံးပါးတို့လည်း "ပဏ္ဏာကာရ ပေးမည်၊ မြောင်းတူးခဲ့ပါဦး" ဟူ၍ ဆေ၏။ တရုတ်စစ်သူကြီးတို့ လည်း "မြောင်းရာ ပြတော့၊ တူးမည်"ဟူ၍ မှာလိုက်၏။ မြောင်းရာ ပြပြီးသော် အားပြလို၍ အလျားအတာ (၇၀၀၀)ခုနစ်ထောင်၊ အနံနှစ်တာ၊ အောက်နှစ်တာရှိသည့် မြောင်းကို နေဝင် ကျော်မှ တူးသည်။ နေမထွက်ခင်ပြီးသောဟူ၏၊ တူးရှင်းသွားထိုးမိ၍ ပြတ်လေသော လက်များ၊ ခြေဖျားတို့ကို ကောက်ယူစုပုံ၍ ထားသည်။ ၁၀-တင်းဝင် ပုတ်နှင့် ပြည့်သောဟူ၏။ မင်းညီနောင် သုံးပါးတို့လည်း လက်ဆောင် လက်နက် များစွာ စီရင်၍ ပို့ရလေ၏။ တရုတ်တို့လည်း ပဏ္ဏာကာရ ခံ၍ ပြန်လေ၏။[၂]

---

[၁] ကျောက်စာများ[illegible] တရုတ်ပြည်သို့ သွားရောက်ချီပင့်ခဲ့သူမှာ စောနစ်မဟုတ်ဘဲ ကုမာရကဿပမင်းသားသာ ဖြစ်သည်။ သူသည် ကျော်စွာမင်းနှင့် မိဖုရားစော(သမ်မတီ)တို့သားဖြစ်ပြီး စောနစ်နန်းတက်စဉ် သူသည်လည်း ထီးနန်း [illegible] သို့ရောက်[illegible]။ သို့ဖြင့် ၁၂၉၉ ခု ဧကာတင်ဘာသာတွင် ယူနန်ပြည်နယ်သို့ သွားရောက်စစ်ကူတောင်း၍ ဆက်ခံပိုင်ခွင့်[illegible] Mangu Turumish က ဦးဆောင်ကာ အင်အား ၁၂၀၀၀ ကျော် လိုက်ပါခဲ့သည်။

[၂] [illegible] ဝန်းရံတိုက်ခိုက်ကြစဉ်အတွင်း ရှမ်းညီနောင်တို့က ငွေချိန် ၈၀ ပေါင်နှင့် ငွေချိန် ၁၈၂ မြန်ဂိုတို့ မြင်စိုင်း[illegible] ပေါင် လက်ဆောင်[illegible] ပေးအပ်ခဲ့၏။

မြင်နိုင်းသို့ တရုတ်ရောက်သော သက္ကရာဇ်ကား (၆၆၄)[1]ခြောက်ရာခြောက်ဆယ့်လေးခုနှစ်တည်း။ တရုတ်တို့ ပြန်လေသော သက္ကရာဇ်ကား (၆၆၅)[2]ခြောက်ရာခြောက်ဆယ့်ငါးခုနှစ်တည်း။ မြင်နိုင်းသို့ တရုတ်ရောက်လှိုင်သော လယ်တွင်းဝယ် ရှိသော ပုထိုး၊ ဘုရားများ ပြာပုံဖြစ်၍ လျှင် ပြင်းစွာ လွှမ်း၏။

တရုတ်တို့ ပြန်လေလျှင် မိုးနံ့၊ ညောင်ရွှေ အစရှိသော အုန်းပေါင်၊ မိုးမိတ်၊ အရပ်ရပ်ပြည် တစ်လွှားလည်း အသီးအသီး ခြားနားပုန်ကန်လေ၏။ မိုးကောင်း၊ မိုးညှင်း အစရှိသော ကလေး၊ နိုင်းညောင်း ခြောက်တစ်လွှားတို့လည်း ခြားနားပုန်ကန်လေ၏။ မွန်ပြည် ပုသိမ် ၃၂–မြို့လည်း ခြားနားနိုင်းမှုလေ၏။

## ၃၇၈။ မင်းညီနောင် ၃–ပါးတို့ ရှေးအတိတ်အကြောင်း

မင်းညီနောင်သုံးပါးတို့လည်း ရှေ့၊ နောက် အတိတ်၌ ဖြစ်သော အကြောင်းတော်ကား ဘုရားမြတ်စွာ ဒေသစာရီ ကြွတော်မူသောအခါ သင်းမွှင့်တောင်သို့ ရောက်တော်မူလေ၏။ ထိုအရပ်၌ ဒိုင်ညီနောင်သုံးစီးတို့သည် မြေကြီးကို ချိုဖြင့်ကော်၍ မှုဆော်နှင့်သည်ကို မြင်တော်မူ၍ ပြုံးတော်မူ၏။ ညီတော်ရှင်အာနန္ဒာလည်း ပြုံးတော်မူကြောင်းကို နားတော်လျှောက်၏။ ဘုရားသခင်လည်း "ချစ်သားအာနန္ဒာ... ငါ ပရိနိဗ္ဗာန်ပြုတော်မူ၍ သာသနာတော် တစ်ထောင့်ရှစ်ရာကျော် ရှိသောအခါ ဤဒိုင်ညီနောင် သုံးစီးတို့သည် ဤအရပ်၌ မင်းညီနောင်သုံးပါး ထင်ရှားစွာ မင်းပြု၍ ငါ၏ သာသနာတော်ကို ချီးမြှောက်လတ္တံ့" ဟူ၍ ဗျာဒိတ်ထားတော်မူ၏။ ထိုသို့ ဗျာဒိတ်ရသော မင်းဖြစ်၍ တန်ခိုးအာဏာ အလွန်ကြီးတော်မူကြ၏။

တရုတ်တို့ ပြန်လေသည့် သက္ကရာဇ် (၆၆၅)[1]ခြောက်ရာခြောက်ဆယ့်ငါးခုတွင် နန်းကျကျော်စွာသားတော် စောနစ်ကို ခမည်းတော် ကျေးဇူးကိုထောက်၍ ပုဂံကို ပေးတော်မူ၍ မင်းပြုရ၏။ စောနစ်ကား အိမ်နိမ့် (၁၆)တစ်ဆယ့်ခြောက်၊ စည်းစိမ် (၂၂)နှစ်ဆယ့်နှစ်၊ သက်တော် (၃၈) သုံးဆယ့်ရှစ်သော် အနိစ္စရောက်တော်မူ၏။ နံတော် စနေသားတည်း။

## ၃၇၉။ စောမွန်နစ်မင်း အကြောင်း

သက္ကရာဇ် (၆၈၇)[2]ခြောက်ရာရှစ်ဆယ့်ခုနစ်ခုသော် စောနစ်သားတော် စောမွန်နစ်ကို ၇–ကျောင်းဒါယကာ ဥဇနာလက်ထက် ပုဂံကိုပေး၍ မင်းပြုရ၏။ စောမွန်နစ်ကား အိမ်နိမ့် (၁၅)တစ်ဆယ့်ငါး၊ စည်းစိမ် (၄၃)လေးဆယ့်သုံး၊ သက်တော် (၅၈)ငါးဆယ့်ရှစ်၊ သက္ကရာဇ် (၇၃၀)[3]ခုနစ်ရာသုံးဆယ်တွင် အနိစ္စရောက်တော်မူ၏။ နံတော် တနင်္လာသားတည်း။

ဤတွင်ရွေ့ကား ပုဂံဝယ် သမုဒ္ဒရာဇ်မင်းမှ စ၍ စောမွန်နစ်တိုင် ၅၆–ပါးကို ဆိုသော စကား ပြီး၏။ ။

## ၃၈၀။ မြင်စိုင်း ရွှေနန်းတည် အကြောင်း

မင်းညီနောင်သုံးပါးတွင် နောင်တော် ရာဇသင်္ကြံသည် တရုတ်တို့ ပြန်လေ၍ တနှစ် သက္ကရာဇ် (၆၆၆)ခြောက်ရာခြောက်ဆယ့်ခြောက်ခု[4]တွင် ရွှေနန်းတည်၍ မြင်စိုင်းကို နေတော်မူ၏။

---

၁။ အေဒီ ၁၃၀၂– ရေစ်နှစ် ၁၃၉၁ တွင် ရေးထိုးသည့် စစ်ကိုင်း၊ စောဥ္စာ ကျောက်စာတွင် သက္ကရာဇ် ၆၆၂ (အေဒီ ၁၃၀၀) တွင် တမူဒီပတိုင်း၌ ရောက်သော တရုတ်စစ်သည်တို့ကို အောင်လိုက်ပြီးသော် ဟု တွေ့ရသည်။

၂။ အေဒီ ၁၃၀၃ ၃။ အေဒီ ၁၃၂၅ ၄။ အေဒီ ၁၃၆၈ ၅။ အေဒီ ၁၃၀၄

ညီတော်အလတ် အသင်္ခယာကား အလုံးအရင်း ဆင်, မြင်း အများနှင့် မကွေးရာမြို့ကို စားတော်မူ၏။

ညီတော်အငယ် သီဟသူကား အလုံးအရင်း ဆင်, မြင်း အများနှင့် ပင်လယ်မြို့ကို စားတော်မူ၏။

မင်းညီနောင်သုံးပါး အပြိုင် မင်းပြုတော်မူကြ၍ ၅-နှစ် ရှိသောအခါ မကွေးရာမင်း သင်္ခယာ အနိစ္စရောက်တော်မူ၏။

နောင်တော် မြင်စိုင်းရွှေနန်းရှင်ကား မင်းဖြစ်၍ ၁၂-နှစ် ရှိသောအခါ ညီတော်သီဟသူ ဆေးဖြင့် အန္တရာယ်ပြု၍ အနိစ္စရောက်တော်မူ၏။

ညီတော်သီဟသူကား နောင်တော်နှင့်လည်း အပြိုင် ၁၂-နှစ် မင်းပြုတော်မူ၏။ နောင်တော် ရွှေနန်းရှင် မလွန်မီ သုံးနှစ်တွင် ပင်းယမြို့ကို တည်တော်မူ၏။ ပင်းယမြို့ကို မတည်မီ အခြား မြို့ကို ၄-ကြိမ်တည်သည်၊ မဖြစ်လေ။ တစ်ကြိမ်ကား ရေဖျက်၍ ပျက်လေ၏။ တစ်ကြိမ်ကား ငါးကြီး အိမ်တိုင်း တက်လေသောကြောင့် ပျက်လေ၏။ တစ်ကြိမ်ကား လိပ် အိမ်တိုင်း တက်၍ နေသောကြောင့် ပျက်လေ၏။ တစ်ကြိမ်ကား နေဝင်လျှင် ဘီလူး ပန်းနီပန်းလျက် အနောက် တောင်ထောင့် အရပ်မှ ဝင်၍ အုတ်ခဲနှင့်ပစ်လျှင် လူအပေါင်းတို့ နာဖျား၍ သေကုန်၏။ သီဟသူလည်း ထိုအကြောင်းကို သိမြင်တော်မူလျှင် တဘောင်နားစေ၍ တဘောင် ထွက်သည် ကား "တောင်းလည်း လျှင်လျှင်တောင်း၊ ရောင်းလည်း လျှင်လျှင်ရောင်း၊ အရေးမကောင်း ဘုံ့တာသို့ လျှင်လျှင်ပြောင်း" ဟူ၍ တဘောင်ထွက်၏။ ထိုအကြောင်းကို သီဟသူ ကြားတော် မူသော် "သာသနာတော်စောင့်သော နတ်တို့သည် သည်အရပ်တွင် မနေစေလို၊ တောင်အရပ်သို့ ပြောင်းစေလို၍ နတ်တို့ ပြသည်" ဟူ၍ အင်းဝတောင် ပင်းယတည်ရာ အရပ် မြေတွင် တူး၍ ကြည့်စေသော် အရိုး, အရွက်, အခက်, အသီးနှင့် တကွသော ရွှေပန်းပင်ကို ရလေ၏။ သီဟသူ လည်း "ဤအရပ်သည် မင်းဝံတောင်ညွန့်လည်း ဖြစ်သည်၊ မြတ်သော ကျေးဇူးနှင့် ပြည့်စုံ ရာသည်" ဟူ၍ **သက္ကရာဇ် (၆၇၄)**[1] ခြောက်ရာခုနစ်ဆယ့်လေးခုတွင် ပင်းယမြို့၊ နန်းတော်၊ ရွှေစည်းခုံ၊ ကုဋေတော်သစ်၊ ထောက်ရှည်ကန်၊ ကန်လှ၊ ကျုံး၊ သည် ၇-ဌာနကို တစ်နေ့တစ်ခါတည်း တည်တော်မူ၏။

ရွှေပန်းပင် ရသည်ကို အကြောင်းပြု၍ "ပန်းရ" ဟု သူဟောင်းတို့ ခေါ်ဝေါ် ရေးမှတ် ကုန်သည်။ ရှည်သဖြင့် "ပင်းယ" ဟူ၍ နောင်မှ ရေးမှတ်သားကြကုန်သည်။

## ၃၈၁။ တစ်စီးရှင် အမည်ခံခြင်း အကြောင်း[2] (၁)

ပင်းယမြို့ကိုတည်၍ နှစ်နှစ်ရှိသောအခါ စမုန်မြစ်ဝယ် ဆင်ဖြူအမတစ်စီး မျောလာသည် ကို မြင်၍ မင်းချင်းတစ်ယောက် လျှောက်လာ၏။ သီဟသူလည်း မျောလာသော ဆင်ဖြူကောင် ကို ငမွဲဥယျာဉ်၌ဆယ်၍ ထားစေပြီးသော် ပညာရှိတို့ကို တိုင်ပင်တော်မူ၏။ ပညာရှိတို့လည်း "ဆင်ဖြူမကို ညှပ်လုပ်၍ ကော်ဖြင့် ထူပြီးသော် ရတနာက တင်၍ စီးတော်မူသင့်သည်" ဟူ၍ လျှောက်ကြ၏။ သီဟသူလည်း တစ်နေ့သ၌ မသန့်မစင် လက်ညှိုးတော်ကို ထိမိသည်။

---

၁။ အေဒီ ၁၃၁၂

၂။ ခရစ်နှစ် ၁၃၄၀ ခု ထိုး ဆင်ဖြူရှင်မင်းကျောက်စာတွင် တစ်စီးရှင်သီဟသူမင်းကို ပထမဆုံး သီဟသူရာ၌ ... တွေ့ရှိရ၏။ နန်းတက်ရက်နဲ့ကို ကျောက်စာ၌ ၂၀ အောက်တိုဘာ ၁၃၀၉ ခုနှစ်ဟု တွက်ချက် ရရှိပါသည်။

ဥချိုင်းကောင်တစ်ခုကို ခွန်ချိ၍ ရင်ခွင်တော်တွင် ရုလာ မက်သည်။ "သည်အိပ်မက် ဖြစ်သော သည်" ဟူ၍ ဆင်ဖြူကောင်ကို စက်ဖြင့် ထုပြီးသော် ရတနာက တင်၍ စီးတော်မူ၏။ ယင်းတွင်မှ သီဟသူကို တစ်စီးရှင်ဟု တွင်၏။

### ၃၈၂။ မိဖုရား၊ သားတော်၊ သမီးတော် အကြောင်း

တစ်စီးရှင်သီဟသူ မိဖုရားကား ပုဂံတရုတ်ပြေးမင်း မိဖုရားဘွားစော အစ်မတော်သမီး၊ စောနန်းကို တရုတ်ပြေးမင်း မိဖုရားမြောက်ရာတွင် ပုသိမ်စားဥစ္စနာနှင့် သမီးတော်မိစောဦးကို မြင်သည်။ မိစောဦးကို နန်းကျကျော်စွာ မိဖုရားမြောက်၍ ဝမ်းတွင် ပဋိသန္ဓေ သုံးလရှိသောအခါ ကျော်စွာ နန်းကျလျှင် မိစောဦးကို သီဟသူ ယူ၍ ဘွားစောအမည်နှင့် မိဖုရားမြောက်၍ တောင်နန်း နေရသည်။ တောင်နန်းမိဖုရား သားတော်၊ သမီးတော်ကား ဥစ္စနာတစ်ပါး၊ ညီတော်ကျော်စွာ တစ်ပါး၊ ညီတော်နော်ရထာ တစ်ပါး၊ ပေါင်း သားတော် သုံးပါးတည်း။

မြောက်နန်းမိဖုရား အကြောင်းတော်ကား မြောက်ဘက်လင်းယင်ရွာ၌ အသည်သမီး တစ်ယောက်သည် အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံ၏။ အရွယ်သို့ ရောက်လျှင် မိဘတို့ အိမ်ထောင်ချ၍ မှားမကြာ သားတစ်ယောက်မြင်လျှင် မိ,ဘ,လင်တို့ ကြမ္မာကုန်၏။ မိ,ဘ, လင် မရှိလျှင် "ငါ၏အဆင်းအင်္ဂါနှင့်ကို ဆင်းရဲနိုင်မည်လော" ဟူ၍ မြောက်ဘက်အရပ်က တောင်ဘက် ပင်လယ်အရပ်သို့ သွား၍ နေလေ၏။ အခါတစ်ပါး တစ်စီးရှင်သီဟသူ သည် ထောကစားအံ့ဟု သွားတော်မူ၏။ ထိုအခါ မိန်းမကို ပင်လယ်ကို မင်းပြုတော်မူသောအခါ မြင်တော်မူလျှင် ထိုမိန်းမငယ်သည် ရှေး၌ပြုဖူးသော ကုသိုလ်ကံသို့ ရောက်ပြီးဖြစ်၍ အလွန် ထိမ်းမက်တော်မူ၏။ သီဟသူလည်း မင်းချင်းတစ်ယောက်ကို ခေါ်တော်မူ၍ "သည်မိန်းမငယ် တွင် လင်ရှိသလော" ဟူ၍ မေးရလေ၏။ မိန်းမငယ်လည်း "ကျွန်ုပ်လင်သည် သားတစ်ယောက် မြင်လျှင် ကြမ္မာကုန်လေသည်၊ ယခု ကျွန်ုပ်တွင် လင်မရှိ၊ နှစ်နှစ်ရွယ် သားတစ်ယောက်သာ ရှိသည်" ဟူ၍ နားတော်လျှောက်လေ၏။ သီဟသူလည်း သူငယ်မ အပြင်အလှကို မြင် ကတည်းကလျှင်ပင် နှလုံးတော် ထိမ်းညွတ်သည်ဖြစ်၍ နန်းတင်လေ၏။ နန်းတင်၍ မှားမကြာ ပဋိသန္ဓေရှိ၍ ရေ,လနေလျှင် အသစ်ယာစောတွမ်းကို မျက်နှာမြင်၏။ နောက် သမီးတော် စောပုလဲကို မြင်ရာတွင်မှ ရတနာပုံ ဟူသော အမည်နှင့် မြောက်နန်းနေရ၏။ မြောက်နန်း မိဖုရားတွင်မြင်သော သားတော်တစ်ပါး၊ သမီးတော်တစ်ပါး၊ ပေါင်း နှစ်ပါးတည်း။

### ၃၈၃။ သားတော်ဥစ္စနာကို အိမ်ရှေ့ပေးပြီးနောက် တောင်ငူသို့ မိုးတက်စေခြင်း အကြောင်း

တစ်စီးရှင်သီဟသူ ပင်းယမြို့ကိုတည်၍ ၆-နှစ်ရှိသောအခါ သားတော်ဥစ္စနာကို အိမ်ရှေ့ ပေးတော်မူ၏။ သားတော်အလတ် ကျော်စွာကို ပင်လယ်မြို့ကို ပေးတော်မူ၏။ သားတော်အငယ် နော်ရထာကို ရွှေရှားမြို့ကို ပေးတော်မူ၏။ တစ်ရံရောအခါ တောင်ငူမြို့ကိုစားသော သဝန်ငယ် သည် ဆက်မြဲကပ်မြဲကို မဆက်သောကြောင့် သားတော် အိမ်ရှေ့ဥစ္စနာနှင့် သားတော်အလတ် ကျော်စွာကို အလုံးအရင်း ဆင်, မြင်း အများနှင့် မိုးရလေ၏။ သဝန်ငယ်လည်း "တစ်စီးရှင် သီဟသူက သားတော်နှစ်ပါး မိုးလာသည်၊ ဆင်မြင်းဗိုလ်ပါ များလှသည်" ဟူ၍ ကြားလေသော် မထောင်ထားဝံ့၍ အမတ်လက်ရုံးကြီးနှင့် ထောက်တော့ကားကို လက်ဆောင် လက်နက်

အများနှင့် "ကျွန်တော်တွင် အပြစ်မရှိ" ဟူ၍ ဆီးကြို၍ လျှောက်လေသနည်း။ သားတော်နှစ်ပါးလည်း ထိုအကြောင်းကို ခမည်းတော်သီဟသူသို့ လျှောက်လေသနည်း။ သားတော်နှစ်ပါးလည်း သဝန်ငယ်ကို သစ္စာပေးပြီးမှ ပြန်နဲ့" ဟူ၍ မှာတော်မူ၏။ ခမည်းတော်လည်း "တောင်ရှ အရောက်ချီ၍ သဝန်ငယ်ကို သစ္စာပေးပြီးသော် ပဉ္စာကာရ ခံ၍ ပြန်တော်မူ၏။

## ၃၈၄။ သမီးတော် စောပုလဲကို တောင်တွင်း မှင့်လှဦးနှင့် နှံထက်ခြင်း အကြောင်း

တောင်တွင်းမြို့ ကိုစားသော မှင့်လှဦးသီဟပတေ့လည်း "ကြားနာမည်" ဟူ၍ အကြံရှိ၏။ ထိုအကြောင်းကို တစ်စီးရှင်မင်းကြီး ကြားတော်မူသော် "တောင်တွင်းကြားနာက တောင်ငုံကြားနား အုံသည် မချွတ်" ဟူ၍ တောင်တွင်းစား မှင့်လှဦးကို မြောက်နန်းမိဖုရားတွင်မြင်သော သမီးတော် စောပုလဲနှင့် နှံထက်တော်မူ၏။ ထိုသူနှစ်ပါး နှံထက်ရာတွင် သားတော်**သီဟသူစောလမှား** တစ်ပါး၊ သိင်္ဂသူငယ် တစ်ပါး၊ မင်းဥဇ္ဇ တစ်ပါး–သည်သုံးပါးကို မြင်သည်။

## ၃၈၅။ သားတော်တို့ အလုံးအရင်းကို နှုတ်မေးပုံ အကြောင်း

တစ်စီးရှင်မင်းကြီးကား သားတော်တို့ အလုံးအရင်းကို သိတော်မူလို၍ အိမ်ရှေ့ဥဇနာကို ခေါ်၍ မေးတော်မူ၏။ "ငါ့သားငယ် ဆင်မြင်း အလုံးအရင်း လိုသော် အတီမျှ ရအံ့နည်း" ဟု မေးတော်မူ၏။ ဥဇနာလည်း "ကျွန်တော်တွင် **ကြောင်းချည်း*** ထသော် တိုက်ဆင် (၁၀၀)တစ်ရာ၊ မြင်း (၈၀၀) ရှစ်ရာ၊ ချပ်တန်ဆာနှင့် တကွ သူရဲကောင်း (၁၀၀၀၀)တစ်သောင်း ရ၏" ဟု နားတော်လျှောက်၏။ တစ်စီးရှင်လည်း "ဤသို့သော အလုံးအရင်းနှင့် လုပ်ကြံရသည် ရှိသော် ဘယ်ပြည် ဘယ်ရွာကို မရ ရှိအံ့နည်း" ဟူ၍ ချီးမွမ်းတော်မူ၏။

သားတော်အလတ် ကျော်စွာကိုခေါ်၍ မေးတော်မူပြန်၏။ "ငါ့သားငယ် ဆင်မြင်းအလုံးအရင်း လိုသော် အတီမျှ ရအံ့နည်း" ဟု မေးတော်မူပြန်၏။ ကျော်စွာလည်း "ကျွန်တော်တွင် လွှတ်ချည်း** ထသော် တိုက်ဆင် (၈၀)ရှစ်ဆယ်၊ မြင်း (၆၀၀)ခြောက်ရာ၊ ရွှေကာ ကိုင်သော သူရဲကောင်း (၁၀၀၀၀)တစ်သောင်း ရ၏" ဟူ၍ နားတော်လျှောက်၏။ ခမည်းတော်တစ်စီးရှင်လည်း "ငါ့သားတော်တို့တွင် ရှိသော အလုံးအရင်း ဆင်မြင်းဗိုလ်ပါနှင့် လုပ်ကြံရသည်ရှိသော် အဘယ် ပြည်တောင်သည် ခံနိုင်မည်နည်း" ဟူ၍ ချီးမွမ်းတော်မူ၏။

**သီဟသူ** သားတော်တို့ကိုမေး၍ လျှောက်သောစကားမှာ ရာဇဝံတွင် ဆင်လုံး မြင်းရင်း မပါ၊ သူရဲကောင်း တစ်ထောင်ရ၏ ဟူ၍ ဆိုလေသည်။ တိုက်ဆင် (၁၀၀)တစ်ရာ၊ မြင်း (၈၀၀)ရှစ်ရာ၊ သူရဲ (၁၀၀၀၀)တစ်သောင်းရ၏ ဟူ၍ မော်ကွန်းတွင် ဆိုသောကြောင့် ဆိုသည်။

## ၃၈၆။ သားတော်စောယွမ်းကို အလုံးအရင်း မေးပုံ အကြောင်း

မြောက်နန်းမိဖုရားတွင် မြင်သော သားတော် **အသင်္ခယာစောယွမ်း**ကို ခေါ်တော်မူ၍ "ယွမ်းငယ်...နင့်တွင် ဆင်၊ မြင်း အလုံးအရင်း လိုသော် အတီမျှ ရအံ့နည်း" ဟူ၍ မေးတော်မူ၏။ စောယွမ်းလည်း "ကျွန်တော်တွင် ရှင်အရှည်တို့ကိုပင်၍ အထိန်းသားနှင့်သော ရှစ်ကျိပ်သာ ရှိသည်" ဟူ၍ နားတော်လျှောက်၏။ ခမည်းတော်တစ်စီးရှင်လည်း "ယွမ်းငယ်... ငါမရှိလျှင်

* မထင့်ဆိုဘဲ မှတ်တရက်   ** မှတ်မြည်း လျှင်မြန်စွာ

နှင့်ကို သူညည်းဆဲရာ ဖြစ်လေတော့မည်" ဟူ၍ မိန့်တော်မူ၏။ "နှင့်အစ်ကိုတို့ ရှိသောကြောင့် နှင့်ကို ငါ ဆင်ကောင်း၊ မြင်းကောင်း အလုံးအရင်း မပေးသော၊ ဆင်၊ မြင်း အလုံးအရင်း စားကျေး စားလက်ကိုလိုသော် နှင့်အစ်ကိုတို့ ရှေ့နေခေါ်၍ ငါ့ကို လျှောက်လှည့်" ဟူ၍ သင်တော်မူလိုက်၏။ စောယွမ်းလည်း နောင်တော်ဥဇနာနှင့် ကျော်စွာသို့သွား၍ "ကျွန်တော်တွင် ဆင်မြင်း အလုံးအရင်း မရှိပါ၊ ခမည်းတော်ဘုရားကို အရှင်သားနှစ်ပါး နားတော်လျှောက်ပါသည်ဖြစ်မှ ကျွန်တော် ရပါမည်" ဟု လျှောက်၏။ ဥဇနာနှင့် ကျော်စွာလည်း ခမည်းတော်ကို လျှောက်မည် ဟူ၍ ယွမ်းကိုခေါ်၍ ခမည်းတော်နန်းသို့ သွားကြလေ၏။ ခမည်းတော် တစ်စီးရှင်လည်း "အမောင်တို့... အဘယ့်ကြောင့် လာကြသနည်း" ဟု မေးတော်မူ၏။ ဥဇနာ၊ ကျော်စွာတို့လည်း "ကျွန်တော်ယွမ်းငယ်တွင် အလုံးအရင်း ဆင်၊ မြင်း မရှိပါသောကြောင့် နားတော်လျှောက်မည် လာသည်" ဟူ၍ လျှောက်၏။ ခမည်းတော်လည်း "ယွမ်းငယ်သည် ဆင်၊ မြင်း အလုံးအရင်းနှင့် အရာမဟုတ်" ယင်းသို့ကား ဆို၏။ "ငါ့သားတို့ ပေးလိုက ယူစေကာမူ" ဟူ၍ မိန့်တော်မူ၏။ စောယွမ်းလည်း ခွင့်ရပြီးလျှင် ကောင်းနိုးသော အလုံးအရင်း ဆင်၊ မြင်းတို့ကို ရွေးချယ်၍ ယူလေ၏။

နောင်ဘတ်ကြိမ် နောင်တော်တို့အိမ်သို့ သွား၍ "အရှင်သားနှစ်ပါး ရှေ့ရပ်တော်မူ၍ လျှောက်ပေသောကြောင့် အလုံးအရင်း ဆင်၊မြင်း ကား ကျွန်တော် ရလေပြီ၊ စားကျေးစားလက် ကား မရပါသေး။ ရှေ့ရပ်တော်မူ၍ စစ်ကိုင်းအရပ်ကို သနားတော်မူပါမည့် အကြောင်းကို ခမည်းတော်ကို နားတော်လျှောက်ပါ" ဟူ၍ လျှောက်၏။ နောင်တော်နှစ်ပါးလည်း စောယွမ်းကို ခေါ်၍ ခမည်းတော် နန်းသို့ သွားကြလေ၏။ ခမည်းတော်လည်း "အမောင်တို့... အဘယ့်ကြောင့် လာသနည်း" ဟု မေးတော်မူနှင့်၏။ သားတော်ဥဇနာ၊ ကျော်စွာတို့လည်း "ကျွန်တော်ယွမ်းငယ်ကို အလုံးအရင်း ဆင်၊ မြင်း ကား သနားတော်မူပြီ။ စားကျေးစားလက် မရှိပါသောကြောင့် စစ်ကိုင်းအရပ်သည် မြက်၊ ရေ ကောင်းသော အရပ်လည်း ဖြစ်သည်၊ သနားတော်မူသည် ဆင်၊မြင်းကို မွေးကျွေး၍ နေရပါမည့်အကြောင်းကို နားတော်လျှောက်ဝံ့သည်" ဟူ၍ လျှောက်၏။ ခမည်းတော် တစ်စီးရှင်လည်း "ယွမ်းငယ်သည် သားတို့ လျှောက်၍ ဆင်၊ မြင်း အလုံးအရင်း ပေးတော်မူပြီ၊ စားကျေးစားလက် ပေးတော်မူလျှင် သင်း ငါ့ကို ပုန်ကန်သောင်းကျန်းအံ့သည်" ဟူ၍ မိန့်တော်မူ၏။ သားတော်နှစ်ပါးလည်း "သင်းမျှသသူသည် ကျွန်တော်တို့ ရှိသည်ကို ဝံ့ရာသည်လော" ဟူ၍ နားတော်လျှောက်၏။ ခမည်းတော်လည်း "ငါကား မပေး၊ ငါ့သားတို့ ပေးလိုက ယူစေကာမူ" ဟူ၍ မိန့်တော်မူလိုက်၏။ စောယွမ်းလည်း အလုံးအရင်း ဆင်၊ မြင်း စားကျေးစားလက် ရပြီးလျှင် သက္ကရာဇ် (၆၈၄)[1] ခြောက်ရာရှစ်ဆယ့်လေးခုတွင် စစ်ကိုင်းတွင် သစ်မြို့တည်၍၊ သက္ကရာဇ် (၆၈၅)[2] ခြောက်ရာရှစ်ဆယ့်ငါးခုတွင် အုတ်မြို့တည်၍ မြောက်ဘက် အလုံးကို လက်နက်နိုင်ငံ ပြု၍ ခြားနားလေ၏။

### ၃၈၇။ သားတော် ၃-ပါး၏ လုပ်ရည်ကြံရည်ကို စုံစမ်းပုံ အကြောင်း

တစ်စီးရှင်သီဟသူလည်း သားတော် အသခ်ယစောယွမ်း လုပ်ရည်ကြံရည်ကို သိလို၍ သားတော်အကြီး ဥဇနာကို ဤသို့ မိန့်တော်မူ၏။ "ငါ့သားတို့ လျှောက်သောကြောင့် ယွမ်းငယ်ကို အလုံးအရင်း ဆင်၊ မြင်း စားကျေးစားလက် ပေးတော်မူသည်၊ ရပြီးလျှင် ငါက ခေါ်စေ

၁။ အေဒီ ၁၃၂၂ ၂။ အေဒီ ၁၃၂၃

သည်ကို မလာ၊ အနိုင်နေသည်။ အမောင် ... အလုံးအရင်းနှင့် သွား၍ သင်းတို့ လင်မယားကို ယူချေ၊ သင့် ဆင်, မြင်း, ဗိုလ်ပါကိုကား ထားခဲ့" ဟူ၍ မိန့်တော်မူ၏။ သားတော်ဥဇနာလည်း အလုံးအရင်း ဆင်, မြင်း အများနှင့် ချွေကြက်ယက်က ကူးလေ၏။ ခမည်းတော် တစ်စီးရှင်လည်း "ငယွမ်းငယ် ... နှင့်အစ်ကိုဥဇနာ လာ၏၊ ကောင်းကောင်း ဆောင်ထားနှင့်" ဟူ၍ စေတော်မူ၏။ အသခ်ယာစောယွမ်းလည်း အသင့် စီရင်နှင့်ပြီးဖြစ်၍ နောင်တော် အကူးတွင် တိုက်နှင့်လေ၍ ပျက်ချေ၏။ ဥဇနာလည်း ပျက်လျှင် အဆောအလျှင် ပြန်လာ၏။ ခမည်းတော်တစ်စီးရှင်လည်း သားတော်ဥဇနာ ပျက်၍ပြန်လာသော အကြောင်းကို ကြားတော်မူလျှင် ခေါ်၍မေးတော်မူ၏။ ဥဇနာလည်း ဆီး၍ တိုက်လေသောကြောင့် ပျက်ချေကြောင်းကို နားတော်လျှောက်၏။ ခမည်း တော်လည်း "ထို့" ဟူ၍ ကဲ့ရဲ့တော်မူ၏။

သားတော်အကြီး ပျက်လျှင် သားတော်အလတ် ကျော်စွာကို ပင်လယ်မြို့မှာ ခေါ်တော်မူ၍ "ငယွမ်းငယ်သည် အမောင်တို့လျှောက်၍ ငါ အလုံးအရင်း ဆင်, မြင်း စားကျေးစားလက် ပေးတော်မူလျှင် ငါက ခေါ်သည်ကို မလာနေသောကြောင့် အစ်ရှေ့ဥဇနာကို ခေါ်စေသော်လည်း ဆီး၍ အန်တုနှင့်လေသည်။ အမောင် သွား၍ သင်းတို့ လင်မယားကို ဖမ်းယူချေ၊ ဗိုလ်ပါ, ဆင်, မြင်းကိုမူကား ထားခဲ့" ဟူ၍ မိန့်တော်မူ၏။ ကျော်စွာလည်း အလုံးအရင်း ဆင်, မြင်း အများနှင့် တပယ်ထောက်ရစ်က ကူးလေ၏။ ခမည်းတော်တစ်စီးရှင်လည်း "ငယွမ်းငယ် ... နှင့်အစ်ကို ကျော်စွာ တပယ်ထောက်ရစ်က ကူးလာ၏၊ အရပ်အနေ သင့်အောင် စီရင်နှင့်" ဟူ၍ မိန့်တော်မူ၏။ ကျော်စွာလည်း စစ်ကိုင်းဘက်သို့ရောက်လျှင် စောယွမ်းက အကျဉ်းဝယ် ဆီး၍ တိုက်နှင့်လေသောကြောင့် ပျက်ပြန်ချေ၏။ **ခုံတမင်*** ပြန်လာ၏။ ခမည်းတော်တစ်စီးရှင်လည်း ကျော်စွာ ပျက်၍ ပြန်လာကြောင်းကို ကြားတော်မူလျှင် ခေါ်၍မေးတော်မူ၏။ သားတော် ကျော်စွာလည်း "ဆီး၍ အကျဉ်းဝယ် တိုက်နှင့်လေသောကြောင့် ပျက်ချေသည်" ဟူ၍ နားတော်လျှောက်၏။ ခမည်းတော်လည်း "ထို့" ဟူ၍ ကဲ့ရဲ့တော်မူ၏။

ထိုနေ့မှစ၍ သားတော်အသခ်ယာစောယွန်းကို နှလုံးချတော်မူ၏။ တစ်စီးရှင်သီဟသူကား အလွန်တတ်လိမ္မာတော်မူ၏။ သားတော်တို့တွင် လွန်၍ချစ်ငြားသော်လည်း ဝမ်းမနည်းရအောင် ကျင့်တော်မူ၏။ တစ်ပါးသော ပြည်ရွာတို့ကိုကား မီးပူထက်တွင် နေရသကဲ့သို့ ကျင့်တော်မူ၏။ ပြည်တော်၌ ရှိနေကုန်သော သူတို့ကိုကား ရေချမ်းအိုးကို ရင်ခွင်၌ ပိုက်၍ နေရသကဲ့သို့ ကျင့်တော်မူ၏။ တစ်စီးရှင်သီဟသူ နိုင်ငံတော်ကား သာဝတ္ထိ, ပြည်, တောင်ငူ, တောင်တွင်း, ရမည်းသင်း, ဝတီး, ယင်းတော်, လှိုင်းတက်, ညောင်ရမ်း, ပင်းတလဲ, ပြည်စည်, ပင်လယ်, ကျောက်ပန်းတောင်း, ပဋ္ဌနဂိုရ်, မင်းတုန်း, တိုင်တား, မင်းတပ်, ကညင်မြောင်, မြေတဲ, သရက်, စကု, စလင်း, ဘောင်းလင်း, လယ်ကိုင်း, စလေ, ပုခန်းငယ်, ရွာသာ, ပုဂံ, တလုပ်, ကူးခန်းကြီး, ပန်းချို ဆယ်တိုက်, ယော, ထီးလင်း, လောင်းရှည်, မြင်စိုင်း, မကွေးရာသည်ကား တစ်စီးရှင်သီဟသူ နိုင်ငံတော်ကို ဆိုသည်။

## ၃၈၈။ တစ်စီးရှင်သီဟသူ နတ်ရွာစံခြင်း အကြောင်း

တစ်စီးရှင် မင်းကြီးကား ရတနာသုံးပါးကိုလည်း ရှိသေတော်မူ၏။ ရဟန္တာတွေး ရှင် ဒိဋ္ဌစက်ကိုလည်း ဆရာပြုတော်မူ၍ နန်းတော်တွင် မပြတ်လုပ်ကျွေးတော်မူ၏။ ကျမ်းဂန်တတ်

* အဆောတလျှင်

[illegible]

[illegible] (၂၂) [illegible] (၃၀) [illegible]

(၅၅) [illegible]

## [illegible] မင်းပြုခြင်း အကြောင်း

[illegible] (၆၀၄)[1] [illegible]

[illegible]

## ၃၉၇။ မြင်း၊ ကား၊ လေး၊ အရုပ္ပ တော်မူခြင်း အကြောင်း

မင်းယာဉ်မြင်း (၃၀၀) သုံးရာ၊ သင်္ချိုင်းမြင်း (၃၀၀) သုံးရာ၊ ငှင်းကား (၃၀၀) သုံးရာ [illegible] (၃၀၀) သုံးရာ [illegible] မြင်း (၃၀၀) သုံးရာ၊ ငှင်းကား(၃၀၀) သုံးရာ၊ လေး (၃၀၀) သုံးရာ၊ [illegible] မြင်း (၄၀) လေးဆယ်၊ ငှင်းကား (၄၀) လေးဆယ်၊ [illegible] မြင်း (၅၀) ငါးဆယ်၊ [illegible] (၃၀၀) သုံးရာ၊ [illegible] မြင်း (၃၀) သုံးဆယ်၊ မြင်းပေါင်း (၁၄၀) တစ်ရာလေးဆယ်၊ ကားပေါင်း (၆၃၀) ခြောက်ရာသုံးဆယ်၊ လေး (၃၀၀) သုံးရာတို့ကိုလည်း အရုပ္ပ တော်မူသည်။

ပင်လယ်မြင်း (၄၀) လေးဆယ်၊ ငှင်းကား (၄၀) လေးဆယ်ကိုမူကား ညီတော် [illegible]

[illegible]

[1] [illegible]

တော်၏။ "သင်သည် အပါယ်ဘေးသို့ နစ်မွန်းမည့် အကြောင်းဖြစ်သော ဒုစရိုက်တရားနှင့်သာ ပျော်ပျော်ပါး၍ နေသည်။ မသိ။ ယခုမှာ အနက်အဓိပ္ပါယ်ကို မှတ်သားရ၍ ရှိမှန်း၊ မဲ၊ တော့ ဤအကျင့်သည်။ မြတ်သောဆင်ဖြူ ရောက်လာသည်" ဟူ၍ သြဝါဒပေး၍ ပဉ္စာ ပြုပြင်မှုကို ဥပုသ်သီတင်း မပြတ် ဆောက်တည်တော်မူ၏။

## ၁၃၁။ ကျော်ရှား ဆင်ဖြူငါးစီး ရခြင်း အကြောင်း

အခါတစ်ပါး လက်တော် ၅-ချောင်းကို မသန်မစင် ထိတွေ့မက်၏။ မျောကြော နဂါးသတ် ရွှန်းနီး၊ နိုင်ဖြူရေ တို့ကို ရတော်မူ၏။ ထိုသို့ နဂါးသတ်ရွှန်းနီး၊ နိုင်ဖြူရေ တို့ ရတော်မူသွင် မြတ်သောဆင်ဖြူကို ရသည့်သည်ဟူ၍ အားသန်သွက် ကျွန်တော်တို့သည် မှုရ၏။ တစ်ခုခုသော အခါ ဆင်ဖြူတော့သည် ဟူ၍ လျှောက်တော့မှု အလုံးအရင်းနှင့် ကိုယ်တိုင် ကြွတော်မူ၍ ဆင်တိုက်ဆွဲ၍ ကျော်ရှားတော်မူသည်။ ထိုးတက်အရပ်၌ ပိုးတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို "ပုပ္ပါးတမှု" ဟူသောအမည်ကို သွဲ့တင်တော်မူသည်။ မုတ္တမမြိုင်းကျွန်း၌ (တယ်တစ်စီးရတော်မူသည်။ ထိုဆင်ဖြူကို "မဟာဓနကာသရ" ဟူသောအမည်ကို သွဲ့တင်တော်မူသည်။ မျက်ရှယ် တောင်ခြေရုံးဝယ် မြှယ်ခံ) တစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို "သန်မြင်ရှား" ဟူသောအမည်ကို သွဲ့တင်တော်မူသည်။ စမ့်ဖျားဝယ် ပိုင်းတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို "ဥပေါသထ" ဟူသောအမည်ကို သွဲ့တင်တော်မူသည်။ သဘာန်းကိုးရွာမြောက် ဝမ္ဘဲတံတွင်းကျွန်တွင် "ဝက်ယာ တည်" တစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို "ချစ်ရှားမရ" ဟူသော အမည်ကို သွဲ့တင်တော်မူသည်။ ညီတော်ကျော်ရှား ဆင်ဖြူ ၅-စီး ရကြောင်းကို နောင်တော်ဥစနာမင်းကြီးအား အမတ် တစ်ယောက် လျှောက်လေ၏။ ဥစနာမင်းကြီးသည် "ငါ့ညီကျော်ရှား ဆင်ဖြူရသည်လော" ဟူ၍ "ညီ" မခေါ်မူ၍ ညီဟူ၍ မိန့်တော်မူ၏။ ညီ မခေါ်လေသော အကြောင်းကား တစ်စီးရှင်သီဟသူ သည် မိဖေဦးကိုယူ၍ မိဖုရားမြှောက်လေသောအခါ နန်းကျကျော်ရှား ပဋိသန္ဓေ သုံးလပါ၍ ဥစနာကို မြင်သည်။ ငါးစီးရှင်ကျော်ရှားကား တစ်စီးရှင် သီဟသူသား ဖြစ်သည်။ ထို့ကြောင့် ညီ မခေါ်မလေသတည်း။ လျှောက်သသူလည်း ငါးစီးရှင်ကျော်ရှားကို ဥစနာမင်းသည် "ငါ့ညီ ဆင်ဖြူငါးစီး ရသည်လော" ဟူ၍ မိန့်တော်မူသော အကြောင်းကို လျှောက်လေ၏။ ကျော်ရှား လည်း "ငါ့နောင်တော်သည် ငါ့ကို ညီဟူ၍ မခေါ်မူ၍ ငါ့ကို ညီခေါ်ပေသည်" ဟူ၍ အားရ တော်မူ၍ ကြားနှံသသူကို ဆင်မတစ်စီး ဆုပေးတော်မူ၏။ မယုံ၍ နောက်လျှောက်ပြန်သေသော် ဥစနာမင်းကြီးသည် "ငါ့ညီ ဆင်ဖြူရသည်လော" ဟူ၍ မိန့်တော်မူပြန်၏။ နောက် စေသသူ လည်း ကြားနှံသည်အတိုင်း လျှောက်လေ၏။ ကျော်ရှားလည်း အားရတော်မူ၍ နောက်စေသသူကို ဆင်မတစ်စီး ဆုပေးတော်မူပြန်၏။ ညီတော်ကျော်ရှား ဆင်ဖြူငါးစီး ရတော်မူလျှင် နောင်တော် ဥစနာမင်းကြီးသည် ဝန်ညှာနှုတ်ရှာတော်မူသည်ဖြစ်၍ "ငါ့ညီ... ငါ့စည်းစိမ်ကို ယူပါတော့ ငါမူကား ငါ့တောင်း၌ တောအုန်းစက်ကျင်းကို လှူလိုသဖြင့် လှူ၍နေတော့မည်" မိန့်တော်မူပြီးလျှင် ငါမူကား ငါ့တောင်း၌ တောကနေ့စေကျွန်းကို လှူလိုသဖြင့် လှူ၍နေတော့မည်" မိန့်တော်မူပြီးလျှင် ဥစနာမင်းကြီး အနောက်တံခါးက ထွက်တော်မူ၏။ ညီတော် ငါးစီးရှင်ကျော်ရှားလည်း အရှေ့ တံခါးက ဝင်၍ မင်းပြုတော်မူ၏။ ဥစနာမင်းကြီးကား အိမ်နိမ့်(၂၂) နှစ်ဆယ့်နှစ်၊ စည်းစိမ် (၂၀)နှစ်ဆယ်၊ သက်တော် (၄၂)လေးဆယ့်နှစ်၊ သက္ကရာဇ် (၇၀၅)ခုနှစ်ရာလေးခုတွင် ညီတော်

ကျော်စွာကို နန်းလွှဲတော်မူ၏။ နန်းကျလိုသော် နန်းတော်တွင်းသို့ တောသမင် ၂-၃ ဝင်၏၊ နတော် အင်္ဂါသားတည်း။

(ဥဇနာမင်းကြီးလည်း အိမ်ဖြူဆောက်၍ စကားခုနစ်ကျောင်းကို လုပ်ကျွေး၍ နေတော် မူသည်။ နောက်မှ မကွာရာ အရပ်၌ တောဝင်တော်မူ၏။ သားတော်ကား စည်သူမင်းဥက္ကာ တစ်ပါးသာတည်း။[၁])

### ငါးစီးရှင်ကျော်စွာ မင်းပြုသော အကြောင်း

၃၉၂။ ငါးစီးရှင်ကျော်စွာ မင်းပြုသော အကြောင်း ညီတော် ၅-စီးရှင်ကျော်စွာ မင်းဖြစ်တော်မူ၏။[၂] သက္ကရာဇ် (၇၀၄)ခုနှစ်ရာလေးခုတွင် ညီတော် အတုလစန္ဒာလည်းတစ်ပါး၊ တရုတ်မင်း သမီး မိဖုရားကား ပင်လယ်မင်း ရာဇသူ့နမတော် အတုလစန္ဒာလည်း တစ်ပါး၊ ဤနှစ်ပါးတွင် မိဖုရားကြီး အတုလစန္ဒာ သမီးသာ သမီးတော် မွေးမယ်တော်လည်း တစ်ပါး၊ ညီတော်ကျော်စွာတစ်ပါး၊ ညီတော်နရသူ သားတော် သမီးတော်ကား-ဥဇနာပြောင်တစ်ပါး၊ ညီတော်ကျော်စွာတစ်ပါး၊ ညီတော်နရသူ တစ်ပါး၊ နမတော် ပုထိုးနီကတော်သည် ညောင်ရမ်းနှင့် သာဂရကိုစားသော ဂုဏ္ဍန္တ ရာဇ်ကြီးမှင့် သင့်သည် တစ်ပါး၊ ညီမတော် မြင်စိုင်းသက်တော်ရှည်နှင့် သင့်သည် တစ်ပါး၊ ညီမတော် မွေးအိမ်သည်ကို ခမည်းတော် တစ်ပင်တိုင်နှင့် ထားမည် ပြုသည်ကို ကျောက်ပေါက်ရာတွင် မျက်စိ မလှသောကြောင့် မထားဖြစ်လေ။ နောက် မယ်မျက်လှဟု တွင်သည်။ လံဘုရန္တသူသား ပေါက်မြှင်မင်းဖုလဲနှင့် စုံဖက်တော်မူသည်တစ်ပါး၊ ယောကျာ်း ၃၊ မိန်းမ ၃၊ ပေါင်း ခြောက်ပါး တည်း။ မိဖုရား မွေးမယ်တော်တွင် မြင်သည်ကား သားတော် စည်းရေးမင်းလက်ဝဲသည် တစ်ပါး၊ နမတော် ညောင်ရမ်းနှင့်တကွ ဆယ်မြို့ကို စားသော ပင်လယ်မြို့ကို စားသည် တစ်ပါး၊ ညီမတော်ရှင်စောမင်းလှ အိမ်ထောင်မကျခင် လွန်လေသည် မဟာကြီးနှင့် သင့်သည် တစ်ပါး။ ညီမတော်ရှင်စောမင်းလှ အိမ်ထောင်မကျခင် လွန်လေသည် တစ်ပါး၊ ယောကျာ်း ၁၊ မိန်းမ ၂၊ ပေါင်း ၃-ပါးတည်း။

မင်းဖြစ်တော်မူလျှင် ညီတော်နော်ရထာကို ပင်လယ်မြို့ကို ပေးတော်မူ၏။ နောက် မကြည်ရှိတော်မူကြ၍ စစ်ကိုင်းမင်း မင်းရဲမင်းကြီးသို့ ပေါင်းလေ၏။ မင်းရဲမင်းကြီးလည်း ဘထွေးတော် နော်ရထာကို ကန်းနီကိုပေး၍ စားရ၏။ ယင်းတွင်မှ **ကန်းနီနော်ရထာ**ဟု တွင်၏။

### ၃၉၃။ ရှင်ယောင်တစ်ယောက် ငါးစီးရှင်ထံ ဆွမ်းခံဝင်ခြင်း အကြောင်း

တစ်ခုသောအခါ **ငါးစီးရှင်** စားတော်ခေါ်ခါနီးတွင် ရှင်ယောင်တစ်ယောက်သည် ပရိက္ခရာ ရှစ်ပါးလွယ်၍ ရှေ့တော်ဝယ် ရပ်လာ၏။ ငါးစီးရှင်လည်း "အဘယ်အလို့ငှာ ရပ်လာသနည်း"ဟု မေးတော်မူ၏။ ရှင်ယောင်လည်း "ဆွမ်းအလို့ငှာ ရပ်လာသည်"ဟု ဆို၏။ ငါးစီးရှင်လည်း စားတော်ခေါ်အံ့သည် ဟူ၍ လက်တော်ဆေးပြီးမှ အလွန်ကြည်ညိုစွာသောနှလုံး ရှိသည်ဖြစ်၍ မနောလင်ပန်းနှင့် စီရင်၍ထားသော စားတော်အားလုံးကို ထိုရဟန်းအား လှူတော်မူလေ၏၊ ငါးစီးရှင်လည်း ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၍ အမတ်တို့ကို ဤသို့ မိန့်တော်မူ၏။ "အမတ် တို့... ဤရဟန်းသည်ကား ဆွမ်းခံအံ့သောအခါ လွန်၍ မွန်းတည့်လုမှ ဆွမ်းရပ်လာသည် ပုထုဇဉ် ရဟန်း မဟုတ်၊ အဘိညာဉ်နှင့် ပြည့်စုံသော ရဟန္တာမြတ် ဖြစ်ရာသည်၊ ငါ့ကို ကျေးဇူး

---

၁။ တစ်စီးရှင်သီဟသူ၏သားတော် စည်သူသည် ပင်းယမြို့၌ ၁ ကော်တင်ဘာ ၁၃၄၀ တွင် နန်းတက်ကြောင်း ကျောက်စာအထောက်အထားအရ သိရှိရသည်။ ၎င်းသည် ၄ နှစ်မျှ ထီးနန်းစိုးစံခဲ့သည်။ ၂။ ဒေါ် [illegible]

၃။ ငါးစီးရှင်ကျော်စွာ၏ နန်းတက်နှစ်ကို ကျောက်စာ၌ ၂၉ မတ် ၁၃၄၄ ခုနှစ်ဟု တွေ့ရှိရ၏။

ကောင်းမှု များစေလို၍ ရပ်လာလတ်သည်"ဟု မိန့်တော်မူ၏။ မင်းချင်းတစ်ယောက်ကို လိုက်၍ ကြည့်ရလေ စေ၏။ ရဟန်းလည်း ရှင်ကောင်း မဟုတ်၊ ရှင်ယောင်ဖြစ်၍ သပိတ်ကို မယား လှမ်းနှင့်သည်ကို မြင်လေ၏။ စေတော်မူသော မင်းချင်းလည်း ဤသို့ ကြံ၏။ သည်ရဟန်းအဖြစ် အစစ်ကို အရှင်မင်းကြီးအား လျှောက်ချေသော် သဒ္ဓါတော်မူသော စေတနာတော်လည်း ပျက်အံ့ သည်၊ ငါလည်း မျက်နှာ မရ ရှိအံ့သည်၊ ထိုရှင်ယောင်လည်း အပြစ်မှ မကင်း ရှိအံ့သည်၊ အရှင်မင်းကြီး သဒ္ဓါတော်မူသော စေတနာတော်လည်း အတိုင်းထက်အလွန် ဖြစ်စေ၊ ငါလည်း မျက်နှာရစေ၊ ထိုရှင်ယောင်လည်း အပြစ်မှ လွတ်စေဟု၍ နှလုံးထားပြီး မင်းကြီးသို့သွား၍ "အမိန့်တော်ရှိသည့်အတိုင်း ကျွန်တော် လိုက်၍ကြည့်သော် ကြည့်စဉ်ပင် ကွယ်လေသည်" ဟု၍ နားတော်လျှောက်၏။ ငါးစီးရှင်လည်း "ငါ တွေးတော်မူသည်အတိုင်း မချွတ် မှန်၏"ဟု၍ လက်ရုံးကိုတန်း၏။ ထိုနေ့လည်း ပင်းယပြည်စိုးသည် ဆင်ဖြူတစ်စီးနှင့်တူသော မြင်းနိုင်းလျှော်[၁] ကို ယူ၍ လာပြီဟု ကြားတော်မူလျှင် "ငါ၏ကုသိုလ်တော် အကျိုးကြောင့် ဖြစ်သည်"ဟု၍ မိန့်တော်မူ၏။ ထိုမြင်း ရောက်လျှင် မင်းချင်းတစ်ယောက်ကို တောင်းထုပ်ဖြူပေါင်းစေ၍ ပြောင်း တောဝယ် နှင်စေသည်။ မြင်သောသူတို့လည်း ဥဗျိုင်းငှက်ပျံသည်ဟု၍ ထင်ကြကုန်၏။ ထိုမြင်း ကား ပင်းယက ကြက်သက်ကို နှင်သည်၊ တောင်တွင်းကြီးသို့ ညကြက်တက်ကို ရောက်သော ဟု၏။ ထိုမြင်းကို တရုတ်ပြည်က ဖွားနှစ်ခုနှင့် တစ်ပိုင် ပေး၍ ပင်းယပြည်စိုး ဆက်သည်။ ရတော်မူလျှင် "တိမ်တိုက်ကွန်မြူး"ဟူသော အမည်ကို သမုတ်တော်မူသည်။

## ၃၉၄။ ငါးစီးရှင်ကျော်စွာမင်း သိမ်းပိုက်ပုံ ကောင်းကြောင်း

ငါးစီးရှင်မင်းကြီးကား အခါခပ်သိမ်း လံဘုရန်းသူ၊ မြင်နိုင်းသက်တော်ရှည်၊ ညောင်ရမ်း စောမွန်နှစ်၊ ဝတီး သခံယာ၊ သာဂရ ဂုဏ္ဍန္တ ရာဇ်ကြီး၊ ရမည်းသင်း သီဟပတေ့၊ ယင်းတော် စား တုရင်ပုညာကြီး၊ ပေါက်မြိုင်မင်းပုလဲ- ဤမင်းများတို့ ရှေ့တော်ဝယ် စားသောအခါ ရွှေဖလားတွင် ငါးစီးရှင်ကိုယ်တော် ဖက်ဝန်းလိုး၍ ထည့်ပြီးသော် နေ့တိုင်း လက်ဖက်တည်တော် မူ၏။ တစ်ရံရောအခါ ငါးစီးရှင် သတိတော်လျော့၍ ရမည်းသင်းသီဟပတေ့ကို ဖက်ဝန်းမအုပ် မိ၊ သုံးရက်ရှိလေ၏။ သီဟပတေ့လည်း စောမွန်နှစ်ကို တည်တော်မူသော လက်ဖက်ကိုသာ စား၏။ စောမွန်နှစ်လည်း "အဘယ့်ကြောင့် သင့်ကို တည်သော လက်ဖက်ကို မစား၊ ငါ့ကို တည်သော လက်ဖက်ကိုသာ စားသနည်း"ဟု မေး၏။ သီဟပတေ့လည်း "သူများကိုကား ဖက်ဝန်းအုပ်သည်၊ ငါ့ကိုမူကား မအုပ်ပါ ပြုတော်မူလေသည်။ ငါ တိုက်ဆင် ခြောက်ဆယ်, မြင်းရှစ်ရာ, ဗိုလ်တစ်သောင်းရှင်ကို ဆင်ဖြူငါးစီးရှင် ပွဲအလယ်တွင် အရှက်ခွဲလေသည်။ သူတကာတို့၏ ကျေးဇူးအထူးကို သိတတ်သည်ဟူ၍ပြုလျက် ကျေးဇူးကို မသိသောကြောင့် ခြားနား၍နေတော့မည် ဟူ၍ ကြံသည်" ဆို၏။ စောမွန်နှစ်လည်း "ဘဝရှင်ကို နံ့စမ်းဦးမည်၊ အလျင်မလိုနှင့်ဦး"ဟူ၍ ဆို၏။ ညောင်ရမ်းစောမွန်နှစ်လည်း ငါးစီးရှင်နန်းတော်သို့ သွား၍ "ဘုန်းတော်ကြီးလှသော ဘုရား... ကျွန်တော် ရမည်းသင်းစား သီဟပတေ့သည် သူများကို ဖက်ဝန်းအုပ်၍ ငါ့ကို မအုပ်ပါ။ ငှက်ပျောဖက်သည် ဆန်တစ်လက်ဖက်မျှ လည်းကောင်း၊ ငွေပဲခြမ်းမျှ လည်းကောင်း မတန်၊ ပွဲအလယ်တွင် ရှုတ်ရှုတ်ချချ ပြုလေသည်ဟူ၍ ကျွန်တော်ကို

၁။ ဝေလာဟာကမြင်းမျိုးနှင့် သိန္ဓောမြင်းတို့ ပေါင်းစပ်ရာမှ မွေးဖွားသည်။ အာဇာနည်မြင်း ငါးမျိုးအနက် တစ်မျိုး။ ကိုယ်မွေး၊ အမြေခြလေးဖက်၊ အမြီး၊ အာ၊ ဖြီးဆံ၊ မှင်တံ၊ နားရွက်-(၁၀) ဌာန ဖြူသောမြင်းမျိုး ဖြစ်သည်။

ဖြားနားသောင်းကျွန်းတော့မည် ဆိုသည်"ဟု နားတော်လျှောက်လေ၏။ ငါးစီးရှင်လည်း "သတို့ လျှော၍ မအုပ်မိရှိလေသည်ကို ရမည်းသင်းစား သီဟပတေ့ငယ်သည် ကြံလေကြွားသော်လည်း ငါဆင်ဖြူငါးစီးရှင်ကို ကြိန်မည် မဟုတ်။ စောသရာဇာ ဖြသေ့မင်းလက်မှ ယုန်ခရယ်တို့သည် မလွတ်နိုင်သကဲ့သို့ ငါ ဘုန်း၊ လက်ရုံး၊ ပညာဖြင့် သိမ်းကျုံးရသည်ရှိသော် ဘယ်သို့ လွတ်နိုင်ရာ အံ့နည်း။ ငါ၏ ဘုန်း၊ လက်ရုံး၊ ပညာတော်ကို မသိ၍ ဆိုမိလေသည်သာ ဖြစ်သည်။ ထိုသို့ ကြံမိလေကြွားသော်လည်း ငါသို့သော အရည်အသွေးနှင့် ပြည့်စုံသော မင်းသည် အသိမ်းအမြန် တောင်သောကြောင့် နိုင်းယှဉ်လေသည် ဟူ၍ သူတကာတို့ အပြစ်တင်အံ့သည်"ဟူ၍ သီဟပတေ့ ကို ဒေါ်တော်မူပြီးသော် "အစ်ကိုအပြစ်ကို ငါ သည်းခံတော်မူသည်"ဟု မိန့်တော်မူ၍ 'ခုနှစ်ပေါင် မြင်းနက်ကျော်' တစ်စီးကို လက်ဖွဲ့တော်မူ၏။

ထိုအကြောင်းကို ထောက်၍ "ရေမြေရှင်ဖြစ်တော်မူသော ကောရာဇ်မင်းမြတ်တို့သည် ခံသိမ်းသောသူ အပေါင်းတို့အား ပေးသနားသောအခါ စားဖွယ် သောက်ရာတို့ကို ကြည့်၍ စုံစမ်းတော်မူပြီးမှ ပေးကမ်းတော်မူရာသည်"ဟူ၍ သူဟောင်းတို့ ဆိုစကားသည်။

## ၃၉၅။ ခေင်ညို ဟူသော သူရဲကောင်း လိမ္မာမြော်မြင်ပုံ အကြောင်း

ငါးစီးရှင်ကျော်စွာ ပင်လယ်ကို စားသောအခါ "ညီတော် စစ်ကိုင်းမင်း အသစ်ယာ စောလွမ်းကို လုပ်ကြံချေ"ဟူ၍ ခေင်ညို ဟူသော ကျွန်ကို စေတော်မူ၏။ ခေင်ညိုလည်း စစ်ကိုင်းသို့ကူး၍ အရိပ်အခြည်ကိုကြည့်လေသော် မလုပ်ကြံသာသောကြောင့် တောတွင် ပုန်း၍ နေလေ၏။ သုံးရက်ရှိသောနေ့၌ စစ်ကိုင်းမင်း မဟာဂီရိ ပူလေသည်ဖြစ်၍ ရွှေစလောင်းနှင့် ထမင်း၊ အမဲ၊ အဆား အပြည့်ထည့်၍ နတ်ကို တင်၏။ ခေင်ညိုလည်း လုပ်ကြံမည် ဟူ၍ နန်းတော်သို့ တက်လေ၏။ ထိုအခါ နတ်တင်သော ထမင်းကို တွေ့လေ၍ သုံးရက်တိုင်အောင် ထမင်း မစားရသည်နှင့် နတ်တင်ထမင်းကို စားလေ၏။ ဝပြီးလျှင် အတွင်းသို့ ဝင်လေ၍ အသစ်ယာစောလွမ်း ခေါင်းရင်းတွင် ရပ်လျက် ကြံ၏။ "သည်မင်းသည် ယခုနေ့လျှင် ငါ၏ ထမင်းရှင် ဖြစ်ခဲ့ပြီ၊ ထမင်းသခင်ကို ပြစ်မှားချေသော် အလွန်လျှင် ဝန်လေးလတ္တံ့သည်၊ လုပ်ကြံသာလျက် မလုပ်ကြံဘဲ လာသည်ဟူ၍ ငါ့အရှင် မျက်တော်မူသော်လည်း တစ်သက်သာ ဖြစ်သည်။ ထမင်းသခင်ကို ပြစ်မှားချေသော် သံသရာဝယ် အပါယ်လေးပါး၌ ရှည်လျားစွာ ခံရမည်အကြောင်း ဖြစ်သည်။ အပါယ်လေးပါးမှလွတ်၍ လူ၏ အဖြစ်ကိုပင် ရငြားသော်လည်း ယုတ်မာစွာသော ကိုယ်၏ အဖြစ်ဖြင့် ရှိလေရာသည်"ဟု နှလုံးထားပြီးမှ စစ်ကိုင်းမင်း ခေါင်းရင်း တွင် ရပ်လျက် မိမိစွဲသော ဓားကို နတ်တဲ့၊ စွပ်တဲ့ ပြု၏။ "ငါ့အရှင်သည် စစ်ကိုင်းမင်းသို့ မရောက်ဘဲကို ရောက်သည်ဟူ၍ အမိန့်တော်ရှိလျှင် ရောက်ကြောင်းကို လျှောက်ရမည်"ဟူ၍ မည်းတော် တစ်စီးရှင် အသစ်ယာစောလွမ်းကို ပေးတော်မူသော ပတ္တမြားဓားကို ယူ၍လာခဲ့၏။ ပင်လယ်သို့ ရောက်လျှင် ငါးစီးရှင်လည်း "ပြီးခဲ့၏လော"ဟူ၍ မေးတော်မူ၏။ ခေင်ညိုလည်း မိမိ နှလုံးက ရှိသည်အတိုင်း နားတော်လျှောက်၍ ပတ္တမြားဓားကို ဆက်၏။ ငါးစီးရှင်လည်း "ငါ့ကျွန်သည် ထမင်းတစ်စလောင်းကိုမျှ သူ့ကျေးဇူးကိုသိ၍ ဤသို့သော စကားကို လျှောက် သည်၊ ငါ နေ့တိုင်းမပြတ် သားမယားနှင့် တကွ ကျွေးမွေးသော ကျေးဇူးကိုသော်ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း"ဟု ချီးမွမ်းတော်မူ၍ များစွာသော စည်းစိမ်ချမ်းသာ ဆုလာဘ်ပေးတော်မူ၏။

မင်းရာဇာပုံတွင် ငါးစီးရှင်ကျော်စွာ မင်းဖြစ်တော်မူလျှင် စစ်ကိုင်းမင်း အသခံယာ စောယွမ်းကို လုပ်ကြံရမည် မဲဒသည်ဟူ၍ ဆိုလေသည်။ အသခံယာစောယွမ်း အနှစ်ရောက် ၏ (၁၂)တစ်ဆယ့်နှစ်နှစ်၊ သက္ကရာဇ် (၇၀၄)[1]ခုနှစ်ရာလေးခုမှာမှ ငါးစီးရှင်ကျော်စွာ မင်းဖြစ်တော်မူသည်။ ငါးစီးရှင်ကျော်စွာ ပင်လယ်ကိုစားသော ကာလက မတော် မူသည်။

### ၃၉၆။ ငါးစီးရှင်မင်းကြီး နတ်ရွာစံခြင်း အကြောင်း

ငါးစီးရှင်မင်းကြီးကား ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူ၏။ သူ့ကျေးဇူးကိုလည်း သိတော်မူတတ်၏။ အိမ်နိမ့် (၃၆)သုံးဆယ့်ခြောက်၊ စည်းစိမ် (၉)ကိုး၊ သက်တော် (၄၅) လေး ဆယ့်ငါးသော် အနှစ်ရောက်တော်မူ၏။ ရောက်လိုသော် ကြာသပတေးကြယ်တံခွန်ပြ၏။ ကြာသပတေးကြယ်, သောကြာကြယ် စွပ်ကြ၏။ နံတော် တနင်္လာသားတည်း။

### ၃၉၇။ ကျော်စွာမင်း နန်းတက်ခြင်း (၄)

သက္ကရာဇ် (၇၁၃)[2]ခုနှစ်ရာတစ်ဆယ့်သုံးခုသော်ကား သားတော်ကျော်စွာ မင်းဖြစ်တော် မူ၏။ အိမ်နိမ့် (၃၀)သုံးဆယ်၊ စည်းစိမ် (၁၀)တစ်ဆယ်၊ သက်တော် (၄၀)လေးဆယ်သော် အနှစ်ရောက်တော်မူ၏။ အနှစ်ရောက်တော်မူလိုသော် စနေကြယ်, သောကြာကြယ် စွပ်ကြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

### ၃၉၈။ ညီတော်နရသူ မင်းဖြစ်ခြင်း အကြောင်း (၅)

သက္ကရာဇ် (၇၂၂)[3]ခုနှစ်ရာနှစ်ဆယ့်သုံးခုသော် နရသူ မင်းဖြစ်တော်မူ၏။ အိမ်နိမ့် (၃၈)သုံးဆယ့်ရှစ်၊ စည်းစိမ် (၃)သုံးနှစ်သို့အဝင် သက်တော် (၄၁)လေးဆယ့်တစ်သော် မောရှမ်းတို့ ယူလေ၏။ မောရှမ်းတို့ ယူလေသည်ကို အကြောင်းပြု၍ "မောပါ နရသူ"ဟု ခေါ်ထွင်၏။ နံတော် တနင်္လာသားတည်း။

### ၃၉၉။ နောင်တော် ဥဇနာပြောင်မင်း အကြောင်း (၆)

ရှမ်းတို့သည် ပင်းယကိုနိုင်၍ နရသူနှင့်တကွ ဆင်ဖြူ (၃)သုံးစီးကိုယူ၍ ပြန်လေလျှင် နရသူနောင်တော် ဥဇနာပြောင်ကို အမှူး၊ အမတ်အပေါင်း ညီ၍ စောဥမ္မာနှင့် စုံဖက်၍ နန်းတင် ကြ၏။

ဥဇနာပြောင် နန်းတက်၍ သုံးလရှိသောအခါ သတိုးမင်းဖျား ကြွတော်ရောက လာ၍ ဥဇနာပြောင်ကို လုပ်ကြံပြီးသော် စောဥမ္မာကို မိဖုရားမြှောက်၍ ပင်းယကို မင်းပြုတော်မူ၏။

ဥဇနာပြောင်ကား အိမ်နိမ့် (၄၅)လေးဆယ့်ငါး၊ စည်းစိမ် (၃)သုံးလ၊ သက်တော် (၄၅)လေးဆယ့်ငါးနှစ်နှင့် (၃)သုံးလသော် နန်းကျတော်မူ၏။ နံတော် သောကြာသားတည်း။

---

၁။ ခေဒီ ၁၃၄၂ ၂။ ခေဒီ ၁၃၅၁ ၃။ ခေဒီ ၁၃၆၀

## ၄၀၀။ အသင်္ခယာစောယွမ်းမင်း စစ်ကိုင်းမြို့ကို တည်၍ စံနေခြင်း အကြောင်း (၁)

စစ်ကိုင်းမြို့ အသင်္ခယာစောယွမ်း တည်တော်မူသော သက္ကရာဇ်ကား (၆၈၄)[1] ခြောက်ရာ ရှစ်ဆယ့်လေးခုနှစ်တွင် သစ်မြို့တည်တော်မူသည်။ (၆၈၅)[2] ခြောက်ရာရှစ်ဆယ့်ငါးခုနှစ်တွင် အုတ်မြို့ တည်တော်မူသည်။ ခြောက်ဘက်တစ်လွှားကို လက်နက်နိုင်ငံပြုတော်မူ၍ ကြီးပွားတော်မူသည်။ သားတော် သမီးတော်ကား ကျွဆွာတစ်ပါး၊ ညီတော်မင်းရဲမင်းကြီးတစ်ပါး၊ ညီတော် တရုတ် ဆင်ဖြူရှင်မ တစ်ပါး၊ နှမတော် နီးမင်းကိုယ်တော်ကြီး တစ်ပါး၊ ယောကျာ်း ၃၊ မိန်းမ ၁၊ ပေါင်း ၄-ပါးတည်း။

## ၄၀၁။ ခြောက်ဘက် မြင်းကိုးသင်း မြို့ကံကျေးကျွန် တောင်သင်း အစုများ ဖွဲ့တော်မူခြင်း အကြောင်း

အသင်္ခယာ မင်းဖြစ်တော်မူလျှင် အတွင်းကြေးဘုရားကို တည်တော်မူသည်။ (၆၈၈)[3] ခြောက်ရာရှစ်ဆယ့်ရှစ်ခု ရောက်သောအခါ ခြောက်ဘက် တမခါးမြင်း (၁၅၀)တစ်ရာငါးဆယ်၊ ယုတော်မူမြင်း (၁၅၀)တစ်ရာငါးဆယ်၊ လက်ရွေးကြီး ပြင်စည်မြင်း (၁၅၀)တစ်ရာငါးဆယ်၊ လက်ရွေးငယ်မြင်း (၇၀)ခုနစ်ဆယ်၊ ကြောင်သင်းမြင်း (၅၀) ငါးဆယ်၊ မြင်း (၁၅၀)တစ်ရာငါးဆယ်၊ စက်လုံးမြင်း (၃၀)သုံးဆယ်၊ စောပတိမြင်း ငါးဆယ်၊ မြင်းသည်ကြီးမြင်း (၃၀)သုံးဆယ်၊ (၃၀)သုံးဆယ်၊ ခြောက်ဘက် ၉-စု၊ မြင်းပေါင်း (၈၁၀)ရှစ်ရာတစ်ဆယ်ကို ဖွဲ့တော်မူသည်။ ယနေ့ထက်တိုင်အောင် မြို့ကံကျေးကျွန် ဟူ၍လည်း တောင်သင်းအစု ဖွဲ့တော်မူသည်။ "တောင်သင်း" ဟူ၍ တွင်၏။

အသင်္ခယာစောယွမ်းကား ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူ၏။ ပြည်သူ လူရဟန်း တို့ အားလည်း ဝမ်းမြောက်သားကဲ့သို့ ချစ်ကြည်တော်မူ၏။ အိမ်နိမ့် (၂၀)နှစ်ဆယ်၊ စည်းစိမ် (၈)ရှစ်နှစ်၊ သက်တော် (၂၈)နှစ်ဆယ့်ရှစ်သော အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလို သော် စနေကြယ်, သောကြာကြယ် ခွပ်ကြ၏။ နံတော် တနင်္လာသားတည်း။

## ၄၀၂။ တရုပ်များကြီး နန်းတက်ခြင်း အကြောင်း (၂)

သက္ကရာဇ် (၆၉၂)[4]ခြောက်ရာကိုးဆယ့်နှစ်ခုသော အသင်္ခယာစောယွမ်းနောင်တော် အရှ သာသနာတော်သင်္ချင်းပါယကာ တရုပ်များကြီး မင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူ၍ (၆)ခြောက်နှစ် ရှိသောအခါ[5] သားတော် ရွှေတောင်တက် မည်းတော် တရုပ်များကို ဖမ်း၍ သံခြေချင်းနှင့် ထားပြီးသော် နန်းတက်လေ၏။ နန်းတက် (၃) သုံးနှစ်ရှိသောအခါ[6] မည်းတော် တရုပ်များကြီး သည် လူသန့်, ရှင်သန့်တို့ကို ရွှေ, ငွေ အများ ပေး၍ နံနက် အိပ်ဖန်ထွက်ကို လုပ်ကြစေ၏၊ ရွှေတောင်တက် အကောင်ကိုလည်း မြေကို ကြီးပြင့်ငင်စေ၍ ဝက်ချေးအင်းမှာ ထားရလေ၏။

တရုပ်များကြီးကျွန်တို့သည် ရွှေတောင်တက် ကျွန်တို့ကို ဖမ်းမည်ဟူ၍ သွားလေသည် အခိုက် ရွှေတောင်တက်ကျွန် အမတ်နန္ဒပကြိုလည်း ကောက်စိုက်ရာကအပြန် ရွှေတောင်တက် ကို သတ်၍ တရုပ်များကြီး နန်းတက်သည်ဟူ၍ ကြားလျှင် ဆင် ချစ်နောင်ရင်းကို စီး၍လာသော ဦးစီးကို မိမိဆောင်သော ရှော့ကွမ်းချက်ကိုပေး၍ ဆင်ကိုစီးပြီးသော် တရုပ်များကြီး နန်းထက်

[1] အေဒီ ၁၃၂၂ [2] အေဒီ ၁၃၂၃ [3] အေဒီ ၁၃၂၆ [4] အေဒီ ၁၃၃၀ [5] အေဒီ ၁၃၃၆ [6] အေဒီ ၁၃၃၉

တစ်သောက်တည်းနေရာ ဆင်ယှဉ်ကာ တက်လေ၏။ တရုတ်များကြီးလည်း "အနောင် အခြီးစားလျှင် ငါ အမြီးစားပါမည်၊ အနောင် အမြီးစားလျှင် ငါ ခေါင်းစားပါမည်" ဟု ဆိုၮ၏။ နန္ဒပကြိလည်း "မင်းကြီးသည် မင်းဖြစ်လျှင် ပြည်ရွာနှင့် ဆန့်ကျင်သော အမှုကိုသာ ပြုသောကြောင့် မင်းကြီးကိုရှု၍ ရွှေတောင်တက်ကို ငါ နန်းတင်သည်၊ မင်းကြီး မင်းဖြစ်တပြီကား ငါတို့ အမျိုးအနွယ်အလုံး ပျက်စီးအံ့" ဟူ၍ နန်းထက်တွင်ပင် လုပ်ကြလေ၏။ တရုတ်များမင်းကြီးကား အိမ်နိမ့် (၃၄)သုံးဆယ်လေး၊ စည်းစိမ် (၆)ခြောက်၊ သက်တော် (၄၀)လေးဆယ်သော် နန်းကျတော်မူ၏။ (နန်းကျ၍ သုံးနှစ်) သက်တော် (၄၃)လေးဆယ့်သုံးသော် အနိစ္စရောက်တော်မူ၏။ နံတော် တနင်္လာသားတည်း။

## ၄၀၃။ ရွှေတောင်တက်မင်း အကြောင်း (၃)

သက္ကရာဇ် (၆၉၈)[1] ခြောက်ရာကိုးဆယ့်ရှစ်ခုသော် ရွှေတောင်တက် ခမည်းတော်ကို နန်းချ၍ မင်းပြုတော်မူ၏။ မင်းဖြစ်၍ သုံးနှစ်ရှိသောအခါ ခမည်းတော်တရုတ်များ လုပ်ကြလေ၏။ ရွှေတောင်တက်ကား အိမ်နိမ့် (၁၆)တစ်ဆယ့်ခြောက်၊ စည်းစိမ် (၃)သုံး၊ သက်တော် (၁၉) တစ်ဆယ့်ကိုးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် သောကြာကြယ် တံခွန်ပြ၏။ နံတော် တနင်္ဂနွေသားတည်း။

## ၄၀၄။ ကျစွာမင်း နန်းတက်ကြောင်း (၄)

သက္ကရာဇ် (၇၀၀)[2] ခုနစ်ရာတစ်ခုသော် **အသင်္ခယာစောယွမ်း** သားတော်**ကျစွာ**ကို အမတ်ကြီး နန္ဒပကြိ ဖက်ထားရာမှာ ယူ၍ မင်းမြှောက်၏။ မင်းဖြစ်တော်မူလျှင် ကျစွာကျောင်းကိုလည်း တည်တော်မူ၏။ အိမ်နိမ့် (၁၆)တစ်ဆယ့်ခြောက်၊ စည်းစိမ် (၅)ငါး၊ သက်တော် (၂၁) နှစ်ဆယ့်တစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် သောကြာကြယ် တံခွန်ပြ၏။ နံတော် စနေသားတည်း။

## ၄၀၅။ ညီတော် မင်းရဲကြီး နန်းတက်ကြောင်း (၅)

သက္ကရာဇ် (၇၀၆)[3] ခုနစ်ရာခြောက်ခုသော် ညီတော် **မင်းရဲမင်းကြီး*** မင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူလျှင် မင်းရဲကျောင်းကို တည်တော်မူ၏။ အိမ်နိမ့် (၁၈)တစ်ဆယ့်ရှစ်၊ စည်းစိမ် (၈)ရှစ်နှစ်၊ သက်တော် (၂၆)နှစ်ဆယ့်ခြောက်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် စနေကြယ် တံခွန်ပြ၏။ မျောက်ဆိပ် လတွင်ချွင်း၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

## ၄၀၆။ ဆင်ဖြူရှင် တရုတ်များငယ်မင်း အကြောင်း (၆)

သက္ကရာဇ် (၇၁၄)[4] ခုနစ်ရာတစ်ဆယ့်လေးခုသော် ညီတော် ဆင်ဖြူရှင်တရုတ်များငယ် မင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူလျှင် စကားကျောင်းကို တည်တော်မူ၏။ အိမ်နိမ့် (၂၂) နှစ်ဆယ့်နှစ်၊ စည်းစိမ် (၂)နှစ်နှစ်၊ သက်တော် (၂၄)နှစ်ဆယ့်လေးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် သောကြာကြယ် တံခွန်ပြ၏။ နံတော် တနင်္လာသားတည်း။

---

[1]။ အေဒီ ၁၃၃၆ [2]။ အေဒီ ၁၃၃၈ [3]။ အေဒီ ၁၃၄၄ [4]။ အေဒီ ၁၃၅၂

* ဆင်ဖြူရှင် မော်ရာဇာမင်းရဲ (မှန်နန်း-ဝ၊ ၂၀၀၃၊ စာ ၃၉၁)

## မင်းကိုယ်တော်ကြီးနှင့် မင်းပြောက်တို့ အကြောင်း (၇)

၂၃ ၄၀၇။ နိုးမင်းကိုယ်တော်ကြီးနှင့် မင်းပြောက်တို့ အကြောင်းကား ... မင်းပြောက်နှစ်ခုအဝ်ဆယ်ပြောက်ရသော် အသင်္ခယာစောယွမ်းသည် သက္ကရာဇ် (၇၁၆)* ခုနှစ်ရာတစ်ဆယ့်ပြောက်ခုသော် မင်းပြောက် မင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူလျှင် နိုးမင်းကိုယ်တော်ကြီး ပြောက်သသော်မင်းပြောက် မင်းဖြစ်တော်မူ၏။ မင်းပြောက်ကား မင်းရိုးမဟုတ်၊ မှက် တရုတ်ပြေးမင်း မိဖုရား ညောင်ရမ်းကြီးကို တည်တော်မူ၏။ မင်းပြောက်ကား မင်းရိုးမဟုတ်၊ မှက် တရုတ်ပြေးမင်း မိဖုရား သွားစေသော်တော် ပြေးရင်းတည်း။ နံတော် စနေသားတည်း။

နိုးမင်းကိုယ်တော်ကြီးကို ဧည့်တော် အသင်္ခယာစောယွမ်း ရှိတော်မူစဉ်က တကောင်း မင်းရိုး သတိုးနှင့် စုံဖက်တော်မူသတည်း။ ထိုသူနှစ်ပါး စုံဖက်တော်မူရာတွင် သားတော် သတိုး မင်းများတစ်ပါး၊ နဓောသ် သိန်းသုံရောက် ကျောင်းတကာမတစ်ပါး၊ ညီမတော် ပြောက်ကျောင်း တကာမ တစ်ပါး၊ သည်သုံးပါးကို မြင်သည်။ တကောင်းမင်းရိုး သတိုး လွန်မှ မင်းပြောက်နှင့် သင့်တော်မှုဍ် စစ်ကိုင်းကို မင်းပြုတော်မူသတည်း။ ထိုအခါ သတိုးမင်းများကို တကောင်းမြို့ကို ယူ၍ စားရသတည်း။

ပင်းယမြို့ကို နရသူမင်းပြုသတည်း။ နရသူက မင်းရိုးမဟုတ်သသူ စစ်ကိုင်းကို မင်းပြုရ လေသည်ဟူ၍ ကိုးသိန်းသင် သိုဟန်ဘွား ညီ သိုချည်ဘွားသို့ "စစ်ကိုင်းကို စစ်တိုးတော်မူပါ၊ ရလျှင် အခွန်ကိုသာ ယူမည်၊ အဆန်ကို ပေးပါမည်" ဟူ၍ စေလိုက်၏။ သိုချည်ဘွားလည်း အလုံးအရင်း ဆင်၊ မြင်းအများနှင့် ချီလာ၏။ သတိုးမင်းများလည်း အလုံးအရင်း ဆင်၊ မြင်း အများနှင့် တကောင်းက ခံ၍တိုက်၏။ မတိုက်နိုင် ပျက်ချေ၍ သိုချည်ဘွား ရလေလျှင် သတိုး မင်းများလည်း ပရိယာယ်စေ့စပ်ခြင်း "စစ်ကိုင်းကို အောင်မြင်တော်မူလျှင် ကျွန်ုပ်ကို ပေးတော် မူပါ၊ ရအောင် လုပ်ကြမည်" ဟူ၍ ဆို၏။ သိုချည်ဘွားလည်း ရလျှင် "အစ်ကိုကို ပေးမည်၊ ချီလေ" ဆို၍ ချီရ၏။ သတိုးမင်းများလည်း ရှေ့ချီရလျှင် အလုံးအရင်းနှင့် တကွ အလွတ်ချွ၍ စစ်ကိုင်းသို့ ရောက်လေ၏။

ဘထွေးတော်မင်းပြောက်လည်း "နိုင်အောင်ကား ခံ၍ မတိုက်၊ ပြေးလာသည်၊ ပြေးရာ သည်လော" ဟု သံခြေချင်းခတ်ပြီးလျှင် ကြခတ်ဝရာသို့ ပို့လေ၏။ သတိုးမင်းများလည်း "မင်းကြီး ငါ့ကို ခံ" ဟူ၍ မိန့်တော်မူသည်။ "ငါ့ကို ထားဦး၊ မင်းကြီးမြို့ကိုမှ မင်းကြီး ခံနိုင်အောင် ခံတော်မူ" ဟူ၍ ဆို၏။ မင်းပြောက်လည်း မြို့ပြ၊ ကျုံး၊ မြောင်း၊ ကတုတ်၊ ရင်ကာ နိုင်ခံ့အောင် စီရင်တော်မူ၍ ရှမ်းတို့လည်း စစ်ကိုင်းသို့ရောက်လျှင် မြို့သုံးမျက်နှာကို တပ်တည်၍ လုပ်ကြ၏။ မင်းပြောက်လည်း ဆင် ချစ်နှောင်ရင်းကို ကစော်ဖတ် ယင်အောင် ကျွေးပြီးသော် တံခါးကိုလှစ်ဖွင့်၍ လွှတ်၏။ ဆင် ချစ်နှောင်ရင်းလည်း ရှမ်းတို့က ထိုးပစ်လျှင် တံခါးကိုဆွဲအောက်၍ မြို့သို့ ဝင်ပြန်လာ၏။ မြို့တွင်းသို့ရောက်လျှင် အိမ်ရာ၊ ကျောင်းကန်များကို ဆွဲလေ၍ စစ်ကိုင်းသူတို့လည်း "ဩ... မြို့တွင်းကား ဆင်၊ မြို့ပြင်ကား ရှမ်း ဖြစ်ခဲ့ပြီ" ဟူ၍ ဆိုကြကုန်၏။ မင်းပြောက်လည်း "သိုချည်ဘွား အလုံးအရင်း ဆင်၊ မြင်း များလှသည်၊ ခံသော် လည်း မခံနိုင်ရာ" ဟူ၍ ဖောင်ပန်းလှေတက် စီး၍ တစ်မြို့လုံး ကြခတ်ဝရာသို့ စုန်လေ၏၊ အရှိုးသော သူတို့လည်း ပင်းယသို့ အိုးဖောင်စီး၍ ကူးကြကုန်၏။

---

၁။ ဓနဒီ ၁၃၅၄

## ၄၀၈။ သို့ချည်ဘွားသည် စစ်ကိုင်းမှ ကူး၍ ပင်းယ နရသူနှင့်တကွ ဆင်ဖြူ ၃-စီးပါ သိမ်းယူပြန်သွားခြင်း အကြောင်း

သို့ချည်ဘွားလည်း "စစ်ကိုင်းကို ပင်းယ နရသူ ချီပင့်လာသောကြောင့် ငါတို့ လုပ်ကြမည် လာသည်၊ နရသူလည်း မကူလာ၊ စစ်ကိုင်းကို ထိုးသည်လည်း သူ့အိုနှစ်ယောက်အပ ဟူ၍ တာပယ်ထောက်ရစ်က ကူးပြီးလျှင် ပင်းယကို တိုက်လေ၏။ နရသူလည်း သို့ချည်ဘွားသည် ငါက ချီပင့်၍ စစ်ကိုင်းကို လုပ်ကြလာသည်၊ ငါတို့မှာ အခင်းမရှိ ဟူ၍ အလျှော့အပေ ~~မှုရှုတ်။ သို့ချည်ဘွားလည်း ပင်းယကို ရှုတ်ချ၍ လုပ်ကြ၍ ဆင်ဖြူသုံးစီးနှင့်တကွ နရသူကို~~ ယူလေ၏။

ရှမ်းတို့ပြန်လေလျှင် အမှူးအမတ်တို့ ရုံးစုတိုင်ပင်၍ နရသူနောင်တော် ဥဇနာမြောင်ကို မိဖုရား စောဥမ္မာနှင့် စုံဖက်၍ မင်းမြှောက်ကြ၏။

သတိုးမင်းဖျားလည်း ကြံတော်ဝရာသို့ ဘထွေးတော်မင်းမြှောက် ရောက်လာလျှင် နှလုံးတူသော အမှူးအမတ်တို့နှင့် တိုင်ပင်၍ မင်းမြှောက်ကို လုပ်ကြလေ၏။ မင်းမြှောက်ကား သိမ်နိမ့် (၄၃)လေးဆယ့်သုံး၊ စည်းစိမ် (၁၀)တစ်ဆယ်၊ သက်တော် (၅၃) ငါးဆယ့်သုံးသော် အနိစ္စရောက်တော်မူ၏။

စစ်ကိုင်း, ပင်းယ နှစ်ပြည်ပျက်လိုသော်ပုညရှင်ဘုရား ပြာဋိဟာ ပြ၏။ ပင်းယ ရွှေစည်းခုံဘုရား ပြာဋိဟာပြ၏။ ကြာသပတေးကြယ် လတွင် ချင်း၏။ တစ်ရာသီတည်းတွင် ဂြိုဟ် ၇-လုံး စု၏။ ပုညစေတီ အရှေ့မြောက်ထောင့်က မြေဝင်၍ နိမ့်၏။

သတိုးမင်းဖျားလည်း ဘထွေးတော် မင်းမြှောက် အလုံးအရင်း ဆင်, မြင်းကို ယူ၍ ပင်းယသို့ ချီလာ၏။ ပင်းယသို့ ရောက်လျှင် ဥဇနာမြောင်ကို လုပ်ကြ၍ စောဥမ္မာကို မိဖုရား မြှောက်၍ ပင်းယကို မင်းပြုတော်မူ၏။

> **သက္ကရာဇ် (၇၂၆)ခုနှစ်ရာနှစ်ဆယ့်ခြောက်ခု ကဆုန်လ**[1] စစ်ကိုင်း ပျက်သည်။ (၇၂၆)ခုနှစ်ရာနှစ်ဆယ့်ခြောက်ခု **နယုန်လ**[2] ပင်းယ ပျက်သည်။ ဝါဆိုလ-ဥဇနာမြောင် နန်းတက်သည်။ ၎င်းသက္ကရာဇ် **တော်သလင်းလ**[3] ဥဇနာမြောင်ကို နန်းချသည်။ သတိုးမင်းဖျား နန်းတက်သည်။ **တပေါင်းလ**[4]- အင်းဝမြို့ကို တည်သည်။ စစ်ကိုင်းပျက်သည်။ ပင်းယ ပျက်သည်။ အင်းဝမြို့ တည်သည်။ တစ်သက္ကရာဇ်တည်း ဆိုသည်။

## ၄၀၉။ သတိုးမင်းဖျား အဝမြို့ကို တည်ခြင်း အကြောင်း

သတိုးမင်းဖျား မင်းဖြစ်တော်မူလျှင် ပညာရှိတို့နှင့် တိုင်ပင်တော်မူသည်ကား "ဤပင်းယ တည်ရာအရပ်သည် အနေအထားမကောင်း၊ တစ်ဖက်သားရန်သူ လာသောအခါ မလုပ်ကြသာ ဖြစ်သည်။ စစ်ကိုင်းကို တည်ထောင်ရှိုးသော်လည်း သင့်မည်လော" ဟူ၍ တဘောင်နာစေသော် တဘောင်ထွက်သည်ကား "ထဘီကောင်းစေ၊ မြေကောင်းစေ၊ တဘက်ခါးဆီး၊ ရွှေကြိုးတစ်ဖြာ" တဘောင်ထွက်၏။ သတိုးမင်းဖျားလည်း "စစ်ကိုင်းကို တည်ထောင်၍ ပန်းမှုသာ" ဟူ၍ တဘောင်ထွက်၏။ သတိုးမင်းဖျားလည်း "စစ်ကိုင်းကို တည်ထောင်ရသော် သင့်မည်လော" ဟူ၍ နာပြန်စေ၏။ တဘောင် မသင့်ချေ၊ အင်းဝအရပ်ကို တည်ထောင်ရသော် သင့်မည်လော" ဟူ၍ နာပြန်စေ၏။ တဘောင် ထွက်သည်ကား "ပြယာသယ်သလော ပြယ်သလော၊ ပြယာသယ်သင့်တိုင်း မြနှင့် နှိုင်းသည် စောကျိုင်း

---

[1] ၁။ ၁၃၆၄ ခု မေလ  [2] ၂။ ၁၃၆၄ ခု ဇွန်လ  [3] ၃။ ၁၃၆၄ ခု စက်တင်ဘာလ  [4] ၄။ ၁၃၆၅ ခု ဇန်နဝါရီ

ပတ်စာ နယ်သဘော အမွေတော်မံ့ အမွေဆုံကို ရှုယ်သဘော" ဟု ထွက်၏။ ယင်းတွင်မှ စစ်ကိုင်း၊ ပင်းယ နှစ်ပြည်ထောင် အလုံးအရင်းနှင့်တကွ တပ်ကြီးအရပ်တွင် တပ်ရိုင်တပ်လုံ တည်ပြီးလျှင် ရုံမက်တော်တို့ကို နေစေ၍ သတိုးမင်းများမှာ ယောဝတွင် နဝရတ်ရွှေဖောင်နှင့် နေတော်မူ၏။

(၁) ကျေညီးအင်း။
(၂) ကျောက်မော်အင်း။
(၃) အင်းမှူး။
(၄) အုတ်နံ့အင်း။

သည်အင်းများကို ဖို့ရ၏။ ယင်းသောအခါ သဘင် တဲတော်နန်းနှင့် နေတော်မူသည် အနိုက်တွင် မျှားလိပ်နေ့ အတိုင်းအရှည်ရှိသော စပါးကြီးမြွေတစ်ခုသည် တဲတော်တိုင်ကို မြွေထိ ကပတ်၍ နေလေ၏။ ထိုစပါးကြီး ရွှန်သောအခါ တဲတော်အလုံး သိမ့်သိမ့်နှဲ့နှဲ့ရှိ၍ မြေကိုတူး၍ ကြည့်စေသော် စပါးကြီးမြွေကို တွေ့လေ၏။ သတိုးမင်းများလည်း ထိုအကြောင်းကို ဗိဒူကတ် စသင် တတ်တော်မူသော "ပတ္တူးကြီး သယ်ရာစာ"ကို မေးတော်မူသော် "မြို့တည်မည် ဟူ၍ အရပ်အနေ မြဲတော်မူသော တဲတော်ကို စပါးကြီး မြွေထဲက အသာအသာ တိုးသည် အလို ကား- ဤမြစ်ဆုံ၌ ပြည်ကြီးဖြစ်၍ သာသနာတော်၏ ထွန်းပရာဖြစ်လတ္တံ့၊ ဤပြည်ကြီးကို မှီ၍ အသက်မွေးသော သူတို့သည်လည်း ချမ်းသာစွာ ဖြစ်လတ္တံ့သည်" ဟူ၍ နိမိတ်ကို ဖတ်လေ၏။ ထိုစပါးကြီးကိုလည်း အစာရေဆန်နှင့်တကွ ဘေးမဲ့ရာ အရပ်သို့ လွှတ်ရလေ၏။

## ၄၁၀။ သတိုးမင်းဖျား အိပ်မက်မြင်ခြင်း အကြောင်း

သတိုးမင်းဖျားလည်း ညဉ့်ပင် အိပ်မက်မြင်တော်မူပြန်၏။ အိပ်မက်ကား အင်းဝမြို့တည် ရာ အရပ်၌ (၁)လက်ပံပင်ကြီးတစ်ပင်သည် ရောက်၏။ (၂)ထိုလက်ပံပင် အဖျား၌ ဆွန် ဆင်ပျံနား၏။ (၃)ခက်မလေးဖြာ၌လည်း ပရိက္ခရာရှစ်ပါးနှင့် တကွသော ရဟန္တာမြတ်လေးပါး တို့သည် သီတင်းသုံးတော်မူ၏။ (၄)ခက်မလေးဖြာ၌ သီတင်းသုံးတော်မူသော ထိုရဟန္တာ မြတ် ၄-ပါးကို ဂဠုန် သုတ်ယူ၏။ (၅)အပင်ရင်း၌ကား ခြသေ့စောင့်၏။ (၆)အမြစ်များ၌ကား နဂါးစောင့်၏။ သတိုးမင်းဖျားလည်း မိုးသောက်လျှင် ပတ္တူးကြီး သယ်ရာစာကို ပင့်၍ အိပ်မက်ကို ပြန်တော်မူ၏။

## ၄၁၁။ ပတ္တူးကြီးသယ်ရာစာ နိမိတ်ဖတ်ပုံ အကြောင်း

သယ်ရာစာလည်း "တရားမင်းကြီး… မြို့တော်တည်ရာ အရပ်၌-

(၁) လက်ပံပင်ရောက်သော အိပ်မက်အလိုသော်ကား- လက်ပံပင်တို့သဘော ဖွံ့ကျိုင်း ကြီးမားသည်သာ၊ အနှစ်မရှိ။ သုံးနှစ် တစ်ကြိမ်လည်း အရွက်၊ အပွင့်၊ အသီးနှင့် ပြည့်စုံသည်။ ပြည်တော်၌ နေသောသူတို့သည် အဝန်အဝါ အကျော်အစော ရှိသည်။ စည်းစိမ်ဥစ္စာ နည်းအံ့။ သုံးနှစ် တစ်ကြိမ်လည်း ထူး၍ သာယာစည်ပင် လတ္တံ့။
(၂) လက်ပံပင်ဖျား၌ ဆွန်ဆင်ပျံနား မက်သည် အလိုသော်ကား-တရားမင်းကြီးသည်

၁။ အင်းဝကို အင်း ၉ အင်းဖြစ်သည့် (၁)ရွှေကြာပင်အင်း (၂)ခနီအင်း (၃)ရှောင်မောက်အင်း (၄)ဝက်မေ့အင်း (၅)ဥနှံအင်း (၆)အင်းမအင်း (၇)လင်းစံအင်း (၈)ဘေးမဲ့အင်း (၉)ဝမ်းဘဲအင်းတို့ကို ဖို့၍ တည်သည်ဟု ဆိုသည်။

ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူသော ဆင်နံ့ ဗုဒ္ဓဟူးသား ဤမြို့ကို ယခု တည်တော်မူသည်။

(၃) ခက်မ ၄-ဖြာ၌ ရဟန္တာမြတ်လေးပါး သီတင်းသုံးတော်မူ မက်သည် အလိုသော်ကား နိုင်ငံတော် ၄-မျက်နှာ အလုံး၌ သာသနာတော် ထွန်းပစည်ပင်ရာ ဖြစ်မည်။

(၄) ထိုရဟန္တာမြတ်လေးပါးတို့ကို ဂဠုန်သုတ်၍ ယူမက်သည် အလိုသော်ကား-တနင်္ဂနွေသား မင်းပြုသောအခါ သာသနာတော်ကို သုတ်သင်ချီးမြှောက်လတ္တံ့။

(၅) အပင်ရင်း၌ ခြသေ့စောင့် မက်သည် အလိုသော်ကား- ပြည်ထောင်ဘက်ဖြစ်သော ရန်သူအပေါင်းတို့ ခန့်ညားရှိ ရှာလတ္တံ့သည်။

(၆) အမြစ်ဖျား၌ နဂါးစောင့်သည် အလိုသော်ကား-ဤပြည်ဝယ် အဆုံးစွန်သော စနေနံ မင်းလက်ထက် မြို့ရွာပြောင်းလွှဲ၍ တည်လတ္တံ့သည်"

ဟု အိပ်မက်တော်ကို ဖတ်လေသည်။

သတိုးမင်းဖျားလည်း "ဤမြစ်ဆုံဝယ် မင်းဝံတောင်ညွှန့်လည်း ဖြစ်သည်။ ရေကြီးသော အခါ လင်ပန်းတွင် ရေထည့်၍ ဖလားကို မှောက်ဘိသကဲ့သို့ အလယ်ကျွန်းဖြစ်၍ ရန်သူတို့ မလှုပ်ရှားနိုင်" ဟု ပညာရှိအပေါင်းနှင့် နှီးရှည့်တိုင်ပင်တော်မူ၍ တွက်ချက်ပြီးလျှင် သင့်မြတ်သော အချိန်၊ နေ့၊ ရက်၌ တည်တော်မူ၏။ တည်တော်မူသော သက္ကရာဇ်ကား (၇၂၆) ခုနှစ်ရာနှစ်ဆယ့်ခြောက်ခု တပေါင်းလဆန်း ၆-ရက်[၁] အင်္ဂါနေ့ နက္ခတ် ၂၆-လုံး၊ တနင်္ဂနွေ၊ သောကြာ၊ ဗုဒ္ဓဟူး ကုံတွင် ကြာသပတေး၊ စနေ တုဝယ် ရာဟုကရကတ်တွင် အင်္ဂါမကာရ အုတ်ပြည့်လျက် ညဉ့် ၃-ခါ ဗဟိုရ်လွန်တုလက်တွင် ရတနာပူရ အဝမြို့နှင့် နန်းတော်ကို တည်စ ပြု၏။

### ၄၁၂။ ဈာဒိတ်တော် ထားပုံကို ဖော်ပြခြင်း အကြောင်း

အဝမြို့ အကြောင်းကား ဘုရားသခင် ထင်ရှားရှိစဉ်ကာလ ဒေသစာရီ ကြွတော်မူသော အခါ မဇ္ဈိမဒေသကသည် စောင်ချမ်းသို့ ရောက်တော်မူလျှင် စောင်ချမ်းအရပ်ကို ဗျာဒိတ် ထားတော်မူခဲ့၍ ကောင်းစဉ်သို့ ကြွတော်မူသည်။ ရောက်တော်မူလျှင် ကောင်းစဉ်ကို ဗျာဒိတ် ထားတော်မူ၏။ ယင်းကမှ စုန်လာတော်မူခဲ့၍ တန့်ကြည့်တွင်[၂] ရပ်တော်မူ၍ တကောင်းကို ဗျာဒိတ်ထားတော်မူခဲ့ပြီးမှ မန္တလေးသို့ ရောက်တော်မူလျှင် ရင်သားမြတ်ကို လှီး၍လှူသော အဇ္ဈမုခိ ဘီလူးမကို အကြောင်းပြုတော်မူ၍ ရတနာပုံပြည်ကြီး ဖြစ်လတ္တံ့သည်ကို ဗျာဒိတ် ထားတော်မူ၏။ ယင်းကသည် ကြက်ယက် အရပ်သို့ ရောက်တော်မူသောအခါ အဇ္ဈမုခိဘီလူးမ မောင် ဖြစ်သော တောင်ပြုန်း၊ တောင်ကြည်း၊ တောင်သမန်၊ တောင်မြင့် ဟူသော ဘီလူး ၄-ယောက်တို့ သားပြွမ်းဆွမ်း လှူသည်ကို အကြောင်းပြုတော်မူ၍ တောင်သမန် တောင်ကျည်း အရပ်ကို ဗျာဒိတ် ထားတော်မူ၏။ ရှေးသောအခါ ဤအရပ်၌ ကြက်မင်းဆောင်နှမ အစစ်ဖြစ်၍ ကျက်စားမှတ်ပြုသည်။ ကြက်ထောင့်အရပ်၌ အိပ်စားမှတ်ပြုသည် ဟူ၍ ဗျာဒိတ် ထားတော်မူပြီးလျှင် ယင်းကသည် စစ်ကိုင်းတည်ရာအရပ်သို့ ရောက်တော်မူသည်ရှိသော် တစ်ရာ သော ဘီလူးအနက် ဘီလူးငယ် တစ်ယောက်သည် ဘုရားသခင် ရေသနုပ်တော်ကို ခိုး၍ပြေးလေ

[၁] ၂၆ ဇန်နဝါရီ ၁၃၆၅ [၂] တကောင်း တန့်ကြည့်တောင်ဖြစ်သည်။ [တန့်ကြည့်တောင် သုံးလုံးရှိသည်။ သရေခေတ္တရာ တန့်ကြည့်၊ ပုဂံ တန့်ကြည့်၊ တကောင်း တန့်ကြည့်တို့ ဖြစ်သည်။]

သတ္တဝါတို့ ငြိုငြင်ခြင်းကို ဆင်ခြင်တော်မူ၍ ဘုရားသခင်အား တောင်းပန်၍ သားဖြစ်ခွင့် ရ၍ ၅၀၀-သောသော ဘိက္ခုတို့မှာကား ဘုရားသခင်အား တောင်းပန်၍ သားမြစ်ချွင်း ရ၍ ၅၀၀-ယောက်သော ဘိက္ခုတို့အား တရားဟောတော်မူ၍ သောတာပန်ဖြစ်၏။ ဘုရားသခင်လည်း ၅၀၀-ယောက်သော ဘိက္ခုတို့အား ကိုယ်တော်အဖွဲ့ နိုး၍မြေလေသော ရေသန့်တော် နှိပ်၍ တည်စေ၏။ ဘိက္ခုတို့လည်း ဘိက္ခုငယ်တစ်ယောက် နိုး၍မြေလေသော ရေသန့်တော်ကို ယူ၍ ဘုရားသခင်အား အပ်ပြီးလျှင် ပရိဘောဂစေတီ အလို့ငှာ တောင်းပန်၍ စေတီကို တည်၍ ကိုးကွယ်၏။ ထိုဘုရားကို အစွဲပြုသော ၅၀၀-ယောက်သော ဘိက္ခုတို့ စေတီတည်၍ ကိုးကွယ်၏။ ထိုဘုရားကို "စေတဝန်" ဘုရား ဟူ၍ ယနေ့တိုင်အောင် တွင်၏။

ဘုရားသခင်လည်း ဘိက္ခုတို့အား တရားဟောတော်မူပြီးလျှင် စစ်ကိုင်းအရပ်ကို ဖွားမြင် တောင်သို့ကြွ၍ ယင်းကသည် အဝ တည်ရာ အရပ်သို့ ရောက်တော်မူလျှင် တောင်သူကြီး တားတော်မူ၍ "ဤတောင်သူ တစ်ယောက် သမ္မာသမ္ဗုဒ္ဓ ကျွန်ုပ်သည်ကို အကြောင်းပြုတော်မူ၍ "ဤတောင်သူ တစ်ယောက် သမ္မာသမ္ဗုဒ္ဓ ကျွန်ုပ်သည်ကို မင်းသုံးကြိမ်ဖြစ်၍ ငါ၏ သာသနာတော်ကို ချီးမြှောက် ကား ဤအရပ်၌ ပြည်ဖြစ်သောအခါ မင်းသုံးကြိမ်ဖြစ်၍ ငါ၏ သာသနာတော်ကို ချီးမြှောက် လတ္တံ့" ဟူ၍ ဗျာဒိတ် ထားတော်မူ၏။ ထိုအခါ မျောက်ငယ်တစ်ခုသည် ဘုရားသခင်ကို မြင်လေသော် သဒ္ဓါသောစိတ် နှိုးညှိဖြစ်၍ အသလောက် မပါသော ပျားအုံတစ်ခုကို ယူ၍ ကပ်လေ၏။ ဘုရားသခင်လည်း ခံတော်မူပြီးလျှင် မျောက်ငယ်ဦးခေါင်းကို သုံးသပ်၍ လွှတ် တော်မူ၏။ ထိုမျောက် ငယ်သည် သက်နှံတော်စွန်း၌ ထွက်သော ရည်မျှင်ကိုနှုတ်ယူ၍ သစ်ပင် ထက်မှ ကျ၍ သေလေ၏။ ထိုကိုမြင်၍ ပြုံးတော်မူ၏။ ပြုံးတော်မူသော အကြောင်းကို ဦးတော် သို့ မေးလျှောက်လေ၏။ ထိုကိုမြင်၍ ပြုံးတော်မူ၏။ ပြုံးတော်မူသော အကြောင်းကို ဦးတော် သို့ မေးလျှောက်လေ၏။ "ချစ်သားအာနန္ဒာ... ဤအရပ်၌ ပြည်ဖြစ်သောအခါ ဤမျောက်ငယ် ရှင်အာနန္ဒာ လျှောက်သော် "ချစ်သားအာနန္ဒာ... ဤအရပ်၌ ပြည်ဖြစ်သောအခါ ဤမျောက်ငယ် မင်းဖြစ်လျှင် ဒါနကို အားထုတ်လတ္တံ့၊ သီလကို မင်းသုံးဆက်ချီးမြှောက်လတ္တံ့၊ ဤမျောက်ငယ် မင်းဖြစ်လျှင် ဒါနကို အားထုတ်လတ္တံ့၊ သီလ ရှိ ဆဲလတ္တံ့၊ ငါ၏ သာသနာတော်ကို ပြုလည်း ပြုအံ့၊ ဖျက်လည်း ဖျက်လတ္တံ့" ဟူ၍ ဗျာဒိတ် ထားတော်မူပြီးမှ-

## ၄၁၃။ အင်းဝမြို့အမည် ခုနစ်ပါး အကြောင်း

(၁) ဤပြည်ကား ရှေးက ကမ္ဘာဦး၌ ပဒုမ္မဝတီသုရိယ လက်ထက် "ရတနာပူရ ကမ္ဘာ" ဟု တွင်၏။ ထိုမင်းလက်ထက် ရတနာမိုး သုံးကြိမ် ရွာ၏။

(၂) ဓရဏီမင်းလက်ထက် "ပုပ္ဖဝတီ" ဟု တွင်၏။ ထိုမင်းလက်ထက် ရတနာမိုး ၂-ကြိမ် ရွာ၏။

(၃) ကကုသန်ဘုရားရှင် လက်ထက်တော်၌ "ရတနာပူရ သုနာပရန္တ" ဟု တွင်၏။

(၄) ကောဏာဂုံဘုရားရှင် လက်ထက်တော်၌ "ကာမာဝစရ" ဟု တွင်၏။

(၅) ကဿပဘုရားရှင် လက်ထက်တော်၌ "ဥဿဘ" ဟု တွင်၏။ ဤပြည်တွင် ဝါသုဒေဝမင်း လက်ထက်တော် ရတနာမိုး တစ်ကြိမ် ရွာ၏။

(၆) ယခု ဤအရပ်ကို တမ္ပဒီပ ဟု တွင်၏။

(၇) တစ်စီးရှင် သီဟသူ လက်ထက်တွင်မှ "အင်းဝ" ဟူ၍ တွင်၏။

ဤသို့ ဗျာဒိတ်ထားတော်မူပြီးမှ မြင်းခိုင်းပုဂံသို့ ကြွတော်မူ၍ ဗျာဒိတ်ထားတော်မူသည်။ အချို့သော သူတို့မှာကား ရေဝတီမြစ် အရှေ့ဘက်သို့ ဘုရားရှင် ရောက်တော်မမူ ဟူ၍ ဆိုကြကုန်သည်။

## ၄၁၄။ သတိုးမင်းဖျား နန်းတက်ပုံ အကြောင်း

သတိုးမင်းဖျား နန်းတက်တော်မူသောအခါ တနိန်းမစပ်ဟူ၍ မိန့်တော်မူသည်ကို ထုတ်၍ တို့ ကြားလေသော် "သည်မင်းကား သုံးနှစ်သာ မင်းဖြစ်ရမည်" ဟူ၍ ဆိုစ ကုန်၏။ သတိုးမင်းဖျားကား စစ်ကိုင်း၊ ပင်းယ၊ အဝ သုံးပြည်ကိုချုပ်၍ မင်းဖြစ်တော်မူ၏။ ထိုအခါ တောင်ငူကို စားသော ဖုန်းရှိလည်း ခြားနားလေ၏။ ငွေယံကုန်း[1]စား ဘယကျော်သူလည်း ခြားနားလေ၏။ တောင်တွင်းကြီးစား သီဟပတေ့လည်း ခြားနားလေ၏။ ပြည်စား သိင်္ခသူလည်း ခြားနားလေ၏။ နန်းတက်တော်မူသောနှစ် သက္ကရာဇ် (၇၂၇)[2]ခုနှစ်ရာနှစ်ဆယ့်ခုနစ်ခုတွင် နိုင်ငံတော်ဖြစ်သော ရေလွှဲငါးခရိုင်ကို ငွေယံကုန်းစား ဖျက်ဆီးသည်ဟူ၍ လျှောက်လာ၏။ သတိုးမင်းဖျားလည်း အလုံးအရင်း ဆင်၊ မြင်း အများနှင့် ချီတော်မူ၍ လုပ်ကြံတော်မူသည်။ ဘယကျော်သူကို ရှေတော်မှုသျှင် လက်တော်နှင့်ကွပ်၍ ရင်ဘတ်ထက် စားတော်မူတည်၍ စားတော်ခေါ်၏။ ထိုအကြောင်းကို မှူးမတ်တို့လည်းပါတို့ မြင်လေသော် ထိပ်ထက်သွေးကို သောက်ဖုံသကဲ့သို့ အလွန် ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်ကုန်၏။

## ၄၁၅။ သတိုးမင်းဖျား သူနိုးတောက်ပြားကို ဖမ်းယူခြင်း အကြောင်း

တစ်ရံရောအခါ စစ်ကိုင်းရေရှမ်းတွင် နိုးသူငတောက်ပြားသည် ဤသို့ ကြွေးခါး၏။ "ငါ့ကို သတိုးမင်းဖျား ရသော်သာတည်း သတ်ရတုံအံ့၊ မရသော်ကား အဘယ်သူ ဝံ့အံ့နည်း" ဟု ဆို၏။ ထိုစကားကို ကြားတော်မူသော် ဥပါယ်တံမျဉ်ဖြင့် ဖမ်း၍ရတော်မူ၏။ မင်းကြီးလည်း "နင့်ကို ငါ မိပြီ၊ ရဲတင်း, ပုဆိန် အစရှိသော ဓား, လှံ, တံကျင်တွင် အဘယ်ကို လိုသနည်း" ဟု မေးတော်မူ၏။ ငတောက်ပြားလည်း "မင်းကြီး ငါ့ကို မိပြီ ဖြစ်သည်၊ ကွပ်လိုရာ ကွပ်တော်မူလော့။ ငါ အလိုသော်ကား မင်းကြီး မိဖုရား စောဥမ္မာကို လို၏" ဟု ဆို၏။ မင်းကြီးလည်း တစိုးတစိမျှ အမျက်တော်မရှိ။ "ငါသို့သော မင်းကိုစင်လျက် ဤသို့သော စကားကို ဆိုဝံ့သည်၊ အချည်းနှီး မသေလေကောင်း၊ နောက်နောင် တိုက်ပွဲရှိသောအခါ အမှုတော်ကို ထမ်းစေရမည်" ဟူ၍ ဥပမာကား လေးကို ချစ်သော ယောက်ျားသည် မြားကိုချစ်သကဲ့သို့၊ ငါးလိုသော တံငါသည် ကွန်ကို ချစ်သကဲ့သို့ ပြည်ထဲရေးကို ချစ်သောကြောင့် ထားတော်မူသည်။

## ၄၁၆။ တောင်တွင်းကြီးမြို့ကို လုပ်ကြံပုံ အကြောင်း

သက္ကရာဇ် (၇၂၈)ခုနှစ်ရာနှစ်ဆယ့်ရှစ်ခု[3] တွင် တောင်တွင်းကြီး ခြားနားလေရာသို့ ဆင်လုံး, မြင်းရင်း အများနှင့် ချီတော်မူ၏။ တောင်တွင်းစား သီဟပတေ့လည်း မြို့, မြို့ကျုံး, မြောင်းကို ပြင်၍ ခံနှင့်၏။ တောင်တွင်းသို့ ရောက်တော်မူလျှင် မြို့ကို ဝန်းရံ၍ နေစဉ်ပြီးသော် တောက်ပြားကို ညဉ့်အခါ မြို့တွင်းသို့ ဝင်စေ၍ လေးသည်ကြီး တစ်ယောက်ကို လုပ်ကြံစေလေ၏။ တောင်တွင်းစားလည်း လေးသည်ကြီး မရှိလျှင် အားလျော့၍ ချေငံသာယာစွာသော စကားဖြင့် လျှောက်၍ အရေးတော်ပြီးလျှင် ပြန်တော်မူ၏။

## ၄၁၇။ ရှင်ဖျက်ကို ကွပ်မျက်ပုံ အကြောင်း

တစ်ရံရောအခါ စစ်ကိုင်း ချောက်တွင် ရှင်ဖျက်တစ်ယောက်သည် မုန့်သည်မ ငှ နံ့ပါသည်ကို ဖျက်ဆုတ်၍ဆိုလေ၏။ မုန့်သည်မလည်း မင်းကြီးသို့ လာ၍ လျှောက်လာ၏။

---

[1] ယခုမနာအနီး ဝါးနွယ်ကုန်း(ယခု လယ်ဝေး)  [2] အေဒီ ၁၃၆၅  [3] အေဒီ ၁၃၆၆

မင်းကြီးလည်း ထိုရဟန်းကိုခေါ်၍ စစ်မေးတော်မူ၏။ ရဟန်းလည်း မဖျက်မဖောက်ဝံ့ပြီ ဖြစ်၍ ငွေကို မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း "ရဟန်းဖြစ်လျက် သည်ကဲ့သို့ ကျင့်သည်၊ ကျင့်ရသည်လော" ဟူ၍ လက်တော်နှင့် ကွပ်ပြီးသော နန်းကြမ်းကို ဖွင့်၍ ချလေ၏။

## ၃၁၈။ စကာသို့ ချီတော်မူ၍ အပြန်တွင် အနိစ္စရောက်ပုံ အကြောင်း

သက္ကရာဇ် (၇၂၉)[1] ခုနှစ်ကုန်ခါနီးဆယ်ကိုးခုတွင် စကာစား သိမ်သုသောင်းကျွန်းပုန်ကန်လေသည်ကို အလုံးအရင်း ဆင်၊ မြင်း အများနှင့် ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူ၏။ ပုဂံသို့ ရောက်လျှင် ရွှေစည်းခုံဘုရားရှေ့တော်ဝယ် အထုတစ်တောင်ခန့်ရှိသော ရွှေနေရာထက် နေတော်မူ၍ ပုဏ္ဏားစောမွန်နှစ်ကို ခေါ်ရလေ၏။ စောမွန်နှစ်လည်း သူငယ်တော်တစ်ယောက်ကို ခေါ်၍ မင်း၏ အသွင်အပြင်တော်ကို ကြည့်ချေဟု ဆို၏။ သူငယ်တော်လည်း သတိုးမင်းများ နေရည်ထိုင်ရည်ကို မြင်သော် အဆောတလျှင်ပြန်၍ ကာလရာဇာခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့် တူသော အသွင်အပြင်တော်လည်း ရှိသည်၊ မြေကိုခွဲ၍ ထွက်လာသော နဂါးလုလင်ကဲ့သို့ ရဲရင့်ခြင်းနှင့်လည်း ပြည့်စုံသည်ဟု လျှောက်၏။ စောမွန်နှစ်လည်း ငါ မနေကောင်းချေ ဟူ၍ လက်ဆောင်လက်နက် အများဆက်၍ သစ္စာခံလေ၏။ သတိုးမင်းဖျားလည်း စကာသို့ ချီတော်မူ၍ ရောက်လျှင် မြို့ကို ဝန်းရံ၍ အကြိမ်ကြိမ် လုပ်ကြံတော်မူသည်၊ မရချေ။ စကာစား သိမ်သုလည်း မြို့ပြကိုနိုင်လှဲအောင် စီရင်နိုင်လေသောကြောင့် ရှုံး၍သာ နေတော်မူရချေ၏။ ထိုအခါ ကျောက်ပေါက်တော်မူ၍ ပြန်တော်မူခဲ့၏။ နွယ်ကြိုးဆိပ်သို့ ရောက်တော်မူလျှင် သည်းထန်စွာဖြစ်ဘိ၏။ မင်းကြီးလည်း အတွင်းသင်မှူး ငနုကို ခေါ်တော်မူ၍ "ငနု... ငါလည်း ဤအနာမှ ထမြောက်တော်မူနိုင်မည် မထင်၊ ငါ မရှိလျှင် ငါ့မိဖုရားစောဥမ္မာကို သူ မိဖုရား မြှောက်လေတော့မည်၊ ငါ နမြောတော်မူသည်၊ နင် လေလျှင်နှင့် သွား၍ သတ်ချေ" ဟု စေတော်မူ၏။ အတွင်းသင်မှူး ငနုလည်း သံလေလက်ပြည့်နှင့် အပြင်းဆန်လေ၏။ သတိုးမင်းဖျားလည်း ငနုကို စေတော်မူ၍ များမကြာမီ အနိစ္စရောက်တော်မူ၏။

ထိုမင်းကား ရက်ရောကြမ်းကြုတ်၏။ ရတနာသုံးပါးကိုလည်း မရိုသေ။ အိမ်နိမ့် (၂၁) နှစ်ဆယ့်တစ်၊ စည်းစိမ် ပင်းယတွင် (၇)ခုနှစ်လ၊ အင်းဝတွင် သုံးနှစ်၊ သက်တော် (၂၅) နှစ်ဆယ့်ငါးသို့ အဝင်တွင် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ကြာသပတေး ကြယ် လထက် နား၏။ စနေကြယ်၊ သောကြာကြယ် တံခွန်ပြ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

အတွင်းသင်မှူးငနု နန်းသို့ရောက်လေသော် စောဥမ္မာကို ဤသို့ နားတော်လျှောက်၏။ "မောင်တော်ဘုရားလည်း ဤအနာမှ ထမြောက်တော်မူနိုင်မည် မထင်၊ ငါမရှိလျှင် ငါ့မိဖုရားကို သူ မိဖုရားမြှောက်မည်ကို နမြောတော်မူလှသည်၊ သွား၍ ကွပ်ချေ အမိန့်တော်ရှိ၍ လာရသည်" ဟု နားတော်လျှောက်၏။ မိဖုရားစောဥမ္မာလည်း "ငနုငယ်… နင် ယောကျ်ားမဟုတ်သလော" ဟု မိန့်တော်မူ၏။ ငနုလည်း မိဖုရားနှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိပြီးလျှင် စိတ်မညီသော အထိန်းသမီးကို ကွပ်၍ ရွှေနန်းတွင် လခွဲနေပြီးမှ စစ်ကိုင်းသို့ ကူး၍ မင်းပြုလေ၏။

## ၃၁၉။ မင်းကြီးစွာစောကဲ မင်းဖြစ်ခြင်း အကြောင်း

သတိုးမင်းဖျား အနိစ္စရောက်တော်မူလျှင် အမတ်အပေါင်းတို့ ရုံးစုတိုင်ပင်၍ ရမည်သင်းစား သီလဝကို "မင်းပြုပါ" ဟု တောင်းပန်ကြ၏။ သီလဝလည်း "ငါသည် တစ်နေ့ကို ကော

[1] ၁။ အေဒီ ၁၃၆၇

သုံးခွန်း၊ လေးခွန်းမျှ မပြော၊ မင်း၏ အဖြစ်ကိုလည်း ငါ အလိုမရှိ၊ အမြင့်မင်း တရုတ်များကောက် သည် မင်း၏ ယောက်ဖတော်လည်း ဖြစ်သည်။ နလုံးရည်၊ လက်ရုံးရည်နှင့်လည်း ပြည့်စုံသည်။ ကောက်ကိုပင် မင်းမြှောက်ကြလေ" ဆိုလျှင် အမှုးအမတ်အပေါင်းတို့လည်း တစ်စိတ်တစ်ဝမ်း တည်း ရှိပြီဖြစ်၍ စောကဲကို မင်းမြှောက်ကြ၏။ စောကဲ မင်းဖြစ်တော်မူလိုသော် အမြင့်မြို့တွင် ကွမ်းစိုက်သည်၊ အဆူးသာ ရှိသော ဟူ၏။ တဘောင်လည်း "မရွယ်ပဲကို စောကဲ ထွက်သည်" ဟူ၍ ပြည်သူတို့ ဆိုစကုန်၏။[၁]

မင်းကြီးစွာလည်း မင်းဖြစ်တော်မူလျှင် အတွင်းသင်းမှူး ငနေအစ်ကို ရာဇသင်္ကြံကောက်ကို ခေါ်တော်မူ၍ "အစ်ကိုညီ ငနေငယ် မိဖုရားနှင့်တကွ စစ်ကိုင်းရွှေနန်းကို မင်းပြုသည်ဟူ၍ ကြားသည်၊ အစ်ကိုသွား၍ ဥပါယ်တံမျဉ်ဖြင့် ရအောင် ဖမ်းချေ၊ ရလျှင် နမတော် စောဥမ္မာနှင့် ငမောက်လည်း "ကျွန်တော် ရအောင် ဖမ်းမည်" ဟူ၍ လျှောက်ပြီးလျှင် သံလေ့လက်ပြည့်နှင့် ဆန်လေ၏။ စစ်ကိုင်းသို့ရောက်လျှင် သံပြင်ကဆိုက်၍ "ငါတို့ ညီနောင်နှစ်ပါးသာ သားချင်း ရှိသည်၊ ငါ့ညီ မင်းဖြစ်ပြီဟု ကြားသောကြောင့် ထွက်ခဲ့သည်၊ ယခု ငါ့ကိုယ် မကျန်း၊ ငါ့ညီ လာ၍စမ်းပါ" ဟူ၍ စေလိုက်၏။ အတွင်းသင်းမှူး ငနေလည်း ယုံကြည်၍ အခြွေအရံအများနှင့် အစ်ကိုလှေသို့ လာ၏။ ရာဇသင်္ကြံလည်း "ငါသည် မချိမဆံ့ ရှိခဲ့သည်၊ ငါ့ညီနှင့် ကွမ်းနှံ့ သောက်ရောက်နိုင်နှင့်သာ လှေသို့တက်ပါ" ဟူ၍ ဆို၏။ စစ်ကိုင်းစား ငနေလည်း ကွမ်းနှံ့ သောက်ရေ ကိုင်နှင့်သာ တက်၍ လှေထက်သို့ရောက်လျှင် အထက်က စကားရှိပြီ ဖြစ်သောကြောင့် လှေသား တို့ လှေကြိုးကိုဖြတ်၍ တစ်ဖက်သို့ ကူးလေ၏။ ရာဇသင်္ကြံလည်း ညီငနေကို "နှင့်မိမျိုးလည်း မင်းရိုးမဟုတ်၊ နှင့်ဘမျိုးလည်း မင်းရိုးမဟုတ်" ဆိုပြီးလျှင် ဖမ်း၍ သံခြေချင်းနှင့် ထားလေ၏။ အတွင်းသင်းမှူး ငနေလည်း ထားရာက လွတ်၍ "လဟု" ဟူသော အရပ်၌ နေလေ၏။ "လဟု" ဟူသည်ကား ယခု "မြတောင်" ကို ဆိုသည်။

## ၄၂၀။ မင်းကြီးစွာစောကဲ၏ ထွေတော်စဉ် အကြောင်း

မင်းကြီးစွာစောကဲကား သက္ကရာဇ် (၇၂၉)-ခုနှစ်ရှာ နှစ်ဆယ့်ကိုးနှစ် တပေါင်းလ[၂] မင်းဖြစ်တော်မူ၏။ ကြိုက အဝသို့ ဆန်တော်မူသည်။ သက္ကရာဇ်တက်မှ ရောက်တော်မူသည်။ အဝသို့ ရောက်တော်မူလျှင် ပညာရှိတို့နှင့် တိုင်ပင်တော်မူ၍ သက္ကရာဇ် (၇၃၀) ခုနှစ်ရှာသုံးဆယ်[၃] တွင် နန်းတက်တော်မူသည်။ နန်းတက်တော်မူသောအခါ နေတော်မူသော ကနားတော်နိမ့်၍ ကနားတော်နှင့် ထိလျှင် ဖောင်းတော်ကျွတ်၍ မြေသို့ ကျလေ၏။ မင်းကြီးစွာလည်း ဖောင်းတော် ကို စွပ်ပြန်၍ ထန်းရွက်ယပ်ကို ကိုင်တော်မူလျက် နန်းတက်တော်မူ၏။ ထိုအကြောင်းကို ပညာရှိ စည်းတပစ်ကြီး မြင်လေသော် "ဘုန်းတော်ကြီးလှသောဘုရား၊ ဖောင်းတော်ကျွတ်သည် အလိုကား ဖောင်းဖျင်သိမ်းတော်မမူနိုင်အောင် သက်တော်ရှည်မည်၊ ယပ်ကိုင်၍ တက်တော်မူသည် အလိုကား ပြည်ထဲ ချမ်းမြေ့သာယာအုံ့သည်" ဟူ၍ နားတော်လျှောက်၏။ မင်းကြီးစွာလည်း အားရတော်မူ၍ စည်းတပစ်ကို ဆင်မတစ်စီး ဆုပေးတော်မူ၏။

မင်းကြီးစွာစောကဲအကြောင်းတော်ကား ပင်းယတစ်စီးရှင် သီဟသူ သမီးတော် စောမုလဲ

၁။ သတိုးမင်းများကို မင်းကြီးစွာက ၅ ဧကော်တင်ဘာ ၁၃၆၇ ခုနှစ်တွင် ဆက်စ်နန်းတက်ကြောင်း ကျောက်စာ အထောက်အထားအရ သိရှိရ၏။ ၂။ ၁၃၆၈ ခု မတ်လ ၃။ ဒေဝီ ၁၃၆၈

နှင့် တောင်တွင်းမှုင့်လှည် သီဟပတေ့နှင့် သင့်ရာတွင် သမီးတော် ရှင်မြတ်လှကို မြင်သည်။ ပုဂံနရသီဟပတေ့နှင့် တရုတ်ပြေးမင်း သားတော် ကျော်စွာကို တစ်စီးရှင်ညီနောင်သုံးဦးတို့ ဖမ်း၍ ထားလေသောအခါ အလုပ်အကျွေးပါသည့် မောင်းမငယ်တွင် မြင်သည် သမီးငယ်နှင့် တောင်တွင်း လှထွက်ကြီးနှင့် သင့်၍ သရက်မင်းလျှင်စောကို မြင်သည်။ သရက်မင်းလျှင်စောနှင့် တောင်တွင်းမှုင့်လှည်းသမီးတော် မိမြတ်လှနှင့် သင့်ရာတွင် မြင်သည့် သားတော်၊ သမီးတော်ကား သားတော် မြင်နိုင်းရွှေနန်းရှင် တစ်ပါး၊ ညီတော် ပြည်မင်းစောရန်နောင် တစ်ပါး၊ ညီတော်မင်းကြီး စွာစောကဲ တစ်ပါး၊ နှမတော် သတိုးမင်းဖျား မိဖုရားစောဥမ္မာ တစ်ပါး၊ ညီမတော် သီလဝ ~~[illegible] မြောက်သားတော် တစ်ပါး၊ ယောကျ်ား မြောက်သားတော် တစ်ပါး ညီတော် [illegible] သုံးပါး မိန်းမသုံးပါး ပေါင်း~~ ခြောက်ပါးတည်း။

မင်းကြီးစွာစောကဲတော် သရက်မင်းလျှင်စောသည် မြင်စိုင်းသို့ တရုတ်ရောက်၍ ပြည်မှာ နေထိုင်ယုတ်သောအခါ သရက်မြို့ကို သက္ကရာဇ် (၆၈၈)[၁]ခြောက်ရာရှစ်ဆယ့်ရှစ်ခု တွင် တာမ နေ၍ ယုက်သောအခါ သရက်မြို့ကို သက္ကရာဇ် (၆၈၈) ခြောက်ရာရှစ်ဆယ့်ရှစ်ခု တွင် ... (၃၀၀) သုံးရာ၊ ပေါက်တူး (၃၀၀)သုံးရာ၊ ပုဆိန် (၃၀၀)သုံးရာနှင့် တည်ထောင်၍ နေ၏။

## သရက်မင်းလျှင်စော ရခိုင်သို့ ပါကြောင်း

၄၂၁။ သရက်မင်းလျှင်စော ရခိုင်သို့ ပါကြောင်း

ထိုအကြောင်းကို ရခိုင်ဘုရင် ကြားလေသော် အလုံးအရင်းနှင့် ချီလာ၍ သရက်ကို လုပ်ကြလေသည်။ သရက်ပျက်လေ၏။ သရက်မြို့ပျက်သော သက္ကရာဇ်ကား (၆၉၅)[၂]ခြောက်ရာ ကိုးဆယ့်ငါးခုတည်း။ ရခိုင်ဘုရင်လည်း မင်းလျှင်စော၊ သားတော်၊ သမီးတော်တို့နှင့် ယူလေ၍ ရခိုင်သို့ရောက်လျှင် ကောင်းမွန်စွာ နေရ၏။ မင်းလျှင်စောလည်း ရခိုင်သို့ ရောက်လျှင် သားတော် သုံးပါးတို့ကို ပိဋကတ် ဆောင်တတ်သော သူမြတ်ဝယ် အပ်လေ၏။ မင်းသားသုံးပါးလည်း ပိဋကတ် ဆောင်သင်၍ တတ်လေသော် ဆရာသူမြတ် အိပ်မက်မြင်တော်မူ၏။ နောင်တော် အကြီးသည် စနေမြစ်ရေကို သောက်၍ ကုန်မက်၏။ ညီတော်အလတ်သည် ဘိုးဦးမော်ရေကို သောက်၍ ကုန်မက်၏။ ညီတော်အငယ်လည်း အဝမြစ်ငယ်တွင် ရေကို သောက်၍ ကုန်မက်၏။ ဆရာသူမြတ်လည်း မင်းသားသုံးပါးကိုခေါ်၍ "အမောင်တို့လည်း စစ်ကိုင်း၊ ပင်းယသို့သွား၍ နေကြလော၊ မင်းချည်း ဖြစ်လိမ့်မည်၊ မင်းဖြစ်လျှင် ငါ့ကို မမေ့ပါနှင့်" ဟု မိန့်တော်မူ၏။ မင်းညီနောင်သုံးပါးတို့လည်း ခမည်းတော်၊ မယ်တော်ကို လျှောက်၍ စစ်ကိုင်း၊ ပင်းယသို့ သွားကြလေ၏။ ရောက်လေသော် နောင်တော်အကြီးကား ပင်းယ စကားခုနစ်ကျောင်း ဒါယကာ ဥစနာတွင်မြို့ မြင်နိုင်းရွှေနန်းကို ပေးတော်မူ၏။ ညီတော်အလတ်ကား စကားခုနစ်ကျောင်း ဒါယကာ ဥစနာတွင် မြို့သည်။ ဥစနာ မရှိ၍ ညီတော် ငါးစီးရှင်ကျော်စွာတွင်မှ စောရန်နောင် ဟူသော အမည်နှင့် ပြည်မြို့ကိုပေး၍ စားရ၏။ ညီတော်အငယ်ကား စစ်ကိုင်းမင်း ဆင်ဖြူရှင် တရဖျားတွင် မြို့၍ အမြင့်မြို့ကို တရဖျား အမည်နှင့် ပေး၍ စားရ၏။

## ၄၂၂။ မင်းကြီးစွာစောကဲ မိဖုရား၊ သားတော်၊ သမီးတော်များ အကြောင်း

မင်းကြီးစွာစောကဲ မင်းဖြစ်တော်မူလျှင် သတိုးမင်းဖျား နှမတော် သိန်းဆိုရောက် ကျောင်းဒါယိကာမ တစ်ပါး၊ ညီမတော် မြောက်ကျောင်းဒါယိကာမ တစ်ပါး၊ သည်နှစ်ပါး*ကိုလည်း မိဖုရားမြှောက်တော်မူသည်။ ရမည်းသင်း သီလဝ နှမတော်ကိုလည်း မိဖုရားမြှောက်

[၁] ခေဒီ ၁၃၂၆ [၂] ခေဒီ ၁၃၃၃ * နိုးမင်းကိုယ်တော်ကြီး၏ သမီးတော်နှစ်ပါးကို ဆိုလိုဟန်ရှိသည်။

တော်မူသည်။ မိဖုရားသုံးပါးတွင် **သိမ်းပိုရောက် ကျောင်းဒါယိကာမ၊** သည်နှစ်ပါးတွင် သားတော်၊ သမီးတော် မရှိ။ ညီမတော် **မြောက်ကျောင်းဒါယိကာမ၊** ညီမတော် မြောက်ကျောင်း

ရမည်းသင်းသိလဝ နှမတော်မိဖုရားတွင် မြင်သည် သားတော်၊ သမီးတော်ကား သားတော် ဆင်ဖြူရှင် **တရုတ်ပြေး**ခံသည် **နကျွယ်**တစ်ပါး၊ နှမတော်**စောရွှေ**တစ်ပါး၊ ညီမတော် **စောဦး** တစ်ပါး၊ ညီမတော် **မင်းပုံ**တစ်ပါး၊ ညီမတော် **စောကဲ**တစ်ပါး၊ ယောကျ်ား ၁, မိန်းမ ၄, ပေါင်း ၅-ပါးတည်း။

ကန်စွန်းနိမ့်သူတွင် မြင်သည် သားတော်၊ သမီးတော်ကား သားတော်ရှင်**ရွှေ**တစ်ပါး၊ ညီတော်**ရှင်သိဒ္ဓတ်**တစ်ပါး၊ နှမတော်မင်းလှမြတ် **သုပဘာဒေဝီ**၏ **ရာဇာဓိရာဇ်** မိဖုရားဖြစ်လေသည် တစ်ပါး၊ ယောကျ်ား ၂, မိန်းမ ၁, ပေါင်း ၃-ပါးတည်း။

ကိုယ်လုပ်တော် တလုပ်အသည် သမီးတွင် မြင်သည်ကား သားတော် **တလုပ်ရာဇသူ** တစ်ပါး၊ နှမတော်**မင်းကဲ**တစ်ပါး၊ ယောကျ်ား ၁, မိန်းမ ၁, ပေါင်း ၂-ပါးတည်း။

## ၄၂၃။ မင်းကြီးစွာစောကဲ နိုင်ငံတော် အကြောင်း

မင်းဖြစ်တော်မူလျှင် ရာဇသင်္ကြံ ငမောက်ကို နှမတော် **စောဥမ္မာ**နှင့် စုံဖက်တော်မူ၍ တောင်ပြန်းကြီး၊ ဝါးရင်းတုတ်ကို ပေးတော်မူသည်။ ထိုအခါ ရမည်းသင်းကို **သီလဝ** စား၏။ ပြည်မြို့ကို နောင်တော် သင်းတွဲ**စောရန်နောင်** စား၏။ တောင်ငူကို **ပုံ့ကြီး** စား၏။ တောင်တွင်းကြီးကို **သီဟပတေ့** စား၏။ ပုဂံကို **စည်သူ** စား၏။ တလုပ်မြို့ကို **ရာဇသူ** စား၏။ စကုကို **သိမ်းသူ** စား၏။ ညောင်ရမ်းကို **ဘယကျော်သူ** စား၏။ ပုခန်းကြီးကို **တရုတ်ပြေး** စား၏။ ရေလွှဲ ၅-ခရိုင်*ကို **စည်သူသမ္ဗ၀** စား၏။ မကွေးရာကို **စောနောင်း** စား၏။ စစ်ကိုင်းကို **ရာဇသင်္ကြံ** စား၏။ ပေါက်မြိုင်ကို **မင်းပုလဲ** စား၏။ ဝတီးကို **သမ်းယာ**စား၏။ မြေတူးကို **သက်ရှည်ကျော်ထင်** စား၏။ တကောင်းကို **ငနောက်ဆန်** စား၏။ တပဲ့ရင်းကို **သတိုးသိမ်းသူ** စား၏။

## ၄၂၄။ မိတ္ထီလာကန်တော်ကို ဆည်တော်မူခြင်း အကြောင်း

**သက္ကရာဇ်** (၇၃၀)[၁]ခုနှစ်ရှာသုံးဆယ်တွင် မိတ္ထီလာကန်ပေါက်၍ လျှောက်လာ၏။ ဘုရင်မင်းကြီးစွာလည်း ဆင်, မြင်း အလုံးအရင်း အများနှင့် ချီတော်မူ၍ ကန်ကို ဆည်တော်မူ၏။ ထိုအခါ မြေကိုတူးရာတွင် ယိုးဒယား **လင်းစင်းမင်း**တို့ သားသမီးတို့ အရုပ်ကို ရွှေဖြင့်သွန်း၍ ကမ္ပည်းစာနှင့် တကွ တွေ့လေ၏။ ဘုရင်မင်းကြီးစွာလည်း **ဝန်းစင်းသူကြီး**ကိုခေါ်၍ မေးတော်မူ၏။ ဝန်းစင်းသူကြီးလည်း "ကျွန်တော်တို့ မသိပါ၊ ဝန်းစင်းရွာတွင် အသည်သားတစ်ယောက်သည် ယာထွန်ချွတ်လျှင် ခါးတွင် ပုရပိုက်နှင့် ပညာရှိရာ ဆည်းကပ်၍ အကြားအမြင်နှင့် ပြည့်စုံသည်၊ ထိုသူ သိမြင်မည်" ဟူ၍ နားတော်လျှောက်၏။

## ၄၂၅။ ဝန်းစင်းအသည်သား ပညာရှိအကြောင်း[၂]

မင်းကြီးလည်း ဝန်းစင်းအသည်သားကိုခေါ်၍ မေးတော်မူသော် ကျွန်တော် ကြားဖူးပါသည်၊ ဘုရားဘောလောင်းတော် အလောင်းစည်သူမင်းကြီး တိုင်းခွင်လှည့်တော်မူသောအခါ

---

* ရေလွှဲငါးခရိုင်- ရမည်းသင်း၊ ပက်ပိုင်၊ ပြကောင်၊ တောင်ညို၊ တမြင်ဆန်း (စာမျက်နှာ ၃၂၉ နှင့် ၃၃၀ ကြားနှင်းဧဥ်စယားရှုပ်ကြီးတွင် ကြည့်ပါ)။ ၁။ ဒေါ် ၁၃၆၈ ၂။ ဝန်းစင်းရွာသား အသည်သားအမည်မှာ မင်းရာဇာဖြစ်မြို့

၁၃၄၇ ခုနှစ်တွင် မိတ္ထီလာနယ် ဝန်းစင်းရွာ၌ ဖွားမြင်သည်။ မိဘများမှာ ဦးသုံး၊ ဒေါ်ချို့တို့ ဖြစ်ကြ၏။

ထိုသို့သော မင်းတို့ကို သစ္စာတော်ပေးပြီးသော်လျှင် သားသမီးတို့ကို ယူခဲ့၍ ခရီးတော်ပယ် မြဲ၏။ တစ်ရံရောအခါ အလောင်းစည်သူမင်းကြီး မိဖုရားကနန်ကို ဆည်းကပ် နောက်တော်တွင် ပါသော မင်းသမီး၊ မင်းသားတို့သည် ကြမ္မာကုန်သောကြောင့် လာလတ္တဲ့သောမင်းတို့ တွေ့မြင် လေသော် သိစေသတည်း–ဟူ၍ အရပ်ကို ကမ္ဘည်းနှင့် မြှုပ်ထားတော်မူခဲ့ကြောင်းကို နားတော် လျှောက်လေ၏။ ဘုရင်မင်းကြီးမှာလည်း အားရတော်မူ၍ "ငါ နန်းတော်သို့ ရောက်လျှင် ခေါ်လာစိမ့်မည်" ဟူ၍ မိန့်တော်မူ၏။ နန်းတော်သို့ ရောက်တော်မူလျှင် ခေါ်တော်မူ၏။

## ၄၂၆။ ဝန်စင်းအသည်သား အဝသို့ ရောက်လျှင် တောင်မြင့်ဆရာတော် အိပ်မက်မြင်ခြင်း အကြောင်း

ဝန်းစင်းအသည်သားလည်း အင်းဝသို့ရောက်လျှင် တောင်မြင့်ကျောင်းတွင်းတွင် တည်း နေ၏။ ကျောင်းနေသူမြတ် ထိုညဥ့်တွင် အိပ်မက်မြင်မက်သည် ဟူ၍ ဝန်းစင်းအသည်သားကို ပြန်၏။ မြင်မက်သည်ကား– ဝန်စင်းအသည်သား ဖွေးသော တံဖွေးကို ကျောင်းဦးတွင် ကိုးကွယ်သော ဘုရားရုပ်တုတော်ခံတွင်းဖြင့် ခံသည်ကို မြင်မက်၏။ ဤအိပ်မက်ကို ကြားသော် ဝန်စင်းအသည်သား ဤသို့ ဆို၏။ "ကျွန်ုပ် လျှောက်လဲသမျှကို ဘဝရှင် ယူတော်မူသည်" ဟု ဖတ်၏။

တစ်ရံရောအခါ အတွင်းသင်းမှူးနေသည် "လဟု" ဟူသော အရပ်၌ ရဲမက်ဗိုလ်ပါရုံးရုံ နိုင်ငံတော်ဖြစ်သော ကျေးရွာနယ်များတို့ကို ဖျက်ဆီးလာ၏။ ထိုအကြောင်းကို ဘုရင်မင်းကြီးမှာ ကြားတော်မူလျှင် "ရာဇသင်္ကြံသည် ညီငနကို လွှတ်ရာသည်လား" ဟု အမျက်တော်ရှိ၍ နမ တော် ဧကဥမ္မာနှင့် စားကျေးစားလက်ကို သိမ်းတော်မူမည် ဟူ၍ ဝန်းစင်း အသည်သားကို ခေါ်၍ တိုင်ပင်တော်မူ၏။

## ၄၂၇။ ဝန်စင်းအသည်သား လျှောက်ထားပုံ

ဝန်စင်းအသည်သားလည်း "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... တိုင်ပင်ခြင်း သုံးပါးတွင် ကျွန်၏တိုင်ပင်ခြင်းလည်း တိုင်ပင်တော်မူသည်လော၊ မင်းတို့၏ တိုင်ပင်ခြင်းဖြင့် လည်း တိုင်ပင်တော်မူသည်လော၊ ပညာရှိတို့၏ တိုင်ပင်ခြင်းဖြင့်လည်း တိုင်ပင်တော်မူသည် လော" ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းကြီးမှာလည်း "တိုင်ပင်ခြင်းသုံးပါး အဓိပ္ပာယ်ကား အဘယ်သို့နည်း" ဟူ၍ မေးတော်မူ၏။ ဝန်စင်းအသည်သားလည်း "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... ကျွန်တို့၏ တိုင်ပင်ခြင်း ဟူသည်ကား အရှင်သို့လိုက်၍ ဆိုရာသည် အမှတ်ထား ၍ တိုင်ပင်သတည်း။ မင်းတို့၏ တိုင်ပင်ခြင်း ဟူသည်ကား မင်းတို့၏ နှလုံးတော်နှင့်အညီ လျှောက်မိသော်ကား သင့်မြတ်သည်သာဖြစ်သည်၊ မင်း၏ နှလုံးတော်နှင့် ဆန့်ကျင်သော်မူကား ဒဏ်ပေးသတည်း။ ပညာရှိတို့၏ တိုင်ပင်ခြင်းဟူသည်ကား သင့်နိုး၊ ကောင်းနိုးသော် ယူတော်မူ သည်၊ မသင့်နိုးသော် ခပ်မဆိတ် နေတော်မူသည်သာ။ အပြစ်မရှိ" ဟူ၍ နားတော်လျှောက်၏။ ဘုရင် မင်းကြီးမှာလည်း "ပညာရှိတို့၏ တိုင်ပင်ခြင်းဖြင့် ငါ တိုင်ပင်တော်မူသည်" ဟူ၍ မိန့်တော် မူ၏။ ဝန်စင်းအသည်သားလည်း "ဘဝရှင်ဘုရား... ရေ၊ မြေသခင် ဖြစ်တော်မူသော မင်းတို့ သည် ဆင်စွယ်ကောက်ကဲ့သို့ လည်းကောင်း၊ အရှေ့လောကဓာတ်မှ ထွန်းပသော တက်သစ်သော နေမင်းကဲ့သို့ လည်းကောင်း ကျင့်တော်မူရာသည်။ အကြင်သူသည် မတော်မမှန်၊ အာဏာ

ဝိပဿိဖြင့် အသက် အရာအထောင် နေရပြားသော်လည်း တည့်ရှည့်တော်မှန်သော အာစာရ သမ္မတ္တိ လူ တစ်နေ့မျှ နေရခြင်းကို မတန် ဟူ၍ ဘုရားရှင် တရားတော်လာသည်။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ ကိုယ်ခန္ဓာသော်ကား အနစ်တစ်ရာနေ၍ ပျက်၏။ ကိုယ်ခန္ဓာကို မှီ၍ ဖြစ်သော ကျေးဇူးစကားကောင်းတို့သည် အဆက်ဆက်သော သားတော်အစဉ်၊ မြေးတော် အဆက်၊ မြစ်တော်အညွန့်တိုင်အောင် ပြောပရာသည်။ ကမ္ဘာကျေပြားသော်လည်း ဥဒါန်း ဘော်ကွန်းစကားသည် မကျေ ဟူ၍ ရွှေနှလုံးတော်က ထားတော်မူသင့်သည်။ ခါးလှစွာသော တဟာရွက်သည် ချိုသည် ဖြစ်ရာ၏၊ ဓကရာဇ်မင်းတို့၏ အမိန့်တော်သည်ကား စွတ်လွဲသည် မဖြစ်ရာ။ အယဉ်တွေတွေစီးသော မြစ်ရေတို့သော်လည်း အညာသို့ ဆန်သည် ဖြစ်ရာ၏။ မင်းဓကရာဇ်တို့၏ အမိန့်တော်သည် ဖောက်ပြန်သည် မဖြစ်ရာ။

"အရှင်မင်းကြီး... ပုံလျှောက်ဦးအံ့၊ တောင်တွင်း မွှင့်လှဦး သီဟပတေ့သည် ငွေချက် တတ်သော ကုလားအား သမီးကိုပေး၍ ငွေအတတ်ကို သင်စေ၏။ ငွေအတတ်ကို အကြွင်းမဲ့ တတ်ပြီးသော် အမတ်တို့ လျှောက်သည်ကား ငွေအတတ်ကို ရပြီးဖြစ်သောကြောင့် သမီးတော်ကို ယူမှ သင့်မည်ဟူ၍ လျှောက်ကြ၏။ သီဟပတေ့လည်း 'အမတ်တို့... သည်စကားကို မဆိုနှင့်၊ မတော် မမှန် မတည့်မရှည့်သော အမှုကိုပြု၍ မရေတွက်နိုင်သော ဥစ္စာကို ရပါပြားသော်လည်း တည့်မတ်တော်မှန်သဖြင့် တစ်ကျပ်လေးမျှရသော ဥစ္စာကို မတန်။ ယခု ငါ့သမီးကို ယူပြန်ချေ သော် အစဉ်အဆက် သည်မင်းမျိုးသည် မတော်မမှန်၊ မဟုတ် မတရားသော အကျင့်ကိုသာ ကျင့်သည် ဟူ၍ ကမ္ဘာမကျေသရွေ့ ခပ်သိမ်းသောသူတို့ ဆိုစရာဖြစ်မည် မချွတ်' ဟူ၍ မိန့်တော် မူပြီးမှ ကုလားကို ကြီးစွာသော အဆောင်အယောင်နှင့် သူကောင်းပြုဖူးလေ၏" ဟု နားတော် လျှောက်၏။ မင်းကြီးစွာလည်း "ဝန်စင်းအသည်သား လျှောက်သောစကားသည် ငါကိုယ်တော် ရေးသာ မဟုတ်၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တိုင်အောင် အကျိုးတော် များမည် အကြောင်းကို လျှောက်ပေသည်" ဟု စည်းတပစ်ကြီး မရှိပြီးဖြစ်၍ **"စည်းတပစ်"** အမည်နှင့် အဆောင်အယောင် ပေးတော်မူ၏။ ဆင်ပေါက်တစ်စီး၊ ရွှေဖလား တစ်ဆယ်သား ခုတ် ပေးတော်မူ၏။ **ရာဇသကြီး**ကိုလည်း နမတော်**ဓော့ဥမ္မာ**နှင့် စုံဖက်တော်မူပြန်၏။ တောင်ပြန်း ကြီးနှင့် ဝါးရင်းတုတ်ကို စားမြို စားရ၏။

### ၄၂၈။ ဆင်ဖြူရှင် ဗညားဦးက မင်းကြီးစွာထံ စေ သံစာ

**သက္ကရာဇ် (၇၃၂)**[၁]ခုနှစ်ရာသုံးဆယ့်နှစ်ခုတွင် ဟံသာဝတီ**ဆင်ဖြူရှင် ဗညားဦး**သည် လက်ဆောင်၊ လက်နက် အများနှင့် သံစေလာ၏။ ရာဇသံတွင် ပါသည်ကား-

"ဆင်ဖြူသခင် ဗညားဦး ကြားလိုက်အပ်သည် နောင်တော် ရွှေနန်းသခင်... ရာမညတိုင်းဖြစ်သော မွန်ပြည်နှင့် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း ဖြစ်သော နောင် တော် နိုင်ငံတော်နှင့် 'မီးမသေ၊ ရေမနောက်' ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်ပါစေချင် သည်။"

ဟူ၍ ရွှေပေတွင် အက္ခရာရေး၍ မှာ၏။ ဘုရင်မင်းကြီးလည်း "ငါသည် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာမည့် အကြောင်းကိုသာ အလိုရှိသည်။ ရေ့ ၃-လကို မွန်ပြည် စပ်သို့ ငါ ချီတော်မူလာမည်။ ညီတော်လည်း ငါ့နိုင်ငံတော်အခြားရှိ၍ ချီရောက်လာလှည့်" ဟူ၍ မှာတော်မူ၏။ လက်ဆောင်၊ လက်နက်အများလည်း တုံ့တော်မူ၏။ ရှိန်းချက်သော နေ့ရက်သို့

[၁] ခေဒီ ၁၃၇၀

ရောက်လျှင် ဆင်လုံး၊ မြင်းရင်း အများနှင့် မှန်ပြည် ကျေးစပ်တိုင်အောင် ချီတော်မူ၍ မင်းနှစ်ပါး တွေ့တော်မူကြပြီးသော် သစ္စာပြုတော်မူကြ၍ နိုင်ငံတော်အပိုင်းအခြားကို မှတ်သားတော်မူကြ၏။ မင်းတစ်ပါး ဆောင်သော အဆောင်အယောင်ကို မင်းတစ်ပါးကို ပေး၍ ဆောင်တော်မူ၏။ တစ်နေ့ရာတည်းတွင် အတူနေကြ၍ ကြည်ကြည်သာသာ စကားတို့ကိုလည်း ပြောဟောတော်မူကြ၏။ စားတော်လည်း အတူပေါ်ကြ၏။ ပဏ္ဏာကာရ တစ်ပါးကိုတစ်ပါး ပေးတော်မူကြ၍ အရေးပြီးလျှင် ပြန်တော်မူကြ၏။

## ၄၂၉။ ကလေးစား၊ မိုးညှင်းစားတို့ အရေးတွင် စည်းတပစ် လျှောက်ပုံ

ထိုသက္ကရာဇ်[1]တွင် ကလေးနှင့်မိုးညှင်း တိုက်ကြ၍ ကလေးကလည်း "ကျွန်ုပ်ကို ကူညီတော်မူပါ၊ ရလျှင် မိုးညှင်းကို လက်ဆောင်တော် ဆက်ပါမည်" ဟူ၍ စေလာ၏။ မိုးညှင်းကလည်း "ကျွန်ုပ်ကို ကူညီတော်မူပါ၊ ရလျှင် ကလေးကို လက်ဆောင်တော် ဆက်ပါမည်" ဟူ၍ စေလာ၏။ ဘုရင်မင်းကြီးမှာလည်း နှစ်ပြည်ထောင်က စေလာသော အကြောင်းကို စည်းတပစ် အား ခေါ်၍ တိုင်ပင်တော်မူသော်–

စည်းတပစ် လျှောက်သည်ကား "ဘုန်းတော်ကြီးလှသောဘုရား . . . သည်အရေးသည် ဘီလူးတိုင်လှ အရေးကဲ့သို့ အလျင်မရှိသေး။ အနေးပြုကောင်းသော အမှုလည်း ရှိသည်၊ အလျင်ပြုကောင်းသော အရေးလည်း ရှိသည်။ ဤအရေးကို ထောက်သော် မြော်မြော်တင်းတင်း ပြုကောင်းသောအရေး ဖြစ်သည်။ လျှင်လျှင်ထန်ထန် ပြုကောင်းသော အရေးကား အားတူ အင်ရှည် မဟုတ်သည်ဖြစ်မှ လျင်ကောင်းသော အရေးဖြစ်သည်။ ကလေးနှင့် မိုးညှင်း နှစ်ပြည်ထောင်သည်ကား ဂိုးတူ ရွက်ရှည်၊ အင်တူအင်ရှည် ဖြစ်သည်။

"ပုံတစ်ခု လျှောက်ဦးအံ့၊ ယောကျ်ားတစ်ယောက်သည် တောစပ်ဝယ် လယ်ထွန်၍ နေသောအခါ တောကြက်နှစ်ခု ခွပ်ကြသည်ကို မြင်သော် ငါ အလျင်ဖမ်းချေအံ့။ ကြက်နှစ်ခုလည်း မနွမ်းမနယ်ကြသေး ဖြစ်သည်၊ ငါ လယ်ထွန်သည်လည်း မညက်သေး၊ ငါ့အမှုကိစ္စလည်း ပြီးစေဦး၊ ကြက်နှစ်ခုလည်း နွမ်းနယ်ကြစေဦး–ဟူ၍ လယ်ထွန်၍နေ၏။ လယ်ညက်မှ တောကြက်နှစ်ခု နွမ်းနယ်လှပြီ ဖြစ်၍ ခြေကိုင်ကာ ယူလေသကဲ့သို့ ဤပြည်ထောင်နှစ်ပါးသည် ပင်ပန်းညှိုးနွမ်းစေဦး၊ ထိုသို့ ညှိုးနွမ်းသည်ဖြစ်မှ ချီတော်မူသော် နှစ်ပြည်ထောင်လုံးကို ရတော်မူမည်" ဟု နားတော်လျှောက်၏။ ဘုရင်မင်းကြီးမှာလည်း စည်းတပစ် လျှောက်သောအရေးကို လိုက်တော်မူ၍ နောင်းမှ ချီတော်မူသည်။ နှစ်ပြည်ထောင်လုံးကို ရတော်မူ၏။ ရတော်မူလျှင် မိုးညှင်းစားကို တကောင်းကို ပေးတော်မူ၍၊ မိုးညှင်းမြို့ကို ကျိုန်းခန်းကြီးကို ပေးတော်မူ၏၊ စည်းတပစ်ကိုလည်း "မြင်လှပေသည်" ဟူ၍ ချီးမွမ်းတော်မူပြီးမှ မိုးညှင်းတွင် တစ်ကျေး၊ ကလေးတွင် တစ်ကျေး ဆုပေးတော်မူ၏။

## ၄၃၀။ စည်းတပစ်ကို မိုးညှင်းသို့ နယ်ခြားသံတိုင် စိုက်စိုင်းရာတွင် လျှောက်ထားပုံ

သက္ကရာဇ် (၇၃၃)[2]ခုနှစ်ရာ သုံးဆယ်သုံး တွင် မိုးညှင်း သောင်းကျန်းပြန်လေ၏။ ထိုအကြောင်းကို ဘုရင်မင်းကြီးမှာ ကြားတော်မူသော် "ငါကား တောသစ်သီးကို တောအုတ်ခဲနှင့်

---

၁။ ခေဒီ ၁၇၇၀ ၂။ ခေဒီ ၁၇၇၀

ပန်းသကဲ့သို့ ရှမ်းကိုပင် ကျေးစားထည့်မိသည်" ဟူ၍ မိန့်တော်မူ၏။ "နိုင်ငံတော်အပိုင်းအခြားနှင့် မိုးညှင်းမြေ အပိုင်းအခြားတွင် အချက်အချာဆို၍ အမှတ်တိုင် စိုက်ချေ" ဟု စေတော်မူ၏။ စည်းတပစ်ကိုလည်း စည်းတပစ်လည်း အမိန့်တော်အတိုင်း အမှတ်တိုင် စိုက်မည်ဟူ၍ သွားသည်။ "ပတွေးကြီး" သို့ ရောက်လျှင် ပြည်ထဲရေး အထပ်ထပ်ကို မြင်၍ ပြန်ခဲ့၏။ ဘုရင်မင်းကြီးစွာလည်း "စည်းတပစ်... အဘယ့်ကြောင့် ပြန်ခဲ့သနည်း" ဟု မေးတော်မူ၏။ "ဘုန်းတော်ကြီးလှသော ဘုရားသော်ကား အလိုနည်းသော မင်းဖြစ်သောကြောင့် အမှတ်အသား စိုက်ချေ ဟူ၍ စေတော်မူသည်။ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့သည် နေ၊လကဲ့သို့ ဘုန်းတော်ကြီးမူကား ဘဝရှင်ဘုရားကို လည်းကောင်း၊၊ ကျွန်တော်တို့ အမတ် ပညာရှိ ပြုသသူတို့ကိုလည်းကောင်း အရေးကို မမြင်သောကြောင့် အပိုင်းအခြားကို ဆိုလွယ် လေသည် ဟူ၍ ဆိုလေအံ့သည်ကို မြင်၍ ကျွန်တော် ပြန်ခဲ့သည်" ဟု နားတော်လျှောက်၏။ ဘုရင်မင်းကြီးစွာလည်း စည်းတပစ် လျှောက်သော စကားကို ကြားတော်မူလျှင် အားရတော် မူသည် ဖြစ်၍ လက်ကောက် တစ်ရန်၊ စလွယ် ၅–သွယ်၊ "တိမ်တိုက်ကွန်မြူး" ဟူသော မြင်းကောင်းတစ်စီး ဆုပေးတော်မူ၏။

## ၄၃၁။ ကန်စွန်းနိမ့်သူကို သိမ်းပိုက်ခြင်း အကြောင်း

သက္ကရာဇ် (၇၃၄)[၁] ခုနစ်ရာသုံးဆယ့်လေးခုတွင် မိုးညှင်းစား ကျိန်းခန်းကြီးသည် နိုင်ငံတော်ဖြစ်သော မြေတူးကို ထိပါးဖျက်ဆီးသည်ဟူ၍ လျှောက်လာ၏။ ဘုရင်မင်းကြီးစွာလည်း ဆင်၊ မြင်း အလုံးအရင်းများနှင့် ချီတော်မူ၏။ ကန်စွန်းနိမ့်သို့ ရောက်တော်မူလျှင် "ကန်စွန်း နိမ့်သူ" နှင့် "ကန်စွန်းမြင့်သား" ထိမ်းမြားမင်္ဂလာပြုမည် ဟူ၍ ဟူးရားတတ်မှာ အခါမေးလေ သော် ငါပေးသည့် အခါအတိုင်း မှန်လေစေ၊ စပါးကျီ၊ ဆန်ကျီ နေ့ချင်း ပြည့်လိမ့်မည်ဟူ၍ ဟော၍ ထိုသူတို့လည်း သူမြတ် အခါပေးသည်အတိုင်း စပါးကျီ၊ ဆန်ကျီနှင့် တကွ လက်ထပ် အိမ်ဆောက်လေ၏။ ဘုရင်မင်းကြီးစွာလည်း "ဤသာယာလှစွာသော အိမ်သစ်သည် အဘယ်သူ အိမ်နည်း" ဟု မေးတော်မူ၏။ ရွာသူကြီးတို့လည်း အကြောင်းရှိသမျှကို နားတော်လျှောက်လေ၏။ ဘုရင်မင်းကြီးစွာလည်း သူငယ်မကိုခေါ်၍ "သူမြတ် ဟောသည်အတိုင်း စပါးကျီ၊ ဆန်ကျီ ပြည့်စေအံ့" ဟု မိန့်တော်မူပြီးလျှင် အပါးတော်တွင် စေစားတော်မူ၏။ ကန်စွန်းနိမ့်အရပ်တွင် လခွဲခန့် နေတော်မူ၍ မြေတူးသို့ ချီတော်မူ၏။ ရှမ်းတို့ကို အောင်မြင်တော်မူ၍ အပြန်တွင် သူငယ်မကို အဖိုးများစွာထိုက်သော ပတ္တမြားလက်စွပ်ကို ပေးတော်မူ၍ "သင်သည် ပျောက်များ သွားသော် သည်လက်စွပ်ကိုယူ၍ လာလှည့်" ဟု အမှတ်ထားတော်မူ၏။ များမကြာလျှင် ရှင်ချွေ ကို ဖွား၍ ပတ္တမြားလက်စွပ်နှင့် သားတော်ကို ယူ၍လာ၏။ နန်းတော်သို့ရောက်လျှင် အပါးတော် တွင် မပြတ် စေပါတော်မူ၏။ နောက်လည်း ရှင်သိဒ္ဓတ်နှင့် မင်းလှမြတ်၊ သုပဘာဒေဝီခံကို မျက်နှာမြင်၏။

## ၄၃၂။ ရခိုင်ပြည်က မင်းလျှာတောင်း၍ စော်မွန်ကြီးကို ပေးခြင်း အကြောင်း

သက္ကရာဇ် (၇၃၅)[၂] ခုနစ်ရာသုံးဆယ့်ငါးခုတွင် ဓညဝတီ အမည်ရှိသော ရခိုင်ပြည်ကြီးကို အစိုးရသော မင်းဘီလူး ကြမ္မာကုန်၍ အမှူးအမတ်တို့ ရုံးစုတိုင်ပင်ကြသော် "ယခု ငါတို့တွင်

---
[၁]။ အေဒီ ၁၃၇၂  [၂]။ အေဒီ ၁၃၇၃

ပြည်ရွာကို အုပ်ချုပ်နိုင်မည်သူ မရှိ။ ရတနာပူရ အဝပြည်ကြီးကို အစိုးရတော်မူသော မင်းကြီးစွာသည် ဆွေအင်မျိုးအင်နှင့်လည်း ပြည့်စုံတော်မူသည်၊ အလုံးအရင်း ဆင်၊ မြင်း၊ ဗိုလ်ပါ များလှသည်၊ လုပ်ရည်၊ ကိုင်ရည်နှင့် ပြည့်စုံသော အမတ်ပညာရှိလည်း များလှသည် ဖြစ်သောကြောင့် ငါတို့ပြည်ရွာကို အုပ်ချုပ်နိုင်မည့်သူကို ဘုရင်မင်းကြီးစွာမှာ တောင်းလျှောက်ရသော် သင့်မည်" ဟူ၍ ကြံကြပြီးသော် လက်ဆောင် လက်နက်အများနှင့် မင်းလျာတောင်းလာ၏။ ဘုရင်မင်းကြီးစွာလည်း စည်းတပစ် အစရှိသော မှူးတော်မတ်တော် အပေါင်းတို့ကိုခေါ်၍ တိုင်ပင်တော်မူ၏။ ထိုအခါ စည်းတပစ် လျှောက်သည်ကား "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... ရခိုင် ဓညဝတီသည် ဘုန်းတန်ခိုးကြီးသော မင်းတို့၏နေရာ မဟာရာဇဌာနီ ဖြစ်သည်။ နှလုံးရည်၊ လက်ရုံးရည်နှင့် ပြည့်စုံသော ဆွေတော်၊ မျိုးတော် မှူးကြီးမတ်ခိုင်တို့ကို ကျေးစားထည့်တော်မူ သင့်မည်။

"ကျေးဇူး၊ ပညာ မရှိသော ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်တို့ကို ထည့်တော်မူချေသော် မဖုတ်သေးသော အိုးနှင့် ဆီကိုထည့်သော ယောကျ်ားသည် အိုးလည်း ဆုံး၊ ဆီလည်း ဆုံး ရှိသကဲ့သို့ အရေးတော် လစ်လပ်လေရာသည်။ ကျေးဇူး၊ ပညာ အမြင်နှင့်ပြည့်စုံသော ဆွေတော်၊ မျိုးတော်တို့ကို ထည့်တော်မူသော်ကား 'စာဥကို ဒေါင်းအုပ်သကဲ့သို့' ဖြစ်လေရာသည်။

"တစ်ကြောင်းလည်း 'အနိုင်ကြီးမှ အဖီးလှသည်၊ အဖီးလှမှ တင့်တယ်သော' ဟူသကဲ့သို့ ပြည်ကြီး၏ အရှင် ဖြစ်တော်မူသော မင်းတို့သည်လည်း တိုင်းကြီး၊ ခရိုင်ကြီး စားသော ဆွေတော်၊ မျိုးတော် ရှိသည် ဖြစ်မှ တင့်တယ်တော်မူသည်။

"တစ်ကြောင်းလည်း 'ဆင်ချည်သောလွန်သည် ဆင်ခြေတွင်မှ မြဲရာသည်၊ ကြက်ကို ချည်သော် ကျွတ်ရာသည်။ ကြက်ကိုချည်သော ကြိုးသည် ကြက်ခြေတွင်မှ မြဲရာသည်၊ ဆင်ကို ချည်သော် ပြတ်ရာသည်' ဟူ၍ လူတို့ ဥပမာဆိုသည်။ ဓညဝတီ ပြည်ကြီးသည်လည်း ဝေးသောအရပ် ဖြစ်သည်။ အကြာမလို၊ အလျှင် ခန့်တော်မူမှ သင့်မည်" ဟူ၍ နားတော်လျှောက်၏။

ဘုရင်မင်းကြီးစွာလည်း ဦးရီးတော် စောမွန်ကြီးကို ရခိုင်ကို ပေးတော်မူ၏။ ရခိုင်သို့ ကျေးစားမသွားခင် ခေါ်တော်မူ၍ မှူးတော်၊ မတ်တော်တို့ရှေ့တွင် ဤသို့ မှာတော်မူ၏။ "ပြည်သူလူရဟန်းတို့ကို ချစ်လျှင် ငါ့ကို ချစ်သည် မည်၏၊ ပြည်သူလူရဟန်းတို့၏ စီးပွားကို လိုလျှင် ငါ့စီးပွား လိုသည် မည်၏" ဟူ၍ မိန့်တော်မူပြီးလျှင် အဆောင်အယောင်၊ အခမ်းအနား ပေးတော်မူ၏။

စည်းတပစ်လည်း ဤသို့ နားတော်လျှောက်ပြန်၏။ "အသီး အပွင့် မြင်ကာမျှဖြစ်သော နုပျိုသောသစ်ပင်ကို သိမ်းမြန်းသုတ်သင်ဘိသကဲ့သို့ ပြုစု မစတော်မူရမည်" ဟူ၍ နားတော်လျှောက်၏။

စောမွန်ကြီးလည်း ရခိုင်သို့ရောက်လျှင် ကြက်မတောင်ရှည် အုပ်သကဲ့သို့ သိမ်းမြန်း ပိုက်ထုပ်တတ်သောကြောင့် တောင်စည်မှုနှစ်ခရိုင် အစရှိသော ပြည်ရွာ၊ မြို့ပြတို့သည် အကျယ် ဝပြော စည်ပင်သည် ဖြစ်၏။

## ၄၃၃။ ရခိုင်မင်း စောမွန်ကြီးက ကျည်းဦးစောင်း ဆက်ရာ စည်းတပစ် လျှောက်ပုံ

တစ်ရံရောအခါ ရခိုင်တွင် မင်းစဉ်တို့ သုံးဆောင်သော အဖိုးများစွာထိုက်သော ကျည်းဦးစောင်းနှင့် မြဆံချပ်ကို တိုက်တွင်တွေ့၍ သက္ကလတ်ကောင်း ၇-အုပ်နှင့်တကွ ဆက်လာ၏။ ဘုရင်မင်းကြီးစွာလည်း ကျည်းဦးစောင်းကို မြင်တော်မူလျှင် ဝမ်းမြောက်ဝမ်းသာ ပေါင်းတော်မူမည်ဟူ၍ စည်းတပစ်ကို တိုင်ပင်တော်မူ၏။ စည်းတပစ်လည်း ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား… ရှေ့ မြေသခင် မင်းဖြစ်တော်မူသော ဧကရာဇ်မင်းတို့သည် ဦးတော်၊ ဆံတော်တို့ တင်အုံသော ဝတ်စားတန်ဆာတို့ကို မစုံ မစမ်း မဆင်မခြင်ဘဲ အလျင်တဆော တင်တော်မမူသင့်။ ဘုန်းကျက်သရေ အာနုဘော်တော်သော မင်းတို့၏ အကြောင်းရင်း ဖြစ်သည်။ ဇမ္ဗူဒိပ် မြေပြင်အလုံးကို အစိုးရသော **သီရိဓမ္မာသောကမင်းကြီး**သည် တစ်နေ့ သုံးကြိမ် အဝတ်လဲသော ဟူ၏။

"မင်းတို့ သတိပြုရာသည်ကား 'ကျိုးတန်းအောက် မလျှိုးရာ၊ ခြေတော်လက်တော်ကို မဆေးဘဲ စက်တော်မခေါ်ရာ၊ မစုံမစမ်း၊ မမေးမမြန်းဘဲ စားဖွယ်၊ သောက်ရာတို့ကို စားတော်မခေါ်ရာ။ ရှေးဖြစ်ဖူးလေသည်ကို နားတော်လျှောက်ဦးအံ့။ အေးလောင်းတော် ဒွတ္တပေါင်မင်းသည် **ပန်ထွာမိဖုရား**[၁]က ဆက်သော လက်သုတ်ပဝါကို မစုံမစမ်း မဆင်မခြင် သုတ်တော်မူမိလေသောကြောင့် နဖူးတော်၌ မှဲ့ရှင်ကွယ်၍ ဘုန်းအသရေတော် မှဲ့ညှိုးချေ၏။

"ပုဂံဝယ် အေးလောင်းတော် အနော်ရထာစောလက်ထက် သထုံမင်း **မနုဟာ** စကားပြောသော် ခံတွင်းမှ စက်ပြောင်ပြောင် ထွက်သည်ကို အနော်ရထာမင်းစောသည် ဘုရား၌ တင်သော သင်ပုတ်ဆွမ်းကို မနောလင်ပန်းနှင့်ပြင်၍ မပြတ်ပို့သည်ကို မထောက်မချင့် သုံးဆောင်မိသောကြောင့် စက်ကွယ်ဖူးချေသည်ကို ထောက်ရှုတော်မူ၍ ရွေးချယ်စီစစ်တော်မူမှ သုံးဆောင်တော်မူရာသည်" ဟူ၍ နားတော်လျှောက်၏။

ဘုရင်မင်းကြီးစွာလည်း စည်းတပစ် လျှောက်သောစကားကို ကြားတော်မူလျှင် အားရတော်မူ၍ ကျည်းဦးစောင်းနှင့် မြဆံချပ်ကို ပေးတော်မူ၏။ စည်းတပစ်လည်း ဤသို့ ကြံ၏။ "ကျည်းဦးစောင်းနှင့် မြဆံချပ်ကို ယူချေသော် လို၍ လျှောက်သကဲ့သို့ အများထင် လတ္တံ့သည်၊ မယူချေသော်လည်း အရှင်မင်းစဉ်လျက် သနားတော်မူသည်ကို မရိုမသေရာ ကျလတ္တံ့သည်" ဟူ၏။ ယူ၍ သုံးရက်ရှိမှ ကျည်းဦးစောင်းနှင့် မြဆံချပ်ကို ဗိုလ်ရွှေသဘင်ခံသော ပွဲအလယ်တွင် ဆက်လေ၏။

ဆက်သောအခါ လျှောက်သည်ကား "ရွှေဖဝါးတော်အောက် ဘုရားကျွန်တော် ရှိခိုးသံတော်ဦးတင်ပုံသည် ဘဝရှင်ဘုရား… ကျွန်တော်သည် အရှင်ရွှေဖဝါးတော်အောက်တွင် နေ၍ ရှေ့သို့ ပေါင်းရလတ္တံ့သည်။ ဤကျည်းဦးစောင်းကဲ့သို့မူကား အရှင် ဘုန်းတော်ကြောင့် သာ မြင်ဖူးပါရသည်၊ နောက်နောင် တစ်တိုင်းတစ်နိုင်ငံသို့ ပေးပါးတော်မူရော ကောင်းမြတ်လှပါသည် ဖြစ်၍ ကျွန်တော် ဆက်ပြန်ပါသည်" ဟု နားတော်လျှောက်၏။ ဘုရင်မင်းကြီးစွာလည်း စည်းတပစ်သည် အကျိုးအပြစ် နှစ်ပါးကို မြင်လှပေသည် ဟူ၍ ကျည်းဦးစောင်းကို အဖိုး ပြတ်စေပြီးသော် အဖိုးငွေကို ပေးတော်မူ၏။

---

၁။ ဗိဿနိုးနိုင်ငံမှ ပန်ထွာမိဖုရား

တစ်ရံရောအခါ ရခိုင်သို့ စေတော်မူသော သံတွင် ကျည်းဦးဖောင်းအကြောင်းကို မေး၍ ပြည့်ကြည့်ရှု ရာတော်မူ၏။ စောမွန်ကြီးလည်း သည်ကျည်းဦးဖောင်းသည် နန်းကျူကြီး၊ နန်းကျူငယ်တို့ ပေါင်းလေပြီးသော ဦးဖောင်းတည်း။ တိုက်ကြတွင် အရှည်အမြင့် ရှိသည်။ အလုပ်အဆောင် ဖောင်းသည်နှင့် အဖိုးများစွာထိုက်သောကြောင့် ဆက်သည်ဟု နားတော်လျှောက်လိုက်၏၊ ဘုရင်မင်းကြီးစွာလည်း စည်းတပစ်ကို ခေါ်တော်မူ၍ "ပညာရှိ တွေးသည်ကို ပညာမဲ့ မြေ၌ ကြည့်သော် မတန်" ဟု ချီးမွမ်းတော်ပြီးမှ လက်ဆောက်တစ်ရန် ဆုပေးတော်မူ၏။

## တောင်ငူစား ပုံ့ချိုကြီးကို လုပ်ကြံပုံ အကြောင်း

၄၃၄။ တောင်ငူစား ပုံ့ချိုကြီးကို လုပ်ကြံပုံ အကြောင်း

သက္ကရာဇ် (၇၃၈)[၁] ခုနှစ်ရှာသုံးဆယ့်ရှစ်ခုတွင် နောင်တော် ပြည်မင်း စောရန်နောင်သို့ "တောင်ငူစား ပုံ့ချိုကြီးကို ပရိယာယ်ဝေစုစ်ဖြင့် ခေါ်၍ ရောက်လျှင် လုပ်ကြံတော်မူ" ဟူ၍ စေတော်မူ၏။ နောင်တော် စောရန်နောင်လည်း တောင်ငူစား ပုံ့ချိုကြီးသို့ "အစ်ကိုသားနှင့် ငါ့သမီးတော်ကို ထိမ်းမြားစုံဖက်၍ ပြည်တောင်နှစ်ပါး အခြားမမြင် ရှိစေချင်သည်" ဟု စေတော်မူ၏။ ပုံ့ချိုကြီးလည်း ယုံကြည်၍ သားပုံ့ချိုငယ်ကို ထိမ်းမြားမည်ဟူ၍ သမက်စုဏ္ဏတေးနှင့် တကွ ရှိုလာ၏။ ပြည်မြို့မြောက်နဝင်းတွင် တပ်ချ၍ နေ၏။ စောရန်နောင်လည်း ဆင်၊ မြင်း အလုံးအရင်းနှင့် စီရင်၍ ညှို့အလျော့နေသည်အခိုက် လုပ်ကြံလေသည်။ သားပုံ့ချိုနှင့် သမက် စုဏ္ဏတေးကား ပြေး၍ လွတ်လေ၏။ ပုံ့ချိုကြီး ဆုံးလေ၏။ ဆင်၊ မြင်း၊ သုံ့ပန်းလည်း အများ ရလိုက်၏။ ထိုအကြောင်းကို နောင်တော်ပြည်မင်းက လျှောက်လာလျှင် ဘုရင်မင်းကြီးစွာလည်း အားရတော်မူ၍ သုံးဆောင်တော်မူသော မင်းဆောင်မင်းယောင်အကုန် နောင်တော် ပြည်မင်းသို့ ပို့ရလေ၏။

## ၄၃၅။ ရခိုင်ပြည်ကို ဖြို့စားပေးမည် ပြုရာ စည်းတပစ် လျှောက်ပုံ

သက္ကရာဇ် (၇၄၂)[၂] ခုနှစ်ရှာလေးဆယ့်နှစ်ခုတွင် ရခိုင်စားသော စောမွန်ကြီး ကြမ္မာကုန်၍ လျှောက်လာ၏။ ဘုရင်မင်းကြီးစွာလည်း တကောင်းစား သီဟပတေ့၊ စကုစားသိစ်သူ၊ ပုဂံစား ဥစနာ၊ အမြင့်စား တုရင်သိန်းစည်း၊ ညောင်ရမ်းစား ဓေယျဘဏ္ဍရာ၊ ဗဒုံနှင့် တပဲရင်းကို စားသော စည်းတပစ်သမီး စောမုလေးနှင့် သင့်သည် သတိုးသိစ်သူ၊ သည်သူတို့တွင် အဘယ်သူ အား ရခိုင်ကို ခန့်သော် သင့်မည်နည်း ဟူ၍ စည်းတပစ်ကို တိုင်ပင်တော်မူ၏။ စည်းတပစ် လျှောက်သည်ကား ယောက်ဖတော် သုံးပါးတွင်—

(၁) သီဟပတေ့ကို ခန့်တော်မူသော် ကြိုးရှည်နှင့် လံစားသောမြင်း၊ နွားကဲ့သို့ ရှိလေ ရာသည်။ ပြည်ရွာ၌ နေသော သူတို့လည်း သစ်ရိပ်တွင် နေရသကဲ့သို့ ရှိလေရာ၏၊ ဘဝရှင်ဘုရား၏ ကျေးဇူးသတင်းတော်ကိုကား ပွားပြန့်အောင် မတတ်နိုင်ရာ။

(၂) သိစ်သူစောနောင်ကို ခန့်တော်မူသော်ကား ဘဝရှင်ဘုရား ကျေးဇူးသတင်းတော် သည် တစ်ခေတ်၌ သိကြားမင်း၏ ဝရဇိန်ကဲ့သို့ အာနုဘော် ကြီးသည် ဖြစ်ရာ၏၊ အရှည်စီးပွားကို ဆောက်တော်မူသော်ကား ကျွန်းထင်းဖော့တွင် လှေချည်သကဲ့သို့ ရှိလေရာသည်။

(၃) ဥစနာကို ထည့်တော်မူသော်ကား ကြက်မတောင်ရှည် သားကိုအုပ်သကဲ့သို့ ပြည်ရှ

---

[၁] ခေဒီ ၁၃၇၆   [၂] ခေဒီ ၁၃၈၀

တို့အား သိမ်းဆည်းဖိုက်ထုပ်လေရာသည်။ အရှင်ဘုန်းတန်ခိုးကိုလည်း မှားပြန့်အောင် တတ်စွမ်းနိုင်ရာသည်။ အရှင်နှင့် ဝေးသော်လည်း နီးသည်ဖြစ်ရာသည်။ သတိုးသိမ်သူ၊ တုရင်သိန်းစည်း၊ နေပျူဘကွေ့ရာတို့မှကား နံ့စုတ်[1]ငယ်သည် မြွေကို ချီ၍ ပျံသကဲ့သို့ ကျွန်တော် မတွေးတောနိုင်။ အရှင်မှာသာ အကြောင်းဖြစ်သည်ဟူ၍ နားတော်လျှောက်၏။

ဘုရင်မင်းကြီးစွာကား အပြစ်တင်လွှတ်ရှာသော ခင်းကျင်းနိုင်းပြင်းတော်မူသည်။ ပေးတော်မူလိုက်သည်ကား ကျွန်တော်ရင်းဖြစ်သော တလုပ်စား စောမည်းကို အကြံတော်ရှိသည်၊ ငါ့ကျွန်တလုပ်စား စောမည်းသည် ငါနှင့် ဆိုးတူ၊ ကောင်းဘက် ကျွန်ဖြစ်သည်။ ဆင်အတတ်၊ မြင်းအတတ်တို့ကိုလည်း သင်ပေးသည်။ စောမည်းကို ရခိုင်မြို့ကို ငါ သနားတော်မူသည် ဟူ၍ မိန့်တော်မူ၏။ စည်းတပစ်လည်း ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော ဘဝရှင်ဘုရား... စည်းစိမ်ဟူသော မုန်ဖြင့်ယစ်သော ကျွန်တော်တို့ကို ချွန်းသီးဖြင့် နှိမ်တော်မူသည်ဖြစ်မှ အမှုတော်လည်း ကုန်နိုင်မည်၊ စီးပွားတော်လည်း များမည်" ဟု နားတော်လျှောက်၏။

ဘုရင်မင်းကြီးစွာလည်း စောမည်းကို ခေါ်တော်မူ၍ "ထန်းစေ့ထန်းပင်ကဲ့သို့ မကျင့်လေနှင့်၊ ညောင်စေ့ ညောင်ပင်ကဲ့သို့ ကျင့်လေ" ဟူ၍ မှာတော်မူ၏။ စည်းတပစ်လည်း "ကြောင်နှင့် ညောင်ကို" ထုံးစံဥပမာပြု၍ ကျင့်လေဟု မှာတော်မူလိုက်၏။ စောမည်းလည်း ရခိုင်သို့ရောက်လျှင် မြို့တွင်း၊ မြို့ပြင်တွင်ရှိသော ညောင်ပင်တို့ကို ခုတ်၍ ဆင်စာချည်း ကျွေးရ၏။ ကျောင်း၊ အိမ်တွင် ရှိသော ကြောင်တို့ကို လည်းကောင်း၊ တောတွင်ရှိသော ကြောင်တို့ကိုလည်းကောင်း ဖမ်း၍ သတ်ရ၏။ စောမည်းကား ရတနာသုံးပါးကိုလည်း မရိုသေ၊ ပြည်ရွာကိုလည်း ငြိမ်းချမ်းသာယာအောင် မပြုသောကြောင့် ရခိုင်သားတို့ သောင်းကျန်း ပုန်ကန်လေ၍ စကုမြို့သို့ ပြေးလာ၏။ ရခိုင်သားတို့လည်း စောမည်း ပြေးလျှင် နန်းကျကြီးမြေး ကော့ဝ်ရွာကို နန်းတင်လေ၍ ခြားနားလေ၏။

### ၄၃၆။ စောမည်း ရခိုင်ပြည်မှ ပြေးရောက်လာသည်တွင် စည်းတပစ်ကို မေး၍ သူကောင်းပြုပုံ

ဘုရင်မင်းကြီးစွာလည်း စောမည်း ခြေရင်းတော်ကို ရောက်လာလျှင် စည်းတပစ်ကို ခေါ်တော်မူ၍ "ငါ အရေးမှားတော်မူချေသည်၊ စောမည်းကို ဘယ်မြို့ကို ပေးရသော် သင့်မည်နည်း" ဟူ၍ တိုင်ပင်တော်မူ၏။ စည်းတပစ်လည်း "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... အပြေး အသွား မတွင်သောမြင်းကို လက်ကောက် လက်ကြပ် တပ်၍ စီးသကဲ့သို့ အပါးတော်တွင် မြို့ရွာကို ပေးတော်မူမှ သင့်မည်" ဟု နားတော်လျှောက်၏။ ဘုရင်မင်းကြီးစွာလည်း စစ်ကိုင်းမြို့ကို ပေးတော်မူ၏။ များမကြာ ပုခန်းကြီးကို ပေးတော်မူ၏။ ပုခန်းကိုရလျှင် ပင်လယ်တံပိုးလှိုင်းကို ပေးတော်မူ၏။ စစ်ကိုင်းမြို့ကိုလည်း ရာဇသင်္ကြံကို ပေးတော်မူ၏။ ထပဟန် မြို့ကို တည်၏။

### ၄၃၇။ မင်းကြီးစွာ ဆရာ ရခိုင်ဘုန်းတော်ကြီး အကြောင်း

ဘုရင်မင်းကြီးစွာ မင်းဖြစ်တော်မူ၍ ၁၆-နှစ် ရှိသောအခါ ရခိုင်မှာ ဆရာတော်သည် ဘုန်းတော်ကြီး၍ မင်းဖြစ်လျှင် ငါ့ကို မေ့လေသည် ဟူ၍ ဘုရင်မင်းကြီးစွာသို့ စေလာ၏။

[1] နံပြည်စုတ်ငှက်

သက်တော်ရှည်ရှိသော် အနောက်တောင်ထောင့် အရပ်၌ ညောင်းခံ့တည်လေဟူ၍ မှာတော်မူ၏၊ မင်းကြီးမှာလည်း ယုံကြည်တော်မူ၍ ညောင်းခံ့တည်မည့် အစီအရင်ကို စီရင်တော်မူ၏။ စီရင်တော်မှုသည်ကား– မြစ်ငယ်အရှေ့ဘက် မှုအင်းကမြေကို လက်ဆောင့်ကမ်းစေ၍ ဖို့ရ၏။ မြေဖို့ရာ အပေါင်းတို့လည်း မှုခင်လုသောကြောင့် "မှုအင်း" ဟု ယခုတိုင်အောင် တွင်၏။ မြေဖို့ပြီးလျှင် ညောင်းခံ့တည်တော်မူ၏၊ ညောင်းခံ့တည်သော သက္ကရာဇ်ကား (၇၄၅)ခုနှစ်ရာလေးဆယ့်ငါးနှစ်တည်း။ ညောင်းခံ့တည်ပြီးလျှင် အင်းဝမြို့လုံး ထိတ်ထိတ်လန့်လန့် ရှိချေ၏။ ထိုအကြောင်းကို ရှေးက ဆရာတော် ကြားလေသော် "ငါ့ရဟန်းသားဖြစ်သည်၊ မသင့်ချေ" ဟု လာတော်မူ၏၊ ကုဋ္ဌိပင်, ဆင်ကျွဲ, မော်ကွန်း, သရုပါတ်ခါ၊ ရတနာ၃ တည်၍ ပြင်၏။ ထိုသို့ ပြင်ပြီးမှ ထိတ်လန့်ဘဲ ငြိမ်၏၊ ဘုရင်မင်းကြီးမှာလည်း ဆရာတော်ကို များစွာသော ပူဇော်သက္ကာရကို ပြုတော်မူ၍ "မဟာသယံရာဇာ" ဟူသော တံဆိပ်ကို လှူတော်မူ၏။

## ၄၃၈။ ဟံသာဝတီ ရာဇာဓိရာဇ် ဒေါ်တဲ့ဦး လွှန်၍ သားတော် ရာဇာဓိရာဇ် နန်းတက်ခြင်း အကြောင်း[၁]

သက္ကရာဇ် (၇၄၅)[၁] ခုနှစ်ရာလေးဆယ့်ငါးခုတွင် မွန်ပြည် ဟံသာဝတီကို အစိုးရသော ဆင်ဖြူရှင်ဒေါ်တဲ့ဦးသည် အနိစ္စရောက်၍ သားတော်ညွန့်သည် ရာဇာဓိရာဇ်အမည်နှင့် မင်းပြုတော်မူ၏။ ထိုအခါ ပုသိမ်, မြောင်းမြ ၃၂–မြို့ကို လောက်ဖျား နိုင်ငံ ခြား၍ မင်းပြု၏၊ (၇၄၇)[၂] ခုနှစ်ရာလေးဆယ့်ခုနစ်ခုတွင် မုတ္တမ ၃၂–မြို့ကိုလည်း ဗြဲသူပ နိုင်ငံ ခြား၍ မင်းပြု၏။ ဆင်ဖြူရှင် တရုပ်များကို ယောက်ဖတော် ရမည်းသင်းစား သီလဝသမီးနှင့် စုံဖက်တော်မူ၍ အိမ်ရှေ့အရာကို ပေးတော်မူ၏။ သားတော်အငယ် မင်းဆွေကိုလည်း ထိုသက္ကရာဇ်တွင်ပင် ပြင်စည်မြို့ကို ပေးတော်မူ၏။ ထိုသက္ကရာဇ်တွင် ပြည်မြို့ကို စားသော နောင်တော် ဓောရန်နောင် အနိစ္စရောက်၍ နောင်တော်အကြီး မြင်နိုင်းရွှေနန်းရှင်သားတော် မျက်နှာရှည်ကို ပြည်မြို့ကို ပေးတော်မူ၏။

## ၄၃၉။ မြောင်းမြစား လောက်ဖျားက မင်းကြီးစွာထံ သံစေပုံ အကြောင်း

သက္ကရာဇ် (၇၄၈)[၃] ခုနှစ်ရာလေးဆယ့်ရှစ်ခုတွင် ရာဇာဓိရာဇ်ဦးရီး ဖြစ်သော မြောင်းမြစား လောက်ဖျား* က ဘုရင်မင်းကြီးစွာသို့ လက်ဆောင် လက်နက် အများနှင့် စစ်တုရင်(၁)၊ မသဲ ၁၊ မသလ ၁၊ မစော်ဦး ၁၊ မစည်သွား ၁၊ သည် ၅–ယောက်** ကို ရွှေပေတွင် အက္ခရာရေး၍ လျှောက်လာ၏။ လျှောက်လာသော ရာဇသံတွင် ပါသည်ကား–

"ကျွန်ုပ် မြောင်းမြစား လောက်ဖျား ရှိခိုးသံတော်ဦး တင်ဝံ့သော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင် အဝရှင်ဘုရား... ဟံသာဝတီ ဆင်ဖြူသခင် ဒေါ်တဲ့ဦး အနိစ္စရောက်လျှင် သား မပသုံသည် လျှာတွင်လည်း စက်ရှိသည်။ ဒေါ်ပျားပွယ်

၁။ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတွင် ၄ စန်နုသါရီ ၁၃၈၄ ခု (၇၄၅ ခု တပို့တွဲလဆန်း ၁၂)တွင် ရာဇာဓိရာဇ် နန်းတက်ကြောင်း ဖော်ပြထား၏။ ၂။ အေဒီ ၁၃၈၃ ၃။ အေဒီ ၁၃၈၅ ၄။ အေဒီ ၁၃၈၆

* လောက်ဖျားသည် မြောင်းမြတွင် အခိုင်အမာနေသူဖြစ်ပြီး ဗြဲသူပ၏ညီလည်း ဖြစ်သည်။ စနီး (၁၆)ဦး၊ သားသမီး (၇၀)ကျော် ရှိသူဟု ဆိုသည်။ ** ရာဇာဓိရာဇ်အရေးတော်ပုံ ကျမ်း၌ စက်ဒရုဖ်၊ မပသို၊ မင်းစောသွေး၊ မတွန်းဂူ နှမပေါင်း ၄ ဦး ဟု တွေ့ရှိရ၏။

ဟူသော အမည်ကသည် **ရာဇာဓိရာဇ်** ဟူသော အမည်ကို ခံသည်။ အဖ ဆင်ဖြူရှင် ညောင်ဦး ရှိကတည်းကပင် ဘုန်းတွင် အဖကို ပုန်ကန်၍နေလေသည်။ ယခု ဟံသာဝတီကို ဝင်၍ မင်းပြုသည်။ အမိုင်အပြီး မရှိခင်ကို ရွေ့နန်းသစင် စီးတော်မူပါ။ ကျွန်တော်လည်း ပုသိမ်၊ မြောင်းမြအားနှင့် တကွ ရေကြောင်းချီပါမည်။ ရေကြောင်း၊ ကြည်းကြောင်း၊ ပဲကူး ဟံသာဝတီကို လုပ်ကြံရလျှင် အလွယ်သာ ရတော်မူမည်။ ထိုသို့ အလိုတော်ပြည့်လျှင် ဆင်ကောင်း၊ မြင်းကောင်း၊ မှူးကောင်း၊ မတ်ကောင်း၊ ပဒ္မြားရာ၊ ရွှေ၊ ငွေ အားလုံးကို သိမ်းယူတော်မူပါ။ "အစွန်ကိုသာ ကျွန်တော်ကို သနားတော်မူပါ" ဟူ၍ လျှောက်၏။

ဘုရင်မင်းကြီးစွာလည်း လောက်များ လျှောက်သော စကားကို ကြားတော်မူသော် ညည်းတပစ် ဧသော မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ထိုအခါ သားတော် အိမ်ရှေ့မင်း သက်တော် (၁၈)တစ်ဆယ့်ရှစ်နှစ် ခမည်းတော်ကို လျှောက်သည်ကား "ရာဇာဓိရာဇ်သည် မြောင်းမြစား လောက်များကိုမျှ မလုပ်ကြံနိုင်။ အင်အား နည်းသည်။ ရွှေဖဝါးတော်အောက်က အလုံးအရင်း ဆင်မြင်းအများနှင့် လုပ်ကြံရသော် ခံနိုင်မည် မဟုတ်ဖြစ်သောကြောင့် ကျွန်တော် ချီမည်" ဟု နားတော်လျှောက်၏။

### ၄၄၀။ အဝက ဟံသာဝတီသို့ စစ်တက်ခြင်း အကြောင်း

ဘုရင်မင်းကြီးစွာလည်း သားတော်အိမ်ရှေ့မင်း ဆင်ဖြူရှင်ကို ဗိုလ်မင်းခန့်တော်မူ၍ ကလေးစား တစ်တပ်၊ တောင်ငူစား တစ်တပ်၊ တောင်တွင်းစား တစ်တပ်၊ ရမည်းသင်းစား တစ်တပ်၊ စစ်ကိုင်းစား တစ်တပ်၊ ကျေးစား တစ်တပ်၊ မြေထဲစား တစ်တပ်၊ ဝတီးစားတစ်တပ်၊ သားတော်ဆင်ဖြူရှင် နောက်တပ်မ ဖြစ်၍ တောင်ငူကြောင်း ချီရသည်။ သည် ၉-တပ်တွင်ပါသည့် ဆင်လုံး မြင်းရင်းကား တိုက်ဆင် နှစ်ရာ၊ မြင်း ငါးထောင်၊ ဗိုလ် ခုနစ်သောင်း ပါသည်။

သားတော်ပြင်စည်မင်းဆွေ-ယင်းသောအခါ သက်တော် (၁၄)တစ်ဆယ့်လေးနှစ်သို့ အဝင် ဗိုလ်မင်းပြု၍ ပင်လယ်စားတစ်တပ်၊ ပြည်စားတစ်တပ်၊ ပင်းယစားတစ်တပ်၊ စလင်းစား တစ်တပ်၊ တလုပ်စားတစ်တပ်၊ ပုခန်းကြီးစားတစ်တပ်၊ ပုဂံစားတစ်တပ်၊ ညောင်ရမ်းစား တစ်တပ်၊ သားတော် ပြင်စည်မင်းဆွေ နောက်တပ်မ ဖြစ်၍ သာယာဝတီကြောင်း ချီရသည်။ သည်တပ် ၉-တပ်တွင် ပါသည့် ဆင်လုံး မြင်းရင်းကား တိုက်ဆင် နှစ်ရာ၊ မြင်း ငါးထောင်၊ ဗိုလ်ခြောက်သောင်း ပါသည်။

### ၄၄၁။ အိမ်ရှေ့မင်း ပန်းကျော့မြို့တပ်ကို တိုက်ယူခြင်း အကြောင်း

သားတော်ဆင်ဖြူရှင် တောင်ငူကြောင်း ချီရာမှာ ကျောက်မင်းလှသို့ ရောက်လျှင် တပ်နိုင် တပ်လုံတည်၍ **ပန်းကျော့**[၁] မြို့ကို လုပ်ကြံတော်မူသည်။ ပန်းကျော့စား နှမ့မိတ်လည်း သေလေ၏။ ပန်းကျော့မြို့ကို ရတော်မူလျှင် မြေထဲစားကို အလုံး ပန်းကျော့တစ်မြို့လုံးကိုလည်း ရတော်မူ၏။ ပန်းကျော့မြို့ကို ရတော်မူလျှင် မြေထဲစားကို အလုံး အရင်း ဆင်မြင်းအများနှင့် ထားတော်မူခဲ့၍ ညီတော်ပြင်စည်မင်းဆွေသို့ ကူတော်မူမည် ဟူ၍ ချီတော်မူလေ၏။

ညီတော်ပြင်စည်မင်းဆွေလည်း သာယာဝတီကြောင်းချီ၍ လှိုင်မြို့ကို ရောက်တော်မူလျှင်

၁။ ပန်းကျော့မြို့ (မွန်ဘာသာ ပေါင်ကုတ်)၊ စစ်တောင်းမြို့ အနီး၌ တည်ရှိသည်။

လှိုင်မြို့စား သမိန်စိတ်မှန်ကိုလည်း ရွပ်ရွပ်ချွံချွံ လုပ်ကြံတော်မူသည်။ လှိုင်မြို့ ပျက်လေ၏။ ဆင်, မြင်း (၁၀)များ ရတော်မူ၏။ ထိုအကြောင်းကို မွန်ရာဇာဓိရာဇ် ကြားလေသော် အလုံးအရင်း

ထိုအကြောင်းကို မွန်ရာဇာဓိရာဇ် ကြားလေသော် အလုံးအရင်း ဆင်, မြင်း (၁၀)များ ရတော်မူ၏။

ထိုအကြောင်းကို မွန်ရာဇာဓိရာဇ် ကြားလေသော် ... အရပ်တွင် တပ်တည်၍ နေတော်မူ၏။ မင်းဆွေလည်း နှင့် ရန်တပ်ချီလာ၍ ရက်ကာလီ ဟူသော အရပ်တွင် ... ဆော်ဒ်သို့ ချီရလေ၏။ ဆော်ဒ်စားလည်း အကျဉ်းဝယ်နေ၍ တိုက်နိုင် ပင်လယ်စားတစ်တပ်ကို ချွံ ဆော်ဒ်သို့ ချီရလေ၏။ ရဲမက်တော်တို့လည်း ပင်လယ်စား ဆုံးလျှင် ရှုံးရ၍ လေသောကြောင့် ပင်လယ်စား ဆုံးရှုံး၏။ ... တပ်တော်သို့ ပြန်ခဲ့၏။

နောင်တော် အိမ်ရှေ့မင်းသည် ညီတော်မင်းဆွေနှင့် ပေါင်း၍ ရာဇာဓိရာဇ်ကို တိုက်မည် ဟူ၍ ချီလေသည် အကြောင်းကို မွန်မင်းရာဇာဓိရာဇ် ကြားလေသော် ပန်ကျော်မြို့သို့ အပြင်းချီ၍ ပန်ကျော်မြို့ကို အစောင့်ထားသော မြေထဲစားကို တိုက်လေ၏။ မြေထဲစားလည်း မြို့ကျုံးမြောင်းကို ပြင်၍ ကြိုကြိုခံ၏။ ရာဇာဓိရာဇ် တိုက်လာသော အကြောင်းကိုလည်း အိမ်ရှေ့မင်းသို့ လျှောက်လာ၏။ အိမ်ရှေ့မင်းလည်း ညီတော်မင်းဆွေ အစရှိသော မှူးတော်မတ်တော်များနှင့် တိုင်ပင်တော်မူကြသော် ၁၇နံသို့ အရောက်ချီ၍ မြောင်းမြစား လောက်များနှင့် အပေါင်းနှင့် ပေါင်း၍တိုက်မည် ဟု ကြံတော်မူ၏။

ထိုအခိုက်တွင် ပန်ကျော်မြို့စောင့် မြေထဲစားက စေလာသော အကြောင်းကို ကြားတော်မူ၍ ရုံးနှုန်ညီနောင်နှစ်ပါး ပန်ကျော်မြို့သို့ ချီတော်မူကုန်၏။ ရာဇာဓိရာဇ်လည်း အမတ်များ သော်ကို ကင်းနေရသည်ဖြစ်သောကြောင့် အိမ်ရှေ့မင်းညီနောင် ကျိုက်ခေလို့ အရပ်သို့ မဟာသမွန်ကို ... ရောက်လာကြောင်းကို ရာဇာဓိရာဇ်သို့ လျှောက်လေ၏။ ရာဇာဓိရာဇ်လည်း ဆင်းလုံး မြင်းရင်း အများနှင့် စည်သံ, မောင်းသံ ပေးပြီးသော် တောခြေသို့ဝင်၍ မြေထဲစားတပ်ကို တိုက်လေ၏။ မြေထဲစားလည်း ကြံကြံခံ၍ မတိုးရဲနိုင်လျှင် လှင်သို့ ဆုတ်၍ နေလေ၏။

### ၄၄၂။ ရာဇာဓိရာဇ်နှင့် အိမ်ရှေ့မင်း တိုက်ပုံ အကြောင်း

အိမ်ရှေ့မင်းညီနောင်လည်း ရာဇာဓိရာဇ်ကို ထပ်၍ လိုက်ရာတွင် အိမ်ရှေ့မင်း မြင်းတပ်နှင့် ရာဇာဓိရာဇ် တွေ့ကြလေသော် ရာဇာဓိရာဇ်လည်း အရိုင်ဟူသော ဆင်ကို စီး၍ မြင်းတပ်ကို ခံ၏။ မြင်းတပ်သားတို့လည်း ထပ်၍လိုက်ရာတွင် အဆွေးဆွေးရှိကြလေ၏။ ထိုအခါ မြင်းသုံးစီး လေးစီး သေချေ၏။ ရာဇာဓိရာဇ် ဆင်ခြေဖုံးတို့လည်း သုံးရာကျော်ခန့် သေလေ၏။ ရာဇာဓိရာဇ် စီးသောဆင်လည်း အမြီးပြတ်လေ၏။ သို့လျှင် စစ်ကိုရုပ်၍ အပြင်းပြန်လေ၏။ ပြင်စည်မင်း-မင်းဆွေလည်း ထပ်၍ ဆင်မြို့တိုင်အောင် လိုက်လေ၏။ မွန်မင်း ရာဇာဓိရာဇ်လည်း ဆင်မြို့တွင် နေသော ပြင်စည်မင်း-မင်းဆွေ စစ်သည်ကို တိုက်ပြန်မည် ဟူ၍ စာရေး ဘောဂရာဇာကို ဆင်ခြေဖုံးတို့ လူပေါင်း အတိအကျ ရမည်နည်းဟု စာရင်းယူရ၏။ စာရေး ဘောဂရာဇာလည်း "လူအပေါင်း ဆင်ခြေဖုံး တစ်ရာကျော်၊ သေနတ်ကိုင်ကုလား (၃၀၀)သုံးရာ၊ လက်နက်ကိုင် သူရဲကောင်း တစ်သောင်းကျော် ရှိ၏" ဟူ၍ လျှောက်ပြီးလျှင် ဆင်လုံး မြင်းရင်းနှင့် အရိုင်ကိုပင် စီး၍ ထွက်လာ၏။

### ၄၄၃။ ဆင်မြို့အနီး ရာဇာဓိရာဇ်နှင့် တိုက်ပုံ အကြောင်း

ယင်းသောအခါ မြို့သစ်ကလည်း ပြည်သူလူထု ရဟန်းတို့လည်း တက်၍ ကြည့်ကြကုန်၏။ သခေါ်ကုလားတို့သည်လည်း ကြည်းသို့တက်၍ ကြည့်ကြကုန်၏။ ထိုသို့ ကြည့်ကြ

သည်ကို ပြင်စည်မင်း–မင်းဆွေ မြင်တော်မူလေသော် နောင်တော် အိမ်ရှေ့မင်းသို့ စေလိုက်၏။ မွန်တို့သည် ကျွန်ုပ်တို့ကို စစ်အင်မတူ။ သို့ကို ရာဇာဓိရာဇ် ဖြို့ကာ မွာ၍ လာသည်၊ အလာသည် အကြောင်းရှိမည် ဟူ၍ လျှောက်၏။ အိမ်ရှေ့မင်းလည်း ညီတော် ပြင်စည်မင်းက လျှောက်သောစကားကို ကြားတော်မူသော် ညီတော်သည် ဆင်မြို့ ချောင်းကို အလျင် မကူးနှင့်ဦး၊ စစ်ရေးကိုကြည့်၍ လုပ်ကြရမေဟု မှာတော်မူ၏။ ညီတော် ပြင်စည်မင်းလည်း နောင်တော်ကို အမျက်ထွက်၍ ဤသို့ဆို၏။ "ခမည်းတော်ခြေတော်ရင်းက လာရသည် အလာသည် ပစာကို ရည်၍ လာရသနည်း။ သင်း မထွက်မည်ကိုသာစိုး၍ သင်း ထွက်ပါစေသောဟု ဆုတောင်းဆုယူ၍ ရကွဲစိုး၊ ဘုမ္မစိုးတို့ကို တိုင်တည်သည်။ ယခုမှကို မနေပြီ" ဟူ၍ ရဲမက် ဗိုလ်ပါတို့ကို ဆင်မြို့ချောင်းကို ကူးရလေ၏။ နောင်တော် ဆင်ဖြူရှင်ကလည်း မြင်းနှင့် အပြင်းစေ၍ တားလာရ၏။ ထိုသို့ တားရာတွင် စစ်သည်တော်တို့ အကွဲကွဲ ရှိချေ၏။

စစ်သည်တော်တို့ အကွဲကွဲရှိသည်ကို မွန်ရာဇာဓိရာဇ်က မြင်လေသော် ချည်သံ၊ မောင်းသံ ပေး၍ တိုက်လေ၏။ ပြင်စည်မင်း– မင်းဆွေ စစ်သည်တို့သည် အညီ မရောက်မီ ချောင်း တစ်ဖက်က ရှိသေးသည်နှင့်၊ နောင်တော်အိမ်ရှေ့မင်းလည်း မထပ်လာသေးသည်နှင့် သူက တိုက်လျှင် စစ်သည်တော်တို့ ရွေ့ချေ၏။ တောင်ငူတပ်၊ တောင်တွင်းတပ်၊ ရမည်းသင်းတပ်၊ သည်တပ်များ အတွေးတွေး ရှိချေ၏။ မြင်းတပ်ကူမည် လာသည်လည်း မတတ်နိုင်၍ ချောင်းတွင်ချည်း ရှိချေ၏။ ရာဇာဓိရာဇ်လည်း စစ်ရွေ့သည်ကို မြင်လျှင် ထပ်၍ တိုက်လေ၏။ ပြင်စည်မင်း စစ်သည်တို့လည်း ပျက်ချေ၏။ တပ်မှူး၊ ဗိုလ်မှူး အပေါင်းတို့လည်း စစ်ကိုရုပ်၍ အရုံးအစု မပျက်အောင် သိမ်းဆည်း၍ တပ်သို့ ပြန်ကြလေ၏။

တပ်သို့ရောက်၍ ၅ ရက်ရှိလျှင် အိမ်ရှေ့မင်းညီနောင် တပ်မှူး၊ ဗိုလ်မှူး အပေါင်းနှင့် တိုင်ပင်တော်မူသည်ကား "ယခု ငါတို့ ချီလာသည် ၅–လကျော်ရှိ၍ မိုးလနီးပြီ၊ ခြောင်းမြစား လောက်ဖျားလည်း ငါတို့နှင့် အကူအညီ အဖော်မရဖြစ်သည်။ ဟံသာဝတီ အကြောင်းကိုလည်း ငါတို့ သိရပြီ။ နေပြည်တော်သို့ ပြန်၍ ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ဖြည့်တင်း၍ မိုးစဲလေသာကို ချီရသော် ဟံသာဝတီသည် ငါတို့လက်က လွတ်နိုင်ရာသော သဘောမရှိ" ဟူ၍ တိုင်ပင်ပြီးမှ ပြန်တော်မူ၏။

## ၄၄၄။ ရာဇာဓိရာဇ်က အဝသို့ သံစေပုံ အကြောင်း

အိမ်ရှေ့မင်းညီနောင် ပြန်၍ နှစ်လခန့် ရှိလျှင် မွန်မင်း **ရာဇာဓိရာဇ်**လည်း မှူးကြီး မတ်နိုင်တို့ကိုခေါ်၍ တိုင်ပင်တော်မူသည်ကား "ရတနာပူရ အင်းဝပြည်ကြီးသည် အလုံးအရင်း ဗိုလ်ပါလည်း များလှသည်။ ယခု ချီလာသည်လည်း အရပ်အနေ မသင့်သောကြောင့်သာ စစ်ရွေ့ချေသည်။ နောက်တစ်ကြိမ် ဘုရင်မင်းကြီးကိုယ်တော် ကြပ်မတ်၍ ချီလာချေသော် ခက်ချိုမည်ဖြစ်သည်" ဟူ၍ ကြံပြီးသော် လက်ဆောင် လက်နက်အများနှင့် ရွှေပေတွင် အက္ခရာ ရေး၍ ရွှေတောင်များ ၁၊ စောဘွက် ၁၊ သည့်နှစ်ယောက်တို့ ဆက်လာရ၏။[၁] ပါးသည့် လက်ဆောင်ကား မည်သရီ၊ ကတ္တီပါ၊ မှိုင်းလုံး၊ နီလကန္တီ၊ ပုဆိုးကောင်း၊ သဟာန်၊ ပတ္တုနီ၊ ရမတီးပိတ်၊ နံ့သာ၊ ဖုံးမသိမ်၊ ကာရမက်၊ အကျော်၊ စမွာ၊ နှင်းရည်၊ အန်ဖတ်၊ ဝရဆေး ပါသည်။ ပါးလိုက်သည့် ရာဇသံတွင် ပါသည်ကား–

၁။ အရေးတော်ပုံကျမ်းတွင် အမတ်ဓိုက်ညှ (ဒိတ်ညှ)နှင့် စောလွတ် (ခံထောက်) တို့ ဖြစ်ကြ၏။

၄၄၃။ ရာဇာဓိရာဇ်က မင်းကြီးစွာထံ သံစေပုံ

"ကျွန်ုပ် နားတော်လျှောက်ပုံသည် ဘကြီးတော် ရွှေနန်းသခင်… ကျွန်ုပ် မောင်တော် မရှိလျှင် ဘကြီးတော်ရွှေနန်းသခင်နှင့် ကျွန်ုပ်အကြားကို မြောင်းမြစား လောက်များသယ်သည် ရစ်ပြီ မပ်သိမ်းသော သစ္စာပါတို့သည် မပြီးမပျမ်း ဆင်းရဲခြင်းသို့ ရောက်ရသည်။ ကျွန်ုပ်မည်သော် ရှိကတည်းကပင် ကျေးဇူးသစ္စာနှစ်ပါးကို မမေ့သည် ဖြစ်၍ ပုန်ကန် သောင်းကျန်းသသူ ဖြစ်သည်။ ဘကြီးတော်ဘုရားကိုလည်း ရှည်လတ်သော အနက်တူမည်သူ ဖြစ်သည်။ ကျွန်ုပ်လည်း သင့်ကို မနိုင်ဘဲကို မေ့၍ ဘကြီးတော်ဘုရားလည်း ညီတော်ရှိသော ကာလကဲ့သို့ ကျွန်ုပ်ကို သနားချစ်ကြည်တော်မူပါ"

ဟူ၍ လျှောက်၏။

၄၄၆။ အိမ်ရှေ့မင်း ညီနောင်ထံ အသီးအခြား မှာပုံ

သံတို့တွင်လည်း အခြား ဤသို့မှာ၏။ "နောင်တော်နှစ်ပါး ကျွန်ုပ်မြို့သို့ လာရောက်တော်မူသည်လည်း နှမ်းနှမ်း ပြန်တော်မူလေသောကြောင့် မည်သည်မျှ လက်ဆောင် မထွက်မနပ် ပါရ ဖြစ်သည်" ဟူ၍ ရွှေသော်ရုပ်, ရွှေကြုတ်, ရွှေငါးရုပ်, ရွှေပုစွန်ရုပ်, ရွှေဘီလားရုပ်, ပုဆိုးကောင်း, ခါသာ, ကရကက်,နံ့သာ, ဖုံမသိန်, နှင်းရည်, အိမ်ရှေ့မင်းနှင့် ညီတော် ပြင်စည်မင်း-မင်းရွှေသို့ ပါးလိုက်၏။

သံတို့ မြစ်တော်ရင်းသို့ ရောက်၍ ရာဇသံစကားကို ကြားတော်မူလျှင် ဘုရင်မင်းကြီးစွာ ဤသို့ မိန့်တော်မူ၏။ "အကြင် ဥပမာ မည်သည်ကား 'ထောင်းသည်မနာ၊ ကြိတ်သည်နာ' ဆိုသကဲ့သို့ ငါ့သားတို့ သင်းကို မွှံသည်ကို နှုတ်ရေးဖြင့် နှိပ်စက်၍ ဆိုလေသည်။ ရှေ့သို့ ဝှသိမ်, မြောင်းမြသည် မွန်ကလေး လက်ဝင် ဖြစ်မျိုမည်" ဟူ၍ သံနှစ်ယောက်ရှေ့တွင် မိန့်တော်မူ၏။ သံတို့ကို တစ်လလောက် နေစေပြီးသော် ပဏ္ဍာကာရအများ တုံ့တော်မူ၍ လွှတ်တော်မူ၏။

၄၄၇။ မြောင်းမြစား လောက်ဖျားက သံစေပြန်ကြောင်း

မြောင်းမြစားလောက်ဖျားလည်း ရာဇာဓိရာဇ်က သံစေကြောင်းကို ကြားလျှင် ပဏ္ဍာကာရအများနှင့် မိမိသမက် သမိန်ရဲသင့်ရဲကို လျှောက်လာရ၏။ လျှောက်စာတွင် ပါသည်ကား-

"ကျွန်တော်လောက်ဖျား ရှိခိုးသံတော်ဦးတင်ဝံ့သော ဘုန်းတော်ကြီးလှသော အရှင်ဘုရား… ယမန်တွင် သားတော်နှစ်ပါး ဆင်လုံးမြင်းရင်းအများနှင့် ချီတော်မူလာသည်။ ကျွန်တော်လည်း မမိခင်၊ သားတော်နှစ်ပါးလည်း အညီအညွတ် မရှိခင်သူ တိုက်လေသောကြောင့် စစ်မလှ ရှိရလေသည်။ ကျွန်ုပ်ကျွန် အပြစ်တော်ကို ခံပါတော့သည်။ သည်တစ်ကြိမ် ဘုရားကိုယ်တော်ချီ၍ အလွဲဟုသော အရပ်တွင် နေတော်မူပါ။ ကျွန်တော်အဖြစ် မြေရင်းတော်သို့ ရောက်လာပါမည်။ ဘုရားကိုယ်တော် ရောက်တော်မူလျှင် လိုင်မြို့ကို တိုက်မည်။ လိုင်မြို့ကို အလိုတော်ပြည့်လျှင် မော်ဝီမြို့ကိုတိုက်မည်။ မော်ဝီကိုနိုင်လျှင် တလမြို့ကို တိုက်မည်။ တလကိုနိုင်လျှင် ဒဂုန်မြို့ကို တိုက်မည်။ ဒဂုန်မြို့ကို နိုင်လျှင် ပဲကူးမြို့ကို တိုက်မည်။ သည်ကဲ့သို့ ဘုရားကိုယ်တော်

လုပ်ကြံသည် ရှိသော် ဗညားနွဲ့ကို အလွယ်သာ ရတော်မူမည်" ဟူ၍ နားတော် လျှောက်၏။

## ၄၄၈။ မြောင်းမြစား လောက်ဖျား ချီဝင်၍ မင်းကြီးစွာ ကိုယ်တော်တိုင် ချီပုံ အကြောင်း

လောက်ဖျားက လျှောက်သောစကားကို ကြားတော်မူလျှင် နိုင်ငံတော်အလုံး၌ ရှိသော မြို့စား, ပြည်စားတို့ကို ခေါ်ချ ရုံးစုတော်မူ၍ သက္ကရာဇ် (၇၄၉)[1] နှစ်ရာလေးဆယ်ကိုးခုတွင် သားတော်အကြီး အိမ်ရှေ့မင်းကို ကြည်းတပ်မှာ ဗိုလ်မှူးခန့်တော်မူသည်။ ပါသော တပ်ကား တောင်ငူစား တစ်တပ်၊ တောင်တွင်းစား တစ်တပ်၊ ရမည်းသင်းစား တစ်တပ်၊ ပင်လယ်စား တစ်တပ်၊ မြင်စိုင်းစား တစ်တပ်၊ ကလေးစားတစ်တပ်၊ ပင်းယစားတစ်တပ်၊ ညောင်ရမ်းစား တစ်တပ်၊ တပုံရှင်းစား တစ်တပ်၊ အမြင့်စားတစ်တပ်၊ အိမ်ရှေ့မင်း နောက်တပ်မ ပြုံချီရသည်။ တစ်ဆယ့်တစ်တပ်တွင် ပါသည် ဆင်လုံး မြင်းရှင်းကား တိုက်ဆင်လေးရာ မြင်းခြောက်ထောင်၊ ဗိုလ်တစ်သိန်းနှစ်သောင်း။ ရေကြောင်းမှာ ပြည်စားတစ်တပ်၊ မြေထဲစားတစ်တပ်၊ စကုစား တစ်တပ်၊ စလင်းစားတစ်တပ်၊ တလုပ်စား တစ်တပ်၊ ပုခန်းကြီးစား တစ်တပ်၊ စစ်ကိုင်းစား တစ်တပ်၊ မှုမ်းနှစ်တပ်၊ ဘုရင်မင်းကြီးစွာကား ရတနာရွှေလောင် စီးတော်မူ၍ ချီတော်မူသည်။ ရေကြောင်း ဆယ်တပ်တွင် ပါသော အလုံးအရင်းကား သံလေ့, လှော်ကား, ကြေးလေ့, တစ်ထောင်၊ ကုန္တပ်, သမ္ဗန်, ကတ္တူ, လှန်းကြင်တိုက်လှေ တစ်ထောင့်နှစ်ရာ၊ ဗိုလ်တစ်သိန်း ခုနစ်သောင်းနှင့် ချီတော်မူသည်။ ပြင်စည်မင်း မင်းဆွေနှင့် လေးတပ်သားကို မြို့စောင့်ခန့်တော် မူသည်။ အဝက ချီတော်မူ၍ ပြည်မြို့သို့ ရောက်တော်မူလျှင် ရိက္ခာသို့ အစရှိသော အနေအထား သင့်အောင် စီရင်တော်မူ၍ စန့်တော်မူလေ၏။

အလွဲဟူသော အရပ်သို့ ရောက်တော်မူလျှင် မြောင်းမြစားလောက်ဖျားလည်း အဆွေ အမျိုးတို့ကို ရုံးစု၍ သဘော ၅-စင်း, ရဲလှေ ခုနစ်ဆယ်, လှော်ကားကြေးလေ့ နှစ်ရာလောက် နှင့် ဝဝန်ဝသို့ ကြိုလာ၏။ ဘုရင်မင်းကြီးစွာကလည်း စနေ့ရာစ်ကို လောက်ဖျားသို့ ရောက်တော်မူ ကြောင်းကို စေတော်မူ၏။ စနေ့ရာစ်လည်း ဤသို့ဆို၏။ "အရှင်ဝတ်၊ ကျွန်ဝတ် ပဏ္ဏာကားရှင် ခြေရင်းတော်သို့ သွား၍ ဆက်မှ သင့်မည်" ဟု ဆို၏။ ထိုစကားကို လောက်ဖျား ကြားလျှင် ဤသို့ ဆို၏။

## ၄၄၉။ စနေ့ရာစ်နှင့် လောက်ဖျားတို့ ပြောဆိုပုံ အကြောင်း

"အကြင် ဥပမာကား လူတစ်ယောက်သည် သူကြေးတင်သည်ကို တစ်ယောက်ကြေးကို ယူ၍ ဆပ်ပြန်သတည်း။ ကြေးဟောင်းသခင် ကျွန်လည်းဖြစ်၊ ကြေးသစ်သခင် ကျွန်လည်းဖြစ် ဆိုသကဲ့သို့ ဗညားနွဲ့ကို ရှိခိုးရစေတော့" ဟူ၍ လောက်ဖျား အမျက်ထွက်၍ ဆို၏။ စနေ့ရာစ်လည်း "အစ်ကိုကို သင့်မည် ဟူ၍သာ ငါဆိုသည်၊ မသင့်လျှင် နေတော့" ဟူ၍ ဆို၏။ ထိုစကားကို ဘုရင်မင်းကြီးစွာ ကြားတော်မူလျှင် စနေ့ရာစ်ကို အမျက်ရှိ၍ နှုတ်ပြစ်တင်တော်မူ၏။ အရောက်ညီ ကြလျှင် လှိုင်မြို့ကို လုပ်ကြံတော်မူ၏။ လှိုင်မြို့တွင်လည်း ရာဇာဓိရာဇ် စစ်သူကြီး အမတ်ဒိန်

---

[1] ၁။ ဆေဒီ ၁၃၈၇

မရေမျှ မကျီရွက် ခံလေသောကြောင့် နှစ်ကြိမ်၊ သုံးကြိမ် လုပ်ကြံတော်မူလေသော်လည်း ရှုံ၍ တစ်လခန့် နေတော်မူ၏။ မော်ပီမြို့မှာလည်း ပင်းယစား၊ ပင်လယ်စားတို့ကိုလည်း တပ်ကြီး တပ်နိုင် တည်၍ နေရ၏။

## ၄၅၀။ ရာဇာဓိရာဇ် မော်ပီတပ်ကို တိုက်လာခြင်း အကြောင်း

ရာဇာဓိရာဇ်ကလည်း သံပြတ်တစ်တပ်၊ စစ်လောင်းတစ်တပ်၊ ယော်ကရော်တစ်တပ်၊ သမိန်ဖြတ်စေတစ်တပ်၊ ရာဇာဓိရာဇ် တပ်မပြု၍ ချီတော်မူ၏။ ၅–တပ်တွင် ပါသော ဆင်လုံး မြင်းရင်းကား ဆင်ပေါက်မ နှစ်ရာ၊ ဗိုလ်ခြေခက်သောင်းနှင့် မော်ပီတွင် တပ်ချ၍ နေတော်မူ၏။ ရာဇာဓိရာဇ်လည်း ဖြလမှု[၁]ဟူသော ဆင်ကိုစီး၍ ဆင်ခြေဖုံး ခုနစ်ရာနှင့် မော်ပီတွင် နေသော ပင်းယစားတပ်ကို လှည့်၍ ကြည့်တော်မူလာ၏။ မော်ပီတွင်နေသော ပင်းယစား၊ ပင်လယ်စား တို့လည်း မွန်တစ်ယောက်ကိုဟစ်၍ ဆိုစေ၏။ "ဟယ် မွန်ကလေး... နင် တိုက်ဝံ့မည်လော၊ တိုက်ဝံ့လျှင် တပ်တံခါးကို ဖွင့်မည်"ဟူ၍ ဆိုစေ၏။ ရာဇာဓိရာဇ်လည်း "နင်တို့ တပ်တံခါးကို ဖွင့်မည် မှန်လျှင် ဝင်၍ တိုက်မည်"ဟု ဆို၏။ "နင် ဝင်၍တိုက်မည် မှန်လျှင် ဖွင့်မည်"ဟူ၍ ဆိုပြန်စေ၏။ ရာဇာဓိရာဇ်လည်း "ဖွင့်ဆန်းသာဖွင့်၊ ငါဝင်၍ တိုက်မည်"ဟူ၍ ဆို၏။ ပင်းယစား၊ ပင်လယ်စားတို့ကလည်း တပ်တောင်တာ စည်းကြပ်လျက် ဆင်, မြင်း ကပြီးမှ တံခါးကိုဖွင့်၏။ ရာဇာဓိရာဇ်လည်း သူရဲ ခုနစ်ရာနှင့် ဝင်၍ တိုက်လေ၏။ ပင်းယမင်းလည်း ဆင်နှင့်ခံ၍ တိုက်လေ၏။ ဆင် အားမတန်ချေ၍ ရှေ့ချေ၏။ တပ်အလုံးကိုလည်း မီးထင်း တိုက်လေ၏။ စစ်သည်တော်တို့လည်း အများပင် ထိပါး ရှုံးချေ၏။

## ၄၅၁။ ရာဇာဓိရာဇ်က မြန်မာတစ်ယောက်ကို မင်းကြီးစွာစောကဲထံသို့ စေရောက်ခြင်း အကြောင်း

ဘုရင်မင်းကြီးစွာလည်း မော်ပီတွင် နေသောတပ် ပျက်ကြောင်းကို ကြားတော်မူလျှင် မသက်မသာ ရှိတော်မူ၏။ လောက်ဖျားလည်း ရာဇာဓိရာဇ်ကို ရှုံ့ချေ၍ "ကျွန်တော်တို့ လိုင်တွင် နေသည်၊ ရောက်မိလှသည်၊ ရေနက်ရာသို့ နေပါမည်"ဟူ၍ လျှောက်၏။ နေတော့ ဟူ၍ မိန့်တော်မူလျှင် ပန်းလိုင်သို့ နေလေ၏။ ရာဇာဓိရာဇ်လည်း မြန်မာတစ်ယောက်ကို ဖမ်း၍ရလျှင် "ဘုရင်မင်းကြီးစွာသည် ငါက လက်ဆောင်လက်နက်အများနှင့် ဆက်လျှောက်ပါသည်ကိုကား စကားတစ်ခွန်းမျှ မရပါ၊ သူပုန်သူဆိုးတို့ စကားကိုမူကား ယူ၍ ချီလာလတ်သည်၊ ငါ ယခု အခြားကို မတိုက်ပြီ၊ ဘုရင်မင်းကြီးစွာကို ရွယ်၍ တိုက်မည်"ဟုဆို၍ ထိုလူကို လွှတ်လိုက်၏။ ထိုလူလည်း တပ်တော်သို့ရောက်လျှင် ရာဇာဓိရာဇ် ဆိုသော စကားကို လျှောက်၏။ မြင်စိုင်းမင်း ရနိုင်မင်းတို့လည်း "မွန်ကလေး ရဲစေ၊ ရဲမှ ငါတို့ လိုက်ရမည်" ဟူ၍ ဆိုကြ၏။

## ၄၅၂။ မင်းကြီးစွာစောကဲ မွန်ပြည်မှ ပြန်လည်တော်မူခြင်း အကြောင်း

ဘုရင်မင်းကြီးစွာလည်း ငါတို့တပ်တွင် လူနာလူဖျား များချေသည်။ ဖြုတ်, ခြင်ရဲလည်း များလှသည်။ တခြားသို့ ပြောင်း၍နေမည် ဟူ၍ မိန့်တော်မူပြီးလျှင် အခြားသို့ပြောင်း၍ တစ်လခန့် နေတော်မူ၏။ ထိုအခါ သားတော်ဆင်ဖြူရှင် အစရှိသော တပ်မှူး, စစ်ကဲအပေါင်းတို့

---

[၁] ရာဇာဓိရာဇ် စီးသော ဆင်အမေပါက်ကို ...

ပေါ်တော်မူပြီးသော် ဤသို့ မိန့်တော်မူ၏။ "ယခု ငါတို့သည် လောက်များစကားကို နာ၍ မွှန်ပြည်သို့ ရှိလာသည်။ လောက်များလည်း ကြီးကြီးကျယ်ကျယ် အမှုတော်ကို မထမ်း။ လိုင်မြို့၊ တလမြို့၊ ဒဂုန်မြို့၊ မော်ဓိမြို့တို့ကို အကြိမ်အဖန် များစွာ လုပ်ကြသော်လည်း မရချေ။ ယခု လည်း မိုးလကျတော့မည် နီးပြီ၊ စစ်သည် မက်သည်တို့လည်း အနာအဖျား များလှသည်။ ပြန်တော်မူ၍ ရံမက်၊ ဗိုလ်ပါ၊ ဆင်လုံး၊ မြင်းရင်းတို့ကို ပြည်တင်းတော်မူ၍ နောက်မှ ချီသော် သင့်မည် ထင်သည်"ဟု မိန့်တော်မူ၏။ သားတော် အစရှိသော မှူးတော်၊ မတ်တော်တို့လည်း သင့်လှပြီ ဟူ၍ နားတော်လျှောက်လျှင် တပ်ခွာ၍အတိုင်း ပြန်တော်မူ၏။

## ၄၅၃။ ဗောမင်း သိုင်ဘွား သမီး ရှင်မိနောက်ကို သားတော်မင်းခေါ်နှင့် စုံဖက်တော်မူကြောင်း

သက္ကရာဇ် (၇၅၁)[1] ခုနှစ်ရာငါးဆယ့်တစ်ခုတွင် ဗောမင်း သိုင်ဘွားက အဆင်းအင်္ဂါ လက္ခဏာ ကြီး၊ ငယ်နှင့်ပြည့်စုံသော သမီးတော် ရှင်မိနောက်ကို ဆက်လာ၏။ ဘုရင်မင်းကြီးစွာ လည်း စည်းတပစ်ကို တိုင်ပင်တော်မူ၏။ စည်းတပစ်လည်း အမြိတ်အနွယ်တော် ဖြစ်သော သားတော် ပြင်စည်စား မင်းခေါ်နှင့် စုံဖက်တော်မူမှ သင့်မည် ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းကြီးစွာလည်း မြောက်နန်းမိဖုရားတွင် မြင်သော သားတော် ပြင်စည်စား မင်းခေါ်နှင့် စုံဖက်တော်မူ၏။

မဟာရာဇဝင်ကြီး ဆဋ္ဌမတွဲ ပြီး၏။



ဗြဲသေ့မီး နတ် အယယ်ရုတ္တ ( ပုံ )။

ဤစာ ပြီးလစ် သက္ကရာဇ်ကား ၁၂၄၄ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၁ ရက် (၅ နိုဝင်ဘာ ၁၈၈၂) တနင်္ဂနွေနေ့ သုံးချက်တီးကျော် အချိန်တွင် မဟာရာဇဝင် ဆဋ္ဌမတွဲကို ရေးကူး၍ ပြီး ဆောင်မြင်သည်။

[1] သေဒီ ၁၃၈၉



ဗြဟ္မာရုပ် နန်းဘုရား ( ပုဂံ )

# မဟာရာဇဝင်ကြီး

## သတ္တမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**၅၅၄။ ရာဇာဓိရာဇ် မြောင်းမြစား လောက်ဖျားကို တိုက်ယူပုံ**

**သက္ကရာဇ် (၇၅၁)**[၁] ခုနှစ်ရောင်ါးဆယ့်တစ်ခုတွင် မွန်မင်း ရာဇာဓိရာဇ်သည် မြောင်းမြစား လောက်ဖျားကို တိုက်လေ၏။ လောက်ဖျားကိုလည်း ရလေ၏။ လောက်ဖျားသား ဗြကွန်နှင့် သမက်ဗြကျင် နှစ်ယောက်မှကား အလုံးအရင်း ဆင်, မြင်း, ကျေးကျွန်နှင့်တကွ ဘုရင်မင်းကြီးစွာသို့ ကျွန်ခံ ဝင်လာ၏။ ဘုရင် မင်းကြီးစွာလည်း လောက်ဖျားသား ဗြကွန်ကို "မှော်ရထား" ဟူသော အမည်နှင့် စလင်းမြို့ကို ပေးတော်မူ၏။ သမက်ဗြကျင်ကိုလည်း "လက်ဝဲ ပျံချီ" ဟူသော အမည်နှင့် ပြည်စား မျက်နှာရှည်မရှိပြီ ဖြစ်၍ ပြည်မြို့ကို ပေးတော်မူ၏။

ထိုသက္ကရာဇ်တွင် မွန်မင်းရာဇာဓိရာဇ်သည် သားဖြစ်သော "ဗောလောကျွန်းတော" ကို မယုံကြည်၍ "သတ်ချေ" ဟူ၍ မြောင်းမြမြို့က ဟံသာဝတီသို့ စေတော်မူ၏။ သားတော်ဗောလောကျွန်းတောလည်း သတ်မည် လာသူတို့ကို တောင်းပန်၍ သုံးရက်တိုင်တိုင် ရွှေမော်ဓော ဘုရားမှာ အဘိဓမ္မာတရားတော်ကိုနာ၍ မိမိဝတ်သော ပဝါဖြူမြားခြေရှင်း, ပဝါဖြူမြားလက်ကောက်, ပဝါဖြူမြားနားတောင်း, ပဝါဖြူမြားဘယက်တို့ကို ပူဇော်၍ ဤသို့ ဆုတောင်း၏။ "ငါသည် ခမည်းတော်ကို ယင်မတာစ်ပေါက် သေးသောက်လောက်အောင်မျှ ကြီမ်ချေသော် ဤကိုယ် အဖြစ်မှ စုတေသော်လည်း ငရဲကြီးရှစ်ထပ်, ငရဲငယ် (၁၂၈)တစ်ရာနှစ်ဆယ့်ရှစ်ထပ်၌သာ ခံရသည်ဖြစ်၍ လာလတ္တံ့သော ဘုရားတို့၌ မဖူးတွေ့ရသည် ဖြစ်စေသော။ ငါသည် ခမည်းတော်ကို မသင့်တင့်သော အကြံအစည်ကို မကြံပါလျှင်လည်း ဤကိုယ်အဖြစ်မှ စုတေသည်ရှိသော် မြန်မာမင်းတို့၏ ဝမ်း၌ ပဋိသန္ဓေနေပြီးမှ ဖွားမြင်၍ အရွယ်သို့ရောက်သော် မွန်ပြည်ကို နှိပ်နင်းညှဉ်းဆဲရသည် ဖြစ်စေသော" ဟူ၍ မိဋ္ဌာန်သစ္စာပြုပြီးမှ ဖုံးမသိန်သုံးကျပ်သားကို သံပရာရည်နှင့် သောက်၍ အနိစ္စရောက်လေ၏။ သတ်စေသော သူတို့လည်း ထိုသို့ ဆုတောင်းလေသော အကြောင်းကို ရာဇာဓိရာဇ်အား လျှောက်လေ၏။ ရာဇာဓိရာဇ်လည်း ဆုတောင်းကြီးလှသည်ဟူ၍ ဟံသာဝတီသို့ ရောက်လျှင် ရွှေမော်ဓောဘုရားကို ဖြမ်းဆင်စေပြီးသော် ထီးရုရားသီးကသည် မြေတိုင်အောင် ရွှေသည်၍ ဤသို့ ဆုတောင်း၏။ "ငါသည် ဘုရားရှင်ကို ရွှေပြားကိုယ်တော်ပြည့် ထည့်လှူ ရသော အကျိုးအားဖြင့် ဤကိုယ်အဖြစ်မှသည် နိဗ္ဗာန်သို့ ရောက်သေးသော ဘဝတို့၌ ရန်သူ အပေါင်းတို့ ကြံ၍ မဖြစ်နိုင်သည်သာ ဖြစ်စေသော" ဟူ၍ ပဋ္ဌာနာပြု၏။

---

[၁] အေဒီ ၁၃၈၉

ဇောလောကကျွန်းတောလည်း၊ ထိုကိုယ်အဖြစ်မှ စုတေလေသော် ပြည်စည်မင်း၊ မင်းရွှေ မြောက်သားတော် ရှင်မိနှောက်ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ရှင်မိနှောက်လည်း ဝမ်းတွင် ပဋိသန္ဓေ ရှိလတ်သော် မွန်ပြည် ဒလမြို့၌ ရှိသော သရက်သီးကို စားချင်၏။ ဟံသာဝတီ မွန်စလိုင် ရေ"ကို သောက်ချင်၏။ မုတ္တမမြေကို စားချင်၏။ ဤသို့ချင်ခြင်း ဖြစ်လတ်သော် မြောက် သားတော် ပြင်စည်မင်း မင်းရွှေလည်း မွန်မင်းရာဇာဓိရာဇ်သို့ ဓေယျဟူသော သူကို ဖဲ ၁၀၊ ဆောင်း ၁၀၊ ကတိုး ၁၊ သည်လက်ဆောင်နှင့် ရွှေပေတွင် အက္ခရာ ရေး၍ စေတော်မူ၏။ ရာဇသံတွင် ပါတော်မူသည်ကား-

"အလွန် ချမ်းကြည်လေးမြတ်၍ ညီတော် အကြောင်းကြားလိုက်အပ်သော မွန် တော် ဘုရင်ရာဇာဓိရာဇ်... ဒလမြို့ဝယ်ရှိသော သရက်သီး အနိုင်အမြတ်၊ မုတ္တမ မြေနှင့် မွန်စလိုင်ရေသည်များကို ကျေးဇူးတော်ပြု၍ ပေးတော်မူစေချင်ပါသည်" ဟူ၍ မှာတော်မူ၏။

မွန်ရာဇာဓိရာဇ်လည်း သံတို့ ရောက်၍ မှာသောစာကို ကြားတော်မူလျှင် စစ်သူကြီး အမတ်ကြီး ဖြစ်သော သမိန်ဗြတ်ဇ၊ အမတ်ဒိန်မဏိရွတ်တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ အမတ်ကြီး ဖြစ်သော သမိန်ဗြတ်ဇ၊ ဤသို့ နားတော်လျှောက်၏။ "သားတော် ဇောလောကကျွန်းတောကို နန်းယောက်တို့လည်း ဤသို့ ဆုတောင်းလေသည်။ မျက်တော်မူသည် သုံးလ၊ လေးလသော ကွယ်မျက်တော်မူသောအခါလည်း ဆုတောင်းလေသည်။ မျက်တော်မူသည် ဖြစ်ရာသည်။ မြန်မာမင်းသားက တောင်း ရှိသောသည်။ မြန်မာမိဖုရားတို့တွင် ပဋိသန္ဓေနေသည် ဖြစ်ရာသည်။ မြန်မာမင်းသားက တောင်း သည်ကို မပေးဘဲနေ၍လည်း မသင့်လျော်ဖြစ်သောကြောင့် ဒလမြို့တွင် သရက်ကို အစက်အမှုက် မပျက်ရအောင် စီမံ၍ ပေးတော်မူတော့။ မုတ္တမမြေ၊ မွန်စလိုင်ရေကို ပေးတော်မူ၍ မသင့်လျော် မသန့်သောမြေ၊ မသန့်သော ရေတို့ကို ပေးတော်မူမှ သင့်မည် ထင်သည်"ဟု လျှောက်၏။ ရာဇာဓိရာဇ်လည်း အမတ်တို့ လျှောက်သည်အတိုင်း စီရင်၍ ပေးတော်မူ၏။ သက္ကလတ်ငါးအုပ်၊ ခါသာ ၁၀၊ ကရပ် ၁၀၊ ကော်ဇောငါးလိပ်၊ နံ့သာ ၁၀၊ ကရမက် ၁၊ လက်ဆောင်တို့တော် မှ၍ ဓေယျကို လွှတ်တော်မူ၏။ ဓေယျ ရောက်လျှင် ပါသည့်ရေ၊ မြေ၊ သရက်သီးတို့ကို မြောက်သားတော် ရှင်မိနှောက်အား ပေး၍ သုံးဆောင်စေ၏။ နေ့လစေ့သော် မင်းရဲကျော်စွာကို မျက်နှာမြင်တော်မူ၏။

သက္ကရာဇ် (၇၅၂)[1] ခုနှစ်ရာငါးဆယ့်နှစ်ခုတွင် နိုင်ငံတော်ဖြစ်သော ဝူထွတ်မြို့[2]ကို မွန်မင်း ရာဇာဓိရာဇ်က တိုက်လေ၍ ရလေ၏။ ရလျှင် သမိန်သံကျယ်ကို ဗိုလ်မှူး၊ သမိန်ဒိုသဉ်ကို စစ်ကဲခန့်၍ အလုံးအရင်း ဆင်၊ မြင်း အများနှင့် အစိုင်နေစေ၏။[3]

## ၄၃၂။ ရာဇာဓိရာဇ်နှင့် စစ်ဖြစ်ခြင်း အကြောင်း

ထိုအကြောင်းကို ဘုရင်မင်းကြီးမှာ ကြားတော်မူသော် မြန်မာပြည်တွင်ရှိသော မြို့စား ပြစားတို့ကို စုံးစုတော်မူ၍ သားတော် အိမ်ရှေ့မင်း ဆင်ဖြူရှင်နှင့် သားတော်အငယ် ပြင်စည်

---

၁။ မော်လမြိုင်မြို့အနီး အိရွာကျွန်းများတွင် ဖြစ်ပါဖြစ်ရှိ၍ စီးဝင်ရာရေကို ပဋ္ဌာလယ်ဟု ခေါ်သည်။ မွန်တို့က မွန်စလိုင်၊ မွန်၊ မြန်မာတို့က မွန်စလိုင်ဟု ခေါ်သည်။ မွန်မင်းအဆက်ဆက် အဘိသိက်ခံသောအခါ မင်္ဂလာရေ၌ မွန်စလိုင်ရေကို သုံးဆောင်ကြသည်။ ၂။ ခေဒီ ၁၃၉၀ ၃။ ဝူထွတ် (ယခု မြန်အောင်မြို့) ၄။ ရာဇာဓိရာဇ် အရေးတော်ပုံတွင် ဒလမျှော်သင်၏သား သမိန်ဗြုဗ္ဗမှုနှင့် သမိန်သံကြယ်(ဘွဲ့သံကြာ)တို့ဖြစ်ကြောင်း ထို၏ သမိန်တော့မျှော်ကမှာ မြန်မာရာဇဝင်များက "ဒိုသင့်ရံ"ဟု ဖြစ်သည်။

ပင်း မင်းဆွေတို့ကို ကြည်းကြောင်း၊ ရေကြောင်း ချီရ၏။ ချီသောတပ်စဉ်ကား အိမ်ရှေ့မင်း သင်ပြုရှင်တစ်တပ်, သားတော်အငယ် ပြင်စည်မင်းတစ်တပ်, တောင်ငူစား မင်းနေမိတ်တစ်တပ်, တောင်တွင်းစား သီဟပတေ့တပ်, ရမည်းသင်းစား သီလဝတစ်တပ်, ညောင်ရမ်းစား တုရင် ပုညကြီးတစ်တပ်, ပင်လယ်စား သရေသမ်ဟတစ်တပ်, မြင်းခိုင်းစား သရေစည်သူတစ်တပ်, ရေလွဲငါးခရိုင်ကိုစားသော စည်သူသမ္မတတစ်တပ်, ပင်းယစား သရေဇေယျနတစ်တပ်, စစ်ကိုင်း စား ရာဇသင်္ကြံတစ်တပ်, ဆါက်မြို့စား မင်းပုလဲတစ်တပ်၊ သည်တစ်ဆယ့်နှစ်တပ်တွင် ပါသည် ဆင်လုံး, မြင်းရင်းကား တိုက်ဆင်ရှစ်ရာ၊ မြင်းတစ်သောင်း၊ ဗိုလ်တစ်သိန်းနှစ်သောင်း ပါသည်။

ရေတပ်မှာ ချီရသောတပ်စဉ်ကား ပြည်စားပုံချီတစ်တပ်, မြေထဲစားသမ်ဟတစ်တပ်, **ကျေးစားသိမ်သွ တစ်တပ်, လင်းစားနော်ရထာတစ်တပ်, ပုဂံစားဥဇနာတစ်တပ်, တလုပ်စား ရာဇသူ တစ်တပ်, ပုခန်းကြီးစား တရဖျား တစ်တပ်, စလေ့ကူးစား လက်ျာကြီး တစ်တပ်, ဘုရင်မင်းကြီးမှာကား** ရတနာရွှေလှေနှင့် နောက်တပ်မပြု၍ ချီတော်မူသည်။ ရေကြောင်းကိုတပ် တွင် ပါသော အလုံးအရင်းကား လှေတိုက်ကားကြေးလှေ ရှစ်ရာ၊ စလောကပင်း,ကုန္တယ်, တက်ရပ်, သမ္ဗန်, ကတ္တူ, လှန်းကြင် နှစ်ရာ၊ ဗိုလ်တစ်သိန်းနှစ်သောင်းနှင့် ရေကြောင်းချီတော်မူ၍ ပြည်သို့ ရောက်လျှင် အနေအထား သင့်အောင် ဓိကွာဝို ခန့်ထားတော်မူခဲ့၍ မှန်ပြည်ပေ ဂုထွတ်သို့ အရောက် ချီတော်မူ၏။

## ၄၅၆။ ရာဇာဓိရာဇ် စစ်ချီလာပုံ အကြောင်း

ဘုရင်မင်းကြီးမှာ ရေကြောင်း, ကြည်းကြောင်း အလုံးအရင်း ဆင်, မြင်း အများနှင့် ချီလာကြောင်းကို ဂုထွတ်မြို့တွင် ခံ၍နေသော သမိန်သံကျွယ်တို့က **ရာဇာဓိရာဇ်**သို့ လျှောက်ရ လေ၏။ (သော်) ရာဇာဓိရာဇ်လည်း အမတ်မဟာသမ္ဗန်တစ်တပ်၊ **အမည်ပွန်ဧည့်**တစ်တပ်၊ သမိန်အဲကောင်းပိန်တစ်တပ်၊ သမိန်ခြပိုက်တစ်တပ်၊ သည်လေးတပ်တွင် ပါသည် စလောက ပင်း, ကတ္တူ, သမ္ဗန်, ကုန္တယ်, တက်ရပ်, လှန်းကြင်ရဲလှေငါးရာ၊ ဗိုလ်ငါးသောင်းနှင့် အလျင်ချီ၍ ဂုထွတ်တွင် နေရ၏။ ရာဇာဓိရာဇ်လည်း ကြည်းကြောင်း– သမိန်ပြတ်စ တစ်တပ်၊ အမတ်ဒိန် မကော်ရွတ်တစ်တပ်၊ သမိန်ရဲသင့်ရဲ တစ်တပ်၊ သမိန်မောစွင် တစ်တပ်၊ သမိန်အဲခြရဲ တစ်တပ်၊ လကျွန်အိန် တစ်တပ်၊ ညီကံကောင်း တစ်တပ်၊ ရာဇာဓိရာဇ် နောက်တပ်မ ပြု၍ တိုက်ဆင် လေးရာ၊ ဗိုလ်ရှစ်သောင်းနှင့် ချီလာ၍ ပန်ကျော်မြို့တွင် တပ်နိုင်တပ်လုံတည်၍ ခံတော်မူ၏။

## ၄၅၇။ ဂုထွတ်ခေါ် မြန်အောင်မြို့တွင် တိုက်ပုံ အကြောင်း

ဘုရင်မင်းကြီးမှာလည်း ဂုထွတ်သို့ ရောက်တော်မူလျှင် ဂုထွတ်မြို့ကို အကြိမ်ကြိမ် လုပ်ကြတော်မူသည်၊ မရချေ။ လှေတပ်ချင်း တိုက်ကြရာမှာလည်း အထွေထွေတိုက်ရာတွင် ဘုရင်မင်းကြီး လှေတော်တွင်ဆွဲသည် ရွှေကြိုး, ရွှေပန်းတို့ကို မွန်တို့ ရလေ၏။ မွန်အမတ် **သမိန်သံကျွယ်တို့လည်း** ရသည် အောင်း[၁], ရွှေကြိုး, ရွှေပန်းတို့ကို ဆက်စာနှင့်တကွ ဆက်လာ၏။ ဆက်စာတွင် လျှောက်သည်ကား–

“ကျွန်တော် တပ်မှူးစစ်ကဲတစ်စု ရှိခိုးသံတော်ဦး တင်ဝံ့သည် ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ဘဝရှင်ဘုရား... စီးတော်မူသော လှေအမွန်ကို ကျွန်တော်

---

၁။ လှေတော်တွင် ဆွဲရသော ပန်းပွား

ပေလိုဗ် မသိရှိ ထိပါးမိလေသည်။ ထိုသို့ ထိပါးကြောင်းကို ဘုရားတော်ဘုရား ကြားတော် မူလျှင် အပြစ်တော်တင်မကောင်း ရှိလတ္တံ့သည်။ အလုံမြို့၊ ဂူထွတ်မြို့လည်း ဘုရား မြို့တော်ဖြစ်သည်။ အလုံသား၊ ဂူထွတ်သားတို့သည် မသင့်မတင့် ပြုကျင့်သောကြောင့် ဘုတော်ကျွန်များနှင့် တိုက်ကြရာတွင် ပျက်သွားလေသောကြောင့် ဘုရားတော်က အစောင့် အနေ ထားသည်သာ ဖြစ်သည်။ အလုံမြို့၊ ဂူထွတ်မြို့၊ သည်နှစ်မြို့ကို သိမ်းယူတော်မူ၍ ဘုရားကျွတော်နှင့် မီးမသေ၊ ရေမနောက် ရွှေတစ်ပြားတည်းကဲ့သို့ ရှိပါသည် ဖြစ်၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာရပါမည် အကြောင်းကို ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား"ဟူ၍ လျှောက်စာတွင် ပါသည်။

"ရာဇာဓိရာဇ်လည်း ၁၆-နှစ်ကပင် အဖ ဧည့်ဦးကို ပုန်ကားလေ၍ အဖ မရှိလျှင် မွန်ပြည်နှစ်ရပ်လုံး သောင်းကျန်းသမျှကို တစ်ချက်တည်း ရုံးစုမိ၍ ငါ နှစ်ကြိမ်ချီတော်မူသည် လည်း မရမျှ။ ငါနိုင်ငံတော် ကျေးရွာနှင့်ရွာများကို သိမ်းယူလေသောကြောင့် ငါ ချီတော်မူသည် ငါမြို့ငါပြကိုဆက်လျှင် ငါ ရန်ပြုင်းမရှိပြီ။ သူ့မြို့ကိုလည်း ငါ မလိုချင်။ ငါလည်း သက်တော် ရွယ်တော် ကြီးပြီ ဖြစ်၍ ကုသိုလ်ကောင်းမှုများမည့် အကြောင်းကိုသာ အလိုတော်ရှိသည်။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ဘေးဖြစ်မည့် အကြောင်းကို ငါ အလိုတော်မရှိပြီ။ ငါမြို့ကို ဆက်လျှင် အရေးတော် ပြီးတော့မည်"ဟူ၍ မှာတော်မူလိုက်၏။

ရာဇာဓိရာဇ်အမတ် **မဟာသမွန်၊ သမိန်ဗြဲဗိုက်၊ သမိန်အဲကောင်းဗိန်၊ သမိန်မွန်စည်** တို့လည်း လက်ဆောင် လက်နက်အများနှင့် ခြေရင်းတော်သို့လာ၍ ဆက်လာ၏။ မြန်မာတို့ စစ်သည် သူက ရလေသည်များကိုလည်း တစ်ယောက်မကျန် ဆက်၏။ မွန်စစ်သည် ရသမျှကို လည်း စစ်ကြော၍ တစ်ယောက်မကျန် ပေးတော်မူ၏။ မွန်အမတ် လေးယောက်ကိုလည်း ဆင်ပေါက် တစ်စီးစီ သနားတော်မူ၏။

သားတော်အိမ်ရှေ့မင်း ဆင်ဖြူရှင်တို့ ချီရာမှာလည်း ရာဇာဓိရာဇ်နှင့် ပန်းကျော်မြို့တွင် တိုက်ကြသည်။ တစ်ပါးကိုတစ်ပါး မတိုးရှေ့နိုင်လျှင် တပ်ခိုင်တပ်လုံတည်၍ နေတော်မူကြ၏။ ထိုအခိုက်တွင် အရေးတော်ပြီးကြောင်းကို မွန်အမတ်တို့က ရာဇာဓိရာဇ်ကို လျှောက်ရလေ ၏။ ရာဇာဓိရာဇ်လည်း ဘုရင်မင်းကြီးစွာနှင့် အရေးပြီးကြောင်းကို အိမ်ရှေ့မင်း ဆင်ဖြူရှင်တပ် သို့ စေလွှာ၏။ အရေးပြီးကြောင်းကို အိမ်ရှေ့မင်း ကြားတော်မူလျှင် တစ်ပါးကိုတစ်ပါး ပဏ္ဏာ ကာရ ပေးတော်မူကြ၍ ပြန်တော်မူ၏။ ဘုရင်မင်းကြီးစွာလည်း ဂူထွတ်မြို့၊ အလုံမြို့ကို ရတော်မူ လျှင် **စေယျကာမဏိ**ကို တပ်မှူး၊ **ရာဇမနော်**ကို စစ်ကဲ ခန့်တော်မူ၍ ဆင်လုံး မြင်းရင်းနှင့် ခန့်ထား စီရင်တော်မူပြီးလျှင် ပြန်လည်တော်မူ၏။

## ၄၅။ ဘုရင်မင်းကြီးစွာ သာယာဝတီသို့ ဆင်ဖြူဖမ်း လာပုံ အကြောင်း

သက္ကရာဇ် (၇၅၃)ခုနှစ်ရောက်ပါးဆယ့်သုံးရက်တွင် ပြည်မြို့သားတို့ သာယာဝတီတွင် ဆင်ဖြူ တွေ့သည်ဟူ၍ နားတော်လျှောက်လာ၏။ ဘုရင်မင်းကြီးစွာလည်း အလုံးအရင်း နှစ်သောင်း ကျော်ခန့်နှင့် ဆင်ဖြူရမည်တမင့်–ဟူ၍ သာယာဝတီသို့ ချီတက်မူ၏။ ရောက်တော်မူလျှင် ဆင်ဖြူ ရှိ၊ မရှိကို စူးစမ်းစေသော် အကြောင်းအရာကို မထင်ရှိသည်အခိုက် မွန်မင်း ရာဇာ

၁။ ယင်းတိုက်ပွဲတွင် ဆင်းတော်(၁၂)တပ်နှင့် မွန်တပ် (၉)တပ်တို့ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ကြ၏။ ၂။ ဒေသီ ၁၃၉၁

နိရာစ်သည် ဆင်လုံး မြင်းရင်း အများနှင့် သာယာဝတီကျေးစပ်သို့ ရောက်လာ၏။ ကင်းစောင့်တားသော သူတို့သည် ရာဇာဒိရာဇ် ချီလာကြောင်းကို ဘုရင့်မင်းကြီးစွာသို့ လျှောက်လာ၏။ မင်းကြီးစွာလည်း "ငါသည် မှန်ကို လုပ်ကြံတော်မူမည် ဟူ၍ မလာ၊ ဆင်ဖြူ ရမည် ဟူ၍ သာ လာသည်။ ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်းလည်း မပါ၊ ရာဇာဒိရာဇ် ချီလာသည်လည်း အင်အားများလှသည် ဆိုသည်။ ငါ သည်တွင်နေ၍ မသင့်ချေ" ဟူ၍ မိန့်တော်မူ၏။ မှူးတော်၊ မတ်တော်တို့လည်း "ကျွန်တော်တို့စစ်အင် သူ့ကို မတန်ချေ၊ ပြည်မြို့သို့ ဆုတ်၍ နေတော်မူမှ သင့်မည်" ဟူ၍ နားတော်လျှောက်ကြလျှင် ပြန်လည်တော်မူ၏။

## ၄၅၉။ မိုးညှင်းရှမ်းတို့ ထီးပါးလာမြင်း အကြောင်း

သက္ကရာဇ် (၇၅၄)[၁] ခုနှစ်ရောင်းဆယ်လေးရ ပြည့်နှကွတ် သဗ္ဗာဇိသ မပြည့်ခင် ၂- ပတ် ကြွင်း ရှိစိုက် မိုးညှင်းစား သိုချည်သွားယောက်ဖ သိုဟန်ဘွားသည် ဆင်၊ မြင်း အလုံးအရင်း အများနှင့် ချီလာ၍ နိုင်ငံတော်ဖြစ်သော မြေတူးမြို့ကို တိုက်လေ၏။ ဘုရင့်မင်းကြီးစွာလည်း မြောက်အကက်တစ်လွှားတွင်ရှိသော မြို့စားအပေါင်းနှင့် သိခ်သူစောနှောင်း၊ အင်ရည်တုရင်တို့ကို ဆင်လုံး မြင်းရင်း အများနှင့် ကြည်းကြောင်း ချီရလေ၏။ ဘုရင့်မင်းကြီးစွာ ကိုယ်တော်မှုကား ရေကြောင်း တိုက်လှေ တစ်ထောင်၊ လှော်ကားကြော့လှေ ရှစ်ရာနှင့် တကောင်းတိုင်အောင် ဆန်တော်မူ၏။

ကြည်းကြောင်းချီရာမှာ သိခ်သူစောနှောင်း၊ အင်ရည်တုရင်တို့သည် မြင်းကိုသာ ကျွမ်းကျင်သည်၊ ဆင်မှာ မကျင်လည်။ သည်ကို ငရောသား ငရွှေတို့လည်း ကာကိုသာ ကျွမ်းကျင်သည်၊ မြင်းမှာ မကျွမ်းကျင်သောကြောင့် ပျက်ချေ၏။ ရှမ်းတို့လည်း အမိပင် ထပ်၍ လိုက်လာ၏။ စစ်သည်တော်တို့လည်း အင်အားမတန်ချေသောကြောင့် ဆုတ်ခဲ့၍ စစ်ကိုင်းမြို့က ခံ၍ နေ၏။ ရှမ်းတို့လည်း စစ်ကိုင်းမြို့ပြင်တွင်ရှိသော ကျောင်း၊ အိမ်များကို မီးထင်းတိုက်လေ၏။ ဘုရင် မင်းကြီးစွာလည်း တကောင်းက အပြင်း စုန်တော်မူ၍ အဝသို့ ရောက်တော်မူလျှင် မြို့၊ ပြ၊ ကျုံး၊ မြောင်း၊ ကတုတ်၊ ရင်ကာ နိုင်ခံ့အောင် စီရင်တော်မူ၍ ဆင်လုံး၊ မြင်းရင်း သွင်း၍ ခံတော်မူ၏။

## ၄၆၀။ ရမည်းသင်းစား သီလဝ ရှမ်းတို့ကို အောင်သော မြွှကြီး အကြောင်း

တောင်ငူစား၊ တောင်တွင်းစား၊ ရမည်းသင်းစား၊ (သာယာ) ဝတီစား၊ ညောင်ရမ်းစား၊ ပေါက်မြိုင်စား၊ ပင်လယ်စားတို့ကိုလည်း "အလျှင်လာ" ဟူ၍ ခေါ်ရလေ၏။ အများ မရောက်ခင် ရမည်းသင်းစား သီလဝသည် အပြင်း ချီလာ၍ ထီးပေါင်းကားက ကူးပြီးသော် သိခ်သူစောနှောင်းကို မြင်းတင်၍ လက်ယာက နေစေ၏။ အင်ရည်တုရင်ကိုလည်း မြင်းတင်၍ လက်ဝဲက နေစေ၏။ ငရောသား ငရွှေနှင့် တိတလ မယားယုံတို့ကို ကာ ကိုင်စေ၏။ ရမည်းသင်းစား သီလဝမှာ စောရဲစွာဟူသော ဆင်ကိုစီး၍ တိုက်မည်ထွက်၏။ ထိုအခါ ငရောသားငရွှေ ကာနှင့် စုန်သည်။ တပ်လုံး ထိန့်ထိန့်တုန်သော ဟူ၏။ သီလဝလည်း စီမံသည်အတိုင်း ရှမ်းတပ်ကို တိုက်သည်။ ၅-တပ်လုံး ပျက်၍ စစ်ကိုင်းကသည် ရွာသစ်ကြီးတိုင်အောင် သုကောင်အတင်တင်

---

၁။ အေဒီ ၁၃၉၂

ရှိ၏။ ရှမ်းကိုသတ်၍ ကုန်လေသည်ကို အကြောင်းပြု၍ ယခုတိုင်အောင် "ငရှမ်းကုန်" ဟူ၍ ထွင်၏။ သီလဝလည်း ရှမ်းတို့ကို အောင်မြင်လျှင် ဆင်၊ မြင်း၊ သုံ့ပန်း၊ လက်နက်ကိရိယာတို့သာ ဆက်ရေ၍ မဝင်ဘဲ ရမည်းသင်းသို့ ပြန်သွားလေ၏။

### ၄၆၁။ သီလဝ မင်းကြီးမှာထံ မဝင်ဘဲ ပြန်သွားခြင်း အကြောင်း

ဘုရင်မင်းကြီးမှာလည်း သီလဝ မဝင်ဘဲ သွားလေသည်ကို မသက်မသာ ရှိတော်မူ၍ စည်းတပစ်ကို ခေါ်တော်မူပြီးသော "ရမည်းသင်းစားယေသည် စစ်အောင်လျှင် စစ်လက်ဆောင်သာ ဆက်၍ မဝင်ဘဲ သွားလေသည်၊ ငါ့ကို မခန့်မရှည်း ပြုသည် မဟုတ်လော" ဟူ၍ မိန့်တော်မူ၏။ စည်းတပစ်လည်း "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... ပသေနဒီ ကောသလမင်းတွင် ဥဏ္ဏာသေန အမည်ရှိသော အမတ်သည် ပစ္စန္တ ရစ် ခနပုဒ်ရွာငယ်တစ်ရွာကို အောင်မြင်ကာမှကို ထီးဖြူ၊ ခြောက်စည်နှင့်တကွ မင်း၏စည်းစိမ်ကို ၇-ရက်ပေးလေသည်။ ယောက်ဖတော်သီလဝသည် လူမှု၌ ပေါ်မှာသည်ဖြစ်၍ ခြေတော်ဦးတိုက် မဝင်မိဘဲ သွားမိပြားသော်လည်း အမျက်တော် မရှိသင့်" ဟူ၍ နားတော်လျှောက်မှ နှလုံးတော်ပြေ၍ ဆုလာဘ်များစွာ သီလဝကို ပို့ရလေ၏။

သက္ကရာဇ် (၇၅၇)[1] ခုနှစ်ရှာငါးဆယ့်ခုနစ်ခုတွင် ရမည်းသင်းကိုစားသော သီလဝ ကြမှာကျ၍ ညီ မဟာခြောက်ကို ရမည်းသင်းမြို့ကို နေရာတော် အလုံးအရင်း တိုက်ဆင်ခြောက်ဆယ်၊ မြင်း ရှစ်ရာ၊ ဗိုလ်တစ်သောင်းနှင့်တကွ ပေးတော်မူ၏။ သက္ကရာဇ် (၇၆၀)[2] ခုနှစ်ရာခြောက်ဆယ်တွင် တောင်ငူ လပ်၍ မင်းနေမိကို တိုက်ဆင်ခြောက်ဆယ်နှင့် တကွ ပေးတော်မူ၏။

ဘုရင်မင်းကြီးမှာ လက်ထက်တော်၌ အကျော်လေးပါး ဟူသည်ကား။ ။

ရမည်းသင်း သီလဝ ၁၊ သိစ်သူတောနောင်း ၁၊ အင်ရည်တုရင် ၁၊ လယ်ကိုင်း ငဈေရာသားငရွေ ၁၊ ပေါက်မြိုင်စား ပုလဲလည်း ဟူ၏။

ဘုရင်မင်းကြီးမှာကား အပေးအကမ်း ကြီး၏။ နှလုံးတော် ကောင်းမွန်တည်ကြည်၏။ ပညာရှိကို ချစ်တော်မူတတ်၏။ ပညာရှိစကားကို နာတော်မူ၍ ပြည်ထဲ စည်ပင်ဝပြောသာယာ၏။ တစ်ရံရောအခါ အသည်တစ်ယောက် ဟင်းကောင်းတစ်ခွက် ဆက်သည်ကို အခွန်တစ်နှစ်ကို တစ်ထောင်ရသောကျေးကို ပေးတော်မူဖူး၏။ ကောင်းမှုတော်ကား အဝရွှေစည်းခုံနှင့် ကျောင်းတော်၊ (ရွာသစ်ကြီးစည်းခုံနှင့် ကျောင်းတော်)၊ ညောင်ရမ်းစည်းခုံနှင့် ကျောင်းတော်၊ ပေါက်ဝစည်းခုံနှင့် ကျောင်းတော်၊ မြောက်ဘက် ကန်စွန်းနိမ့် စည်းခုံနှင့် ကျောင်းတော်၊ အမြင့်မြို့၌ ကျောင်းကြီးတည်တော်မူ၍ ထီးဖြူနှင့်တကွ လှူတော်မူ၏။ သာသနာပိုင်မင်းကျောင်းဟုတွင်၏။ အဝထန်းတောစည်းခုံနှင့် ကျောင်းတော်၊ မြင်မိစည်းခုံနှင့် ကျောင်းတော်၊ ဤသို့သော ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးတော်မူ၍ အိမ်နိမ့် (၃၇)သုံးဆယ့်ခုနစ်၊ စည်းစိမ် (၃၃)သုံးဆယ့်သုံး၊ သက်တော် (၇၀)ခုနစ်ဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် ရွှေစည်းခုံများ လင်းတ နား၏။ မြစ်ငယ်တွင်းဝယ် မိကျောင်းပေါ်၏။ နံတော် တနလ်ာသားတည်း။

### ၄၆၂။ သားတော်ဆင်ဖြူရှင် မင်းပြုကြောင်း (၃)

သက္ကရာဇ် (၇၆၂) ခုနစ်ရာခြောက်ဆယ့်နှစ်ခု နတ်တော်လ[3]တွင် သားတော် အိမ်ရှေ့မင်း ဆင်ဖြူရှင် မင်းဖြစ်တော်မူ၏။ ဆင်ဖြူရှင် တွင်သည်ကား မင်းသားဖွားတော်မူသနေ့ အောက်

၁။ ဒေသီ ၁၃၉၅ ၂။ ဒေသီ ၁၃၉၀ ၃။ ၁၃၀၀ ခု ဒီဇင်ဘာ

တွင် ဆင်ဖြူမွေး၍ များမကြာ သေခဲ့၏။ ထို့ကြောင့် ဆင်ဖြူရှင် တွင်၏။ မင်းဖြစ်၍ ငါးလ ရှိသောအခါ "တောကစားအံ့" ဟူ၍ အောင်ပင်လယ်အရပ်သို့ မှူးတော်မတ်တော် အပေါင်းနှင့် ထွက်တော်မူ၍ သမင်လိုက်ကြ၏။ မင်းကြီးလည်း သမင် ပြေးသည်ကို လိုက်တော်မူရာတွင် တစ်ယောက်တည်းသာ ချုံထူရာသို့ ရောက်လေ၏။ ထိုတောတွင် ဇော်ဂျီတစ်ယောက်သည် ကောင်းကင်က ကျလာ၍ "မင်းကြီးတွင် ရှိသည် ခရုသင်း လက်ယာရစ်ကိုသာ ငါ့ကိုပေးတော့၊ မင်းကြီး လိုသမျှ အတတ်ကို ငါ သင်မည်" ဟူ၍ ဆို၏။ မင်းကြီးလည်း "အခြားအတတ်ကို ငါမလို၊ နတ်သမီးကိုသာ ငါလိုသည်" ဟု မိန့်တော်မူ၏။ ဇော်ဂျီလည်း လက်ဖျစ်တီး၍ မန်းလျှင် ကောင်းကင်က သူရဿတီနတ်သမီး ကျလာ၍ မင်းကြီးကို အပ်လေ၏။ မင်းကြီးလည်း ထို နတ်သမီးနှင့် သံဝါသဖြစ်ပြီးလျှင် ကွယ်ခဲ့၏။ ထိုနေ့မှစ၍ နလုံးတော် မရပ်မတည် ရှိတော်မူ၏။ ခပြို့တောင် မုရင်းလယ်နားဝယ် စည်းခုံတည်တော်မူသည်။ အမှူးအမတ်တို့က "မင်းကောင်းမှု ပေါ်၊ ငယ်သည်" ဟူ၍ လျှောက်သည်ကို "ဆင်မှု၍ စီးရမည်လော" ဟူ၍ မိန့်တော်မူ၏။ နောက်လျှင် မတည်မတံ့ ပြင်းစွာရှိ၍ ထီးလိုင်ရှင်ဝှအောက်တွင် တစ်ယောက်တည်းသာ ငါးမျှား၍ နေတော်မူ၏။

## ၄၆၃။ စစ်ကိုင်းစား ရာဇသင်္ကြံ အနိစ္စရောက်ပုံ ထူးကြောင်း

ထိုအခါ စစ်ကိုင်း "ရာဇသင်္ကြံ" သည် နန်းတက်မည်-ဟူ၍ လှော်ကားတွင် ခင်တုရင် တင်ပြီးသော် စီး၍ အဝဘက်သို့ ကူးလာ၏။ လေမဆိုက်ခင် လေပြင်းလာ၍ ခင်တုရင်နှင့်တကွ ကျလျှင် အနိစ္စရောက်လေ၏။ ရာဇသင်္ကြံ အနိစ္စ ရောက်လိုသော် တဘောင်ပေါ်သည်ကား "တောမုန်တိုင်းလေ၊ စစ်ကိုင်းမှာမှ လာပါလှည့်" ဟူ၍ မိန်းမတို့ အဲထူးကုန်၏။

ဆင်ဖြူရှင်မိဖုရားကား ရမည်းသင်းသီလဝ သမီးတော်တည်း။ ဆင်ဖြူရှင်သားတော်, သမီးတော်ကား သားတော် ကလေးကျေးတောင်ညို တစ်ပါး၊ နှမတော် အောင်ပင်လယ်ဆုံး ဆင်ဖြူရှင်မိဖုရားကသည် နောက် ပြည်မြို့ကို စားသော စောရွှေခက်မင်းရဲကျော်စွာ မိဖုရား ခံပြန်သည် တစ်ပါး၊ ယောကျ်ား ၁, မိန်းမ ၁၊ ပေါင်း နှစ်ပါးတည်း။

ဆင်ဖြူရှင် မရပ်မတည်ရှိတော်မူလျှင် အထိန်းတော် တကောင်းစား ငနောက်ဆံ လုပ်ကြံ၍ အိမ်နိမ့် (၃၂)သုံးဆယ့်နှစ်၊ စည်းစိမ် (၇)ခုနစ်လသော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် စနေဂြိုဟ် ဓနုကသည် ဗြိစ္ဆာသို့ ဗျဉ္ဇနရိယာ ပြု၏။ နံတော် သောကြာသားတည်း။

## ၄၆၄။ မင်းဆွေ ခေါ် မင်း နန်းတက်ရခြင်း အကြောင်း

ဆင်ဖြူရှင်ကို လုပ်ကြံပြီးလျှင် တကောင်းစား ငနောက်ဆံ ရွှေနန်းကို အနိုင်နေလေ၏။ မှူးတော်မတ်တော် အပေါင်းတို့လည်း ရုံးစုတိုင်ပင်၍ ငနောက်ဆံကို လုပ်ကြံပြန်လေ၏။ တကောင်းစား သေလျှင် ဆင်ဖြူရှင်ညီတော် ပြင်စည်မင်း မင်းဆွေကို မှူးတော် မတ်တော် အပေါင်း ညီ၍ "မင်းပြုပါ" ဟု လျှောက်ကြ၏။ မင်းဆွေလည်း "ငါ့တွင် အင်အားအလုံးအရင်း မရှိ၊ ဦးရီးတော် ရမည်းသင်းစား မဟာပြောက်သည် တိုက်ဆင်ခြောက်ဆယ်, မြင်းရှစ်ရာ, ဗိုလ်တစ်သောင်းရှင် ဖြစ်သည်။ ဦးရီးတော်ကို မင်းပြုစေတော့" ဟူ၍ နန်းလွှဲ၏။ အမှူးအမတ် တို့လည်း ရမည်းသင်း မဟာပြောက်ကို မင်းပြုပါ ဟု ချီပင့်ရလေ၏။

ထိုအခါ ညီတော်ရှင်သိဒ္ဓတ်သည် နောင်တော်ပြင်စည်မင်းသို့သွား၍ "နောင်တော် ပသို့

ပြင်စည်မင်းလည်း "ငါတွင် အင်အားနည်းသည်၊ ဦးရီးတော် ဆိုပေသနည်း" ဟု မေး၏။ ပြင်စည်မင်းလည်း "ဒေါ်ကျိုင် မောင်ငြောက်ကို မင်းပြုစေတော့ ဆိုပေသည်" ဟူ၍ မိန့်တော်မူ၏။ ညီတော်ရှင်သိင်္ခတ်ကလည်း "နောင်တော် စားသောထမင်းပွဲကိုသာ သူ့အား လွှဲသင့်တုံ၏ ရှင်၊ မင်း၏စည်းစိမ်ကို လွှဲရာသည် ရှောင်တော် ဆိုမိပြီ ဖြစ်သောကြောင့် နေတော်မူတော့၊ ကျွန်ုပ် တိုက်မည်" ဟူ၍ လျှောက်ပေသော၊ နောင်တော် ဆိုမိပြီဖြစ်သောကြောင့် နေတော်မူတော့၊ ကျွန်ုပ် တိုက်မည်" ဟူ၍ လျှောက်၏။

## ၄၆၅။ ရမည်းသင်းစား မဟာငြောက် အနိစ္စရောက်ခြင်း အကြောင်း

မဟာငြောက်လည်း မင်းပြုရမည် ဟူ၍ အလုံးအရင်းနှင့် စကားတောင် ရန်သောင်ပြင် အရပ်တွင် တပ်ရှု၍နေ၏။ ထိုအခါ ရှင်သိင်္ခတ်သည် အလုံးအရင်းရုံးစု၍ မဟာငြောက် အမှတ်မဲ့ နေခိုက် တိုက်လေ၍ မဟာငြောက် ကြံမှာကျနိလေ၏။ မဟာငြောက် မရှိလျှင် အမှူး၊ အမတ်အပေါင်း ညီ၍ ပြင်စည်မင်း မင်းဆွေကို နန်းတင်လေ၏။ မင်းဆွေ နန်းတက်တော်မူသော သက္ကရာဇ် (၇၆၃)" နှစ်ရာခြောက်ဆယ့်သုံးခုတည်း။

## ၄၆၆။ မင်းဆွေနှင့် ရှင်သိင်္ခတ်တို့ ငယ်စဉ်က အကြောင်း

မင်းဆွေ အကြောင်းတော်ကား ဤသို့တည်း။ မေညည်းတော်ဘုရင် မင်းကြီးစွာသည် သားတော် မင်းဆွေနှင့် မင်းသိင်္ခတ်ကို သားတော်အကြီး အိမ်ရှေ့မင်း ဆင်ဖြူရှင်မင်း ဖြစ်လျှင် ညှိုးဆဲရစ်လေတော့မည်၊ ယခု ငယ်စဉ်က သေလေရာ သင့်၏ ဟူ၍ အထိန်းတော်နှစ်ယောက်နှင့် ထွန်းတုံ့မှတက်မှာ ထားလေ၏။ ထိုကသည် တောင်တွင်းကျောက်ဆစ်မှာ ထားလေ၏။ ထိုကသည် ပတိန်းမဲမှာ ထားလေ၏။ ထိုအခါ အထိန်းတော် ဖြစ်သော ခေင်ညိုကား ငြင်း ခေင်ဘကား စည်းစုပ်တီးမှတ်၍ နတ်ကရာတိုင်း ရသော လာဘ်သပ်ပကာနှင့် မင်းသားနှစ်ပါးကို မွေးလေ၏။ မင်းဥတိန်လည်း လိုက်၍ လုပ်ကျွေးမွေးမြူ၏။ ရှည်လတ်သော် မလုပ်ကျွေးနိုင်၍ မင်းဥတိန်သည် ဦးရိုးတော် တာရွှင်းတိုင်စား မင်းဓောကျိုင်းမှာ ဝင်၍ မြဲလေ၏။

မေညည်းတော်ဘုရင် မင်းကြီးစွာလည်း သားတော်နှစ်ပါးကို ထား၍ ရှည်လတ်သော် ကံနှင့်လျော်စွာ ဖြစ်လေတော့ဟူ၍ ခေါ်တော်မူပြီးလျှင် ပင်လယ်ကျေး သဃ်ရာစာမှာ အပ်၍ စာသင်ရလေ၏။ ယင်းသောအခါ မင်းဆွေ အသက် ကိုးနှစ်၊ ညီ မင်းသိင်္ခတ် ၈-နှစ်ရှိပြီ၊ ဘုန်းတော်ကြီးလည်း ပိဋကတ် စေခင် တတ်တော်မူလှသည် ဖြစ်၍ မင်းသားတို့ စာတတ်ကို မြင်သော် အလျှင် မင်းဖြစ်စေလို၍ "သိဒ္ဓံ နမော ဗုဒ္ဓါယ၊ အ,အာ၊ ဣ, ဤ၊ ဥ, ဦ၊ ဧ, အဲ၊ ဩ, ဪ၊ အံ, အား" ဟူ၍ သင်တော်မူ၏။

မင်းဆွေ တစ်ဆယ့်နှစ်နှစ်အရွယ် ရောက်သောအခါ အိပ်မက် မြင်တော်မူ၏။ မင်းသားသည်ထွက်၍ အဝန်းလုံးကို ရစ်ပတ်မိလေ၏။ သန်းယံမိုးချိန်တွင် ဆရာတော်ကိုနိုး၍ ပြန်လေသော် ဆရာတော်လည်း ကြောင်းချည်းဆ၍ မင်းသားကို ခြေနှင့် ကျောက်သည်။ တုံးလုံးလဲလေ၏။ "အရှင်ဘုရား... သို့စဉ်တိုင်အောင် ပြုတော်မူသည်" ဟု လျှောက်၏။ ဘုန်းတော်ကြီးလည်း "ငါပဉ္စင်းမျိုး ငါးဝါရှိစဉ်က တောင်ဘီလူးပရဏ္ဍမှာ စာသင်သည်၊ လေလာရာတွင် ဦးထုပ် ကျလေသည်ကို ခြေနှင့်နင်းမိလေ၍ မင်းဆရာဖြစ်မည် မချွတ်။ မင်းဆရာ ဖြစ်လျှင်

---

၁။ ခေအီ ၁၄၀၁

တံတားဦးကို ရက်မလျှို အမိုးနှင့် တံတားလုပ်မည် ဟူ၍ ငါ၏အစီအမံရှိသည်။ မင်းသား မက်သော အိပ်မက်သည် မကြာမတင် မင်းဖြစ်မည်၊ မေမည်နိုး၍ ငါ ခြေနှင့် ကျော်ကပ်သည်။ မင်းသား မင်းဖြစ်လျှင် တံတားဦးကို ရက်မလျှိုအမိုးနှင့် လုပ်ပါ" ဟူ၍ မိန့်တော်မူ၏။ မင်းသား "နိုးတော်မမူနှင့်၊ အလိုတော်အတိုင်း ပြီးစီးမည်" ဟူ၍ လျှောက်၏။ မင်းသားလည်း ခမည်းတော်ဘုရင်မင်းကြီးစွာလည်း သားတော်မင်းခေါ့ (၁၂)တစ်ဆယ့်နှစ်နှစ် ရှိသော အခါ အဆောင်အယောင်နှင့် ပြင်စည်မြို့ကို ပေးတော်မူ၏။ ပြင်စည်အသည်သား ၃၃-ယောက်ကို လည်း မင်းသားတွင် မြဲရ၏။ မင်းဖြစ်တော်မူလျှင် အသည်သား သုံးကျိပ်သုံးယောက်တို့ကို မြင်း ၃၃-စီး ဖွဲ့၍ မိမိတို့ ရွာကို ပေးတော်မူ၏။

မင်းခေါင်ဟူသော အမည်ကို ခံတော်မူသည်ကား- ပုဂံရွှေစည်းခုံသို့ သွားတော်မူသော အခါ အရှေ့တောင်ထောင့်က သိကြားလုပ်သော ခြင်္သေ့ရုပ်သည် နား၊ ပါး၊ ဦး၊ လည် ထောင်၍ အမြီးဆိုလျက် မြူးစရုပ်ပြ၏။ ထိုညဉ့်တွင် "မင်းခေါင် ခံလေ" ဟူ၍ အိပ်မက်ပေးသောကြောင့် "မင်းခေါင်" ဟူသော အမည်ကို ခံတော်မူ၏။ မင်းခေါင်မိဖုရားကား ဆင်ဖြူရှင် နှမတော် စောခွေးတစ်ပါး၊ ညီမတော် မင်းပျံတစ်ပါး၊ **မောမင်းသိုင်ဘွားသမီး ရှင်မိနှောက်**တစ်ပါး၊ သိမ်သူငယ် သမီး **ရှင်ဘို့မယ်**တစ်ပါး၊ သည်လေးပါးကို မိဖုရားမြှောက်တော်မူသည်။

တောင်တွင်းမင်းသမီး **ရှင်မိမြတ်**ကိုမူကား နန်းတင်၍ ငါးလရှိမှ **မိုးညှင်းသတိုး**နှင့် စုံဖက်တော်မူသည်။ အတွင်းသင်းမှူး သမီးကိုမူကား မိဖုရားသို့လည်း မရောက်၊ မောင်းမလည်း မက လုပ်ကျွေးရသည်။ မိဖုရား မင်းခွေး၊ မင်းပျံ၊ ရှင်ဘို့မယ်၊ သည်သုံးပါးတွင် သားတော်၊ သမီးတော် မမြင်။ ရှင်မိနှောက်တွင်မြင်သော သားတော်၊ သမီးတော်ကား သားတော် မင်းရဲကျော်စွာ တစ်ပါး၊ နှမတော်ရခိုင်မိဖုရား ရွှေပြည်ချမ်းသာတစ်ပါး၊ မောင်တော်သီဟသူ တစ်ပါး၊ ညီတော် မင်းသားညို တစ်ပါး၊ ယောကျ်ား ၃၊ မိန်းမ ၁၊ ပေါင်း လေးပါးတည်း။

## ၄၆၇။ မင်းခေါင်ကြီးအား တိုင်းပြည် ဝပြော စည်ပင်ရသော အကြောင်းများကို စည်းတပစ် လျှောက်ထားပုံ

ဘုရင်မင်းခေါင် နန်းတက်တော်မူလျှင် စည်းတပစ်ကို ခေါ်တော်မူ၍ "အဘိုး... အဘယ် သို့ကျင့်သော် ပြည်ထဲ ငြိမ်းချမ်းသာယာဝပြောအံ့နည်း" ဟု မေးတော်မူ၏။ စည်းတပစ်လည်း "ဘုန်းတော်ကြီးလှသောဘုရား... မြတ်သောတရားကို ရှေးရှုတော်မူ၍ ပြည်သူတို့၌ဖြစ်သော အမွေအနှစ်၊ အခွန်အတုတ်၊ ပြည်ထုံးရွာစံ၊ အကောက်၊ အဆောင်၊ ဆိပ်၊ တည်၊ ပွဲ၊ တံခါး၊ ကင်းသင်း စသည်တို့ကို အဆက်ဆက်သော မင်းတို့ထက် သက်သာရာရသဖြင့် ဝပြောသာယာ စည်ပင်သည် ဖြစ်ရာ၏။ ပြည်ကြီး၏အရှင် ဖြစ်တော်မူသော မင်းတို့သည် ပြည်တံခွန်ကို မလှဲရာ၊ ပြည်ဦးကင်းကို မနှိမ်ရာ၊ ပြည်စွယ်ပြည်သွားကို မချိုးရာ၊ ပြည်မျက်လုံးကို မနှိုက် ရာ၊ ပြည်မျက်နှာကို မဖျက်ရာ၊ ပြည်ခြေပြည်လက်ကို မဖြတ်ရာ၊ ပြည်ဝမ်းကို မဖေါက်ရာ၊ ပြည်ကျေးဇူးကို မထိမ်ရာ။

"ချစ်သည်မုန်းသည် မရှိ၊ ထုံးစံနှင့်အညီ ဒဏ်ကို ပေးတော်မူခြင်း၌ ယမမင်းကဲ့သို့ ကျင့်တော်မူရာသည်။ ခပ်သိမ်းသော သတ္တဝါတို့အား နှိပ်နင်းချိုးမြှောက်တော်မူခြင်း၌ သိကြားမင်း ကဲ့သို့ ကျင့်တော်မူရာသည်။ ပြည်ဆီရွာခွန်တို့ကို ဖြည်းဖြည်းဆောင်တော်မူခြင်း၌ နေမင်းကဲ့သို့ ကျင့်တော်မူရာသည်။ ကိုယ်တော်ကို သူတကာတို့မြင်၍ ရွှင်စေအပ်သည်၌ ပန္နရသ-လပြည့်ဝန်း

[illegible] ကျင့်တော်မူရာသည်။ ဥဒ္ဒကာ ပရိဗ္ဗာဇ်တို့ကို တောင့်တတော်မမူအပ်သည့်ဖြစ် မဟာ[illegible] ကဲ့သို့ ကျင့်တော်မူရာသည်။ ပြည်သူ လူတကာတို့ စီးပွားကို ဆောင်တော်မူရာ၌ မဟာ[illegible] ကဲ့သို့ ကျင့်တော်မူရာသည်။ ပြည်ရွာ၌ ဖြစ်သော အမှုမျိုးတို့ကို သုဓမ္မသိတော်မူ၍ သိ[illegible] ကြီးကဲ့သို့ ကျင့်တော်မူရာသည်။ မှူး၊ မတ်၊ ဗိုလ်ပါတို့အား မျိုးရိုးကြ[illegible] ပြတော်မူရာ၌ [illegible] ကဲ့သို့ ကျင့်တော်မူရာသည်။ ရှင်ဘုရင် [illegible] ကဲ့သို့ ကျင့်တော်မူရာသည်။

[illegible] တစ်ပါးလည်း [illegible] ပြတ်တိုင်ပင်တော်မူသည်လည်း တစ်ပါး၊ မှူးတော် [illegible] တစ်ပါးလည်း [illegible] ပြုသည်လည်း တစ်ပါး၊ အခွန်ခံခြင်း၊ [illegible] မတ်တော်တို့နှင့် အမှုမျိုးကိုညီညွတ်စွာ [illegible] တစ်ပါး၊ သက်ကြီးရွယ်လွန်တို့အား မြတ်နိုးတနာ ပြုတော်မူ [illegible] အရိုက် ပြုတော်မူသည်လည်း တစ်ပါး၊ [illegible] နိုင်ငံ [illegible] ပြုတော်မူသည်လည်း တစ်ပါး၊ ပြည်တွင်း [illegible] သည် တစ်ပါး၊ ရှာရသောသမီးတို့ကို [illegible] နတ်တို့အား ပေးမြဲသောဝတ်ကို ပေးတော်မူသည်လည်း တစ်ပါး၊ ပြည်ပ၌ စောင့်ရှောက်သော [illegible] စောင့်ရှောက်တော်မူသည်လည်း တစ်ပါး၊ ဤသို့ ပြည်ရွာ [illegible] အပ်ကုန်သော တရား ၇-ပါးတို့ကို ရွေးနှုတ်တော်ထား၍ မှည့်မှ [illegible] ညည်ပေ်စေအပ်သော [illegible] တရွေ တရွေ ပွားစေအပ်သော ဗိုးနကျွယ်ကို လည်း[illegible] ဥပမာဆောင်၍ ကျင့်တော်မူရာသည်။

"ဤသို့ မင်းတို့ကျင့်ရာသော တရားနှင့် ပြည့်စုံတော်မူသည်ဖြစ်မှ တိုင်းကားနိုင်ငံတော်[illegible] [illegible] သော သတ္တဝါအပေါင်းတို့သည် အလွန်ချမ်းမြေ့ကုန်ရာသော လရောင်နိုဝ်ယံ [illegible] ဖြစ်လေရာသည်။ ဤသို့ ပြည်ရွာငြိမ်းချမ်းသာယာသည် ဖြစ်မှ သာသနာတော်[illegible] သို့ ဖြစ်လေရာသည်။ ဤသို့ ပြည်ရွာ၌ [illegible] စီးပွား၊ ကိုယ်တော်မြတ်၏ စီးပွား၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အ[illegible] စီးပွား များရာသည်" ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းခေါင်လည်း ဧည်းတပဲ [illegible] သော စကားကို ကြားတော်မူလျှင် အလွန်အားရတော်မူသည်ဖြစ်၍ "ရာဇာ" ဟူသော အမည် [illegible] ကြီးစွာသော အဆောင်အယောင် ပေးတော်မူ၏။ မင်းရာဇာကား ဘုရင်မင်းကြီးစွာ [illegible] ဧည်းတပဲ ဟူသော အမည်ကို ခံသည်။ သားတော် ဘုရင်မင်းခေါင် လက်ထက်တွင်မှ "ရာဇာ" ဟူသော အမည်ကို ခံတော်မူသည်။

## ၄၆၈။ ညီတော်နှင့် မှူးမတ်များကို မြို့စားပေးအပ်ခြင်း အကြောင်း

သက္ကရာဇ် (၇၆၄)[၂] ခုနှစ်တွင်ဦးခြောက်ဆယ့်လေးခုတွင် ညီတော်ရှင်သိခ္ခတ်ကို သိ[illegible] သူရ ဟူသော အမည်ကို ပေးတော်မူသည်။ ထိုသက္ကရာဇ်တွင် ပင်လယ်မင်း ရာဇသူ [illegible] မဟာဟူသောအမည်၊ တိုက်ဆင်ခုနစ်ဆယ်နှင့် ယင်းတော်မြို့ကို ပေးတော်မူ၏။ မင်းရာဇာ [illegible] ခေါက်ကုကိုလည်း မဟာခြောက် သေလျှင် တိုက်ဆင်ငါးဆယ်နှင့် ရမည်းသင်းမြို့ကို ပေး[illegible] မူ၏။ မြောက်ဘက်မြင်း ၅-သင်းကိုလည်း စောနစ်ကို မှူးရ၏။ မင်းရာဇာသမီး [illegible] သင့်သည့် သတိုးသမီးသုကိုလည်း ပဲ့နှင့် တပဲရင်းကို ပေးတော်မူ၏။ ထိုအခါ ပြည်[illegible] လက်ပံ့ပုံရှိကြီး စား၏။ တောင်တွင်းကို သိနိပတေ့ စား၏။ စလင်းကို လေ[illegible] မောင်ရတာ စား၏။ ပတီးကို သစ်ယာ စား၏။ ညောင်ရမ်းကို တရုဇ်ပုညာ စား၏။ [illegible] ရာဇသူ စား၏။ ပုဂံကို ဥစနာ စား၏။ ပုခန်းကို တရဇ္ဈား စား၏။ စဉ့်ကူးကို [illegible]

---

၁။ ဆေ ၁၃၀၂ [၂]။ ရှင်သိခ္ခတ်သည် နောင်တော်ဘုရင်အား လုပ်ကြံရန် ကြံစည်သည်ဟူသော [illegible] အင်းဝမှ ပင်သာတပ်သို့ ရှန်းထင်းကာ ရာဇာဒိရာဇ်ထံ ခိုဝင်ခဲ့သည်။

သား၏၊ ညောင်ရမ်းရွာကို **ရာဇသင်္ကြံ** စား၏၊ ပေါက်မြိုင်ကို **ညီလှ** စား၏၊ ကျေး၊ ရွာ၊ မြို့၊ ပြတို့ကို ခုနစ်ရက်မျှ မလပ်ရအောင် ပေးတော်မူ၏။

ဆရာတော်နှင့် ချိန်းချက်သော တံတားဦးကိုလည်း ရက်မလျှဲအမှီနှင့် တံတားလုပ်တော်မူ၏။ ဆရာတော် လျှောက်သော စကားကို နားခံတော်မူ၍ အလှူအနှစ်နှင့် ကျောင်းတံခါး သေသည်ကိုလည်း ဖွင့်တော်မူ၏။ (မြင်းမှ သုရှင်းအမှု ရွှေတောင်ကျွန်း ပဋ္ဌာန်းကို မယူကြောင်းနှင့် မှန်နန်းတွင် ပါ၏။)

## ၄၆၉။ ရခိုင်ပြည်ကို သိမ်းယူခြင်း အကြောင်း

သက္ကရာဇ် (၇၆၅)[၁] ခုနစ်ရာခြောက်ဆယ့်ငါးခုတွင် ရခိုင်ဘုရင်ထောရကြီးလည်း နိုင်ငံတော် ဖြစ်သော ယော၊ လောင်းရှည်တို့ကို ထိပါးချက်ဆီးလာ၏။ ထိုအကြောင်းကို လျှောက်ထား၍ ကြားတော်မူလျှင် ဘုရင်မင်းခေါင်လည်း မှူးတော်၊ မတ်တော် အပေါင်းနှင့် တိုင်ပင်တော်မူ၍ သားတော် **မင်းရဲကျော်စွာ**– ယင်းသောအခါ သက်တော် ၁၇–နှစ်သာ အဝင်ရှိသောသူကို ဗိုလ်မှူးခန့်တော်မူ၍ ပုခန်းစားတရဲရွှေး တစ်တပ်၊ **တောင်တွင်းစား သိန်းပတေ့** တစ်တပ်၊ တလုပ်စား ရာဇသူ တစ်တပ်၊ **လောင်းစား နော်ရထာ** တစ်တပ်၊ **ဓမ္မိကစား ဘယကာမဏိ** တစ်တပ်၊ ညောင်ရမ်းရွာစား **ရာဇသင်္ကြံ** တစ်တပ်၊ **ပေါက်မြိုင်စား ညီလှ** တစ်တပ်၊ (ပုဂံစားဥစ္စနာ တစ်တပ်)၊ ခြောက်သောင်မြင်းမှူး– **စောနန့်** တစ်တပ်၊ သားမင်း**ရဲကျော်စွာ** တစ်တပ်၊ သားတော် မင်းရဲကျော်စွာ တပ်တော်တွင် မြို့လုလားကို စစ်ကဲခန့်တော်မူသည်။ ဆယ်တပ်တွင်ပါသည့် ဆင်လုံး၊ မြင်းရင်းကား တိုက်ဆင် လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲတစ်သိန်းနှင့် ရခိုင်သို့ ချီရသည်။ မင်းရဲကျော်စွာလည်း တပ်ချလျှင် သူငယ်တော်များနှင့် "ရှင်၊ ကျည်သား" ကစား၍ နေတော်မူ၏။ တပ်မှူး၊ စစ်ကဲတို့သာ စီရင်ခန့်ထားရသည်။ ရခိုင်ဘုရင်လည်း ရဲမက်ရိုလ်ပါ၊ ဆင်လုံး၊ မြင်းရင်းနှင့် နန္ဒင်းတောင်သို့ ကြို၍ ခံလာ၏။ မင်းရဲကျော်စွာတို့ ဆယ်တပ်သားလည်း နန္ဒင်းတောင်သို့ ရောက်လျှင် တပ်မှူးစစ်ကဲအပေါင်းတို့ မင်းရဲကျော်စွာကို ညသို့ နားတော်လျှောက်ကုန်၏။ သူက ချီလာသည် စစ်အင်အား များလှသည် ဟူ၍ ဆိုသည်။ သူ့စစ်အင်ကို ကြည့်၍ တိုက်ပါမည်၊ ဘုန်းကြီးသည့်အရှင် ကြည့်၍သာ နေတော်မူပါ၊ စိတ်တော်မာန်တော်အလိုက် သူ နီးသောခါ လုပ်ကြံတော်မမူပါနှင့် ဟူ၍ လျှောက်ကြ၏။ မင်းရဲကျော်စွာလည်း မည်သို့မျှ မိန့်တော်မမူ၊ ဆိတ်ဆိတ်နေတော်မူ၏။

## ၄၇၀။ မင်းရဲကျော်စွာ ရခိုင်ဘုရင်ကို တိုက်ပုံ

ယင်းသို့မှ ချီ၍ သူ့လူနှင့် နီးလျှင် မင်းရဲကျော်စွာ ညသို့မိန့်တော်မူ၏၊ "သူ့စစ်အင်ကို ငါတို့စစ်အင် မတန်ချေဖြစ်သောကြောင့် ငါတို့က ရဲမက်ဆယ်တပ်သားတို့ သုံးစုခွဲ၍ တိုက်မှ သူ ပျက်လွယ်မည်" ဟူ၍ မိန့်တော်မူ၏။ ပြီလျှင် တပ်မှူးစစ်ကဲ အပေါင်းလည်း မင်းရဲကျော်စွာ အလိုသို့လိုက်၍ သုံးစုခွဲရ၏။ အရှင်သားတို့ လေးတပ်ကား အလယ်ကြောင်း နေတော်မူ၊ ကျွန်ုပ်တို့ လက်ဝဲသုံးတပ်၊ လက်ယာသုံးတပ် အလယ်ကိုခွဲ၍ တိုက်မည် ဟူ၍ တောင်တွင်း သိန်းပတေ့နှင့် ရာဇသင်္ကြံ လျှောက်ပြီးလျှင် ပုဂံစားဥစ္စနာ တစ်တပ်၊ **လောင်းစားနော်ရထာ** တစ်တပ်၊ **ညောင်ရမ်းရွာစား ရာဇသင်္ကြံ**တစ်တပ်၊ သည်သုံးတပ်ကို လက်ယာကြောင်း ချီရ၏။

[၁] ၁။ သေဒီ ၁၄၀၃

ရွှေဘုံဟသာ အဟကာအမတ် တစ်တပ်၊ တလုပ်စားရာဇသူ တစ်တပ်၊ တောင်တွင်းစား သိန်ပတေ့ တစ်တပ်– သည်သုံးတပ်ကို လက်ဝဲကြောင်း ချီရသည်။ မင်းရဲကျော်စွာ တစ်တပ်၊ မြောက်ဘက် မြင်းမှူး စောနှစ်တစ်တပ်၊ ပေါက်မြိုင်စည်သူ တစ်တပ်၊ ပုဇန်းတရုတ်မှူး တစ်တပ်– သည်လေးတပ်ကို အလယ်ကြောင်း နေရသည်။ ရခိုင်ဘုရင် သောရာကြီးလည်း အဝစစ်သည် နီးလျှင် စစ်ဆင်လွှင်၍ နေနှင့်၏။ ယင်းသောအခါ ဗိုလ်မှူး၊ တပ်မှူး အပေါင်းတို့လည်း တိုက်မည် အခြင်းအရာကို စီရင်ကြ၏။

ယင်းသို့စဉ်တွင် မင်းရဲကျော်စွာလည်း ရဲမြတ်စွာဟူသော ဆင်ကို စီး၍ မြင်းသုံးတော်နှင့် အလယ်ကိုထွင်း၍ တိုက်လေ၏။ မင်းရဲကျော်စွာ တိုက်သည်ကို ဗိုလ်မှူးတပ်မှူး အပေါင်းတို့ မြင်လျှင် မနေသာ ရှပ်ရှပ်ခြုံခြုံ တိုက်လေ၏။ ယင်းသို့စဉ်တွင် မင်းရဲကျော်စွာ တိုက်တော်မူသည်၊ သူ့ဆင် လေးစီး၊ ငါးစီး လဲပြီးလျှင် ရခိုင်သောရာကြီး စီးသော ဆင်ကို တိုက်မည် ဟူ၍ လွှတ်လေ၏။ ရခိုင်ဘုရင်လည်း မင်းရဲကျော်စွာ စီးသောဆင်ကို အားမတန်၍ ဆင်ကသည် မြင်းသို့ဆင်း၍ မြင်းငါးသောင်နှင့် ခံပြန်၏။ အဝမြင်းသည်တို့လည်း လိုက်သိပ်၍ တိုက်လေ၏။ ယိုသို့ တိုက်ကြရာတွင် "မြောက်ဘက် မြင်းမှူးစောနှစ်" နှင့် ရခိုင်ဘုရင်နှင့် တွေ့၍ စီးချင်း တိုက်ကြသည်။ ရခိုင်ဘုရင်ခေါင်းကို "စောနှစ်" ဖြတ်ရ၏။ ရခိုင်ဘုရင် ဆုံးလျှင် ရခိုင်စစ်သည်တို့ ပျက်၍ ပြေးလေ၏။ ဆင်မြင်း သုံးပန်း ရတော်မူသည် များ၏။ သေလေသည်လည်း များ၏။ မင်းရဲကျော်စွာလည်း သောရာကြီး သေ၍ စစ်ပျက်လျှင် ရခိုင်သို့ အရောက် ချီတော်မူ၍ မြို့က ခံနှင့်သည်များကို ရှပ်ရှပ်ခြုံခြုံ လုပ်ကြတော်မူသည်။ တစ်မြို့လုံးကို ရတော်မူ၏။

## ၄၇၁။ ရခိုင်ပြည်ကို ရလျှင် အနော်ရထာမင်းစောကို ပေးတော်မူခြင်း အကြောင်း

ရခိုင်ကို ရတော်မူလျှင် တောင်ငူစုနှစ်ခရိုင်ကို စားသော သူတို့လည်း လက်ဆောင် လက်နက်အများနှင့် ကျွန်တော်ရှည်း ခံလာ၏။ ထိုအကြောင်းကိုလျှောက်၍ ဘုရင်မင်းခေါင် ကြားတော်မူလျှင် ကလေးမြို့ကိုစားသော အနော်ရထာမင်းစောကို မင်းမြောက်တန်ဆာငါးပါး နှင့် ရခိုင်မြို့ကို ပေးတော်မူ၍ သားတော်မင်းရဲကျော်စွာတို့ကို ပြန်ရ၏။ အနော်ရထာမင်းစော ရခိုင်မြို့ကို စား၍ တစ်နှစ်ရှိလျှင် သမီးတော် ရွှေပြည်ချမ်းသာ– သက်တော် (၁၃) တစ်ဆယ့်သုံးနှစ် အရွယ်နှင့် ဆက်တော်မူ၏။

## ၄၇၂။ အုန်းပေါင်စော်ဘွားကို သူကောင်းပြုတော်မူပုံ

ထိုသက္ကရာဇ်တွင် အုန်းပေါင်စော်ဘွား[၁]သည် နိုင်ငံတော်ဖြစ်သော ထွန်တုံးပွတက်ကို ဆိုပါးလာ၏။ ဘုရင်မင်းခေါင်လည်း မင်းရာဇာ အစရှိသော မှူးတော်မတ်တော်တို့ကို ခေါ်တော် မူ၍ တိုင်ပင်တော်မူ၏။ ထိုအခါ မင်းရာဇာ လျှောက်သည်ကား "ဘုန်းတော်ကြီးလှသော အရှင်ဘုရား... ပူလှစွာသော မီးသာလျှင် သတ္တဝါတို့အသက်ကို သေစေတတ်သည် မဟုတ်၊ ချမ်းမြေ့လှစွာသော ရေသည်လည်း သူ၏အသက်ကို သေစေတတ်၏။ အုန်းပေါင်စား သို့ကြောင့် ဘွားသည် အနိမ့်အမြင့်ကို မသိ၍ မီးကဲ့သို့ ပြုကျင့်လေငြားသော်လည်း မီးကို ရေဖြင့်မှုန်းကဲ့သို့ ငြိမ်းစေဘိသကဲ့သို့ အမြိတ်အစွန်တော်နှင့် သူကောင်းပြု၍ ကျွန်ပြုတော်မူမှ နောက်နောင် ကျွန် တော်ကို ထမ်းစေရမည်" ဟု နားတော်လျှောက်၏။ ဘုရင်မင်းခေါင်လည်း "ယောက်ျားတော်

[၁] သိပေါမြို့၏ တောင်ဘက် အနီးတွင် တည်ရှိသည့် အုန်းပေါင်မြို့ကို အုပ်ချုပ်ရသော စော်ဘွားဖြစ်သည်။

ယယ် ဥစ္စာတွင် မြင်သော အမြိတ်အစွန်တော်နှင့် ငါ သူကောင်းပြုတော်မူမည်။ ရာဇာ သွား၍ ဆိုချေ" ဟု မိန့်တော်မူ၏။

မင်းရာဇာလည်း အုန်းပေါင်သို့သွား၍ အမြိတ်အစွန်တော်နှင့် သူကောင်းပြုတော်မူမည် အကြောင်းကို ဆိုရလေ၏။ အုန်းပေါင်စား သိုကြောင်ဘွားလည်း များစွာသော လက်ဆောင် လက်နက်၊ တရုတ်ပုဆိုး၊ သိုးကတိုး၊ အောင်း၊ တင်ရမ်းတို့ကို စီရင်၍ "အမြိတ်အစွန်တော်နှင့် သူကောင်းပြုတော်မူပါလျှင် အမှုတော်ကို အသက်နှင့်အမျှ ထမ်းပါမည်" ဟူ၍ နားတော်လျှောက် လိုက်၏။ မင်းရာဇာလည်း ပြန်ခဲ့၍ ခြေရင်းတော်သို့ ရောက်လျှင် ပါသည့်လက်ဆောင် လက်နက်တို့ကို ဆက်၍ လျှောက်လိုက်သည့်အကြောင်းကို နားတော်လျှောက်၏။ ဘုရင်မင်းခေါင် လည်း အုန်းပေါင်စော်ဘွားကို ခေါ်တော်မူ၍ လက်ထပ်အိမ်ဆောက်စေပြီးသော် တူမတော်နှင့် ထုံဖက်တော်မူ၍ ကျွန်ပြုတော်မူ၏။ ထိုနေ့မှစ၍ အုန်းပေါင်စော်ဘွားသည် ကျွန်တော်အဖြစ် အထူးထူးသော ကတ္တီပါ၊ မော်ယော်၊ ဖဲ၊ မိုင်းလုံး၊ သိုး၊ ကတိုး၊ အောင်း၊ တင်ရုန်း၊ မြင်း၊ ယင်းသည်များကို နှစ်စဉ်မပြတ် ဆက်ရ၏။ အမှုတော်ကောင်းလျှင်လည်း ဆင်လုံး၊ မြင်းရင်းနှင့် တပ်ဖွဲ့၍ ထမ်းစေ၏။

## ၄၇၃။ ရာဇာဓိရာဇ် အင်းဝမြို့၊ တကောင်းမြို့တိုင် ဆန်တက်လာခြင်း အကြောင်း[၁]

**သက္ကရာဇ် (၇၄၆)**[၂] ခုနှစ်ရာခြောက်ဆယ့်ခြောက်ခုတွင် ရာမညတိုင်းကို အစိုးရသော မွန်မင်းရာဇာဓိရာဇ်သည် ကတ္တူ၊ လှန်းကြင်၊ ကုလ္လပ်၊ တက်ရပ် အစင်းသုံးထောင်၊ ဗိုလ်တစ်သိန်း ခြောက်သောင်းနှင့် စစ်သူကြီးဖြစ်သော အမတ်ဒိန်မဏိရွတ်၊ သမိန်ဖြတ်၊ သမိန်အဝနိုင်၊ သမိန်အဲပရဲတို့နှင့်တကွ သားသမက်အပေါင်း ခြံရံလျက် ကရဝိတ် ရွှေဖောင်စီး၍ ရေကြောင်း ဆန်လာ၏။ ထိုအကြောင်းကို ဘုရင်မင်းခေါင် ကြားတော်မူလျှင် မြစ်စဉ်တစ်လျှောက်ဝယ်ရှိသော မြို့စား၊ ရွာစားတို့ကို အလုံးအရင်း၊ ဆင်၊ မြင်း အများ သွင်း၍ အနိုင်အခံ နေစေ၏။ နေစေ သော မြို့ကား ပြည်မြို့၊ မြေထဲမြို့၊ စကုမြို့၊ စလင်းမြို့၊ ပခန်းငယ်မြို့၊ စလေမြို့၊ ပုဂံမြို့၊ တလုပ်မြို့၊ ပခန်းကြီးမြို့၊ စစ်ကိုင်းမြို့၊ စဥ့်ကူးမြို့၊ သည်မြို့များကို အလုံအခြံ နေစေ၏။ အဝမြို့တော်တွင် အလုံးအရင်း၊ ဆင်၊ မြင်း အများ သွင်း၍ ကတုတ်၊ ရင်ကာ တပ်တောင်တာ ခိုင်ခံ့အောင် လုပ်စေ၏။ မွန်မင်းရာဇာဓိရာဇ်လည်း သမက်ဖြစ်သော မဟာရဝတ်ကို သမီးတော် တလမဲကြီးနှင့်တကွ **ခေါင်းလောင်းကျွန်းမြို့**[၃]ကို အနိုင်အခံ ဆင်၊ မြင်း အများနှင့် နေစေ၏။ ရာဇာဓိရာဇ် ဟံသာဝတီက ချီလာသည်။ အလုံးအရင်း လှေတက်များလှသည် ဟု ကြားလျှင် ပြည်မြို့က ဝူထွတ်စား၊ လှိုင်စား၊ သာယာဝတီစားတို့သည် ဆင်၊ မြင်း၊ အလုံးအရင်းကို ယူခဲ့၍ ပြည်မြို့က လက်ျာပျံ့ချီနှင့် နေ၍ ခံကြ၏။

## ၄၇၄။ ရာဇာဓိရာဇ် မြစ်စဉ် မြို့ရွာများကို တိုက်၍ မရခြင်း အကြောင်း

မွန်မင်းရာဇာဓိရာဇ်လည်း ဟံသာဝတီက ဆန်လာ၍ ပြည်မြို့သို့ ရောက်လျှင် အကြိမ် ကြိမ် လုပ်ကြသည်။ ပြည်မြို့တွင်းက ပြောင်းသေနတ်၊ အမြောက်၊ မြတာပူနှင့် ပစ်ခတ်၍

၁။ ရာဇာဓိရာဇ်၏ တပ်များ ဟံသာဝတီမှ ထွက်ခွာချိန်ကို အရေးတော်ပုံကျမ်းတွင် ၁၆ နိုဝင်ဘာ ၁၃၈၄ ခုနှစ် (၇၄၆ ခု နတ်တော်လဆန်း ၁၅ ရက်) ဟူ၍ တွေ့ရှိရ၏။ ၂။ အေဒီ ၁၃၈၄ ၃။ ပြည်မြို့အနီး မြစ်ကြောင်းစခန်း

မြို့ကို တောက်ပုံ။ သူ့ရဲ့သူကောင် အသေအပျောက် များလျှင် ပြည်မြို့ကစွာ၍ မြေထဲသို့ ဆန်လေ၏။ ရောက်လျှင် မြေထဲကို လုပ်ကြသည်။ မြေထဲစားလည်း မြို့ထိပ်ကနေ၍ ပြောင်းသေနတ်နှင့် အကြမ်းကြမ်း တက်လာသူမျှကို ပစ်ခတ်စေ၏။ ထိုသို့ ပစ်ခတ်ရာတွင် ရာဇာဓိရာဇ်ကျွန် "ယောကျ်ားကောင်း ဥပါကောင်" ဟူသော အမတ်ကို သေနတ်မှန်၍ သေလေ၏။

ရာဇာဓိရာဇ်လည်း မြေထဲကသည် အစဉ်အတိုင်း ဆန်လာ၍ မြစ်စဉ်တစ်လျှောက်တွင် လှေများကိုလည်း မီးထင်းတိုက်ရလေ၏။ ပုဂံသို့ရောက်လျှင် ပုဂံစား အစီအမံ နိုင်ခဲ့သည်ကို မြင်၍ တိုက်မည်စီရင်ပြီးမှ မတိုက်ဘဲ ဘုရားရှင်ကိုဖူးမြင်၍ တကောင်းတိုင်အောင် ဆန်လေ၏။ ဝတ်ချက်သို့ရောက်လျှင် တပ်ချ၍ ရှင်ဖြူ၊ ရှင်လှ တကောင်းတွင် သုံးရက်နေ၍ စုန်လာ၏။ စစ်ကိုင်းမြို့တွင်းကလည်း တပ်တောင်တာ နိုင်ခဲ့အောင် ပုညစေတီ ဘုရားများကို ဖူးမြင်၍ ကြက်ယက်ဘုရား ၂-ဆူကို ဖူးမြင်၍ ရေစွမ်းတွင် စီရင်၍ အလုံအခြံ နေရ၏။ ရာဇာဓိရာဇ်လည်း ကြက်ယက်ဘုရား ၂-ဆူကို ဖူးမြင်၍ ရေစွမ်းတွင် တပ်ချ၍ နေပြန်၏။

## ပညာရှိ ရဟန်းပျို စကြီသူမြတ် အကြောင်း

၄၇၅။ ပညာရှိ ရဟန်းပျို စကြီသူမြတ် အကြောင်း

ဘုရင်မင်းခေါင်လည်း ဆရာတော် ရဟန်းသံဃာမှ စ၍ မှူးကြီး မတ်နိုင် အပေါင်းတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူ၏။ "ယခု မွန်မင်းရာဇာဓိရာဇ် လာသည်ကို နှုတ်ရေးဖြင့် လည်းကောင်း၊ လက်ရေးဖြင့် လည်းကောင်း သူပြန်လေအောင် ပသို့စီရင်သော် သင့်မည်နည်း" ဟူ၍ မိန့်တော်မူ၏။ ဆရာတော်တို့မှ စ၍ မှူးကြီးမတ်နိုင် အပေါင်းတို့လည်း မည်သို့မျှ မလျှောက်၊ တိတ်တိတ်နေကြကုန်၏။ ထိုအခါ ပင်းယ၌ သီတင်းသုံးသော ပိဋကတ်စောင် တတ်တော်မူသော စကြီသူမြတ်သည် ဤသို့ နားတော်လျှောက်၏။ "မွန်မင်း ရာဇာဓိရာဇ်ကိုသာ မဆိုနှင့်ဦး၊ ဇမ္ဗူဒိပ်မြေပြင်ဝယ်ရှိသော မင်းအပေါင်းတို့ လာရောက်သော်လည်း နှုတ်ရေးဖြင့် ပြန်အောင် ငါစွမ်းနိုင်၏" ဟု မိန့်တော်မူ၏။ ဘုရင်မင်းခေါင်လည်း အလွန်အားရတော်မူသည် ဖြစ်၍ "ငါ့ဆရာ... ရာဇာဓိရာဇ်ကို နှုတ်ရေးဖြင့် ပြန်လေအောင် မိန့်တော်မူပါ" ဟူ၍ တောင်းပန် တော်မူ၏။ ပင်းယ စကြီသူမြတ်လည်း "ငါက ရာဇာဓိရာဇ်သို့ စေဦးမည်" ဟူ၍ မိန့်တော်မူ၏။

## ၄၇၆။ ပင်းယ ပဒွင်းပျို စကြီသူမြတ် ရာဇာဓိရာဇ်ထံ သွင်း မေတ္တာစာ

စကြီသူမြတ်က ရာဇာဓိရာဇ်သို့ စေသော မေတ္တာစာတွင် ပါသည်ကား "စကြီ သူမြတ် နေ့၊ ည မပြတ် မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော သာသနာ့ဒါယကာ ဖြစ်တော်မူသော ဆင်ဖြူသခင် မဟာဓမ္မရာဇ် တရားမင်းမြတ်... ငါ၏ အသက်သည် သုံးဆယ့်တစ်၊ ပဒွင်းဝါ တစ်ဆယ့်တစ်ဝါ ရှိပြီ။ နေ့၊ ညဥ့်မပြတ် ပရိယတ္တိ၊ ပဋိပတ္တိကို ဖြည့်သည် ကုသိုလ်အကျိုးလည်း ခံတော်မူပါ။ သာသနာ့ဒါယကာမင်းမြတ် မျက်နှာ တော်ကို မြင်ချင်၍ ဟံသာဝတီ ရွှေမြို့တော်တိုင်အောင် စုန်ရောက်ပါမည် အကြံရှိသည် လည်း လှေတက်လုပ်ဆောင်သည်၊ မပြီးသေးသောကြောင့် မရောက်ပါရှိလေသည်။ မဟာဓမ္မရာဇ် မင်းမြတ်သည် သာသနာတော်မြတ် စီးပွားကို ရှက်ဆောင်တော်မူသော မင်း ဖြစ်တော်မူသည်။ မျက်နှာတော်ကိုမြင်၍ သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်၊ အကုသိုလ် နှင့် ယှဉ်သော စကားကို မပြောဟောရဘဲ အနိစ္စရောက်လေသော်လည်း ဒုဂ္ဂတိသို့သာ

လားလေရာသည်။ မျက်နှာတော်ကိုမြင်၍ ဒါနကထာ၊ သီလကထာ အစရှိသော စကားတို့ကို ပြောဟောရမှ သေရခြင်းသည်ကား ကောင်းသော သုဂတိ ဘဝသို့ ဖြစ်လေရာသည်" ဟူ၍ မေတ္တာစာ ဆက်ရလေ၏။

## ၄၇၇။ စကြိုသူမြတ် ရာဇာဓိရာဇ်ထံ သွားရောက် ဟောပြောပုံ

မွန်မင်း ရာဇာဓိရာဇ် ကြားလေသော် ငါသည် ဟံသာဝတီရွှေမြို့တော်က ဆန်ခဲ့သည်မှ စ၍ မည်သည့် ပြည်ရွာတွင်မှ သော်လည်း ရဟန်းတစ်ပါးကိုမျှ ငါ မမြင်၊ ယခု ငါ့ကို ဖူးမြင်လိုသော ရဟန်းကိုပင့်၍ မဖူးမြင်ရသေးသည်ရှိသော် ရတနာသုံးပါးတွင် တစ်ပါးကို ငါ မျက်နှာလွဲ သည် မည်ချိမ့်မည် ဟူ၍ ကြံပြီးမှ "ငါ့ဆရာကို ငါလည်း ဖူးမြင်လို၏" ဟူ၍ ကွမ်းဖိတ် လျှောက်တော်မူလိုက်၏။ ပင်းယစကြိုသူမြတ်လည်း ထွက်ရမည် အခွင့်ကို ရပြီ ဟူ၍ ဘုရင်မင်းခေါင်သို့ ဝင်၍ လျှောက်၏။ ဘုရင်မင်းခေါင်လည်း "ငါ့ဆရာ ပဏ္ဏာလက်ဆောင် ယူမည်သူကို အလိုရှိသရွေ့ မိန့်တော်မူပါ၊ စီရင်ပါမည်" ဟူ၍ လျှောက်၏။ စကြိုသူမြတ်လည်း "တရုတ်ပုဆိုး, အောင်း, တင်ရှန်း, ခင်းနှီး, လက်ဖက်ချောင်း, ပဓန်းတကောင်း, သစ်သီးဖလံ, ထန်းလျက်, သကာ–သည်များကို လူသုံးရာကိုင်ခန့်လိုသည်" ဟူ၍ မိန့်တော်မူ၏။ စကြိုသူမြတ် အလိုရှိတိုင်း စီရင်တော်မူ၍ ဆင်ဟိုင်း ငါးတောင်ပြည့်ကို ရွှေကတင်စေပြီးသော် စကြိုသူမြတ် စီး၍ ထွက်ရ၏။ ဆင်ရှေ့တွင်လည်း အဝတ်ဖြူနှင့် သတင်းသုံး သုံးရာ လိုက်ရ၏။ ဆင်နောက်ကလည်း သူအိုသုံးရာ လက်ဆောင်ကိုင်၍ လိုက်ရ၏။[၁] အဝမြစ်ငယ်ကိုကူး၍ ရွှေကြက်ယက် မြောက် အိုးထိန်းမော်သို့ရောက်လျှင် ရာဇာဓိရာဇ်က ရွှေလောင်းနှင့်ကူး၍ ခံလာရ၏။ စကြိုသူမြတ်လည်း ရာဇာဓိရာဇ် စီးသော ရွှေဖောင်သို့ ရောက်လေသော် ပါသည့် ပဏ္ဏာကာရကို ဆက်လေ၏။ ရာဇာဓိရာဇ်လည်း "ငါ့ဆရာ လက်ဆောင်ပဏ္ဏာကာရ များလှသည်" ဟူ၍ ပြည်သွယ်တော်မူပြီးမှ လက်ဆောင်ကို သိမ်းလေ၏။ ရာဇာဓိရာဇ်လည်း "ငါ့ဆရာ... ဘယ်နံက ကြွတော်မူခဲ့သနည်း" ဟူ၍ မေးတော်မူ၏။ စကြိုသူမြတ်လည်း "မြင်တော်မူကတည်းကပင်– ငါလာခဲ့သည်" ဟူ၍ မိန့်တော်မူ၏။ မွန်မင်းရာဇာဓိရာဇ်လည်း "သည်သူမြတ်နှင့် စကားပြောဟောရမည် ထင်သည်" ဟူ၍ မိန့်တော်မူ၏။

## ၄၇၈။ ရာဇာဓိရာဇ်နှင့် တွေ့၍ စကြိုသူမြတ် ဟောပြောပုံ

စကြိုသူမြတ်လည်း ခင်း၍ထားသော နေရာ၌နေပြီးသော် ဤသို့ မိန့်တော်မူ၏။ "သုံးပါးသော လူတို့၏ အထွတ်မြက်မြတ် ဖြစ်တော်မူသော သဗ္ဗညုရှင်တော်သည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ရာဇာယတနစေတီတွင် နေတော်မူစဉ် တဖုဿနှင့် ဘလ္လိက ညီနောင်ကုန်သည်တို့ လှူသော ပျားဆုပ်မုန့်ဆွမ်းကို ခံတော်မူပြီးလျှင် ဆံတော်ရှစ်ချောင်းကို အပ်တော်မူ၍ သိင်္ဂုတ္တရတောင်တွင် ဌာပနာ၏။ ထိုသို့ ဌာပနာသော ဆံတော်ဓာတ်ကို ဆောင်ယူမည် ဟူ၍ အရိမဒ္ဒနာ ပေါက္ကာရာမ ပြည်ကြီးကို အစိုးရသော အနော်ရထာမင်းစောသည် စစ်အင်္ဂါလေးပါးနှင့်တကွ ချီတော်မူလေ၏။ သိင်္ဂုတ္တရရွာသို့ ရောက်တော်မူလျှင် သိင်္ဂုတ္တရရွာတွင် ရှိသော သူကြီး

---

၁။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် စကြိုသူမြတ်သည် ဂိုဏ်းသောက် ဆရာတော်တစ်ပါးနှင့် လူ (၆၀)ထမ်းပိုးရသော လက်ဆောင်ပဏ္ဏာ ပစ္စည်းများကို တင်လျက် လှေဖြင့် ကူးလာကာ ရာဇာဓိရာဇ် ရှိရာ ယာယီတပ်စခန်း၌ တွေ့ဆုံ ဆွေးနွေးကြကြောင်း ပါရှိ၏။

ကာလလည်း တပေါင်းလပြည့် ၇၉ ဗုဒ္ဓဟူးနေ့၊ မိဘတို့ကို စစ်မေးတော်မူသော် ဌာပနာလေသော ကာလလည်း တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ဒီရောက်၍ ကမ်းလုံးပြည့်သည်နှင့်အမျှတွင် ဌာပနာလေသည် ဟူ၍ လျှောက်၏။ သို့သော်ကား မရနိုင်ချေဟု ပြန်တော်မူ၏။ ထိုအခါ ရေကိုချိန်၍ ဆန်တော်မူသည်။ ပုဂံပြည်သို့ ရောက်သော် အတာ ၁၇၀-နှင့် ၅-တောင် ရှိသော ဟူ၏။ ဤသို့ မှန်ပြည်ကသည် ပုဂံ၊ အဝ ရေ မြေ မြင့်သည်ကို လေ့လော်တက်တော်တို့ ပင်ပန်း၍ ဆန်တော်မူလာသည်ကား အဘယ်အလို့တော် ရှိ၍ ဆန်တော်မူသနည်း" ဟု မေး၏။

### ရာဇာဓိရာဇ်က ကြေးသူမြတ်သို့ လျှောက်ပုံ

၄၇၉။ ရာဇာဓိရာဇ်က ကြေးသူမြတ်သို့ လျှောက်ပုံ မှန်ရာဇာဓိရာဇ်လည်း "ငါ ဆန်ခဲ့ရာမှာ အကြောင်းလေးပါးကို မြင်၍ ဆန်တော်မူ သည်" ဟု မိန့်တော်မူ၏။ ကြေးသူမြတ်လည်း "အကြောင်းလေးပါး ဟူသည်ကား အဘယ် နည်း" ဟု မေးတော်မူ၏။ ရာဇာဓိရာဇ်လည်း-

(၁) "အထူးထူးသော အရပ်ကို ကြည့်ရှုတော်မူလို၍ လာရောက်တော်မူသည်လည်း တစ်ပါး။

(၂) ငါ၏ဘုန်း၊ လက်ရုံး၊ ခွန်အားတော်ကို ပြလို၍ လာရောက်သည်လည်း တစ်ပါး၊

(၃) တိုင်းကားနိုင်ငံ ကျယ်လို၍၊ ဆင်၊ မြင်း၊ ဗိုလ်ပါ များလို၍ လာရောက်သည်လည်း တစ်ပါး။

(၄) ပုဂံ၊ အဝရှေ့ပြည်သည် ဘုရားသခင် ဆွေတော်၊ ဓာတ်တော်၊ စည်းခုံစေတီ၊ ရုပ်တု၊ ဆင်းတု များသောကြောင့် ရှိခိုးပူဇော် ဖူးမြင်လိုသောငှာ လာရောက်သည်လည်း တစ်ပါး။

ဤလေးပါးသော အကြောင်းကြောင့် ငါ လာရောက်တော်မူသည်" ဟူ၍ မိန့်တော်မူ၏။

### ၄၈၀။ ကြေးသူမြတ် မိန့်ဆိုပုံ အကြောင်း

ကြေးသူမြတ်လည်း ဤသို့ မိန့်တော်မူပြန်၏။ "သာသနာ့ဒါယကာတော် မင်းမြတ်တွင် တရားတော်နှင့်အညီ ဟောကြားဆုံးမမည့်သူ ဆရာရဟန်းပညာရှိလည်း မရှိ၊ ပြည်ထဲအမှုကို အမြော်အမြင် အလိမ္မာနှင့်ပြည့်စုံသော အမတ်သေနာပတိလည်း မရှိ" ဟူ၍ မိန့်တော်မူ၏။ ရာဇာဓိရာဇ်လည်း "ငါ့ဆရာ... အသို့ မိန့်တော်မူသနည်း" ဟူ၍ မေးတော်မူ၏။ ကြေးသူမြတ် လည်း "သာသနာ့ဒါယကာတော် တရားမင်းမြတ်တွင် ရဟန်းပညာရှိလည်း မရှိ- ငါဆိုရာမှာ ဇမ္ဗူဒိပ်ကျွန်းလည်း ယူဇနာတစ်သောင်း၊ တာဝတိံသာလည်း ယူဇနာတစ်သောင်း၊ အသုရာပြည် လည်း ယူဇနာတစ်သောင်း၊ မဟာအဝီစိလည်း ယူဇနာတစ်သောင်း- ဤလေးရပ်သည် ယူဇနာ အမျှ ဇမ္ဗူဒိပ်ကျွန်း ယူဇနာတစ်သောင်းတွင် ရေနေ လေးထောင်၊ ဟိမဝန္တာ တောနေသုံးထောင်၊ လူနေ သုံးထောင်ဖြစ်သည်။ ထိုသို့ လူနေသုံးထောင်တွင် မဇ္ဈိမဒေသ၌ ပြည်ကြီးတစ်ဆယ့်ခြောက် ပြည်မှ စ၍ လူမျိုးတစ်ရာတစ်ပါး နေသောပြည်ရွာအရပ်သည် ရှင်းရှင်းလင်းလင်း၊ ခြားခြား နားနား နေသကြ၏။ တော၊ တောင်၊ ရေ၊ မြေ လပ်သည်လည်း များ၏။

"တာဝတိံသာ ယူဇနာတစ်သောင်းတွင်လည်း သိကြားနေသော ဝေဇယန္တာပြာသာဒ်၊ ဝေဇယန္တာရထား၊ သုဓမ္မာဇရပ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ၊ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာ ဥယျာဉ်၊ ဖာရုသကဥယျာဉ်၊ မိဿကဥယျာဉ်။ ထိုမှတစ်ပါးလည်း နတ်တို့နေသော ဗိမာန်သည်

ယူဇနာ-၁၀၊ ယူဇနာ-၂၀၊ ယူဇနာ-၃၀ တိုင်အောင် ကြီးကျယ်စွာ ဖြစ်သော်လည်း ရှင်းရှင်း 
လင်းလင်း၊ ခြားခြားနားနား နေသာကြ၏။

"အသူရာပြည်လည်း ထိုကဲ့သို့ လည်းကောင်း နေသာကြ၏။

"မဟာအဝီစိ ယူဇနာတစ်သောင်းလုံးတွင် မကောင်းမှုခံရသော သတ္တဝါတို့သည်ကား ကျည်တောက်ဝယ် မုန့်ညင်းစေ့ကို အပြည့်သွတ်၍ ထားဘိသကဲ့သို့ အသိပ်အနက် ခံရသတည်း။ အဘယ်ကြောင့် အဝီစိ၌ သတ္တဝါများစွာ ခံရလေသနည်း ဟူမူကား ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်းသည်ဖြစ်၍ မကောင်းသော ခုစရိုက်ကို ကျင့်သောကြောင့် ငရဲသို့ သွားရသော သတ္တဝါသာ များသည်။

"ကြွလာတော်မူသော အကြောင်းလေးပါးတွင် သုံးပါးသောအကြောင်းသည် မသင့်လေ။ တစ်ပါးသော အကြောင်းသော်ကား တရားတော်နှင့် အညီဖြစ်၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ ချီးမွမ်းတော်မူကုန်၏။ ဘုရားသခင် သရီရ မွေတော်၊ ဓာတ်တော်တို့ကို ဖူးမြင်တော်မူလို၍ ဟံသာဝတီ နေပြည်တော်ကသည် ရတနာပူရ အဝပြည်ကြီးတိုင်အောင် လာတော်မူသည်ကား ဖဝါး လှမ်းတိုင်း၊ လှမ်းတိုင်း များမြတ်သော အကျိုးကို စံစားတော်မူရသည် ဖြစ်မည်။

"ကျန် အကြောင်းသုံးပါးမှာ လောဘဇောနှင့် စပ်သောအရာ ဖြစ်၍ သမ္မာ သမ္ဗုဒ္ဓ- အစရှိသော ပစ္စေကဗုဒ္ဓါ၊ သာဝကတို့သည် နတ်ရွာ၊ နိဗ္ဗာန်မှ ဗိလာဖြစ်သည် ဟူ၍ ဟောတော်မူ သည်။ ထို့ကြောင့် ဆရာ ရဟန်း ပညာရှိလည်း မရှိ ဟူ၍ ငါ ဆိုသည်။

"ပညာရှိအမတ်ကြီး သေနာပတိ မရှိ- ငါဆိုရာမှာ မေည်းတော် ဆင်ဖြူသခင် ဗညားဦး ဟံသာဝတီကို မင်းပြုတော်မူသောအခါ ရတနာပူရ အဝပြည်ကြီးကို အစိုးရသော ရွှေနန်းသခင် ဘုရင်မင်းကြီးစွာနှင့် တမန်မင်းစေလွှတ်ကြ၍ နှစ်ပြည်ထောင် မီးမသေ၊ ရေမနောက် ရွှေတစ်ပြား တည်းကဲ့သို့ဖြစ်၍ သာယာဝပြောစည်ပင်စွာ ဖြစ်ကြသည်။ သာသနာ့ဒါယကာတော် တရားမင်း မြတ် မင်းပြုတော်မူလျှင် ရေးမင်းဧကရာဇ်နည်းကို မဖျက်ဘဲ ပြည်ထောင်ချင်း မင်းနှစ်ပါးသည် ရေဝယ်သားသော် အခြားမမြင်သကဲ့သို့ဖြစ်၍ ပြည်သူ၊ လူ၊ ရဟန်း အပေါင်းတို့ ချမ်းသာရ မည် အကြောင်းကို မလျှောက်သောကြောင့် ပညာရှိအမတ် သေနာပတိလည်း မရှိ ဟူ၍ ငါ ဆိုသည်။

"သာသနာ့ဒါယကာတော် တရားမင်းမြတ်သည် ရှေး၌ ဆုတောင်းပဏ္ဍနာပြုသောအခါ မွန်ပြည် ဟံသာဝတီကိုသာ ဆုတောင်းဆုယူ ပြုတော်မူဖူးသောကြောင့် ဟံသာဝတီပြည်ကြီးကို မင်းပြုတော်မူရသည် ဖြစ်သည်။ သူ၏ တိုင်းကားနိုင်ငံ စည်းစိမ်ချမ်းသာကို ဖျက်ဆီး လုယူမြန် မည် မိန့်တော်မူရာ စိတ်တော်အတိုင်း ဖြစ်ချိမ့်မည်လော။ ရတနာပူရ အဝပြည်ကြီးသည် လည်း ဖြစ်ဆန်းမဟုတ်၊ ဘုရားသခင် ဗျာဒိတ်တော်ရသောပြည် ဖြစ်သည်။ သာသနာတော်၏ တည်ရာ ဖြစ်သည်။

"တစ်ကြောင်းလည်း အလုံးအရင်း၊ ဆင်၊ မြင်း၊ ဗိုလ်ပါ ထူထပ်များလှသည်။ တောင်ငူ မြို့၊ တောင်တွင်းမြို့၊ ရမည်းသင်းမြို့၊ ဝတီးမြို့၊ ယင်းတော်မြို့၊ ပင်လယ်မြို့၊ လှိုင်းတက်မြို့၊ ညောင်ရမ်းမြို့၊ မြင်နိုင်းမြို့၊ မက္ခရာမြို့၊ ပင်းတလဲမြို့၊ ပြင်စည်မြို့၊ ကျောက်ပန်းတောင်းမြို့၊ ပဋ္ဌနကိုရ်မြို့၊ ပင်းမြို့၊ နတ်မော်မြို့၊ သာဂရမြို့- ဤသို့ တောင်ဘက်ဝယ်ရှိသော ပြည်ကြီး၊ မြို့ကြီးများလည်း ဆင်၊ မြင်း၊ အလုံးအရင်းနှင့်ချည်း ဖြစ်သည်။

"မြောက်ဘက်ဝယ်ရှိသော မြေတူးမြို့၊ ရေနံမြို့၊ စည်ပုဏ္ဏရာမြို့၊ စည်သာမြို့၊ တပုံရင်း

မြို့၊ ဇုံမြို့၊ အမြင်မြို့၊ ကန်နီမြို့၊ ပန်းချီဆယ်တိုက်၊ ရဲလေ့ဆယ်စင်း၊ ယောမြို့၊ ထီးလင်းမြို့၊ လောင်ရှည်မြို့- သည်မြို့များလည်း ဆင်လုံး၊ မြင်းရင်း အများနှင့်ချည်း ဖြစ်သည်။

"ရေဝတီမြစ်ကြောင်းဝယ် ရှိသော ရွှန်တောင်းမြို့၊ မြတောင်မြို့၊ တကောင်းမြို့၊ ငဝေ့ကူးမြို့၊ စစ်ကိုင်းမြို့၊ ပုခန်းကြီးမြို့၊ တလုပ်မြို့၊ ပုဂံမြို့၊ ရွာသာမြို့၊ စဉ့်ကူမြို့၊ စလေမြို့၊ ပခန်းငယ်မြို့၊ ရေနံချောင်းမြို့၊ စလင်းမြို့၊ စကုမြို့၊ လယ်ကိုင်းမြို့၊ မြေထဲမြို့၊ သရက်မြို့၊ မင်းတုန်းမြို့၊ မင်းတယ်မြို့၊ ပြည်မြို့၊ သာယာဝတီမြို့-သည် မြို့ကြီး၊ ပြကြီးများလည်း စစ်သည် ဗိုလ်ပါ အလုံးအရင်း၊ ဆင်၊ မြင်း အများနှင့်ချည်း ဖြစ်သည်။ လုပ်ကြံတော်မူ၍ ဖြစ်နိုင်ချိမ့်မည် မဟုတ်၊ စိတ်တော်ရှိသည်အတိုင်း စီရင်တော်မူလျှင် မကောင်းမှု အကုသိုလ်သာ ပွား၍ ရန်ငြိုး ကြီးစွာဖြစ်တော်မူကြမည် ဖြစ်သည်။

"တစ်ကြောင်းလည်း ငါတို့အဝ ရာဇဌာနီသည် ရှေ့သို့ တန်ခူး၊ ကဆုန် ရောက်လေသော် မုန်တိုင်းလေရူးထ၍ မြစ်တွင်မှ လှေတက်တို့ မထားသာဖြစ်သည်။ ကျောက်စရစ် အိုးခြမ်းကွဲတို့ သော်လည်း ကောင်းကင်သို့လွင့်၍ သွားသည်။ ရှေ့သို့ ဝါဆို၊ ဝါခေါင် ရောက်ပြန်သော်လည်း မြစ်ချောင်းတို့ ပြည့်လျှမ်းသည်ဖြစ်၍ လှိုင်းတံပိုးတို့သည် အလွန်ကြီးကုန်၏။ လှေတက်ကို မြစ်တွင်မှ မထားရံကြ၊ ချောင်း၊ မြောင်း၊ ထုံးအိုင်၊ ပင်းကား ဝယ်သာ သွင်းထားရသည်။

"တစ်ကြောင်းလည်း ဧကရာဇ်နှစ်ပါး မေတ္တာသက်၍ နိုက်ရန်မဖြစ် ကြည်သာတော်မူသည် ဖြစ်မှ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာသို့ ရောက်လေရာသည်။ သတ္တဝါတို့ ချမ်းသာသည် ဖြစ်မှ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာတော် ပြန့်ပွားရာသည်။ သာသနာတော် ပြန့်ပွားစည်ပင်သည်ဖြစ်မှ ကောင်းမှုကုသိုလ် ပွားများတော်မူ၍ မြတ်သောဆုကို ပြည့်စုံတော်မူရာသည်" ဟု လျှောက်၏။

## ၄၀၁။ ကြေးသူမြတ်သည် ရာဇာဓိရာဇ်အား လိုရင်းကိစ္စ ပြီးလွယ်အောင် ပြောဟောပုံ အကြောင်း

ထိုသို့ ရာဇာဓိရာဇ်နှင့် အလော်အလဲ[၁] ဆိုကြရာတွင် ရာဇာဓိရာဇ်အမတ် သမိန်သံကျယ် သဂိုတို့သည် ရွှေကြက်ယက်က ဘုရားသခင် ကျွန်သီးတော်တို့ကို ဖမ်းယူ၍ နှစ်ကျိပ်ကျော်ခန့် ဆက်လာ၏။ ကြေးသူမြတ်လည်း ဆက်လာသော သူတို့ကို မြင်လျှင် "တရားမင်းမြတ်သည် ကျေးဇူးရှင် ကျေးဇူးတော်ကို မသိ" ဟူ၍ မိန့်တော်မူ၏။ ရာဇာဓိရာဇ်လည်း "ဘယ်သူသည် ငါမင်းဧကရာဇ်၏ ကျေးဇူးရှင် ဖြစ်သနည်း" ဟု မေးတော်မူ၏။

ကြေးသူမြတ်လည်း "တရားမင်းမြတ်သည် ရှေးဘဝက ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့၌ ပြုတော်မူဖူးသော ကောင်းမှုကုသိုလ် အကျိုးကြောင့် ဧကရာဇ်၊ မင်းရာဇ်ဖြစ်၍ ဤသို့သော စည်းစိမ်ချမ်းသာ ရတနာ ဆင်၊ မြင်း၊ ကျေးသင်း၊ ကျွန်ရွာတို့ကို ရ၍ ဘုန်း၊ လက်ရုံး၊ ပညာနှင့် ပြည့်စုံတော်မူသည်။ အကျိုးကို ပြုတော်မူတတ်သော ဘုရားသခင် ကျွန်သီးတော်တို့ကို ဖမ်းယူ ညှဉ်းဆဲခြင်းသည်ကား ကျေးဇူးရှင် ကျေးဇူးတော်ကို တရားမင်းမြတ် မသိ မဟုတ်တုံ လော။ ငါသည် ဝိနည်း၊ ပရိယတ္တိနှင့်အညီ ပဏ္ဏာ၊ သံသရာ ဝီးပွားနှစ်ပါးနှင့် စပ်သောစကားဖြင့် မင်းဧကရာဇ် နှစ်ပါးတို့ကို မဟာမိတ်ဖြစ်အောင်၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ကိုလည်း

[၁] အပြန်အလှန် ပြောဆိုခြင်း။

ချမ်းသာစေသောင် ငါ ရပ်ခံပါသည်။ ခွင့်ပြုတော်မူပါ။ ခွင့်ပြုတော်မူပါလျှင် အဝတွင် မျော်လည်း ငါ သိတင်းသုံးမည်၊ ဟံသာဝတီမှာ မျော်လည်း ငါ သိတင်းသုံးမည်။ နှစ်ပြည်ထောင် မွေတစ်ပြား တည်း ကဲ့သို့ ဖြစ်မည် အကြောင်းကိုသာ ခွင့်ပြုတော်မူပါ" ဟု လျှောက်၏။

## ၄၈၂။ ရာဇာဓိရာဇ်က ပြန်ပါမည် ဝန်ခံခြင်း အကြောင်း

ရာဇာဓိရာဇ်လည်း "ငါသည် မြန်မာနိုင်ငံကို လုပ်ကြံမည် ဟူ၍ လာသည်။ ငါ့ဆရာ ငါ့ကို တရားတော်နှင့်အညီ ဟောကြားပေးသည် ဖြစ်သောကြောင့် ငါ ပြန်တော်မူတော့မည်" ဟု မိန့်တော်မူ၏။ ပင်းယ စကြီးသူမြတ်ကိုလည်း ပိတ်အုပ်, ရမတီအုပ်, သဟန်အုပ်, ခါသာအုပ်, နေရာကော်ဇော, နံ့သာ, ကရမက်, အကျော်, စမွာ, အန်ဖတ်, နင်းရည်, ဖုံးမသိန်, ငရုတ်, ကွမ်းသီး, ပရဆေး များစွာ လှူတော်မူ၏။ ကြက်ယက်ဘုရား ကျွန်သီးတော်တို့ကို အပ်တော်မူလိုက်၏။ "ငါမူကား လေးရက်နေ၍ ရွှေကြက်ယက်တွင် စရပ်ဆောက်ပါဦးမည်၊ မြစ်ညာမှာ ရှိသည် ရဲမက်တော်တို့ကိုလည်း ခေါ်လေစေဦးမည်" ဟူ၍ မိန့်တော်မူပြီးမှ စကြီးသူမြတ်နှင့် အခြွေအရံ အပေါင်းတို့ကို အဝဘက်သို့ ရွှေလောင်းနှင့် ပို့လာ၏။

ရာဇာဓိရာဇ်လည်း မိမိ စီးသော ရွှေဖောင်ငါးဆက်ကို ဖျက်၍ ကြက်ယက်ဘုရားရှင် ရင်ပြင်တော်တွင် စရပ်ဆောက်၏။ စရပ်ပြီးလျှင် စကြီးသူမြတ်နှင့်တကွ သံဃာတစ်ရာ ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူ၏။ လှူသည်ကား ပိတ်, ရမတီ, သဟန်, ဖက်ခန့်, ပဉ္စနို, ခါသာ, ကရတ်, ခင်းနီး, နံ့သာ, ဖုံးမသိန်, ကရမက်, အကျော်, စမွာ, နင်းရည်, အန်ဖတ်, ငရုတ်, ကွမ်းသီး, ပရဆေး အစုံအစုံ လှူတော်မူ၏။ သာဓုခေါ်ပြီးလျှင် ရာဇာဓိရာဇ်လည်း စုန်တော်မူလေ၏။

## ၄၈၃။ ရာဇာဓိရာဇ် ဆောက်လှူခဲ့သော စရပ်ကို မီးတိုက်စေခြင်း အကြောင်း

ကျောက်တစ်လုံးသို့ရောက်လျှင် ကြက်ယက်ဘုရားမှာ ဆောက်လှူသောစရပ်ကို ဘုရင်မင်းခေါင်က မီးတိုက်ရလေ၏။ ရာဇာဓိရာဇ်လည်း မီးခိုးကိုမြင်လျှင် "ငါကောင်းမှုပြုသည်ကို ဖျက်ဆီးလေသည်၊ ယခု အဝမြို့ကို မလုပ်ကြံဘဲ ပြန်တော်မူကြောင်းလည်း စကြီးသူမြတ် အရေးကို တောင်းသောကြောင့် အရေးကို ငါပေးသည်၊ ယခု အဝကို လုပ်ကြံမည်" ဟူ၍ လှေတက်အပေါင်းတို့ကို လှေဦးလှည့်ရ၏။ ထိုအခါ စစ်သူကြီး ဖြစ်သော သမိန်ဖြတ်စနှင့် အမတ်ဒိန်မဏိရွတ်တို့ ရာဇာဓိရာဇ်ကို ဤသို့လျှောက်၏။ "ကောင်းမှုတော် ပြုတော်မူသည်ကို သူဖျက်လျှင် သူ၌သာ အပြစ်ရှိသည်၊ အရိယာသံဃာတို့ ခွင့်တောင်းသည်ကို ခွင့်ပြုတော်မူမိလေပြီ ဖြစ်သည်၊ တိုက်၍ မသင့်ပြီ၊ လုပ်ကြံတော်မူလိုလျှင် ကျွန်တော်တို့ ပြည်ရွာနှင့် နီးစပ်သော မြို့ပြတို့ကို အလျှင်တိုက်၍ ယူဦးမည်၊ သို့မှ အဝသို့ ချီမည်" ဟူ၍ လျှောက်မှ လှေဦးလှည့်၍ စုန်လေ၏။

## ၄၈၄။ ရာဇာဓိရာဇ် ပြန်လျှင် မြင်းတပ်နှင့် လိုက်၍ တိုက်ပုံ

ဘုရင်မင်းခေါင်လည်း မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူ၏။ "ယခု မွန်မင်းရာဇာဓိရာဇ် ချီလာရာမှ ဓားမကျိုး, လှံမကျိုး ပြန်ရလေသည်။ နောက်နောင်

သည့်ကဲ့သို့သော အမှုရှိ၍ စေရအံ၊ ကြည့်ရအံ ရှိလာမည်သော် အရေးမှုမှာရှိမ်မည်ဖြစ်လည်း သည်ကဲ့သို့သော အမှုရှိ၍ နေရအား၊ ကြည့်ရအား ရှိလာမည်သော် အရေးမှုရှိပ်မည်ဖြစ်သည်။ ပေါ်လွှင် ပေါ်ကြ လိုက်၍ ဆီးစေအောင်ပြုမိမည် သင့်မည်" ဟူ၍ မိန့်တော်မူပြီးလျှင် ဘယကာယကီး ယခု ဒါတို့က လိုက်၍ ဆီးစေအောင်ပြုစီစဉ်မှ ဟင်းရှာထင်းခွေ မတက်ရအောင် အရေးဘက်ရကြကုန်၏။ ရာဇသင်္ကြန်တို့ကို မြင်းသုံးထောင်နှင့် ပြည်ဖို့ တိုင်အောင် ရှိရလေ၏။ ဘယကာယကီး၊ ရာဇသင်္ကြန်တို့လည်း မြင်းသုံးထောင်နှင့် အပြင်းမျိုးရလေ၏။ မှုန်တို့စစ်သည်ကို ဟင်းရှာထင်းခွေ မတက်ရအောင် ဆီးဆွဲ၍ တိုက်လေ အပြင်းနှစ်လေ၏။ ဘယကာယကီး၊ ရာဇသင်္ကြန်တို့ ပုဂံသို့ရောက်လျှင် ၏။ ရာဇာဓိရာဇ်လည်း အပြင်းနှစ်လေ၏။ ဘယကာယကီး၊ ရာဇသင်္ကြန်တို့ ပုဂံသို့ရောက်လျှင် မြင်းကိုစီး၍ တစ်ရာတစ်ရာ၊ နှစ်ရာတစ်ရာ၊ သုံးရာတစ်ရာ၊ အစုစု မြင်းရေစီးရ၏။ သို့စီးသည်ကို မှုန်စစ်သည်တို့ မြင်လေသော် မြင်းတစ်သောင်း ကိုးထောင် ထင်၍ ဆီးပ်တွင်းမှ မဆိုက်ရဲ အပြင်းနှစ်လေ၏။ ဓလေ့သို့ ရောက်လေသော် အနော်ရထာမင်းစော လက်ထက် မှန်ပြည်က ယူခဲ့သော ဘုရားရုပ်တုတော် တစ်ဆူကိုတွေ့လျှင် ရာဇာဓိရာဇ်အား အမတ်တို့ လျှောက်လေ၏။ ယူရလေ၏။ ဘယကာယကီး၊ ရာဇသင်္ကြန်တို့ ရာဇာဓိရာဇ်လည်း အမှု၊ အမတ် အများနှင့်၍ ယူရလေ၏။ ဆီး၍ တိုက်သည်။ မှုန်အများပင် သေလေ၏။

## ၄၈၅။ ရာဇာဓိရာဇ် သမီး တလသံကြီးကို ရ၍ ဆက်လာခြင်း အကြောင်း

ရာဇာဓိရာဇ်လည်း အပြင်းနှစ်လေ၍ ပြည်သို့ရောက်လေသော် သမက်တော်မဟာရာဇ် သည် "ခေါင်းလောင်းကျူ" တွင် အလုံးအရင်းနှင့် အနိုင်နေသည်ကို ပြည်စားဟုရှိ၍နှင့် စဝင်းစား ခေါ်ရထာကြေကျင်တို့ တိုင်ပင်၍ ဆင်၊ မြင်း အလုံးအရင်း အများနှင့် ရာဇာဓိရာဇ် အညာမှ ရှိမိက် တိုက်လေ၍ မဟာရာဇ် ပျက်လျှင် မြင်းတစ်စီးနှင့်သာ ပြေး၍ ထွက်လေ၏။ မဟာရာဇ် မယား တလသံကြီးကို ရ၍ ဘုရင်မင်းခေါင်သို့ ဆက်လာ၏။ ထိုအကြောင်းကို ရာဇာဓိရာဇ် ကြားလေသော် ဟံသာဝတီသို့ အပြင်းနှစ်လေ၍ ရောက်လျှင် သမက်မဟာရာဇ်ကို သတ်လေ၏။

## ၄၈၆။ ညောင်ရွှေစော်ဘွား တောင်နိုင်းကြီးကို သူကောင်းပြုပုံ

သက္ကရာဇ် (၇၆၇)[၁] ခုနှစ်ရာကြောက်ဆယ့်ခုနှစ်ခုတွင် ရပ်စောက်ညောင်ရွှေစော်ဘွား တောင်နိုင်းကြီးသည် ရွှေပေါ်တော်အောက်တွင် နေ၍ အုန်းပေါင်သို့ကြောင်သွားကဲ့သို့ အမှုတော် ထမ်းပါရှင်သည် ဟူ၍ လက်ဆောင် လက်နက်အများနှင့် နားတော်လျှောက်လာ၏။ ဘုရင် မင်းခေါင်လည်း မင်းရာဇာမှ ရှေ့ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ အမတ်အပေါင်းတို့လည်း သိမ်းစွန်ငှက်ရဲတို့ရှေ့ဝယ် တစ်ပါးသောငှက်ငယ်တို့ သန်း၍ မပျံရ သကဲ့သို့ မင်းရာဇာ မျက်နှာကိုသာ ကြည့်၍ နေကုန်၏။

ထိုအခါ မင်းရာဇာ လျှောက်သည်ကား "ဘုန်းတော်ကြီးလှသော အရှင်ဘုရား... အကြင်ဥပမာကား–ငါးကိုလိုသော တံငါသည် မျှားသံဖြင့် ငါးကို မျှားသကဲ့သို့၊ သမင်ရိုင်းတို့ကို လိုသော မုဆိုးသည် သမင်ယဉ် တိမ်ညင်နှင့် မျှားဘိသကဲ့သို့၊ ညောင်ရွှေတောင်နိုင်းကြီးကို အမြိတ်အစွန်တော်နှင့် သူကောင်းပြု၍ အမှုတော်ကို ထမ်းစေသော် သင့်မည် ထင်သည်" ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းခေါင်လည်း ညောင်ရွှေတောင်နိုင်းကြီးကို ခေါ်တော်မူ၍ "ရွှေ ပေါ်တော်အောက်သို့ရောက်လျှင် အမြိတ်အစွန်တော်ဖြစ်သော တလုပ်စား ရာဇသူသမီးတော်

[၁] ဓေဒါ ၁၄၀၅

အသည်နှင့် နှမက်တော်မူ၍ ကျွန်ပြုတော်မူ၏။ ထိုနေ့မှ စ၍ ရောက်လေသမျှသော ဖိုင်းဖြူတည်း၊ ကကြိုပါ၊ ဖံ၊ မော်ဘသား၊ သိုး၊ တကိုး၊ တော၊ တင်နှင်း၊ မြင်း နှမ်တိုး အက်၏။ ထမ္ဘောင် ကောင်းလျှင်လည်း ဆင်တုံ၊ မြင်းရင်း အများနှင့် တပ်ချ၍ ထမ်းရ၏။

## ၄၈၇။ အလုံမြို့[1] ဟုသုတ်မြို့ကို မွန်တို့ တိုက်ယူပုံ

ထိုသက္ကရာဇ်တွင်ပင် မွန်မင်း ရာဇာဓိရာဇ်သည်း အလုံးအရင်း ဆင်၊ မြင်းအများနှင့် ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူ၍ ခိုင်ခံတော်မူသော အလုံမြို့ ဟုသုတ်မြို့ကို တိုက်ရလေ၏။ အလုံစား တရုတ်ပုဏ္ဏား ဟုသုတ်စား ဘသဲကျော်တို့သည်း မိမိတို့မြို့ ကိုမခံနိုင်မျှ၍ အလုံးအရင်း ဆင်မြင်း စည်းရုံးပြီးသော် လှိုင်မြို့[2]သို့ ပေါင်း၍ ခံကြ၏။

ရာဇာဓိရာဇ်သည်း လှိုင်မြို့ကို ကြည်း၊ ရေ ဝန်းရံ၍ တိုက်လေ၏။ လှိုင်မြို့တွင်းက မြောင်း သေနတ်နှင့် ပစ်လျှင် အပါးအပါး အရာ၌ များ၍ မြို့ကိုမဟာတ်နိုင် ရှိလေ၏။ ထိုအခါ ရာဇာဓိရာဇ် စစ်သူကြီးဖြစ်သော သမိန်ဗြာဇ်း၊ အမတ်ဒိန်မဏိရွတ် ရာဇာဓိရာဇ်ကို ဤသို့ မှားတော်လျှောက် ၏။ "လှိုင်မြို့သည် မြောင်းသေနတ် ထူထပ်လှသောကြောင့် အလုံအကြံ ခံတော်ရသည်။ လှိုင်မြို့ကို ရှိနှင့်စေဦး၊ ပြည်မြို့ကို လုပ်ကြံ၍ ရလျှင် လှိုင်မြို့သည် ထက်တော်က မလွတ်နိုင်ရာ" ဟူ၍ လျှောက်၏။

ရာဇာဓိရာဇ်သည် တပ်ကိုနုတ်၍ ပြည်သို့ချီလေ၏။ ပြည်စားဖုံးနေသည်း မြို့၊ မြို့ကျုံး၊ မြောင်း၊ ကတုတ်၊ ရင်တာ ခိုင်ခံစေအောင် စီရင်ပြီးသော် ဆင်တုံမြင်းရင်း အများသွင်း၍ မြို့တွင်းက ခံ၏။ ရာဇာဓိရာဇ်သည် ပြည်မြို့သို့ရောက်လျှင် ရေအား၊ ကြည်းအား အပြီးလုပ်ကြံ သည်။ မြောင်းသေနတ် ထူထပ်လှသောကြောင့် မတတ်နိုင်၊ မရွှေ့ရ။ တက်လေသမျှသည် ထိပါးသေပျောက်သည် များ၏။ သို့လျှင် မြို့ကို ပတ်ပတ်ဝန်းရံ၍ တပ်နိုင်တပ်ရံ တည်၍ နေလေ၏။

## ၄၈၈။ မြို့လုစား ဥတ်နိမ် သတိုးဖြည့်မြို့သို့ ဝိဇ္ဇာသွင်းပုံ

ပြည်မြို့တွင်းမှာလည်း ရံမက်ဖိုလ်ပါ များသောကြောင့် နှစ်လခန့်ရှိလျှင် ငတ်မွတ်ရေ၏။ ထိုအကြောင်းကို ဘုရင်မင်းခေါင် ကြားတော်မူလျှင် မြို့လုစားသတိုးကို တပ်မှူးခန့်တော်မူ၍ မြင်းနှစ်ထောင်နှင့် ဆန်သွင်းရလေ၏။ ပြည်မြို့သားတို့လည်း ဝမ်းမြောက်နေ၏။ မြို့လုစားသတိုး လည်း ညဉ့်မိုးသောက်ထတွင် ရံတပ်ကို တိုက်ဖောက်၍ မြင်းနှစ်ထောင်နှင့် တကွ ထွက်လာ ၏။ ခြေရင်းတော်သို့ရောက်လျှင် ဤသို့ နားတော်လျှောက်၏။ "မွန်မင်း ပြည်မြို့ကို ရောက် ကြည်းတပ် ရံသည်။ ထူထပ်လှသည်။ စစ်ကူအလျှင် စီရင်တော်မူမှ အရေးတော်ကောင်းမည်" ဟူ၍ နားတော်လျှောက်၏။

## ၄၈၉။ မွန်နှင့်ဗမာတို့ ပြည်မြို့၌ တိုက်ကြပုံ

ဘုရင်မင်းခေါင်လည်း ဆင်၊ မြင်း ရုံးစုတော်မူ၍ ပုခန်းစား တရဖျားတစ်တပ်၊ ပုဂံစား ဥစ္စနာတစ်တပ်၊ တောင်တွင်းစား သီဟပတေ့တစ်တပ်၊ တလုပ်စား ရာဇသူတစ်တပ်၊ မြို့လုစား

[1] ပြည်မြို့ အနီး မွန်မြစ်တနယ်ရှိ တည်ရှိသည်။ [2] ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်အတွင်း၌ တည်ရှိသည်။
ယခုအခါ ရွာငယ်တစ်ရွာအဖြစ် ကျောင်းလေးရွာဟု ဖြစ်သည်။

သတို့တစ်တပ်-သည် ၅-တပ်ကို တိုက်ဆင်နစ်ရာ၊ မြင်းသုံးထောင်၊ ဗိုလ်ငါးသောင်းနှင့် အလျှင်ချီရမလော၏။ ဘုရင်မင်းခေါင်က စစ်ကူအများ ချီလာပြီ ဟူ၍ ရာဇာဓိရာဇ် ကြားလျှင် သမိန်ဖြတ်စ တစ်တပ်၊ သမိန်အဝနိုင်တစ်တပ်၊ သမိန်အဲပရဲတစ်တပ်၊ သမိန်ပေါကျော် တစ်တပ်၊ သမိန်ဖြိုက် တစ်တပ်၊ သမက်တော် ဥပါကောင်းတစ်တပ်၊ လကျွန်းအိမ် တစ်တပ်- သည် ခုနစ်တပ်ကို တိုက်ဆင် တစ်ရာ၊ မြင်းရှစ်ထောင်၊ ဗိုလ်လေးသောင်းနှင့် လကျွန်းအိမ်ကို ရှေ့တည် ခန့်၍ ကြိုလာ၏။ မွန်တို့က ကင်းစမ်းသော သူတို့လည်း ဗမာတို့စစ်သည် နီးချေပြီ ဟူ၍ လကျွန်းအိမ်ကို ပြောလေ၏။ လကျွန်းအိမ်လည်း တောသို့ဝင်၍ အသင့်နေနှင့်၏။ ဗိုလ်မှူး ဖြစ်သော သမိန်ဖြတ်စလည်း စစ်များ မလှုပ်စေနှင့်၊ ဗမာတို့စစ်သည် လွင်သို့ရောက်မှ စစ်အင်ကို ကြည့်၍ တိုက်မည်ဟူ၍ လကျွန်းအိမ်တပ်သို့ စေ၏။ ဘုရင်မင်းခေါင် စစ်သည်တော်တို့မှာလည်း ပုန်းတရုံများတပ် ရှေ့ချီသည့် မြင်းတပ်ကို လကျွန်းအိမ် တောက ထွက်၍ တိုက်သည်။ မြင်းသည်တော် မရွှေ့ချေ၏။ လွင်သို့ရောက်မှ ပုန်းစား လိုက်၍တိုက်သည်၊ လကျွန်းအိမ် ပျက်လေ၏။ လကျွန်းအိမ် ပျက်လျှင် ဥပါကောင်းတပ်၊ သမိန်ပေါကျော်တပ်၊ သမိန်ဖြိုက်တပ်- သည်လေးတပ်လုံးကို ပုန်းစား တိုက်၍ပျက်လျှင် တောသို့ဝင်၍ နေလေ၏။ နောက်တပ်များ လည်း ထပ်၍လိုက်သည်။ ဆင်၊ မြင်း၊ သုံ့ပန်း အများပင်ရ၏။ ဘုရင်မင်းခေါင်၏ စစ်သည်တော် ငါးတပ်သားတို့လည်း မွန်တို့ ပျက်လျှင် သုံ့ပန်းဖမ်း၍ အလျော့အရဲ အမှတ်မဲ့ နေချေ၏။ ရာဇာဓိရာဇ်အမတ် သမိန်ဖြတ်စ၊ သမိန်အဝနိုင်တို့လည်း ဗမာငါးတပ်သားတို့ ကရဲကသိ ကဆိုကလျှား ရှိသည်ကို သိလေ၍ တိုက်ပြန်လေသည်။ ရဲမက်တော် ငါးတပ်သားလုံး ပျက်ပြန် ချေ၏။ ထိုသို့ပျက်လျှင် ရဲမက်ဗိုလ်ပါတို့ကို ရုံးစု၍ တပ်ကြီးတပ်နိုင် တည်ပြီးသော် ခံ၍နေကြ၏။ ပုန်းစား၊ ပုဂံစားတို့ကလည်း အရေးတော် မလှကြောင်းကို လျှောက်လာ၏။

### ၃၉၀။ မင်းခေါင်ကြီး ပြည်မြို့သို့ ချီလာ၍ မွန်မင်း စုစံပုံ[၁]

ဘုရင်မင်းခေါင်လည်း စော်ဘွား၊ စော်ကန်များကို အလျှင်ခေါ်၍ တိုက်ဆင်သုံးရာ၊ မြင်းခုနစ်ထောင်၊ ဗိုလ်တစ်သိန်းနှစ်သောင်းနှင့် ချီတော်မူ၏။ ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင် ချီလာသည်၊ စစ်အင် များလှသည်ဟု ကြားလျှင် ပြည်မြို့ဘက်တွင် မနေဝံ့၍ တလည်းဆီ ဘက်သို့ ကူး၍ သစ်မြို့လုပ်ပြီးသော် တာရာဏသီ ဟူသော အမည်ကို သမုတ်၍နေလေ၏။ လှေတက်လည်း အများဆိပ်က နေရ၏။ ရာဇာဓိရာဇ်လည်း သမိန်ဖြတ်စ၊ အမတ်ဒိန်မဏိရွတ် ကို ခေါ်တော်မူ၍ နဝင်းတွင်နေသော သုံးတပ်သားတို့ ခံနေစေရသော်လည်း သင့်မည်လော၊ တပ်ကိုရုပ်၍ အနောက်ဘက်က တစ်ချက်တည်းနေ၍ ခံရသော်လည်း သင့်မည်လော ဟူ၍ တိုင်ပင်တော်မူ၏။ သမိန်ဖြတ်စ လျှောက်သည်ကား "နဝင်းတွင်နေသော သုံးတပ်သားကိုဖြတ်၍ အနောက်ဘက်သို့ နေစေမှ သင့်မည်ထင်သည်။ ဘုရင်မင်းခေါင် ချီလာသည်လည်း ဆင်လုံး မြင်းရင်း အင်အားများလှသည် ဖြစ်သည်။ ခံနိုင်သော် ကောင်း၏၊ မခံနိုင်သော် အရေးလစ်လပ် မည်"ဟူ၍ နားတော်လျှောက်၏။ သမိန်အဲပရဲ၊ သမိန်ပေါကျော်၊ သမိန်ဖြိုက်- တပ်မှူး သုံးယောက်လည်း ဤသို့ လျှောက်၏။ "ပြည်မြို့ကို လုပ်ကြံတော်မူသည်၊ လေးလ၊ ငါးလ

---

၁။ အရေးတော်ပုံကျမ်း ပေမူတွင် ၂၄ ဇန်နဝါရီ ၁၄၀၆ ခု (၇၆၇ ခု တပို့တွဲလဆန်း ၅ ရက်) နေ့၌ နဝင်းစခန်းကို ဗမာတပ်များ မရပ်မနား ရှုပ်ရှုပ်ရှက်ရှက် တိုက်ခိုက်ကြကြောင်း ဆိုသည်။

ရှိပြီ၊ မရှေး။ ကျွန်တော်တို့ သုံးတပ် နေသည်ကို မြွတ်တော်မူလျှင် ပြည်မြို့သားတို့လည်း ဘုရင်မင်းခေါင်နှင့် တစ်ချက်တည်း ရှိရိုမ်မည်" ဟူ၍ လျှောက်၏။

### ၄၉၁။ အမတ်ဒိန်မဏိရွတ်[၁] စစ်ရေးအတွက် ဆိုပုံ

ထိုအခါ အမတ်ဒိန်မဏိရွတ် ဆိုသည်ကား "ပြည်မြို့ကား အုတ်မြို့လည်း ဖြစ်သည်၊ ကျုံးလည်း ကျယ်သည်၊ နက်လည်း နက်သည်၊ ယင်းသို့ဖြစ်သောကြောင့် ပျက်ခဲသည်။ သုံးတပ်သားမှာမူကား သစ်တပ်သာဖြစ်ချေသည်။ ကျုံးလည်း ငယ်သည်၊ တိမ်လည်း တိမ်သည်။ မင်းတို့ ဘုရင်မင်းခေါင် ရောက်တော်မူလျှင် ခံနိုင်မည်အရေး မရှိချေ" ဆို၏။ သမိန်အဲပရဲ၊ သမိန်ပေါကျော်၊ သမိန်ဖြပိုက်တို့ကလည်း "ဆင်၊ မြင်း၊ ရဲမက်သာ ထပ်တော်မူပါ၊ ကျွန်တော်တို့ ခံနိုင်အောင် ခံမည်"ဟူ၍ လျှောက်၏။ ရာဇာဓိရာဇ်လည်း သူရဲသူခက် လောင်း၍ မင်းတို့ မြောင်း တပ်တောင်တော် ချဲ၍ ခံ၏။ သမိန်အဲပရဲတို့လည်း မြေ လက်ရုံး၊ ကျုံး၊

### ၄၉၂။ နဝင်းခံတပ်ကို မင်းခေါင်ကြီး တိုက်ယူပုံ

ဘုရင်မင်းခေါင်လည်း သန်းယိမ်းလျှင် မြေထဲမြို့က ချီတော်မူ၍ မလင်းခင် ပြည်သို့ ရောက်တော်မူလျှင် နဝင်းတွင်ခံ၍နေသော မွန်တို့သုံးတပ်ကို ဆင်လုံး၊မြင်းရင်းအများ ဝန်းရံ၍ တချို့ကား ကျုံးကို တူးစေ၏။ တချို့ကား လှေကားထောင်၍တက်၏။ ဆင်သည်၊ မြင်းသည် များ အပေါင်းတို့ကိုလည်း တပ်ကို ပေါက်အောင် တိုက်စေ၏။ ဤသို့ ရှုပ်ရှုပ်ရွံရွံ လုပ်ကြံစေလျှင် သုံးတပ်လုံးပျက်၍ သမိန်ပေါကျော်၊ သမိန်ဖြပိုက်တို့ တပ်မှူးနှစ်ယောက်တို့လည်း သေလေ၏။ သမိန်အဲပရဲကိုမူကား ရတော်မူ၏။ သုံးတပ်တွင် ရှိသော ဆင်လုံး၊ မြင်းရင်း အများကို လည်း ရတော်မူ၏။

ပြေးလေသည့် ရဲမက်တို့လည်း ရေတွင်ဆင်း၍ အနောက်ဘက်ကို ကူးကြလေ၏။ ထို အကြောင်းကို ရာဇာဓိရာဇ် ကြားတော်မူသော် ပြေးရာသည်လော ဟူ၍ အဲမွန်တယာကို လော်ကား တစ်ဆယ်နှင့် ရေတွင် ဆင်းသော သူရဲတို့ကို သတ်ချေဟူ၍ စေတော်မူ၏။ ထိုအခါ အမတ် မဟာသမွန် ဤသို့ နားတော်လျှောက်၏။ "တပ်မှူးသုံးယောက်သာ ဘဝရှင်ဘုရားကို အာမခံသည်၊ ရဲမက်တော်တို့မှာ အပြစ်မရှိ၊ ကြွက်ကို အမျက်ရှိ၍ အိမ်ကို မီးတိုက်သကဲ့သို့ ဖြစ်တော်မူမည်၊ ဘုရားဆုကို တောင်းတော်မူသော မင်းမြတ်ဖြစ်တော်မူသည်" ဟူ၍ နားတော် လျှောက်၏။ ရာဇာဓိရာဇ်လည်း အမျက်တော်ပြေ၍ အဲမွန်တယာကို မသတ်ရ တားလေ၏။ ရေတွင်ကူးသော သူရဲတို့ကိုလည်း အဲမွန်တယာကိုပင် လော်ကားနှင့်ဆယ်စေ၍ ကြည်းသို့ တက်စေ၏။

ဘုရင်မင်းခေါင်လည်း သုံးတပ်သားတို့ကို အောင်မြင်တော်မူလျှင် ပြည်မြို့နှင့် တစ်လျှောက်တည်း သစ်တပ်မြို့ ခိုင်ခံ့အောင် လုပ်၍ နေတော်မူ၏။

ရာဇာဓိရာဇ် မွန်မင်းလည်း မှူးတော်၊ မတ်တော် အပေါင်းတို့နှင့် တိုင်ပင်တော်မူ၏။ ထိုအခါ ဗိုလ်မင်းဖြတ်စနှင့် အမတ်ဒိန်မဏိရွတ် လျှောက်သည်ကား "ကျွန်တော်တို့ လျှောက်ပါ

---

၁။ အမတ်ဒိန်မဏိရွတ် (အမာဒိန် မိုက်ရတ်)သည် သံလျင်မြို့စားဖြစ်၏။ နေကဲ့သို့ထွန်းလင်းပြီး ပတ္တမြားရတနာနှင့် တူသောအမတ် ဟူ၍ အဓိပ္ပာယ်ရသည်။

သည့် အရေးကို ယူတော်မမူပါသောကြောင့် အရေးတော် လစ်လပ်ရသည်၊ ရေှ့သို့ ကျွန်တော်တို့ ရှောက်ပါသည့် အရေးကို ယူတော်မူပါ"ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း ပေါ်ထွန်းလည်း ဟူ၍ မေးတော်မူ၏။

### ၄၉၃။ မှန်အမတ် သမိန်ဗြတ်ဇ အရေးမြင်ပုံ

သမိန်ဗြတ်ဇ လျှောက်သည်။ "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... ပြည်မြို့ကို လုပ်ကြံတော်မူသည်၊ လေးလ, ငါးလရှိပြီဖြစ်သည်။ မျိုးရိက္ခာ ကျွန်တော်တို့ယူ၍ စားသည်လည်း ကျေးရွာမှ ရှာလက်တွင် ကုန်လေပြီ။ ပြည်မြို့တွင်းသားတို့မှာလည်း မျိုးစေ့ရိက္ခာ ကုန်လေပြီ ဖြစ်သည်။ ဘုရင်မင်းခေါင် ချီလာတော်မူသည်လည်း စစ်သည်ဗိုလ်ပါသော များ၍ မျိုးစေ့ရိက္ခာ လှေတက်နှင့် မပါ၊ မနဲတွင် ပါသမျှသာ ဖြစ်သည်။ လှေတက်နှင့် မျိုးရိက္ခာ အညာက ပို့လေသမျှ ကို ကျွန်တော်တို့က သောကသောင်း၍ တိုက်စိမ့်မည်။ ယင်းသို့ဖြစ်လျှင် ဘုရင်မင်းခေါင်တို့ စစ်သည် ငတ်လိမ့်မည်၊ ငတ်လျှင် ပြန်လိမ့်မည်။ ကျွန်တော်တို့တပ် နီး၍ မခွာဝံ့လျှင် အရေး တောင်းလာလမည်။ ယင်းသောအခါ အရေးပေးတော် မမူနှင့်" ဟူ၍ လျှောက်၏။ ရာဇာဓိရာဇ် လည်း "သည်အရေးသည် သင့်လှသည်"ဟူ၍ လှကောင်းရွေးစေပြီးသော လှော်ကား သဲလှေ တစ်ရာကျော်နှင့် အထက်အညာသို့ဆန်၍ မြေထဲ၊ သရက် အလွန်တိုင်အောင် ရွာ, ပြည်များကို မီးထင်းတိုက်လေ၏။ ထို့ကြောင့် စကု၊ စလင်းက မျိုးရိက္ခာ မပို့ဝံ့ ရှိချေ၏။ ယင်းသို့လျှင် ဘုရင်မင်းခေါင် ရဲမက်တော်တို့ ငတ်ချေ၏။

ဘုရင်မင်းခေါင်လည်း မှူးတော်, မတ်တော်အပေါင်းကို ခေါ်တော်မူ၍ "ယခု ငါ့ရဲမက်တို့သည် မျိုးရိက္ခာကုန်၍ လေးရက်, ငါးရက်စာသာ ရှိတော့သည်။ နှုတ်ရေးဖြင့် သင့်အောင် ဆေးမှ သင့်မည် ထင်သည်"ဟူ၍ မိန့်တော်မူ၏။ မှူးတော်, မတ်တော် အပေါင်းတို့သည်လည်း အကြံတော်သည် သင့်လှသည် ဟူ၍ လျှောက်ကြ၏။ ဘုရင်မင်းခေါင်လည်း မြင်းကောင်းနှစ်စီး, တရုတ်ပုဆိုး, သိုး, ကတ္တီး-သည်များနှင့် မှန်မင်း ရာဇာဓိရာဇ်သို့ "ရာဇတာမန်"ကို စေတော်မူ၏။ ရာဇသံတွင် မှာတော်မူသည်ကား-

### ၄၉၄။ မင်းခေါင်ကြီးက ရာဇာဓိရာဇ်ထံ ရာဇသံ ပေးပုံ

"ရွှေနန်းသခင် ဘုရင်မင်းခေါင် ကြားလိုက်အပ်သည် နောင်တော်ဘုရင် ရာဇာဓိရာဇ်... ယခု ငါချီလာသည် အကြောင်းလည်း ငါ့နိုင်ငံဖြစ်သော ဝုဏ္ဏတိမြို့၊ အလုံမြို့တို့ကို ဖျက်ဆီးတိုက်လုံ၍ ပြည်မြို့ကို ဝန်းရံလေသည် ဟူ၍ ကြားသောကြောင့် ငါချီလာသည်။ နောင်တော်ဘုရင် ရာဇာဓိရာဇ်လည်း မင်း၏တရား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဧကရာဇ်မင်းဖြစ်သည်။ ငါလည်း မင်း၏တရား ဆယ်ပါးနှင့် ပြည့်စုံသော ဧကရာဇ်, ဓမ္မရာဇ် ဖြစ်သည်။ ငါတို့ ညီတော်နောင်တော် ချစ်ကြည်၍ သဟာယ မဟာမိတ်ဖြစ်ကြလျှင် ခပ်သိမ်းသော ရန်သူတို့သည် မဖျက်ဆီးနိုင်ပြီ၊ ငါတို့ခမည်းတော် ရှိသော ကာလကဲ့သို့ ရာမညတိုင်းဖြစ်သော နောင်တော်နိုင်ငံနှင့် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း ဖြစ်သော ငါ့နိုင်ငံသည် 'မိုးမသေ ရေမနောက်' ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်စေချင်သည် နောင်တော်ဘုရင် ရာဇာဓိရာဇ်" ဟူ၍ ရွှေပေတွင် အက္ခရာရေး၍ စေတော်မူ၏။

သံတို့ ရောက်၍ ရာဇသံတွင်မှာသော စကားကိုကြားသော် ရာဇာဓိရာဇ်လည်း ဗိုလ်မင်းဖြတ်စနှင့် အမတ်ဒိန်မဏိရွတ် မျက်နှာကို ကြည့်တော်မူ၏။ ဗိုလ်မင်းဖြတ်စလည်း မျက်နှာသောက်ချ၍ နေ၏။ ရာဇာဓိရာဇ်လည်း အမတ်ကြီးနှစ်ပါးကို "မြင်လေသည်" ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် သံတို့နှင့် ပြောဟောတော်မူပြီးမှ ညီသို့ မှာတော်မူလိုက်၏။ ရာဇသံတွင် မှာတော်မူသည်ကား-

### ၄၉၅။ ရာဇာဓိရာဇ်က မင်းခေါင်ကြီးထံ ရာဇသံပြန်ကြားပုံ

"ဘုရင်ရာဇာဓိရာဇ် ကြားလိုက်သည် ညီတော် ရွှေနန်းသခင် ဘုရင်မင်းခေါင်... ညီတော်သည် မြောင်းမြစား လောက်ဖျားငယ် အထက်က လျှောက်သော စကားကို နာတော်မူ၍ ငါ့တိုင်းကား နိုင်ငံအလုံးကိုတိုက်လဲ၍ ဖျက်ဆီးလေသည်။ အများပင် ဖျက်ချေသည်။ ယခု ညီတော်ရွှေနန်းသခင် နိုင်ငံတော်သို့ ငါချီရောက်ပလာသည်၊ ပွဲလမ်း မရပါသေးဖြစ်သည်။ ညီတော်က ကောင်းသော အရေးကို မပေးသာသေး" ဟူ၍ ရွှေပေတွင် ရေး၍ မှာတော်မူ၏။ ရာဇသံတို့တွင်လည်း ပဏ္ဏာကာရ အများ တဲ့၍ လွှတ်တော်မူ၏။

တပ်တော်သို့ရောက်၍ ရာဇသံစကားကို ကြားတော်မူသော် ရယ်တော်မူ၍ အရေးမရရေး ဖြစ်သောကြောင့် ရတော်မူသော မွန်အမတ် 'သမိန်အဲပရဲ'ကို ခေါ်တော်မူ၍ "မင်းသည် အသက်အရွယ်လည်း ကြီးပြီ၊ ကိုယ်သမီးနှစ်ယောက်လည်း ရာဇာဓိရာဇ်မိဖုရားချည်း ဖြစ်၍ ယခု အတူပါသည် ဆိုသည်၊ ကိုယ်သမီးနှစ်ယောက်သို့ အစ်ကိုက စေ၍ အရေးကောင်းလေစေ၊ အရေးပြီးလျှင် အစ်ကိုကို ငါ လွှတ်တော်မူမည်" ဟူ၍ မိန့်တော်မူ၏။ သမိန်အဲပရဲလည်း "အရေးတော် ပြီးအောင် ကျွန်တော်က သမီးနှစ်ယောက်သို့ စေပါမည်"ဟု လျှောက်၏။ စေသော စာတွင် ပါသည်ကား-

### ၄၉၆။ သုံ့ရ သမိန်အဲပရဲက သမီး၊ မိဖုရား နှစ်ပါးထံ ကြားစာ

"အဘ ကြားလိုက်သည် သမီးချစ်နှစ်ပါး... ငါသည် အရွယ်ရောက်မှ အရှင်နှစ်ယောက် ကျွန်မဖြစ်ပါစေနှင့်၊ အနိစ္စသဘောသို့ရောက်သော်လည်း သားချစ်ရှင်မတို့ လက်ကို ရင်ခွင်တင်၍ အနိစ္စ ဖြစ်ပါရစေ။ မြန်မာပြည်မှာ အနိစ္စ ရောက်ရလျှင် မတောင့်တခြင်း ကြီးသဖြင့် အပါယ်လေးပါးသို့ ရောက်ရလေတော့မည်။ ပြည်ထောင်ချင်း မင်းနှစ်ပါး အရေးတော်ပြီးမှ ငါ ချမ်းသာရမည်။ အရေးတော်ပြီးမည် အကြောင်းကို သမီးချစ်နှစ်ပါး ခွင့်တောင်းပါ" ဟု မှာ၏။ စေသောသူ ရောက်၍ သမိန်အဲပရဲ သမီးနှစ်ပါး ကြားသော် ရာဇာဓိရာဇ်အား ငို၍ စာကို ဆက်လေ၏။

ရာဇာဓိရာဇ်လည်း မည်သို့မှုမဆို၊ သမိန်ဖြတ်စကို ခေါ်တော်မူ၍ "သက်ကြီးသမိန်အဲပရဲ ရှိသေးသည် ဆိုသည်ကို ဗိုလ်မင်း ကြားစိမ့်" ဟူ၍ မိန့်တော်မူ၏။ ဗိုလ်မင်းဖြတ်စလည်း "သမိန်အဲပရဲသည် ကျွန်တော်တို့ အရေးကို မလိုက်ဘဲ မိမိကိုယ်ကို ကြီးဝါး၍ အရှင်က ခန့်တော်မူသည်ကို မလောက်မလားဖြစ်၍ သုံ့ဖြစ်လေသည်။ သေလည်း ကောင်း၏၊ ရှင်လည်း ကောင်း၏" ဟု လျှောက်၏။ ရာဇာဓိရာဇ်လည်း တိတ်တိတ်နေတော်မူ၍ အတွင်းသို့ ဝင်တော်မူ၏။

### ၄၉၇။ မိဖုရားနှစ်ပါး အရေးတောင်းပုံ

မိဖုရားနှစ်ပါးလည်း ရာဇာဓိရာဇ်ခြေကို ဖက်၍ ငိုလျက် "ဘုန်းတော်ကြီးလှသော အရှင်ဘုရား... နှလုံးသုံးတော်မူပါသည်ဖြစ်၍ အရေးတော်ပြီးပါမှ ကျွန်တော်မတို့ ဘကို မြင်ပါရမည်" ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း "မိဖုရားတို့ဘကို ငါလည်း နှမြောတော်မူ၏။ အသက်က ဗိုလ်မင်း အရေးကို မလိုက်၊ မိဖုရားတို့ဘ အရေးကို လိုက်ချေသောကြောင့် ငါ့ရက်ရချေသည်။ မိဖုရားတို့ဘလည်း သူ့လက်သို့ ရောက်ရလေသည်။ ယခုလည်း မင်းခေါင် အရေးတောင်းလျှင် အရေးကို မပေးနှင့် ဟူ၍ ဗိုလ်မင်း ငါ့ကိုလျှောက်သည်။ ဗိုလ်မင်းမြင်သည့် အရေးလည်း မှန်လှသည်။ ဗိုလ်မင်း သဘောမတူဘဲကို ငါ အလျင်မဆိုသာချေ။ မိဖုရား ၂-ပါးက ဗိုလ်မင်းကို သင့်တင့်အောင် ဆိုလေ။ ဗိုလ်မင်း ခွင့်ပေးမှ ငါ အရေးပေးသာချေမည်" ဟူ၍ မိန့်တော်မူ၏။

မိဖုရားနှစ်ပါးလည်း ဗိုလ်မင်းသို့ ရွှေတစ်ဆယ်၊ ငွေတစ်ဆယ်နှင့် စာရေး၍ ပေး၏။ မှာတွင်ပါသည်ကား-

### ၄၉၈။ ဗိုလ်မင်းဖြတ်စ[၁]ထံ မိဖုရားနှစ်ပါး ကြားလျှောက်စာ

"ကျွန်ုပ်တို့ညီအစ်မ နားတော်လျှောက်သည် ဘထွေးတော်ဗိုလ်မင်း... ကျွန်ုပ်တို့ဘသည် အသက်အရွယ်လည်း ကြီးပြီ။ သည်အရွယ်သို့ ရောက်မှ အရှင်နှစ်ယောက် ကျွန် မဖြစ်ပါအောင် ဘထွေးတော် တောင်းပန်တော်မူပါ။ ဘထွေးတော်သာ ကျွန်ုပ်တို့ ခိုကိုးရာဖြစ်သည်" ဟူ၍ မှာလိုက်၏။ ဗိုလ်မင်းဖြတ်စလည်း မည်သို့မျှ မဆိုလိုက်၊ လက်ဆောင်ကိုလည်း မသိမ်း နေလေ၏။

### ၄၉၉။ ဗိုလ်မင်းဖြတ်စ ရဲရင့်စွာ လျှောက်ပုံ

ရာဇာဓိရာဇ်လည်း ဗိုလ်မင်းဖြတ်စကို ခေါ်တော်မူ၍ "မိဖုရားနှစ်ယောက်သည် ငါ့ခြေတော်ကို ဖက်၍ ငိုယိုလျက် အကြိမ်ကြိမ်လျှောက်သောကြောင့် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် နိဗ္ဗာန်သို့ မရောက်သေးသရွေ့ လောကဓံတရားရှစ်ပါးမှ မကင်းသာဖြစ်သည် ဟူ၍ ငါ ဆိုပေသည်" ဟု မိန့်တော်မူ၏။ ဗိုလ်မင်းဖြတ်စလည်း "ရန်သူဖြစ်သော ရွှေနန်းသခင်ကို အောင်မြင်မည့် အရေးကိုသာ ကျွန်တော်တို့ ကြံတတ်သည်၊ မိန်းမတို့စကားကို ညှာ၍ မကြံတတ်ချေ" ဟု လျှောက်၏။

ရာဇာဓိရာဇ်လည်း "ဗိုလ်မင်းနှင့် သမိန်အဲပရဲသည် ကြီးချင်းငယ်ဖော် သမီး ချွေးသောက် ဖြစ်ကြသည်၊ ဗိုလ်မင်း မရှုကြည့်ပါပြီလော" ဟူ၍ မိန့်တော်မူ၏။ ဗိုလ်မင်းဖြတ်စလည်း "ရန်သူကို အောင်မည့်အရေးကိုသာ ကြည့်ရှုတတ်သည်" ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း ဆိတ်ဆိတ်နေတော်မူ၏။

ဗိုလ်မင်း သွားလျှင် မိဖုရားနှစ်ပါးလည်း "ခွင့်ရတော်မူပါ၏လော" ဟူ၍ လျှောက်သည်ကို "စစ်ရေးမက်ရေးကိုသာ ကြည့်ရှုတတ်သည် ဟူ၍ လျှောက်သောကြောင့် ငါ ဆိတ်ဆိတ်နေရချေသည်၊ ဗိုလ်မင်း အရေးကို ငါ မလွန်သာချေ ဖြစ်သောကြောင့် ဗိုလ်မင်းကိုသာ ဆိုလေ" ဟူ၍ မိန့်တော်မူ၏။

---

၁။ မှန်နန်းဘာသာ "ဖြတ်စ" မှာ အမတ်ကြီး သေနာပတိကြီး ဟူ၍ အဓိပ္ပာယ်ရသည်။ သမိန်ဖြတ်စဟု သုံးနှုန်းခေါ်ဝေါ်လေ့ရှိသည်။

မိဖုရားနှစ်ပါးလည်း ဗိုလ်မင်းသို့ ပဏ္ဏာကာရ ရွှေ၊ ငွေ အများနှင့် ပေးပြန်၏။ ဗိုလ်မင်းဖြတ်စလည်း လက်ဆောင်ကိုကား မယူ။ မင်းဧကရာဇ် စိတ်တော်မှာသာ အရင်း" ဟူ၍ မှာလိုက်၏။

မိဖုရားနှစ်ပါးလည်း ဗိုလ်ယိုလူးလဲ၍ ရာဇာဓိရာဇ်ကို လျှောက်ပြန်၏။ ရာဇာဓိရာဇ်လည်း "ဗိုလ်မင်း အပြစ်တင်ကို ခံတော်မူမည်" ဟူ၍ မိန့်တော်မူပြီးလျှင် ဗိုလ်မင်းဖြတ်စနှင့် အမတ်ဒိန် မကိုရွှတ်ကို ခေါ်တော်မူ၍ "ရွှေနန်းသခင် ဘုရင်မင်းခေါင်သည် အရေးများ၍ ငါတို့ကို ခန့်ညား လေပြီ။ သို့ပင်ဖြစ်သော်လည်း စစ်ရေးတို့၏ သဘောသည် သူ့ဖို့လည်း ရှိသည်၊ တို့ဖို့လည်း ရှိသည်။ မင်းဧကရာဇ် ဖြစ်ကြသည့် အရေးတောင်းသည်ကို မပေးဘဲနေ၍ မသင့်ချေ။ နောက် နောင် လုပ်ကြရမည် များသေးသည်" ဟူ၍ မိန့်တော်မူ၏။

ဗိုလ်မင်းနှင့် အမတ်ဒိန်လည်း "ဘုန်းကြီးသည်အရှင် အရေးကို ပေးမည် ဟူ၍ အလွှင် မစေသင့်၊ သူက တောင်းလာမှ အရေးပေးသင့်သည်" ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း မိဖုရားနှစ်ပါးကို "သမိန်အဲပရဲသို့ အရေးရကြောင်းကို စေလိုက်" ဟူ၍ မိန့်တော်မူ၏။

မိဖုရားနှစ်ပါးလည်း အဘ သမိန်အဲပရဲသို့ အရေးရကြောင်းကို စေလာ၏။ သမိန် အဲပရဲလည်း ဘုရင်မင်းခေါင်သို့တက်၍ အရေးပြီးပြီ ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းခေါင်လည်း လက်ဆောင်လက်နက် အများ စီရင်၍ "ရာဇတမန်" ကို စေတော်မူ၏။ ရာဇသံတွင် မှာတော်မူသည်ကား-

## ၅၀၀။ ဘုရင်မင်းခေါင်က ရာဇာဓိရာဇ်ထံ စေ ရာဇသံစာ

"ရွှေနန်းသခင် ဘုရင်မင်းခေါင် ကြားလိုက်သည် ဘုရင်ရာဇာဓိရာဇ်... ငါတို့ မင်းဧကရာဇ်နှစ်ပါး အမျက်ရှိ၍ ရန်စစ်ကြီးစွာဖြစ်သောကာလ ခပ်သိမ်းသော ရဲမက် ဗိုလ်ပါ အပေါင်းတို့သည် တောင်လဲရာ မြက်ပြတ်ဘီသကဲ့သို့ ကြီးစွာသော ဘေး ဘယသို့ ရောက်ကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာစေမည် အကြောင်းကို ကြားလာစေသည်"

ဟူ၍ မှာတော်မူ၏။

သံတို့ ရောက်၍ ရာဇာဓိရာဇ် ကြားလေသော် ရာဇသံတွင် မှာတော်မူသည်ကား-

## ၅၀၁။ ရာဇာဓိရာဇ်က ဘုရင်မင်းခေါင်ထံ ပြန်သော သံစာ

"ဘုရင်ရာဇာဓိရာဇ် ကြားလိုက်အပ်သည် ညီတော် ရွှေနန်းသခင် ဘုရင် မင်းခေါင်... ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာမည်အကြောင်းကို ရှုကြည့်ပါ ဟူ၍ မှာတော်မူရာမှ ငါလည်း ဘုရားဆုကို တောင်းတော်မူသော ဧကရာဇ်မင်း ဖြစ်သည်။ သတ္တဝါတို့ ချမ်းသာကြောင်းကိုသာ အလိုရှိသည်"

ဟူ၍ မှာတော်မူလိုက်၏။

## ၅၀၂။ မင်းနှစ်ပါး အပြန်အလှန် လက်ဆောင်ပေးကြပုံ

မင်းနှစ်ပါး အရေးပြီးတော်မူကြလျှင် ဘုရင်မင်းခေါင်က လက်ဆောင် မြင်းကောင်း ရွှေကြိုးရွှေကနှင့် ၁၀၊ ဆင်မယဉ်သာ ရွှေကြိုးရွှေကနှင့် နှစ်စီး၊ မြင်းလွှတ်အစီး ၂၀၊ မိုင်းလုံး

၅၀၊ ကျွဲ့ပါသေစိမ်း ၅၀၊ ကျွဲပါလွတ်အရွေး ၂၀၊ မည်သရီ ၂၀၊ ဖဲပြောက် ၂၀၊ ထို့ ကတိုး၊ ဆောင်း၊ တင်ရှုန်း၊ လက်ဆက်ဆွေဆောင်း ပွတာစ်ရောက်ခဲ့ရာ အမတ်ကြီး သခရေညည်သူတို့ အောက်မှ သွားစ်ကြလေ၏။ သခရေညည်သူ ရောက်လျှင် အမတ်ကြီးတို့၏ နေရာတွင် နေစေ၍ ကြည်ကြည်သာသာ ပြောဆိုတော်မူပြီးမှ သခရေညည်သူကို ဆင်ပေါက်နှစ်စီး၊ ဆင်မတစ်စီး၊ ရွှေသား ၁၀ သားရှိတ်၊ ပုဆိုးကောင်း၊ ပါသာ၊ နံ့သာ၊ နှင်းရည် အများ ပေးတော်မူ၏။

ထင်းသောအခါ ရာဇာဓိရာဇ် မှာတော်မူသည်ကား "ညီတော်နှင့်ငါသည် ရွှေစင်ဖြစ်ဖ၊ ရေလာသောရောက် မှီသွားလှနာလှနာတို့ မီးမှုအော့ ဆောင်ကြသော အကျိုးတည်းဖြင့် လုံ၍ ငြိမ် သာသနာတော်မှာဖြည့်ပွားပြည်ပနာကို သွားတော်ပယ် ဗုဒ္ဓိတ်စကားကို ကြားတော်မူရမည်" ဟု ဆိုဆောင်သာသည့် အောင် ဘုရားသခင်တို့ ရှေ့တော်ပယ် ဗုဒ္ဓိတ်စကားကို ကြားတော်မူရမည်" ဟူ၍ မှာတော်မူ၏။

ရာဇာဓိရာဇ်ကလည်း လက်ဆောင်တော် ဆင်ပေါက်၊ ရွှေကြီး ရွှေကနှင့် လေးစီး၊ ဆင်ပေါက် တမုတ်ကြီးကနှင့် လေးစီး၊ သတ္တုပတ် အစိမ်း အနီ ၂၀၊ ပုဆိုးကောင်း စကျဲ ၂၀၊ ဖီတ်အုပ် ၂၀၊ သပေါန်အုပ် ၂၀၊ ပတ္တမြား ၂၀၊ ပါသာ ၂၀၊ ကရုတ် ၂၀၊ ကော်စောင်းနီ ၂၀၊ နံ့သာ၊ ကရမက်၊ အကျော်၊ ရော၊ နှင်းရည်၊ ကွမ်းသီး၊ ငရုတ်၊ ပရဆေး လွှတ်စေတော်ကို ကိုင်စေ၍ ဗိုလ်မင်းဖြတ်ကို သွားစ်လာရ၏။

ဘုရင်မင်းခေါင်လည်း ဗိုလ်မင်းဖြတ်ကို အမတ်ကြီး၏ နေရာတွင် နေစေ၏။ ကြည် ကြည် သာသာ ပြောဆိုတော်မူပြီးလျှင် မြင်း၊ ရွှေကြီးရွှေကနှင့် ၂–စီး၊ ရွှေပလေး တစ်ခုသော ဓုတ်၊ ဖဲ၊ ပဲ့တော်၊ သင်္ကန်း၊ ဘိုးသော၊ သို၊ ကတိုး၊ ဆောင်း၊ တင်ရှုန်း ပေးတော်မူ၍ လွှတ်တော် မူ၏။

မှာတော်မူသည်ကား ငါတို့ မင်းစကာရာဇ်နှစ်ပါး အရေးပြီး၍ နှစ်ပြည်ထောင်သည် ဆရာယ် သားသော် အချြားမထင်သကဲ့သို့ရှိ၍ ပေါင်းသော သတ္တဝါအပေါင်းတို့သည် ချမ်းသာ ရှာ ဖြစ်ကြသည်။ ထိုသို့သော ကုသိုလ်အကျိုးဖြင့် အရိမေတ္တေယျတွင် ဗုဒ္ဓိတ်ရှေ့ ဘုရား အဖြစ်သို့ ရောက်ကြမည် ဟူ၍ မှာတော်မူ၏။ ရတော်မူသော သမိန်အဲပရဲ အစရှိသော လူသူ တို့ကိုလည်း ခစ်မကြ၍ အကုန် လွှတ်တော်မူ၏။

### ၅၀၃။ အနောရထာမင်းကြီး၏ မင်းနှစ်ပါး သစ္စာပြုပုံ

မိန့်ချက်သည့်နေ့ရက်တွင် မင်းနှစ်ပါး မင်းဆောင် မင်းဝယောင် မင်းခမ်း မင်းနား ကျင်းပ လျက်၊ ထီးဖြူဆောင်း၍ အမတ်အပေါင်း ခြံရံလျက် ဆံတော်ရှင်ဘုရား* သို့ လက်ဆွဲခြင်း ဆံတော်ဘုရားသို့ တက်တော်မူကြ၏။ သစ္စာပြုတော်မူကြ၏။

ထင်းသောအခါ မှတ်တိုင်စိုက်သည်ကား– အနောက်ဘက် တပင်တရောင်သည် အမြား၊ အလက်ကား မြန်မာနိုင်ငံ၊ အောက်ကား မွန်နိုင်ငံ၊ အရှေ့ဘက်ကား ဆပကာသည် အမြား ဟူ၍ သစ္စာပြုတော်မူကြ၏။ ထိုအခါ ရာဇာဓိရာဇ် ဆိုသည်ကား ယခုသည် ညီတော် ရွှေနန်း သခင် အနိုင်သာထင်ရှား၍ ငါနိုင်မရှိပါ ဖြစ်သည်။ သည်နှစ်တစ်နှစ်ကို တလဲဆိုပြီ့တွင် ငါ့ရံမက် တို့ကို ထား၍ မိုးကျွမ့ ခေါ်မည်ဟူ၍ ခွင့်တောင်း၏။ ဘုရင်မင်းခေါင်လည်း ခွင့်ပြုတော်မူ၏။ ထိုသို့ အမြားအနား အရှက်အသက် ဆိုပြီးလျှင် မင်းစကာရာဇ်နှစ်ပါးသည် တစ်ဦးဆောင်းသော

---

* အနောရထာမင်းကြီးလက်ထက် ဖြစ်သိမ်းဘုရား ဟု ဖြစ်သည်။ ဖြည်းဆံတော်ဘုရားကို ခေါ်ဟန်တူသည်။

ထိုမြို့ ကွမ်းခွက် အစရှိသော စားသွက်စားသောက် အစုံကို တစ်ပါးကို တစ်ပါး ပေးကမ်းဆောင်ဆောင်ပြီးမှ လက်ဖွဲ့ခြင်း ပြုတော်မူကြ၏။ တပါတော်သို့ ရောက်လျှင် တပါစဉ်အတိုင်း နန်းပြည်တောင်သော မင်းတို့သည် နေပြည်တော်သို့ ပြန်တော်မူကြ၏။

## ၅၀၄။ မြို့လုစား ဥတိန်ကို သတိုး အမည်နှင့် မိုးညှင်းကို ပေး၏

သက္ကရာဇ် (၇၁၈)[1] နှစ်ရေ့မခြောက်ဆယ်ရှစ်နှစ်တွင် မိုးညှင်းသော်ဘွား မင်းရာဇာကို တိုင်ပင်တော်မူ၏။ မြို့လုစားသည် ငါ့ကျွန်ရင်းလည်း ဖြစ်သည်။ ကြီးစားအားထုတ်၍ ပြည်ရွာတွင်းသို့ ရာဇာဓိရာဇ် နေသေသောအခါ ဆန့်ကျင်းသေသည်။ မြို့လုစားဥတိန်ကို ပေးရသော သင့်မည်လော ဟု၍ မိန့်တော်မူ၏။ မင်းရာဇာလည်း စာ၊ ပေါင်း ပုံကို လျှောက်၏။ ဘုရင်မင်းခေါင်လည်း ငါ့ကျွန်သည် ခေါင်းနှင့်တူ၏ ဟု၍ တောင်တွင်းမင်းသမီး မွှင်မိဖြူတ်ကို နန်းတင်၍ နှစ်ပေါ်သို့ ချီတော်မူ၍ သတိုးအမည်နှင့် မိုးညှင်းမြို့ကို ပေးတော်မူ၏။ သတိုးလည်း မိုးညှင်းကို ရပြီးလျှင် မိုးညှင်းသို့မသွားမီ မြင်းကောင်း ကြီးကျယ်စွာ တစ်စီးနှင့် လက်ဆောင်ပြု၍ မင်းရာဇာအိမ်သို့ သွားလေ၏။ "အရှင်မင်းရာဇာ မဆော်မူ၍ မိုးညှင်းကို အကျွန်ုပ်ရလေပြီ၊ ဘယ်သို့ ကျင့်သော် စည်ပင်သာယာခြင်းရှိမည်နည်း" ဟု မေး၏။ မင်းရာဇာလည်း ပြည်ရွာစည်ပင်စေတတ်သော အသိပြာဏနိုင်သောအရာ ခုနစ်ပါး၊ မင်းတို့သကြီးပြင်ခြင်း စသောပါးတို့ကို နာပုံပြ၍ "နာပုံတော နှင့် လက်ရုံးလှကို နာပုံလှကို ကြိုက်စေ" ဟု၍ မှာ၏။ သတိုးလည်း မိုးညှင်းသို့ရောက်လျှင် ပြည်သူတို့အား ဝမ်းထွက်သားကဲ့သို့ သိမ်းပိုက်အုပ်ချုပ်၍ ပြည်ရွာစည်ပင်ဝပြော၏။

ရာမညတိုင်းကို အစိုးရသော မွန်မင်း ရာဇာဓိရာဇ်သည် စစ်သူကြီးဖြစ်သော သမိန့်ဗြတ်ဇ၊ အမတ်ဒိန်မဏိရွှတ်တို့ကိုခေါ်၍ ဤသို့ မိန့်တော်မူ၏။ "ရာမညမှ အဝပြည်ကြီးသည် အလုံးအရင်း ဆင်မြင်း များလှသည်။ အသက်ကိုစွန့်၍ အမှုကိုထမ်းသော မြို့စား၊ ပြစား၊ မှူးကောင်း၊ မတ်ကောင်းလည်း များလှသည်။ အရှင်ကို နေ့ညဉ့်မပြတ် သင်စေသော ပညာ အမြင်နှင့် ပြည့်စုံသော အမတ်လည်း များလှသည်။ နောက်နောင် ငါမရှိသော် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့သည် အမှုများရစ်လေတော့မည် ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ရွှေနန်းသခင် ဘုရင်မင်းခေါင်နှင့် အချိုးအနွယ် ဆက်ရသည်ဖြစ်မှ ရေသို့ ပြည်ဆောင်မင်းနှစ်ပါးသည် ရွှေတစ်ပြားတည်းကဲ့သို့ အမြဲမပြင် ဖြစ်ရသည်" ဟု၍ မိန့်တော်မူ၏။ သမိန့်ဗြတ်ဇ၊ အမတ်ဒိန်တို့သည်လည်း သည်အရေးသည် သင့်လှသည်ဟု၍ နားတော် လျှောက်လေ၏။ ရာဇာဓိရာဇ်လည်း လက်ဆောင်လက်နက် အများနှင့် အမတ်ဒိန် မဏိရွှတ်ကို စေ၍ ဘုရင်မင်းခေါင်သို့ လျှောက်လာ၏။

ပါးလိုက်သော လက်ဆောင်တော်ကား- ဆင်ဖြူ၊ ဆင်ပေါက် ရွှေကြိုးရွှေကနှင့် ၁၀၊ ဆင်ပေါက် တမုတ်ကြီးခက်၍ ၃၀၊ ဓါးသာ ၁၀၀၊ ကရတ် ၁၀၀၊ ဝိတ် ၁၀၀၊ ရမတ် ၁၀၀၊ သက္ကလတ် အစိမ်းအနီ ၁၀၀၊ ပုဆိုးခေါက် ၁၀၀၊ နံ့သာ၊ ဖုံးမသိန့်၊ ကရမက်၊ အကျော့၊ ဗျော၊ နင်းရည် အန်ဖတ်၊ ငရုတ်၊ ကွမ်းသီး၊ ပရဆေး-ဤသို့သော လက်ဆောင်ပဏ္ဏာကာရ အများနှင့်မြို့ ပေတွင် အကူရာရေး၍ စေလာ၏။ ရာဇသံတွင် မှာသည်ကား-

---

၁။ အေဒီ ၁၃၅၆

## ၅၀၅။ မဟာမိတ် ရာဇသံ စေလွှတ်ပုံ

"ဘုရင်ရာဇာဓိရာဇ် ကြားအပ်သော ရွှေနန်းသခင် ဘုရင်မင်းခေါင်... ကောရာဇ် ညီနောင် ချစ်ကြည်၍ မင်းနှစ်ပါးတွင်ရှိသော မြေကြီးအထုနှင့်တူသော ဆင်လုံး၊ မြင်းရင်းအများနှင့် လုပ်ကြံရသည်ရှိသော် ဇမ္ဗူဒိပ်မြေပြင်ဝယ်ရှိသော ပြည်ထောင်မင်းတို့သည် လက်နက်နိုင်ငံချည်း ဖြစ်လေရာသည်။ ငါတို့ ပြည်ထောင်ချင်း မင်းနှစ်ပါးတို့သည် ဒေဝဒဟ၊ ကပိလ ပြို့ကဲ့သို့ အစဉ်ရှည်စွာ ဖြစ်စေချင်သည်။ ငါ့သမီးတော် တလမဲကြီးသည် ရွှေနန်းသခင် အပါးတော်ဝယ် ရှိလေပြီးသည်။ အချစ်တော်ကို နမတော်မင်းလှမြတ်နှင့် စုံဖက်တော်မူလျှင် တိုက်ဆင် ၃၀-နှင့် ပုသိမ်သဘော အကောက်အခွန်ကို နှစ်စဉ် ဆက်သွင်းပါမည်" ဟူ၍ လျှောက်၏။

အမတ်ဒိန်မဏိရွတ်လည်း လှသုံးထောင်ကျော်စနဲ့နှင့် လက်ဆောင်တော်ကို ယူ၍ မြို့ရင်းတော်သို့ ရောက်လာ၏။ အမတ်ဒိန်မဏိရွတ် ရောက်၍၊ ပါးလိုက်သော လက်ဆောင် ပဏ္ဏာကာရကိုဆက်၍ ရာဇသံစကားကို ကြားတော်မူသော် ဘုရင်မင်းခေါင်လည်း မင်းရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။

## ၅၀၆။ မင်းရာဇာကို ဟံသာဝတီသို့ အရေးဆို စေလွှတ်ခြင်း အကြောင်း

ယင်းသောအခါ မင်းရာဇာ လျှောက်သည်ကား- ဗြဟ္မဒတ်မင်းကြီးသည် သမုဒ္ဒဇာကို နဂါးမင်းနှင့် စုံဖက်၍ ကျွန်ပြုတော်မူသောပုံကို လျှောက်၏။ ဘုရင်မင်းခေါင်လည်း ဤသို့ မိန့်တော်မူ၏။ "ရာဇာဓိရာဇ်သည် သုကောင်းပြုပါ လျှောက်ရာမှာ အရေးအရာပြီးလျှင် ငါ သုကောင်းပြုတော်မူရမည်။ ရာဇာ သွား၍ အရေးအရာ ပြီးအောင် ဆိုချေ" ဟူ၍ မိန့်တော်မူသည်၊ အမတ်ဒိန်မဏိရွတ်ကိုလည်း ဆုလာဘ်ပေးတော်မူ၍ လွှတ်တော်မူ၏။

လက်ဆောင်တော်တဲ့သည်ကား- ဆင်မယဉ်သော ရွှေကြိုးရွှေကနှင့် ၂-စီး၊ အပြစ်လွတ်သော မြင်း ၅-စီး၊ ကတ္တီပါအစိမ်း ၁၀၀၊ ကတ္တီပါအနီ ၁၀၀၊ မည်သရီ ၁၀၀၊ မိုင်းလုံး ၁၀၀၊ ဇာပယင် ၁၀၀၊ ဖဲ ၁၀၀၊ သိုး၊ ကတိုး၊ အောင်း၊ တင်ရန်းများ တဲ့တော်မူ၏။ ရာဇသံတွင် မှာတော်မူသည်ကား-

## ၅၀၇။ မဟာမိတ် ရာဇသံ ပြန်ကြားစေလွှတ်ပုံ

"ရွှေနန်းသခင် ဘုရင်မင်းခေါင် ကြားလိုက်အပ်သော ဘုရင်ရာဇာဓိရာဇ်... သုကောင်းပြုပါ လျှောက်ရာမှာ ငါ့သစ္စာတော်ကိုခံ၍ အမှုကိုထမ်းလျှင် ငါ သုကောင်းပြုတော်မူရမည်ဖြစ်သည်။ ငါက အမတ်ရာဇာ ရောက်၍ အရေးအရာ အချက်ပြုသည် ဖြစ်မှ လျှောက်ရင်းအတိုင်း သုကောင်းပြုသာမည်" ဟူ၍ မှာတော်မူ၏။

မင်းရာဇာလည်း ဆင်လုံးမြင်းရင်း ဗိုလ်သုံးထောင်ကျော်နှင့် ဟံသာဝတီသို့ သွားလေ၏၊ ရောက်လျှင် မွန်မင်း ရာဇာဓိရာဇ်လည်း စစ်သူကြီးဖြစ်သော သမိန်ဖြတ်စ၊ အမတ်ဒိန်မဏိရွတ်တို့နှင့် တိုင်ပင်တော်မူ၍ သစ္စာခံခဲ့ပြီးလျှင် ကောလိယမြို့မှာ တန်ဆောင်းသုံးဆောင် ဆောက်စေ၍ လက်ထပ်နန်း ပြီးလျှင် မွန်အမတ်ကြီး မယား လေးယောက်ကို အဆောင်အယောင်

ကျင်းပစေလျက် အခြွေအရံ အများနှင့် မင်းရာဇာတွင် ထည့်လိုက်၍ ရာဇာဒိရာဇ်က ဆက်ပါ 
လိုက်သော လက်ဆောင်တော်ကား-

ဆင်မယဉ်သာ ရွှေကြိုးရွှေကနှင့် ၁၀၊ ပုဆိုးကောင်းစကနဲ့၊ သုက်တရာ၊ သဏ္ဍလတ်အမျိုး၊ အနီ၊ ရမတိ၊ ပိတ်၊ ဖက်ခန်၊ သဟန်၊ ပဋ္ဌုနီ၊ မှုရီ၊ ကရတ်၊ ခါသာ၊ နံ့သာ၊ ကရမက်၊ အကျော်၊ စမွာ၊ နှင်းရည်ပေါင်း၊ အနံ့ဖတ်၊ ငရုတ်၊ ကွမ်းသီး၊ ပရဆေးများ ဆက်လိုက်၏။

## ၅၀၈။ နမတော် သုပဘာဒေဝီကို ရာဇာဒိရာဇ်နှင့် စုံဖက်ရန် စေလွှတ်တော်မူခြင်း အကြောင်း

မင်းရာဇာ ခြေရင်းတော်သို့ရောက်၍ အရေးအရာ ပြီးကြောင်းကို လျှောက်လျှင် နမတော်ကို ဦးဆောင်မင်္ဂလာပြုစေပြီးသော် "သုပဘာဒေဝီ" ဟူသောအမည်ကို သမုတ်တော်မူ၏။ မိဖုရားကြီးတို့၏ အဆောင်အယောင် အကုန်နှင့် ကိုယ်လုပ်တော် သုံးကျိပ်၊ အထိန်းကား လက်ျာကြီးကတော်ကို ခန့်တော်မူ၏။ ယင်းသောခါ ကြပ်မတ်၍ စုံဖက်ရသော အမတ်ကြီးကား ပုခန်းတရဖျား တစ်တပ်၊ တောင်တွင်း သီဟပတေ့ တစ်တပ်၊ ပေါက်မြိုင်စည်သူ တစ်တပ်၊ တလုပ်ရာဇသူ တစ်တပ်၊ ပုဂံဥဇနာ တစ်တပ်၊ တောင်ငူမင်းနေမိ တစ်တပ်၊ မင်းရာဇာ တစ်တပ်၊ ကတော်ကြီး တစ်ကျိပ်ခန့်၍ စုံဖက်တော်မူရ၏။ သုပဘာဒေဝီကိုလည်း မိဖုရားကြီးတို့ စီးသော ဝေါကို ပေးတော်မူ၏။ ယင်းသောခါ ခုနစ်တပ်တွင်ပါသော ဆင်လုံး၊ မြင်းရင်းကား တိုက်ဆင်နှစ်ရာ၊ မြင်း သုံးထောင်ငါးရာ၊ စစ်သည်သူရဲ ခုနစ်သောင်း ပါသော ဟူ၏။

ကောလိယမြို့သို့ ရောက်လျှင် ဆောက်၍ထားသော လက်ထပ်နန်းတွင် သုပဘာဒေဝီကို နေတော်မူစေ၍ တပ်တောင်တာ အစဉ်အတိုင်း ချ၍ စည်းကြပ်လျက် နေ၏။

ရာဇာဒိရာဇ်လည်း ဆင်လုံး၊ မြင်းရင်း ဗိုလ်တစ်သိန်းကျော်ခန့် ချီလာ၍ ရောက်လျှင် အမတ်ကြီးငါးပါးကြပ်မတ်၍ စုံဖက်တော်မူ၏။ မင်္ဂလာပြီးလျှင် ဆုလာဘ်ပေး၍ ပုခန်းတရဖျား၊ တောင်တွင်းသီဟပတေ့၊ ပေါက်မြိုင်စည်သူ၊ တလုပ်ရာဇသူ၊ ပုဂံဥဇနာ၊ တောင်ငူမင်းနေမိ၊ ထိုခြောက်တပ်ကို လွှတ်၍ ပြန်ရ၏။ မင်းရာဇာနှင့် ကတော်ကြီးတစ်ကျိပ်ကိုမူကား ဟံသာဝတီသို့ ခေါ်တော်မူလေ၏။ ဟံသာဝတီသို့ ရောက်လျှင် မင်းရာဇာနှင့် အမတ်ဒိန်မဏိရွတ်ကို အထူးထူးသော ပုံစံနည်းနာ စကားတို့ကို ပြောဟော်ရ၏။

ရာဇာဒိရာဇ်လည်း မင်းရာဇာကို "အဘိုး... အဘယ်သို့ ကျင့်သော် သံသရာ၊ ပစ္စုပ္ပန် အကျိုးများအံ့နည်း" ဟူ၍ မေးတော်မူ၏။

## ၅၀၉။ ရာဇာဒိရာဇ်နှင့် သုပဘာဒေဝီတို့အား မင်းရာဇာ ဟောပြောပုံ

မင်းရာဇာလည်း "ဘုန်းကြီးသော ဘဝရှင်ဘုရား... ပြည်ရွာ စည်ပင်စေတတ်သော အပရိဟာနိယ မင်းကျင့်တရား ခုနစ်ပါးသည် ပစ္စုပ္ပန်မျက်မှောက်၌ အကျိုးတော် များမည် အကြောင်း ဖြစ်သည်။ သူကောင်းကောင်းတို့ ဥစ္စာတရား ခုနစ်ပါးသည် သံသရာ အဆက်ဆက်၌ အကျိုးတော် များမည်အကြောင်း ဖြစ်သည်" ဟူ၍ နားတော်လျှောက်၏။
သုပဘာဒေဝီလည်း "အဘိုး-မိဖုရားတို့ ကျင့်ရာသော တရားကို ဆိုပါလော" ဟူ၍ မိန့်တော်မူ၏။ မင်းရာဇာလည်း "မြတ်လှစွာသော ရှင်မိဖုရား- အသန္တိမိတ္တာ အစရှိသော

ထိုရောက်လတ်လျှင်ကား ကျွန်ုပ်မှာသေပေတော့မည်ဟု ပြိုင်ဖြိုင် ကျွန်တော်မှာရှာသည်။ ယင်းသို့ ကျွန်တော်မှာသည် ဖြစ်မှ ထွက်၍ သင်ပေးရာ နန်းတော်အကျိုးကို ဆိုတော်မူရမည်" ဟူ၍ အလွန်လျှာသော ပုံမံနည်း နာ၍ပြီး နောက်တော်လည်း မင်းရာဇာကို ပေးတော်မူ၏။ ရာဇာလည်း အားရတော်မူ၍ များစွာသော ပေါလော ပေးတော်မူ၏။ ထိုအခါတွင် ပဲခူးမြို့သို့ ပြန်တော်မူ၍ မင်းရာဇာကို ပေးတော်မူ၏။ ထိုအပတ်သမီးနှင့် သဲ့ပါပေ ရှင်ဘုရင်တို့ "ဟံသာဝတီ"ဟု ခြင်းသည်။ မင်းရာဇာနှင့် တကော်ကြီး တစ်ကျိပ်ကိုလည်း ဖြစ်ကြရာတွင် ဆောင်ရွက်၍ ပြည်ကောင်း ဝါသနာ ပေးတော်မူ၍ လူ ပေးကြီးမှ သွယ်တော်မူ၏။ ထိုနေ့မှစ၍ ပြည်ထောင် သည်လည်း ရွှေတန်ခိုးအစည်ကိုလည်း 'မိမိသော ဖော်ဆောင်' ဖြစ်ကြ၏။ သင်အစီး ၃၀-နှင့် မင်းနှစ်သင်း ရွှေဟင်္သာကိုလည်း နှစ်စဉ်မပြတ် ဆက်ရ၏။

ထို့နောက်တွင် သားတော် မင်းရဲကျော်စွာကို ပန်းချီဆယ်တိုက်၊ ရဲလှဆယ်စင်းကို ပေးတော်မူ၏။ ညီးလေးပွဲ၌ မင်းကြီးသည် ညည်းသောအခါ ကြွလာ၍ ယင်းကို ပေးတော်မူ၏။ မြောက်ဘက်မြင်းကိုသင်းကို မှူးသော ဖောနှစ်ညီလျက် ရုံတော်မှာပင် သိန္ဓုလေးတော်မူ၏။ မြောက်ဘက်မြင်းကိုသင်းကို မှူးသော ဖောနှစ် ညီလျက် ရှေ့ညီ နေဘို့ကို သနားတော်မူ၏။ "သိန္ဓုဘေလူသူ" ကို ပေးတော်မူ၍ မှူးရ၏။ ထာလုပ်မင်း မရှိလျှင် ညီတော် စစ်ကိုင်းမင်း "သိန္ဓုဘေလူသူ"ကို ပေးတော်မူ၍ မှူးရ၏။ ကလေးမြို့ကိုလည်း နောင်တော်သား "ကျော့ ရာဇာ သမီးနှင့်လည်း" နှာတ်တော်မူ၏။ ကလေးမြို့ကိုလည်း နောင်တော်သား "ကျော် တော်ညီ" ကို ပေးတော်မူ၏။

## ၅၁၁။ သိန္ဓုဘေလူသူ၏ ရှင်သိဒ္ဓတ် ပြောဆိုပုံ

သက္ကရာဇ် (၇၈၉)* နှစ်ဂျာ၊ ဖြောက်ဆယ်ကိုးနှစ်တွင် သားတော် မင်းရဲကျော်စွာကို ဆင်တော်၊ မြင်းတော် အလုံးအရင်း ပေးတော်မူ၍ လတိုင်း ဆင်မှုနှယ် (၈၈) ရသည်။ ယင်းသို့ အလုံးအရင်း များသည်ကို စစ်ကိုင်းစား "သိန္ဓုဘေလူသူ" အားကျသည့်ဖြစ်၍ "ငရွှေ" ကို ငါ သူကောင်းဖြစ်၍ သူကောင်းဖြစ်သည်ဟူ၍ ဖျောင်းသော စကားဖြင့် ဆိုဘိ၏။ ထိုစကားကို မှုတော်၊ မတ်တော်တို့ ကြားလေသော် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော ဘုရား... ညီတော် စစ်ကိုင်းစားသည် မလျောက်ပတ်သော စကားဖြင့် ကိုယ်တော်မြတ်ကို အထီးအရောက် ဆိုဖန်များလှသည်။ 'သား မရှိသေးသော် ကျွန် မရှိသေး၊ ကျွန် မရှိသေးသော် အိမ်နီးချင်း မရှိသေး' ဟူသော ပုံကိုထောက်၍ ဆုံးမတော်မူမှ သင့်မည်" ဟု နားတော်လျှောက် ကုန်၏။

## ၅၁၂။ ရှင်သိဒ္ဓတ်ကို မင်းရာဇာ သွယ်ဝိုက်၍ ဆုံးမပုံ

ဘုရင်မင်းခေါင်လည်း မင်းရာဇာကို ခေါ်တော်မူ၍ "စစ်ကိုင်းစားကို နိုင်အောင် ဆုံးမဘိ" ဟူ၍ မိန့်တော်မူ၏။ မင်းရာဇာလည်း "စစ်ကိုင်းစားသည် အမျက်ဆောင်မန်လည်း ကြီးလှသည်။ အသိပညာလည်း မရှိ၊ တိုက်ရိုက်ဆုံးမ၍ မသင့်ချေ၊ ဖြားယောင်းခေါ်ဝင်၍ ဆုံးမရမှ ယူရာသည်" ဟူ၍ ကြံပြီးသော် စစ်တုရင်သူ ဟူသော အမတ်ကို ဤသို့မှာ၏။ "စစ်ကိုင်းစား သိန္ဓုဘေလူသူ တက်လာ၍ ငါနှင့် ပြောဟော၍နေစဉ်တွင် ပုဂ်ဝယ် ဖြစ်ဖူးလေပြီးသော တရုတ်ပြေး နရသီဟ ပတေနှင့် ရာဇသင်္ကြံအကြောင်းကို မေးစုံစွာ ငါ့ကိုမေးလှည့်" ဟူ၍ မိန့်တော်မူ၏။ စစ်တုရင်သူ လည်း စစ်ကိုင်းစား တက်လာ၍ မင်းရာဇာနှင့် ပြောဟောစဉ်တွင် ပုဂ်ဝယ် ဖြစ်ဖူးလေသော နရသီဟပတေ့ အကြောင်းကို မေး၏။ ရာဇသင်္ကြံ၊ နရသီဟပတေ့ အကြောင်းကို စေ့စုံစွာ

* ၁။ ခေါ် ၁၄၂၇

ပြုံး၏။ စစ်ကိုင်းစား သိရှိအယွင်းရှုရသည့် "အမောင် — အမှုထမ်း အရေးထမ်းပါလော၊ စကားသော
တော်" ဟူ၍ ဆိုပြီးသော် ထ၍ သွားလေ၏။

### ၅၁၂။ ညီတော် ရှင်သိင်္ခတ် နောင်တော်ကို ပြောနားပုံ

စစ်ကိုင်းသို့ရောက်လျှင် မြောက်ဘက်မြင်းကိုသင်းအလုံး သိမ်း၍ မှုနှံကိုတွေ့ပြီးသော် ပုံသို့သွား၍ မကြာမီ ကြွမည်း သိပြီးမြောက်မည်ကို ယူပြီးမှ အလုံးအရင်း အများနှင့် ချီလာ၍ အဝေးကပင် လောက်ရှည်ကန်တွင် တပ်ချ၍ ဘုရင်မင်းခေါင်သို့ စေလာ၏။ မှာသည်ကား "မင်းရှေ့သည် နန်းကိုတည်း ပေးမည်လော၊ စီးချင်း တိုက်မည်လော" ဟူ၍ စေလာ၏။

ဘုရင်မင်းခေါင်လည်း ပန်းပန်းကြီးကြီး အချက်တော် မရှိ။ စစ်ကိုင်းစားသည် သံတွင်ဖြစ်သော သံချေးသည် သံကိုဖျက်သကဲ့သို့ မိမိအကျင့်သည် မိမိကိုယ်ကို ဖျက်လိမ့်၏ တကား။ ငါသည် ဖြည်းလဲရေးကိုသာ ကြည့်ရှုမည်။ ညီ ဟူ၍ ညာတောမည့် မဟုတ်။ လောကရှုကြူမင်းသည့် နွားနှင့် သားကို အမျှ ကျွဲကွဲပွ၊လေသကဲ့သို့ ဘုရားလောင်း သမင်မင်းသည် ဝမ်းတွင်းသားကိုနစ်စုနှင့်ဖြစ်သော သမင်မကိုယ်စား ခံမှုလေသကဲ့သို့ လည်းကောင်း အသက်ကို စွန့်၍ ပြည်ကိုချစ်ရမည် ဖြစ်သည်။ စစ်ကိုင်းစားက စီးချင်းတိုက်မည် မှာရာမှာ အမှု၊ အတော်၊ ရံမက်၊ ဖိုလ်ပါတို့ကို ကြည့်၍နေစေ၊ ငါနှင့် ဆင်စီးချင်းတိုက်မည် ဟူ၍ မှာတော်မူလိုက်၏။ စစ်ကိုင်းစားလည်း နောင်တော် မှာတော်မူသော စကားကို ကြားလျှင် သင့်လှပြီ ဟူ၍ ဆို၏။

### ၅၁၃။ ဘုရင်မင်းခေါင်နှင့် ညီတော်ရှင်သိင်္ခတ်တို့ ဆင်စီးချင်း တိုက်ကြသော အကြောင်း

ဘုရင်မင်းခေါင်လည်း ဆင်ထဲကိုခေါ်တော်မူ၍ စစ်ကိုင်းစား စီးသော "သန်လျင်ရွှာ" ကို ဘယ်ဆင်နိုင်သနည်းဟု မေးတော်မူ၏။ ဆင်ကဲလည်း "ဟိုင်းနီလာ"သည် ယေနိုင်ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းခေါင်လည်း မိုးသောက်လျှင် "ဟိုင်းနီလာ"ကို စီး၍ ရာဇဂြိုဟ်ကို ကုံးလယ်တင်၍ မှုတော်၊ မတ်တော်အပေါင်း ခြံရံလျက် အလုံးအရင်း အများနှင့် ထွက်တော်မူ၏။ စစ်ကိုင်းစားလည်း "သန်လျင်ရွှာ" ဆင်ကိုစီး၍ အခြွေအရံ ဝန်းရံလျက် တပ်က ထွက်၏။ မင်းနှစ်ပါး ဆင်ဦးယှဉ်၍ တိုက်မည်ပြုကြသော် သန်လျင်ရွှာလည်း ဟိုင်းနီလာ ယေနိုင်ဖြစ်၍ မျက်နှာမယှဉ်ဝံ့။ ဟည်ဟည် ဟန်ဟန်ပြု၍ ပြေးလေ၏။ ဘုရင်မင်းခေါင်လည်း လိုက်လမ်တော်မူ၍ စစ်ကိုင်းစားကို ဖမ်းလေသော် ဆင်နှင့်တကွ ရတော်မူ၏။ နောက်ပုံ ကုံးလယ်ကို ကွပ်တော်မူ၏။ စစ်ကိုင်းစားကိုမူကား နောင်သိမ်၌ ထားတော်မူ၏။

မင်းတရား ရှေးဦးချင်းမှာ "သံလျင်ရွှာကို မင်းခေါင် စီးတော်မူသည်၊
ဟိုင်းနီလာကို ညီတော် စစ်ကိုင်းစား စီး၍ တိုက်ကြသည်" ဆိုသည်။

### ၅၁၄။ ရှင်သိင်္ခတ်အတွက် မင်းရာဇာ လျှောက်ပုံ

ယင်းသောအခါ မင်းရာဇာ လျှောက်သည်ကား "ညီတော်စစ်ကိုင်းစားသည် အသိပညာ နည်း၍ အရေးမှားလေသော်လည်း အပြစ်ပြုတော်မူမှုသင့်၊ ရှေ့၌ ကျေးဇူးကြီးသူဖြစ်သည်။ ဘုန်းတော်ကြောင့် တစ်ကြောင်းလည်း ဘုရားအရောင်အဝါတော်ကို ညှိနွမ်းစေအောင်ကားပြု၏။ ဘုန်းတော်ကြောင့် အရောင်အဝါ တိုးလေလေသာ ဖြစ်သည်။ ပုံတစ်ခုလျှောက်ဦးအံ့၊ ရှေးသောအခါ ဝက်တစ်ခု

သည် ပတ္တမြားရှည် နေစေမှတ်ပြု၏။ အခါတစ်ပါး ဖြေသံမင်းသည် အခြွေအရံနှင့်တကွ ရွာနီးသို့ သွား၏။ ဖြေသံမင်း သွားသောအခါ အနိုင်သည် ပတ္တမြားဝှတွင်း၌ ထင်၏။ ဖြေသံမင်းအနိုင်ကို ထိုက် မြင်လေသော် ကြောက်ရွံ့ခြင်းပြင်းစွာဖြစ်၍ ထိုက်သည် ပတ္တမြားဝှ၏ အရောင်အဝါကို ညှိစေခဲ့ရှ၍ မိမိကိုယ်အလုံးကို နှံ့ညံ့နှံလူးစေပြီးသော် ပတ္တမြားဝှကို မိမိကိုယ်ဖြင့် မှတ်၍ မှတ်စန့်မွှားလူသော် အရောင်အဝါကား မညှိ၊ အရောင်အဝါ တိုးလေလေ ရှိသကဲ့သို့ ညီတော် စစ်ကိုင်းစားသည်လည်း အရောင်အဝါကိုကား ညှံ့အောင်ပြုသည် မည်၏။ အရောင်အဝါတော် ကား မညှိ၊ ဘုန်းလက်ရုံး အာဏာတော်တို့သည် တက်သစ်သော နေမင်း၏ အရောင်ကဲ့သို့ တိုးလေလေ ရှိတော်မူ၏။ ထို့ကြောင့် ညီတော်ကို အကျည်းအမြောင်း မရှိစေသင့်" ဟူ၍ နားတော်လျှောက်၏။ ဘုရင်မင်းခေါင်လည်း အမျက်တော်ပြေ၍ ညီတော်ကို နောင်အိမ်မှ လွှတ်တော်မူ၏။ စစ်ကိုင်းစားလည်း နောင်အိမ်မှ လွှတ်လျှင် ယောက်ဖတော်ဖြစ်သော မွန်မင်း ရာဇာဓိရာဇ်သို့ ပြေးလေ၏။ ရာဇာဓိရာဇ်လည်း ယောက်ဖတော် ရောက်လာလျှင် ကြီးစွာသော အဆောင်အယောင်နှင့်တကွ မြို့ကြီး, ပြကြီး ပေး၍ စားရ၏။ စစ်ကိုင်းစား ရောက်သည်မှ စ၍ ဆက်ပြီးသော ဆင်အစီး ၃၀-နှင့် ပုသိမ်သော် အကောက်အခွန်ကို မဆက် နေလေ၏။

## ရာဇာဓိရာဇ်က ရခိုင်ကို တိုက်ယူကြောင်း

၅၁၅။ ရာဇာဓိရာဇ်က ရခိုင်ကို တိုက်ယူကြောင်း ရာဇာဓိရာဇ်လည်း အထက်က ရခိုင်ကို မင်းပြုလေသော ထိုသက္ကရာဇ်[၁]တွင် မွန်မင်း ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင်တိုက်၍ ရခိုင်ပျက်လျှင် သောရာကြီးကိုကွပ်၍ သမက်တော် သောရာကြီးကို ဘုရင်မင်းခေါင်တိုက်၍ ရခိုင်ပျက်လျှင် သောရာကြီးကိုကွပ်၍ သမက်တော် အနော်ရထာမင်းစောကို နန်းတင်၏။[၂] သောရာကြီးသား **"နရမိတ်လှ"** မှုကား ရခိုင်ပျက်၍ ရာဇာဓိရာဇ်သို့ ဝင်လာသည်။ ဘုရင်မင်းခေါင်ညီတော် စစ်ကိုင်းစား **သီရိဇေယျသူရ** ရောက် လာ၍ အဝနှင့် မကြည်ရှိရာတွင် သမိန့်ဖြတ်စနှင့် အမတ်တစ်ကျိပ်၊ တိုက်ဆင်သုံးရာ၊ ဗိုလ် လေးသောင်း ခန့်၍ ရခိုင်ကိုတိုက်၍ နရမိတ်လှကို နန်းတင်ချေ ဟူ၍ ချီရ၏။ သမိန့်ဖြတ်စလည်း ရခိုင်သို့ ရောက်လျှင် ရှုပ်ရှုပ်ချုံချုံ လုပ်ကြလေသည်။ အဝက စစ်ကူရောက်ခဲ့သည်နှင့် ပျက်ချေ၏။ ရခိုင် ပျက်လျှင် သမက်တော် အနော်ရထာမင်းစောနှင့် သမီးတော်ကို ဟံသာဝတီသို့ ယူလေ၏။ ရာဇာဓိရာဇ်လည်း ရခိုင်ဘုရင် နော်ရထာမင်းစောကို ကွပ်၍ နရမိတ်လှကို နန်းတင်လေ၏။ ရာဇာဓိရာဇ်လည်း ရခိုင်ဘုရင် နော်ရထာမင်းစောကို ကွပ်၍ သမီးတော် ရွှေပြည်ချမ်းသာကို မိဖုရားမြှောက်လေ၏။[၃]

## ၅၁၆။ ဘုရင်မင်းခေါင် ကြီးစွာ အမျက်တော်ရှိပုံ အကြောင်း

ထိုအကြောင်းကို ဘုရင်မင်းခေါင် ကြားတော်မူလျှင် ကြီးစွာသော အမျက်တော်ရှိသည် ဖြစ်၍ မင်းရာဇာ အစရှိသော မှူးကြီးမတ်ရာတို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ယင်းသောခါ ရမည်းသင်းစည်သူ၊ ပုဏ္ဏားတရပ်များတို့ လျှောက်သည်ကား– ကျွန်တော်တို့ လက်စွဲးကိုလည်း မွန်တို့ သိလေပြီ၊ မွန်တို့ လက်စွဲးကိုလည်း ကျွန်တော်တို့ သိရလေပြီ ဖြစ်သည်။ ရှေ့သို့ မိုးခဲ

---

[၁] သက္ကရာဇ် ၇၄၇ [၂] ရာဇာဓိရာဇ်သည် ရခိုင်ကို ချီတက်တိုက်ခိုက်ရန် သမိန့်ဗိုက်ညတ်ကို တပ်မှူး၊ သမိန့်သံလှစ်နှင့် သမိန့်သံကြယ်တို့ကို စစ်ကဲအဖြစ် လိုက်ပါစေလျက် ဆင်အား ၅၀၀၀ ဖြင့် ချီတက်ခဲ့၏။ [၃] အရေးတော်ပုံကျမ်းတွင် စောပြည်ချမ်းသာဟု ခေါ်ပြထားသည်။ စောပြည်ချမ်းသာကို မဟာသမ္မိန်က သွားရောက် ဆောင်ယူခဲ့ခြင်း ဖြစ်၏။

လင်းမှုင်ကို နိုင်ငံတော်အလုံးနှင့် ချီတော်မူလျှင် မွန်မင်းရာဇာဓိရာဇ် လက်တော်က မလွတ်နိုင်ပြီ။ သို့ရာတွင်မူကား မွန်ပြည်သည် ယွန်းပြည်ဇင်းမယ်နှင့် နီးလေသည်။ နှစ်ပြည် တစ်ချက်တည်းဖြစ်၍ ခံချေသော် အရေးတော် ပြီးခဲ့ချိမ့်မည်ဖြစ်သည်။ ဇင်းမယ်သို့ သူက မစေခင် စေမှ သင့်မည်ထင်သည် ဟူ၍ နားတော်လျှောက်၏။ ဘုရင့်မင်းခေါင်လည်း သည်အရေးသည် သင့်လှသည် ဟူ၍ ဇင်းမယ်ဘုရင် မဟာရတ်သို့ ကျောက်ရစ်စား၊ မြို့သာစားတို့ကို တောင်ငူကြောင်း စေတော်မူ၏။ ရာဇသံတွင် ရွှေပေနှင့် ရေး၍ မှာတော်မူသည်ကား–

### ၅၁၇။ ဇင်းမယ်ဘုရင် မဟာရတ်ထံ စေ ရာဇသံ

"ရွှေနန်းသခင် ဘုရင်မင်းခေါင် ကြားလိုက်အပ်သော ငါ့သား ဇင်းမယ်ဘုရင်... ရာဇာဓိရာဇ်သည် ပြည်ဆံတော်ရှင် ရေ့တော်ဝယ်ခဲ့သော သစ္စာကိုဖျက်၍ နိုင်ငံတော်ဖြစ်သော ရန်နိုင်မြို့ကို တိုက်လေ၏။ ဖျက်လျှင် ငါ့သမက်တော်ကို လုပ်ကြံလေသည်။ ငါ့သမီးတော်ကိုလည်း နန်းတင်လေသည်။ ငါ့ညီတော်ကို မသင့်တင့် ဟူ၍ ဆုံးမသည်နှင့် နောက်ဟံသာဝတီသို့ ပြေးလေသည်ကိုလည်း လက်ခံထား၍ ဆက်မြဲသော ဆင် ၃၀–နှင့် ပုသိမ်သဘော် အကောက်အခွန်ကို မဆက်နေလေသည်။ ယင်းသို့ ကျေးဇူးသစ္စာနှစ်ပါးကို မစောင့်သည်ဖြစ်၍ ငါ ချီတော်မူမည်။ ငါ့သား ဇင်းမယ်ဘုရင်သည်လည်း ဆင်လုံးမြင်းရင်းနှင့် တကွ စစ်တောင်းကြောင်း ချီပါ။ ပဲခူး ဟံသာဝတီကို အလိုတော်ပြည့်လျှင် သမီး ကညာ အစရှိသော ဆင်ကြီး, မြင်းကြီးတို့ကို ငါ့သားကို ပေးတော်မူမည်" ဟူ၍ မှာတော်မူ၏။

ပါးလိုက်သော လက်ဆောင်ကား ဆင် ရွှေကြိုးရွှေကနှင့် ၂–စီး၊ မြင်း ရွှေကြိုးရွှေကနှင့် ငါးစီး၊ အဖိုးများစွာထိုက်သော ပတ္တမြား လက်စွပ် ၁၀–သည်များနှင့် ကျောက်ရစ်စား၊ မြို့သာစားတို့ကို လူတစ်ရာကျော်ခန့်နှင့် တောင်ငူကြောင်း စေတော်မူ၏။ တောင်ငူသို့ ရောက်လျှင် တောင်ငူသားတို့ကို ခရီးချစေသော် ခရီးမှား၍ မွန်ပြည် စရပ်မြို့ကျေးသို့ ကျလေ၏။ စရပ်မြို့စားလည်း ရာဇသံအကြီး နှစ်ယောက်နှင့် လူတစ်ရာကို ဖမ်း၍ ရာဇာဓိရာဇ်သို့ ဆက်လေ၏။ ရာဇာဓိရာဇ်လည်း ဇင်းမယ်ဘုရင်သို့ မှာသောစကားကိုကြားလျှင် လူတစ်ရာကိုသိမ်းယူ၍ သံအကြီးနှစ်ယောက်ကို **မျက်နှာကို မှတ်သား၍*** လွှတ်လိုက်၏။ သံအကြီးနှစ်ယောက် ခြေရင်းတော်သို့ ရောက်၍ အကြောင်းချိုးကို ကြားတော်မူလျှင် ကြီးစွာသော အမျက်တော်ရှိသည်ဖြစ်၍ နိုင်ငံတော် မြန်မာပြည်အလုံးကို ရုံးစုတော်မူ၍ သည်လပင် ချီမည် အမိန့်တော်ရှိ၏။

### ၅၁၈။ စစ်မချီသင့်ကြောင်း မင်းရာဇာ လျှောက်ပုံ

ထိုအခါ မင်းရာဇာ လျှောက်သည်ကား "ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား... ပြည်ကြီး၏ အရှင်ဖြစ်တော်မူသော မင်းတို့သည် အနီးရသောမာန်တော်ဖြင့် အမျက်တော်ရှိသည်ဟူ၍ အဆောတလျင် အချိန် မဟုတ်သည်ကို စစ်မချီသင့်။ ကာလ၊ ဒေသ၊ ပယောဂကို ထောက်ရှုတော်မူရမည် ဖြစ်သည်။ ယခုလည်း မိုးလသို့ ရောက်ပြီဖြစ်သည်။ ဝါဆို၊ ဝါခေါင် ရောက်လတ်သော် မွန်ပြည်အရပ်သည် မုံ, ရုံ, ဆေးပွတ်, စိမ့်, မြိုင်, ဂနိုင်, ပုတ်ပေါင်း, ချောင်း, မြောင်း, ထုံးအိုင်, ပတ္တားတို့သည်လည်း ပြည့်လျှံသည်ဖြစ်၍ ထုပ်ပြောလှသည်။

---

* မျက်နှာကို ဆေးနက်ထိုး၍ မှတ်သည်။

ညွန့်ပျောင်းစေ၊ နွဲ့တိုသည် များလှသည်။ ဆင်ကြောင်း၊ မြင်းကြောင်း မသာဖြစ်သည်။ ရှေ့သို့ မိုးခလင်းစွင့်ကို ချီတော်မူမှ သင့်မည် ထင်သည်" ဟူ၍ အထူးထူးသော ပုံစံနည်းနာတို့ဖြင့် လျှောက်၏။ ဘုရင်မင်းခေါင်လည်း မင်းရာဇာ လျှောက်သောစကားကို ယူတော်မမူ။ "ရဲမက်၊ ဗိုလ်ပါတို့ကိုသာ စီရင်တော့၊ ငါ သည်လပင် ချီတော်မူမည်" ဟူ၍ မိန့်တော်မူ၏။

## အခါမဟုတ်ဘဲ မင်းခေါင်ကြီး စစ်တက်မှားပုံ

၅၁၉။ အခါမဟုတ်ဘဲ မင်းခေါင်ကြီး စစ်တက်မှားပုံ ချီရသောတပ်စဉ်ကား– သားတော်မင်းရဲကျော်စွာ တစ်တပ်၊ စကုစားယင်းသောအခါ ချီရသောတပ်စဉ်ကား– သားတော်မင်းရဲကျော်စွာ တစ်တပ်၊ ညောင်ရမ်းစားကျော်ထင် တစ်တပ်၊ စလင်းစားနော်ရထာ တစ်တပ်၊ ညောင်ရမ်းစားကျော်ထင် သီရိဇေယျကျော်ထင် တစ်တပ်၊ ပုဂံစားဥစနာတစ်တပ်၊ တလုပ်စားရာဇသူတစ်တပ်၊ ပုခန်း တစ်တပ်၊ ပြည်စားပုံချီတစ်တပ်၊ ဝတီစားသမ်ဃာတစ်တပ်၊ ယင်းတော်မင်းမဟာ တရဖျားတစ်တပ်၊ ရမည်းသင်းစည်သူတစ်တပ်၊ တောင်ငူ–မင်းနေမိတစ်တပ်၊ ကလေး ကျေး တစ်တပ်၊ တောင်တွင်းသီဟပတေ့ တစ်တပ်၊ ကမ်းနီမင်းရဲရွှေတောင်တစ်တပ်၊ စဉ့်ကူး– တောင်ညို တစ်တပ်၊ မိုးညှင်းသတိုး တစ်တပ်၊ လှိုင်းတက် တုရင်သိမ်းစည်း တစ်တပ်၊ မင်းလက်ဝဲ တစ်တပ်၊ မြင်စည်နန္ဒသင်္ကြံ တစ်တပ်၊ အုံးတောင်သိုကြောင်ဘွား တစ်တပ်၊ ညောင်ရွှေထောမှိုင်းကြီး အမြင့်ရာဇသင်္ကြံတစ်တပ်၊ အုံးတောင်သိုကြောင်ဘွား တစ်တပ်၊ ညောင်ရွှေထောမှိုင်းကြီး တစ်တပ်– သည်နှစ်ဆယ့်နှစ်တပ်တွင် ပါသော ဆင်လုံးမြင်းရင်းကား တိုက်ဆင်ရှစ်ရာ၊ မြင်းနှစ်သောင်း၊ ဗိုလ်နှစ်သိန်း။ ဘုရင်မင်းခေါင် တပ်မတော်တွင် ပါသည်ကား– ရှေ့တော်က မင်းလှရွှေတောင်တပ်မှူး၊ မင်းကြီးစွာခံစစ်ကဲ၊ လက်ယာတော်က နားတောင်းများတပ်မှူး၊ သိရိဘဏ္ဍာရာစစ်ကဲ၊ လက်ဝဲတော်က နန္ဒယော်ဓာတပ်မှူး၊ တာနော်ဓစစ်ကဲ၊ နောက်တော်က နန္ဒသူရိယတပ်မှူး၊ သရေနံ့သူစစ်ကဲ၊ တပ်တော်တွင်ပါသော ဆင်လုံးမြင်းရင်းကား တိုက်ဆင် နှစ်ရာ၊ မြင်းနှစ်ထောင်၊ ဗိုလ်လေးသောင်း ပါသော ဟူ၏။

သားတော်အငယ် သီဟသူ တစ်တပ်၊ ခေင်ဘတစ်တပ်၊ စစ်တုရင်္ဂသူ တစ်တပ်၊ ဘယ ကာမဏိ(တစ်တပ်)၊ သည်လေးတပ်ကား အဝမြို့ကို စောင့်နေရသည်။

မင်းတုန်းတစ်တပ်၊ တိုင်းတားတစ်တပ်၊ မင်းတပ်တစ်တပ်၊ မြေထဲတစ်တပ်၊ သရက် တစ်တပ်၊ လယ်ကိုင်းတစ်တပ်၊ ပန်းတောင်းတစ်တပ်၊ ပုခန်းငယ်တစ်တပ်၊ သည်တစ်ဆယ့်နှစ်* တပ်ကို ပြည်မြို့က အနိုင် နေစေ၍ မျိုးရိက္ခာ ပို့ရ၏။ ဘုရင်မင်းခေါင်လည်း ဆိုခဲ့ပြီးသော ဆင်လုံးမြင်းရင်း အများနှင့် သက္ကရာဇ် (၇၇၀)ခုနှစ်ရာခုနှစ်ဆယ်၊ ကဆုန်လ[၁]တွင် တောင်ငူ ကြောင်း မွန်ပြည်သို့ ချီရသည်။

## ၅၂၀။ ရာဇာဓိရာဇ် ဆီးကြို၍ ခုခံပုံအကြောင်း

ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင် ဆင်လုံးမြင်းရင်းအများနှင့် မြေပြင်ပြည့်မျှ ချီလာ သည် ကြားတော်မူလျှင် သမိန်ဖြတ်စ တစ်တပ်၊ အမတ်ဒိန်တစ်တပ်၊ သမိန်အဝနိုင်တစ်တပ်၊ ဥပါကောင်းတစ်တပ်၊ သမိန်စိပ်ပြဲ တစ်တပ်၊ သမိန်မောခွင်တစ်တပ်၊ သမိန်လကျွန်းအိမ် တစ်တပ်၊ သမိန်ရဲသင်ရဲတစ်တပ်၊ သမိန်ပွန်စည်တစ်တပ်၊ ရာဇာဓိရာဇ် တပ်မပြု၍ ဟံသာဝတီက ချီလာ

---

[၁]။ ၁၇၇၀ ခု မေလ * ရှစ်တပ်သာ ရှိသည်။ "မြို့သစ်တစ်တပ်၊ ဆောတစ်တပ်၊ တောင်းလင်းတစ်တပ်၊ ကျွန်းဆုံတစ်တပ်" (မှန်နန်း–၁၊ ၂၀၀၃၊ စာ ၄၇၆)အရ ဖြည့်သွင်းမှ တစ်ဆယ့်နှစ်တပ် ပြည့်မည်။

သည်။ သကျင်မြို့တွင် ခံ၍နေသည်။ ဆယ်တပ်တွင် ပါသည့် တိုက်ဆင် နှစ်ရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ရှစ်သောင်း ရှိ၏။

ရာဇာဓိရာဇ်လည်း လကွန်းအိန်ကို ဆင်နှစ်ရာ၊ မြင်းငါးရာ၊ ဗိုလ်ငါးထောင်နှင့် ဘုရင်မင်းခေါင်ကို ကြို၍ စုံစမ်းချေ ချီလာရသည်။ ရှေ့ချီသောမြင်းတပ်ကို လကွန်းအိန် တွေ့လေ၍ တိုက်လေသော် လကွန်းအိန် အားမတန်၍ပျက်လေ၏။ သုံ့ပန်းအများ ရတော်မူ၏။ လကွန်းအိန် ပျက်၍ပြန်လေလျှင် ရာဇာဓိရာဇ်လည်း သကျင်မြို့တွင် မခံဝံ့၍ ပန်းကျော်သို့ ဆုတ်လေ၏။ မုတ္တမသား၊ ပုသိမ်သားတို့ ရောက်မှ တိုက်မည်ဟု နေလေ၏။

## ၅၂၁။ မင်းခေါင်ကြီး ပန်းကျော်တွင် ဖြစ်ပျက်ပုံ

ဘုရင်မင်းခေါင်လည်း မွန်ပြည် မြောက်ဘက်တစ်လွှားတွင် ရှိသော မြို့ရွာတို့ကို မီး တိုက်စေ၏။ တဖြည်းဖြည်းချီတော်မူ၍ ပန်းကျော်သို့ ရောက်တော်မူလျှင် မြို့ကို အကြိမ်ကြိမ် လုပ်ကြသည်၊ မရချေ။ နောက်လည်း မုတ္တမသား၊ ပုသိမ်သားတို့ ရောက်လျှင် အနိုင်အနှံ အလုံးအရင်း များသည်နှင့် သုံးလခန့်နေတော်မူ၍ လုပ်ကြတော်မူသည်။ ရည်လျှင် မျိုးရိက္ခာကုန်၍ ရှာကြသော်လည်း ရွာပြည်များကို မီးတိုက်ချေသည်နှင့် မရချေ။ ပြည်မြို့က ရိက္ခာပို့လာသမျှကို လည်း ရာဇာဓိရာဇ်က ဆီး၍ တိုက်လေသောကြောင့် မရောက်နိုင်ချေ။ အစေးလည်း ရှာ၍ မရှာသာ။ ရဲမက်ဗိုလ်ပါ များလှသည်နှင့် ငတ်မွတ်ချေ၏။

ထိုအခါ ဘုရင်မင်းခေါင်လည်း မှူးတော်၊ မတ်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ယခု ငါတို့တွင် ရဲမက်ဗိုလ်ပါလည်း များလှသည်။ မျိုးရိက္ခာလည်း ရှာ၍မရချေ။ ရှည်လတ်သော် အခက်ပင် ဖြစ်ချေသည်။ နှုတ်ရေးဖြင့် ပြီးအောင်ပြု၍ စီရင်မှ သင့်မည်ထင်သည်ဟု၍ မိန့်တော်မူ၏။ မှူးတော်မတ်တော်တို့လည်း ရဲမက်အပေါင်းတို့ ဝမ်းတွင်းအစာရှိမှ အရှင်အမှုကို ထမ်းနိုင်မည် ဖြစ်သည်။ အစာမရှိသည်ကို အရှင်အမှုတော်ကို ထမ်းနိုင်မည် မဟုတ်။ နှုတ်ရေးဖြင့် ပြီးအောင်စီရင်မှ သင့်မည် ထင်သည် ဟု လျှောက်ကုန်၏။ ဘုရင်မင်းခေါင်လည်း အင်းပဲတားကို ရာဇာဓိရာဇ်သို့ စေတော်မူ၏။ မှာတော်မူသည်ကား—

## ၅၂၂။ ဘုရင်မင်းခေါင်က ရာဇာဓိရာဇ်ထံ စေ ရာဇသံ

"ရွှေနန်းသခင် ဘုရင်မင်းခေါင် ကြားလိုက်အပ်သော ဘုရင်ရာဇာဓိရာဇ်… ယခု ငါ ဟံသာဝတီသို့ ချီလာကြောင်းလည်း ယောက်ဖတော်နှင့်ငါ ပြည်ဆံတော်ရှင် ဘုရားရှေ့ဝယ် ချိန်းချက်ကြသော သစ္စာကိုဖျက်၍ ငါ့နိုင်ငံတော် ရိုင်မြို့ကို လုပ်ကြလေ၍ ငါ့သမီးတော်နှင့် ငါ့သမက်တော်ကိုရလျှင် ငါ့သမက်တော်ကိုသတ်၍ ငါ့သမီးတော် ကို နန်းတင်လေသည်။ ငါမှုကား နောင်တော်သမီးကိုရလျှင် မင်းစကရာဇ်ချင်းသမီး ဖြစ်၍ ငါ့သားတော်နှင့် စုံဖက်တော်မူသည်။ နောင်တော်သမီးကို အလိုရှိလျှင် ပို့လာ စိမ့်မည်။ ငါ့သမီးတော်ကို ယခုပင် ပေးပါ၊ ငါ ပြန်တော်မူမည်။"

ဟူ၍ စေတော်မူ၏။ ပါးလိုက်သော လက်ဆောင်ကား ဆင် ရွှေကြိုးရွှေကနှင့် ၂-စီး၊ မြင်း ရွှေကြိုးရွှေကနှင့် ၂-စီး၊ အင်းပဲတားကို စေတော်မူ၏။

ရာဇာဓိရာဇ်လည်း သည်စကားကို ကြားတော်မူလျှင် စိတ်ပူကြီးသမိန်ဖြတ်၊ အမတ်ဒိန်

ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ယခု ဘုရင်မင်းခေါင် မျိုးရိက္ခာကုန်၍ စစ်သည်ဗိုလ်ပါ တော်မှတ်လျှင် ငါတို့ကိုစွာ၍ မသွားဝံ့သောကြောင့် အရေးတော်တောင်းလာသည်၊ ငါတို့ ဥပါယ်တံမျဉ်ဖြင့် လုပ်ကြရတော့ ဟူ၍ တိုင်ပင်ကြပြီးလျှင် အင်းပဲစားတွင် မှာလိုက်၏။ ယောက်ဖတော်ရွှေနန်းသခင်က အမတ်ကြီးတစ်ကျိပ်၊ ငါတို့က အမတ်ကြီးတစ်ကျိပ်၊ ကျိုက်ကိုးဘုရားမှာ သစ္စာပြုစိမ့်မည် ဟူ၍ မှာ၏။ ရာဇာဓိရာဇ်အကြံကား- ဘုရားတွင် ဓားအသင့်မြှုပ်၍ ဗမာတို့ တက်လာလျှင် ထိုဓားကိုယူ၍ လုပ်ကြမည် ကြံကြ၏။

ရာဇာဓိရာဇ်လည်း ရှိုင်မှရခဲ့သည့် ဖောင်းဝတ်တစ်စီး၊ မြင်းနီတစ်စီး၊ သည်မြင်းကောင်း နှစ်စီးကို မင်းသိ၏လော ဟူ၍ အင်းပဲစားသတိုးကို ပြတော်မူ၏။ အင်းပဲစားလည်း ကျွန်တော် မသိ ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း သိတန်လေ၏ ဟူ၍ မိန့်တော်မူ၏။ အင်းပဲစားလည်း ကျွန်တော်တို့ရွှေပြည်တော်တွင် သည်မြင်းကဲ့သို့ များလှသည်၊ မသိနိုင် ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း ရှိုင်မိဖုရား "ရွှေပြည်ချမ်းသာ"ကို ပြပြန်၏။ အင်းပဲစားကိုလည်း ကျစ်လျစ်ယဉ်ကျေးလှသည်၊ မင်းခွင့်စိုးရနှင့်လည်း ပြည့်စုံလှသည်၊ ရှေ့သို့ သူကောင်းဖြစ်လိမ့်မည် ဟူ၍ ချီးမွမ်းတော်မူ၏။ လက်ဆောင်တုံ့တော်မူ၍ အင်းပဲစားကို ဆုလာဘ်ပေးပြီးမှ လွှတ်တော်မူ၏။ အင်းပဲစားရောက်လျှင် မှာသမျှကို စေ့စုံစွာ လျှောက်၏။ ဘုရင်မင်းခေါင်လည်း မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ထိုအကြောင်းကို ပြန်တော်မူ၏။ ယင်းသောအခါ မင်းရာဇာ လျှောက်သည်ကား- မွန်တို့သည် ဥပါယ်တံမျဉ် ပရိယာယ်ဝေဝုစ် များလှသည်၊ သတိသမ္ပဇဉ်ဖြင့် သစ္စာဆိုကြရမည် ဟူ၍ နားတော်လျှောက်၏။

ဘုရင်မင်းခေါင်လည်း မိုးသောက်လျှင် မင်းရာဇာ ၁၊ သီဟပတေ့ ၁၊ သရေစည်သူ ၁၊ တရဖျား ၁၊ ဥစနာ ၁၊ ဘယသင်္ကြံ ၁၊ နော်ရထာ ၁၊ ရာဇသင်္ကြံ ၁၊ ကျေးတောင်ညို ၁၊ သတိုး ၁၊ သည်အမတ်ကြီး တစ်ကျိပ်ကို ဆင်စီးစေ၍ အခြံအရံနှင့် တပ်က ထွက်စေ၏။ ရာဇာဓိရာဇ်ကလည်း သမိန်ဖြတ်စ ၁၊ အမတ်ဒိန် ၁၊ သမိန်စိပ်ဖြ ၁၊ သမိန်အဝနိုင် ၁၊ သမိန်ရဲသင်ရဲ ၁၊ သမိန်မောခွင် ၁၊ သမိန်သံကျယ် ၁၊ သမိန်ဥပါကောင်း ၁၊ သမိန်စိပ်ပွန် ၁၊ သမိန်လက္ခုန်းအိန် ၁၊ သည်အမတ်ကြီး တစ်ကျိပ်ကို ဆင်စီး၍ အခြံအရံနှင့် တပ်က ထွက်စေ၏။

## ၁၂၃။ ကျိုက်ကိုးဘုရားသို့ သစ္စာပြု တက်ကြရာ မွန် အကောက်ကြံသည်ကို သိ၍ ပြန်ခဲ့ကြောင်း

ဗမာအမတ်၊ မွန်အမတ်တို့ ဆင်စီး၍ ချောင်း တစ်ယောက်တစ်ဖက် သွားကြ၏။ ကျိုက်ကိုးဘုရားသို့ မရောက်ခင် မွန်အမတ် လက္ခုန်းအိန် မိုးညွှင်းသတိုးကို ဤသို့ ဆို၏။ "ဟယ် သွေးသောက်- မင်းလည်း သူရဲကောင်း၊ ငါလည်း သူရဲကောင်းဖြစ်သည်။ ယခု ပြုကြမည် သစ္စာသည် ဖြောင့်မည် ထင်သည်လော။ ဗမာတို့လည်း သစ္စာမှန်ဖူးသည် မရှိ" ဟူ၍ ဆိုလေ၏။ သတိုးလည်း မင်းရာဇာ၊ မင်းစည်သူတို့ကို မွန်တို့သည် ဖြောင့်မည်မထင် လက္ခုန်းအိန် ဆိုသည်၊ ပြန်တော်မူခဲ့တော့ဟူ၍ ဆို၏။ မင်းရာဇာ, မင်းစည်သူတို့လည်း မွန်တို့ ပြောင်းကို မြင်လျှင် ဘုရားသို့ မတက်ဘဲ ပြန်ကြလေ၏။ ဗမာတို့ ပြန်သည်ကိုမြင်လျှင် မွန်တို့လည်း ပြန်ကြလေ၏။

## ၅၂၄။ လကွန်းအိန်ကို အမှုက်တော်ရှိခြင်း အကြောင်း

**ရာဇာဓိရာဇ်**လည်း ရောက်လျှင် ဘယ့်ကြောင့် ပြန်ခဲ့သနည်း ဟု မိန့်တော်မူနှင့်၏။ မှူးအမတ်တို့လည်း **လကွန်းအိန်** မိုးညှင်းသတိုးကို အတွေတွေ ဆိုသောကြောင့် ဗမာတို့ အရိပ်ကိုသိ၍ ပြန်လေသည်ဟု နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း နင် ပသို့ ဆိုသနည်း ဟု မေးတော်မူ၏။ လကွန်းအိန်လည်း "ကျွန်တော်တို့ ရာမညတိုင်းဖြစ်သော ဟံသာဝတီပြည် ကြီးသည် သာသနာတော်၏တည်ရာ မဟာရာဇဌာနီ ပြည်ကြီးဖြစ်သည်။ ယခု ဗမာမင်း ချီလာသည်၊ မျိုးရိုက္ခာကုန်၍ ပြန်ရှင်လှမလေပြီဖြစ်သည်။ ကျွန်တော်တို့ တပ်နီးလှသောကြောင့် မစွာဝံ့၍ အရေးတောင်းလာသည် ဖြစ်သည်။ သို့ကို ကျွန်တော်တို့ သူ့ကို အကောက်ကြံ၍ သတ်မည်ပြုရာမှာ သူတော်ကောင်းတို့၏ အကြံမဟုတ်၊ သူယုတ်တို့၏ အကြံသာ ဖြစ်သည်။ နောက်နောင် ကမ္ဘာမကျေသရွေ့ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် တိုင်အောင် မွန်တို့ အမျိုးသည် မတော်၊ မဖုန်၊ မတည့်၊ မရှည် ဟူ၍ ဥဒါန်းမော်ကွန်း ဖြစ်ရစ်လိမ့်မည်ကိုစိုး၍ ကျွန်တော် ပြောပေသည်" ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ်လည်း သို့သည်အရေးကို နင်ဖျက်သည် ဟူ၍ အဲမွန်တယာကိုခေါ်ပြီးသော် လကွန်းအိန်ကို သတ်လေ ဟူ၍ မိန့်တော်မူ၏။ အဲမွန်တယာလည်း လကွန်းအိန်ကို ယူ၍ သွားလေ၏။

## ၅၂၅။ ဒိုလ်မင်းဖြတ်စ လျှောက်ချက်အရ ရာဇာဓိရာဇ်က လကွန်းအိန်ကို စေ၍ မင်းခေါင်ကြီးတပ်သို့ တိုက်လာပုံ

ယင်းသောအခါ **ဒိုလ်မင်းဖြတ်စ** လျှောက်သည်။ "ယခုသည် ရန်သူတော်နှင့် ချော်ကာသာ ဖြစ်သည်။ အမတ်သူရဲကောင်းကို ကွပ်တော်မူသည် ဟူ၍ ဘုရင်မင်းခေါင် ကြားလေသော် သူ့ကို အားမြှောက်သကဲ့သို့ ဖြစ်ရိုးမည်။ လကွန်းအိန်ကို ကျွန်တော် မေးပါရစေဦး။ အသက်ကို စွန့်၍ အမှုတော်ကို ထမ်းပါရမည် ဆိုလျှင် အမှုတော်ကို ထမ်းစေရမည်။ ယင်းသို့ မဟုတ် မူကား သင့်ကို ကွပ်တော်မူရမည်" ဟူ၍ နားတော်လျှောက်လျှင် ဆိတ်ဆိတ်နေတော်မူ၏။ သမိန်ဖြတ်စလည်း အဲမွန်တယာကို လိုက်၍ခေါ်ရလေ၏။ အဲမွန်တယာလည်း လကွန်းအိန်ကို ယူ၍ ပြန်လာ၏။ သမိန်ဖြတ်စလည်း လကွန်းအိမ်ကို "မင်းသည် အသက်လွတ်လိုလျှင် ဘုရင်မင်းခေါင် ညချမ်းအခါ အခြေအရံ မှူးတော်မတ်တော်အပေါင်းနှင့် တပ်တော်ကိုလှည့်၍ ကြည့်တော်မူမြဲ ဖြစ်သည်။ ထိုအခါ ဘုရင်မင်းခေါင်ကို ရအောင် ဆင်စီးချင်းတိုက်မှ မင်းအသက် လွတ်မည်" ဟူ၍ ဆို၏။ လကွန်းအိန်လည်း "ဆင်တော် ပကာမတ်ကိုသာ ကတင်ပါ၊ ရန်သူ တစ်ဖက်သားကို အတည့် အရှည် ဆင်စီးချင်း တိုက်ရမည် မှန်လျှင် ကျွန်ုပ် သူရဲငါးရာနှင့် တိုက်ပါမည်" ဟူ၍ နားတော်လျှောက်၏။

**ရာဇာဓိရာဇ်**လည်း ဆင်တော်ပကာမတ်ကို ပေး၍ ငါလည်း လိုက်၍ ဆင်ကူမည်ဟူ၍ မိန့်တော်မူ၏။ လကွန်းအိန်လည်း ဘုရင်မင်းခေါင်ကို ကျွန်တော်မသိ၊ သိသသူကို ကုန်းလယ် တင်၍ ပြပါစေဟု လျှောက်၏။ ရာဇာဓိရာဇ်လည်း စစ်ကိုင်းစား "ရှင်သီဟွတ်"ကို ခေါ်၍ "အစ်ကိုယ်ကိုရောက်စကပင် မိရိုက်ဘရာကို မင်းပြုရအောင် နေညည့်မပြတ် ငါအောက်မေ့တော် မူသည်။ လကွန်းအိန်လည်း ဘုရင်မင်းခေါင်ကို ရအောင်ဖမ်းမည်ဟူ၍ လျှောက်သည်။ အစ်ကို ကုန်းလယ်စီး၍ နောင်တော်ကို ပြလေ၊ ကြံတိုင်း အပြီးသို့ရောက်လျှင် ငါကိုယ်ပင် အဝသို့သွား၍ အစ်ကိုယ်ကို နန်းတင်မည်" ဟူ၍ မိန့်တော်မူ၏။ စစ်ကိုင်းစား ရှင်သီဟွတ်လည်း ပကာမတ်

ကုန်းလယ်တွင် စီးရ၏။ ရာဇာဓိရာဇ်လည်း နန်းလောင် ဟူသော ဆင်ကိုစီး၍ သူရဲကောင်း ဆင်မြဲဖုံးရှစ်ရာနှင့် ထောက်၍ နေတော်မူ၏။ လက်ဝဲကလည်း သမိန်ဗြတ်စ ဆင် ၁၅ စီး၊ သူရဲကောင်း ငါးရာနှင့် ထောက်၍ နေရ၏။ လက်ယာတော်က **သမိန်မောစွင်ဆင်** ၁၅-စီး၊ သူရဲကောင်း ငါးရာနှင့် ထောက်၍ နေရ၏။

## ၁၂၆။ ရှင်သိဗ္ဗတ်ကို ကုန်းလယ်တင်၍ လက္ခုန်းအိန် တိုက်ပုံ

ဘုရင်မင်းခေါင်လည်း လည်၍ လည်တော်မူ၏။ ရှေ့စဉ်လိုက်သော ဆင်တော်ရှေ့တွင် သူရဲကောင်းငါးရာလောက်သာ စားလွယ်လျက် ဖြည်းဖြည်းသာသာ၊ နောက်တော်ကလည်း ဆင်စုံတော်လေး။ စီးတော်ဆင်ရှဲမြတ်မှာ တစ်စီးသာ အပါးတော်တွင် လိုက်သည်။ လက္ခုန်းအိန်လည်း တောက ကွယ်၍ နေနှင့်၏။ ညည်မောင်းတီး၍ တောက လက္ခုန်းအိန် ထွက်လာသည်ကို ဘုရင်မင်းခေါင် မြင်တော်မူလျှင် နင်ကိုသာ လိုသည် ဟူ၍ ဆင်တော်ကို ချွန်းဖွင့်၍ တိုက်တော်မူသည်။ ထိုသို့ အရေးအရွေး တိုက်ကြရာတွင် ဆင်ချင်း အစွယ်မယှက်ခင် ရှင်သိဗ္ဗတ်လည်း နောင်တော်ဘုရင်မင်းခေါင်ကို "ဧကရာဇ်ဖြစ်လျက် အမျိုး၊ အမတ်များနှင့် ဆင်စီးချင်း တိုက်ရသည်လော၊ နောက်လည်း ဆင်ကူ များလှသည်၊ ထီးဖြူကို လှည့်၍**ယားလေ***" ဟူ၍ဆိုလျှင် ဘုရင်မင်းခေါင်လည်း ဆင်ချွန်းငင်ကာ နွာတော်မူလေ၏။ လက္ခုန်းအိန်လည်း ထပ်၍ တိုက်လာသည်ကို ရမည်းသင်းညောင်သူ၊ ပုစန်းတရဖျား၊ သတိုး၊ **ကျေးတောင်ညှိ**တို့လည်း ဆင်အစီး ငါးဆယ်ခန့်နှင့် လက္ခုန်းအိန်ကို ကြိုလျှင်းလေ၏။ လက္ခုန်းအိန်လည်း မလိုက်ဝံ့၍ ပြန်လာသည်ကို ချောင်းနားသို့ရောက်လျှင် ဘုရင်ရာဇာဓိရာဇ် ကူးလာသည့် ချောင်းလယ်သို့ ရောက်လာ၏။ "နင့်ကို ငါကူမည်လာလျက်ကို ပသို့သောကြောင့် ပြန်ခဲ့သနည်း" ဟု မေးတော်မူ၏။ လက္ခုန်းအိန်လည်း "ယောက်ဖတော် စစ်ကိုင်းစား ရှင်သိဗ္ဗတ် ဆိုသောကြောင့် ကျွန်တော် မတိုက်ရ၊ ဘုရင်မင်းခေါင် ပြန်တော်မူလေသည်" ဟု နားတော်လျှောက်၏။

ရာဇာဓိရာဇ်လည်း ယောက်ဖတော် ရှင်သိဗ္ဗတ်ကိုခေါ်၍ "အစ်ကို... ပသို့သောကြောင့် သည်ကဲ့သို့ ဆိုသနည်း" ဟု မိန့်တော်မူ၏။ ရှင်သိဗ္ဗတ်လည်း "ကျွန်ုပ်အစ်ကို ဘေးဖြစ်မည်ကို စိုးရိမ်၍ ဆိုပေသည်" ဟု လျှောက်လျှင် ရာဇာဓိရာဇ်လည်း "ကိုယ်အနေမသင့်၍ ငါသို့ ရောက်လာသည်၊ သူကောင်းပြုရမည် ကြံသည်ကိုကား ငါ့ထက် အစ်ကိုကို ချစ်လေသည်။ နောင်သော် အတွင်းရန်ပင် ဖြစ်လာမည်" ဟူ၍ ရှင်သိဗ္ဗတ်ကို ကွပ်လေ၏။ လက္ခုန်းအိန်ကိုလည်း "နင့်သည် ဘုရင်မင်းခေါင်ကို ရအောင်တိုက်မည် ဟူ၍ လျှောက်သောကြောင့် နင့်အသက်ကို ငါ မသတ်နေသည်။ ယခု ဘုရင်မင်းခေါင်ကို ရအောင် မတိုက်၊ နင် ပသို့ကြံမည်နည်း" ဟု မေးတော်မူ၏။

## ၁၂၇။ ဘုရင်မင်းခေါင် အိပ်ရာသို့ လက္ခုန်းအိန် ဝင်ပုံ

လက္ခုန်းအိန်လည်း ဘုရင်မင်းခေါင် အိပ်ရာတိုင်အောင် ညဉ့်ကို ဝင်၍ လုပ်ကြံမည် လျှောက်ပြီးသော် မိမိကိုယ်နှင့် တကွ သူရဲကောင်း ၁၂-ယောက်ရွေး၍ ဓား၊ လှံကိုင်ကာ ညဉ့် ၂-ချက်တီးကျော်ကို ဘုရင်မင်းခေါင် တပ်တော်သို့ရောက်လာ၍ တပ်ကို လှည့်၍ကြည့်၏။ မြောက်မျက်နှာက ကျုံးလည်း တိမ်သည်၊ တပ်လည်း မခိုင်၊ တပ်စောင့်လည်း နည်းသည်ကို မြင်လျှင် တပ်ပြင်က ဥနဲ့ပင်ရှိသည်ကိုမှီ၍ တပ်တိုင်နှစ်ချောင်းကို နုတ်၍ဝင်လေ၏။ တပ်တွင်းသို့

* ရွေ့လေ ဆုတ်လေ။

ရောက်လျှင် သူ၏ ၃– ယောက်ကိုလည်း "စစ်ကဲ သရေနံသူ ထလျှင် ခုတ်"ဟူ၍ ထားခဲ့၏။ သူ၏ ၃–ယောက်ကို "လှသူနိုးလျှင် ဆင်ထူးများကို ဖြတ်"ဟူ၍ ဆင်ကွင် ထားခဲ့၏။ လကွန်းအိန်နှင့် သူ၏ ၃–ယောက်မှကား ဘုရင်မင်းခေါင် တဲတော်အောက်သို့ ဝင်လေ၏။ လကွန်းအိန်လည်း လှနှစ်ယောက်ပခုံးကို နင်းပြီးသော် ကြမ်းကွပ်ကိုဖြတ်၍ ကြမ်းကိုဖွင့်(ပြီး)မှ အထက်သို့ တက်လေ၏။ အထက်သို့ရောက်လျှင် ဘုရင်မင်းခေါင် ကွမ်းခွက်တော်ကို ယူခဲ့၍ အောက်က လူကို ကမ်း၏။ သလွန်တော်များတွင်ရှိသော လက်သုံးတော်ခွဲ ပတ္တမြားဓားကိုယူ၍ လုပ်ကြံမည် ပြုသည်ကို အပါးတော်တွင် ညဥ့်စောင့်သော ကိုယ်လုပ်တော်တစ်ယောက် ဆီမီးရောင်တွင် မြင်လျှင် မွန်သူခိုးဟူ၍ ဟစ်ကြော်၏။ ဘုရင်မင်းခေါင်လည်း နိုးတော်မူသော် ကိုယ်ရံတော်တို့ သောသောထ၍ လိုက်ကြ၏။ လကွန်းအိန်တို့လည်း ဆင်ထူးကိုချည်း ဖြတ်၍ ဆင်အများ လွှတ်လျှင် ဗမာတို့လည်း ဆင်လွတ်၍ လန့်သည်သာ ဖြစ်သည်ဟု ဆို၍ နေလေ၏။ လကွန်းအိန်တို့လည်း ပြေးထွက်ခဲ့၍ ပြင်သို့ရောက်မှ လူ ၁၂–ယောက်စေ့အောင် မရှု၍ ပြန်ခဲ့၏။ တပ်တွင်လည်း သောသောလန့်သည် နှစ်နာရီလောက် ရှိ၏။

လကွန်းအိန်တို့ရောက်လျှင် ရာဇာဓိရာဇ်လည်း "ပြီးခဲ့ပြီလော"ဟု မေး၏။ လကွန်းအိန်လည်း "ဘုန်းတော်ကြီးလှသော မင်းဓိကရာဇ်တို့ကို လုပ်ကြံသော သူသည် အသက်မရှည်၊ ဘုန်းမကြီး ရှိရာသည်ဟူ၍ မိဘတို့ ပြောမူးသောကြောင့် အသက်ရှည်မှ အမှုတော်ကို ထမ်းရမည်ကို အကြောင်းရည်၍ ကျွန်တော် မလုပ်ကြံခဲ့ပေသည်။ ဘုရင်မင်းခေါင် အပါးတော်သို့ ရောက်ကြောင်းကို လျှောက်၍ ယုံတော်မမူလျှင် ရောက်ကြောင်းကို လျှောက်စရာ ကွမ်းခွက်တော်နှင့် ပတ္တမြားဓားကို ယူခဲ့သည်"ဟု ဆက်၏။

ကွမ်းခွက်တော်နှင့် ပတ္တမြားဓားကို ဘုရင်မင်းခေါင် သမီးတော်ကို ပြတော်မူသော် "ကွမ်းခွက်တော် မှန်၏" ဟူ၍ ငို၍ လျှောက်၏။ ရာဇာဓိရာဇ်လည်း အားရတော်မူ၍ "နင့်အသက်ကို ငါ လွှတ်တော်မူတော့မည်"ဟု မိန့်တော်မူ၏။

### ၅၂၈။ ဘုရင်မင်းခေါင် မွန်ပြည်မှ စွာရာ လိုက်ထပ်၍ တိုက်ပုံ

ဘုရင်မင်းခေါင်လည်း အပါးတော်တိုင်အောင် မွန်တို့ ရောက်လေသည်–ဟု မချမ်းမသာ ရှိတော်မူ၏။ မိုးသောက်လျှင် ကွမ်းခွက်တော်နှင့် လက်သုံးခွဲ ဓားကို စင်ရသောကြောင့် ကြောက်ရွံ့ထိတ်လန့်လှသည်နှင့် ရဲမက်ဗိုလ်ပါ တော်မွတ်လှသောကြောင့် မှူးတော်၊ မတ်တော် အပေါင်းတို့ကိုခေါ်၍ "ငါတို့သည် မျိုးရိက္ခာလည်း ကုန်ချေပြီ၊ အရေးတော် တောင်း၍လည်း မရချေ၊ ပသို့ ကြံရသော် သင့်မည်နည်း" ဟု မိန့်တော်မူ၏။

ထိုအခါ **ရမည်းသင်းစည်သူ** လျှောက်သည်။ တပ်ကြီးရုပ်တပ်ခံ၍ နောက်နေ စိမ့်မည်။ ဘုရားကိုယ်တော်မူကား ရှေ့ချီတော်မူတော့။ ဆင်လေး၊ မြင်းလေး၊ လှနှာ၊ လှဖျား၊ မစွမ်းသူတို့ကို ယခုက အလျင်လွှတ်တော်မူ၍ မိုးသောက်မှ ချီတော်မူတော့ ဟု နားတော်လျှောက်၏။ ဘုရင် မင်းခေါင်လည်း နောက်ရုပ်တပ်ကို ဘယ်သူကို ခန့်ရသော် ကောင်းမည်နည်း ဟူ၍ မေးတော် မူ၏။ ရမည်းသင်းစည်သူ လျှောက်သည်။ ကျွန်တော်နှင့် ရုပ်တပ်ခန့် ဟူ၍ လျှောက်၏။

နောက်တော်က ခံရမည်တပ်ကား– **ရမည်းသင်းစည်သူ၊ သီဟပတေ့၊ ပြည်စားမျှမို့၊** **စလင်းစားနော်ရထာ၊ ပုဂံစားဥစနာ၊ ပုခန်းတရဖျား၊ ကျေးတောင်ညို၊** သတိုး၊ သည်ရုပ်တပ်ကို တိုက်ဆင်ရုပ်ရာ၊ မြင်းရုပ်ထောင်၊ ဗိုလ်တစ်သိန်းနှင့် နောက်နေစေ၍ ပြန်တော်မူ၏။ ရာဇာဓိရာဇ်

လည်း သမိန်ဖြတ်စ၊ အမတ်ဒိန်၊ လကွန်းအိန်၊ ဥပါကောင်း၊ သမိန်မောခွင်၊ ရာဇာဒိရာဇ်... သည်ခြောက်တပ်သည် တောသို့ဝင်၍ ရှေ့မှာ ဘုရင်မင်းခေါင်တပ်ကို တိုက်မည် လိုက်လာ၏၊ သမိန်အဝနိုင်၊ သမိန်စိပ်ဖြူ၊ သမိန်စိပ်ပွဲ၊ သမိန်ရဲသင်ရဲ၊ သမိန်သံကျယ်၊ သမိန်အဲပရဲ-သည်ခြောက်တပ်ကိုမူကား နောက်ခံရှစ်တပ်ကို တိုက်မည် အဟန်နှင့် စစ်ပြင်၍နေရ၏။

## ၅၂၉။ ဘုရင်မင်းခေါင် မွန်ပြည်က ရွာရာတွင် တပ်ပျက်ပုံ

ဘုရင်မင်းခေါင်လည်း နောက်တော်က ခံတပ်ရှိသည် ဟူ၍ အမှတ်မဲ့ ချီတော်မူ၏၊ ထိုအခါ လကွန်းအိန် တောကထွက်၍ တပ်တော်ကို တိုက်လေ၏။ ဘုရင်မင်းခေါင်လည်း ဆင်တော် ရဲမြတ်စွာကို စီးတော်မူ၍ သူရဲငါးထောင်နှင့် လိုက်၍ တိုက်တော်မူသည်။ လကွန်းအိန် ပျက်လေ၏။ လကွန်းအိန်တပ် ပျက်လျှင် ဥပါကောင်းတပ်ကို တိုက်ပြန်လေ၏။ ဥပါကောင်းတပ်လည်း ပျက်ပြန်လေ၏။

ယင်းသို့စဉ်တွင် အထိန်းတော်လကျ်ာကြီး မြင်းနှင့်ပြေးလာ၍ လျှောက်၏။ "စစ်များပေါ်လာသည်ကို တိုက်တော်မူလျှင် နိုင်တော့မည်။ သူ့လူ နောက်က များလှသည်။ မွန်မင်းလည်း နောက်ထပ် ပါလာမည်။ ဆင်သည်၊ မြင်းသည်၊ ခြေသည်လည်း များလှသည်။ သူ နီး၍ ထပ်၍ လိုက်လျှင် မစွာနိုင် ရှိရိမ့်မည်။ တပ်သားများလည်း ရွေ့လေပြီ။ အခေးမှာ စင်ရှိပြီ၊ အကျွန်ုပ်သာ အထောက်ရှိချေတော့သည်။ အလျင် စွာတော်မူမှ သင့်မည် ထင်သည်" ဟု လျှောက်၏။ ဘုရင်မင်းခေါင်လည်း ဆင်တော်ရဲမြတ်စွာ ပင်ပန်းလှသောကြောင့် ဆင်ကဲကို စီးစေ၍ ကိုယ်တော်မှာ ဆင်တော်နလံမကိုစီး၍ အပြင်းစွာတော်မူ၏။ လကွန်းအိမ်နှင့် ဥပါကောင်းနှစ်တပ်ကို လိုက်စေသည်။ မွန်ပြည် မြေခြား၍သာ မိုးသောက်မှ လိုက်သည်။ သုံ့ပန်း လူသူအများ ရလိုက်၏။

## ၅၃၀။ ကိုယ်လုပ်တော်တစ်ယောက်ကို ဆင်ကဲ တွေ့၍ တင်ယူခဲ့ပုံ

ဘုရင်မင်းခေါင်လည်း စားတော် သုံးနပ် မခေါ်ရ၊ စွာတော်မူ၏။ စစ်သည်တော်တို့ မရုံးစုခင်သောကြောင့် ဝါးအစည်းပြေသကဲ့သို့ ကရဲကသီ ကစဥ့်ကလျား ရှိချေ၏။ ထိုသို့ စစ်ရွေ့ရာတွင် မိဖုရား ရှင်မိနောက်ကိုလည်း ဆင်ရွေက ပေါင်းဝန်းနှင့်တကွ သူ ရလေ၏၊ အတွင်းသင်းမှူးသမီး ကိုယ်လုပ်တော်တစ်ပါးလည်း ဆင်ကလျှောကျ၍ ချောင်းနားတွင် ရှိသည်ကို ဆင်ကဲတွေ့၍ ရဲမြတ်စွာဆင်တွင် တင်ခဲ့၏။ စခန်းချတိုင်း ညဥ့်ကို ဦးစီးစောင့်စေ၏၊ နေ့ကိုမူ ဆင်တော်ရဲမြတ်စွာတွင် ဆောင်ခဲ့၏။ ဘုရင်မင်းခေါင်လည်း မှူးသား၊ မတ်သား အခြွေအရံနှင့်သာ ပန်းကျော်မြို့ကသည် နေပြည်တော်အဝသို့ ခုနစ်ရက်နှင့် ရောက်တော်မူသည်၊ စစ်သည်တော် အပေါင်းတို့လည်း မာမြန်စွမ်းသန်သည့်သူသာ လွတ်သည်၊ မစွမ်းမသန်သူတို့ကို သူက ရလေ၏။

ရမည်းသင်း စည်သူတို့ ရှစ်တပ်သားလည်း ဘုရင်မင်းခေါင် စစ်ရွေ့တော်မူသည် ကြားလျှင် အရုံးအစု မပျက်ရအောင် စည်းကြပ်လျက် စွာခဲ့၏။ မွန်တို့လည်း သံမြို့နှင့်အတူ တပ်တည်တန့်ရပ်သည်ကို မြင်လျှင် မတိုက်ဝံ့၍ ပြန်လေကုန်၏။ ရာဇာဓိရာဇ်လည်း မိဖုရား ရှင်မိနောက်၊ ယင်းသောအခါ သက်တော် ၃၅-နှစ်ကိုရလျှင် အပြင်အလျာ အလွန်လှသသူ

ဖြစ်၍ မိဖုရားမြှောက်လေ၏။ ဘုရင်မင်းခေါင်လည်း ရောက်လျှင် စစ်ဖျက်တော်မူသည်နှင့် မိဖုရားကို သူ ရလေသောကြောင့် စိုးရိမ်ကြီးစွာ ရှိ၏။ လူတို့ နတ်ကသည်၊ စည်သံကိုမျှ မကရ ဟူ၍ မြစ်တား၏။ မောမင်း သမီးကို မှန်တို့ ရလေသည်ကို ငါ မြင်၏။ တောင်မိဖုရားကိုလည်း ရလိမ့်မည်၊ မရလိမ့်မည်ကို မသိ။ နှစ်ယောက်လုံးကိုပင် ရလေသော် ငါ အသက်ရှင်၍ အဘယ် အကျိုးရှိမည်နည်း ဟူ၍ မြင်း ၅၀-နှင့် ပြန်၍ မေးလေစေ၏။ တစ်ယောက်မျှ တွေ့သသူ မရှိ။ နောက်က ဘယ်သူ ရှိရစ်သနည်း ဟု မေးသော် ဆင်ကဲတစ်ယောက်သာ ဆင်လေး၍ ရှိရစ် ကြောင်းကို ဆိုကုန်၏။ ဆယ်ရက်လောက်ကြာမှ ဆင်ကဲနှင့်မိဖုရား ရောက်လာ၏။ ကြွလာသည့် မြင်းသည်တို့လည်း အလျှင်ရောက်လာ၏။ ဆင်ကဲ ရောက်လာလျှင် မြို့ပြင်က ဦးဆံဆေးစေ၍ နန်းတင်၏။ ဆင်ကဲလည်း ဆောင်ယူသော အကြောင်းမျိုးကို လျှောက်လျှင် အားရတော်မူ၍ ဆင်ကဲနှင့် ဦးစီးကို ဆုလာဘ်များစွာ ပေးတော်မူ၏။

## ၅၃၁။ ဆင်ကဲကို မယုံ၍ ကွပ်မျက်ပုံ အကြောင်း

ရှည်လသော် ကွမ်းကျပ်ကျရာဝယ် "အို ဆင်ကဲလေ" ဟူ၍ ကိုယ်လုပ်တော် ဆိုယောင် ဘိ၏။ ယင်းသို့လျှင် ယုံကြည်တော်မမူ၍ ဆင်ကဲကို စစ်မေးပြန်၏။ ဆင်ကဲလည်း "ကိုယ်လုပ် တော် ဆင်ကလျှောကျ၍ ချောင်းနားတွင်ရှိသည်ကို တွေ့ကတည်းကပင် ကျွန်တော် သေမည်ကို သိ၏။ ကိုယ်လုပ်တော်ကို တွေ့မြင်လျက် ကျွန်တော် မဆောင်ယူခဲ့ဘဲ ပစ်ခဲ့လျှင် သူ ရလိမ့်မည်။ မင်းကောရာစ်ချင်း ကြည်သာတော်မူကြ၍ ကိုယ်လုပ်တော်ကို ရပြန်လျှင် ဆင်ကဲ တွေ့မြင်လျက် ကျွန်ုပ်ကို မယူပါသောကြောင့် သူ ရလေသည်ဟု လျှောက်လျှင် ကျွန်တော်ကိုယ်ကစ၍ သား၊ မယားနှင့်တကွ သေရမည်။ ကျွန်တော် ဆောင်ယူခဲ့လျှင်လည်း ကျွန်တော်ကို ယုံတော်မမူ၍ သတ်မည်ကို သိတော့သည်။ အကြောင်းမှာမူကား ကိုယ်လုပ်တော်ကို ရသည့်နေ့မှ စ၍ တော ခခန်းချလျှင်လည်း သစ်ပင်မှာ လင့်ဖွဲ့၍ ကိုယ်လုပ်တော်ကို အိပ်စေသည်။ ကျွန်တော်နှင့် ဦးစီးမူကား မြေကစောင့်၍ နေပါသည်။ မိုးသောက်လျှင် ဆင်တွင်တင်၍ ဆောင်ယူခဲ့ပါသည်။ ရွာစခန်းကြွလျှင်လည်း ကိုယ်လုပ်တော်ကို အိမ်ထက်မှာ အိပ်စေသည်၊ ကျွန်တော်တို့ မြေက အိပ်သည်" ဟု လျှောက်၏။ ဘုရင်မင်းခေါင်လည်း စကားလှနှင့်သာ လျှောက်သည် ဟု ဆင်ကဲကို ကွပ်လေ၏။

နောက် ဆင်ဦးစီးကိုခေါ်၍ စစ်မေးတော်မူပြန်သော် ဆင်ကဲ လျှောက်တိုင်း လျှောက်၏။ ယင်းတွင်မှ ငါ့ကျွန်ကို ငါ သတ်မိသည် ဟူ၍ နောင်တကြီးစွာ ရှိတော်မူ၏။ ဆင်ကဲသားကို အဖ စားသော ကျေးရွာ၊ မြို့ပြနှင့်တကွ ဆင်ကဲခန့်တော်မူ၏။ ဆင်တော် နလံမကိုလည်း "တိုးခေါင်ရင့်မာ" ဟူ၍ မှည့်တော်မူ၏။ ဘုရင်မင်းခေါင်လည်း မိဖုရားကို သူ ရလေသည်နှင့် ညီတော် ရှင်သိဒ္ဓတ်ကို ရာဇာဓိရာဇ် ကွပ်လေသည်ကို ကြား၍ ကြေကွဲတော်မူ၍ စက်တော်လည်း မခေါ်၊ စားတော်လည်း မဝင် ရှိဘိ၏။

## ၅၃၂။ မင်းရာဇာ လျှောက်တင်ပုံ

ယင်းသောအခါ မင်းရာဇာ လျှောက်သည်ကား "ဘုန်းတော်ကြီးလှသော အရှင်ဘုရား… ချီတော်မူမည် အမိန့်တော်ရှိသည် ကာလကပင် ကျွန်တော် ရှိနိုးနားတော်လျှောက်ပါသည်ကို ယူတော်မမူသောကြောင့် သည်ကဲ့သို့ ဖြစ်ရလေသည်။ ယင်းသို့ဖြစ်သောကြောင့် နောက်နောင်

ကျွန်တော်တို့ လျှောက်သည်ကို ယူတော်မူပါ။ စစ်တို့၏ သဘောသည် အင်အား များသည်လည်း မလောက်လေလော၊ မလေးမစား မပြုရာ။ ကျွန်တော် လျှောက်ဦးအံ့၊ နံ့ဓာတ်ရှက်ငယ် တစ်နေရာသည် နွားခြေရာ အရပ်ကို အမှီရလေသောကြောင့် ဖွဲ့ကို အောင်မူလေသည်။ ကြောင်တစ်နေရာသည် ရှာန်အဘိညာဉ်နှင့် ပြည့်စုံသော ရသေ့ဓာတ်ပိုင်ဆောက်ကို အမှီရလေသောကြောင့် ကာလသေရာ ခြင်္သေ့မင်းကို အောင်မြင်မူလေသည်။ ပုရွက်တစ်နေရာသည် အိုင်ငယ်တစ်ခုကို အမှီရလေသောကြောင့် ဆင်ပြောင်ကြီးကို အောင်မြင်မူလေသည်။ ကျွဲပမည်သော လိပ်တစ်နေရာသည် ချောင်းငယ်တစ်ခုကို အမှီရလေသောကြောင့် ကျားထီးကို အောင်မြင်မူလေသည်။ စစ်တို့၏ သဘောသည် ကာလ ဒေသ၊ ပဓာနပယောဂ အရင်းဖြစ်သည်။ ဘုရားတရားတော်၌လည်း ဘုံသုံးပါး၌ ကျင်လည်သော သတ္တဝါအပေါင်းတို့သည် 'နာနာဘာဝ၊ ဝိနာဘာဝ' တရားမှ မကင်းသာချေ။ တရားတော် လာသည်" ဟု လျှောက်၏။ ဘုရင်မင်းခေါင်လည်း ပုလဲနှင့်သော မီးကို ခြေဖြင့် သွန်းဘိသကဲ့သို့ ကျိုက်ကျိုက်ဆူသော ရေပူငယ် လောဟိတစ္ဆနှ မည်သော နံ့သာရည်ကျလျှင် ချမ်းငြိမ်းအေး လေသကဲ့သို့ နှလုံးတော်ပြေ၍ မင်းရာဇာကို လက်ကောက်တစ်ရန်၊ ဆင်မတစ်စီး ဆုပေး တော်မူ၏။

မဟာရာဇဝင်ကြီး သတ္တမတွဲကား ဤတွင်ရွေ့ ပြီး၏။

## မဟာရာဇဝင်ကြီး ပထမအုပ် ပြီးပြီ။

စာအုပ်လင့်ပေါင်းစုံ



နံရံဆေးရေးပန်းချီ နန်းပညာ ( ပုဂံ )

---

သက္ကရာဇ် ၁၂၅၅- ခုနှစ် နတ်တော်လဆန်း ၇- ရက် ၇-နေ့ (၁၆ နိုဝင်ဘာ ၁၈၉၃)
သုံးချက် အချိန်တွင် မဟာရာဇဝင် သတ္တမတွဲကို ရေးသား၍ ပြီးပြီ။

# မြန်မာမင်းဆက်များ (ဇယား)၊ ပုဂံမင်းဆက် (အေဒီ ၁၀၇ – ၁၃၆၈)

| စဉ် | မင်းအမည် / နန်းစံနှစ် (စတင်နှစ် – ဆုံးနှစ်) | ဦးကုလားရာဇဝင် (မ) | | | | | တွင်းသင်းရာဇဝင် (မ) | | | | | မှန်နန်းရာဇဝင် (မ) | | | | | ဇာတာတော်ပုံ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အိမ်နိမ့် | စည်းစိမ် | နန်းကျ | အသက် | စာမျက်နှာ | အိမ်နိမ့် | စည်းစိမ် | နန်းကျ | အသက် | စာမျက်နှာ | အိမ်နိမ့် | စည်းစိမ် | နန်းကျ | အသက် | စာမျက်နှာ | အိမ်နိမ့် | စည်းစိမ် | နန်းကျ | အသက် | စာမျက်နှာ |
| ၁ | သမုဒ္ဒရာဇ်မင်း ၁၀၇ – ၁၅၂ | ၃၂ | ၄၅ | - | ၇၇ | ၁၄၀ | ၃၂ | ၄၅ | - | ၇၇ | ၅၂ | ၃၂ | ၄၅ | - | ၇၇ | ၂၀၀ | ၃၂ | ၄၅ | - | ၇၇ | ၃၇ |
| ၂ | ရသေ့ကျောင်မင်း ၁၅၂ – ၁၆၇ | ၉၀ | ၁၅ | - | ၁၀၈ | ၁၄၀ | ၉၀ | ၁၅ | - | ၁၀၆ | ၅၃ | ၉၀ | ၁၅ | - | ၁၀၆ | ၂၀၀ | ၅၅ | ၁၅ | - | ၇၀ | ၃၇ |
| ၃ | ပျူမင်းထီး ၁၆၇ – ၂၄၂ | ၃၅ | ၇၅ | - | ၁၁၀ | ၁၄၄ | ၃၅ | ၇၅ | - | ၁၁၀ | ၅၆ | ၃၅ | ၇၅ | - | ၁၁၀ | ၂၀၅ | ၃၅ | ၈၂ | - | ၁၁၇ | ၃၇ |
| ၄ | ထီးမင်းယဉ် ၂၄၂ – ၂၈၃ | ၅၀ | ၅၇ | - | ၁၀၇ | ၁၄၄ | ၅၀ | ၅၇ | - | ၁၀၇ | ၅၇ | ၅၀ | ၅၇ | - | ၁၀၇ | ၂၀၅ | ၄၅ | ၂၇ | - | ၇၂ | ၃၇ |
| ၅ | ယဉ်မင်းပိုက် ၂၈၃ – ၃၂၄ | ၅၀ | ၂၅ | - | ၇၅ | ၁၄၄ | ၅၀ | ၂၅ | - | ၇၅ | ၅၇ | ၅၀ | ၂၅ | - | ၇၅ | ၂၀၅ | ၂၀ | ၈၅ | - | ၁၀၅ | ၃၇ |
| ၆ | ပိုက်သေ့ဦးလည် ၃၂၄ – ၃၄၄ | ၄၀ | ၂၀ | - | ၆၀ | ၁၄၅ | ၄၀ | ၂၀ | - | ၆၀ | ၅၈ | ၄၀ | ၂၀ | - | ၆၀ | ၂၀၇ | ၄၀ | ၃၇ | - | ၇၇ | ၃၈ |
| ၇ | သော့ဦးလည်ကြောင် ၃၄၄ – ၃၈၇ | ၅၃ | ၄၃ | - | ၉၆ | ၁၄၅ | ၅၃ | ၄၃ | - | ၉၆ | ၆၀ | ၅၃ | ၄၃ | - | ၉၆ | ၂၀၈ | ၅၃ | ၄၄ | - | ၉၇ | ၃၈ |

| | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | ကြောင်တူရစ် ၃၈၇ - ၄၁၂ | ၂၅ | ၂၅ | - | ၅၀ | ၁၄၇ | ၅၅ | ၂၅ | - | ၈၀ | ၆၀ | ၅၅ | ၂၅ | - | ၈၀ | ၂၁၉ | ၅၅ | ၂၅ | - | ၈၀ | ၃၈ |
| ၉ | သည်းထန် ၄၁၂ - ၄၃၉ | ၃၅ | ၂၇ | - | ၆၂ | ၁၄၇ | ၃၅ | ၂၇ | - | ၆၂ | ၆၁ | ၃၅ | ၂၇ | - | ၆၂ | ၂၁၃ | ၃၅ | ၃၇ | - | ၇၂ | ၃၈ |
| ၁၀ | သူရဲ ၄၃၉ - ၄၉၄ | ၃၃ | ၅၅ | - | ၈၈ | ၁၄၇ | ၃၃ | ၅၅ | - | ၈၈ | ၆၂ | ၃၃ | ၅၅ | - | ၈၈ | ၂၁၄ | ၃၃ | ၁၅ | - | ၄၈ | ၃၈ |
| ၁၁ | သာရမွန်ဖြား ၄၉၄ - ၅၁၆ | ၅၅ | ၂၂ | - | ၇၇ | ၁၄၈ | ၆၀ | ၂၂ | - | ၈၂ | ၆၂ | ၅၅ | ၂၂ | - | ၇၇ | ၂၁၄ | ၅၅ | ၂၂ | - | ၇၇ | ၃၈ |
| ၁၂ | သိုက်တိုင် ၅၁၆ - ၅၂၃ | ၃၃ | ၇ | - | ၄၀ | ၁၄၈ | ၄၅ | ၇ | - | ၅၂ | ၆၂ | ၄၅ | ၇ | - | ၅၂ | ၂၁၄ | ၃၃ | ၇ | - | ၄၀ | ၃၈ |
| ၁၃ | သေဉ့်လည်ကြောင်ငယ် ၅၂၃ - ၅၃၂ | ၂၀ | ၉ | - | ၂၉ | ၁၄၈ | ၃၅ | ၉ | - | ၄၄ | ၆၃ | ၃၅ | ၉ | - | ၄၄ | ၂၁၄ | ၂၂ | ၉ | - | ၃၁ | ၃၈ |
| ၁၄ | သေဉ့်လည်ပိုက် ၅၃၂ - ၅၄၇ | ၂၀ | ၁၅ | - | ၃၅ | ၁၄၈ | ၂၀ | ၁၅ | - | ၃၅ | ၆၃ | ၂၀ | ၁၅ | - | ၃၅ | ၂၁၄ | ၂၀ | ၅ | - | ၂၅ | ၃၈ |
| ၁၅ | ခန်းလောင်း ၅၄၇ - ၅၅၇ | ၁၉ | ၁၀ | - | ၂၉ | ၁၄၉ | ၃၂ | ၁၀ | - | ၄၂ | ၆၃ | ၃၂ | ၁၀ | - | ၄၂ | ၂၁၅ | ၂၉ | ၁၀ | - | ၃၉ | ၃၈ |
| ၁၆ | ခန်းလတ် ၅၅၇ - ၅၆၉ | ၂၀ | ၁၂ | - | ၃၂ | ၁၄၉ | ၃၉ | ၁၂ | - | ၅၁ | ၆၃ | ၃၉ | ၁၂ | - | ၅၁ | ၂၁၅ | ၂၀ | ၁၂ | - | ၃၂ | ၃၈ |

| | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇ | ထွန်တိုက် ၅၆၉ - ၅၈၂ | ၂၀ | ၁၃ | - | ၃၃ | ၁၄၉ | ၃၅ | ၁၃ | - | ၄၈ | ၆၄ | ၃၅ | ၁၃ | - | ၄၈ | ၂၀၅ | ၂၉ | ၁၃ | - | ၄၂ | ၃၈ |
| ၁၈ | ထွန်ပစ် ၅၈၂ - ၅၉၈ | ၂၀ | ၁၆ | - | ၃၆ | ၁၄၉ | ၃၀ | ၁၆ | - | ၄၆ | ၆၄ | ၃၀ | ၁၆ | - | ၄၆ | ၂၀၅ | ၂၀ | ၁၆ | - | ၃၆ | ၃၈ |
| ၁၉ | ထွန်ချစ် ၅၉၈ - ၆၁၃ | ၂၂ | ၁၅ | - | ၃၇ | ၁၅၀ | ၂၂ | ၁၅ | - | ၃၇ | ၆၄ | ၂၂ | ၁၅ | - | ၃၇ | ၂၀၅ | ၂၆ | ၂၇ | - | ၅၃ | ၃၈ |
| ၂၀ | ပုပ္ပားစောရဟန်း ၆၁၃ - ၆၄၀ | ၃၂ | ၂၇ | - | ၅၉ | ၁၅၀ | ၃၂ | ၂၇ | - | ၅၉ | ၆၆ | ၃၇ | ၂၇ | - | ၆၄ | ၂၀၆ | ၆၆ | ၂၇ | - | ၉၃ | ၃၈ |
| ၂၁ | ရွှေအုန်းသီး ၆၄၀ - ၆၅၂ | ၃၅ | ၁၂ | - | ၄၇ | ၁၅၀ | ၃၅ | ၁၂ | - | ၄၇ | ၆၆ | ၃၅ | ၁၂ | - | ၄၇ | ၂၀၇ | ၃၅ | ၁၂ | - | ၄၇ | ၃၈ |
| ၂၂ | ပိတ်သုံ ၆၅၂ - ၆၆၀ | ၄၀ | ၈ | - | ၄၈ | ၁၅၂ | ၄၀ | ၈ | - | ၄၈ | ၆၆ | ၄၀ | ၈ | - | ၄၈ | ၂၀၇ | ၄၀ | ၈ | - | ၄၈ | ၃၈ |
| ၂၃ | ပိတ်တောင်း ၆၆၀ - ၇၁၀ | ၂၂ | ၅၀ | - | ၇၂ | ၁၅၂ | ၂၂ | ၅၀ | - | ၇၂ | ၆၆ | ၂၂ | ၅၀ | - | ၇၂ | ၂၀၇ | ၂၂ | ၅၀ | - | ၇၂ | ၃၈ |
| ၂၄ | မင်းခွေး ၇၁၀ - ၇၁၆ | ၅၂ | ၆ | - | ၅၈ | ၁၅၂ | ၅၅ | ၆ | - | ၆၁ | ၆၇ | ၅၅ | ၆ | - | ၆၁ | ၂၀၇ | ၅၂ | ၆ | - | ၅၈ | ၃၈ |
| ၂၅ | မြင်းကြွေး ၇၁၆ - ၇၂၆ | ၂၀ | ၁၀ | - | ၃၀ | ၁၅၃ | ၂၀ | ၁၀ | - | ၃၀ | ၆၇ | ၂၀ | ၁၀ | - | ၃၀ | ၂၀၈ | ၂၀ | ၁၀ | - | ၃၀ | ၃၉ |

| | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၆ | သိင်္ဃ ၇၂၆ - ၇၃၄ | ၅၃ | ၈ | - | ၆၁ | ၁၅၃ | ၅၃ | ၈ | - | ၆၁ | ၆၇ | ၅၃ | ၈ | - | ၆၁ | ၂၀၈ | ၅၃ | ၈ | - | ၆၁ | ၃၉ |
| ၂၇ | သိန်းခွန် ၇၃၄ - ၇၄၄ | ၄၀ | ၁၀ | - | ၅၀ | ၁၅၃ | ၄၂ | ၁၀ | - | ၅၂ | ၆၈ | ၅၅ | ၁၀ | - | ၆၅ | ၂၀၈ | ၄၀ | ၁၀ | - | ၅၀ | ၃၉ |
| ၂၈ | ရွှေလောင်း ၇၄၄ - ၇၅၃ | ၂၀ | ၉ | - | ၂၉ | ၁၅၄ | ၃၅ | ၉ | - | ၄၄ | ၆၈ | ၃၅ | ၉ | - | ၄၄ | ၂၀၈ | ၂၀ | ၉ | - | ၂၉ | ၃၉ |
| ၂၉ | ထွန်ထွင်း ၇၅၃ - ၇၆၂ | ၂၀ | ၉ | - | ၂၉ | ၁၅၄ | ၂၆ | ၉ | - | ၃၅ | ၆၈ | ၂၆ | ၉ | - | ၃၅ | ၂၀၈ | ၃၀ | ၉ | - | ၃၉ | ၃၉ |
| ၃၀ | ရွှေမှောက် ၇၆၂ - ၇၈၅ | ၁၉ | ၂၃ | - | ၄၂ | ၁၅၄ | ၁၉ | ၂၃ | - | ၄၂ | ၆၈ | ၂၀ | ၂၃ | - | ၄၃ | ၂၀၈ | ၂၉ | ၂၃ | - | ၅၂ | ၃၉ |
| ၃၁ | ထွန်လှုတ် ၇၈၅ - ၈၀၂ | ၃၀ | ၁၇ | - | ၄၇ | ၁၅၄ | ၃၉ | ၁၇ | - | ၅၆ | ၆၉ | ၃၉ | ၁၇ | - | ၅၆ | ၂၀၉ | ၃၀ | ၁၇ | - | ၄၇ | ၃၉ |
| ၃၂ | စောခင်နှစ် ၈၀၂ - ၈၂၉ | ၃၀ | ၂၇ | - | ၅၇ | ၁၅၅ | ၃၆ | ၂၇ | - | ၆၃ | ၆၉ | ၃၆ | ၂၇ | - | ၆၃ | ၂၀၉ | ၃၀ | ၂၇ | - | ၅၇ | ၃၉ |
| ၃၃ | ခဲလူး ၈၂၉ - ၈၄၆ | ၂၃ | ၁၇ | - | ၄၀ | ၁၅၅ | ၃၅ | ၁၇ | - | ၅၂ | ၆၉ | ၃၅ | ၁၇ | - | ၅၂ | ၂၀၉ | ၂၃ | ၁၇ | - | ၄၀ | ၃၉ |
| ၃၄ | ပျဉ်ပြား ၈၄၆ - ၈၇၈ | ၃၀ | ၁၂ | - | ၄၂ | ၁၅၅ | ၄၅ | ၃၂ | - | ၇၇ | ၆၉ | ၄၅ | ၃၂ | - | ၇၇ | ၂၀၉ | ၃၀ | ၃၀ | - | ၆၀ | ၃၉ |

| | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃၅ | တန်နက် ၈၇၈ – ၉၀၆ | ၁၈ | ၁၈ | - | ၃၆ | ၁၅၆ | ၂၈ | ၂၈ | - | ၅၆ | ၇၀ | ၂၈ | ၂၈ | - | ၅၆ | ၂၇၆ | ၁၈ | ၂၈ | - | ၄၀ | ၃၉ |
| ၃၆ | စလေငခွေး ၉၀၆ – ၉၃၆ (စာတာ) | ၃၀ | ၂၅ | - | ၅၅ | ၁၅၈ | ၅၀ | ၉ | - | ၅၉ | ၇၁ | ၅၀ | ၉ | - | ၅၉ | ၂၈၀ | ၃၀ | ၃၀ | - | ၆၀ | ၃၉ |
| ၃၇ | သိန်းခို ၉၃၆ – ၉၅၈ (စာတာ) | ၂၂ | ၁၆ | - | ၃၈ | ၁၅၈ | ၂၅ | ၁၆ | - | ၄၁ | ၇၂ | ၂၅ | ၁၆ | - | ၄၁ | ၂၂၂ | ၁၆ | ၂၂ | - | ၃၈ | ၃၉ |
| ၃၈ | ညောင်ဦးစောရဟန်း (တောင်သူကြီး) ၉၅၈ – ၉၉၁ | ၄၅ | ၃၃ | - | ၇၈ | ၁၆၁ | ၄၅ | ၃၃ | - | ၇၈ | ၇၄ | ၄၅ | ၃၃ | - | ၇၈ | ၂၂၄ | ၃၃ | ၄၅ | - | ၇၈ | ၃၉ |
| ၃၉ | ကြောင်းဖြူ ၉၉၁ – ၁၀၀၃ | ၇၄ | ၂၂ | ၃၀ | ၁၂၆ | ၁၆၂ | ၅၈ | ၂၂ | ၃၅ | ၁၁၅ | ၇၈ | ၅၈ | ၂၂ | ၃၅ | ၁၁၅ | ၂၄၆ | ၇၄ | ၂၀ | - | ၉၄ | ၃၉ |
| ၄၀ | ကျည်းဆို ၁၀၀၃ – ၁၀၀၉ | ၂၈ | ၆ | - | ၂၇ | ၁၆၄ | ၂၂ | ၆ | - | ၂၈ | ၇၇ | ၂၂ | ၆ | - | ၂၈ | ၂၂၈ | ၂၂ | ၁၇ | - | ၃၉ | ၃၉ |
| ၄၁ | စုက္ကတေး ၁၀၀၉ – ၁၀၄၄ | ၂၇ | ၂၅ | - | ၅၂ | ၁၆၆ | ၂၈ | ၂၅ | - | ၅၃ | ၇၈ | ၂၈ | ၂၅ | - | ၅၃ | ၂၃၀ | ၃၉ | ၆ | - | ၄၅ | ၃၉ |
| ၄၂ | အနော်ရထာ ၁၀၄၄ – ၁၀၇၇ | ၃၃ | ၃၃ | - | ၆၆ | ၂၀၅ | ၃၃ | ၄၂ | - | ၇၅ | ၈၇ | ၃၃ | ၄၂ | - | ၇၅ | ၂၇၃ | ၃၀ | ၃၃ | - | ၆၃ | ၃၉ |

| | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅၃ | စောလူး (မင်းလုလင်) ၁၀၇၇ - ၁၀၈၄ | ၃၀ | ၂၆ | - | ၅၆ | ၂၁၀ | ၃၀ | ၅ | - | ၃၅ | ၁၀၀ | ၄၁ | ၅ | - | ၄၆ | ၂၇၉ | ၂၈ | ၇ | - | ၃၅ | ၃၉ |
| ၅၄ | ကျန်စစ်သား (ထီးလှိုင်မင်း) ၁၀၈၄ - ၁၁၁၃ | ၆၀ | ၂၅ | - | ၈၅ | ၂၇၉ | ၃၃ | ၂၉ | - | ၆၂ | ၁၀၀ | ၄၄ | ၂၈ | - | ၇၂ | ၂၈၆ | ၁၄ | ၂၇ | - | ၈၀ | ၄၀ |
| ၅၅ | အလောင်းစည်သူ ၁၁၁၃ - ၁၁၆၃ | ၁၅ | ၇၀ | - | ၈၅ | ၂၃၉ | ၁၅ | ၇၅ | - | ၉၀ | ၁၁၅ | ၂၆ | ၇၅ | - | ၁၀၀ | ၃၀၄ | ၁၈ | ၅၆ | - | ၇၄ | ၄၀ |
| ၅၆ | မင်းရှင်စော ၁၁၆၃ | - | - | - | - | ၂၆၂ | - | - | - | - | ၁၁၅ | - | - | - | - | - | - | - | - | - | ၄၀ |
| ၅၇ | နရသူ ၁၁၆၃ - ၁၁၆၅ | ၄၅ | ၃ | - | ၄၀ | ၂၄၄ | ၁၂ | ၃ | - | ၁၅ | ၁၁၇ | ၄၅ | ၄ | - | ၄၉ | ၃၁၁ | ၅၀ | ၃ | - | ၁၃ | ၄၀ |
| ၅၈ | မင်းယဉ်နရသိင်္ခ | ၃၂ | ၃ | - | ၃၅ | ၂၄၈ | ၃၈ | ၃ | - | ၄၁ | ၁၂၀ | ၃၂ | ၃ | - | ၃၅ | ၃၁၅ | ၂၉ | ၃ | - | ၃၂ | ၄၀ |
| ၅၉ | နရပတိစည်သူ ၁၁၇၄ - ၁၂၁၀ | ၃၃ | ၃၃ | - | ၆၆ | ၂၆၅ | ၃၇ | ၃၇ | - | ၇၄ | ၁၃၆ | ၃၇ | ၃၇ | - | ၇၄ | ၃၃၀ | ၂၆ | ၃၇ | - | ၆၃ | ၄၀ |
| ၆၀ | နတောင်းများ ၁၂၁၁ - ၁၂၃၀ | ၂၀ | ၂၂ | - | ၄၂ | ၂၇၇ | ၃၇ | ၂၃ | - | ၆၀ | ၁၃၈ | ၃၇ | ၂၃ | - | ၆၀ | ၃၃၂ | ၃၆ | ၂၄ | - | ၆၀ | ၄၀ |

| | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅၁ | နရသိင်္ခဥဇနာ* ၁၂၃၀ - ၁၂၃၅ | - | ၄ | - | - | - | - | ၄ | - | - | - | - | ၄ | - | - | - | - | - | - | - | ၄၀ |
| ၅၂ | ကျစွာ ၁၂၃၅ - ၁၂၄၉ | ၂၀ | ၁၅ | - | ၃၅ | ၂၇၈ | ၄၁ | ၁၆ | - | ၅၇ | ၁၄၀ | ၄၁ | ၁၆ | - | ၅၇ | ၃၃၄ | ၂၀ | ၁၅ | - | ၃၅ | ၄၀ |
| ၅၃ | ဥဇနာ(စည်သူ ၃) ၁၂၄၉ - ၁၂၅၆ | ၃၃ | ၆ | - | ၃၉ | ၂၈၁ | ၃၃ | ၅ | - | ၃၈ | ၁၄၂ | ၃၃ | ၅ | - | ၃၈ | ၃၃၇ | ၃၆ | ၅ | - | ၄၁ | ၄၀ |
